ဟဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်
မြန်မာဘာသာပြန်

အစောင်

ပြန်ဆို ရေးသား တည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ပါရာ [၃၀]	
	စူရာဟ် နဗအ် (ကြီးကျယ်သော သတင်းကဏ္ဍ)	၁
၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၇
၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၁
၃။	အိပ်စက်ခြင်းသည် အလွန်ကြီးမားသော 'နေ့အ်မသ်' စည်းစိမ်တော်တစ်ရပ် ဖြစ်ခြင်းအကြောင်း	၁၃
၄။	'ဂျဟန္နမ်' မပျက်စီးခြင်းနှင့် ထိုထဲ၌ အမြဲနေရမည်နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသော စောဒကနှင့်အဖြေ	၁၉
	စူရာဟ်နာဇိအာသိ (ဆွဲငင်ထုတ်နှုတ်ယူသူများကဏ္ဍ)	၂၅
၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၁
၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၅
၇။	'ကဗရ်' တွင် 'စဝါးဗ်' နှင့် 'အဇားဗ်' ရှိခြင်းအကြောင်း	၃၇
၈။	ဟဇရသ်ကာဇ္ဇီစနာအွလ္လာဟ် (ရဟ) ၏ 'နဖ်စ်' နှင့် 'ရူးဟ်' နှင့် စပ်လျဉ်း၍ အလွန်တရာ အဖိုးအနဂ္ဃထိုက်တန်သော သုံးသပ်ချက်	၃၇
၉။	စိတ်နှင့် ဆန့်ကျင်ဘက်ပြုခြင်း၏ အဆင့်သုံးခု	၄၁
၁၀။	စိတ်ရိုင်းနှင့် လှည့်စားမှုများ (လှည့်ကွက်များ) အကြောင်း	၄၂
	စူရာဟ်အဗစ (သူမျက်မှောင်ကြုတ်သည်ကဏ္ဍ)	၄၄
၁၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၄၉
၁၂။	စူရာဟ်ကျရောက်လာရခြင်းအကြောင်း	၄၉
၁၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၅၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စူရာဟ်သတ်က်ဝိရ် (ခေါက်လိပ်ခြင်းကဏ္ဍ)	၆၂
၁၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၆၅
၁၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၆၉
၁၆။	အရေးကြီးသော အကျိုးကျေးဇူးများ	၇၂
၁၇။	(၄) လနောက်ပိုင်း ကိုယ်ဝန်ဖျက်ချခြင်းသည် လူသတ်မှု၏အမိန့်၌ပါဝင်ခြင်း....	၇၂
	စူရာဟ်အင်န်ဖိတွာရ် (စုတ်ပြတ်ခြင်းကဏ္ဍ)	၇၇
၁၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၇၉
၁၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၈၀
	စူရာဟ်မုတွဖ်ဖိဖီးန် (အလေး၊ တင်း၊ တောင်း စဉ်းလဲခြင်းကဏ္ဍ)	၈၅
၂၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၈၉
၂၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၉၄
၂၂။	ငတ်မွတ်ခေါင်းပါးခြင်း၊ ကပ်ဆိုက်ခြင်းနှင့် ရိုဇီရိက္ခာ ဖြတ်တောက်ခြင်း၏ ပုံသဏ္ဍာန်အမျိုးမျိုး	၉၇
၂၃။	'စစ်ဂျီဂျီယီးန်' နှင့် 'အစ်လ်လိယီးန်'	၉၈
၂၄။	'ဂျန္နသ်' သုခဘုံနှင့် 'ဂျဟန္နမ်' ငရဲဘုံတို့၏ နေရာ	၉၉
၂၅။	အကျိုးကျေးဇူး	၁၀၁
၂၆။	ကွယ်လွန်သေဆုံးပြီးသည့်နောက် လူသားများ၏ ဝိညာဉ်များသည် မည်သည့် နေရာ၌ ရှိနေမည်နည်း။	၁၀၄
	စူရာဟ်အင်န်ရှိကာပ် (ကွဲအက်ခြင်းကဏ္ဍ)	၁၀၈
၂၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၁၁
၂၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၁၄
၂၉။	အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှစ်မျိုး	၁၁၅
၃၀။	အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ပြန်လှည့်ခြင်း	၁၁၇
၃၁။	လူသား၏ ဘဝသက်တမ်းတွင် မြောက်မြားစွာသော အပြောင်းအလွဲများနှင့် စဉ်ဆက်မပြတ်သော ခရီးစဉ်နှင့် ယင်း၏ နောက်ဆုံးစခန်း	၁၂၂

စဉ်	အကြောင်းအရာ	စာမျက်နှာ

စူရာဟ် ဗုရူဂ်
ဗြိုဟ်နက္ခတ်တာရာစီမာန်များ (ဆယ့်နှစ်ရာသီစက်ဝန်း) ကဏ္ဍ ၁၂၇

၃၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၀
၃၃။ ဤစူရာဟ်ကျရောက်ခဲ့ခြင်းနှင့် စပ်လျဉ်းသော နောက်ခံသမိုင်း ၁၃၃
၃၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၅
၃၅။ 'အဆွဟားဗ်အွတ်ခ်ဒူးဒ်' ၏ အကျယ်တဝင့် အဖြစ်အပျက် ၁၃၇
၃၆။ အကျိုးကျေးဇူး ၁၃၉

စူရာဟ်တွာရိက် (ညဉ့်အချိန်၌ ပေါ်လာသူကဏ္ဍ) ၁၄၁

၃၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၃
၃၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၄၅

စူရာဟ်အအ်လာ (အမြင့်မြတ်ဆုံးကဏ္ဍ) ၁၅၁

၃၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၃
၄၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ....
၄၁။ ပညတ်ချက် (၁) ၁၅၅
၄၂။ ပညတ်ချက် (၂) ၁၅၆
၄၃။ ပညတ်ချက် (၃) ၁၅၆
၄၄။ လောကကြီးအားဖန်ဆင်းမှု၌ နူးညံ့သိမ်မွေ့လှသော၊ ၄င်းနောက် နက်နဲလှသော 'ဟိက်မသ်' (ဉာဏ်အမြော်အမြင်) များ ၁၅၇
၄၅။ လူသားအား သိပ္ပံပညာ နားလည် တတ်ကျွမ်းစေမှုသည်လည်း အမှန်စင်စစ်၌ အသျှင်မြတ်ကသာလျှင် ချီးမြှင့်ထားခြင်းဖြစ်ကြောင်း ၁၆၀
၄၆။ ဟဇရသ်အီဗ်ရာဟီးမ် ﷺ ၏ဆွဟီဖဟ်ကျမ်းငယ်များပါ စာစဉ်အကြောင်းအရာ ၁၆၆
၄၇။ ဟဇရသ်မူစာ ﷺ ၏ 'ဆွဟီဖာဟ်' ကျမ်းငယ်ပါ စာစဉ်အကြောင်းအရာများ ၁၆၇

စူရာဟ်ဂါရှိယသိ (ဖုံးလွှမ်းမည့်အရာများကဏ္ဍ) ၁၆၈

၄၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇၀
၄၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
၅၀။	'ဂျဟန္နမ်' ငရဲဘုံ၌ သစ်ပင်၊ မြက်များ မည်ကဲ့သို့ ရှိနိုင်မည်နည်း။	၁၇၄
၅၁။	သံသယတစ်ခု၏ အဖြေ	၁၇၄
၅၂။	လူမှုဆက်ဆံရေးဆိုင်ရာ စည်းကမ်းချက်အချို့	၁၇၆
	စူရာဟ်ဖဂျရ် (မိုးသောက်ချိန်ကဏ္ဍ)	**၁၇၉**
၅၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၈၃
၅၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၈၉
၅၅။	လောကတွင် ရိဇ်ဇိရိက္ခာ ကျယ်ဝန်းခြင်းနှင့် ကြပ်တည်းခြင်းတို့သည် အလ္လာဟ် အသျှင်မြတ်ထံတော်တွင် လက်ခံမှု ပြုခံရခြင်း၊ (သို့) စွန့်ပယ်ခံရခြင်းတို့၏ လက္ခဏာမဟုတ်ကြောင်း	၁၉၇
၅၆။	'သယီးမ်' ဖမဲ့ကလေးများအပေါ် သုံးစွဲရုံမျှဖြင့် မလုံလောက်ပေ။ ၎င်းတို့အား မြတ်နိုးမှုထားခြင်းသည်လည်း အရေးကြီးခြင်း	၁၉၈
၅၇။	အံ့ဖွယ်ဖြစ်ရပ်အချို့	၂၀၅
	စူရာဟ်ဗလဒ် (မြို့တော်ကဏ္ဍ)	**၂၀၇**
၅၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၀၉
၅၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၁၁
၆၀။	လောကတွင်မည်သည့်ဒုက္ခမျှ မရောက်ရှိသောပြည့်စုံသည့် စည်းစိမ်သုခဟူသည် မည်သူမျှ မရရှိနိုင်သောကြောင့် လူသားသည် ဒုက္ခကို ရင်ဆိုင်ရန် အသင့်ဖြစ်နေရမည်ဖြစ်ခြင်း	၂၁၄
၆၁။	မျက်စိနှင့် လျှာတို့ကို ဖန်ဆင်းခြင်းနှင့် စပ်လျဉ်း၍ အမြော်အမြင်အချို့	၂၁၅
၆၂။	လူသားသည် မိမိ၏ကောင်းမှုပြုလုပ်ခြင်းအပေါ်၌သာ ရောင့်ရဲမှုမပြုဘဲ အခြားသူတို့အားလည်း ကောင်းမှုများ ပြုလုပ်ရန် တိုက်တွန်းခြင်းသည် အီမာန်၏တောင်းဆိုချက်ဖြစ်ခြင်း	၂၁၉
	စူရာဟ်ရှမ်စ် (သူရိယ (နေ) ကဏ္ဍ)	**၂၂၀**
၆၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၂၂
၆၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၂၅

စဥ်	အကြောင်းအရာ	စာမျက်နှာ

စူရာဟ်လိုင်လ် (ညဥ့်ကဏ္ဍ) ၂၃၀

၆၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၃၂

၆၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၃၅

၆၇။ ကြိုးပမ်းအားထုတ်မှုအရ လူသားများတွင် အုပ်စုနှစ်စု ဖြစ်ပေါ်လာခြင်း ၂၃၅

၆၈။ ဆွဟာဗာအားလုံးတို့သည် 'ဂျဟန္နမ်' ငရဲမှ ကာကွယ် စောင့်ရှောက်ခြင်း ခံရသူများ ဖြစ်ကြခြင်း ၂၃၈

စူရာဟ်သွုဟာ (နေ့တက်ချိန်ကဏ္ဍ) ၂၄၃

၆၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄၄

၇၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၄၆

၇၁။ 'ရှာနေနူဇူးလ်' (အာယသ်တော်ကျရောက်လာသည့် အကြောင်းရင်းဖြစ်စဥ်) ၂၄၆

၇၂။ အကျိုးအာနိသင် ၂၅၂

စူရာဟ်အလမ်နရှ်ရဟ် (အသိဉာဏ်ပွင့်ခြင်းကဏ္ဍ) ၂၅၃

၇၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၅၄

၇၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၅၅

၇၅။ အကျိုးအာနိသင် ၂၅၈

၇၆။ 'သအ်လီးမ်'သင်ပေးသင်ယူမှုနှင့် 'သဇ်လီးဂ်'ပို့ချပေးသော လုပ်ငန်းများကို ပြုလုပ်သူများအဖို့တစ်ဦးတည်းရှိစဥ်အချိန်များ၌ အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းနှင့် အလ္လာဟ်အသျှင်မြတ်အပေါ် အာရုံ စုစည်းမှု ထားရှိရန်လည်း အရေးကြီးခြင်း ၂၆၀

၇၇။ အကျိုးအမြတ် (၁) ၂၆၁

၇၈။ အကျိုးအမြတ် (၂) ၂၆၁

စူရာဟ်သီးန် (သဖန်းပင်ကဏ္ဍ) ၂၆၂

၇၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၆၃

၈၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၆၄

စဉ်	အကြောင်းအရာ	စာမျက်နှာ
၈၁။	လူသည် အဖန်ဆင်းခံအားလုံးတို့တွင် အလှပဆုံးဖြစ်ခြင်း	၂၆၅
၈၂။	လူသား၏ လှပမှုနှင့် စပ်လျဉ်းသော အံ့ဖွယ်ဖြစ်စဉ်တစ်ရပ်	၂၆၆
	စူရာဟ်အစ်က်ရအ် (အလတ်က်) (ပတ်ရှတ်လော့ (သွေးခဲ) ကဏ္ဍ)	**၂၇၁**
၈၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၇၃
၈၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၇၉
၈၅။	'နဗီဝသ်'၏ 'ဝဟီ'စတင်ခြင်းနှင့် ထပမဦးဆုံး ကျရောက်ခဲ့သော'ဝဟီ'.........	၂၇၉
၈၆။	သင်ကြားမှု၏ ပထမဦးဆုံးနှင့် အရေးကြီးဆုံးမှာ 'ကလောင်တံ'နှင့် ရေးသားခြင်းတို့ ဖြစ်ခြင်း	၂၈၆
၈၇။	ကလောင် (၃) မျိုး	၂၈၇
၈၈။	ရေးသားခြင်းအတတ်ပညာကို ပထမဦးဆုံးလောကတွင် မည်သူရရှိခဲ့ပါသနည်း။	၂၈၈
၈၉။	ရေးသားခြင်း အတတ်ပညာသည် အလ္လာဟ်အသျှင်မြတ်၏ ကြီးမားလှစွာသော ကျေးဇူးတော်ဖြစ်ခြင်း	၂၈၈
၉၀။	ရှေးခေတ်၊ နှောင်းခေတ်ပညာရှင်ကြီးများသည် စာပေရေးသားခြင်းကို လွန်စွာ အလေးထားခဲ့ကြခြင်း	၂၈၉
၉၁။	တမန်တော်မြတ် ﷺ အား ရေးသားခြင်း ပညာကို ချီးမြှင့်တော် မမူရခြင်း၏ လျှို့ဝှက်ချက်	၂၈၉
၉၂။	ပညာရရှိနိုင်မည့်အကြောင်းခံမှာ ကလောင်တစ်ခုတည်းကိုသာ အကြောင်းခံ၍ မဟုတ်ဘဲ ပညာရှာဖွေ ရယူနိုင်သည့်အခြားများစွာသော အကြောင်းခံများရှိခြင်း	၂၉၀
၉၃။	'စဂ်ျဒဟ်'၏အခြေအနေတွင် ဒိုအာလက်ခံတော်မူခြင်းအကြောင်း	၂၉၆
	စူရာဟ်ကဒ်ရ် (မြင့်မြတ်ခြင်း (ကဒရ်ညဥ့်မြတ်) ကဏ္ဍ)	**၂၉၇**
၉၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၉၇
၉၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၉၉
၉၆။	အာယသ်တော်များ ကျရောက်လာခြင်း၏ အကြောင်းခံဖြစ်ရပ်	၂၉၉
၉၇။	'လိုင်လသွလ် ကဒရ်' ၏ အဓိပ္ပာယ်	၃၀၀
၉၈။	'လိုင်လသွလ်ကဒရ်' 'ကဒရ်' ည၏ သတ်မှတ်ချက်	၃၀၁
၉၉။	'လိုင်လသွလ်ကဒရ်'၏ ထူးမြတ်မှုအချို့နှင့် ထိုညဥ့်မြတ်၏ အထူးဒိုအာ	၃၀၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀၀။	ကောင်းကင်ကျကျမ်းအားလုံးသည် ရမ်ဇာန်လမြတ်၌သာကျရောက်ခဲ့ကြခြင်း ..	၂၀၃
၁၀၁။	အကျိုးအာနိသင်	၂၀၅
	စူရာဟ်မိုင်ယိနသိ (ထင်ရှားသော သက်သေသာဓက ကဏ္ဍ)	**၂၀၆**
၁၀၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၀၈
၁၀၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၁၀
	စူရာဟ်ဇိလ်ဇာလိ (မြေလျှင်ကဏ္ဍ)	**၂၁၃**
၁၀၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၁၈
၁၀၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၁၉
	စူရာဟ်အာဒိယသိ (အာဇာနည်မြင်းများ ကဏ္ဍ)	**၂၂၂**
၁၀၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၂၃
၁၀၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၂၄
၁၀၈။	အကျိုးအာနိသင်	၂၂၉
	စူရာဟ်ကာရိအဟ် ကြီးလေးသော ဘေးဥပဒ် (တီးခေါက်သောအရာ) ကဏ္ဍ	**၂၃၀**
၁၀၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၃၁
၁၁၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၃၂
	စူရာဟ်သကာဆုရ် (ဥစ္စာကြွယ်ဝခြင်းကဏ္ဍ)	**၂၃၄**
၁၁၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၃၅
၁၁၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၃၆
၁၁၃။	စူရာဟ် 'သကာဆုရ်' ၏ သီးခြား ထူးမြတ်မှုအကြောင်း	၂၄၀
၁၁၄။	**စူရာဟ်အဆွ်ရ် (ခေတ်ကာလကဏ္ဍ)**	**၂၄၁**
၁၁၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၄၁
၁၁၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၄၂
၁၁၇။	စူရာဟ် 'အဆွ်ရ်' ၏ ထူးခြားသော ထူးမြတ်မှု	၂၄၂
၁၁၈။	ခေတ်ကာလသည် လူသား၏ ပျက်စီးဆုံးရှုံးခြင်းနှင့် မည်သို့သက်ဆိုင်ပါသနည်း။	၂၄၃

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၁၉။ အောင်မြင်မှုအတွက် မိမိ၏ လုပ်ဆောင်ချက်ကျင့်စဉ်များကိုသာ ပြုပြင်ခြင်းဖြင့် မလုံလောက်ဘဲ အခြားသော မွတ်စ္စလင်မ်များအတွက်လည်း သောကထားရန် အရေးကြီးခြင်း ၃၄၇

စူရတ်ဟုမဇတ် (ကုန်းချောတိုက်သူကဏ္ဍ) **၃၄၈**

၁၂၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၄၉

၁၂၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၅၀

စူရတ်ဖီးလ် (ဆင် (အကြောင်း) ကဏ္ဍ) **၃၅၂**

၁၂၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၅၂

၁၂၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၅၃

၁၂၄။ ဆင်တပ်ရှင်တို့၏ ဖြစ်ရပ်သည် ကိုယ်တော်မြတ် ﷺ ဖွားမြင်တော်မူသော နှစ်တွင် ဖြစ်ခဲ့ခြင်း ၃၅၃

၁၂၅။ ဆင်တပ်ရှင်တို့၏ ဖြစ်ရပ် ၃၅၄

စူရတ်ကုရိုက်ရှ် (ကုရိုက်ရှ်မျိုးနွယ်ကဏ္ဍ) **၃၆၂**

၁၂၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၆၂

၁၂၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၆၃

၁၂၈။ အာရပ်တစ်မျိုးသားလုံးအပေါ်၌ ကုရိုက်ရှ်တို့၏ ထူးမြတ်မှု ၃၆၄

၁၂၉။ အကျိုးရလဒ် ၃၆၆

၁၃၀။ ကြီးမားစွာသော အကျိုးရလဒ် ၃၆၇

စူရတ်မာအူးန် (အသေးအဖွဲ့ (အသုံးအဆောင်) ကဏ္ဍ) **၃၆၈**

၁၃၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၆၉

၁၃၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၆၉

စူရတ်ကောင်စရ် (ကောင်းခြင်းအမြောက်အမြားကဏ္ဍ) **၃၇၂**

၁၃၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၇၂

၁၃၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၇၃

၁၃၅။ စူရတ်ကျရောက်လာရခြင်း၏ အကြောင်းခံဖြစ်ရပ် ၃၇၃

ခန်း	အကြောင်းအရာ	စာမျက်နှာ
၁၃၆။	'ကောင်စရဲ'ရေကန်	၃၇၅
၁၃၇။	သံဝေဂတရား	၃၇၈
	စူဠာပဏ်ကာပိဋ္ဌန (ကာပိရဲမယုံကြည်သောသူများ ကဏ္ဍ)	**၃၈၀**
၁၃၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၈၁
၁၃၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၈၁
၁၄၀။	စူဠာပဏ်၏ ထူးမြတ်မှုများနှင့် ထူးခြားမှုများ	၃၈၁
၁၄၁။	အယသ်တော်များ ကျရောက်လာရခြင်း၏ နောက်ခံသမိုင်း	၃၈၂
၁၄၂။	ကာပိရဲများနှင့် စေ့စပ်ညှိနှိုင်းမှု ပြုရာတွင် အချို့ပုံသဏ္ဌာန်များသည် ပြုပိုင်၍ အချို့ပုံသဏ္ဌာန်များမှာ မပြုပိုင်ခြင်း	၃၈၆
	စူဠာပဏ်နဆွဲရို (အကူအညီကဏ္ဍ)	**၃၈၈**
၁၄၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၈၈
၁၄၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၈၉
၁၄၅။	ကုရ်အာန်ကျမ်းတော်မြတ်၏ နောက်ဆုံးစူဠာပဏ်နှင့် နောက်ဆုံးအာယသ်တော်များ	၃၈၉
၁၄၆။	ကွယ်လွန်ရန် နီးကပ်နေပြီဖြစ်ကြောင်း ခံစားသိရှိရပါလျှင် 'သတ်စ်စီးဟ်'နှင့် 'အိစ်သိဂ်ဖားရ်'တို့ကို များမြောင်စွာ ပြုနေသင့်ခြင်း	၃၉၂
	စူဠာပဏ်လဟာဗ် (မီးတောက်မီးလျှံကဏ္ဍ)	**၃၉၃**
၁၄၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၉၃
၁၄၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၉၄
၁၄၉။	စူဠာပဏ်တော် ကျရောက်လာရခြင်း၏ နောက်ခံသမိုင်း	၃၉၄
၁၅၀။	ကုန်းချောကုန်းတိုက်ပြုလုပ်ခြင်းသည် အလွန်ကြီးလေးသော အပြစ်ဖြစ်ခြင်း.....	၃၉၈
	စူဠာပဏ်အိခ်လာဆွဲ (ဖြူစင်သောသဒ္ဓါတရားကဏ္ဍ)	**၄၀၁**
၁၅၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၄၀၁
၁၅၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၄၀၂
၁၅၃။	شان نزول အာယသ်တော်များကျရောက်လာရခြင်း၏ အကြောင်းခံဖြစ်ရပ်	၄၀၂
၁၅၄။	ဤစူဠာပဏ် (အိခ်လားစွ်) ၏ ထူးမြတ်မှုများ	၄၀၃

၁၅၅။ ဗူရာဟ် 'အိခ်လားဇ်'တွင် ပြည့်ဝသော 'သောင်ဟီးဒ်' (ကိုးကွယ်ခံထိုက်တော်မူသော အသျှင်၊ အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းသာ တည်ရှိခြင်းတရား) နှင့် 'ရှရစ်ကဲ'ပြုခြင်း အမျိုးမျိုးကို ငြင်းပယ်ထားခြင်းများပါရှိခြင်း ၄၀၅

၁၅၆။ **ဆူရာဟ်ဖလက် (အာရုံတက်ချိန်ကဏ္ဍ)** ၄၀၆
၁၅၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄၀၇
၁၅၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၄၀၈
၁၅၉။ 'ဂျာဒူ' ပယောဂ၏ စူးရှမှုဒဏ် ခံရခြင်းသည် 'နဗူဝသ်'၊ 'ရိစာလသ်' တို့နှင့် ဆန့်ကျင်မှုမဖြစ်ခြင်း ၄၁၀
၁၆၀။ **مُعَوِّذَتَين** (سوره فلق နှင့် سوره ناس) ဗူရာဟ်နှစ်ပုဒ်သည် လောကီနှင့် လောကုတ္တရာ၏ ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်သော ခံတပ် ဖြစ်ခြင်းနှင့် ဤဗူရာဟ်နှစ်ပုဒ်၏ ထူးမြတ်ခြင်းများ ၄၁၁
၁၆၁။ အလ္လာမဟ်အိဗ်နေကိုင်ယင်းမ် (ရဟ) ထံ၌ **شر** ဟူသောစာလုံး၏ ဖွင့်ဆိုချက် အလိုသဘော ၄၁၃

ဆူရာဟ်နားစ် (လူသားများကဏ္ဍ) ၄၁၄
၁၆၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၄၁၈
၁၆၃။ သိမှတ်ဖွယ်ရာများနှင့်ဓမ္မသတ်များ ၄၁၈
၁၆၄။ ရှိုက်သွာန်၏ 'ဝပ်စ်ဝစပ်' များမှ လွတ်ကင်းမှု ရရန် ခိုလှုံခွင့် တောင်းခံရန်မှာ အလွန်အရေးကြီး၍ အလေးအနက်ထားရမည့်အကြောင်း ၄၂၂
၁၆၅။ အကျိုးအာနိသင် ၄၂၃
၁၆၆။ ဗူရာဟ် 'ဖလပ်က်' နှင့် ဗူရာဟ် 'နားစ်' တို့၏ ခိုလှုံခွင့် တောင်းခံရာတွင် ကွာခြားမှုတစ်ရပ် ၄၂၄
၁၆၇။ လူသား၏ ရန်သူနှစ်ဦးသည် လူသားနှင့် ရှိုက်သွာန်ဖြစ်ခြင်းနှင့် ရန်သူနှစ်မျိုးစလုံးမှ လွတ်ကင်းရန် သီးခြားစီဖြစ်သော ကုစားမှုများ ၄၂၅
၁၆၈။ လူသားရန်သူနှင့် ရှိုက်သွာန် ရန်သူတို့နှင့် ရင်ဆိုင်ရာတွင် နိဂုံးရလဒ်ကို ထောက်ရှု၍ ကြီးမားသော ကွာခြားချက် ၄၂၇
၁၆၉။ ရှိုက်သွာန်၏ အကြံအစည်သည် အင်အားမရှိ၊ ချည့်နဲ့ခြင်း ၄၂၇
၁၇၀။ ကုရ်အာန်ကျမ်းတော်မြတ်၏ အဖွင့်ဗူရာဟ်နှင့် နိဂုံးဗူရာဟ်တို့၏ ပတ်သက်ဆက်နွယ်မှု ၄၂၈

ပါရာ [၃၀]

စူရာဟ် နဗအိ

ကြီးကျယ်သောသတင်းကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

عَمَّ يَتَسَآءَلُوۡنَ ①

၇၈ : ၁ ။ ။ ၎င်း ('ကေယာမသ်' ကို မယုံကြည်) သူတို့သည် မည်သည့်အရာနှင့် စပ်လျဉ်း၍ မိမိတို့အချင်းချင်း မေးမြန်းလျက် ရှိခဲ့ကြပါသနည်း။

عَنِ النَّبَاِ الۡعَظِيۡمِ ②

၇၈ : ၂ ။ ။ ၎င်းတို့သည် (အကြင်) ကြီးကျယ်လှစွာသော (ကေယာမသ်၏) အကြောင်းသတင်းကို (မေးမြန်းလျက် ရှိကြကုန်၏။)

الَّذِىۡ هُمۡ فِيۡهِ مُخۡتَلِفُوۡنَ ③

၇၈ : ၃ ။ ။ ၎င်းတို့သည် ယင်းအကြောင်းသတင်းနှင့် စပ်လျဉ်း၍ (အမြင်မှန် ရရှိသော သူတို့နှင့် အယူဝါဒ) ကွဲလွဲနေသောသူများ ဖြစ်ကြကုန်၏။

كَلَّا سَيَعۡلَمُوۡنَ ④

၇၈ : ၄ ။ ။ (၎င်းတို့သည် 'ကေယာမသ်'ဖြစ်မည်မဟုတ်ဟု ထင်မှတ်နေကြ၏။ ထိုသို့) အလျဉ်းမဟုတ်။ (ထို 'ကေယာမသ်'သည် မုချ ဆိုက်ရောက်လာမည်ဖြစ်ရာ) ၎င်းတို့သည် မကြာမီပင် (ယင်း 'ကေယာမသ်'ကို မျက်မြင် တွေ့မြင်) သိရှိကြရပေမည်။

ثُمَّ كَلَّا سَيَعْلَمُونَ ۝٥

၇၈ : ၅ ။ ။ ထို့နောက်တစ်ဖန် (ငါအသျှင်မြတ် ထပ်မံမိန့်ကြားတော်မူပေမည်။ ၎င်းတို့သည် 'ကေယာမသ်'ဖြစ်မည် မဟုတ်ဟု ထင်မှတ်နေကြ၏။) အလျှဉ်းမဟုတ်။ (ထို 'ကေယာမသ်'သည် အမှန်ပင် ဆိုက်ရောက်လာမည်ဖြစ်ပေရာ) ၎င်းတို့သည် (မျက်ဝါးထင်ထင် တွေ့မြင်) သိရှိကြရမည်သာ (ဖြစ်၏။)

أَلَمْ نَجْعَلِ الْأَرْضَ مِهَادًا ۝٦

၇၈ : ၆ ။ ။ (စင်စစ် 'ကေယာမသ်'မဖြစ်နိုင်ဟု ငြင်းပယ်ခြင်းသည် ငါအသျှင်မြတ်၏ တန်ခိုးတော်ကို ငြင်းပယ်စော်ကားခြင်းသာ ဖြစ်ပေသည်။ ငါအသျှင်မြတ်၏ ထူးကဲဆန်းပြားလှစွာသော တန်ခိုးတော်ကို ၎င်းတို့သည် မတွေ့ရှိကြလေသလော။) ငါအသျှင်မြတ်သည်သာလျှင် ပထဝီမြေကို (လူသတ္တဝါအပေါင်းတို့၏ အကျိုးငှာ) အခင်းပြုလုပ်တော်မူခဲ့သည် မဟုတ်လော။

وَّالْجِبَالَ أَوْتَادًا ۝٧

၇၈ : ၇ ။ ။ ၎င်းပြင် (ငါအသျှင်မြတ်သည်ပင် ယင်းပထဝီမြေ တည်ငြိမ်ရန်အလို့ငှာ) တောင်များကို သပ်များ၊ ငုတ်များ (အဖြစ် ပြုလုပ်တော်မူခဲ့သည် မဟုတ်လော။)

وَّخَلَقْنَاكُمْ أَزْوَاجًا ۝٨

၇၈ : ၈ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည်သာလျှင် အသင်တို့အား (ယောကျ်ားနှင့် မိန်းမဟူ၍) အစုံ၊ အစုံ (စုံတွဲများ အဖြစ်) ဖန်ဆင်းတော်မူခဲ့၏။

وَّجَعَلْنَا نَوْمَكُمْ سُبَاتًا ۝٩

၇၈ : ၉ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည်သာလျှင် အသင်တို့၏ အိပ်စက်ခြင်းကို (အသင်တို့အဖို့) အပန်းဖြေမှု ပြုလုပ်တော်မူခဲ့၏။

وَّجَعَلْنَا الَّيْلَ لِبَاسًا ۝١٠

၇၈ : ၁၀ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည်သာလျှင် ညဉ့်ကို (အသင်တို့အကျိုးငှာ) ဝတ်ရုံ (အကွယ်အကာ) ပြုလုပ်တော်မူခဲ့၏။

وَّجَعَلْنَا النَّهَارَ مَعَاشًا ۝١١

၇၈ : ၁၁ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည်သာလျှင် နေ့ကို (အသင်တို့အဖို့) အသက်မွေးဝမ်းကျောင်းပြုရန် အချိန်ပြုလုပ်တော်မူခဲ့၏။

وَبَنَيْنَا فَوْقَكُمْ سَبْعًا شِدَادًا ﴿١٢﴾

၇၈ : ၁၂ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည်သာလျှင် အသင်တို့ထက်ဝယ် အလွန်ခိုင်ခံ့လှစွာသော မိုးခုနစ်ထပ်ကို ဆောက်လုပ်တော်မူခဲ့၏။

وَجَعَلْنَا سِرَاجًا وَهَّاجًا ﴿١٣﴾

၇၈ : ၁၃ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည်သာလျှင် (ယင်းမိုးကောင်းကင်၌) လင်းဝင်းတောက်ပလှစွာသော မီးခွက် (နေ) တစ်ခုကို ဖန်ဆင်းတော်မူခဲ့၏။

وَأَنزَلْنَا مِنَ الْمُعْصِرَاتِ مَاءً ثَجَّاجًا ﴿١٤﴾

၇၈ : ၁၄ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည်သာလျှင် ညှစ်ထုတ်သော တိမ်များမှ (ရေပြည့်နှက်လျက်ရှိသော မိုးတိမ်များမှ မိုး) ရေကို ပြင်းထန်စွာ ရွာသွန်းစေတော်မူ၏။

لِّنُخْرِجَ بِهِ حَبًّا وَنَبَاتًا ﴿١٥﴾

၇၈ : ၁၅ ။ ။ (၎င်းမိုးရေကို ရွာသွန်းစေတော်မူခြင်းမှာ) ငါအသျှင်မြတ်သည် ထိုမိုးရေဖြင့် ကောက်ပဲသီးနှံများကိုလည်းကောင်း၊ ဟင်းသီးဟင်းရွက်ပင်များကိုလည်းကောင်း ပေါက်ရောက်စေတော်မူရန်လည်း ဖြစ်ပေသည်။

وَجَنَّاتٍ أَلْفَافًا ﴿١٦﴾

၇၈ : ၁၆ ။ ။ ၎င်းပြင် ပူးကပ်ထူထပ်သော ဥယျာဉ်များ (ပေါက်ရောက်စေတော်မူရန်လည်း) ဖြစ်ပေသည်။

إِنَّ يَوْمَ الْفَصْلِ كَانَ مِيقَاتًا ﴿١٧﴾

၇၈ : ၁၇ ။ ။ ဧကန်မလွဲ စီရင်ဆုံးဖြတ်မည့်နေ့သည် သတ်မှတ်ပြီးသော အချိန်ကာလတစ်ခုပင် ဖြစ်ပေသည်။

يَوْمَ يُنفَخُ فِي الصُّورِ فَتَأْتُونَ أَفْوَاجًا ﴿١٨﴾

၇၈ : ၁၈ ။ ။ အကြင်နေ့တွင် တံပိုးခရာမှုတ်ခြင်း ခံရပေမည်။ ထိုအခါ အသင်တို့သည် အစုလိုက်အစုလိုက် လာကြပေမည်။

وَفُتِحَتِ السَّمَاءُ فَكَانَتْ أَبْوَابًا ﴿١٩﴾

၇၈ : ၁၉ ။ ။ ၎င်းပြင် (ထိုနေ့တွင်) မိုးကောင်းကင်သည် ပွင့်သွားပေမည်။ ထိုအခါ ယင်းမိုးကောင်းကင်၌ တံခါးများသာ ဖြစ်သွားကြပေမည်။

وَسُيِّرَتِ الْجِبَالُ فَكَانَتْ سَرَابًا ٢٠

၇၈ : ၂၀ ။ ။ ထို့ပြင် (ထိုနေ့တွင်) တောင်များသည် ရွေ့လျားစေခြင်းကို ခံကြရပေမည်။ ထိုအခါ ယင်းတောင်များသည် တံလျှပ် (ပမာ) ဖြစ်သွားပေမည်။

إِنَّ جَهَنَّمَ كَانَتْ مِرْصَادًا ٢١

၇၈ : ၂၁ ။ ။ စေကန်အမှန် 'ဂျဟန္နမ်' ငရဲဘုံသည် (ကျူးလွန်ဆိုးသွမ်းသူတို့အဖို့) ပြန်လည်ရာဌာနပင် ဖြစ်ပေသည်။

لِّلطَّاغِينَ مَآبًا ٢٢

၇၈ : ၂၂ ။ ။ ပြစ်မှုကျူးလွန်သူတို့၏ ပြန်လည်ရာစခန်း (လည်း) ဖြစ်ပေသည်။

لَّابِثِينَ فِيهَا أَحْقَابًا ٢٣

၇၈ : ၂၃ ။ ။ (၎င်းတို့သည်) ယင်း 'ဂျဟန္နမ်' ငရဲဘုံ၌ အဆုံးမရှိသော အချိန်ကာလတိုင်အောင် နေထိုင်ကြရပေမည်။

لَّا يَذُوقُونَ فِيهَا بَرْدًا وَلَا شَرَابًا ٢٤

၇၈ : ၂၄ ။ ။ ၎င်းတို့သည် ယင်း 'ဂျဟန္နမ်' ငရဲဘုံ၌ မည်သည့်အေးချမ်း၊ အေးဆေး၊ အေးမြမှု (ချမ်းသာသုခ) ကိုမျှ မြည်းစမ်းကြရမည် မဟုတ်ပေ။ ၎င်းပြင် မည်သည့်သောက်သုံးရာ ပစ္စည်းကိုမျှလည်း မြည်းစမ်းကြရမည် မဟုတ်ပေ။

إِلَّا حَمِيمًا وَغَسَّاقًا ٢٥

၇၈ : ၂၅ ။ ။ ပွက်ပွက်ဆူလျက်ရှိသော ရေပူနှင့် ပြည်ပုပ်ကိုသာ (မြည်းစမ်းကြရပေမည်။)

جَزَاءً وِفَاقًا ٢٦

၇၈ : ၂၆ ။ ။ (ဤသည်) ၎င်းတို့အား (၎င်းတို့ ကျူးလွန်ခဲ့ကြကုန်သော ပြစ်မှုဒုစရိုက်များနှင့်) လျော်ညီစွာ အစား ပေးခြင်းပင် ဖြစ်ပေသည်။

إِنَّهُمْ كَانُوا لَا يَرْجُونَ حِسَابًا ٢٧

၇၈ : ၂၇ ။ ။ စေကန်မလွဲ ၎င်းတို့သည် မည်သည့်စစ်ဆေးမှုကိုမျှ ကြောက်ရွံ့စိုးရိမ်ခဲ့ကြသည် မဟုတ်ပေ။ မျှော်လင့်ခဲ့ကြသည် (လည်း) မဟုတ်ပေ။

وَكَذَّبُوا بِآيَاتِنَا كِذَّابًا ﴿٢٨﴾

၇၈ : ၂၈ ။ ။ ထို့ပြင် ၎င်းတို့သည် ငါအသျှင်မြတ်၏ အာယသ်တော်များကို မဟုတ်မမှန်ဟူ၍ ဖွတ်ငြင်းခဲ့ကြပေသည်။

وَكُلَّ شَيْءٍ أَحْصَيْنَاهُ كِتَابًا ﴿٢٩﴾

၇၈ : ၂၉ ။ ။ စင်စစ် ငါအသျှင်မြတ်သည် (၎င်းတို့၏ အပြုအမူတို့ကို) အသီးသီး ရေးသားလျက် စေ့ငုစွာ ရေတွက်မှတ်သားထားတော်မူခဲ့သည်။

فَذُوقُوا فَلَن نَّزِيدَكُمْ إِلَّا عَذَابًا ﴿٣٠﴾

၇၈ : ၃၀ ။ ။ သို့ဖြစ်ပေရာ (ငါအသျှင်မြတ်သည် ထိုနေ့တွင် ၎င်းတို့အား ယင်းအပြုအမူတို့ကို ပြသတော်မူ၍) အသင်တို့သည် (ပြစ်ဒဏ်၏ အရသာကို) မြည်းစမ်းကြလေကုန်။ စင်စစ် ငါအသျှင်မြတ်သည် ပြစ်ဒဏ်မှအပ အခြားတစ်စုံတစ်ရာကိုမျှ အသင်တို့၌ ပိုမိုစေတော်မူမည်မဟုတ် (ဟု မိန့်ကြားတော်မူပေလိမ့်မည်။)

إِنَّ لِلْمُتَّقِينَ مَفَازًا ﴿٣١﴾

၇၈ : ၃၁ ။ ။ ဧကန်မလွဲ (အလ္လာဟ်အသျှင်မြတ်အား) ကြောက်ရွံ့ရိုသေ ခံညားသော သူတို့၏ အဖို့ အောင်မြင်မှုသည် ရှိပေသည်။

حَدَائِقَ وَأَعْنَابًا ﴿٣٢﴾

၇၈ : ၃၂ ။ ။ (၎င်းတို့ အေးချမ်းသာယာစွာ နေထိုင်စားသောက် သွားလာရန်အလို့ငှာ) ဥယျာဉ်များသည်လည်းကောင်း၊ စပျစ်သီးများသည်လည်းကောင်း (ရှိကြပေမည်။)

وَكَوَاعِبَ أَتْرَابًا ﴿٣٣﴾

၇၈ : ၃၃ ။ ။ သက်တူရွယ်တူ ပျိုကညာများသည် လည်းကောင်း။

وَكَأْسًا دِهَاقًا ﴿٣٤﴾

၇၈ : ၃၄ ။ ။ (အရက်ဖြင့်) ပြည့်လျှံလျက်ရှိသော ခွက်များသည်လည်းကောင်း (ရှိကြပေသည်။)

لَّا يَسْمَعُونَ فِيهَا لَغْوًا وَلَا كِذَّابًا ﴿٣٥﴾

၇၈ : ၃၅ ။ ။ ထိုသူတို့သည် ယင်းဥယျာဉ်များ၌ မည်သည့်သိမ်ဖျင်းသော စကားကိုမျှလည်းကောင်း၊ မည်သည့်မုသားစကားကိုမျှလည်းကောင်း ကြားကြရမည်မဟုတ်ပေ။

جَزَآءً مِّن رَّبِّكَ عَطَآءً حِسَابًا ﴿٣٦﴾

၇၈ : ၃၆ ။ ။ (ဤသည်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ လုံလောက်စွာ ချီးမြှင့်တော်မူသော အကျိုးဆုလာဘ်ပင် ဖြစ်၏။

رَّبِّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا الرَّحْمٰنِ لَا يَمْلِكُوْنَ مِنْهُ خِطَابًا ﴿٣٧﴾

၇၈ : ၃၇ ။ ။ (အကြင်အသျှင်မြတ်သည်) မိုးကောင်းကင်များနှင့် ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခုအကြား၌ ရှိသမျှတို့ကိုလည်းကောင်း ပိုင်ဆိုင်တော်မူသော အသျှင်သည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင် ဖြစ်တော်မူပေသည်။ မည်သူတစ်ဦးတစ်ယောက်မျှပင် ထိုအသျှင်မြတ်နှင့် စကားပြောဆိုပိုင်ခွင့် ရှိမည်မဟုတ်ပေ။

يَوْمَ يَقُوْمُ الرُّوْحُ وَالْمَلٰٓئِكَةُ صَفًّا ۙ لَّا يَتَكَلَّمُوْنَ اِلَّا مَنْ اَذِنَ لَهُ الرَّحْمٰنُ وَقَالَ صَوَابًا ﴿٣٨﴾

၇၈ : ၃၈ ။ ။ အကြင်နေ့တွင် သက်ရှိအပေါင်းတို့သည်လည်းကောင်း၊ 'မလာအေ့ကာဟ်' ကောင်းကင်တမန်အပေါင်းတို့သည်လည်းကောင်း (အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ်) စီတန်းရပ်ကြပေမည်။ (ထိုနေ့တွင် ၎င်းတို့အနက်) 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်က ခွင့်ပြုတော်မူသော၊ မှန်ကန်သော စကားကို ပြောဆို (မည်ဖြစ်) သော သူမှအပ၊ မည်သူတစ်ဦးတစ်ယောက်မျှပင် စကားပြောဆိုနိုင်မည် မဟုတ်ပေ။

ذٰلِكَ الْيَوْمُ الْحَقُّ ۚ فَمَنْ شَآءَ اتَّخَذَ اِلٰى رَبِّهٖ مَاٰبًا ﴿٣٩﴾

၇၈ : ၃၉ ။ ။ ထို (ကေယာမသ်) နေ့သည် မုချ ဆိုက်ရောက်မည့်နေ့ပင် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အလိုရှိသော သူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်တွင် (မိမိအဖို့) ပြန်လည်ရာ ဌာနကို (အဆင်သင့်) ပြုလုပ်၍ ထားရပေမည်။

اِنَّآ اَنْذَرْنٰكُمْ عَذَابًا قَرِيْبًا ۖ ۚ يَّوْمَ يَنْظُرُ الْمَرْءُ مَا قَدَّمَتْ يَدٰهُ وَيَقُوْلُ الْكٰفِرُ يٰلَيْتَنِيْ كُنْتُ تُرٰبًا ﴿٤٠﴾

၇၈ : ၄၀ ။ ။ ဧကန်မလွဲ ငါအသျှင်မြတ်သည် အသင်တို့အား မကြာမီ (ဆိုက်ရောက်မည်ဖြစ်သော) ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ သတိပေးနိုးဆော်တော်မူခဲ့ချေပြီ။ ထိုနေ့တွင် လူတိုင်းလူတိုင်းသည် မိမိ၏ လက်နှစ်ဖက်ဖြင့် ကြိုတင်ပို့နှင့်ခဲ့သော အပြုအမူတို့ကို တွေ့မြင်ခဲ့ပေမည်။ ထို့ပြင် (ထိုနေ့တွင်) ကာဖိရ်မယုံမကြည် သွေဖည်ငြင်းပယ်သော သူက 'ဩော်- ငါသည် မြေကြီးဖြစ်ခဲ့ရလျှင် ဖြစ်နိုင်လျှင် ကောင်းလေစွ' ဟု ပြောဆို (ညည်းညူ) ကြပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤသူ ('ကေယာသ်'နေ့ကို ငြင်းဆန်သော သူများ အချင်းချင်း) တို့သည် မည်သည့်အရာနှင့် ပတ်သက်ပြီး မေးမြန်းနေကြသနည်း။ ထိုကြီးကျယ်လှစွာသော (ကေယာမသ်) ၏ အခြေအနေအကြောင်း သတင်းများကို မေးမြန်းနေကြသည်။ အကြင်အကြောင်းသတင်းနှင့် စပ်လျဉ်း၍ ၄င်းတို့သည် (အမှန်တရား လက်ခံသူများနှင့်) ကွဲလွဲနေကြသည်။ (အကြောင်းသတင်းဟူသည်မှာ 'ကေယာမသ်'အကြောင်းဖြစ်ပြီး၊ မေးမြန်းသည်ဆိုခြင်းမှာ မယုံကြည်သော ပုံစံဖြင့် မေးမြန်းခြင်း ဖြစ်သည်။ ထို့ပြင် ဤအမေး၊ အဖြေကို တင်ပြရခြင်းမှာ အာရုံကို စုစည်းလိုက်ခြင်းနှင့် ထင်ရှားပြတ်သားစွာ မတင်ပြထားသော အရာကို နောက်မှ ရှင်းပြခြင်းဖြင့် ၄င်း၏ အရေးကြီးထည်ဝါမှုကို တင်ပြရန် ဖြစ်သည်။ ဆက်လက်၍ ၄င်းတို့၏ အငြင်းအခုံပြု ငြင်းဆန်ခြင်းမှာ အကြောင်းမဲ့ခြင်းနှင့် မှားယွင်းခြင်းကို ဖော်ပြသွားပေမည်။ ပမာဆိုရသော် ဤသူများ သည် ဖြစ်မည်ဟု မထင်မှတ်ကြပေ။) သို့ရှိရာ ဤသို့ အလျဉ်းမဟုတ်ပေ။ (သို့သာမက 'ကေယာမသ်' သည် မလွဲကေန် ဆိုက်ရောက်လာမည်သာ ဖြစ်သည်။ ထို့ပြင်) ၄င်းတို့ ယခုပင် သိရှိရမည် ဖြစ်သည်။ (ဆိုလိုသည်မှာ လောကမှ ထွက်ခွာပြီးနောက် ၄င်းတို့အပေါ် 'အဇားဗ်'ကျရောက်မှသာ အမှန်တရားနှင့် 'ကေယာမသ်'၏ မြင်ကွင်းစစ်ကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်သည်။) ထို့နောက်တစ်ဖန် (ထပ်မံ၍ ငါအသျှင်မြတ် မိန့်တော်မူသည်မှာ ၄င်းတို့သည် 'ကေယာမသ်'မဖြစ်နိုင်ဟု ထင်မှတ်နေကြသည်။) ဤသို့ အလျဉ်းမဟုတ်။ (ကေန်မလွဲ 'ကေယာမသ်'ဆိုက်ရောက်လာမည် ဖြစ်သည်။ ထို့နောက်) ၄င်းတို့ ယခု (တွေ့မြင်) သိရှိကြရမည်သာ ဖြစ်သည်။

(ထို့ပြင် စင်စစ်တွင် ဤသူများသည် 'ကေယာမသ်'ကို ဖြစ်နိုင်ဖွယ်မရှိသော အရာဟု ထင်မြင် ယူဆထားကြသည်။ အရှေ့၌ ၄င်း 'ကေယာမသ်' ဖြစ်နိုင်ဖွယ် အပြည့်ရှိခြင်းကို ဖော်ပြထားရာ မဖြစ်နိုင်ဟု ထင်မြင်ခြင်းမှာ ငါအသျှင်မြတ်၏ 'ကုဒ်ရသ်' (စွမ်းဆောင်နိုင်သော တန်ခိုးတော်) ကို ငြင်းဆန်ခြင်းမှာ အံ့သြရာကောင်းလှသည်။ အဘယ်ကြောင့်ဆိုသော်) ငါအသျှင်မြတ်သည် မြေပထဝီကြီးကို အခင်းအဖြစ် ပြုလုပ်တော်မူခဲ့သည် မဟုတ်သလော။ ၄င်းနောက် တောင်တန်းများကို (မြေကြီး၏) သပ်များအဖြစ်နှင့် ပြုလုပ်တော်မူခဲ့သည် မဟုတ်လော။ (ဆိုလိုသည်မှာ သပ်များ၊ ငုပ်များကဲ့သို့ ပြုလုပ်တော်မူခဲ့သည်။ ပမာ ဆိုရသော် အရာတစ်ခုတွင် သပ်ရိုက်လိုက်ပါမူ၊ ယင်းသည် မိမိနေရာမှ ရွေ့လျားခြင်း မရှိတော့ချေ။ ထိုနည်း တူစွာ ငါအသျှင်မြတ်သည် မြေပထဝီကို တောင်တန်းများဖြင့် ဖိ၍ တည်ငြိမ်စေလိုက်သည်။ ယင်းနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းချက်ကိုမူ စူရာဟ်နဟလ်၌ တင်ပြပြီးဖြစ်၏။) ထို့ပြင် (ဤအရာများမှအပ ငါအသျှင်မြတ်သည် အခြားအရာများကိုလည်း မိမိ၏ တန်ခိုးတော်၏ နိမိတ်လက္ခဏာအဖြစ် ပေါ်လွင်စေ ခဲ့သည်။ စင်စစ်တွင်) ငါအသျှင်မြတ်ကသာလျှင် အသင်တို့ကို (ယောကျာ်းနှင့် မိန်းမဟူ၍) စုံတွဲများအဖြစ် ဖန်ဆင်းခဲ့သည်။ ၄င်းပြင် ငါအသျှင်မြတ်ကသာလျှင် အသင်တို့၏ အိပ်စက်ခြင်းကို အပန်းဖြေမှုအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် ငါအသျှင်မြတ်သာလျှင် ညဥ့်ကို ဝတ်ရုံ (အကာအကွယ်ပြုသော အရာ)

အဖြစ် ပြုပေးတော်မူခဲ့ပြီး နေ့ခင်းအချိန်ကိုမူ အသက်မွေးဝမ်းကျောင်းမှု ပြုရန်အတွက် ပြုလုပ်တော်မူခဲ့သည်။ ထိုမှတစ်ပါး ငါအသျှင်မြတ်သည်သာလျှင် အသင်တို့အပေါ်ဝယ် အလွန်ခိုင်ခန့်သော မိုးခုနစ်ထပ်ကို ဆောက်လုပ်တော်မူခဲ့ပြီး ငါအသျှင်မြတ်ကပင် (ယင်းမိုးကောင်းကင်ယံ၌) လင်းဝင်းတောက်ပသော မီးခွက်တစ်ခုကို ဖန်ဆင်းတော်မူခဲ့သည်။ (ဆိုလိုသည်မှာ 'နေ'ဖြစ်သည်။ အသျှင်မြတ်၏

وَجَعَلَ الشَّمْسَ سِرَاجًا

ဟူသော အာယသ်တော် ရှိထား၍ ဖြစ်သည်။) ထို့ပြင် ငါအသျှင်မြတ်သည်ပင် ရေများဖြင့် ပြည့်နေသော တိမ်တိုက်များမှ မြောက်မြားစွာသော မိုးရေများကို ရွာသွန်းစေတော်မူခဲ့သည်။ ယင်းမိုးများ ရွာသွန်းပေးရခြင်းမှာ ငါအသျှင်မြတ်သည် ထိုရေဖြင့် ကောက်ပဲသီးနှံများကိုလည်းကောင်း၊ ဟင်းသီးဟင်းရွက်များကိုလည်းကောင်း ထူထပ်သော ဥယျာဉ်ခြံများကိုလည်းကောင်း ပေါက်ရောက်စေရန် ဖြစ်သည်။ (ထို့နောက် ဤအရာများအားလုံးကို ကြည့်ခြင်းအားဖြင့် ငါအသျှင်မြတ်၏ 'ကွဒ်ရသ်'တော်များ ပေါ်လွင် ကွန့်မြူးလျက်ရှိရာ 'ကေယာမသ်'နေ့နှင့် စပ်လျဉ်း၍ ငါအသျှင်မြတ်၏ စွမ်းဆောင်နိုင်မှုကို မည်သို့ ငြင်းဆန်နေကြသနည်း။ ဤသည် ဖြစ်နိုင်ဖွယ်ရှိသော အရာကို ရှင်းလင်းတင်ပြခြင်းဖြစ်သည်။ ဆက်လက်၍ ယင်းနေ့ ဆိုက်ရောက်လာမည့် အကြောင်းကို ဖော်ပြထားသည်မှာ) စကန်မုချ 'ကေယာမသ်' (တရားစီရင်ဆုံးဖြတ်မည့်နေ့) မှာ သတ်မှတ်ပြီးသော အချိန်ကာလတစ်ခုပင် ဖြစ်သည်။ ဆိုလိုသည်မှာ 'စူရ်'တံပိုးမှုတ်ခြင်းခံရသော နေ့တွင် အသင်တို့ အစုလိုက်၊ အဖွဲ့လိုက် လာကြပေမည်။ (အလိုသဘောမှာ အွမ္မသ်တိုင်းသည် သီးခြားစီ ဖြစ်မည်။ တစ်ဖန် မုအ်မင်နံတစ်ခြား၊ ကာဖိရ်တစ်ခြား၊ ကောင်းမွန်သောသူတစ်ခြား၊ ယုတ်ညံ့သူတို့မှာ တစ်ခြား အားလုံးတို့သည် ပုံစံမတူ တစ်သီးတစ်ခြားစီဖြင့် 'ကေယာမသ်'ကွင်းပြင်၌ စုရုံးရောက်ရှိကြရမည်ဖြစ်သည်။) ထို့ပြင် မိုးကောင်းကင် ပွင့်သွားပေမည်။ တစ်ဖန် ယင်းမိုးကောင်းကင်၌ တံခါးများသာ ဖြစ်သွားပေမည်။

(ဆိုလိုသည်မှာ ဤမျှ အကျယ်ကြီး ပွင့်သွားမည်မှာ တံခါးများစွာကို ပေါင်းဖွင့်၍ နေရာကျယ်ကြီးဖြစ်သကဲ့သို့ ဖြစ်မည်။ ထို့ပြင် ဤဝါကျသည် နိုင်းနှိုင်းမှုအတွက်သာ ဖြစ်သည်။ သို့ရှိရာ ယခုလည်း မိုးကောင်းကင်၌ တံခါးများရှိရာ 'ကေယာမသ်'နေ့၌ တံခါးများ ဖြစ်ရှိသွားခြင်း ဟူသည်မှာ အဘယ်နည်းဟု ဒွိဟများဖွယ်ရာ မရှိပေ။ အဘယ်ကြောင့်ဆိုသော် ဤပွင့်ခြင်းသည် ဖရစ်ရှ်သာဟ်များ ဆင်းသက်ရန်အတွက် ဖြစ်သည်။ ဥပမာ- စူရာဟ်ဖွရ်ကာန်တွင် تَشَقَّقُ السَّمَاءُ ဟု မိန့်ဆိုထားသည်။ ယင်း၏ ရှင်းလင်းချက်ကို ထိုစူရာဟ်တွင် ရေးသားပြီးဖြစ်၏။)

ထို့ပြင် တောင်တန်းများကိုမူ (မိမိတို့တည်နေရာမှ) ရွေ့ခံလိုက်ရမည် ဖြစ်သည်။ သို့ရှိရာ ယင်းတောင်များသည် သဲများကဲ့သို့ ဖြစ်သွားပေမည်။ (အသျှင်မြတ် မိန့်ဆိုထားသည့်အတိုင်း كَثِيبًا مَّهِيلًا ဟူ၍ ဖြစ်သည်။ ဤသည် ဒုတိယစူရ်တံပိုး မှုတ်သောအခါ၌သော်လည်းကောင်း လာရှိထားရာ ယင်းသည်

အလိုသဘောနှစ်ခုစလုံး ဖြစ်နိုင်သည်။ ဒုတိယစူရ်ခရာ မှုတ်ပြီးသည့်နောက် ယင်းအသံကြောင့် လောကရှိ အရာများအားလုံးသည် မိမိတို့၏ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိ လာပေမည်။ စာရင်းအင်းစစ်ဆေးသောအခါ တောင်တန်းများကို မြေပြင်နှင့်အညီ ပြုလိုက်မည်။ အဘယ်ကြောင့်ဆိုသော် အကာအကွယ်များ၊ တောင်တန်းများ ခံနေခြင်းမရှိဘဲ အားလုံးကို တစ်ပြေးညီ ကွင်းပြင်ထဲ၌ တွေ့မြင်နိုင်စေရန် ဖြစ်သည်။ သို့မဟုတ် ဤသို့ ဖြစ်ခြင်းမှာ ပထမစူရ်တံပိုးချိန်၌ ဖြစ်မည်။ ၎င်းဖြင့် ယင်းတောင်တန်းများ ပျက်စီးခြင်းကိုသာ အဓိကဆိုခြင်း ဖြစ်မည်။ တစ်ဖန် ဤသတ်မှတ်ရွေးချယ် တင်ပြချက်အပေါ် ရက် يوم (၁) ရက်ကို ထိုအကြောင်းအရာအားလုံး၏ အချိန်အဖြစ် မှတ်ယူခြင်းမှာ ပထမစူရ်တံပိုးမှုတ်ချိန်မှ ဒုတိယစူရ်တံပိုး မှုတ်သည်အထိ အချိန်စုစုပေါင်းကို တစ်ရက်ဟု သတ်မှတ်လိုက်သောကြောင့် ဖြစ်သည်။ والله اعلم (အလ္လာဟ် အသျှင်မြတ်သာလျှင် အသိဆုံး ဖြစ်တော်မူသည်။)

ရှေ့ဆက်၍ ယင်း يوم الفصل တရားစီရင်မည့်နေ့တွင် ချမှတ်မည့် ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဖော်ပြထားသည်မှာ) ဧကန်မုချ 'ဂျဟန္နမ်' ငရဲဘုံသည် ချောင်းမြောင်းရာ နေရာတစ်ခုပင် ဖြစ်ချေသည်။ (ဆိုလိုသည်မှာ 'အဇာဗ်' ပေးမည့် ဖရစ်ရှ်သာဟ်များသည် ကာဖိရ်များ ရောက်လာသည်နှင့် 'အဇာဗ်' ပေးရန် ချောင်းမြောင်း စောင့်ဆိုင်းနေလေသည်။ ထို့ပြင် ယင်းငရဲဘုံသည်) ဆိုးသွမ်းမိုက်မဲသူများ၏ ဌာနေ ဖြစ်သည်။ ၎င်းတို့သည် ယင်းငရဲဘုံအတွင်း အဆုံးမရှိသော ကာလတိုင် နေရမည်ဖြစ်သည်။ (ထို့ပြင်) ၎င်းတို့သည် ယင်းငရဲဘုံထဲ၌ မည်သည့်အေးချမ်းမှု (ဆိုလိုသည်မှာ သက်သာရာ ရရှိမှု) ကို မြည်းစမ်းကြရမည် မဟုတ်ပေ။ (ဤသို့ ဆိုခြင်းဖြင့် زمهرير မည်သော အလွန်တရာ အေးသော 'ဂျဟန္နမ်' မရှိဟု ငြင်းဆိုခြင်းမဟုတ်ပေ။) ထို့ပြင် သောက်သုံးရန်အတွက်လည်း ပွက်ပွက်ဆူနေသော ရေပူနှင့် ပြည်ပုပ်မှလွဲ၍ (ရေဆာပြေစေမည့် မည်သည့်အရာမှ ရမည်မဟုတ်ပေ။) ဤသည် ၎င်းတို့အား (၎င်းတို့ ကျူးလွန်ခဲ့ကြကုန်သော ပြစ်မှုဒုစရိုက်များနှင့်) လျော်ညီစွာ ပြည့်ဝသော အစားပေးခြင်းပင် ဖြစ်သည်။ (ထို့နောက် ၎င်းတို့အား ဤသို့ အစားပေးခြင်း ခံကြရန် ၎င်းတို့ ပြုကျင့်ခဲ့သော 'အမလ်' လုပ်ရပ်မှာ) ထိုသူတို့သည် ('ကေယာမသ်' နေ့၏) စစ်ဆေးမှုကို စိုးရိမ်ကြောက်ရွံ့ခဲ့ခြင်း မရှိပေ။ ထို့ပြင် ငါအသျှင်မြတ်၏ (ထို) အာယသ်တော်များကို (ယင်းအာယသ်တော်များတွင် စစ်ဆေးမည့်အကြောင်းနှင့် အခြားသော စစ်မှန်သည့် အရာများအကြောင်း ဖော်ပြထား၏။) အလွန်ပင် ငြင်းဆန်ခဲ့ကြသည်။ ထို့နောက် ငါအသျှင်မြတ်သည် (၎င်းတို့ပြုကျင့်သော အရာများထဲမှ) အရာတိုင်းကို (၎င်းတို့၏ ကိုယ်ကျင့်တရား မှတ်တမ်းတွင်) ရေးမှတ်လျက် စေ့ငုစွာ မှတ်သားထားတော်မူခဲ့သည်။

သို့ရှိရာ (၎င်းတို့ကို ထိုကျင့်ဆောင်မှုများအား အသိပေးပြီးသည့်နောက် မိန့်ဆိုမည်မှာ ယခု ထိုကျင့်ဆောင်မှုများ၏) အရသာကို မြည်းစမ်းလော့။ စင်စစ် ငါအသျှင်မြတ်သည် အသင်တို့အပေါ်တွင် ပြစ်ဒဏ်ကိုသာ ပိုမိုတိုးပွားစေတော်မူည် ဖြစ်သည်။ (ဤသည် ကာဖိရ်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက် ဖြစ်သည်။ ဆက်လက်၍ အီမာန်သက်ဝင်ယုံကြည်သူများနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်အကြောင်းကို ဖော်ပြ

ထားသည်မှာ) ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သောသူများအတွက် အောင်မြင်မှု ရှိပေသည်။ (ဆိုလိုသည်မှာ စားသုံးရန်နှင့် လည်ပတ်သွားလာနိုင်စေရန်) ဥယျာဉ်များ (ယင်းဥယျာဉ်များ၌ သစ်သီးမျိုးစုံ ရှိမည်။) နှင့် စပျစ်သီးများ (ဤသို့ ခြုံငုံ မိန့်ဆိုပြီးနောက် သီးသန့်ထပ်မံ တင်ပြခြင်းသည် ပိုမိုထွတ်မြတ်ကောင်းမွန်ခြင်းကို ရည်ညွှန်းနေသည်။) နှင့် (စိတ်ကို ဖြည့်ဆည်းပေးသော) သက်တူရွယ်တူ ကညာပျို လေးများသည်လည်းကောင်း၊ ထို့ပြင် (သောက်သုံးရန်အတွက်) ပြည့်လျှံနေသော အရက်ခွက်များသည်လည်းကောင်း ရှိပေမည်။ (ထို့နောက်) ယင်းသုခဘုံတွင် မည်သည့်အကျိုးမဲ့ သိမ်ဖျင်းသော စကားကိုလည်းကောင်း၊ မုသားတစ်စုံတစ်ရာကိုလည်းကောင်း ကြားကြရမည်မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သော စကားရပ်များသည် ထိုနေရာ၌ အလျဉ်းရှိမည် မဟုတ်ပေ။)

ဤသည် (၄င်းတို့အား ၄င်းတို့ ပြုကျင့်ခဲ့သော ကောင်းမှုရေးရာများ၏) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ဘက်တော်မှ ပြည့်စုံလုံလောက်သည့် အကျိုးရလဒ်ပင် ဖြစ်ချေသည်။ အကြင်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကိုလည်းကောင်း၊ ယင်းမိုးမြေနှစ်ခုအကြားရှိ အရာ ဟူသရွေ့ကိုလည်းကောင်း စိုးပိုင်တော်မူသော အသျှင်မြတ်နှင့် 'ရဟ်မာန်' မဟာကရုဏာတော်ရှင် ဖြစ်တော် မူသည်။ (ထို့ပြင်) မည်သူ့ကိုမျှ ထိုအသျှင်မြတ်ဘက်မှ (သီးသန့် အသျှင်မြတ် ရှေ့တော်မှောက်တွင်) လျှောက်တင်ပြောဆိုခွင့် ရမည်မဟုတ်ပေ။ အကြင်နေ့တွင် သက်ရှိသတ္တဝါအားလုံးနှင့် ဖရစ်ရှ်သာဟ်များသည် (အသျှင်မြတ်၏ ရှေ့တော်မှောက်တွင်) စီတန်းလျက် (ခယရိုကျိုးစွာဖြင့်) မတ်တတ်ရပ်ကြပေမည်။ (ထိုနေ့တွင်) သနားကြင်နာတော်မူသော အသျှင်မြတ်ဘက်တော်မှ (ပြောဆိုရန်) ခွင့်ပြုသူမှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှ စကားပြောဆိုနိုင်မည်မဟုတ်ပေ။ ထို့ပြင် ယင်းသူသည် စကားကို မှန်ကန်တိကျစွာ ပြောဆိုသူလည်း ဖြစ်ရမည်။

(တိကျမှန်ကန်သော စကားဆိုသည်မှာ ခွင့်ပြုထားသော စကားကို ဆိုပေသည်။ ဆိုလိုသည်မှာ စကားပြောဆိုရန်လည်း အတိုင်းအတာ အကန့်အသတ် ရှိပေမည်။ ပြောလိုရာကို ပြောဆိုခွင့် မရှိပေ။ ဤသည်ကိုသာ အထက်တွင် 'သီးသန့်အခွင့်အရေး' ဟု ဖော်ပြခဲ့သည်။ ရှေ့ဆက်၍ အထက် ဖော်ပြပါ အကြောင်းအရာအားလုံး၏ အနှစ်ချုပ်ကို တင်ပြနေသည်မှာ) ဤ (အထက်ဖော်ပြပါ နေ့သည်) မုချဆိုက်ရောက်လာမည့်နေ့ ဖြစ်သည်။ သို့ရှိရာ အကြင်သူ၏ စိတ်က လိုလားပါမူ (ယင်းအခြေအနေများကို ကြားရပြီးနောက်) မိမိတို့အား ဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်တွင် (မိမိတို့အတွက်) ပြန်လည်ရာဌာနကို ပြုလုပ်ထားရပေမည်။

(ဆိုလိုသည်မှာ ကောင်းမှုကျင့်ကြံခြင်းဖြင့် ကောင်းသော ဌာနေ ရရှိမည် ဖြစ်သည်။ ဆက်လက်၍ နောက်ဆုံးအထောက်အထားအဖြစ် မိန့်ဆိုသည်မှာ အို၊ လူသားအပေါင်းတို့) ငါအသျှင်မြတ်သည် အသင်တို့အား မကြာမီ ဆိုက်ရောက်တော့မည် ဖြစ်သော ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ သတိပေး နှိုးဆော်တော်မူခဲ့သည်။ (ထို 'အဇားဗ်' အပြစ်ဒဏ်သည် ဤကဲ့သို့သော နေ့မျိုးတွင် ဖြစ်မည်။) အကြင်နေ့တွင် လူတိုင်းသည် မိမိတို့လက်ဖြင့် ပြုမူခဲ့သော အရာဟူသရွေ့ကို (မျက်ဝါးထင်ထင် ရှေ့မှောက်တွင် အသင့်) တွေ့ကြရပေမည်။

ထို့ပြင် ကာဖိရ်များသည် (သေးသိမ်စွာဖြင့်) 'ငါမြေကြီးဖြစ်ခဲ့လျှင် ကောင်းလေစွ' ဟု ပြောဆိုကြပေမည်။ (သို့မှသာ 'အဇာဗ်'မှ လွတ်မြောက်နိုင်မည်။ ထို့ပြင် ဤစကား ကိုမူ တိရစ္ဆာန်များအား မြေကြီးအဖြစ် ပြုလုပ်သော အချိန်၌ ၎င်းတို့ ပြောဆိုကြမည်ဖြစ်သည်။ ဟဇရသ် အဘူဟုရိုင်ရာဟ် ﷺ သခင်ထံမှ ဆင့်ပြန်ထားသည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

عَمَّ يَتَسَآءَلُونَ

(၎င်း ('ကေယာမသ်'ကို မယုံကြည်) သူတို့သည် မည်သည့်အရာနှင့် စပ်လျဉ်း၍ မိမိတို့အချင်းချင်း မေးမြန်းလျက် ရှိခဲ့ကြပါသနည်း။) [၇၈ : ၁]

عَمَّ ဟူသော စာလုံးသည် عَنْ နှင့် مَا စာလုံး နှစ်လုံးပေါင်းစပ်ထားသော စာလုံးဖြစ်သည်။ مَا ဟူသော စာလုံးမှာ 'အမေး' စာလုံး ဖြစ်သည်။ ဤပေါင်းစပ်မှု၌ مَا စာလုံးတွင် ပါသော الف ကို ဖြုတ်ထားခြင်း ဖြစ်သည်။ ယင်း၏ အဓိပ္ပာယ်မှာ ဤသူများအချင်းအချင်း မည်သည့်အရာနှင့် စပ်လျဉ်း၍ အမေးအဖြေ ပြုနေကြသနည်း။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်တိုင်ပင် ယင်း၏ အဖြေ ပေးထားသည်မှာ-

عَنِ النَّبَإِ الْعَظِيمِ الَّذِى هُمْ فِيهِ مُخْتَلِفُونَ

(၎င်းတို့သည် (အကြင်) ကြီးကျယ်လှစွာသော ('ကေယာမသ်'နေ့၏) အကြောင်းသတင်းကို (မေးမြန်းလျက် ရှိကြကုန်၏။ ၎င်းတို့သည် ယင်းအကြောင်းသတင်းနှင့် စပ်လျဉ်း၍ (အမြင်မှန် ရရှိသော သူတို့နှင့် ၎င်းအယူဝါဒ ကွဲလွဲနေသောသူများ ဖြစ်ကြကုန်၏။) [၇၈ : ၂-၃]

نَبَأ ဟူသော စာလုံး၏ အဓိပ္ပာယ်မှာ 'သတင်းပေးမှု' ဟူ၍ ဖြစ်သည်။ သို့သော် သတင်းတိုင်းကို نَبَأ ဟု မခေါ်ရပဲသာမက ကြီးကျယ်ထူးခြားသော သတင်းမျိုးကိုသာ ခေါ်ဆို ပေသည်။ ဤနေရာတွင် نَبَأ ၏ အလိုသဘောမှာ ကြီးကျယ်လှသော သတင်းဖြစ်သည့် 'ကေယာမသ်' သတင်းသာ ဖြစ်သည်။ ထို့ပြင် အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤမက္ကာဟ်သားများသည် ဤကြီးကျယ်လှသော သတင်းဖြစ်သည့် 'ကေယာမသ်'နှင့် စပ်လျဉ်း၍ အငြင်းအခုံပြု၊ အမေးအဖြေများ ပြုနေခဲ့ကြသည်။ ထို့နောက် ယင်းနေ့နှင့် ပတ်သက်ပြီး အချင်းချင်း ကွဲလွဲနေကြသည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ ဆင့်ပြန်ချက် လာရှိထားသည်မှာ ကျမ်းတော်မြတ်ကုရ်အာန် စတင် ကျရောက်လာသောအခါ မက္ကာဟ်ရှိ ကာဖိရ်များသည် မိမိတို့၏ ထိုင်ဝိုင်းများတွင် ယင်းကျမ်း တော်မြတ်နှင့် ပတ်သက်ပြီး မိမိတို့၏ သဘောထားကိုယ်စီနှင့် ကဲ့ရဲ့ပြစ်တင်မှုများ ပြုလုပ်ခဲ့ကြသည်။

ကျမ်းတော်မြတ်ကုရ်အာန်တွင်မူ 'ကေယာမသ်' ကဏ္ဍကို အလေးထား မိန့်ဆိုထားရာ ၄င်းတို့ထံတွင် ဤအရာသည် မဖြစ်နိုင်သော အချက်ဖြစ်နေသည်။ ထို့ကြောင့် ယင်းနှင့် ပတ်သက်၍ ပိုမို ပြောဆိုကြသည်။ အချို့က လက်ခံကြပြီး အချို့က ငြင်းဆန်ကြသည်။ ထို့ကြောင့် ဤစူရာဟ်အစတွင် ၄င်းတို့၏ အခြေအနေကို တင်ပြပြီး၊ ဆက်လက်၍ 'ကေယာမသ်'ဆိုက်ရောက်မည့် အကြောင်း ဖော်ပြထားသည်။ ၄င်းတို့ထံတွင် ယင်း 'ကေယာမသ်' ဆိုက်ရောက်မည့် အကြောင်း ဖော်ပြထားသည်။ ၄င်းတို့ထံတွင် ယင်း 'ကေယာမသ်' ဆိုက်ရောက်မည်နှင့် ပတ်သက်၍ အငြင်းအခုံဖြစ်နေကြပြီး မဖြစ်နိုင်ဟု ထင်နေခဲ့ကြသည်။ ယင်းနှင့် ပတ်သက်ပြီး အဖြေပေးထားလေသည်။ ၄င်းနောက် အချို့သော အကျယ်ဖွင့်ဆိုသူ ပညာရှင်များက မိန့်ဆိုကြသည်မှာ ဤကဲ့သို့ အမေးအဖြေ ပြုနေကြခြင်းသည် စင်စစ် သုံးသပ်ရန်အတွက် မဟုတ်ရဲ့သာမက လှောင်ပြောင်ရန်အတွက်သာ ဖြစ်ချေသည်။ والله اعلم အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံးဖြစ်သည်။)

ကျမ်းတော်မြတ်ကမူ ၄င်း၏ အဖြေ၌ ဝါကျတစ်ခုတည်းကိုသာ ပိုမို ခိုင်မာစေရန်အလို့ငှာ

كَلَّا سَيَعْلَمُوْنَ ثُمَّ كَلَّا سَيَعْلَمُوْنَ

ဟု နှစ်ကြိမ်တိုင်တိုင် မိန့်ဆိုထားသည်။ كَلَّا ဟူသည် 'လုံးဝမဟုတ်' ဟု အဓိပ္ပာယ်ရသည်။ အလိုသဘောမှာ ဤ 'ကေယာမသ်' ဟူသည် အမေးအဖြေ ပြုရုံဖြင့်လည်းကောင်း၊ အငြင်းအခုံ ပြုရုံဖြင့် စူးစမ်းရုံဖြင့်လည်းကောင်း သဘောပေါက်နိုင်သော အရာမဟုတ်ပေ။ ရှေ့မှောက်သို့ ဆိုက်ရောက်လာမှသာလျှင် ယင်း၏ အဖြေအမှန်ကို သိရှိနိုင်သည်။ ဤ 'ကေယာမသ်'ဆိုသည်မှာ မလွဲကေန် ဆိုက်ရောက်မည်ဖြစ်ရာ ယင်းနှင့် ပတ်သက်ပြီး ငြင်းခုံခြင်း၊ မေးမြန်းခြင်းနှင့် ငြင်းဆန်ခြင်းများ မပြုနိုင်ပေ။ ထို့နောက် မိန့်ဆိုသည်မှာ ယင်းနေ့၏ အစစ်အမှန်ကို ၄င်းတို့ကိုယ်တိုင် မကြာမြင့်မီ ကြုံတွေ့ကြရပေမည်။ ဆိုလိုသည်မှာ ၄င်းတို့သည် သေပြီးနောက် အခြားလောကရှိ အရာများကို မြင်တွေ့ရမည်ဖြစ်သည်။ ထို့ပြင် ယင်းလောကရှိ ကြောက်မက်ဖွယ်ရာ မြင်ကွင်းများကို မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ ယင်း၏ အစစ်အမှန်ကို သိရှိသွားမည် ဖြစ်သည်။ ၄င်းနောက် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြည့်စုံလှသော 'ကွဒ်ရသ်' တန်ခိုးတော်များနှင့် ဉာဏ်ရည်စွမ်းများ၊ စွမ်းဆောင်နိုင်မှုများ၏ အချို့သော မြင်ကွင်းများကို တင်ပြ၍ မိန့်ဆိုထားသည်။ ၄င်းမှ ထင်ထင်ရှားရှား သိရှိရသည်မှာ ဤ 'ကေယာမသ်'သည် အသျှင်မြတ်၏ ပြည့်စုံလှသော 'ကွဒ်ရသ်'တန်ခိုးတော်များမှ အလှမ်းဝေးကွာသော အရာမဟုတ်ပေ။ ဆိုလိုသည်မှာ ထိုအသျှင်မြတ်သည် ဤလောကကြီးကို တစ်ကြိမ်တစ်ခါ ဖျက်ဆီးပြီးနောက် တစ်ဖန် ထိုအတိုင်း ပြန်လည် ဖန်တီးနိုင်သည်။ ထိုလောကကြီးတွင် မြေပထဝီနှင့် ယင်း၏ တောင်တန်းများ၏ ဖန်ဆင်းမှုကိုလည်းကောင်း၊ တစ်ဖန် လူသား၏ ဖန်ဆင်းမှုကိုလည်းကောင်း ကျား၊ မ စုံတွဲပုံစံဖြင့်လည်းကောင်း တင်ပြထားသည်။ ထို့နောက် လူသားများ၏ သက်သာရာရမှု ကျန်းမာရေးကောင်းမွန်ခြင်းနှင့် အလုပ်ဖြစ်စေရန် ကိုက်ညီလျော်ကန်သည့်

အခြေအနေများကို ဆောက်တည်ရန်အကြောင်း တင်ပြထားသည်။ ထိုထဲတွင် ဤအချက်လည်း မိန့်ဆိုထားသည်မှာ-

جَعَلْنَا نَوْمَكُمْ سُبَاتًا

(ထို့ပြင် ငါအသျှင်မြတ်သည်သာလျှင် အသင်တို့၏ အိပ်စက်ခြင်းကို (အသင်တို့အဖို့) အပန်းဖြေမှု ပြုလုပ်တော်မူခဲ့၏။) [၇၈ : ၉]

سُبَات ဟူသည် سبت မှ ဆင်းသက် ထွက်လာသော စာလုံးဖြစ်သည်။ ယင်း၏ အလိုသဘောမှာ ရိုက်သိမ်းခြင်း၊ ပြတ်တောက်ခြင်းဟူ၍ ဖြစ်သည်။ အိပ်စက်ခြင်းကိုမူ အလ္လာဟ်အသျှင်မြတ်က လူသားများ၏ ပူပန်မှုများ၊ ညောင်းညာမှုများနှင့် အတွေးများ၊ သောကများကို ဖြတ်တောက်၍ လူသား၏ စိတ်နှလုံးနှင့် ဉာဏ်ရည် (ဦးနှောက်) ကို သက်သာရာရစေသော အရာအဖြစ် ပြုပေးတော်မူခဲ့သည်။ ထို့ကြောင့် လောကတွင် ၎င်းအား အစားထိုးနိုင်သော အရာဟူ၍ မရှိပေ။ ဤအတွက်ကြောင့်ပင် အချို့သော ပညာရှင်များကမူ سُبَات ၏ အဓိပ္ပာယ်ကို 'သက်သာရာရမှု' ဟု ပြန်ဆိုကြသည်။

အိပ်စက်ခြင်းသည် အလွန်ကြီးမားသော 'နေ့အ်မသ်' စည်းစိမ်တော် တစ်ရပ် ဖြစ်ခြင်းအကြောင်း

ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်သည် လူသားများကို စုံတွဲလိုက် ဖန်ဆင်းခဲ့ခြင်းအကြောင်းကို တင်ပြပြီးနောက် လူသား၏ သက်သာရာရစေသော အရာများအနက် သီးသန့်အနေဖြင့် အိပ်စက်ခြင်းကိုသာ ဦးစွာပထမ တင်ပြခဲ့သည်။ စဉ်းစားကြည့်ပါက ဤသည် အလွန်ကြီးမားသော 'နေ့အ်မသ်'စည်းစိမ်တော် ဖြစ်ကြောင်းကို သိရှိရသည်။ အဘယ်ကြောင့်ဆိုသော် လူသားများအား သက်သာရာပေးသော အရာများအားလုံး၏ အဓိက မူတည်ချက်သည် အိပ်စက်ခြင်းအပေါ်၌သာ ရှိသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ဤ 'နေ့အ်မသ်'စည်းစိမ်တော်ကို ဤသို့ အများသူငှာအတွက် ပြုပေးခဲ့သည်။ သူဌေးသူကြွယ်၊ ဆင်းရဲသားဖြစ်စေ၊ ပညာတတ်၊ ပညာမဲ့၊ ဘုရင်နှင့် လုပ်သား၊ မည်သူမဆို အားလုံးအတွက် ဤစည်းစိမ်တော်ကို တစ်ပြေးညီ တစ်ပြိုင်နက်တည်း ချီးမြှင့်ထားသည်။ လောက၏ အခြေအနေများကို သုံးသပ်ကြည့်ပါက ဆင်းရဲသားများနှင့် ခန္ဓာပင်ပန်းစွာ ကြိုးပမ်းရသော သူများကို ဤ 'နေ့အ်မသ်' စည်းစိမ်တော် ရရှိသလောက် သူဌေးများနှင့် လောကီအကြီးအကဲများကို မရပေ။ စင်စစ်တွင် ၎င်းတို့ထံတွင်မူ ဇိမ်ခံပစ္စည်းမျိုးစုံနှင့် သာယာဝပြောသော နေအိမ်များ၊ အပူအအေး ကိုက်ညီသော အခန်းများ၊ နူးညံ့လှသော ဆိုဖာ၊ ခေါင်းအုံးများ၊ ဆင်းရဲသားများအတွက် ရခဲသော အရာများအားလုံး ရှိသည်။ သို့သော် အိပ်စက်ခြင်းဟူသော 'နေ့အ်မသ်'စည်းစိမ်တော်သည် ယင်းဆိုဖာ၊ ခေါင်းအုံးနှင့် အဆောက်အဦးများ၏ ထည့်ဝါမှုစသည်တို့၏ နောက်လိုက် မဟုတ်ပေ။ အိပ်စက်ခြင်းဟူသည်မှာ အလ္လာဟ်အသျှင်မြတ်ထံတော်မှ တိုက်ရိုက်ရသော 'နေ့အ်မသ်'စည်းစိမ်တော်တစ်ရပ်သာ ဖြစ်သည်။ အချို့သော အခါမျိုးတွင် ဆင်းရဲသား၊ လက်မဲ့ကို

ကွင်းပြင်ထဲတွင် အိပ်ယာ၊ ခေါင်းအုံးမပါရှိဘဲ ဤ 'နေ့အိမ်သ'စည်းစိမ်တော်ကို ပြည့်ပြည့်ဝဝ ချီးမြှင့်လိုက်လေသည်။

ထို့ပြင် တစ်ခါတစ်ရံ စည်းစိမ်ကြွယ်ဝသူကိုမှ မချီးမြှင့်ပေ။ ၎င်းတို့ကမူ အိပ်ဆေးသောက်၍ ရယူကြရသည်။ ထို့ပြင် တစ်ခါတစ်ရံတွင် ယင်းဆေးများသည်လည်း အသုံးမဝင်တော့ပေ။ တစ်ဖန် စဉ်းစားကြည့်ပါ။ ဤကဲ့သို့သော 'နေ့အိမ်သ'စည်းစိမ်တော်ကို အလ္လာဟ်အသျှင်မြတ်သည် လူသားများနှင့် သတ္တဝါများအတွက် ပေါများစေခဲ့ရာ အားလုံးတို့သည် အခမဲ့၊ ကြိုးစားအားထုတ်စရာမလိုဘဲ ပေးအပ် ချီးမြှင့်ထားသည်။ ယင်းထက်ကြီးမားသော 'နေ့အိမ်သ'စည်စိမ်းတော်မှာ အခမဲ့၊ ကြိုးပမ်းမှုမလိုဘဲ ရရုံသာမက အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြည့်ဝသော မဟာကရုဏာတော်ဖြင့် ဤ 'နေ့အိမ်သ'စည်းစိမ်တော် جبری (အဓမ္မပုံစံ) အဖြစ် ပြုလုပ်ထားသည်။ အဘယ်ကြောင့်ဆိုသော် လူသားများသည် တစ်ခါတစ်ရံ အလုပ်များပြားမှု ကြောင့် မစွမ်းသာ၍ တစ်ညလုံး နိုးကြားနေလိုကြသည်။ သို့သော် အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်' ကရုဏာတော်သည် ၎င်းသူအပေါ် (အတင်း) အိပ်စက်ခြင်းကို လွှမ်းမိုးစေပြီး ၎င်းသူကို သိပ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသူ၏ တစ်နေ့တာ ညောင်းညာမှုများ ပြေသွားစေရန် ဖြစ်သည်။ ထို့ပြင် ၎င်း၏ အင်အားများ ပြည့်ဖြိုးလာပြီး အခြားလုပ်ငန်းများ လုပ်နိုင်စွမ်း ထက်သန်လာစေရန် ဖြစ်သည်။ ဆက်လက်၍ ယင်းအိပ်စက်ခြင်းဟူသော ကြီးမားလှသည့် 'နေ့အိမ်သ'စည်းစိမ်တော်အကြောင်းကို ဖြည့်စွက် မိန့်ဆိုထားသည်မှာ-

وَجَعَلْنَا الَّيْلَ لِبَاسًا

(ထို့ပြင် ငါအသျှင်မြတ်သည်သာလျှင် ညဉ့်ကို (အသင်တို့အကျိုးရှိစွာ) ဝတ်ရုံ (အကွယ်အကာ) အဖြစ် ပြုလုပ်တော်မူခဲ့၏။) [၇၈ : ၁၀]

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ညဉ့်ကို ဖုံးကွယ်ရသော အရာအဖြစ် ပြုလုပ်ထားသည်။ လူ့သဘာဝအလျောက် အလင်းရောင်နည်းပါးပြီး အဘက်ဘက်မှ ငြိမ်သက်လှသော အသံများ မကြားရသော အခါမျိုး၌သာ အိပ်ချင်စိတ် ဖြစ်ပေါ်တတ်သည်ဟူသော အရာဘက်သို့ ရည်ညွှန်းနေသည်။ အလ္လာဟ်အသျှင်မြတ်သည် ညဉ့်ကို အဝတ်စား၊ ဆိုလိုသည်မှာ ခြုံထည် (သို့) ဖုံးကွယ်ရသော အရာဟု မိန့်ဆို၍ 'ငါအသျှင်မြတ်သည် အသင်တို့အတွက် အိပ်စက်ခြင်းသာ ချီးမြှင့်ထားခြင်း မဟုတ်ရုံသာမက လောကတစ်ခွင် အိပ်စက်မှုအတွက် အထောက်အကူဖြစ်စေမည့် အရာတိုင်း၊ အခြေအနေတိုင်းကိုလည်း ဖန်ဆင်းထားသည်' ဟူသော အချက်ကို ညွှန်ပြလိုသည်။ ဦးစွာပထမ ညဉ့်၏ မှောင်မိုက်မှု၊ ၎င်းနောက် လောကရှိ လူသားများနှင့် တိရစ္ဆာန်များအားလုံးကို တစ်ချိန်တည်း၌ အိပ်စက်စေခဲ့သည်။ အားလုံးအိပ်စက်သွားသောအခါ လောကကြီးသည် ငြိမ်သက်သွားလေသည်။ သို့တည်းမဟုတ်က လူသားများ၏ အခြားလုပ်ငန်းများကဲ့သို့ အိပ်စက်သည့်အချိန်လည်း ကွဲပြားနေပါမူ မည်သူ့ကိုမှ အိပ်စက်နေစဉ် ငြိမ်သက်မှု ရရှိမည်မဟုတ်ပေ။ ၎င်းနောက် မိန့်ဆိုသည်မှာ-

وَجَعَلْنَا النَّهَارَ مَعَاشًا

(ထို့ပြင် ငါအသျှင်မြတ်သည်သာလျှင် နေ့ကို (အသင်တို့အဖို့) အသက်မွေးဝမ်းကျောင်းပြုရန် အချိန် ပြုလုပ်တော်မူခဲ့၏။) [၇၈ : ၁၁]

ဆိုလိုသည်မှာ လူသားများကို သက်သာရာရမှုနှင့် ငြိမ်သက်မှု ရရှိစေရန်မှာ အစာရေစာ စသော လိုအပ်ချက်များ ရရှိနေရန် အရေးကြီးသည်။ သို့တည်းမဟုတ် ဤယင်းအိပ်စက်ခြင်းသည်ပင် အသက်ကို သေစေမည်ဖြစ်သည်။ အကယ်၍ အမြဲတမ်း ညဥ့်ဖြစ်နေပါမူ၊ ထို့ပြင် လူသားများ အိပ်စက်၍သာ နေခဲ့ပါမူ ဤအရာများ မည်သို့ ရရှိနိုင်မည်နည်း။ ထိုအရာများအတွက်မူ ကြိုးပမ်းအားထုတ်မှုနှင့် လျှောက်လှမ်းမှု များပြုရန် အရေးကြီးသည်။ ၄င်းအရာဟူသရွေ့သည် အလင်းရောင်ရှိမှသာ ရရှိနိုင်သည်။ ထို့ကြောင့် မိန့်ခွဲထားသည်မှာ ငါအသျှင်မြတ်သည် အသင်တို့ သက်သာရာရစေရန်အတွက် ညဥ့်နှင့် ၄င်းအတွင်း မှောင်မိုက်မှုကိုသာ ဖန်ဆင်းထားခြင်း မဟုတ်ရုံသာမက လင်းဝင်းသော နေ့တစ်ချိန်ကိုလည်း အသင်တို့ လုပ်ငန်းဆောင်တာများ ပြုလုပ်၍ မိမိတို့ ဝမ်းစာရှာနိုင်စေရန်အလို့ငှာ ဖန်ဆင်းပေးထားသည်။

فتبارك الله احسن الخالقين

(သို့ရှိရာ အသျှင်မြတ်သည် အကောင်းဆုံး ဖန်ဆင်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ သည်။) ထို့နောက် လူသားကို ကောင်းကင်မှ သက်သာရာရစေသော အရာများအကြောင်း ဖော်ပြထား သည်။ အားလုံးထက်ပို၍ အကျိုးဖြစ်ထွန်းစေသော အရာမှာ 'နေ'၏ အလင်းရောင်သာ ဖြစ်သည်။ ထို အကြောင်းကို မိန့်ဆိုထားသည်မှာ-

وَجَعَلْنَا سِرَاجًا وَهَّاجًا

(ထို့ပြင် ငါအသျှင်မြတ်သည်သာလျှင် (ယင်းမိုးကောင်းကင်၌) လင်းဝင်း တောက်ပလှစွာသော မီးခွက် (နေ) တစ်ခုကို ဖန်ဆင်းတော်မူခဲ့၏။ [၇၈ : ၁၃]

အလိုသဘောမှာ ငါအသျှင်မြတ်သည် 'နေ'ကို အလင်းရောင် ပေးသော မီးခွက်တစ်ခုအဖြစ် ဖန်ဆင်း တော်မူခဲ့သည်။ တစ်ဖန် မိုးကောင်းကင်အောက် လူသားများ သက်သာရာရစေသော အရာများကို ဖန်ဆင်း တော်မူခဲ့ရာ ၄င်းတို့အနက် အရေးကြီးဆုံးအရာမှာ မိုးရွာသွန်းစေသော တိမ်တိုက်များ ဖြစ်ကြောင်းကို မိန့်ဆိုထားသည်။

وَاَنْزَلْنَا مِنَ الْمُعْصِرٰتِ مَآءً ثَجَّاجًا

(ထို့ပြင် ငါအသျှင်မြတ်သည်သာလျှင် ညှစ်ထုတ်သော တိမ်များမှ (ရေပြည့်နှက်လျက် ရှိသော မိုးတိမ်များမှ မိုး) ရေကို ပြင်းထန်စွာ ရွာသွန်းစေတော်မူ၏။) [၇၈ : ၁၄]

مُعْصِرٰت သည် **مُعْصِرَةٌ** ၏ အများကိန်းဖြစ်သည်။ မိုးရွာသွန်းတော့မည့် မိုးရေနှင့် ပြည့်နေသော တိမ်တိုက်ကို ခေါ်ဆိုသည်။ ၄င်းမှ သိရှိရသည်မှာ မိုးသည် တိမ်တိုက်များမှ ရွာသွန်းသည်။ ထို့ပြင်

အကြင်အာယသ်တော်များတွင် မိုးကောင်းကင်မှ ရွာသွန်းကြောင်း လာရှိထားသည်။ သို့ရှိရာ ယင်းအာယသ်တော်တွင် ပါသော 'ကောင်းကင်'၏ အလိုသဘောမှာ ကောင်းကင်၏ ဟင်းလင်းပြင်ဖြစ်သည်။ ပမာဆိုရသော် ကျမ်းတော်မြတ်၏ အာယသ်တော်များတွင် سماء ဟူသော စာလုံး၏ အဓိပ္ပာယ်မှာ ဤ သို့သာဖြစ်သည်။ (သို့မဟုတ်) တစ်ခါတစ်ရံ ကောင်းကင်ယံမှ တိုက်ရိုက် မိုးရွာသွန်းလေ့ ရှိသည်ဟုလည်းဆိုနိုင်သည်။ ထိုအချက်ကို ငြင်းပယ်ရန် အကြောင်းမရှိပေ။ ဤကဲ့သို့ အသျှင်မြတ်၏ စွမ်းဆောင်မှုများနှင့် ချီးမြှင့်မှုများအကြောင်း တင်ပြပြီးနောက် တစ်ဖန် အဓိကပြောလိုသော အချက်ဖြစ်သည့် 'ကေယာမသ်' ကဏ္ဍဘက်သို့ လှည့်သည်။

اِنَّ يَوۡمَ الۡفَصۡلِ كَانَ مِيۡقَاتًا

အဓိပ္ပာယ်မှာ စီရင်ဆုံးဖြတ်မည့် နေ့။ ယင်း၏ အလိုသဘောမှာ 'ကေယာမသ်'နေ့ဖြစ်သည်။ ထို 'ကေယာမသ်'နေ့ဟူသည် သတ်မှတ်ထားသော အချိန်တစ်ခုဖြစ်ပြီး အတိုင်းအတာတစ်ခုအဖြစ်နှင့်လည်း ကန့်သတ်ထားသည်။ ထိုနေ့ ဆိုက်ရောက်လာလျှင် စူရ်တံပိုးမှုတ်မည်ဖြစ်ရာ ဤလောကကြီးသည် အဆုံးသတ်နိဂုံးချုပ်သွားမည် ဖြစ်သည်။ ထို့ပြင် အခြားအာယသ်တော်များမှ သိရှိရသည်မှာ စူရ်တံပိုးကိုမူ နှစ်ကြိမ်နှစ်ခါမှုတ်မည်ဖြစ်သည်။ ပထမတစ်ကြိမ် မှုတ်လိုက်လျှင် လောကတစ်ခုလုံးသည် ပျက်စီးသွားမည်ဖြစ်ပြီး ဒုတိယတစ်ကြိမ် မှုတ်လိုက်လျှင် ပြန်လည် ရှင်ပြန်၊ ဖြစ်ရှိသွားပေမည်။

ဤဒုတိယစူရ်တံပိုးကို မှုတ်လိုက်သောအခါ လောကတစ်ခုလုံးရှိ ယခင်လူသားများအားလုံးနှင့် 'ကေယာမသ်'နေ့တိုင် မွေးဖွားလာသူအားလုံးတို့သည် မိမိတို့၏ အသျှင်သခင်၏ ရှေ့တော်မှောက်သို့ အဖွဲ့လိုက်၊ အုပ်စုလိုက် ခစားရောက်ရှိရပေမည်။ ဟဇရသ်အဘူဇရ်ဂေဖာရီ ﷺ သခင်က ဆင့်ပြန်ထားသည်။ ကိုယ်တော်မြတ် ﷺ သည် မိန့်ဆိုခဲ့သည်မှာ 'ကေယာမသ်' (ကမ္ဘာ့တရားခွင်နေ့) တွင် လူသားများသည် အသင်းအဖွဲ့ သုံးခုအဖြစ်နှင့် ရှင်ပြန်ထကြမည်။ ၎င်းတို့အနက် အသင်းအဖွဲ့တစ်ခုမှာ ဝမ်းဗိုက်များ ပြည့်ကာ အဝတ်အစားများ ဝတ်ဆင်ထားလျက် အစီးအနင်းများကို စီးနင်း၍ 'ဟရှရ်'ကွင်းပြင်သို့ လာရောက်ကြမည်။ ဒုတိယအုပ်စုမှာ ခြေလျင်လျှောက်ရန် 'ဟရှရ်'ကွင်းပြင်သို့ လာရောက်ကြရမည်။ တတိယအုပ်စုမှာ မျက်နှာများကို မြေပြင်ပေါ်၌ တရွတ်တိုက်ဆွဲကာ 'ဟရှရ်'ကွင်းပြင်သို့ ခေါ်လာခြင်းကို ခံကြရပေမည်။

[မဇ္ဇဟရီကျမ်း၊ နစာအီ၊ ဟာကင်မ်၊ ဘိုင်ဟကီမ်ကျမ်းများ၏ အညွှန်းဖြင့်။]

အချို့ဆင့်ပြန်ချက်များတွင် افواجا (အုပ်စုများ) ၏ ရှင်းလင်းချက်ကို အဖွဲ့ဆယ်ဖွဲ့ဟု ဖော်ပြထားသည်။ ထို့ပြင် အချို့သော ပညာရှင်များက မိန့်ဆိုသည်မှာ 'ဟရှရ်'ကွင်းပြင်သို့ လာရောက်ရမည့်သူများသည် မိမိတို့၏ ပြုမူဆောင်ရွက်ချက်များအလိုက် အသင်းအဖွဲ့ပေါင်းများစွာသော ပုံစံများဖြင့် လာရောက်ကြပေမည်။ ဤအဆိုများသည် မည်သို့မှ ဆန့်ကျင်ဘက်မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် အားလုံးကိုပေါင်းစပ်၍ ရနိုင်ပေသည်။

وَسُيِّرَتِ الْجِبَالُ فَكَانَتْ سَرَابًا

တွင် سُيِّرَتْ ၏ အလိုသဘောမှာ ယနေ့ တည်မြဲခြင်း၊ ခိုင်မာခြင်းကို တောင်တန်းများဖြင့် ပမာပေး တင်ပြနေခဲ့ရာ ယင်းတောင်တန်းများ အားလုံးသည် မိမိတို့တည်နေသော နေရာများမှ စွန့်ခွာကာ အစိတ်စိတ်အမွှာမွှာဖြစ်ပြီး လေထုထဲ၌ လွင့်ကုန်ကြမည်ဟူ၍ ဖြစ်သည်။ سراب ၏ လုံးချင်းကောက် အဓိပ္ပာယ်မှာ ذ ها ب ဆိုလိုသည်မှာ 'ထွက်သွားလိုက်ခြင်း'ဟူ၍ ဖြစ်သည်။ တောတွင်း၌ အဝေးမှ ရေသဖွယ် မြင်တွေ့ရသည့် လင်းလက်လျက်ရှိသော သဲများကိုလည်း سراب ဟု ဤအတွက်ကြောင့်သာ ခေါ်ဆို သည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် အနီးသို့ ရောက်သော် အမြင်မှ ပျောက်ကွယ်သွားသည်။

اِنَّ جَهَنَّمَ كَانَتْ مِرْصَادًا

တွင် مِرْصَاد ဟူသည်မှာ တစ်ဦးတစ်ယောက် အား စောင့်ကြပ်ရန်ဖြစ်စေ၊ စောင့်ဆိုင်းရန်ဖြစ်စေ ထိုင်သော နေရာကို ခေါ်ဆိုသည်။ 'ဂျဟန္နမ်'၏ အလိုသဘောမှာ جسر جنهم ဆိုလိုသည်မှာ 'ပူလ်ဆွေရားသ်'တံတားကို ဆိုလိုသည်။ ဤနေရာတွင် 'စဝါးဗ်'ပေးမည့် ဖရစ်ရှ်သာဟ်များ နှင့် 'အဇားဗ်'ပေးမည့် ဖရစ်ရှ်သာဟ်များ နှစ်မျိုးစလုံး စောင့်နေမည် ဖြစ်သည်။ 'ဂျဟန္နမ်'ငရဲသားများ ကို 'အဇားဗ်'ပေးမည့် ဖရစ်ရှ်သာဟ်များက ဖမ်းဆီးကွပ်မျက်ပေမည်။ ထို့ပြင် သုခဘုံသားများကိုမူ 'စဝါးဗ်' ပေးမည့် ဖရစ်ရှ်သာဟ်များက ၄င်းတို့၏ နေထိုင်ရမည့် ဌာနေကို ပို့ဆောင်ပေးမည် ဖြစ်သည်။ *[မဇ္ဇဟာရီကျမ်း]*

ဟာဇရေသ်ဟာစန်ဗဆွရီ (ရဟ) က မိန့်ဆိုသည်မှာ 'ဂျဟန္နမ်'၏ တံတားပေါ်တွင် ဖရစ်ရှ်သဟ်များ စောင့်ကြပ်နေမည်ဖြစ်ရာ အကြင်သူထံတွင် 'ဂျန္နသ်'သွားခွင့်လက်မှတ်ပါသော် ၄င်းတို့ကို ကျော်ဖြတ်ခွင့် ပေးလိုက်မည်ဖြစ်သည်။ ခွင့်ပြုချက်မပါသူကိုမူ တားလိုက်ပေမည်ဟူ၏။ *[ကုရ်သုဗီကျမ်း]*

لِلطّٰغِيْنَ مَاٰبًا

ပေါ်လွင်နေသည်မှာ ဤ لِلطّٰغِيْنَ သည် مَاٰبًا နှင့် ဆက်နွယ်လျက်ရှိသည်။

ထို့ပြင် ဤသည် اِنَّ جَهَنَّمَ كَانَتْ ၏ ဒုတိယမိ (အကြောင်းသတင်း) ဖြစ်သည်။ ဤသို့ဖြင့် ဝါကျနှစ်ခုစလုံး၏ အဓိပ္ပာယ်မှာ جسر جهنم 'ပူလ်ဆွေရားသ်' တံတားသည် လူကောင်း၊ လူဆိုး ဟူသရွေ့တို့အား စောင့်ဆိုင်းနေသော နေရာ ဖြစ်သည်။ အားလုံးသည် ယင်းတံတားပေါ်မှ ကျော်ဖြတ်ရပေမည်။ ထို့ပြင် جهنم သည် طاغين များအတွက် သီးသန့်နေရာ ဖြစ်ပေမည်။ طاغين ဟူသည် طاغى ၏ ဗဟုဝုစ်ကိန်း ဖြစ်ပြီး طغيان မှ ထွက်ပေါ်လာသည်။ ယင်း၏ အဓိပ္ပာယ်မှာ 'အလွန်တရာ ဆိုးသွမ်း၍ ဖီဆန်မှုကို အတိုင်းလွန် ပြုလုပ်သောသူ' ကို ခေါ်ဆိုသည်။ သို့ရှိရာ ဤမှ ဖီဆန်ဆိုးသွမ်း

ခြင်းဟူသည် အီမာန်၏ ဘောင်မှ ထွက်နိုင်လောက်အောင် ကျူးလွန်မှုသာ ဖြစ်မည်။ ထို့ကြောင့် طاغين သည် ဤနေရာ၌ ကာဖိရ်များကိုသာ ဆိုလိုပေသည်။ သို့တည်းမဟုတ်က ထို 'အကီဒဟ်' ယုံကြည်ချက် ပျက်ပြားနေသော မွတ်စ္စလင်မ်များလည်း ဖြစ်နိုင်သည်။ အကြင်သူတို့သည် ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးစ် တော်များ၏ သတ်မှတ်ထားသော စည်းကမ်းဘောင်ကို ကျော်လွန်၍ ကျင့်ကြံနေထိုင်ကြသည်။ စင်စစ်တွင် ပေါ်လွင်စွာ 'ကုဖ်ရ်'ပြု ငြင်းပယ်ကြခြင်း မပြုကြပေ။ ဥပမာ- ရဝါဖစ်ဖ်၊ ခဝါရစ်ဂျ်၊ မို့အ်သဇေလာ စသည်တို့ ဖြစ်သည်။ *[မဇှဟရီကျမ်း]*

لَا بِثِيْنَ فِيهَا اَحْقَابًا

တွင် لَا بِثِيْنَ သည် لَا بِث ၏ ဗဟုဝုစ်ကိန်း ဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'စောင့်ဆိုင်းနေသူများ၊ နားနေသူများ' ဟူ၍ ဖြစ်သည်။ اَحْقَاب သည် حِقْبَه ၏ ဗဟုဝုစ်ကိန်းဖြစ်ပြီး 'ကြာရှည်သော ခေတ်ကာလ' ကို ခေါ်ဆိုသည်။ ယင်း၏ အတိုင်းအတာနှင့် ပတ်သက်ပြီး အဆိုအမျိုးမျိုးရှိသည်။ အိဗ်နေ ဂျရီး၏ (ရဟ) သခင်က ဟဇရတ်အလီ ﷺ သခင်ထံမှ ယင်း၏ ကာလအတိုင်းအတာမှာ နှစ်ပေါင်း (၈၀) ဖြစ်သည်ဟု ဆင့်ပြန်ထားသည်။ ထို့နောက် နှစ်စဉ် ၁၂ လကိုလည်းကောင်း၊ လစဉ် ရက်ပေါင်း (၃၀) နှင့် နေ့စဉ် နှစ်ပေါင်းတစ်ထောင် ဖြစ်မည်။ ဤနည်းအတိုင်း ခန့်မှန်းချိန်အားဖြင့် နှစ်ပေါင်း နှစ်ကုဋေ ရှစ်ဆယ့် ရှစ်သန်းလျှင် حقبه တစ်ခု ဖြစ်မည်။ ထို့ပြင် ဟဇရတ်အဘူဟိုရိုင်ရာဟ် ﷺ သခင်၊ ဟဇရတ် အဗ်ဒွလ္လာဟ်ဗင်န် အုမရ် ﷺ ၊ ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ စသော သာဝကကြီးများကမူ حقبه ၏ ကြာမြင့်မှုကို နှစ်ပေါင်းရှစ်ဆယ်ဟု မဟုတ်ဘဲ နှစ်ပေါင်း ခုနှစ်ဆယ်ဟု မိန့်ဆိုထားရာ ကျန်တွက်ချက်မှု သည် ထိုအတိုင်းပင် ဖြစ်သည်။ *[အိဗ်နေကစီးရ်ကျမ်း]*

သို့သော် မွတ်စ်နတ်ဒ်ဗဇားရ်ကျမ်းတွင် ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﷺ သခင်ထံမှ မရ်ဖူးအ်သဏ္ဍာန်ဖြင့် ဆင့်ပြန်ချက်လာရှိထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်။

لا يخرج احدكم من النّار حتّى يمكث فيه احقابًا والحقب بضع وثمانون سنة كل سنة ثلثمائة وستّون يومامما تعدّون ﴿مظهرى﴾

အသင်တို့အနက် 'ဂိုနာဟ်'များကြောင့် 'ဂျဟန္နမ်'တွင် ပြစ်ဒဏ်ခံရမည့်သူများသည် حقبه အချို့တိုင် မနေဘဲ ထွက်ရလိမ့်မည်မဟုတ်ပေ။ ထို့ပြင် حقبه ဟူသည် နှစ်ပေါင်း ရှစ်ဆယ်ထက် အနည်းငယ်များသော အချိန်ကာလ ဖြစ်မည်။ တစ်နှစ်တွင် ရက်ပေါင်း (၃၆၀) အသင်တို့ လက်ရှိ တွေ့ကြုံနေရသကဲ့သို့ ရှိမည်။ *[မဇှဟရီကျမ်း]*

စင်စစ်တွင် ဤဟဒီးစ်တော်သည် အထက်ပါအာယသ်တော်နှင့် စပ်လျဉ်း၍ သဖ်စီးရ်ဖွင့်ဆိုထား ခြင်းမဟုတ်ပေ။ သို့သော် حقاب ဟူသော စာလုံး၏ အဓိပ္ပာယ်အတိုင်းအတာ သတ်မှတ်ချက်ကိုမူ တင်ပြ

ထား၏။ အချို့သော ဆွဟာဗာသာဝကကြီးများထံမှ ဆင့်ပြန်ချက် လာရှိထားသည်မှ ထို 'ဂေယာမသ်' နေ့၏ တစ်ရက်တိုင်းသည် နှစ်ပေါင်းတစ်ထောင်နှင့် ညီမျှသည်ဟု လာရှိထားသည်။ အကယ်၍ ၎င်းတို့သည် ကိုယ်တော်မြတ် ﷺ ထံတော်မှ ကြားသိခဲ့ရသည်ဟုဆိုသော ဟဒီးစ်ဆင့်ပြန်မှုတွင် ကွဲလွဲမှု ရှိနေသည်။ ဤကဲ့သို့ ကွဲလွဲနေပါမူ တစ်ခုကို ယတိပြတ် ဆုံးဖြတ်ယုံကြည်ရန်မှာ မဖြစ်နိုင်ပေ။ သို့သော် ဆင့်ပြန်ချက် နှစ်ခုစလုံးတွင် တူညီသော သဘောမှာ حِقْبَة (သို့) حُقُب ဟူသည် အလွန် ရှည်လျားသော အချိန်ကာလ တစ်ခုကို ဆိုလိုသည်။ ထို့ကြောင့် မိုင်ဇွာဝီကျမ်းရှင်က أَحْقَابًا ၏ သဗ်စီးရ်ကို နှစ်စဉ်နှစ်ဆက် ဆိုလိုသည်မှာ တစ်ခေတ်ပြီးတစ်ခေတ် မြောက်မြားစွာသော အချိန်ကာလဟု ဖွင့်ဆိုထားသည်။

'ဂျဟန္နမ်' မပျက်စီးခြင်းနှင့် ထိုထဲ၌ အမြဲနေရမည်နှင့် စပ်လျဉ်း၍ ပြစ်ပေါ်လာသော စောဒကနှင့် အဖြေ

حِقْبَة ၏ အတိုင်းအတာကို မည်မျှပင် ကြာညောင်းသည်ဟု ဆိုနေပါမူ ၎င်းသည် အတိုင်းအတာ သတ်မှတ်ချက်ရှိသော အချိန်ကာလတစ်ခုဟူ၍ ရှင်းရှင်းလင်းလင်း သိရှိရသည်။ ထို့ကြောင့် ၎င်းအချိန်ကာလ အတန်ကြာပြီးသည့်နောက် ငရဲသားများသည် ငရဲဘုံမှ လွတ်မြောက်သွားကြမည်။ စင်စစ်တွင် ဤသည့် ကျမ်းတော်မြတ် ကုရ်အာန်၏ အခြားသော ရှင်းလင်းလှသည့် အာယသ်တော် خَٰلِدِينَ فِيهَآ أَبَدًا နှင့် ဆန့်ကျင်နေသည်။ ထို့ပြင် ဤမိန့်ဆိုချက်ကြောင့်ပင် အွမ္မသ်ထုတစ်ရပ်လုံးသည် 'ဂျဟန္နမ်' မပျက်စီးနိုင်။ ကာဖိရ်များသည် 'ဂျဟန္နမ်'ငရဲဘေးမှ မည်သည့်အခါမှ လွတ်မြောက်မှုမရနိုင်ပေဟူ၍ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားကြသည်။

ဟဇရသ်စုဒ္ဒီ (ရဟ) သခင်က ဟဇရသ်မုရ်ရားဟ်ဗင်န် အဗ်ဒုလ္လာဟ် (ရဟ) ထံမှ ဆင့်ပြန်ထားသည်မှာ အကယ်၍ ငရဲလားမည့် ကာဖိရ်များကို 'ဂျဟန္နမ်'တွင် အသင်တို့လောကရှိ ကျောက်စရစ်ခဲများနှင့်အညီ နေထိုင်ရမည်ဟု သတင်းပေးခဲ့လျှင်လည်း ၎င်းတို့ ပျော်ရွှင်ကြမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျောက်စရစ်ခဲဟူသည် ကုဋေ၊ ကုဋာဖြစ်နေပါစေ ရေတွက်၍ ရနိုင်သေးသောကြောင့် အဆုံးရှိနိုင်သည်။ သို့ရှိရာ တစ်နေ့မဟုတ် တစ်နေ့ ထို 'အဇားဗ်'မှ လွတ်မြောက်သွားနိုင်သည်။ ထို့ပြင် အကယ်၍ 'ဂျန္နသီ' (သုခဘုံသား) များကို အသင်တို့လောကရှိ ကျောက်စရစ်ခဲများ၏ အရေအတွက်နှင့်အညီ 'ဂျန္နသ်' ၌ နေထိုင်ရမည် ဖြစ်သည်ဟု သတင်းပေးခဲ့ပါမူ ၎င်းတို့ စိတ်ညှိုးနွမ်းသွားမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မည်မျှပင် ကြာရှည်ပါမူ ကာလတစ်ခုတန် နေရပြီးနောက် 'ဂျန္နသ်'မှ ထွက်ခွာရမည့်အတွက်ကြောင့်ပင် ဖြစ်သည်။ *[မဇှ်ဟရီကျမ်း]*

သို့ရှိရာ ဤအာယသ်တော်တွင် ပါရှိသော أَحْقَابًا ဟူသော စာလုံးမှ အချို့သော أَحْقَاب နေထိုင်ပြီးသည့်နောက် ကာဖိရ်ငရဲသားများသည် ငရဲဘုံမှ လွတ်မြောက်သွားမည်ဟု အဓိပ္ပာယ်ရနေသည်။

ဤသည် အခြားအာယသ်တော်များနှင့် 'အိဂ်ျမာအေ့အွမ္မသ်' (အွမ္မသ်ထုတစ်ရပ်လုံး၏ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်) နှင့် ဆန့်ကျင်နေသောကြောင့် ဤအလိုသဘောကို မကောက်ယူနိုင်ပေ။ အဘယ်ကြောင့် ဆိုသော် ဤအာယသ်တော်တွင် **احقابا** ၏ နောက်ထပ်မံဖြစ်မည့် အကြောင်းကို ဖော်ပြထားခြင်း မရှိပေ။ သို့သာမက ၄င်းတို့သည် **احقابا** အတန်ကြာ 'ဂျဟန္နမ်'၌ နေရမည်ဟူ၍သာ တင်ပြထားသည်။ ဤသို့ မိန့်ဆိုလိုက်ရုံဖြင့် **احقابا** ကြာပြီးသည့်နောက် 'ဂျဟန္နမ်' ရှိမည် မဟုတ်ပေဟူ၍ မဟုတ်ပေ။ ထို့ကြောင့် ဟဇရသ်ဟစန် ﷺ သခင်က ယင်း၏ သဖ်စီးရ်ကို ဖွင့်ဆိုရာတွင် မိန့်ဆိုထားသည်မှာ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ငရဲသားများအတွက် ငရဲဘုံတွင် ပြန်လည်ထွက်ခွာရမည်ဟု ထင်နိုင်လောက်အောင် နေထိုင်ရမည့် အချိန်အတိုင်းအတာတစ်ခုကို သတ်မှတ်မိန့်ဆိုထားခြင်း မရှိပေ။ သို့သာမက ဤသို့ မိန့်ဆိုခြင်း၏ အလိုသဘောမှာ **حقبة** ကာလတစ်ခု ကုန်လွန်သွားပါမူ ဒုတိယတစ်ခု စတင်မည် ဖြစ်သည်။ ဤနည်းအတိုင်း ဒုတိယပြီး၊ တတိယ၊ စတုတ္ထမှ အစဉ်အမြဲ ဤအတိုင်းသာ လည်ပတ်နေမည်။ ထို့နောက် ဟဇရသ်စအီးဒ်ဗင်န်ဂျူဗိုင်ရ် (ရဟ) က ဟဇရသ်ကသာဒဟ် ﷺ သခင်ထံမှလည်း ဤအတိုင်းပင် သဖ်စီးရ်ကို ဆင့်ပြန်ထားသည်။ **احقابا** ဟူသည် ပြတ်တောက်သွားခြင်း၊ အဆုံးသတ်သွားခြင်း မရှိသော အချိန်ကာလမျိုးကို ခေါ်ဆိုသည်။ သို့သာမက **حقب** တစ်ခု ကုန်လွန်သွားပါမူ ဒုတိယ **حقب** ရောက်လာပေမည်။ ဤအတိုင်းပင် 'ကေယာမသ်'နေ့တိုင်အောင် ရှိနေပေလိမ့်မည်။

[အိဗ်နေ ကစီးရ်နှင့် မဇ္ဇဟရီကျမ်း။]

ထို့ပြင် ဤနေရာ၌ အခြားအလိုသဘောတစ်ခုလည်း ဖြစ်နိုင်သည်ကို အိဗ်နေကစီးရ်ကျမ်းရှင်က **يحتمل** ဟူသော စာလုံးဖြင့် ဖော်ပြထားသည်။ ထို့ပြင် ကုရ်သုဗီကျမ်းရှင်က ဤသို့လည်း ဖြစ်နိုင်သည်ဟု မိန့်ဆိုထားရာ မဇ္ဇဟရီကျမ်းရှင်ကလည်း လက်ခံတင်ပြထားသည်။ ယင်းအချက်မှာ ဤအာယသ်တော်တွင် ပါရှိသော **طاغين** ဟူသည့် စာလုံး၏ အဓိပ္ပာယ်ကို ကာဖိရ်ဟု မမှတ်ယူဘဲ ဟဒီးစ်ပညာရှင်များက 'အဲဟ်လေ့အဟ်ဝါအ်' (စိတ်အလိုရမ္မက်နောက်လိုက်သူ) ဟု ခေါ်ဆိုထားသော 'သောင်ဟီးဒ်'ကို လက်ခံသော်လည်း မှားယွင်းသော ယုံကြည်ချက်များကြောင့် လမ်းမှားသူများစာရင်းတွင် ထည့်သွင်းခံရသူများဟု ကောက်ယူရမည်။ ဤသို့ အဓိပ္ပာယ်ကောက်ယူခြင်းဖြင့် ကျမ်းတော်မြတ်ကုရ်အာန်၏ အာယသ်တော် အလိုသဘောမှာ 'သောင်ဟီးဒ်' တရား လက်ကိုင်ထား၍ 'ကလေမာဟ်'ဆိုထားသော်လည်း မှားယွင်းသော ယုံကြည်ချက်များကြောင့် ကုဖ္ဖရ်မဖြစ်ရုံသာဖြစ်ပြီး ကုဖ္ဖရ်နှင့် နီးသော သူများကိုမူ **احقابا** 'ဂျဟန္နမ်'၌ နေထိုင်ပြီးနောက် 'ကလေမာဟ်'၊ 'သောင်ဟီးဒ်'ကို အကျိုးကျေးဇူးကြောင့် 'ဂျဟန္နမ်'မှ လွတ်မြောက်မှု ရရှိမည့်သူများကို ဆိုလိုသည်။

မဇ္ဇဟရီကျမ်းရှင်က ဤဖြစ်နိုင်ဖွယ်ရှိသော အလိုသဘောကို အထောက်အကူဖြစ်စေရန် အလို့ငှာ ဟဒီးစ်မရ်ဖူးအ်တစ်ခုကို ဆင့်ပြန်တင်ပြထားသည်။ ယင်းဟဒီးစ်တော်ကိုမူ အထက်တွင် ဟဇရသ်အဗ်ဒုလ္လာဟ်

ဗင်နအုမရ်ထံမှ ဗဇ်ဇာရ်ကျမ်းတွင် ဆင့်ပြန်ထားသည်ဟု တင်ပြပြီး ဖြစ်သည်။ ထိုထဲတွင် သာဝကကြီးက မိန့်ဆိုသည်မှာ ၎င်းတို့ကို احقاب တစ်ခု ကျော်လွန်ပြီးနောက် 'ဂျဟန္နမ်'မှ လွတ်မြောက်စေမည် ဖြစ်သည်။ သို့သော် ဟဇရသ်အဗူဟိုင်ယာန် (ရဟ) က မိန့်ဆိုသည်မှာ ၎င်းအာယသ်တော်၏နောက် အာယသ်တော် ဖြစ်သော

اِنَّهُمْ كَانُوْا لَا يَرْجُوْنَ حِسَابًا ○ وَكَذَّبُوْا بِاٰيٰتِنَا كِذَّابًا

သည် ယင်းဖြစ်နိုင်ဖွယ် အလိုသဘောနှင့် ဆန့်ကျင်နေသည်။ အဘယ်ကြောင့်ဆိုသော် طاغين ၏ အလိုသဘောမှာ ဤနေရာတွင် 'သောင်ဟီးဒ်'လက်ခံသော်လည်း မှားယွင်းသော အဖွဲ့ကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်၏ နောက်၌ လာရှိနေသော အာယသ်တော်တွင် 'ကေယာမသ်'ကို ငြင်းဆန်ခြင်းနှင့် ရစူလ်များကို ငြင်းဆန်ခြင်းအကြောင်း ရှင်းလင်းစွာ ပါရှိထားသောကြောင့် ဖြစ်သည် ဟူ၏။ ထို့ကြောင့် အဗူဟိုင်ယာန် (ရဟ) သခင်က ဟဇရသ်မိုကာသိလ် (ရဟ) ၏ ဤအာယသ်တော်ကို 'မန်စူးခ်' (အမိန့်ပယ်ဖျက်ခံရသည့် အာယသ်တော်) အဖြစ် သတ်မှတ်ရမည်ဟု ဆိုခဲ့သော အဆိုကို မှားယွင်းသည်ဟု သတ်မှတ်တင်ပြခဲ့သည်။

ထို့ပြင် သဖ်စီးရ်ပညာရှင်တစ်ဖွဲ့က တတိယဖြစ်နိုင်ချေ အလိုသဘောအဖြစ် ဤအာယသ်တော် ၏ သဖ်စီးရ်ကို ဤသို့ သတ်မှတ်ထားသည်။ ဤအာယသ်တော်၏ နောက်ရှိ ဝါကျဖြစ်သော

لَا يَذُوْقُوْنَ فِيْهَا بَرْدًا وَّ لَا شَرَابًا اِلَّا حَمِيْمًا وَّغَسَّاقًا

သည် احقابًا စာလုံး၏ အခြေအနေပြဝါကျ ဖြစ်မည်။ ၎င်း၏ အဓိပ္ပာယ်မှာ ဤသို့ ဖြစ်မည်။ ၎င်းတို့သည် احقاب ကာလတစ်ခုကြာ အေးမြသော လေ၊ စားသောက်ဖွယ်ရာနှင့် သောက်သုံးရသည့် အရသာကို ခံစားရမည်မဟုတ်ပေ။ သို့သော် ဆူပွက်နေသော ရေနှင့် ပြည်သာ ရရှိမည်။ ထို့ပြင် احقاب တစ်ခု ကျော်လွန်ပြီးသည့်နောက် ဤအခြေအနေ ပြောင်းလဲကာ အခြားအပြစ်ဒဏ်တစ်ခု ခံရမည်လည်း ဖြစ်နိုင်သည်။ حميم ဆိုသည်မှာ ပါးစပ်အနီးသို့ ကပ်လျှင် အသားများ လောင်ကျွမ်းသွားမည်ဖြစ်ပြီး၊ သောက်သုံးလိုက်ပါမူ အတွင်းကလီဇာများ အပိုင်းပိုင်းဖြစ်သွားမည့် ဆူပွက်နေသော ရေကို ခေါ်ဆိုသည်။ ထို့ပြင် غساق ဆိုသည်မှာ 'ဂျဟန္နမ်' ငရဲဘုံသားများ၏ အနာများမှ ထွက်လာသော သွေးပုပ်ပြည်ပုပ် များကို ခေါ်ဆိုသည်။

جَزَآءً وِّفَاقًا ဆိုလိုသည်မှာ ၎င်းတို့ကို ဂျဟန္နမ်တွင် ၎င်းတို့၏ မှားယွင်းသော ယုံကြည်ချက် များနှင့် ဒုစရိုက်များနှင့်အညီ ပြစ်ဒဏ်ပေးခြင်း ခံရမည် ဖြစ်သည်။ တရားမျှတစွာ စီရင်ဆုံးဖြတ်သော အနေဖြင့် ပြစ်ဒဏ်ပေးရာတွင် စိုးစဉ်းမျှပင် ပို၍ ပေးခြင်း ရှိမည် မဟုတ်ပေ။

فَذُوْقُوْافَلَنْ نَّزِيْدَكُمْ اِلَّا عَذَابًا

ဆိုလိုသည်မှာ အသင်တို့သည် လောက၌ ရှိစဉ် ကုဖွရ်ပြု ငြင်းဆန်ရာတွင် သာမိုခဲ့ကြသည်။ အကယ်၍ ရှောင်ပြေး၍ မရသော သေခြင်းတရား မရှိပါမူ အသင်တို့ ထပ်မံ တိုးပွားလုပ်ဆောင်မည်ဖြစ်ရာ ယနေ့ ထိုပြစ်မှု၏ အစားမှာ အသင်တို့၏ 'အဇာဗ်' အပြစ်ဒဏ်သည် တိုးပွားလျက်သာ ရှိပေမည်။ ဤနေရာထိ ကာဖိရ်များနှင့် 'ဖွာဂျိရ်' များ၏ 'အဇာဗ်' အကြောင်း ဖော်ပြထားခြင်းဖြစ်ပြီး ဆက်လက်၍ ၎င်းတို့နှင့် ဆန့်ကျင်လျက် မုအ်မင်န်များ စံစားရမည့် အကျိုးစဝါးဗ်များနှင့် 'ဂျန္နသ်' ရှိ စည်းစိမ်တော်များအကြောင်းကို တင်ပြထားသည်။ ထို 'နေအ်မသ်' တော်များကို ဖော်ပြပြီးသည့်နောက် မိန့်ဆိုထားသည်။

جَزَآءً مِّنْ رَّبِّكَ عَطَآءً حِسَابًا

ဆိုလိုသည်မှာ အထက်တွင် တင်ပြခဲ့သော 'ဂျန္နသ်' ၏ စည်းစိမ်တော်များဟုဆိုရာ ဤအရာအားလုံးသည် မုအ်မင်န်များအဖို့ အကျိုးအစားပင် ဖြစ်သည်။ ထို့ပြင် ၎င်းတို့၏ အသျှင်သခင်ဘက်တော်မှ ချီးမြှင့်လိုက်သော ချီးမြှင့်မှုကြီးတစ်ခုသာ ဖြစ်သည်။ ဤနေရာတွင် ထို 'နေအ်မသ်' စည်းစိမ်တော်များကို ဦးစွာ ပထမကျင့်ဆောင်မှုများ၏ အစားဟု ဖော်ပြထားပြီး၊ တစ်ဖန် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုဟု တင်ပြထားရာ အပေါ်ယံ ဤအချက်နှစ်ခု ဆန့်ကျင်နေသည်ဟု ထင်ရသည်။ အဘယ်ကြောင့်ဆိုသော် جزاء (အစား) ဟူသည် အရာဝတ္ထုတစ်ခု၏ အစားပေးခြင်းကို ခေါ်ဆို၍ عطاء ဟူသည် မည်သည့်အရာ၏ အစားမဟုတ်ဘဲ သီးသန့် ချီးမြှင့်မှု၊ ကျေးဇူးပြုမှုသာ ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်က ဤစာလုံးနှစ်ခုစလုံးကို တစ်နေရာတည်း၌ ပေါင်း၍ မိန့်ဆိုလိုက်ခြင်းမှာ 'ဂျန္နသ်' သို့ ဝင်ရောက်ရခြင်းနှင့် ယင်း 'ဂျဟန္နမ်' ၌ 'နေအ်မသ်' စည်းစိမ်တော်များ ရရှိခြင်းသည် အပေါ်ယံ ပုံဆောင်ခြင်းအားဖြင့် သုခဘုံသားများကို ကျင့်ဆောင်မှုအပေါ် အစားပေးခြင်း ဖြစ်သည်။ သို့သော် စင်စစ်တွင်မူ ဤသည် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှုသက်သက်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူသားများ၏ ကျင့်ကြံမှုများသည် လောက၌ ၎င်းတို့ကို ပေးအပ်ခဲ့သော 'နေအ်မသ်' စည်းစိမ်တော်များ၏ အစားပင် မဖြစ်နိုင်ပေ။ သို့ရှိရာ 'အာခိရသ်' စည်းစိမ်၏ 'နေအ်မသ်' စည်းစိမ်တော်များ ရရှိနေခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အသနားတော်နှင့် ချီးမြှင့်မှုသာ ဖြစ်သည်။ ပမာဆိုရသော် ဟဒီးစ်တော်တွင် ကိုယ်တော်မြတ် ﷺ မိန့်ဆိုထားသည်မှာ မည်သူမှ မိမိ၏ ကျင့်ဆောက်တည်မှုဖြင့် 'ဂျန္နသ်' မရနိုင်ပေ။ အလ္လာဟ်အသျှင်မြတ်၏ အသနားတော်ဖြင့်သာ ရနိုင်သည်။ ထိုအခါ ဆွဟာဗာသာဝကကြီးများက လျှောက်ထားသည်မှာ ကိုယ်တော့်အတွက်မှာ မည်သို့နည်း။ ကိုယ်တော်မြတ် ﷺ မှ မိန့်တော်သည်မှာ ငါကိုယ်တော်သည်လည်း မိမိ၏ 'အမလ်' ဖြင့် 'ဂျန္နသ်' မရနိုင်ပေ။

ထို့ပြင် حِسَابًا ဟူသော စာလုံးမှာ အဓိပ္ပာယ်နှစ်မျိုး ဖြစ်နိုင်သည်။ အချို့သဖ်စီးရ်ပညာရှင်များက ပထမအဓိပ္ပာယ်ကောက်ယူကြပြီး၊ အချို့ပညာရှင်များက ဒုတိယအဓိပ္ပာယ်ကို ကောက်ယူကြသည်။

ပထမအဓိပ္ပာယ်မှာ حسابا عطاءً كا فياً كثيرًا ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ လိုအပ်ချက်ဟူသရွေ့အတွက် လုံလောက်ပြည့်စုံ၍ များပြားလှသော ချီးမြှင့်မှုကို ခေါ်သည်။ ယင်းအဓိပ္ပာယ်ကို ဤအဆိုမှ ကောက်နုတ်ထားသည်။

اَحْسَبْتُ فَلَا نَاای اعْطَيْتُهٗ مَا يَكْفِيْهِ حَتّٰى قَالَ حَسْبِىْ

اَحْسَبْتُ ဟူသော စာလုံး၏ အဓိပ္ပာယ်မှာ 'ကျွန်ုပ်သည် ၎င်းအား ဤမျှ ပေးဆပ်ခဲ့သည်မှာ ၎င်းအတွက် လုံလောက်သွားပြီ။' ၎င်းက حَسْبِىْ (ဤသည် ကျွန်ုပ်အတွက် လုံလောက်ပါပြီ) ဟု ပြောထွက်သည့် အဓိပ္ပာယ်ဖော်ညွှန်းရာတွင် အသုံးပြုနေသည်။ ထို့ပြင် ဒုတိယအဓိပ္ပာယ်အဖြစ် စစ်ဆေးရာတွင် ချိန်တွယ်ခြင်းနှင့် ယှဉ်ထိုးခြင်းဟူ၍လည်း လာရှိသည်။ ဟဇရသ်မိုဂျာဟစ်ဒ် (ရဟ) သခင်က ဤနေရာတွင် ယင်းအလိုသဘောကိုသာ ကောက်ယူ၍ အာယသ်တော်၏ အဓိပ္ပာယ်ကို မိန့်ဆိုထားသည်မှာ ဤသည် သုခဘုံသားများအား ၎င်းတို့ ကျင့်ကြံမှုနှင့်အညီ အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်ခြင်း ဖြစ်မည်။ ထိုချီးမြှင့်မှုတွင် 'အိခ်လားစ်' (စိတ်စေတနာဖြူစင်မှု) နှင့် 'အဲဟ်ဆာနေ့အမလ်' (သေချာကျနစွာ ဂရုစိုက်ဆောင်ရွက်ကျင့်ကြံမှု) နှင့်အညီ အဆင့်အတန်းအလိုက် ရရှိပေမည်။ ပမာဆိုရသော် ဟဒီးစ်တော်တွင် မိန့်ဆိုထားသည့်အတိုင်း ဆွဟာဗာသာဝကကြီးများ၏ ကျင့်ကြံမှု အဆင့်အတန်းကို အခြားအွမ္မသ်များ၏ ကျင့်ကြံမှုနှင့် ကွာဟမှုရှိကြောင်းကို ဤသို့ သတ်မှတ်မိန့်ဆိုထားသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ဆွဟာဗာတစ်ပါးသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ 'မွဒ်'တစ်ခုမျှ လှူဒါန်းခဲ့ပါမူ ယင်းသည် 'စိုင်ရ်'တစ်ခုနှင့် ညီမျှသည်။ ထို့ပြင် ဆွဟာဗာမဟုတ်သူက အကယ်၍ 'အိုဟူဒ်'တောင်မျှ လှူဒါန်းပါသော်လည်း ဆွဟာဗာသခင်ကြီး၏ 'မွဒ်'တစ်ခုမျှ လှူဒါန်းခြင်းသည် သာပိုနေမည် ဖြစ်သည်။

لَا يَمْلِكُوْنَ مِنْهُ خِطَابًا

ဤဝါကျ၏ ပတ်သက်မှုသည် ပထမအာယသ်တော်

جَزَاءً مِّنْ رَّبِّكَ عَطَاءً حِسَابًا

နှင့် ဖြစ်နိုင်သည်။ သို့ရှိရာ ယင်း၏ အလိုသဘောမှာ ဤသို့ ဖြစ်မည်။ 'အလ္လာဟ်အသျှင်မြတ်သည် အကြင်သူကို 'စဝါးဗ်'၏ အဆင့်အတန်းတစ်ခု ချီးမြှင့်ခဲ့ပါမူ၊ ၎င်းနှင့် စပ်လျဉ်း၍ မည်သူမှ ပြောဆိုခွင့်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မည်သူ့ကိုမှ များစွာ ရ၍ မည်သူ့အတွက်မှာ နည်းနေသည်'ဟူ၍ ဖြစ်သည်။ ထို့ပြင် အကယ်၍ သီးခြားဝါကျတစ်ခုဟု မှတ်ယူ ပါမူ၊ အဓိပ္ပာယ်ဆိုလိုရင်းမှာ ဤသို့ ဖြစ်မည်။ 'ဟရှရ်'ကွင်းပြင်တွင် အခွင့်မရှိဘဲ မည်သူ့ကိုမျှ အလ္လာဟ် အသျှင်မြတ်ထံတော်၌ ပြောဆိုလျှောက်ထားခွင့်ရှိမည်မဟုတ်ပေ။ ထို့ပြင် ဤသို့ ခွင့်ပြုခြင်းသည်လည်း 'ဟရှရ်'ကွင်းပြင်၏ အချို့နေရာများ၌သာ ဖြစ်မည်။ ၎င်းနောက် အချို့နေရာများတွင် ခွင့်ပြုချက်ရမည် မဟုတ်ပေ။

يَوْمَ يَقُوْمُ الرُّوْحُ وَ الْمَلٰٓئِكَةُ صَفًّا ،

တွင် روح ၏ အလိုသဘောမှာ အချို့သဖ်စီးရ်ပညာရှင်များထံတွင် ဂျိဗ်ရာအီးလ်ဖြစ်သည်။ ဟဇရတ် ဂျိဗ်ရာအီးလ် عليه السلام အကြောင်းကို အခြား ဖရစ်ရှ်သာဟ်များထက်အလျင် တင်ပြရခြင်းမှာ ၎င်း၏ ကြီးမား ထွတ်မြတ်မှုကို ပြသလိုသောကြောင့်ဖြစ်သည်။ ထို့နောက် အချို့မရ်ဖူးအ် ဆင့်ပြန်ချက်များတွင်မူ روح الله ဟူသည် အလ္လာဟ်အသျှင်မြတ်၏ စစ်တပ်ကြီးတစ်ခု ဖြစ်သည်။ ၎င်းတို့မှာ ဦးခေါင်းနှင့် ခြေလက်များ ပါရှိပြီး ဖရစ်ရှ်သာဟ်မဟုတ်ပေ။ ဤသဖ်စီးရ်အရဆိုလျှင် စွဖ်အတန်းနှစ်တန်းရှိမည်။ စွဖ်တစ်ခုမှာ 'ရူးဟ်' များ ဖြစ်ပြီး၊ နောက် စွဖ်တစ်ခုမှာ ဖရစ်ရှ်သာဟ်များ ဖြစ်မည်။

يَوْمَ يَنْظُرُ الْمَرْءُ مَاقَدَّمَتْ يَدَاهُ

ယင်း၏ အလိုသဘောမှာ 'ကေယာမသ်' နေ့ဖြစ်ကြောင်း ပေါ်လွင်နေသည်။ ထို့ပြင် 'ဟရှ်ရ်' ကွင်းပြင်သို့ ရောက်သောအခါ လူသားများသည် မိမိတို့ ပြုကျင့်ခဲ့သော 'အမလ်'များကို ကောင်းမှု၊ မကောင်းမှု မှတ်တမ်းပုံစံဖြင့်သော်လည်းကောင်း တွေ့ရပေမည်။ သို့မဟုတ် ဤကဲ့သို့ တွေ့မြင်ရမည် ဖြစ်သည်။ ကျင့်ဆောင်မှုများသည် ရုပ်ခန္ဓာသဏ္ဌာန်ဖြင့် ရှေ့သို့ ရောက်လာမည်ဖြစ်သည်။ ပမာဆိုရသော် အချို့သော ဟဒီးစ်တော်များမှ သိရှိရသည်။ ထို့ပြင် ဤသို့လည်း ဖြစ်နိုင်သည်မှာ ယင်းနေ့ဟု ဆိုခြင်းမှာ သေမင်းတမန် ရောက်သောနေ့ ဖြစ်ပြီး၊ မိမိတို့၏ ကျင့်ဆောင်မှုများကို တွေ့ရမည် ဆိုခြင်းမှာ 'ကဗရ်'နှင့် 'ဗရ်ဇခ်'၌ ဖြစ်သည်။ *[မဇ္ဇဟာရီကျမ်း]*

وَيَقُوْلُ الْكٰفِرُ يٰلَيْتَنِىْ كُنْتُ تُرٰبًا

ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် رضي الله عنه သခင်မှ ဆင့်ပြန်ထားသည်မှာ 'ကေယာမသ်'နေ့တွင် မြေပထဝီ တစ်ခုလုံးကို တစ်ညီတည်း ပြုလုပ်လိုက်မည် ဖြစ်သည်။ ထို့ပြင် မြေပထဝီပေါ်တွင် လူသားများ၊ ဂျင်န် များ၊ မြေပေါ်၌ သွားလာနေသော အိမ်မွေးတိရစ္ဆာန်များနှင့် တောရိုင်းတိရစ္ဆာန်များအားလုံးကို စုရုံးစေ မည်။ ထို့နောက် တိရစ္ဆာန်များအနက် တစ်ကောင်ကောင်သည် အခြားတစ်ကောင်အပေါ် မတရားပြုခဲ့ပါမူ ယင်းထံမှ အစားယူစေမည်။ အဘယ်မျှရှိလျှင် အကယ်၍ ဦးချိုရှိသော ဆိတ်က မရှိသော ဆိတ်ကို ခွေ့ခဲ့ပါမူ ယနေ့ ၎င်းထံမှ အစားယူစေမည်။ ထိုသို့ အစားယူစေပြီးနောက် တိရစ္ဆာန်များကို မိန့်ဆိုမည်မှာ 'မြေ' ဖြစ်ကြကုန်။ သို့ရှိရာ အားလုံး 'မြေ' ဖြစ်သွားပေမည်။ ထိုအခါ ကာဖိရ်များက ဤသို့ မျှော်လင့် တောင့်တကြမည်မှာ 'အကယ်၍ ငါတို့လည်း တိရစ္ဆာန်ဖြစ်ခဲ့လျှင် ကောင်းလေစွ။ ထို့ပြင် ယခု မြေဖြစ်သွား လျှင် ကောင်းလေစွ။' သို့မှသာ စစ်ဆေးခံခြင်းနှင့် အပြစ်ဒဏ်ချမှတ်ခြင်းခံရမှုမှ လွတ်မြောက်သွားနိုင်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်နာဇိအာသိ

ဆွဲငင်ထုတ်နှုတ်ယူသူများကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَالنّٰزِعٰتِ غَرْقًا ۝١

၇၉ : ၁ ။ ။ (ကာဖိရ်မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့၏ အသက်ဇီဝိန်များကို) ပြင်းထန်စွာ ဆွဲငင်ထုတ်နှုတ်ယူကြသောသူ (ကောင်းကင်တမန်) တို့၏ 'ကစမ်'။

وَّالنّٰشِطٰتِ نَشْطًا ۝٢

၇၉ : ၂ ။ ။ ၎င်းပြင် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့၏ အသက်ဇီဝိန်များကို လွယ်ကူ (ဖြည်းညင်း) စွာ ဆွဲထုတ်နှုတ်ယူကြသော (သို့မဟုတ်) ၎င်းတို့၏ အထုံးအဖွဲ့ကို ဖြေပေးကြသော (ကောင်းကင်တမန်) တို့၏ 'ကစမ်'။

وَّالسّٰبِحٰتِ سَبْحًا ۝٣

၇၉ : ၃ ။ ။ ၎င်းပြင် (ရေကူးသကဲ့သို့) လျင်မြန်စွာ ကူး၍ သွားကြသော (ကောင်းကင်တမန်) တို့၏ 'ကစမ်'။

فَالسّٰبِقٰتِ سَبْقًا ۝٤

၇၉ : ၄ ။ ။ တစ်ဖန် လျင်မြန်စွာ ပြေးကြသော (ကောင်းကင်တမန်တို့၏) 'ကစမ်'။

فَالْمُدَبِّرٰتِ اَمْرًا ۝٥

၇၉ : ၅ ။ ။ တစ်ဖန် အရေးကိစ္စအဝဝတို့ကို နေရာတကျဖြစ်အောင် စီမံကြသော (ကောင်းကင်တမန်တို့၏) 'ကစမ်'။
('ကေယာမသ်'သည် မုချဖြစ်မည်။)

يَوْمَ تَرْجُفُ الرَّاجِفَةُ ۝٦

၇၉ : ၆ ။ ။ အကြင်နေ့တွင် တုန်လှုပ်စေသော အရာ (သို့မဟုတ်၊ ပထမအကြိမ် တံပိုးခရာမှုတ်ခြင်း) သည် တုန်လှုပ်စေမည် ဖြစ်၏။

تَتْبَعُهَا الرَّادِفَةُ ۝٧

၇၉ : ၇ ॥ ॥ နောက်မှလာသော အရာ (သို့မဟုတ်၊ ဒုတိယအကြိမ် တံပိုးခရာမှုတ်ခြင်း) သည် ယင်းတုန်လှုပ်စေသော အရာ (သို့မဟုတ် ပထမအကြိမ် တံပိုးခရာမှုတ်ခြင်း) ၏ နောက်မှ လိုက်၍ လာမည်ဖြစ်၏။

قُلُوبٌ يَوْمَئِذٍ وَاجِفَةٌ ۝٨

၇၉ : ၈ ॥ ॥ ထိုနေ့တွင် မြောက်မြားစွာသော စိတ်နှလုံးများသည် ခြောက်ခြားလျက် ရှိကြပေမည်။

أَبْصَارُهَا خَاشِعَةٌ ۝٩

၇၉ : ၉ ॥ ॥ ၎င်း (စိတ်နှလုံးရှင်) တို့၏ မျက်စိများသည် အောက်သို့ စိုက်လျက် ရှိကြပေမည်။

يَقُولُونَ أَإِنَّا لَمَرْدُودُونَ فِي الْحَافِرَةِ ۝١٠

၇၉ : ၁၀ ॥ ॥ ၎င်းတို့က 'မည်သို့ပါနည်း။ ကျွန်ုပ်တို့သည် မူလအခြေအနေသို့ တစ်ဖန် ပြန်၍ အမှန်ပင် ရောက်ရှိကြမည်လော' ဟု ပြောဆိုကြလေသည်။

أَإِذَا كُنَّا عِظَامًا نَّخِرَةً ۝١١

၇၉ : ၁၁ ॥ ॥ 'ကျွန်ုပ်တို့သည် ဆွေးမြေ့သော အရိုးများသာ ကျန်ရှိသောအခါ (မူလအတိုင်း ပြန်လည် ရှင်ကြရဦးမည်) လော။'

قَالُوا تِلْكَ إِذًا كَرَّةٌ خَاسِرَةٌ ۝١٢

၇၉ : ၁၂ ॥ ॥ သို့ဖြစ်လျှင် ယင်း (ရှင်ပြန်ထခြင်း) သည် (ကျွန်ုပ်တို့အဖို့) ဆုံးရှုံးသော ရှင်ပြန်ထခြင်းပင် ဖြစ်ချေမည်' ဟု (ပြက်ရယ်သည့် သဘောဖြင့်) ပြောဆိုကြလေသည်။

فَإِنَّمَا هِيَ زَجْرَةٌ وَاحِدَةٌ ۝١٣

၇၉ : ၁၃ ॥ ॥ စင်စစ် ထိုအရာသည် ပြင်းထန်လှစွာသော အသံတစ်ခုသာလျှင် ဖြစ်ပေမည်။

فَإِذَا هُم بِالسَّاهِرَةِ ۝١٤

၇၉ : ၁၄ ॥ ॥ ထိုအခါ လူအားလုံးတို့သည် မြေမျက်နှာပြင်သို့ ရုတ်တရက်ပင် ရောက်ရှိကြပေလိမ့်မည်။

هَلْ أَتَاكَ حَدِيثُ مُوسَىٰ ۝١٥

၇၉ : ၁၅ ॥ ॥ (အို၊ နဗီတမန်တော်) အသင့်ထံ (နဗီတမန်တော်) မူစာ၏ အကြောင်း အတ္ထုပ္ပတ္တိသည် ရောက်လာခဲ့လေပြီလော။

إِذْ نَادَاهُ رَبُّهُ بِالْوَادِ الْمُقَدَّسِ طُوًى ﴿١٦﴾

၇၉ : ၁၆ ။ ။ တစ်ရံရောအခါဝယ် ထို (နဗီတမန်တော်) မူစာ၏ အသျှင်မြတ်သည် ထို (နဗီတမန်တော်) မူစာအား 'ကုဝါ' အမည်ရှိ ထူးမြတ်သော တောင်ကြားအရပ်၌ ဟစ်ခေါ်တော်မူခဲ့၏။

اذْهَبْ إِلَىٰ فِرْعَوْنَ إِنَّهُ طَغَىٰ ﴿١٧﴾

၇၉ : ၁၇ ။ ။ အသင်သည် ဖိရ်အောင်န်၏ ထံသို့ သွားပါလေ။ ကေန်မလွဲ ထိုဖိရ်အောင်န်သည် လွန်စွာ ရက်စက်ကြမ်းကြုတ်လျက် ရှိနေလေပြီ။

فَقُلْ هَل لَّكَ إِلَىٰ أَن تَزَكَّىٰ ﴿١٨﴾

၇၉ : ၁၈ ။ ။ သို့ဖြစ်ပေရာ အသင်သည် (၎င်း၏ ထံသို့ သွားရောက်ပြီးလျှင် ဤသို့) ပြောကြားပါလေ။ (အို၊ ဖိရ်အောင်န်) 'အသင့်၌ မိမိ သန့်ရှင်းစင်ကြယ် အပြစ်ကင်းရန်လည်းကောင်း။

وَأَهْدِيَكَ إِلَىٰ رَبِّكَ فَتَخْشَىٰ ﴿١٩﴾

၇၉ : ၁၉ ။ ။ 'ကျွန်ုပ်သည် အသင့်အား အသင်၏ အသျှင်မြတ်ထံတော်သို့ လမ်းညွှန်၍ ပေးရန်လည်းကောင်း ဆန္ဒရှိလေသလော။ သို့ဖြစ်လျှင် အသင်သည် (ထိုအသျှင်မြတ်အား) ကြောက်ရွံ့ရှိသေသောသူ ဖြစ်လာပေမည်။'

فَأَرَاهُ الْآيَةَ الْكُبْرَىٰ ﴿٢٠﴾

၇၉ : ၂၀ ။ ။ ထို့နောက် ၎င်း (နဗီတမန်တော်မူစာ) သည် ယင်းဖိရ်အောင်န်အား အကြီးအကျယ်ဆုံးသော သက်သေလက္ခဏာ တန်ခိုးတော်ကို ပြသခဲ့လေသည်။

فَكَذَّبَ وَعَصَىٰ ﴿٢١﴾

၇၉ : ၂၁ ။ ။ သို့ပါလျက် ၎င်း (ဖိရ်အောင်န်) သည် (နဗီတမန်တော်မူစာအား) မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြသည့်အပြင် (ထိုနဗီတမန်တော်မူစာ၏ ဟောကြားချက်များကိုလည်း) ဖီဆန်ခဲ့လေသည်။

ثُمَّ أَدْبَرَ يَسْعَىٰ ﴿٢٢﴾

၇၉ : ၂၂ ။ ။ ထို့နောက် ၎င်း (ဖိရ်အောင်န်) သည် နဗီတမန်တော် မူစာအား ကျောခိုင်း၍ (ကမ္ဘာမြေဝယ် ဆူပူသောင်းကျန်းရန်) ကြိုးပမ်းလေတော့သည်။

فَحَشَرَ فَنَادَىٰ ﴿٢٣﴾

၇၉ : ၂၃ ။ ။ ထို့နောက် ၎င်း (ဖိရ်အောင်န်) သည် (ပဥ္စလက်စုန်းဆရာများကိုလည်းကောင်း၊ စစ်သည်ရဲမက်တို့ကိုလည်းကောင်း) စုရုံးပြီးလျှင် (အသံကျယ်လောင်စွာ) ဟစ်အော်ခဲ့လေသည်။

فَقَالَ أَنَا رَبُّكُمُ الْأَعْلَىٰ ﴿٢٤﴾

၇၉ : ၂၄ ။ ။ ထို့နောက် ၎င်း (ဖိရ်အောင်န်) က 'ကျွန်ုပ်သည် အသင်တို့၏ မြင့်မြတ်ဆုံးသော အသျှင်ဖြစ်သည်' ဟု ပြောဆို (ကြေညာ) ခဲ့လေသည်။

فَأَخَذَهُ اللَّهُ نَكَالَ الْآخِرَةِ وَالْأُولَىٰ ﴿٢٥﴾

၇၉ : ၂၅ ။ ။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်း (ဖိရ်အောင်န်) အား တမလွန်ဘဝ၏ ပြစ်ဒဏ်၌လည်းကောင်း၊ လောကီဘဝ၏ ပြစ်ဒဏ်၌လည်းကောင်း ဖမ်းဆီးကွပ်မျက်တော်မူခဲ့လေသည်။

إِنَّ فِي ذَٰلِكَ لَعِبْرَةً لِّمَن يَخْشَىٰ ﴿٢٦﴾

၇၉ : ၂၆ ။ ။ စကန်မလွဲ ထို (အကြောင်းအတ္ထုပ္ပတ္တိ) ၌ (အလ္လာဟ်အသျှင်မြတ်အား) ကြောက်ရွံ့ရှိသေသော သူတို့အဖို့ သတိပေးနိုးဆော်ချက်သည် အမှန်ပင် ရှိပေသည်။

أَأَنتُمْ أَشَدُّ خَلْقًا أَمِ السَّمَاءُ ۚ بَنَاهَا ﴿٢٧﴾

၇၉ : ၂၇ ။ ။ မည်သို့ပါနည်း။ အသင်တို့အား ဖန်ဆင်းတော်မူခြင်းသည် ပို၍ ခဲယဉ်းလေသလော။ သို့တည်းမဟုတ် မိုးကောင်းကင်ကို ဖန်ဆင်းတော်မူခြင်းသည် ပို၍ ခဲယဉ်းလေသလော။ ထိုအသျှင်မြတ်သည် ယင်းမိုးကောင်းကင်ကို ပြုလုပ် (ဖန်ဆင်း) တော်မူခဲ့၏။

رَفَعَ سَمْكَهَا فَسَوَّاهَا ﴿٢٨﴾

၇၉ : ၂၈ ။ ။ ထိုအသျှင်မြတ်သည် ယင်းမိုးကောင်းကင်၏ မျက်နှာကြက်ကို မြင့်စွင့်စွာ ပြုလုပ်တော်မူခဲ့၏။ တစ်ဖန် ယင်းမိုးကောင်းကင်ကို အပြစ်အနာကင်းစွာ ပြုလုပ်တော်မူခဲ့၏။

وَأَغْطَشَ لَيْلَهَا وَأَخْرَجَ ضُحَاهَا ﴿٢٩﴾

၇၉ : ၂၉ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် ယင်းမိုးကောင်းကင်၏ ညဥ့်ကို မှောင်မိုက်စေတော်မူခဲ့၏။ ထို့ပြင် ယင်းမိုးကောင်းကင်၏ နေ့ကိုမူ (လင်းဝင်း) ထင်ရှားစေတော်မူခဲ့၏။

وَالْأَرْضَ بَعْدَ ذَٰلِكَ دَحَاهَا ﴿٣٠﴾

၇၉ : ၃၀ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် ယင်း (မိုးကောင်းကင်ကို စနစ်တကျ ပြုလုပ်တော်မူပြီးသည့်) နောက်တွင် ပထဝီမြေကို ဖြန့်ခင်းတော်မူခဲ့၏။

أَخْرَجَ مِنْهَا مَاءَهَا وَمَرْعَاهَا ﴿٣١﴾

၇၉ : ၃၁ ။ ။ ထိုအသျှင်မြတ်သည် ၎င်းပထဝီမြေမှ ယင်းပထဝီမြေ၏ ရေကိုလည်းကောင်း၊ ယင်းပထဝီမြေ၏ မြက်၊ သစ်ပင်၊ ကောက်ပဲသီးနှံ အစရှိသည်များကိုလည်းကောင်း ထွက်စေတော်မူခဲ့၏။

وَالْجِبَالَ أَرْسَاهَا ﴿٣٢﴾

၇၉ : ၃၂ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် တောင်များကို (ယင်းပထဝီမြေ၌) ကျောက်စူး (အဖြစ်) ချထားတော်မူခဲ့၏။

مَتَاعًا لَّكُمْ وَلِأَنْعَامِكُمْ ﴿٣٣﴾

၇၉ : ၃၃ ။ ။ အသင်တို့၏ အကျိုးငှာလည်းကောင်း၊ အသင်တို့၏ ကုလားအုတ်၊ ကျွဲ၊ နွား တိရစ္ဆာန်တို့၏ အကျိုးငှာလည်းကောင်း။

فَإِذَا جَاءَتِ الطَّامَّةُ الْكُبْرَىٰ ﴿٣٤﴾

၇၉ : ၃၄ ။ ။ အကြင်အခါဝယ် ထိုကြီးကျယ်လှစွာသော ဘေးဒုက္ခကြီးသည် ဆိုက်ရောက်လာခဲ့ပေမည်။

يَوْمَ يَتَذَكَّرُ الْإِنسَانُ مَا سَعَىٰ ﴿٣٥﴾

၇၉ : ၃၅ ။ ။ အကြင်နေ့တွင် လူသားတို့သည် မိမိတို့ ကြိုးပမ်းဆောင်ရွက်ခဲ့သမျှတို့ကို သတိရကြပေမည်။

وَبُرِّزَتِ الْجَحِيمُ لِمَن يَرَىٰ ﴿٣٦﴾

၇၉ : ၃၆ ။ ။ ၎င်းပြင် 'ဂျဟန္နမ်'ငရဲဘုံသည် ကြည့်ရှုသော သူတို့၏ရှေ့ဝယ် ထင်ရှားစွာ ပေါ်လာစေခြင်းကို ခံရပေမည်။

فَأَمَّا مَن طَغَىٰ ﴿٣٧﴾

၇၉ : ၃၇ ။ ။ ထိုအခါ အကြင်သူသည် လွန်စွာ သွေဖည် (သောင်းကျန်း) ခဲ့လေသည်။

وَآثَرَ الْحَيَاةَ الدُّنْيَا ﴿٣٨﴾

၇၉ : ၃၈ ။ ။ ၎င်းပြင် ထိုသူသည် လောကီဘဝကို ဦးစားပေးခဲ့လေသည်။

فَإِنَّ الْجَحِيمَ هِيَ الْمَأْوَىٰ ﴿٣٩﴾

၇၉ : ၃၉ ။ ။ သို့ဖြစ်လျှင် ဧကန်မလွဲ 'ဂျဟန္နမ်' ငရဲဘုံသည်သာလျှင် (ထိုသူ၏) ခိုးကိုးရာဌာန ဖြစ်ချေလိမ့်မည်။

وَأَمَّا مَنْ خَافَ مَقَامَ رَبِّهِ وَنَهَى النَّفْسَ عَنِ الْهَوَىٰ ﴿٤٠﴾

၇၉ : ၄၀ ။ ။ သို့ရာတွင် အကြင်သူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် မတ်တတ်ရပ်မည်ကို ကြောက်ရွံ့စိုးရိမ်ခဲ့လေသည်။ ၎င်းပြင် ထိုသူသည် စိတ်ကိုလည်း (မကောင်းသော) အလိုဆန္ဒများမှ တားမြစ်ခဲ့လေသည်။

فَإِنَّ الْجَنَّةَ هِيَ الْمَأْوَىٰ ﴿٤١﴾

၇၉ : ၄၁ ။ ။ သို့ဖြစ်လျှင် ဧကန်မလွဲ 'ဂျန္နသ်'သုခဘုံသည်သာလျှင် (ထိုသူ၏) ခိုးကိုးရာဌာန ဖြစ်ချေလိမ့်မည်။

يَسْأَلُونَكَ عَنِ السَّاعَةِ أَيَّانَ مُرْسَاهَا ﴿٤٢﴾

၇၉ : ၄၂ ။ ။ (အို၊ နဗီတမန်တော်) ၎င်းတို့သည် အသင့်အား (ကေယာမသ်) 'ရှင်ပြန်ထရမည့်နေ့နှင့် စပ်လျဉ်း၍ ယင်း 'ကေယာမသ်'ရှင်ပြန်ထရမည့် နေ့သည် မည်သည့်အချိန်အခါ၌ ဆိုက်ရောက်မည်နည်း'ဟု မေးမြန်းကြကုန်၏။

فِيمَ أَنْتَ مِنْ ذِكْرَاهَا ﴿٤٣﴾

၇၉ : ၄၃ ။ ။ ယင်း 'ကေယာမသ်'ရှင်ပြန်ထရမည့် နေ့ (ဆိုက်ရောက်မည့်အကြောင်း) ကို ထုတ်ဖော်ပြောပြခြင်းသည် အသင်နှင့် မည်သို့ ပတ်သက်ပါသနည်း။

إِلَىٰ رَبِّكَ مُنْتَهَاهَا ﴿٤٤﴾

၇၉ : ၄၄ ။ ။ ယင်း 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့ (နှင့် စပ်လျဉ်းသော အသိပညာ) ၏ အဆုံးမှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်၌သာ ဖြစ်ပေသည်။

إِنَّمَا أَنْتَ مُنْذِرُ مَنْ يَخْشَاهَا ﴿٤٥﴾

၇၉ : ၄၅ ။ ။ အသင်သည် ယင်း 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့ကို ကြောက်ရွံ့စိုးရိမ်သော သူအား သတိပေးနိုးဆော်သူမျှသာ ဖြစ်ပေသည်။

كَأَنَّهُمْ يَوْمَ يَرَوْنَهَا لَمْ يَلْبَثُوا إِلَّا عَشِيَّةً أَوْ ضُحَاهَا ﴿٤٦﴾

၇၉ : ၄၆ ။ ။ ၎င်းတို့သည် ယင်း 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့ကို တွေ့မြင်ကြသော နေ့တွင် မိမိတို့မှာ (ကမ္ဘာလောက၊ လောကီဘဝ၌) တစ်ညနေချမ်းမျှ သို့မဟုတ် ထိုညနေချမ်း၏ တစ်နံနက်ခင်းမျှသာ နေထိုင်ခဲ့ဘိသကဲ့သို့ ထင်မှတ်ကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ကာဖိရ်များ၏) အသက်ကို ပြင်းထန်စွာ နှုတ်ယူသော ဖရစ်ရှ်သာဟ်များ၏ 'ကစမ်' (သက်သေထူတော်မူ၏။) ထို့ပြင် အကြင် (ဖရစ်ရှ်သာဟ်များသည် မုအ်မင်န်များ၏ အသက်ဝိညာဉ်ကို လွယ်ကူစွာ ထုတ်ကြသည်မှာ) အထုံးများကို ဖြေပေး (သကဲ့သို့ ဖြစ်သည်။) ၎င်းနောက် အကြင်ဖရစ်ရှ်သာဟ်များသည် (ဝိညာဉ်) များကို မြေပထဝီမှ မိုးကောင်းကင်သို့ ဤကဲ့သို့ လွယ်လင့်တကူ လျင်မြန်စွာ ယူသွားကြသည်မှာ ဆိုရလျှင်) ရေကူးသကဲ့သို့ ဖြစ်သည်။ တစ်ဖန် (ဝိညာဉ်များကို ခေါ်ဆောင်၍ ရောက်သွားသောအခါ ၎င်းဝိညာဉ်များနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ် အမိန့်ပေးမည်ဖြစ်ရာ ၎င်းအမိန့်တော်များကို လိုက်နာရန်အတွက်) လျင်မြန်စွာ ပြေးကြသော ကောင်းကင်တမန်တို့အား သက်သေထူတော်မူ၏။ တစ်ဖန် (၎င်းဝိညာဉ်များနှင့် စပ်လျဉ်း၍ 'စဝါးဗ်' ပေးရန် အမိန့်သော်လည်းကောင်း၊ (သို့) 'အဇားဗ်' ပေးရမည်ဟူသော အမိန့်နှစ်ခုစလုံးတွင်) အမိန့်တိုင်းကို နေရာတကျ အစီအမံကျအောင် ပြုကျင့်ကြသော ဖရစ်ရှ်သာဟ်များ (အားလုံးကို 'ကစမ်' ကျိန်ဆို၍ မိန့်ဆိုသည်မှာ) 'ကေယာမသ်' နေ့သည် ဧကန်မလွဲ ကျရောက်လာမည့်နေ့ဖြစ်သည်။ အကြင်နေ့တွင် တုန်လှုပ်စေသော အရာသည် တုန်လှုပ်စေမည် ဖြစ်သည်။ (ဆိုလိုသည်မှာ ပထမဆူရ်တံပိုး ဖြစ်သည်။)

၎င်းနောက် နောက်မှ လာမည့်အရာတစ်ခုသည် နောက်မှ လိုက်၍ ဆိုက်ရောက်လာမည် ဖြစ်သည်။ (အလိုသဘောမှာ ဒုတိယတံပိုးဖြစ်သည်။) ထိုနေ့တွင် မြောက်မြားစွာသော စိတ်နှလုံးများသည် ချောက်ချားလျက် ရှိကြမည်။ ၎င်းတို့၏ မျက်စိများသည် (ရှက်ကြောက်သိမ်ငယ်) အောက်သို့ စိုက်လျက်ရှိကြမည်။ (သို့သော်ငြားလည်း ဤသူများသည် 'ကေယာမသ်' နေ့ကို ငြင်းလျက်ပင် ရှိသည်။ ထို့ပြင်) ၎င်းတို့က 'ကျွန်ုပ်တို့သည် မူလအခြေအနေသို့ တစ်ဖန် ပြန်လည် ရောက်ရှိကြမည်လော' ဟု ပြောဆိုကြလေသည်။ (ပထမမူလအခြေအနေဟု ဆိုခြင်းမှာ မသေမီအလျင် အခြေအနေဖြစ်သည်။ ဆိုလိုသည်မှာ သေပြီးနောက် ဒုတိယသက်တမ်း တစ်ဖန် ရပါဦးမည်လော။ ၎င်းတို့ ပြောဆိုလိုသည်မှာ ဤသည် မဖြစ်နိုင်သော ဝေးကွာလှသည့် အရာဖြစ်သည်။ သို့ရှိရာ မည်သို့ ဖြစ်နိုင်မည်နည်း။) ကျွန်ုပ်တို့သည် ဆွေးမြေ့သော အရိုးများသာ ကျန်ရှိသောအခါ တစ်ဖန် (အသက်ရှင်ပြန်ခြင်းဘက်သို့) ပြန်လည်ရှင်ကြရဦးမည်လော။ (၎င်းတို့ ပြောလိုသည်မှာ ဤသည်မှာ အလွန်ခက်ခဲ၍ မဖြစ်နိုင်သော အရာဖြစ်သည်ဟူ၏။) သို့ဖြစ်လျှင် (အကယ်၍ ဤကဲ့သို့ ဖြစ်ခဲ့ပါမူ) ယင်းရှင်ပြန်ထရခြင်းသည် (ကျွန်ုပ်တို့အတွက်) အလွန်ကြီးမားသော ဆုံးရှုံးခြင်းနှင့် ရှင်ပြန်ထခြင်း ဖြစ်မည်' ဟု ပြောဆိုကြသည်။

(အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ထိုနေ့အတွက် မည်သည်ကိုမှ အသင့်စီမံထားခြင်း မရှိသေးပေ။ ဤသို့ ပြောဆိုခြင်းမှာ နောက်ပြောင်သော ပုံစံနှင့် ဖြစ်သည်။ ဆိုလိုသည်မှာ လမ်းမှန်တရားပေါ်၌ ရှိသူ မွတ်စ္စလင်မ်တို့၏ ယုံကြည်ချက်ဖြစ်သော ကာဖိရ်ငြင်းပယ်သူတို့သည် ဆုံးရှုံးနစ်နာမှုတွင် ရှိမည်ဟူသော ယုံကြည်ချက်ကို လှောင်ပြောင်သရော်သော ပုံစံဖြင့် 'ငါတို့ ပျက်စီးဆုံးရှုံးမှု၌ ရှိသည်' ဟူ၍

ပြောဆိုခြင်း ဖြစ်သည်။ ပမာဆိုရသော် တစ်ဦးတစ်ယောက်သည် အကောင်းလို၍ အခြားသူတစ်ဦးအား ခြိမ်းခြောက် အသိပေးသော အနေဖြင့် ပြောဆိုသည်မှာ ထိုလမ်းမှ မသွားနှင့်။ ကျား ရှိသည်။ ထိုအခါ အပြောခံရသူက ပြောင်လှောင်သော ပုံစံနှင့် ပြန်လည်၍ ထိုစကားကို 'အို, နှောင်တော်၊ 'ထိုလမ်းမှ မသွားနှင့်၊ ကျားရှိသည်' ဟု ပြောဆိုခြင်းသည် ပြောဆိုသူအား လိမ်လည်ပြောဆိုသူဟု သတ်မှတ်ရာ ရောက်၏။ ၄င်းပြောလိုသည်မှာ ကျားများ၊ အခြားမည်သည့်အရာများမှ မရှိပေ' ဟူ၏။ ရှေ့၌ ၄င်းတို့ ထင်မြင်ယူဆနေသော 'မဖြစ်နိုင်၊ ခက်ခဲလှသည်' ဟူသော အချက်ကို ပယ်ဖျက်ထားသည်မှာ ဤသူများ သည် 'ကေယာမသ်'ကို ဝေးကွာလှသော မဖြစ်နိုင်သည့် အရာဟု ပြောဆိုနေကြသည်။) သို့ရှိရာ (သိထား သင့်သည်မှာ ငါအသျှင်မြတ်အတွက် ခက်ခဲသော အရာဟူ၍ မရှိပေ။ သို့သာမက) ထိုအရာသည် အခြား မဟုတ်။ ပြင်းထန်သော အသံတစ်ခုသာ ဖြစ်သည်။ ယင်းအသံကြောင့် လူအားလုံးတို့သည် ရုတ်တရက် ချက်ချင်းပင် ကွင်းပြင်ကျယ်ကြီးထဲတွင် စုရုံးရောက်ရှိလာကြပေမည်။ (ရှေ့ဆက်လက်၍ ကိုယ်တော် မြတ် ﷺ အား ငြင်းဆန်သူများ၏ ရန်စွယ်များကို မစိုးရိမ်စေရန်နှင့်။ ၄င်းတို့၏ ငြင်းဆန်မှုအပေါ် စိတ် မကောင်းမဖြစ်လေရန် အလို့ငှာ စိတ်ဖြေသိမ့်သည့် အနေနှင့် မူစာ عليه السلام နှင့် ဖိရ်အောင်န်အကြောင်းကို တင်ပြထားသည်။ သို့ရှိရာ မိန့်ဆိုထားသည်မှာ) အို, နဗီတမန်တော်၊ အသင့်ထံ မူစာ၏ အကြောင်း အထွေထွေ ရောက်ခဲ့ပြီလော။

တစ်ခါသော် ထိုမူစာ عليه السلام ၏ အသျှင်မြတ်သည် ၄င်းမူစာ عليه السلام ကို အလွန်သန့်ပြန့်သော ကွင်းပြင် တစ်ခု၊ ဆိုလိုသည်မှာ 'သူဝါ'တွင် (ကွင်းပြင်၏ အမည်ဖြစ်သည်။) ဟစ်ခေါ်တော်မူခဲ့သည်။ အသင် သည် ဖိရ်အောင်န်ထံ သွားပါလေ။ ၄င်းသည် လွန်စွာ ရက်စက်ကြမ်းကြုတ်မှုကို ပြုနေသည်။ သို့ရှိရာ (သွားရောက်၍) ၄င်းကို ပြောကြားပါလေ။ ၄င်းပြောကြားရမည့် စကားမှာ အသင်သည် မိမိကိုယ်ကို မှန်ကန် ကောင်းမြတ်သူတစ်ဦး ဖြစ်လိုပါသလော။ ထို့ပြင် (အသင် ကောင်းမြတ်လာစေရန်) ကျွန်ုပ်သည် အသင့်အား အသင်၏ အသျှင်သခင်၏ ('ဇားသ်'တော်နှင့် 'ခွေဖားသ်'ဂုဏ်တော်များနှင့် စပ်လျဉ်း၍) လမ်းညွှန်းပေးရမည်လော။ သို့ဖြစ်လျှင် အသင်သည် (အသျှင်မြတ်၏ 'ဇားသ်'တော်နှင့် 'ခွေဖားသ်'တော် များကို ကြားသိပြီး ထိုအသျှင်မြတ်ကို) ကြောက်ရွံ့သောသူ ဖြစ်လာပေမည်။

တစ်ဖန် (ထိုသို့ ကြောက်ရွံ့ခြင်းအားဖြင့် အသင် မြင့်မြတ်မှန်ကန်သူ ဖြစ်သွားပေမည်။ အချုပ်ဆို သော် မူစာ عليه السلام သည် ထိုအမိန့်တော်ကို ကြားသိပြီးနောက် ဖိရ်အောင်န်ထံ သွားရောက်၍ အသျှင်မြတ်၏ အမိန့်တော်များကို ပို့ချခဲ့သည်။) ထို့နောက် (၄င်းက နဗီဖြစ်ခြင်း၏ အထောက်အထား တောင်းခံခဲ့ရာ) မူစာ عليه السلام သည် ဖိရ်အောင်န်ကို ('နဗူဝသ်'၏) အကြီးကျယ်ဆုံးသော သက်သေလက္ခဏာတော်ကို ပြသ ခဲ့လေသည်။ (ဆိုလိုသည်မှာ 'အဆွာ'တောင်ဝှေး၏ တန်ခိုးတော်ဖြစ်သည်။ (သို့မဟုတ်) 'အဆွာ' (တောင် ဝှေး) မှ မြွေနဂါးဖြစ်ရှိသွားခြင်းနှင့် 'ယဒေ့ဗိုင်ဒွ' (လက်တော်မှ လင်းလက်နေခြင်း၏ 'မုအ်ဂျေဇာဟ်' နှစ်မျိုးစလုံးကို ပြသခြင်း ဖြစ်မည်။) ထိုသို့ ပြသပါလျက် ၄င်း (ဖိရ်အောင်န်) က (မူစာ عليه السلام ကို) ငြင်းပယ်ခဲ့သည်။ ထို့ပြင် (မူစာ عليه السلام ၏) ဟောကြားချက်ကို လက်မခံခဲ့ပေ။ တစ်ဖန် (မူစာ عليه السلام အား)

လွှဲဖယ်လျက် (ဆန့်ကျင်ကာ)၊ ကြိုးပမ်းမှု ပြုလေသည်။ ထို့နောက် (လူများကို) စုရုံးပြီး (၎င်းတို့ရှေ့တွင်) အသံကျယ်လောင်စွာဖြင့် ဟစ်အော်ခဲ့လေသည်။ ထို့နောက် ၎င်းက 'ငါသည် အသင်တို့၏ အမြင့်မြတ်ဆုံးသော အသျှင်သခင်ဖြစ်သည်' ဟု ပြောဆိုလေသည်။ (အဓိကပြောလိုသည်မှာ أَنَا رَبُّكُمْ (ငါသည် အသင်တို့၏ အသျှင်သခင် ဖြစ်သည်။ أعلى (အမြင့်မြတ်ဆုံး) ဟု ထည့်သွင်း ပြောဆိုခြင်းမှာ အခြား မြင့်မြတ်မှုမရှိသော အသျှင်သခင်များ ရှိနေသေးသည်ကို တင်ပြရန်အတွက် မဟုတ်။ လေးစားထိုက်ဖွယ် အချက်တစ်ရပ်အဖြစ် ထည့်သွင်းပြောဆိုခြင်း ဖြစ်သည်။

သို့ရှိရာ ငါအသျှင်မြတ်သည် ၎င်းကို တမလွန်နှင့် လောကီပြစ်ဒဏ်၌ ဖမ်းဆီးကွပ်မျက်တော်မူခဲ့ပေသည်။ (လောက၏ 'အဇာဗ်' ပြစ်ဒဏ်မှာ غرق ပင်လယ်ရေပြင်၌ နစ်မြုပ်ပျက်စီးစေခြင်း' ဖြစ်ပြီး၊ တမလွန်ပြစ်ဒဏ်မှာ حرق 'ဂျဟန္နမ်မီး၌ လောင်ကျွမ်းစေခြင်း' ဖြစ်မည်။) ဧကန်မုချ ဤ (အကြောင်းကို တင်ပြရာ) တွင် (အလ္လာဟ်အသျှင်မြတ်အား) ကြောက်ရွံ့သောသူများအတွက် ကြီးမားသော သံဝေဂရဖွယ်ရာ ရှိသည်။

(ဆက်လက်၍ 'ကေယာမသ်' ကို ဝေးကွာသည်။ မဖြစ်နိုင်ဟု ထင်မြင်ခြင်းအပေါ် ဦးနှောက်ဉာဏ်ရည်နှင့် ဖြေဆိုထားသည်မှာ) မည်သို့ပါနည်း။ အသင်တို့ကို (ဒုတိယအကြိမ်) ဖန်ဆင်းခြင်းမှာ (မူလကနဦး ဖန်ဆင်းခြင်းထက်) ပို၍ ခက်ခဲသလော။ သို့တည်းမဟုတ်က မိုးကောင်းကင်ကို ဖန်ဆင်းခြင်းက ပို၍ ခက်ခဲလေသလော။ (ထို့ပြင် မူလအတိုင်းဟု မိန့်ဆိုရခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ 'ကွဒ်ရသ်' တန်ခိုးတော်ဖြင့်ကြည့်လျှင် အားလုံးသည် အတူတူပင် ဖြစ်သည်။ ထို့နောက် မိုးကောင်းကင်ကို ဖန်ဆင်းရခြင်းက သာပို၍ ခက်ခဲမည်မှာ ပေါ်လွင်နေသည်။ သို့ရှိရာ ယင်းကဲ့သို့သော ခက်ခဲလှသည့် မိုးကောင်းကင်ကို ဖန်ဆင်းခဲ့သည်ရှိသော အသင်တို့အား (ဒုတိယအကြိမ်) ဖန်ဆင်းခြင်းမှာ မည်သို့ ခက်ခဲနိုင်ပါသနည်း။ ဆက်လက်၍ မိုးကောင်းကင်ဖန်ဆင်းထားသည့် ပုံသဏ္ဌာန်ကို မိန့်ဆိုထားသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် ယင်းမိုးကောင်းကင်၏ မျက်နှာကျက်ကို (ဤကဲ့သို့) မြင့်စွင့်စွာ ဖန်ဆင်းထားတော်မူ၏။ တစ်ဖန် ယင်းမိုးကောင်းကင်ကို အပြစ်အနာအဆာကင်းစွာ ပြုလုပ်တော်မူထားသည်။ (၎င်းတွင် အပေါက်အပြဲများ၊ အဖုအထေးများ၊ ပြန်လည်ဆက်ထားရာများကို လုံးဝ မတွေ့ရချေ။) ထို့နောက် ယင်းမိုးကောင်းကင်၏ ညဥ့်ကို မှောင်မိုက်စေတော်မူခဲ့သည်။ ထို့ပြင် ယင်းမိုးကောင်းကင်၏ နေ့ကို ထင်ရှားစေခဲ့သည်။

(နေ့နှင့် ညကို မိုးကောင်းကင်နှင့် ဆက်စပ်မိန့်ဆိုခြင်းမှာ နေ့နှင့် ညသည် နေအဝင်၊ အထွက်ကြောင့် ဖြစ်သည်။ ထို့ပြင် နေ၏ ဆက်စပ်မှုသည် ကောင်းကင်နှင့် ရှိသောကြောင့် ဖြစ်သည်။) ထို့ပြင် ယင်းမိုးကောင်းကင်ကို ပြုလုပ်တော်မူပြီးနောက် မြေပထဝီကို ဖြန့်ခင်းတော်မူခဲ့လေသည်။ (တစ်ဖန် ဖြန့်ခင်းပြီးနောက်) ထိုမြေပထဝီမှ ယင်းပထဝီမြေ၏ ရေနှင့် မြက်၊ သစ်ပင်၊ ကောက်ပဲသီးနှံ စသည်များကိုလည်း ထွက်စေသည်။ တစ်ဖန် တောင်တန်းများကို (ထိုမြေပထဝီအပေါ်ဝယ်) တည်တံ့စေသည်။ အသင်တို့နှင့် အသင်တို့၏ တိရစ္ဆာန်များ အကျိုးရစေရန် ဖြစ်သည်။ (အဓိကသက်သေအဖြစ် မိုးကောင်းကင်၏ ဖန်ဆင်းမှု

ပုံစံကို ပြသရန်သာ ဖြစ်သည်။ သို့သော် မြေပထဝီအကြောင်းကို တင်ပြရခြင်းမှာ များသောအားဖြင့် ယင်း၏ အခြေအနေများကို တွေ့ကြုံနေရသောကြောင့် ဖြစ်နိုင်သည်။ ထို့ပြင် ဖန်ဆင်းရာတွင် မိုးကောင်းကင်နှင့် မတူညီလင့်ကစား လူသားကို ဖန်ဆင်းခြင်းထက် ခက်ခဲလှပေသည်။ သို့ရှိရာ သက်သေပြခြင်း၏ ရလဒ်မှာ ငါအလ္လာဟ်အသျှင်မြတ်သည် ဤကဲ့သို့သော ခက်ခဲလှသည့် အရာများကို ဖန်ဆင်းသည်ဆိုရာ အသင်တို့ကို ဒုတိယတစ်ဖန် ဖန်ဆင်းခြင်းမှ မည်သို့ ခက်ခဲနိုင်ပါအံ့နည်း။ ဆက်လက်၍ ပြန်လည် ရှင်ပြန်ထပြီးနောက် တွေ့ကြုံရမည့် အခြေအနေများအကြောင်းကို အကျယ်တဝင့် တင်ပြထားသည်။ ဆိုလိုသည်မှာ 'ကေယာမသ်'ရောက်ရှိလာမည့်အကြောင်း၊ မုချ ဆိုက်ရောက်မည့် အကြောင်း အတည်ဖြစ်ပြီး ဖြစ်ရာ) ထိုနေ့တွင် လူသားများသည် မိမိတို့ ပြုမူခဲ့သည်တို့ကို သတိရကြပေမည်။ ထို့ပြင် ကြည့်နေသော သူ၏ ရှေ့တွင် 'ဂျဟန္နမ်'ကို ပေါ်လွင်စေမည် ဖြစ်သည်။ သို့ဖြစ်ပေရာ (ယင်းနေ့တွင် အခြေအနေမှာ ဤသို့ ဖြစ်နေမည်။)

အကြင်သူသည် (အမှန်တရားမှ) လွှဲဖယ်သောင်းကျန်းခဲ့ပြီး (တမလွန်ကို ငြင်းဆန်၍ ယင်းတမလွန် သက်တမ်းအပေါ်) လောကီဘဝကို ဦးစားပေးခဲ့သည်ရှိရာ ၎င်းတို့အတွက် 'ဂျဟန္နမ်'သာလျှင် နေထိုင်ရာဌာနဖြစ်မည်။ ထို့ပြင် အကြင်သူသည် (လောက၌) မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ရှေ့မှောက်တွင် မတ်တတ်ရပ်ရမည်ကို စိုးရိမ်ခဲ့လေသည်။ (ဆိုလိုသည်မှာ 'ကေယာမသ်'၊ 'အာခေရသ်' နှင့် စာရင်းအင်းစစ်ဆေးမည်ကို ပြည့်ပြည့်ဝဝ ယုံကြည်သူ ဖြစ်ရမည်။) ထို့ပြင် စိတ်ကိုလည်း (ဟရာမ်) အလိုရမ္မက်များမှ တားမြစ်ခဲ့လေသည်။ (ဆိုလိုသည်မှာ စစ်မှန်သော ယုံကြည်ချက်နှင့်အတူ ကောင်းမှုများကိုလည်း ပြုခဲ့သည် ဖြစ်မည်။)

သို့ရှိရာ ၎င်းနေထိုင်ရမည့် ဌာနေသည် 'ဂျန္နသ်'သုခဘုံ ဖြစ်မည်။ (ကောင်းသော 'အမလ်'ကျင့်ဆောင်မှုများသည် 'ဂျန္နသ်'သို့ ပို့ဆောင်ပေးမည့် အရာများ ဖြစ်သည်။ အဓိကမူတည်ချက် မဟုတ်ပေ။ စင်စစ်တွင် ကာဖိရ်များသည် 'ကေယာမသ်'ကို ငြင်းဆန်ကြသော်လည်း ယင်းနှင့် ပတ်သက်၍ မည်သည့်အခါနည်းဟု မေးမြန်းလေ့ရှိကြသည်။ ဆက်လက်၍ ၎င်းတို့၏ မေးခွန်းကို ဖြေကြားထားသည်မှာ) ၎င်းတို့သည် အသင်တမန်တော်အား 'ကေယာမသ်'သည် မည်သည့်အခါ ဆိုက်ရောက်မည်နည်းဟု မေးမြန်းနေရာ အသင်တမန်တော် ရှင်းပြရန် မလိုအပ်ပေ။ (အဘယ်ကြောင့်ဆိုသော် တင်ပြနိုင်ရန်အတွက် အတိအကျ သိရှိရန် လိုအပ်၏။ 'ကေယာမသ်'နေ့နှင့် စပ်လျဉ်း၍ အချိန်အတိအကျကို မည်သူ့ကိုမျှ အသိပေးမထားပေ။ သို့သာမက) ယင်း (သတ်မှတ်ထားသော အသိ) ၏ အဆုံးအသိပညာသည် အသင်၏ အသျှင်သခင်နှင့်သာ သက်ဆိုင်တော်မူလေသည်။ (ထို့ပြင်) အသင်တမန်တော်သည် (ခြုံငုံအသိပေးရုံဖြင့်သာ) ယင်းနေ့ကို ကြောက်ရွံ့သောသူများအား ခြိမ်းခြောက်ရမည့်သူ ဖြစ်သည်။ (ကြောက်ရွံ့၍ အီမာန်သက်ဝင်ယုံကြည်လာနိုင်သူများကို ဆိုလိုသည်။ ထို့နောက် ၎င်းတို့သည် အမြန်တောင်းဆိုနေခဲ့ရာ သိထားသင့်သည်မှာ) အကြင်နေ့တွင် ၎င်းတို့ ဤအရာကို တွေ့မြင်ရလျှင် (၎င်းတို့က) ကျွန်ုပ်တို့သည် (လောက၌) နောက်ဆုံးတစ်ရက်၏ တစ်ညနေချမ်းမျှ (သို့) ထိုရက်၏ တစ်နံနက်ခင်းမျှသာ နေခဲ့ရသည်ဟု ထင်မြင်နေ

ကြမည်။ (ဆိုလိုသည်မှာ လောကဲ၏ ရှည်လျားလှသော သက်တမ်းကို တိုတောင်းသော ကာလဟု ထင်မြင်ရမည်။ ထို့ပြင် ၎င်းတို့ အလောတကြီး တောင်းဆိုနေခဲ့သော 'အဇားဗ်' သည် အလျင်အမြန် ရောက်လာသည်ဟု မှတ်ယူကြမည်။ အချုပ်သဘောတရားမှာ အဘယ်ကြောင့် အမြန် အလောတကြီး တောင်းဆိုနေကြသနည်း။ ဆိုက်ရောက်လာပါကလည်း အလွန်မြန်လှသည်ဟု ထင်မြင်နေပေဦးမည်။ ယခု ကြန့်ကြာသည်ဟု ထင်မြင်နေသော အရာသည် ထိုအခါတွင် ကြန့်ကြာသည်ဟု ထင်ရတော့မည် မဟုတ်ပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَ النّٰزِعٰتِ غَرْقًا တွင် نازعات သည် نزع မှ ဆင်းသက်လာသော စာလုံး ဖြစ်သည်။ ယင်း၏ အလိုသဘောမှာ အရာဝတ္ထုတစ်ခုကို ဆွဲထုတ်ခြင်းဟူ၍ ဖြစ်သည်။ ထို့ပြင် غرقًا သည် ယင်းကို လေးနက်စေရန်အတွက် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် غرق နှင့် اغراق ၏ အလိုသဘောမှာ 'လုပ်ငန်းတစ်ခု၏ အားအင်ကို ပြည့်ပြည့်ဝဝ အပြင်းအထန် အသုံးပြုခြင်း' ဟူ၍ ဖြစ်သည်။ ဝေါဟာရ အသုံးအနှုန်းတွင်မူ

اغرق النّازع فى القوس

ဆိုလိုသည်မှာ 'မြားပစ်သမားသည် မြားကိုင်းကြိုးကို အစွမ်းကုန်ဆွဲသည်' ဟုဖြစ်သည်။ ဤစူရာဟ်၏ အစတွင် ဖရစ်ရှ်သာဟ်များ၏ အချို့အရည်အချင်းများနှင့် အခြေအနေများကို တင်ပြ၍ ၎င်းတို့နှင့် ကျိန်ဆိုထားလေသည်။ ထို့ပြင် တင်ပြလိုသည့် အကြောင်းအရာကို သိရှိနေရပြီးဖြစ်၍ جواب قسم (ခေါ်) 'ကစမ်'ကျိန်ဆိုတင်ပြနေသည့် စာစဉ်စာသားကို ဖြုတ်ထားခဲ့သည်။ ယင်း၏ အလိုသဘောမှာ 'ကေယာမသ်'၊ 'ဟရှရ်'၊ 'နရှရ်' (ရှင်ပြန်ထခြင်း) များသည် မလွဲဧကန် ဆိုက်ရောက်မည် ဖြစ်သည်ဟူ၏။ ဖရစ်ရှ်သာဟ်များဖြင့် ကျိန်ဆိုရခြင်းမှာ ဤဆက်စပ်မှုနှင့်လည်း ဖြစ်နိုင်သည်။ စင်စစ်တွင် ဖရစ်ရှ်သာဟ်များသည် ထိုအခါ၌လည်း လောက၏ လည်ပတ်မှု ယန္တရားများကို လည်ပတ်စေရန် ကိုယ်စီ တာဝန်များ ယူထားကြလေသည်။ သို့သော် 'ကေယာမသ်'နေ့တွင် ရုပ်လုံးပေါ် အကြောင်းတရားများအားလုံး ပျက်ပြယ်သွားပြီးနောက် မဖြစ်နိုင်သော အခြေအနေများကိုလည်း ဖရစ်ရှ်သာဟ်များက လုပ်ဆောင်ရမည် ဖြစ်သည်။

ဤနေရာတွင် ဖရစ်ရှ်သာဟ်များ၏ အရည်အချင်းငါးရပ်ကို မိန့်ဆိုထားလေသည်။ အကြင်အရည်အချင်းများသည် လူသား၏ အသက်ဝိညာဉ် နှုတ်ယူခြင်းနှင့် သက်ဆိုင်သည်။ အဓိကမိန့်လိုသည်မှာ 'ကေယာမသ်'နေ့သည် မလွဲဧကန် ဆိုက်ရောက်လာမည် ဖြစ်သည်။ လူသား၏ သေခြင်းတရားမှ အစပြုထားသည်။ အဘယ်ကြောင့်ဆိုသော် လူသားတိုင်းအတွက် မိမိကိုယ်တိုင် သေခြင်းတရားနှင့် ရင်ဆိုင်ရခြင်းပင်လျှင် 'ကေယာမသ်' ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ထို့ပြင် 'ကေယာမသ်' ကဏ္ဍကို လက်ခံရန်အတွက် သေခြင်းတရားကို လက်ခံခြင်းသည်လည်း အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ ယင်းအရည်

အချင်းငါးခုအနက် ပထမအရည်အချင်းမှာ النّٰزِعٰتِ غَرْقًا ဆိုလိုသည်မှာ ပြင်းပြင်းထန်ထန် ဆွဲထုတ်သော သူများ ဖြစ်သည်။ ယင်း၏ အလိုသဘောမှာ ကာဖိရ်များ၏ ဝိညာဉ်ကို ပြင်းထန်ကြမ်းတမ်းစွာ ထုတ်သော 'အဇာဗ်'၏ ဖရစ်ရှ်သာဟ်များ ဖြစ်သည်။ ကြမ်းတမ်းမှုဆိုရာတွင် အတွင်းပိုင်းခံစားမှုကိုသာ ခေါ်ဆိုသည်။ အပြင်မှ ကြည့်နေသောသူသည် ခံစားနေရမှုကို တွေ့မြင်ရန် အရေးမကြီးပေ။ ထို့ကြောင့်ပင် တစ်ခါတစ်ရံ၌ ကာဖိရ်များ၏ ဝိညာဉ်သည် အလွယ်တကူ ထွက်သွားသည်ဟု အပေါ်ယံ တွေ့မြင်ရသည်။ စင်စစ်တွင် ဤသည် ကျွန်ုပ်တို့၏အမြင်၌ လွယ်ကူသည်ဟု ထင်ရသော်လည်း ၎င်း၏ ဝိညာဉ်ပေါ်တွင် မည်မျှ ခက်ခဲကြမ်းတမ်းသည်ကို မည်သူမှ မမြင်နိုင်ပေ။ ထိုအရာကိုမူ အလ္လာဟ်အသျှင်မြတ် အသိပေးမှသာလျှင် သိနိုင်ပေသည်။ ဤအတွက်ကြောင့် အာယသ်တော်တွင် ကာဖိရ်များ၏ အသက်ဝိညာဉ်ကို ကြမ်းတမ်းစွာ ဆွဲထုတ်မည့်အကြောင်း တင်ပြထားသည်။

ဒုတိယအရည်ချင်းမှာ وَالنّٰشِطٰتِ نَشْطًا တွင် ناشطات သည် نشط မှ ဆင်းသက် ခွဲထွက်လာသော စာလုံးဖြစ်သည်။ ယင်း၏ အလိုသဘောမှာ အထုံးအဖွဲ့ဖြေခြင်း ဖြစ်သည်။ ရေ (သို့) လေဖြည့်ထားသော အိတ်ကို ကြိုးဖြေပေးလိုက်ခြင်းအားဖြင့် ရေ၊ လေများ အလွယ်တကူ ထွက်သွားနိုင်သကဲ့သို့ မုအ်မင်န်၏ အသက်ဝိညာဉ်ထွက်ခြင်းကို ယင်းဖြင့် နှိုင်းယှဉ်မိန့်ဆိုထားသည်။ ဆိုလိုသည်မှာ မုအ်မင်န်များ၏ အသက်ဝိညာဉ်ကို နှုတ်ရန် တာဝန်ပေးခြင်းခံရသော ဖရစ်ရှ်သာဟ်သည် ၎င်းကို ကြမ်းတမ်းမှုမရှိ လွယ်ကူစွာဖြင့် နှုတ်ယူလေသည်။ ဤနေရာ၌လည်း လွယ်ကူမှုဟုဆိုရာ အတွင်းပိုင်း (ဝိညာဉ်) ၏ လွယ်ကူမှုဖြစ်ပြီး ခန္ဓာသက်သာမှုကို မဆိုပေ။ ထို့ကြောင့် မွတ်စ္စလင်မ်တစ်ဦးသာမက ကောင်းမြတ်သူတစ်ဦး၏ သေခါနီးအချိန်၌ ဝိညာဉ်သည် မထွက်နိုင်ဘဲ ကြန့်ကြာနေပါမူ ၎င်းကို ဒုက္ခခံနေရသည်ဟု မဆိုနိုင်ပေ။ စင်စစ် ကြည့်လျှင် ဤသည် ခန္ဓာဒုက္ခနှင့် ဟန်တူနေလေသည်။ အဓိကအကြောင်းအရင်းမှာ ကာဖိရ်များသည် သေခါနီးအချိန်သို့ ဆိုက်ရောက်လာပါမူ 'ဗရ်ဇခ်'လောက၏ 'အဇာဗ်'များကို တွေ့မြင်ကာ ၎င်း၏ ဝိညာဉ်သည် ခန္ဓာကိုယ်အတွင်း ပုန်းလိုသည်။ ထိုအခါ ဖရစ်ရှ်သာဟ်များက ဆွဲထုတ်လေသည်။ ထို့ပြင် မုအ်မင်န်များ၏ ဝိညာဉ်များကမူ ရှေ့တွင် 'ဗရ်ဇခ်'လောက၏ အကျိုးစဝါးဗ်များ၊ 'နေအ်မသ်'များ၌ ကောင်းသော သတင်းများကို ကြားရပြီးနောက် ၎င်းဝိညာဉ်များသည် ထိုအရာများဘက်သို့ အမြန်သွားလိုသည်။

ဖရစ်ရှ်သာဟ်များ၏ တတိယအရည်အချင်းမှာ وَالسّٰبِحٰتِ سَبْحًا တွင် سَبْحٌ ၏ အဘိဓါန် အဓိပ္ပာယ်မှာ 'ကူးခတ်ခြင်း'ဟု လာရှိသည်။ ဤနေရာတွင် ယင်း၏ အလိုသဘောမှာ လျှင်မြန်စွာ သွားခြင်း ဖြစ်သည်။ ပမာဆိုရသော် ပင်လယ်သမုဒ္ဒရာတွင် မည်သည့်အတားအဆီး၊ တောင်တန်းများ မရှိသဖြင့် ကူးခတ်သူများနှင့် လှေသင်္ဘော စသည်များသည် မိမိတို့ လိုရာစခန်းသို့ တည့်မတ်စွာ ရောက်သွားသည်။ ဖရစ်ရှ်သာဟ်များအဖို့ ဤလျှင်မြန်စွာ သွားသော သူများဟူသော အရည်အချင်းမှာ သေမင်းတမန်များကို ဆိုပေသည်။ အဘယ်ကြောင့်ဆိုသော် လူသား၏ အသက်ဝိညာဉ်ကို နှုတ်ယူပြီးနောက် မိုးကောင်းကင်သို့ အလျှင်အမြန် ခေါ်ဆောင်သွားလေသည်။

စတုတ္ထအရည်အချင်းမှာ فَالسّٰبِقٰتِ سَبْقًا ဆိုလိုသည်မှာ တစ်ဖန် ဤဖရစ်ရှ်သာဟ်များသည် ၎င်းတို့လက်ဝယ်ရှိ ဝိညာဉ်များကို ၎င်းတို့ နေထိုင်ရမည့်စခန်းသို့ အလျင်အမြန် ပို့ဆောင်ကြမည် ဖြစ်သည်။ မုအ်မင်န်များ၏ ဝိညာဉ်ကို 'ဂျန္နသ်'၏ လေပြေလေညင်းများနှင့် 'နေ့အ်မသ်'များ ရရှိမည့် နေရာသို့လည်းကောင်း၊ ကာဖိရ်များ၏ ဝိညာဉ်များကို 'ဂျဟန္နမ်'လေများ တိုက်မည့်နေရာနှင့် 'အဇာဗ်'များ ရှိသည့် နေရာသို့ ပို့ဆောင်လိုက်ကြပေမည်။

ပဉ္စမဂုဏ်ဒြပ်မှာ فَالْمُدَبِّرٰتِ اَمْرًا အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို အစီအစဉ်တကျ ကျင့်ဆောက်တည်သောသူများ ဖြစ်သည်။ ဆိုလိုသည်မှာ ယင်းသေမင်းတမန်များ၏ နောက်ဆုံးအလုပ်မှာ အကြင်ဝိညာဉ်နှင့် စပ်လျဉ်း၍ စဝါးဗ်နှင့် အေးချမ်းမှုပေးရန် အမိန့်ရှိခဲ့လျှင် ၎င်းသူအတွက် သက်သာရာ ရမှုများကို စုရန်သာဖြစ်ပြီး အကြင်ဝိညာဉ်များကို 'အဇာဗ်'အပြစ်ဒဏ်နှင့် ဒုက္ခပေးရန် အမိန့်ပေးခဲ့ရာ ၎င်းတို့သည် ထို့အတွက် အစီအစဉ် ပြုလုပ်လိုက်ကြမည် ဖြစ်သည်။

'ကဗရ်' တွင် 'စဝါးဗ်' နှင့် 'အဇားဗ်' ရှိခြင်းအကြောင်း

သေခါနီးအချိန်တွင် ဖရစ်ရှ်သာဟ်များ လာရောက်ခြင်း၊ လူသား၏ ဝိညာဉ်ကို နှုတ်ယူ၍ ကောင်းကင်ဘက်သို့ ယူဆောင်သွားခြင်း၊ တစ်ဖန် ၎င်းတို့ကို ကောင်းသော ဌာနေ၊ (သို့မဟုတ်) မကောင်းသော ဌာနေကို အလျင်အမြန် ပို့ဆောင်လိုက်ခြင်း၊ ၎င်းနောက် ထိုနေရာတွင် 'စဝါးဗ်' (သို့) 'အဇားဗ်'ဒုက္ခ (သို့) သုခများ၏ စီစဉ်မှု ပြုလုပ်ခြင်းများနှင့် ပတ်သက်၍ အထက်ပါအာယသ်တော်တွင် တင်ပြပြီး ဖြစ်၏။ ဤ 'အဇားဗ်'နှင့် 'စဝါးဗ်'သည် 'ဗရ်ဇခ်'လောကဌ်ဖြစ်မည်။ 'ဟရှ်ရ်'၏ 'အဇားဗ်'၊ 'စဝါးဗ်' သည် ၎င်း၏ နောက်၌ ဖြစ်မည်။ ဆွဟီးဟ်ဟဒီးစ်တော်များတွင် ယင်းနှင့် ပတ်သက်ပြီး အကျယ်တဝင့် ဖော်ပြထားလေသည်။ ဟဇရသ်ဘရအ်ဗင်န်အာဇိဗ် ﷺ ၏ ရှည်လျားသော ဟဒီးစ်ဆင့်ပြန်ချက်တစ်ခုကို မွတ်စ်နဒ်အဟ်မဒ်ကျမ်းအား ကိုးကား၍ မစ်ရှ်ကားသ်ကျမ်းတွင် ဖော်ပြထားသည်။

ဟဇရသ်ကာဇီစနာအွလ္လာဟ် (ရဟ) ၏ 'နဖ်စ်'နှင့် 'ရူးဟ်'နှင့် စပ်လျဉ်း၍ အလွန်တရာ အဖိုးအနဂ္ဃထိုက်တန်သော သုံးသပ်ချက်

نفس နှင့် روح နှင့် ပတ်သက်ပြီး အချို့သော သုံးသပ်ချက်များကိုမူ သဖ်စီးရ်မဇ်ဟရီကျမ်း၏ အကိုးအကားဖြင့် စူရာဟ်ဟိဂျ်ရ် အာယသ် (၂၉) တွင် ဖော်ပြပြီးဖြစ်သည်။ ထိုအရာနှင့် ဆက်စပ်၍ ထပ်မံ သုံးသပ်ရှင်းလင်းမှုများကိုမူ ဟဇရသ်ကာဇီစနာအွလ္လာဟ်ပါနီပသ်သီ (ရဟ) သခင်က ဤအာယသ်တော်၏ ရှင်းလင်းချက်အောက်ခြေတွင် ရေးသားထားသည်။ ထိုသို့ ရေးသားလိုက်ခြင်းဖြင့် မြောက်မြားစွာသော စာဒကများ၏ အဖြေသည် ရှင်းသွားပေသည်။ ၎င်းမှာ အထက်ပါဟဒီးစ်တော်မှ ရှင်းလင်းစွာ

သိရှိရသည်။ အဘယ်ကြောင့်ဆိုသော် လူသား၏ နဖ်စ် သည် 'ဒြပ်မဲ့ခန္ဓာ'ဖြစ်သည်။ ယင်းဒြပ်မဲ့ဝတ္ထုသည် ၎င်း၏ ဒြပ်ရှိခန္ဓာကိုယ်အတွင်း ရှိနေသည်။ ထို့ပြင် ၎င်းကို အဓိကခေါတ်ကြီးလေးပါးဖြင့်သာ ပြုလုပ်ထားသည်။ သိပ္ပံပညာရှင်များနှင့် ဆေးသမားတော်များက ၎င်းကိုပင် 'ရူးဟ်'ဟု ခေါ်ကြသည်။ သို့သော် စင်စစ်တွင် လူသား၏ 'ရူးဟ်'ဆိုသည်မှာ ထိတွေ့မခံစားနိုင်သော တစ်ကိုယ်ရည်အရာတစ်ခုဖြစ်ပြီး အသျှင်မြတ်၏ နူးညံ့သော ဖန်ဆင်းမှုတစ်ခု ဖြစ်သည်။ ၎င်းမှာ ပင်ကိုယ် 'ရူးဟ်'ဆိုလိုသည်မှာ 'နဖ်စ်'သည်ပင်လျှင် ရှင်သန်ရန်အတွက် ထိုအသျှင်မြတ်၏ နူးညံ့စွာ ဖန်တီးထားသော အရာပေါ် မူတည်နေသည်။ ၎င်းကို 'ရူးဟ်ဟွလ်ရူးဟ်'ဟုပင် ခေါ်ဆိုနိုင်သည်။ ဆိုလိုသည်မှာ ခန္ဓာကိုယ် ရှင်သန်စေရန် 'နဖ်စ်'ကလည်းကောင်း၊ 'နဖ်စ်'၏ ရှင်သန်မှုသည် 'ရူးဟ်'နှင့်လည်းကောင်း ဆက်စပ်နေသည်။ ထို 'ရူးဟ်'၏ ဆက်စပ်မှုသည် ဒြပ်မဲ့ဝတ္ထုဆိုလိုသည်မှာ 'နဖ်စ်'နှင့် ဖြစ်သည်။

ထို့ပြင် မည်ကဲ့သို့ ဆက်စပ်နေသည်ကိုမူ ၎င်းအား ဖန်ဆင်းထားသော အသျှင်မှအပ မည်သူမှ မသိနိုင်ပေ။ ၎င်းနောက် ဤဒြပ်မဲ့ဝတ္ထု၏ အမည်ကို 'နဖ်စ်'ဟု မှည့်ခေါ်ထားရာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ တန်ခိုးတော်ဖြင့် ၎င်းတို့ ကြေးမုံတစ်ခုပမာ ပြုလုပ်တော်မူထားသည်။ ယင်းကို နေနှင့် ယှဉ်ထားလိုက်လျှင် နေ၏ အလင်းရောင်များမှာ ၎င်းထံသို့ ဤသို့ စီးကူးသွားသည်။ သို့ရှိရာ ယင်းကိုယ်တိုင် နေကဲ့သို့ အလင်းတန်းများ ဖြာထွက်လာပေသည်။ အကယ်၍ လူသား၏ 'နဖ်စ်'သည်လည်း 'ဝဟီ'ဗျာဒိတ်တော်များနှင့် လျော်ကန်စွာ ကြိုးစားကျင့်ကြံကြပါမူ ၎င်းသည်လည်း လင်းဝင်းတောက်ပသွားသည်။ သို့တည်းမဟုတ်က ၎င်းသည် ဒြပ်ရှိ ခန္ဓာကိုယ်၏ မကောင်းသော အကျိုးဆိုးများအတွင်း ကျရောက်သွားပေမည်။ ဤဒြပ်မဲ့ဝတ္ထုကိုသာ ဖရစ်ရှ်သာဟ်များက ကောင်းကင်ထက်သို့ ခေါ်ဆောင်သွားလေသည်။ ထို့နောက်တစ်ဖန် ၎င်းလင်းဝင်းသွားပြီးနောက် အောက်သို့ တရိတသေ ခေါ်ဆောင်လာသည်။ ထိုသို့ လင်းဝင်းခဲ့ခြင်း မရှိပါမူ ၎င်းသူအတွက် ကောင်းကင်တံခါး ပွင့်မည်မဟုတ်ပေ။

ထို့ပြင် အပေါ်မှသာ ကိုင်ပေါက် ပစ်ချခြင်းကို ခံရမည်ဖြစ်သည်။ အထက်ပါဟဒီးစ်တော်တွင် တင်ပြခဲ့သော 'ငါအသျှင်မြတ်ကသာလျှင် ၎င်းအရာကို ပထဝီမြေဖြင့် ဖန်ဆင်းခဲ့သည်။ ထို့နောက် ယင်းမြေထံသို့ပင် ပြန်ရောက်စေမည်။ ထို့ပြင် ယင်းမြေမှပင် တစ်ဖန် ရှင်ပြန်ထစေမည်'ဟူသည်မှာ ဤဒြပ်မဲ့ဝတ္ထုကိုသာ ဆိုလိုပေသည်။ ဤဒြပ်မဲ့ခန္ဓာပင်လျှင် ကောင်းမှု ကျင့်ကြံခြင်းဖြင့် လင်းဝင်း၊ သင်းပျံ့သော အရာဖြစ်သွားပေသည်။ ထို့ပြင် 'ကုဖွရ်'နှင့် ရှရစ်က်ပြုခြင်းဖြင့် နံစော်သွားပေသည်။ အမှီအခိုမရှိသော 'ရူးဟ်'သည် ဒြပ်မဲ့ခန္ဓာ၏ အကြောင်းခံဖြင့် ဒြပ်ရှိခန္ဓာနှင့် ဆက်စပ်လျက်ရှိသည်။ ၎င်းအပေါ်သို့ သေခြင်းတရားဆိုက်ရောက်ခြင်း မရှိပေ။ 'ကဗရ်'၏ 'အဇားဗ်'နှင့် 'စဝါးဗ်'သည်လည်း ယင်းဒြပ်မဲ့ခန္ဓာ ဆိုလိုသည်မှာ 'နဖ်စ်'နှင့်သာ ဆက်စပ်နေသည်။ ထို့ပြင် 'နဖ်စ်'၏ ဆက်စပ်မှုသည် 'ကဗရ်'နှင့်သာ ရှိသည်။ တစ်ဖန် အမှီအခိုမရှိသော 'ရူးဟ်'သည် 'အိလ်လီယီးန်'၌ ရှိမည်။ ယင်းအမှီအခိုမရှိသော 'ရူးဟ်'သည် 'နဖ်စ်' ၏ အကြောင်းခံဖြင့် ၎င်း၏ စဝါးဗ်'၊ 'အဇားဗ်' ကို ခံစားရပေသည်။ ဤသို့ဆိုလျှင် 'ရူးဟ်'သည် 'ကဗရ်' တွင် ရှိသည်ဟု ဆိုရာ၌ 'နဖ်စ်'ကို ဆိုလိုသော မှန်ပေသည်။ တစ်ဖန် ယင်းသည် ဗိဇာဉ်လောကနှင့်

'အိလ်လီယီးန်'၌ ရှိသည်ဟု ဆိုခြင်းမှာ အမှီအခိုမဲ့ ပုံစံဖြင့် မှန်သည်။ ဤသို့ ဆိုခြင်းဖြင့် ထိုကွဲလွဲနေသော ဆင့်ပြန်ချက်အားလုံးကို ညှိနှိုင်းရာလည်း ရောက်၏။ (واللّٰهاعلم)

ဆက်လက်၍ 'ကေယာမသ်' ဆိုက်ရောက်မည့် ကဏ္ဍ၊ ထိုထဲတွင် ပထမတံပိုးသံကြောင့် လောက တစ်ခုလုံး ပျက်စီးသွားမည့်အကြောင်းနှင့် ဒုတိယတံပိုးဖြင့် တစ်ဖန် ရှင်ပြန်ဖြစ်ပေါ်မည့်အကြောင်း၊ ထိုအချက်များအပေါ် ကာဖိရ်များ၏ သံသယဖြစ်မှုနှင့် မဖြစ်နိုင်ဟု ဆိုခြင်း၏ အဖြေများကို တင်ပြထားသည်။ ၄င်း၏ နောက်ဆုံး၌ မိန့်ဆိုထားသည်မှာ

فَاِذَا هُم بِالسَّا هِرَةِ

တွင် سَاهِرَةٌ သည် မြေပထဝီအပေါ် မျက်နှာပြင်ကို ခေါ်သည်။ 'ကေယာမသ်'နေ့၌ ဒုတိယတစ်ကြိမ် မြေပထဝီကြီးကို ဖန်ဆင်းမည်ဖြစ်ရာ မြေပထဝီတစ်ခုလုံးသည် တစ်ပြေးညီဖြစ်မည်။ ယင်းမြေပေါ်တွင် အတားအဆီးများ၊ တောင်တန်းများ၊ အဆောက်အဦးများနှင့် လျှိုမြောင်းများ ရှိမည်မဟုတ်ပေ။ ၄င်းကိုပင် ساهره ဟုခေါ်သည်။ ထို့နောက် ကာဖိရ်များသည် 'ကေယာမသ်'အား ငြင်းဆန်၍ ဖွတ်တရွတ် ရန်မူခြင်းဖြင့် ကိုယ်တော်မြတ် ﷺ ကို ဒုက္ခရောက်စေခဲ့ကြသည်။ ထိုအရာကို ပယ်ဖျက်ရန် ဖိရ်အောင်န်နှင့် ဟဇရသ်မူစာ عليه السلام ၏ အကြောင်းကို တင်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် ငြင်းဆန်သူများ၏ ဤကဲ့သို့သော ဒုက္ခပေးမှုသည် အသင်ကိုယ်တော်ကိုသာ မဟုတ်ဘဲ ယခင်နဗီတမန်တော်များကိုလည်း ခက်ခဲမှုပေါင်းစုံ ကြုံတွေ့စေခဲ့ကြရသည်။ သို့ရှိရာ ၄င်းနဗီတမန်တော်ကြီးများသည် 'ဆွဗရ်'သည်းခံခဲ့ရာ အသင်ကိုယ်တော်လည်း သည်းခံပါလေ။

فَاَخَذَهُ اللّٰهُ نَكَالَ الْاٰ خِرَةِ وَالْاُوْلٰى

တွင် نَكَال ဟူသည် ဤကဲ့သို့သော 'အဇားဗ်'မျိုးကို ခေါ်ဆိုသည်။ ယင်းကို ကြည့်၍ အခြားသူများ တန့်သွားကာ သံဝေဂရယူကြသည်။ نكالآخرة သည် ဖိရ်အောင်န်အတွက်မူ 'အာခေရသ်'၏ 'အဇားဗ်' ဖြစ်သည်။ ထို့ပြင် نكال اولى ဆိုသည်မှာ ၄င်းနှင့်အတူ တစ်မျိုးနွယ်စုလုံးကို ပင်လယ်အတွင်း နစ်မြုပ်စေခဲ့သော 'အဇားဗ်'ဖြစ်သည်။ ဆက်လက်၍ 'ဟရှရ်'၊ 'နရှရ်'ကို ငြင်းဆန်သူများ၏ မဖြစ်နိုင်ဝေးကွာသည်ဟု သံသယဖြစ်မှုကို ချေပဖြေဆိုထားသည်။ ၄င်းတို့ သံသယပွားနေသည်မှာ သေဆုံးသွားခြင်း၊ တစ်ဖန် မြေဖြစ်သွားပြီးနောက် မည်သို့ ရှင်ပြန်ထနိုင်မည်နည်းဟူ၍ ဖြစ်သည်။

ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် မိုး၊ မြေနှင့် ယင်းအတွင်း၌ ဖန်ဆင်းခဲ့သော ထွတ်မြတ်လှသည့် အဖန်ဆင်းခံများအကြောင်းကို တင်ပြ၍ မေ့လျော့နေသော လူသားများကို သတိပေးနှိုးဆော်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အကြင်အသျှင်မြတ်သည် ဤကဲ့သို့သော ထည်ဝါလှသော ဖန်ဆင်းခံများကို ကနဦး၌ မည်သည့်လက်နက်ကိရိယာ ပစ္စည်းများမပါဘဲ ဖန်ဆင်းခဲ့ရာ ထိုအသျှင်မြတ်က ၄င်းအရာများကို ဖျက်ဆီးပြီးနောက် ပြန်လည်ရှင်ပြန်ထစေခြင်းမှာ အသင်တို့အတွက် အဘယ်ကြောင့် ထူးဆန်းစရာ

ဖြစ်နေ ပါသနည်း။ ဆက်လက်၍ 'ကေယာမသ်'နေ့၏ ပြင်းထန်မှုများနှင့် ထိုနေ့တွင် လူတိုင်း၏ ရှေ့သို့ ၎င်း၏ ပြုကျင့်မှုများ ရောက်ရှိလာခြင်း၊ သုခဘုံသားများနှင့် ငရဲသားများ၏ နေထိုင်ရမည့် နေရာများ အကြောင်း တင်ပြထားခြင်း၊ နောက်ဆုံးတွင် သုခဘုံသားများနှင့် ငရဲသားများ၏ သီးသန့်လက္ခဏာရပ်များကို ဖော်ပြထားပေသည်။ ထိုလက္ခဏာများကို ကြည့်ခြင်းဖြင့် လူသားသည် လောက၌ပင် မိမိသွားရမည့် စခန်းသည် 'ဂျန္နသ်'ဖြစ်သည်။ 'ဂျဟန္နမ်'ဖြစ်သည်ကို သိနိုင်ပေသည်။ ဤအချက်ကို တင်ပြရခြင်းမှာ တစ်ဦးတစ်ယောက်၏ အသနားခံပေးမှုဖြင့်လည်းကောင်း၊ (သို့) အကြောင်းမဲ့ အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်'တော်ကြောင့်သာလည်းကောင်း၊ 'ဂျဟန္နမီ'တစ်ယောက်ကို ယင်း 'ဂျဟန္နမ်'ငရဲဘုံမှ လွတ်မြောက်စေပြီးနောက် 'ဂျန္နသ်'သို့ ပို့ဆောင်ပေးလိုက်ခြင်းမှာ သီးခြားအမိန့် ဖြစ်သည်။ ပမာဆိုရသော် မြောက်မြားစွာသော အာယသ်တော်များနှင့် ဟဒီးစ်တော်များသည် ၎င်းနှင့် ပတ်သက်ပြီး အထောက်အထား ပြုနေသည်မှာ ၎င်းသည် သီးသန့်အမိန့်တစ်ခုသာ ဖြစ်သည်။ ထို့ပြင် အမှန်တကယ် ဥပဒေအရမူ 'ဂျန္နသ်' (သို့) 'ဂျဟန္နမ်'တွင် နေထိုင်ရမည်မှာ အာယသ်တော်၌ ပါရှိသည့်အပေါ်၌သာ မူတည်ပေသည်။

ဦးစွာ ငရဲဘုံသားများ၏ ထူးခြားသော ဝိသေသများကို တင်ပြထားလေသည်။ ၎င်းမှာ နှစ်ခု ရှိသည်။

فَاَمَّا مَنْ طَغٰى وَاٰثَرَ الْحَيٰوةَ الدُّنْيَا

ဦးစွာပထမ طغيانဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်များ၏ မိန့်ခြွေမှုများကို ကျင့်ဆောက်တည်ရမည့်အစား သူပုန်ထ ငြင်းဆန်ခြင်း၊ ဒုတိယဝိသေသမှာ လောကီ သက်တမ်းကို 'အာခေရသ်'၏ သက်တမ်းပေါ် ဦးစားပေးခြင်းတို့ ဖြစ်သည်။ ဆိုလိုသည်မှာ အကြင်အခါဝယ် ဤကဲ့သို့သော အရာများ ရှေ့သို့ ရောက်ရှိလာသည်မှာ ၎င်းကို ပြုလုပ်ခြင်းဖြင့် လောကတွင်မူ သက်သာသည်။ (သို့) အရသာ ရရှိပေသည်။ သို့သော် 'အာခေရသ်'တွင်မူ ၎င်းအပေါ် 'အဇာဗ်'သတ်မှတ်ထားသည်။ ထိုအခါမျိုးတွင် ၎င်းသည် လောကီအရသာကို ဦးစားပေးကာ 'အာခေရသ်'နှင့် ပတ်သက်ပြီး ထားရမည့် သောကများကို လစ်လျူရှုလိုက်သည်။ အကြင်သူများသည် လောက၌ရှိစဉ် ထိုဘေးဒုက္ခနှစ်ခု၌ ရှိခဲ့ပါမူ ၎င်းသူအတွက် မိန့်ဆိုထားသည်မှာ-

فَاِنَّ الْجَحِيْمَ هِىَ الْمَاْوٰى

ဆိုလိုသည်မှာ 'ဂျဟန္နမ်'သာလျှင် ၎င်း၏ နေထိုင်ရာဌာနေဖြစ်မည်။ ၎င်းနောက် သုခဘုံသားများ၏ လက္ခဏာကိုလည်း ဤကဲ့သို့ နှစ်ခု တင်ပြထားသည်။

وَاَمَّا مَنْ خَافَ مَقَامَ رَبِّهٖ وَنَهَى النَّفْسَ عَنِ الْهَوٰى

ပထမလက္ခဏာမှာ အကြင်သူသည် လောက၌ မိမိ၏ ပြုကျင့်မှုဟူသမျှနှင့် လုပ်ကိုင်ကြံဆသော အချိန်တိုင်းတွင် 'ကျွန်ုပ် တစ်နေ့ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် စာရင်းအင်းပေးရမည်'

ဟု ကြောက်ရွံ့နေလေသည်။ ဒုတိယဝိသေသမှာ အကြင်သူသည် မိမိစိတ်ကို ထိန်းချုပ်ထားခဲ့သည့် ဒုစရိုက် ရမ္မက်များမှ ၎င်းကို တားမြစ်ခဲ့သည်။ အကြင်သူသည် လောက၌ ဤအရည်အချင်းနှစ်ခုကို ရယူခဲ့ပါမူ ကျမ်းတော်မြတ်ကုရ်အာန်သည် ထိုကဲ့သို့သောသူနှင့် စပ်လျဉ်း၍ သတင်းကောင်း ပေးထားသည်မှာ-

فَاِنَّ الۡجَنَّةَ هِیَ الۡمَاۡوٰی

ဆိုလိုသည်မှာ ၎င်းနေထိုင်ရမည့် စခန်းသည် 'ဂျန္နသ်'သုခဘုံသာ ဖြစ်သည်။

စိတ်နှင့် ဆန့်ကျင်ဘက်ပြုခြင်း၏ အဆင့်သုံးခု

အထက်ပါအာယသ်တော်တွင် 'ဂျန္နသ်'ရရှိရန် စည်းကမ်းချက်နှစ်ခုကို တင်ပြထားသည်။ ထို့နောက် စဉ်းစားသုံးသပ်ကြည့်ပါမူ ရလဒ်မှာ တစ်ခုတည်းသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပထမစည်းကမ်းချက်မှာ အလ္လာဟ်အသျှင်မြတ်ထံတော်၌ အဖြေပေးရမည်ကို စိုးရိမ်ကြောင့်ကြခြင်း ဖြစ်သည်။ ဒုတိယ စည်းကမ်းချက်မှာ စိတ်ကို မကောင်းမှုများ ပြုလိုခြင်းမှ ထိန်းချုပ်ထားခြင်း ဖြစ်သည်။ ထို့နောက် စင်စစ်တွင် စိတ်၏ အလိုနောက် မလိုက်ခြင်းမှာ အသျှင်မြတ်၏ အကြောက်တရားကြောင့်သာ ဖြစ်သည်။ ဟဇရသ် ကာဇ္ဇီစနာအွလ္လာဟ်ပါနီပသ်သီး (ရဟ) က သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် မိန့်ဆိုထားသည်မှာ စိတ်နှင့် ဆန့်ကျင်ဘက် ပြုရာတွင် အဆင့်သုံးခု ရှိပေသည်။

ပထမအဆင့်မှာ လူသားသည် ရှင်းလင်းသော အမိန့်ခိုင်းစေချက် တားမြစ်ချက်ပါရှိသော အာယသ်တော်များနှင့် ဟဒီးစ်တော်များလာ ယုံကြည်ချက်များနှင့် ယခင်ပညာရှင်ကြီးများအားလုံးနှင့် ဆန့်ကျင်သော မှားယွင်းသည့် ယုံကြည်ချက်များမှ ရှောင်ကြဉ်ရပေမည်။ ဤအဆင့်သို့ ရောက်ရှိပြီးမှသာ ၎င်းသည် 'စွန္နီမွတ်စ္စလင်မ်'ဟု ခေါ်ဆိုထိုက်ပေမည်။

အလယ်အလတ်တန်းစားအဆင့်မှာ အကြင်သူသည် 'ဂိုနာဟ်'အကုသိုလ်များ ပြုလိုသည့်ဆန္ဒ ဖြစ်ပေါ်လာသောအခါ 'ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် တစ်နေ့ စာရင်းစစ်ဆေးခံရမည်' ဟူသည့် အချက်ကို သတိရကာ 'ဂိုနာဟ်'အကုသိုလ်များကို စွန့်လွှတ်ခဲ့သည်။ ယင်းအလယ်အလတ် တန်းစား အဆင့်ကို ပြည့်မီစေရန် လူသားသည် သံသယဖြစ်ဖွယ်ရာများမှလည်း ရှောင်ကြဉ်ရပေမည်။ ထို့ပြင် ပြုပိုင်သော အရာတစ်ခုကိုလည်း မပိုင်သော အရာများဘက်သို့ ရောက်သွားနိုင်သည်ကို စိုးရိမ်ရလျှင် စွန့်လွှတ်လိုက်ရမည်။ ပမာဆိုရသော် ဟဇရသ်နို့အ်မာန်ဗင်န်ဗရှီးရ် ﷺ သခင်၏ ဆင့်ပြန်ချက်တွင် လာရှိထားသည်။ ကိုယ်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ အကြင်သူသည် သံသယဖြစ်ဖွယ်ရာများမှ ရှောင်ကြဉ်ခဲ့သော် ၎င်းသည် မိမိဂုဏ်သိက္ခာနှင့် ဒီးန်သာသနာကို ထိန်းသိမ်းသူ ဖြစ်မည်။ ထို့ပြင် အကြင်သူသည် **مشتبهات** (ဒွိဟပွားဖွယ်ရာများ) တွင် နစ်မွန်းသွားပါမူ ၎င်းသူသည် နောက်ဆုံး 'ဟရာမ်'များအတွင်း ဆိုက်ရောက်သွားပေမည်။ **مشتبهات** ၏ အလိုသဘောမှာ အကြင်အရာသည် 'ဟလာလ်'နှင့် 'ဟရာမ်'နှစ်မျိုးစလုံး

ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ ကျင့်ကြံသူအဖို့ မိမိပြုကျင့်မှုသည် ပိုင်သည်။ (သို့) မပိုင်သည်ဟု သံသယဖြစ်နိုင်သော အရာမျိုးကို ခေါ်ဆိုသည်။ ဥပမာ- ကျန်းမာရေး မကောင်းသူတစ်ဦးသည် 'ဝိုဇူ' ပြုနိုင်သည်။ ထို့နောက် ၎င်းသည် 'ဝိုဇူ'ပြုခြင်းဖြင့် အခြေအနေ ပိုမို စိုးသွားမည်ကို ပြည့်ဝစွာ မယုံကြည်နိုင်သော် ၎င်းသူအတွက်မူ 'သယမ်မွမ်'ပိုင်ခြင်း၊ မပိုင်ခြင်းမှာ ရှုပ်ထွေး ဖြစ်သွားသည်။ ထိုနည်းတူစွာ မတ်တတ်ရပ်၍ နမာဇ်ထိုင်ဖတ်နိုင်သော်လည်း အလွန်ခံစားရသည်။ ထို့ကြောင့် ကျွန်ုပ်အတွက် နမာဇ်ထိုင်ဖတ်ပိုင်ခွင့် ရှိ၊ မရှိနှင့် ပတ်သက်၍ ဒွိဟဖြစ်သွားသည်။ ဤကဲ့သို့သော အခြေ အနေမျိုးတွင် သံသယဖြစ်နသော အရာကို စွန့်ကာ ယတိပြတ် ပိုင်သည်ဟု သိသော အရာကိုသာ ရွေးချယ် လုပ်ဆောင်ခြင်းသည်ပင် 'သက္ကဝါ'မည်၏။ ထို့ပြင် ဤအရာပင်လျှင် စိတ်၏ ဆန့်ကျင်ဘက်ပြုရာ၌ ဒုတိယအဆင့် ဖြစ်သည်။

စိတ်ရိုင်းနှင့် လှည့်စားမှုများ (လှည့်ကွက်များ) အကြောင်း

ထင်ရှားပေါ်လွင်သော 'ဂိုနာဟ်'ဒုစရိုက်၊ မကောင်းမှုများမှ စိတ်နှင့် ဆန့်ကျင်ဘက်ပြုခြင်းကို လူသားသည် မိမိ၏ ပင်ကိုယ်ကြိုးစားမှုဖြင့် ရရှိအောင်မြင်သွားနိုင်သည်။ သို့သော် နောက်စိတ်အလိုတစ်ခု ရှိနေပေသည်။ ၎င်းမှာ ကောင်းမှုရေးရာများနှင့် ရောယှက်နေသည်။ 'ရိယာ' (ပြစားလိုစိတ်၊ ကျော်ဇော လိုစိတ်) မိမိကိုယ်ကို အကောင်းလိုစိတ် စသည်များသည် အလွန် ပြင်းထန်သော 'ဂိုနာဟ်'များပင် ဖြစ်သည်။ ထိုအရာကြောင့် များသောအားဖြင့် လူသားများသည် ကိုယ်တိုင်ပင် လှည့်စားခံလိုက်ရတတ်သည်။ ထို့ပြင် မိမိ၏ ပြုဆောင်မှုဟူသရွေ့ကို မှန်သည်ဟုသာ ထင်မှတ်မိတတ်ကြသည်။ ဤမည်သော စိတ်ရိုင်းကိုသာ ပထမဆုံး ဆန့်ကျင်သင့်ပြီး အားလုံးထက်အလျင် ကုသရန် အရေးကြီးသည်။ သို့ရှိရာ ၎င်းကို ကုသရန် အတွက် အမှန်ကန်ဆုံးနှင့် အထိရောက်ဆုံးသော နည်းလမ်းမှာ လူသားသည် ပြည့်မှီသည့် ကျွမ်းကျင်သော ဆရာသမားတစ်ဦး၏ အနီး၌ ချဉ်းကပ်ကာ မိမိကိုယ်တိုင်လည်း ကြိုးစားအားထုတ် ကျင့်ကြံပြီး စိတ်နှလုံး မနော၏ ရောဂါများနှင့် ၎င်းရောဂါများကို ကုသသည့် ကုသနည်းလမ်းများကို တတ်မြောက်နားလည် သော 'ရှိုင်ခ်'(ဆရာသမား) တစ်ဦးကို ရှာဖွေတွေ့ရှိ၍ ကုသမှုသာ ရနိုင်သည်။ ထိုကဲ့သို့ ကျွမ်းကျင်သော ဆရာသမားတစ်ဦးထံ နေ၍ မိမိ၏ အပြစ်၊ ချို့ယွင်းချက်၊ အားနည်းချက်များကို တင်ပြပြီး၊ ထိုဆရာသခင် ၏ ကုသပေးမှုကို တန်ဖိုးထား၍ ကျင့်ဆောင်ရမည်။ ထို့ပြင် ၎င်းဆရာသခင်၏ လက်၌ မိမိကိုယ်ကို အပ်နှင်းကာ ဆရာသမား၏ ညွှန်ကြားချက်အပေါ် 'အမလ်' ပြုရပေမည်။

ရှိုင်းခ်အေမာမ်ဟဇရသ်ယာအ်ကူးဗ်ကရ်ခီး (ရဟ) က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် ဘဝအစ၌ ထင်း ခုတ်သမား ဖြစ်ခဲ့သည်။ ကျွန်ုပ်သည် မိမိစိတ်အတွင်း ပျင်းရိမှုတစ်ခုနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ မှောက်မိုက်မှု တစ်မျိုးကို ခံစားရသောကြောင့် ကျွန်ုပ်သည် ဤထိုင်းမှိုင်းမှုနှင့် အမှောင်ထုဝေးကွာစေရန်အလို့ငှာ ရက် အနည်းငယ် 'ရီဇာဟ်'ထားရန် သတ်မှတ်ပြီး 'ရီဇာဟ်'ထားနေခဲ့သည်။ ထိုအတောအတွင်း၌ပင် တစ်နေ့သော် ရှိုင်ခ်ခေအဂျလ်အေမာမ်ဘဟာအုဒ်တ်ဒီးန်နက်ရှ်ဗန်ဒီ (ရဟ) ထံ သွားရောက်ခစားခဲ့သည်။ ဆရာကြီးသည် ဧည့်သည်များအတွက် စားဖွယ်များမှာကာ ကျွန်ုပ်ကိုလည်း စားရန် မိန့်ခဲ့သည်။ ထို့နောက် မိန့်ဆိုသည်မှာ

လမ်းများသို့ တွန်းပို့သော စိတ်ရိုင်း၏ အစေကျွန် ဖြစ်ခြင်းမှာ အဆိုးရွားဆုံးသော ကျွန်မည်သည်။ ဆက်လက် မိန့်ခြွေသည်မှာ 'စိတ်အလိုလိုက်၍ ထားသော 'ရှိဇာဟ်'ထက် စားလိုက်ခြင်းက ကောင်းပေသည်။' ထိုအခါ ကျွန်ုပ်ခံစားမိသည်မှာ ကျွန်ုပ်၏ စိတ်သည် 'အွတ်ဂျ်ဗ်'ခေါ် မိမိကိုယ် အကောင်းထင် စိတ်ကြီးဝင်နေပေသည်။ ထိုအချက်ကို ဆရာသခင်ကြီးသည် ရိပ်စားသိရှိ၍ တင်ပြခြင်းဖြစ်သည်။ 'ဇိကိရ်'ဘာဝနာ စီးဖြန်းခြင်းနှင့် အခြားသော 'နဖ်စ်အေဗာဒသ်'များကို ကျင့်ဆောက်တည်ရာ၌ ပြည့်ဝသော ဆရာသခင် (ရှိုင်းခ်) ၏ ခွင့်ပြုချက်နှင့် လမ်းညွှန်မှုသည် အရေးကြီးလှပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုဆရာသခင်ကြီးများသည် 'နဖ်စ်'စိတ်ရိုင်း၏ လှည့်ဖြားမှုများကို သိကျွမ်းလေသည်။ သို့ရှိရာ အကြင် 'နဖ်စ် အေဗာဒသ်'များတွင် စိတ်၏ လှည့်စားမှု တစ်စုံတစ်ရာ ရှိနေပါမူ အချိန်မီ တားဆီးပေးမည်ဟူသည်ကို သိရှိလိုက်သည်။ ထိုအခါ ကျွန်ုပ်သည် ဟဇရသ်နက်ရှ်ဗန်ဒီး (ရဟ) ထံ မေးမြန်းလျှောက်ထားသည်မှာ 'ဆရာကြီးခင်ဗျား။ အကယ်၍ ဝေါဟာရတွင် فانی فی الله (သို့) باقی فی الله ဟု ခေါ်တွင်သော ရှိုင်းခ်ကဲ့သို့ တစ်ဦးတစ်ယောက်ကို တွေ့ဆုံခွင့် မရသေးသော် မည်သို့ ပြုဆောင်ရမည်နည်း။ ဆရာကြီးက မိန့်သည်မှာ 'အစ်စ်သစ်ဂ်ဖွားရ်' များမြောင်စွာ ပြုသင့်သည်။ ထို့ပြင် နမာဇ်အပြီးတိုင်းတွင် استغفار အကြိမ်နှစ်ဆယ်ကို မပျက်မကွက်ပြုရမည်။ သို့မှသာ နမာဇ်ငါးကြိမ်ဆိုလျှင် အကြိမ်တစ်ရာ ပြည့်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ မိန့်သည်မှာ 'တစ်ခါတစ်ရံ ငါကိုယ်တော်မြတ်သည် မိမိစိတ်တွင် လေးလံမှုတစ်ခုကို ခံစားရပါမူ အလ္လာဟ်အသျှင်မြတ်ထံ နေ့စဉ် استغفار အကြိမ်တစ်ရာ ဆိုလိုသည်မှာ 'မင်ဖိရသ်'ကင်းလွတ်ခွင့် တောင်းခံတော်မူသည်။

တတိယစိတ်နှင့် ဆန့်ကျင်ဘက်ပြုသော အမြင့်ဆုံးအဆင့်မှာ များမြောင်စွာ 'ဇိက်ရ်'ပြုခြင်းနှင့် 'မိုဂျာဟဒါ' (စွန့်လွှတ်ကြိုးစားမှု) ဖြင့် မိမိ၏ စိတ်ကို မကောင်းရမက်များ မကျန်ရှိအောင် သန့်ပြန့်အောင် ပြုလုပ်လိုက်ခြင်းကို ဆိုပေသည်။ ထိုမကောင်းစိတ်သည် လူသားကို မကောင်းဘက်သို့ ဆွဲခေါ်သွားလေ့ ရှိသည်။ ဤသို့ သန့်ပြန့်အောင် ပြုလုပ်လိုက်ခြင်းမှာ သီးသန့် 'ဝေလာယသ်'၏ အဆင့်တစ်ခု ဖြစ်သည်။ ထို့ပြင် ဤအဆင့်ကိုမူ ထိုသူများသာ ရရှိပေသည်။ အကြင်သူများကိုမူ ဆိုဖီသူတော်စင်များ၏ ဝေါဟာရတွင် فانی فی الله (အသျှင်မြတ်အတွက် မိမိကိုယ်ကို ဖျက်ဆီးလိုက်သူ) (သို့) باقی فی الله (ကျန်ရှိခြင်းသည် အသျှင်မြတ်အတွက်) ဟု ခေါ်တွင်သည်။ ထို့ပြင် ဤသူများသာ ကျမ်းတော်မြတ်ကုရ်အာန်၏ ထိုအာယသ်တော်မှ ဆိုလိုသူများ ဖြစ်သည်။ ယင်းအာယသ်တော်တွင် ရှိုက်သွာန်အား ရည်ညွှန်း၍ မိန့်ဆိုထားသည်မှာ-

اِنَّ عِبَادِىْ لَيْسَ لَكَ عَلَيْهِمْ سُلْطَانٌ

ဆိုလိုသည်မှာ ငါအသျှင်မြတ်၏ သီးသန့်ဗန္ဒာဟ်များကို အသင် လွှမ်းမိုးနိုင်မည် မဟုတ်ပေ။ ထို့ပြင် ဤသူများသာ ထိုဟဒီးစ်တော်၏ ဆိုလိုသူများ ဖြစ်သည်။ ယင်းဟဒီးစ်တော်တွင် ကိုယ်တော်မြတ် ﷺ က မိန့်ဆိုထားသည်မှာ-

لَا يُؤْمِنُ اَحَدُ كُمْ حَتّٰى يكون هواه تبعا لما جئت به

အဓိပ္ပာယ်မှာ အကြင်သူ၏ စိတ်သည် ငါကိုယ်တော်၏ ညွှန်ကြားမှုများ၏ နောက်သို့ မလိုက်သည့်တိုင် ပြည့်ဝသော မုအ်မင်နိမဖြစ်နိုင်ပေ။

اَللّٰهُمَّ ارْزُقْنَاهُ بِفَضْلِكَ وَكَرَمِكَ

(အလ္လာဟ်အသျှင်မြတ် မိမိ၏ အသနားကရုဏာတော်ဖြင့် ဤအဆင့်အတန်းကို ကျွန်ုပ်တို့အား ချီးမြှင့်တော်မူပါ။ အာမီးန်)

စူရာဟ်၏ နောက်ဆုံးတွင် ကာဖိရ်များ၏ ရန်သူဆန်ဆန် မေးသော မေးခွန်း၏ အဖြေကို ပေးထားသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ကိုယ်တော်မြတ် ﷺ အား 'ကေယာမသ်'၏ သတ်မှတ်ထားသော နေ့နှင့် အချိန်ကို အတင်းမေးမြန်းခဲ့ကြသည်။ အဖြေမှာ ထိုနေ့၏ သတ်မှတ်ချိန်ကို အလ္လာဟ်အသျှင်မြတ်သည် မိမိပြည့်ဝသော ဂုဏ်ရည်ဖြင့် ဇာတိတော်ထိသာ သိစေ၍ ယင်းနှင့် ပတ်သက်၍ အသိတရားကို မည်သည့်ဖရစ်ရှ်သာဟ်၊ မည်သည့်ရစူလ်ကိုမှ မပေးခဲ့ရာ ဤသို့ မေးမြန်းနေခြင်းမှာ အချည်းနှီးပင်ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်အဗဆ

သူမျက်မှောင်ကြုတ်သည့်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

عَبَسَ وَتَوَلّٰىٓ ①

၈၀ : ၁ ။ ။ ထို (နဗီတမန်တော်မြတ်) သည် မျက်မှောင်ကြုတ်ခဲ့သည့်အပြင်၊ မျက်နှာလည်း လွှဲခဲ့လေသည်။ (မကြည်မသာ မျက်နှာ သုန်မှုန်စွာဖြင့် မျက်နှာလွှဲ၍ နေခဲ့လေသည်။)

اَنْ جَآءَهُ الْاَعْمٰى ۝٢

၈၀ : ၂ ။ ။ မိမိထံသို့ မျက်စိမမြင်သောသူ ဝင်ရောက်၍ လာခဲ့သောကြောင့် (မျက်နှာလွှဲ၍ နေခဲ့လေသည်။)

وَمَا يُدْرِيْكَ لَعَلَّهٗ يَزَّكّٰىٓ ۝٣

၈၀ : ၃ ။ ။ အသင်သိပါသလော။ စင်စစ် ထိုမျက်စိမမြင်သော သူသည် သန့်ရှင်းစင်ကြယ်သူ (ဖြူစင်သူ) ဖြစ်တန်ရာသည်။

اَوْ يَذَّكَّرُ فَتَنْفَعَهُ الذِّكْرٰى ۝٤

၈၀ : ၄ ။ ။ သို့တည်းမဟုတ် ထိုသူသည် တရားရသွားနိုင်ပေသည်။ (ဆင်ခြင်နိုင်ပေသည်။) သို့ဖြစ်လျှင် အဆုံးအမ တရားတော်ပေးခြင်းသည် ထိုသူအား အကျိုးဖြစ်ထွန်းစေနိုင်မည်။

اَمَّا مَنِ اسْتَغْنٰى ۝٥

၈၀ : ၅ ။ ။ မည်သို့ပင်ဖြစ်စေ၊ အကြင်သူ (ကုရိုက်ရှ်မျိုးနွယ် ကာဖိရ်တို့) သည် (အမှန်တရား အစ္စလာမ်ကို) အလေးမမူ ဂရုမစိုက်ခဲ့ချေ။

فَاَنْتَ لَهٗ تَصَدّٰى ۝٦

၈၀ : ၆ ။ ။ သို့ပါလျက် အသင်သည် ထိုသူ့အား ဂရုစိုက် အရေးပေးခဲ့လေသည်။

وَمَا عَلَيْكَ اَلَّا يَزَّكّٰى ۝٧

၈၀ : ၇ ။ ။ စင်စစ် ထိုသူ (ကာဖိရ်တို့ တရားမရ) မစင်ကြယ်သည့်အတွက် အသင့်အပေါ်၌ မည်သို့မျှ အပြစ်မရှိချေ။

وَاَمَّا مَنْ جَآءَكَ يَسْعٰى ۝٨

၈၀ : ၈ ။ ။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ၊ အကြင် (မျက်စိမမြင်) သူသည် အသင့်ထံသို့ အပြေးအလွှား ရောက်ရှိလာခဲ့လေသည်။

وَهُوَ يَخْشٰى ۝٩

၈၀ : ၉ ။ ။ ထို့ပြင် ၎င်းသူသည် (အလ္လာဟ်အသျှင်မြတ်အား) ကြောက်ရွံ့ရိုသေ ခဲ့ညားသူလည်း ဖြစ်ခဲ့ပေသည်။

فَاَنْتَ عَنْهُ تَلَهّٰى ۝١٠

၈၀ : ၁၀ ။ ။ သို့ပါလျက် အသင်သည် ထိုသူ့အား အရေးမပေး လျစ်လျူရှုခဲ့ပေသည်။

كَلَّآ إِنَّهَا تَذْكِرَةٌ ﴿١١﴾

၈၀ : ၁၁ ။ ။ (အို, နဗီတမန်တော်၊ အသင်သည်) ဤသို့ အလျှဉ်းမပြုပါလေနှင့်။ ဤ (ကုရ်အာန်ကျမ်းတော်မြတ်) သည် အဆုံးအမတရားတော်ပင် ဖြစ်ပေသည်။

فَمَن شَآءَ ذَكَرَهُۥ ﴿١٢﴾

၈၀ : ၁၂ ။ ။ သို့ဖြစ်ပေရာ အလိုရှိသောသူသည် ယင်းအဆုံးအမတရားတော်ကို လေ့ကျက်မှတ်သားပေလိမ့်မည်။

فِى صُحُفٍ مُّكَرَّمَةٍ ﴿١٣﴾

၈၀ : ၁၃ ။ ။ (ယင်းအဆုံးအမ တရားတော်သည်) ဂုဏ်ကျက်သရေနှင့် ပြည့်စုံသော အရွက်များအပေါ်၌ (ရေးသားပြီး) ဖြစ်၏။ အရွက်များထက် ရေးတင်လျက် ရှိ၏။

مَّرْفُوعَةٍ مُّطَهَّرَةٍۭ ﴿١٤﴾

၈၀ : ၁၄ ။ ။ (ယင်းအရွက်များသည်) မြင့်မြတ်သော၊ သန့်ရှင်းစင်ကြယ်သော (အရွက်များ ဖြစ်သည်။)

بِأَيْدِى سَفَرَةٍ ﴿١٥﴾

၈၀ : ၁၅ ။ ။ (ယင်းအရွက်များသည်) ရေးသားကြသော ကောင်းကင်တမန်တို့၏ လက်တွင်း၌ ရှိ၏။

كِرَامٍۭ بَرَرَةٍ ﴿١٦﴾

၈၀ : ၁၆ ။ ။ (ထိုကောင်းကင်တမန်များသည်) ဂုဏ်အင်ဒြပ် ထူးကဲကြသော သူတော်စင်များ ဖြစ်ကြကုန်သော (ကောင်းကင်တမန်များ ဖြစ်ကြပေသည်။)

قُتِلَ ٱلْإِنسَٰنُ مَآ أَكْفَرَهُۥ ﴿١٧﴾

၈၀ : ၁၇ ။ ။ လူသားသည် ပျက်စီးပါစေ။ (ပျက်စီးချေလိမ့်မည်။) ၎င်းသည် အဘယ်မျှလောက် ကျေးဇူးကန်းဘိသနည်း။

مِنْ أَىِّ شَىْءٍ خَلَقَهُۥ ﴿١٨﴾

၈၀ : ၁၈ ။ ။ ထိုအသျှင်မြတ်သည် ၎င်းအား မည်သည့်အရာဖြင့် ဖန်ဆင်းတော်မူပါသနည်း။

مِن نُّطْفَةٍ خَلَقَهُۥ فَقَدَّرَهُۥ ﴿١٩﴾

၈၀ : ၁၉ ။ ။ ထိုအသျှင်မြတ်သည် ၎င်းအား ကာလလရေကြည်တစ်စက်ဖြင့် ဖန်ဆင်းတော်မူ၏။ တစ်ဖန် ထိုအသျှင်မြတ်သည် ၎င်းအား နှိုင်းချိန်၊ တိုင်းဆ ခန့်မှန်း၍ ပြုလုပ်ထားတော်မူ၏။

ثُمَّ السَّبِيلَ يَسَّرَهُ ۝٢٠

၈၀ : ၂၀ ။ ။ ထို့နောက် ထိုအသျှင်မြတ်သည် ၎င်းတို့၏ အဖို့ လမ်းကို လွယ်ကူစေတော်မူ၏။

ثُمَّ أَمَاتَهُ فَأَقْبَرَهُ ۝٢١

၈၀ : ၂၁ ။ ။ ထို့နောက် ထိုအသျှင်မြတ်သည် ၎င်းအား သေဆုံးစေတော်မူ၏။ တစ်ဖန် ထိုအသျှင်မြတ်သည် ၎င်းအား သင်္ချိုင်းအတွင်းသို့ မြုပ်နှံစေတော်မူ၏။

ثُمَّ إِذَا شَاءَ أَنْشَرَهُ ۝٢٢

၈၀ : ၂၂ ။ ။ ထို့နောက်တစ်ဖန် ထိုအသျှင်မြတ်သည် အလိုရှိတော်မူသောအခါ ၎င်းအား ရှင်ပြန်ထစေတော်မူမည်။

كَلَّا لَمَّا يَقْضِ مَا أَمَرَهُ ۝٢٣

၈၀ : ၂၃ ။ ။ ထိုလူသားသည် ၎င်းအား ထိုအသျှင်မြတ်က အမိန့်ပေးတော်မူသည်များကို ကျေပွန်အောင် ဆောင်ရွက်ခဲ့ခြင်း အလျဉ်းမရှိချေ။

فَلْيَنْظُرِ الْإِنْسَانُ إِلَىٰ طَعَامِهِ ۝٢٤

၈၀ : ၂၄ ။ ။ ပြီးနောက် လူသားသည် မိမိအစားအစာကို (ပြန်လည်) ကြည့်ရှု ဆင်ခြင်အပ်ပေသည်။

أَنَّا صَبَبْنَا الْمَاءَ صَبًّا ۝٢٥

၈၀ : ၂၅ ။ ။ ကေန်မလွဲ ငါအသျှင်မြတ်သည် (မိုး) ရေကို (အံ့ဖွယ်သရဲ) ရွာသွန်းစေတော်မူ၏။

ثُمَّ شَقَقْنَا الْأَرْضَ شَقًّا ۝٢٦

၈၀ : ၂၆ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ပထဝီမြေကို (အံ့ဖွယ်သရဲ) ခွဲတော်မူ၏။

فَأَنْبَتْنَا فِيهَا حَبًّا ۝٢٧

၈၀ : ၂၇ ။ ။ တစ်ဖန် ငါအသျှင်မြတ်သည် ယင်းပထဝီမြေ၌ ကောက်ပဲသီးနှံကို ပေါက်ရောက်စေတော်မူ၏။

وَعِنَبًا وَقَضْبًا ۝٢٨

၈၀ : ၂၈ ။ ။ စပျစ်ပင်ကိုလည်းကောင်း၊ စိမ်းစိုသော ဟင်းသီးဟင်းရွက်ကိုလည်းကောင်း။

وَّزَيْتُونًا وَّنَخْلًا ﴿٢٩﴾

၈၀ : ၂၉ ။ ။ သံလွင်ပင်ကိုလည်းကောင်း၊ စွန်ပလွံပင်ကိုလည်းကောင်း။

وَّحَدَآئِقَ غُلْبًا ﴿٣٠﴾

၈၀ : ၃၀ ။ ။ (သစ်ပင်၊ ပန်းပင်များ) ထူထပ်သော ဥယျာဉ်များကိုလည်းကောင်း။

وَّفَاكِهَةً وَّأَبًّا ﴿٣١﴾

၈၀ : ၃၁ ။ ။ သစ်သီးဝလံများကိုလည်းကောင်း၊ ကျွဲ၊ နွား တိရစ္ဆာန်တို့၏ အစာကိုလည်းကောင်း (ပေါက်ရောက်စေတော်မူ၏။)

مَّتَاعًا لَّكُمْ وَلِأَنْعَامِكُمْ ﴿٣٢﴾

၈၀ : ၃၂ ။ ။ အသင်တို့၏ အကျိုးငှာလည်းကောင်း၊ အသင်တို့၏ ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ၏ အကျိုးငှာလည်းကောင်း။

فَإِذَا جَآءَتِ الصَّآخَّةُ ﴿٣٣﴾

၈၀ : ၃၃ ။ ။ တစ်ဖန် နားပင်းစေသော အသံသည် (ထွက်ပေါ်၍) လာသောအခါ။

يَوْمَ يَفِرُّ الْمَرْءُ مِنْ أَخِيهِ ﴿٣٤﴾

၈၀ : ၃၄ ။ ။ အကြင်နေ့တွင် လူသည် ထွက်ပြေး (တိမ်းရှောင်) ပေလိမ့်မည်။ မိမိညီအစ်ကိုတို့၏ ထံမှလည်းကောင်း။

وَأُمِّهِ وَأَبِيهِ ﴿٣٥﴾

၈၀ : ၃၅ ။ ။ မိမိ၏ အမိထံမှလည်းကောင်း၊ မိမိ၏ အဘထံမှလည်းကောင်း။

وَصَاحِبَتِهِ وَبَنِيهِ ﴿٣٦﴾

၈၀ : ၃၆ ။ ။ မိမိ၏ ဇနီးကြင်ရာ၏ ထံမှလည်းကောင်း၊ မိမိ၏ သားသမီးထံမှလည်းကောင်း။

لِكُلِّ امْرِئٍ مِّنْهُمْ يَوْمَئِذٍ شَأْنٌ يُغْنِيهِ ﴿٣٧﴾

၈၀ : ၃၇ ။ ။ ထိုနေ့တွင် လူတိုင်းလူတိုင်း၌ (အခြားမည်သည့် တစ်စုံတစ်ရာကိုမျှ) ဂရုမစိုက်ဘဲ လုံးပန်း၍ နေစေသော အရေးကိစ္စတစ်ခုစီ ရှိနေမည် ဖြစ်သည်။

وُجُوهٌ يَوْمَئِذٍ مُّسْفِرَةٌ ﴿٣٨﴾

၈၀ : ၃၈ ။ ။ ထိုနေ့တွင် မြောက်မြားစွာသော မျက်နှာတို့မှာ လင်းဝင်းတောက်ပလျက် ရှိကြပေမည်။

ضَاحِكَةٌ مُّسْتَبْشِرَةٌ ﴿٣٩﴾

၈၀ : ၃၉ ။ ။ ရယ်မေား ရွှင်ပြလျက် (ရှိကြပေမည်။)

ضَاحِكَةٌ مُّسْتَبْشِرَةٌ ﴿٣٩﴾

၈၀ : ၄၀ ။ ။ ထို့ပြင် မြောက်မြားစွာသော မျက်နှာတို့အပေါ်၌မူ မြူမှုန်များသည် ရှိနေပေမည်။

تَرْهَقُهَا قَتَرَةٌ ﴿٤١﴾

၈၀ : ၄၁ ။ ။ ထိုမျက်နှာများအပေါ်၌ အမှောင်သည် ဖုံးလွှမ်းလျက် ရှိပေမည်။

أُولَٰئِكَ هُمُ الْكَفَرَةُ الْفَجَرَةُ ﴿٤٢﴾

၈၀ : ၄၂ ။ ။ ထိုသူတို့သည်သာလျှင် ကာဖိရ်သွေဖည်ငြင်းပယ်သူများ၊ ဆိုးသွမ်းသူများ ဖြစ်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စူရာဟ်ကျရောက်လာရခြင်းအကြောင်း

ဤအာယသ်တော်များ ကျရောက်လာရခြင်း၏ အကြောင်းအရင်း ဖြစ်ရပ်မှာ ဤသို့ ဖြစ်သည်။ တစ်ခါသော် ကိုယ်တော်မြတ် ﷺ သည် အချို့သော မုရှ်ရစ်က်ခေါင်းဆောင်များအား ဖြောင့်ဖျဆုံးမတော်မူခဲ့သည်။ အချို့သော ဆင့်ပြန်ချက်များတွင် ၄င်းတို့၏ အမည်များကို ဖော်ပြထားပေသည်။ ၄င်းတို့မှာ အဘူဂျဟာလ်ဗင်န်ဟေရှားမ်၊ အွတ်ဗာဗင်န်ရဗီအာ၊ အိုဗိုင်အ်ဗင်န်ခလဖ်၊ အုမိုင်ယဟ်ဗင်န်ခလဖ်နှင့် ရှိုင်ဗားဟ်၊ ထိုအချိန်၌ ဟဇရသ်အဗ်ဒွလ္လာဟ် ဗင်န်အွန်မ်မေမက်သူးမ် ﷺ ၊ မျက်မမြင် ဆွဟာဗာကြီး ရောက်ရှိလာကာ တစ်စုံတစ်ရာကို မေးမြန်းခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် ဤကဲ့သို့ စကားဖြတ်လိုက်ခြင်ကို မနှစ်သက်ခဲ့သောကြောင့် ထိုဆွဟာဗာကြီးဘက်သို့ အာရုံမပြုခဲ့ပေ။ ထို့ပြင် မနှစ်သက်သောကြောင့် ကိုယ်တော်သည် မျက်မှောင်ကြုတ်တော်မူခဲ့သည်။ ဤသို့ဖြင့် ထိုင်ဝိုင်းပြီးဆုံးသောအခါ အိမ်သို့ ပြန်လည်လာစဉ်အချိန် 'ဝဟီ' ကျရန် နိမိတ်လက္ခဏာများ ပေါ်လွင်လာသည်။ ထို့နောက် ဤအာယသ်တော်များ عَبَسَ وَتَوَلَّىٰ အဆုံးထိ ကျရောက်လာခဲ့လေသည်။ ဤအာယသ်တော် ကျရောက်ပြီးနောက် ကိုယ်တော်မြတ် ﷺ သည်

ထိုဆွဟာဗာကြီးလာသော် အလွန်ဂရုစိုက်တော်မူခဲ့သည်။ ဤအဆိုအားလုံးကို ဒွရ်ရေမန်စူးရ်ကျမ်းတွင် ရေးသားထားသည်။

(အချုပ်ဆိုရသော် အထက်ပါအကြောင်းနှင့် ဆက်စပ်၍ မိန့်ဆိုသည်မှာ) ထိုနဗီ (တမန်တော်မြတ် ﷺ) သည် မျက်မှောင်ကြုတ်ခဲ့သည်အပြင် မျက်နှာလည်း လွှဲဖယ်ခဲ့လေသည်။ မိမိထံ မျက်မမြင်သူ ဝင်ရောက်လာခဲ့သောကြောင့် ဖြစ်သည်။ (ဤနေရာတွင် ရှေ့မှောက်တွင် မရှိသူအတွက် သုံးကြိယာပုဒ်နှင့် မိန့်ဆိုထားခြင်းမှာ မိန့်ဆိုသူ၏ နူးညံ့ကြင်နာမှုနှင့် ရည်ညွှန်းခံရသူ၏ ဂုဏ်မြင့်သောကြောင့် ဖြစ်သည်။ ဤအတွက်ကြောင့်ပင် ဤအမှုကိစ္စကို မျက်မှောက်ရှေ့တည့်တည့်ထား၍ တိုက်ရိုက်ပုံစံဖြင့် ဖော်ပြထားခြင်း မပြုခဲ့ပေ။) ထို့ပြင် (ဆက်လက်၍ ရှေ့တွင် သိသာနိုင်သော စာသားဖြင့် ရည်ညွှန်း၊ မိန့်ဆိုရခြင်းမှာ သံသယကင်းစေရန် ဖြစ်သည်။ မိန့်ဆိုနေသည်မှာ) အသင် သိပါ၏လော။ ထို (မျက်မမြင်သူသည် အသင်၏ လမ်းညွှန်မှုကြောင့် ပြည့်ဝစွာဖြင့်) သန့်ရှင်းစင်ကြယ်သူ ဖြစ်သွားနိုင်သည်။ သို့တည်းမဟုတ် (အနည်းဆုံး သီးသန့် အမိန့်တစ်ခုခုတွင်) တရားရသွားနိုင်သည်။ သို့ရှိရာ ဆိုဆုံးမခြင်းဖြင့် (တစ်ခုခုမျှ) အကျိုးဖြစ်ထွန်းစေနိုင်မည်။ မည်သို့ပင်ဖြစ်စေ အကြင်သူသည် (ဒီးန်သာသနာကို) အလေးမမူ ဂရုမစိုက်ခဲ့ချေ။ သို့ပါလျက် အသင်သည် ထိုသူအား ဂရုစိုက် အရေးပေးသည်။ စင်စစ်တွင်မူ ထိုသူများ မစင်ကြယ်လာခြင်းဖြင့် အသင့်အပေါ် အပြစ်မရှိပေ။ (၎င်းတို့၏ အလေးမမူ ဂရုမစိုက်မှုကို တင်ပြ၍ ၎င်းတို့ဘက်သို့ ပိုမို အာရုံမပြုရန် လမ်းညွှန်ထားသည်။) ထို့ပြင် အကြင်သူသည် အသင့်ထံ (သာသနာ့ဇောဖြင့်) အပြေးအလွှား လာရောက်ခဲ့သည်။ ထို့ပြင် ၎င်းသူသည် (အလ္လာဟ်အသျှင်မြတ်အား) ကြောက်ရွံ့သူလည်း ဖြစ်ခဲ့သည်။ သို့ပါလျက် အသင်သည် ထိုသူအား အရေးမပေးခဲ့ပေ။

(ဤအာယသ်တော်များတွင် ကိုယ်တော်မြတ် ﷺ ၏ စိတ်ဆုံးဖြတ်မှု အတိမ်းအစောင်းအပေါ် သတိပေးခဲ့သည်။ ထိုသို့ စိတ်ဆုံးဖြတ်ရခြင်းမှာ အရေးကြီးသော အလုပ်ကို ဦးစားပေးလုပ်ခြင်းသည် အဓိကဖြစ်ကြောင်း ပေါ်လွင်သည်။ ကိုယ်တော်မြတ် ﷺ သည် ကုဖွရ်၏ ပြင်းထန်မှုကို ပိုမို အရေးကြီးသည်ဟု မှတ်ယူခဲ့သည်။ ပမာဆိုရသော် ရောဂါသည် နှစ်ဦး ရှိသည်။ တစ်ဦးမှာ နာတာရှည်ရောဂါသည် ဖြစ်ပြီး နောက်တစ်ဦးမှာ နှာစေးနေသူဖြစ်လျှင် နာတာရှည်ရောဂါသည်အား အလျင် ကုသပေးမည် ဖြစ်သည်။) ထို့နောက် အလ္လာဟ်အသျှင်မြတ်က မိန့်ဆိုမှုမှ သိရှိရသည်မှာ ရောဂါ၏ ပြင်းထန်မှုသည် ထိုအခါမှသာ အရေးပါမည်။ အကြင်အခါဝယ် ရောဂါသည်နှစ်ဦးစလုံးမှ ဆေးကုသမှုကို ခံလိုသည်။ သို့သော် အကယ်၍ ရောဂါပြင်းထန်နေသူသည် ကုသလိုစိတ် မရှိရုံသာမက ငြင်းဆန်နေပါမူ၊ ရောဂါငယ်နေလင့်ကစား ကုသလိုသောသူကို ဦးစားပေးကုသပေးရမည် ဖြစ်သည်။ ဆက်လက်၍ ထိုမုရှ်ရစ်က်များဘက်သို့ ဤမျှ အာရုံပေးရန် မလိုကြောင်း မိန့်ဆိုထားသည်မှာ အသင် နောင်တွင်) ဤသို့ အလျှဉ်း မပြုပါနှင့်။ (အဘယ်ကြောင့်ဆိုသော်) ကျမ်းတော်မြတ်ကုရ်အာန်သည် ဆုံးမဩဝါဒပေးသော အရာ (တစ်ခုသာ) ဖြစ်သည်။

(ထို့ပြင် အသင့်အပေါ်တွင် ယင်းကျမ်းတော်မြတ်ကို ပို့ချရန်သာ တာဝန်ရှိသည်။) သို့ရှိရာ အလိုရှိသောသူသည် ယင်းဆုံးမဩဝါဒကို လက်ခံပေလိမ့်မည်။ (ထို့ပြင် လက်မခံသူတို့မှာ ကိုယ်တိုင်သိပါစေ။

အသင့်အပေါ်၌ မည်သို့မှ ဆုံးရှုံးမှုမရှိပေ။ သို့ရှိရာ အသင် ဤကဲ့သို့ တစ်စိုက်မတ်မတ် အဘယ်ကြောင့် လုပ်နေရသနည်း။ ဆက်လက်၍ ကျမ်းတော်မြတ်ကုရ်အာန်၏ ဂုဏ်ဒြပ်များကို တင်ပြနေသည်မှာ) ယင်း (ကျမ်းတော်မြတ်ကုရ်အာန်သည် 'လောင်ဟေမဟ်ဖူးဇ်' ရှိ) ကို ဤကဲ့သို့သော အရွက်များပေါ်တွင် (ရေးသားထား) သည်။ ယင်းအရွက်များသည် (အသျှင်မြတ်ထံတော်ပါးတွင်) မြင့်မြတ်စင်ကြယ်လှပေသည်။ (ဆိုလိုသည်မှာ နှစ်သက်မှုနှင့် လက်ခံမှု ရရှိထားပေသည်။ ထို့ပြင်) မြင့်မြတ်သောနေရာ၌ ရှိသည်။ (အဘယ်ကြောင့်ဆိုသော် 'လောင်ဟေမဟ်ဖူးဇ်' သည် 'အရရှ်'ပလ္လင်တော်၏ အောက်တွင် ရှိသည်။ ဒွရ်ရေမန်စူးရ် ကျမ်းတွင် ရှုရာဟ် 'ဗုရူးဂျ်'ကဏ္ဍ၌ တင်ပြထားသည့်အတိုင်း ဖြစ်သည်။ ထို့ပြင် ယင်းသည်) မြင့်မြတ်လှပေ၏။ (ယုတ်ညံ့သော ရှိုက်သွာန်မိစ္ဆာန်များ ထိုနေရာသို့ မရောက်နိုင်ပေ။ ပမာဆိုရသော် အသျှင်မြတ် မိန့်ဆိုထားသည့်အတိုင်း لَا يَمَسُّهُ إِلَّا الْمُطَهَّرُونَ ဖြစ်သည်။)

ယင်းအရွက်များသည် ဤကဲ့သို့ ရေးကြကုန်သော (ဖရစ်ရှ်သာဟ်များ၏) လက်တွင် (ရှိ) သည် ထိုကောင်းကင်တမန်များသည် ဂုဏ်အင်ဒြပ် ထူးကဲပြီး မွန်မြတ်သူများ ဖြစ်ကြကုန်သည်။ (ဤဂုဏ်အင်ဒြပ်များအားလုံးသည် အလ္လာဟ်အသျှင်မြတ် ဘက်တော်မှ ဖြစ်ကြောင်း သက်သေပြနေသည်။ ပမာဆိုရသော် ရှူရာဟ်ဝါကေအာဟ်၏ အာယသ်တော် لَا يَمَسُّهُ إِلَّا الْمُطَهَّرُونَ တွင် ရှင်းလင်းတင်ပြထားသည်။ ထို့ပြင် 'လောင်မဟ်ဖူးဇ်'ဟုဆိုရာ အရွက်တိုင်းသည် အရာတစ်ခုတည်းသာဖြစ်သည်။ သို့သော် ယင်း၏ အစိတ်အပိုင်းများကို صحف အရွက်အပိုင်းများဟု မှည့်ခေါ်ထားသည်။ ထို့နောက် ယင်းဖရစ်ရှ်သာဟ်များကို ရေးသောသူများဟု ဆိုခြင်းမှာ ၎င်းတို့သည် ဤ 'လောင်ဟေမဟ်ဖူးဇ်' မှ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ကူးယူခဲ့သောသူများ ဖြစ်သည်။ အာယသ်တော်မှ သိရှိရသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်သည် အသျှင်မြတ်ဘက်တော်မှ ဆုံးမဩဝါဒ ပြုရန်အတွက် ဖြစ်သည်။ အသင်သည် ဆုံးမရုံဖြင့် မိမိ 'ဖွရဇ်'တာဝန် ကျေပွန်သွားပေမည်။ သို့ရှိရာ မည်သူမည်ဝါ အီမာန်သက်ဝင်လာရေး၊ မလာရေးနှင့် ပတ်သက်ပြီး ရှေ့တိုးနောက်နေ့ဖြစ်ရန် မလိုပေ။ ဤအာယသ်တော်အထိ 'သဗ်လီးဂ်'ပြုရသည့် စည်းစနစ်ကို တင်ပြထားပြီး ဆက်လက်၍ ကာဖိရ်များ ထိုအပေါ် အကျိုးအမြတ် မရယူခြင်းနှင့် စပ်လျဉ်း၍ ရှုံ့ချထားသည်မှာ ငြင်းဆန်သော) လူသားများအပေါ် (အကြင်သူများသည် ဤကဲ့သို့သော ဆိုဆုံးမမှုမှ ဆုံးမမှု မရယူခဲ့ကြပေ။ ပမာဆိုရသော် အဘူဂျဟလ် စသော သူများကို အသင်တမန်တော် ရှင်းလင်းပြခဲ့သော်လည်း ၎င်းတို့ သဘောပေါက်နားလည်ခဲ့ခြင်း မရှိခဲ့ပေ။)

အလ္လာဟ်အသျှင်မြတ်၏ အမျက်ကျပါစေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အဘယ်မျှ ကျေးဇူးကန်းသူများ ဖြစ်ကြသနည်း။ (၎င်းတို့ မမြင်သည်မှာ) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ကို အဘယ်မျှ (နိမ့်ကျသော) အရာဖြင့် ဖန်ဆင်းခဲ့သနည်း။ (ဆက်လက်၍ အဖြေပေး မိန့်ဆိုထားသည်မှာ) သုက်ရည်ဖြင့် (ဖန်ဆင်းထားသည်။ ဆက်လက်၍ ဖြစ်ပျက်ပုံ အဆင့်ဆင့်ကို တင်ပြထားသည်မှာ မြောက်မြားစွာသော ပြောင်းလဲမှုဖြစ်ပြီးသည့် နောက်ပိုင်း) ၎င်း၏ ရုပ်ဆင်းသဏ္ဌာန်ကို ဖန်ဆင်းတော်မူခဲ့သည်။ တစ်ဖန် ၎င်း

(တို့၏ ခန္ဓာအစိတ်အပိုင်းများ)ကို အချိုးကျ ဖန်ဆင်းတော်မူခဲ့သည်။ (စူရာဟ် 'ကေယာမသ်'၏ အာယသ်တော် فَخَلَقَ فَسَوَّىٰ တွင် ဖော်ပြပြီးအတိုင်း ဖြစ်သည်။) တစ်ဖန် ၎င်း၏ (ထွက်ရန်) လမ်းကြောင်းကို လွယ်ကူစေခဲ့သည်။ (သို့ရှိရာ ဤကဲ့သို့သော ကျဉ်းမြောင်းသည့် လမ်းကြောင်းတစ်ခုမှ ကိုယ်လက်အင်္ဂါစုံလင်သော ကလေးငယ်တစ်ဦးကို ကောင်းကောင်းမွန်မွန် ထွက်လာစေခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ အရာရာကို စွမ်းဆောင်နိုင်ခြင်းဟူသည့် အချက်နှင့် ဖန်ဆင်းခံများသည် စွမ်းဆောင်နိုင်မှုအောက်တွင် ရှိခြင်းဟူသည့် အချက်များမှာ ပေါ်လွင်လေသည်။)

ထို့နောက် (သက်တမ်းကုန်ဆုံးပြီးနောက်) ၎င်းတို့ကို သေစေခဲ့သည်။ တစ်ဖန် 'ကဗ်ရ်'တွင်းသို့ ခေါ်ဆောင်သွားလေသည်။ (ပထမကပင် မြေထဲ၌ ထားလိုက်သည် ဖြစ်စေ၊ (သို့) ရက်အနည်းငယ်ကြာပြီးသည့်နောက်မှ မြေထဲ ရောသွားသည်ဖြစ်စေ) ထို့နောက် အလ္လာဟ်အသျှင်မြတ် အလိုရှိသည့်အခါ ၎င်းကို တစ်ဖန် ရှင်ပြန်ထစေမည်။ (ဆိုလိုသည်မှာ ဤပြောင်းလွဲမှုများ အားလုံးသည် 'အင်န်စာန်'လူသားမှာ အလ္လာဟ်အသျှင်မြတ်၏ 'ကွဒ်ရသ်'တန်ခိုးတော် နယ်နိမိတ်အတွင်းသာ ရှိကြောင်းနှင့် ယင်းတို့သည် အသျှင်မြတ်၏ 'နေအ်မသ်'တော်များဖြစ်ကြောင်း အထောက်အထားများပင် ဖြစ်သည်။ အချို့ 'နေအ်မသ်'တော်များသည် အာရုံခံ ထိတွေ့နိုင်သော အရာများဖြစ်ပြီး၊ အချို့သည် 'နေအ်မသ်'တော် အဓိပ္ပာယ်ဆောင်သော အရာများဖြစ်သည်။ စင်စစ် ထို 'နေအ်မသ်'တော်အစား အသျှင်မြတ်၏ အမိန့်တော်နာခံပြီး အီမာန်သက်ဝင် ယုံကြည်ထိုက်သော်လည်း ထိုလူသားသည်) လုံးဝ (ကျေးဇူးတရား) မသိတတ်ခဲ့ပေ။

(၎င်းနောက်) အသျှင်မြတ် မိန့်တော်မူသည်များကို မထမ်းဆောင်ခဲ့ပေ။ သို့ရှိရာ 'အင်န်စာန်' လူသားသည် (မိမိတို့၏ မူလပထမ ဖန်ဆင်းခံရသော အခြေအနေအရပ်ရပ်ကို ထောက်ရှုကာ တည်မြဲမှု အကြောင်းခံများနှင့် ရှင်သန်မှု အကြောင်းခံများကို စဉ်းစားတွေးတောရမည်။ ဥပမာ) မိမိတို့၏ စားသောက်ဖွယ်ရာများကို ရှုမြင်သုံးသပ်သင့်ပေသည်။ (သို့မှသာ ထိုရှုမြင်သုံးသပ်မှုသည် အမှန်တရားကို ရှာဖွေရာ၌ ၎င်းနောက် အမိန့်နာခံခြင်း၊ အီမာန်သက်ဝင်ယုံကြည်ခြင်းတို့၏ အကြောင်းခံတစ်ရပ် ဖြစ်လာပေမည်။ ၎င်းနောက် ဆက်လက်၍ ရှုမြင် သုံးသပ်နိုင်သည့် နည်းလမ်းများကို တင်ပြသည်မှာ)

သို့ရှိရာ ငါအလ္လာဟ် အသျှင်မြတ်သည် အံ့သြဖွယ်ရာအသွင်ဖြင့် မြေကြီးကို အက်ကွဲစေသည်။ တစ်ဖန် ငါအသျှင်မြတ်သည် ထိုမြေကြီးမှ အသီးအနှံများ စပျစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ သံလွင်၊ စွန်ပလွံသီးများ၊ ထူထပ်သော ဥယျာဉ်များ၊ သစ်သီးဝလံများနှင့် တိရစ္ဆာန်များအတွက် ရိက္ခာများကို ဖန်ဆင်းတော်မူခဲ့သည်။ (အချို့သော အရာများမှာ) အသင်တို့အတွက် (အချို့သော အရာများမှာ) အသင်တို့၏ တိရစ္ဆာန်များအတွက် အကျိုးရှိစေရန်အလို့ငှာ ဖန်ဆင်းတော်မူခဲ့ပေသည်။ (ဤအရာများအားလုံးသည်လည်း 'နေအ်မသ်'၏ အဓိပ္ပာယ်ဆောင်သော အရာများဖြစ်ပြီး 'ကွဒ်ရသ်'တန်ခိုးတော်၏ အထောက်အထားလည်း ဖြစ်ပေသည်။ ထိုတင်ပြပါ အချက်များအားလုံးသည် အစိတ်အပိုင်းတစ်ခုတိုင်း တစ်ခုတိုင်း အီမာန်သက်ဝင်ယုံကြည်မှုအပေါ် ကျေးဇူးတင်ရန် အရေးကြီးကြောင်း ရည်ညွှန်းနေပေသည်။ ဤမျှခန့် အကြောင်း

အရာများသည် ဆုံးမစကားများ လက်မခံမှုအပေါ် ရှုတ်ချပြစ်တင်ခြင်း ဖြစ်သည်။ ရှေ့ဖော်ပြမည့် အကြောင်းအရာများမှာ သတိရတသမှု မရှိခြင်းအပေါ်၌ အပြစ်ပေးခြင်းနှင့် သတိရတသမှု ရှိသူများအတွက် 'အာခေရသ်'၌ 'စဝါးဗ်'များ ရရှိခြင်းကို ဖော်ပြပေမည်။ ဆိုလိုသည်မှာ ယခု ဤသူများသည် ကျေးဇူးကန်းခြင်း၊ ၄င်းသွေဖည်ငြင်းပယ်မှုများ ပြုလုပ်နေကြသည်။)

တစ်ဖန် ကျေးဇူးကန်းခြင်းနှင့် သွေဖည်ငြင်းပယ်သော သူများသည် ဆူညံအော်ဟစ်နေကြမည်။ (ဆိုလိုသည်မှာ 'ကေယာမသ်'နေ့၌ ကျေးဇူးကန်းမှုများအားလုံး၏ အရသာကို မြည်းစားရလိမ့်မည်။ ရှေ့လာမည့် အကြောင်းအရာအား 'ကေယာမသ်'နေ့နှင့် ပတ်သက်၍ တင်ပြနေသည်။) အကြင်နေ့၌ (ဤကဲ့သို့သော) လူများသည် (အကြင်သူများနှင့် ပတ်သက်၍ အပေါ်၌ ဖော်ပြခဲ့ပြီးဖြစ်သည်။) မိမိ၏ ညီအစ်ကိုများနှင့်လည်းကောင်း၊ မိမိ၏ မိခင်၊ ဖခင်နှင့်လည်းကောင်း မိမိ၏ သားသမီးများထံပါးမှ ထွက်ပြေးကြလိမ့်မည်။ (ဆိုလိုသည်မှာ တစ်ဦးတစ်ယောက်မှ အခြားသူများကို ကူညီသနားကြလိမ့်မည် မဟုတ်ပေ။ ဥပမာ- အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ-

لَا يَسْـَٔلُ حَمِيمٌ حَمِيمًا

အကြောင်းမှာ ဤကဲ့သို့ဖြစ်သည်။) ထိုသူများအနက်မှ လူတိုင်းလူတိုင်းသည် (မိမိ၏) ဤကဲ့သို့ အရေးကိစ္စ၌သာ မွေ့လျော်နေလိမ့်မည်။ အကြင်မွေ့လျော်မှုသည် အခြားဘက်သို့ အာရုံစိုက်စေမည် မဟုတ်ပေ။ (ဤအကြောင်းအရာသည် ကာဖိရ်များ၏ အခြေအနေဖြစ်သည်။ ရှေ့၌ တင်ပြမည့် အကြောင်းအရာသည် မုအ်မင်န်များ၊ ကာဖိရ်များနှင့် ပတ်သက်၍ အကျယ်တဝင့် တင်ပြမည်။) ထိုနေ့၌ မြောက်မြားစွာသော မျက်နှာများသည် (အီမာန်သက်ဝင်ယုံကြည်မှုကြောင့်) လင်းဝင်းမှုနှင့် (ပျော်ရွှင်မှုကြောင့်) ပြုံးရွှင်ကြည်နူးနေကြလိမ့်မည်။ ထိုနေ့၌ မြောက်မြားစွာသော မျက်နှာများအပေါ် (သွေဖည်ငြင်းပယ်ခြင်းကြောင့်) မှောက်မိုက်နေမည်။ (ထို့ပြင် ယင်းအမှောင်ထုနှင့်အတူ) ၄င်းတို့အပေါ် (ပူဆွေးမှု၏) ညှိုးမှိုင်းမှုမှာ လွှမ်းမိုးနေပေမည်။ ဤသူများသာလျှင် ကာဖိရ်များနှင့် 'ဖွာဂျိရ်'များ ဖြစ်သည်။(ကာဖိရ်ဟုဆိုကာ ယုံကြည်ချက် ပျက်ပြားသူများကို ရည်ညွှန်းနေပြီး၊ 'ဖွာဂျိရ်'ဟူသည်မှာ ကျင့်ဆောင်မှု ပျက်ပြားသူများကို ဆိုပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်ကျရောက်ခြင်းနှင့် ပတ်သက်၍ မျက်မမြင် ဆွဟာဗာ ဟဇရသ်အဗ်ဒွလ္လာဟ်အွမ်မေ့မက်သူးမ် ؓ ၏ 'ဝါကေအဟ်' အဖြစ်အပျက်ကို ဆင့်ပြန်ထားသည်။ ထိုဆင့်ပြန်မှု၌ အေမာမ်ဘဂ်ဝီ (ရဟ) က ဤကဲ့သို့ သာပို၍ ဖွင့်ဆိုထားသည်။ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အွမ်မေ့မက်သူးမ် ؓ သည် မျက်စိကွယ်နေသူဖြစ်သည့်အတွက် တမန်တော်မြတ် ﷺ သည် အခြားသောသူများနှင့် စကားစမြည် ပြောဆိုနေသည်ကို အတိအကျ မသိရှိနိုင်ခဲ့ပေ။ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အွမ်မေ့မက်သူးမ် ؓ သည် ထိုင်ဝိုင်း၌ လာ၍ တမန်တော်မြတ် ﷺ အား အကြိမ်ကြိမ် ခေါ်နေသည်။ */ မဇ္ဇဟရီကျမ်း /*

အေမာမ်အိဗ်နေကစီးရ် (ရဟ) ၏ ဆင့်ပြန်ချက်တစ်ခု၌ ဤကဲ့သို့ လာရှိသည်မှာ ဟဇရသ်အဗ်ဒွလ္လာဟ် ဗင်န်အွမ်မေမက်သူးမ် ؓ သည် တမန်တော်မြတ် ﷺ ထံ ရောက်ရှိလာပြီး ကုရ်အာန်ကျမ်းမြတ်၏ အာယသ် တော်တစ်ပုဒ် ဖတ်ပြပေးရန် လျှောက်ထားလေသည်။ ၎င်းလျှောက်ထားမှုကို ချက်ချင်းအဖြေပေးရန် အတင်းအကြပ် ပြုလုပ်လေသည်။ ထိုအချိန်၌ တမန်တော်မြတ် ﷺ သည် မက္ကာဟ်မြို့တွင်ရှိသော ကာဖိရ်ခေါင်းဆောင်များကို သာသနာအား နားလည်စေရန် ပို့ချမှု ပြုလုပ်နေသည်။ ဤခေါင်းဆောင်များသည် အွသ်ဗာဟ် ဗင်န်ရဘီအဟ်၊ အဘူဂျဟလ်ဗင်န်ဟေရှာမ်နှင့် တမန်တော်မြတ် ﷺ ၏ ဘကြီးတော် ဟဇရသ် အဗ္ဗားစ် ؓ သခင်တို့ ဖြစ်သည်။ ဟဇရသ်အဗ္ဗားစ် ؓ သည် ထိုအချိန်၌ မွတ်စ္စလင်မ်မဖြစ်သေးပေ။ တမန်တော်မြတ် ﷺ သည် ထိုအချိန်၌ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အွမ်မေ့မက်သူးမ် ؓ ၏ ဤကဲ့သို့ ပြောဆိုခြင်း၊ အာယသ်တော်တစ်ပုဒ်၏ စာလုံးများကို ပြုပြင်ပေးရန်အတွက် သာမန်မေးခွန်းကို ချက်ချင်း အဖြေပေးရန် အတင်းအကြပ် တောင်းဆိုခြင်းအပေါ် မနှစ်မြို့စရာ ဖြစ်လေသည်။ မနှစ်မြို့ခြင်း၏ အဓိက အကြောင်းအရင်းမှာ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အွမ်မက်သူးမ် ؓ သည် စစ်မှန်သော မွတ်စ္စလင်မ်ဖြစ်၍ ၎င်းသည် အချိန်တိုင်း၌ တမန်တော်မြတ် ﷺ ၏ အပါးတော်တွင် ခစားနေသူ ဖြစ်သည်။ အခြားသော အချိန်များ၌လည်း မေးမြန်း၍ ရပေသည်။ ကုရိုက်ရှ်ခေါင်းဆောင်များထက်စာလျှင် ထိုဆွဟာဗာအား အဖြေပေးမှုကို နောက်ဆိုင်းခြင်း၌ သာသနာ၏ မည်သည့်ဆုံးရှုံးမှုမျှ ဖြစ်ဖွယ်ရာ မရှိပေ။

ဤခေါင်းဆောင်များသည် အချိန်တိုင်းအချိန်တိုင်း တမန်တော်မြတ် ﷺ ၏ အခစားမှု၌ အသင့် မရှိနိုင်ပေ။ အချိန်တိုင်းအချိန်တိုင်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ ပို့ချရန် မဖြစ်နိုင်ပေ။ ဤအချိန်၌ ထိုခေါင်းဆောင်များသည် တမန်တော်မြတ် ﷺ ၏ စကားများကို ကြားပြီး အီမာန်ယူရန် မျှော်လင့်နေသည်။ တမန်တော်မြတ် ﷺ ၏ စကားပြောဆိုခြင်း ပြတ်တောက်သွားသော် ထိုခေါင်းဆောင်များ အီမာန်ယူရန် မျှော်လင့်ချက် ကင်းမဲ့သွားနိုင်သည်။ ထိုအချက်များအားလုံးကြောင့် တမန်တော်မြတ် ﷺ သည် ဟဇရသ် အဗ်ဒွလ္လာဟ်အွမ်မေ့မက်သူးမ် ؓ အား မျက်နှာလွှဲတော်မူ၍ မိမိ၏ မနှစ်မြို့ခြင်းကို ပြသခဲ့သည်။ ကုရိုက်ရှ် ခေါင်းဆောင်များကို အမှန်တရား ပို့ချခြင်းနှင့် ပတ်သက်၍ ဆက်လက် ပြုလုပ်နေသည်။ ထိုစကား ထိုင်ဝိုင်း ပြီးဆုံးချိန်၌ စူရာဟ်အဗစ၏ ဖော်ပြပါ အာယသ်တော်များ ကျရောက်လာခဲ့သည်။ အကြင်အာယသ် တော်များ၌ တမန်တော်မြတ် ﷺ ၏ လုပ်ရပ်ကို မနှစ်မြို့ဖွယ်ရာဟု သတ်မှတ်ကာ တမန်တော်မြတ် ﷺ ကို လမ်းညွှန်မှု ပြုထားပေသည်။

တမန်တော်မြတ် ﷺ ၏ လုပ်ရပ်သည် မိမိ၏ အမြော်အမြင် သုံးသပ်မှုဖြစ်သည်။ အကြင်မွတ်စ္စလင်မ် တစ်ဦးသည် ထိုင်ဝိုင်း၏ ရှိသေသမှုပြုရန်ထိုက်သော စည်းကမ်းနှင့် ဆန့်ကျင်၍ စကားပြောဆိုနေသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်အား အနည်းငယ် သတိပေးရန် ထိုက်သက်လေသည်။ သို့မှသာ ၎င်းအနေနှင့် နောင်တွင် ထိုင်ဝိုင်း၏ စည်းကမ်းကို ဂရုပြုလိမ့်မည်။ တမန်တော်မြတ် ﷺ သည် ဤအတွက်ကြောင့် အဗ်ဒွလ္လာဟ် ဗင်န်အွမ်မေ့မက်သူးမ် ؓ အား မျက်နှာလွှဲနေတော်မူသည်။ ဒုတိယအချက်မှာ သွေဖည်ငြင်းပယ်ခြင်းနှင့် တုဖက်နိုင်းယှဉ်မှု ပြုလုပ်ခြင်းသည် အားလုံးထက် ကြီးမားသော အပြစ်ဖြစ်ကြောင်း ပေါ်လွင်နေပေသည်။

ထို့ကြောင့် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် အုမ်မေ့မက်သူးမ် ﷺ လိုလားတောင်းဆိုနေသည့် သာသနာ၏ ကျင့်ကြံမှုဆိုင်ရာ ပညတ်ချက်များထက် ထိုကာဖိရ်များ၏ ကုဖ္ဖရ်နှင့် ရှရစ်က်လုပ်ရပ်များကို ကင်းစေရန် ကြိုးပမ်းခြင်းသည် ဦးစားပေးသင့်သော အချက်ဖြစ်သည်။ သို့သော် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ ၏ ထိုမြော်မြင် သုံးသပ်ချက်ကို မနှစ်မြို့ပေ။ ထိုလုပ်ရပ်အပေး သတိပေးမိန့်ကြားလေသည်။ ဤနေရာ၌ စဉ်းစားရမည့်အချက်မှာ လူတစ်ယောက်သည် တမန်တော်မြတ် ﷺ ထံ သာသနာနှင့် ပတ်သက်ပြီး သင်ကြားပေးရန် လိုလားစွာနှင့် လျှောက်ထားလေသည်။ ထိုလျှောက်ထားခြင်း၏ အဖြေပေးမှု၌ မုချ အကျိုးရှိလိမ့်မည်။ တမန်တော်မြတ် ﷺ နှင့် ဆန့်ကျင်ဘက် ပြုလုပ်သော ကာဖိရ်ခေါင်းဆောင်များသည် တမန်တော်မြတ် ﷺ ၏ စကားများကို နားထောင်ရန် မနှစ်သက်ပေ။ ဤကဲ့သို့သော သူများနှင့် စကားပြောဆိုခြင်း၌ မုချ အကျိုးရှိမည်ဟု ထင်မြင်ယူဆ၍ မရနိုင်ပေ။ ထင်မြင်ယူဆချက်ကို မုချ ဖြစ်နိုင်သော အရာအပေါ် ဦးစားမပေးသင့်ပေ။ ၎င်းနောက် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အုမ်မေ့မက်သူးမ် ﷺ ၏ ထိုင်ဝိုင်း၏ ရှိသေထိုက်သော စည်းကမ်းများနှင့် ဆန့်ကျင်၍ စကားပြောဆိုခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်၌ أعمى ဆိုသော စာလုံးသုံး၍ ရည်ညွှန်းထားပေသည်။ ထိုဆွဟာဗာသည် မျက်မမြင်ဖြစ်သောကြောင့် ဤအချိန် တမန်တော်မြတ် ﷺ မည်သည့်အလုပ်၌ မွေ့လျော်နေမည်။ မည်သူများနှင့် စကားပြောဆိုနေသည်ကို မတွေ့မြင်နိုင်ပေ။ ဤအတွက်ကြောင့် ထိုဆွဟာဗာသည် 'အုဇ္ဇရ်' ခွင့်ပြုခြင်း ခံထားရသောသူဖြစ်သည်။ မျက်နှာလွှဲပစ်ရန် မလိုအပ်ပေ။ ဖော်ပြပါ အကြောင်းအရာများဖြင့် သိရှိရသည်မှာ ချွင်းချက်ရှိသူတစ်ယောက်၏ မသိနားမလည်၍ ထိုင်ဝိုင်း၏ ရှိသေရန်ထိုက်သော စည်းကမ်းချက်များနှင့် ဆန့်ကျင်လျှင် ဤကဲ့သို့သော ပုဂ္ဂိုလ်အား အပြစ်ပေးရန် မထိုက်ပေ။

عَبَسَ وَتَوَلّىٰ အဓိစ၏ အဓိပ္ပာယ်မှာ မျက်နှာဖြင့် မနှစ်မြို့မှု ဖော်ထုတ်ခြင်း၊ تولى ၏ အဓိပ္ပာယ်မှာ မျက်နှာလွှဲလိုက်ခြင်းကို ဆိုလိုပေသည်။ ဤနေရာ၌ အခွင့်သင့်သည်မှာ ဤစာလုံးများသည် တမန်တော်မြတ် ﷺ အား တိုက်ရိုက် ရည်ညွှန်း၍ အသင်တမန်တော်ဟူသည့် စာသားများအား သုံးသင့်သော်လည်း ဤကဲ့သို့ မတင်ပြထားပေ။ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤနေရာ၌ တမန်တော်မြတ် ﷺ အား တိုက်ရိုက်ရည်ညွှန်းသော စာသားကို သုံးနှုန်းကာ အသင်တမန်တော်အနေနှင့် ဤသို့ ပြုလုပ်ခဲ့သည်ဟူ၍ မိန့်ကြားသင့်သော်လည်း ကျမ်းမြတ်ကုရ်အာန်သည် တိုက်ရိုက်ရည်ညွှန်းသော စာသားအစား အတိတ်ကိရိယာပြစာသားကို သုံးနှုန်းကာ အခြားသူတစ်ဦးက အထက်ပါလုပ်ရပ်ကို လုပ်ခဲ့သည့်အလား ရည်ညွှန်းထားပေသည်။ ဆိုလိုသည်မှာ အဆိုပါလုပ်ရပ်သည် တမန်တော်မြတ် ﷺ ၏ ဂုဏ်အင်္ဂါနှင့် မသင့်လျော်သော လုပ်ရပ်ဖြစ်သည်ဟု ရည်ညွှန်းလိုခြင်း ဖြစ်သည်။

၎င်းဒုတိယဝါကျ၌ တမန်တော်မြတ် ﷺ ကိုယ်တိုင်လည်း အပြစ်မရှိဟု ရည်ညွှန်းထားပေသည်။ وَمَا يُدْرِيكَ (ဆိုလိုသည်မှာ အသင်တမန်တော်ကို မည်သို့ သိရှိနိုင်မည်နည်း။ အာယသ်တော်တွင် တမန်တော်မြတ် ﷺ မျက်နှာလွှဲရခြင်း၏ အကြောင်းအရင်းကို တင်ပြထားသည်မှာ အထက်ပါဆွဟာဗီ၏ မေးမြန်း

လျှောက်ထားမှုနှင့် အကျိုးကျေးဇူးသည် မုချကေန် ရှိနေပြီး အခြားသူများ၏ မေးမြန်းလျှောက်ထားမှုနှင့် အကျိုးရလဒ် မရရှိသည်ကို တမန်တော်မြတ် ﷺ အနေနှင့် သတိမပြုမိခဲ့ပေ။

၄င်းနောက် ဒုတိယဝါကျ၌ အတိတ်ကာလပြ စာသားကို မသုံးဘဲ တိုက်ရိုက်ရည်ညွှန်း၍ အမိန့်ရှိခြင်းမှာ တမန်တော်မြတ် ﷺ အား ဂုဏ်ပေးလေးစားမှုသည်လည်းကောင်း အားပေးနှစ်သိမ့်မှုသာ ဖြစ်ပေသည်။ အကယ်၍ တိုက်ရိုက် ရည်ညွှန်းသော စာလုံးကို လုံးဝ အသုံးမပြုခဲ့သည်ဆိုလျှင် ဤကဲ့သို့ ထင်မြင်ယူဆရမည် ဖြစ်သည်။ ထိုလုပ်ရပ်၏ မနှစ်မြို့မှုသည် တိုက်ရိုက်ရည်ညွှန်းခြင်းကို စွန့်လွှတ်သော အကြောင်းခံဖြစ်သွားပေမည်။ အကြင်ပုံစံသည် တမန်တော်မြတ် ﷺ အတွက် သည်းမခံနိုင်စရာနှင့် ပူဆွေးဒုက္ခ ရောက်ရှိနိုင်ပေသည်။ ဤအတွက်ကြောင့် ပထမဝါကျ၌ တိုက်ရိုက်ရည်ညွှန်းမှုအစား သွယ်ဝိုက်သော ရည်ညွှန်းမှုကို သုံးခြင်းသည် တမန်တော်မြတ် ﷺ အား ဂုဏ်ပေးခြင်း ဖြစ်ပေသည်။ ဤနည်းအတိုင်း ဒုတိယဝါကျ၌ တိုက်ရိုက်ရည်ညွှန်းသော စာလုံး သုံးခြင်းဖြင့် တမန်တော်မြတ် ﷺ အား ဂုဏ်ပေးခြင်းနှင့် အားပေးနှစ်သိမ့်ခြင်း ဖြစ်ပေသည်။

لَعَلَّهٗ يَزَّكّٰى اَوْ يَذَّ كَّرُ فَتَنْفَعَهُ الذِّكْرٰى

ဆိုလိုသည်မှာ 'အသင်ကိုယ်တော်၊ မည်ကဲ့သို့ သိရှိနိုင်မည်နည်း။ ယင်းဆွဟာဗာ၏ လျှောက်ထားသော စကားများ၌ မုချ အကျိုးကျေးဇူးများ ပါရှိပေသည်။ အသင်ကိုယ်တော်သည် ထိုဆွဟာဗာအား ပညာသင်ကြားပေးလိုက်သော် ဤပညာသင်ကြားပေးခြင်းသည် ထိုဆွဟာဗာအတွက် မိမိကိုယ်ကို ပြုပြင်ခြင်းနှင့် ပြည့်စုံသော ရရှိမှု ပြုလုပ်နိုင်ပေသည်။ ၄င်းအကျိုးကျေးဇူးများ မရရှိသည်ဆိုလျှင်လည်း အနည်းဆုံးအဆင့်မှာ ထိုအလ္လာဟ်အသျှင်မြတ်၏ သတိရတသမှုဖြင့် ထိုဆွဟာဗာ၏ အစကနဦး အောင်မြင်မှုကို ရရှိပေလိမ့်မည်။ ထိုသတိရတသမှုကြောင့် ထိုဆွဟာဗာ၏ စိတ်ထဲတွင် အလ္လာဟ်အသျှင်မြတ်၏ ချစ်စိတ်နှင့် ကြောက်ရွံ့စိတ်များ တိုးလာပေမည်။ ذِكْر ဆိုသော စာလုံး၏ အဓိပ္ပာယ်မှာ များမြောင်စွာ သတိရတသခြင်း ဖြစ်သည်။

ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်တွင် يَزَّكّٰى နှင့် يَذَّكَّرُ ဟူသော ဝါကျနှစ်ခုဖြင့် မိန့်ဆိုထားပေသည်။ ပထမဝါကျ၏ အဓိပ္ပာယ်မှာ သန့်ရှင်းမှုနှင့် သန့်ပြန့်မှုကို ခေါ်ဆိုပေသည်။ ဒုတိယဝါကျ၏ အဓိပ္ပာယ်မှာ ဆုံးမစကားကို နာယူခြင်း၊ တသမှု၏ အကျိုးသက်ရောက်ခြင်းကို ဆိုလိုပေသည်။ ပထမနေရာမှ မွန်မြတ်သော သူများနှင့် အပြစ်ရှောင်ကြဉ်သူများအတွက် ဖြစ်ပေသည်။ အကြင်နေရာသည် မိမိ၏ အတွင်းအပြင်၌ ရှိနေသော မကောင်းမှုများမှ သန့်ရှင်းအောင် ပြုလုပ်ခြင်းကို ဆိုလိုပေသည်။ ဒုတိယနေရာမှာ သာသနာလမ်းပေါ်သို့ စ၍ လျှောက်လှမ်းခြင်းကို ဆိုလိုပေသည်။ အစပြုသော သူများအတွက် အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မှုနှင့် ကြောက်ရွံ့သော စိတ်မှာ ထိုသူ၏ နှလုံးသားတွင် ပေါ်ပေါက်လာလေမည်။ ဆိုလိုသည်မှာ ထိုဆွဟာဗာအား ပညာသင်ကြားပေးမှု၌ အကျိုးသက်ရောက်မှုမှ အချီးအနှီး မဖြစ်ပေ။ ပြည့်ပြည့်ဝဝ အကျိုးခံစားရမည်။ ဆိုလိုသည်မှာ မိမိ၏ စိတ်ကို ပြီးပြည့်စုံစွာ ပြုပြင်နိုင်ပေမည်။ (သို့)

ပထမဦးဆုံး အကျိုးသက်ရောက်မှုမှာ အလ္လာဟ်အသျှင်မြတ်၏ သတိရတသမှုနှင့် ဂုဏ်ပေးလေးစားမှုနှင့် ကြောက်ရွံ့မှုများ၊ ထိုသူ၏ စိတ်နှလုံးသား၌ တိုးပွားလာမည်။ ဝါကျနှစ်ခုစလုံး၌ ငြင်းပယ်သောစာလုံး (ဆိုလိုသည်မှာ ﻻ ဆိုသော) ဖြင့် သုံးထားလေသည်။ ထိုပုံစံနှစ်မျိုးထဲမှ တစ်မျိုးမှာ ဖြစ်ရှိလိမ့်မည်။ ရရှိမည်ဖြစ်သည်။

သင်ပေးခြင်း၊ သင်ယူခြင်းနှင့် ပတ်သက်၍ ကုရ်အာန်က ပြသသော အရေးကြီးသည့် ဥပဒေတစ်ခု

ဤနေရာ၌ ထိုအချက်သည် ပေါ်လွင်နေပေသည်။ တမန်တော်မြတ် ﷺ ထံတော်သို့ အလုပ်နှစ်ခုသည် တစ်ချိန်တည်း၌ ပေါ်ပေါက်လာပေသည်။ ပထမအလုပ်မှာ မွတ်စ္စလင်မ်တစ်ဦးအား ပညာသင်ကြားပေးခြင်းနှင့် ထိုပညာသင်ကြားပေးခြင်းကို ပြည့်ဝအောင် ပြုလုပ်ပေးခြင်း၊ နှစ်သိမ့်ပေးခြင်း၊ ဒုတိယအလုပ်မှာ ကာဖိရ်များကို လမ်းမှန်ပြသ ပို့ချရန်အတွက် အာရုံစူးစိုက်ခြင်း ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်ဖြင့် ဤကဲ့သို့ ထင်ရှားပေါ်လွင်နေပေသည်။ ဒုတိယအလုပ်ထက် ပထမအလုပ်အား ဦးစားပေးရန်ဖြစ်သည်။ ဒုတိယအလုပ်ကြောင့် ပထမအလုပ်၌ နှောင့်နှေးခြင်း (သို့) အနှောင့်အယှက်တစ်ခုခု ဖြစ်ခြင်းသည် မမှန်ကန်ပေ။ ထိုအချက်ဖြင့် သိရှိရသည်မှာ မွတ်စ္စလင်မ်များအား ပညာသင်ကြားပေးခြင်း၊ ထိုသူများအား ပြုပြင်ပေးရန် သောကထားခြင်းသည် ကာဖိရ်များ အစ္စလာမ်သာသနာတော်သို့ ဝင်ရောက်စေရန် သောကထားခြင်းထက် ပို၍ အရေးကြီးပြီး ဦးစားပေးသင့်ပေသည်။

ထိုတင်ပြပါ အကြောင်းအရာ၌ ထိုကဲ့သို့သော အိုလမာပညာရှင်များအတွက် အရေးကြီးသော လမ်းညွှန်မှုတစ်ခု ပြုထားပေသည်။ အကြင်လမ်းညွှန်မှုမှာ မွတ်စ္စလင်မ်မဟုတ်သူ၏ သံသယကို ပျက်သုဉ်းစေရန်နှင့် ထိုသူများကို အစ္စလာမ်သာသနာနှင့် ယဉ်ပါးစေရန်အတွက် အချို့သော အလုပ်များကို ပြုလုပ်နေကြပေသည်။ အကြင်အလုပ်ကြောင့် မွတ်စ္စလင်မ်များ၏ နှလုံးသားအတွင်း သံသယဖြစ်စေသော စောဒကပေါ်ပေါက်လာနိုင်ပေသည်။ ၎င်းတို့အဖို့ ကုရ်အာန်ကျမ်းတော်မြတ်၏ လမ်းညွှန်မှုနှင့်အညီ မွတ်စ္စလင်မ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြုပြင်ပေးသော အလုပ်များကို ဦးစားပေးသင့်ပေသည်။

ရှေ့တွင် ဆက်လက်၍ တင်ပြမည့် အာယသ်တော်များတွင် ကုရ်အာန်ကျမ်းတော်မြတ်က ထိုအချက်ကို ကောင်းစွာ ရှင်းပြထားပေသည်။

أَمَّا مَنِ اسْتَغْنَىٰ فَأَنتَ لَهُ تَصَدَّىٰ

ဆိုလိုသည်မှာ အကြင်သူတစ်ဦးတစ်ယောက်သည် အသင်ကိုယ်တော်နှင့် အသင်၏ သာသနာမှ မျက်နှာလွှဲခြင်း ဂရုမစိုက်ခြင်းကို ပြုလုပ်နေပေသည်။ ကိုယ်တော်သည် ထိုသူများ၏ နောက်သို့ လိုက်နေပေသည်။ ဤသူများသည် မည်ကဲ့သို့ မွတ်စ္စလင်မ်ဖြစ်နိုင်မည်နည်း။ သို့ရှိရာ ဤအလုပ်သည် ကိုယ်တော်၏ တာဝန်မဟုတ်ပေ။ အကယ်၍ ထိုသူများ မွတ်စ္စလင်မ်မဖြစ်လျှင်လည်း ကိုယ်တော့်အပေါ်၌လည်း မည်သည့် အပြစ်မှ မထိုက်ပေ။ အကြင်သူသည် အားကြိုးမာန်တက်စွာဖြင့် သာသနာ၏ ပညာသင်ယူရန်အတွက်

ရောက်ရှိလာပေသည်။ ထိုသူသည် အလ္လာဟ်အသျှင်မြတ်ကိုလည်း ကြောက်ရွံ့သောသူ ဖြစ်သည်။ ကိုယ်တော်သည် ထိုကဲ့သို့သော သူအပေါ်၌ အာရုံမထားပေ။

ထိုအကြောင်းအရာ၌ တမန်တော်မြတ် ﷺ အား ရှင်းရှင်းလင်းလင်း ဤကဲ့သို့ လမ်းညွှန်မှု ပြုထားပေသည်။ မွတ်စ္စလင်မ်များအား သင်ကြားပေးခြင်း၊ ၄င်းနောက် အတွင်းအပြင် ပြုပြင်ပေးခြင်းဖြင့် ထိုသူများကို စစ်မှန်သော မွတ်စ္စလင်မ်၊ ခိုင်ခံ့သော အီမာန်ရှင်ဖြစ်စေရန် ပြုလုပ်ပေးခြင်းသည် ဤကာဖိရ်များကို အစ္စလာမ်သာသနာတော်ထဲသို့ ဝင်ရောက်စေရန် သောကထားခြင်းထက် ပို၍ အရေးကြီးပြီး ဦးစားပေးရန်သင့်ပေသည်။ ထိုကဲ့သို့သော သောကကို များမြောင်စွာ ထားရန် လိုအပ်ပေသည်။ ထိုအကြောင်းအရာများ၏နောက် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် အဆုံးအမတရားများရှိခြင်းနှင့် ၄င်းကျမ်းမြတ်၏ မြင့်မားသော သိက္ခာတော်ကို တင်ပြထားပေသည်။

فِىْ صُحُفٍ مُّكَرَّمَةٍ مَّرْفُوْعَةٍ مُّطَهَّرَةٍ

صحف ၏ အဓိပ္ပာယ်မှာ 'လောင်ဟေမဟ်ဖူးဇ်' ဖြစ်သည်။ အမှန်မှာ ထို 'လောင်ဟေမဟ်ဖူးဇ်' သည် တစ်ခုတည်းပင် ဖြစ်သည်။ သို့သော် ထို 'လောင်ဟေမဟ်ဖူးဇ်' ကို အများကိန်းသုံး၍ ညွှန်ပြထားသည်မှာ ထို 'လောင်ဟေမဟ်ဖူးဇ်'တွင် မိုးကောင်းကင်ကျ ကျမ်းစာအုပ်များ ရေးထားပေသည်။ သို့မဟုတ် ဖရစ်ရှ်သာဟ်များသည် မိမိတို့၏ ကျမ်းစာအုပ်များကို ထို 'လောင်ဟေမဟ်ဖူးဇ်'မှ ဆင့်ပြန်ကူးယူကြပေသည်။ **مرفوعة** ၏ အလိုသဘောမှာ ထိုဆွဟီးဖာကျမ်းတော်များသည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ မြင့်မားသော အဆင့်ရှိပေသည်။ **مطهرة** ၏ အလိုသဘောမှာ ကိုယ် မသန့်သော အမျိုးသားနှင့် ဓမ္မတာရာသီသွေးနှင့် မီးယပ်သွေးများ လာနေသည့် အမျိုးသမီး များ 'ဂုဇူ'မရှိဘဲ ထိုကျမ်းတော်များကို ကိုင်တွယ်ခြင်း မပိုင်ပေ။

بِاَيْدِىْ سَفَرَةٍ كِرَامٍ بَرَرَةٍ

سَفَرَة ဆိုသည်မှာ **سافر** ၏ အများကိန်းဖြစ်သည်။ ၄င်း၏ အဓိပ္ပာယ်မှာ ရေးသားသူဖြစ်ပေသည်။ ထိုပုံစံ၌ ၄င်း၏အဓိပ္ပာယ်မှာ ဖရစ်ရှ်သာဟ်များ 'ကေရာမန်ကာသိဗီးန်' (သို့) နဗီတမန်တော်များနှင့် ၄င်းတို့၏ ဗျာဒိတ်တော်များကို ရေးသော ပုဂ္ဂိုလ်များကို ဆိုလိုပေသည်။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﵁ သခင်နှင့် မုဂျာဟိဒ် (ရဟ) တို့၏ အကျယ်ဖွင့်ဆိုချက်မှာ ဤအတိုင်းပင် ဖြစ်ပေသည်။

၄င်းနောက် **سفرة** ဆိုသည်မှာ **سفير** ၏ သံတမန်၏ အဓိပ္ပာယ်ဖြစ်သည်။ ဤပုံစံ၌ ၄င်းကို ဆိုလိုခြင်းမှာ စေလွှတ်ခြင်းခံရသော ဖရစ်ရှ်သာဟ်များအားလည်းကောင်း၊ နဗီတမန်တော်များအားလည်းကောင်း 'ဝဟီ'ဗျာဒိတ်တော်များကို ရေးသားသော ဆွဟာဗာများကို ဆိုလိုပေသည်။ အွမ္မသ်၏ ပညာရှင်များသည်လည်း ထိုအထဲ၌ အကျုံးဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသာသနာ့ပညာရှင်များသည် တမန်တော်မြတ် ﷺ နှင့် အွမ္မသ်ထုကြား၌ သံတမန်ဖြစ်ပေသည်။ ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ အကြင်သူသည် ကုရ်အာန်ကို ဖတ်ရွတ်လေသည်။ ထိုသူသည် 'ကေရာအသ်'ရွတ်ဖတ်

ရာ၌လည်း ကျွမ်းကျင်ပေသည်။ ထိုသူသည် မွန်မြတ်သော သံတမန်များနှင့်အတူ ရှိပေမည်။ အကြင်သူ 'ကေရာအသ်'ကို မကျွမ်းကျင်ပေ။ သို့သော် ဒုက္ခခံ၍ 'ကေရာအသ်'မှန်စေရန် ကြိုးစားမည်။ ထိုကဲ့သို့သော သူ့အတွက် အကျိုးစဝါးဗ်နှစ်ခု ရရှိပေမည်။ (အေမာမ်ဘိုခါရီ (ရဟ) နှင့် အေမာမ်မွတ်စ္စလင်မ် (ရဟ) က ဟာဇရသ်အာအေရှာဟ် ﷺ သခင်မထံမှ ဆင့်ပြန် ထားပေသည်။) ထိုအချက်ဖြင့် သိရှိရသည်မှာ မကျွမ်းကျင်သောသူများကို အကျိုး 'စဝါးဗ်'နှစ်ခု ရရှိပေမည်။ *[မဇှဟရီကျမ်း]*

ရှေးလွန်လေပြီးသော အာယသ်တော်များ၌ ကုရ်အာန်ကျမ်းတော်မြတ်၏ မြင့်မားခြင်း၊ အီမာန်ယူရန် အရေးကြီးမှုများကို တင်ပြပြီးနောက် ကာဖိရ်များသည် ကုရ်အာန်ကျမ်းတော်မြတ်ကို ငြင်းပယ်သော သူများ ဖြစ်သည်။ 'လအ်နသ်'ကိုနိစာနှင့် အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များကို ကျေးဇူးကန်းခြင်းအပေါ် သတိပေးထားပေသည်။ ၎င်းနောက် ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်ဘက်က ချပေးထားသော ကျမ်းဖြစ်ပြီး ကြီးမားသော 'နေ့အ်မသ်'တော်ဖြစ်ကြောင်းသည် ဖုံးကွယ်နေသော အရာတစ်ခု ဖြစ်ပေသည်။ အကြင် 'နေ့အ်မသ်'တော်ကို သာသနာ့ပညာ တတ်ကျွမ်းသော သူများသာလျှင် သိရှိနားလည်ပေမည်။ ရှေ့၌ အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များအကြောင်းကို တင်ပြပေမည်။ အကြင် 'နေ့အ်မသ်'တော်များကို လူသားဖန်ဆင်းခြင်းအစမှ အဆုံးတိုင်အောင် ချီးမြှင့်ထားပေသည်။ ဤ 'နေ့အ်မသ်' တော်များသည် ထိတွေ့ခံစား၍ရသော အရာများ ဖြစ်ပေသည်။ အကြင် 'နေ့အ်မသ်'တော်များကို အနည်းငယ် အသိဉာဏ်ရှိသောသူလည်း နားလည်နိုင်ပေသည်။ ထိုအကြောင်းအရာများနှင့် ပတ်သက်၍ လူသားကို ဖန်ဆင်းခြင်းအကြောင်းကို မိန့်တော်မူထားပေသည်။

مِنْ اَىِّ شَىْءٍ خَلَقَهٗ مِنْ نُّطْفَةٍ

ပထမဆုံးမေးခွန်းတစ်ခု မေးမြန်းလိုသည်မှာ 'အို၊ လူသား၊ အသင်စဉ်းစားလော့။ အသင့်အား အလ္လာဟ်အသျှင်မြတ်က မည်သည့်အရာဖြင့် ဖန်ဆင်းထားသနည်း။' ထိုမေးခွန်း၏ အဖြေကို သတ်မှတ်ထားပေသည်။ ထိုအဖြေမှအပ မည်သည့်အဖြေမှ မရှိနိုင်ပေ။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် အမိန့်ရှိသည်မှာ مِنْ نُّطْفَةٍ ဆိုလိုသည်မှာ လူသားကို 'သုက်ရည်'ဖြင့် ဖန်ဆင်းထားပေသည်။ ထပ်ဆင့်အမိန့်ရှိသည်မှာ

خَلَقَهٗ فَقَدَّرَهٗ

ဆိုလိုသည်မှာ 'သုက်ရည်ဖြင့် သက်ရှိလူသားတစ်ဦးကို ဖန်ဆင်းခဲ့ရုံသာမက ထိုသက်ရှိအရာကို ထူးခြားသော အသွင်သဏ္ဌာန်ဖြင့် ၎င်းနောက် ကြီးမားသော ဉာဏ်အမြော်အမြင်ဖြင့် ဖန်ဆင်းခဲ့ပေသည်။ ထိုလူသား၏ အရပ်အမောင်းနှင့်လည်းကောင်း၊ ခန္ဓာကိုယ် အချိုးအစားအားလည်းကောင်း၊ ပုံပန်းသဏ္ဌာန်အားလည်းကောင်း အစိတ်အပိုင်းများ၏ ရှည်လျားမှု ၎င်းအစိတ်အပိုင်းများ၏ အစုံလိုက်အစုံလိုက် ရှိခြင်းကိုလည်းကောင်း မျက်လုံး၊ နှာခေါင်းနှင့် အခြားသော အရာများ၏ ဖန်ဆင်းမှု၌ ဤကဲ့သို့ ပုံသဏ္ဌာန်ဖြင့် ပြုလုပ်ထားတော်မူသည်။ အနည်းငယ် ထိုအရာနှင့် ဆန့်ကျင်ဘက်ဖြစ်သွားခဲ့သော် လူသား၏ ပုံစံသည် ပျက်စီးသွားပေမည်။ ၎င်းနောက် အလုပ်လုပ်ရာ၌ အခက်အခဲ ဖြစ်သွားပေမည်။

၎င်းနောက် **قَدَّرَهُ** ၏ အလိုသဘောမှာ အကြင်အချိန်၌ လူသားသည် မိခင်၏ ဝမ်းဗိုက်ထဲ၌ ဖန်ဆင်းခြင်း၌ ရှိနေပေသည်။ ထိုအချိန်၌ အလ္လာဟ်အသျှင်မြတ်သည် ထိုလူသားအတွက် လေးခုသော အရာကို သတ်မှတ်၍ ရေးသားထားပေသည်။ ပထမတစ်ချက်မှာ ထိုလူသားသည် မည်သည့် 'အမလ်'များကို ပြုလုပ်မည်နည်း။ ဒုတိယအချက်မှာ ထိုလူသား၏ သက်တမ်း မည်မျှခန့် နေရမည်နည်း။ တတိယအချက်မှာ ထိုသူ၏ ရိဇ်ကိရိက္ခာ မည်မျှခန့် ရရှိမည်နည်း။ စတုတ္ထအချက်မှာ နောက်ဆုံးထွက်သက်၌ ထိုသူသည် နဖူးစာကောင်းသူ ဖြစ်မည်လော။ (သို့) နဖူးစာဆိုးသောသူ ဖြစ်မည်လော။ (ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နမတ်စ်ဴးဒ် ﷺ သခင်၏ ဟဒီးစ်ကို အေမာမ်ဘိုခါရီနှင့် အေမာမ်မွတ်စ်လင်မ်တို့က ဆင့်ပြန်ထားပေသည်။)

ثُمَّ السَّبِيلَ يَسَّرَهُ

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကြီးမားသော ဉာဏ်အမြော်အမြင်ဖြင့် လူသား၏ ဖန်ဆင်းမှုကို မိခင်၏ ဝမ်းဗိုက်ထဲ၌ အမှောင်သုံးခုမှ ဤကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ထားပေသည်။ အကြင်ဝမ်းဗိုက်ထဲ၌ ဤအရာများအားလုံး ဖြစ်ရှိနေပေသည်။ သို့သော် ထိုအရာများအားလုံးကို ဖန်ဆင်းဖြစ်ပေါ်စေခြင်းနှင့် ပတ်သက်၍ သတင်းအနည်းငယ်မှ မရရှိပေ။ ထိုရှင်သန်လျက်ရှိသော လူသား၏ အစိတ်အပိုင်းအားလုံးကို အကြင်နေရာ၌ ဖန်ဆင်းထားပေသည်။ ထိုနေရာမှ လောကကြီးကို ရောက်ရှိလာရန် လမ်းကြောင်းသည် ကျဉ်းမြောင်းနေ၍ အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံလှသော တန်ခိုးတော်ထက်မှ လွယ်ကူမှု ပြုလုပ်ပေးလေသည်။

ثُمَّ اَمَاتَهُ فَاَقْبَرَهُ

လူသား၏ ဖန်ဆင်းမှုကို တင်ပြပြီးသည့်နောက် လူသား၏ နောက်ဆုံးသည် သေခြင်းတရားနှင့် 'ကဗရ်' သို့ သွားခြင်းပင် ဖြစ်ပေသည်။ ထိုအကြောင်းအရာများကို ဖော်ပြခြင်းဖြင့် 'နေ့အ်မသ်'တော်များနှင့် ပတ်သက်၍ အမိန့်ရှိခြင်း ဖြစ်ပေသည်။ ထိုအချက်ဖြင့် သိရှိရသည်မှာ လူသား၏ သေဆုံးခြင်းသည် အမှန်စင်စစ် ဒုက္ခမဟုတ်ပေ။ 'နေ့အ်မသ်'တော်သာလျှင် ဖြစ်ပေသည်။ ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ **تحفة المومن الموت** မုအ်မင်နတို့၏ လက်ဆောင်သည် သေခြင်းတရား ဖြစ်ပေသည်။ ထိုသေခြင်းတရား၌ လောကကြီးတစ်ခုလုံးကို အကြောင်းခံပြီး မြောက်မြားစွာသော ဉာဏ်အမြော်အမြင်များ ရှိပေသည်။ ၎င်းနောက် **فَاَقْبَرَهُ** ၏ အဓိပ္ပာယ်မှာ ထိုလူသားကို 'ကဗရ်' ထဲသို့ ဝင်ရောက်စေမည်။ ဤအချက်သည်လည်း 'နေ့အ်မသ်'တော်တစ်ခု ဖြစ်ပေသည်။ လူသားကို အလ္လာဟ်အသျှင်မြတ်သည် အခြားသော တိရစ္ဆာန်များကဲ့သို့ မထားပေ။ သေဆုံးသွားပြီးနောက် မြေကြီးပေါ်၌ ပုပ်ပွ၍ ဖောင်းလာပေမည်။ သို့သာမက ထိုလူသားကို ဤကဲ့သို့ ဂုဏ်ပေးထားပေသည်။ ထိုလူသားကို ရေချိုးစေပြီး သန့်ပြန့်သော အဝတ်အစားများကို ဝတ်ဆင်စေ၍ ဂုဏ်သိက္ခာရှိစွာနှင့် 'ကဗရ်'ထဲသို့ မြုပ်နှံစေသည်။

ဓမ္မသတိ ။ ။ ထိုအာယသ်တော်ဖြင့် လူသား၏ အစအဆုံး ဖန်ဆင်းမှု၊ ၎င်းဖန်ဆင်းမှု၌ အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံလှသော တန်ခိုးတော်များနှင့် 'နေ့အ်မသ်'တော်များကို တင်ပြပြီးသည့်နောက် ကျေးဇူးကန်းသော လူသားအား သတိပေးခြင်း ခံရပေသည်။ ထိုအလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များနှင့် 'နေ့အ်မသ်' တော်များ၏ တောင်းဆိုမှုမှာ လူသားသည် ထို 'နေ့အ်မသ်'တော်များကို စဉ်းစားပြီး အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ယူရန်နှင့် အသျှင်မြတ်၏ အမိန့်တော်အတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်ပေသည်။

သို့သော် နဖူးစာဆိုးသော လူသားသည် အမိန့်အတိုင်း မပြုလုပ်ပေ။ ရှေ့၌ ထပ်မံ၍ အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များအကြောင်းကို ဖော်ပြထားပေသည်။ အကြင် 'နေ့အ်မသ်'တော်သည် လူသား၏ ဖန်ဆင်းခြင်းအစနှင့် အဆုံး၏ ကြားကာလ၌ ချီးမြှင့်ထားပေသည်။ လူသား၏ ရိဇီရိက္ခာကို အဘယ်ကဲ့သို့ ဖန်ဆင်းခြင်းခံရပေသည်။ မိုးကောင်းကင်မှ မိုးရွာသွန်းပေးသည်။ အကြင်မျိုးစေ့နှင့် သစ်ဥ၊ သစ်ဖုများကို မြေကြီးထဲ၌ မြုပ်နှံထားပေသည်။ ဤမိုးရွာသွန်းခြင်းကြောင့် ထိုမျိုးစေ့များတွင် ရှင်သန်နေသော ပျိုးပင်အဖြစ် ဖန်ဆင်းထားပေသည်။ အကြင်မိုးကို အကြောင်းခံပြီး အားအင်ချည့်နဲ့မှုနှင့် မသန်စွမ်းသော မျိုးစေ့ကို မြေကြီးမှ အက်ကွဲစေပြီး အပေါ်သို့ ပေါ်ထွက်စေသည်။ တစ်ဖန် ထိုအပင်မှ အမျိုးမျိုးသော သစ်သီးဝလံများနှင့် ဥယျာဉ်များ အဆင်သင့်ဖြစ်ပေါ်လာပေသည်။ ထိုအလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'တော်များကို လူသားများအား ထပ်ဖန်တလဲလဲ သတိပေးပြီး စူရာဟ်၏ နောက်ဆုံးအာယသ်တော်များ၌ 'ကေယာမသ်' အကြောင်းကို တင်ပြပေမည်။

فَاِذَا جَآءَتِ الصَّآخَّةُ

တွင် صَآخَّةُ ၏အဓိပ္ပာယ်မှာ ဤကဲ့သို့ ဆူညံပြီး ပြင်းထန်သောအသံကို ခေါ်ဆိုသည်။ အကြင်အသံကြောင့် လူသား၏ နားကန်းသွားပေမည်။ ဆိုလိုသည်မှာ 'ကေယာမသ်'၏ဆူညံခြင်း ၎င်းမှာ 'ဆူရ်' တံပိုးမှုတ်ခြင်း၏ အသံဖြစ်သည်။

يَوْمَ يَفِرُّ الْمَرْءُ مِنْ اَخِيْهِ

ဤအာယသ်တော်သည် 'ဟရှရ်'ကွင်းပြင်၌ အရာအားလုံး စုရုံးရမည့် အချိန်နှင့် ပတ်သက်၍ တင်ပြထားပေသည်။ လူတိုင်းလူတိုင်းသည် မိမိတို့၏ သောကနှင့် ကိုယ်စီကိုယ်စီ နစ်မွန်းနေပေမည်။ လောက၌ မိမိတို့၏ ဆွေမျိုးသားချင်းများသည် ဤကဲ့သို့ ဖြစ်သည်။ လူတို့သည် တစ်ဦးကိုတစ်ဦး မိမိတို့၏ အသက်အန္တရာယ်အထိ စွန့်စားပြီး ကူညီကြသည်။ ထို 'ဟရှရ်'ကွင်းပြင်၌ လူတိုင်းလူတိုင်းသည် မိမိတို့၏ သောကများ၌ ဤကဲ့သို့ နစ်မွန်းလျက် ရှိနေမည်။ တစ်ဦးတစ်ယောက်မှ အခြားသူ၏ သတင်းကို မစုံစမ်းလိုပေ။ သို့သာမက ရှေ့၌ တွေ့သော အရာများကို စွန့်လွှတ်ပေမည်။ လူသားသည် မိမိ၏ ညီနောင်များ၊ မိခင်၊ ဖခင်၊ ဇနီးမယားနှင့် သားသမီးများမှ မျက်နှာလွှဲ၍ ထွက်ပြေးပေမည်။ လောက၌ ညီနောင်အချင်းချင်း ကူညီရိုင်းပင်းကြသည်။ ထိုညီနောင်များထက် ပိုပြီး ဇနီးမယားနှင့် သားသမီးများကို ပို၍ ပတ်သက်မှုပြုကြပေသည်။ ရှေ့၌ ထို 'ဟရှရ်'ကွင်းပြင်၌ မုအ်မင်န်များနှင့် ကာဖိရ်များ၏ နောက်ဆုံးရလဒ်များကို တင်ပြပြီး စူရာဟ်တော်အား အဆုံးသတ်လိုက်လေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်သတ်က်ဝီရ်

ခေါက်လိပ်ခြင်းကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

إِذَا الشَّمْسُ كُوِّرَتْ ①

၈၁ : ၁ ။ ။ 'နေ'သည် ခေါက်လိပ်ခြင်းကို ခံရသောအခါ (အလင်းရောင် မဲ့သွားသောအခါ။)

وَإِذَا النُّجُومُ انْكَدَرَتْ ②

၈၁ : ၂ ။ ။ ထို့ပြင် ကြယ်တာရာများသည် ကြွေကျကြသောအခါ။

وَإِذَا الْجِبَالُ سُيِّرَتْ ③

၈၁ : ၃ ။ ။ ၄င်းပြင် တောင်များသည် ရွေ့လျားခြင်းကို ခံကြရသောအခါ။

وَإِذَا الْعِشَارُ عُطِّلَتْ ④

၈၁ : ၄ ။ ။ ထို့ပြင် ကိုယ်ဝန်ဆောင ဆယ်လစေ့သော ကုလားအုတ်များသည် (ထိန်းကျောင်းသူမရှိဘဲ) စွန့်လွှတ်ထားခြင်းကို ခံကြရသောအခါ။

وَإِذَا الْوُحُوشُ حُشِرَتْ ⑤

၈၁ : ၅ ။ ။ ထို့ပြင် တောတိရစ္ဆာန်များသည် စုရုံးခြင်းကို ခံကြရသောအခါ။

وَإِذَا الْبِحَارُ سُجِّرَتْ ⑥

၈၁ : ၆ ။ ။ ထို့ပြင် ပင်လယ်သမုဒ္ဒရာများသည် ခြောက်ခ်န်းဆူပွက်စေခြင်းကို ခံကြရသောအခါ။

وَإِذَا النُّفُوسُ زُوِّجَتْ ⑦

၈၁ : ၇ ။ ။ ၄င်းပြင် အသက်ဇီဝိန် (လူ) များသည် တွဲဖက်စုပေါင်းစေခြင်းကို ခံကြရလေသောအခါ။

وَإِذَا الْمَوْءُودَةُ سُئِلَتْ ۝٨

၈၁ : ၈ ။ ။ ၎င်းပြင် အရှင်လတ်လတ် မြှုပ်နှံခြင်းကို ခံခဲ့ရသော သမီးမိန်းကလေးသည် မေးမြန်းခြင်းကို ခံရသော
အခါ။

بِأَيِّ ذَنْبٍ قُتِلَتْ ۝٩

၈၁ : ၉ ။ ။ ၎င်းသည် မည်သည့်အပြစ်ကြောင့် သတ်ဖြတ်ခြင်းကို ခံခဲ့ရသနည်း (ဟု။)

وَإِذَا الصُّحُفُ نُشِرَتْ ۝١٠

၈၁ : ၁၀ ။ ။ ၎င်းပြင် (မှတ်တမ်း) စာရွက်များသည် ဖြန့်ထားခြင်းကို ခံကြရသောအခါ။

وَإِذَا السَّمَاءُ كُشِطَتْ ۝١١

၈၁ : ၁၁ ။ ။ ထို့ပြင် မိုးကောင်းကင်သည် အရေခွာခြင်းကို ခံရသောအခါ (ပွင့်စေခြင်းကို ခံရသောအခါ။)

وَإِذَا الْجَحِيمُ سُعِّرَتْ ۝١٢

၈၁ : ၁၂ ။ ။ ထို့ပြင် 'ဂျဟန္နမ်'ငရဲဘုံသည် မီးညှိခြင်းကို ခံရသောအခါ။

وَإِذَا الْجَحِيمُ سُعِّرَتْ ۝١٣

၈၁ : ၁၃ ။ ။ ထို့ပြင် 'ဂျန္နသ်'သုခဘုံသည် အနီးသို့ ယူဆောင်လာခြင်းကို ခံရသောအခါ။

عَلِمَتْ نَفْسٌ مَّا أَحْضَرَتْ ۝١٤

၈၁ : ၁၄ ။ ။ လူအသီးသီးတို့သည် မိမိတို့ ဆောင်ယူခဲ့ကြသည့် (ကောင်းမှု၊ မကောင်းမှု) တို့ကို သိသွားကြပေလိမ့်မည်။

فَلَا أُقْسِمُ بِالْخُنَّسِ ۝١٥

၈၁ : ၁၅ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် အကြင်နောက်ဆုတ်သော နက္ခတ်တာရာတို့ကို သက်သေထူတော်မူ၏။

الْجَوَارِ الْكُنَّسِ ۝١٦

၈၁ : ၁၆ ။ ။ ထိုနက္ခတ်တာရာများသည် ဖြောင့်မတ်စွာ သွားတတ်သော၊ ကွယ်ပျောက်၍ သွားတတ်သော နက္ခတ်တာရာ
များ ဖြစ်ကြကုန်၏။

وَالَّيْلِ إِذَا عَسْعَسَ ﴿١٧﴾

၈၁ : ၁၇ ။ ။ ၄င်းပြင် (ငါအသျှင်မြတ်သည်) ညဥ့်ကို (သက်သေထူတော်မူ၏။) အကြင်အခါဝယ် ထိုညဥ့်သည် ရောက်ရှိလာ၏။ (ကုန်လွန်သွား၏။)

وَالصُّبْحِ إِذَا تَنَفَّسَ ﴿١٨﴾

၈၁ : ၁၈ ။ ။ ၄င်းပြင် (ငါအသျှင်မြတ်သည်) နံနက်ကို (သက်သေထူတော်မူ၏။) အကြင်အခါဝယ် ယင်းနံနက်သည်လည်း လင်း၍ လာလေ၏။

إِنَّهُ لَقَوْلُ رَسُولٍ كَرِيمٍ ﴿١٩﴾

၈၁ : ၁၉ ။ ။ ဧကန်မလွဲ ဤ (ကုရ်အာန်ကျမ်းတော်မြတ်) သည် မြင့်မြတ်သော စေတမန်တစ်ပါး (ဂျိဗ်ရီးလ်ယူဆောင်လာသော) အာယသ်တော်ပင် ဖြစ်၏။

ذِي قُوَّةٍ عِندَ ذِي الْعَرْشِ مَكِينٍ ﴿٢٠﴾

၈၁ : ၂၀ ။ ။ (ထိုစေတမန်သည်) ခွန်အားကြီးမားသူ၊ 'အရ်ရှ်'ပလ္လင်တော်ကို စိုးပိုင်တော်မူသော အသျှင်မြတ်၏ အပါးတော်၌ ဂုဏ်သရေရှိသူ ဖြစ်ပေသည်။

مُطَاعٍ ثَمَّ أَمِينٍ ﴿٢١﴾

၈၁ : ၂၁ ။ ။ (ထို့ပြင်) ၄င်း (မိုးကောင်းကင်များ) ၌ ဩဇာညောင်းသူ ယုံကြည်စိတ်ချရသူ (လည်း ဖြစ်ပေသည်)

وَمَا صَاحِبُكُم بِمَجْنُونٍ ﴿٢٢﴾

၈၁ : ၂၂ ။ ။ ၄င်းပြင် (ဤ) အသင်တို့၏ အဖော် (မိုဟမ္မဒ်) သည်လည်း ရူးသွပ်သောသူ မဟုတ်ပေ။

وَلَقَدْ رَآهُ بِالْأُفُقِ الْمُبِينِ ﴿٢٣﴾

၈၁ : ၂၃ ။ ။ ၄င်းပြင် ဧကန်မလွဲ ထိုအသင်တို့၏ အဖော်သည် ရှင်းလင်းသော (အရှေ့ဘက်) မိုးကုတ်စက်ဝိုင်း၌ ၄င်းစေတမန်အား တွေ့မြင်ခဲ့ဖူးပေသည်။

وَمَا هُوَ عَلَى الْغَيْبِ بِضَنِينٍ ﴿٢٤﴾

၈၁ : ၂၄ ။ ။ ၄င်းပြင် ထိုအသင်တို့၏ အဖော်သည် အကွယ်၌ရှိသော အရာများ (အနက် အလ္လာဟ်အသျှင်မြတ် အသိပေးတော်မူသော အရာများ) နှင့် စပ်လျဉ်း၍ စေးနှဲသူလည်း မဟုတ်ပေ။

وَمَا هُوَ بِقَوْلِ شَيْطَٰنٍ رَّجِيمٍ ﴿٢٥﴾

၈၁ : ၂၅ ။ ။ ထို့ပြင် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) သည် မည်သည့် နှင်ထုတ်ခြင်းခံရသော ရှိက်သွာန်၏ ပြောဆိုချက်လည်း အလျဉ်း မဟုတ်ပေ။

فَأَيْنَ تَذْهَبُونَ ﴿٢٦﴾

၈၁ : ၂၆ ။ ။ သို့ပါလျက် အသင်တို့သည် အဘယ်သို့ သွားနေကြသနည်း။

إِنْ هُوَ إِلَّا ذِكْرٌ لِّلْعَٰلَمِينَ ﴿٢٧﴾

၈၁ : ၂၇ ။ ။ ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) သည် စကြဝဠာခပ်သိမ်းတို့အဖို့ အဆုံးအမတရားတော်သာလျှင် ဖြစ်ချေသည်။

لِمَن شَآءَ مِنكُمْ أَن يَسْتَقِيمَ ﴿٢٨﴾

၈၁ : ၂၈ ။ ။ (အထူးသဖြင့်) အသင်တို့အနက် ဖြောင့်မတ်စွာ သွားလိုသူတို့၏ အဖို့ (ဖြစ်၏။)

وَمَا تَشَآءُونَ إِلَّآ أَن يَشَآءَ ٱللَّهُ رَبُّ ٱلْعَٰلَمِينَ ﴿٢٩﴾

၈၁ : ၂၉ ။ ။ စင်စစ် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူမှသာလျှင် အသင်တို့သည် အလိုရှိနိုင်ကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

နေမင်းသည် အလင်းရောင်ကင်းမဲ့သွားသောအခါ ၎င်းနောက် ကြယ်တာရာများသည် ကြွေကျကြသောအခါ ၎င်းတောင်များ ရွေ့လျားခြင်းကို ခံကြရသောအခါ ၎င်းနောက် ကိုယ်ဝန်ဆောင် ဆယ်လစေသော ကုလားအုတ်များသည် ထိန်းကျောင်းသူမဲ့ ခုန်ပေါက်နေမည့်အခါ၊ ထို့ပြင် တောရိုင်းတိရစ္ဆာန်များသည် (စိုးရိမ်မှုကြောင့်) အားလုံး စုရုံးခြင်းကို ခံကြရသောအခါ ၎င်းနောက် ပင်လယ်သမုဒ္ဒရာများသည် ခြောက်ခန်းဆူပွက်ခြင်းကို ခံကြရသောအခါ (ဤအဖြစ်အပျက်ခြောက်ခုသည် ပထမ 'စူရ်' တံပိုးမှုတ်သော အချိန်၌ ဖြစ်ရှိလိမ့်မည်။ မည်သည့်အခါ လောကကြီးသည် စည်ကားလျက် ရှိမည်။ ထို 'စူရ်' တံပိုးမှုတ်ခြင်းကြောင့် ဤကဲ့သို့ အပြောင်းအလဲများ ဖြစ်ပေါ်လိမ့်မည်။ ၎င်းအချိန်၌ ကုလားအုတ်များနှင့် အခြားသော တိရစ္ဆာန်များသည် မိမိတို့၏ မူလအခြေအနေအတိုင်း ရှိနေလိမ့်မည်။ အချို့သော တိရစ္ဆာန်များသည် သားကျခါနီး အခြေအနေ၌ ရှိနေလိမ့်မည်။ အာရဗ်လူမျိုးတို့ထံ၌ ထိုကဲ့သို့သော ကုလားအုတ်မများသည် အလွန်အဖိုးတန်၏ ပစ္စည်းစာရင်းဝင်သည့်အတွက် ၎င်းတို့သည် အသေအချာ ဂရုတစိုက်ပင် ၎င်းကုလားအုတ်

များကို သတိထား ထိန်းသိမ်းစောင့်ရှောက်ကြပေသည်။ သို့သော် ထိုအချိန်၌ အုတ်အုတ်ကြွက်ကြွက်ဖြင့် လူတိုင်းလူတိုင်းသည် မည်သူကိုမျှ သတိရှိကြမည် မဟုတ်ပေ။ ၎င်းနောက် တောရိုင်းတိရစ္ဆာန်များသည် လည်း ကြောက်ရွံ့စိုးရိမ်မှုကြောင့် ဟိုဟိုဒီဒီ ပြေးလွှားနေကြလိမ့်မည်။ ၎င်းနောက် ပင်လယ်သမုဒ္ဒရာများတွင် ပထမဦးဆုံး လှိုင်းလုံးများ ပေါ်ပေါက်လာလိမ့်မည်။ ၎င်းနောက် မြေပထဝီ၌ အက်ကွဲမှုများ ဖြစ်ပေါ်လိမ့်မည်။ ထို့အတွက်ကြောင့် ရေချိုနှင့် ရေငန်များသည် တစ်ခုတည်း ပေါင်းစပ်သွားလိမ့်မည်။ ၎င်းအကြောင်းအရာများနှင့် ပတ်သက်၍ ရှေ့လာမည့် စူရာဟ်တော်တွင်

فَاذَا الْبِحَارُ فُجِّرَتْ

ဟူ၍ အမိန့်ရှိထားပေသည်။ တစ်ဖန် ပြင်းထန်စွာ ပူပြင်းမှုကြောင့် ရေအားလုံး မီးကဲ့သို့ ဖြစ်ရှိသွားလိမ့်မည်။ ဖြစ်နိုင်ချေမှာ ပထမဦးဆုံး လေဖြစ်သွားလိမ့်မည်။ တစ်ဖန် လေသည် မီးဖြစ်သွားလိမ့်မည်။ ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် လောကကြီး ပျက်စီးသွားလိမ့်မည်။) ၎င်းနောက် (ရှေ့လာမည့် အဖြစ်အပျက် (၆) ခုသည် ဒုတိယအကြိမ် စူရ်တံပိုးမှုတ်ပြီးနောက် ဖြစ်ရှိလိမ့်မည်။ ၎င်းအကြောင်းအရာများနှင့် ပတ်သက်၍ ဤကဲ့သို့ ဖော်ပြထားပေသည်။) လူတိုင်းလူတိုင်းသည် စုရုံးခြင်းခံကြရလိမ့်မည်။ (ကုဖ္ဖရ် များတစ်ခြား၊ မွတ်စ္စလင်မ်များတစ်ခြား၊ တစ်ဖန် အုပ်စုတိုင်းအုပ်စုတိုင်း သီးခြား ဖြစ်သွားပေမည်။) ၎င်းနောက် အရှင်လတ်လတ် မြေမြှုပ်သတ်ခြင်းခံရသော မိန်းကလေးအား မေးမြန်းခြင်းခံရပေမည်။ ထိုမိန်းကလေးသည် မည်သည့်ပြစ်မှုကြောင့် သတ်ခြင်းခံရသနည်း။ (ထိုမေးမြန်းခြင်း၏ ရည်ရွယ်ချက်မှာ အနိုင်ကျင့်ပြီး မြေမြှုပ်သတ်သော သူများ၏ ပြစ်မှုများ ပေါ်လွင်စေရန် ဖြစ်ပေသည်။) ၎င်းနောက် ကောင်းမှု၊ မကောင်းမှုစာရင်းအား ဖွင့်ပြခြင်းခံရပေမည်။ (သို့မှသာ အားလုံးသည် မိမိတို့၏ ကျင့်စဉ်များကို တွေ့မြင်ကြလိမ့်မည်။ ဥပမာ- အလ္လာဟ်အသျှင်မြတ်သည် يَلْقٰهُ مَنْشُوْرًا ဟူ၍ အမိန့်ရှိထား၍ ဖြစ်သည်။) ထို့ပြင် မိုးကောင်းကင် ပွင့်စေခြင်းကို ခံရသောအခါ (၎င်းပွင့်ပေါ် ခြင်းကြောင့် မိုးကောင်းကင်ပေါ်၌ ရှိသော အရာများကို တွေ့မြင်ကြလိမ့်မည်။ ထိုပွင့်ပေါ်ခြင်းကြောင့် မိုးတိမ်များ ပြိုကျလိမ့်မည်။ ၎င်းအကြောင်းအရာများနှင့် ပတ်သက်၍ (၁၉) ပါရာ

وَيَوْمَ تَشَقَّقُ السَّمَآءُ ــ الخ နှင့် وَ قَالَ الَّذِيْنَ لَا يَرْجُوْنَ

အာယသ်တော်များ၌ ဖော်ပြထားပေသည်။) ၎င်းနောက် 'ဂျဟန္နမ်'ငရဲဘုံသည် (လွန်စွာ) တောက်လောင် လောင်မြိုက်ခြင်းကို ခံရသောအခါ ၎င်းနောက် 'ဂျန္နသ်'ကို အနီးအနားသို့ ယူဆောင်လာခြင်းကို ခံရသောအခါ (ဥပမာ- စူရာဟ်ကွာဖ်တွင်

وَاُزْلِفَتِ الْجَنَّةُ لِلْمُتَّقِيْنَ

ဟူ၍ လာရှိထားသည့်အတိုင်း ဖြစ်သည်။ ဤအဖြစ်အပျက်များအားလုံး ပထမစူရ်တံပိုးမှုတ်ခြင်းနှင့် ဒုတိယစူရ်တံပိုး မှုတ်ခြင်း ကာလ၌ ဖြစ်ပေါ်လိမ့်မည်။ ထိုအချိန်၌) လူတိုင်းလူတိုင်းသည် မိမိတို့

ပြုလုပ်ခဲ့သော ကျင့်စဉ်များကို သိရှိကြလိမ့်မည်။ (၎င်းနောက် ဤကဲ့သို့သော ကြောက်ရွံ့ ထိတ်လန့်ဖွယ် ရာ အဖြစ်အပျက်များ ဖြစ်ပေါ်လာမည်ဖြစ်ရာ) သို့ရှိရာ (ငါအသျှင်မြတ်သည် ငြင်းပယ်သော သူများကို ထိုအကြောင်းအရာများ၏ အခြေအမြစ်ကို ပြသတော်မူပေမည်။ အမှန်တရားကို ထောက်ခံသောသူများအတွက် ထိုအကြောင်းအရာများကို လက်ခံနိုင်ရန် အသင့်ရှိစေပေမည်။ ဤအမိန့်နှစ်ခု စလုံးသည် ကုရ်အာန်ကျမ်း တော်မြတ်ကို ထောက်ခံခြင်း၊ ၎င်းအပေါ်မှာ လိုက်နာကျင့်သုံးခြင်းဖြင့် ရရှိနိုင်ပေသည်။ ထိုအကြောင်း အရာများတွင် အမိန့်ပညတ်ချက်များကို အတည်ဖြစ်စေခြင်းနှင့် အောင်မြင်မှု လမ်းများလည်း ရှိပေသည်။ ဤအတွက်ကြောင့်) ငါအသျှင်မြတ်သည် ကြယ်တာရာများကို သက်သေထူ၍ ကျိန်ဆိုပေသည်။ အကြင် ကြယ်တာရာများသည် (ပုံမှန်သွားလာနေရင်း) နောက်သို့ ဆုတ်သွားပေမည်။ (တစ်ဖန် နောက်ဘက်သို့ ဦးတည်၍) သွားလာနေမည်။ (တစ်ခါတစ်ရံ နောက်ဘက်သို့ ဆုတ်ခွာလျက် မိမိထွက်ပေါ်သော နေရာ၌) ပျောက်ကွယ်သွားလိမ့်မည်။ (ဤသည် ကြယ်တာရာငါးခုအပေါ်၌ ဖြစ်ပေါ်ပေသည်။ တစ်ခါတစ်ရံ ပုံမှန် သွားလာနေသည်။ တစ်ခါတစ်ရံ နောက်ဘက်သို့ ဆုတ်ခွာသွားပေသည်။ ထိုကြယ်တာရာငါးခုကို 'ဇုဟလ်'၊ 'မွတ်ရှ်သရီ' 'အသွာရစ်ဆ်' 'မရီးခ်' 'ဇွဟ်ရဟ်') ကုန်ဆုံးသွားမည့် ညကို သက်သေထူ၍ ၎င်းနောက် လာမည့် နံနက်ခင်းကို သက်သေထူ၍ ကျိန်ဆိုပေသည်။

(ရှေ့လာမည့် အကြောင်းအရာများသည် ကျိန်ဆိုတင်ပြရသည့် အဓိကအကြောင်းအရာများ ဖြစ်ပေ သည်။) ဤကုရ်အာန်ကျမ်းတော်မြတ်သည် (အလ္လာဟ်အသျှင်မြတ်၏) မြင့်မြတ်လှသော ဖရစ်ရှ်သာဟ် တစ်ပါး (ဆိုလိုသည်မှာ ဟဇရသ်ဂျိဗ်ရာအီးလ် ﷺ) ယူဆောင်လာသော မိန့်ခွန်းတော်များ ဖြစ်ပေသည်။ (ဥပမာ- စူရာဟ်နဂ်မ်၌ عَلَّمَهٗ شَدِيْدُ الْقُوٰى ဟူသော အာယသ်တော်၌ တင်ပြခဲ့ပြီးဖြစ်သည်။ ၎င်းနောက်) ဤကျမ်းတော်မြတ်သည် 'အရ်ရှ်'တော်ကို စိုးပိုင် ပိုင်စိုးတော်မူသော အသျှင်မြတ်၏ ထံတော်ပါး၌ အလွန် မြင့်မြတ်သော ကျမ်းဂန်ဖြစ်ပေသည်။ (၎င်းနောက်) ထိုနေရာ၌ (ဆိုလိုသည်မှာ မိုးကောင်းကင်တွင်) သြဇာညောင်းသူ (ဆိုလိုသည်မှာ ဖရစ်ရှ်သာဟ်များသည် ထိုမြင့်မြတ်လှသော ဖရစ်ရှ်သာဟ်၏ အမိန့်များ ကို လက်ခံကျင့်သုံးကြပေသည်။ ဥပမာ- 'မိအ်ရားဂျ်' ညဥ့်နှင့် ပတ်သက်သော ဟဒီးစ်တော်ဖြင့် သိရှိရ သည်မှာ ထိုမြင့်မြတ်လှသော ကောင်းကင်တမန်တော် ဂျိဗ်ရာအီးလ် ﷺ ၏ မိန့်တော်မူခြင်းကြောင့် ဖရစ်ရှ် သာဟ်များသည် မိုးကောင်းကင်၏ တံခါးပေါက်များ ဖွင့်ပေးခဲ့လေသည်။ ၎င်းနောက်) သစ္စာရှိသော သူလည်း ဖြစ်သည်။ ('ဝဟီ'ဗျာဒိတ်တော်ကို မှန်မှန်ကန်ကန် ပို့ချပေးလေသည်။ 'ဝဟီ'ဗျာဒိတ်တော်ကို ယူဆောင်လာသောသူသည် ဤကဲ့သို့သာ ဖြစ်ရမည်။)

၎င်းနောက် (ရှေ့ဖော်ပြမည့် အကြောင်းအရာများသည် 'ဝဟီ'ဗျာဒိတ်တော် ချပေးခြင်းခံရသော သူနှင့် ပတ်သက်၍ မိန့်တော်မူထားခြင်း ဖြစ်ပေသည်။) အသင်တို့နှင့်အတူ နေထိုင်သောသူသည် (မိုဟမ္မဒ် ﷺ နှင့်ပတ်သက်၍ အသင်တို့ ကောင်းစွာ သိရှိကြပေသည်။) ရူးသွပ်သောသူ (ဥပမာ- တမန်တော် မြတ် ﷺ ၏ နဗီဖြစ်ကြောင်းကို ငြင်းပယ်သော သူများက ဤကဲ့သို့ ပြောဆိုကြသည်။) လည်း မဟုတ်

ပေ။ ထိုအသင်တို့၏ အဖော် နဗီတမန်တော်မြတ်သည် 'ဝဟီ'ယူဆောင်လာပေးသော ဖရစ်ရှ်သာဟ်အား (မူရင်းပုံစံဖြင့် မိုးကောင်းကင်၏) ရှင်းလင်းသော မိုးကုတ်စက်ဝိုင်း အစွန်အဖျားပေါ်၌ တွေ့မြင်ခဲ့ပေသည်။ (ရှင်းလင်းသော အစွန်အဖျား ဆိုသည်မှာ ရှင်းလင်းစွာ တွေ့မြင်နိုင်သော မြင့်မားသည့် အစွန်အဖျားကို ဆိုလိုပေသည်။ ဥပမာ- စူရာဟ် 'နဂ်မ်'၏ وَهُوَ بِالْأُفُقِ الْأَعْلَى ဟူသော အာယသ်တော်၌ ၎င်းအကြောင်းအရာများနှင့် ပတ်သက်၍ စူရာဟ် 'နဂ်မ်'တွင် အကျယ်တဝင့် ဖော်ပြထားပေသည်။) ဤတမန်တော်သည် ဖုံးကွယ်နေသော ('ဝဟီ'ဗျာဒိတ်တော်ဖြင့် ပြသခြင်းခံရသော) စကားများကို စေးနည်းတွန့်တိုသောသူလည်း မဟုတ်ပေ။ (ဥပမာ- ဗေဒင်ဆရာများ၏ အကျင့်မှာ အဖိုးအခယူပြီး အချို့သော အချက်များကိုသာ ပြသပေသည်။ ထိုအာယသ်တော်ဖြင့် တမန်တော်မြတ် ﷺ ဗေဒင်ဟောဆရာ မဟုတ်ကြောင်းကို သိရှိရပေသည်။ ၎င်းနောက် တမန်တော်မြတ် ﷺ အား မိမိ၏ အလုပ်နှင့် ပတ်သက်၍ အဖိုးအခယူခြင်းကိုလည်း တားမြစ်ထားပေသည်။) ၎င်းနောက် ကုရ်အာန်ကျမ်းတော်မြတ်သည် နှင်ထုတ်ခြင်းခံရသော ရှိုက်သွာန်၏ ပြေပြစ်သော စကားများ မဟုတ်ပေ။ (ထိုအာယသ်တော်ဖြင့် ဗေဒင်ဟောဆရာ မဟုတ်ကြောင်းကို ပို၍ လေးနက်စေသည်။

အချုပ်မှာ တမန်တော်မြတ် ﷺ သည် သူရူးမဟုတ်ပေ။ ဗေဒင်ဆရာလည်း မဟုတ်ပေ။ ရည်ရွယ်ချက် မှျော်လင့်ချက်တစ်ခုခုဖြင့် အလုပ်လုပ်နေသူလည်း မဟုတ်ပေ။ 'ဝဟီ'ဗျာဒိတ်တော်ကို ယူဆောင်လာသော သူကိုလည်း သိရှိပေသည်။ ၎င်းနောက် 'ဝဟီ'ယူဆောင်လာသောသူသည် ဤသို့၊ ဤသို့သော ဂုဏ်ဒြပ်များနှင့် ရှိနေရာ ဤကျမ်းစာအုပ်သည် အလ္လာဟ်အသျှင်မြတ်၏ မုကွဲပါဠ်တော်ဖြစ်ပြီး တမန်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်းကို သိရှိရပေသည်။ ဤကျိန်ဆိုမှုများအားလုံးသည် တင်ပြလိုသော အရာများအ တွက် အလွန်သင့်လျော်သော ကျိန်ဆိုမှုများ ဖြစ်ပေသည်။ ကြယ်တာရာများ မှန်မှန်သွားခြင်း လာခြင်းနှင့် ဖုံးကွယ်ခြင်းတို့သည် ဖရစ်ရှ်သာဟ်များသွားခြင်း၊ လာခြင်းနှင့် ဖရစ်ရှ်သာဟ်များ၏ အထက်မိုးကောင်းကင် လောကသို့ သွားရောက်ပြီး ပုန်းကွယ်နေခြင်းသည် တူညီနေပေသည်။ ၎င်းနောက် ညကုန်ဆုံး၍ နံနက်ခင်းဖြန့်၍ ရောက်ရှိလာခြင်းတို့သည် ကုရ်အာန် ကျမ်းတော်မြတ်ကြောင့် ကုဖွ်ရ်၊ ရှရစ်က်၏ အမှောင်ထု ပျောက်ကွယ်ကာ 'ဟေဒါယသ်'တရားလမ်းမှန်၏ အလင်းတရား ပေါ်လွင်လာခြင်းနှင့် တူညီမှု ရှိပေသည်။

သို့ရှိရာ အသင်တို့သည် (ထိုအကြောင်းအရာများတွင် တမန်တော်မြတ်၏ နဗီဖြစ်ခြင်းကို ငြင်းဆန်၍) အဘယ်သို့ သွားနေကြသနည်း။ ဤကုရ်အာန်ကျမ်းတော်မြတ်သည် (ခြုံငုံသောအားဖြင့်) လောက၌ ရှိသော သူများ အားလုံးအတွက် ကြီးမားသော ဆုံးမစာတစ်ရပ် ဖြစ်ပေသည်။ (အထူးသဖြင့်) ဤကဲ့သို့သော သူများအတွက် အကြင်သူသည် ဖြောင့်မတ်မှန်ကန်သော လမ်းအပေါ် လျှောက်လှမ်းသူတို့အဖို့ ဖြစ်ပေသည်။ (လူအများအားလုံးအတွက် 'ဟေဒါယသ်'ဆိုသည်မှာ ထိုသူများအား ဖြောင့်မတ်မှန်ကန်သော လမ်းကို ပြသပေးခြင်း၊ ၎င်းမုအ်မင်န်နှင့် ကြောက်ရွံ့သော သူများအတွက် 'ဟေဒါယသ်' ဆိုသည်မှာ ထိုသူများ

အား ရည်ရွယ်ချက်ပန်းတိုင်အဲ့ထိ ရောက်အောင် ပေးပို့ခြင်းကို ဆိုလိုပေသည်။) ၎င်းနောက် (အချို့သော သူများ ဆုံးမစကားမနာခံခြင်းဖြင့် ထိုအသျှင်မြတ်၏ ဆုံးမစာဖြစ်ခြင်း၌ သံသယဖြစ်စရာ မလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော်) အသင်တို့သည် လောကကြီးကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အလိုရှိ တော်မူမှသာလျှင် အသင်တို့သည် အလိုရှိနိုင်ကြပေမည်။ (ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းမြတ်သည် မိမိ ပင်ကိုယ်အရမူ ဆုံးမ စကားဖြစ်ပေသည်။ သို့သော် စူးရှထိရောက်မှုသည် ထိုအသျှင်မြတ်၏ နှစ်သက်ကျေနပ် မှုအပေါ် မူတည်နေပေသည်။ အချို့ဆုံးမစကားသည် အချို့သောသူများနှင့် ပတ်သက်နေပေမည်။ အချို့သော သူများအတွက် ဉာဏ်အမြော်အမြင်တော် တစ်ရပ်ရပ်ကြောင့် မပတ်သက်သည်လည်း ရှိချေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اِذَا الشَّمْسُ كُوِّرَتْ

كُوِّرَتْ သည် 'သက်ဝီးရ်'ဆိုသော ပုဒ်မှ ဆင်းသက်လာပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'အလင်း ရောင်ကင်းမဲ့ခြင်း' ဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်ပေသည်။ ဟစန်ဗဆွရီ (ရဟ) ၏ ဖွင့်ဆိုချက်မှာ ဤကဲ့သို့ပင် ဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'ထည့်ခြင်း၊ လွှင့်ပစ်ခြင်း'ဟူသော အဓိပ္ပာယ်ကိုလည်း သုံးနှုန်း၍ ရပေသည်။ ရဗီးအ်ဗင်န်ခိုင်စမ် (ရဟ) ၏ ဖွင့်ဆိုချက်မှာ ဤကဲ့သို့ပင် ဖြစ်ပေသည်။ ၎င်း၏ အလိုသဘောမှာ နေမင်းကို ပင်လယ်ထဲသို့ ထည့်ခြင်း ခံရလိမ့်မည်။ အကြင်နေမင်း၏ အပူရှိန်ကြောင့် ပင်လယ်ရေအားလုံး မီးဖြစ်သွားလိမ့်မည်။ ထိုဖွင့်ဆိုချက်နှစ်ခုစလုံး၌ မည်သည့်ဆန့်ကျင်ဘက်မရှိပေ။ ပထမဦးဆုံး နေမင်းကို အလင်းရောင်ကင်းမဲ့စေမည်။ တစ်ဖန် ထိုနေမင်းကို ပင်လယ်ထဲသို့ ထည့်လိုက်မည်။

ဘိုခါရီကျမ်း၌ ဟဇရသ် အဘူဟုရိုင်ရာဟ် ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန် တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ကေယာမသ်' နေ့၌ နေမင်းနှင့် လသည် ပင်လယ်ထဲသို့ ထည့်ခြင်း ခံရလိမ့်မည်။ မွတ်စ်နဒ်ဗဇားရ်ကျမ်း၌ ထို့နောက် ၎င်းတို့ကို 'ဂျဟန္နမ်'ငရဲဘုံထဲသို့ ထည့်ခြင်း ခံရလိမ့်မည် ဟူ၍ လာရှိထားပေသည်။ အိဗ်နေအဗီဟာသင်မ် (ရဟ)၊ အိဗ်နေအဗီဒွန္နယာဟ် (ရဟ)၊ အဗူရှိုင်းခ် (ရဟ) တို့က ထိုအာယသ်တော်များနှင့် ပတ်သက်၍ ဤကဲ့သို့ ဆင့်ပြန်ထားပေသည်။ အလ္လာဟ်အသျှင်မြတ် သည် 'ကေယာမသ်'နေ့၌ နေ၊ လနှင့် ကြယ်တာရာများအားလုံးကို ပင်လယ်ထဲသို့ ထည့်လိုက်ပေမည်။ ထိုပင်လယ်ပြင်အပေါ်မှ လေကို ပြင်းထန်စွာ တိုက်ခိုက်စေမည်။ ထိုသို့ တိုက်ခိုက်စေခြင်းကြောင့် ပင်လယ် ပြင်တစ်ခုလုံးသည် မီးပင်လယ် ဖြစ်သွားပေမည်။ ဤအတွက်ကြောင့် နေနှင့် လကို ပင်လယ်ထဲသို့ ထည့်သွင်း မည်ဆိုခြင်းမှာလည်း မှန်ကန်သလို 'ဂျဟန္နမ်'ထဲ ထည့်သွင်းမည်ဆိုခြင်းမှာလည်း မှန်ကန်ပေသည်။ အဘယ် ကြောင့်ဆိုသော် ထိုအချိန်၌ ပင်လယ်ပြင်တစ်ခုလုံး 'ဂျဟန္နမ်'ငရဲဘုံ ဖြစ်သွားလိမ့်မည်။

[မဇ္ဇဟရီကျမ်း၊ ကုရ်သုဗီကျမ်း။]

وَاِذَا النُّجُوْمُ انْكَدَرَتْ

اِنْكَدَرَتْ သည် انكدر ဆိုသော် ပုဒ်မှ ဆင်းသက်လာသည်။ ၎င်း၏ အဓိပ္ပာယ်မှာ ပြုတ်ကျခြင်းဖြစ်သည်။ နောက်ပိုင်းပညာရှင်များထံမှ ဤသည့် ဖွင့်ဆိုချက်ကိုပင် ဆင့်ပြန်ထားပေသည်။ ၎င်း၏ ဆိုလိုမှုမှာ ကြယ်တာရာများအားလုံး ပင်လယ်ထဲသို့ ပြုတ်ကျလိမ့်မည်ဟူ၍ ဖြစ်သည်။ ဥပမာ- အထက်၌ တင်ပြပါ ဆင့်ပြန်ချက်များ၌ ထိုအကြောင်းအရာများနှင့် ပတ်သက်၍ အကျယ်တဝင့် ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

وَاِذَا الْعِشَارُ عُطِّلَتْ

ဤအာယသ်တော်သည် အာရဗ်၏ ဓလေ့နှင့်အညီ ဥပမာတစ်ရပ်အဖြစ် ဖော်ပြထားပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအာယသ်တော်၏ အလျင်ဦးဆုံး ရည်ညွှန်းတင်ပြခံရသူများမှာ အာရဗ်လူမျိုးများသာ ဖြစ်၍ နေပေသည်။ ၎င်းတို့သည် ကိုယ်ဝန် (၁၀) လသား ကုလားအုတ်မသည် အလွန်တန်ဖိုးရှိသည်ဟု မှတ်ယူကြပေသည်။ ထိုကိုယ်ဝန် (၁၀) လရှိသော ကုလားအုတ်မမှ ကုလားအုတ်ငယ်နှင့် နို့များ ရရန် စောင့်မျှော်နေကြပေသည်။ ထိုကုလားအုတ်များ၏ အမြီးကို ဆွဲပြီး လည်ပတ်ကြပေသည်။ ထိုကုလားအုတ်ကို မည်သည့်အခါမျှ မစွန့်လွှတ်ပေ။

وَاِذَا الْبِحَارُ سُجِّرَتْ

سُجِّرَتْ ဆိုသည်မှာ تسجير 'သက်စိဂျီးရ်' ဆိုသော ပုဒ်မှ ဆင်းသက်လာပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ မီးရှို့ခြင်းဖြစ်ပေသည်။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သည် ဤနေရာ၌ ဤအဓိပ္ပာယ်ကိုသာ ဆောင်ထားပေသည်။ ၎င်း၏ နောက်အဓိပ္ပာယ်တစ်ရပ်မှာ ဖြည့်ဆည်းပေးခြင်း၊ ရောနှောခြင်း ဆိုသော အဓိပ္ပာယ်ကိုလည်း သုံးနှုန်း၍ ရပေသည်။ အချို့သော သစ်စီးရ်ပညာရှင်များက ဤသည့် အဓိပ္ပာယ်ဖြင့်ပင် ဖွင့်ဆိုထားပေသည်။ အမှန်စင်စစ်၌ ထိုအချက် (၂) ချက်တွင် မည်သည့်ကွဲလွဲမှုမှ မရှိပေ။ ပထမဦးဆုံး ပင်လယ်နှင့် ရေချိုများကို တစ်ခုတည်း ပေါင်းစပ်လိုက်မည်။ ကြား၌ ရှိသော အတားအဆီးများကို ဖယ်ရှားပေးလိုက်မည်။ ယင်းကြောင့် ရေချိုများနှင့် ရေငန်များ ရောသွားလိမ့်မည်။ ရေလည်း များသွားပေလိမ့်မည်။ တစ်ဖန် နေမင်း၊ လနှင့် ကြယ်တာရာများ အားလုံး ထိုပင်လယ်ထဲသို့ ထည့်ခြင်း ခံရပေမည်။ တစ်ဖန် ထိုရေများအားလုံး မီးဖြစ်သွားလိမ့်မည်။ အကြင်မီးသည် 'ဂျဟန္နမ်'ငရဲဘုံ၏ အစိတ်အပိုင်း ဖြစ်သွားပေမည်။ *[မဇ္ဇဟရီကျမ်း]*

وَاِذَا النُّفُوْسُ زُوِّجَتْ

ဆိုလိုသည်မှာ 'ဟရှရ်'ကွင်းပြင်၌ အသင့်ရှိသောသူများအားလုံး အစုလိုက်၊ အစုလိုက် ပြုလုပ်ခြင်းခံရပေမည်။ ဤအုပ်စုများကို အီမာန်နှင့် 'အမလ်'များကို အကြောင်းခံ၍ ပြုလုပ်လိမ့်မည်။ ကာဖိရ်သီးခြား၊ မုအ်မင်န်သီးခြား ဖြစ်သွားပေမည်။ တစ်ဖန် ကာဖိရ်နှင့် မုအ်မင်န်များတွင် 'အအ်မာလ်'နှင့် အကျင့်

စရိုက်များကြောင့် အဆင့်ခွဲထားပေသည်။ ထို 'အအ်မာလ်'ကြောင့် ကာဖိရ်များ၊ အုပ်စုအများကြီး ဖြစ်သွားပေမည်။ ဤကဲ့သို့သော မွတ်စ္စလင်မ်များ၌လည်း 'အကီဒဟ်'ယုံကြည်ချက်ပိုင်းဆိုင်ရာနှင့် 'အအ်မာလ်'များကို အကြောင်းခံ၍ အုပ်စုများ ဖြစ်ပေါ်လာမည်။ ဥပမာ- ဗိုင်ဟကီကျမ်း၌ ဟဇရသ် နုအ်မာန်ဗင်န် ဗရှီးရ် رضي الله عنه သခင်က ဟဇရသ်အုမရ်ဗင်နိခတ္တာဗ် رضي الله عنه သခင်ထံမှ ဆင့်ပြန်ပြောပြချက်ကို တင်ပြပေသည်။ အကြင်သူများသည် ကောင်းသော 'အအ်မာလ်' (သို့) မကောင်းသော 'အအ်မာလ်'တစ်ခုခုအား ပြုလုပ်မည်ဆိုလျှင် ထိုကဲ့သို့သော သူများအား တစ်နေရာတည်း၌ စုရုံးစေမည်။ ဥပမာ- ကောင်းသော မွတ်စ္စလင်မ်များ၌ သာသနာ့ပညာရပ်များ၌ ထိန်းသိမ်းစောင့်ရှောက်နေသော အိုလမာပညာရှင်များအား တစ်နေရာ၊ ဒွန်နယာလောကို မခင်တွယ်သော ဇုဟ္ဒဟ်များအား တစ်နေရာ၊ စစ်တိုက်သော သူရဲကောင်းများအား တစ်နေရာ၊ အလှူဒါန အလွန်ပြုလုပ်သူများအား တစ်နေရာ၊ စုရုံးစေမည်။ ဤကဲ့သို့ မကောင်းသော 'အအ်မာလ်' ပြုလုပ်သူများ သီးသန့် 'ဂိုနာဟ်'များ၌ ပါဝင်သော သူများအား တစ်နေရာ စုရုံးစေမည်။

တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ဟရှရ်'ကွင်းပြင်တွင် လူတိုင်းလူတိုင်းသည် မိမိတို့၏ မျိုးနွယ်ဝင် အုပ်စုများနှင့်အတူ ရှိနေမည်။ (သို့သော် ဤအုပ်စုဆိုသည်မှာ မျိုးနွယ်ဝင်နှင့် နေထိုင်သော (ဇာတိမြေကို အခြေခံ၍ ကွဲပြားစေမည် မဟုတ်ပေ။ သို့သာမက 'အမလ်'နှင့် ယုံကြည်ချက်ပိုင်းဆိုင်ရာကြောင့် အုပ်စုများ ဖြစ်လိမ့်မည်။) ကောင်းသော 'အမလ်'ပြုလုပ်သူများအား တစ်နေရာ၊ မကောင်းသော 'အမလ်'ပြုလုပ်သူများအား တစ်နေရာ စုရုံးစေမည်။ ထိုအချက်အပေါ်၌ ကုရ်အာန်အာယသ်တော်၏ အထောက်အထားဖြင့် မိန့်တော်မူပေသည်။ ၄င်းမှာ-

وَكُنْتُمْ اَزْوَاجًا ثَلٰثَةً

ဟူသော အာယသ်တော် ဖြစ်ပေသည်။ ဆိုလိုသည်မှာ 'ကေယမသ်'နေ့၌ လူများ ကြီးမားသော အုပ်စုသုံးစု ဖြစ်ရှိသွားပေလိမ့်မည်။ စူရာဟ် 'ဝါကေအဟ်'၏ အာယသ်တော်၌ ထိုအကြောင်းအရာနှင့် ပတ်သက်၍ အကျယ်တဝင့် ဤကဲ့သို့ လာရှိပေသည်။ ပထမအုပ်စုမှာ ရှေးသူဟောင်း သူကောင်းအုပ်စုများ ဖြစ်၍ ဒုတိယအုပ်စုမှာ လက်ယာဘက်သားများ ဖြစ်မည်။ ၄င်းအုပ်စုနှစ်စုစလုံးမှာ အောင်မြင်မှု ရရှိမည့်သူများ ဖြစ်ရှိလိမ့်မည်။ တတိယအုပ်စုမှာ လက်ဝဲဘက်သားများ အုပ်စုဖြစ်လိမ့်မည်။ အကြင်အုပ်စု၌ ကာဖိရ်ငြင်းပယ်သူများနှင့် 'ဖုဂျာရ်'သူယုတ်မာများ ပါဝင်ပေမည်။

وَاِذَا الْمَوْءٗدَةُ سُئِلَتْ

موءدة 'မောင်ဟူဒါဟ်'ဆိုသည်မှာ အရှင်လတ်လတ် မြေမြှုပ်ခြင်းခံရသော မိန်းကလေးကို ခေါ်ဆိုပေသည်။ ဥပမာ- အရဗ်များ၏ အမှောင်ခေတ်ကာလ၌ ဤကဲ့သို့ ဓလေ့ ရှိပေသည်။ မိန်းကလေးကို မိမိတို့အတွက် ဂုဏ်နိမ့်ဖွယ်၊ အရှက်ရဖွယ်အဖြစ် သတ်မှတ်ကြသည်။ ထိုမိန်းကလေးများအား အရှင်လတ်လတ် မြေမြှုပ်လိုက်ကြသည်။ အစ္စလာမ်သာသနာတော်က ဤဓလေ့အား ပယ်ဖျက်လေသည်။ ထို

အာယသ်တော်၌ 'ကေယာမသ်'နေ့၌ 'ဟရှရ်'ကွင်းပြင်၏ အခြေအနေများအား တင်ပြထားပေသည်။ အရှင်လတ်လတ် မြေမြှုပ်ခြင်းခံရသော မိန်းကလေးအား မေးမြန်းခြင်း ခံရပေမည်။ မည်သည့်အပြစ်ကြောင့် အသင်မတို့ အသတ်ခံရပါသနည်း။ ၄င်းအချက်သည်လည်း ပေါ်လွင်နေပေသည်။ မေးမြန်းခြင်း၏ ရည်ရွယ်ချက်မှာ ဤမိန်းကလေးသည် မိမိ၏ အပြစ်မဲ့ခြင်းနှင့် ညှဉ်းပန်းနှိပ်စက် ခံရမှုအား အလ္လာဟ်အသျှင်မြတ်ထံတော်၌ ပြည့်ပြည့်ဝဝ လျှောက်ထားနိုင်ရန် ဖြစ်ပေသည်။ သို့မှသာ မိန်းကလေးကို သတ်သော သူများအား ပြန်လည်အစားပေးမည့် အချက်သည် ဖြစ်နိုင်ပေသည်။ မြေမြှုပ်၍ သတ်ခြင်းခံရသော မိန်းကလေးနှင့် ပတ်သက်၍ သတ်သောသူများအား ထိုမိန်းကလေးကို မည်သည့်ပြစ်မှုကြောင့် သတ်ခံကြသနည်းဟူ၍ မေးမြန်းခြင်း ခံရပေမည်ဟူသော အလိုသဘောလည်း ဖြစ်နိုင်ပေသည်။

အရေးကြီးသော အကျိုးကျေးဇူးများ

ဤနေရာ၌ မေးခွန်းတစ်ခု ပေါ်ပေါက်လာပေသည်။ 'ကေယာမသ်' ဆိုသည်မှာ 'ယောင်မွလ်ဟေစားဗ်' (စာရင်းအင်းစစ်ဆေးမည့်နေ့) 'ယောင်မွလ်ဂျဇားအ်' (အစားပေးမည့်နေ့) နှင့် 'ယောင်မွလ်ဒီးန်' (စုရုံးမည့်နေ့) ကို ခေါ်ဆိုပေသည်။ ထိုနေ့၌ လူတိုင်းလူတိုင်းကို မိမိတို့ပြုလုပ်ခဲ့သော 'အအ်မာလ်'လုပ်ရပ်များနှင့် ပတ်သက်၍ မေးမြန်းလိမ့်မည်။ ဤအာယသ်တော်၌ 'ကေယာမသ်'နေ့နှင့် ပတ်သက်၍ အရှင်လတ်လတ် မြေမြှုပ်၍ သတ်ခြင်းခံရသော မိန်းကလေးနှင့် ပတ်သက်၍ မေးမြန်းမည့် အကြောင်းအရာများကို အရေးတကြီးနှင့် သီးသန့်တင်ပြမှု၌ မည်သည့်အကျိုးကျေးဇူးများ ရှိသနည်း။ ယင်းကို သီးသန့်တင်ပြခြင်းနှင့် ပတ်သက်၍ စဉ်းစားတွေးတောခြင်းဖြင့် သိရှိရသည်မှာ ဤညှဉ်းပန်းနှိပ်စက်ခြင်း ခံရသော မိန်းကလေးအား သူမ၏ မိဘနှစ်ပါးက သတ်ဖြတ်ခဲ့ပေသည်။ ထိုမိန်းကလေး၏ အသက်သွေးအပေါ် အစားပေးရန် တောင်းဆိုမည့်သူ မည်သူတစ်ဦးတစ်ယောက်မျှ မရှိချေ။ အထူးသဖြင့် ပုန်းလျှိုးကွယ်လျှိုး မြေမြှုပ်သင်္ဂြိုဟ်ခဲ့သော ၄င်းမိန်းကလေးနှင့် စပ်လျဉ်း၍ သက်သေပေးနိုင်လောက်အောင် သိပင် သိရှိလိမ့်မည်မဟုတ်ပေ။ 'ဟရှရ်'ကွင်းပြင်တွင် တရားမျှတစွာ စီရင်ဆုံးဖြတ်မည့် အလ္လာဟ်အသျှင်မြတ်၏ ခုံရုံးတော်ရှိလိမ့်မည်။ ထိုအသျှင်မြတ်သည် ဤကဲ့သို့ မတရားပြုလုပ်သူများအား ဖော်ထုတ်ပေးလိမ့်မည်။ အကြင်မိန်းကလေး၏ မတရားပြုလုပ်ခြင်းခံရမှုအပေါ် မည်သည့်သက်သေမှ မရှိပေ။ ၄င်းမတရားပြုလုပ်ခြင်းခံရသော မိန်းကလေးအား မည်သူမှ အခြေအနေ မေးမြန်းခြင်းမရှိပေ။

(၄) လ နောက်ပိုင်း ကိုယ်ဝန်ဖျက်ချခြင်းသည် လူသတ်မှု၏ အမိန့်၌ ပါဝင်ခြင်း

ဓမ္မသတ် ။ ။ ကလေးများအား မြေမြှုပ်သတ်ခြင်းနှင့် သတ်ဖြတ်ခြင်းသည် ကြီးမားသော 'ဂိုနာဟ်'နှင့် ကြီးမားသော ညှဉ်းပန်းနှိပ်စက်မှု ဖြစ်ပေသည်။ (၄) လနောက်ပိုင်းတွင် ကိုယ်ဝန်တစ်ခုခုအား ဖျက်ချမည်ဆိုလျှင် ထိုအမိန့်၌ အကျုံးဝင်သွားပေသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်ဝန် (၄) လ ကာလ၌ ဝိညာဉ်

သွတ်သွင်းခြင်း ခံရပေသည်။' ထို (၄) လသားအရွယ်သည် အသက်ရှင်သော လူတစ်ယောက်၏ အမိန့်၌ အကျုံးဝင်ပေသည်။ ဤအတိုင်းပင် အကယ်၍ အကြင်သူသည် ကိုယ်ဝန်ဆောင်အမျိုးသမီး၏ ဝမ်းဗိုက် ကိုယ်ဝန်အား ရိုက်လိုက်မည်။ ထိုရိုက်နှက်မှုကြောင့် ကလေးပျက်ကျသွားမည်ဆိုလျှင် ထိုရိုက်သောသူအပေါ်၌ လျော်ကြေး၊ ဆိုလိုသည်မှာ ကျွန်တစ်ယောက် သူကောင်းပြုရန်၊ (သို့) ထိုကျွန်၏ တန်ဖိုးပေးလျော်ရန် 'ဝါဂျိဗ်'ဖြစ်သည်ဟု ပညာရှင်များ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ကြသည်။ အကယ်၍ ဝမ်းဗိုက်မှ အပြင်သို့ ပျက်ကျသော အချိန်တွင် ကလေးသည် အသက်ရှင်နေပေမည်။ တစ်ဖန် သေဆုံးသွားခဲ့သော် ထိုကလေး၏ လျော်ကြေးသည် လူကြီးတစ်ယောက်၏ လျော်ကြေးကဲ့သို့ အပြည့်အဝ ပေးဆောင်ရန် 'ဝါဂျိဗ်'ဖြစ်ပေသည်။ (၄) လထက် အလျင် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ကိုယ်ဝန်ဖျက်ချလျှင်လည်း 'ဟရာမ်'ဖြစ်သည်။ သို့သော် ပထမပုံစံထက် အနည်းငယ် လျော့ပေသည်။ အဘယ်ကြောင့်ဆိုသော် ဒုတိယပုံစံ၌ အသက်ရှိသော လူတစ်ယောက်အား သတ်ဖြတ်ခြင်း မမည်သောကြောင့် ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

ဗမ္မသတ် ။ ။ သန္ဓေမတည်နိုင်စေသည့် ပုံသဏ္ဌာန်တစ်ခုခုအား ကျင့်သုံးခြင်း၊ ဥပမာ- ယနေ့ ခေတ်ကာလ၌ 'သန္ဓေသားဆက်ခြားသောနည်း' အမည်နာမဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ကျင့်သုံးနေကြသည်။ ထိုနည်းလမ်းနှင့် ပတ်သက်ပြီး တမန်တော်မြတ် ﷺ မှ **وأدخفى** ဟု အမိန့်ရှိထားတော်မူပေသည်။ ဆိုလိုသည်မှာ လျှို့ဝှက်သောပုံစံဖြင့် ကလေးများအား မြေမြှုပ်သတ်ခြင်း ဖြစ်ပေသည်ဟူ၏။ *[မဇ္ဇဟရီကျမ်း]*

အချို့သော ဆင့်ပြန်ချက်များ၌ 'အဇလ်'ပြုလုပ်ခြင်း၊ ဆိုလိုသည်မှာ အမျိုးသား၏ သုက်ရည်ကို အမျိုးသမီး၏ သားအိမ်ထဲသို့ မဝင်ရောက်စေရန် ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ ထံတော်မှ ဆိတ်ဆိတ်နေတော်မူခဲ့ခြင်းနှင့် တားမြစ်မှု မပြုခဲ့ခြင်းများ၊ ဆင့်ပြန်ချက်များ၌ လာရှိထားသည်။ ထို 'အဇလ်'ပုံစံသည် လိုအပ်သော အချိန်၌သာ ကျင့်သုံးရန် ဖြစ်သည်။ သို့သော်လည်း စည်းကမ်းချက်တစ်ရပ်မှာ အမြဲတစေ ကျင့်သုံးကာ မျိုးဆက်ပြတ်စေသော ပုံသဏ္ဌာန်မျိုး မဖြစ်စေရပေ။ *[မဇ္ဇဟရီကျမ်း]*

ယနေ့ခေတ်ကာလ၌ သားဆက်ခြားသော အမည်နာမဖြင့် ဆေးဝါးများ၊ (သို့) ဆေးဝါးကုသသည့် ပုံသဏ္ဌာန်များ၌ အချို့ပုံသဏ္ဌာန်များသည် အစဉ်အမြဲ မျိုးဆက်ပြတ်သွားနိုင်သည့် အန္တရာယ်ရှိသည့်အတွက်ကြောင့် မည်သည့်နည်းနှင့်မဆို ရှရီအသ်တရားတော်အရ ကျင့်သုံးပိုင်ခွင့် မရှိနိုင်ပေ။ (အသျှင်မြတ်သာလျှင် အသိဆုံး ဖြစ်တော်မူမည်။)

فَاِذَا السَّمَآءُ كُشِطَتۡ

كشط ၏ အဘိဓါန်အဓိပ္ပာယ်သည် တိရိစ္ဆာန်၏ အရည်ခွံချခြင်း ဖြစ်သည်။ ဤအခြေအနေသည် 'ကေယာမသ်'နေ့ ပထမအကြိမ် 'စူရ်'တံပိုးခရာ မှုတ်သော အချိန်၌ ဖြစ်ပေါ်လာလိမ့်မည်။ ဤအခြေအနေသည် ဤဒွန္နယာလောက၌ပင် ဖြစ်ပေါ်ခြင်း ဖြစ်သည်။ နေ၊ လ၊ နက္ခတ်တာရာများနှင့် ဆင်ယဉ်

ခြယ်မြန်းထားသော မိုးကောင်းကင်ကြီးသည် လင်းဝင်းမှု ကင်းမဲ့ကာ ထိုနက္ခတ်တာရာများကို သမုဒ္ဒရာအတွင်းသို့ ပစ်ချလိုက်လိမ့်မည်။ မိုးကောင်းကင်၏ လက်ရှိအခြေအနေသည် လုံးဝဥဿုံ ပြောင်းလဲသွားပေလိမ့်မည်။ ထိုအခြေအနေကိုပင် كشط ဟူသော စာသားဖြင့် သုံးနှုန်းကာ ရည်ညွှန်းထားခြင်းဖြစ်သည်။ ၄င်းနောက် အချို့သော သဖ်စီးရ်ပညာရှင်ကြီးများသည် كشط ၏အဓိပ္ပာယ်ကို ခေါက်လိပ်ခြင်းဟူ၍လည်း ရေးသားကြပေသည်။ အလိုသဘောမှာ ကျွန်ုပ်တို့ ဦးခေါင်းပေါ်၌ အမိုးသဖွယ် တည်ရှိနေသော ဤမိုးကောင်းကင်ကြီးအား လိပ်ပစ်လိုက်လိမ့်မည် ဟူ၏။

عَلِمَتْ نَفْسٌ مَّا اَحْضَرَتْ

ဆိုလိုသည်မှာ 'ကေယာမသ်'နေ့၌ အထက်တင်ပြပါ အခြေအနေများ ဖြစ်ပေါ်လာသောအခါ လူတိုင်းလူတိုင်းသည် မိမိတို့နှင့်အတူ မည်သည့်အရာများ ယူဆောင်လာကြသည်ကို သိရှိသွားကြလိမ့်မည်။မည်သည့်အရာများဟု ဆိုရာ၌ ၄င်းတို့၏ ကောင်းမှု၊ မကောင်းမှုများ ဖြစ်သည်။ လောက၌ ကျင့်ကြံခဲ့ကြသော ထို 'အမလ်'ကျင့်ကြံမှုများ အားလုံးသည် ၄င်းတို့၏ ရှေ့မှောက်သို့ ရောက်ရှိလာလိမ့်မည်။ ထို 'အအ်မာလ်' လုပ်ရပ်များသည် မှတ်တမ်းများသဖွယ် ၄င်းတို့၏လက်ဝယ် ရောက်ရှိလာနိုင်သကဲ့သို့ အချို့ဆင့်ပြန်ချက်များအရ 'အအ်မာလ်'ကျင့်ကြံမှုများသည် သီးခြားအသွင်သဏ္ဍာန်မျိုးဖြင့် ၄င်းတို့၏ ရှေ့မှောက်သို့ ရောက်ရှိလာခြင်းလည်း ဖြစ်နိုင်ပေသည်။

'ကေယာမသ်'နေ့၏ အခြေအနေများနှင့် ယင်း၏ ကြောက်မက်ဖွယ်ရာ မြင်ကွင်းများ၊ ၄င်းနောက် စာရင်းအင်းစစ်ဆေး စစ်ဆေးခြင်းဆိုင်ရာများကို တင်ပြပြီးနောက် အလ္လာဟ်အသျှင်မြတ်သည် အချို့သော ကြယ်တာရာများဖြင့် ကျိန်တွယ်ကာ မိန့်တော်မူသည်မှာ ဤကျမ်းတော်မြတ်ကုရ်အာန်သည် မှန်ကန်ပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အလွန်ပင် ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုကာ ပို့ချပေးသနားတော်မူခြင်း ဖြစ်သည်။ ထိုကျမ်းတော်မြတ်အား ချပေးခြင်းခံရသော ပုဂ္ဂိုလ်သည် ဤသို့သော ပုဂ္ဂိုလ်မြတ် ဖြစ်သည်။ 'ဝဟီ'ဗျာဒိတ်တော်အား ယူဆောင်လာသော ကောင်းကင်တမန်ကိုလည်း ယခင်ကပင် သိကျွမ်းရင်းနှီးခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ကျမ်းတော်မြတ်ကုရ်အာန်၏ မှန်ကန်မှုနှင့် ပတ်သက်ပြီး စိုးစဉ်းမျှပင် သံသယဖြစ်ဖွယ်ရာ အကြောင်းမရှိပေ။

အလ္လာဟ်အသျှင်မြတ်က ကျိန်တွယ်မိန့်ဆိုထားသော ကြယ်တာရာများသည် ငါးခု ရှိသည်။ ယင်းတို့ကို နက္ခတ်ဗေဒ ဝေါဟာရတွင် خمسه متحيره ဟု ခေါ်ဆိုပေသည်။ متحيره ဟု ခေါ်ဆိုရခြင်းမှာ ထိုကြယ်တာရာငါးခု၏ လှုပ်ရှားမှုအား ဤလောကမှ တွေ့မြင်နိုင်သည်မှာ ယင်းတို့သည် တစ်ခါတစ်ရံ အရှေ့ဘက်မှ အနောက်အရပ်သို့ ရွေ့လျားနေကြပြီး၊ တစ်ခါတစ်ရံ အနောက်အရပ်မှ အရှေ့အရပ်သို့ ရွေ့လျားသွားလာနေတတ်သည်။ ယင်းတို့၏ အကြောင်းခံ ၄င်းနောက် ဤကဲ့သို့ ဆန့်ကျင်ဘက် သွားလာလှုပ်ရှားမှုများနှင့်ပတ်သက်ပြီး ရှေးယခင် ယူနန်ပညာရှင်များ၏ အဆိုမှာ အမြောက်အမြား ရှိနေလေသည်။ ၄င်းနောက်

ခေတ်သစ်အတွေးအခေါ် ပညာရှင်များ၏ လေ့လာဆန်းစစ်မှုများသည်လည်း အချို့ကြယ်တာရာများနှင့် ပတ်သက်ပြီး ယူနန်ပညာရှင်များ၏ အဆိုနှင့် ကိုက်ညီမှုရှိကာ အချို့နှင့် ပတ်သက်၍မူ ကွဲပြားခြားနား ပေသည်။ စစ်မှန်သော အခြေအနေကိုမူ ဖန်ဆင်းရှင်မှအပ မည်သူမျှ သိနိုင်မည်မဟုတ်ပေ။ အားလုံးသည် ခန့်မှန်းခြေများ ဖြစ်သည်။ အကြင်ခန့်မှန်းမှုများ၌ အမှန်လည်း ဖြစ်နိုင်သကဲ့သို့ မှားယွင်းမှုလည်း ဖြစ်နိုင် ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်က မိမိ၏ အွမ္မသ်သူ၊ အွမ္မသ်သားများကို ထိုအလဟာသ အကြောင်း အရာများနှင့် ပတ်သက်၍ တင်ပြထားခြင်း မရှိပေ။ အွမ္မသ်သူ၊ အွမ္မသ်သားများနှင့် ပတ်သက်၍ အကျိုးရှိ စေမည့် အကြောင်းအရာများကိုသာလျှင် တင်ပြထားပေသည်။ ထိုအကြောင်းအရာများ၌ ကြီးကျယ်မြင့် မြတ်လှသော အသျှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်နှင့် ပြီးပြည့်စုံလှသော ရွှေဉာဏ်တော်ကို တွေ့မြင် နိုင်ပေသည်။ ၎င်းနောက် အီမာန်ယူရန် ထိုက်သက်ပေသည်။

اِنَّهٗ لَقَوْلُ رَسُوْلٍ كَرِيْمٍ ذِىْ قُوَّةٍ ــ الخ

ကြယ်တာရာများဖြင့် ကျိန်တွယ်တင်ပြပြီးသည့်နောက် အမိန့်ရှိသည်မှာ ဤကုရ်အာန်ကျမ်းတော် မြတ်သည် မွန်မြတ်လှသော စေတမန်တစ်ပါး၏ ဗျာဒိတ်တော် ဖြစ်ပေသည်။

ရှေ့ဆက်ပြီး ထိုမွန်မြတ်လှသော စေတမန်၏ အရည်အချင်းများထဲမှ ပထမအရည်အချင်းမှာ ထို စေတမန်သည် အင်အားကြီးမားလှသော ပုဂ္ဂိုလ်ဖြစ်သည်။

ဒုတိယအရည်အချင်းမှာ ထိုစေတမန်သည် 'အရ်ရှ်'တော်ကို စိုးပိုင်တော်မူသော အသျှင်မြတ်ထံတော် ပါး၌ ၎င်း၏ အမိန့်အပေါ် နာခံသမှုပြုခြင်း ခံရသူဖြစ်ပေသည်။ ထိုစေတမန်၏ အမိန့်ကို မိုးကောင်းကင်၌ ရှိသော သူများက နာခံကြရပေသည်။

တတိယအရည်အချင်းမှာ ထိုစေတမန်သည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ သစ္စာရှင် ဖြစ်ပေ သည်။ ထိုစေတမန်မှတစ်ဆင့် အမိန့်ပညတ်ချက်များ ယူဆောင်လာခြင်းနှင့် ပို့ဆောင်မှု၌ မည်သည့်အလွဲ သုံးစားပြုလုပ်မှုနှင့် လိုတိုးပိုလျှော့ မဖြစ်နိုင်ပေ။ ဤနေရာ၌ رَسُوْلٌ كَرِيْمٌ မွန်မြတ်လှသော စေတမန် ဟု ဆိုသည်မှာ အပေါ်ယံအားဖြင့် ဟဇရသ်ဂျိဗ်ရာအီးလ်ကို ဆိုလိုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် رسول ဆိုသော စာလုံးကို နဗီတမန်တော်များအပေါ် သုံးနှုန်းသကဲ့သို့ ဖရစ်ရှ်သာဟ်များအပေါ်လည်း ထိုစာလုံးကို သုံးနှုန်းလေ့ ရှိသည်။ ၎င်းနောက် ရှေ့တွင် ဆက်လက်၍ رسول ဟူသော စာသားနှင့် ပတ်သက်ပြီး တင်ပြထားသော ဂုဏ်ပုဒ်များအားလုံးသည် အလိုသဘောကို ဆွဲယူစရာမလိုဘဲ တိုက်ရိုက် ကောင်းကင်တမန် ဂျိဗ်ရာအီးလ် عليه السلام ဟု မှတ်ယူ၍ ရသည်။ ထိုဖရစ်ရှ်သာဟ်၏ အင်အားကြီးမားမှုကို စူရာဟ်နဂျ်မ်၌ عَلَّمَهٗ شَدِيْدُ الْقُوٰى ဟူ၍ ရှင်းလင်းစွာ တင်ပြထားပေသည်။

ထိုဖရစ်ရှ်သာဟ်၏ အမိန့်ကို 'အရ်ရှ်'ပလ္လင်တော်အောက်၌ ရှိသော သူများနှင့် မိုးကောင်းကင်ပေါ်၌ ရှိသောသူများ နာခံခြင်းနှင့် ပတ်သက်၍ ليلة المعراج 'မေ့အ်ရာဂျ်' ခရီးစဉ်ကို တင်ပြသော ဟဒီးစ်

ဖြင့် သိရှိရပေသည်။ ဟဇရတ်ဂျိဗ်ရာအီးလ် ﷺ သည် တမန်တော်မြတ် ﷺ ကို မိမိနှင့် အတူတကွ ခေါ်ဆောင်သွားပြီး မိုးကောင်းကင်ပေါ်သို့ ရောက်ရှိသောအခါ မိုးကောင်းကင်၏ တံခါးပေါက်များကို ဖွင့်စေသောအခါ သတ်မှတ်ထားသော တံခါးစောင့် ဖရစ်ရှ်သာဟ်များသည် ဟဇရတ်ဂျိဗ်ရာအီးလ်၏ အမိန့်အတိုင်း လိုက်နာကြပေသည်။ ဟဇရတ်ဂျိဗ်ရာအီးလ် ﷺ ၏ 'အမီးန်' (သစ္စာရှင်) ဖြစ်ကြောင်း အချက်မှာမူ ပေါ်လွင်နေပေသည်။ အချို့သော သဖ်စီးရ်ပညာရှင်များက ထိုနေရာ၌ رسول كريم ဟု ဆိုရာ၌ တမန်တော်မြတ်ကြီး ﷺ ကို သတ်မှတ်ကြပေသည်။

ဖော်ပြပါ ဂုဏ်ပုဒ်များကို အလိုသဘော ခွဲယူသည့်ပုံစံဖြင့် ကိုယ်တော်မြတ် ﷺ အပေါ် သက်ရောက်စေသည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံး ဖြစ်တော်မူမည်။)

ရှေ့ဆက်ပြီး တမန်တော်မြတ် ﷺ ၏ ကြီးကျယ်လှသော ဂုဏ်သိက္ခာတော်နှင့် ကာဖိရ်များ၏ အချည်းနှီး စွပ်စွဲမှုများကို အဖြေပေးနေပေသည်။

وَمَاصَاحِبُكُمْ بِمَجْنُوْنٍ

ဤအာယသ်တော်သည် (အလ္လာဟ်အသျှင်မြတ်ထံတော်မှ ခိုလှုံခွင့် တောင်းခံပါ၏။) ကာဖိရ်များက တမန်တော်မြတ် ﷺ ကို 'အရူး'ဟု စွပ်စွဲမှုကို အဖြေပေးထားပေသည်။

وَلَقَدْرَاٰهُ بِالْاُفُقِ الْمُبِيْنِ

ဆိုလိုသည်မှ တမန်တော်မြတ် ﷺ သည် ဟဇရတ်ဂျိဗ်ရာအီးလ် ﷺ ကို မိုးကောင်းကင်ပေါ်၌ ရှင်းလင်းစွာ တွေ့မြင်ခဲ့ပေသည်။ ဥပမာ- စူရာဟ်နဂ်မ်တွင်

فَاسْتَوٰى وَهُوَ بِالْاُفُقِ الْاَعْلٰى

ဟူ၍ မိန့်ကြားထားသကဲ့သို့ ဖြစ်သည်။ ဤအကြောင်းကို တင်ပြရခြင်း၏ ရည်ရွယ်ချက်မှာ တမန်တော်မြတ် ﷺ သည် 'ဝဟီ'ယူဆောင် လာပေးသော ဖရစ်ရှ်သာဟ် ဟဇရတ်ဂျိဗ်ရာအီးလ် ﷺ ကို ကောင်းစွာ သိကျွမ်းပေသည်။ ထိုဖရစ်ရှ်သာဟ်ကို မူရင်းပုံစံ၌ တွေ့မြင်ခဲ့ပြီး ဖြစ်သည်။ ဤအတွက်ကြောင့် ထို 'ဝဟီ'ဗျာဒိတ်တော်၌ မည်သည့်သံသယမျှ စိုးစဉ်းမျှ မရှိပေ။ ကျန်သော အာယသ်တော်များနှင့် ပတ်သက်၍ အနှစ်ချုပ်ရှင်းလင်းချက်၌ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်အင်န်ဖိတွာရ်

စုတ်ပြတ်ခြင်းကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

إِذَا السَّمَآءُ انْفَطَرَتْ ①

၈၂ : ၁ ။ ။ မိုးကောင်းကင်သည် အက်ကွဲသောအခါ။

وَإِذَا الْكَوَاكِبُ انْتَثَرَتْ ②

၈၂ : ၂ ။ ။ ၎င်းပြင် ကြယ်တာရာများသည် ကြွေကျသောအခါ။

وَإِذَا الْبِحَارُ فُجِّرَتْ ③

၈၂ : ၃ ။ ။ ထို့ပြင် ပင်လယ်သမုဒ္ဒရာများသည် ဆူပွက်စီးထွက် (စေခြင်းကို ခံကြရ) သောအခါ။

وَإِذَا الْقُبُوْرُ بُعْثِرَتْ ④

၈၂ : ၄ ။ ။ ထို့ပြင် သင်္ချိုင်းများသည် အထက်အောက် မှောက်လှန် ဖရိုဖရဲဖြစ်စေခြင်းကို ခံကြရသောအခါ။

عَلِمَتْ نَفْسٌ مَّا قَدَّمَتْ وَأَخَّرَتْ ⑤

၈၂ : ၅ ။ ။ အသက်ဇီဝိန်အသီးသီးတို့သည် မိမိတို့ ကြိုတင်ပို့နှင့်ခဲ့ကြသည်များကိုလည်းကောင်း၊ မိမိတို့သည် နောက်တွင် ချန်ရစ်ခဲ့သည်များကိုလည်းကောင်း သိသွားခဲ့ကြပေမည်။

يٰٓأَيُّهَا الْإِنْسَانُ مَا غَرَّكَ بِرَبِّكَ الْكَرِيْمِ ⑥

၈၂ : ၆ ။ ။ အို, လူသား၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော ကျေးဇူးတော်ရှင်နှင့် ပတ်သက်၍ မည်သည့် အရာသည် အသင့်အား လှည့်ဖြားခဲ့သနည်း။

ٱلَّذِى خَلَقَكَ فَسَوَّىٰكَ فَعَدَلَكَ ۝٧

၈၂ : ၇ ။ ။ အကြင်အသျှင်မြတ်သည် အသင် (လူသား) အား ဖန်ဆင်းတော်မူခဲ့၏။ တစ်ဖန် အသင်၏ (အဆစ်အပိုင်း များ) ကို နေသားတကျဖြစ်အောင်လည်း ပြုပြင်တော်မူခဲ့၏။ တစ်ဖန် အသင့်အား အချိုးအစားကျအောင်လည်း စီမံတော်မူခဲ့၏။

فِىٓ أَىِّ صُورَةٍ مَّا شَآءَ رَكَّبَكَ ۝٨

၈၂ : ၈ ။ ။ မိမိအလိုရှိတော်မူသော ပုံသဏ္ဌာန်၌ အသင့်အား စီစဉ်ပြုလုပ် (ဖန်ဆင်း) တော်မူခဲ့၏။

كَلَّا بَلْ تُكَذِّبُونَ بِٱلدِّينِ ۝٩

၈၂ : ၉ ။ ။ (မည်သည့်အကြောင်းမျှ) အလျှဉ်းမဟုတ်။ စင်စစ်မှာမူ အသင်တို့သည် အစားပေးမည့်နေ့ကိုပင် မဟုတ်မမှန် ဟူ၍ ငြင်းပယ်ကြကုန်၏။

وَإِنَّ عَلَيْكُمْ لَحَـٰفِظِينَ ۝١٠

၈၂ : ၁၀ ။ ။ စင်စစ် အသင်တို့အပေါ်၌ ကိုယ်စောင့် (စေတမန်) များသည် ကေန်မလွဲ ရှိကြကုန်၏။

كِرَامًا كَـٰتِبِينَ ۝١١

၈၂ : ၁၁ ။ ။ (ငါအသျှင်မြတ်၏ ထံတော်၌) မြင့်မြတ်သူများ၊ (အသင်တို့၏ ပြောဆိုပြုမူချက်တို့ကို) ရေးမှတ်သူများ (ဖြစ်၏။)

يَعْلَمُونَ مَا تَفْعَلُونَ ۝١٢

၈၂ : ၁၂ ။ ။ ၎င်းတို့သည် အသင်တို့ ပြုလုပ်သမျှတို့ကို သိရှိကြကုန်သည်။

إِنَّ ٱلْأَبْرَارَ لَفِى نَعِيمٍ ۝١٣

၈၂ : ၁၃ ။ ။ ကေန်မလွဲ သူတော်ကောင်းတို့သည် ထာဝရ သုခ၌ ရှိကြပေမည်။

وَإِنَّ ٱلْفُجَّارَ لَفِى جَحِيمٍ ۝١٤

၈၂ : ၁၄ ။ ။ သို့ရာတွင် ဆိုးသွမ်းသော သူတို့မှာမူ ကေန်မလွဲ 'ဂျဟန္နမ်' ငရဲဘုံ၌ပင် ရှိကြပေမည်။

يَصْلَوْنَهَا يَوْمَ ٱلدِّينِ ۝١٥

၈၂ : ၁၅ ။ ။ ၎င်းတို့သည် ထို 'ဂျဟန္နမ်' ငရဲဘုံသို့ အစားပေးမည့်နေ့တွင် ဝင်ကြရပေမည်။

وَمَا هُمْ عَنْهَا بِغَآئِبِيْنَ ﴿١٦﴾

၈၂ : ၁၆ ॥ ॥ ထို့ပြင် ၎င်းတို့သည် ယင်းငရဲဘုံမှ ခွဲခွာမည့်သူများ (ထွက်ရမည့်သူများ) မဟုတ်ကြချေ။

وَمَآ أَدْرٰىكَ مَا يَوْمُ الدِّيْنِ ﴿١٧﴾

၈၂ : ၁၇ ॥ ॥ စင်စစ် အစားပေးမည့်နေ့သည် အဘယ်ကဲ့သို့သော နေ့ပါနည်းဟု အသင် သိပါသလော။

ثُمَّ مَآ أَدْرٰىكَ مَا يَوْمُ الدِّيْنِ ﴿١٨﴾

၈၂ : ၁၈ ॥ ॥ တစ်ဖန် အစားပေးမည့်နေ့သည် အဘယ်ကဲ့သို့သော နေ့ဖြစ်သည်ကို အသင်သိပါသလော။

يَوْمَ لَا تَمْلِكُ نَفْسٌ لِّنَفْسٍ شَيْـًٔا ۖ وَالْأَمْرُ يَوْمَئِذٍ لِّلّٰهِ ﴿١٩﴾

၈၂ : ၁၉ ॥ ॥ (ထိုနေ့သည်) မည်သူမျှပင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လုံးဝ အကျိုးပြုနိုင်ခွင့် မရှိသော နေ့ပင် (ဖြစ်၏။) ထိုနေ့တွင် အမိန့်အာဏာအလုံးစုံတို့သည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိကုန်ပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မဲ့သည့်အခါ မိုးကောင်းကင်သည် အက်ကွဲသွားပြီး ကြယ်တာရာများ (ကျိုးပဲ့ကာ) ကြွေကျကြမည်။ ၎င်းနောက် မြစ်၊ ပင်လယ်များသည်လည်း (ရေချိုဖြစ်စေ၊ ရေငန်ဖြစ်စေ) စီးတွေကြလိမ့်မည်။ (ထို့နောက် စီးတွေကာ တစ်ပေါင်းတည်း ဖြစ်သွားကြလိမ့်မည်။ အထက်စူရာဟ်၌ سُجِّرَتْ ဟူသော စာသား၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် တင်ပြပြီးသကဲ့သို့ ဖြစ်သည်။ ဤအဖြစ်အပျက် (၃) မျိုးစလုံးသည် ပထမအကြိမ် စူရ်တံပိုးခရာမှုတ်သော အချိန်၌ ဖြစ်မည်။ ဆက်လက်၍ ဒုတိယအကြိမ် စူရ်တံပိုးခရာမှုတ်ပြီးနောက် ဖြစ်ပေါ်လာမည့် အကြောင်းအရာများကို တင်ပြထားသည်။) ၎င်းနောက် မည်သည့်အခါ 'ကဗုရ်'သင်္ချိုင်းများ ကွဲအက်ကုန်ကြပြီး၊ အထက်အောက် ဖရိုဖရဲဖြစ်စေခြင်းကို ခံကြရမည်။ (ဆိုလိုသည်မှာ ထိုသင်္ချိုင်းများအတွင်းမှ သေဆုံးကွယ်လွန်ပြီးသူများ ထွက်လာကြသောအခါ) လူတိုင်းလူတိုင်းသည် မိမိတို့၏ ရှေ့ဖြစ်၊ နောက်ဖြစ် 'အမလ်' ကျင့်ကြံမှုများကို သိရှိသွားကြလိမ့်မည်။ (ဤဖြစ်ပေါ်လာမည့် အကြောင်းအရာများကို ကြားသိရပြီး 'အင်န်စာန်'လူသားသည် မေ့လျော့ မိုက်မိုက်မှုများမှ နိုးကြားလာသင့်ပေသည်။)

(ထို့ကြောင့် ရှေ့တွင် ဆက်လက်၍ မေ့လျော့မှုများအပေါ် သတိပေး ခြိမ်းခြောက်ထားပေသည်။) အို၊ အင်န်စာန် လူသား၊ မည်သည့်အရာက အသင့်အား မိမိ၏ မြင့်မြတ်သော မွေးမြူဖန်ဆင်းရှင်ကို မေ့လျော့စေသနည်း။ အကြင်အသျှင်မြတ်သည် အသင် (လူသားကို) ဖန်ဆင်းတော်မူသည်။ တစ်ဖန် အသင်၏ အစိတ်အပိုင်းများကို နေသားတကျဖြစ်အောင် ပြုပြင်ပေးတော်မူခဲ့သည်။ တစ်ဖန် အသင့်အား

(သင့်လျော်သော ပုံစံဖြစ်) အချိုးအစားကျနစေခဲ့သည်။ (ဆိုလိုသည်မှာ အစိတ်အပိုင်းများကို သင့်တင့်လျော်ကန်သော အချိုးအစားဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ၄င်းနောက်) အသျှင်မြတ် အလိုတော်ရှိမူသည့်အတိုင်း အသင့်အား ဆက်စပ်၍ ဖန်ဆင်းတော်မူသည်။ လုံးဝဥဿုံ (မောက်မာမှု မပြုသင့်ပေ။ သို့သော်အသင်တို့သည် မောက်မာမှုကို မရှောင်ရှားကြပေ။) သို့သာမက (ဆထက်ထမ်းပိုး မောက်မာလာကြပြီး) အသင်တို့ (ကိုယ်တိုင်) အစားပေးမှု အပြစ်ပေးမှုများကို (ပင်လျှင် ယင်းကြောင့် မောက်မာမှုနှင့် လှည့်စားခံရမှုများ ပပျောက်နိုင်သည်။) အသင်တို့ ငြင်းဆန်ခဲ့ကြကုန်၏။ ၄င်းနောက် (အသင်တို့၏ ဤငြင်းဆန်မှုသည် အချည်းနှီး ဖြစ်မည်မဟုတ်။ သို့သာမက ငါအသျှင်မြတ်၏ ဘက်တော်မှ) အသင်တို့နှင့် ပတ်သက်ပြီး (အသင်တို့၏ 'အမလ်' ကျင့်ကြံမှုများနှင့် ပတ်သက်ပြီး) မှတ်သားမည့်သူများ (အကြင်သူများသည် ငါအသျှင်မြတ်၏ ထံတော်ပါး၌) ဂုဏ်သိက္ခာရှိသူများ (၄င်းနောက် အသင်တို့၏ 'အမလ်' ကျင့်ကြံမှုများကို) ရေးသားမည့်သူများ သတ်မှတ် တာဝန်ပေးထားလေသည်။ အကြင်သူတို့သည် အသင်တို့၏ လုပ်ရပ်တိုင်းကို သိရှိသူများဖြစ်သည်။

(၄င်းတို့သည် ရေးမှတ်နေကြသည်။ 'ကေယာမသ်' နေ့ တွင် ဤကျင့်ကြံမှုများအားလုံးကို တင်ပြပေလိမ့်မည်။ ထိုတင်ပြချက်တွင် အသင်တို့၏ တမန်တော်မြတ် ﷺ အား စွပ်စွဲငြင်းပယ် လိမ်လည်သမုတ်ခဲ့မှုနှင့် ငြင်းဆန်မှုများလည်း ပါရှိပေမည်။ ၄င်းနောက် ထိုလုပ်ရပ်များနှင့် ပတ်သက်ပြီး သင့်လျော်သော အပြစ်ပေးခြင်းကို ခံရမည်။ ဆက်လက်၍ အကျယ်တဝင့် တင်ပြသည်မှာ) မလွဲဧကန် မွန်မြတ်သူတို့သည် စံစားမှုများတွင် ရှိနေမည်ဖြစ်ပြီး ဆိုးသွမ်းသူတို့သည် (ဆိုလိုသည်မှာ ကာဖိရ်တို့သည်) မလွဲဧကန် ငရဲလားကြမည်။ အစားပေးသောနေ့တွင် ငရဲတွင်းသို့ ဝင်ကြရမည်ဖြစ်ပြီး (ဝင်ရောက်ပြီးနောက်) ထိုနေရာမှ ပြန်လည် ထွက်ခွာနိုင်မည် မဟုတ်ပေ။ (သို့သာမက) ထိုငရဲတွင် အမြဲတစေ ခံစားနေရမည်ဖြစ်သည်။ ၄င်းနောက် အစားပေးသောနေ့သည် မည်သို့ရှိသည်ကို အသင်တမန်တော် သိပါ၏လော။ (၄င်းနောက် ငါအသျှင်မြတ်သည်) တစ်ဖန် ပြန်လည် (တင်ပြသည်) အစားပေးသော နေ့သည် မည်သို့ ရှိသည်ကို အသင်တမန်တော် သိပါ၏လော။ (ဤသို့ မေးမြန်းရသည့် သဘောမှာ ကြောက်ရွံ့စေရန် မာန်မဲခြင်းသဘောဖြစ်သည်။ အရှေ့၌အဖြေပေးထားသည်မှာ) ထိုနေ့တွင် တစ်ဦးတစ်ယောက်သည် အခြားတစ်ဦးအတွက် အကျိုးရှိစေရန် မည်သို့မျှ ပြုစွမ်းနိုင်မည် မဟုတ်ပေ။ ၄င်းနောက် ထိုနေ့တွင် အုပ်ချုပ်မှုအာဏာ ဟူသမျှသည် အလ္လာဟ်အသျှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူမည် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

عَلِمَتْ نَفْسٌ مَّا قَدَّمَتْ وَاَخَّرَتْ

ဆိုလိုသည်မှာ 'ကေယာမသ်'နေ့၌ ရှုရာဟ်အစ၌ တင်ပြခဲ့သော အဖြစ်အပျက်များ ဖြစ်ရှိလာသောအခါ မိုးကောင်းကင်အက်ကွဲခြင်း၊ ကြယ်တာရာများ ကြွေကျခြင်း၊ ပင်လယ်အားလုံး၏ ရေချို

ရေငန်များ တစ်ခုတည်း ပေါင်းစပ်သွားခြင်း၊ သင်္ချိုင်းများမှ သေဆုံးကွယ်လွန်သူများ ထွက်လာကြသောအခါ လူတိုင်းလူတိုင်းသည် မိမိတို့၏ ရှေ့သို့ ကြိုပို့ထားသော အရာများနှင့် ချန်ထားခဲ့သော အရာများကို သိရှိကြရလိမ့်မည်။ ရှေ့သို့ ကြိုပို့နှင့်ခြင်းဟု ဆိုရာ၌ ထိုအရာများအပေါ် 'အမလ်'ပြုလုပ်ခြင်းကို ဆိုလိုပေသည်။ ချန်ထားခဲ့သော အရာများဟု ဆိုရာ၌ 'အမလ်'ကျင့်ကြံမှုများ စွန့်လွှတ်ခြင်းကို ဆိုလိုပေသည်။ 'ကေယာမသ်'နေ့၌ လူတိုင်းလူတိုင်းသည် မိမိမှာ ကောင်းမှု၊ မကောင်းမှုများအနက် မည်သည်များကို ပြုကျင့်၊ ဆောင်ရွက်ခဲ့၍ ကောင်းမှု မကောင်းမှုများမှ မည်သည့်အရာများကို စွန့်လွှတ်ခဲ့သည်ကို သိရှိရလိမ့်မည်။ ၎င်းနောက် ဤအဓိပ္ပာယ်လည်း ဖြစ်နိုင်ပေသည်။ ရှေ့သို့ ကြိုတင် ပို့နှင့်သော 'အမလ်'များဟု ဆိုရာ၌ ကောင်းမှုဖြစ်စေ၊ မကောင်းမှုဖြစ်စေ မိမိကိုယ်တိုင် ကျင့်ကြံခဲ့သော 'အမလ်'များကို ဆိုလိုပေသည်။ ချန်ထားခဲ့သော အရာများဟုဆိုရာ၌ မိမိကိုယ်တိုင် မပြုလုပ်ခဲ့သော်ငြားလည်း ထို 'အမလ်'ကျင့်ကြံမှုများနှင့် ပတ်သက်၍ ဓလေ့များကို လောက၌ ရှင်သန်စေခဲ့သည်။ အကယ်၍ ထိုဓလေ့သည် ကောင်းသော ဓလေ့ဖြစ်မည်ဆိုလျှင် ထိုဓလေ့နှင့် ပတ်သက်သော 'စဝါးဗ်'များကို ၎င်းသူက ရရှိလိမ့်မည်။ အကယ်၍ ထိုဓလေ့သည် မကောင်းမှု ဖြစ်မည်ဆိုလျှင် ထိုမကောင်းမှုနှင့် ပတ်သက်၍ ၎င်းသူ၏ မကောင်းမှုစာရင်း၌ ရေးမှတ်ခြင်း ခံရပေမည်။ ဥပမာ- ဟဒီးစ်တော်၌ လာရှိသည်မှာ အကြင်သူသည် အစ္စလာမ်သာသနာတော်၌ ကောင်းသော စွန္နသ်တော်နှင့် ဓလေ့များကို ရှင်သန်စေခဲ့မည်ဆိုလျှင် ထိုစွန္နသ်ဓလေ့တော်၏ စဝါးဗ်များကို ၎င်းသူက အမြဲတမ်း ရရှိလိမ့်မည်။ ၎င်းအကြင်သူသည် လောက၌ မကောင်းသော ဓလေ့နှင့် ဒုစရိုက်လုပ်ရပ်များကို ရှင်သန်စေခဲ့မည်ဆိုလျှင် လူသားအားလုံး ၎င်းဒုစရိုက်ထဲ၌ နစ်မွန်းနေသရွေ့ ထို'ဂိုနာဟ်'များကို ၎င်းသူအတွက် ရေးမှတ်စေလိမ့်မည်။ ဤအကြောင်းသည် အရှေ့၌လည်း အာယသ်တော်

يُنَبَّؤُ الْاِ نْسَانُ يَوْمَئِذٍ بِمَا قَدَّمَ وَ اَخَّرَ

အောက်၌ လာရှိထားပြီးလည်း ဖြစ်ပေသည်။

يٰاَيُّهَا الْاِنْسَا نُ مَا غَرَّ كَ

အာယသ်တော်၏အလျှင် အာယသ်တော်များ၌ ရလဒ်နှင့် ပတ်သက်ပြီး 'ကေယာမသ်'၏ ကြောက်မက်ဖွယ်ရာ အကြောင်းအရာများကို တင်ပြထားပေသည်။ ၎င်းနောက် ဤအာယသ်တော်၌ လူသားအား အစပြု ဖန်ဆင်းပေးခြင်း ဆိုလိုသည်မှာ ဖန်ဆင်းခြင်း၏ အစ စခန်းများကို တင်ပြထားပေသည်။ အကြောင်းအရာများ၏ အနှစ်ချုပ်အလိုသဘောမှာ ဤသို့ ဖြစ်သည်။ လူသားသည် အနည်းငယ် စဉ်းစားတွေးခေါ်ပြီး အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ်အပေါ် အီမာန်သက်ဝင်ယုံကြည်မည်။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်နှင့် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်အမိန့်တော်များကို ပြောင်ပြောင်တင်းတင်း မဆန့်ကျင်သင့်ပေ။ သို့သော် လူသား၏ မေ့လျော့ပေါ့ဆမှု ရှိခဲ့၏။ ၎င်းအချက်အပေါ် သတိပေးခြိမ်းခြောက်သော အနေဖြင့် ဤမေးခွန်းကို မိန့်တော်မူသည်။ အို၊ လူသား၊ အသင်၏ အစနှင့်အဆုံး ဤကဲ့သို့ အခြေအနေများ ရှေ့မှောက်မှာ

ရှိပါလျက် အသင့်အား မည်သည့်အရာများက အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ဖီဆန်မှုပြုရလေအောင် မေ့လျော့မှုနှင့် လှည့်စားမှုများ၌ ကျရောက်စေသနည်း။

ဤနေရာ၌ လူသား၏ အစပြု ဖန်ဆင်းခံရသော စခန်းများနှင့် ပတ်သက်၍ ပထမဦးဆုံး အမိန့်ရှိသည်မှာ خَلَقَكَ فَسَوّٰكَ ဆိုလိုသည်မှာ အသင်လူသားကို အလ္လာဟ်အသျှင်မြတ်က ဖန်ဆင်းခဲ့သည်။ ၎င်းနောက် ဖန်ဆင်းရုံသက်သက် မဟုတ်ဘဲ အသင့်အား လူအဖြစ်သို့ ရောက်ရှိစေရန်နှင့် အစိတ်အပိုင်းအားလုံးကို ထူးခြားသင့်လျော်စွာဖြင့် မှန်မှန်ကန်ကန် ဖန်ဆင်းခဲ့သည်။ အစိတ်အပိုင်းအားလုံးကို ၎င်းနှင့်သင့်လျော်သော နေရာ၌ ဖန်ဆင်းထားရှိသည်။ အစိတ်အပိုင်းအားလုံးနှင့် အလျား၊ အနံတို့ကို သင့်လျော်သည့်ပုံစံဖြင့် ဖန်ဆင်းထားသည်။ ၎င်းအစိတ်အပိုင်းတိုင်းသည် မူလနေရာနှင့် အနည်းငယ် အတိမ်းအစောင်းဖြစ်သွားခဲ့သော် လက်ရှိပုံသဏ္ဍာန်တွင် ခံစားနေသော အကျိုးကျေးဇူးများ ကျန်ရှိတော့မည်မဟုတ်ပေ။

ထို့နောက်တစ်ဖန် ဆက်လက်ပြီး အမိန့်ရှိသည်မှာ فَعَدَلَكَ ဆိုလိုသည်မှာ အသင်လူသားကို လူအဖြစ်သို့ ရောက်ရှိလာစေရန် အခြားသော သတ္တဝါများတွင် မရှိသည့် သီးခြား တင့်တယ်မျှတမှုများ ချီးမြှင့်ထားသည်။ ခန္ဓာကိုယ်အစိတ်အပိုင်းများ၌ သင့်တင့်လျောက်ပတ်မှုအရသော်လည်းကောင်း၊ စိတ်နေသဘောထားအရသော်လည်းကောင်း သင့်တင့်မှုများ ချီးမြှင့်ထားသည်။ ကေန်စင်စစ် 'အင်န်စာန်' လူသားအား ဖန်ဆင်းမှုတွင် ဆန့်ကျင်ဘက် ဓါတ်သဘာဝများ ရှိနေသည်။ သွေး၊ သလိပ်၊ လောင်ကျွမ်းသွားသော အရည်အချွဲများနှင့် သလိပ်များ စသည်တို့သည် အချို့သည် ပူသော ဂုဏ်သတ္တိရှိပြီး အချို့သည် အေးသော ဂုဏ်သတ္တိရှိသည်။ သို့သော် အသျှင်မြတ်၏ ဉာဏ်အမြော်အမြင်တော်သည် ထိုဆန့်ကျင်ဘက် ဂုဏ်သတ္တိရှိသော အရာများဖြင့် သင့်တင့်မျှတသော ဂုဏ်သတ္တိတစ်မျိုးကို ဖန်ဆင်းထားတော်မူသည်။ ထို့နောက် ဆက်လက်၍ တတိယမြောက် ထူးခြားချက်တစ်ခုကို တင်ပြသည်မှာ-

فِيْٓ اَيِّ صُوْرَةٍ مَّا شَآءَ رَكَّبَكَ

ဆိုလိုသည်မှာ 'အင်န်စာန်' လူသားအားလုံးကို ဖန်ဆင်းရာ၌ သီးခြားပုံသဏ္ဍာန်တစ်မျိုး၊ ၎င်းနောက် သီးခြားဂုဏ်သတ္တိတစ်မျိုးဖြင့် ဖန်ဆင်းထားသည့်အတွက်ကြောင့် ထိုသီးခြားပုံသဏ္ဍာန်နှင့် ဂုဏ်သတ္တိသည် လူတိုင်းလူတိုင်းတွင် ပါရှိလျက် ရှိသည်။ သို့ပါ၍ အပေါ်ယံအားဖြင့် ရလဒ်ကို ကြည့်မည်ဆိုလျှင် လူတိုင်းလူတိုင်းသည် တစ်ဦးနှင့်တစ်ဦး ခွဲခြား၍ မရနိုင်အောင် ပုံပန်းသဏ္ဍာန်တစ်မျိုးတည်း ဖြစ်ရှိနေမည် ဖြစ်သည်။ သို့သော် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံသော 'ကွဒ်ရသ်'တန်ခိုးတော်နှင့် နက်ရှိုင်းလှသော ဉာဏ်အမြော်အမြင်တော်တို့သည် သိန်းသန်းမက ကုဋေချီသော လူသားတို့၏ ရုပ်ဆင်းသဏ္ဍာန်များတွင် တစ်ဦးနှင့် တစ်ဦး ဆင်တူမှု မရှိရလေအောင်၊ ၎င်းနောက် ထင်ထင်ရှားရှား ခွဲခြားနိုင်အောင် ကွဲပြားခြားနားမှုများ ထားရှိထားလေသည်။

'အင်န်စာန်'လူသားအား မူလပထမ ဖန်ဆင်းမှုများနှင့် ပတ်သက်သည့် ပြီးပြည့်စုံတော်မူသော 'ကွဒ်ရသ်'တန်ခိုးတော်များအကြောင်းကို တင်ပြပြီးနောက် ဆက်လက်၍ မိန့်တော်မူသည်မှာ

مَاغَرَّكَ بِرَبِّكَ الْكَرِيْمِ

အို၊ မေ့လျော့နေသော 'အင်န်စာန်'လူသား၊ အကြင်မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အသင်လူသား တည်ရှိနေစေရန် ဤသို့ ပြီးပြည့်စုံလှသည့် စွမ်းပကားများ အသုံးချတော်မူခဲ့သော်လည်း အသင်လူသားသည် ထိုအသျှင်မြတ်နှင့် ပတ်သက်ပြီး အဘယ်ကြောင့် အလှည့်စားခံရလေသနည်း။ ထိုအသျှင်မြတ်ကို မေ့လျော့ပြီး အသျှင်မြတ်၏ အမိန့်တော်များကို အဘယ်ကြောင့် ဖီဆန်မှု ပြုလေသနည်း။ အသင်လူသားအား အသင့်ခန္ဓာကိုယ်၏ အစိတ်အပိုင်းတိုင်းက အလ္လာဟ်အသျှင်မြတ်အား သတိရစေရန်နှင့် ထိုအသျှင်မြတ်၏ အမိန့်နာခံရန် တိုက်တွန်းနှိုးဆော်နေမှုသည်ပင် လုံလောက်လေ၏။ တစ်ဖန် ဤသို့ မေ့လျော့ခြင်း၊ ထိုသို့ မာန်မာန ထောင်လွှားခြင်းနှင့် ဤသို့ လှည့်စားခံရခြင်းသည် အဘယ်ကြောင့်နည်း။

ဤအာယသ်တော်တွင် رَبٌّ (မွေးမြူဖန်ဆင်းတော်မူသော အသျှင်) ၏ ဂုဏ်ပုဒ်ကို كريم ဟူသော စာသားဖြင့် သုံးနှုန်းကာ လူသားတို့၏ မေ့လျော့မှုများ၊ လှည့်စားခံရမှုများနှင့် ပတ်သက်သည့် အဓိကအကြောင်းအရင်းကိုလည်း ညွှန်ပြထားပေသည်။ အကြောင်းမှာ ထိုအကြောင်းခံသည် အလ္လာဟ်အသျှင်မြတ်၏ كريم ဟူသော ဂုဏ်တော်ကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ ထိုအသျှင်မြတ်သည် မိမိ၏ သနားကြင်နာမှုများကြောင့် 'အင်န်စာန်'လူသားတို့၏ အပြစ်များကို ချက်ချင်းလက်ငင်း ပြစ်ဒဏ်ပေးလေ့ မရှိပေ။ သို့သာမက ထို 'အင်န်စာန်' လူသား၏ ရိဇ်ဇိရိက္ခာ၊ အေးချမ်းသာယာမှုနှင့် ဒုန္ယာ၏ စည်းစိမ်ဥစ္စာများ၌လည်း အနည်းငယ်မျှ လျော့နည်းမှု မပြုလုပ်ပေ။ ဤသနားကြင်နာမှုသည် ထို 'အင်န်စာန်'လူသားများအတွက် လိမ်လည်လှည့်ဖြားခံရမှု၏ အကြောင်းခံ ဖြစ်သွားပေသည်။ အမှန်စင်စစ်တွင်မူ အနည်းငယ် အသိဉာဏ်ကို အသုံးချမည်ဆိုလျှင် ဤသနားကြင်နာမှုသည် မေ့လျော့မှု၊ လိမ်လည် လှည့်ဖြားခံရမှု၏ အကြောင်းခံ ဖြစ်ရမည့်အစား မိမိ၏ မွန်မြတ်လှသော အသျှင်မြတ်၏ မြောက်မြားစွာသော ကျေးဇူးတရားများကို သိတတ်၍ အမိန့်နာခံခြင်း၏ အကြောင်းခံ ဖြစ်သွားသင့်ပေသည်။

ဟဇရသ်ဟစန်ဗဆွရီး (ရဟ) သခင်က အမိန့်ရှိသည်မှာ-

كم من مغرور تحت السّتر وهولا يشعر

ဆိုလိုသည်မှာ အဘယ်မျှခန့် လူသားများကို အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အပြစ်'ဂိုနာဟ်'များအပေါ် မသိကျေးကျွန် ပြုထားပေသည်။ ၎င်းတို့ကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် မပြုလုပ်ပေ။ ထိုသနားကြင်နာမှုသည် လူသားများအဖို့ သာပို၍ မောက်မာမှုနှင့် လိမ်လည်လှည့်ဖြားခံရမှု၌ နစ်မွန်းစေခဲ့သည်ဟူ၏။

إِنَّ الْأَبْرَارَ لَفِي نَعِيمٍ وَإِنَّ الْفُجَّارَ لَفِي جَحِيمٍ

ထိုအာယသ်တော်၏ ပတ်သက်မှုသည် ပထမကုန်လွန်ခဲ့သော အာယသ်တော်နှင့် စပ်ဆက်နေပေသည်။ ဆိုလိုသည်မှာ-

عَلِمَتْ نَفْسٌ مَّا قَدَّمَتْ وَأَخَّرَتْ

'ကေယာမသ်'နေ့၌ လူတိုင်းလူတိုင်းသည် မိမိတို့ ကျင့်ကြံခဲ့သော 'အမလ်'များကို ရှေ့သို့ ယူဆောင်လာခြင်း ခံရပေမည်။ ထိုအာယသ်တော်၌ ဖော်ပြပါ 'အမလ်'များ၏ အပြစ်ပေးခြင်းနှင့် အစားပေးခြင်းတို့ကို ဖော်ပြထားပေသည်။ အမိန့်နာခံသော သူမွန်သူမြတ်တို့သည် ထို 'ကေယာမသ်'နေ့၌ အလ္လာဟ်အသျှင်မြတ် ချီးမြှင့်တော်မူသည့် 'နေအ်မသ်'စည်းစိမ်တော်များဖြင့် ပျော်ရွှင်နေလိမ့်မည်။ ၎င်းနောက် ဆိုးသွမ်းပြီး အမိန့်ဖီဆန်သော သူများသည် 'ဂျဟန္နမ်'ငရဲဘုံ၏ မီးထဲ၌ ရှိနေလိမ့်မည်။

وَمَا هُمْ عَنْهَا بِغَائِبِينَ

ဆိုလိုသည်မှာ 'ဂျဟန္နမ်'ငရဲဘုံသားတို့သည် မည်သို့မျှ 'ဂျဟန္နမ်'ငရဲဘုံမှ လွတ်မြောက်လိမ့်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုငရဲဘုံသားများအတွက် 'အဇာဗ်'အပြစ်ဒဏ်၌ အမြဲတမ်း ရှိနေမည်ဟု အမိန့်တော်ရှိထား၍ ဖြစ်ပေသည်။

لَا تَمْلِكُ نَفْسٌ لِّنَفْسٍ شَيْئًا

ဆိုလိုသည်မှာ မည်သူတစ်ဦးတစ်ယောက်သည် 'ဟရှရ်'ကွင်းပြင်၌ အခြားသူတစ်ဦးတစ်ယောက်ကို မိမိ၏ သဘောဆန္ဒဖြင့် အကျိုးပေးနိုင်လိမ့်မည် မဟုတ်ပေ။ အခြားသူတစ်ဦးတစ်ယောက်၏ ဒုက္ခများကို လျော့နည်းအောင် ပြုလုပ်နိုင်မည်မဟုတ်ပေ။ ဤအာယသ်တော်ဖြင့် 'ရှဖာအသ်' အသနားခံပေးခြင်း ရှိမည်မဟုတ်ဟု ငြင်းဆိုထားသည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် 'ရှဖာအသ်' အသနားခံပန်ကြားခြင်းသည် အလ္လာဟ်အသျှင်မြတ်က တစ်ဦးတစ်ယောက်အား အခြားသောသူနှင့် ပတ်သက်၍ အသနားခံပန်ကြားခွင့် မပေးမချင်း တစ်ဦးတစ်ယောက်မှ မိမိ၏ စိတ်ဆန္ဒဖြင့် အသနားခံပန်ကြားခြင်း မပြုလုပ်နိုင်ပေ။ ဤအတွက်ကြောင့် စင်စစ် အမိန့်ချမှတ်ခြင်းကို စိုးပိုင်တော်မူသော အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်ပေသည်။ ထိုအသျှင်မြတ်သာလျှင် မိမိ၏ ကျေးဇူးတော်ဖြင့် အခြားလူတစ်ဦးတစ်ယောက်ကို အသနားခံပန်ကြားခွင့် ပေးလိမ့်မည်။ တစ်ဖန် အသနားခံ ပန်ကြားမှုကို လက်ခံတော်မူမည်။ ထိုအကြောင်းအရာများသည် အသျှင်မြတ်၏ အမိန့်တော်ကြောင့် ဖြစ်ပေမည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံး ဖြစ်တော်မူသည်။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်မုတ္တဖ်ဖိဖီးန်

အလေး၊ တင်း၊ တောင်း စဉ်းလဲခြင်းကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَيْلٌ لِّلْمُطَفِّفِيْنَ ①

၈၃ : ၁ ။ ။ အလေး၊ တင်း၊ တောင်း၊ ခွက် စသည်တို့ကို စဉ်းလဲသူတို့သည် ပျက်စီးကြရပေမည်။

الَّذِيْنَ اِذَا اكْتَالُوْا عَلَى النَّاسِ يَسْتَوْفُوْنَ ②

၈၃ : ၂ ။ ။ အကြင်သူတို့သည် သူတစ်ပါးတို့ထံမှ ခြင်တွယ်၍ ယူကြသောအခါ အပြည့် (ခြင်၍) ရယူကြလေသည်။

وَاِذَا كَالُوْهُمْ اَوْ وَّزَنُوْهُمْ يُخْسِرُوْنَ ③

၈၃ : ၃ ။ ။ သို့ရာတွင် ၎င်းတို့သည် သူတစ်ပါးတို့အား ခြင်တွယ်၍၊ သို့မဟုတ် သူတစ်ပါးတို့အား ချိန်တွယ်၍ ပေးကြသောအခါ လျှော့၍ ပေးကြလေသည်။

اَلَا يَظُنُّ اُولٰٓئِكَ اَنَّهُمْ مَّبْعُوْثُوْنَ ④

၈၃ : ၄ ။ ။ ၎င်းတို့သည် မိမိတို့မှာ ကေန်အမှန် ရှင်ပြန်ထကြရမည့်သူများ ဖြစ်ကြသည်ကို မယုံကြည်ကြလေသလော။

لِيَوْمٍ عَظِيْمٍ ⑤

၈၃ : ၅ ။ ။ ကြီးကျယ်လှစွာသော နေ့တွင်။

يَّوْمَ يَقُوْمُ النَّاسُ لِرَبِّ الْعٰلَمِيْنَ ⑥

၈၃ : ၆ ။ ။ အကြင်နေ့တွင် လူခပ်သိမ်းတို့သည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ရပ်ကြကုန်ပေလိမ့်မည်။

كَلَّآ إِنَّ كِتٰبَ الْفُجَّارِ لَفِيْ سِجِّيْنٍ ﴿٧﴾

၈၃ : ၇ ။ ။ အလျှဉ်းမဟုတ်။ ကေန်စင်စစ် ဒုစရိုက်ကျူးလွန်သော သူတို့၏ မှတ်တမ်းသည် 'စစ်ဂျီန်'၌ ရှိ၏။

وَمَآ أَدْرٰىكَ مَا سِجِّيْنٌ ﴿٨﴾

၈၃ : ၈ ။ ။ 'စစ်ဂျီန်' သည် မည်သည့်အရာဖြစ်ကြောင်း အသင်သိပါသလော။

كِتٰبٌ مَّرْقُوْمٌ ﴿٩﴾

၈၃ : ၉ ။ ။ ယင်း (စစ်ဂျီန်) မှာ (ကာဖိရ်များ၏ အမည်နာမများ) ရေးသားပြီးဖြစ်သော မှတ်တမ်းစာအုပ်တစ်အုပ်ပင် ဖြစ်ချေသည်။

وَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ﴿١٠﴾

၈၃ : ၁၀ ။ ။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြသော သူတို့သည် ပျက်စီးကြရပေမည်။

الَّذِيْنَ يُكَذِّبُوْنَ بِيَوْمِ الدِّيْنِ ﴿١١﴾

၈၃ : ၁၁ ။ ။ အကြင်သူတို့သည် အစားပေးမည့်နေ့ကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်၏။

وَمَا يُكَذِّبُ بِهٖٓ إِلَّا كُلُّ مُعْتَدٍ أَثِيْمٍ ﴿١٢﴾

၈၃ : ၁၂ ။ ။ စင်စစ် ယင်းအစားပေးမည့်နေ့ကို ကျူးကျော်သူ၊ အလွန်ပြစ်မှု ထင်ရှားသော သူသည်သာလျှင် မဟုတ်မမှန်ဟူ၍ ငြင်းပယ်လေ့ရှိ၏။

إِذَا تُتْلٰى عَلَيْهِ أٰيٰتُنَا قَالَ أَسَاطِيْرُ الْأَوَّلِيْنَ ﴿١٣﴾

၈၃ : ၁၃ ။ ။ ၎င်း၏ ရှေ့ဝယ် ငါအသျှင်မြတ်၏ အာယသ်တော်များ ဖတ်ကြားသောအခါ၊ 'ဤသည် ရှေးလူဟောင်းတို့၏ ပုံပြင်များသာ ဖြစ်ကြသည်'ဟု ၎င်းက ပြောဆိုလေ့ ရှိ၏။

كَلَّا بَلْ ٚ رَانَ عَلٰى قُلُوْبِهِمْ مَّا كَانُوْا يَكْسِبُوْنَ ﴿١٤﴾

၈၃ : ၁၄ ။ ။ (ထိုသို့) အလျှဉ်းမဟုတ်။ စင်စစ် ၎င်းတို့သည် ဆည်းပူးလျက် ရှိခဲ့ကြသည့် (ပြစ်မှု) များသည် ၎င်းတို့၏ စိတ်နှလုံးများအပေါ်၌ ဖုံးလွှမ်းခဲ့ပြီးဖြစ်၏။

كَلَّآ إِنَّهُمْ عَنْ رَّبِّهِمْ يَوْمَئِذٍ لَّمَحْجُوْبُوْنَ ﴿١٥﴾

၈၃ : ၁၅ ။ ။ အလျှဉ်းမဟုတ်။ ကေန်မလွဲ ၎င်းတို့သည် ထိုနေ့တွင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် (အား ဖူးမျှော်ခြင်း) မှ ကာကွယ်ခြင်းကို ခံကြရမည့်သူများပင် ဖြစ်ကြပေသည်။

ثُمَّ إِنَّهُمْ لَصَالُوا الْجَحِيمِ ١٦

၈၃ : ၁၆ ။ ။ ထို့နောက် ကေန်မလွဲ (၎င်းတို့သည်) 'ဂျဟန္နမ်' ငရဲဘုံထဲသို့ ဝင်ရောက်ကြရပေမည်။

ثُمَّ يُقَالُ هَٰذَا الَّذِي كُنتُم بِهِ تُكَذِّبُونَ ١٧

၈၃ : ၁၇ ။ ။ ထို့နောက် (၎င်းတို့အား) 'ဤသည် အသင်တို့က မဟုတ်မမှန်ဟူ၍ ငြင်းပယ်လေ့ ရှိခဲ့သော အရာပင် ဖြစ်သည်' ဟု ပြောဆိုခြင်းကို ခံရပေလိမ့်မည်။

كَلَّا إِنَّ كِتَابَ الْأَبْرَارِ لَفِي عِلِّيِّينَ ١٨

၈၃ : ၁၈ ။ ။ အလျှင်းမဟုတ်။ ကေန်အမှန် သူတော်ကောင်းတို့၏ မှတ်တမ်းမှာ အစ်လ္လီယီန်၌ ရှိ၏။

وَمَا أَدْرَاكَ مَا عِلِّيُّونَ ١٩

၈၃ : ၁၉ ။ ။ သို့ရာတွင် အစ်လ္လီယီးန်သည် အဘယ်အရာဖြစ်သည်ကို အသင်သည် အသို့လျှင် သိနိုင်မည်နည်း။

كِتَابٌ مَّرْقُومٌ ٢٠

၈၃ : ၂၀ ။ ။ ယင်း (အစ်လ္လီယီးန်) သည် (မုအ်မင်န်များ၏ အမည်နာမများ) ရေးသားပြီးဖြစ်သော မှတ်တမ်းစာအုပ် တစ်အုပ်ကိုပင် (ဖြစ်၏။)

يَشْهَدُهُ الْمُقَرَّبُونَ ٢١

၈၃ : ၂၁ ။ ။ ယင်းမှတ်တမ်းစာအုပ်ကို အပါးတော်၌ ရှိကြကုန်သော ကောင်းကင်တမန်တို့သည် ကြည့်ရှုကြပေမည်။

إِنَّ الْأَبْرَارَ لَفِي نَعِيمٍ ٢٢

၈၃ : ၂၂ ။ ။ ကေန်မလွဲ သူတော်ကောင်းတို့မှာ ထာဝရသုခ၌ ရှိကြပေမည်။

عَلَى الْأَرَائِكِ يَنظُرُونَ ٢٣

၈၃ : ၂၃ ။ ။ ၎င်းတို့သည် သလွန်များထက်ဝယ် စံမြန်းကာ ရှုစားကြလျက် ရှိကြပေမည်။

تَعْرِفُ فِي وُجُوهِهِمْ نَضْرَةَ النَّعِيمِ ٢٤

၈၃ : ၂၄ ။ ။ အသင်တို့သည် ၎င်းတို့၏ မျက်နှာများသည် ငြိမ်းချမ်းမှု၏ စိုပြေခြင်းကို (မြင်သောအခါ) ခွဲခြား၍ သိနိုင်ပေမည်။

يُسْقَوْنَ مِن رَّحِيقٍ مَّخْتُومٍ ﴿٢٥﴾

၈၃ : ၂၅ ။ ။ ၎င်းတို့သည် တံဆိပ်ခတ်ထားသော (ကြည်လင်သန့်ရှင်းသည့်) အရက်စစ်စစ် တိုက်ကျွေးခြင်းကို ခံကြရပေမည်။

خِتَامُهُ مِسْكٌ ۚ وَفِي ذَٰلِكَ فَلْيَتَنَافَسِ الْمُتَنَافِسُونَ ﴿٢٦﴾

၈၃ : ၂၆ ။ ။ ထိုအရက်၏ တံဆိပ်မှာ ကတိုးဖြစ်၏။ စင်စစ် ပြိုင်ဆိုင် (လိုလား) သူတို့သည် ဤသည်ကိုပင် ပြိုင်ဆိုင်ကာ ရယူထိုက်ကြပေသည်။ (လိုလားအပ်ကြပေသည်။)

وَمِزَاجُهُ مِن تَسْنِيمٍ ﴿٢٧﴾

၈၃ : ၂၇ ။ ။ ယင်းအရက်၏ ရောစပ်ရာမှာ 'သတ်စ်နီမ်' မှ ဖြစ်၏။

عَيْنًا يَشْرَبُ بِهَا الْمُقَرَّبُونَ ﴿٢٨﴾

၈၃ : ၂၈ ။ ။ (ယင်း 'သတ်စ်နီမ်'မှာ) စမ်းတစ်ခုပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်နှင့် နီးစပ်သော သူမွန်သူမြတ်တို့သည် ယင်း 'သတ်စ်နီမ်'မှပင် သောက်သုံးကြကုန်သည်။

إِنَّ الَّذِينَ أَجْرَمُوا كَانُوا مِنَ الَّذِينَ آمَنُوا يَضْحَكُونَ ﴿٢٩﴾

၈၃ : ၂၉ ။ ။ စကန်စင်စစ် ပြစ်မှုကျူးလွန်ခဲ့ကြသော သူတို့သည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အပေါ်၌ ရယ်မောလျှက် ရှိခဲ့ကြကုန်၏။

وَإِذَا مَرُّوا بِهِمْ يَتَغَامَزُونَ ﴿٣٠﴾

၈၃ : ၃၀ ။ ။ ၎င်းပြင် ထိုသက်ဝင်ယုံကြည်သူတို့သည် ၎င်းတို့၏ အနီးမှ ဖြတ်၍ လျှောက်သွားကြသောအခါ၊ ၎င်းတို့သည် မျက်ရိပ်ပြ (ကာ ကျီစယ်) လျှ ရှိခဲ့ကြကုန်၏။

وَإِذَا انقَلَبُوا إِلَىٰ أَهْلِهِمُ انقَلَبُوا فَكِهِينَ ﴿٣١﴾

၈၃ : ၃၁ ။ ။ ထို့ပြင် ၎င်းတို့သည် မိမိတို့ အိမ်သူအိမ်သားတို့ထံ ပြန်ခဲ့ကြသောအခါ၊ (ထိုသက်ဝင်ယုံကြည်သူတို့၏ အကြောင်းများကို စားမြုံပြန်၍) ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၏။ (ရယ်မောမြူးတူး ကျီစယ်ကြကုန်၏။)

وَإِذَا رَأَوْهُمْ قَالُوا إِنَّ هَٰؤُلَاءِ لَضَالُّونَ ﴿٣٢﴾

၈၃ : ၃၂ ။ ။ ထို့ပြင် (၎င်းတို့သည်) ထိုသက်ဝင်ယုံကြည်သူတို့အား တွေ့မြင်ကြသောအခါ၊ 'စကန်မလွဲ ဤသူတို့သည် အမှန်ပင် လမ်းလွဲသူများ ဖြစ်ကြသည်' ဟု ပြောဆိုကြကုန်၏။

وَمَآ أُرۡسِلُواْ عَلَيۡهِمۡ حَٰفِظِينَ ﴿٣٣﴾

၈၃ : ၃၃ ။ ။ စင်စစ် ၎င်းတို့သည် ထိုသက်ဝင်ယုံကြည်သူတို့အပေါ်၌ ကြီးကြပ်အုပ်ထိန်းသူများအဖြစ် စေလွှတ်ခြင်း ခံခဲ့ကြရသည် မဟုတ်ပေ။

فَٱلۡيَوۡمَ ٱلَّذِينَ ءَامَنُواْ مِنَ ٱلۡكُفَّارِ يَضۡحَكُونَ ﴿٣٤﴾

၈၃ : ၃၄ ။ ။ သို့ဖြစ်ပေရာ ယနေ့သော် မုအ်မင်နဲသက်ဝင်ယုံကြည်သူတို့သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့ အပေါ်ဝယ် ရယ်ကြပေမည်။

عَلَى ٱلۡأَرَآئِكِ يَنظُرُونَ ﴿٣٥﴾

၈၃ : ၃၅ ။ ။ ထိုသက်ဝင်ယုံကြည်သူတို့မှာ သလွန်များထက်ဝယ် စံမြန်းလျက် ကြည့်ရှုကြပေမည်။

هَلۡ ثُوِّبَ ٱلۡكُفَّارُ مَا كَانُواْ يَفۡعَلُونَ ﴿٣٦﴾

၈၃ : ၃၆ ။ ။ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် မိမိတို့ ပြုလုပ်လေ့ရှိခဲ့ကြသော အပြုအမူတို့၏ အကျိုး ပေးဆပ်ခြင်းကို ခံကြရပြီ မဟုတ်လော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ချိန်တွယ်တိုင်းတာမှု ပြုရာတွင် လျော့နည်းချိန်တွယ် တိုင်းတာမှုပြုသူများအတွက် ကြီးမားသော ဆုံးရှုံးမှုများ ဖြစ်လိမ့်မည်။ အကြောင်းမှာ လူအများထံမှ (မိမိရပိုင်ခွင့်အား) ချိန်တွယ်ယူသောအခါ အပြည့် အဝ ရယူလေ့ရှိပြီး ၎င်းတို့အား ချိန်တွယ်ကာ (သို့မဟုတ်) တိုင်းတာပေးသောအခါ လျော့နည်းမှု ပြုကြ သည်။ (လူအများထံမှ မိမိ၏ ရပိုင်ခွင့်ကို အပြည့်အဝယူခြင်းသည် ပြစ်တင်ဖွယ်မရှိချေ။ ထိုအကြောင်းကို တင်ပြရသည့် ရည်ရွယ်ချက်မှာ ယင်းလုပ်ရပ်အပေါ် ပြစ်တင်ဝေဖန်ခြင်း မဟုတ်ပေ။ သို့သာမက အခြား သူများ၏ ရပိုင်ခွင့်ကို လျော့နည်းစေခြင်းအပေါ် ပြစ်တင်ဝေဖန်မှုပြုရာတွင် တိကျခိုင်မာစေရန် ဖြစ်သည်။ ဆိုလိုသည်မှာ အများသူငှာအား လျှော့ပေါ့၍ ပေးခြင်းသည်ပင် ပြစ်တင်ဖွယ်ရာ ကိစ္စရပ်ဖြစ်၏။ အကယ်၍ ထိုသို့ လျှော့ပေါ့ပေးခြင်းအပြင် အများသူငှာအား အနည်းငယ်မျှပင် ထောက်ထားမှုမပြုခဲ့ပါလျှင် ယင်းသည် သာပို၍ ပြစ်တင်ရှုံ့ချဖွယ်ရာ ကိစ္စရပ် ဖြစ်ပေသည်။ အများသူငှာအား ထောက်ထားညှာတာမှု ပြုသော သူသည် အကယ်၍ ၎င်း၏ လုပ်ရပ်တွင် အပြစ်ရှိသော်ငြားလည်း အသိတရားတစ်ခု ရှိနေသေးသည်။ ထို့ကြောင့် ပထမပုဂ္ဂိုလ်မှာ ပို၍ ဝေဖန်ပြစ်တင်ထိုက်ဖွယ် ပုဂ္ဂိုလ်ဖြစ်၏။ လျော့နည်းမှုပြုခြင်းအပေါ် ပြစ်တင် ရှုံ့ချရန်သည် အဓိကရည်ရွယ်ချက် ဖြစ်သောကြောင့် ထိုအချက်ကို တင်ပြရာတွင် كيل ခြင်တွယ်ခြင်းနှင့် وزن ချိန်တွယ်ခြင်း နှစ်မျိုးစလုံးကို တင်ပြထားပေသည်။ သို့မှသာ ခြင်ပေးရာတွင်လည်း လျော့နည်းမှု

ပြုကြသကဲ့သို့ ချိန်တွယ်ပေးရာတွင်လည်း လျော့နည်းစွာ ချိန်တွယ်ပေးခြင်းသည် ထိုပညတ်ချက်တွင် ပါဝင်ကြောင်း ကောင်းစွာ ပေါ်လွင်သွားမည်ဖြစ်သည်။ ၎င်းနောက် မိမိရပိုင်ခွင့်ကို ပြည့်ဝစွာ ရယူခြင်းသည် အဓိက ပြစ်တင်ရှုံ့ချဖွယ်ရာ မဟုတ်သောကြောင့် ထိုပညတ်ချက်တွင် ချင်တွယ်ခြင်းနှင့် ချိန်တွယ်ခြင်း နှစ်မျိုးစလုံးကို မတင်ပြထားပေ။ သို့သာမက တစ်မျိုးတည်းကိုသာ တင်ပြထားပေသည်။ တစ်ဖန် كيل ခြင်တွယ်မှုတစ်မျိုးတည်းကိုသာ သီးခြားသုံးနှုန်း တင်ပြထားခြင်းမှာ အာရဗ်နိုင်ငံတွင် များသောအားဖြင့် كيل ခြင်တွယ်မှုကိုသာ တွင်ကျယ်စွာ အသုံးပြုလေ့ရှိသောကြောင့် ဖြစ်နိုင်သည်။ အထူးသဖြင့် ရှူးဟွလ် မအာနီကျမ်းလာ ဆင့်ပြန်ချက်များအရ အကယ်၍ အာယသ်တော်သည် မဒီနာတွင် ကျရောက်ခဲ့သော အာယသ်တော်ဖြစ်ပါက ၎င်း كيل ခြင်တွယ်ခြင်းကိုသာ အထူးပြု တင်ပြရခြင်းမှာ မဒီနာမြို့တော်သားများသည် မက္ကာဟ်မြို့တော်သားများထက် ခြင်တွယ် ရောင်းချသည့် ဓလေ့ရှိနေသောကြောင့် ပို၍ပင် ပေါ်လွင်ပေသည်။

ဆက်လက်၍ ဤသို့ ကျင့်သုံးသူများကို ခြိမ်းခြောက်မိန့်ဆိုထားသည်မှာ) ထိုသူတို့သည် အလွန်တရာ ပြင်းထန်သော နေ့တစ်နေ့တွင် တစ်ဖန် ပြန်လည် ရှင်ထရမည်ကို ယုံကြည်မှု မရှိကြလေသလော။ အကြင်နေ့တွင် လူသားအားလုံးသည် စကြဝဠာကြီးကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် မတ်တတ်ရပ်ကြရမည်။ (ဆိုလိုသည်မှာ ထိုနေ့အား ကြောက်ရွံ့သင့်ပေသည်။ ၎င်းနောက် အများသူငှာ၏ ရပိုင်ခွင့်များကို ချိုးဖောက်ခြင်းမှ 'သောင်ဗာဟ်'ပြု အမှားဝန်ချ တောင်းပန်သင့်ပေသည်။ ထိုသို့ ပြန်လည်ရှင်ထရမည့် အကြောင်းနှင့် အစားပေးခံရမည့်အကြောင်းများကို ကြားကာ အီမာန်ရှင်တို့သည် ကြောက်ရွံ့သွားကြပြီး ကာဖိရ်တို့သည် ငြင်းဆန်ကြလေသည်။ ထိုကြောင့် ရှေ့တွင် ဆက်လက်၍ ငြင်းဆန်ခြင်းကို သတိပေးသောအနေဖြင့် ယုံကြည်သူနှင့် ငြင်းဆန်သူနှစ်ဦးစလုံးကို အစားပေးမည့် အကြောင်းများကို အကျယ်တဝင့် တင်ပြထားပေသည်။ ဥပမာ- ကာဖိရ်တို့သည် ဆုပေးဒဏ်ပေး အစားပေးခြင်းကို ငြင်းဆန်ကြသူများ ဖြစ်သည်။)

လုံးဝဥဿုံ (ဤကဲ့သို့) မဟုတ်ပေ။ (သို့သာမက အစားပေးခြင်းသည် မုချဧကန် ဖြစ်ရှိမည့် အရာ ဖြစ်သည်။ ဆုပေးဒဏ်ပေးခြင်းခံရမည့် 'အမလ်'ကျင့်ကြံမှုများကိုလည်း ထိန်းသိမ်းစောင့်ရှောက်ထားပေသည်။ ယင်းကို ခြုံငုံကာ တင်ပြထားသည်မှာ) ဆိုးသွမ်းသူ (ကာဖိရ်တို့) ၏ 'အမလ်'ကျင့်ကြံမှု မှတ်တမ်းသည် 'စစ်ဂျီးန်' တွင် ရှိလိမ့်မည်။ (ထိုနေရာသည် မြေခုနစ်ထပ်အောက်ရှိ နေရာတစ်နေရာ ဖြစ်ပြီး ကာဖိရ်များ၏ ဝိညာဉ်များကို ထားရှိမည့်နေရာ ဖြစ်သည်။ သဖ်စီးရ် အိဗ်နေကဆီးရ်ကျမ်းတွင် ဟာဇရသ်ကအဗ် ؓ ၏ ဆင့်ပြန်ချက်နှင့် ဒွရ်ရေမန်ဆူးရ်ကျမ်းတွင် အိဗ်နေအဗ္ဗားစ် ؓ ၊ မုဂျာဟစ်ဒ် (ရဟ) သခင်၊ ဖရ်ကဒ် (ရဟ) သခင်၊ ကသာဒဟ် (ရဟ) သခင်နှင့် အဗ်ဒွလ္လာဟ်ဗင်န်အမရ် ؓ သခင်ထံမှ မရ်ဖူးအ်ဆင့်ပြန်ချက်ဖြင့် ဤအတိုင်း ဆင့်ပြန်ထားပေသည်။ ၎င်းနောက် ကာဖိရ်များ၏ 'အမလ်'ကျင့်ကြံမှုများသည် ထိုနေရာ၌ တည်ရှိမည် ဖြစ်ကြောင်းကိုလည်း မုဂျာဟစ်ဒ် (ရဟ) သခင်နှင့် အဗ်ဒွလ္လာဟ်ဗင်န်

အမရ် ﷺ သခင်တို့၏ ဆင့်ပြန်မှုများကို ဒွရ်ရေမန်ဆူးရ်ကျမ်းတွင် ဆင့်ပြန်ထားသည်။ ဆက်လက်၍ ခြိမ်းခြောက်ကာ မေးမြန်းထားသည်မှာ) ၎င်းနောက် 'စစ်ဂျီးန်' တွင် ထားရှိသော 'အမလ်' ကျင့်ကြံမှု မှတ်တမ်းသည် မည်သည့်အရာဖြစ်သည်ကို အသင်တမန်တော် သိရှိပါ၏လော။ ထိုအရာသည် ရေးသားပြီးဖြစ်သော မှတ်တမ်းစာအုပ်တစ်ခု ဖြစ်သည်။

('ရေးသားပြီးထားသော' ဟု ဆိုခြင်းသည် 'တံဆိပ်ခတ်နှိပ်ထားသော' ဟု အဓိပ္ပာယ်ရသည်။ ဒွရ်ရေမန်ဆူးရ်ကျမ်းတွင် ဟဇရသ်ကအဗ်အဟ်ဗားန် ﷺ ထံမှ ဆင့်ပြန်ချက်၌ ထိုသူ သေဆုံးကွယ်လွန်ပြီးနောက် ယင်းမှတ်တမ်းကို ထိုနေရာ၌ ထားရှိကာ တံဆိပ်ခတ်နှိပ်လိုက်လေသည်။ အလိုသဘောမှာ ထိုမှတ်တမ်းများတွင် စိုးစဉ်မျှ အပြောင်းအလဲ မဖြစ်နိုင်တော့ပေ။ ဤသို့ဖြင့် 'အမလ်' ကျင့်ကြံမှုများကို အလ္လာဟ်အသျှင်မြတ်က ထိန်းသိမ်းစောင့်ရှောက်ထားသည်ဟု အဓိပ္ပာယ်ရပြီး အစားပေးခြင်းသည်လည်း မှန်ကန်တိကျစွာ ဖြစ်ပေါ်လာလိမ့်မည်ဟု တင်ပြခြင်းဖြစ်သည်။ ဆက်လက်၍ ထို 'အမလ်'ကျင့်ကြံမှုများ၏ အစားပေးခြင်းကဏ္ဍကို တင်ပြထားသည်။) ထိုနေ့တွင် (ဆိုလိုသည်မှာ 'ကေယာမသ်'နေ့တွင်) ငြင်းဆန်သူများသည် ကြီးမားသော ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရမည်။ ၎င်းတို့သည် အစားပေးမည့်နေ့ကို ငြင်းဆန်ကြလေသည်။ ၎င်းနောက် ထို (အစားပေးမည့်နေ့) ကို ထိုသူတို့သာလျှင် ငြင်းဆန်ကြသည်။ အကြင်သူတို့သည် (ကျေးကျွန်ပီသခြင်း၏) ဘောင် အတိုင်းအတာမှ ကျော်လွန်ကြသော အပြစ်ရှိသူများ ဖြစ်သည်။ (၎င်းနောက်) ထိုသူတို့ရှေ့မှောက်တွင် ငါအသျှင်မြတ်၏ အာယသ်တော်များ ရွတ်ဖတ်ပြသောအခါ ယင်းသည် အထောက်အထားမဲ့သော ရှေးယခင် ဆိုရိုးစကားများ ဖြစ်သည်ဟု ပြောဆိုလေ့ ရှိကြသည်။

(ဆိုလိုသည်မှာ 'ကေယာမသ်'နေ့ကို ငြင်းဆန်သော သူသည် အတိုင်းထက်အလွန် ကျူးလွန်သူ၊ အပြစ်ရှိသူ၊ ကျမ်းမြတ်ကုရ်အာန်ကို ငြင်းဆန်သူဟု တင်ပြလိုခြင်းဖြစ်သည်။ ဆက်လက်၍ ထင်ရှားပြတ်သားစွာ တင်ပြထားသော အစားပေးမည့်နေ့ကို ငြင်းဆန်သူများအား သတိပေးထားတော်မူသည်။ အကြောင်းမှာ ၎င်းတို့သည် ဤအချက်ကို မှားယွင်းစွာ သဘောပေါက်နေကြသည်။)

ဤသို့ လုံးဝမဟုတ်ပေ။ (၎င်းနောက် ငြင်းဆန်သူများ၏ စကားကို ကြားကြသူများသည် ထိုငြင်းဆန်သူများထံတွင် 'ကေယာမသ်'နေ့နှင့် ပတ်သက်ပြီး ငြင်းဆန်နိုင်မည့် အထောက်အထားတစ်စုံတစ်ရာ ရှိနေသောကြောင့် ၎င်းတို့သည် အထောက်အထားရှိ၍ ငြင်းဆန်နေသည်ဟု ထင်ယောင်ထင်မှား မဖြစ်သင့်ပေ။ စေန်စင်စစ် ဤသို့ လုံးဝမဟုတ်ပေ။) သို့သာမက (ငြင်းဆန်ရသော အဓိကအကြောင်းအရင်းမှာ) ၎င်းတို့၏ နှလုံးသားတွင် ၎င်းတို့၏ မကောင်းမှု ဒုစရိုက်များကြောင့် သံချေးတက်နေသည်။ (ထို့ကြောင့် အမှန်တရားကို လက်ခံနိုင်သော အရည်အချင်းများ ပပျောက်သွားပြီး အမှန်တရားများ ပွားများကာ ငြင်းဆန်နေခြင်း ဖြစ်သည်။ ဆက်လက်၍ ထိုငြင်းဆန်မှုအပေါ် ခြိမ်းခြောက်မိန့်ဆိုသည်မှာ ၎င်းတို့ ထင်မှတ်နေသကဲ့သို့) လုံးဝမဟုတ်ပေ။

(ဆက်လက်၍ ၂၂ ဟူသော စာသားနှင့် ပတ်သက်ပြီး အဘယ်သို့သော ဆုံးရှုံးမှုဖြစ်သည်ကို အနည်းငယ် ဖွင့်ဆိုထားပေသည်။) ၎င်းတို့သည် ထိုနေ့တွင် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်

မြတ်အား (ဖူးမျှော်ရခြင်းမှ) ထားမြစ်ခံရမည်ဖြစ်သည်။ တစ်ဖန် (ဤသည်သာမက) ၎င်းတို့သည် ငရဲဘုံသို့ ဝင်ကြရမည်။ တစ်ဖန် (၎င်းတို့အား) မိန့်ကြားခံရမည်မှာ အသင်တို့ ငြင်းဆန်နေခဲ့သော အရာသည် ဤသည်ပင် ဖြစ်သည်။ (ထို့နောက် ၎င်းတို့သည် 'ကေယာမသ်' နေ့အား ငြင်းဆန်ရာတွင် မိမိတို့ အပြစ်ပေးခံရမည့်အကြောင်းကို မယုံကြည်သကဲ့သို့ အီမာန်ရှင်များသည် ဆုလာဘ်များ ရရှိမည့် အကြောင်းကိုလည်း မယုံကြည်ကြပေ။ ဆက်လက်၍ သတိပေးမိန့်ဆိုသည်မှာ အီမာန်ရှင်များ၏ ချီးမြှင့်ခံရမှုများနှင့် ပတ်သက်ပြီး ငြင်းဆိုကြသူများသည်) ဤသို့ လုံးဝ ဖြစ်မည် မဟုတ်ပေ။ (ဆိုလိုသည်မှာ လုံးဝ မှန်ကန်မှု မရှိသည်သာမက မုချဧကန် အီမာန်ရှင်များသည် အကျိုးစဝါးဓ်များ ရရှိခံစားရမည်ဖြစ်သည်။ ဤအကြောင်းအရာကို တင်ပြထားသည်မှာ) သူမွန်သူမြတ်တို့၏ 'အမလ်'ကျင့်ကြံမှုမှတ်တမ်းသည် 'အိလ္လီယီးန်'တွင် ရှိမည် ဖြစ်သည်။ (ထိုနေရာသည် မိုးကောင်းကင် (၇) ထပ်တွင် တည်ရှိမည်ဖြစ်ပြီး အီမာန်ရှင်များ၏ ဝိညာဉ်များ နေထိုင်မည့်နေရာ ဖြစ်သည်။ သဖ်စီးရ်အိဗ်နေကစီးရ်ကျမ်းရှိ ဟဇရသ်ကအဗ် ﷺ ၏ ဆင့်ပြန်ချက်၌ လာရှိထားသည်။) ၎င်းနောက် (ဆက်လက်၍ ရှင်းရှင်းလင်းလင်း သိစေလို၍ မေးမြန်းသည်မှာ) 'အိလ္လီယီးန်'တွင် ထားရှိမည်ဖြစ်သော 'အမလ်'မှတ်တမ်းများသည် မည်သည့်အရာ ဖြစ်သည်ကို အသင်တမန်တော် သိရှိရပါ၏လော။ ယင်းသည် မှတ်သားထားသော မှတ်တမ်းတစ်ခု ဖြစ်သည်။ ထိုမှတ်တမ်းကို အနီးကပ်ခစားခွင့်ရသော ကောင်းကင်တမန်များက (ဂရုတစိုက်) စောင့်ကြပ်နေကြသည်။

(၎င်းနောက် ဤသည် မုအ်မင်န်တို့အား ကြီးမားသော ဂုဏ်ပေးမှု ဖြစ်သည်။ ဥပမာ– ရူးဟွလ်မအာနီကျမ်းတွင် ဟဇရသ်ကအဗ် ﷺ မှတစ်ဆင့် အဗ်ဒ်ဗင်န်ဟုမိုင်ဒ် (ရဟ) ၏ ဆင့်ပြန်ချက်တစ်ရပ် လာရှိသည်မှာ ကောင်းကင်တမန်များသည် မုအ်မင်န်၏ ဝိညာဉ်အား နှုတ်ယူသယ်ဆောင်သွားသောအခါ မိုးကောင်းကင်ရှိ အထူးခစားခွင့်ရသော ကောင်းကင်တမန်များသည် ထိုဝိညာဉ်နှင့်အတူ လိုက်ပါသွားကြသည်။ မိုးကောင်းကင် (၇) ထပ်သို့ ရောက်ရှိသည့်အထိ လိုက်ပါသွားကြပြီး ထိုဝိညာဉ်အား အဆိုပါနေရာ၌ ထားရှိကြသည်။ တစ်ဖန် ကောင်းကင်တမန်များက ကျွန်ုပ်တို့သည် ထိုသူမွန်သူမြတ်၏ 'အမလ်'မှတ်တမ်းအား ကြည့်ရှုလိုပါသည်ဟု လျှောက်ထားရာ ထိုမှတ်တမ်းကို ဖွင့်ပြမည်ဖြစ်သည်။ ရှေ့တွင် ဆက်လက်၍ ၎င်းတို့၏ တမလွန်တွင် ရရှိမည့် အကျိုးကျေးဇူးများကို အကျဉ်းချုံးကာ တင်ပြသည်မှာ) သူမွန်သူမြတ်တို့သည် ကြီးမားသော စည်းစိမ်များတွင် ခံစားနေရမည်ဖြစ်သည်။ ပလ္လင်များပေါ် (ထိုင်လျက် သုခဘုံ၏ အံ့သြဖွယ်ရာများကို) ရှုစားနေကြမည်ဖြစ်သည်။ အသင်သည် ၎င်းတို့၏ မျက်နှာများတွင် စည်းစိမ်များဖြင့် လန်းဆန်းနေမှုကို တွေ့မြင် သိရှိနိုင်မည် ဖြစ်သည်။

(၎င်းနောက်) ထိုသူမွန်သူမြတ်တို့ သောက်သုံးရန် တံဆိပ်ခပ်နှိပ်ထားသော ထူးခြားသည့် ယမကာများ၊ အကြင်ယမကာများအပေါ်ဝယ် ကတိုးနံ့သာဖြင့် တံဆိပ်ခတ်နှိပ်လျက် ရှိကြမည်ဖြစ်သည်။ ၎င်းနောက် ရမ္မက်ထားသူများသည် ဤကဲ့သို့သော အရာများအား ရမ္မက်ထားသင့်ပေသည်။ (အကြောင်းမှာ ရမ္မက်ထားသင့်သည့် အရာသည် ဤအရာပင်ဖြစ်သည်။ သီးခြားယမကာဖြစ်စေ၊ (သို့) 'ဂျန္နသ်'၏ စည်းစိမ်အားလုံးကိုဖြစ်စေ၊ ဆိုလိုသည်မှာ စိတ်ဝင်တစား မက်မောသင့်သော အရာများသည် ဤ 'နေ့အ်မသ်'တော်များ

ဖြစ်သည်။ ဒုနိယာလောက၏ မပြည့်စုံသော ပျက်သုဉ်းမည့်အရသာများအား မမက်မောသင့်ပေ။ ၎င်းနောက် ထို 'နေ့အ်မသ်'တော်များကို ရယူနိုင်သည့် နည်းလမ်းမှာ ကောင်းမွန်သော 'အမလ်'ကျင့်ကြံမှု ဖြစ်သည်။ ထို့ကြောင့် ယင်းနှင့် ပတ်သက်၍ ကြိုးစားအားထုတ်သင့်ပေသည်။) ၎င်းနောက် ထို (ယမကာ) အား ရောနှောသောက်သုံးရမည့် အရာသည် 'သတ်စ်နီးမ်' (၏ ရေ) ပင် ဖြစ်သည်။

(အာရဗ်လူမျိုးတို့သည် အများအားဖြင့် ယမကာတွင် ရေရောကာ သောက်သုံးလေ့ ရှိသည်။ သို့ရှိရာ 'ဂျန္နသ်'သုခဘုံသို့ ယမကာ၏ ရောနှောမှုအတွက် 'သတ်စ်နီးစ်'ရေ ရရှိမည် ဖြစ်သည်။ ဆက်လက်၍ 'သတ်စ်နီးမ်' အကြောင်း ဖွင့်ဆိုထားသည်မှာ 'သတ်စ်နီးမ်'သည်) စမ်းချောင်းတစ်ခု ဖြစ်သည်။ ထိုစမ်းချောင်းမှ ရေကို မြင့်မြတ်သူတို့ သောက်သုံးကြလိမ့်မည်။

(အလိုသဘောမှာ 'စာဗေကီးန်' မြင့်မြတ်သူတို့သည် ထို 'သတ်စ်နီးမ်' ၏ ရေကိုသာ သောက်သုံးခွင့် ရမည်ဖြစ်ပြီး 'အဆ္ဖ်ဟာဗွလ်ယမီးန်'ဟုခေါ်သော အဆင့်မြင့် သူမွန်သူမြတ်တို့သည် ထို 'သတ်စ်နီးမ်'၏ ရေကို အခြားယမကာများဖြင့် ရောနှောသောက်သုံးခွင့်ရမည်။ ဒုရ်ရေမန်စူးရ်ကျမ်းရှိ ဟာဇရသ်ကသာဒဟ် (ရဟ) နှင့် မာလစ်က်ဗင်န်ဟာရစ် (ရဟ)၊ အိဗ်နေအဗ္ဗားစ် ﷺ ၊ အိဗ်နေမတ်စ်အူးဒ် ﷺ နှင့် ဟုဇိုင်ဖာဟ် ﷺ သခင်တို့၏ ဆင့်ပြန်ချက်များ၊ ၎င်းနောက် တံဆိပ်ခတ်နှိပ်ထားခြင်းဟူသည် ဂုဏ်ပေးခြင်း၏ လက္ခဏာ ဖြစ်သည်။ သို့မဟုတ်က ထိုနေရာတွင် ဤသို့ ထိန်းသိမ်းစောင့်ရှောက်မှု မလိုအပ်ပေ။ ၎င်းနောက် ကတိုးဖြင့် တံဆိတ်ခတ်နှိပ်ထားသည့် အလိုသဘောမှာ ဘော်စေး စသည်တို့ဖြင့် ချိတ်ပိတ်ကာ တံဆိပ်နှိပ်ခြင်းကို 'သွီးနေခေသာမ်း' ဟု ခေါ်သည်။ သုခဘုံတွင် ယမကာဖူး၏ အဝတွင် ကတိုးဖြင့် တံဆိပ်ခတ်နှိပ်ကာ ထိပ်ပိတ်ထားမည် ဖြစ်သည်။ ဤသို့ဖြင့် မွန်မြတ်သူများနှင့် ဆိုးသွမ်းသူတို့၏ တမလွန်တွင် အစားပေးခံရမှုများကို သီးခြားစီ တင်ပြခဲ့ပြီး ဆက်လက်၍ နှစ်ဖွဲ့စလုံး၏ လောကီ လောကုတ္တရာဆိုင်ရာ အခြေအနေအရပ်ရပ်ကို တင်ပြမည် ဖြစ်သည်။)

အကြင်သူတို့သည် အပြစ်ရှိသူ (ဆိုလိုသည်မှာ ကာဖိရ်) များ ဖြစ်ကြသည်။ ၎င်းတို့သည် အီမာန်ရှင်များအား (ဒုနိယာလောကတွင် လှောင်ပြောင်သရော်သော အားဖြင့်) ရယ်မောလေ့ ရှိကြသည်။ ၎င်းနောက် ဤ (မုအ်မင်န်တို့သည်) ထိုကာဖိရ်တို့၏ ရှေ့မှောက်မှ ဖြတ်လျှောက်သွားသောအခါဝယ် (ကာဖိရ်တို့) အချင်းချင်း မျက်ရိပ်ပြကြသည်။ (ဆိုလိုသည်မှာ မုအ်မင်န်များအား လှောင်ပြောင်သရော်ကာ နှိမ့်ချ ဆက်ဆံလေ့ ရှိကြသည်။) ၎င်းနောက် မိမိတို့၏ အိမ်သို့ ရောက်သောအခါ (ထိုအိမ်တွင်လည်း ဤအကြောင်းအရာများကိုပင် ပြောဆိုလှောင်ပြောင်ကာ) စိတ်အရသာခံကြသည်။

(အလိုသဘောမှာ ရှေ့တွင်ဖြစ်စေ၊ ကွယ်ရာတွင်ဖြစ်စေ မည်သည့်အခြေအနေ၌မဆို မုအ်မင်န်တို့အား နှိမ့်ချကာ လှောင်ပြောင်သရော်မှုတွင် နစ်မွန်းလျက် ရှိကြသည်။ ရှေ့မှောက်တွင်မူ အရိပ်အမြွက်ပြကာ အကွယ်တွင်မူ ပြောင်ပြောင်တင်းတင်း မုအ်မင်န်တို့၏ အကြောင်းများကို ပြောဆိုလေ့ရှိကြသည်။) ၎င်းနောက် မုအ်မင်န်များအား တွေ့သောအခါ ပြောဆိုကြသည်မှာ မုချဧကန် ၎င်းတို့သည် မှားယွင်းလျက် ရှိကြသည်။ (အဘယ်ကြောင့်ဆိုသော် ကာဖိရ်များသည် အစ္စလာမ်ကို မှားယွင်းသည်ဟု မှတ်ယူနေကြသည်။) စင်စစ်

တွင်မူ ဤ (ကာဖိရ်များအား) ထို (မွတ်စ္စလင်မ်များ) နှင့် ပတ်သက်ပြီး ကြည့်ရှုစောင့်ရှောက်သူများ အဖြစ် စေလွှတ်လိုက်သည် မဟုတ်ပေ။

(ဆိုလိုသည်မှာ ၎င်းတို့သည် မိမိတို့အဖို့ သောကထားသင့်ပေသည်။ မွတ်စ္စလင်မ်များအနောက်သို့ အဘယ်ကြောင့် လိုက်လံနှောင့်ယှက်နေသနည်း။ ထို့ကြောင့် ၎င်းကာဖိရ်များသည် အမှားနှစ်မျိုးကို ကျူးလွန်မိကြမည်။ တစ်မျိုးမှာ 'အဲဟ်လေ့ဟပ်က်' (မှန်ကန်သူများ) အား လှောင်ပြောင်ခြင်းဖြစ်ပြီး၊ အခြားတစ်မျိုးမှာ မိမိကိုယ်မိမိ ပြုပြင်ရန် သောကမရှိခြင်း ဖြစ်သည်။) သို့ရှိရာ ယနေ့ ('ကေယာမသ်'နေ့တွင်) အီမာန်ရှင်တို့သည် ကာဖိရ်များကို ရယ်မောကြလိမ့်မည်။ ပလ္လင်များအပေါ်ဝယ် (ထိုင်လျက် ၎င်းတို့၏ အခြေအနေကို) ကြည့်ရှုလျက် ရှိနေကြမည်။ (ဒွရ်ရေမန်စူးရ်ကျမ်းတွင် ဟဇရသ်ကအ်ဗ် ﷺ သခင်၏ ဆင့်ပြန်ချက်တစ်ရပ် လာရှိသည်မှာ 'ဂျန္နသ်' သုခဘုံတွင် အချို့တံခါးပေါက်များ ရှိလိမ့်မည်။ ယင်းမှနေ၍ သုခဘုံသားများသည် ငရဲဘုံသားများကို တွေ့မြင်နိုင်မည် ဖြစ်သည်။ ထို (ငရဲဘုံသားများ၏ အခြေအနေကိုကြည့်ကာ လက်စားချေသော အနေဖြင့် ၎င်းတို့အား ရယ်မောကြလိမ့်မည်။ ဆက်လက်၍ ထိုပြစ်ဒဏ်နှင့် ပတ်သက်ပြီး တင်ပြသည်မှာ) မုချဧကန် ကာဖိရ်တို့သည် မိမိတို့၏ လုပ်ရပ်များအတွက် အစားပေးခြင်းကို ကောင်းစွာ ခံစားနေကြရမည်မဟုတ်သလော။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်၏ အဆိုအရ စူရာဟ်'မုသွဖ်ဖိဖီးန်' သည် မက္ကာဟ်မြို့၌ ကျရောက်ခဲ့သော စူရာဟ်ဖြစ်သည်။ မြောက်မြားစွာသော ကုရ်အာန်ကျမ်းစောင်များတွင် ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်၏ အဆိုကြောင့် ထိုစူရာဟ်ကို 'မက္ကီစူရာဟ်' ဟု ရေးသားကြပေသည်။ ဟဇရသ် အဗ်ဒွလ္လဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်၊ ဟဇရသ်ကအ်ဗ် (ရဟ) ၊ ဟဇရသ်မကာသစ်လ် (ရဟ)၊ ဟဇရသ်သွဟားက် (ရဟ) သခင်တို့၏ အဆိုအရ ထိုစူရာဟ်သည် မဒီနာမြို့တော်၌ ကျရောက်ခဲ့သည်။ သို့သော် ၎င်းစူရာဟ်၏ သီးသန့် အာယသ်တော် (၈) ခုသာလျှင် မက္ကာဟ်မြို့၌ ကျရောက်ခဲ့သည်။ အေမာမ်နစာအီ (ရဟ) သခင်က ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်ထံမှ ဆင့်ပြန်ထားပေသည်။

တမန်တော်မြတ် ﷺ မဒီနာသို့ ကြွမြန်းလာသောအခါ မဒီနာမြို့သူ၊ မြို့သားများ၏ မြောက်မြားစွာသော အပေးအယူကိစ္စများသည် كيل ခြင်၍ ပေးခြင်းအပေါ် အခြေခံနေသည်ကို တွေ့မြင်ရသည်။ ထိုမဒီနာမြို့သူ၊ မြို့သားတို့သည် ၎င်းခြင်၍ ပေးမှု၊ ရောင်းဝယ်မှု၌ ခိုးချိန်မှုနှင့် လျှော့နည်းစွာ တိုင်းတာသော အကျင့် ရှိလေသည်။ ထိုအခြေအနေ၌ ဤ وَيْلٌ لِّلْمُطَفِّفِينَ ဆိုသော စူရာဟ်ကျရောက်လာခဲ့ပေသည်။ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ က ဆင့်ပြန်ခဲ့ပေသည်။ တမန်တော်မြတ် ﷺ မဒီနာမြို့သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ပထမဦးဆုံး ဤစူရာဟ် ကျရောက်လာခဲ့လေသည်။ စူရာဟ်ကျရောက်လာခြင်း

၏ အကြောင်းမှာ ထိုအချိန်၌ မဒီနာမြို့သူ၊ မြို့သားများတွင် ၎င်းဓလေ့အား တွင်ကျယ်စွာ ပြုလုပ်လျက် ရှိသည်။ တစ်ဦးတစ်ယောက်ထံမှ မိမိအတွက် ကုန်ပစ္စည်းများ တိုင်းတာသောအခါ ပြည့်ပြည့်ဝဝ တိုင်းတာ ရယူလေ့ ရှိကြပြီး အခြားသူများကို ရောင်းချသောအခါ ၎င်းတိုင်းတာမှု၌ လျော့နည်းစွာဖြင့် အလေးခိုး ကြပေသည်။ ၎င်းစူရာဟ် ကျရောက်လာမှုအပေါ် ဤသူများသည် ထိုမကောင်းသော ဓလေ့မှ ရပ်တန့် သွားကြပေသည်။ ဤကဲ့သို့ အတိုင်းအတာအထိ ရပ်တန့်သွားကြသည်။ ယနေ့အထိ မဒီနာမြို့သူ၊ မြို့သားများ သည် အလေးချိန်တွယ်ရာတွင် ပြည့်ပြည့်ဝဝ ရှိလှသည်ဟု ကျော်ကြားနေပေတော့သည်။

[ဟာဒီးကင်မ်ကျမ်း၊ နစာအီကျမ်း၊ အိဗ်နေမာဂျာဟ်ကျမ်း၊ မဇွ်ဟာရီကျမ်း။]

وَيۡلٌ لِّلۡمُطَفِّفِينَ

مطففين 'မုသွဖ်ဖိဖီးန်'သည် **تطفيف** 'သသ္ဖိဖ်' ဆိုသော ပုဒ်မှ ဆင်းသက်လာပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ အလေးချိန်တွယ်ရာ၌ လျော့နည်းအောင် ပြုလုပ်ခြင်းဖြစ်သည်။ ဤကဲ့သို့ အလေးခိုး သောသူကို **مطفّف** 'မုသွဖ်ဖိဖ်'ဟု ခေါ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ၎င်းအမိန့်ဖြင့် သိရှိရသည် မှာ အလေးခိုးခြင်းသည် 'ဟရာမ်' ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များ၌ လျော့နည်း၍၊ ခိုး၍ ချိန်ပေးခြင်း၊ ခြင်ပေးခြင်း ကို 'ဟရာမ်'ဟု သတ်မှတ်ထားသည်။ အဘယ်ကြောင့်ဆိုသော် မြောက်မြားစွာသော အပေးအယူကဏ္ဍ များသည် ထိုနည်းလမ်းနှစ်ခုအပေါ်၌ မူတည်နေပေသနည်း။ ၎င်းနည်းလမ်းကို အကြောင်းခံ၍ အခြားသူ များ၏ ဝတ္တရားများ ကျေပွန်သလော။ (သို့) မကျေပွန်သလောဟု သတ်မှတ် ပြောဆိုနိုင်ပေသည်။ သို့သော် သိရှိရသည်မှာ ၎င်းအကြောင်းအရာကို တင်ပြခြင်း၏ ရည်ရွယ်ချက်သည် လူတိုင်း၏ ဝတ္တရားများကို ပြည့်ပြည့်ဝဝ ပေးဆောင်ရမည်ဖြစ်သည်။ ၎င်းဝတ္တရား၌ လျော့နည်းအောင် ပြုလုပ်ခြင်းသည် 'ဟရာမ်' ဖြစ်သည်။ ဤအမိန့်သည် ချိန်တွယ်တိုင်းတာမှုနှင့်သာလျှင် သီးခြား သတ်မှတ်ထားခြင်း မဟုတ်ပေ။ သို့သာမက အခြားသူများ၏ ဝတ္တရားများကို ပြည့်ပြည့်ဝဝ ပေးဆပ်ခြင်း၊ (သို့) မပေးဆပ်ခြင်းကို စမ်းစစ်ရ သည့် အရာများ၏ အမိန့်သည်လည်း ဤကဲ့သို့ပင် ဖြစ်သည်။ ထိုအရာသည် ချိန်တွယ်မှုနှင့် ပတ်သက် သည်ဖြစ်စေ၊ အရေအတွက်နှင့် ပတ်သက်သည်ဖြစ်စေ၊ အခြားသော ပုံစံဖြင့် ဖြစ်စေ၊ အခြားသူ၏ ဝတ္တရား ကို လျော့နည်းအောင် ပြုလုပ်ခြင်းသည် 'သသ္ဖီးဖ်' စာရင်းဝင်သော 'ဟရာမ်' ဖြစ်သည်။

မုအသ္ဖ်သွာ အေမာမ်မာလိစ်ကျမ်း၌ တင်ပြထားသည်မှာ ဟဇရသ်အွမရ်ဖင်နခသ္ဘာဗ် ﷺ သခင် သည် ပုဂ္ဂိုလ်တစ်ဦး နမာဇ်ဖတ်နေသည်ကို တွေ့မြင်လေသည်။ ၎င်းပုဂ္ဂိုလ်သည် နမာဇ်၏ 'ရူကူအ်'၊ 'စဂျ်ဒဟ်' အစရှိသည်တို့ကို ပြည့်ပြည့်ဝဝ ဆောက်တည်ခြင်းမပြုဘဲ နမာဇ်ကို လျင်မြန်စွာ အဆုံးသတ်လိုက် ပေသည်။ ၎င်းအား **لَقَدْ طَفَّفْتَ** ဆိုလိုသည်မှာ 'အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ဝတ္တရား၌ လျော့နည်းမှု ပြုလုပ်လိုက်သည်' ဟူ၍ အမိန့်ရှိခဲ့၏။ ဟဇရသ်အွမရ် ﷺ သခင်၏ ၎င်းမိန့်မြွက်ချက်ကို ဆင့်ပြန်၍ ဟဇရသ်အေမာမ်မာလိက် (ရဟ) သခင်က အမိန့်ရှိသည်မှာ-

لكل شئ وفاء وتطفيف

ဆိုလိုသည်မှာ အရာတိုင်း၌ ပြည့်ဝစွာ တာဝန်ထမ်းဆောင်ခြင်းနှင့် (သို့) ပေါ့ပေါ့လျော့လျော့ အပြည့်အဝ တာဝန်ထမ်းဆောင်မှု မပြုခြင်းဟူ၍ ရှိပေသည်။ ၎င်းအမိန့်သည် နမာဇ်၊ ဝုဇူ၊ 'သွဟာရသ်' (သန့်ရှင်းစင်ကြယ်မှု) ကဏ္ဍများ၌လည်း ရှိပေသည်။ ဤအတိုင်းပင် အလ္လာဟ်အသျှင်မြတ်၏ အခြားသော အမိန့်တော်များနှင့် 'အေဗာဒသ်' များ၌ ပေါ့လျော့ လျော့နည်းမှု ပြုလုပ်သောသူနှင့် ဗန္ဒာဟ်အချင်းချင်း၏ တာဝန်ဝတ္တရားများ၌ သတ်မှတ်ထားသော တာဝန်ဝတ္တရားကို လျော့နည်းအောင် ပြုလုပ်ခဲ့မည်ဆိုလျှင် ၎င်းသူသည်လည်း 'သသွ်ဖီးဖ်'၏ အမိန့်၌ အကျုံးဝင်ကာ အပြစ်ရှိသူ ဖြစ်မည်။ အလုပ်သမားများနှင့် ဝန်ထမ်းများသည် မည်မျှခန့် အချိန်ကို အလုပ်လုပ်ရန်အတွက် ကတိပြုထားမည်နည်း။ ၎င်းကတိပြု သတ်မှတ်ထားသော အချိန်ထဲမှ အချိန်ခိုးခြင်းနှင့် ပေါ့လျော့ လျော့နည်းအောင် ပြုလုပ်ခြင်းသည်လည်း 'သသွ်ဖီးဖ်'၏ အမိန့်ထဲ၌ ပါဝင်ပေသည်။ သတ်မှတ်ထားသော အချိန်အတွင်း၌ အဘယ်မျှခန့် ကြိုးစားစွာ အလုပ်လုပ်ကိုင်ရန် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်က သတ်မှတ်ထားကြသနည်း။ ၎င်းအချိန်အတွင်း၌ ပျင်းရိခြင်းသည်လည်း 'သသွ်ဖီးဖ်'ဖြစ်ပေသည်။ ဤကိစ္စရပ်အမိန့်၌ သာမန်ပုဂ္ဂိုလ်များကို မဆိုထားဘိ ယုတ်စွအဆုံး သာသနာ့ပညာရှင်များထံ၌လည်း ပေါ့လျော့မှု ရှိနေကြပေသည်။ မိမိ၏ သတ်မှတ်ထားသော အလုပ်ခွင်၌ ပေါ့လျော့ခြင်းကို အပြစ်ဟုပင် မယူဆကြတော့ပေ။

اعاذ نا الله منه

(ကျွန်ုပ်တို့အား အလ္လာဟ်အသျှင်မြတ် ယင်းပြစ်မှ ကယ်တင်စောင့်ရှောက်တော်မူပါစေ။)

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နအဗ္ဗားစ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ-

خمس بخمس

ဆိုလိုသည်မှာ (၅) ခုသော အပြစ် 'ဂိုနာဟ်'၏ အစား (၅) ခုသော ဆိုးကျိုး ရရှိမည်ဖြစ်ပေသည်။

(၁) အကြင်သူသည် ကတိကို ချိုးဖောက်ခဲ့သော် အလ္လာဟ်အသျှင်မြတ်သည် ၎င်းသူအပေါ် ထိုသူ၏ ရန်သူများကို အောင်နိုင်မှုနှင့် လွှမ်းမိုးမှု ရရှိစေလိမ့်မည်။

(၂) အကြင်မျိုးနွယ်အုပ်စုသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဥပဒေကို ဥပက္ခာပြု စွန့်လွှတ်ပြီး အခြားသော ဥပဒေဖြင့် ဆုံးဖြတ်ခဲ့မည်ဆိုလျှင် ၎င်းအုပ်စုအတွင်း၌ လိုအပ်ချက်များနှင့် ငတ်မွတ်ခေါင်းပါးမှုများ တွင်ကျယ်စေမည်။

(၃) အကြင်မျိုးနွယ်အုပ်စု၌ အရှက်မရှိသော လုပ်ရပ်များနှင့် ကာမေသုမိစ္ဆာရ ကျူးလွန်မှုများ များပြားလာခဲ့သော် အလ္လာဟ်အသျှင်မြတ်သည် ၎င်းအုပ်စုအပေါ်၌ ပုလိပ်ရောဂါ (အခြားသော ဘေးဗလာ ဒုက္ခများနှင့် ရောဂါများ) လွှမ်းမိုးစေလိမ့်မည်။

(၄) အကြင်သူတို့သည် အလေး ချိန်တွယ် တိုင်းတာရာ၌ လျော့နည်းမှု ပြုလုပ်မည်ဆိုလျှင် ၎င်းသူများအပေါ် အလ္လာဟ်အသျှင်မြတ်သည် ကပ်ဆိုက်မှုများ၌ နစ်မွန်းစေလိမ့်မည်။

(၅) အကြင်သူများသည် 'ဇကားသ်' မပေးဆောင်ကြပေ။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းသူများအပေါ် မိုးရွာသွန်းမှုကို ရပ်ဆိုင်းလိုက်လိမ့်မည်။ *[ကုရ်သုဗီးကျမ်း]*

၎င်းနောက် သွမ်ရာနီကျမ်း၌ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိအဗ္ဗားစ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အကြင်မျိုးနွယ်အုပ်စု၌ စစ်သုံ့ပန်းပစ္စည်းများကို ခိုးလေ့ခိုးထ ရှိမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူများ၏ နှလုံးသား၌ ရန်သူများကို ကြောက်ရွံ့တုန်လှုပ်စေသော စိတ်ထည့်ပေးတော်မူမည်။ ၎င်းနောက် အကြင်မျိုးနွယ်အုပ်စု၌ အတိုးစားသော ဓလေ့ရှိမည်ဆိုလျှင် ၎င်းအုပ်စု၌ မြောက်မြားစွာသော သေကြေမှုများ ဖြစ်ရှိလိမ့်မည်။ ၎င်းနောက် အကြင်မျိုးနွယ်အုပ်စု၌ အလေးချိန်တွယ်တိုင်းတာရာ၌ လျော့နည်းမှု ပြုလုပ်မည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းသူတို့၏ ရိဇ်ဇ်ရိက္ခာများကို ဖြတ်တောက်ပစ်တော်မူမည်။ ၎င်းနောက် အကြင်သူများသည် အမှန်တရားနှင့် ဆန့်ကျင်၍ ဆုံးဖြတ်ကြ မည်ဆိုလျှင် ၎င်းသူများထဲတွင် သတ်ဖြတ်မှုနှင့် သွေးချောင်းစီးခြင်းများ များပြားစေပေမည်။ အကြင်သူတို့သည် ကတိများကို ချိုးဖောက်မည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ် ၎င်းတို့၏ ရန်သူကို လွှမ်းမိုးစေပေလိမ့်မည်။ *[မွဉ္စဟရီကျမ်း]*

ငတ်မွတ်ခေါင်းပါးခြင်း၊ ကပ်ဆိုက်ခြင်းနှင့် ရိဇ်ဇ်ရိက္ခာဖြတ်တောက်ခြင်း၏ ပုံသဏ္ဍာန်အမျိုးမျိုး

ဟဒီးစ်တော်၌ အချို့သူများနှင့် ပတ်သက်၍ ရိဇ်ဇ်ရိက္ခာ ဖြတ်တောက်ပစ်မည်ဟု အမိန့်ရှိထားပေသည်။ ရိဇ်ဇ်ရိက္ခာ ဖြတ်တောက်ခြင်း၏ ပုံသဏ္ဍာန်မှာ ဤကဲ့သို့လည်း ဖြစ်နိုင်ပေသည်။ ထိုသူများကို ရိဇ်ဇ်ရိက္ခာမှ လုံးဝ လက်မဲ့ပြုလုပ်ခြင်း ခံရပေမည်။ ၎င်းနောက် ဤကဲ့သို့ ပုံစံလည်း ရိဇ်ဇ်ရိက္ခာ ဖြတ်တောက်ခံရခြင်း၌ အကျုံးဝင်ပေသည်။ ရိဇ်ဇ်ရိက္ခာ ရှိလျက်နှင့် စားသုံးနိုင်စွမ်း၊ သုံးစွဲနိုင်စွမ်း ရရှိမည် မဟုတ်ပေ။ ဥပမာ- မြောက်မြားစွာသော ရောဂါများ၌ ၎င်းပုံစံကို တွေ့မြင်နိုင်ပေသည်။ ယင်းသည် ယနေ့ခေတ်ကာလ၌ အလွန်ပေါများလျက် ရှိနေပေသည်။ ကပ်ဆိုက်ခြင်းဆိုသည်မှာ ဤကဲ့သို့ ပုံစံလည်း ဖြစ်နိုင်ပေသည်။ အရေးတကြီးလိုအပ်သော ပစ္စည်းများမရဘဲ ရှိနေမည်။ ၎င်းနောက် ဤသို့ ဖြစ်နိုင်ပေသည်။ ပစ္စည်းပစ္စယများ ရှိနေမည်။ အများအပြား ရှိနေမည်။ သို့သော် အများအပြားရှိနေပါလျက် ၎င်းအရာဝတ္ထုများ ဝယ်ယူရန် ခက်ခဲသွားသည်ခန့် ဈေးနှုန်းကြီးသွားပေမည်။ ဥပမာ- ယနေ့ခေတ်တွင် ၎င်းပုံစံကို မြောက်မြားစွာသော အရာဝတ္ထုများ၌ တွေ့မြင်နေရပေသည်။ ၎င်းနောက် ဟဒီးစ်တော်၌ ငတ်မွတ်ခေါင်းပါးမှု လွှမ်းမိုးမည်ဟု အမိန့်ရှိထားပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ ပိုက်ဆံနှင့် လိုအပ်သော ပစ္စည်းများ ၎င်းသူထံ၌ မရှိခြင်းကိုသာလျှင် မဆိုလိုပေ။ သို့သာမက فقر ၏ (ငတ်မွတ် ခေါင်းပါးခြင်း) ၏ မူရင်းအဓိပ္ပာယ်မှာ တောင့်တနေရခြင်းကို ဆိုလိုပေသည်။ 'လူတိုင်းသည် မိမိ၏ ရောင်းဝယ် ဖောက်ကား

မှုများနှင့် ဘဝသက်တမ်း၏ လိုအပ်ချက်များနှင့်ပတ်သက်ပြီး အဘယ်မျှခန့် အခြားသော သူများကို တောင့်တနေရမည်နည်း။ ၎င်းသူသည် ထိုအတိုင်းအတာနှင့်အမျှ 'ဖကီးရ်' လိုလားတောင့်တနေရသူ ဖြစ်ပေမည်။

ယခုခေတ်သမယ အခြေအနေကို သုံးသပ်ကြည့်မည်ဆိုလျှင် လူသားသည် မိမိ၏ နေထိုင်မှုစနစ် သွားလာလှုပ်ရှားမှုများနှင့် မိမိ၏ ဆန္ဒများကို ပြည့်ဝအောင် ပြုလုပ်ရာ၌ ဤကဲ့သို့သော ပြဿနာများနှင့် ရင်ဆိုင်နေရသည်ကို တွေ့မြင်နိုင်ပေသည်။ အကြောင်းမှာ မိမိ၏ ထမင်းလုပ်နှင့် စကားပြောဆိုမှုနှင့် ပတ်သက်၍ပင် တင်းကြပ်မှုများ၊ အတားအဆီးများ ရှိနေပေသည်။ မိမိ၏ ပစ္စည်းဥစ္စာ ရှိပါလျက် မိမိဝယ်ယူလိုသည့် နေရာမှ ဝယ်ယူသုံးစွဲရာတွင် လွတ်လပ်မှုမရှိပေ။ ခရီးသွားရာ၌ မိမိသွားလိုသည့် နေရာသို့ လွတ်လပ်စွာ မသွားနိုင်ပေ။ ဤကဲ့သို့သော တင်းကြပ်ခံရမှုများ၌ လူသားသည် လုံးခြာလိုက်နေပေသည်။ အလုပ်တိုင်းအတွက် ရုံးများ၊ အမှုထမ်းများနှင့် အပါးအစေများကိုပင် အောက်ကျို့မှုမပြုဘဲ မိမိလုပ်လိုသည်များကို လုပ်ကိုင်ရန် ခက်ခဲလှပေသည်။ ဤအချက်များအားလုံးသည် လိုအပ်ချက်သာလျှင် ဖြစ်ပေသည်။ ယင်း၏ ဒုတိယအမည်မှာ فقر ဖြစ်သည်။ ဤအကျယ်တဝင့် ရှင်းလင်းတင်ပြမှုကြောင့် အထက်ပါဟဒီးစ်တော်နှင့် ပတ်သက်၍ အပေါ်ယံအားဖြင့် ဖြစ်ပေါ်သော သံသယများအားလုံး ဝေးကွာသွားပေသည်။

'စစ်ဂျ်ဂျီယီးန်' နှင့် 'အစ်လ်လိယီးန်'

كَلَّا إِنَّ كِتَٰبَ ٱلْفُجَّارِ لَفِى سِجِّينٍ

سجين သည် سجن ဆိုသော ပုဒ်မှ ဆင်းသက်လာပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ ကျဉ်းမြောင်းသော နေရာ၌ အကျဉ်းချထားခြင်းဖြစ်သည်။ ကာမူးစ်ကျမ်း၌ سجين ၏အဓိပ္ပာယ်မှာ အမြဲတမ်းအကျဉ်းချထားခြင်းကို ခေါ်ဆိုပေသည်။ ဟဒီးစ်တော်များဖြင့် သိရှိရသည်မှာ سجين သည် သီးသန့်နေရာတစ်ခု၏ အမည် ဖြစ်သည်။ ၎င်းနောက် ကာဖိရ် (သွေဖည်ငြင်းပယ်သူများ) နှင့် 'ဖွတ်ဂျားရ်' (သူယုတ်မာများ) ၏ ဝိညာဉ်များထားရှိရာ နေရာဖြစ်သည်။ ၎င်းနေရာ၌ ထိုသူများ၏ 'အမလ်' မှတ်တမ်း စာရင်းကို ထားရှိပေသည်။ ၎င်း၏ အဓိပ္ပာယ်ကို ဤကဲ့သို့ ယူဆ၍လည်း ရပေသည်။ ထိုသူများ၏ 'အမလ်' မှတ်တမ်း စာရင်းများကို ယင်းနေရာ၌ ထိန်းသိမ်းထားခြင်း ခံရပေမည်။ ဤသို့လည်း ယူဆနိုင်သည်မှာ ထိုနေရာ၌ လောက၌ရှိသော ကာဖိရ်များနှင့် ဖွာဂျစ်ရ်များ၏ ပြုလုပ်ကျင့်ကြံမှုများကို ပြည့်ဝစွာ ရေးသားထားသော စာအုပ်ရှိလိမ့်မည်။

ဤ 'စစ်ဂျ်ဂျီယီးန်' သည် မည်သည့်နေရာကို ခေါ်ဆိုသနည်း။ ၎င်းနှင့် ပတ်သက်၍ ဟဇရတ် ဗရာအ်ဗင်န်အာဇိဗ် ﷺ သခင်၏ ရှည်လျားသော ဟဒီးစ်တော်တစ်ပုဒ်၌ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'စစ်ဂျ်ဂျီယီးန်' သည် မြေခုနစ်ထပ်၏ အောက်ဆုံးအထပ်၌ ရှိပေသည်။ 'အစ်လ်လိယီးန်' သည် မိုးကောင်းကင် ခုနစ်ထပ်အပေါ် 'အရ်ရှ်' ပလ္လင်တော်အောက်၌ ရှိပေသည်။ *[မဇ္ဇဟရီကျမ်း]*

အချို့သော ဟဒီးစ်ဆင့်ပြန်ချက်များ၌ ဤကဲ့သို့လည်း လာရှိထားပေသည်။ 'စစ်ဂျီဂျီယီးန်' သည် ကာဖိရ်များနှင့် 'ဖွာဂျစ်ရ်' တို့၏ ဝိညာဉ်များ စုရုံးမည့်နေရာ ဖြစ်သည်။ ၄င်းနောက် 'အစ်လ်လီယီးန်' သည် မုအ်မင်န်သူတော်စင်များ၏ ဝိညာဉ်များ စုရုံးရမည့်နေရာဖြစ်သည်။

'ဂျန္နသ်' သုခဘုံနှင့် 'ဂျဟန္နမ်' ငရဲဘုံတို့၏ နေရာ

အေမာမ်မိုင်ဟကီ (ရဟ) က တမန်တော်မြတ် ﷺ နဗီဖြစ်တော်မူခြင်း၏ အထောက်အထားနှင့် စပ်လျဉ်း၍ ရေးသားထားသော 'ဒလာအေလေနဗူဝသ်' ကျမ်း၌ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် စလာမ် ﷺ သခင်ထံမှ ဆင့်ပြန်လာရှိထားသော ဆင့်ပြန်ချက်ဖြင့် ဆင့်ပြန်ခဲ့သည်။ 'ဂျန္နသ်' သည် မိုးကောင်းကင် ပေါ်၌ ရှိပြီး 'ဂျဟန္နမ်' သည် မြေပထဝီ၌ ရှိပေသည်။ အလာမဟ်အိဗ်နေဂျရီးရ် (ရဟ) သခင်က မိမိ၏ ကုရ်အာန်ကျမ်းမြတ် အကျယ်ဖွင့်ကျမ်း၌ ဟဇရသ်မုအာဇ်ဗင်န်ဂျဗလ် ﷺ သခင်ထံမှ ဆင့်ပြန်လာရှိသော ဆင့်ပြန်ချက်တစ်ရပ်ကို တင်ပြထားသည်။ တမန်တော်မြတ် ﷺ အား ကျမ်းမြတ်ကုရ်အာန်၌ လာရှိထားသော

وَ جِيْءَ يَوْ مَئِذٍ بِجَهَنَّمَ

'ကေယာမသ်' နေ့၌ 'ဂျဟန္နမ်' ငရဲဘုံသို့ ယူဆောင်လာခြင်း ခံရပေမည်။ ၄င်း၏ အလိုသဘောမှာ မည်သို့နည်း။ 'ဂျဟန္နမ်' ငရဲဘုံသည် မည်သည့်နေရာမှ ယူဆောင်လာခြင်း ခံရမည်နည်း။ တမန်တော် မြတ် ﷺ က 'ဂျဟန္နမ်' ငရဲဘုံကို မြေခုနစ်ထပ်မှ ယူဆောင်လာခြင်း ခံရပေမည်ဟု မိန့်တော်မူခဲ့သည်။ ၄င်းဆင့်ပြန်ချက်များဖြင့် သိရှိရသည်မှာ 'ဂျဟန္နမ်' ငရဲဘုံသည် မြေပထဝီခုနစ်ထပ်၌ ရှိနေပေသည်။ ၄င်း မြေပထဝီခုနစ်ထပ်တွင် မီးများ တောက်လောင်ပြီး၊ မြစ်၊ ပင်လယ်များအားလုံးသည် ၄င်းမီးတောက်များ ထဲတွင် ရောနှောသွားလိမ့်မည်။ ၄င်းနောက် အားလုံး၏ ရှေ့မှောက်သို့ ယူဆောင်လာခြင်းခံရမည်။ 'ဂျဟန္နမ်' အား ယူဆောင်လာခြင်း ခံရသည့် အဓိပ္ပာယ်ကို ဤကဲ့သို့လည်း ယူဆနိုင်ပေသည်။ အချို့ရေဝါယသ်များ တွင် လာရှိလေသည်။

سِجِّين သည် 'ဂျဟန္နမ်' ၏ နေရာတစ်နေရာ (ဝါ) အမည်နာမဖြစ်သည်။ ဤအဆိုဖြင့်လည်း စကားဆက်စပ်မှု ဖြစ်ရှိသွားပေသည်။ *[မဇ္ဇဟရီကျမ်း]*

كِتٰبٌ مَّرْقُوْمٌ

مرقوم ၏ အဓိပ္ပာယ်မှာ ဤနေရာ၌ مختوم ဖြစ်သည်။ ဆိုလိုသည်မှာ တံဆိပ်ခတ်နှိပ်ထား ခြင်းခံရသော အရာဟူ၍ ဖြစ်သည်။ အေမာမ်ဘဂ်ဝီ (ရဟ) သခင်နှင့် အလ်လာမဟ်အဗ်ဇ်နေကဇီးရ် (ရဟ) သခင်က အမိန့်ရှိသည်မှာ ဤဝါကျသည် سجين ဆိုသော နေရာ၏ ဖွင့်ဆိုချက် မဟုတ်ပေ။ သို့သာမက ၄င်း၏ အလျင်၌ كِتٰبَ الْفُجَّارِ ဟု လာရှိထားလေရာ ၄င်းကို ရှင်းရှင်းလင်းလင်း တင်ပြ

သော ဝါကျဖြစ်ပေသည်ဟူ၏။ ၎င်း၏ အဓိပ္ပာယ်မှာ ကာဖိရ်များနှင့် ဖွာဂျင်ရ်များ၏ 'အမလ်'ကျင့်ကြံမှု မှတ်တမ်းကို မကောင်းမှုတံဆိပ် ရိုက်နှိပ်ပြီး ထိန်းသိမ်းထားခြင်း ခံရပေမည်။ ၎င်းထိန်းသိမ်းမှု၌ မည်သည့် လိုတိုးပိုလျော့နှင့် ပြောင်းလဲပြုလုပ်မှု စိုးစဉ်းမျှ မဖြစ်နိုင်ပေ။ ယင်းတို့အား ထိန်းသိမ်းထားသော နေရာ သည် 'စစ်ဂျီးန်'၌ ဖြစ်ပေမည်။ ဤနေရာ၌သာလျှင် ကာဖိရ်များ၏ ဝိညာဉ်များ စုရုံးခြင်းခံရမည်။

كَلَّا بَلْ رَانَ عَلٰى قُلُوْبِهِمْ مَّا كَانُوْا يَكْسِبُوْنَ

رَانَ သည် رَيْن ဟု ဆိုသော ပုဒ်မှ ဆင်းသက်လာပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'သံချေးနှင့် အညစ်အကြေး' ဖြစ်သည်။ ဆိုလိုသည်မှာ ကာဖိရ်များ၏ နှလုံးသားအပေါ် ၎င်းတို့၏ 'ဂိုနာဟ်' အကုသိုလ် များ၏ သံချေးများ စွဲကပ်နေလျက်ရှိသည်။ သံချေးသည် သံကိုစား၍ မြေကြီးဖြစ်သွားသကဲ့သို့ 'ဂိုနာဟ်' အညစ်အကြေးများသည် ၎င်းတို့၏ နှလုံးသားကို ကောင်းမှု၊ မကောင်းမှု ခွဲခြားသိရှိနိုင်သည့် အရည် အချင်းများအား ပျက်သုဉ်းသွားစေပေမည်။ ဟဇရသ်အဗူဟိုရိုင်ရာဟ် ﵁ သခင်က ဆင့်ပြန်ခဲ့သည်။ တမန် တော်မြတ် ﷺ မိန့်တော်မူသည်မှာ မုအ်မင်န်ဗန္ဒာဟ်တစ်ဦးသည် အပြစ် 'ဂိုနာဟ်'တစ်ခုခုကို ကျူးလွန် မည်ဆိုလျှင် ၎င်း၏ နှလုံးသားအပေါ် အမည်းစက်တစ်ခု စွဲကပ်မည်။ အကယ်၍ ၎င်းဗန္ဒာဟ်က မိမိ၏ 'ဂိုနာဟ်'အပေါ် အရှက်ရပြီး 'သောင်ဗာဟ်'အမှားဝန်ခံပြီး ရှေ့လျှောက် မိမိ၏ 'အမလ်'ကျင့်ကြံမှုများကို ပြုပြင်သွားမည်ဆိုလျှင် ဤအမည်းစက်သည် ပျောက်ကွယ်သွားပေမည်။ ၎င်းနောက် နှလုံးသားသည် မူရင်းပုံစံအတိုင်း လင်းဝင်းမှုအတိ ဖြစ်သွားပေမည်။ အကယ်၍ ၎င်းဗန္ဒာဟ်သည် 'သောင်ဗာဟ်' (အမှား ဝန်ခံမှု) မပြုလုပ်သည့်အပြင် မိမိ၏ အပြစ် 'ဂိုနာဟ်'များ၌ သာပို၍ ပြုလုပ်နေမည်ဆိုလျှင် ဤအမည်း စက်သည် ၎င်းတို့၏ နှလုံးသားတစ်ခုလုံးအပေါ် လွှမ်းမိုးသွားပေမည်။ ယင်းကိုသာ رَانَ ဟု ခေါ်ဆိုပေ သည်။ ယင်းကို ကုရ်အာန်ကျမ်းတော်မြတ်၌

بَلْ رَانَ عَلٰى قُلُوْبِهِمْ

ဟု ဖော်ပြထားပေသည်။ *[သိရ်မေဇီ၊ နစာအီ၊ အိဗ်နေမာဂျာဟ်၊ ဟာကင်မ်၊ မဇ္ဇဟရီကျမ်း။]*

ဤအာယသ်တော်၏ အစ၌ كَلَّا ဟူသော စာလုံး သုံးနှုန်းထားပေသည်။ ၎င်းစာလုံးကို رَدْع (တားဆီးမှုပြုခြင်း၊ ချိန်းခြောက်သတိပေးမှုပြု စာလုံး) ဟု ခေါ်ဆိုပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'ငြင်းဆို ခြင်းနှင့် သတိပေးခြိမ်းခြောက်ခြင်း' ဖြစ်သည်။ ပထမအာယသ်တော်များ၌ ကာဖိရ်များ၏ လိမ်လည်မှု များကို တင်ပြထားပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်ကို လီဆယ်လုပ်ကြံထားသော ပုံပြင်များဟု ပြောဆို ကာ ငြင်းဆန်ကြပေသည်။ ၎င်းအာယသ်တော်၌ كَلَّا ဆိုသော စာလုံးကို သုံး၍ ၎င်းစွပ်စွဲမှုအပေါ် သတိ ပေး ခြိမ်းခြောက်ထားပေသည်။ ထိုပညာမဲ့များက မိမိတို့ 'ဂိုနာဟ်'များ၏ အစုအပုံများတွင် နစ်မွန်းပြီး မိမိတို့နှလုံးသား၏ 'နူရ်'အလင်းရောင်နှင့် အရည်အချင်းများကို ပျက်သုဉ်းစေလေသည်။ အကြောင်းအရည်

အချင်းဖြင့် အမှန်နှင့် အမှားကို သိရှိနိုင်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဤအရည်အချင်းကို လူတိုင်း၏ ပင်ကိုယ်ဗီဇ၌ ထည့်သွင်းပေးထားပေသည်။ ဆိုလိုသည်မှာ ဤကဲ့သို့ ဖြစ်သည်။ ၎င်းသူများ၏ ဤလိမ်လည်မှုသည် မည်သည့်အထောက်အထားများနှင့် အသိဉာဏ်ကြောင့် မဟုတ်ပေ။ သို့သာမက ၎င်းတို့၏ နှလုံးသားများ၏ အမှောင်ထုကြောင့်ပင် ဖြစ်ပေသည်။ ၎င်းသူတို့သည် ကောင်းမှု၊ မကောင်းမှုများကိုလည်း မတွေ့မြင်နိုင်ကြတော့၍ ဖြစ်ပေသည်။

إِنَّهُمْ عَن رَّبِّهِمْ يَوْمَئِذٍ لَّمَحْجُوبُونَ

ဆိုလိုသည်မှာ 'ကေယာမသ်'နေ့၌ 'ကာဖိရ်'များနှင့် ဖွာဂျစ်ရ်များသည် မိမိတို့၏ အသျှင်မြတ်ကို ဖူးမျှော်ခွင့်မှ လက်မဲ့ ဖြစ်ရပေမည်။ ဆိုလိုသည်မှာ 'ပရ်ဒဟ်' (အတားအဆီး) ဖြင့် တားဆီးထားလိမ့်မည်။ ဤလက်မဲ့ဖြစ်ရခြင်းသည် ၎င်းတို့၏ 'အမလ်'ကျင့်ကြံမှုများကြောင့် အပြစ်ပေးခံရခြင်း ဖြစ်သည်။ ၎င်းသူ များသည် ဒုန္နယာလောက၌ အမှန်တရားကို ခွဲခြားသိမြင်ခဲ့ခြင်း မရှိ၍ ယခု မိမိ၏ အသျှင်မြတ်ကို ဖူးမျှော်နိုင်ခွင့်နှင့် ထိုက်တန်သူများ မဟုတ်တော့ပေ။ ဟဇရသ်အေမာမ်မာလစ်က် (ရဟ) သခင်နှင့် အေမာမ်ရှာဖေအီ (ရဟ) သခင်နှစ်ပါး အမိန့်ရှိသည်မှာ ဤအာယသ်တော်အရ မုအ်မင်န်များနှင့် အလ္လာဟ်အသျှင်မြတ်၏ ဝလီသူတော်စင်များသည် မြင့်မြတ် မှန်ကန်တော်မူလှသော အသျှင်မြတ်ကို ဖူးမျှော်ခွင့် ရရှိလိမ့်မည်။ သို့မဟုတ်က ကာဖိရ်များသည် ထိုအခွင့်အရေးမှ တားဆီးခံရခြင်းသည် မည်သို့မျှ အဓိပ္ပာယ် ရှိတော့မည်မဟုတ်ပေ။

အကျိုးကျေးဇူး

အချို့သော ပညာရှင်အကြီးအကဲများက အမိန့်ရှိကြသည်မှာ ဤအာယသ်တော်သည် လူတိုင်းလူတိုင်း၏ ပင်ကိုယ်ဗီဇသဘာဝ၌ အလ္လာဟ်အသျှင်မြတ်၏ အချစ်အား သွတ်သွင်းထားခြင်း ခံရသည်ဆိုသည့် အထောက်အထားတစ်ရပ် ဖြစ်ပေသည်။ ဤအတွက်ကြောင့် လောက၌ရှိသော မြောက်မြားစွာသော ကာဖိရ်မုရှ်ရစ်က်များ၏ ကာဖိရ် (သွေဖည်ငြင်းပယ်ခြင်း) နှင့် 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်ခြင်း) ပြုလုပ်မှု၌ မည်မျှပင် နစ်မွန်းနေပါစေ။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ 'ဇာသ်'နှင့် 'ဆွေဖာသ်'ဂုဏ်တော်များနှင့် ပတ်သက်၍ မှားယွင်းသော ယုံကြည်ချက် ထားရှိနေပါစေ။ အလ္လာဟ်အသျှင်မြတ်၏ ချစ်ခင်မှုနှင့် ကြီးကျယ်မြင့်မြတ်မှုသည် အားလုံး၏ နှလုံးသား၌ ကိန်းအောင်းနေသည်ဆိုသည့် အချက်သည် လူတိုင်း၌ ကိုယ်စီကိုယ်စီ ရှိကြသည်။ ၎င်းနောက် မိမိတို့၏ ယုံကြည်ချက်ပိုင်းဆိုင်ရာများနှင့်အညီ ထိုအသျှင်မြတ်ကို ရှာဖွေခြင်းနှင့် ကျေနပ်နှစ်သက်မှုရရှိစေရန် 'အေဗာဒသ်'များ ပြုလုပ်ကြပေသည်။ လမ်းမှားနေသည့်အတွက်ကြောင့် ရည်ရွယ်ချက်ပန်းတိုင်သို့ မရောက်ရှိနိုင်ခြင်းပေသည်။ သို့သော် မှန်ကန်သော စခန်းကို သာလျှင် လိုလားမှု ရှိကြပေသည်။ အထောက်အထား ရယူပုံမှာ အကယ်၍ ကာဖိရ်များတွင် အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်ရန်အတွက် စိတ်ဆန္ဒပြင်းပြမှု မရှိခဲ့လျှင် ၎င်းတို့၏ အပြစ်ပေးခံရမှုတွင် ဤကဲ့သို့ ဖူးမျှော်ခြင်းမှ လက်မဲ့ဖြစ်သွားစေရန် အမိန့်ရှိထားမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အကြင်သူသည် တစ်ဦး

တစ်ယောက်အား ဖူးမျှော်ရန် လိုလားမှုမရှိလျှင် သို့သာမက ရွံရှာနေမည်ဆိုလျှင် ၎င်းသူအတွက် ဤကဲ့သို့ အပြစ်ဒဏ်ခတ်လေ့ မရှိပေ။ ၎င်းသူကို မိမိအား ဖူးမျှော်ခြင်းမှ လက်မဲ့ပြုလုပ်လေ့ မရှိပေ။

اِنَّ كِتٰبَ الْاَبْرَارِ لَفِىْ عِلِّيِّيْنَ

عِلِّيِّيْن သည် အချို့သော ပညာရှင်များထံ၌ علو ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ မြင့်မားသော အဆင့်အတန်းနှင့် မြင့်မားမှုကို ခေါ်ဆိုပေသည်။ အေမာမ်ဖရ်ရာအ် (ရဟ) ထံ၌ عِلِّيِّيْن သည် နေရာတစ်ခု၏ အမည် ဖြစ်သည်။ ဗဟုဝုစ်ကိန်းဖြင့် သုံးနှုန်းထားသော်လည်း ဗဟုဝုစ်ကိန်းမဟုတ်ပေ။ ၎င်းနောက် سجّين နှင့် ပတ်သက်၍မူ အထက်၌ ရှင်းလင်းစွာ တင်ပြထားပြီးဖြစ်သည်။ ဟဇရသ်ဗရာအ်ဗင်နအာဇိဗ် ﷺ သခင်၏ မရ်ဖူးအ်ဆင့်ပြန်ချက်ဖြင့် သိရှိရသည်မှာ အိစ်လ်လိယီးန်သည် မိုးကောင်းကင်ခုနစ်ထပ်အပေါ် 'အရရှ်' ပလ္လင်အောက်ရှိ နေရာတစ်ခု အမည်ဖြစ်သည်။ ၎င်းနေရာ၌ မုအ်မင်န်များ၏ ဝိညာဉ်များနှင့် 'အအ်မာလ်' ကျင့်ဆောင်ရွက်ချက် မှတ်တမ်းများအား ထားရှိထားပေသည်။ ရှေ့၌

كِتٰبٌ مَّرْقُوْمٌ

ဟု ဖော်ပြထားပေသည်။ ဤအာယသ်တော်သည်လည်း عِلِّيِّيْن ၏ အကျယ်ဖွင့်ဆိုချက်မဟုတ်ပေ။ သို့သာမက မွန်မြတ်သော သူများ၏ 'အအ်မာလ်' ကျင့်မှုဆောင်ရွက်ချက် မှတ်တမ်းများနှင့် ပတ်သက်ပြီး တင်ပြထားပေသည်။ ၎င်းနှင့် ပတ်သက်၍ အထက်ပါ အာယသ်တော် اِنَّ كِتٰبَ الْاَبْرَارِ ၌ ဖော်ပြထားပြီး ဖြစ်သည်။

يَّشْهَدُهُ الْمُقَرَّبُوْنَ

يشهد သည် شهود ဆိုသော ပုဒ်မှ ဆင်းသက်လာပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'အသင့်ရှိခြင်းနှင့် မျက်မြင်တွေ့ရှိခြင်း' ကို ခေါ်ဆိုပေသည်။ အချို့သော သဖ်စီးရ်ပညာရှင်များက အမိန့်ရှိသည်မှာ ၎င်းအာယသ်တော်၏ အလိုသဘောမှာ မွန်မြတ်သော သူတော်စင်များ၏ 'အအ်မလ်'ကျင့်မှုဆောင်ရွက်ချက် မှတ်တမ်းကို مُقَرَّبِيْن များက ကြည့်ရှုစောင့်ရှောက်ထားပေမည်။ مُقَرَّبِيْن ၏ အလို သဘောမှာ ဖရစ်ရှ်သာဟ်များကို ဆိုလိုပေသည်။ ကြည့်ရှုခြင်း၏ အလိုသဘောမှာ ၎င်းဖရစ်ရှ်သာဟ်များ၏ ကြီးကြပ်စောင့်ရှောက်မှုကို ဆိုလိုပေသည်။ ဆိုလိုသည်မှာ မွန်မြတ်သော သူတော်စင်များ၏ 'အအ်မာလ်' ကျင့်မှု ဆောင်ရွက်ချက် မှတ်တမ်းများကို အနီးကပ် ဖရစ်ရှ်သာဟ်များ၏ ထိန်းသိမ်းစောင့်ရှောက်မှု၌ ရှိစေပေမည်။ *[ကုရ်သုဗီကျမ်း]*

၎င်းနောက် 'ရှုဟူးဒ်'၏ အလိုသဘောကို အသင့်ရှိခြင်းဟု အဓိပ္ပာယ်ယူကာ يشهده ဆိုသော ကိရိယာ၏ နာမ်စားသည် မှတ်တမ်းဘက်သို့ မရည်ညွှန်းဘဲ 'အိစ်လ်လိယီးန်'ဘက်သို့ ရည်ညွှန်း၏ဟု သတ်မှတ်မည်ဆိုလျှင် အာယသ်တော်၏ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်ခံစားခွင့်ရသော

သူများ၏ ဝိညာဉ်များသည် ၄င်း 'အိစ်လိယီးန်' ဆိုသော နေရာ၌ စုရုံးကြလိမ့်မည်ဟူ၏။ အဘယ်ကြောင့် ဆိုသော် ဤနေရာသာလျှင် ၄င်းတို့၏ ဝိညာဉ်များ၏ တည်နေရာအဖြစ် သတ်မှတ်ထားခြင်း ခံထားရ၍ ဖြစ်ပေသည်။ 'စစ်ဂျီးန်'ဆိုသော နေရာသည် ကာဖိရ်များ၏ ဝိညာဉ်များတည်ရှိရာ စခန်းဖြစ်သကဲ့သို့ ဖြစ်ပေသည်။ ၄င်း၏ အထောက်အထားမှာ မွတ်စ္စလင်မ်ကျမ်း၌ ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်နမတ်စ်အူးဒ် ؓ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ ရှဟီဒ်များ၏ ဝိညာဉ်များသည် အစိမ်းရောင်ရှိသော ငှက်များ၏ ဇလုပ်၌ ရှိနေပေမည်။ ယင်းငှက်များသည် 'ဂျန္နသ်'၏ ဥယျာဉ်များနှင့် စမ်းချောင်းများကို လှည့်လည်ကြလိမ့်မည်။ ၄င်းတို့၏ နေထိုင်ရာ နေရာများသည် 'အရ္ရှ်'ပလ္လင်တော်၏ အောက်၌ ချိတ်ဆွဲထားသော ဆွဲလွဲများ ဖြစ်ပေသည်။ ထိုအချက်ဖြင့် သိရှိရသည်မှာ 'ရှဟီဒ်'များ၏ ဝိညာဉ်များသည် 'အရ္ရှ်'ပလ္လင်တော်အောက်၌ ရှိနေပေမည်။ ၄င်းနောက် 'ဂျန္နသ်'ဥယျာဉ်ဘုံနန်းတွင် လှည့်လည်လည်ပတ်ကြပေမည်။ ၄င်းနောက် စူရာဟ်ယာစီန်တွင် 'ဟဗီးဗ်နဂ်ဂျားရ်'နှင့်စပ်လျဉ်း၍

قِيۡلَ ادۡخُلِ الۡجَنَّةَ قَالَ يٰلَيۡتَ قَوۡمِىۡ يَعۡلَمُوۡنَ بِمَا غَفَرَ لِىۡ رَبِّىۡ

ဟူ၍ လာရှိထားသည်။ ၄င်းအာယသ်တော်ဖြင့် သိရှိရသည်မှာ 'ဟဗီးဗ်နဂ်ဂျားရ်'ဆိုသော ပုဂ္ဂိုလ်သည် သေဆုံးသည်နှင့် တစ်ပြိုင်နက်တည်း 'ဂျန္နသ်'သို့ ဝင်ရောက်သွားပေသည်။ အချို့သော ဆင့်ပြန်ချက် ဟဒီးစ်တော်များဖြင့် သိရှိရသည်မှာ မုအ်မင်န်များ၏ ဝိညာဉ်များသည် 'ဂျန္နသ်'ထဲ၌ ရှိနေပေမည်။ ၄င်းအချက်များအားလုံး၏ အနှစ်ချုပ်သည် တစ်ခုတည်းသာ ဖြစ်သည်။ ၄င်းဝိညာဉ်များ၏ တည်နေရာသည် မိုးကောင်းကင်ခုနစ်ထပ်အပေါ် 'အရ္ရှ်'ပလ္လင်တော်အောက်၌ တည်ရှိနေပေမည်။ ၄င်းနောက် ယင်းနေရာသည် 'ဂျန္နသ်'၏ နေရာဖြစ်သည်။ ၄င်းတို့၏ ဝိညာဉ်များကို 'ဂျန္နသ်'သို့ လှည့်လည် လည်ပတ်စေရန် အခွင့်အရေးပေးထားပေသည်။ ၄င်းနောက် ဤနေရာ၌ ဤအခြေအနေကို သီးသန့် **مقربين** များနှင့် ပတ်သက်၍ ၄င်းတို့၏ မြင့်မားသော ထူးခြားချက်များနှင့် မွန်မြတ်မှုများကြောင့် တင်ပြထားခြင်း ဖြစ်ပေသည်။ သို့သော် အမှန်စင်စစ် ဤနေရာ၌ မုအ်မင်န်များအားလုံး၏ ဝိညာဉ်များ စုရုံးနေပေမည်။ ဥပမာ- ဟဇရတ်ကအဗ်ဗင်နမာလစ်က် ؓ သခင် ဆင့်ပြန်သော ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

انما نسمة المؤمن طائر يعلّق فى شجر الجنة حتّى يرجع
الى جسده يوم القيامة ﴿رواه مالك والنسائ بسند صحيح﴾

အဓိပ္ပာယ် ။ ။ မုအ်မင်န်များ၏ ဝိညာဉ်များသည် ငှက်တစ်ကောင်ပမာ 'ဂျန္နသ်'၏ သစ်ပင်များ၌ နားခိုလျက် ရှိပေမည်။ ၄င်းဝိညာဉ်များကို 'ကေယာမသ်'နေ့၌ မိမိ၏ ခန္ဓာကိုယ်အတွင်းသို့ သွတ်သွင်းခြင်း ခံရပေမည်။ ဤအကြောင်းအရာပါ ဟဒီးစ်တော်တစ်ရပ်ကို မွတ်စ်နဒ်အဟ်မဒ်ကျမ်းနှင့် သွဗ်ရာနီကျမ်းတို့၌ ဟဇရတ်အွမ်မေ့ဟာနီ ؓ သခင်မ၏ ဆင့်ပြန်ချက်ဖြင့် ဆင့်ပြန်တင်ပြထားပေသည်။ *[မဇ္ဇဟရီကျမ်း]*

ကွယ်လွန် သေဆုံးပြီးသည့်နောက် လူသားများ၏ ဝိညာဉ်များသည် မည်သည့်နေရာ၌ ရှိနေမည်နည်း။

ယင်းကိစ္စရပ်နှင့် စပ်လျဉ်း၍ ဟဒီးစ်တော်များ၏ ဆင့်ဆိုမှု၌ အပေါ်ယံအားဖြင့် ကွဲပြားနေပေသည်။ အထက်၌ ဖော်ပြခဲ့သော 'အစ်လ်လီယီးန်'နှင့် 'စစ်ဂျီဂျီးန်'တို့၏ အကျယ်ဖွင့်ဆိုချက်များဖြင့် သိရှိရသည်မှာ ကာဖိရ်များ၏ ဝိညာဉ်များသည် မြေပထဝီခုနစ်ထပ်အောက်၌ ရှိသော 'စစ်ဂျီဂျီယီးန်' ဆိုသော နေရာ၌ ရှိနေလိမ့်မည်။ ၎င်းနောက် မုအ်မင်န်များ၏ ဝိညာဉ်များကို မိုးကောင်းကင်ခုနစ်ထပ်အပေါ် 'အရရှ်'ပလ္လင်အောက်၌ ရှိသော 'အစ်လ်လီယီးန်' ဆိုသော နေရာ၌ ရှိနေမည်။ အထက်ဖော်ပြပါ ဆင့်ပြန်ချက်များအနက် အချို့သော ဆင့်ပြန်ချက်များအရ သိရှိရသည်မှာ ကာဖိရ်များ၏ ဝိညာဉ်များသည် 'ဂျဟန္နမ်'ငရဲဘုံ၌ ရှိနေပြီး မုအ်မင်န်များ၏ ဝိညာဉ်များသည် 'ဂျန္နသ်'ဥယျာဉ်ဘုံနန်း၌ ရှိနေပေမည်။

အချို့သော ဟဒီးစ်ဆင့်ဆိုမှု များဖြင့် သိရှိရသည်မှာ မုအ်မင်န်များနှင့် ကာဖိရ်များအားလုံး၏ ဝိညာဉ်များသည် မိမိတို့၏ 'ကဗရ်'ထဲ၌ ရှိနေပေမည်။ ဥပမာ– ဟဇရသ်ဗရာအ်ဗင်န်အာဇိဗ် ﷺ သခင်၏ ရှည်လျားသော ဟဒီးစ်တော်၊ တင်ပြထားသည်မှာ ဖရစ်ရှ်သာဟ်များသည် မုအ်မင်န်များ၏ ဝိညာဉ်များကို မိုးကောင်းကင်ပေါ်သို့ ယူဆောင်သွားသောအခါ အလ္လာဟ်အသျှင်မြတ်က အမိန့်ရှိမည်မှာ ငါ့ဗန္ဒာဟ်၏ 'အအ်မာလ်'ကျင့်မှုဆောင်ရွက်ချက် မှတ်တမ်းစာရင်းများကို 'အစ်လ်လီယီးန်'တွင် ရေးသားထားလော။ ၎င်းနောက် ထိုဗန္ဒာဟ်၏ ဝိညာဉ်ကို မြေပထဝီဘက်သို့ ပြန်လည်ပို့ကြကုန်လော့။ အဘယ်ကြောင့်ဆိုသော် ငါအလ္လာဟ်အသျှင်မြတ်သည် ၎င်းဗန္ဒာဟ်အား မြေကြီးဖြင့်သာလျှင် ဖန်ဆင်းထားပေသည်။ ၎င်းကွယ်လွန်သေဆုံးသောအခါ မြေကြီးထဲသို့ ပြန်ပို့စေတော်မူမည်။ တစ်ဖန် ၎င်းမြေကြီးမှ ထိုဗန္ဒာဟ်အား ဒုတိယအကြိမ် ရှင်သန်စေကာ ပြန်လည် ထွက်ပေါ်စေတော်မူမည်။ အလ္လာဟ်အသျှင်မြတ်၏ ၎င်းအမိန့်အပေါ်၌ ဖရစ်ရှ်သာဟ်များ ၎င်းဗန္ဒာဟ်၏ ဝိညာဉ်ကို 'ကဗရ်'ထဲသို့ ပြန်ပို့ဆောင်လိမ့်မည်။ ထိုနည်းတူစွာ ကာဖိရ်များ၏ ဝိညာဉ်များအတွက် မိုးကောင်းကင်၏ တံခါးပေါက်များသည် ဖွင့်လှစ်မည်မဟုတ်ပေ။ ယင်းကာဖိရ်၏ ဝိညာဉ်ကို ၎င်း၏ 'ကဗရ်'ထဲသို့ ပြန်ပို့ကြလော'ဟူ၍ မိန့်တော်မူမည်။

အေမာမ်အိဗ်နေအဗ်ဒွလ်ဗရ် (ရဟ) သခင်က ၎င်းအဆိုကို ဦးစားပေးထားပေသည်။ လူသားများ ကွယ်လွန်သေဆုံးပြီးနောက် ၎င်းတို့၏ ဝိညာဉ်များသည် 'ကဗရ်'ထဲ၌သာလျှင် ရှိနေပေမည်။ ၎င်းအကြောင်းအရာ၌ ပထမနှင့် ဒုတိယဆင့်ဆိုမှုများတွင် တွေ့ရှိရသော အကွဲအလွဲများ မုအ်မင်န်များ၏ ဝိညာဉ်များသည် အိစ်လီယီးန်၌ ရှိနေခြင်း၊ အချို့သော ဆင့်ဆိုမှုများ၌ 'ဂျန္နသ်'၌ ရှိနေခြင်းကို တွေ့ရှိရပေမည်။ သေချာစွာ စဉ်းစားကြည့်မည်ဆိုလျှင် ဤအချက်သည် မည်သည့်ကွဲလွဲမှုမှ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် 'အစ်လီယီးန်'ဆိုသော နေရာသည် မိုးကောင်းကင်ခုနစ်ထပ်အပေါ်ရှိ 'အရရှ်' ပလ္လင်အောက်၌ ရှိနေပေသည်။ ၎င်းနောက် 'ဂျန္နသ်' ဥယျာဉ်ဘုံနန်းသည်လည်း ထိုနေရာ၌ပင် ရှိနေခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌

عِنْدَ سِدْرَةِ الْمُنْتَهٰى عِنْدَهَا جَنَّةُ الْمَأْوٰى

ဟု ရှင်းလင်းစွာ လာရှိထားပေသည်။

၎င်းအာယသ်တော်၌ အမိန့်ရှိထားသည်မှာ 'ဂျန္နသ်'သည် 'စိဒ်ရသွလ်မွန်သဟာ'၏ အနီး၌ ရှိနေပေသည်။ ၎င်းနောက် 'စိဒ်ရသွလ်မွန်သဟာ' သည် မိုးကောင်းကင်ခုနစ်ထပ်၌ ရှိနေကြောင်း ဟဒီးစ်ဖြင့် သိရှိရပေသည်။ ဤအတွက်ကြောင့် ဝိညာဉ်များ၏ နေရာသည် 'အစ်လ်လီယီးန်' ဖြစ်မည်ဆိုလျှင် ၎င်းနေရာသည် 'ဂျန္နသ်'နှင့် ဆက်စပ်နေပေမည်။ ၎င်းနောက် ယင်းနေရာသည် 'ဂျန္နသ်'၏ နေရာစခန်းဟုပင် ဆိုရမည်။ ထိုနည်းအတိုင်း ကာဖိရ်များ၏ ဝိညာဉ်များသည် မြေပထဝီခုနစ်ထပ်အောက်၌ ရှိသော 'စစ်ဂျ်ဂျီယီးန်' ဆိုသော နေရာ၌ ရှိနေပေမည်။ ၎င်းနောက် ဟဒီးစ်တော်များအရ 'ဂျဟန္နမ်'ငရဲဘုံသည် မြေပထဝီခုနစ်ထပ်အောက်၌ ရှိကြောင်း သိရှိရသည်။ ၎င်းနောက် 'စစ်ဂျ်ဂျီးန်'၌ရှိသော သူများသည် 'ဂျဟန္နမ်'၏ အပူရှိန်များနှင့် ဒုက္ခများ ရောက်ရှိနေလိမ့်မည်။ ဤအတွက်ကြောင့် ၎င်းတို့၏ နေရာသည် 'ဂျဟန္နမ်'ဖြစ်သည်ဟု ပြောဆိုလျှင်လည်း မှန်ပေသည်။ သို့သော် အပေါ်၌ တင်ပြခဲ့သော ဝိညာဉ်များ 'ကဗရ်'အတွင်း၌ ရှိနေမည်ဟူသော ဆင့်ပြန်မှုများကို အပေါ်ယံအားဖြင့် ကြည့်မည်ဆိုလျှင် လွန်ခဲ့သော ဆင့်ပြန်ချက်နှစ်ခုနှင့် အလွန်တရာ ကွဲလွဲမှုရှိနေကြောင်းကို သိရှိရပေမည်။ ၎င်းဆင့်ပြန်မှုနှစ်ခုကြား ညှိနှိုင်းဖြေရှင်းမှုကို ဟဇရသ်ကာဇွီစနာအွလ္လာဟ်ပါနီပတ်သီ (ရဟ) သခင်က သဖ်စီးရ်မဇွ်ဟရီကျမ်း၌ ဤကဲ့သို့ တင်ပြထားပေသည်။

ဝိညာဉ်များ၏ မူရင်းနေရာမှာ 'အစ်လ်လီယီးန်'နှင့် 'စစ်ဂျ်ဂျီးယီးန်' သာလျှင် ဖြစ်သည်။ သို့သော် ၎င်းဝိညာဉ်များသည် 'ကဗရ်' များနှင့် သီးခြားပတ်သက်မှုလည်း ရှိနေပေမည်ဟုဆိုလျှင် မမှားနိုင်ပေ။ ၎င်းပတ်သက်မှု၏ ဇစ်မြစ်ကို အလ္လာဟ်အသျှင်မြတ်မှအပ မည်သူမှ သိရှိနိုင်မည်မဟုတ်ပေ။ နေမင်းနှင့် လမင်းသည် မိုးကောင်းကင်၌ ရှိနေပေသည်။ ယင်းတို့၏ အလင်းတန်းများသည် မြေပထဝီပေါ်သို့ ဖြာထွက်၍ မြေပထဝီကို အလင်းရောင်နှင့် အပူရှိန်များပေးသကဲ့သို့ 'အစ်လ်လီယီးန်' နှင့် 'စစ်ဂျ်ဂျီယီးန်' ရှိ ဝိညာဉ်များသည် 'ကဗရ်' များဖြင့် တစ်နည်းတစ်ဖုံ ပတ်သက်မှု ရှိနိုင်သည်။ ၎င်းအဆိုများအားလုံးကို ညှိနှိုင်းရာတွင် ဟဇရသ်ကာဇွီစနာအွလ္လာဟ် (ရဟ) သခင်၏ သုံးသပ်မှုကို စူရာဟ် 'နာဇိအာသ်'၏ အကျယ်ဖွင့်ဆိုမှု၌ အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ယင်း၏ အနှစ်ချုပ်မှာ ဤကဲ့သို့ ဖြစ်သည်။ ဝိညာဉ်သည် နှစ်မျိုးရှိပေသည်။

ပထမတစ်မျိုးမှာ လူသား၏ ခန္ဓာကိုယ်၌ ရောနှော တွယ်ကပ်လျက်ရှိသော နူးညံ့သိမ်မွေ့သော ပုံသဏ္ဌာန်ရှိသည်။ ၎င်းဝိညာဉ်သည်သာလျှင် အဓိကကျပြီး ဝိညာဉ်အစစ်အမှန် ဖြစ်သည်။ သို့သော် နူးညံ့သိမ်မွေ့မှုကြောင့် မမြင်တွေ့နိုင်ပေ။ ယင်းကိုပင် 'နဖ်စ်'ဟု ခေါ်ဆိုပေသည်။

အခြားဝိညာဉ်တစ်မျိုးမှာ မည်သည့်အရာ၏ အားကိုးအားထား အရောအနှောမပါဘဲ သီးခြားတည်ရှိနေသော အရာဖြစ်သည်။ ဤအရာသည်ပင် ပထမအမျိုးအစားဖြစ်သော ဝိညာဉ်၏ အသက်ဖြစ်သည်။

ထို့ကြောင့် ယင်းကို 'ရှုးဟုလ်ရှုးဟ်' (ဝိညာဉ်များ၏ ဝိညာဉ်) ဟု ခေါ်ဆိုနိုင်ပေသည်။ လူသား၏ ကိုယ်ခန္ဓာသည် ထိုဝိညာဉ်နှစ်မျိုးစလုံးနှင့် ပတ်သက်ဆက်နွယ်လျက် ရှိပေသည်။ သို့သော် ပထမဝိညာဉ်သည် လူ့ခန္ဓာကိုယ်အတွင်း၌ ရှိနေသည်။ ထိုဝိညာဉ်ထွက်ခွာသွားခြင်းကို 'မောင်းသ်' သေခြင်းတရားဟု ခေါ်ဆိုပေသည်။ ဒုတိယဝိညာဉ်သည် ပထမဝိညာဉ်နှင့် နီးကပ်စွာ ပတ်သက်ဆက်နွယ်နေသော်လည်း ထိုဆက်နွယ်မှု၏ ဇစ်မြစ်ကို အလ္လာဟ်အသျှင်မြတ် မှအပ မည်သူမျှ မသိရှိနိုင်ပေ။ သေဆုံးကွယ်လွန်ပြီးနောက် ပထမအမျိုးအစားဖြစ်သော ဝိညာဉ်ကို မိုးကောင်းကင်သို့ ခေါ်ဆောင်သွားပြီး တစ်ဖန် 'ကဗရ်' အတွင်းသို့ ပြန်လည်ပို့ဆောင်ပေးသည်။ ၎င်း၏ နေရာစခန်းသည် 'ကဗရ်'သင်္ချိုင်းသာလျှင် ဖြစ်ပြီး ထို 'ကဗရ်'အတွင်း၌သာ 'အဇာဗ်'နှင့် 'စဝါးဗ်'ပေးမည် ဖြစ်သည်။ ဒုတိယဝိညာဉ်ဖြစ်သော 'ရှုးဟ်'သည် 'အစ်လ်လိယီးန်'နှင့် 'စစ်ဂျ်ဂျီယီးန်' တွင် ရှိနေမည်ဖြစ်သည်။

ဤသို့ဖြင့် အဆိုများအားလုံးကို ပေါင်းစပ်နိုင်မည် ဖြစ်သည်။ အကြောင်းမှာ ဝိညာဉ်များ၏ နေရာစခန်းသည် 'ဂျန္နသ်' (သို့) 'အိစ်လီယီးန်' သာဖြစ်ပြီး (သို့) ဆန့်ကျင် ဘက်စခန်းဖြစ်သော 'ဂျဟန္နမ်' (သို့) 'စစ်ဂျီယီးန်'တွင် ရှိမည်ဖြစ်သည်။ ဤအဆိုသည် မည်သည့်အရာမျှ အားကိုးအားထား အရော အနှောမပါဘဲ သီးခြားတည်ရှိနေသော 'ရှုးဟ်'အတွက် ဖြစ်သည်။ ၎င်းနောက် ဝိညာဉ်များ၏ နေရာစခန်းသည် 'ကဗရ်'သင်္ချိုင်းအတွင်း ဖြစ်မည်ဟုဆိုရာ၌ ပထမအမျိုးအစားဖြစ်သော ဝိညာဉ် ဆိုလိုသည်မှာ 'နဖ်စ်'နှင့် သက်ဆိုင်ပေသည်။ ယင်းသည် နူးညံ့သိမ်မွေ့သော ခန္ဓာရှိ၏။ သေဆုံးကွယ်လွန်ပြီးသည့်နောက် 'ကဗရ်'အတွင်းတွင် ရှိနေမည်ဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် သိတော်မူမည်။)

وَفِىْ ذٰلِكَ فَلْيَتَنَا فَسِ الْمُتَنَا فِسُوْنَ

تَنَافُس ၏ အဓိပ္ပာယ်မှာ 'နှစ်သက်စရာကောင်းသော အရာကို အခြားသူများထက်အလျင် ရယူနိုင်ရန် လူအချို့၏ ပြေးလွှားလုယက်ခြင်း' ကို ခေါ်ဆိုပေသည်။ ဤနေရာ၌ 'ဂျန္နသ်'၏ 'နေ့အ်မသ်'တော်များကို တင်ပြပြီးသည့်နောက် အလ္လာဟ်အသျှင်မြတ်သည် မေ့လျော့နေသော လူသားအား ၎င်းဘက်သို့ အာရုံစူးစိုက်စေတော်မူသည်။ ယနေ့ခေတ်၌ အသင်တို့သည် အကြင်အရာများကို နှစ်သက်မြတ်နိုးစရာဟု မှတ်ယူကာ ၎င်းကို ရရှိစေရန် အခြားသူများထက် သာရန် ကြိုးပမ်းနေကြသည်။ ဤလျော့နည်း ပျက်စီးမည့် 'နေ့အ်မသ်'တော်များကို ဘဝ၏ ရည်ရွယ်ချက်ဟု မှတ်ယူကာ ယင်းအတွက် ပြိုင်ဆိုင်ခြင်းသည် မသင့်လျော်ပေ။ သို့သာမက ၎င်းအရာများ၌ ရောင့်ရဲ တင်းတိမ်မှုဖြင့် ဦးစားပေးသင့်သည်ကို ဦးစားပေးကာ ဤကဲ့သို့ မှတ်ယူလော့။ ယင်းတို့သည် ရက် အနည်းငယ် စည်းစိမ်ခံသော ပစ္စည်းဥစ္စာများဖြစ်ပြီး လက်လွတ်ဆုံးရှုံးသွားပါက ကြီးမားသော အစားဖြည့်မရသော ဆုံးရှုံးမှုမဟုတ်ပေ။

သို့သာမက လုယူယှဉ်ပြိုင်ရမည့် အရာများသည် 'ဂျန္နသ်'၏ 'နေ့အ်မသ်'တော်များသာ ဖြစ်သည်။ အကြင် 'နေ့အ်မသ်'တော်များသည် အဘက်ဘက်မှ ပြီးပြည့်စုံပြီး အမြဲတမ်း ရှိနေပေမည်ဟူ၍ ဖြစ်သည်။

إِنَّ الَّذِينَ أَجْرَمُوا كَانُوا مِنَ الَّذِينَ آمَنُوا يَضْحَكُونَ

အလ္လာဟ်အသျှင်မြတ်သည် ၄င်းအာယသ်တော်များ၌ အမှန်တရားပေါ်၌ ရှိနေသော သူများအပေါ် လမ်းမှား၌ ရှိနေသော သူများ၏ သရော်မှုများကို ပြည့်ပြည့်ဝဝ ပုံဖော်ထားပေသည်။ လမ်းမှားနေသော ကာဖိရ်များသည် လမ်းမှန်ပေါ်၌ ရှိနေသော မုအ်မင်န်များကို ကျီစယ်လှောင်ပြောင်မှုနှင့် ဟားတိုက်မှု ပြုကြပေသည်။ ၄င်းနောက် ထိုကာဖိရ်များအရှေ့သို့ လမ်းမှန်ပေါ်၌ ရှိနေသော မုအ်မင်န်များ ရောက်ရှိလာသောအခါ ၄င်းကာဖိရ်များသည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး မျက်စပစ်ကြလေသည်။ မျက်စပစ်ခြင်း၏ ရည်ရွယ်ချက်မှာ ၄င်းမုအ်မင်န်များကို လှောင်ပြောင်ခြင်းနှင့် ဒုက္ခရောက်စေရန် ဖြစ်ပေသည်။ တစ်ဖန် ဤလမ်းမှားနေသော ကာဖိရ်များသည် မိမိတို့နေထိုင်သော နေရာသို့ ပြန်လည် ရောက်ရှိလာသောအခါ မုအ်မင်န်များကို ကျီဆယ်လှောင်ပြောင်မှုများနှင့် ပတ်သက်၍ မိမိတို့အချင်းချင်း အရသာယူ၍ တင်ပြကြပေသည်။ ကျွန်ုပ်သည် ၄င်းမုအ်မင်န်များကို ကောင်းစွာ သိက္ခာချခဲ့လေသည်။ တစ်ဖန် ဤကာဖိရ်များသည် မုအ်မင်န်များကို တွေ့မြင်လေသော် အပေါ်ယံအားဖြင့် မျှဝေခံစားသော အသွင်ဆောင်ပြီး အမှန်စင်စစ်၌ ကျီစယ်လှောင်ပြောင်ရန်အလို့ငှာ ဤကဲ့သို့ ပြောဆိုပေမည်။ ဤသနားစရာကောင်းသော သူများသည် အလွန် ရိုးစင်းပြီး အသိဉာဏ် နည်းပါးကြပေသည်။ ၄င်းတို့ကို မိုဟမ္မဒ် ﷺ က လမ်းမှားအောင် ပြုလုပ်လိုက်ပေသည်။

ယနေ့ မျက်မှောက်ခေတ်ကို သုံးသပ်ကြည့်မည်ဆိုလျှင် ထိုအချိန်၌ ခေတ်သစ်ပညာရပ်များကို သင်ယူဆည်းပူးကာ ထိုပညာရပ်များ၏ အမင်္ဂလာကြောင့် သာသနာနှင့် နောင်တမလွန်မှ သောကမဲ့နေကြပေသည်။ အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ်ပေါ်သို့ အီမာန်ယူခြင်းသည်လည်း အမည်ခံမျှသာ ဖြစ်နေပေသည်။ ထိုသူများသည် အိုလမာသာသနာ့ပညာရှင်များနှင့် သူတော်စင်များကိုလည်း အမှန်စင်စစ် ဤနည်းအတိုင်း ဆက်ဆံနေပေသည်။ စစ်မှန်သော အလ္လာဟ်အသျှင်မြတ်သည် ၄င်းကြောက်မက်ဖွယ်ရာ ပြစ်ဒဏ်များမှ မွတ်စ္စလင်မ်အပေါင်းအား လွတ်မြောက်မှု ပေးသနားတော်မူပါစေ။ (အာမီးန်)

မုအ်မင်န်သူတော်စင်များအတွက် ယင်းအာယသ်တော်၏ နှစ်သိမ့်မှုသည် ပြီးပြည့်စုံသော နှစ်သိမ့်မှု ဖြစ်သည်။ ၄င်းကာဖိရ်များ၏ ပျက်ရယ်လှောင်ပြောင်မှုအပေါ် ဂရုစိုက်စရာ မလိုပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်အင်န်ရှိကာဟ်

ကွဲအက်ခြင်းကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اِذَا السَّمَآءُ انۡشَقَّتۡ ۙ‏ ①

၈၄ း ၁ ။ ။ အကြင်အခါဝယ် မိုးကောင်းကင်သည် အက်ကွဲ၍ သွားပေမည်။

وَاَذِنَتۡ لِرَبِّهَا وَحُقَّتۡ ۙ‏ ②

၈၄ း ၂ ။ ။ ၎င်းပြင် ထိုမိုးကောင်းကင်သည် မိမိအား ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကို နာခံပေမည်။ စင်စစ် ယင်းမိုးကောင်းကင်သည် (ယင်းသို့ နာခံရန်သာ) ထိုက်တန်ပေသည်။

وَاِذَا الۡاَرۡضُ مُدَّتۡ ۙ‏ ③

၈၄ း ၃ ။ ။ ထို့ပြင် အကြင်အခါဝယ် ပထဝီမြေသည် ဆွဲဖြန့်ခြင်းကို ခံရပေမည်။

وَاَلۡقَتۡ مَا فِيۡهَا وَتَخَلَّتۡ ۙ‏ ④

၈၄ း ၄ ။ ။ ၎င်းပြင် ယင်းပထဝီမြေသည် မိမိအတွင်း၌ရှိသော အရာဝတ္ထုများကို (အပြင်သို့ အန်) ထုတ်ပြီးလျှင် ဗလာချည်း ဖြစ်သွားပေမည်။

وَاَذِنَتۡ لِرَبِّهَا وَحُقَّتۡ ؕ‏ ⑤

၈၄ း ၅ ။ ။ ထို့ပြင် ယင်းပထဝီမြေသည် မိမိအား ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကို နာခံပေမည်။ စင်စစ် ယင်းပထဝီမြေသည် (ယင်းသို့ နာခံရန်သာ) ထိုက်တန်ပေသည်။

يَاأَيُّهَا الْإِنسَانُ إِنَّكَ كَادِحٌ إِلَىٰ رَبِّكَ كَدْحًا فَمُلَاقِيهِ ﴿٦﴾

၈၄ : ၆ ။ ။ အို့၊ လူသား၊ ဧကန်စင်စစ် အသင်သည် မိမိ၏ အသျှင်မြတ်ထံတော်သို့ ရောက်ရှိသည့်တိုင်အောင် (သေသည့်တိုင်အောင်) ပင်ပန်းကြီးစွာ ကြိုးပမ်းဆောင်ရွက်ရပေမည်။ ထို့နောက် (အသင်သည်) ယင်းကြိုးပမ်းမှု (၏ အကျိုး) ကို တွေ့ရှိရပေမည်။

فَأَمَّا مَنْ أُوتِيَ كِتَابَهُ بِيَمِينِهِ ﴿٧﴾

၈၄ : ၇ ။ ။ မည်သို့ပင်ဖြစ်စေ၊ ထိုအခါ မိမိ၏ မှတ်တမ်းကို မိမိလက်ယာဘက်လက်ထဲ၌ ပေးခြင်းကို ခံရသော သူသည်။

فَسَوْفَ يُحَاسَبُ حِسَابًا يَسِيرًا ﴿٨﴾

၈၄ : ၈ ။ ။ ထိုသူသည် လွယ်ကူသော စစ်ဆေးမှုကို စစ်ဆေးခြင်း ခံရပေမည်။

وَيَنقَلِبُ إِلَىٰ أَهْلِهِ مَسْرُورًا ﴿٩﴾

၈၄ : ၉ ။ ။ ၎င်းပြင် ထိုသူသည် မိမိအိမ်သူအိမ်သား အပေါင်းအဖော်တို့ထံ ဝမ်းမြောက်ပျော်ရွှင်စွာ ပြန်လာပေမည်။

وَأَمَّا مَنْ أُوتِيَ كِتَابَهُ وَرَاءَ ظَهْرِهِ ﴿١٠﴾

၈၄ : ၁၀ ။ ။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ၊ မိမိ၏ မှတ်တမ်းကို မိမိ၏ နောက်ကျောဘက်မှ ပေးခြင်းကို ခံရသော သူသည်။

فَسَوْفَ يَدْعُو ثُبُورًا ﴿١١﴾

၈၄ : ၁၁ ။ ။ အမှန်ပင် ထိုသူသည် သေခြင်းတရားကို ဟစ်ခေါ်ပေမည်။

وَيَصْلَىٰ سَعِيرًا ﴿١٢﴾

၈၄ : ၁၂ ။ ။ ၎င်းပြင် ထိုသူသည် ('ဂျဟန္နမ်' ငရဲဘုံ၏) မီးတောက်မီးလျှံထဲသို့ ဝင်ရပေမည်။

إِنَّهُ كَانَ فِي أَهْلِهِ مَسْرُورًا ﴿١٣﴾

၈၄ : ၁၃ ။ ။ ဧကန်စင်စစ် ထိုသူသည် မိမိ၏ အိမ်သူအိမ်သား အပေါင်းအဖော်တို့၌ ပျော်ရွှင်စွာ ရှိခဲ့ပေသည်။

إِنَّهُ ظَنَّ أَن لَّن يَحُورَ ﴿١٤﴾

၈၄ : ၁၄ ။ ။ ဧကန်စင်စစ် ၎င်းသည် (မိမိ၏ အသျှင်မြတ်ထံတော်သို့) အလျှဉ်းပြန်သွားရမည် မဟုတ်ဟု ထင်မှတ်ခဲ့ပေသည်။

بَلَىٰٓ ۚ إِنَّ رَبَّهُۥ كَانَ بِهِۦ بَصِيرًا ﴿١٥﴾

၈၄ : ၁၅ ။ ။ အဘယ်မှာလျှင် မဟုတ်ပါသနည်း။ (ပြန်လှည့်ရမည်။) စေကန်မလွဲ ၎င်း၏ အသျှင်မြတ်သည် ၎င်းအား ကောင်းစွာ ရှုမြင်လျက်ပင် ရှိတော်မူပေသည်။

فَلَآ أُقْسِمُ بِٱلشَّفَقِ ﴿١٦﴾

၈၄ : ၁၆ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် နေဝင်ဆည်းဆာ (နေဝင်ပြီးနောက် ကျန်ရှိသော ရောင်နီကို) သက်သေ ထူတော်မူ၏။

وَٱلَّيْلِ وَمَا وَسَقَ ﴿١٧﴾

၈၄ : ၁၇ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည်) ညဉ့်ကိုလည်းကောင်း၊ ထိုညဉ့်က ဖုံးလွှမ်းသော အရာများကိုလည်းကောင်း (သက်သေထူတော်မူ၏။)

وَٱلْقَمَرِ إِذَا ٱتَّسَقَ ﴿١٨﴾

၈၄ : ၁၈ ။ ။ ၎င်းပြင် (ငါအသျှင်မြတ်သည်) 'လ'ကို (သက်သေထူတော်မူ၏။) အကြင်အခါဝယ် ထို 'လ'သည် ပြည့်ဝန်းလေသည်။

لَتَرْكَبُنَّ طَبَقًا عَن طَبَقٍ ﴿١٩﴾

၈၄ : ၁၉ ။ ။ အမှန်ပင် အသင်တို့သည် တစ်ဆင့်မှ တစ်ဆင့်သို့ တက်ကြရပေမည်။

فَمَا لَهُمْ لَا يُؤْمِنُونَ ﴿٢٠﴾

၈၄ : ၂၀ ။ ။ သို့ပါလျက် ၎င်းတို့သည် မည်သည့်အကြောင်းကြောင့် မယုံကြည်ကြသနည်း။

وَإِذَا قُرِئَ عَلَيْهِمُ ٱلْقُرْءَانُ لَا يَسْجُدُونَ ۩ ﴿٢١﴾

၈၄ : ၂၁ ။ ။ ထို့ပြင် ၎င်းတို့ရှေ့၌ ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ကြားသောအခါဝယ် ၎င်းတို့သည် (မည်သည့် အကြောင်းကြောင့်) ပျပ်ဝပ်ဦးချခြင်း မပြုကြသနည်း။

بَلِ ٱلَّذِينَ كَفَرُوا۟ يُكَذِّبُونَ ﴿٢٢﴾

၈၄ : ၂၂ ။ ။ ထို့မျှမက စင်စစ်မှာမူ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် ('ကေယာမသ်'အကြောင်းကို ရှင်းလင်း ပြသော ထိုကုရ်အာန်ကျမ်းတော်မြတ်အား) မဟုတ်မမှန်ဟူ၍ပင် စွပ်စွဲငြင်းပယ်ကြကုန်၏။

وَاللّٰهُ اَعْلَمُ بِمَا يُوْعُوْنَ ۝٢٣

၈၄ : ၂၃ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ လျှို့ဝှက်မျိုသိပ်၍ ထားရှိကြသည်ကို ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

فَبَشِّرْهُمْ بِعَذَابٍ اَلِيْمٍ ۝٢٤

၈၄ : ၂၄ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ သတင်းကောင်း ပြောကြားပါလေ။

اِلَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَهُمْ اَجْرٌ غَيْرُ مَمْنُوْنٍ ۝٢٥

၈၄ : ၂၅ ။ ။ သို့ရာတွင် အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ကြကုန်သော သူတို့အဖို့မှာမူ အဆုံးမရှိသော အကျိုးကျေးဇူးသည် ရှိပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဒုတိယအကြိမ် စူးရ်တံပိုးမှုတ်သောအခါ) မိုးကောင်းကင်သည် ကွဲအက်သွားလိမ့်မည်။ (ထိုမိုးကောင်းကင်မှ တိမ်တိုက်သဏ္ဌာန်ရှိသော အရာဝတ္ထုတစ်ခု ဆင်းသက်လာပြီး ထိုအရာထဲတွင် ကောင်းကင်တမန်များ ရှိလိမ့်မည်။ ယင်းအကြောင်းအရာကို အစောင် (၁၉) အာယသ်တော်

يَوْمَ تَشَقَّقُ السَّمَاءُ ــ الخ

တွင် တင်ပြထားသည်။) ၎င်းနောက် မိမိတို့၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်ကို ကြားနာလိမ့်မည်။ (၎င်းနောက် နာခံလိမ့်မည်။ အမိန့်ဆိုသည်မှာ အသျှင်မြတ်၏ စီမံထားတော်မူသော 'အင်နိရှိကားက်' ကွဲအက်ခြင်းဟူသည့် အမိန့်ဖြစ်သည်။ ၎င်းနောက် နာခံခြင်းဆိုသည်မှာ ထိုအကြောင်းအရာ၏ ဖြစ်ပေါ်မှုကို ဆိုလိုခြင်းဖြစ်သည်။)

၎င်းနောက် ထို (မိုးကောင်းကင်သည် အသျှင်မြတ်၏ တန်ခိုးအာဏာအား နာခံရသည့်အတွက်ကြောင့်) ဤသို့ပင် ဖြစ်ထိုက်သည်။ (အကြောင်းမှာ ယင်းနှင့် ပတ်သက်၍ အသျှင်မြတ် အလိုတော်ရှိသည့်အတိုင်း မလွဲဧကန် ဖြစ်ရမည်ဖြစ်သည်။) ၎င်းနောက် မည်သည့်အခါ မြေပထဝီသည် ဆွဲဆန့်၍ ကျယ်ဝန်းအောင် ပြုလုပ်ခြင်းခံရမည်။ (သားရေ (သို့) ရာဘာအား ဆွဲဆန့်ခံရသည့်အလား ထိုအချိန်၌ လက်ရှိအတိုင်းအတာထက် ပို၍ ကျယ်ပြန့်သွားလိမ့်မည်။ ရှေးယခင်ခေတ် လူသားများနှင့် နောက်နောင် ပေါက်ဖွားလာမည့် လူသားများအားလုံး ယင်းမြေပထဝီအတွင်း ဝင်ဆန့်သွားရန် ဖြစ်သည်။ ဒုရ်ရေမန်ဆူးရ်ကျမ်းတွင် ခိုင်မာသော စနဒ်ဖြင့် ဟာကင်မ်ကျမ်း၏ အညွှန်းဖြင့် تمد الارض يوم القيمة مد الاديم ဟူသော မရ်ဖူးအ်ဆင့်ပြန်ချက် လာရှိထားပေသည်။

သို့ရှိရာ မိုးကောင်းကင်၏ ကွဲအက်ခြင်းနှင့် မြေပထဝီ၏ ကျယ်ဝန်းသွားခြင်းသည် 'မဟ်ရှရ်' နေ့၏ စာရင်းအင်းစစ်ဆေးမှု ကဏ္ဍများ၏ ရှေ့ပြေးအဖြစ်အပျက်များပင် ဖြစ်သည်။) ၎င်းနောက် (ထိုမြေပထဝီသည်) မိမိအတွင်း၌ ရှိသော အရာများအား (ဆိုလိုသည်မှာ သူသေများအား) အပြင်သို့ အန်ထုတ်လိမ့်မည်။ ၎င်းနောက် (သူသေများအားလုံး ထိုမြေပထဝီဝမ်းဗိုက်အတွင်း၌) ရှိတော့မည် မဟုတ်ပေ။ ၎င်းနောက် (ထိုမြေပထဝီသည်) မိမိ၏ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်ကို နာခံလိမ့်မည်။ ၎င်းနောက် ယင်းအနေနှင့် နာခံရန်လည်း ထိုက်ပေသည်။ (အလိုသဘောသည် အထက်တွင် တင်ပြသည့်အတိုင်း ဖြစ်သည်။ ထိုအချိန်၌ လူသားသည် မိမိ၏ 'အမလ်' ကျင့်ကြံမှုများကို မြင်တွေ့ကြရမည်။ ဥပမာ- ရှေ့တွင် ဆက်လက်၍ မိန့်ထားပေသည်။)

အို့, လူသား၊ အသင်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်ပါးသို့ ဆိုက်ရောက်သည်အထိ (ဆိုလိုသည်မှာ သေဆုံးမည့်အချိန်အထိ) လုပ်ငန်းဆောင်တာများတွင် ကြိုးပမ်းအားထုတ်နေသည်။ (ဆိုလိုသည်မှာ အချို့သည် ကောင်းသော လုပ်ရပ်များတွင် နစ်မွန်းလျက် ရှိပြီး အချို့သည် မကောင်းမှုများတွင် နစ်မွန်းနေသည်။) တစ်ဖန် ('ကေယာမသ်'နေ့တွင်) ထို (လုပ်ရပ်များ၏ အစားကို) မြင်တွေ့ကြရမည်။ ထိုအခါ အကြင်သူ၏ 'အမလ်'မှတ်တမ်းသည် ၎င်း၏ လက်ယာလက်တွင် ရရှိခဲ့ပါက ၎င်းကို လွယ်ကူစွာ စာရင်းအင်းစစ်ဆေးပေလိမ့်မည်။ ၎င်းနောက် ထိုသူသည် (စစ်ဆေးမှုကို ခံယူပြီး) မိမိ တို့နှင့် ပတ်သက်သော သူများထံ ပျော်ရွှင်စွာ ရောက်ရှိလာလိမ့်မည်။

(လွယ်ကူစွာ စာရင်းအင်းစစ်ဆေးမှုတွင် အဆင့်မြောက်မြားစွာ ရှိသည်။ ယင်းအနက် တစ်ခုမှာ ၎င်းအပေါ်သို့ 'အဇာဗ်'အပြစ်ဒဏ် လုံးဝ သက်ရောက်မည်မဟုတ်ပေ။ အချို့သည် ဤကဲ့သို့သော အခြေအနေနှင့် ကြုံကြိုက်ရမည့်အကြောင်း ဟဒီးစ်တော်များတွင် ရှင်းလင်းစွာ မိန့်ဆိုထားသည်။ အကြင်စာရင်းအင်း စစ်ဆေးမှုတွင် အသေးစိတ် စစ်ကြောမှုမရှိဘဲ စာရင်းတင်ပြမှုမျှသာ ရှိမည်ဆိုပါက ထိုအခြေအနေမျိုးသည် 'အဇာဗ်'အပြစ်ဒဏ်တစ်စုံတစ်ရာမရှိဘဲ လွတ်မြောက်အောင်မြင်သွားမည့်သူများအတွက် ရရှိမည့် အခြေအနေမျိုးဖြစ်သည်။ ဒုတိယအဆင့်မှာ အစဉ်အမြဲ 'အဇာဗ်အပြစ်ဒဏ် ကျခံရခြင်းမျိုးမဟုတ်ဘဲ ယာယီသဘောမျိုး ပြစ်ဒဏ်ခံရခြင်း ဖြစ်သည်။ ဤအခြေအနေသည် သာမန်အီမာန်ရှင်များအတွက် ဖြစ်မည်။ လုံးလုံးလျားလျား ပြစ်ဒဏ်မှ ကင်းလွတ်မှု မရခြင်းသည် ၎င်းနှင့် ဆန့်ကျင်မနေပေ။)

၎င်းနောက် အကြင်သူ၏ 'အမလ်' မှတ်တမ်းသည် (၎င်း၏ လက်ဝဲဘက်လက်၌) ကျောဘက်မှ ပေးခြင်းကိုခံရလျှင် (ကာဖိရ်များကို ဆိုလိုခြင်းဖြစ်သည်။ ထို့နောက် ကျောဘက်မှနေ၍ ရရှိခြင်းဟုဆိုရာ၌ ပုံသဏ္ဍာန်နှစ်မျိုး ဖြစ်နိုင်သည်။ တစ်မျိုးမှာ ၎င်းအား သံကြိုးများဖြင့် ချည်နှောင်ထားသည့်အတွက်ကြောင့် လက်ဝဲလက်သည်လည်း ကျောဘက်သို့ ရောက်ရှိနေခြင်း ဖြစ်နိုင်သည်။ ဒုတိယတစ်မျိုးမှာ မုဂျာဟစ်ဒ်သခင်၏ အဆိုဖြစ်သည်။ ၎င်း၏ လက်ဝဲလက်သည် ကျောဘက်သို့ ရောက်အောင် ဆွဲထုတ်ခြင်းခံရမည်။)

[ဒုရ်ရေမန်းစူးမ်ကျမ်း]

သို့ရှိရာ ထိုသူသည် သေခြင်းတရားကို ခေါ်ဆိုတောင့်တလိမ့်မည်။ (ဘေးဗလာများ ကျရောက်လာသောအခါ လူသားသည် သေခြင်းတရားကို တောင့်တလေ့ ရှိသကဲ့သို့ ဖြစ်သည်။) ၎င်းနောက် 'ဂျဟန္နမ်' ငရဲဘုံသို့ ဝင်ရောက်ရမည်။ ထိုသူသည် (ဒုန္နယာလောကတွင်) မိမိ၏ ပတ်သက်သော သူများနှင့် (မိသားစုဝင်များ၊ အစေခံများနှင့်တကွ) ပျော်ရွှင်စွာ နေထိုင်ခဲ့သည်။

(အတိုင်းထက်အလွန် ပျော်ရွှင်ခဲ့ပြီး နောင်တမလွန်ကိုပင် ငြင်းဆိုခဲ့လေသည်။ ဥပမာ- ရှေ့တွင်ဆက်လက်၍ အမိန့်ရှိသည်မှာ) ထိုသူသည် မိမိအနေနှင့် (အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့) ပြန်လည်ခစားရမည်မဟုတ်ဟု ထင်မှတ်ခဲ့သည်။ (ဆက်လက်၍ ထိုထင်မှတ်မှုကို ချေပသောအနေဖြင့် မိန့်တော်မူသည်မှာ တစ်ဖန်ပြန်လည် ခစားရမည်ဖြစ်ခြင်းသည်) အဘယ်ကြောင့် မဖြစ်ရမည်နည်း။ (ဆက်လက်၍ အသျှင်မြတ်ထံတော်သို့ ပြန်လည်ခစားပြီးနောက် အစားပေးခြင်းခံရမည်ကိုလည်း အတည်ပြု တင်ပြထားပေသည်။) ၎င်း၏ အသျှင်သခင်သည် ၎င်းအား ကောင်းစွာ ရှုစားနေတော်မူသည်။ (ထို့နောက် ၎င်း၏ ကျင့်ကြံမှုများနှင့် ပတ်သက်၍ အစားပေးမည့်အချက်အပေါ် အသျှင်မြတ်၏ အမိန့်တော် သတ်မှတ်ချက်ရှိထားပြီး ဖြစ်သည့်အတွက်ကြောင့် ယင်းအစားပေးမှုသည် မလွဲဧကန် ဖြစ်ရှိမည်သာ ဖြစ်သည်။)

သို့ရှိရာ (ထိုအကြောင်းအရာများနှင့် ပတ်သက်ပြီး) ငါအသျှင်မြတ်သည် နေဝင်ဆည်းဆာအားလည်းကောင်း၊ ညဉ့်နှင့် ညဉ့်က လွှမ်းခြုံထားသော အရာများအားလည်းကောင်း ကျိန်တွယ်မိန့်တော်မူသည်။ (ညဉ့်၏ လွှမ်းခြုံမှုကို ခံရသော အရာများဆိုသည်မှာ ညတွင် အနားယူအိပ်စက်ရန် မိမိတို့၏ နေရာများသို့ လာရောက်လေ့ရှိသော သက်ရှိများကို ဆိုလိုခြင်းဖြစ်သည်။) ထို့နောက် ပြည့်ဝန်းလာသော လအားလည်းကောင်း ကျိန်တွယ်၍ မိန့်ဆိုတော်မူသည်။

(ဆိုလိုသည်မှာ လပြည့်ဝန်းကိုလည်း ကျိန်တွယ်၍ မိန့်ဆိုတော်မူသည်မှာ) မုချဧကန် အသင်တို့သည် အခြေအနေတစ်မျိုးမှ အခြားအခြေအနေတစ်မျိုးသို့ ပြောင်းလဲရောက်ရှိရမည် ဖြစ်သည်။ ဤသည်

يَآيُّهَا الْاِنْسَانُ اِنَّكَ كَادِحٌ اِلٰى رَبِّكَ كَدْحًا فَمُلٰقِيْهِ

အာယသ်တော်၏ အကျယ်ဖွင့်ဆိုမှု ဖြစ်သည်။ ၎င်းအာယသ်တော်တွင် သက်ရှိတစ်မျိုးဖြစ်သော 'အင်စာန်' လူသားစုအား ဦးတည် မိန့်ဆိုထားပြီး ဤအထက်ပါ အာယသ်တော်တွင်မူ တစ်ယောက်ချင်းစီ တစ်ယောက်ချင်းစီနှင့် စပ်လျဉ်းကာ အားလုံးကို ခြုံငုံ၍ မိန့်ဆိုခြင်းဖြစ်သည်။ ထိုအာယသ်တော်တွင် 'အမလ်' ကျင့်ကြံမှုများကို ပြန်လည်မြင်တွေ့ကြရမည့်အကြောင်း အကျဉ်းချုံး မိန့်ဆိုထားပြီး ဤအာယသ်တော်တွင်မူ 'ဟရှရ်'နေ့တွင် ကြုံတွေ့ရမည့်အကြောင်းများကို အကျယ်တဝင့် တင်ပြထားခြင်းဖြစ်သည်။ သို့မဟုတ် ၎င်း၏ ရှေ့မှောက်သို့ ရောက်ရှိလာမည့် အခြေအနေများကို တင်ပြထားခြင်း ဖြစ်သည်။ ထိုအခြေအနေများအနက် တစ်ခုမှာ 'မောင့်သ်'သေခြင်းတရားဖြစ်သည်။ ထို့နောက် 'ဗရ်ဇခ်ကဗရ်' ကြားစခန်း၏ အခြေအနေများ ဖြစ်သည်။ ထို့နောက် 'ကေယာမသ်' ၏ အခြေအနေများ ဖြစ်သည်။ တစ်ဖန် ယင်း 'ကေယာမသ်'၏ အခြေအနေများတွင်လည်း မြောက်မြားစွာသော အခြေအနေများ ရှိသည်။ ထို့နောက်

အထက်ပါကျိန်တွယ် မိန့်ဆိုမှုများတွင်လည်း သင့်လျော်ဆက်စပ်မှုများ ရှိနေသည်။ ၎င်းတို့မှာ ညဉ့်၏ ပြောင်းလဲမှုအခြေအနေများ ဤသို့ ရှိသည်။ ဦးစွာပထမ နေဝင်ဆည်းဆာမြင်ကွင်း ထွက်ပေါ်လာသည်။ တစ်ဖန် ညဉ့်နက်လာပြီးနောက် အားလုံးလိုလိုပင် အိပ်စက်သွားကြလေသည်။

ထို့နောက် ညတစ်ညသည် နောက်ညထက် လ၏ အလင်းရောင်ကို အခြေခံကာ လင်းလက်ခြင်း၊ မှေးမှိန်ခြင်းများတွင် ကွဲပြားခြားနားလျက် ရှိကြသည်။ ဤအခြေအနေများသည် သေဆုံးကွယ်လွန်ပြီးနောက် ပြောင်းလဲဖြစ်ပေါ်လာမည့် အခြေအနေများပမာ ဖြစ်သည်။ ထိုနည်းတူစွာ သေဆုံးကွယ်လွန်ပြီးနောက် 'အာခေရသ်'တမလွန်လောက အစပြုလေသည်။ ဥပမာ- နေဝင်ဆည်းဆာ အချိန်ပြီးလျှင် ညသည် အစပြုသကဲ့သို့ ဖြစ်သည်။ တစ်ဖန် 'ဗရ်ဇခ်'လောတွင် နေထိုင်ရမည့် အခြေအနေသည် 'အင်နိစာန်'လူသားတို့ အနားယူ အိပ်စက်သည့်ပမာ ဖြစ်သည်။ ထို့နောက် လသည် မှေးမှိန် ပျောက်ကွယ်သွားပြီးနောက် ပြန်လည်ပြည့်လာခြင်းသည် 'ကေယာမသ်'နေ့ ဖြစ်ပေါ်လာပြီးနောက် ဤဒွန်နယာ လောက၏ ပျက်စီး ပျောက်ကွယ်မည့် ဥပမာဖြစ်သည်။

(သို့ရှိရာ ကြောက်ရွံ့ရိုကျိုးကာ အီမာန်သက်ဝင် ယုံကြည်ရမည့် အခြေအနေများ ရှိနေပါလျက်) ၎င်းတို့သည် အဘယ်ကြောင့် အီမာန်သက်ဝင်ယုံကြည်မှု မပြုကြသနည်း။ ထို့နောက် (မိမိကိုယ်တိုင် အီမာန်နှင့် အမှန်တရားကို ရှာဖွေရန် မဆိုထားနှင့်။ ၎င်းတို့၏ ရန်ငြိုးကြီးမားမှု အခြေအနေသည် ဤသို့ ရှိသည်။ အကြောင်းမှာ) ၎င်းတို့၏ ရှေ့မှောက်ဝယ် ကျမ်းမြတ်ကုရ်အာန်ကို ရွတ်ဖတ်သောအခါ (ထိုအချိန်တွင်လည်း အသျှင်မြတ်ဘက်တော်သို့) ယိမ်းယိုင်မှု မရှိပေ။ သို့သာမက (ယိမ်းယိုင်ရမည့်အစား) ဤကာဖိရ်များသည် (ဆန့်ကျင်၍) ငြင်းဆန်ကြလေသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ ပြုကျင့်နေကြသော (မကောင်းမှုဒုစရိုက်များ၏ ဝန်ထုပ်ဝန်ပိုးကို) သိရှိတော်မူသည်။ သို့ရှိရာ (ထိုငြင်းဆန်မှု 'အမလ်'များနှင့် ပတ်သက်၍) အသင်တမန်တော်အနေနှင့် ၎င်းတို့အား ကြောက်မက်ဖွယ်ရာကောင်းသော 'အဇာဗ်'အပြစ်ဒဏ်၏ သတင်းအား ပေးပါလေ။ သို့သော် အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ကြပြီး ကောင်းမွန်သော 'အမလ်'ကျင့်ကြံမှုများကို ဆောက်တည်ပါက ၎င်းတို့အတွက် (တမလွန်) တွင် ရပ်ဆိုင်းသွားခြင်း မရှိမည့် ဆုလဒ်များ ရရှိမည်ဖြစ်သည်။ (ကောင်းမွန်သော ကျင့်ကြံမှုအား အာယသ်တော်တွင် ထည့်သွင်းမိန့်ဆိုထားသည်မှာ စည်းကမ်းချက်အနေနှင့် မဟုတ်ဘဲ အကြောင်းခံအနေနှင့်သာ ဖြစ်သည်)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

၎င်းစူရာဟ်၌ 'ကေယာမသ်'၏ အခြေအနေများ၊ စာရင်းအင်းစစ်ဆေးမှုများ၊ ကောင်းမှုများနှင့် မကောင်းမှုများအပေါ် အစားပေးမည့်အကြောင်းများနှင့်၊ တစ်ဖန် မေ့လျော့နေသော လူသားကို ရပ်ခန့်၍ လည်းကောင်း၊ စကြဝဠာကြီး၏ ပြောင်းလဲလှည့်ပတ်မှု အခြေအနေများကို စဉ်းစားတွေးခေါ်ရန်၊ ၎င်းစဉ်းစားမှုဖြင့် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်ကို ယုံကြည်

ရန်အလို့ငှာ လမ်းညွှန်မှု ပြုထားပေသည်။ ၎င်းစူရာဟ်ထဲ၌ ပထမဦးဆုံး မိုးကောင်းကင် ကွဲအက်စေမည့် အကြောင်း၊ တစ်ဖန် မြေပထဝီ၏ ဝမ်းဗိုက်ထဲ၌ မြုပ်နှံထားသော ဘဏ္ဍာပစ္စည်းများနှင့် သေဆုံးသွားသော လူများ၏ ခန္ဓာကိုယ်များအားလုံးကို အန်ထုတ်စေလိမ့်မည်။ ထို့နောက် ၎င်းမြေပထဝီ၌ တောင်များ၊ လိုဏ်ဂူများ၊ အဆောက်အဦးများနှင့် သစ်ပင်များ မရှိစေဘဲ မြေပထဝီကို ရှင်းလင်းစွာနှင့် တစ်ညီတည်း ပြုလုပ်လိုက်မည်။ ၎င်းမြေပထဝီကို ကျယ်ပြန့်အောင် ဆွဲဆန့်လိမ့်မည်။ သို့မှသာ ရှေးယခင်ခေတ်နှင့် နောင်လာမည့် ခေတ်ရှိ လူသားများအားလုံးကို ၎င်းမြေပထဝီအပေါ် စုရုံးစေလိမ့်မည်ဟူသည့် အကြောင်းအရာများကို တင်ပြထားပေသည်။ ဤအကြောင်းအရာများကို အခြားသော စူရာဟ်များ၌လည်း ခေါင်းစဉ်အမျိုးမျိုးဖြင့် တင်ပြခဲ့ပြီး ဖြစ်သည်။ ဤနေရာ၌ အပိုတစ်ခု တင်ပြထားသည်မှာ 'ကေယာမသ်' နေ့၌ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ မိုးကောင်းကင်နှင့် မြေပထဝီတို့နှင့် ပတ်သက်၍ စီမံခန့်ခွဲမှုများကို

وَاَذِنَتْ لِرَبِّهَا وَحُقَّتْ

ဟု ဖော်ပြထားပေသည်။ اَذِنَ ၏ အဓိပ္ပာယ်မှာ နားထောင်ခဲ့သည်ဟူ၍ ဖြစ်သည်။ နားထောင်ခြင်း၏ အလိုသဘောမှာ နားထောင်ပြီး အမိန့်နာခံခြင်းကို ဆိုလိုပေသည်။ حُقَّتْ ပြုခြင်းခံရသူနှင့် ပတ်သက်၍ဖြစ်သော ပုဒ်၏ အဓိပ္ပာယ်မှာ حق لها الانقياد ဆိုလိုသည်မှာ 'အမိန့်နာခံရန် တာဝန်ဝတ္တရား ရှိသည်။ ယင်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို လိုက်နာရပေမည်' ဟူ၍ ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှစ်မျိုး

ဤနေရာ၌ မိုးကောင်းကင်နှင့် မြေပထဝီသည် အသျှင်မြတ်၏ အမိန့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ အဓိပ္ပာယ်နှစ်မျိုးရှိသည်။ အဘယ်ကြောင့်ဆိုသော် အသျှင်မြတ်၏ အမိန့်ပညတ်ချက်မှာ နှစ်မျိုးနှစ်စား ရှိသည်။ ပထမတစ်မျိုးမှာ ရှရီအသ်တရားတော်၏ အမိန့်ဖြစ်သည်။ ယင်းအမိန့်တွင် ဥပဒေတစ်ခုတည်းကိုသာ ပြဋ္ဌာန်းထားပေသည်။ ၎င်းဥပဒေနှင့် ဆန့်ကျင်ဘက်ပြုလုပ်သည့် အပြစ်ဒဏ်ကိုလည်း ပြဋ္ဌာန်းထားပေသည်။ သို့သော် 'အမလ်'ကျင့်ကြံသော သူများကို ယင်းဥပဒေများမှ တစ်ခုခုကို လိုက်နာရန်အလို့ငှာ အကျပ်အတည်း မပြုလုပ်ထားပေ။ သို့သာမက ၎င်းတို့ကို အတိုင်းအတာတစ်ခုအထိ ရွေးချယ်ပိုင်ခွင့် ပေးထားပေသည်။ ၎င်းသူတို့သည် မိမိတို့၏ ရွေးချယ်မှုဖြင့် ယင်းဥပဒေအတိုင်း လိုက်နာသည်ဖြစ်စေ၊ (သို့) ဆန့်ကျင်ဘက် ပြုလုပ်သည်ဖြစ်စေ၊ ၎င်းနောက် ဤကဲ့သို့သော အမိန့်ပညတ်ချက်များကို များသောအားဖြင့် ယင်းအဖန်ဆင်းခံများအပေါ် ချမှတ်ထားပေသည်။ ၎င်းတို့ကို ذوی العقول (အသိဉာဏ်ရှိသော သူ) ဟု ခေါ်ဆိုပေသည်။ ဥပမာ- လူသားနှင့် ဂျင်နီများ ယင်းအုပ်စု၌ ဤအချက်ဖြင့် မုအ်မင်န်နှင့် ကာဖိရ် ၎င်းနောက် အမိန့်နာခံသောသူနှင့် အမိန့်မနာခံသောသူဟူ၍ နှစ်မျိုးနှစ်စား ပေါ်ပေါက်လာပေသည်။ ဒုတိယတစ်မျိုးမှာ အသျှင်မြတ်၏ သီးခြားစီမံ သတ်မှတ်ထားသော အမိန့်ဖြစ်သည်။ ထိုအမိန့်

သည် အခမ္မချမှတ်သော အမိန့်ဖြစ်သည်။ မည်သူတစ်ဦးမျှ ရင်ကော့ကာ ဆန့်ကျင်ရန် မစွမ်းနိုင်ပေ။ ထိုအမိန့်ကို လိုက်နာရန် ဖန်ဆင်းခံများအားလုံးအပေါ် အတင်းအကြပ် ပြုလုပ်ထားသည်။ ထိုအဖန်ဆင်းခံများ၌ လူသားနှင့် 'ဂျင်န်' တို့လည်း ပါဝင်သည်။ အသျှင်မြတ်၏ ထိုစီမံသတ်မှတ်မှုနှင့် ပတ်သက်၍ ပညတ်မှု ဟူသမျှကို မုအ်မင်န်ဖြစ်စေ၊ ကာဖိရ်ဖြစ်စေ၊ သူတော်စင်ဖြစ်စေ၊ သူယုတ်မာဖြစ်စေ အားလုံးပင် တသွေမတိမ်းလိုက်နာရန် ဖြစ်ရှိရန် အတင်းအကြပ် ပြုထားပေသည်။ ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်သည် 'မုကလပ်ဖ်' (တာဝန်ပေးခြင်းခံရသူများ) ကို အသိဉာဏ်ချီးမြှင့်ထားသကဲ့သို့ မိုးကောင်းကင်နှင့် မြေပထဝီကိုလည်း သီးခြားအသိဉာဏ် ချီးမြှင့်ထားခြင်းလည်း ဖြစ်နိုင်ပေသည်။ ထိုအရာများအပေါ် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ မည်သည့်အမိန့်တစ်စုံတစ်ရာ ကျရောက်ခဲ့သော် ၎င်းအရာများသည် မိမိ၏ ဆုံးဖြတ်ချက်ဖြင့် အမိန့်နာခံခဲ့သည်။ ၎င်းနောက် ယင်းအမိန့်၏ အလိုသဘောမှာ မည်သူတစ်ဦးတစ်ယောက်၏ အကြံဉာဏ်မပါဘဲ အသျှင်မြတ်ကိုယ်တော်တိုင် စီမံသတ်မှတ်တော်မူသော အမိန့်ကို ခေါ်ဆိုခြင်းလည်း ဖြစ်နိုင်ပေသည်။

أَذِنَتْ لِرَبِّهَا وَحُقَّتْ

၎င်းအာယသ်တော်၏ စာသားများသည် ပထမအဓိပ္ပာယ်နှင့် ပိုပြီး နီးစပ်ပေသည်။ ဒုတိယအဓိပ္ပာယ်သည်လည်း သွယ်ဝိုက်သော ပုံစံဖြင့် သက်ရောက်နိုင်ပေသည်။

وَإِذَا الْأَرْضُ مُدَّتْ

مُدَّ ၏ အဓိပ္ပာယ်မှာ ဆွဲဆန့်ခြင်းနှင့် ရှည်လျားအောင် ပြုလုပ်ခြင်း ဖြစ်သည်။ ဟဇရသ်ဂျာဗိရ် ဗင်န်အဗ်ဒုလ္လာဟ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ကေယာမသ်' နေ့၌ သားရေ (ရော်ဘာ) ကို ဆွဲသကဲ့သို့ မြေကြီးကို ဆွဲ၍ ဖြန့်ခြင်းခံရပေမည်။ သို့သော် မြေပထဝီသည် ယင်းပုံစံရှိပါလျက် 'ဟရှရ်' ကွင်းပြင်တွင် လောက၏ အစကနဦးမှ 'ကေယာမသ်' နေ့အထိ ပေါက်ဖွားလာမည့် လူသားများအားလုံး စုရုံးရမည့် ပုံသဏ္ဌာန်မှာ ယင်းမြေကြီးပေါ်တွင် လူတစ်ယောက်သည် ခြေချစရာနေရာခန့်မျှသာ နေရာရရှိမည်ဖြစ်သည်။ *[ဟာကင်မ်ကျမ်း၊ မဇ္ဇ်ဟရီကျမ်း။]*

وَأَلْقَتْ مَا فِيهَا وَتَخَلَّتْ

ဆိုလိုသည်မှာ မြေကြီးသည် မိမိ၏ ဝမ်းဗိုက်ထဲ၌ ရှိနေသော အရာများအားလုံးကို အန်ထုတ်ပေးလိမ့်မည်။ ၎င်းနောက် အတွင်းတွင် မည်သည့်အရာမျှ ကျန်ရှိမည်မဟုတ်ပေ။ မြေကြီး၏ ဝမ်းဗိုက်ထဲ၌ မြုပ်နှံထားသော ရတနာသိုက်များ၊ ဖြန့်ကျဲထားသော အရာများနှင့် တွင်းထွက်ပစ္စည်းများ ရှိသည်။ ကမ္ဘာဦးအစမှ သေဆုံးခဲ့သောသူများ၏ အလောင်းများနှင့် အခြားအရာများ ရှိနေပေသည်။ ငလျင်လှုပ်မှုကြောင့် မြေကြီးသည် မိမိ၏ ဝမ်းဗိုက်ထဲမှ ဤအရာများအားလုံးကို အပြင်သို့ ထုတ်ပစ်လိုက်လိမ့်မည်။

يَاَيُّهَاالْاِنْسَانُ اِنَّكَ كَادِحٌ

كَدْحٌ ၏ အဓိပ္ပာယ်မှာ အလုပ်တစ်ခုခုတွင် မိမိ၏ အင်အားကို အသုံးပြု၍ ပြည့်ဝစွာ ကြိုးစားခြင်းကို ခေါ်ဆိုပေသည်။ ၎င်းနောက် اِلٰى رَبِّكَ ၏ အလိုသဘောမှာ اِلٰى لِقَاءِ رَبِّكَ ဖြစ်သည်။ ဆိုလိုသည်မှာ လူသား၏ ကြိုးစားအားထုတ်မှုအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ပြန်လည်ရောက်ရှိလိမ့်မည်။

အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ပြန်လှည့်ခြင်း

ယင်းအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် လူသားများအားလုံးကို ရည်ညွှန်းမိန့်ဆိုပြီး ယင်းလူသားများအား စဉ်းစားသုံးသပ်စေရန်အလို့ငှာ ဤကဲ့သို့ လမ်းကို ပြသထားပေသည်။ အနည်းငယ် အသိဉာဏ်ရှိသော သူသည်ပင် မိမိ၏ ကြိုးစားအားထုတ်မှုဖြင့် မှန်ကန်သောဘက်သို့ လျှောက်လှမ်းနိုင်ပေသည်။ ယင်းလျှောက်လှမ်းမှုသည် ၎င်းပုဂ္ဂိုလ်အား လောကနှင့် သာသနာရေးရာများတွင် ငြိမ်းချမ်းသာယာမှုကို ရရှိရန် တာဝန်ယူထားပေသည်။

ပထမအချက်မှာ ဤကဲ့သို့ မိန့်တော်မူထားပေသည်။ လူသားသည် ကောင်းမွန်သော သူ (သို့) ဆိုးသွမ်းသောသူ ဖြစ်ပါစေ။ မုအ်မင်န် (သို့) ကာဖိရ်ဖြစ်ပါစေ။ မိမိ၏ ဇီဝသဘာဝအရ တစ်ခုမဟုတ်တစ်ခု လှုပ်ရှားပြုလုပ်ရန် အကျင့်ရှိနေတတ်ပေသည်။ မည်သည့်အရာဝတ္ထုတစ်ခုခုကို မိမိ၏ ရည်ရွယ်ချက်အဖြစ် ပြုလုပ်ပြီး ၎င်းကို ရရှိစေရန်အလို့ငှာ ကြိုးစားအားထုတ်ပြီး ဒုက္ခခံနေပေသည်။ အကြင်ပုံစံအတိုင်း မွန်မြတ်သော သူတစ်ဦးသည် မိမိ၏ ဝမ်းစာရှာဖွေမှုနှင့် သက်တမ်း၏ လိုအပ်ချက်များကို ရယူမှု၌ ဇီဇနှင့် သဘာဝအလျောက် ပြုပိုင်သော နည်းလမ်းကို ရွေးချယ်ပေသည်။ ၎င်းနည်းလမ်း၌ မိမိ၏ ကြိုးပမ်းမှုနှင့် အင်အားများကို အသုံးချပေသည်။ ဆိုးသွမ်းသော သူယုတ်မာသည်လည်း မိမိ၏ ရည်ရွယ်ချက်ကို မကြိုးစားဘဲ မည်သည့်နည်းနှင့်မျှ မရရှိနိုင်ပါ။ သူခိုး၊ ဓါးပြသည် လိမ်လည်လှည့်ဖြားမှု၊ မကောင်းသော နည်းလမ်းဖြင့် ရှာဖွေပေသည်။ လုယက်တိုက်ခိုက်သောသူများကို ကြည့်ပါ။ မည်ကဲ့သို့ ဦးနှောက်ဉာဏ်နှင့် ခန္ဓာကိုယ်၏ ပင်ပန်းမှုများကို ကြိုးစားအားထုတ်ကာ မိမိတို့၏ ရည်ရွယ်ချက်များ ရယူကြပေသည်။

ဒုတိယအချက်မှာ အကယ်၍ အသိဉာဏ်ရှိသောသူသည် စဉ်းစားသုံးသပ်မည်ဆိုလျှင် ၎င်း၏ နေထိုင်သွားလာမှုသည်လည်း ခရီးတစ်ထောက်နား စခန်းမျှသာလျှင် ဖြစ်ပေသည်။ ၎င်းသည် ထိုနေထိုင်သွားလာမှုကို အသိဉာဏ်မဲ့သော ပုံစံဖြင့် ဖြတ်သန်းလျက် ရှိပေသည်။ ယင်း၏ ရလဒ်သည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ အသင့်ရှိခြင်း၊ ဆိုလိုသည်မှာ သေခြင်းတရားပင် ဖြစ်ပေသည်။ (اِلٰى رَبِّكَ) တွင် ၎င်းအကြောင်းအရာကို ဖော်ပြထားပေသည်။ ၎င်းနောက် ဤနောက်ဆုံးရလဒ်သည် မည်သူမျှ ငြင်းပယ်၍ မရနိုင်အောင် စစ်မှန်ပေသည်။ လူသား၏ ကြိုးပမ်းမှုအားလုံးသည် သေခြင်းတရားနှင့် အဆုံးသတ်မည်မှာ မုချကေန် ဖြစ်ပေသည်။

တတိယအချက်မှာ ကွဲယ်လွန်သေဆုံးပြီးနောက် မိမိတို့အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ အသင့် ရောက်ရှိသောအခါ ယင်း၏ ပြုလုပ်ကျင့်ကြံခဲ့သော 'အမလ်'များ၊ ၎င်းကြိုးပမ်းအားထုတ်မှုများအား စာရင်း စစ်ဆေးခြင်း၊ ဤစစ်ဆေးမှုသည် ဆင်ခြင်တုံတရားနှင့် တရားမျှတမှုအရ ရှိသင့်ရှိထိုက်သော အချက် သာလျှင် ဖြစ်ပေသည်။ သို့မှသာ အကောင်းအဆိုး၏ ရလဒ်ကို ကွဲပြားစွာ သိရှိနိုင်ပေမည်။ သို့မဟုတ်လျှင် ယင်းရလဒ်ကို ဒွန္နယာလောက၌ မည်သူမျှ ပိုင်းခြားနိုင်မည်မဟုတ်ပေ။ မွန်မြတ်သော သူတစ်ယောက်သည် တစ်လတိတိ သူရင်းငှားလုပ်ပြီး မိမိ၏လိုအပ်ချက်များနှင့် ရိဇိရိက္ခာများကို ရယူပေသည်။ သူခိုးဓါးပြ များသည် ယင်းတစ်လလုပ်စာအား တစ်ညတည်းဖြင့် ရယူပေသည်။ အကယ်၍ အချိန်တစ်ချိန်၌ စာရင်း စစ်ဆေးခြင်းနှင့် အစားပေးမှု မရှိခဲ့လျှင် နှစ်ဦးစလုံး တန်းတူ ဖြစ်သွားပေမည်။ ယင်းလုပ်ရပ်သည် အသိဉာဏ် တရားနှင့် တရားမျှတခြင်းကို ဆန့်ကျင်ပေသည်။ နောက်ဆုံး၌ فَمُلٰقِيۡهِ ဟု အမိန့်ရှိထားပေသည်။ ملاقيه ၌ ه ဆိုသော နာမ်စားသည် كدح ဘက်သို့လည်း ရည်ညွှန်းနိုင်ပေသည်။ ယင်း၏ အဓိပ္ပာယ်မှာ လောက ၌ လူသား၏ ကြိုးစားအားထုတ်မှုများသည် နောက်ဆုံး၌ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက် ရောက်ရှိ ပြီး မိမိ၏ ကြိုးစားရှာဖွေ မှုကို ရရှိလိမ့်မည်။ ယင်းကြိုးစားမှု၏ ကောင်းသော၊ မကောင်းသော ရလဒ်ကို ထိုသူ၏ ရှေ့တော်မှောက်သို့ ရောက်ရှိလာပေသည်။ ملاقيه ၌ ه ဆိုသော နာမ်စားကို رب ဘက်သို့ ရည်ညွှန်းခြင်းလည်း ဖြစ်နိုင်ပေသည်။ ယင်း၏ အဓိပ္ပာယ်မှာ 'အာခေရသ်' (လောကုတ္တရာ) ၌ လူသား တိုင်းသည် မိမိတို့၏ အသျှင်မြတ်နှင့် တွေ့ဆုံခြင်း၊ ၎င်းနောက် အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ စာရင်း အင်းစစ်ဆေးရန်အတွက် အခစားဝင်ရောက်ရပေမည်ဟူ၏။

ရှေ့ဆက်ပြီး ကောင်းမှု၊ မကောင်းမှုများနှင့် မုအ်မင်န် (သို့) ကာဖိရ်တို့၏ သီးခြားသီးခြား နောက်ဆုံး ရလဒ်များကို တင်ပြထားပေသည်။ ယင်း၏အစမှာ 'အအ်မာလ်နာမလ်'ကျင့်မှု ဆောက်တည်ချက် မှတ်တမ်း အား ညာဘက် (သို့) ဘယ်ဘက်လက်တွင် ရရှိခြင်းပင် ဖြစ်ပေသည်။ လက်ယာဘက်၌ မှတ်တမ်း ရရှိသော 'ဂျန္နသ်'၌ အမြဲနေရန်နှင့် စည်းစိမ်ဥစ္စာများဖြင့် သတင်းကောင်းပေးခြင်း၊ လက်ဝဲဘက်တွင် မှတ်တမ်းရရှိသော သူများကို 'ဂျဟန္နမ်' ၏ ပြစ်ဒဏ်များ ခံစားရမည်ကို သတင်းရရှိကြပေမည် ဖြစ်သည်။ အကယ်၍ လူသားသည် ယင်း၏ အချုပ်အား စဉ်းစားသုံးသပ်ကြည့်မည်ဆိုလျှင် ဘဝသက်တမ်း၏ လိုအပ် ချက်များနှင့် မိမိစိတ်၏ အရေးမကြီးသည့် စွဲလမ်းမှုများကိုလည်း ရရှိမည်ဆိုလျှင် ကောင်းမှု၊ မကောင်းမှု နှစ်ခုစလုံးကို ပြုလုပ်နေပေမည်။ ယင်းကဲ့သို့ပင် လောက၏ သက်တမ်း၌ နှစ်မျိုးစလုံးကို ကျော်ဖြတ်ရ ပေသည်။ သို့သော် ယင်းနှစ်မျိုးစလုံး၏ ရလဒ်မှာ မိုးနှင့် မြေပမာ ကွာခြားပေသည်။ တစ်မျိုးရလဒ်တွင် အမြဲတမ်းနှင့် ပျက်သုဉ်းမှုအလျဉ်း ရှိမည်မဟုတ်သော အေးချမ်းသာယာမှုအပေါ် အေးချမ်းသာယာမှုများ ရှိပေမည်။ ဒုတိယတစ်မျိုး၏ ရလဒ်တွင် အမြဲတမ်း ဒုက္ခနှင့် အပြစ်ဒဏ်များသာလျှင် ဖြစ်ပေသည်။ တစ်ဖန် အဘယ်ကြောင့် လူသားသည် ယနေ့အထိလည်း ယင်းရလဒ်များကို မစဉ်းစားဘဲ နေရပါသနည်း။ ဒွန္နယာ လောက၏ လိုအပ်ချက်များ အပြည့်အဝ ရရှိကာ လောကုတ္တရာ၏ အမြဲတမ်း 'နေ့အ်မသ်'စည်းစိမ်များ

ကိုလည်း ယင်းလူသားအား ရရှိစေမည့် အရာဘက်သို့ မိမိ၏ ကြိုးစားအားထုတ်မှု အလုံးစုံကို အဘယ်ကြောင့် မလှည့်ပါသနည်း။

فَاَمَّا مَنْ اُوْتِیَ كِتٰبَهٗ بِیَمِیْنِهٖ فَسَوْفَ یُحَاسَبُ حِسَابًا یَّسِیْرًا وَّیَنْقَلِبُ اِلٰۤی اَهْلِهٖ مَسْرُوْرًا

ယင်းအာယသ်တော်၌ မုအ်မင်န်များ၏ အခြေအနေကို မိန့်တော်မူထားပေသည်။ မုအ်မင်န်များ၏ 'အအ်မာလ်' ကျင့်မှုဆောင်ရွက်ချက်များ မှတ်တမ်းသည် လက်ျာဘက်တွင် ပေးခြင်းခံရပေမည်။ ၎င်းနောက် ယင်းမုအ်မင်န်များကို လွယ်ကူစွာဖြင့် စာရင်းစစ်ဆေးကာ 'ဂျန္နသ်'၏ သတင်းကောင်းပေးခြင်း ခံရပေမည်။ ၎င်းနောက် ထိုမုအ်မင်န်များသည် မိမိ၏ အိမ်သူအိမ်သားများထံသို့ ပျော်ရွှင်စွာဖြင့် ပြန်လှည့်သွားပေမည်။

ဗိုခါရီကျမ်း၏ ဟဒီးစ်တစ်ပုဒ်၌ ဟဇရသ်အာအေရှာဟ် ؓ သခင်မက ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

من حوسب يوم القيمة عذب

ဆိုလိုသည်မှာ အကြင်သူသည် 'ကေယာမသ်'နေ့၌ စာရင်းအင်းစစ်ဆေးခြင်းခံရမည်ဆိုလျှင် ၎င်းသူသည် 'အဇားဗ်'အပြစ်ဒဏ်မှ မလွတ်မြောက်နိုင်ပေ။ ယင်းမိန့်ကြားမှုအပေါ် ဟဇရသ်အာအေရှာဟ်ဆွဒီကဟ် ؓ သခင်မက မေးမြန်းလျှောက်ထားသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဤအမိန့်

يُحَاسَبُ حِسَابًا يَّسِيْرًا

သည် ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ မပါရှိပါသလော။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ ယင်းအာယသ်တော်၌ ၎င်းသူနှင့် ပတ်သက်ပြီး လွယ်ကူစွာ စာရင်းအင်းစစ်စေခြင်းကို အမိန့်ရှိထားပေသည်။ ၎င်းအမိန့်သည် အမှန်စင်စစ်၌ ပြည့်ဝစွာ စာရင်းအင်း စစ်ဆေးမည်မဟုတ်ပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့သာလျှင် ဆက်သခြင်းပင် ဖြစ်ပေမည်။ ၎င်းနောက် အကြင်သူ၏ 'အအ်မာလ်' ကျင့်မှုဆောင်ရွက်ချက်များ မှတ်တမ်းကို ပြည့်ဝစွာ စာရင်းအင်းစစ်မည်ဆိုလျှင် ထိုသူသည် 'အဇားဗ်' ပြစ်ဒဏ်မှ လုံးဝ လွတ်မြောက်လိမ့်မည် မဟုတ်ပေ။

ယင်းဟဒီးစ်တော်ဖြင့် သိရှိရသည်မှာ မုအ်မင်န်များ၏ 'အအ်မာလ်' ကျင့်မှုဆောင်ရွက်ချက်မှတ်တမ်းများအားလုံးကို အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ ဆက်သပေမည်။ သို့သော် ယင်းတို့၏ အီမာန်များ၏ 'ဗရ်ကသ်'တော်ဖြင့် ၎င်းသူတို့၏ 'အအ်မာလ်'တိုင်းအပေါ် ပုံဖော်ပြလိမ့်မည် မဟုတ်ပေ။ ဤသည်ကိုသာလျှင် လွယ်ကူစွာ စာရင်းစစ်ဆေးခြင်းဟု ခေါ်ဆိုပေသည်။ ၎င်းနောက် မိမိ၏ အိမ်သူ၊ အိမ်သားများထံသို့ ပျော်ရွှင်စွာဖြင့် ပြန်လှည့်ခြင်း၏ အလိုသဘောမှာ နှစ်မျိုးဖြစ်နိုင်ပေသည်။ အိမ်သူအိမ်သားများဟုဆိုရာ၌ 'ဂျန္နသ်'၏ ဟူရ်ကညာပျိုများကို ဆိုလိုပေသည်။ 'ဂျန္နသ်' ၌ ယင်း 'ဟူရ်' ကညာပျိုများသည် ၎င်း၏ အိမ်သူအိမ်သား ဖြစ်လိမ့်မည်။ ဤအဓိပ္ပာယ်လည်း ဖြစ်နိုင်ပေသည်။ ၎င်းမှာ အကြင်သူများသည် လောက၌ ၎င်း၏ အိမ်သူအိမ်သားများ ဖြစ်ပေသည်။ 'ဟရှ်ရ်' ကွင်းပြင်၌ စာရင်းစစ်ဆေးပြီးနောက်

အောင်မြင်မှု ရရှိသောအခါ ဒွန္နယာလောက၏ ပေလွှော့ထုံးစံနှင့်အညီ မိမိ၏ သတင်းကောင်းများကို ကြားနာစေရန်အလို့ငှာ အိမ်သူအိမ်သားများထံသို့ သွားလိမ့်မည်။ သဖ်စီးရ်ပညာရှင်များက အဓိပ္ပာယ်နှစ်ခုစလုံးကို မိန့်ဆိုထားပေသည်။ */ ကုရ်သုဗီးကျမ်း /*

فَسَوْفَ يَدْعُوا ثُبُورًا

ဆိုလိုသည်မှာ အကြင်သူ၏ 'အအ်မာလ်' ကျင့်မှုဆောင်ရွက်ချက် မှတ်တမ်းအား ၎င်းသူ၏ နောက်ကျောဘက်မှ ဘယ်ဘက် လက်ထဲသို့ ပေးခြင်း ခံရပေမည်။ ၎င်းသူသည် ထိုအချိန်၌ တစ်ဖန်ပြန်လည်သေဆုံးပြီး မြေကြီးဖြစ်ကာ 'အဇာဗ်' ပြစ်ဒဏ်မှ လွတ်မြောက်လျှင် ကောင်းလေစွဟု တောင့်တကြလိမ့်မည်။ သို့သော်လည်း ဤသည် ဖြစ်နိုင်မည့်အရာ မဟုတ်ချေ။ သို့သာမက ၎င်းသူအား 'ဂျဟန္နမ်' ငရဲဘုံထဲသို့ ပစ်ချခြင်းခံရပေမည်။ ယင်း၏ အကြောင်းခံကို ဤကဲ့သို့ အမိန့်ရှိထားပေသည်။ ထိုသူသည် ဒွန္နယာလောက၌ မိမိ၏ အိမ်သူအိမ်သားများနှင့်အတူ လောကုတ္တရာနှင့် ပတ်သက်၍ အပူပင် ကင်းမဲ့စွာဖြင့် ပျော်ရွှင်စွာ နေထိုင်ခဲ့သည်. မုအ်မင်န်များနှင့် ခြားနားစွာ နေထိုင်ခဲ့သည်။

ယင်းမုအ်မင်န်များသည် လောက၏ သက်တမ်း၌ ညည်သည့်အခါ၌မျှ ပူပင်ကင်းမဲ့ခြင်း မရှိပေ။ အေးချမ်းသာယာမှုနှင့် စည်းစိမ်အပြည့်ရှိသော အချိန်၌လည်း လောကုတ္တရာ၏ သောက၌ မုချ နှစ်မွန်းနေပေသည်။ ဥပမာ- ကုရ်အာန်ကျမ်းတော်မြတ်၌ ယင်းအခြေအနေနှင့် ပတ်သက်၍

اِنَّا كُنَّا قَبْلُ فِيٓ اَهْلِنَا مُشْفِقِيْنَ

ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် မိမိတို့၏ အိမ်သူအိမ်သားများနှင့် နေထိုင်နေသော်လည်း လောကုတ္တရာကို ကြောက်ရွံ့စိုးရိမ်နေပေသည်။ ဤအတွက်ကြောင့် ၎င်းအုပ်စုနှစ်စုတို့၏ နောက်ဆုံးရလဒ်များမှာ ယင်းတို့နှင့် သင့်လျော်စွာ ဖြစ်ပေါ်လာလိမ့်မည်။ အကြင်သူသည် ဒွန္နယာလောက၌ လောကုတ္တရာ၏ အပူပင်ကင်းမဲ့စွာဖြင့် မိမိ၏ အိမ်သူအိမ်သားများနှင့်အတူ အမြဲတမ်း ပျော်ရွှင်စွာ နေထိုင်ခဲ့၏။ ဤအပြစ်ဒဏ်သည် ၎င်းတို့အပေါ် ကျရောက်ပေမည်။ အကြင်သူတို့သည် ဒွန္နယာလောက၌ပင် 'အာခိရသ်' တမလွန်ဘဝ၏ စာရင်းအင်း စစ်ဆေးခံရမည်ဟူသော အချက်အား ကြောက်ရွံ့စိုးထိတ် သောကထားခဲ့ကြသည်။ ၎င်းတို့အား 'အာခိရသ်' တမလွန်၌ ပျော်ရွှင်ကြည်နူးဖွယ်ရာများ ရရှိမည်။ ယင်းအချက် များဖြင့် သိရှိရသည်မှာ ဒွန္နယာလောက၏ ပျော်ရွှင်ကြည်နူးခြင်းနှင့် စည်းစိမ်ယစ်မူးခြင်းသည် မုအ်မင်န်များ၏ အလုပ်မဟုတ်ပေ။ မုအ်မင်န်များကိုမူ မည်သည့်အချိန်၊ မည်သည့်အခြေအနေမျိုးတွင် 'အာခိရသ်' ၏ စာရင်းစစ်ဆေးမှုများနှင့် ပတ်သက်၍ ပူပင်ကင်းမဲ့ခြင်း မရှိပေ။

فَلَا اُقْسِمُ بِالشَّفَقِ

ယင်းအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် လေးခုသောအရာကို လေးနက်စွာဖြင့် ကျိန်ဆိုပြီး တစ်ဖန် လူသားကို ယင်းအကြောင်းအရာများဘက်သို့ အာရုံစိုက်စေတော်မူသည်။ ၎င်းအကြောင်းအရာများကို အထက်၌

اِنَّكَ كَادِحٌ اِلٰى رَبِّكَ

ဟူသော အာယသ်တော်တွင် ဖော်ပြထားပေသည်။ အကယ်၍ 'ကစမ်'ကျိန်ဆိုထားသော အရာလေးခုကို စဉ်းစားကြည့် မည်ဆိုလျှင် 'ကစမ်'ကျိန်ဆိုတင်ပြရသော အကြောင်းအရာသည် ၎င်းအချက်အပေါ် သက်သေပြလျက် ရှိသည်။ တွေ့မြင်ရပေမည်။ ဆိုလိုသည်မှာ လူသားသည် အခြေအနေတစ်ခုတည်း၌ တစ်တမတ်တည်း မရှိပေ။ ၎င်း၏ အဆင့်အတန်းများနှင့် အခြေအနေများသည် အချိန်တိုင်း ပြောင်းလွဲနေပေသည်။ ပထမအရာမှာ شَفَق ဖြစ်သည်။ ဆိုလိုသည်မှာ နေဝင်ပြီးသည့်နောက် မိုးကောင်းကင်၏ အနောက်ဘက်အရပ်၌ ဖြစ်ပေါ်လာသော အနီရောင်ဆည်းဆာကို ခေါ်ဆိုပေသည်။ ဤအနီရောင် ဆည်းဆာသည် ည၏ အစကနဦးပိုင်း ဖြစ်ပေသည်။ ဤညဦးပိုင်းသည် လူသား၏ အခြေအနေများကို ကြီးမားစွာသော ပြောင်းလဲမှုတစ်ခု၏ ရှေ့ပြေး ဖြစ်ပေသည်။ အလင်းရောင်သည် ပျောက်ကွယ်လျက် ရှိပြီး အမှောင်ထုသည် တစိမ့်စိမ့် ဝင်ရောက်လာလျက် ရှိသည်။ ထို့နောက် ည၏ အမည်နာမကို ကိုင်တွယ် ကျန်ဆိုထားပေသည်။ ထိုကျိန်ဆိုမှုသည် ည၏ ပြောင်းလဲမှုများကို ပြည့်ဝအောင် ပြုလုပ်မှုနှင့် ပတ်သက်သည်။ ယင်းကျိန်ဆိုမှု၏ နောက် ည၏ အမှောင်ထုက လွှမ်းခြုံထားသော အရာများအားလုံးနှင့် ပတ်သက်၍ ကျိန်တွယ်တော်မူသည်။

وَسَقَ ၏ မူရင်းအဓိပ္ပာယ်မှာ 'စုရုံးစေခြင်း' ဖြစ်ပေသည်။ ယင်း၏ အများသုံးနှုန်းသော အဓိပ္ပာယ်ကို ယူမည်ဆိုလျှင် လောက၌ တည်ရှိနေသော အရာများအားလုံး ပါဝင်ပေသည်။ အကြင်အရာများအားလုံးသည် ည၏အမှောင်ထုထဲ၌ ပျောက်ကွယ်သွားပေသည်။ ၎င်းအရာများ၌ သက်ရှိသတ္တဝါများ သစ်ပင်ပန်းမာန်များ တွင်းထက်ပစ္စည်းများ၊ သတ္တုများ၊ တောင်များနှင့် မြစ်ပင်လယ်များ (သမုဒ္ဒရာများ) အားလုံး ပါဝင်ပေသည်။ ၎င်းနောက် စုရုံးစေခြင်းဟု ဆိုရာ၌ ဤအဓိပ္ပာယ်လည်း ယူ၍ ရပေသည်။ အကြင်အရာများသည်။ သဘာဝအလျောက် နေ့၏ အလင်းရောင်၌ ပြန့်နှံ့နေလေ့ရှိသော အရာများသည် ညအချိန်၌ ၎င်းအရာများ အားလုံးသည် မိမိတို့၏ နေရာအသီးသီးသို့ စုရုံးကြပေသည်။ လူသားများသည် မိမိတို့၏ အိမ်များ၌ ငှက်တိရစ္ဆာန်များသည် မိမိတို့၏ အသိုက်မြုံများနှင့် အိမ်တွင်း စုရုံးကြပေသည်။ အလုပ်လုပ် ရာ၌ ပြန့်နှံ့နေသော ပစ္စည်းများအားလုံးကို ရုပ်သိမ်းပြီး တစ်နေရာတည်းစုလေ့ ရှိကြသည်။ ဤကြီးမား သောပြောင်းလဲမှုသည် လူသား၏ ရုပ်ခန္ဓာနှင့် ယင်းတို့နှင့် ဆက်နွယ်နေသော အရာများတွင် ဖြစ်ပေါ်လျက် ရှိသည်။

ကစမ်ကျိန်ဆိုသော စတုတ္ထအချက်မှာ-

وَالْقَمَرِ اِذَا اتَّسَقَ

ဖြစ်ပေသည်။ ဤ اِذَا اتَّسَقَ သည်လည်း وسق ဆိုသော ပုဒ်မှ ဆင်းသက်လာပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'စုရုံးစေခြင်း' ဖြစ်သည်။ လမင်း၏ စုရုံးခြင်း အလိုသဘောမှာ လမင်းသည် မိမိ၏ အလင်းရောင်များကို စုစည်းခြင်းဖြစ်သည်။ ဤစုစည်းမှုသည် လပြည့် ၁၄ ရက်ည၌ ဖြစ်လေ့ ရှိသည်။ ယင်းည၌ လသည် ပြည့်ဝစွာ ထွက်ပေါ်လာပေသည်။

إِذَا اتَّسَقَ ဆိုသော စကားသည် လ၏ ပုံစံအမျိုးမျိုးနှင့် အခြေအနေမျိုးမျိုးကို ညွှန်ပြနေပေသည်။ အကြောင်းမှာ ဦးစွာပထမ ထိုလသည် အင်မတန်ပါးလွှာသော လေးကိုင်းပမာ ဖြစ်သည်။ တစ်ဖန် နေ့စဉ်နေ့တိုင်း ယင်း၏ အလင်းရောင်သည် တိုးပွားလာပြီး လပြည့်ဝန်းအဖြစ်သို့ ရောက်ရှိသွားပေသည်။ စဉ်ဆက်မပြတ် လိုက်လျောညီထွေစွာ ပြောင်းလဲသွားသော အခြေအနေအရပ်ရပ်ပေါ် အထောက်အထားပြုမည့် အရာဝတ္ထုလေးခု၏ အမည်အားဖြင့် ကျိန်တွယ်မိန့်ဆိုပြီး မြင့်မြတ်တော်မူသော အသျှင်မြတ်က မိန့်တော်မူသည်မှာ

لَتَرْكَبُنَّ طَبَقًا عَنْ طَبَقٍ

အလွှာလိုက်ရှိသော အရာများ၏ အလွှာတစ်ခုကို طَبَق (သို့) طبقه ဟု ခေါ်ဆိုသည်။ ဗဟုဝုစ်ကိန်းမှာ طبقات ဖြစ်သည်။ لَتَرْكَبُنَّ သည် ركوب ဟူသော ပုဒ်မှ ဆင်းသက်လာသည်။ စီးနင်းခြင်းဟူသော အဓိပ္ပာယ်ရသည်။ အလိုသဘောမှာ အို့၊ လူသားမျိုးနွယ်တို့၊ အသင်တို့သည် အမြဲတစေ တစ်လွှာမှ အခြားတစ်လွှာသို့ စီးနင်း၍ ဝင်ရောက်သွားကြလိမ့်မည်။ ဆိုလိုသည်မှာ 'အင်စာန်' လူသားအား ဖန်ဆင်းခြင်း အစမှ အဆုံးတိုင် အခြေအနေ တစ်တမတ်တည်းတွင် မရှိခဲ့ပေ။ သို့သာမက တစ်ဆင့်ပြီး တစ်ဆင့် ပြောင်းလဲမှုများဖြင့်သာ ရပ်တည်နေခြင်း ဖြစ်သည်။

လူသား၏ ဘဝသက်တမ်းတွင် မြောက်မြားစွာသော အပြောင်းအလဲများနှင့် စဉ်ဆက်မပြတ်သော ခရီးစဉ်နှင့် ယင်း၏ နောက်ဆုံးစခန်း

လူသား၏ အစဟူသည် ကာလရှေကြည်မှတစ်ဆင့် သွေးတုံး၊ သွေးခဲဖြစ်သွားလေသည်။ တစ်ဖန် ယင်းသွေးခဲဖြင့် အသားတုံးကို ဖန်ဆင်းပေသည်။ တစ်ဖန် ယင်းအသားထဲ၌ အရိုးများကို ဖန်ဆင်းလေသည်။ တစ်ဖန် အရိုးများအပေါ် အသားကို ဖြည့်ဆည်းပေးလေသည်။ ၄င်းနောက် အစိတ်အပိုင်းကို ပြီးပြည့်စုံအောင် ဖန်ဆင်းပေးထားပေသည်။ တစ်ဖန် ယင်းအတွင်းသို့ ဝိညာဉ်ကို ယူဆောင်လာပြီး ထည့်သွင်းခြင်းခံရပေသည်။ ၄င်းနောက် ထိုအစိတ်အပိုင်းများသည် သက်ရှိလူသားအဖြစ်သို့ ရောက်ရှိသွားပေသည်။ မိခင်၏ ဝမ်းဗိုက်ထဲ၌ ယင်းလူသား၏ အစားအစာသည် သားအိမ်၏ ညစ်ညမ်းသော သွေးပင် ဖြစ်ပေသည်။ (၉) လကိုယ်ဝန်ဆောင်ပြီးသည့်နောက် အလ္လာဟ်အသျှင်မြတ်သည် ၄င်းလူသား၏ လောကသို့ ရောက်လာမည့် လမ်းအား လွယ်ကူအောင် ပြုလုပ်ပေးတော်မူပေသည်။ ၄င်းနောက် ညစ်ညမ်းသော အစားအစာ၏ အစား မိခင်၏ နို့ချိုကို ရရှိပေသည်။ လောက၏ ကျယ်ဝန်းသော ပတ်ဝန်းကျင်နှင့် လေထုကို ရှုမြင်ခံစားလေသည်။ တစ်ဆင့်ပြီးတစ်ဆင့် ကြီးထွားဖွံ့ဖြိုးလာပေသည်။ (၂) နှစ်တာကာလအတွင်း သွားလာလည်ပတ်မှုနှင့် ပြောဆိုနိုင်သော အရည်အချင်း၊ အင်အားများ လှုပ်ရှားစပြုလာပေသည်။ မိခင်၏ နို့ချိုကို ပြတ်စေပြီး ယင်းနို့ထက် ကောင်းမွန်ပြီး အရသာရှိသော အမျိုးမျိုးသော အစားအစာများကို ရရှိပေသည်။ ကစားခုန်ပေါက်

ခြင်းသည် ၎င်း၏ နေ့၊ ည နစ်မွန်းနေရသော အလုပ်ဖြစ်သွားပေသည်။ အနည်းငယ် အသိဉာဏ်နှင့် သတိရှိလာသောအခါ ပညာသင်ကြားမှုနှင့် ပြုစုပျိုးထောင်ပေးသော ကွန်ယက်တွင် ချည်နှောင်ခံရပေသည်။ လူပျိုအရွယ်သို့ ရောက်လာသောအခါ အလျင်ပြုလုပ်ခဲ့သော အလုပ်များကို စွန့်လွှတ်ပြီး လူပျိုအရွယ်၏ လိုအင်ရမ္မက်များသည် ယင်းနေရာကို အစားထိုး ဝင်ရောက်လာသည်။ ၎င်းနောက် လောကအသစ်တစ်ခု အစပြုလေတော့သည်။ 'နေကာဟ်' ပြုလုပ်ခြင်း၊ သားသမီးများနှင့် မိသားစုတာဝန်များတွင် နေ့၊ ည လုံးပမ်းနေရပေသည်။

နောက်ဆုံး၌ ဤကာလသည် ကုန်ဆုံးသွားပေမည်။ အားအင်များ လျော့နည်းလာပြီး တစ်ဖြေးဖြေး ချည့်နဲ့လာသည်။ ရောဂါများ စွဲကပ်လာသည်။ အိုမင်းရင့်ရော်လာပြီး၊ ၎င်းနောက် ဤလောက၏ နောက်ဆုံးစခန်း ဆိုလိုသည်မှာ 'ကဗရ်'သင်္ချိုင်းသို့ ရောက်ရှိစေရန် အကြောင်းခံများ ပေါ်ပေါက်လာပေသည်။ ဤအရာများအားလုံးသည် လူသားအားလုံး၏ မျက်စိရှေ့၌ ဖြစ်ပေါ်နေသော အရာများဖြစ်သည်။ မည်သူ့တွင်မျှ ငြင်းဆန်နိုင်စွမ်း မရှိပေ။ သို့သော် အမှန်တရားကို နားမလည်သော 'အင်နံစာန်'လူသားသည် သေခြင်းတရားနှင့် 'ကဗရ်'သင်္ချိုင်းသည် ၎င်း၏ နောက်ဆုံးစခန်း ဖြစ်သည်ဟူ၍လည်းကောင်း၊ ယင်းစခန်း၏ ရှေ့တွင် မည်သည့်အရာမှ ရှိတော့မည်မဟုတ်ဟူ၍လည်းကောင်း နားလည်သဘောပေါက်ထားသည်။

အလ္လာဟ်အသျှင်မြတ်သည် စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းတော်မူသော အသျှင်၊ အရာခပ်သိမ်းအားလုံးကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ဖြစ်သည်။ ယင်းအသျှင်မြတ်က မေ့လျော့နေသော လူသားအား မိမိ၏ နဗီတမန်တော်များကို အကြောင်းပြုပြီး ရှေ့ဆက်၍ ရင်ဆိုင်ရမည့်စခန်းများကို တင်ပြစေလေသည်။ 'ကဗရ်'သင်္ချိုင်းသည် အသင်၏ နောက်ဆုံးစခန်း မဟုတ်ပေ။ သို့သာမက ဤ 'ကဗရ်' သင်္ချိုင်းသည် အခိုက်အတန့် စောင့်ဆိုင်းရသော နေရာစခန်း ဖြစ်သည်။

ရှေ့၌ ကြီးမားသော လောကအသစ်တစ်ခု ရောက်ရှိလာပေမည်။ ယင်းလောကသစ်၌ ကြီးမားသော စစ်ဆေးမှုတစ်ခု ပြုလုပ်ပြီး လူသား၏ နောက်ဆုံးစခန်းကို သတ်မှတ်ပေးလိမ့်မည်။ ယင်းသည် အေးချမ်းသာယာမှုဖြင့် အလ္လာဟ်အသျှင်မြတ်ကို သတိရတသနေရမည့် နေရာလော။ (သို့) အမြဲတမ်း 'အဇားဗ်'ဒုက္ခများ၌ ရှိနေမည်လော။ ၎င်းနောက် လူသားသည် ယင်းနောက်ဆုံးစခန်း၌သာ မိမိ၏ နေရာအမှန်သို့ ရောက်ရှိပြီး ပြောင်းလဲမှု၏ သံသရာမှ လွတ်မြောက်နိုင်ပေမည်။ ကုရ်အာန်ကျမ်းတော်မြတ်၌

كَادِحٌ اِلٰى رَبِّكَ နှင့် اِلٰى رَبِّكَ اَلْمُنْتَهٰى ၎င်း اِنَّ اِلٰى رَبِّكَ الرُّجْعٰى

ဆိုသော အာယသ်တော်များထဲ၌ ဤခေါင်းစဉ်ကို တင်ပြပြီး မေ့လျော့နေသော လူသားအား ယင်းနောက်ဆုံးစခန်း၏ ကြောက်မက်ဖွယ်ရာများအပေါ် သတိပေး ခြိမ်းခြောက်ထားပေသည်။ ဘဝသက်တမ်းဟူသည် လောက၏ အဖြစ်အပျက်များနှင့် အပြောင်းအလွဲများ၊ ၎င်းနောက် နောက်ဆုံးစခန်းအထိ သွားရမည့် ခရီးဖြစ်ပြီး ထိုခရီး၏ စခန်းများလည်း ရှိပေသည်။ ၎င်းနောက် လူသားသည် လည်ပတ်သွားလာခြင်း၊ အိပ်မောကျခြင်း၊ နိုးကြားခြင်း၊ ထိုင်ခြင်း၊ ထခြင်း၊ အခြေအနေတိုင်းတွင် ယင်းခရီး၏ စခန်းများကို

ကျော်ဖြတ်ရမည်။ နောက်ဆုံး၌ မိမိ အသျှင်မြတ်၏ ရှေ့တော်မှောက် ရောက်ရှိပေမည်။ သက်တမ်းတစ်လျှောက် လုံး ပြုလုပ်ကျင့်ကြံခဲ့သော စာရင်းကို စစ်ဆေးခံရပြီး နောက်ဆုံးစခန်း၌ နေရာသတ်မှတ်ခြင်း ခံရပေလိမ့်မည်။ အကြင်နေရာ၌ အေးချမ်းသာယာမှုအပေါ် အေးချမ်းသာယာခြင်းနှင့် မပျက်သုဉ်းသော အနားယူခြင်းများ ရှိပေသည်။ သို့မဟုတ် (အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံခွင့်တောင်းခံပါ၏။) ပြစ်ဒဏ်များအပေါ် ပြစ်ဒဏ်ပေးခံရ ခြင်းနှင့် ပျက်သုဉ်းကုန်ဆုံးမည်မဟုတ်သော ဒုက္ခများသာလျှင်ဖြစ်သည်။ အသိဉာဏ်ရှိသော သူ၏ အလုပ်မှာ ဒွန္နယာလောက၌ မိမိကိုယ်ကို ခရီးသည်တစ်ယောက်ဟု မှတ်ယူပြီး မိမိ၏ မြဲဌာနေအတွက် ပစ္စည်းများ အဆင်သင့်ပြုလုပ်ခြင်းနှင့် ပို့ဆောင်ရန် သောကထားခြင်းကိုသာလျှင် ဒွန္နယာလောက၏ အကြီးမားဆုံးသော ရည်ရွယ်ချက်အဖြစ် ပြုလုပ်သင့်ပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

كُنْ فِي الدُّنْيَا كَأَنَّكَ غَرِيبٌ أَوْ عَابِرُ سَبِيلٍ

ဆိုလိုသည်မှာ ဒွန္နယာလောကတွင် ခရီးသည်တစ်ယောက် နေရာတစ်နေရာတွင် နားနေသကဲ့သို့ (သို့) ခရီးသွားရင်း နေရာတစ်နေရာ၌ အနည်းငယ် နားနေရန် ရပ်နားသကဲ့သို့ နေထိုင်ကြလော။

طَبَقًا عَنْ طَبَقٍ ၏ သဖ်စီးရ်ဖွင့်ဆိုချက်ကို အထက်၌ တင်ပြခဲ့ပြီး ဖြစ်သည်။ ဟဇရသ်အဗ္ဗာစ်အိဗ်နိအိုင်မ် (ရဟ) သခင်သည် ဟဇရသ်ဂျာဗိရ်ဗင်န်အဗ်ဒွလ္လာဟ် ﷺ သခင်ထံမှ ယင်းခေါင်းစဉ်ဖြင့် တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် မိန့်ကြားမှုကို ဆင့်ပြန်ထားပေသည်။ ဤနေရာ၌ ယင်းရှည်လျားသော ဟဒီးစ်တော်ကို အေမာမ်ကုရ်သုဗီ (ရဟ) သခင်က ဟဇရသ်အဗ္ဗာစ်အိုင်းမ် (ရဟ) ထံမှ ၎င်းနောက် အေမာမ်အိဗ်နကစီးရ် (ရဟ) သခင်က ဟဇရသ်အိဗ်နအဘီဟာသင်မ် (ရဟ) ထံမှ အကျယ်တဝင့် ဆင့်ပြန်ထားပေသည်။ ယင်း အာယသ်တော်များ၌ မေ့လျော့နေသော လူသားအား ယင်း၏ ဖန်ဆင်းမှုနှင့် လောကသက်တမ်းများ၌ ဖြစ်ပေါ် လာမည့် အပြောင်းအလဲ အခြေအနေများကို ထောက်ရှုပြီး ဤကဲ့သို့ လမ်းညွှန်မှု ပြုထားပေသည်။ အို၊ မေ့လျော့နေသောသူ၊ ယခုအချိန်မှစ၍ မိမိ၏ ရလဒ်အပေါ် စဉ်းစားသုံးသပ်ပြီး 'အာခေရသ်' လောကဝတ္တရာ၏ သောကထားလော။ သို့သော် ဤတောက်ပသော လမ်းညွှန်းမှုများ ရှိပါလျက် မြောက်မြားစွာသော လူများ သည် မိမိတို့၏ မေ့လျော့မှုများမှ မရပ်တန့်ကြပေ။ ဤအတွက်ကြောင့် နောက်ဆုံး၌ အမိန့်ရှိထားသည်မှာ

فَمَا لَهُمْ لَا يُؤْمِنُونَ

ဆိုလိုသည်မှာ ထိုအသိဉာဏ်မရှိသော မေ့လျော့သည့် လူသားများသည် ဤအချက်များကို နားထောင် ပြီး သိရှိပြီးသော်ငြားလည်း အဘယ်ကြောင့် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်မယူကြသနည်း။

وَإِذَا قُرِئَ عَلَيْهِمُ الْقُرْآنُ لَا يَسْجُدُونَ

ဆိုလိုသည်မှာ ၎င်းတို့၏ ရှေ့မှောက်သို့ ဤရှင်းလင်းပြတ်သားသော လမ်းညွှန်မှုအတိရှိသော ကုရ်အာန် ကျမ်းတော်မြတ်ကို ဖတ်ပြမည်ဆိုလျှင် ထိုအချိန်၌လည်း ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဦးမညွှတ်ကြပေ။

سجدہ နှင့် سجود ၏ အဘိဓါန်အဓိပ္ပာယ်မှာ ဦးညွတ်ခြင်းဖြစ်သည်။ ဤစာလုံးဖြင့် အမိန့်နာခံခြင်းကို သွယ်ဝိုက်ပြီး သုံးနှုန်းထားပေသည်။ ယင်းနေရာ၌ အပေါ်ယံအားဖြင့် ကြည့်မည်ဆိုလျှင် 'စဂျ်ဒဟ်' ၏ အလိုသဘောမှာ ဝေါဟာရ၏ 'စဂျ်ဒဟ်' ကို ဆိုလိုခြင်း မဟုတ်ပေ။ သို့သာမက အမိန့်နာခံမှုအတိဖြင့် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ ဦးညွတ်ခြင်း၊ ယင်းကို خضوع ، خشوع (ကြောက်ရွံ့ရိုကျိုးခြင်း) ဟု ခေါ်ဆိုပေသည်။ ၎င်းနောက် ထင်ရှားပေါ်လွင်သော အချက်မှာ ဤအာယသ်တော်၌ 'စဂျ်ဒဟ်'၏ အမိန့်မှာ မည်သည့်သီးခြားအာယသ်တော်တစ်ပိုဒ်နှင့် ပတ်သက်မနေဘဲ ကျမ်းတော်မြတ်ကုရ်အာန်တစ်ခုလုံးနှင့် ပတ်သက်လျက် ရှိနေပေသည်။ အကယ်၍ ၎င်းအာယသ်တော်ကို ဝေါဟာရအရ သုံးနှုန်းသော 'စဂျ်ဒဟ်' ဟု မှတ်ယူမည်ဆိုလျှင် ကုရ်အာန်တစ်ခုလုံး၌ ရှိသော အာယသ်တော်တိုင်းတွင် 'စဂျ်ဒဟ်'ပြုလုပ်ရန် အရေးကြီး သွားပေမည်။ အကြင်အချက်ကို အုမ္မသ်ထုတစ်ရပ်လုံးက လက်မခံကြပေ။ ရှေးယခင် ပညာရှင်များနှင့် နောက်ပိုင်း အိုလမာပညာရှင်များအားလုံး ထိုအချက်ကို လက်မခံကြပေ။

ယခု ယင်းအာယသ်တော်ကို ဖတ်သောသူနှင့် နားထောင်သောသူအပေါ် 'စဂျ်ဒဟ်ဝါဂျိဗ်' (တာဝန်) ဖြစ်၊ မဖြစ်ဆိုသော ခမ္မသတ်သာ ကျန်ရှိနေသည်။ ၎င်းအာယသ်တော်အား အဓိပ္ပာယ်ပြောင်းယူပြီး 'စဂျ်ဒဟ်ဝါဂျိဗ်' ဖြစ်ခြင်းအပေါ် အထောက်အထားပြုနိုင်ပေသည်။ ဥပမာ- အချို့ဟနဖီဖွေကာဟ် ပညာရှင်များက အမိန့်ရှိသည်မှာ ဤနေရာ၌ القرآن ၏ အလိုသဘောမှာ ကုရ်အာန်တစ်အုပ်လုံး မဟုတ်ပေ။ သို့သာမက 'အလစ်'နှင့် 'လားမ်'သည် သီးခြားသတ်မှတ်ချက်ရှိ အရာပြအက္ခရာ ဖြစ်သည်။ အလိုသဘောမှာ ဤပညတ်ချက်သည် ဤအာယသ်တော်နှင့်သာ သက်ဆိုင်လေသည်။ သို့သော် ဤအချက်သည် အဓိပ္ပာယ်ပြောင်းယူခြင်းတစ်မျိုးသာ ဖြစ်ပေသည်။ ယင်းသည် ထင်မြင်ယူချက်အဆင့်၌သာ မှန်ကန်သည်ဟု ပြောဆိုနိုင်သည်။ သို့သော် ထိုယူဆချက်သည် စာသား၏ အပေါ်ယံအဓိပ္ပာယ်အရ ကုရ်အာန်ဖြစ်သည်ဟူ၍ သတ်မှတ်နိုင်ရန်မှာ အလှမ်းဝေးနေပေသည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံး ဖြစ်တော်မူပေသည်။)

ဤအတွက်ကြောင့် အမှန်ကန်ဆုံး ဆုံးဖြတ်ချက်မှာ ဟဒီးစ်တော်များ၏ ဆင့်ဆိုမှုများ၊ ၎င်းနောက် တမန်တော်မြတ် ﷺ နှင့် မြင့်မြတ်သော ဆွဟာဗာများ၏ ကျင့်ကြံမှုများဖြင့်သာ ဆုံးဖြတ်နိုင်ပေသည်။ သို့သော် 'စဂျ်ဒဟ်သေလာဝသ်'နှင့် ပတ်သက်ပြီး ဟဒီးစ်တော်များ၏ ဆင့်ဆိုမှုများ၌ အမျိုးမျိုး လာရှိပေသည်။ အချို့အဆိုများဖြင့် 'ဝါဂျိဗ်'ဖြစ်ကြောင်း သိရှိရပေသည်။ အချို့ဆင့်ဆိုမှုများနှင့် 'ဝါဂျိဗ်'မဟုတ်ကြောင်း သိရှိရပေသည်။ ဤအတွက်ကြောင့် ယင်းခမ္မသတ်နှင့် ပတ်သက်၍ အေမာမ်များထံ၌ အကွဲအလွဲရှိပေသည်။ အေမာမ်အဗူဟနီဖွဟ် (ရဟ) သခင်ထံ၌ ယင်းအာယသ်တော်၌ 'စဂျ်ဒဟ်ဝါဂျိဗ်'ဖြစ်ပေသည်။ ဥပမာ- 'မိုဖွဆွလ်စူရာဟ်' များ၏ အခြားသော အာယသ်တော်များ၌ 'ဝါဂျိဗ်'ဖြစ်သည်။ အေမာမ်မေ့အဗူဟနီဖွာဟ် (ရဟ) သခင်၏ 'ဝါဂျိဗ်'ဖြစ်ခြင်းအဆို၏ အထောက်အထားမှာ အောက်ဖော်ပြပါ ဟဒီးစ်တော်များ ဖြစ်ပေသည်။

ဆွဟီးဟ်ဘိုခါရီကျမ်း၌ ဟဇရသ်အဗူရာဖေအ် ﷺ သခင်က အမိန့်ရှိသည်မှာ ကျွန်ုပ်သည် တစ်ရက် 'အေရှာဟ်'နမာဇ်ကို ဟဇရသ်အဗူဟိုရိုင်ရာဟ် ﷺ သခင်၏ နောက်မှ လိုက်ဖတ်လေသည်။ ၎င်းက စူရာဟ်

اِذَا السَّمَاءُ انْشَقَّتْ

ကို နမာဇ်၌ ဖတ်ရွတ်လေသည်။ ၎င်းနောက် ယင်းအာယသ်တော် ရောက်လာသောအခါ 'စဂျ်ဒဟ်' ပြုလုပ်လေသည်။ ကျွန်ုပ်က ဟဇရသ်အဗူဟိုရိုင်ရာဟ် ﷺ သခင်အား မေးမြန်းသည်မှာ 'ဤ 'စဂျ်ဒဟ်' သည် မည်သည့် 'စဂျ်ဒဟ်'နည်း။' ၎င်းက အမိန့်ရှိသည်မှာ 'ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ၏နောက်မှ နမာဇ်ဖတ်သောအခါ ယင်းအာယသ်တော်တွင် 'စဂျ်ဒဟ်' ပြုလုပ်ခဲ့လေသည်။ ဤအတွက်ကြောင့် ကျွန်ုပ်သည် 'ဟရှရ်' ကွင်းပြင်၌ တမန်တော်မြတ် ﷺ နှင့် မဆုံတွေ့မချင်း ယင်းအာယသ်တော်ကို ရောက်သောအခါတိုင်း၌ 'စဂျ်ဒဟ်' အမြဲတမ်း ပြုလုပ်နေပေမည်။ ၎င်းနောက် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၌ ဟဇရသ်အဗူဟိုရိုင်ရာဟ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ နှင့်အတူ

اِقْرَأْ بِاسْمِ رَبِّكَ နှင့် اِذَا السَّمَاءُ انْشَقَّتْ

တွင် 'စဂျ်ဒဟ်'ပြုလုပ်လေသည်။

ကုရ်သုဗီကျမ်း၌ အိဗ်နေအရ်ဗီ (ရဟ) သခင်ထံမှ ဆင့်ပြန်ထားသည်မှာ ဤအဆိုသည် မှန်ကန်ပေသည်။ ဤအာယသ်တော်သည်လည်း 'စဂျ်ဒဟ်'၏ အာယသ်တော်များ၌ ပါဝင်ပေသည်။ ယင်းအာယသ်တော်ကို ဖတ်ရွတ်သောသူနှင့် နားထောင်သူအပေါ် 'စဂျ်ဒဟ်ဝါဂျိဗ်' ဖြစ်ပေသည်။ သို့သော် အိဗ်နေအရဗီ (ရဟ) သခင် နေထိုင်ခဲ့သော နေရာရှိ ပုဂ္ဂိုလ်များထံ၌ ယင်းအာယသ်တော်အပေါ် 'စဂျ်ဒဟ်'လုပ်လေ့လုပ်ထ မရှိပေ။ ထိုသူတို့သည် ယင်းအာယသ်တော်တွင် 'စဂျ်ဒဟ်ဝါဂျိဗ်' မဟုတ်ဟုဆိုသော အေမာမ်၏ နောက်လိုက် ဖြစ်ပေမည်။ အိဗ်နေအရဗီ (ရဟ) က အမိန့်ရှိသည်မှာ ကျွန်ုပ်သည် အေမာမ်အဖြစ်နှင့် 'ဆွလားသ်' နမာဇ် ဆောက်တည်သောအခါ စူရာဟ် 'အိန်ရှိကာသ်'ကို ဖတ်ရွတ်လေ့ မရှိပေ။ အဘယ်ကြောင့်ဆိုသော် ယင်းအာယသ်သည် ကျွန်ုပ်ထံ၌ 'စဂျ်ဒဟ်ဝါဂျိဗ်' ဖြစ်သည်။

အကယ်၍ 'စဂျ်ဒဟ်' မပြုလုပ်လျှင် အပြစ်ထိုက်မည်။ အကယ်၍ 'စဂျ်ဒဟ်' ပြုလုပ်လိုက်သော် 'ဂျမာအသ်'တစ်ခုလုံးသည် ကျွန်ုပ်၏ ယင်းလုပ်ရပ်အား မကောင်းမြင်ပေမည်။ အကြောင်းမဲ့ အဘယ်ကြောင့် ကွဲပြားမှု ပြုလုပ်ရမည်နည်း။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံး ဖြစ်တော်မူပေသည်။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ် ဗူရူဂျ်

ဂြိုဟ်နက္ခတ်တာရာဗိမာန်များ (ဆယ့်နှစ်ရာသီစက်ဝန်း) ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَالسَّمَآءِ ذَاتِ الْبُرُوْجِ ①

၈၅ : ၁ ။ ။ (ငါအသျှင်မြတ်သည်) ဂြိုဟ်နက္ခတ်တာရာ ဗိမာန်များ (ဆယ့်နှစ်ရာသီ အသ်ာစက်ဝန်း) ရှိသော မိုးကောင်းကင်ကို သက်သေထူတော်မူ၏။

وَالْيَوْمِ الْمَوْعُوْدِ ②

၈၅ : ၂ ။ ။ ၄င်းပြင် ချိန်းချက်ပြီးဖြစ်သော နေ့ကို သက်သေထူတော်မူ၏။

وَشَاهِدٍ وَّمَشْهُوْدٍ ③

၈၅ : ၃ ။ ။ ထို့ပြင် အသင့်ရောက်ရှိသော နေ့ကိုလည်းကောင်း၊ အသင့် ရောက်ရှိကြရမည့် နေ့ကိုလည်းကာင်း သက်သေထူတော်မူ၏။

قُتِلَ اَصْحٰبُ الْاُخْدُوْدِ ④

၈၅ : ၄ ။ ။ ကျင်းရှင် (တွင်းရှင်) တို့သည် ပျက်စီးခဲ့ကြရလေသည်။ (အတိတ်ခေတ်ရှိ ဘုရင်တစ်ပါးသည် မုအ်မင်န်တို့ကို အလ္လာဟ်အသျှင်မြတ်အား အီမာန်သက်ဝင်ယုံကြည်သည့်အတွက် ဒေါသအမျက်ထွက်ကာ ကျင်းကြီးကျင်းငယ်များ တူးစေပြီး မီးအကြီးအကျယ် လောင်ကျွမ်းစေ၍ ၄င်းမုအ်မင်န်တို့ကို ရင်နင့်ဖွယ်ရာ ရက်စက်စွာ မီးတိုက်စေခဲ့လေသည်။)

النَّارِ ذَاتِ الْوَقُوْدِ ⑤

၈၅ : ၅ ။ ။ ထင်းများစွာ (လောင်စာများစွာ) ရှိသော မီးရှင်တို့သည်။

إِذْ هُمْ عَلَيْهَا قُعُودٌ ﴿٦﴾

၈၅ : ၆ ॥ ॥ အကြင်အခါဝယ် ၎င်း (ဘုရင်နှင့် မှူးမတ်) တို့သည် ထို မီး (တွင်း) ၏ အနီးပတ်ဝန်းကျင်၌ ထိုင်လျက် (ကြည့်ရှု၍ပင်) ရှိခဲ့ကြကုန်၏။

وَهُمْ عَلَىٰ مَا يَفْعَلُونَ بِالْمُؤْمِنِينَ شُهُودٌ ﴿٧﴾

၈၅ : ၇ ॥ ॥ ထို့ပြင် ၎င်းတို့သည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား မိမိတို့ ပြုလုပ်လျက်ရှိသော အမှုကိစ္စ (နှိပ်စက်ညှဉ်းပန်းမှု) ကို ရှုစားလျက် ရှိခဲ့ကြကုန်၏။

وَمَا نَقَمُوا مِنْهُمْ إِلَّا أَنْ يُؤْمِنُوا بِاللَّهِ الْعَزِيزِ الْحَمِيدِ ﴿٨﴾

၈၅ : ၈ ॥ ॥ စင်စစ် ၎င်းတို့သည် ထိုမုအ်မင်န်သက်ဝင်ယုံကြည်သူတို့၌ တန်ခိုးကြီးမားတော်မူသော၊ ချီးမွမ်းထောမနာအပေါင်းကို ခံယူထိုက်တော်မူသော အကြင်အလ္လာဟ်အသျှင်မြတ်အား သက်ဝင်ယုံကြည်ကြသည်မှအပ အခြားတစ်စုံတစ်ရာ (အပြစ်) ကိုမျှ တွေ့ရှိခဲ့ကြသည် မဟုတ်ပေ။

الَّذِي لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ ۚ وَاللَّهُ عَلَىٰ كُلِّ شَيْءٍ شَهِيدٌ ﴿٩﴾

၈၅ : ၉ ॥ ॥ မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ်မှု အာဏာသည် ထိုအလ္လာဟ်အသျှင်မြတ်၌သာ ရှိပေသည်။

إِنَّ الَّذِينَ فَتَنُوا الْمُؤْمِنِينَ وَ
الْمُؤْمِنَاتِ ثُمَّ لَمْ يَتُوبُوا فَلَهُمْ عَذَابُ جَهَنَّمَ وَلَهُمْ عَذَابُ الْحَرِيقِ ﴿١٠﴾

၈၅ : ၁၀ ॥ ॥ ဧကန်မလွဲ အကြင်သူတို့သည် မုအ်မင်န်သက်ဝင်ယုံကြည်ကြကုန်သော ယောကျာ်းတို့အားလည်းကောင်း၊ မုအ်မင်န်သက်ဝင်ယုံကြည်ကြကုန်သော မိန်းမတို့အားလည်းကောင်း နှိပ်စက်ညှဉ်းပန်းခဲ့ကြ၏။ ထို့နောက် ဝန်ချတောင်းပန်ခြင်း မပြုခဲ့ကြပေ။ ထိုသူတို့၌ 'ဂျဟန္နမ်' ငရဲဘုံ၏ ပြစ်ဒဏ်သည် (အထူးသဖြင့်) မီးလောင်ကျွမ်းခြင်း၏ ပြစ်ဒဏ်သည် ရှိချေသည်။

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُمْ جَنَّاتٌ
تَجْرِي مِنْ تَحْتِهَا الْأَنْهَارُ ۚ ذَٰلِكَ الْفَوْزُ الْكَبِيرُ ﴿١١﴾

၈၅ : ၁၁ ॥ ॥ ဧကန်မုချ အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ကြကုန်သော သူတို့အဖို့ အကြင်ဥယျာဉ်များသည် ရှိပေသည်။ ထိုဥယျာဉ်များ၏ အောက်မှ စမ်းချောင်းများသည် စီးတွေလျက် ရှိပေသည်။ ဤသည် ကြီးကျယ်လှစွာသော အောင်မြင်မှုပင် (ဖြစ်၏။)

إِنَّ بَطْشَ رَبِّكَ لَشَدِيدٌ ⑫

၈၅ : ၁၂ ॥ ॥ ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ဖမ်းဆီး (အရေးယူ) မှုသည် အမှန်ပင် ပြင်းထန်လှပေသည်။

إِنَّهُ هُوَ يُبْدِئُ وَيُعِيدُ ⑬

၈၅ : ၁၃ ॥ ॥ ဧကန်မလွဲ ထိုအသျှင်မြတ်သည်သာလျှင် (ပထမအကြိမ်) စတင် ဖန်ဆင်းတော်မူ၏။ တစ်ဖန် ထိုအသျှင်မြတ်သည်သာလျှင် (ဒုတိယအကြိမ်) ပြန်လည် ဖန်ဆင်းတော်မူပေမည်။

وَهُوَ الْغَفُورُ الْوَدُودُ ⑭

၈၅ : ၁၄ ॥ ॥ ၎င်းပြင် ထိုအသျှင်မြတ်သည်သာလျှင် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ ချစ်မြတ်နိုးတော်မူသော အသျှင်မြတ် (ဖြစ်တော်မူ၏။)

ذُو الْعَرْشِ الْمَجِيدُ ⑮

၈၅ : ၁၅ ॥ ॥ 'အရရှ်' ပလ္လင်တော်ကို စိုးပိုင်တော်မူသော အသျှင်၊ အထူးဂုဏ်ကျက်သရေနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် (ဖြစ်တော်မူ၏။)

فَعَّالٌ لِّمَا يُرِيدُ ⑯

၈၅ : ၁၆ ॥ ॥ မိမိရည်စူးတော်မူသော ကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

هَلْ أَتَاكَ حَدِيثُ الْجُنُودِ ⑰

၈၅ : ၁၇ ॥ ॥ (အို၊ နဗီတမန်တော်) အသင့်ထံ ထိုစစ်တပ်များ၏ အကြောင်းအတ္ထုပ္ပတ္တိသည် ရောက်ရှိခဲ့ပြီ မဟုတ်လော။

فِرْعَوْنَ وَثَمُودَ ⑱

၈၅ : ၁၈ ॥ ॥ ဖိရ်အောင်န်၏ စစ်တပ်အကြောင်းသည်လည်းကောင်း၊ ဆမူဒ်အမျိုးသားတို့၏ အကြောင်းသည်လည်းကောင်း။

بَلِ الَّذِينَ كَفَرُوا فِي تَكْذِيبٍ ⑲

၈၅ : ၁၉ ॥ ॥ ထိုမျှမက စင်စစ်မှာ ကာဖိရ်သွေဖည်ငြင်းပယ်ခဲ့ကြကုန်သော သူတို့သည် (ကုရ်အာန်ကျမ်းတော်မြတ်ကိုပင်) မဟုတ်မမှန်ဟူ၍ ပြောဆိုငြင်းပယ်လျက် ရှိကြသေး၏။

وَّاللّٰهُ مِنْ وَّرَآىِٕهِمْ مُّحِيْطٌ ۝

၈၅ : ၂၀ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား အဘက်ဘက်မှ ဝန်းဝိုင်းလျက် ရှိတော်မူ၏။

بَلْ هُوَ قُرْاٰنٌ مَّجِيْدٌ ۝

၈၅ : ၂၁ ။ ။ ထိုသို့ အလျှဉ်းမဟုတ်။ စင်စစ်မှာ ဤသည် အထူးဂုဏ်ဝိသေသနှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်ပင် (ဖြစ်၏။)

فِيْ لَوْحٍ مَّحْفُوْظٍ ۝

၈၅ : ၂၂ ။ ။ လုံခြုံစွာ ထိန်းသိမ်း၍ ထားသည့် သင်ပုန်း၌ ရေးမှတ်ပြီးသော (ကျမ်းဂန်ဖြစ်၏။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'ဂြိုလ်နက္ခတာရာများ ရှိသော မိုးကောင်းကင်၏ 'ကစမ်' ('ဗူရူးဂျ်'ဆိုသည်မှာ ကြီးမားသော နက္ခတ် ကြယ်တာရာများ ဖြစ်သည်။) */ ဒုရ်ရေမန်းစူးရ်ကျမ်း /*

ထို့နောက် ကတိပေးထားသောနေ့၏ 'ကစမ်'၊ ('ကေယာမသ်'နေ့ကို ဆိုလိုခြင်းဖြစ်သည်။) အသင့် ရောက်ရှိသော နေ့၏ ကစမ်၊ ထို့နောက် (ထိုနေ့၏ ကစမ်) အကြင်နေ့တွင် လူအများ စုရုံးကြရသည်။ (သိရ်မေဇီကျမ်း၏ မရ်ဖူးအ်ဆင့်ပြန်ချက်တွင် လာရှိသည်မှာ **يوم موعود** ဟူသည် 'ကေယာမသ်'နေ့ ဖြစ်သည်။ ၎င်းနောက် **شاهد** ဟူသည် 'ဂျုမှအာဟ်'နေ့ ဖြစ်သည်။ ၎င်းနောက် **مشهود** ဆိုသည်မှာ 'အရ်ဖဟ်' နေ့ ဖြစ်သည်။ 'ဂျုမှအာဟ်' နေ့ကို **شاهد** (ရှာဟစ်ဒ်) ဟူသော စာသားဖြင့် သုံးနှုန်းပြီး 'အရ်ဖဟ်' နေ့ကို **مشهود** (မရှ်ဟူးဒ်) ဟူသည့် စာသားဖြင့် သုံးနှုန်းထားခြင်းမှာ 'ဂျုမှအာဟ်' နေ့တွင် လူတို့သည် မိမိတို့နေရာများ၌ပင် အသီးသီး ရှိနေကြ၍ ထိုနေ့က လူတို့ထံ ဆိုက်ရောက်လာသည့်ပမာ ဖြစ်သည်။ 'အရ်ဖဟ်'နေ့တွင်မူ ဟာဂျီများသည် မိမိတို့နေရာများမှ အသီးသီး ခရီးထွက်ကာ 'အရ်ဖားသ်' ကွင်းပြင်တွင် စုရုံးရန် ရည်ရွယ်ချက်ဖြင့် လာရောက်လေ့ ရှိကြသည်။ သို့ရှိရာ 'အရ်ဖားသ်' နေ့သည် ရည်ရွယ်ရာနေ့၊ ၎င်းနောက် စုရုံးရာနေ့ပမာ ဖြစ်ပြီး လူအများသည် ထိုနေ့တွင် စုရုံးရန် ရည်ရွယ်ချက် ဖြင့် လာရောက်ကြသောကြောင့် ဖြစ်သည်။ ဆက်လက်၍ 'ကစမ်'ကျိန်တွယ် တင်ပြလိုသည့် အကြောင်း အရာကို မိန့်ကြားသည်မှာ) ကတုတ်ကျင်းတူးကြသူများ ဆိုလိုသည်မှာ မြောက်မြားစွာသော လောင်စာ များကို မီးရှို့ကြသူများသည် ကျိန်စာသင့်ကြပေမည်။

၎င်းတို့သည် ထို (မီး) ၏ အနီးအနားတွင် ထိုင်ကြသောအခါ ထို့နောက် အီမာန်သက်ဝင်ယုံကြည် သူများအား (ညှဉ်းပန်းနှိပ်စက်မှုများကို) ကြည့်ရှုလျက် ရှိနေကြသည်။ (ထိုသူတို့ ကျိန်စာသင့်သည့်အကြောင်း

သတင်းပေးခြင်းသည် အီမာန်ရှင်များအား နှစ်သိမ့်ခြင်း ဖြစ်သည်မှာ ပေါ်လွင်နေပေသည်။ ထိုနည်းတူစွာ ထိုအချိန်၌ အီမာန်ရှင်များအား ညှဉ်းပန်းနှိပ်စက်နေကြသော ကာဖိရ်များသည်လည်း ကျိန်စာသင့်ခံရမည် ဖြစ်ကြောင်းကို အညွှန်းပြနေသည်။ ထိုကျိန်စာသင့်မှုသည် ဒုနိယာလောကတွင်ပင် သက်ရောက်ခဲ့သည်လည်း သည်။ ဥပမာ– 'ဗဒရ်'စစ်ပွဲ စသည်တို့တွင် သေးသိမ်စွာ သတ်ဖြတ်ခံရသည်။ (သို့မဟုတ်) ဥပမာ– ကာဖိရ်များအပေါ် မုချဧကန် ကျိန်စာသင့်သကဲ့သို့ တမလွန်၌သာ ကျိန်စာသက်ရောက်ခြင်းလည်း ဖြစ်နိုင်သည်။ ထို့နောက် ရန်သူများအပေါ် ပြစ်ဒဏ်သက်ရောက်မည့် သတင်းပေးခြင်းမှ နှစ်သိမ့်မှုတစ်ခု ရရှိခြင်းမှာ သဘာဝ ဖြစ်ရိုးဖြစ်စဉ်သာ ဖြစ်သည်။ ထို့နောက် ထိုကာဖိရ်များ ထိုင်နေကြခြင်းမှာ ညှဉ်းပန်းနှိပ်စက်မှုကို စီမံကွပ်ကဲရန် ဖြစ်သည်။ ၎င်းနောက် **مشهود** (မရှ်ဟူး၃်) ဆိုသော စာသားတွင် စီမံကွပ်ကဲမှုအပြင် ၎င်းတို့၏ စိတ်ထားခက်ထန်မှုကိုလည်း ပေါ်လွင်စေသည်။ အကြောင်းမှာ ဒုက္ခခံစားနေရသည်ကို တွေ့မြင်၍လည်း အကြင်နာတရား မထားရှိခဲ့ကြပေ။ ဤအကြောင်းအရင်းသည်ပင် ကျိန်စာသင့်သည့် အကြောင်းခံဖြစ်ပြီး အလ္လာဟ်အသျှင်မြတ်၏ အထူးကျိန်စာတွင် ပါဝင်သွားပေတော့သည်။)

၎င်းနောက် ထိုကာဖိရ်တို့သည် ၎င်းအီမာန်ရှင်များတွင် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်းမှအပ အခြားမည်သည့် အပြစ်တစ်စုံတစ်ရာကို မတွေ့ရှိခဲ့ကြပေ။ အကြင်အသျှင်မြတ်သည် အလွန်တရာ စွမ်းပကားရှိသော အသျှင်၊ ၎င်းနောက် ချီးမွမ်းခြင်းခံထိုက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ မိုးနှင့် မြေ၏ အုပ်ချုပ်မှုအာဏာသည် ထိုအသျှင်မြတ်အတွက်သာလျှင် ဖြစ်သည်။ (ဆိုလိုသည်မှာ အီမာန်သက်ဝင်ယုံကြည်မှုအပေါ် ထိုကာဖိရ်များသည် ဤသို့ ဆက်ဆံခဲ့သည်။ စင်စစ် အီမာန်သက်ဝင်ယုံကြည်မှုသည် ပြစ်မှုမဟုတ်ပေ။ သို့ရှိရာ အပြစ်မဲ့သူများအပေါ် ညှဉ်းပန်းနှိပ်စက်မှုများ ပြုခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့သည် ကျိန်စာသင့်ခြင်းဖြစ်သည်။ ဆက်လက်၍ ညှဉ်းပန်းနှိပ်စက်သူများအတွက် ခြိမ်းခြောက်မှုများနှင့် ညှဉ်းပန်းနှိပ်စက်ခံရသူများအတွက် အကျိုးရလဒ်များ ရရှိမည့်အကြောင်း ကတိပေးမိန့်ကြားတော်မူသည်။) အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းကို ကောင်းစွာ သိရှိတော်မူသည်။ (ဆိုလိုသည်မှာ ညှဉ်းပန်းခံရသူ၏ ညှဉ်းပန်းခံရမှုကိုလည်း သိရှိပြီး၊ ထို့ကြောင့် ၎င်းတို့အား စောင်မတော်မူလိမ့်မည်။ ညှဉ်းပန်းနှိပ်စက်သောသူ၏ ညှဉ်းပန်းမှုကိုလည်း သိတော်မူသည်။ ၎င်းတို့ကိုလည်း ပြစ်ဒဏ်ခတ်တော်မူမည်။ ထိုပြစ်ဒဏ်များသည် လောကီတွင် (သို့) လောကုတ္တရာတွင် ဖြစ်မည်။)

(ဆက်လက်၍ ဤအကြောင်းအရာကိုပင် မိန့်ဆိုသည်မှာ) အကြင်သူတို့သည် အီမာန်ရှင်အမျိုးသား၊ အမျိုးသမီးများကို ဒုက္ခရောက်စေခဲ့သည်။ (ထို့နောက်) တစ်ဖန် အမှားဝန်ချ တောင်းပန်မှုလည်း မပြုခဲ့ပေ။ သို့ရှိရာ ၎င်းတို့အတွက် 'ဂျဟန္နမ်'ငရဲဘုံ၏ 'အဇားဗ်' အပြစ်ဒဏ် ရှိနေမည်။ ၎င်းနောက် ('ဂျဟန္နမ်' ငရဲဘုံတွင် အထူးသဖြင့်) ၎င်းတို့အတွက် လောင်ကျွမ်းမည့် 'အဇားဗ်' အပြစ်ဒဏ် ရှိမည်။ ('အဇားဗ်' အပြစ်ဒဏ်တွင် အမျိုးမျိုးသော ဘေးဒုက္ခများ ပါဝင်ပေသည်။ ဥပမာ– မြွေ၊ ကင်း၊ သံကွင်းခတ်ခံရခြင်း၊ 'ဟမီးမ်' (ပွက်ပွက်ဆူနေသော ရေပူ)၊ 'ဂဿာက်' (ပြည်ပုပ်) စသည်တို့ ဖြစ်သည်။ ထိုအရာ

များအားလုံးထက် သာပိုသည့် ပြစ်ဒဏ်မှာ လောင်ကျွမ်းသော 'အဇာဗ်'ဖြစ်သည်။ ထို့ကြောင် ထိုပြစ်ဒဏ်ကို သီးခြားတင်ပြခြင်း ဖြစ်သည်။ ဤသည်တို့သည် ညှဉ်းပန်းနှိပ်စက်သူများနှင့် ပတ်သက်၍ မိန့်ဆိုခြင်း ဖြစ်သည်။

ဆက်လက်၍ အီမာန်ရှင်များနှင့် ပတ်သက်၍လည်းကောင်း၊ ညှဉ်းပန်းနှိပ်စက်ခံရသူများနှင့် ပတ်သက်၍လည်းကောင်း မိန့်တော်မူထားသည်မှာ) မုချကေန် အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ကြပြီး ကောင်းသော 'အမလ်'ကျင့်ကြံမှုများ ပြုကြသည်။ ၎င်းတို့အတွက် ('ဂျန္နသ်'၏) ဥယျာဉ်ဘုံနန်း ရှိမည်။ ထိုဥယျာဉ်၏ အောက်တွင် စမ်းချောင်းများ စီးတွေနေလိမ့်မည်။ ဤသည်ပင် ကြီးမားသော အောင်မြင်မှု ဖြစ်သည်။

(အထက်တွင် ကာဖိရ်များအတွက် 'ဂျဟန္နမ်'ငရဲဘုံရှိပြီး အီမာန်ရှင်များအတွက် 'ဂျန္နသ်'ဥယျာဉ်ဘုံများ ရှိမည် ဟူသော အကြောင်းအရာနှစ်ချက်ကို တင်ပြခဲ့သည်။ ဆက်လက်၍ အသျှင်မြတ်သည် ယင်းနှင့် ပတ်သက်ပြီး မိမိ၏ အချို့စွမ်းဆောင်မှုများနှင့် ဂုဏ်တော်များကို တင်ပြသည့်အနေနှင့် မိန့်တော်မူထားသည်မှာ) အသင်တမန်တော်၏ အသျှင်သခင်သည် အလွန်ပင် ပြင်းထန်စွာ အရေးယူတော်မူသော အသျှင် ဖြစ်တော်မူသည်။ (သို့ရှိရာ ကာဖိရ်များအား ပြင်းပြင်းထန်ထန် အရေးယူခြင်းသည် မဖြစ်နိုင်ဖွယ် ရာမရှိပေ။ ၎င်းနောက်) ထိုအသျှင်မြတ်သည်သာလျှင် ပထမအကြိမ် မွေးမြူဖန်ဆင်းတော်မူပြီး၊ ဒုတိယ အကြိမ် ('ကေယာမသ်'နေ့တွင်လည်း ပြန်လည်) ဖန်ဆင်းတော်မူမည်။ (ဤသို့ဖြင့် ကာဖိရ်များယူဆနေကြသော အလ္လာဟ်အသျှင်မြတ်သည် ပြင်းထန်စွာ အရေးယူတော်မူစွမ်း ရှိပါသော်လည်း ပြင်းထန်စွာ အရေးယူမည့် 'ကေယာမသ်'နေ့သည် ဖြစ်ပေါ်ဖွယ်ရာမရှိ။ ထို့ကြောင့် အသျှင်မြတ်၏ ပြင်းထန်သော အရေးယူမှုသည်လည်း ဖြစ်ဖွယ်ရာမရှိဟူသည့် အတွေးအခေါ်များကို ချေပထားပြီး ဤအကြောင်းအရာများ ဖြစ်ပေါ်ရန်မှာ သံသယမရှိအပ်သော အချက်ဖြစ်ပေသည်ဟူ၍ ကာဖိရ်များအား ခြိမ်းခြောက်စကား မိန့်ကြားခြင်း ဖြစ်သည်။)

ထို့နောက် (အီမာန်ရှင်များနှင့် ပတ်သက်သော ကတိကဝတ်များကို ဆက်လက်မိန့်ကြားသည်မှာ) ထိုအသျှင်မြတ်သည်သာလျှင် အလွန်တရာ ချီးမြှင့်တော်မူသော အသျှင်၊ (၎င်းနောက်) အလွန်တရာ ချစ်ခင်တော်မူသော အသျှင်၊ (၎င်းနောက်) 'အရ္ရှ်'ပလ္လင်တော်အား စိုးပိုင်တော်မူသော အသျှင်၊ (၎င်းနောက်) ထွတ်မြတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(သို့ရှိရာ အီမာန်ရှင်များ၏ အပြစ်များကို ခွင့်လွှတ်တော်မူမည်။ ထို့နောက် ၎င်းတို့အား မိမိ၏ ချစ်ခင်သူများအဖြစ် သတ်မှတ်တော်မူမည်။ ذُو الْعَرْشِ ဟူသော စာသားနှင့် مَجِيدٌ ဟူသော စာသားသည် စိုးပိုင်တော်မူသော၊ အုပ်ချုပ်မှုအာဏာ ရှိတော်မူသော အသျှင်၊ ၎င်းနောက် ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်၏ ဂုဏ်တော် အရည်အချင်းများ ဖြစ်သည့်အတွက် 'ပြစ်ဒဏ်ပေးခြင်းနှင့် ဆုလာဘ်ချီးမြှင့်ခြင်း' နှစ်မျိုးစလုံးနှင့် ပတ်သက်နေပါသော်လည်း ဤနေရာတွင် ဆန့်ကျင်ဘက်

ပုဂ္ဂိုလ်များ၏ သီးခြားတစ်ဖက်တွင် တင်ပြထားသည့်အတွက် အီမာန်ရှင်များအပေါ် ဆုလာဘ်ချီးမြှင့်ခြင်း ဂုဏ်တော်ကိုသာ သီးခြားရည်ညွှန်းခြင်း ဖြစ်သည်။ ရှေ့တွင် ဆက်လက်၍ ပြစ်ဒဏ်ပေးခြင်းနှင့် ဆုလာဘ် ချီးမြှင့်ခြင်း နှစ်မျိုးစလုံးကို အတည်ပြုပေးသော သီးခြား ဂုဏ်တော်တစ်ပါးကို တင်ပြတော်မူသည်မှာ) ထိုအသျှင်မြတ်သည် မိမိအလိုတော်ရှိရာကို ပြုစွမ်းနိုင်တော်မူသည်။

(ဆက်လက်၍ အီမာန်ရှင်များအား ထပ်မံ နှစ်သိမ့်ရန်နှင့် ကာဖိရ်များကို ထပ်မံ သတိပေးရန် အချို့သော အမြတ်စူးရှခံရသည့် သူများအကြောင်းကို တင်ပြတော်မူသည်။) အသင်နဗီတမန်တော်သည် ထိုစစ်တပ်များအကြောင်း သိရှိပါ၏လော။ ဆိုလိုသည်မှာ ဖိရ်အောင်န် (နှင့် ၎င်း၏ စစ်တပ်) ထို့နောက် 'ဆမူးဒ်' (၎င်းတို့သည် မည်ကဲ့သို့ ငြင်းဆန်ခဲ့ကြပြီး မည်ကဲ့သို့ ပြစ်ဒဏ်ခံကြရသည်ကို သိပါ၏လော။ ထိုအကြောင်းအရာများဖြင့် အီမာန်ရှင်များသည် ဖြေသိမ့်မှု ရယူသင့်သည်။ ၎င်းနောက် ကာဖိရ်များအနေနှင့် ကြောက်ရွံ့သင့်သည်။ သို့သော် ထိုကာဖိရ်များသည် 'အဇာဗ်'အပြစ်ဒဏ်အား ကြောက်ရွံ့မှု လုံးဝ မရှိကြပေ။) သို့သာမက ဤကာဖိရ်တို့သည် (ကျမ်းတော်မြတ်ကုရ်အာန်ကို) ငြင်းဆန်ရာတွင် (နစ်မွန်း နေကြသည်။ ဤသို့ဖြင့် ကျမ်းတော်မြတ်လာ 'အဇာဗ်'အပြစ်ဒဏ် အကြောင်းအရာများကိုလည်းကောင်း အခြားသော အကြောင်းအရာများကိုလည်းကောင်း ငြင်းဆိုလျက် ရှိကြသည်။) ထို့နောက် (နောက်ဆုံး ရလဒ်မှာ ပြစ်ဒဏ်သင့်ခံရမည်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ အား ထိုဖက်မှ နေ၍ ဤဘက်အထိ ဝန်းရံထားတော်မူသည်။

(ထိုအသျှင်မြတ်၏ တန်ခိုးတော်နယ်နိမိတ်နှင့် ပြစ်ဒဏ်နယ်နိမိတ်မှ လွတ်မြောက်နိုင်မည် မဟုတ် ပေ။ ၎င်းတို့၏ ကုရ်အာန်အား ငြင်းဆန်မှုသည် အသိဉာဏ်ကင်းမဲ့မှုတစ်ရပ်သာ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ကျမ်းမြတ်ကုရ်အာန်သည် ငြင်းဆန်ထိုက်သော အရာမဟုတ်ပေ။) သို့သာမက ထိုကျမ်းမြတ် သည် မြင့်မြတ်သော ကုရ်အာန်ဖြစ်သည်။ ထိုကျမ်းမြတ်ကို 'လောင်ဟေမဟ်ဖူးဇ်' တွင် (ရေးမှတ်ထား တော်မူသည်။ အကြင်ရေးမှတ်မှုတွင် အပြောင်းအလွဲတစ်စုံတစ်ရာ ဖြစ်နိုင်မည်မဟုတ်ပေ။ ထိုမှတစ်ဆင့် အလွန်တရာ ထိန်းသိမ်းစောင့်ရှောက်ကာ 'ဝဟီ'ချပေးခံရသူထံ ပို့ဆောင်လေသည်။ ထိုအကြောင်းအရာ ကို စူရာဟ် 'ဂျင်န်' တွင်

فَاِنَّهٗ يَسْلُكُ مِنْ بَيْنِ يَدَيْهِ وَمِنْ خَلْفِهٖ رَصَدًا

(သို့ရှိရာ ကျမ်းတော်မြတ် ကုရ်အာန်ကို ငြင်းဆန်ခြင်းသည် မလွဲဧကန် အသိဉာဏ်ကင်းမဲ့မှုနှင့် ပြစ်ဒဏ်ထိုက်စေသော အချက်သာလျှင် ဖြစ်ပေလိမ့်မည်) ဟူ၍ တင်ပြထားသည်။

ဤစူရာဟ်ကျရောက်ခဲ့ခြင်းနှင့် စပ်လျဉ်းသော နောက်ခံသမိုင်း

ဤစူရာဟ်တွင် အကြောင်းအရာတစ်ခုအား အကျဉ်းချုံးတင်ပြထားသည်။ ယင်းနှင့် ပတ်သက်၍ ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် တင်ပြထားပေသည်။ အချုပ်တင်ပြရသော် ကာဖိရ်ဘုရင်တစ်ပါး ရှိခဲ့သည်။

ထိုဘုရင်ထံတွင် နက္ခတ်ပညာရှင်တစ်ဦး ရှိသည်။ နက္ခတ်ပညာရှင်ဆိုသည်မှာ ဂြိုဟ်သွာန်များ၏ အကူအညီဖြင့် (သို့) နက္ခတ်များ၏ သင်္ကေတ နိမိတ်လက္ခဏာများဖြင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အကွယ်မှ သတင်းများရယူကာ လူအများကို ပြသသောသူ ဖြစ်သည်။ ထိုနက္ခတ်ပညာရှင်က ဘုရင်အား လျှောက်ထားသည်မှာ 'ကျွန်ုပ်အား မိမိ၏ ပညာရပ်များ သင်ပေးနိုင်ရန်အလို့ငှာ လူရွယ်တစ်ဦး ချီးမြှင့်ပါ။' ဤသို့ဖြင့် ၄င်းအား လူရွယ်တစ်ဦး ရွေးချယ်ပေးလိုက်သည်။ ထိုနက္ခတ်ပညာရှင်ရှိရာ လမ်း၌ ရာဟစ်ဗ် (ရသေ့) ကြီးတစ်ပါး နေထိုင်လေသည်။ ထိုခေတ်သမယတွင် ခရစ်ယာန်သာသနာ (အီစာ عليه السلام ၏ ရှရီအသ်) သည်သာ မှန်ကန်သော သာသနာဖြစ်လေ၏။ ထိုခရစ်ယာန် (ရသေ့) ကြီးသည် ၄င်းသာသနာ့လမ်းစဉ်အပေါ် ရပ်တည်လျက် 'အေဗာဒသ်'ခဝပ်ကိုးကွယ်မှုတွင် နစ်မွန်းလျက် ရှိသည်။

အထက်ပါ လူရွယ်ကလေးသည် ထို (ရသေ့) ကြီးထံသို့ ဝင်ထွက်သွားလာလေ့ ရှိပြီး တိတ်တဆိတ် ထိုသာသနာကို လက်ခံထားလေသည်။ တစ်ကြိမ်တစ်ခါ၌ ကျားတစ်ကောင်သည် လမ်းကို ပိတ်ဆို့ထား၍ လူအများ သွားလာရန် ခက်ခဲနေသည်ကို လူငယ်ကလေးက မြင်တွေ့ရသောအခါ လက်ထဲတွင် ခဲလုံးတစ်လုံး ကိုင်ကာ ဒိုအာပြုလေသည်။ အို၊ အလ္လာဟ်အသျှင်မြတ်၊ အကယ်၍ ခရစ်ယာန် (ရသေ့) ကြီး၏ သာသနာသည် မှန်ကန်ပါလျှင်၊ ဤတိရစ္ဆာန်အား ကျွန်ုပ်၏ ခဲဖြင့် သေစေတော်မူပါ။ အကယ်၍ နက္ခတ်ပညာရှင်၏ လမ်းစဉ်သည် မှန်ကန်ပါလျှင် ထိုတိရစ္ဆာန် မသေပါစေနှင့်' ဟု ပြောဆိုကာ ခဲဖြင့် ပစ်ပေါက်လိုက်လေသည်။ ခဲသည် ကျားကို ထိမှန်ကာ ထိုကျား သေဆုံးသွားလေတော့သည်။ ထိုလူငယ်နှင့် ပတ်သက်ပြီး ၄င်းတွင် အံ့သြဖွယ်ရာ ပညာရပ်များ ရှိသည်ဟူ၍ လူအများထံတွင် ကျော်ကြားသွားလေတော့သည်။ ထိုအခါ မျက်မမြင်တစ်ဦးက ကျွန်ုပ်၏ မျက်စိများ ပြန်လည် အလင်းရအောင် ကုစားပေးပါဟု ပန်ကြားလေရာ လူငယ်က 'အသင်သည် အီစာ عليه السلام ၏ သာသနာကို ယုံကြည်လက်ခံမည်ဆိုပါက ကုပေးမည်'ဟု ဆိုရာ ထိုမျက်မမြင်ကလည်း လက်ခံလိုက်ရလေသည်။

လူငယ်သည် ဒိုအာဆုမွန် တောင်းခံလိုက်ရာ မျက်မမြင်သည် မျက်စိအလင်း ပြန်လည် ရရှိသွားသည်။ ထို့ကြောင့် ၄င်းသည်လည်း အီစာ عليه السلام ၏ သာသနာကို လက်ခံလိုက်လေသည်။ ထိုအကြောင်းအရာများကို ဘုရင်ကြီး သိရှိသွားသောအခါ ခရစ်ယာန် (ရသေ့) ကြီးနှင့် လူငယ်ကလေးအား ၄င်းနောက် ထိုမျက်မမြင်ကိုပါ ဖမ်းဆီးစေကာ ရှေ့တော်သို့ သွင်းစေသည်။ ဘုရင်ကြီးသည် ခရစ်ယာန် (ရသေ့) ကြီးနှင့် မျက်မမြင်ကို သတ်ပစ်လိုက်ပြီး လူငယ်အား တောင်ပေါ်သို့ ခေါ်ဆောင်သွားစေကာ တောင်ပေါ်မှ တွန်းချရန် အမိန့်ပေးလိုက်လေသည်။ သို့သော် ထိုလူငယ်အား ဖမ်းဆီးခေါ်ဆောင်သွားသူများ ကိုယ်တိုင်ပင် တောင်ပေါ်မှ လိမ့်ကျသေဆုံးကာ လူငယ်သည် သက်ရှိထင်ရှား ကျန်ရစ်ခဲ့သည်။ တစ်ဖန် ဘုရင်ကြီးသည် ၄င်းအား ပင်လယ်တွင် ရေနစ်သတ်ရန် အမိန့်ပေးပြန်သည်။ သို့သော် ဤတစ်ကြိမ်တွင်လည်း လူငယ်သည် လွတ်မြောက် သွားလေသည်။ ထို့ပြင် လူငယ်အား ဖမ်းဆီးခေါ်ဆောင်သွားသူများသည်ပင် နစ်မြုပ်သေဆုံးကုန်ကြသည်။ တစ်ဖန် ထိုလူငယ်ကိုယ်တိုင် ဘုရင်ကြီးအား လျှောက်ထားသည်မှာ ကျွန်ုပ်အား 'ဗိစ်မိလ္လာဟ်'ဆိုပြီး မြှားနှင့် ပစ်လိုက်ပါ။ ကျွန်ုပ်သေဆုံးသွားမည် ဖြစ်သည်။ ထိုလူငယ်ပြောဆိုသည့်

အတိုင်းပင် ပြုခဲ့ရာ လူငယ်သည် သေဆုံးသွားလေတော့သည်။ ဤသို့ဖြင့် ထိုအံ့သြဖွယ်ရာ အကြောင်းအရာကို တွေ့မြင်ကြသော သူတို့သည် ကျွန်ုပ်တို့အားလုံး အလ္လာဟ်အသျှင်မြတ်အပေါ်သို့ အီမာန်သက်ဝင်ယုံကြည်ပါ၏ဟူသော ကြွေးကြော်သံကို တစ်ခဲနက် ကြွေးကြော်လေတော့သည်။ ဘုရင်ကြီးသည် စိုးရိမ်ပူပန်ကာ မှူးမတ်များ၏ အကြံဉာဏ်ပေးမှုဖြင့် ကြီးမားလှသော ကတုတ်ကျင်းကြီးများ တူစေကာ ထိုကတုတ်ကျင်းများတွင် မီးများဖြင့် ပြည့်နှက်စေပြီး ကြေညာချက် ထုတ်ပြန်လိုက်လေသည်။ အီမာန်၏ သာသနာကို မစွန့်လွှတ်သူများအား မီးရှို့သတ်ဖြတ်မည်။ ဤသို့ဖြင့် မြောက်မြားစွာသော သူတို့သည် မီးရှို့အသတ်ခံခဲ့ရသည်။ ထိုရက်စက် ကြမ်းကြုတ်သူများအပေါ် အသျှင်မြတ်၏ အမျက်ဒေါသ ကျရောက်ခဲ့သည့်အကြောင်းကို ဤစူရာဟ်တွင် 'ကစမ်' ကျိန်တွယ် မိန့်ဆိုကာ တင်ပြထားသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

وَالسَّمَآءِ ذَاتِ الْبُرُوْجِ

بروج ဆိုသည် بُرْج ၏ အများကိန်း ဖြစ်သည်။ ယင်း၏ အဓိပ္ပာယ်မှာ ကြီးမားသော အဆောက်အဦး (သို့) ခံတပ်ကို ခေါ်ဆိုပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၌

وَلَوْكُنْتُمْ فِي بُرُوْجٍ مُّشَيَّدَةٍ

ဟု အမိန့်ရှိထားပေသည်။ ဤနေရာ၌လည်း 'ဗုရူးဂျ်' ၏ အဓိပ္ပာယ်မှာ ကြီးမားသော အဆောက်အဦးနှင့် နန်းတော်ကို ခေါ်ဆိုပေသည်။ မူရင်းပုဒ်ဖြစ်သည့် برج ၏ အဓိပ္ပာယ်မှာ ပေါ်လွင်နေခြင်းဖြစ်သည်။ تَبَرُّجْ 'သဗရ်ရှဂျ်' ၏ အဓိပ္ပာယ်မှာ 'ပရ်ဒါဟ်' မရှိဘဲ သွားလာလည်ပတ်ခြင်းကို ခေါ်ဆိုပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၌

وَلَاتَبَرَّجْنَ تَبَرُّجَ الْجَاهِلِيَّةِ الْأُوْلٰى

ဟု အမိန့်ရှိထားပေသည်။

သဖ်စီးရ်ပညာရှင်များအားလုံးထံ၌ တင်ပြပါ စူရာဟ်တော်ရှိ အာယသ်တော်၌ ပါရှိသော 'ဗုရူးဂျ်' ၏ အလိုသဘောမှာ ကြီးမားသော နက္ခတ်၊ ကြယ်တာရာများကို ခေါ်ဆိုပေသည်။ ဟဇရသ်အဗ်ဒုလ္လာဟ်အဗ္ဗားစ် ﷺ သခင်၊ ဟဇရသ်မိုဂျာဟစ်ဒ် (ရဟ) သခင်၊ ဟဇရသ်သွဟ်ဟားက် (ရဟ) သခင်၊ ဟဇရသ်ဟစန်ဗဆွရီ (ရဟ) သခင်၊ ဟဇရသ်ကသာဒဟ် (ရဟ) သခင်နှင့် ဟဇရသ်စွတ်ဒ္ဒီး (ရဟ) သခင်တို့၏ အဆိုမှာ ဤအဆိုပင် ဖြစ်သည်။ အချို့သော သဖ်စီးရ်ပညာရှင်များက ဤနေရာ၌ 'ဗုရူးဂျ်' ၏ အလိုသဘောမှာ 'နန်းတော်' ဆိုလိုသည်မှာ ကြီးမားသော အဆောက်အအုံကို ခေါ်ဆိုပေသည်။ အလိုသဘောမှာ မိုးကောင်းကင်၌ အစောင့်ချထားသော ကောင်းကင်တမန်တော်များအတွက် သတ်မှတ်ထားသော နေရာဖြစ်သည်။ အချို့သော

နောက်ပိုင်းပညာရှင်များက 'ဗုရူးဂျ်' ၏ အလိုသဘောမှာ သီပွဲ၏ ဝေါဟာရ၌ သုံးနှုန်းသော 'ဗုရူးဂျ်' ဟု ခေါ်ဆိုပေသည်။ မိုးကောင်းကင်တစ်ခုလုံးကို (၁၂) ပိုင်းခွဲပြီး တစ်ပိုင်းတိုင်းတစ်ပိုင်းတိုင်းကို 'ဗုရူးဂျ်'တစ်ခု ဟု ခေါ်ဆိုကြပေသည်။ ၎င်းတို့၏ ထင်မြင်ယူဆချက်များမှာ မလည်ပတ်နိုင်သော ကြယ်တာရာများသည် ယင်း'ဗုရူးဂျ်'များတွင် မိမိတို့နေရာ၌ တည်ရှိနေပေသည်။ ၎င်းနောက် နက္ခတ်တာရာများ၏ လှုပ်ရှားမှုသည် မိုးကောင်းကင်နှင့်အတူ လှုပ်ရှားနေပေသည်။ ၎င်းနောက် ယင်း 'ဗုရူးဂျ်'များတွင် နက္ခတ်များ ဆင်းသက်နေပေသည်။ သို့သော် ဤယူဆချက်မှာ လုံး၀ မှားယွင်းပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ မိုးကောင်းကင်သည် နက္ခတ်တာရာများ၏ တည်နေရာဟု မသတ်မှတ်ထားပေ။ သို့သာမက နက္ခတ်တိုင်းသည် မိမိတို့၏ မူရင်းလှုပ်ရှားမှုဖြင့် လှုပ်ရှားနေကြပေသည်။ ဥပမာ- စူရာဟ်ယာစီးန်၏ အာယသ်တော်

وَ كُلٌّ فِىْ فَلَكٍ يَّسْبَحُوْنَ

တွင် 'ဖလက်'၏ အလိုသဘောမှာ မိုးကောင်းကင်မဟုတ်ပေ။ သို့သာမက နက္ခတ်များ၏ တည်နေရာကို ခေါ်ဆိုပေသည်။ ယင်းနေရာ၌ ထိုနက္ခတ်များ လှုပ်ရှားနေကြပေသည်။ *[မဇ္ဇ်ဟရီကျမ်း]*

وَالْيَوْمِ الْمَوْعُوْدِ وَشَاهِدٍ وَّمَشْهُوْدٍ

အကျယ်ဖွင့်ဆိုချက်၌ သိရ်မေဇီကျမ်း၏ မရ်ဖူးအ်ဟဒီးစ်ကို ကိုးကားပြီး ယင်း၏ စာလုံးများ၏ ဖွင့်ဆိုချက်များကို ရေးသားခဲ့ပေပြီ။ **يوم موعود** ၏ အလိုသဘောမှာ 'ကေယာမသ်'နေ့ဖြစ်သည်။ ၎င်းနောက် **شاهد** ဟူသည် 'ဂျုမုအာဟ်'နေ့ ဖြစ်သည်။ ၎င်းနောက် **مشهود** ဆိုသည်မှာ 'အရ်ဖာဟ်' နေ့ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ယင်းအာယသ်တော်မှ လေးခုသော အရာနှင့် ပတ်သက်၍ 'ကစမ်'စားတော်မူသည်။ ပထမအရာမှာ နက္ခတာရာများရှိသော မိုးကောင်းကင်ကို 'ကစမ်'စားတော်မူသည်။ တစ်ဖန် 'ကေယာမသ်'နေ့ကိုလည်းကောင်း၊ တစ်ဖန် 'ဂျုမုအာဟ်' နေ့ကိုလည်းကောင်း၊ တစ်ဖန် 'အရ်ဖာဟ်' နေ့ကိုလည်းကောင်း 'ကစမ်'စားတော်မူသည်။ ယင်းအရာလေးခုကို 'ကစမ်'ကျိန်ဆိုခြင်းနှင့် ၎င်းအရာများအား 'ကစမ်'ကျိန်ဆို တင်ပြရသည့် အကြောင်းအရာများကြား ဆက်စပ်မှုမှာ ဤအရာများအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်နှင့် 'ကေယာမသ်'နေ့၌ စာရင်းစစ်ဆေးခြင်းနှင့် အစားပေးမှုအပေါ် အထောက်အထားပင် ဖြစ်ပေသည်။ ၎င်းနောက် 'ဂျုမုအာဟ်'နေ့နှင့် 'အရ်ဖာဟ်' နေ့သည် မုအ်မင်န်များအတွက် 'အာခေရသ်' (လောကုတ္တရာ) စုဆောင်းရမည့် မင်္ဂလာရှိသောနေ့များပင် ဖြစ်ပေသည်။ ရှေ့ဆက်ပြီး 'ကစမ်'ကျိန်ဆို တင်ပြရသည့် အကြောင်းအရာ၌ မွတ်စ္စလင်မ်များကို အီမာန်ယူထားသည့်အတွက်ကြောင့် မီးရှို့သော ကာဖိရ်များအပေါ် (လအ်နသ်) ကျိန်ဆဲထားပေသည်။ ၎င်းနောက် 'အာခေရသ်'၌ ရရှိမည့် မုအ်မင်န်များ၏ အဆင့်အတန်းများကို တင်ပြထားပေသည်။

'အဆ္ဟာဗ်အုခ်ဒူးဒ်' ၏ အကျယ်တဝင့် အဖြစ်အပျက်

ဤအဖြစ်အပျက်သည် ယင်းစူရာဟ်ကျရောက်လာခြင်း၏ အကြောင်းခံပင် ဖြစ်ပေသည်။ ယင်းအဖြစ်အပျက်၏ အချုပ်ကို ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်အား ကိုးကားပြီး အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ်၌ တင်ပြခဲ့ပြီး ဖြစ်သည်။ ယင်းအဖြစ်အပျက်၌ နက္ခတ်ဟောဗေဒင်ပညာရှင်ဟု တင်ပြထားသော သူတို့နှင့် စပ်လျဉ်း၍ အချို့ဆင့်ပြန်ချက်များ၌ စုန်း၊ မှော်၊ ပဋ္ဌလက်ဆရာဟု လာရှိထားပေသည်။ ၎င်းအဖြစ်အပျက်၌ တင်ပြထားသော ဘုရင်မှာ ယမန်နိုင်ငံ၏ ဘုရင်ဖြစ်ပေသည်။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် အဗ္ဗားစ် رضي الله عنه သခင်၏ ဆင့်ပြန်မှုတွင် ယင်းဘုရင်၏ အမည်မှာ ယူစွဖ်ဇူနဝါးစ် ဖြစ်ပေသည်။ ယင်းဘုရင်၏ ခေတ်သည် တမန်တော်မြတ် ﷺ မွေးဖွားသန့်စင်တော်မမူမီ နှစ်ပေါင်း (၇၀) အလျင်၏ ခေတ်ဖြစ်သည်။ ဘုရင်မင်းမြတ်က နက္ခတ် (သို့) စုန်း၊ မှော်၊ ပဋ္ဌလက် ဆရာထံ ယင်းပညာရပ်များကို သင်ကြားရန် သတ်မှတ်ပေးခဲ့သော လူငယ်လေး၏ အမည်မှာ အဗ်ဒုလ္လာဟ်ဗင်န်သာမိရ် ဖြစ်သည်။ ၎င်းနောက် راهب (ရသေ့) ဆိုသည်မှာ အီစာ عليه السلام ၏ သာသနာအပေါ်၌ တရား အားထုတ်သောသူ၊ လောကကို မခင်တွယ်သောသူ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းခေတ်အခါသမယ၌ အီစာ عليه السلام ၏ သာသနာ သာလျှင် စစ်မှန်သော သာသနာဖြစ်သည်။ ဤအတွက် ကြောင့် ယင်းခေတ်အခါသမယ၌ ဤ راهب (ရသေ့) သည် စစ်မှန်သော မွတ်စ္စလင်မ်ဖြစ်သည်။ ဘုရင် မင်းမြတ်က ဗေဒင်လက္ခဏာပညာနှင့် စုန်း၊ မှော်၊ ပဋ္ဌလက်ပညာရပ်များ သင်ကြားပေးရန် သတ်မှတ်ခြင်းခံရသော အဗ်ဒုလ္လာဒ်ဗင်န်သာဗိရ်ဆိုသော ဤလူငယ်လေးသည် လမ်းခုလတ်၌ راهب (ရသေ့) ထံသို့ သွား၍ ယင်း၏ စကားများကို နားထောင်ပြီး ထိရောက်စူးရှမှုရှိကာ နောက်ဆုံး၌ မွတ်စ္စလင်မ်ဖြစ်သွားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ယင်းလူငယ်လေးအား ဤကဲ့သို့ အီမာန်ခိုင်မြဲလှသော နဖူးစာကို ချီးမြှင့်ထားပေသည်။ အီမာန်ကို ထောက်ရှုပြီး လူအများ၏ ဒုက္ခပေးခြင်းကို သည်းခံခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် ဗေဒင်နက္ခတ်ပညာသင်ရန် သွားသော အချိန်၌ လမ်းတွင် راهب (ရသေ့) ထံ ဝင်ရောက်ထိုင်လိုက်၍ အချိန်အနည်းငယ် ကြန့်ကြာသွားမှုကြောင့် နက္ခတ်ဟော ဗေဒင်ပညာရှင် (သို့) စုန်း၊ မှော်၊ ပဋ္ဌလက်ပညာရှင်သို့ နောက်ကျမှ ရောက်ရှိလေသော် ယင်းလူငယ်လေးအား ရိုက်နှက်မှု ပြုလေတော့သည်။

၎င်းနောက် ပြန်လာသောအချိန်တွင် راهب (ရသေ့) ထံ တစ်ဖန် ပြန်ထိုင်သောအခါ အိမ်ပြန် နောက်ကျမှုကြောင့် ယင်းကလေးအား အိမ်သူအိမ်သားများက ရိုက်နှက်မှု ပြုလေတော့သည်။ သို့သော် ယင်းကလေးသည် မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ راهب (ရသေ့) ထံပါး ချဉ်းကပ်မှု မစွန့်လွှတ်ပေ။ ယင်း၏ 'ဗရ်ကသ်'ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ယင်းကလေးအား အထက်၌ ဖော်ပြခဲ့သော အံ့ဖွယ်ရာ တန်ခိုးများကို ချီးမြှင့်ထားပေသည်။ ယင်းနှိပ်စက်သော ဘုရင်က အီမာန်ယူသောသူများကို ပြစ်ဒဏ်ပေးရန် ကတုတ်ကျင်းကို တူးစေပြီး ယင်းကျင်းထဲ၌ ကြီးမားသော မီးတောက်မီးလျှံများကို ဖြည့်ထားပေ

သည်။ တစ်ဖန် အီမာန်ရှင် တစ်ဦးတိုင်းကို ရှေ့သို့ ခေါ်ပြီး ပြောဆိုသည်မှာ အီမာန်ကို စွန့်လွှတ်မည်လော။ သို့မဟုတ်က ယင်းကတုတ်ကျင်းထဲ၌ ပစ်ချခြင်း ခံရပေမည်။ အလ္လာဟ်အသျှင်မြတ်သည် ယင်းမုအ်မင်န်များအား ဤကဲ့သို့ ကြံ့ခိုင်မှုအား ချီးမြှင့်ထားပေသည်။ မုအ်မင်န်တိုင်းသည် အီမာန်ကို စွန့်လွှတ်ရန် မနှစ်သက်ပေ။ ၄င်းနောက် မီးပုံထဲသို့ ပစ်ချရန် လက်ခံလိုက်သည်။ ကလေးကို ရင်ဝယ်ပိုက်ထားသော အမျိုးသမီးတစ်ဦးသည်သာလျှင် မီးပုံထဲသို့ ပစ်ချခံရရန် အနည်းငယ် ကြောက်ရွံ့ တုန်လှုပ်နေခဲ့၏။ ထိုအခါ ကလေးငယ်က ပြောဆိုသည်မှာ 'အို, မိခင်၊ အနည်းငယ်သည်းခံလေ။ အဘယ်ကြောင့်ဆိုသော် အသင်သည် အမှန်တရားပေါ်၌ ရှိနေပေသည်။ ထိုညှဉ်းပန်းနှိပ်စက်သော ဘုရင်သည် ယင်းမုအ်မင်န်များအား ဤကဲ့သို့ တောက်လောင်နေသော မီးလျှံထဲတွင် မီးရှို့ပြီး သတ်ပစ်ခဲ့သည်။ အချို့သော ဆင့်ပြန်ချက်များ၌ ယင်းတို့၏ အရေအတွက်မှာ (၁၂၀၀၀) ရှိပေသည်။ အချို့ဆင့်ပြန်ချက်များ၌ ယင်းထက် ပို၍ များပေသည်။

အထက်၌ တင်ပြခဲ့သော တန်ခိုးရှိသည့် လူငယ်လေးသည် မိမိကိုယ်တိုင် ဘုရင်အား ၄င်းကို သတ်ရန် ဤသို့သော နည်းလမ်းကို ပြခဲ့ပေသည်။ ၄င်းမှာ အသင်ဘုရင်ကြီးသည် ကျွန်ုပ်၏ မြှားအိမ်မှ မြှားတံကို ယူပြီး ယင်းအပေါ်၌ بِاسْمِ اللهِ رَبِّي (ကျွန်ုပ်၏ အသျှင်မြတ်ဖြစ်သော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏) ဆိုပြီး ကျွန်ုပ်အား မြှားနှင့် ပစ်မည်ဆိုလျှင် ကျွန်ုပ်သေဆုံးသွားပေမည်။ ၄င်းပုံစံဖြင့် လူငယ်လေးသည် အသက်ပေးလှူသွားပေသည်။ သို့သော် ယင်းအဖြစ်အပျက်ကို တွေ့မြင်ပြီး ဘုရင်ကြီး၏ မျိုးနွယ်များအားလုံးသည် မိမိတို့ မွတ်စ္စလင်မ်ဖြစ်ကြောင်းကို တစ်ခဲနက် ကြွေးကြော်ခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ်သည် ညှဉ်းပန်းနှိပ်စက်သော ဘုရင်အား လောကမှာလည်း ရှုံးနိမ့်စေခဲ့လေသည်။

မိုဟမ္မဒ်ဗင်န်အိစ်ဟာက် (ရဟ) ဆင့်ပြန်ထားပေသည်။ ဤအဗ်ဒုလ္လာဟ်ဗင်န်သာမိရ်ဆိုသော လူငယ်လေးအား မြုပ်နှံထားသည့် နေရာကို ဟဇရသ်အူမ္မရ်ဖာရူးက် ؓ သခင်၏ ခေတ်သမယ၌ ရုတ်တရက် လိုအပ်ချက်တစ်ခုကြောင့် တူးဖော်လိုက်သော် ယင်းမြေကြီး၌ အဗ်ဒုလ္လာဟ်ဗင်န် သာမိရ်၏ ရုပ်ကလာပ်အား အကောင်းပတိကအတိုင်း ထိုင်လျက်သား တွေ့မြင်ခဲ့ရပေသည်။ ယင်းလူငယ်လေးသည် ထိုင်လျက်ပုံစံဖြင့် မိမိ၏ လက်သည် မြှားထိထားသော တင်ပါးဆုံအရိုးအပေါ်၌ တင်ထားပေသည်။ တွေ့မြင်သောသူတစ်ဦးက ယင်းလူငယ်လေး၏ လက်ကို ၄င်းနေရာမှ ဖယ်လိုက်သော် ဒဏ်ရာမှ သွေးများ စီးကျလာပေသည်။ တစ်ဖန် အရင်ပုံစံအတိုင်း ထားလိုက်သော် သွေးများ ရပ်တန့်သွားပေသည်။ ယင်းလူငယ်လေး၏ လက်၌ اَللهُ رَبِّي (ကျွန်ုပ်၏ အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်ပေသည်) ဟု ရေးသားထားသော လက်စွပ်တစ်ကွင်း ရှိပေသည်။ ယမန်မြို့စားကြီးသည် ဟဇရသ်အုမရ်ဖွာရူးက် ؓ သခင်အား ယင်းအဖြစ်အပျက်ကို သတင်းပို့လိုက်သော် ဟဇရသ်အိုမရ် ؓ သခင်က ယင်းလူငယ်လေးအား 'လက်စွပ်အပါအဝင် ပထမပုံစံအတိုင်း ထားရှိလော' ဟု ပြန်လည်ဖြေကြား ရေးသားပေးပို့ခဲ့ပေသည်။

[အိဗ်နေကဆီးရ်ကျမ်း]

အကျိုးကျေးဇူး

အိဗ်နေကစီးရ်ကျမ်းရှင်က ဟဇရတ်အဗ်ဒွလ္လာဟ် ဗင်နံ အဘီဟာသင်မ် (ရ) သခင်ထံမှ ဆင့်ပြန် ထားပေသည်။ မီးကတုတ်ကျင်း၏ အဖြစ်အပျက်သည် ဒွန်ယာလောက၌ တစ်ကြိမ်တည်း ဖြစ်ပေါ်ခဲ့သည် မဟုတ်ပေ။ အခြားသော နိုင်ငံများနှင့် အခြားသော ခေတ်သမယများတွင်လည်း ဖြစ်ပေါ်ခဲ့ပေသည်။ တစ်ဖန် ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်နံ အဘီဟာသင်မ် (ရဟ) သခင်က ယင်းအဖြစ်အပျက်များထဲမှ အထူးသဖြင့် အဖြစ် အပျက် (၃) ခုအား တင်ပြထားပေသည်။ ကတုတ်ကျင်းတစ်ခုမှာ ယမန်နိုင်ငံ၌ ဖြစ်ခဲ့လေသည်။ (ယင်း အဖြစ်အပျက်သည် တမန်တော်မြတ် ﷺ မဖွားသန့်စင်မီအလျင် နှစ် (၇၀) အလျင်က ဖြစ်ခဲ့လေသည်။) ဒုတိယကတုတ်ကျင်းမှာ 'ရှာမ်' (ဆီးရီးယား) နိုင်ငံနှင့် တတိယကတုတ်ကျင်းမှာ 'ဖာရစ်' (ဥရောပ) နိုင်ငံ၌ ဖြစ်ခဲ့သည်။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ်၏ ဤစူရာဟ်၌ တင်ပြထားသော ကတုတ်ကျင်းမှာ ယမန် နိုင်ငံ၏ 'နဂ်ရာန်'ဆိုသော ကတုတ်ကျင်းကို ရည်ညွှန်းသည်။ အဘယ်ကြောင့်ဆိုသော် ဤနေရာသည်သာ အာရဗ်နိုင်ငံ နယ်နိမိတ်ထဲ၌ ပါဝင်သည်။

إِنَّ الَّذِينَ فَتَنُوا الْمُؤْمِنِينَ

ဤအာယသ်တော်၌ မွတ်စ္စလင်မ်များအား ယင်းတို့၏ အီမာန်သက်ဝင်ယုံကြည်မှုကြောင့် မီးကတုတ် ကျင်းထဲ၌ ထည့်ပြီး မီးရှို့သတ်ဖြတ်ခဲ့သော ညှဉ်းပန်းနှိပ်စက်သော သူများအား အပြစ်ပေးမည့် အကြောင်းကို တင်ပြထားပေသည်။ ၎င်းနောက် အပြစ်ပေးခြင်း၌ အချက်နှစ်ချက်ကို မိန့်တော်မူထားပေသည်။

فَلَهُمْ عَذَابُ جَهَنَّمَ

ဆိုလိုသည်မှာ ယင်းညှဉ်းပန်းနှိပ်စက်သော သူများအတွက် 'အာခိရသ်' (လောကုတ္တရာ) ၌ 'ဂျဟန္နမ်'ငရဲဘုံ၏ ပြစ်ဒဏ်ရှိသည်။ ဒုတိယအချက်မှာ

وَلَهُمْ عَذَابُ الْحَرِيقِ

ဆိုလိုသည်မှာ ယင်းညှဉ်းပန်းနှိပ်စက်သော သူများအတွက် မီးလောင်ကျွမ်းခြင်း၏ အပြစ်ဒဏ် သည် ရှိပေသည်။ ဒုတိယဝါကျသည် ပထမဝါကျအား လေးနက်စေရန် တင်ပြထားခြင်း ဖြစ်နိုင်ပေသည်။ ၎င်းနောက် ယင်း၏ အဓိပ္ပာယ်မှာ ယင်းညှဉ်းပန်းနှိပ်စက်သော သူများသည် 'ဂျဟန္နမ်' ငရဲဘုံ၌ သွားပြီး အမြဲတမ်း မီးတောက်မီးလျှံများ၏ အပြစ်ဒဏ်ကို ခံစားရပေမည်။ ၎င်းနောက် ဤအဓိပ္ပာယ်လည်း ဖြစ်နိုင်ပေသည်။ ၎င်းမှာ ဒုတိယဝါကျ၌ ယင်းညှဉ်းပန်းနှိပ်စက်သောသူများအား ဒွန်ယာလောက၌လည်း ပြစ်ဒဏ်များ ခံစားရမည်ကို တင်ပြထားခြင်းဖြစ်မည်။ ဥပမာ- အချို့သော ဆင့်ပြန်မှုများ၌ လာရှိထား

သည်မှာ ၄င်းညှဉ်းပန်းနှိပ်စက်သော သူများသည် ယင်းမုအ်မင်န်များအား မီးကတုတ်ကျင်းထဲ၌ ပစ်ထည့်ကြလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ယင်းမုအ်မင်န်များ၏ ဒုက္ခများအား ဤကဲ့သို့ ကယ်တင်ခဲ့လေသည်။ ယင်းတို့၏ ဝိညာဉ်များကို မီးနှင့် မထိမီအလျင်ကတည်းက နှုတ်သိမ်းလိုက်ပေသည်။ မီးပုံထဲ၌ လူသေခန္ဓာကိုယ်များသာလျှင် ကျသွားပေသည်။ တစ်ဖန် ယင်းမီးသည် ဤကဲ့သို့ ဟုန်းဟုန်းတောက်လောင်မှု ဖြစ်လေသည်။ မီးကတုတ်ကျင်းဘောင်မှ ကျော်လွန်ကာ မြို့ထဲအထိ မီးတောက်မီးလျှံများ ပြန့်နှံ့သွားပေသည်။ ယင်းမီးသည် မွတ်စ္စလင်မ်များအား မီးရှို့သတ်မည့် မြင်ကွင်းအား လာရောက်ကြည့်ရှုကြသည့် လူအားလုံးကို လောင်မြိုက်လိုက်ပေသည်။ ဘုရင်ယူစွဖ်ဇူနဝါးစ်သည် ယင်းမီးမှ လွတ်မြောက်စေရန် ထွက်ပြေးလေသည်။ မိမိကိုယ်ကို မီးမှ လွတ်မြောက်စေရန် မြစ်ထဲသို့ ခုန်ချလိုက်သော်လည်း ယင်းမြစ်ထဲ၌ နစ်မြုပ်ပြီး သေဆုံးသွားပေသည်။ *[မဇ္ဇဟရီကျမ်း]*

ထိုလူများနှင့် ပတ်သက်ပြီး ကုရ်အာန်ကျမ်းတော်မြတ်၌ 'ဂျဟန္နမ်'၏ ပြစ်ဒဏ်များ၊ ၄င်းနောက် တောက်လောင်နေသော ပြစ်ဒဏ်များ၏ သတင်းပေးမှုကို

ثُمَّ لَمْ يَتُوْبُوْا

ဟူသော စည်းကမ်းချက်ဖြင့် တင်ပြထားသည်။ ဆိုလိုသည်မှာ ယင်းသူတို့အပေါ် ဤပြစ်ဒဏ်များ ကျရောက်လာပေမည်။ ထိုသူများသည် မိမိ တို့၏ လုပ်ရပ်များအပေါ် အရှက်တရားရပြီး 'သောင်ဗာဟ်' (အမှားဝန်ခံခြင်း) မပြုလုပ်ကြပေ။ ယင်း အာယသ်တော်၌ ထိုသူများကို 'သောင်ဗာဟ်' (အမှားဝန်ခံခြင်း) ပြုလုပ်ခြင်းဘက်သို့ 'ဒအ်ဝသ်'ပေး ဖိတ်ခေါ်ခြင်းခံရပေသည်။ ဟဇရသ်ဟစန်ဗဆွရီ (ရဟ) သခင်က အမိန့်ရှိသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ထိုမွန်မြတ်ရက်ရောမှုကို ကြည့်ကြလေကုန်။ ထိုသူများသည် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်များအား အရှင်လတ်လတ် မီးရှို့သတ်ပြီး ယင်းမြင်ကွင်းအား ကြည့်ရှုနေခဲ့ကြလေသည်။ ၄င်းနောက် အလ္လာဟ်အသျှင်မြတ်သည် ယင်းအခြေအနေ၌လည်း ထိုသူများအား 'သောင်ဗာဟ်' (အမှားဝန်ခံခြင်း) ပြုလုပ်ခြင်းဘက်သို့ ၄င်းနောက် လွတ်ငြိမ်းချမ်းသာခွင့်ဘက်သို့ 'ဒအ်ဝသ်'ပေး ဖိတ်ခေါ်နေပေသည်။ *[အိဗ်နေကစီးရ်ကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်တွာရိက်

ညဥ့်အချိန်၌ ပေါ်လာသူကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَالسَّمَاۗءِ وَالطَّارِقِ ۙ ①

၈၆ : ၁ ။ ။ (ငါအသျှင်မြတ်သည်) မိုးကောင်းကင်ကိုလည်းကောင်း၊ ညဥ့်အချိန်၌ သွားလာသော အရာကိုလည်းကောင်း သက်သေထူတော်မူ၏။

وَمَآ اَدْرٰىكَ مَا الطَّارِقُ ۙ ②

၈၆ : ၂ ။ ။ စင်စစ် ညဥ့်အချိန်၌ လာသော အရာသည် မည်သည့်အရာနည်းဟု အသင်သိပါသလော။

النَّجْمُ الثَّاقِبُ ۙ ③

၈၆ : ၃ ။ ။ ယင်းသည် (ထွန်းဖောက်) လင်းဝင်းတောက်ပသော ကြယ်တာရာပင် (ဖြစ်၏။)

اِنْ كُلُّ نَفْسٍ لَّمَّا عَلَيْهَا حَافِظٌ ۭ ④

၈၆ : ၄ ။ ။ လူတိုင်းလူတိုင်း၌ ထိန်းသိမ်းစောင့်ရှောက်သူ (ကောင်းကင်တမန်) တစ်ပါးစီ ရှိပေသည်။

فَلْيَنْظُرِ الْاِنْسَانُ مِمَّ خُلِقَ ۭ ⑤

၈၆ : ၅ ။ ။ သို့ဖြစ်ပေရာ လူသားသည် မည်သည့်အရာမှ မိမိ ဖန်ဆင်းခြင်း ခံခဲ့ရသည်ကို ကြည့်ရှုရပေမည်။

خُلِقَ مِنْ مَّاۗءٍ دَافِقٍ ۙ ⑥

၈၆ : ၆ ။ ။ ထိုလူသားသည် ပန်း၍ ထွက်လာသော အရည်မှ ဖန်ဆင်းခြင်းကို ခံခဲ့ရလေသည်။

يَّخۡرُجُ مِنۡۢ بَيۡنِ الصُّلۡبِ وَالتَّرَآئِبِؕ ۝٧

၈၆ : ၇ ။ ။ ထိုအရည်သည် ကျောရိုးနှင့် ရင်ရိုးများ၏ အကြားမှ (တစ်နည်း၊ တစ်ကိုယ်လုံးမှ) ထွက်လေသည်။

اِنَّهٗ عَلٰى رَجۡعِهٖ لَقَادِرٌؕ ۝٨

၈၆ : ၈ ။ ။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် ထိုလူသားအား အမှန်ပင် ရှင်ပြန်ထစေတော်မူနိုင်သော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

يَوۡمَ تُبۡلَى السَّرَآئِرُۙ ۝٩

၈၆ : ၉ ။ ။ လျှို့ဝှက်ချက်များ စစ်ဆေးစူးစမ်းခြင်း ခံရသော နေ့တွင်။

فَمَا لَهٗ مِنۡ قُوَّةٍ وَّلَا نَاصِرٍؕ ۝١٠

၈၆ : ၁၀ ။ ။ ထိုလူသားသည် မည်သည့်စွမ်းအင်မျှလည်း ရှိလိမ့်မည်မဟုတ်ပေ။ ကူညီစောင်မမည့်သူဟူ၍လည်း တစ်ဦး တစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်ပေ။

وَالسَّمَآءِ ذَاتِ الرَّجۡعِۙ ۝١١

၈၆ : ၁၁ ။ ။ (ငါအသျှင်မြတ်သည် မိုးရေ ရွာသွန်းသော မိုးကောင်းကင်ကို သက်သေထူတော်မူ၏။

وَالۡاَرۡضِ ذَاتِ الصَّدۡعِۙ ۝١٢

၈၆ : ၁၂ ။ ။ ၎င်းပြင် (ငါအသျှင်မြတ်သည် သီးနှံထွက်ချိန်တွင်) အက်ကွဲသော ပထဝီမြေကို သက်သေထူတော်မူ၏။

اِنَّهٗ لَقَوۡلٌ فَصۡلٌۙ ۝١٣

၈၆ : ၁၃ ။ ။ ဧကန်မလွဲ ဤ (ကုရ်အာန်ကျမ်းတော်မြတ်) သည် အပြီးအပြတ် စကားပင် ဖြစ်ပေသည်။ (တိကျပြတ်သားသော အဆုံးအဖြတ်ပင် ဖြစ်ပေသည်။)

وَّمَا هُوَ بِالۡهَزۡلِؕ ۝١٤

၈၆ : ၁၄ ။ ။ ၎င်းပြင် ထိုစကား (ကုရ်အာန်ကျမ်းတော်မြတ်) သည် ကရော်ကမြည် ပြောဆိုသော စကားမဟုတ်ပြီ။

اِنَّهُمۡ يَكِيۡدُوۡنَ كَيۡدًا ۙ ۝١٥

၈၆ : ၁၅ ။ ။ ဧကန်စင်စစ် ထို (ကာဖိရ်သွေဖည်ငြင်းပယ်သော) သူတို့သည် အကြံအစည်အမျိုးမျိုးကို ကြံစည်လျက် ရှိကြကုန်၏။

وَّاَكِيْدُ كَيْدًا ﴿١٦﴾

၈၆ : ၁၆ ။ ။ ငါအသျှင်မြတ်သည်လည်း အကြံအစည်အမျိုးမျိုးကို ကြံစည်လျက် ရှိတော်မူ၏။

فَمَهِّلِ الْكٰفِرِيْنَ اَمْهِلْهُمْ رُوَيْدًا ﴿١٧﴾

၈၆ : ၁၇ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အား ရွှေဆိုင်း ခွင့်ပေးပါလေ။ အသင်သည် ၎င်းတို့အား မသိမသာ အချိန်ဆွဲ၍ ထားပါလေ။ (ခေတ္တလန်ထားပါလေ။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မိုးကောင်းကင်အားလည်းကောင်း၊ ထို့နောက် ညဉ့်၌ ထွက်ပေါ်သော အရာအားလည်းကောင်း ကျိန်တွယ်မိန့်ဆိုတော်မူ၏။ ညဉ့်၌ ထွက်ပေါ်သော အရာနှင့် ပတ်သက်ပြီး အသင်တမန်တော် သိရှိပါ၏လော။ ထိုအရာသည် လင်းဝင်းသော ကြယ်တာရာဖြစ်၏။ (ဥပမာ- وَالنَّجْمِ اِذَا هَوٰى ဟူသော အာယသ်တော်၌ တင်ပြခဲ့သည့်အတိုင်း သတ်မှတ်ချက်မရှိသော ကြယ်တာရာတစ်ခုခုကို ဆိုလိုခြင်းဖြစ်မည်။ ဆက်လက်၍ ကစမ်ကျိန်တွယ် တင်ပြရသည့် အကြောင်းအရာအား ရှင်းလင်းမိန့်ကြားတော်မူသည်မှာ) မည်သူတစ်ဦး တစ်ယောက်မှ ၎င်း၏ 'အမလ်' ကျင့်ကြံမှုများနှင့် ပတ်သက်ပြီး မှတ်သားထားမည့် (ကောင်းကင်တမန် တစ်ပါးပါး) သတ်မှတ်၍ မထားရှိသည်ဟူ၍ မရှိပေ။ (ဥပမာ- အခြားအာယသ်တော်တစ်ပိုဒ်တွင်

وَاِنَّ عَلَيْكُمْ لَحٰفِظِيْنَ كِرَامًا كَاتِبِيْنَ يَعْلَمُوْنَ مَاتَفْعَلُوْنَ

ဟူ၍ လာရှိထားသည်။ အလိုသဘောမှာ ကျင့်ကြံမှုများနှင့် ပတ်သက်၍ စာရင်းအင်းစစ်ဆေးခြင်း ခံရလိမ့်မည်။ ဤအချက်သည် အထက်ပါကျိန်တွယ် တင်ပြရသည့် အကြောင်းအရာ ရည်ရွယ်ချက်ဖြင့် ဆက်စပ်နေသည့် ပုံစံမှာ မိုး ကောင်းကင်ပေါ်တွင် ကြယ်တာရာများသည် အမြဲတမ်း ထိန်းသိမ်းခံထား ရသည်။ သို့သော် ယင်းတို့သည် သီးခြားညများ၌သာ ထွက်ပေါ်လေ့ရှိသကဲ့သို့ လူတို့၏ ကျင့်ကြံမှုများ သည်လည်း 'အမလ်' မှတ်တမ်းများတွင် ထိန်းသိမ်းစောင့်ရှောက်ထားလျက် ရှိနေသည်။ သို့သော် ယင်းမှတ် တမ်းများသည် သီးသန့် 'ကေယာမသ်' နေ့တွင်သာ ပေါ်လွင်လာလိမ့်မည်။ သို့ရှိရာ) 'အင်စာန်' လူသားသည် ('ကေယာမသ်' နေ့နှင့် ပတ်သက်ပြီး သောကထားသင့်သည်။ ထို့နောက် ယင်းနှင့် ပတ်သက်၍ ဖြစ်နိုင်ချေ မရှိဟု သံသယရှိခဲ့သော် ထိုလူသားသည်) မိမိမည်သည့်အရာဖြင့် မွေးမြူဖန်ဆင်းခြင်း ခံရသည်ကို ဂရုစိုက် သင့်ပေသည်။ ထိုလူသားသည် ပန်းထွက်သော ကာလရေကြည်ဖြင့် ဖန်ဆင်းခံရသည်။ အကြင်ကာလ ရေကြည်သည် ကျောနှင့် ရင် (ဆိုလိုသည်မှာ ခန္ဓာကိုယ်တစ်ခုလုံး၏) အလယ်ဗဟိုမှ ထွက်ရှိလာသည်။ (မနီသုက်ရည်ကို ဆိုလိုခြင်း ဖြစ်သည်။ အမျိုးသား၏ဖြစ်စေ၊ (အမျိုးသားနှင့် အမျိုးသမီးနှစ်ဦး၏ ဖြစ်စေ၊ အမျိုးသမီး၏ သုက်ရည် ပန်းထွက်မှုသည် အမျိုးသားများခန့် မရှိပေ။ သို့သော် အနည်းနှင့်အများ ပန်းထွက်မှု

တော့ ရှိသည်။ ၄င်းနောက် ဒုတိယဖွင့်ဆိုချက်အပေါ် အလိုသဘောမှာ ꩻ မ (ကာလရေကြည်) ဟုဆိုရာ၌ အမျိုးသားအမျိုးသမီး နှစ်ဦးစလုံး၏ သုက်ရည်ဟူ၍ အဓိပ္ပာယ်မှတ်ယူလျှင် ꩻ မ ဟူသည် နာမ်ကို **ဓကာ** ဝစ် ကိန်းဖြင့် တင်ပြရခြင်းမှာ ၄င်းသုက်ရည်နှစ်ခုစလုံးသည် တစ်ခုနှင့်တစ်ခု ရောနှောပေါင်းစပ်သွားပြီး တစ်မျိုးတည်းပမာ ဖြစ်ရှိသွားသောကြောင့် ဖြစ်သည်။ ထို့နောက် ကျောနှင့် ရင်သည် ခန္ဓာကိုယ်၏ ဆန့်ကျင်ဘက် အရပ်မျက်နှာနှစ်ခုဖြစ်သောကြောင့် ယင်း၏ အလိုသဘောမှာ ခန္ဓာကိုယ်တစ်ခုလုံးကို ရည်ညွှန်းခြင်းလည်း ဖြစ်နိုင်သည်။

အချုပ်အလိုသဘောမှာ မနီသုက်ရည်ဖြင့် 'အင်န်စာန်' လူသားအား ဖန်ဆင်းခြင်းသည် 'ကေယာမသ်' နေ့တွင် ပြန်လည်ရှင်ထစေခြင်းနှင့် ယှဉ်လျှင် သာပို၍ အံ့သြဖွယ်ရာ ကောင်းသည့် ကိစ္စရပ်တစ်ခုဖြစ်သည်။ သို့ရှိရာ ထိုသို့ အံ့သြဖွယ်ရာကောင်းသော ကိစ္စရပ်သည် အလ္လာဟ်မြတ်၏ တန်ခိုးတော်ဖြင့် ပေါ်လွင်ခဲ့ပြီး ဖြစ်သောကြောင့် ဤအချက်သည်လည်း အတည်ဖြစ်ပြီးဖြစ်သည်။ ၄င်းအချက်မှာ) ထိုအလ္လာဟ်မြတ်သည် ပြန်လည်ရှင်သန်စေရန် မုချဧကန် စွမ်းဆောင်နိုင်သော အလ္လာဟ်ဖြစ်သည်။ (ဤသို့ဖြင့် 'ကေယာမသ်' နေ့၏ ဖြစ်နိုင်ဖွယ်ရာ မရှိဟူသော သံသယသည် ဝေးလွင့် ပပျောက်သွားလေသည်။ ဤပြန်လည်ရှင်ပြန်ထစေခြင်းသည် ထိုနေ့၌ ဖြစ်မည်။) အကြင်နေ့တွင် အားလုံး၏ လျှို့ဝှက်ချက်များ ပေါ်လွင်သွားလိမ့်မည်။ (ဆိုလိုသည်မှာ လျှို့ဝှက်ထားသော အကြောင်းအရာများအားလုံး၊ မှားယွင်းနေသော ယုံကြည်ချက်များနှင့် ပျက်ပြားသော ရည်စူးချက်များအားလုံး ပေါ်လွင်သွားလိမ့်မည်။ ထို့နောက် ဒွန်နယာလောကတွင် အခွင့်အရေး ရလျှင် အပြစ်ကို လှည့်စားဖုံးကွယ်ကြသကဲ့သို့ 'ကေယာမသ်' နေ့တွင် ထိုအချက်သည် ဖြစ်နိုင်မည် မဟုတ်ပေ။) တစ်ဖန် 'အင်စာန်' လူသားသည် မိမိကိုယ်တိုင်လည်း (တွန်းလှန်) နိုင်စွမ်း ရှိမည်မဟုတ်သလို ၄င်းကို ကူညီမည့်သူလည်း မည်သူတစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ပေ။

(အကြောင်းမှာ မည်သူမျှ 'အဇားဗ်' အပြစ်ဒဏ်မှ ၄င်းအား ကူညီ၍ တွန်းလှန်ပေးနိုင်မည် မဟုတ်ပေ။ ထို့နောက် ဆက်လက်၍ 'ကေယာမသ်' ဖြစ်ပေါ်မှုသည် အသိဉာဏ်ဖြင့် စဉ်းစားဆင်ခြင်မှုအရ ဖြစ်နိုင်ဖွယ်ရှိသော အချက်ဖြစ်ပါသော်လည်း ၄င်းဖြစ်ပေါ်ဆိုက်ရောက်မည့် အကြောင်းကို ဆင့်ပြန်ချက်များဖြင့် သိရှိရသည်။ ထိုဆင့်ပြန်ချက် အထောက်အထားမှာ ကျမ်းမြတ်ကုရ်အာန် ဖြစ်သည်။ သို့ပါ၍ ယခု ကျမ်းမြတ်ကုရ်အာန်၏ အထောက်အထားဖြစ်ကြောင်း အတည်ဖြစ်ရန် အထောက်အထား လိုအပ်သည်ဆိုပါက ယင်းနှင့် ပတ်သက်၍ ကြားနာကြကုန်လော့။) မိုးကောင်းကင်၏ 'ကစမ်'၊ အကြင်မိုးကောင်းကင်မှ စဉ်ဆက်မပြတ် မိုးများ ရွာသွန်းလေ့ရှိသည်။ ၄င်းနောက် မြေပထဝီ၏ 'ကစမ်'၊ အကြင်မြေပထဝီသည် (အပင်ပေါက်သောအခါ) ကွဲအက်သွားလေ့ ရှိသည်။ (ဆက်လက်၍ 'ကစမ်' ကျိန်ဆိုတင်ပြရသည့် အကြောင်းအရာကို တင်ပြသည်မှာ) ဤကျမ်းတော်မြတ်ကုရ်အာန်သည် အမှန်နှင့် အမှားကို ဆုံးဖြတ်ပေးမည့် ကျမ်းတော်မြတ် ဖြစ်သည်။

၄င်းနောက် ထိုကျမ်းမြတ်သည် အချည်းအနှီး အဓိပ္ပာယ်မဲ့သော အရာမဟုတ်ပေ။ (ဤဝါကျဖြင့် ကျမ်းတော်မြတ် ကုရ်အာန်သည် မှန်ကန်သော ကျမ်းတစ်ဆူဖြစ်ကြောင်းနှင့် အလ္လာဟ်မြတ်ဘက်တော်မှ

ကျရောက်လာသော ကျမ်းဖြစ်ကြောင်း အထောက်အထား ဖြစ်သွားသည်။ ဤသို့ မှန်ကန်သော အထောက်အထားရှိနေပါလျက် ၄င်းတို့၏ အခြေအနေမှာမူ ဤသို့ ရှိသည်။ အကြောင်းမှာ) ၄င်းတို့သည် (အမှန်တရားကို ငြင်းဆိုရန်) အမျိုးမျိုးသော အကြံအစည်များ ပြုနေကြသည်။ ၄င်းနောက် ငါအသျှင်မြတ်သည်လည်း (၄င်းတို့၏ ရည်ရွယ်ချက်ပျက်ပြားရန်နှင့် ပြစ်ဒဏ်ခတ်ရန်) အမျိုးမျိုးသော အကြံအစည်များပြုလျက် ရှိနေသည်။ (၄င်းနောက် ငါအသျှင်မြတ်၏ အကြံအစည်သည်သာ လွှမ်းမိုးသွားမည်မှာ ပေါ်လွင်နေပေသည်။ ထို့နောက် ငါအသျှင်မြတ်၏ အကြံအစည်နှင့် ပတ်သက်ပြီး ကြားသိရပြီးလျှင်) အသင်တမန်တော်သည် ထိုကာဖိရ်များ (၏ ဆန့်ကျင်မှုအား မစိုးရိမ်လေနှင့်။ ထို့နောက် ၄င်းတို့အပေါ် လျင်မြန်စွာ ပြစ်ဒဏ်ကျရောက်ရန် ဆန္ဒမထားလေနှင့်။ သို့သာမက ၄င်းတို့ကို) လက်ရှိအခြေအနေတိုင်းတွင် လွှတ်ထားလေလော့။ (ထို့နောက် ရက်အတန်ကြာမည်မဟုတ်။) ၄င်းတို့အား ရက်အနည်းငယ်မျှသာ လွှတ်ထားလေလော။ (တစ်ဖန် ငါအသျှင်မြတ်သည် ၄င်းတို့အပေါ် 'အဇားဗ်'အပြစ်ဒဏ် ချပေးတော်မူမည်။ မသေဆုံးမီအလျှင် ဖြစ်မည်။ (သို့) သေဆုံးပြီးနောက် ဖြစ်မည်။ နောက်ဆုံး ကျိန်တွယ်မှုနှင့် နောက်ဆုံးအကြောင်းအရာကြား၌ ဤသို့ စပ်ဆက်မှု ရှိနေသည်။ ၄င်းမှာ ကျမ်းတော်မြတ်ကုရ်အာန်သည် မိုးပေါ်မှ ကျရောက်လာသည်။ ထိုကျမ်းမြတ်သည် အရည်အချင်းရှိသူများအား အကျိုးပြုသည်။ ပမာဆိုရသော် မိုးရေသည် မိုးပေါ်မှ ရွာသွန်းပြီး မြေကောင်း၊ မြေသန့်ကို စိမ်းလန်းစိုပြေစေသည့်ပမာ ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤစူရာဟ်၌ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်နှင့် ကြယ်တာရာများကို 'ကစမ်'ကျိန်ဆိုပြီး ဤကဲ့သို့ အမိန့်ရှိထားပေသည်။ လူတိုင်းအပေါ်၌ စောင့်ရှောက်သော အစောင့်တစ်ဦး ရှိပေသည်။ ၄င်းအစောင့်သည် ယင်းလူသား၏ လုပ်ရပ်ဟူသမျှနှင့် လှုပ်ရှားမှုများအားလုံးကို တွေ့မြင် သိရှိနေပေသည်။ ထို့ကြောင့် အသိဉာဏ်၏ တောင်းဆိုမှုမှာ ဤကဲ့သို့ ဖြစ်သည်။ လူသားသည် မိမိ၏ နောက်ဆုံးရလဒ်အပေါ် စဉ်းစားတွေးခေါ်ရပေမည်။ လူသား၏ ဒွန္နယာလောက၌ ပြုလုပ်ခဲ့သော အရာအားလုံးသည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ ထိန်းသိမ်းထားပေသည်။ ဤထိန်းသိမ်းထားမှုသည် 'ကေယာမသ်' နေ့၏ စာရင်းစစ်ဆေးရန်အတွက် ဖြစ်သည်။ ဤအတွက်ကြောင့် မည်သည့်အချိန်မှ 'အာခေရသ်' (လောကုတ္တရာ) နှင့် 'ကေယာမသ်' နေ့၏ သောကထားရှိခြင်းမှ မမေ့လျော့သင့်ပေ။ ထို့နောက် လူတို့၏ နှလုံးသားထဲကို ရိုက်သွင်းနိမ့်စွာကောင်းမှ ထည့်သွင်းလေ့ရှိသော သံသယဒွိဟ၊ ဝိဝါဒများနှင့် စပ်လျဉ်း၍ အဖြေပေးထားပေသည်။ ကွယ်လွန်သေဆုံး၍ မြေမှုန့်များ ဖြစ်သွားပြီးနောက် တစ်ဖန် အစိတ်အပိုင်းများအားလုံး၏ ပြန်စုစည်းမှု၊ ၄င်းနောက် ယင်းအစိတ်အပိုင်းများကို အသက်ပြန်လည် သွင်းပေးမှုမှာ ထင်မြင်ယူဆချက်တစ်ခုဖြစ်ပြီး သို့သာမက လူအများ၏ အမြင်၌ ဖြစ်နိုင်စရာ အကြောင်းမရှိပေဟူသော သံသယစောဒက၏ အဖြေ၌ လူသား၏ အစပြုဖန်ဆင်းမှုအပေါ် စဉ်းစားသုံးသပ်ရန် လမ်းညွှန်ထားပေသည်။ ထိုဖန်ဆင်း

မှုသည် မြေမှုန့်အမျိုးမျိုးနှင့် အကြောင်းခံအမျိုးမျိုးဖြင့် ဖန်ဆင်းထားပေသည်။ ဥပမာ- အစဖန်ဆင်းမှု၌ လောက တစ်ခုလုံးတွင် ရှိသော မြေမှုန့်အမျိုးမျိုးကို စုရုံးစေပြီး မြင်နိုင်သော၊ ကြားနိုင်သော သက်ရှိလူသား တစ်ဦးအဖြစ် ပြုလုပ်ခဲ့ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် လူသားအား တစ်ဖန် ပြန်လည်ရှင်ထစေရန် အဘယ်ကြောင့် မစွမ်းဆောင်နိုင်မည်နည်း။

ယင်းနောက် 'ကေယာမသ်'နေ့၏ အဖြစ်အပျက်အချို့ကို တင်ပြပြီး ဒုတိယအကြိမ် မြေပထဝီနှင့် မိုးကောင်းကင်ကို ကစမ်ကျိန်ဆိုကာ မေ့လျော့နေသော လူသားအား ဤကဲ့သို့ ဖော်ကျူးတင်ပြထားပေသည်။ ယင်းလူသားများအား အကြင်အချက်များနှင့် ပတ်သက်ပြီး 'အာခေရသ်' (လောကုတ္တရာ) ၏ သောကထားရန် တိုက်တွန်းနှိုးဆော်ထားပေသည်။ ယင်းတိုက်တွန်းမှုကို ကျီစယ်မှုနှင့် စိတ်ဖြေသိမ့်စရာဟု မမှတ်ယူကြလေနှင့်။ ရှေ့မှောက်သို့ မုချအမှန် ရောက်ရှိလာမည့် အရာများသည်သာ ဖြစ်ပေသည်။ နောက်ဆုံး၌ ကာဖိရ်များ၏ အကယ်၍ အလ္လာဟ်အသျှင်မြတ် 'ကုဖွရ်' (သွေဖည်ငြင်းပယ် ခြင်း) 'ရှရစ်က်' (တုဖက်နိူင်းယှဉ်ခြင်း) နှင့် အမိန့်မနာခံခြင်းကို မနှစ်သက်ဟုဆိုလျှင် ယင်းသူတို့အပေါ် ဒွန္နယာလောက မှာပင် အဘယ်ကြောင့် ပြစ်ဒဏ်ရောက်မလာသနည်းဟူသော သံသယအား အဖြေပေးထားပေသည်။ ယင်းအချက်အပေါ်၌ စူရာဟ်အဆုံးကို သတ်ထားပေသည်။

ပထမကျိန်ဆိုမှု၌ မိုးကောင်းကင်နှင့်အတူ طارق ကိုလည်း ကျိန်ဆိုထားပေသည်။ 'သွာရစ်က်' ၏ အဓိပ္ပာယ်မှာ ညဥ့် ပေါ်ထွက်လာလေ့ရှိသော အရာဟူ၍ ဖြစ်သည်။ ကြယ်တာရာများသည် နေ့ခင်း၌ ဖုံးကွယ်နေပေ သည်။ ဤအတွက်ကြောင့် ကြယ်တာရာများအား 'သွာရစ်က်'ဟု မိန့်ဆိုထားပေသည်။ ၎င်းနောက် ကုရ်အာန် ကျမ်းတော်မြတ်ကိုယ်တိုင် ယင်း 'သွာရစ်က်'အား အကျယ်ဖွင့်ဆို တင်ပြထားသည်မှာ

وَمَآ اَدۡرٰكَ مَا الطَّارِقُ

ဆိုလိုသည်မှာ အသင်သည် 'သွာရစ်က်'မည်သည့်အရာနည်းဟု သိရှိပါသလော။ တစ်ဖန် အမိန့်ရှိထားသည်မှာ-

اَلنَّجۡمُ الثَّاقِبُ

ဆိုလိုသည်မှာ လင်းဝင်းသော ကြယ်တာရာများဟူ၍ ဖြစ်သည်။ نجم ၏ အဓိပ္ပာယ်မှာ ကြယ်တာရာပင် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ မည်သည့်ကြယ်တာရာဟု သတ်မှတ်မထားပေ။ ဤအတွက်ကြောင့် ၎င်း၏ ရည်ညွှန်းမှုမှာ ကြယ်တာရာတိုင်းအပေါ် ဖြစ်နိုင်ပေသည်။ အချို့သော သဖ်စီးရ် ပညာရှင်များထံ၌ 'နဂျ်မ်'ဆိုသည်မှာ သီးသန့် ثريا (သို့) زحل ဆိုသော ကြယ်တာရာကို ဆိုလိုပေသည်။ အာရဗ်စာပေ၌ 'နဂျ်မ်'ဆိုသော စာလုံးအား ယင်းကြယ်တာရာများအပေါ် သုံးနှုန်းမှုမှာ လာရှိထား၍ ဖြစ်သည်။ ثاقب ၏ အဓိပ္ပာယ်မှာ 'လင်းဝင်းတောက်ပနေခြင်း'ကို ခေါ်ဆိုပေသည်။

إِنْ كُلُّ نَفْسٍ لَمَّا عَلَيْهَا حَافِظٌ ۝

ဤအာယသ်တော်သည် 'ကစမ်'ကျိန်ဆို တင်ပြရသည့် အကြောင်းအရာကို တင်ပြနေခြင်းဖြစ်သည်။ ယင်းအာယသ်တော်၏ အစစာလုံး إِنْ သည် 'နာဖီယဟ်' (ပယ်ဖျက်မှုပြု စာလုံး) ဖြစ်သည်။ ၎င်းနောက် لَمَّا ('မီးမ်'အက္ခရာတွင် 'သရှ်ဒီးဒ်') ဆိုသော စာလုံးသည် إِلَّا ၏ အဓိပ္ပာယ်၌ဖြစ်သည်။ 'ဟုဇိုင်လ်' မျိုးနွယ်ဝင်များ၏ အဘိဓါန်၌ ယင်းစာလုံး၏ အဓိပ္ပာယ်မှာ'အစ်သစ်စ်နာအ်' (ဖယ်ထုတ်ခြင်း) ၏ အဓိပ္ပာယ် ပေးလေသည်။ ၎င်းနောက် ယင်းအာယသ်တော်၏ အဓိပ္ပာယ်မှာ လူသားတိုင်းအပေါ်၌ စောင့်ရှောက်သူ တစ်ဦး မုချ ရှိပေသည်ဟူ၏။ حَافِظٌ ၏ အဓိပ္ပာယ်မှာ 'တစ်ဦးတစ်ယောက်၏ ကျင့်ကြံမှုများကို ၎င်းအား စစ်ဆေးမှုပြုနိုင်ရန် မျက်ခြေမပြတ် လိုက်လံကြည့်ရှုနေသော အစောင့် (ကင်းစောင့်) ဟုလည်း လာရှိထား ပေသည်။ حَافِظٌ ၎င်းနောက် ဟာဖိဇ်၏ အဓိပ္ပာယ်ကို مُحَافِظٌ ဟုလည်း သုံးနှုန်းကြပေသည်။ ယင်း၏ အဓိပ္ပာယ်မှာ 'ဘေးဗလာဒုက္ခများမှ ထိန်းသိမ်းစောင့်ရှောက်သောသူ'ဟူ၍ ဖြစ်သည်။ ပထမအဓိပ္ပာယ်ကို ထောက်ရှုလျှင် حَافِظٌ ၏ အလိုသဘောမှာ 'အအ်မာလ်'ကျင့်မှုဆောင်ရွက်ချက်များကို ရေးသားသော ဖရစ်ရှ်သာဟ်များအား ဆိုလိုပေမည်။

ဒုတိယအဓိပ္ပာယ်ကို ထောက်ရှုလျှင် حَافِظٌ ၏ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်က လူသားတိုင်း အား ထိန်းသိမ်းစောင့်ရှောက်စေရန် အလို့ငှာ သတ်မှတ်ပေးထားသော ဖရစ်ရှ်သာဟ်ကို ဆိုလိုပေမည်။ ယင်းဖရစ်ရှ်သာဟ်သည် လူသားအား နေ့ ညတစ်ချိန်လုံး ဘေးဗလာဒုက္ခများအားလုံးမှ ထိန်းသိမ်းစောင့်ရှောက် နေပေသည်။ အလ္လာဟ်အသျှင်မြတ်က ယင်းလူသားအတွက် သတ်မှတ်ထားသော ဒုက္ခများကို ချန်လှပ်၍ ဖြစ်သည်။ ယင်းအကြောင်းအရာနှင့် ပတ်သက်၍ အခြားသော အာယသ်တော်များ၌ ရှင်းရှင်းလင်းလင်း တင်ပြထားပေသည်။ ၎င်းမှာ-

لَهٗ مُعَقِّبَاتٌ مِّنْ بَيْنِ يَدَيْهِ وَمِنْ خَلْفِهٖ يَحْفَظُوْنَهٗ مِنْ اَمْرِ اللّٰهِ

ဆိုလိုသည်မှာ လူသားများအတွက် ထိန်းသိမ်းစောင့်ရှောက်စေရန် အလို့ငှာ အလှည့်ကျ ဖရစ်ရှ်သာဟ် များ သတ်မှတ်ထားပေသည်။ အကြင်ဖရစ်ရှ်သာဟ်များသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် လူသား၏ ရှေ့နောက်မှ ထိန်းသိမ်းစောင့်ရှောက်ပေသည်။

ဟဒီးစ်တော်တစ်ရပ်၌ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ မုအ်မင်န်တိုင်းအတွက် အလ္လာဟ် အသျှင်မြတ်ဘက်တော်မှ ဖရစ်ရှ်သာဟ်ပေါင်း (၃၆၀) ကို ယင်းလူသားအား ထိန်းသိမ်းစောင့်ရှောက်ရန် သတ်မှတ်ထားပေသည်။ အကြင်ဖရစ်ရှ်သာဟ်များသည် လူသား၏ အစိတ်အပိုင်းတိုင်းအပေါ် ထိန်းသိမ်း စောင့်ရှောက် ကြပေသည်။ ယင်းဖရစ်ရှ်သာဟ်များထဲမှ ဖရစ်ရှ်သာဟ် (၇) ပါးသည် လူသား၏ မျက်လုံးကို

ထိန်းသိမ်း စောင့်ရှောက်ရန်အလို့ငှာ သတ်မှတ်ထားပေသည်။ ဤဖရစ်ရှ်သာဟ်များသည် လူသားအတွက် မသတ်မှတ်ထားသော ဘေးဗလာဒုက္ခအပေါင်းအား လူသားထံမှ ဤကဲ့သို့ ဝေးကွာအောင် ပြုလုပ်ပေးလေသည်။ ဥပမာ- ပျားရည်ခွက်အပေါ်သို့ လာရောက်နားသော ယင်ကောင်များကို ယပ်တောင်နှင့် အခြားသော အရာများဖြင့် ဝေးကွာအောင် ပြုလုပ်သကဲ့သို့ ဖြစ်ပေသည်။ ၄င်းနောက် အကယ်၍ လူသားအပေါ်၌ ဤကင်း စောင့်ထိန်းသိမ်းမှု မရှိခဲ့ဘူးဆိုလျှင် ယင်းလူသားအား ရှိုက်သွာန်များက ကောက်ယူသွားပေမည်။

[ကုရ်သုဗီကျမ်း]

خُلِقَ مِنْ مَّآءٍ دَافِقٍ

ဆိုလိုသည်မှာ လူသားအား ကျောရိုးနှင့် ရင်ဘက်ရိုးမှ ခုန်ပေါက် ထွက်ပေါ်လာသော အရည် (သုက်ရည်) ဖြင့် ဖန်ဆင်းခြင်းခံရပေသည်။ သဖ်စီးရ်ပညာရှင်များက များသောအားဖြင့် ယင်း၏ အဓိပ္ပာယ်ကို ဤသို့ သတ်မှတ်ထားပေသည်။ 'နွတ်သ်ဖှာဟ်' (သုက်ရည်) သည် ယောကျ်ား၏ ကျောရိုးနှင့် မိန်းမ၏ ရင်ဘက်မှ ထွက်ရှိပေသည်။ သို့သော် လူ့ခန္ဓာဗေဒ ပညာရပ်အား ကျွမ်းကျင်သော ဆေးပညာရှင် (ဒေါက်တာ) များ၏ သုတေသနပြုချက်နှင့် အတွေ့အကြုံများအရ သုက်ရည်သည် အမှန်စင်စစ်၌ လူသား၏ အစိတ်အပိုင်းတိုင်းမှ ထွက်ရှိပေသည်။ ၄င်းနောက် ယောကျ်ားနှင့် မိန်းမတို့၏ သုက်ရည်ဖြစ်ပေါ်သော အစိတ်အပိုင်းများအတိုင်း ကလေး၏ ခန္ဓာကိုယ် အစိတ်အပိုင်းများမှာ ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဆိုကြ၏။ သို့သာမက ထိုသုက်ရည်ထွက်ခြင်း၌ ဦးနှောက်မှ ထွက်ရှိမှုသည် အများဆုံး ဖြစ်ပေသည်။ ဤအတွက်ကြောင့် ပေါင်းသင်းဆက်ဆံမှုများသော သူများ များသောအားဖြင့် ဦးနှောက်အားနည်းသွားသည်ကို တွေ့မြင်ရပေသည်။ ယင်းအချက်များနှင့်အတူ ၄င်းဆေးပညာရှင်များ၏ နောက်ထပ်စူးစမ်းမှုမှာ သုက်ရည်သည် အစိတ်အပိုင်းတိုင်းမှ ခွဲထွက်၍ ပင်မအကြောမှတစ်ဆင့် ကပ်ပယ်အိတ်တွင် စုရုံးလေသည်။ တစ်ဖန် ယင်းနေရာမှ သုက်ရည်ထွက်လာပေသည် ဟူ၏။

အကယ်၍ ဤသုတေသနမှာ မှန်ကန်မည်ဆိုလျှင် သဖ်စီးရ် ပညာရှင်များ၏ မိန့်ဆိုမှုအရ 'နွတ်က်ဖှာဟ်' (သုက်ရည်) သည် ယောကျ်ား၏ ကျောရိုးနှင့် မိန်းမ၏ ရင်သားမှ ထွက်ပေါ်သည်ဟု ဆိုခြင်းကို မှားယွင်းသည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဆေးပညာရှင် အများစု၏ အဆိုအရ သုက်ရည်ဖြစ်ပေါ်လာခြင်းတွင် ဦးနှောက်သည် အရေးပါဆုံးသော အရာဖြစ်သည်။ ၄င်းနောက် ဦးနှောက်၏ ကိုယ်စားလှယ်မှာ ပင်မသွေးကြောကြီးပင် ဖြစ်သည်။ အကြောင်ပင်မသွေးကြောသည် ကျောရိုးများအတွင်းတွင် ဦးနှောက်မှ ကျောအထိ ထိုမှတစ်ဆင့် ကပ်ပဲ့အိတ်များအထိ ဆက်နွယ်လျက်ရှိသည်။ ထိုသွေးကြောကြီး၏ အကိုင်းအလက်များသည် ရင်ဘတ်ရိုးများတွင်လည်း ဖြာထွက်လျက်ရှိသည်။ သို့ရှိရာ အမျိုးသား၏ 'နွတ်က်ဖာဟ်' သုက်ရည်တွင် ကျောရိုးမှလာသော သုက်ရည်သည် အမျိုးသမီး၏ 'နွတ်က်ဖာဟ်' (သုက်ရည်) တွင် ရင်သားမှလာသော သုက်ရည်သည် အများဆုံး ပါဝင်ပတ်သက်ခြင်းလည်း ဖြစ်နိုင်ပေသည်။ *[မဇ္ဇဟရီကျမ်း]*

အကယ်၍ ကုရ်အာန်ကျမ်းတော်မြတ်၏ စာသားများအပေါ် စဉ်းစားသုံးသပ်ကြည့်မည်ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်၌ ယောက်ျား၊ မိန်းမ မခွဲခြားထားပေ။ ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ 'နွသ်ဖွာဟ်' (သုက်ရည်) သည် ကျောရိုးနှင့် ရင်သားအကြားမှ ထွက်ပေါ်သည်ဟုသာလျှင် တင်ပြထားပေသည်။ ယင်း၏ အလိုသဘောမှာ 'နွတ်သ်ဖာဟ်' (သုက်ရည်) သည် ယောက်ျားမိန်းမနှစ်ဦး စလုံး၏ ခန္ဓာကိုယ်တစ်ခုလုံးမှ ထွက်ရှိပေသည်ဟူ၍ တစ်စုံတစ်ရာ ဒုက္ခခံစရာမရှိဘဲ အလိုသဘောကို သတ်မှတ်နိုင်ပေသည်။ ၎င်းနောက် အစိတ်အပိုင်းအားလုံးဟု ပြောဆိုရခြင်းမှာ ရှေ့နောက် အရေးကြီးသော အစိတ်အပိုင်းများဖြင့် ပြုလုပ်ခြင်းခံရပေသည်။ ရှေ့၏ အစိတ်အပိုင်းမှာ ရင်ဘတ်ဖြစ်ပြီး နောက်၏ အစိတ်အပိုင်းမှာ ကျောရိုးသည် အစိတ်အပိုင်းအားလုံးထက် အရေးကြီးသော အစိတ်အပိုင်း ဖြစ်ပေသည်။ ယင်းအစိတ်အပိုင်းနှစ်ခုစလုံးမှ ထွက်လာခြင်းကို ခန္ဓာကိုယ်တစ်ခုလုံးမှ ထွက်ပေါ်လာပေသည်ဟူ၍ ဆိုနိုင်ပေသည်။ ဥပမာ-အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ ရေးသားဖော်ပြခဲ့ပြီး ဖြစ်သည်။

إِنَّهُ عَلَىٰ رَجْعِهِ لَقَادِرٌ

رجع ၏ အဓိပ္ပာယ်မှာ 'ပြန်လှည့်ပေးခြင်း' ဟူ၍ ဖြစ်သည်။ ယင်း၏ အလိုသဘောမှာ လောကတစ်ခုလုံးကို ဖန်ဆင်းတော်မူသော အသျှင်မြတ်က လူသား၏ အစကို 'နွတ်သ်ဖာဟ်' (သုက်ရည်) ဖြင့် ဖန်ဆင်းထားပေသည်။ ထိုအသျှင်မြတ်သည် ယင်းလူသားအား ဒုတိယအကြိမ် ပြန်လည် ရှင်စေသောအခါ ဆိုလိုသည်မှာ ကွယ်လွန်သေဆုံးပြီးသည့်နောက် အသက်ပြန်လည်ရှင်စေခြင်းအပေါ် ပို၍ စွမ်းဆောင်နိုင်ပေသည်။

يَوْمَ تُبْلَى السَّرَآئِرُ

تُبْلَى ဆိုသော စာလုံး၏ အဓိပ္ပာယ်မှာ စာမေးပွဲစစ်ခြင်းနှင့် စမ်းသပ်ခြင်းကို ခေါ်ဆိုပေသည်။

၎င်းနောက် سرائر ၏ အဓိပ္ပာယ်မှာ ဖုံးကွယ်ထားသော အလုပ်များ၊ အကြောင်းအရာများကို ခေါ်ဆိုပေသည်။ အလိုသဘောမှာ လူသား၏ စိတ်ထဲ၌ ဖုံးကွယ်ထားသော ယုံကြည်မှုများနှင့် အတွေးအခေါ်များ၊ ၎င်းနောက် ရည်ရွယ်ချက်များနှင့် ဆန္ဒများရှိသည်။ ဒွန္နယာလောက၌ ယင်းအချက်များကို မည်သူမှ မသိရှိကြပေ။ ဤကဲ့သို့ပင် ဒွန္နယာလောက၌ ပုန်းကွယ်ပြီး မည်သူမှ မသိရှိအောင် ပြုလုပ်ကျင့်ကြံခဲ့သော 'အအ်မာလ်'ကျင့်မှုဆောင်ရွက်ချက်များ အားလုံးနှင့် ပတ်သက်ပြီး 'ဟရှရ်'ကွင်းပြင်၌ အားလုံးကို စစ်ဆေးမှုများ ပြုလုပ်ပေမည်။ ဆိုလိုသည်မှာ အရာအားလုံးကို ဖော်ထုတ်ခြင်း ခံရပေမည်။ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﷺ သခင်က အမိန့်ရှိသည်မှာ အလ္လာဟ်အသျှင်မြတ်သည် 'ကေယာမသ်'နေ့၌ လူသား၏ လျှို့ဝှက်ချက်များအားလုံးကို ဖော်ထုတ်တော်မူပေမည်။ ကောင်းသော ယုံကြည်ချက်များနှင့်

မကောင်းသော ယုံကြည်ချက်များ၊ ၎င်းနောက် 'အမလ်'ကျင့်ကြံမှုများ၏ နိမိတ်လက္ခဏာများသည် မျက်နှာပေါ်၌ လင်းဝင်းတောက်ပစွာဖြင့် (သို့) မှောင်မဲနေသော ပုံစံဖြင့် ဖော်ထုတ်ခြင်း ခံရပေမည်ဟူ၏။

[ကုရ်သုဗီကျမ်း]

وَالسَّمَآءِ ذَاتِ الرَّجْعِ

رَجْع ၏ အဓိပ္ပာယ်မှာ 'ဆက်တိုက်ဆက်တိုက် ရွာသော မိုး' ကို ခေါ်ဆိုသည်။ မိုးတစ်ကြိမ် ရွာသွန်းပြီး ရပ်တန့်သွားကာ ၎င်းနောက် တစ်ဖန် ထပ်မံ၍ ရွာသွန်းခြင်းကို ဆိုလိုပေသည်။

اِنَّهٗ لَقَوْلٌ فَصْلٌ

ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် အဆုံးအဖြတ်ပေးသော မုက္ခပါဌ်တော်တစ်ရပ်ဖြစ်သည်။ ယင်းကုရ်အာန် ကျမ်းတော်မြတ်သည် အမှန်အမှားကို ဆုံးဖြတ်ပေးလေသည်။ ယင်းကုရ်အာန်ကျမ်းတော်မြတ်၌ စိုးစဉ်းမျှ သံသယမဖြစ်နိုင်ပေ။

ဟဇရတ်အလီ ﷺ သခင်က အမိန့်ရှိသည်မှာ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ထံတော်မှ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ပတ်သက်ပြီး မိန့်တော်မူသည်ကို ကြားသိခဲ့ပေသည်။

كتاب فيه خبر ما قبلكم وحكم مابعدكم

وهوالفصل ليس بالهزل

ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤကဲ့သို့ ကျမ်းဖြစ်ပေသည်။ ယင်းကျမ်း၌ အသင်တို့ ထက်အလျင် အွမ္မသ်သားများ၏ သတင်းအခြေအနေများကို တင်ပြထားပေသည်။ ၎င်းနောက် အသင်တို့ နောက်တွင် လာမည့်သူများအတွက် အမိန့်ပညတ်ချက်များ တင်ပြထားပေသည်။ ထိုကျမ်းသည် ဆုံးဖြတ်ပေးသော ကျမ်းတစ်ဆူ ဖြစ်ပေသည်။ လှောင်ပြောင်စရာ မဟုတ်ပေဟူ၍တည်း။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်အအ်လာ

အမြင့်မြတ်ဆုံးကဏ္ဍ

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

سَبِّحِ اسْمَ رَبِّكَ الْأَعْلَى ۝١ الَّذِي خَلَقَ فَسَوَّىٰ ۝٢ وَالَّذِي قَدَّرَ فَهَدَىٰ ۝٣
وَالَّذِي أَخْرَجَ الْمَرْعَىٰ ۝٤ فَجَعَلَهُ غُثَاءً أَحْوَىٰ ۝٥ سَنُقْرِئُكَ فَلَا تَنسَىٰ ۝٦
إِلَّا مَا شَاءَ اللَّهُ ۚ إِنَّهُ يَعْلَمُ الْجَهْرَ وَمَا يَخْفَىٰ ۝٧ وَنُيَسِّرُكَ لِلْيُسْرَىٰ ۝٨ فَذَكِّرْ إِن نَّفَعَتِ الذِّكْرَىٰ ۝٩
سَيَذَّكَّرُ مَن يَخْشَىٰ ۝١٠ وَيَتَجَنَّبُهَا الْأَشْقَى ۝١١ الَّذِي يَصْلَى النَّارَ الْكُبْرَىٰ ۝١٢ ثُمَّ لَا يَمُوتُ فِيهَا وَلَا يَحْيَىٰ ۝١٣
قَدْ أَفْلَحَ مَن تَزَكَّىٰ ۝١٤ وَذَكَرَ اسْمَ رَبِّهِ فَصَلَّىٰ ۝١٥ بَلْ تُؤْثِرُونَ الْحَيَاةَ الدُّنْيَا ۝١٦
وَالْآخِرَةُ خَيْرٌ وَأَبْقَىٰ ۝١٧ إِنَّ هَٰذَا لَفِي الصُّحُفِ الْأُولَىٰ ۝١٨ صُحُفِ إِبْرَاهِيمَ وَمُوسَىٰ ۝١٩

၈၇ : ၁ ။ ။ (အို, နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော၊ အမြင့်မြတ်ဆုံး ဖြစ်တော်မူသော အသျှင်မြတ်၏ နာမတော် (သန့်ရှင်းစင်ကြယ်ကြောင်း) ကို ချီးမွမ်းမြွက်ဆိုပါလေ။

၈၇ : ၂ ။ ။ အကြင်အသျှင်မြတ်သည် (အရာခပ်သိမ်းတို့ကို) ဖန်ဆင်းတော်မူပြီးနောက် နေထားတကျဖြစ်အောင်လည်း ပြုလုပ်တော်မူခဲ့၏။

၈၇ : ၃ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် (ချင့်ချိန်) စီမံခန့်ခွဲ (သတ်မှတ်) တော်မူပြီးနောက် လမ်းညွှန်တော်မူ၏။

၈၇ : ၄ ။ ။ ထို့ပြင် ထိုအသျှင်မြတ်သည် ယင်းမြက်၊ သစ်ပင် (ကောက်ပဲသီးနှံ) များကို ပေါက်ရောက်စေတော်မူ၏။

၈၇ : ၅ ။ ။ ထို့နောက် ထိုအသျှင်မြတ်သည် ယင်းမြတ်၊ သစ်ပင်များကို (ခြွေးမြေ့) မည်းနက်သော ရိုးဖြတ်၊ ကောက်ရိုးဖြစ်စေတော်မူ၏။

၈၇ : ၆ ॥ ॥ (အို၊ နဗီတမန်တော်) ကေန်မုချ ငါအသျှင်မြတ်သည် အသင့်အား (ကုရ်အာန်ကျမ်းတော်မြတ်ကို) ရွတ်ဖတ် (တစ်နည်း ကျက်မှတ်) စေတော်မူမည်။ သို့ဖြစ်လျှင် အသင်သည် (မည်သည့်အစိတ်အပိုင်းကိုမျှ) မေ့လျော့မည် မဟုတ်တော့ပြီ။

၈၇ : ၇ ॥ ॥ အလ္လာဟ်အသျှင်မြတ်သည် (မေ့ပျောက်တော်မူရန်) အလိုရှိတော်မူသော အရာမှအပ အခြားကို (မှတ်သားစေမည်။) ကေန်မလွဲ ထိုအသျှင်မြတ်သည် ထင်ရှားသိသာသော အရာကိုလည်းကောင်း၊ ဖုံးကွယ်လျက်ရှိသော အရာကိုလည်းကောင်း သိရှိတော်မူ၏။

၈၇ : ၈ ॥ ॥ ထို့ပြင် ငါအသျှင်မြတ်သည် အသင့်အား တစ်ဖြည်းဖြည်း လွယ်ကူမှုသို့ ပို့ပေးတော်မူပေမည်။ (ငါအသျှင်မြတ်သည် အသင့်အား လွယ်ကူသော ရှရီအသ်ကို (လိုက်နာကျင့်သုံးရန်) လွယ်ကူစေတော်မူမည်။)

၈၇ : ၉ ॥ ॥ သို့ဖြစ်ပေရာ အကယ်၍ ဆုံးမခြင်းသည် အကျိုးဖြစ်စေလျှင် အသင်သည် ဆုံးမပါလေ။

၈၇ : ၁၀ ॥ ॥ (အလ္လာဟ်အသျှင်မြတ်အား) ကြောက်ရွံ့သောသူသည် အမှန်ပင် တရားရပေလိမ့်မည်။

၈၇ : ၁၁ ॥ ॥ သို့ရာတွင် အလွန် အကြောင်းမလှသော သူတို့မှာမူ ယင်းအဆုံးအမ တရားတော်မှ သွေဖည်၍ နေပေလိမ့်မည်။

၈၇ : ၁၂ ॥ ॥ အကြင် အကြောင်းမလှသော သူသည် အလွန်ကြီးကျယ်သော မီးထဲသို့ ဝင်ရောက်ရပေမည်။

၈၇ : ၁၃ ॥ ॥ ထို့နောက် ထိုသူသည် ယင်းမီးထဲ၌ အသက်သေဆုံးသွားမည်လည်း မဟုတ်ပေ။ အသက်ရှင်၍ နေမည်လည်း မဟုတ်ပေ။

၈၇ : ၁၄ ॥ ॥ ကေန်မလွဲ အကြင်သူသည် အောင်မြင်ခဲ့လေပြီ။ ထိုသူသည် (အီမာန်သက်ဝင်ယုံကြည်ခြင်းအားဖြင့်) သန့်ရှင်းစင်ကြယ်ခဲ့၏။

၈၇ : ၁၅ ॥ ॥ ၎င်းပြင် ထိုသူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ နာမတော်ဖြင့် အောက်မေ့တသပြီးနောက် 'ဆွလာႉသ်' ဝတ်ပြုခဲ့၏။

၈၇ : ၁၆ ॥ ॥ ထိုသို့ (ဆွလာႉသ်) အလျဉ်း (ဝတ်ပြုခြင်း ရှိသည်) မဟုတ်။ စင်စစ်မှာ အသင်တို့သည် လောကီဘဝကိုပင် ဦးစားပေးနေကြကုန်၏။

၈၇ : ၁၇ ॥ ॥ အမှန်စင်စစ် တမလွန်ဘဝသည် ပိုမို၍ ကောင်းမြတ်သည့်အပြင် ပိုမို၍ပင် တည်မြဲပေသည်။

၈၇ : ၁၈ ။ ။ ဧကန်စင်စစ် ဤသည် ရှေးသူဟောင်းကျမ်းများ၌လည်း လာရှိခဲ့ပေပြီ။

၈၇ : ၁၉ ။ ။ (နဗီတမန်တော်) အီဗ်ရာဟီးမ်၏ ထံ (သို့ ကျရောက်ခဲ့သော) ကျမ်းများ၌လည်းကောင်း၊ (နဗီတမန်တော်) မူစာ၏ (ထံသို့ ကျရောက်ခဲ့သော) ကျမ်းများ၌လည်းကောင်း (လာရှိခဲ့ပေပြီ။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ တမန်တော်မိုဟမ္မဒ် ﷺ) အသင် (နှင့် အသင်တမန်တော်နှင့် အတူရှိသော အီမာန်ရှင်များအားလုံးသည်) မိမိတို့၏ မွေးမြူဖန်ဆင်းတော်မူသော မြင့်မြတ်တော်မူသော အသျှင်မြတ်၏ နာမတော် (သန့်ရှင်းစင်ကြယ်ကြောင်း) ကို ချီးမွမ်းမြွက်ဆို ဘာဝနာစီးဖြန်းကြကုန်။ အကြင်အသျှင်မြတ်သည် (အရာခပ်သိမ်းကို) ဖန်ဆင်းတော်မူသည်။ တစ်ဖန် (၎င်းတို့ကို) တိတိကျကျ မှန်မှန်ကန်ကန် ဖန်ဆင်းထားတော်မူသည်။ (ဆိုလိုသည်မှာ အရာတိုင်းကို သင့်တင့်လျော်ကန်စွာ ဖန်ဆင်းထားတော်မူသည်။) ၎င်းနောက် အကြင်အသျှင်မြတ်သည် (သက်ရှိများအတွက် ၎င်းတို့နှင့် လျော်ကန်သော အရာများကို) စီမံခန့်ခွဲ ရွေးချယ်သတ်မှတ်ထားတော်မူသည်။ တစ်ဖန် (ထိုသက်ရှိများအား ၎င်းအရာများဘက်သို့) လမ်းညွှန်ပြသတော်မူသည်။ (ဆိုလိုသည်မှာ ၎င်းတို့၏ ဇီဝသဘာဝတွင် ထိုအရာဝတ္ထုများနှင့် ပတ်သက်ပြီး လိုအပ်မှုများထည့်သွင်းပေးတော်မူသည်။) ထို့နောက် အကြင်အသျှင်မြတ်သည် (စိမ်းလန်းသော ကြည်နူးဖွယ်ရာကောင်းသော) စားကျက်များကို (မြေပထဝီထဲမှ) ပေါက်ရောက်စေတော်မူသည်။ တစ်ဖန် ယင်းကို မဲနက်သော (ရိုးပြတ်၊ ကောက်ရိုး) အမှိုက်သရိုက်အဖြစ် ပြုလုပ်လိုက်လေသည်။ (ဦးစွာပထမ သာမန်အားဖြင့် အရာခပ်သိမ်းအား မွေးမြူဖန်ဆင်းမှုများအကြောင်းကို တင်ပြထားပြီး၊ တစ်ဖန် တိရစ္ဆာန်များနှင့် ပတ်သက်သည့်အကြောင်း၊ တစ်ဖန် မြေပထဝီမှ ပေါက်ရောက်သည့် မြက်၊ သစ်ပင်၊ ကောက်ပဲသီးနှံများအကြောင်းတင်ပြထားလေသည်။ အလိုသဘောမှာ လူသားတို့သည် အမိန့်နာခံမှုများဖြင့် တမလွန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သင့်ပေသည်။ ထိုတမလွန်တွင် 'အမလ်'ကျင့်ကြံမှုများနှင့် ပတ်သက်၍ အစားပေးခြင်း ခံရမည်။ ၎င်းနောက် အမိန့်နာခံမှု နည်းလမ်းကို ပြသရန်အတွက်ပင် ငါအသျှင်မြတ်သည် ကျမ်းတော်မြတ် ကုရ်အာန်ကို ချပေးသနားတော်မူသည်။ ၎င်းနောက် အသင်တမန်တော်အား ထိုကျမ်းမြတ်ကို ပို့ချရန်တာဝန်ပေးတော်မူသည်။ သို့ရှိရာ ထိုကျမ်းမြတ်နှင့် ပတ်သက်၍ ငါအသျှင်မြတ် ကတိပြုတော်မူသည်မှာ) ငါအသျှင်မြတ် (ချပေးတော်မူသမျှ) ကျမ်းမြတ်ကုရ်အာန်ကို အသင်တမန်တော်အား ကျက်မှတ်စေတော်မူမည်။ (ဆိုလိုသည်မှာ အလွတ်ကျက်မှတ်စေတော်မူမည်။) တစ်ဖန် အသင်တမန်တော်သည် (ထိုကျမ်းမြတ်၏ မည်သည့်အစိတ်အပိုင်းကိုမှ) မေ့လျော့မည်မဟုတ်ပေ။ သို့သော် အဘယ်မျှခန့် အလ္လာဟ်အသျှင်မြတ်က (မေ့လျော့စေရန်) အလိုရှိတော်မူလိမ့်မည်။ (၎င်းအရာမှအပ အခြားအရာကို မှတ်သားစေမည်။ 'နစ်ခ်' မှတ်ဉာဏ်ချက်ကို ပယ်ဖျက်သည့် နည်းလမ်းတစ်သွယ်မှာ ဤသို့လည်း ရှိသည်။ ဥပမာ- ကျမ်းတော်မြတ်တွင် အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူထားသည်။

مَانَنسَخْ مِنْ اٰيَةٍ اَوْنُنسِهَا

သို့ရှိရာ ထိုမှတ်ဉာဏ်ချက်ကို မုချကေန် တမန်တော်မြတ် ﷺ နှင့် အွမ္မသ်မာန်သားများ၏ အသိဉာဏ်မှ ပယ်ဖျက်တော်မူလိမ့်မည်။ ၄င်းနောက် ဤသို့ မှတ်သားထားရှိစေခြင်းနှင့် ပယ်ဖျက်တော်မူခြင်းတို့တွင် အမျှော်အမြင်တရားများ ရှိတော်မူသည်။ အဘယ်ကြောင့်ဆိုသော်) ထိုအသျှင်မြတ်သည် ထင်ရှားနေသော အရာများနှင့် ဖုံးကွယ်နေသော အရာများအားလုံးကို သိရှိတော်မူသည်။

(ထို့ကြောင့် အသျှင်မြတ်ထံတော်ပါး၌ အရာခပ်သိမ်းနှင့် ပတ်သက်သည့် အမြော်အမြင်များမှာ ဖုံးကွယ်နေသည်ဟူ၍ မရှိပေ။ ထို့ကြောင့် အရာတစ်ခုအား ထိန်းသိမ်းစောင့်ရှောက်ထားသင့်ကြောင်း၊ လျော်ကန်ပါက ၄င်းအရာအား ထိန်းသိမ်းစောင့်ရှောက်ထားစေပေသည်။ ထို့နောက် မေ့လျော့စေရန် သင့်လျော်ပါမူ ထိုအရာအား မေ့လျော့စေတော်မူသည်။) ထို့နောက် (ငါအသျှင်မြတ်သည် အသင့်အား ကျမ်းမြတ်ကုရ်အာန် ကျက်မှတ်ရန် လွယ်ကူစေသကဲ့သို့) ငါအသျှင်မြတ်သည် ထိုလွယ်ကူသော (ရှရီအသ်တရားတော်၏ ပညတ်ချက်အတိုင်းအပေါ် လိုက်နာကျင့်သုံး) ရန်လည်း အသင်တမန်တော်အား လွယ်ကူမှု ချီးမြှင့်တော်မူမည်။ (ဆိုလိုသည်မှာ နားလည်သဘောပေါက်ရန်လည်း လွယ်ကူစေတော်မူမည်။ ၄င်းနောက် ကျင့်သုံးရန်လည်း လွယ်ကူစေတော်မူမည်။ ပို့ချရာတွင်လည်း လွယ်ကူမှု ရှိပေလိမ့်မည်။ ၄င်းနောက် ဘေးဒုက္ခအပေါင်းမှ ကင်းဝင်းစေတော်မူလိမ့်မည်။ ထို့နောက် ရှရီအသ်တရားတော်၏ ဂုဏ်ပုဒ်ပြနာမ်အား يسرى ဟူသော စာသားနှင့် သုံးနှုန်းခြင်းမှာ ထိုရှရီအသ်တရားတော်အား အမွန်းတင် မိန့်ဆိုခြင်း ဖြစ်သည်။ သို့မဟုတ်က ၄င်းတရားတော်၏ ပြဋ္ဌာန်းချက်များသည် လွယ်ကူစေသည့် အကြောင်းခံဖြစ်၍ ဖြစ်ပေမည်။ ငါအလ္လာဟ် အသျှင်မြတ်သည် 'ဝဟီ'ဗျာဒိတ်တော်နှင့် စပ်လျဉ်း၍ လွယ်ကူစေမည်ဟု ကတိပြုထားတော်မူရာ) အသင်တမန်တော်သည် (မိမိကိုယ်တိုင် 'သတ်စ်ဗီဟ်'ဘာဝနာစီးဖြန်းသကဲ့သို့ အခြားသူများကိုလည်း) ဩဝါဒတရား မိန့်ကြားပါလေ။ အကယ်၍ ဩဝါဒမိန့်ကြားခြင်းသည် အကျိုးရှိ မည်ဆိုပါက (သို့သော် ထင်ရှားသောအချက်မှာ ဆုံးမဩဝါဒတရားသည် ပင်ကိုယ်အရမူ အမြဲတစေ အကျိုးပြုမည့်အရာ ဖြစ်သည်။ ဥပမာ- ကျမ်းတော်မြတ်တွင် အသျှင်မြတ်က မိန့်တော်မူသည်မှာ-

فَاِنَّ الذِّكْرٰى تَنفَعُ الْمُؤْمِنِيْنَ

ဆိုလိုသည်မှာ ဆုံးမဩဝါဒတရား မိန့်ကြားခြင်းသည် အကျိုးရှိသော အရာဖြစ်သည့်အတွက် အသင်တမန်တော်သည် ထိုဩဝါဒမိန့်ကြားခြင်းကို အစဉ်အမြဲပြုလုပ်နေလော့။ သို့သော် ဆုံးမဩဝါဒသည် ပင်ကိုယ်အရ အကျိုးရှိသော အရာဖြစ်သောကြောင့် အားလုံးအတွက်လည်း အကျိုးရှိလိမ့်မည်။ အားလုံးက လက်ခံကြလိမ့်မည်ဟု မမှတ်ယူလိုက်လေနှင့်။ သို့သာမက) ထိုသူတို့သည်သာလျှင် ဆုံးမဩဝါဒတော်ကို နာခံကြလိမ့်မည်။ အကြင်သူသည် (အလ္လာဟ်အသျှင်မြတ်အား) ကြောက်ရွံ့လျက် ရှိသည်။ ထို့နောက် အကြင်သူသည် လွန်စွာ နဖူးစာဆိုးရွားသောသူ ဖြစ်သည်။ ထိုသူသည် ဩဝါဒတရားအား ရှောင်လွှဲတတ်ကြသည်။ ၄င်းတို့

သည် (နောက်ဆုံး) ကြီးမားသော မီးတောက်ထဲသို့ (ဆိုလိုသည်မှာ ဒွန်နယာလောက၏ မီးတောက်မီးလျှံများအားလုံးထက် ကြီးမားသော 'ဂျဟန္နမ်' ငရဲဘုံ၏ မီးတောက်ထဲသို့) ဝင်ရောက်ကြရမည်။ တစ်ဖန် (ဤသည်ပင်မက) ထိုငရဲဘုံတွင် သေခြင်းတရားသည်လည်း ရှိမည်မဟုတ်။ ၎င်းနောက် (အေးချမ်းသာယာစွာဖြင့်) နေထိုင်ရမည်လည်း မဟုတ်ပေ။

(ဆိုလိုသည်မှာ ဆုံးမဩဝါဒတရားကို နာခံအကျိုးဖြစ်ထွန်းစေသော စည်းကမ်းချက်မရှိသည့် နေရာတွင် ထိုဩဝါဒ၏ စူးရှမှုအကျိုးအမြတ်သည် ပေါ်လွင်လာမည် မဟုတ်သော်လည်း ထိုဆုံးမဩဝါဒတရားသည် ၎င်း၏ ပင်ကိုယ်အရမူ အကျိုးအမြတ် ဖြစ်ထွန်းစေသော အရာတစ်ခုဖြစ်သည်။ ၎င်းနောက် အသင်တမန်တော်အား အပ်နှင်းထားသော ဝတ္တရားသည်လည်း ဤမျှခန့်ပင် ဖြစ်သည်။ အချုပ်ဆိုရသော် စူရာဟ်၏ အစမှသည် ဤနေရာအထိ တင်ပြသော အလိုသဘောမှာ အသင်တမန်တော်သည် မိမိကိုယ်နှင့် ပတ်သက်၍လည်း ပြည့်စုံမှုရှိရန် ကျင့်ကြံပါလေ။ ၎င်းနောက် အခြားသူများအား ပို့ချပါလေ။ ငါအသျှင်မြတ်သည် အသင်တမန်တော်အား စောင်မတော်မူမည်။ ရှေ့တွင် ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သူများသည် ဆုံးမဩဝါဒတရားများမှ အကျိုးအမြတ် ရယူခံစားကြမည့်အကြောင်း တင်ပြထားပေသည်။)

ထိုသူတို့သည် ရည်ရွယ်ချက်ပန်းတိုင်ကို ရောက်ရှိကြ၏။ (အကြင်သူသည် ကုရ်အာန်ကျမ်းတော်မြတ်ကို နားထောင်ကာ မှားယွင်းသော အယူဝါဒနှင့် သေးသိမ်သော စာရိတ္တများမှ) သန့်စင်ခဲ့ကြကုန်၏။ ၎င်းနောက် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ နာမတော်ကို တသကြ၏။ ၎င်းနောက် 'ဆွလားသ်' ဆောက်တည်ကြကုန်၏။ (သို့သော် အို, ငြင်းဆန်သူအပေါင်းတို့၊ အသင်တို့သည် ကျမ်းမြတ်ကုရ်အာန်ကို ကြားနာကြကာ ၎င်းကို လက်မခံကြပေ။ ထို့နောက် တမလွန်အတွက် ပြင်ဆင်မှု မပြုကြပေ။) သို့သာမက အသင်တို့သည် လောကီဘဝသက်တမ်းကို ရှေ့တန်းတင်ကြသည်။ စင်စစ် လောကုတ္တရာသည် အဆပေါင်းများစွာ ပိုကောင်း၍ တည်မြဲသည်။ (၎င်းနောက် ဤအကြောင်းအရာသည် ကျမ်းမြတ်ကုရ်အာန်ကို တစ်ဆူတည်း၏ ကြွေးကြော်မှုသာလျှင် မဟုတ်ဘဲ) ဤအကြောင်းအရာသည် ယခင်ကျမ်းများတွင်လည်း ပါရှိသည်။ ဆိုလိုသည်မှာ အိဗ်ရာဟီးမ် عليه السلام နှင့် မူစာ عليه السلام တို့၏ ကျမ်းများတွင်လည်း ပါရှိသည်။ (ရူးဟွလ်မအာနီကျမ်းတွင် အဗ်ဒ်ဗင်န်ဟုမိုင်ဒ် (ရဟ) ၏ မရ်ဖူးအ်ဆင့်ပြန်ချက်ကို တင်ပြထားသည်မှာ တမန်တော်အိဗ်ရာဟီးမ် عليه السلام အပေါ်သို့ ဆွဟီဖာ (၁၀) စောင် ကျရောက်ခဲ့သည်။ မူစာ عليه السلام ပေါ်သို့ လည်း 'သောင်ရားသ်' မကျမီအလျင် 'ဆွဟီဖာ' (၁၀) စောင် ကျရောက်ခဲ့သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ပညတ်ချက် ၁

(အိုလမာပညာရှင်များက အမိန့်ရှိသည်မှာ ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်သော သူသည် ، سَبِّحِ اسْمَ رَبِّكَ الْاَعْلٰى စူရာဟ်ကို ဖတ်ရွတ်လိုက်သော် سُبْحَانَ رَبِّيَ الْاَعْلٰى ဟုဆိုခြင်း 'မွတ်စ်

သဟာဗ်' ဖြစ်ပေသည်။ ဆွဟာဗာသာဝကကြီးများဖြစ်သော ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်၊ ဟဇရသ်အဗ်ဒုလ္လဟ်ဗင်န်အွမရ် ﷺ သခင်၊ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် ဇူဗိုင်ရ် ﷺ သခင်၊ ဟဇရသ်အဗူမူစာ ﷺ သခင်နှင့် ဟဇရသ်အဗ်ဒုလ္လာဟ်မတ်စ်အူးဒ် ﷺ သခင်တို့သည် ဤအတိုင်းပင် ပြုကျင့်ခဲ့ကြပေသည်။ ဤစူရာဟ်အား စ၍ ဖတ်သည်နှင့် سُبْحَانَ رَبِّيَ الْأَعْلٰى ကို ဖတ်ကြပေသည်။ *[ကုရ်သုဗီကျမ်း]*

ဆိုလိုသည်မှာ နမာဇ်အပြင်၌ 'သေလာဝသ်'ပြု ဖတ်ရွတ်သော် ဤကဲ့သို့ ဖတ်ရွတ်ခြင်းသည် 'မွတ်စ်သဟာဗ်'ဖြစ်ပေသည်။

ပညတ်ချက် ၂

ဟဇရသ်အွတ်စ်မားန်ဗင်န်အာမိရ်ဂျူဟာနီး ﷺ သခင်က ဆင့်ပြန်ခဲ့သည်မှာ စူရာဟ် سَبِّحِ اسْمَ رَبِّكَ الْأَعْلٰى ကျရောက်လာသောအခါ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ اجعلوها فِى سجودكم ဆိုလိုသည်မှာ ဤစာသား سُبْحَانَ رَبِّيَ الْأَعْلٰى ကို မိမိတို့၏ 'စဂျ်ဒဟ်'၌ ဖတ်ရွတ်ကြလေကုန်။

سَبِّحِ اسْمَ رَبِّكَ الْأَعْلٰى

تسبيح (သက်စဗီးဟ်) ၏ အဓိပ္ပာယ်မှာ သန့်သန့်ရှင်းရှင်း ထားရှိခြင်း၊ ၄င်းနောက် သန့်ရှင်းမှုကို တင်ပြခြင်းပင် ဖြစ်ပေသည်။

سَبِّحِ اسْمَ رَبِّكَ ၏ အဓိပ္ပာယ်မှာ မိမိအသျှင်မြတ်၏ နာမတော်ကို ဂုဏ်ပေးလေးစားကြလော့။ ၄င်းနောက် အလ္လာဟ်အသျှင် မြတ်၏ နာမတော်ကို တသလျှင် ကြောက်ရွံ့ရိုကျိုးမှု၊ ၄င်းနောက် ရိုသေမှုကို ထောက်ရှုကြလော့။ ၄င်းနောက် ယင်းအသျှင်မြတ်၏ နာမတော်နှင့် မအပ်စပ်သော အရာများမှ သန့်ပြန့် အောင် ပြုလုပ်ကြလော့။

ယင်းအမိန့်၌ ဤအချက်လည်း ပါဝင်ပေသည်။ အလ္လာဟ်ကိုယ်တော်တိုင် မိန့်တော်မူထားသော နာမတော်များဖြင့်သာလျှင် အလ္လာဟ်အသျှင်မြတ်အား ခေါ်ဝေါ်တသကြလော့။ (သို့) အလ္လာဟ်အသျှင်မြတ်က မိမိ၏ ရစူလ်တမန်တော်မြတ် ﷺ အား ပြသထားသော နာမတော်များဖြင့် ခေါ်ဝေါ်တသလော။ ထိုနာမ တော်များအပြင် အခြားသော နာမတော်များဖြင့် အလ္လာဟ်အသျှင်မြတ်အား ခေါ်ဝေါ်တသခြင်း မပိုင်ပေ။

ပညတ်ချက် ၃

ဤကဲ့သို့ပင် ယင်းအမိန့်၌ ဤအချက်လည်း ပါဝင်ပေသည်။ အကြင်နာမတော်များသည် အလ္လာဟ် အသျှင်မြတ်အတွက် သီးသန့် ဖြစ်ပေသည်။ ယင်းနာမတော်များအား အခြားသော အဖန်ဆင်းခံများအတွက်

သုံးစွဲခြင်းသည် ထိုအသျှင်မြတ်၏ သန့်ပြန့်စင်ကြယ်မှုကို တင်ပြခြင်းနှင့် ဆန့်ကျင်နေလေသည်။ ဤအတွက်ကြောင့် သုံးစွဲခြင်းမပိုင်ပေ။ *[ကုရ်သုဗီကျမ်း]*

ဥပမာ- رَحْمٰن ، قُدُّوس ، غَفَّار ، رَزَّاق နှင့် အခြားသော နာမတော်များ ယနေ့ခေတ်သမယ၌ ယင်းကိစ္စနှင့် ပတ်သက်၍ သတိလက်လွတ်ထားမှုများ ရှိနေပေသည်။ လူအများသည် အမည်များကို အတိုကောက် ခေါ်ဝေါ်သုံးစွဲခြင်းကို ခံမင်လျက် ရှိနေပေသည်။ အဗ်ဒုရ်ရဟ်မာန်ကို 'ရဟ်မာန်' ဟု ခေါ်ဆိုခြင်း၊ အဗ်ဒုလ်ရဇ်ဇာကက်ကို 'ရဇ်ဇာက်' ဟု ခေါ်ဆိုခြင်း၊ အဗ်ဒုလ်ဂဖ္ဖာရ်ကို 'ဂဖ္ဖာရ်' ဟု ပေါ့ပျက်ပျက် ခေါ်ဆိုကြပေသည်။ ယင်းကဲ့သို့ ခေါ်ဆိုသောသူနှင့် နားထောင်သောသူ နှစ်ဦးစလုံး 'ဂိုနာဂါး‌ရ်' (အပြစ်ကျူးလွန်သောသူ) ဟု မထင်မှတ်ကြပေ။ ၄င်းနောက် ယင်း 'ဂိုနာဟ်'သည် ရသကင်းမဲ့စွာ နေ့၊ ညအလဟဿ ဖြစ်ပေါ်နေပေသည်။ ၄င်းနောက် အချို့သော သဖ်စီးရ်ပညာရှင်များက ဤနေရာ၌ اسم (အမည်) ၏ အလိုသဘောမှာ مسمّى (အမည်ပေးခြင်း ခံရသောသူ) နှင့် တိုက်ရိုက် ပတ်သက်နေပေသည်ဟု ယူဆကြပေသည်။ အာရဗီစာပေ၌လည်း ယင်းကဲ့သို့ ယူဆခွင့် ရှိပေသည်။ ၄င်းနောက် ကုရ်အာန်ကျမ်းတော်မြတ်၌လည်း ယင်းကဲ့သို့ အဓိပ္ပာယ်မျိုးဖြင့် သုံးနှုန်းထားသည်လည်း ရှိပေသည်။ ၄င်းနောက် ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ က ယင်းစာသားကို နမာဇ်၏ 'စဂျ်ဒဟ်'၌ဖတ်ရွတ်ရန် အမိန့်ပေးထားပေသည်။ ယင်းအမိန့်ကို လိုက်နာဆောက်တည်ရာတွင် သတ်မှတ်ပြဋ္ဌာန်းခြင်းခံရသော စာသားမှာ سُبْحَانَ رَبِّكَ الْاَعْلٰى မဟုတ်ပေ။ သို့သာမက سُبْحَانَ رَبِّيَ الْاَعْلٰى ဟူသော စာသား ဖြစ်ပေသည်။ ယင်းအချက်ဖြင့် သိရှိရသည်မှာ ဤနေရာ၌ اسم (အမည်) ဟူသည့် အလိုသဘောသည် အဓိက ဆိုလိုရင်း မဟုတ်ပါ။ مُسَمّٰى ကိုသာ ဆိုလိုပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်ပေသည်။) *[ကုရ်သုဗီးကျမ်]*

လောကကြီးအား ဖန်ဆင်းမှု၌ နူးညံ့သိမ်မွေ့လှသော၊ ၄င်းနောက် နက်နဲလှသော 'ဟိက်မသ်' (ဉာဏ်အမြော်အမြင်) များ

اَلَّذِیْ خَلَقَ فَسَوّٰی ــ وَالَّذِیْ قَدَّرَ فَهَدٰی

ဤအာယသ်တော်များအားလုံးသည် 'ရဗ်ဗေအအ်လာ' (ကြီးမြင့် မြင့်မြတ်တော်မူသော ဖန်ဆင်းစောင့်ရှောက်တော်မူသော အသျှင်) ၏ 'ဆွေဖားသ်'တော်များကို တင်ပြထားပေသည်။ အကြင်ဂုဏ်တော်များသည် လောကကြီးကို ဖန်ဆင်းမှု၌ ယင်းအသျှင်မြတ်၏ ပြီးပြည့်စုံလှသော ဉာဏ်တော်နှင့် ပြီးပြည့်စုံလှသော တန်ခိုးတော်များကို တွေ့မြင်ခြင်းနှင့် ပတ်သက်နေပေသည်။ ယင်းဂုဏ်တော်များထဲမှ ပထမဂုဏ်တော်မှာ خلق ဖြစ်သည်။ خلق ၏ အဓိပ္ပာယ်မှာ တီထွင်ဖန်ဆင်းခြင်းပင် ဖြစ်သည်။ ဤအလုပ်ကို

အခြားသော အဖန်ဆင်းခံများ မတတ်စွမ်းနိုင်ပေ။ အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံလှသော တန်ခိုးတော်သာလျှင် ဖြစ်ပေသည်။ အလျင်၌ မရှိခဲ့သော အရာများကို မိမိ၏ ဆန္ဒအတိုင်း မရှိရာမှ ရှိရာသို့ ဖန်ဆင်းပေသည်။ ဒုတိယဂုဏ်တော်မှာ ယင်းဖန်ဆင်းမှုနှင့် ဆက်စပ်နေသော فَسَوّٰى ပင် ဖြစ်သည်။ ယင်းသည် تسوية ဆိုသော ပုဒ်မှ ဆင်းသက်လာပေသည်။ ယင်းစာလုံး၏ အဓိပ္ပာယ်မှာ အနေအထားတကျ ဖန်ဆင်းခြင်းကို ခေါ်ဆိုပေသည်။ ယင်း၏ အလိုသဘောမှာ အရာရာတိုင်းကို မရှိရာမှ ရှိရာသို့ ဖန်ဆင်းချီးမြှင့်ထားပေသည်။ ယင်းတို့၏ ခန္ဓာကိုယ်ထုထည်များ၊ ၎င်းနောက် ပုံပန်းသဏ္ဌာန်များနှင့် အစိတ်အပိုင်းများ တပ်ဆင်ထားရှိမှု၌ အထူးသင့်လျော်မှုကို ထောက်ရှုကာ ဤပုံစံအတိုင်း ချီးမြှင့်ထားပေသည်။ လူသားနှင့် တိရစ္ဆာန်များကို ယင်းတို့၏ လိုအပ်ချက်များနှင့် လျော်ညီစွာ အစိတ်အပိုင်းများကို တပ်ဆင်ပေးထားပေသည်။ ၎င်းနောက် ယင်းအစိတ်အပိုင်းများ၏ ထုထည်များနှင့် ပုံပန်းသဏ္ဌာန်များကို ၎င်းတို့၏ လိုအပ်ချက်နှင့် ကိုက်ညီစွာ ပြုလုပ်ပေးထားပေသည်။ လက်၊ ခြေထောက်များနှင့် ယင်းတို့၏ လက်ချောင်း၊ ခြေချောင်းများတွင် ဤကဲ့သို့ အဆစ်များ တပ်ဆင်ထားပေသည်။ အလိုရှိရာဘက်သို့ လှည့်နိုင်ပေသည်။

ဤကဲ့သို့ပင် အခြားသော အစိတ်အပိုင်းတိုင်းကို ကြည့်ရှုလော။ ဤကဲ့သို့ အံ့သြဖွယ်ရာ သင့်လျော်မှုဖြင့် ဖန်ဆင်းထားရှိခြင်းသည် လူသားအား လောကကြီးကို ဖန်ဆင်းသော အသျှင်မြတ်၏ ဉာဏ်အမြော်အမြင်နှင့် တန်ခိုးတော်အပေါ် အီမာန်သက်ဝင်ယုံကြည်ရန်အလို့ငှာ လုံလောက်စေပေသည်။

အသျှင်မြတ်၏ ဂုဏ်တော်များနှင့် စပ်လျဉ်း၍ တတိယဂုဏ်တော်အား قَدَّرَ ဟု အမိန့်ရှိထားပေသည်။ تقدير ၏ အဓိပ္ပာယ်မှာ အရာဝတ္ထုတစ်ခုအား သီးသန့်အတိုင်းအတာဖြင့် ပြုလုပ်ခြင်း၊ ၎င်းနောက် တစ်ခုနှင့်တစ်ခု ညီထွေမှု ရှိခြင်းဟူသော အဓိပ္ပါယ်၌လည်း လာရှိပေသည်။ ၎င်းနောက် 'ကဇွာ' နှင့် 'ကဒရ်' ၏ အဓိပ္ပာယ်၌လည်း သုံးစွဲပေသည်။ ၎င်းတို့၏ အဓိပ္ပာယ်မှာ အရာတိုင်းနှင့် ပတ်သက်ပြီး အလ္လာဟ်အသျှင်မြတ်၏ ဆုံးဖြတ်မှုနှင့် သီးသန့်ရွေးချယ်မှုသာလျှင် ဖြစ်သည်။ ဤအာယသ်တော်၌ ဤအဓိပ္ပာယ်ကိုသာလျှင် ဆိုလိုပေသည်။ ယင်း၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် လောက၌ရှိသော အရာများအားလုံးကို ဖန်ဆင်းရုံသက်သက်ဖြင့် မလွှတ်ထားပေ။ သို့သာမက အရာတိုင်းကို သီးသန့် အလုပ်တစ်ခုခုအတွက် ဖန်ဆင်းထားပေသည်။ ၎င်းနောက် ယင်းနှင့် သင့်လျော်မည့် အကြောင်းခံများ ပေးထားပေသည်။ ၎င်းနောက် ထိုသူ့ကို ယင်းအလုပ်၌ နစ်မွန်းစေမည်။ ဤအချက်ကို စဉ်းစားကြည့်မည်ဆိုလျှင် မည်သည့်မျိုးတူ အဖန်ဆင်းခံများနှင့်မှ သီးသန့်မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်သည် လောကကြီးတစ်ခုလုံးနှင့် အဖန်ဆင်းခံများကို သီးသန့်အလုပ်များအတွက် ဖန်ဆင်းပေးထားပေသည်။ ၎င်းနောက် ယင်းတို့ကို ထိုအလုပ်၌ နစ်မွန်းစေမည်။ အရာတိုင်းသည် မိမိတို့အား ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ သတ်မှတ်ခိုင်းစေထားသော တာဝန်ကို ထမ်းဆောင်လျက် ရှိကြပေသည်။ မိုးကောင်းကင်နှင့် ယင်းမိုးကောင်းကင်ရှိ ကြယ်တာရာများ၊ မိုးတိမ်များမှစပြီး လူသားနှင့် သတ္တဝါများ၊ ၎င်းနောက် သစ်ပင်ပန်းမာန်များနှင့် အရာ

အားလုံး၌ ယင်းအချက်ကို တွေ့မြင်နိုင်ပေသည်။ အဖန်ဆင်းခံတိုင်းသည် အလ္လာဟ်အသျှင်မြတ်မှ တာဝန်ပေး ပြဋ္ဌာန်းထားသော လုပ်ဆောင်ချက်များ၌ နစ်မွန်းကာ တာဝန်ထမ်းဆောင်လျက် ရှိနေကြပေသည်။

အထူးသဖြင့် အလ္လာဟ်အသျှင်မြတ်သည် လူသားနှင့် တိရစ္ဆာန်တို့၏ မျိုးနွယ်အုပ်စုများကို သီးသန့် အလုပ်များအတွက် ဖန်ဆင်းပေးထားပေသည်။ ၄င်းတို့သည် သဘာဝအားဖြင့် ယင်းအလုပ်၌ နစ်မွန်းနေကြပေသည်။ ယင်းတို့၏ စိတ်ပါဝင်စားမှု ဝါသနာများသည် ယင်းအလုပ်နှင့် စပ်လျဉ်း၍သာ ဖြစ်ပေါ်နေပေသည်။

စတုတ္ထဂုဏ်တော်ကို فَهَدٰى ဟု မိန့်ဆိုထားပေသည်။ ဆိုလိုသည်မှာ လောကကြီးကို ဖန်ဆင်းတော်မူသော အသျှင်မြတ်က အရာဝတ္ထုတစ်ခုအား အလုပ်တစ်ခုခုအတွက် ဖန်ဆင်းထားပေသည်။ ယင်းအရာနှင့် ပတ်သက်ပြီး မည်သည့်နည်းမည်သည့်ဟန်ဖြင့် အလုပ်ကို အသုံးသတ်ရန် လမ်းညွှန်ထားပေသည်။ အမှန်စင်စစ်မှာ ဤလမ်းညွှန်မှုတွင် လောကကြီးတစ်ခုလုံးနှင့် အဖန်ဆင်းခံများအားလုံး မိုးကောင်းကင် (သို့) မိုးကောင်းကင်ပေါ်၌ ရှိသော အဖန်ဆင်းခံများ၊ မြေပထဝီနှင့် ယင်းမြေပထဝီပေါ်၌ ရှိသော အဖန်ဆင်းခံများအားလုံး ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်က ယင်းအဖန်ဆင်းခံများကိုလည်း သီးသန့်ဉာဏ်အမြော်အမြင်တစ်ခု ပေးထားလေသည်။ ထိုအသိဉာဏ်ပေးထားမှုမှာ လူသား၏ အသိဉာဏ်နှင့် ယှဉ်လျှင် နည်းပေသည်။ ဥပမာ- ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော အာယသ်တော်၌ အမိန့်ရှိထားပေသည်။

اَعۡطٰی کُلَّ شَیۡءٍ خَلۡقَهٗ ثُمَّ هَدٰی

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အရာတိုင်းကို ဖန်ဆင်းပြီး၊ တစ်ဖန် ယင်းအဖန်ဆင်းခံများကို ၄င်းတို့၏ အလုပ်များနှင့် ပတ်သက်ပြီး လမ်းညွှန်မှု ပြုထားပေသည်။ ယင်းကဲ့သို့ ကျယ်ပြန့်မှု ရှိသော လမ်းညွှန်ထားမှုကြောင့် မိုးကောင်းကင်နှင့် မြေပထဝီ၊ ကြယ်တာရာများ၊ နက္ခတ်တာရာများ၊ တောင်များ၊ မြစ်၊ ပင်လယ်များအားလုံးသော အရာတို့သည် အစကနဦး ဖန်ဆင်းချိန်မှစပြီး လူတို့အား အကျိုးပြုရန် သတ်မှတ်ခြင်းခံရပေသည်။ ယင်းအကျိုးပြုရာ၌ ပျင်းရိ ခိုကပ်ခြင်းမရှိဘဲ မှန်မှန်ကန်ကန် အမိန့်နာခံကြပေသည်။ အထူးသဖြင့် လူသားနှင့် သက်ရှိသတ္တဝါများ၊ ယင်းတို့၌ အသိဉာဏ်ရှိကြောင်း အချိန်တိုင်းလိုလို တွေ့မြင်ခံစား သိရှိနေရပေသည်။ အဖန်ဆင်းခံများထဲမှ အမျိုးတူတိုင်း၊ အုပ်စုတိုင်းသာမက တစ်ယောက်တိုင်းကို မိမိတို့သက်တမ်း၏ လိုအပ်ချက်များ ရရှိစေရန်နှင့် မိမိတို့နှင့် ဆန့်ကျင်သော အရာများကို ဝေးကွာအောင် ပြုလုပ်နိုင်ရန် အသိဉာဏ် အံ့ဩမှင်သက်စေမည့် အလွန်နက်ရှိုင်းသည့် ပညာရပ်များကို သင်ကြားပေးထားပေသည်။ အဖန်ဆင်းခံများအားလုံး၌ လူသားသည် အလွန် အသိဉာဏ်ကြွယ်ဝသောသူ ဖြစ်သည်။ တောထဲ၌ ရှိသော တိရစ္ဆာန်များ၊ သားရဲတိရစ္ဆာန်များ၊ ပျံသန်းသော တိရစ္ဆာန်များ၊ ၄င်းနောက် မြေရိုင်းသတ္တဝါများကို ကြည့်ကြကုန်လော့။ ၄င်းတို့သည် မိမိတို့အဖို့သာမက မိမိမျိုးနွယ်

များ၏ လိုအပ်ချက်များကို ပြည့်ဝစေရန်အလို့ငှာ အဘယ်ကဲ့သို့သော လက်မှုပညာရပ်များ သင်ကြားကြပေသည်။ ဤအကြောင်းခံမပါဘဲ သင်ပေးမှုများအားလုံးသည် လောကကြီးကို ဖန်ဆင်းတော်မူသော အသျှင်မြတ်ဘက်တော်မှ ဖြစ်ပေသည်။ ယင်းအဖန်ဆင်းခံများသည် မည်သည့်ကောလိပ်၊ တက္ကသိုလ်ကျောင်းတွင် နေထိုင်ပြီး (သို့) မည်သည့်ဆရာတစ်ပါးပါးထံမှ ဤပညတ်ချက်များကို သင်ကြားခဲ့သည် မဟုတ်ပေ။ သို့သာမက ဤပညတ်များအားလုံးသည် ယင်းလမ်းညွှန်မှုများနှင့် အသျှင်မြတ်၏ တိုက်တွန်းနှိုးဆော်မှု၏ ရလဒ်ပင် ဖြစ်ပေသည်။ ၄င်းနှင့် ပတ်သက်ပြီး အာယသ်တော်

اَعۡطٰى كُلَّ شَيۡءٍ خَلۡقَهٗ ثُمَّ هَدٰى

၌ ဖော်ပြထားပေသည်။ ၄င်းနောက် ဤစူရာဟ်၏ قَدَّ رَ فَهَدٰى ဆိုသော အာယသ်တော်၌ အမိန့်ရှိထားပေသည်။

လူသားအား သိပ္ပံပညာ နားလည်တတ်ကျွမ်းစေမှုသည်လည်း အမှန်စင်စစ်၌ အသျှင်မြတ်ကသာလျှင် ချီးမြှင့်ထားခြင်းဖြစ်ကြောင်း

အလ္လာဟ်အသျှင်မြတ်သည် လူသားအား အဖန်ဆင်းခံများအားလုံးထက် ပိုပြီး ပြီးပြည့်စုံလှသော ဉာဏ်အမြော်အမြင်ကို ချီးမြှင့်ထားပေသည်။ ယင်းလူသားများအား လောကကြီး၏ ပြုစုခြင်းခံရသောသူအဖြစ် ပြုလုပ်ပေးထားပေသည်။ မြေပထဝီတစ်ခုလုံးနှင့် တောင်များ၊ ၄င်းနောက် မြစ်၊ ပင်လယ်များနှင့် ယင်းတို့ထဲ၌ ဖန်ဆင်းထားသော အရာဝတ္ထုများသည် လူသား၏ ပြုစုမှုပြုရန်နှင့် ယင်းတို့၏ အကျိုးရှိစေရန်အလို့ငှာ ဖန်ဆင်းထားပေသည်။ သို့သော် ယင်းအရာဝတ္ထုများကို ပြည့်ဝစွာ အကျိုးခံစားခြင်းနှင့် အမျိုးမျိုးသော အကျိုးများရယူခြင်း၊ ၄င်းနောက် အမျိုးမျိုးသော အရာဝတ္ထုများကို ပေါင်းစပ်ပြီး၊ ပစ္စည်းအသစ်တစ်ခု ဖန်တီးနိုင်ရန်အတွက် ပညာနှံ့စပ် တတ်ကျွမ်းရန် လိုအပ်ပေသည်။ တန်ခိုးတော်အသျှင်မြတ်က ဤကြီးမားသော ဉာဏ်ပညာရပ်ကို လူသားအား သဘာဝအားဖြင့် နားလည်သိရှိစေပြီး တောင်များကို ထွင်းပြီး၊ မြစ်ပင်လယ်များတွင် ရေငုပ်ပြီး သိန်းပေါင်းများစွာသော တွင်းထွက်ပစ္စည်းများ ရေအောက်သံယံဇာတများကို ဖော်ထုတ်ရယူနိုင်မည့် အသိဉာဏ်နှင့် နားလည်မှုကို ထည့်ထားပေသည်။ တစ်ဖန်သစ်သား၊ သံ၊ ကြေးနီ၊ ကြေးဝါနှင့် အခြားသော အရာများကို အချင်းချင်း ပေါင်းစပ်ပြီး ပစ္စည်းအသစ်များကို မိမိလိုအပ်ချက်နှင့်အညီ ပြုလုပ်ကြပေသည်။ ဤလက်မှုပညာရပ်များသည် သိပ္ပံ၏ စူးစမ်းမှုနှင့် ကောလိပ်ကျောင်းများ၏ သင်ကြားမှုပေါ်၌ မမူတည်ပေ။ ကမ္ဘာကြီး၏ အစကတည်းက စာမတတ်သော ပညာမဲ့များသည် ဤအလုပ်များအားလုံးကို ပြုလုပ်ပြသခဲ့ကြပေသည်။ ၄င်းနောက် ဤအချက်သာလျှင် သဘာဝသိပ္ပံပညာရပ် ဖြစ်ပေသည်။ အကြင်ပညာရပ်ကို အလ္လာဟ်အသျှင်မြတ်က လူသားအား သဘာဝအားဖြင့် ချီးမြှင့်ထားပေသည်။

ရှေ့ဆက်ပြီး ဘာသာရပ်အားဖြင့် ၄င်းနောက် ပညာရပ်များကို စူးစမ်းမှု၏ အကြောင်းခံဖြင့် ယင်း ပညာရပ်များ၌ တိုးတက်စေရန် အရည်အချင်းများကိုလည်း တန်ခိုးတော်အသျှင်မြတ်ကသာလျှင် ချီးမြှင့်ပေးထားပေသည်။ ဤအချက်ကို အားလုံး သိရှိကြပေသည်။ သိပ္ပံသည် မည်သည့်အရာကိုမှ မဖန်ဆင်းပေ။ သို့သာမက တန်ခိုးတော်အသျှင်မြတ်၏ ဖန်ဆင်းထားသော အရာများကို သုံးစွဲရန် သင်ပြပေးလေသည်။ အလ္လာဟ်အသျှင်မြတ်သည် လူသားအား ယင်းသုံးစွဲမှု၏ အနိမ့်ဆုံးအဆင့်ကို သဘာဝအားဖြင့် စူးစမ်းမှုကို၊ ၄င်းနောက် တိုးတက်မှုရှိစေရန်အလို့ငှာ အလွန်ကျယ်ပြန့်လှသော ကွင်းပြင်ကို ပြုလုပ်ထားပေသည်။ ၄င်းနောက် လူသား၏ ဗီဇတွင် ယင်းကို နားလည်စေနိုင်သည့် အရည်အချင်းများနှင့် မှန်ကန်မှုများကို ထည့်ထားပေသည်။ ယင်းအဖြစ်အပျက်နှင့် ပတ်သက်ပြီး ဤကဲ့သို့ သိပ္ပံတိုးတက်နေသော ခေတ်တွင် နေ့စဉ်နှင့်အမျှ အသစ်အဆန်းများ ရှေ့မှောက်၌ ဖြစ်နေပေသည်။ ရှေ့ဆက်၍ မည်သည့်အရာများ ဖြစ်လာနိုင်မည်ကို ခန့်မှန်း၍ မရပေ။ စဉ်းစားကြည့်မည်ဆိုလျှင် ဤအချက်များအားလုံးသည် ကုရ်အာန်ကျမ်းမြတ်၏ စာလုံးတစ်လုံးဖြစ်သော فَهَدٰى (လမ်းညွှန်တော်မူသည်) ဟူသော စာလုံး၏ အကျယ်ရှင်းလင်းချက်ပင် ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ယင်းအလုပ် (တစ်နည်း) လမ်းများကို လူသားအား ပြသထားပေသည်။ ၄င်းနောက် ယင်းပြသမှု၌ အလုပ်ကို ပြည့်ဝအောင် ပြုလုပ်နိုင်သည့် အရည်အချင်းများ ချီးမြှင့်ထားပေသည်။ သို့သော် ဝမ်းနည်းစရာကောင်းသည့် အချက်မှာ သိပ္ပံပညာ၌ တိုးတက် အောင်မြင်မှု ရရှိနေသော သူများသည် ယင်း၏ ဇစ်မြစ်ကို ပို၍ပင် မသိရှိနိုင်ဘဲ ရှိနေကြပေသည်။ သို့သာမက မျက်ကန်းဖြစ်နေလေသည်။

وَالَّذِىٓ اَخۡرَجَ الۡمَرۡعٰى ـــ فَجَعَلَهٗ غُثَآءً اَحۡوٰى

مرعى ၏ အဓိပ္ပာယ်မှာ 'စားကျက်' ကို ခေါ်ဆိုပေသည်။ ယင်းနေရာ၌ ခြေလေးချောင်းသတ္တဝါများ ကျက်စားကြလေသည်။ ၄င်းနောက် غثاء ၏ အဓိပ္ပာယ်မှာ ရေစီးကြောင်း၌ မျောပါလာပြီး အပေါ်တက်လာသော အမှိုက်ပုံကို ခေါ်ဆိုပေသည်။ احوى သည် حوّة ဆိုသော ပုဒ်မှ ဆင်းသက်လာပေသည်။ ၄င်း၏ အဓိပ္ပာယ်မှာ အစိမ်းရင့်ရောင်၌ အမဲရောင်တစ်မျိုး သန်းနေပေသည်။ ယင်းကို حوّت ဟု ခေါ်ဆိုပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ယင်းအာယသ်တော်၌ ကောက်ပဲသီးနှံများနှင့် ပတ်သက်ပြီး မိမိ၏ တန်ခိုးတော်နှင့် ဉာဏ်အမြော်အမြင် အချို့အကြောင်းကို မိန့်တော်မူထားပေသည်။ မြေကြီးမှ စိမ်းလန်းစိုပြေသောမြက် ထွက်ပေါ်စေသည်။ တစ်ဖန် ယင်းမြက်ကို ခြောက်သွေ့စေပြီး အမဲရောင်အဖြစ် ပြုလုပ်လိုက်ပေသည်။ ထိုစိမ်းလန်းစိုပြေမှုမှာ ပျောက်သွားပေသည်။ ယင်းအမိန့်၌ လူသားကို ၄င်း၏ နောက်ဆုံးရလဒ်ဘက်သို့ ညွှန်ပြထားပေသည်။ ဤခန္ဓာကိုယ်၏ ခန့်ညားလှပမှုနှင့် ဖြတ်လတ်သန်မာမှုတို့ကို အလ္လာဟ်အသျှင်မြတ်ကသာလျှင် ချီးမြှင့်ထားပေသည်။ နောက်ဆုံး၌ ထိုအရာများအားလုံး ပျက်သုဉ်းသွားပေမည်။

سَنُقْرِئُكَ فَلَا تَنْسَىٰٓ اِلَّا مَاشَآءَ اللّٰهُ

တင်ပြပြီးခဲ့သော အာယသ်တော်များတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ တန်ခိုးတော်နှင့် ဉာဏ်တော်အချို့ အဖြစ်အပျက်များကို တင်ပြပြီးသည့်နောက် တမန်တော်မြတ် ﷺ ကို နဗီတာဝန်ဝတ္တရားဘက်သို့ အချို့သော လမ်းညွှန်မှုများ ပြုထားပေသည်။ တမန်တော်မြတ် ﷺ အလုပ်များကို လွယ်ကူစေမည့်အကြောင်း လမ်းညွှန်မှုမပြုမီအလျှင် သတင်းကောင်းများ ပေးထားပေသည်။ ထိုသတင်းကောင်းများမှာ ဤသို့ ဖြစ်သည်။ အစကနဦးပိုင်း၌ တမန်တော်မြတ် ﷺ အပေါ်သို့ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်လာသောအခါ ဟဇရတ်ဂျိဗ်ရာအီးလ်အမီးန် ﷺ က ကုရ်အာန်၏ အာယသ်တော်တစ်ခုခုကို ဖတ်ပြသောအခါ တမန်တော်မြတ် ﷺ သည် အာယသ်တော်၏ စာလုံးများကို မေ့လျော့သွားမည်ကို စိုးရိမ်သောက ဖြစ်နေပေသည်။ ဤအတွက်ကြောင့် ဟဇရတ်ဂျိဗ်ရာအီးလ်အမီးန် ﷺ ၏ ရွတ်ဖတ်မှုနှင့်အတူ တမန်တော်မြတ် ﷺ သည် ကုရ်အာန်၏ စာသားများကို ဖတ်ရွတ်လေ့ ရှိသည်။

အလ္လာဟ်အသျှင်မြတ်သည် ၎င်းအာယသ်တော်၌ ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်စေရန် မိမိတာဝန်ယူထားပေသည်။ တမန်တော်မြတ် ﷺ အား သောကမှ ကင်းဝေးစေသည်။ ဟဇရတ်ဂျိဗ်ရာအီးလ် ﷺ ပြန်သွားပြီးနောက် တမန်တော်မြတ် ﷺ အား ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များ မှန်မှန်ကန်ကန် ဖတ်ရွတ်စေခြင်း၊ တစ်ဖန် ယင်းအာယသ်တော်များကို ကျက်မှတ်ပြီး ထိန်းသိမ်းစေခြင်းမှာ ငါအသျှင်မြတ်၏ တာဝန်ပင် ဖြစ်သည်။ အသင်ကိုယ်တော် သောကမထားလေနှင့်။ ယင်း၏ အချုပ်ရလဒ်မှာ

فَلَا تَنْسَىٰٓ اِلَّا مَاشَآءَ اللّٰهُ

ဆိုလိုသည်မှာ အသင်တမန်တော်သည် ကျမ်းတော်မြတ်၏ မည်သည့်အရာကိုမျှ မေ့လျော့လိမ့်မည် မဟုတ်။ သို့သာမက အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် မိမိ၏ ဉာဏ်တော် အမြော်အမြင်အရ အာယသ်တော်တစ်ခုခုကို အသင်တမန်တော်၏ အာရုံမှတ်ဉာဏ်မှ မေ့ပျောက်စေခြင်း၊ (သို့မဟုတ်) ပယ်ဖျက်စေလိုပါက ထိုအာယသ်တော်များသာလျှင် မေ့ပျောက်သွားမည် ဖြစ်သည်။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် ကျမ်းတော်မြတ်၏ အချို့အာယသ်တော်များကို منسوخ ပယ်ဖျက်တော်မူသောအခါ ထိုပယ်ဖျက်မှု၏ ကျော်ကြားသော ပုံသဏ္ဌာန်တစ်မျိုးသည် ယံခင်ချမှတ်ထားသော ပညတ်ချက်နှင့် ဆန့်ကျင်သော ရှင်းလင်းပြတ်သားသည့် သတ်မှတ်ချက်တစ်ခုကို ချမှတ်ပေးခြင်းဖြစ်သည်။ منسوخ ၏ အခြားပုံစံတစ်မျိုးမှာ ထိုအာယသ်တော်ကိုပင် တမန်တော်မြတ် ﷺ နှင့် အများမွတ်စ္စလင်မ်တို့၏ အသိအာရုံမှ ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ ဥပမာ- ကျမ်းတော်မြတ်၏ အာယသ်တော်များကို منسوخ ပြုလုပ်ခြင်းနှင့် ပတ်သက်သော အာယသ်တော်တွင် မိန့်တော်မူထားသည်။

مَانَنْسَخْ مِنْ اٰيَةٍ اَوْنُنْسِهَا

ဆိုလိုသည်မှာ ငါအသျှင်မြတ် منسوخ ပြုတော်မူသော အာယသ်တော်များကို အသင်တမန်တော်၏ အသိအာရုံမှ မေ့ပျောက်စေတော်မူသည်။ အချို့ပညာရှင်များသည် اِلَّا مَاشَاءَ اللّٰهُ ဟူသော စာသားအား

သီးခြားထားသည့် အလိုသဘောကို တင်ပြသည်မှာ အလ္လာဟ်အသျှင်မြတ်သည် လျော်ကန်မှုတစ်ခုခုကြောင့် ၎င်းနောက် အမြော်အမြင်တစ်ခုခုကြောင့် ယာယီအားဖြင့် အာယသ်တော်တစ်ပိုဒ်ကို တမန်တော်မြတ် ﷺ ၏ အသိအာရုံမှ မေ့ပျောက်စေပြီး တစ်ဖန် ပြန်လည် သတိရစေတော်မူခြင်းလည်း ဖြစ်နိုင်ပေသည်။ အချို့ ဆင့်ပြန်ချက်များတွင် ဤသို့ လာရှိသည်။ တစ်နေ့သ၌ တမန်တော်မြတ် ﷺ သည် စူရာဟ်တစ်ပုဒ်ကို ရွတ်ဖတ်ရာတွင် အာယသ်တော်တစ်ပိုဒ် ကျန်ရစ်ခဲ့သည်။ 'ဝဟီ' ဗျာဒိတ်တော်အား ရေးမှတ်ရသော သာဝကကြီး အိုဗိုင်ရ်ဗင်န်ကအစ်ဗ် ؓ သခင်က ထင်မှတ်သည်မှာ ဤကျန်ရစ်ခဲ့သော အာယသ်တော်သည် **منسوخ** ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော် တမန်တော်မြတ် ﷺ အား မေးမြန်းလျှောက်ထားသော ကိုယ်တော်က မိန့်တော်မူသည်မှာ **منسوخ** ဖြစ်ခြင်း မဟုတ်ပါ။ ငါကိုယ်တော် မေ့လျော့၍ ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

[ကုရ်သုဗီးကျမ်း]

သို့ရှိရာ အထက်တင်ပြပါ သီးခြားထားသော စာသား၏ အလိုသဘောမှာ ယာယီအားဖြင့် အာယသ်တော်တစ်ပိုဒ်ကို မေ့လျော့ခြင်း ပြီးနောက် တစ်ဖန်ပြန်၍ သတိရခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်နှင့် မဆန့်ကျင်ပေ။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံး ဖြစ်သည်။)

وَنُيَسِّرُكَ لِلْيُسْرٰى

ယင်းစာလုံး၏ အဓိပ္ပာယ်မှာ ငါအလ္လာဟ်အသျှင်မြတ်သည် အသင့်အား **يُسْرٰى** ၏ နည်းလမ်းကို လွယ်ကူအောင် ပြုလုပ်ပေမည် ဖြစ်သည်။ **يُسْرٰى** ၏ နည်းလမ်းဟူသည်မှာ အစ္စလာမ်သာသနာ၏ ရှရီအသ်တရားတော်ကို ဆိုလိုပေသည်။ အပေါ်ယံအားဖြင့် ယင်းနေရာ၏ လိုလားချက်မှာ ဤသို့ဖြစ်သည်။ ငါအလ္လာဟ်အသျှင်မြတ်သည် အသင်ကိုယ်တော့်အတွက် ၎င်းနည်းလမ်းနှင့် ရှရီအသ် တရားတော်ကို လွယ်ကူမှု ပြုလုပ်ပေးမည်။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ်သည် ယင်းအချက်ကို လွှတ်ပြီး ဤကဲ့သို့ အမိန့်ရှိထားပေသည်။ ငါအလ္လာဟ်အသျှင်မြတ်သည် ၎င်းနည်းလမ်းနှင့် ပတ်သက်ပြီး အသင်ကိုယ်တော်ကို လွယ်ကူအောင် ပြုလုပ်ပေးမည်။ ထိုအာယသ်တော်တွင် အဓိကကျသော အမြော်အမြင်တစ်ရပ်ကို တင်ပြထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တမန်တော်၏ ဗီဇသဘာဝကိုပင် ဤသို့ ဖန်တီးပေလိမ့်မည်။ ၎င်းမှာ ရှရီအသ်လမ်းစဉ်ပင်လျှင် ကိုယ်တော်၏ ဗီဇသဘာဝ ဖြစ်သွားလိမ့်မည်။ ၎င်းနောက် ရှရီအသ်၏ ပုံစံတွင် အသင်တမန်တော်သည် ပုံသွင်းပြီးသား ဖြစ်သွားလိမ့်မည်။

فَذَكِّرْ اِنْ نَّفَعَتِ الذِّكْرٰى

အထက်ပါတင်ပြခဲ့သော အာယသ်တော်များ၌ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ တမန်တော်မြတ် ﷺ အား နဗီ၏ တာဝန်ထမ်းဆောင်ရာ၌ ချီးမြှင့်ထားသော လွယ်ကူမှုများအကြောင်းကို တင်ပြထားပေသည်။ ဤအာယသ်တော်၌ တမန်တော်မြတ် ﷺ အား ၎င်းတာဝန်ကို ထမ်းဆောင်ရန် အမိန့်ပေးထားပေသည်။

အာယသ်တော်၏ အဓိပ္ပာယ်မှာ အကယ်၍ ဆုံးမစကားသည် အကျိုးပေးမည်ဆိုပါက အသင်ကိုယ်တော်သည် လူအပေါင်းအား ဆုံးမစကားများ ပြောကြားလော။ ဤစာသားသည် စည်းကမ်းချက်ဟု ထင်ရပေသည်။ သို့သော် အမှန်စင်စစ် ရည်ရွယ်ချက်၌ စည်းကမ်းချက်တစ်ရပ်အနေဖြင့် မဟုတ်ပေ။ သို့သာမက ယင်းအလုပ်ကို လေးနက်စွာ အမိန့်ပေးခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ ယင်း၏ ဥပမာမှာ လူတစ်ယောက်က နောက်လူတစ်ဦးအား သတိပေးသောအနေဖြင့် ပြောဆိုသည်မှာ အကယ်၍ အသင်သည် လူဟုဆိုလျှင် အလုပ်တစ်ခုခုကို ပြုလုပ်လိမ့်မည်။ (သို့) အကယ်၍ အသင်သည် မည်သူမည်ဝါ၏ သားဖြစ်မည်ဆိုလျှင် အသင်သည် ဤသို့ ပြုလုပ်သင့်သည်။ ဤနေရာ၌ စည်းကမ်းချက်သတ်မှတ်လိုခြင်း မဟုတ်ပေ။ သို့သာမက ယင်းအား ပေါ်လွင်ထင်ရှားစေရန်ပင် ဖြစ်သည်။ အကြောင်းမှာ အသင်သည် လူသားတစ်ဦးဖြစ်လျှင် (သို့) အသင်သည် မည်သည့်သူတော်စင်၊ သူမွန်သူမြတ်၏ သားဖြစ်လျှင် အသင့်အပေါ် ဤလုပ်ရပ် ပြုလုပ်ခြင်းသည် အရေးကြီးသည်။ အလိုသဘောမှာ ဆုံးမစကား မိန့်ခြွေခြင်းနှင့် ပို့ချခြင်းသည် အကျိုးရှိမည်မှာ မလွဲဧကန် ဖြစ်သည်။ ထို့ကြောင့် ဤအကျိုးရှိသည့်အရာကို ကိုယ်တော်သည် မည်သည့်အချိန်မှ မစွန့်လွှတ်လေနှင့်ဟု ဖြစ်၏။

قَدْ اَفْلَحَ مَنْ تَزَكّٰى

تَزَكّٰى သည်မှာ زَكٰوة (ဇကားသ်) ဆိုသော ပုဒ်မှ ဆင်းသက်လာပေသည်။ ယင်း၏ မူရင်းအဓိပ္ပာယ်မှာ သန့်ပြန့်အောင် ပြုလုပ်ပေးခြင်း ဖြစ်သည်။ ပစ္စည်းဥစ္စာများအား 'ဇကားသ်'ထုတ်ခြင်းကို ဤအတွက်ကြောင့် 'ဇကားသ်'ဟု ခေါ်ဆိုပေသည်။ ယင်း 'ဇကားသ်'ထုတ်ခြင်းကြောင့် လူသားအတွက် ကျန်သော ပစ္စည်းများသည် သန့်ပြန့်သွားပေသည်။ ဤနေရာ၌ تَزَكّٰى ၏ အလိုသဘောမှာ ယင်းအမိန့်၌ အီမာန်နှင့် စာရိတ္တများကို သန့်ပြန့်အောင် ပြုလုပ်ခြင်းနှင့် ပစ္စည်းဥစ္စာများကို 'ဇကားသ်'ပေးဆောင်ခြင်းသည်လည်း ပါဝင်ပေသည်။

وَذَكَرَ اسْمَ رَبِّهٖ فَصَلّٰى

ဆိုလိုသည်မှာ မိမိ၏ အသျှင်မြတ်ကို အောက်မေ့တသခြင်းနှင့် နမာဇ်ဖတ်ခြင်းပင် ဖြစ်သည်။ အပေါ်ယံအားဖြင့် ကြည့်မည်ဆိုလျှင် ယင်းအမိန့်၌ 'ဖွရဇ်'၊ 'နဖိလ်'အစရှိသည့် နမာဇ်များအားလုံး ပါဝင်ပေသည်။ အချို့သော သဖ်စီးရ်ပညာရှင်များက ယင်းအာယသ်တော်ကို သီးသန့် နမာဇ်တစ်ခုဖြစ်သော 'အီးဒ်'နမာဇ်ဟု ဖွင့်ဆိုကြပေသည်။ ယင်းနမာဇ်သည်လည်း အာယသ်တော်၏ အလိုသဘော၌ ပါဝင်ပေသည်။

بَلْ تُؤْثِرُوْنَ الْحَيٰوةَ الدُّنْيَا

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်က အမိန့်ရှိသည်မှာ လူအများထံ၌ လောကကို လောကုတ္တရာအပေါ် ဦးစားပေးနေခြင်း၏ အကြောင်းအရင်း မှာ လောက၏ 'နေ့အ်မသ်' စည်းစိမ်များသည် လက်ငင်းခံစားရပေသည်။ ၎င်းနောက် လောကုတ္တရာ၏ အေးချမ်းသာယာမှုနှင့် 'နေ့အ်မသ်'စည်းစိမ်များသည် အကွယ်၌ ရှိနေပြီး အကြွေးဖြစ်ပေသည်။ ဇစ်မြစ်ကို မသိရှိသောသူများက လက်ငင်းချက်ချင်း ရရှိသော

အရာများကို အကွယ်မှ အရာများအပေါ်နှင့် လက်ငင်းကို အကြွေးအပေါ် ဦးစားပေးကြသည်။ ထိုလူသားများအတွက် ယင်းဦးစားပေးခြင်းမှာ အမြဲတမ်းဆုံးရှုံးခြင်း၏ အကြောင်းခံ ဖြစ်သွားလေသည်။ ယင်းဆုံးရှုံးမှုမှ လွတ်မြောက်စေရန်အလို့ငှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နဗီတမန်တော်များနှင့် ကျမ်းစာအုပ်များကို အကြောင်းခံပြီး 'အာခေရသ်' လောကုတ္တရာ၏ သာယာမှုများနှင့် 'နေအ်မသ်'တော်များကို ရှေ့မှောက်တွင် အသင့်ရှိသည့်အလား ရှင်းလင်းစွာ တင်ပြထားပေသည်။

၎င်းနောက် ဤကဲ့သို့ တင်ပြထားသည်။ အသင်တို့သည် အကြင်အရာများကို လက်ငင်းဟု ထင်မှတ်ကာ ရွေးချယ်နေပေသည်။ ၎င်းအရာများသည် ခဏတာအကျိုးခံစားပြီး အလျင်အမြန် ပျက်စီးသွားမည့် အရာများပင် ဖြစ်ပေသည်။ ဤကဲ့သို့သော အရာများအတွက် မိမိ၏ စိတ်ကို နှစ်မြှုပ်ကာ အရည်အချင်းအားလုံးကို အသုံးချခြင်းမှာ အသိဉာဏ်ရှိသော သူ၏ အလုပ်မဟုတ်ပေ။ ရှေ့ဆက်ပြီး ယင်းဇစ်မြစ်ကို ရှင်းလင်းစေရန်အလို့ငှာ

وَالْاٰخِرَةُ خَيْرٌ وَّاَبْقٰى

ဟု အမိန့်ရှိထားပေသည်။ လောကကို လောကုတ္တရာအပေါ် ဦးစားပေးသူများအား အနည်းငယ်စဉ်းစားတွေးတောပြီး အလုပ်လုပ်ရန် သတိပေးထားပေသည်။ မည်သည့်အရာကို ဦးစားပေးရွေးချယ်ပြီး မည်သည့်အရာအား လစ်လျူရှုထားသနည်း။

အသင် မက်မောခုံမင်နေသော ဒွန်နယာလောကသည် ပထမအချက်အနေဖြင့် ယင်းလောက၏ အကြီးမားဆုံးသော စည်းစိမ်ယစ်မူးမှုများ၌လည်း ဒုက္ခများနှင့် ပူဆွေးသောကများ ရောယှက်နေခြင်းမှ မလွတ်ကင်းပေ။

ဒုတိယအချက်မှာ ယင်းလောကသည် အမြဲတမ်း တည်ရှိမနေပေ။ ယနေ့၌ ဘုရင်ဖြစ်သော သူသည် မနက်ဖြန်၌ ဆင်းရဲသား ဖြစ်သွားနိုင်ပေသည်။ ယနေ့၌ သာမန်ထွားကျိုင်းသော လူငယ်သည် နက်ဖြန်တွင် အားအင်ချည့်နဲ့သွားခြင်းကို နေ့၊ ည တွေ့မြင်နိုင်ပေသည်။ 'အာခေသ်' လောကုတ္တရာသည် ယင်းပြစ်ချက်နှစ်ခုစလုံးနှင့် ကင်းရှင်းပေသည်။ ယင်း 'အာခေရသ်'၏ စည်းစိမ်များဖြင့် ယင်း 'နေအ်မသ်'တော်များကို နှိုင်းယှဉ်၍ မရပေ။ ယင်း 'နေအ်မသ်' တော်များထက် သာပိုသောအချက်မှာ 'အာခေရသ်'၏ စည်းစိမ်များမှာ اَبْقٰى ဖြစ်သည်။ ဆိုလိုသည်မှာ အမြဲတမ်း တည်ရှိနေမည့် အရာများပင် ဖြစ်ပေသည်။ လူသားသည် အနည်းငယ် အာရုံစူးစိုက်သင့်သည်မှာ အကယ်၍ လူတစ်ဦးအား ပြောကြားမည်။ အသင်၏ ရှေ့မှောက်တွင် အိမ်နှစ်ဆောင်ရှိသည်။ တစ်ဆောင်မှာ ခန်းနားထည်ဝါသော အဆောက်အဦးဖြစ်ကာ ဇိမ်ခံပစ္စည်းများဖြင့် ပြည့်နက်လျက်ရှိသည်။ တစ်ဆောင်မှာ မည်သည့်ဥစ္စာပစ္စည်းမှ မရှိသော တဲတစ်လုံးဖြစ်သည်။ ယခု အသင့်အား ရွေးချယ်ခွင့်ပေးမည်။ ထိုနန်းဆောင်ကို ယူလိုက ယူလော။ နန်းဆောင်ကို ယူလျှင် တစ်လ၊ နှစ်လအတွက်သာ ပိုင်ဆိုင်မည်ဖြစ်ပြီး၊ ထို့နောက်တွင် ပြန်လည်အပ်နှံရမည်။ (သို့မဟုတ်) တဲကုတ်ကို ယူလိုက ယူလော။ ၎င်းတဲကုတ်ကို ယူလျှင် အမြဲတမ်း ပိုင်ဆိုင်ရမည်။

သို့ရှိရာ အသိဉာဏ်ကြွယ်ဝသူ လူသားတစ်ဦးသည် ထိုနှစ်မျိုးအနက် မည်သည့်ကို ဦးစားပေး မည်နည်း။ ဖြစ်သင့်သည်မှာ တမလွန်၏ စည်းစိမ်များသည် အကယ်၍ ချို့တဲ့ပြီး လောကီစည်းစိမ်များ ထက် အဆင့်နိမ့်သည်ဟု ဆိုလျှင်လည်း တည်မြဲသည့် စည်းစိမ်များ ဖြစ်သည့်အတွက်ကြောင့် ဦးစားပေး သင့်သော အရာပင် ဖြစ်သည်။ ၎င်းနောက် အကယ်၍ ထိုလောကုတ္တရာ၏ 'နေ့အ်မသ်'တော်များသည် လောကီ 'နေ့အ်မသ်'တော်များနှင့် နှိုင်းယှဉ်လျှင် သာပို ကောင်းမွန် ထွတ်မြတ်ပြီး အဆင့်အတန်းမြင့်မားကာ တည်မြဲသော အရာများဖြစ်မည်ဆိုလျှင် ထို 'နေ့အ်မသ်'တော်များကို စွန့်၍ လောကီစည်းစိမ်များကို ဦးစား ပေးသူသည် အသိဉာဏ်မရှိ နဖူးစာမဲ့သော ငတုံးသာလျှင် ဖြစ်လိမ့်မည်။

إِنَّ هَٰذَا لَفِي الصُّحُفِ الْأُولَىٰ صُحُفِ إِبْرَاهِيمَ وَمُوسَىٰ

ဆိုလိုသည်မှာ ယင်းစူရာဟ်၏ စာစဉ်အကြောင်းအရာများအားလုံး (သို့မဟုတ်) နောက်ဆုံး အပိုဒ် စာစဉ်အကြောင်းအရာဖြစ်သော ဆိုလိုသည်မှာ လောကထက်စာလျှင် 'အာခေရသ်'၏ ကောင်းခြင်းများနှင့် အမြဲတမ်း တည်ရှိနေခြင်းနှင့် ပတ်သက်ပြီး ရှေးအလျှင် ကျမ်းစာများ၌လည်း ဖော်ပြထားပေသည်။ ယင်း အကြောင်းအရာများနှင့် ပတ်သက်ပြီး ရှေ့ဆက်၍ အမိန့်ရှိထားသည်မှာ ဟဇရသ်အီဗ်ရာဟီမ် ﵇ နှင့် ဟဇရသ်မူစာ ﵇ တို့၏ ကျမ်းစာများ၌လည်း ဤစာစဉ်အကြောင်းအရာများ ပါရှိသည်။ ဟဇရသ်မူစာ ﵇ အား 'သောင်ရားသ်' ကျမ်း မချီးမြှင့်မီအလျှင် 'ဆွဟီဖာဟ်' ကျမ်းငယ်အချို့ကို ချီးမြှင့်ခြင်း ခံရ ပေသည်။ ဟဇရသ်မူစာ ﵇ ၏ 'ဆွဟီဖာ'၏ အလိုသဘောကို 'သောင်ရားသ်'ကျမ်းဟုလည်း ယူဆ၍ ရပေသည်။

ဟဇရသ်အီဗ်ရာဟီးမ် ﵇ ၏ 'ဆွဟီဖဟ်'ကျမ်းငယ်များပါ စာစဉ်အကြောင်းအရာ

ဟဇရသ်အာဗူဇရ် ﵁ သခင်ထံမှ ဆင့်ပြန်ခဲ့သည်။ သခင်ကြီးက တမန်တော်မြတ် ﷺ အား မေးမြန်း လျှောက်ထားသည်မှာ ဟဇရသ်အီဗ်ရာဟီးမ် ﵇ ၏ 'ဆွဟီဖဟ်'ဆိုသည်မှာ မည်သည့်အရာနည်း။ တမန် တော်မြတ် ﷺ မိန့်တော်မူသည်မှာ ယင်းဆွဟီဖဟ်များ၌ သံဝေဂယူဖွယ်ရာ အကြောင်းအရာများကို တင်ပြ ထားပေသည်။ ယင်းအကြောင်းအရာများထဲမှ ဥပမာတစ်ခုမှာ ယုတ်မာသော ဘုရင်အား ရည်ညွှန်းပြီး အမိန့်ရှိသည်မှာ 'အို၊ လူအပေါင်းအား လှည့်စားပြီး လွှမ်းမိုးနေသောသူ၊ အသင့်အား ပစ္စည်းဥစ္စာများ အပေါ် ထပ်ပြီး ပစ္စည်းဥစ္စာများ စုဆောင်းစေရန်အလို့ငှာ အုပ်ချုပ်မှုအာဏာ ချီးမြှင့်မထားပေ။ ငါအလ္လာဟ် အသျှင်မြတ်က အသင့်အား အာဏာကို ဤအတွက်ကြောင့် လွှဲအပ်ထားသည်။ အသင်သည် ညှဉ်းပန်း နှိပ်စက်ခြင်း ခံရသောသူများ၏ 'ဗဒ်ဒိုအာ' (မကောင်းဆုတောင်းခြင်း၊ ကျိန်ဆဲခြင်း) အား ငါအသျှင်မြတ် ထံ မရောက်စေရန်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်၏ ဥပဒေမှာ အကယ်၍ ကာဖိရ်ညှဉ်းပန်းခံရသူ၏ နှုတ်မှ ကျိန်ဆဲပါစေ၊ ညှဉ်းပန်းနှိပ်ခြင်း ခံရသောသူ၏ ကျိန်ဆဲမှုကို ပယ်ချလေ့ မရှိပေ။

နောက်ဥပမာတစ်ခု၌ လူအများအား ရည်ညွှန်း၍ မိန့်ဆိုထားပေသည်။ အသိဉာဏ်ရှိသော သူ၏ အလုပ်မှာ မိမိ၏ အချိန်ကို (၃) ပိုင်း ပိုင်းထားရပေမည်။ ပထမတစ်ပိုင်းမှာ မိမိအသျှင်မြတ်၏ 'အေဗာဒသ်' နှင့် တီးတိုးစကားပြောဆိုရန်အတွက် ဖြစ်ရမည်။ ဒုတိယတစ်ပိုင်းမှာ အလ္လာဟ်အသျှင်မြတ်၏ တီထွင်ကြံဆသော တန်ခိုးတော်များကို စဉ်းစားတွေးတောပြီး မိမိ၏ 'အအ်မာလ်' ကျင့်ကြံမှုများကို စစ်ဆေးမှုပြုလုပ်ရန်အတွက် ထားရှိရမည်။ တတိယတစ်ပိုင်းမှာ မိမိ၏ ပင်ကိုယ်လိုအပ်ချက်များကို ပြည့်ဝအောင် ပြုလုပ်ခြင်းနှင့် စားဝတ်နေရေးအတွက် ရှာဖွေစုဆောင်းရန်အတွက်ထားရှိရန် ပင် ဖြစ်ပေသည်။

ထပ်ပြီး အမိန့်ရှိသည်မှာ အသိဉာဏ်ရှိသောသူသည် မိမိ၏ ခေတ်သမယ၏ အခြေအနေများကို သိရှိပြီး မိမိအတွက် အရေးကြီးလိုအပ် အဓိကကျသော အလုပ်များ၌ နစ်မွန်းနေရန်နှင့် နှုတ်လျှာကို ထိန်းသိမ်းရန် အရေးကြီးလှပေသည်။ ၎င်းနောက် အကြင်သူသည် မိမိ၏ စကားကို မိမိ၏ လုပ်ဆောင်မှုဟု မှတ်ယူလျှင် ထိုသူသည် စကားနည်းသွားပြီး အရေးကြီးကိစ္စများကို လုပ်ဆောင်ရာတွင် နစ်မွန်းနေလိမ့်မည်။

ဟဇရသ်မူစာ عليه السلام ၏ 'ဆွဟီဖာဟ်' ကျမ်းငယ်ပါ စာစဉ်အကြောင်းအရာများ

ဟဇရသ်အဗူဇရ် رضي الله عنه သခင်က အမိန့်ရှိသည်မှာ တစ်ဖန် ကျွန်ုပ်သည် ဟဇရသ်မူစာ عليه السلام သခင်၏ 'ဆွဟီဖဟ်' မှာ မည်သည့်အရာနည်းဟု မေးမြန်းလောက်ထားပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ ယင်း 'ဆွဟီဖာဟ်' ကျမ်းစာ၏ အကြောင်းအရာများအားလုံးသည် သံဝေဂယူဖွယ်ရာများပင် ဖြစ်သည်။ ယင်းသံဝေဂယူဖွယ်ရာများထဲမှ အချို့မှာ ဤကဲ့သို့ ဖြစ်သည်။

ကျွန်ုပ်သည် တစ်နေ့ မုချ သေဆုံးမည်ကို သိပါလျက် ပျော်ရွှင်နေသောသူကို အံ့သြမိပေသည်။ ၎င်းနောက် ကျွန်ုပ်သည် 'သက္ကဒီးရ်' အလ္လာဟ်အသျှင်မြတ် ဆုံးဖြတ်သတ်မှတ်ချက် ရှိထားခြင်းအပေါ် ယုံကြည်လျက် ချည့်နဲ့မှုနှင့် ပူပန်ဝမ်းနည်းနေသောသူကို အံ့သြမိပေသည်။ ၎င်းနောက် ကျွန်ုပ်သည် လောကနှင့် ၎င်း၏ အပြောင်းအလဲများနှင့် လူအများ၏ တိုးတက်၊ ဆုတ်ယုတ်မှုများကို တွေ့မြင်ပါလျက် လောက၌ အေးဆေးစွာဖြင့် ထိုင်နေသော သူကို အံ့သြမိပေသည်။ ၎င်းနောက် ကျွန်ုပ်သည် 'အာခေရသ်' လောကုတ္တရာ၏ စာရင်းစစ်ဆေးမှုများကို ယုံကြည်ပါလျက် 'အမလ်' ကောင်းသော ကျင့်မှုဆောင်ရွက်ချက် မလုပ်သောသူအား အံ့သြမိပေသည်။ ဟဇရသ်အဗူဇရ် رضي الله عنه သခင်က အမိန့်ရှိသည်မှာ ကျွန်ုပ်သည် ယင်း 'ဆွဟီဖာဟ်' များထဲမှ မည်သည့်အရာများ ကိုယ်တော့်ထံ ကျရောက်လာသော 'ဝဟီ' ဗျာဒိတ်တော်တွင် ပါရှိပေသနည်းဟု ထပ်မံမေးမြန်းခဲ့ရာ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'အို၊ အဗူဇရ်၊ ဤအာယသ်တော်များကို ဖတ်ကြားလော့။

قَدْ اَفْلَحَ مَنْ تَزَكّٰى ه وَذَكَرَ اسْمَ رَبِّهٖ فَصَلّٰى

စူရာဟ် 'အအ်လာဟ်' ၏ အာယသ်တော်အဆုံးအထိ ဖတ်ကြားခဲ့လေသည်။ *[ကုရ်သုဗီးကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်ဂါရှိယသိ

ဖုံးလွှမ်းမည့်အရာများကဏ္ဍ

بِسْمِ ٱللَّهِ ٱلرَّحْمَٰنِ ٱلرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

هَلْ أَتَىٰكَ حَدِيثُ ٱلْغَٰشِيَةِ ١ وُجُوهٌ يَوْمَئِذٍ خَٰشِعَةٌ ٢ عَامِلَةٌ نَّاصِبَةٌ ٣
تَصْلَىٰ نَارًا حَامِيَةً ٤ تُسْقَىٰ مِنْ عَيْنٍ ءَانِيَةٍ ٥ لَّيْسَ لَهُمْ طَعَامٌ إِلَّا مِن
ضَرِيعٍ ٦ وُجُوهٌ يَوْمَئِذٍ نَّاعِمَةٌ ٨ لِّسَعْيِهَا رَاضِيَةٌ ٩ فِى جَنَّةٍ عَالِيَةٍ ١٠
لَّا تَسْمَعُ فِيهَا لَٰغِيَةً ١١ فِيهَا عَيْنٌ جَارِيَةٌ ١٢ فِيهَا سُرُرٌ مَّرْفُوعَةٌ ١٣ وَأَكْوَابٌ مَّوْضُوعَةٌ ١٤
وَنَمَارِقُ مَصْفُوفَةٌ ١٥ وَزَرَابِىُّ مَبْثُوثَةٌ ١٦ أَفَلَا يَنظُرُونَ إِلَى ٱلْإِبِلِ كَيْفَ خُلِقَتْ ١٧
وَإِلَى ٱلسَّمَآءِ كَيْفَ رُفِعَتْ ١٨ وَإِلَى ٱلْجِبَالِ كَيْفَ نُصِبَتْ ١٩ وَإِلَى ٱلْأَرْضِ كَيْفَ سُطِحَتْ ٢٠
فَذَكِّرْ إِنَّمَآ أَنتَ مُذَكِّرٌ ٢١ لَّسْتَ عَلَيْهِم بِمُصَيْطِرٍ ٢٢ إِلَّا مَن تَوَلَّىٰ وَكَفَرَ ٢٣
فَيُعَذِّبُهُ ٱللَّهُ ٱلْعَذَابَ ٱلْأَكْبَرَ ٢٤ إِنَّ إِلَيْنَآ إِيَابَهُمْ ٢٥ ثُمَّ إِنَّ عَلَيْنَا حِسَابَهُم ٢٦

၈၈ : ၁ ॥ ॥ (အို, နဗီတမန်တော်၊ ကမ္ဘာအဝန်းကို) ထိုဖုံးလွှမ်းမည့် အဖြစ်အပျက်၏ အကြောင်း သတင်းသည် အသင့်ထံ ရောက်ရှိခဲ့ပြီး မဟုတ်လော။

၈၈ : ၂ ॥ ॥ ထိုနေ့တွင် များစွာသော (သူတို့၏) မျက်နှာများမှာ ညှိုးငယ်လျက် ရှိကြပေမည်။

၈၈ : ၃ ॥ ॥ ပင်ပန်းကြီးစွာ လုပ်ကိုင် (မှုကြောင့်) မောပန်းလျက် ရှိကြပေမည်။

၈၈ : ၄ ။ ။ ၎င်းတို့သည် အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော မီးထဲသို့ ဝင်ရောက်ကြရပေမည်။

၈၈ : ၅ ။ ။ ၎င်းတို့သည် ကျိုက်ကျိုက်ဆူလျက်ရှိသော စမ်းချောင်းတစ်ခုမှ (ရေကို) တိုက်ကျွေးခြင်း ခံကြရပေမည်။

၈၈ : ၆ ။ ။ ၎င်းတို့အဖို့ 'သွရီအ်' မည်သော ဆူးပင်မှအပ၊ အခြားအစာအဟာရဟူ၍ ရှိလိမ့်မည်မဟုတ်ပေ။

၈၈ : ၇ ။ ။ ထိုဆူးပင်မှာ (၎င်းတို့အား) ဝဖြိုးစေမည်လည်း မဟုတ်ပေ။ ဆာလောင်မွတ်သိပ်ခြင်းမှ အဆာပြေ ရောင့်ရဲစေမည်လည်း မဟုတ်ပေ။

၈၈ : ၈ ။ ။ များစွာသော (သူတို့၏) မျက်နှာများမှာမူ ထိုနေ့တွင် စိုပြေရွှင်လန်းလျက်ပင် ရှိကြပေမည်။

၈၈ : ၉ ။ ။ (၎င်းတို့သည်) မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ နှစ်သက်ကျေနပ်လျက်ပင် ရှိကြပေမည်။

၈၈ : ၁၀ ။ ။ မြင့်မြတ်လှစွာသော 'ဂျန္နသ်' သုခဘုံ၌ ရှိကြပေမည်။

၈၈ : ၁၁ ။ ။ ၎င်းတို့သည် ယင်း 'ဂျန္နသ်' သုခဘုံ၌ အချည်းအနှီး အကျိုးမဲ့ဖြစ်သော စကားကို ကြားကြရမည် မဟုတ်ပေ။

၈၈ : ၁၂ ။ ။ ယင်း 'ဂျန္နသ်' သုခဘုံ၌ စီးတွေလျက် ရှိသော စမ်းချောင်းတစ်ခု ရှိ၏။

၈၈ : ၁၃ ။ ။ ယင်း 'ဂျန္နသ်' သုခဘုံ၌ မြင့်စွင့်သော သလွန်များ ရှိကြပေသည်။

၈၈ : ၁၄ ။ ။ ၎င်းပြင် သောက်ရေဖလားများသည်လည်း စီထားလျက် ရှိကြပေသည်။

၈၈ : ၁၅ ။ ။ ထို့ပြင် ကော်ဇောများသည်လည်း စနစ်တကျ ခင်းကျင်းထားလျက် ရှိကြပေသည်။

၈၈ : ၁၆ ။ ။ ထို့ပြင် မွှီအုံးများသည်လည်း အနှံ့အပြား ခင်းထားလျက် ရှိကြပေသည်။

၈၈ : ၁၇ ။ ။ မည်သို့ပါနည်း။ ကုလားအုတ်များသည် အဘယ်ကဲ့သို့ ဖန်ဆင်းခြင်း ခံခဲ့ကြရသည်ကို ၎င်းတို့သည် ကြည့်ရှုလေ့လာ ဆင်ခြင်သုံးသပ်ခြင်း မပြုကြလေသလော။

၈၈ : ၁၈ ။ ။ ထိုနည်းတူစွာ မိုးကောင်းကင်သည် အဘယ်ကဲ့သို့ မြင့်စွင့်စေခြင်း ခံခဲ့ရသည်ကိုလည်းကောင်း။

၈၈ : ၁၉ ။ ။ ထို့အတူ တောင်များသည် အဘယ်ကဲ့သို့ စိုက်ထူခြင်း ခံခဲ့ကြရသည်ကိုလည်းကောင်း။

၈၈ : ၂၀ ။ ။ ထို့ပြင် ပထဝီမြေသည် အဘယ်ကဲ့သို့ ခင်းကျင်းထားခြင်း ခံခဲ့ရသည်ကိုလည်းကောင်း (ကြည့်ရှုလေ့လာဆင်ခြင်ခြင်း မပြုကြလေသလော။)

၈၈ : ၂၁ ။ ။ သို့ဖြစ်ပေရာ အသင်သည် ဆုံးမလျက် ရှိပါလေ။ အသင်သည် ဆုံးမသူတစ်ဦးမျှသာ ဖြစ်သည်။

၈၈ : ၂၂ ။ ။ အသင်သည် ၎င်းတို့အပေါ်၌ စောင့်ကြပ်အုပ်ထိန်းသူ မဟုတ်ပေ။

၈၈ : ၂၃ ။ ။ သို့ရာတွင် မည်သူမဆို မျက်နှာလွှဲခဲ့လျှင်လည်းကောင်း၊ သွေဖည်ငြင်းပယ်ခဲ့လျှင်လည်းကောင်း။

၈၈ : ၂၄ ။ ။ အလ္လာဟ်အသျှင်မြတ်သည် ထိုသူအား ကြီးလေးလှစွာသော ပြစ်ဒဏ်ကို ပေးတော်မူမည်သာ ဖြစ်ပေသည်။

၈၈ : ၂၅ ။ ။ ကေန်မလွဲ ၎င်းတို့သည် ငါအသျှင်မြတ်၏ ထံတော်သို့ပင် ပြန်လည် ရောက်ရှိကြရမည် ဖြစ်ပေသည်။

၈၈ : ၂၆ ။ ။ ထို့နောက် ၎င်းတို့အား စစ်ဆေးမေးမြန်းခြင်းသည် ငါအသျှင်မြတ်၏ တာဝန်ပင် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်တမန်တော်အား အရာခပ်သိမ်းကို လွှမ်းခြုံထားမည့် အကြောင်းအရာနှင့် ပတ်သက်သည့် သတင်း ရရှိပြီးပါသလော။ (အရာခပ်သိမ်းကို လွှမ်းခြုံထားမည့် အကြောင်းအရာဆိုသည်မှာ 'ကေယာမသ်' နေ့ကို ဆိုလိုခြင်း ဖြစ်သည်။ 'ကေယာမသ်' နေ့၏ စူးရှမှုသည် စကြဝဠာတစ်ခုလုံးကို လွှမ်းခြုံထားမည် ဖြစ်သည်။ ထို့နောက် ဤသို့ မေးမြန်းရခြင်း၏ ရည်ရွယ်ချက်မှာ စိတ်ဝင်စားမှုရှိစေရန်နှင့် စကားကို ကြားနာရာတွင် ဂရုတစိုက်ရှိရန် ဖြစ်သည်။ ဆက်လက်၍ အဖြေပေးသည့် ပုံသဏ္ဍာန်ဖြင့် ထိုသတင်း၏ အကျယ်ဖွင့်ဆိုချက်ကို တင်ပြသည်မှာ) မြောက်မြားစွာသော (သူတို့၏) မျက်နှာများသည် ထိုနေ့တွင် သေးသိမ်လျက်၊ ၎င်းနောက် ဒုက္ခများ ဝန်းရံလျက် ပင်ပန်းနွမ်းနယ်လျက် ရှိကြလိမ့်မည်။ တောက်လောင်နေသော မီးလျှံများအတွင်းသို့ ဝင်ရောက်ကြလိမ့်မည်။ (၎င်းနောက်) ကျိုက်ကျိုက်ဆူပွက်လျက် ရှိသော စမ်းချောင်းမှ ရေကို တိုက်ကျွေးခြင်း ခံကြရလိမ့်မည်။

(၎င်းနောက်) ထိုသူတို့သည် ဆူးပင်တစ်မျိုးမှအပ အခြားမည်သည့် စားသောက်ဖွယ်ရာမှ ရရှိကြလိမ့်မည်မဟုတ်။ ၎င်းဆူးပင်သည် (စားသောက်သူများအား) ဝဖြိုးစေလိမ့်မည်မဟုတ်။ ၎င်းနောက် (ထိုသူတို့၏) ဆာလောင်မွတ်သိပ်မှုကိုလည်း ကင်းဝေးစေလိမ့်မည် မဟုတ်။ (ဆိုလိုသည်မှာ ယင်းဆူးပင်သည် စားသောက်ဖွယ်ရာ ဖြစ်ထိုက်သော အရာမဟုတ်ပေ။ ဆာလောင်မှုကိုလည်း ကင်းဝေးစေနိုင်စွမ်း မရှိပေ။ ဘေးဒုက္ခများ ခံစားရမည်ဆိုခြင်းမှာ 'ဟရှရ်' ကွင်းပြင်တွင် ပူဆွေးသောကများဖြင့် လှည့်ပတ်နေခြင်းကို ဆိုလိုပေသည်။ ၎င်းနောက် 'ဂျဟန္နမ်' ငရဲဘုံတွင် သံကြိုးများနှင့် လည်ကွင်းများကို ထမ်းရခြင်း၊

'ဂျဟန္နမ်' ငရဲဘုံ၏ တောင်များပေါ်သို့ တက်ရခြင်းတို့ကြောင့် မောပန်းနွမ်းနယ်လျက် ရှိမည်မှာ ထင်ရှားနေပေသည်။ ပွက်ပွက်ဆူနေသော စမ်းရည်ဆိုသည်မှာ အခြားအာယသ်တော်တစ်ပိုဒ်တွင် ၎င်းကို حميم ဟု မိန့်ဆိုထားပေသည်။

ဤအာယသ်တော်အရ သိရှိရသည်မှာ ငရဲဘုံ၌ حميم ၏ စမ်းချောင်းလည်း ရှိလိမ့်မည်။ ၎င်းနောက် ငရဲဘုံသားများ၏ အစာသည် ضريع (ဆူးပင်) မှအပ အခြားမည်သည့်အရာမျှ မရှိဟုဆိုသည့် သဘောမှာ အရသာရှိသော မည်သည့်အစာမျှ ရှိမည်မဟုတ်ပေ။ ضريع ကဲ့သို့ပင် زَقُّوْمَ (သို့မဟုတ်) غِسْلِيْنَ တို့သည်လည်း ၎င်းတို့၏ အစားအစာတွင် ပါဝင်ခြင်းသည် အာယသ်တော်၏ တင်ပြချက်နှင့် ဆန့်ကျင်၍ မနေပေ။ ၎င်းနောက် မျက်နှာများဟု ဆိုရာ၌ မျက်နှာရှင်များကို ဆိုလိုခြင်းဖြစ်သည်။ ဤသည် ငရဲဘုံသားများ၏ အခြေအနေဖြစ်သည်။ ဆက်လက်၍ သုခဘုံသားများ၏ အခြေအနေအား တင်ပြသည်မှာ) မြောက်မြားစွာသော (သူတို့၏) မျက်နှာများသည် ထိုနေ့တွင် လင်းဝင်းလျက်ရှိပြီး (၎င်းနောက်) မိမိတို့ ကောင်းကျိုးများကြောင့် ပျော်ရွှင်လျက် ရှိကြမည်။ (၎င်းနောက်) မြင့်မားလှသော 'ဂျန္နသ်' ဥယျာဉ်ဘုံနန်းတွင် ရှိလိမ့်မည်။ ထိုဥယျာဉ်ဘုံတွင် စီးတွေလျက်ရှိသော စမ်းချောင်းများရှိမည်။ (၎င်းနောက်) ထိုဥယျာဉ်ဘုံနန်းတွင် မြင့်မားသော ပလ္လင်များ (ခင်းကျင်းထားမည်။) ၎င်းနောက် စီရီထားသော ရေဖလားများလည်း ရှိမည်။ (ဆိုလိုသည်မှာ ရေသောက်လိုသော ဆန္ဒဖြစ်ပေါ်လာသည့်အခါ ကြန့်ကြာမှုမရှိရလေအောင် ဤအရာများကို ၎င်းတို့၏ ရှေ့မှောက်၌ပင် ထားရှိလိမ့်မည်။ ထို့ပြင် စနစ်တကျ ခင်းကျင်းထားသော ကော်ဇောများ (မှီအုံးများလည်း) ရှိမည်။ ၎င်းနောက် နေရာအနှံ့အပြားတွင် ကောဇောအမွှေများ ခင်းကျင်းထားလိမ့်မည်။

(တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းစရာမလိုဘဲ မည်သည့်နေရာတွင်မဆို အနားယူနိုင်ရန်ဖြစ်သည်။ ဤသည် အစားပေးမှုများအကြောင်း အကျယ်တဝင့် တင်ပြခြင်းဖြစ်သည်။ ဤအကြောင်းအရာများကို ကြားနာကြရပါလျက် အထက်ပါကိစ္စရပ်များ ဖြစ်ပေါ်လာမည့် 'ကေယာမသ်' နေ့အား ငြင်းဆိုကြသူများသည် မှားယွင်းမှု၌ ရှိကြသည်။ အဘယ်ကြောင့်ဆိုသော်) ၎င်းတို့သည် ကုလားအုတ်အား မည်ကဲ့သို့ (အံ့သြစရာ ကောင်းလောက်အောင်) ဖန်ဆင်းထားသည်ကို မတွေ့မြင်ကြသလော။ (အကြောင်းမှာ ထိုကုလားအုတ်သည် ပုံသဏ္ဌာန်အရသော်လည်းကောင်း ထူးခြားမှုအရသော်လည်းကောင်း၊ အခြားသော တိရစ္ဆာန်များထက် အံ့သြဖွယ်ရာ ကောင်းလှသည်။) ၎င်းနောက် မိုးကောင်းကင်အား မည်မျှ မြင့်မားစွာ ဖန်ဆင်းထားရှိသည်ကို (မတွေ့မမြင်ကြသလော။) ၎င်းနောက် တောင်များအား မည်ကဲ့သို့ တည်တံ့စေသည်ကို (မတွေ့မြင်ကြသလော။) ၎င်းနောက် မြေပထဝီအား မည်ကဲ့သို့ ခင်းကျင်းထားခြင်း ခံခဲ့ရသည်ကို ကြည့်ရှုလေ့လာ ဆင်ခြင်ခြင်း မပြုကြလေသလော။ (ဤသည်များကို တွေ့မြင်ပြီး အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်အပေါ် အထောက်အထား မရယူကြလေသလော။ သို့မှသာ အသျှင်မြတ်၏ ရှင်ပြန်ထစေခြင်းနှင့် 'ကေယာမသ်' နေ့အပေါ် စွမ်းဆောင်နိုင်မှုတို့ကို နားလည်သဘောပေါက်မည် ဖြစ်သည်။

၄င်းနောက် အထက်ပါ အရာလေးမျိုးအား သီးခြားတင်ပြရခြင်းမှာ အာရဗ်လူမျိုးတို့သည် အများအားဖြင့် တောများတွင် လှည့်ပတ်သွားလာနေလေ့ ရှိကြသည်။ ထိုသို့ သွားလာရာတွင် ၄င်းတို့၏ ရှေ့မှောက်၌ ကုလားအုတ်နှင့် ၄င်းတို့၏ အပေါ်၌ မိုးကောင်းကင် ၄င်းတို့၏ အောက်၌ မြေပထဝီ၊ ၄င်းတို့၏ ဘေးဘီတွင် တောင်များသာလျှင် ရှိကြသည်။ ထို့ကြောင့် ထိုလက္ခဏာများနှင့် ပတ်သက်ပြီး စဉ်းစားတွေးခေါ်ကြရန် မိန့်တော်မူခြင်း ဖြစ်သည်။ ထို့နောက် ၄င်းတို့သည် အထောက်အထားများ ပြည့်စုံပါလျက် စဉ်းစားတွေးခေါ်ခြင်း မပြုကြပေ။)

သို့ရှိရာ အသင်တမန်တော်သည် (လည်း ၄င်းတို့နှင့် ပတ်သက်၍ များစွာ ပူပင်သောကမထားလေနှင့်။ သို့သာမက) ဆုံးမဩဝါဒတရား (သာလျှင်) မိန့်ကြားပါလေ။ (အဘယ်ကြောင့်ဆိုသော်) အသင်တမန်တော်သည် ဆုံးမစကား မိန့်ခြွေသူသာလျှင် ဖြစ်သည်။ အသင်တမန်တော်သည် ၄င်းတို့အပေါ် ကြပ်မတ်ရန် တာဝန်မရှိပေ။ (များမြောင်စွာ ပူပင်သောကထားရန် မလိုအပ်ပေ။) သို့သော် အကြင်သူသည် မျက်နှာလွှဲကာ ဆန့်ကျင်မည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့ကို (နောင်တမလွန်တွင်) ကြီးမားသော ပြစ်ဒဏ်ခတ်တော်မူမည်။ (အဘယ်ကြောင့်ဆိုသော်) ငါအသျှင်မြတ်ထံတော်ပါးသာလျှင် ၄င်းတို့အနေနှင့် ရောက်ရှိကြရမည်။ တစ်ဖန် ငါအသျှင်မြတ်သာလျှင် ၄င်းတို့အား စမ်းဆေးမေးမြန်းရန် လုံလောက်ပေသည်။ (အသင်တမန်တော်အနေနှင့် များမြောင်စွာ ပူဆွေးသောက မထားလေနှင့်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وُجُوهٌ يَّوْمَئِذٍ خَاشِعَةٌ عَامِلَةٌ نَاصِبَةٌ

'ကေယာမသ်'နေ့၌ မုအ်မင်န်နှင့် ကာဖိရ်အုပ်စုနှစ်စုသည် သီးခြားဖြစ်သွားပေမည်။ ယင်းတို့၏ မျက်နှာများတွင် သီးခြားသော အမှတ်အသားများ ရှိပေမည်။ ဤအာယသ်တော်၌ ကာဖိရ်များ၏ မျက်နှာပုံစံများအနက် ပုံစံတစ်ခုကို ဤသို့ တင်ပြထားပေသည်။ ထိုသူများ၏ မျက်နှာများသည် **خاشعه** ဖြစ်လိမ့်မည်။ **خشوع** ၏ အဓိပ္ပာယ်မှာ 'အောက်ကျို့ခြင်းနှင့် သေးသိမ်ခြင်း'ပင် ဖြစ်သည်။ နမာဇ်၌ 'ခုရှုအ်' ဆိုသည်မှာ ဤအလိုသဘောပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ ကျိုးနွံပြီး သေးသိမ်သော လက္ခဏာများ မိမိအပေါ် လွှမ်းမိုးစေခြင်းကို ခေါ်ဆိုပေသည်။ အကြင်သူတို့သည် ဒုန္နယာလောက၌ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ကျိုးနွံခြင်းနှင့် သေးသိမ်မှုကို မရွေးချယ်ကြပေ။ 'ကေယာမသ်' နေ့တွင် ယင်းသူတို့အား ၄င်းလုပ်ရပ်အစား ယင်းတို့၏ မျက်နှာပေါ်၌ သေးသိမ်ခြင်းနှင့် အရှက်တကွဲဖြစ်ခြင်း၏ လက္ခဏာများ ပေါ်လွင်စေပေလိမ့်မည်။

၄င်းတို့၏ မျက်နှာများအနက် ဒုတိယနှင့် တတိယပုံသဏ္ဍာန်မှာ **عامله** နှင့် **ناصبة** ဖြစ်လိမ့်မည်။ **عامله** ၏ အဓိပ္ပာယ်မှာ 'အမလ်ကျင့်ကြံခြင်းနှင့် ကြိုးစားခြင်း'ပင် ဖြစ်သည်။ ဝေါဟာရ၌ **عامل** နှင့်

عاملة ဆိုသည်မှာ ၎င်းပုဂ္ဂိုလ်ကို ခေါ်ဆိုပေသည်။ အကြင်သူသည် ဆက်တိုက်ကြိုးစားပြီး အလုပ်လုပ်ခြင်းကြောင့် မောပန်းနွမ်းနယ်လျက် ရှိနေပေမည်။ ၎င်းနောက် **ناصبة** ဆိုသည်မှာ **نصب** ဆိုသော ပုဒ်မှ ဆင်းသက်လာပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ မောပန်းခြင်းနှင့် ဒုက္ခများ၌ ကျရောက်သွားခြင်းပင် ဖြစ်သည်။ ကာဖိရ် (ငြင်းပယ်သောသူများ) နှင့် 'မွရှ်ရိမီးန်' (အပြစ်ရှိသူများ) ၏ ဤပုံစံနှစ်ရပ် ဆိုလိုသည်မှာ ကြိုးစားစွာ အလုပ်လုပ်ရခြင်း၊ မောပန်းနွယ်နယ်လျက် ရှိခြင်းကို အပေါ်ယံအားဖြင့် ကြည့်မည်ဆိုလျှင် ဤအခြေအနေသည် ၎င်းတို့၏ ဒွန်နယာလောက၏ အခြေအနေပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'အာခေရသ်'၌ မည်သည့်အလုပ်နှင့် ကြိုးစားမှုမှ မရှိပေ။ ဤအတွက်ကြောင့် ကုရ်အာန်သုဗီကျမ်းရှင်နှင့် အခြားသော သဖ်စီးရ်ပညာရှင်များက ယင်း၏ အလိုသဘောအား ဤကဲ့သို့ သတ်မှတ်ကြပေသည်။ ပထမပုံစံမှာ ဆိုလိုသည်မှာ မျက်နှာပေါ်၌ သေးသိမ်မှုနှင့် အရှက်တကွဲ ဖြစ်ခြင်းသည် 'အာခေရသ်'တွင် ဖြစ်ရှိလိမ့်မည်။ ၎င်းနောက် **عاملة** နှင့် **ناصبة** ၏ ပုံစံနှစ်ခုမှာ ၎င်းတို့၏ လောကအခြေအနေဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ကာဖိရ်များနှင့် ဖွာဂျိရ် (သူယုတ်မာများ) သည် တုပန္နိုင်းယှဉ်ကိုးကွယ်မှုနှင့် လမ်းမှားသော နည်းများတွင် လောက၌ ကြိုးပမ်းနေကြပေသည်။ ဟိန္ဒူများ၏ ပုရောဟိတ်များနှင့် နဆွာရာများ၏ ရဟေ့များသည် မြောက်မြားစွာသော အလုပ်များကို အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်မှုရရှိစေရန် အလို့ငှာ သဒ္ဒါဖြူစင်စွာဖြင့် လောက၌ 'အေဗာဒသ်' ဟု ထင်မှတ်ကာ ပြုလုပ်နေကြပေသည်။ ၎င်းနောက် ယင်း 'အေဗာဒသ်' များတွင် ခက်ခက်ခဲခဲ ကြိုးပမ်းပြီး ဒုက္ခများ ခံနေကြပေသည်။ သို့သော် ယင်း 'အေဗာဒသ်' များတွင် တုပန္နိုင်းယှဉ်မှုနှင့် လမ်းမှားသော နည်းလမ်းများကြောင့် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် မည်သည့်အကျိုးခံစားခွင့်မှ မရရှိပေ။ ထိုသူများ၏ မျက်နှာများသည် လောက၌ပင် **عاملة** နှင့် **ناصبة** ဖြစ်ပေမည်။ ၎င်းနောက် 'အာခေရသ်'၌ ယင်းသူများအပေါ် သေးသိမ်မှု၏ မှောင်မိုက်ခြင်းများ လွှမ်းမိုးနေပေမည်။

ဟဇရသ်ဟစန်ဗဆွရီ (رحمه الله) သခင်က ဆင့်ပြန်ခဲ့သည်။ ဟဇရသ်အုမရ်ဖွာရူးက် (رضي الله عنه) သခင် ဆီးရီးယားနိုင်ငံသို့ ကြွမြန်းသောအခါ နဆွာရာနီရဟေ့ အဘိုးအိုတစ်ဦးသည် ဟဇရသ်အုမရ် (رضي الله عنه) သခင်ထံ ရောက်ရှိလာပေသည်။ ယင်းအဘိုးအိုသည် မိမိဘာသနာ၏ 'အေဗာဒသ်'ပြုလုပ်ခြင်း၌ ကြိုးစားအားထုတ်လျက် ရှိနေပေသည်။ ယင်းအဘိုးအို၏ မျက်နှာသည် ကြိုးစားအားထုတ်မှုကြောင့် ညှိုးမှိုင်းလျက် ရှိသည်။ ခန္ဓာကိုယ်သည် ခြောက်သွေ့လျက်ရှိသည်။ အဝတ်အစားသည်လည်း ညစ်ပေဟောင်းနွမ်းကာ ပုံမကျပန်းမကျ ဖြစ်နေပေသည်။ ဟဇရသ်အုမရ်ဖွာရူးက် (رضي الله عنه) သခင်သည် ယင်းအဘိုးအိုအား မြင်တွေ့လေသော် ငိုကြွေးလေသည်။ လူအများက ဟဇရသ်အုမရ် (رضي الله عنه) သခင်အား ငိုရခြင်း၏ အကြောင်းကို မေးမြန်းလျှောက်ထားကြလေသည်။ ဟဇရသ်အုမရ် (رضي الله عنه) သခင်က အမိန့်ရှိသည်မှာ 'ကျွန်ုပ်သည် ယင်းအဘိုးအိုအား သနားလေသည်။ ထိုသနားစရာကောင်းသော အဘိုးအိုက ရည်ရွယ်ချက်တစ်ခုအတွက် အလွန် ကြိုးစားပေးဆပ်နေပေသည်။

သို့သော် ယင်းအဘိုးအိုသည် ရည်ရွယ်ချက်ကို ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်နှစ်သက်မှု မရရှိနိုင်ပေ။ ဟဇရတ်အုမရ် ﷺ သခင်က ယင်းအခြေအနေအပေါ်၌ ဤအာယသ်တော်

وُجُوهٌ يَوْمَئِذٍ خَاشِعَةٌ عَامِلَةٌ نَاصِبَةٌ

ကို ဖတ်ရွတ်လေသည်။ *[ကုရ်သုဗီးကျမ်း]*

نَارًا حَامِيَةً

حَامِيَةً ဆိုသော စကားလုံး၏ အဓိပ္ပာယ်မှာ 'ပူပြင်းမှု' ပင် ဖြစ်သည်။ ၄င်းနောက် မီး၌ အပူရှိန် ရှိခြင်းသည် ယင်း၏ ဓိဇပင် ဖြစ်ပေသည်။ ယင်းဂုဏ်ပုဒ်ကို သီးသန့်တင်ပြရခြင်း၏ ရည်ရွယ်ချက်မှာ 'အာခေရသ်'၌ ရှိသော မီး၏ ပူပြင်းမှုမှာ လောက၏ မီးကဲ့သို့ တစ်ချိန်မဟုတ် တစ်ချိန် အပူရှိန်လျော့နည်း သွားမည်။ (သို့မဟုတ်) ငြိမ်းသွားမည်မဟုတ်ပေ။ သို့သာမက ဤ **حامية** 'ပူပြင်းမှု'သည် အမြဲတမ်း ရှိနေပေမည်။

لَيْسَ لَهُمْ طَعَامٌ إِلَّا مِنْ ضَرِيعٍ

ဆိုလိုသည်မှာ 'ဂျဟန္နမ်' ငရဲဘုံသားများ၏ အစားအစာမှာ **ضَرِيْع** မှအပ မည်သည့်အရာမှ မရရှိနိုင်ပေ။ **ضريع** ဆိုသည်မှာ 'လောက၌ ရှိသည့် ဆူးပါသော မြက်တစ်မျိုး' ကို ခေါ်ဆိုပေသည်။ ယင်းမြက်သည် မြေကြီးပေါ်၌ ပြန့်နှံ့ပေသည်။ မည်သည့်တိရစ္ဆာန်မှ ယင်းမြက်၏ အနားသို့ပင် မကပ်ကြပေ။ နံစော်သော အဆိပ်ရှိသည့် မြက်တစ်မျိုးဖြစ်သည်။ *[ကုရ်သုဗီးကျမ်း]*

'ဂျဟန္နမ်' ငရဲဘုံ၌ သစ်ပင်၊ မြက်များ မည်ကဲ့သို့ ရှိနိုင်မည်နည်း။

ဤနေရာ၌ ဤသံသယမရှိစေရပေ။ သစ်ပင်နှင့် မြက်များသည် 'ဂျဟန္နမ်'ငရဲမီး၏ လောင်ကျွမ်းမှုကြောင့် 'ဂျဟန္နမ်'၌ မည်ကဲ့သို့ ရှိနိုင်မည်နည်း။ အဘယ်ကြောင့်ဆိုသော် အကြင်စိုးမိုးပိုင်ဆိုင်ပြီး ဖန်ဆင်း တော်မူသော အသျှင်မြတ်က ဒုန္နယာလောကတွင် ယင်းသစ်ပင်နှင့် မြက်များကို ရေနှင့် လေဖြင့် မွေးမြူ စောင့်ရှောက်ထားပေသည်။ ထိုအသျှင်မြတ်သည် ဤအချက်ကိုလည်း စွမ်းဆောင်နိုင်ပေသည်။ ၄င်းမှာ 'ဂျဟန္နမ်'၌ ယင်းသစ်ပင်များ၏ အစာအဟာရသည် မီးဖြစ်လိမ့်မည်။ ယင်းသစ်ပင်များသည် ၄င်းမီးကြောင့် အသီးအပွင့်များ ဖူးပွင့်နေပေမည်။

သံသယတစ်ခု၏ အဖြေ

ကုရ်အာန်ကျမ်းတော်မြတ်တွင် 'ဂျဟန္နမ်'များ၏ အစားအစာနှင့် ပတ်သက်ပြီး အမျိုးမျိုးသော အစားအစာများကို ဖော်ပြထားပေသည်။ ဤနေရာ၌ **ضريع** ဆိုသည့် အစားအစာကို 'ဂျဟန္နမ်' ငရဲဘုံသား

များ၏ အစားအစာဟု တင်ပြထားပေသည်။ အခြားသော နေရာ၌ زَقُّوم (ရှားစောင်းခါးပင်)၊ ၄င်းနောက် အခြားသော နေရာ၌ غِسْلِين ဟု မိန့်ဆိုထားပေသည်။ ဤအာယသ်တော်၌ သတ်မှတ်ချက်ဖြင့် 'ဂျဟန္နမ်' ငရဲဘုံသားများ၏ အစားအစာ မှာ ضَرِيع မှအပ အခြားသော အရာများ မရရှိနိုင်ပေဟု တင်ပြထားရာတွင် ဤသတ်မှတ်ချက်သည် စားသင့်စားထိုက်သော နေရာများ၊ နှစ်မြို့ဖွယ်အရာများ၊ ကိုယ်ခန္ဓာ ဖွံ့ဖြိုးရာတွင် အကျိုးပြုမည့်အရာများနှင့် နှိုင်းယှဉ်ကာ တင်ပြထားခြင်းဖြစ်သည်။ ၄င်းနောက် ضَرِيع ဆိုသော အစားအစာအား ဥပမာတစ်ရပ်အနေဖြင့် တင်ပြထားပေသည်။ ယင်း၏ အလိုသဘောမှာ 'ဂျဟန္နမ်' ငရဲဘုံသားများအား စားသင့်စားထိုက်သည့် အစားအစာများ ရရှိမည်မဟုတ်ပေ။ သို့သာမက ضَرِيع ကဲ့သို့သော ဒုက္ခရောက်စေမည့် အစာများကိုသာ ရရှိလိမ့်မည်ဟူ၍တည်း။ ضَرِيع ဟု ဆိုရာတွင် သီးခြားသတ်မှတ်ချက်သည် အဓိကမကျပေ။ သို့သာမက زقوم (ရှားစောင်းခါးပင်) နှင့် غسلين လည်း ضريع ၏ အမျိုးအစားတွင် ပါဝင်ပေသည်။ ၄င်းနောက် ကုရ်အာန်သုဗီးကျမ်းရှင်က မိန့်ဆိုသည်မှာ 'ဂျဟန္နမ်' ငရဲဘုံ၌ အုပ်စုအမျိုးမျိုး ရှိပေမည်။ ယင်းအုပ်စုများ၏ အစားအစာများသည်လည်း အမျိုးမျိုးပင် ဖြစ်ပေမည်။ တစ်နေရာ၌ ضريع အခြားတစ်နေရာ၌ زقوم နှင့် غسلين တို့ ဖြစ်မည်။

لَا يُسْمِنُ وَلَا يُغْنِي مِن جُوعٍ

တင်ပြပြီးခဲ့သော အာယသ်တော်များ၌ 'ဂျဟန္နမ်' ငရဲဘုံသားများ၏ အစားအစာကို ضَرِيع ဟု တင်ပြထားပေသည်။ ဤအာယသ်တော်ကို ကြားပြီး မက္ကာဟ်၌ ရှိကြသော အချို့ကာဖိရ်များက ပြောဆိုကြသည်မှာ ငါတို့၏ ကုလားအုတ်များသည် ضَرِيع ကို စားပြီး ကောင်းစွာ ဝဖြိုးနေပေသည်။ ယင်းကာဖိရ်များကို အဖြေပေးရာ၌ အမိန့်ရှိသည်မှာ 'ဂျဟန္နမ်' ငရဲဘုံ၏ ضَرِيع ကို ဒွန္နယာလောက၏ ضَرِيع အပေါ် နှိုင်းယှဉ်မှု မပြုကြလေနှင့်။ 'ဂျဟန္နမ်' ၏ ضَرِيع ကြောင့် ဝဖြိုးလိမ့်မည်လည်း မဟုတ်ပေ။ ၄င်းနောက် ဆာလောင်မွတ်သိပ်မှုမှလည်း လွတ်မြောက်လိမ့်မည် မဟုတ်ပေ။

لَا تَسْمَعُ فِيهَا لَاغِيَةً

ဆိုလိုသည်မှာ 'ဂျန္နသ်' သုခဘုံတွင် အချည်းအနှီး အဓိပ္ပာယ်မဲ့သော၊ ၄င်းနောက် စိတ်ထိခိုက်စေသော မည်သည့်စကားမျိုးမှ သုခဘုံသားများ၏ နားများတွင် ကြားရလိမ့်မည်မဟုတ်။ ယင်းတွင် 'ကုဖ်ရ်' ပြုဆန့်ကျင်သော စကားများလည်း ပါဝင်သွားပေသည်။ ၄င်းနောက် ဆဲရေးတိုင်းထွာခြင်း၊ လုပ်ကြံဖန်တီးထားသော စကားများ၊ ပြစ်တင်ဝေဖန်သော စကားများ၊ စွပ်စွဲသော စကားများ၊ အားလုံး ပါဝင်သွားပေသည်။ အကြင်စကားများကို ကြား၍ လူသားသည် စိတ်ထိခိုက်တတ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင် ဤအကြောင်းအရာကိုပင် မိန့်ဆိုထားသည်မှာ-

لَا يَسْمَعُوْنَ فِيْهَا لَغْوًا وَّلَا تَأْثِيْمًا

ဆိုလိုသည်မှာ 'ဂျန္နသ်'သုခဘုံသားများသည် သုခဘုံတွင် မည်သည့်အဓိပ္ပာယ်မဲ့သော စကားရပ်ကိုမျှ (သို့မဟုတ်) မည်သည့်စွပ်စွဲချက်ကိုမျှ ကြားကြရမည်မဟုတ်ပေ။ ဤအာယသ်တော်အပြင် ကျမ်းမြတ်ကုရ်အာန်၏ အခြားအာယသ်တော်များတွင်လည်း ဤအကြောင်းအရာကို တင်ပြထားပေသည်။ ထို့ကြောင့် သိရှိရသည်မှာ စွပ်စွဲခြင်း၊ အထိန်းအကွပ်မရှိသော စည်းစနစ်မကျသော စကားရပ်များသည် အလွန်ပင် ဒုက္ခပေးသော စကားများဖြစ်သည်။ ထို့ကြောင့် ကျမ်းတော်မြတ်ကုရ်အာန်တွင် သုခဘုံသားများ၏ အခြေအနေကို တင်ပြရာ၌ ဤစကားရပ်များအကြောင်း အထူးတလည် တင်ပြထားခြင်းဖြစ်သည်။ အကြောင်းမှာ သုခဘုံသားများ၏ နားတွင် စိတ်ထိခိုက်ဖွယ်ရာနှင့် စိတ်ငြိုငြင်ဖွယ်ရာ မည်သည့်စကားရပ်ကိုမျှ ကြားရလိမ့်မည်မဟုတ်ပေဟူ၍ ဖြစ်သည်။

လူမှုဆက်ဆံရေးဆိုင်ရာ စည်းကမ်းချက်အချို့

وَاَكْوَابٌ مَّوْضُوْعَةٌ

اَكْوَابٌ သည် كُوْبٌ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ 'ရေသောက်သော ခွက်'ဟု အဓိပ္ပာယ်ရသည် ဥပမာ- ရေဖလားဖန်ခွက် စသည်တို့ ဖြစ်သည်။ ထို كُوْبٌ ၏ ဂုဏ်ပုဒ်ပြနာမ်အနေဖြင့် مَوْضُوْعَةٌ ဟူသော စာသားကို သုံးနှုန်းထားသည်။ ဆိုလိုသည်မှာ သတ်မှတ်ထားသော နေရာ၌ ရေ၏ အနီးတွင် ထားရှိမည်ဖြစ်သည်။ ဤကဲ့သို့ အမိန့်ရှိပြီးနောက် လူမှုဆက်ဆံရေးဆိုင်ရာ၏ အရေးကြီးသော သင်ခန်းစာ တစ်ပုဒ်အား တိုက်တွန်း မိန့်ဆိုထားပေသည်။ ရေ၏ အနီး၌ ရေသောက်သည့် ဖလားအား သတ်မှတ်ထားသော နေရာ၌ ထားရှိရမည်။ ယင်းနေရာမှ ဟိုဟိုဒီဒီ ရောက်ရှိသွားသော် ရေသောက်သောအချိန်တွင် ရေဖလားကို ရှာနေရလိမ့်မည်။ ဤအချက်သည်လည်း ဒုက္ခရောက်စေသည့် အချက်ပင် ဖြစ်ပေသည်။ ဤအတွက်ကြောင့် လူတိုင်းလူတိုင်းအနေဖြင့် ယင်းအချက်အား သတိပြုသင့်ပေသည်။ အိမ်သူ၊ အိမ်သားများအားလုံး အသုံးပြုသည့် ပစ္စည်းများ အခြားသူများ ဒုက္ခမရောက်စေရန် မူလနေရာ၌ ပြန်ထားရမည်။ ဤအကြောင်းအရာများအား موضوعه ဆိုသော စာလုံးမှ ကောက်နုတ်တင်ပြရခြင်းမှာ 'အလ္လာဟ်အသျှင်မြတ်က သုခဘုံသားများအား အေးအေးလူလူ အနားရရှိစေရန်အလို့ငှာ ယင်းသုခဘုံသားတို့၏ ရေသောက်မည့် ခွက်များအား ရေအနီး၌ ထားရှိသည်ကို တွေ့ရှိရပေမည်' ဟူသော အချက်များကို အရေးတကြီး တင်ပြမိန့်ဆိုထား၍ ဖြစ်ပေသည်။

اَفَلَا يَنْظُرُوْنَ اِلَى الْاِبِلِ كَيْفَ خُلِقَتْ (الْاٰية)

'ကေယာမသ်'နေ့၏ အခြေအနေများ၊ ၄င်းနောက် ယင်းနေ့၌ မုအ်မင်န်နှင့် ကာဖိရ်တို့၏ အစား ပေးမှုနှင့် အပြစ်ဒဏ်များကို တင်ပြပြီးသည့်နောက် ထိုဆိုးသွမ်းသော ပညာမဲ့များအား လမ်းမှန်တရား ရယူရန်ဘက်သို့ အာရုံစူးစိုက်စေသည်။ ထိုသူသည် မိမိအသိဉာဏ်မဲ့ခြင်းကြောင့် ဤအချက်ပေါ်၌ 'ကေယာမသ်'နေ့အား ငြင်းပယ်နေကြသည်။ ကွယ်လွန်သေဆုံးပြီး မြေကြီးဖြစ်သွားပြီးနောက် ဒုတိယ အကြိမ် ရှင်ပြန်ထရမည့်အချက်မှာ အလွန်ဝေးကွာပြီ (သို့သာမက) မဖြစ်နိုင်ဟု မှတ်ယူကြပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ယင်းတို့အား 'ဟေဒါယသ်'ရရန်အလို့ငှာ မိမိ၏ တန်ခိုးတော်များ၏ အချို့သော နိမိတ်လက္ခဏာများကို စဉ်းစားတွေးတောရန် အလို့ငှာ ၄င်းအာယသ်တော်များတွင် မိန့်ဆိုထားပေသည်။ ၄င်းနောက် အလ္လာဟ်အသျှင်မြတ် တန်ခိုးတော်များ၏ နိမိတ်လက္ခဏာများသည် မိုးကောင်းကင်နှင့် မြေပထဝီ ပေါ်တွင် မရေးတွက်နိုင်ပေ။

ဤနေရာ၌ ယင်းတန်ခိုးတော်များအနက်မှ ကျေးတောသားများ ဖြစ်ကြသော အာရဗ်မျိုးနွယ်များ နှင့် သင့်လျော်မည့် (၄) ခုသော အရာကို တင်ပြထားပေသည်။ ထိုသူများသည် ကုလားအုတ်များအပေါ် စီးနင်းပြီး ခက်ခဲဝေးလံလှသော ခရီးများကို ဖြတ်သန်းကြပေသည်။ ယင်းခေတ်အခါသမယတွင် ၄င်းတို့ နှင့် အနီးကပ်ဆုံးအရာမှာ ကုလားအုတ်ပင် ဖြစ်ပေသည်။ အထက်၌ မိုးကောင်းကင်ရှိပြီး အောက်တွင် မြေပထဝီ၊ ၄င်းနောက် ညာဘက်၊ ဘယ်ဘက်နှင့် ရှေ့နှင့် နောက်တွင် တောင်များ ဝန်းရံလျက် ရှိပေသည်။ ထိုသူများကို ယင်းအချက် (၄) ချက်အား စဉ်းစားသုံးသပ်ရန် မိန့်တော်မူပေသည်။ အခြားသော 'ကွဒ်ရသ်' တော်၏ နိမိတ်လက္ခဏာများကို မဆိုထားဘိ။ ယင်းအချက် (၄) ချက်၌ စဉ်းစားတွေးတောမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံတော်မူလှသော တန်ခိုးတော်အား အရာတိုင်းအပေါ်တွင် ထင်ရှားပေါ်လွင် နေသည်ကို မြင်တွေ့ရလိမ့်မည်။

၄င်းနောက် တိရစ္ဆာန်များတွင် ကုလားအုတ်၌ ထူးခြားချက်အချို့ ရှိပေသည်။ အကြင်ထူးခြားချက် များကို အထူးတလယ် စဉ်းစားတွေးတောသူများအတွက် အလ္လာဟ်အသျှင်မြတ်၏ ဉာဏ်တော်နှင့် တန်ခိုး တော်အား မြင်တွေ့ရပေမည်။

ပထမအချက်မှာ အာရဗ်ကမ္ဘာတွင် ခန္ဓာကိုယ်အရပ်အမောင်းကို ထောက်ရှုပြီး အကြီးမားဆုံးသော တိရစ္ဆာန်ဟူ၍ ကုလားအုတ်ပင် ဖြစ်ပေသည်။ အရဗ်ကမ္ဘာ၌ ဆင်မရှိပေ။

ဒုတိယအချက်မှာ အလ္လာဟ်အသျှင်မြတ်သည် ထိုခန္ဓာကိုယ်ထုထည် ကြီးမားသော တိရစ္ဆာန်အား ဤကဲ့သို့ ပြုလုပ်ထားပေသည်။ အာရဗ်ကမ္ဘာ၏ ကျေးတောသားများနှင့် ဆင်းရဲသော သူများသည်လည်း ဤမျှခန့် ကြီးမားသော တိရစ္ဆာန်အား မွေးမြူစောင့်ရှောက်ရာ၌ မည်သည့်အခက်အခဲမှ မရှိနိုင်ပေ။ အဘယ် ကြောင့်ဆိုသော် ယင်းတိရစ္ဆာန်ကို လွှတ်ထားမည်ဆိုလျှင် ၄င်းသည် မိမိဗိုက်ကို ကိုယ်တိုင် ဖြည့်လေ သည်။ မြင့်မားသော သစ်ပင်များ၏ သစ်ရွက်များကို ချူးကျွေးရန်လည်း မလိုအပ်ပေ။ ဤကုလားအုတ်

သည် သစ်ပင်များ၏ အကိုင်းအရွက်များကို ကိုယ်တိုင် ကိုက်ဖဲ့စားသောက်ပြီး သက်တမ်းကို ကုန်ဆုံးလေသည်။ ဆင်နှင့် အခြားသော တိရစ္ဆာန်များကဲ့သို့ ကုလားအုတ်၏ အစားအစာမှာ အလွန်ဈေးမကြီးပေ။ အာရဗ်၏ တောများတွင် ရေသည် အလွန်မှ ရှားပါးသော အရာဖြစ်ပေသည်။ အချိန်တိုင်း၊ နေရာတိုင်း၌ မရရှိနိုင်ပေ။ တန်ခိုးတော် အသျှင်မြတ်က ယင်းကုလားအုတ်ဝမ်းဗိုက်တွင် သိုလှောင်ကန်တစ်ခုကို ဤကဲ့သို့ ထည့်ထားပေသည်။

ကုလားအုတ်သည် ခုနစ်ရက်၊ ရှစ်ရက်စာ ရေသောက်ပြီး မိမိ၏ သိုလှောင်ကန်၌ ထိန်းသိမ်းထားပေသည်။ ၎င်းနောက် ထိုလားအုတ်သည် ဖြည်းညင်းစွာ လျှောက်လှမ်းမှုကြောင့် ရေ၏ လိုအပ်ချက်ကိုလည်း ပြည့်ဝအောင် ပြုလုပ်နိုင်သည်။ ဤမျှခန့် မြင့်မားသော တိရစ္ဆာန်အပေါ် စီးနင်းရန်အလို့ငှာ လှေကားတပ်ဆင်ရန် လိုအပ်သော်လည်း တန်ခိုးတော်အသျှင်မြတ်က ယင်းကုလားအုတ်၏ ခြေထောက်ကို အဆင့် (၃) ဆင့်ဖြင့် ဖန်ဆင်းထားပေသည်။ ဆိုလိုသည်မှာ ခြေထောက်တိုင်းတွင် ဒူးဆစ်နှစ်ခုကို ပြုလုပ်ထားပေသည်။ ထိုကုလားအုတ်သည် ယင်းဒူးဆစ်များကို အမှီပြု၍ ထိုင်ချလိုက်သောအခါ ယင်းကုလားအုတ်အပေါ် တက်ခြင်း၊ ဆင်းခြင်း၌ လွယ်ကူသွားလေတော့သည်။ ကုလားအုတ်သည် တိရစ္ဆာန်များအားလုံးထက် ဝန်စည်စလွယ်ကို သာပို၍ သယ်ဆောင်နိုင်သော အပင်ပန်းခံနိုင်သည့် သတ္တဝါ၊ အာရဗ်၏ သဲကန္တာရတွင် နွေခင်းဘက်၌ ပူပြင်းမှုကြောင့် ခရီးထွက်ခြင်းသည် အလွန်ခက်ခဲပေသည်။ တန်ခိုးတော်အသျှင်မြတ်က ယင်းတိရစ္ဆာန်အား တစ်ညလုံး သွားနိုင်သော အကျင့်ပြုလုပ်ပေးတော်မူသည်။ လူမမယ်အရွယ် မိန်းကလေး တစ်ဦးသည်ပင် ယင်းကုလားအုတ်၏ နဖါးကြိုးကို ဆွဲပြီး မိမိလိုရာသို့ ဆွဲသွားနိုင်သည်အထိ ယဉ်ပါးသော သတ္တဝါဖြစ်သည်။ ဤထူးခြားချက်များအပြင် နောက်ထပ် မြောက်မြားစွာ ထူးခြားချက်များ ရှိပေသည်။ အကြင်အချက်များသည် လူသားအား အလ္လာဟ်အသျှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်နှင့် ဉာဏ်တော်များနှင့် ပတ်သက်၍ သင်ခန်းစာ ပေးနေလေသည်။ စူရာဟ်၏ အဆုံးတွင် တမန်တော်မြတ် ﷺ အား နှစ်သိမ့်စေရန်အလို့ငှာ အမိန့်ရှိထားသည်မှာ ငါအသျှင်မြတ်သည် အသင်ကိုယ်တော်အား ယင်းသူများအပေါ် အားလုံး မုအ်မင်န်ဖြစ်စေရန်အတွက် တာဝန်မပေးထားပေ။

لَسْتَ عَلَيْهِمْ بِمُسَيْطِر

သို့သာမက အသင်ကိုယ်တော်၏ အလုပ်မှာ 'သဗ်လီးဂ်' ပို့ချခြင်းနှင့် ဆုံးမစကား ပြောဆိုခြင်းပင် ဖြစ်သည်။ အသင်ကိုယ်တော်သည် ယင်းအလုပ်များအား ဆောင်ရွက်ပြီး သောကကင်းစွာ နေထိုင်လော့။ ၎င်းတို့အား စာရင်းအင်စစ်ဆေးခြင်းနှင့် အစားပေးသော အလုပ်အားလုံးမှာ ငါအသျှင်မြတ်၏ တာဝန်သာ ဖြစ်ပေသည်ဟူ၍ အမိန့်ရှိထားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဖဂျ်ရ်

မိုးသောက်ချိန်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَالْفَجْرِ ۝١

၈၉ : ၁ ။ ။ (ငါအသျှင်မြတ်သည်) နံနက်မိုးသောက်ချိန်ကို သက်သေထူတော်မူ၏။

وَلَيَالٍ عَشْرٍ ۝٢

၈၉ : ၂ ။ ။ ၄င်းပြင် (ငါအသျှင်မြတ်သည်) ဆယ်ခုသော ညဉ့်ကို သက်သေထူတော်မူ၏။

وَّالشَّفْعِ وَالْوَتْرِ ۝٣

၈၉ : ၃ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည်) စုံ (ဖြစ်သောအရာ) ကိုလည်းကောင်း၊ 'မ' (ဖြစ်သောအရာ) ကိုလည်းကောင်း သက်သေထူတော်မူ၏။

وَالَّيْلِ اِذَا يَسْرِ ۝٤

၈၉ : ၄ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည်) ညဉ့်ကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုညဉ့်သည် သွားလေ၏။

هَلْ فِيْ ذٰلِكَ قَسَمٌ لِّذِيْ حِجْرٍ ۝٥

၈၉ : ၅ ။ ။ ဤသည်တို့၌ ဉာဏ်အမြော်အမြင် ပြည့်စုံသောသူ၏ အဖို့ ခိုင်မာလုံလောက်သော ကျိန်ဆိုချက် ရှိသည် မဟုတ်လော။

اَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِعَادٍ ۝٦

၈၉ : ၆ ။ ။ (အို၊ နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အာဒ်အမျိုးသားတို့အား မည်သို့ ပြုလုပ်ခဲ့သည်ကို အသင် သိမြင်ခဲ့ပြီး မဟုတ်လော။

إِرَمَ ذَاتِ الْعِمَادِ ⑦

၈၉ : ၇ ॥ ॥ အရပ်အမောင်း ထွားကျိုင်းသော တိုင်ရှည်ကြီးများ၏ ပိုင်ရှင်ဖြစ်ကြသော 'အီရမ်' (၏ အဆက်အနွယ်) အား။

الَّتِي لَمْ يُخْلَقْ مِثْلُهَا فِي الْبِلَادِ ⑧

၈၉ : ၈ ॥ ॥ (ကမ္ဘာပေါ်ရှိ) မြို့ရွာများတို့တွင် ၎င်းတို့ကဲ့သို့ (မည်သူမျှပင်) ဖန်ဆင်းခြင်း ခံခဲ့ရသည် မဟုတ်ပေ။

وَثَمُودَ الَّذِينَ جَابُوا الصَّخْرَ بِالْوَادِ ⑨

၈၉ : ၉ ॥ ॥ 'ဝါဒီလ်ကုရာ' အရပ်၌ ကျောက်ဆောင်များကို ထွင်းခဲ့ကြသော ဆမူဒ်အမျိုးသားတို့အား (မည်ကဲ့သို့ ပြုလုပ်တော်မူခဲ့သည်ကို) လည်းကောင်း။

وَفِرْعَوْنَ ذِي الْأَوْتَادِ ⑩

၈၉ : ၁၀ ॥ ॥ ၎တ်များ၏ ပိုင်ရှင်ဖြစ်သော ဖိရ်အောင်န်အား (မည်ကဲ့သို့ ပြုလုပ်တော်မူခဲ့သည်ကို) လည်းကောင်း။

الَّذِينَ طَغَوْا فِي الْبِلَادِ ⑪

၈၉ : ၁၁ ॥ ॥ အကြင်သူတို့သည် တိုင်းပြည်များတွင် ဆိုးသွမ်းခဲ့ကြကုန်၏။

فَأَكْثَرُوا فِيهَا الْفَسَادَ ⑫

၈၉ : ၁၂ ॥ ॥ ထို့နောက် ၎င်းတို့သည် ထိုတိုင်းပြည်များတွင် ပျက်စီးရာပျက်စီးကြောင်းကို များစွာ ပြုလုပ်ခဲ့ကြကုန်၏။

فَصَبَّ عَلَيْهِمْ رَبُّكَ سَوْطَ عَذَابٍ ⑬

၈၉ : ၁၃ ॥ ॥ သို့ဖြစ်ပေရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ၎င်းတို့အပေါ်၌ ပြစ်ဒဏ်၏ ကျာပွတ်ပြစ်ဒဏ်တစ်မျိုးကို သွန်းချတော်မူခဲ့၏။

إِنَّ رَبَّكَ لَبِالْمِرْصَادِ ⑭

၈၉ : ၁၄ ॥ ॥ ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် တပ်ပုန်းချထားရာ အရပ်၌ ချောင်းမြောင်း စောင့်ကြည့်လျက် ရှိတော်မူပေသည်။

فَأَمَّا الْإِنسَانُ إِذَا مَا ابْتَلَاهُ رَبُّهُ فَأَكْرَمَهُ وَنَعَّمَهُ فَيَقُولُ رَبِّي أَكْرَمَنِ ⑮

၈၉ : ၁၅ ॥ ॥ သို့ပါလျက် မည်သို့ပင်ဖြစ်စေ (ကာဖိရ်) လူသားတို့မှာမူ၊ ၎င်း၏ အသျှင်မြတ်က ၎င်းအား စမ်းသပ်တော်မူသောအခါ ထိုအသျှင်မြတ်သည် ၎င်းအား ဂုဏ်သရေ ချီးမြှင့်တော်မူ၏။ ထို့ပြင် ၎င်းအား ကျေးဇူးပြုတော်မူ၏။ ထိုအခါ ၎င်းက (ကျွန်ုပ်၏ ကြိုးပမ်းမှု အကျိုးသာဖြစ်ပြီး၊ ကျွန်ုပ်နှင့် ထိုက်တန်၍) 'ကျွန်ုပ်၏ အသျှင်မြတ်သည် ကျွန်ုပ်အား ဂုဏ်သရေ ချီးမြှင့်တော်မူခဲ့သည်' ဟု (ကျေးဇူးကန်းကာ) ပြောဆိုလေ့ ရှိ၏။

وَأَمَّا إِذَا مَا ابْتَلَاهُ فَقَدَرَ عَلَيْهِ رِزْقَهُ فَيَقُولُ رَبِّي أَهَانَنِ ⑯

၈၉ : ၁၆ ॥ ॥ သို့ရာတွင် မည်သို့ပင်ဖြစ်စေ၊ ထိုအသျှင်မြတ်သည် ၎င်းအား (တစ်နည်း) စမ်းသပ်တော်မူပြန်သောအခါ၊ ၎င်း၏ အပေါ်၌ ၎င်း၏ စားနပ်ရိက္ခာကို ကျပ်တည်းစေတော်မူ၏။ ထိုအခါ ၎င်းက 'ကျွန်ုပ်၏ အသျှင်မြတ်သည် ကျွန်ုပ်အား ဂုဏ်သရေ ဖျက်တော်မူခဲ့သည်' ဟု (ညည်းညူမြည်တမ်း မကျေမနပ်နှင့် ကျေးဇူးကန်းကာ) ပြောဆိုလေ့ ရှိပေသည်။

كَلَّا بَل لَّا تُكْرِمُونَ الْيَتِيمَ ⑰

၈၉ : ၁၇ ॥ ॥ (ထိုသို့) အလျှင်းမဟုတ်။ စင်စစ်မှာ အသင်တို့သည် ဖမဲ့ကလေးသူငယ်များအား ဂုဏ်ပေးကြသည် မဟုတ်ပေ။

وَلَا تَحَاضُّونَ عَلَىٰ طَعَامِ الْمِسْكِينِ ⑱

၈၉ : ၁၈ ॥ ॥ ထို့ပြင် အသင်တို့သည် သူဆင်းရဲတို့အား ကျွေးမွေးရန် တိုက်တွန်းနှိုးဆော်ကြသည်လည်း မဟုတ်ပေ။

وَتَأْكُلُونَ التُّرَاثَ أَكْلًا لَّمًّا ⑲

၈၉ : ၁၉ ॥ ॥ ၎င်းပြင် အသင်တို့သည် အမွေပစ္စည်းများကိုလည်း သိမ်းကျုံးလျက် စားသုံးကြကုန်၏။

وَتُحِبُّونَ الْمَالَ حُبًّا جَمًّا ⑳

၈၉ : ၂၀ ॥ ॥ ထို့ပြင် အသင်တို့သည် ဥစ္စာပစ္စည်းများကိုလည်း အလွန်အမင်း ချစ်ခင်စုံမက် ခုံမင်ကြကုန်သည်။

كَلَّا إِذَا دُكَّتِ الْأَرْضُ دَكًّا دَكًّا ㉑

၈၉ : ၂၁ ॥ ॥ အလျှင်းမဟုတ်။ (စင်စစ်မှာ 'ကေယာမသ်' နေ့တွင်) ပထဝီမြေသည် ထုထောင်းလျက် တစ်ပြေးညီအောင် ပြုလုပ်ခြင်းကို ခံရသောအခါ၊ (တစ်နည်း) ညက်ညက်ကြေအောင် ထုထောင်းခြင်းကို ခံရသောအခါ။

وَّجَآءَ رَبُّكَ وَالْمَلَكُ صَفًّا صَفًّا ﴿٢٢﴾

၈၉ : ၂၂ ။ ။ ထို့ပြင် ('ကေယာမသ်'နေ့တွင်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ကြွလာတော်မူသောအခါ ၎င်းပြင် ကောင်းကင်တမန်တို့သည် စီတန်းလျက် (လာကြသောအခါ။)

وَجِايْٓءَ يَوْمَىِٕذٍۢ بِجَهَنَّمَ ۙ يَوْمَىِٕذٍ يَّتَذَكَّرُ الْاِنْسَانُ وَاَنّٰى لَهُ الذِّكْرٰى ﴿٢٣﴾

၈၉ : ၂၃ ။ ။ ၎င်းပြင် ထိုနေ့တွင် 'ဂျဟန္နမ်'ငရဲဘုံသည် (လူတို့ရှေ့မှောက်ဝယ်) ယူဆောင်လာခြင်းကို ခံရသောအခါ။ ထိုနေ့တွင် လူသားသည် သတိတရား ရလာပေမည်။ သို့ရာတွင် (ထိုအခါ) သတိတရားရခြင်းသည် အဘယ်မှာလျှင် ၎င်း၌ အကျိုးရှိစေတော့မည်နည်း။

يَقُوْلُ يٰلَيْتَنِيْ قَدَّمْتُ لِحَيَاتِيْ ﴿٢٤﴾

၈၉ : ၂၄ ။ ။ (ထိုအခါ) လူသားသည် (ဤသို့) ပြောဆို (ညည်းညူ) ပေလိမ့်မည်။ 'သြော်- ငါသည် မိမိ၏ သက်တမ်း၌ ကောင်းမှုတစ်စုံတစ်ရာကို) ကြိုတင်၍ ဆည်းပူးခဲ့ပါလျှင် ကောင်းလေစွ။'

فَيَوْمَىِٕذٍ لَّا يُعَذِّبُ عَذَابَهٗٓ اَحَدٌ ﴿٢٥﴾

၈၉ : ၂၅ ။ ။ စင်စစ် ထိုနေ့တွင် ထိုအသျှင်မြတ်၏ ပြစ်ဒဏ်စီရင်ခြင်းမျိုးကို မည်သူတစ်ဦးတစ်ယောက်မျှပင် ပြစ်ဒဏ်စီရင်လိမ့်မည် မဟုတ်ပေ။

وَّلَا يُوْثِقُ وَثَاقَهٗٓ اَحَدٌ ﴿٢٦﴾

၈၉ : ၂၆ ။ ။ ထိုနည်းတူစွာ ထိုအသျှင်မြတ်၏ ဖမ်းဆီးချုပ်နှောင်ခြင်းမျိုးကိုလည်း မည်သူတစ်ဦးတစ်ယောက်မျှပင် ဖမ်းဆီးချုပ်နှောင်လိမ့်မည် မဟုတ်ပေ။

يٰٓاَيَّتُهَا النَّفْسُ الْمُطْمَىِٕنَّةُ ﴿٢٧﴾

၈၉ : ၂၇ ။ ။ (အမိန့်တော်နာခံသော မုအ်မင်န်များအား) အို၊ (သောကကင်း၍) တည်ငြိမ်သော အသက်ဇီဝိန်။

ارْجِعِيْٓ اِلٰى رَبِّكِ رَاضِيَةً مَّرْضِيَّةً ﴿٢٨﴾

၈၉ : ၂၈ ။ ။ အသင်သည် မိမိ၏ အသျှင်မြတ်ထံတော်သို့ ကျေနပ်လျက် (ထိုအသျှင်မြတ်၏) ကျေနပ်မှုကို ခံယူလျက် ပြန်သွားလေလော့။

فَادْخُلِيْ فِيْ عِبٰدِيْ ﴿٢٩﴾

၈၉ : ၂၉ ။ ။ ထို့နောက် အသင်သည် ငါအသျှင်မြတ်၏ ကျွန်တို့တွင် ပါဝင်လေလော့။

وَادْخُلِي جَنَّتِي ﴿٣٠﴾

၈၉ : ၃၀ ။ ။ ၎င်းပြင် အသင်သည် ငါအသျှင်မြတ်၏ 'ဂျန္နသ်' သုခဘုံ၌ ဝင်ရောက် (စံမြန်း) လေလော့။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် နံနက်မိုးသောက်ချိန်ကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။ ထို့ပြင် ငါအသျှင်မြတ်သည် ('ဇိလ်ဟဂ်ျ' လ၏) ည (၁၀) ညကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။ (ထိုညများသည် ဟဒီးစ်တော်၌ ဖွင့်ဆိုထားသည့်အတိုင်း အလွန်ထူးမြတ်သော ညများ ဖြစ်သည်။)

ထို့ပြင် ငါအသျှင်မြတ်သည် 'စုံ' (ဖြစ်သောအရာ) ကိုလည်းကောင်း၊ 'မ' (ဖြစ်သောအရာကို) လည်းကောင်း တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

('စုံ' ဆိုသည်မှာ 'ဇိလ်ဟဂ်ျ' လ (၁၀) ရက်နေ့ကိုလည်းကောင်း၊ 'မ' ဆိုသည်မှာ 'ဇိလ်ဟဂ်ျ' လ (၉) ရက်နေ့ကိုလည်းကောင်း ဆိုလိုသည်။ ဟဒီးစ်တော်တွင် ဤအတိုင်း လာရှိသည်။ ထို့ပြင် ဟဒီးစ်တော် တစ်ရပ်တွင် ဤသည် နမာဇ်များကို ဆိုလိုခြင်းဖြစ်သည်ဟု လာရှိသည်။ အဘယ်ကြောင့်ဆိုသော် နမာဇ်တွင် အချို့သည် 'မ' အရေအတွက် 'ရကအသ်' ရှိ၍ အချို့မှာ 'စုံ' အရေအတွက် 'ရကအသ်' ရှိသောကြောင့်ပင် ဖြစ်သည်။ 'ပထမဟဒီးစ်တော်ကို ဆင့်ပြန်ချက်အရလည်း အမှန်ကန်ဆုံးဟု ဆိုကြသည်။ ရူဟုလ်မအာနီ ကျမ်းတွင် ဤအတိုင်း လာရှိသည်။ ထို့ပြင် درایة 'ဒိရာယသ်' အလိုသဘော ဖွင့်ဆိုမှုအရလည်း အမှန်ကန် ဆုံး အဆိုဖြစ်သည်။ အကြောင်းမှာ ဤစူရာဟ်တွင် တိုင်တည်၍ 'ကစမ်' ကျိန်ဆိုထားသည်တို့သည် ခေတ် ကာလနှင့် အချိန်များဖြစ်သောကြောင့်ပင် ဖြစ်သည်။ ကြားအလယ်တွင် စုံနှင့် မတို့သည်လည်း အချိန် ကာလ၏ 'ကစမ်' ကျိန်ဆိုမှုများပင် ဖြစ်သည်ဟု ဆိုမှသာလျှင် ဆက်စပ်မှုမှာ ပေါ်လွင်ထင်ရှားပေမည်။ ဤနေရာတွင် 'စုံ' နှင့် 'မ' တို့၏ အလိုသဘောမှာ လေးစားဂုဏ်ပေးထိုက်သော 'စုံ' နှင့် 'မ' တိုင်းကို ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ ယင်း၌ အချိန်ကာလနှင့် နေ့ရက်များသည်လည်း ပါဝင်ပေသည်။ နမာဇ် ၏ 'ရကအသ်' အရေအတွက်များလည်း ပါဝင်ပေသည်။)

ထို့ပြင် ငါအသျှင်မြတ်သည် ညကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။ အကြင်အခါဝယ် ထိုည၌သည် ရွေ့လျားသွားလေသည်။ (ဆိုလိုသည်မှာ 'ကုန်လွန်ခဲ့လေသည်' ဟု ဖြစ်သည်။ အလ္လာဟ် အသျှင်မြတ်က

وَالَّيْلِ اِذَا اَدْبَرَ

ဟု မိန့်ကြားထားသည့်အတိုင်း ဖြစ်သည်။ ရှေ့တွင် ကြားဖြတ်စကားပုံစံဖြင့် လေးနက်စေရန်အတွက် ဤကစမ်ကျိန်ဆိုမှု၏ ကြီးကျယ်ခြင်းအကြောင်းကို မိန့်ကြားတော်မူသည်မှာ) ဖော်ပြပါ ကစမ်ကျိန်ဆိုမှုတို့ တွင် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသူတို့အတွက် ခိုင်မာလုံလောက်သော ကျိန်ဆိုမှုဖြစ်သည် မဟုတ်လော။

(ဤမေးမြန်းချက်သည် ခိုင်မာခြင်းနှင့် လေးနက်ခြင်းတို့အတွက် ဖြစ်သည်။ ဆိုလိုသည်မှာ ဤဖော်ပြပါ ကစမ်ကျိန်ဆိုမှုများအနက်ရှိ ကစမ်ကျိန်ဆိုမှုတိုင်းသည် တင်ပြချက်ကို လေးနက်စေရန် လုံလောက်ပေသည်။ ကုရ်အာန်ကျမ်းမြတ်တွင် လာရှိသမျှသော ကစမ်ကျိန်ဆိုမှုတိုင်းသည် ဤအတိုင်းပင် ဖြစ်ပေသည်။ သို့သော် လေးနက်စေရန်အတွက် ဤသည်မှာ ပြည့်စုံကြောင်းကို ရှင်းလင်းစွာ မိန့်ကြားတော်မူခြင်းဖြစ်သည်။ စူရာဟ်ဝါကိအာဟ်တွင်

وَاِنَّهٗ لَقَسَمٌ لَّوْ تَعْلَمُوْنَ عَظِيْمٌ

ဟု မိန့်ကြားထားသကဲ့သို့ ဖြစ်သည်။ 'ကစမ်' ကျိန်ဆိုတင်ပြအပ်သည့် အကြောင်းအရာသည် ဖုံးကွယ်လျက် ရှိနေသည်။ ၎င်းမှာ ကာဖိရ်များအဖို့ ဧကန်မုချ အပြစ်ဒဏ်ကျရောက်ပေမည်ဟု ဖြစ်သည်။ ဂျလာလိုင်န်ကျမ်းတွင် ဤအတိုင်း တင်ပြထားသည်။ ရှေးကာဖိရ်တို့အပေါ် 'အဇာဗ်'အပြစ်ဒဏ် ကျရောက်ခဲ့ကြောင်း တင်ပြထားသည့် အရှေ့၌ လာရှိသော စာသား စာစဉ်အကြောင်းအရာများသည် ၎င်း၏ အထောက်အထား ဖြစ်သည်။ ၎င်းမှာ အို, နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် 'အားဒ်'အမျိုးသားတို့အား မည်သို့ ပြုလုပ်ဆက်ဆံတော်မူခဲ့သည်ကို အသင်မသိပါသလော။

အရပ်အမောင်းမှာ တိုင်ရှည်များကဲ့သို့ ထွားကျိုင်းရှည်လျားသူများ ဖြစ်ကြသည်။ အိရမ် (၏အဆက်အနွယ်) ဖြစ်သည်။ ကမ္ဘာပေါ်ရှိ မြို့ရွာများတွင် ၎င်းတို့ကဲ့သို့ အင်အားရှိသူ မည်သူမျှပင် ဖန်ဆင်းခြင်း မခံခဲ့ရပေ။

(ဤအမျိုးအနွယ်တွင် ဘွဲ့အမည်နှစ်မျိုး ရှိသည်။ တစ်မျိုးမှာ အားဒ်ဖြစ်ပြီး ကျန်တစ်မျိုးမှာ 'အိရမ်' ဟု ဖြစ်သည်။ အကြောင်းမှာ 'အားဒ်'သည် အားဆွ်၏ သားဖြစ်ပြီး အားဆ်သည် အိရမ်၏ သားဖြစ်သည်။ တစ်ဖန် အိရမ်သည် စားမ်ဗင်န်နူးဟ် ﷺ ၏ သားဖြစ်သည်။ ထို့ကြောင့် တစ်ခါတစ်ရံ ၎င်းတို့ကို ဖခင်၏ အမည်ဖြင့် အားဒ်ဟုလည်းကောင်း၊ တစ်ခါတစ်ရံ အဘိုး၏ အမည်ဖြင့် အိရမ်ဟုလည်းကောင်း ခေါ်ဝေါ်ကြသည်။ ထို့ပြင် အိရမ်တွင် အာဗိရ်ဟူသော သားတစ်ယောက် ရှိသည်။ အာဗိရ်၏ သားမှာ စမူးဒ်ဖြစ်သည်။ ဤစမူးဒ်၏ အမည်ဖြင့် မျိုးနွယ်တစ်စု၏ အမည်မှာ ကျော်ကြားခဲ့သည်။ သို့ဖြစ်ပေရာ အားဒ်နှင့် စမူးဒ်တို့သည် အိရမ်တွင် လာရောက်ပေါင်းစုံသွားသည်။ အားဒ်သည် အားဆ္ဗမှလည်းကောင်း၊ စမူးဒ်သည် အာဗိရ်မှလည်းကောင်း အိရမ်တွင် လာရောက်ပေါင်းစုံသွားခဲ့သည်။ ဤနေရာ၌ အိရမ်ကို အပိုထည့်ရခြင်းမှာ အားဒ်အမျိုးသားများတွင် عَادِ اُوْلٰى ဟူသော ရှေးခေတ်အားဒ်အမျိုးသားများနှင့် عَادِ اُخْرٰى ဟူသော 'နောင်းခေတ် အားဒ်အမျိုးသားများဟူ၍ နှစ်မျိုးနှစ်စား ရှိသောကြောင့်ပင် ဖြစ်သည်။ အိရမ်ကို အပိုဖြည့်စွက်ခြင်းဖြင့် عادا ولى ဟူသော ရှေးခေတ်အားဒ်အမျိုးသားများကို ဖော်ညွှန်လိုက်ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခေတ်ကာလ နီးကပ်ခြင်းနှင့် အထက်အဆက် နည်းပါးခြင်းတို့အားဖြင့် 'အိရမ်' ဟု သုံးနှုန်းခြင်းသည် ရှေးခေတ် အားဒ်အမျိုးသားများအပေါ်၌သာ ဖြစ်နိုင်သောကြောင့် ဖြစ်သည်။)

ထို့ပြင် (ရှေ့တွင် အားဒ်အမျိုးသားများ၏ နောက်တွင် ပျက်စီးခဲ့ရသော အခြားအမျိုးသားများ အကြောင်းကို အသင် သိပါသလားဟု တင်ပြမိန့်ကြားတော်မူသည်မှာ) 'ဝါဒီလ်ကုရာ'အရပ်တွင် ကျောက်ဆောင်များကို ထွင်းခဲ့ကြသော စမူးဒ်အမျိုးသားတို့အား (မည်ကဲ့သို့ ဆက်ဆံတော်မူခဲ့သည်ကို အသင် သိပါသလား။)

(၎င်းတို့သည် တောင်တို့၏ ကျောက်ဆောင်များကို ထွင်း၍ အိမ်များ ပြုလုပ်ကြသည်။ ဝါဒီလ်ကုရာသည် ၎င်းတို့၏ မြို့ရွာများအနက်မှ မြို့တစ်မြို့၏ အမည်ဖြစ်သည်။ အခြားမြို့တစ်မြို့၏ အမည်မှာ 'ဟိဂျ်ရ်' ဟူ၍ ရှိပြီး ၎င်းမြို့များသည် အာရေဗီယားနိုင်ငံနှင့် ဆီးရီးယားနိုင်ငံဒေသတို့၏ အကြားတွင် ရှိသည်။ ထိုမြို့ရွာအားလုံးတို့တွင် စမူးဒ်အမျိုးသားများ နေထိုင်ခဲ့ကြသည်။ အချို့သော သဖ်စီးရ်ဖွင့်ဆိုချက်များတွင် ဤအတိုင်း လာရှိသည်။)

ထို့ပြင် ငုတ်များ၏ ပိုင်ရှင်ဖြစ်သော ဖိရ်အောင်န်အား မည်သို့ ဆက်ဆံတော်မူခဲ့သည်ကို အသင် သိပါသလော။

(ဒုရ်ရေမန်ဆူးရ်ကျမ်းတွင် အိဗ်နေမတ်စ်အူးဒ် ﷺ သခင်၊ စအီးဒ်ဗင်န်ဂျူဗိုင်ရ် (ရဟ)၊ မုဂျာဟိဒ် (ရဟ)၊ ဟစန် (ရဟ) နှင့် **စုဒ္ဒီ** (ရဟ) တို့မှ ဤငုတ်တိုင်၏ သဖ်စီးရ်ကို ဖွင့်ဆိုရာတွင် 'ဖိရ်အောင်န်သည် အပြစ်ပေးခံရသူ၏ လက်နှင့် ခြေ လေးဘက်စလုံးကို ငုတ်တိုင်လေးခုတွင် ချည်နှောင်၍ အပြစ်ပေးလေ့ ရှိခဲ့သည်' ဟု ဆိုကြကြောင်း လာရှိသည်။ ထို့ပြင် အခြားသဖ်စီးရ်ဖွင့်ဆိုချက်တစ်ခုမှာ စူရာဟ်ဆွာဒ်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ရှေ့တွင် ၎င်းတို့အားလုံး၌ တူညီစွာရှိသော အချင်းလက္ခဏာများကို မိန့်ကြားသည်မှာ) ၎င်းတို့သည် တိုင်းပြည်မြို့ရွာများတွင် ဆိုးသွမ်းခဲ့ကြသည်။

ထို့နောက် ၎င်းတို့သည် ထိုတိုင်းပြည် မြို့ရွာများတွင် ပျက်စီးရာပျက်စီးကြောင်း များစွာကို ပြုလုပ်ခဲ့ကြသည်။

သို့ဖြစ်ပေရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ၎င်းတို့အပေါ်၌ ပြစ်ဒဏ်၏ ကျာပွတ်ပြစ်ဒဏ်တစ်မျိုးကို သွန်းချတော်မူခဲ့သည်။ (ဆိုလိုသည်မှာ 'အဇာဗ်'အပြစ်ဒဏ်ကို ချပေးတော်မူခဲ့သည်'ဟု ဖြစ်သည်။ သို့ဖြစ်ပေရာ 'အဇာဗ်'အပြစ်ဒဏ်ကို ကျာပွတ်ဖြင့်လည်းကောင်း၊ ထိုအပြစ်ဒဏ်ချပေးခြင်းကို ရွာသွန်းခြင်းဟုလည်းကောင်း နိုင်းနှိုင်းသုံးနှုန်းထားသည်။ ရှေ့တွင် ဤအပြစ်ဒဏ် ပို့ချခြင်းအကြောင်းခံကို မျက်မှောက်ခေတ်၌ ရှိသူတို့အဖို့ သံဝေဂတရား ရယူနိုင်ရန် မိန့်ကြားတော်မူသည်မှာ) ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ရန်သူကို စောင့်ကြည့်ရာအရပ်၌ စောင့်ကြည့်လျက် ရှိနေတော်မူပေသည်။

(၎င်းတို့အနက် ဖော်ပြခြင်းခံခဲ့ရသော သူများမှာမူ ဖျက်ဆီးခြင်းခံခဲ့ရပေသည်။ ထို့နောက် မျက်မှောက်ခေတ်တွင် ရှိနေသူတို့ကို မကြာမီပင် 'အဇာဗ်'အပြစ်ဒဏ် ချတော်မူပေမည်။)

သို့ဖြစ်ပေရာ (မျက်မှောက်ခေတ်တွင် ရှိသော ကာဖိရ်တို့သည် သံဝေဂတရား ရယူခြင်းနှင့် 'အဇာဗ်' အပြစ်ဒဏ်ထိုက်စေသော လုပ်ရပ်များမှ ရှောင်ကြဉ်ရန်သည် ဤမိန့်ကြားချက်၏ ရည်ရွယ်ချက်ဖြစ်သည်။

သို့ရာတွင် ကာဖိရ်တို့သည်) မည်သို့ပင်ဖြစ်စေ၊ ကာဖိရ်လူသားတို့မှာမူ ၎င်း၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က ၎င်းအား စမ်းသပ်တော်မူသောအခါ ထိုအသျှင်မြတ်သည် ၎င်းအား (ပေါလွင်ထင်ရှားစွာ) ဂုဏ်သရေကို ချီးမြှင့်တော်မူ၏။ ထို့ပြင် ကျေးဇူးတော်များကို ချီးမြှင့်တော်မူ၏။ (ဥစ္စာပစ္စည်းနှင့် ရာထူးရာခံ စသော အရာများကို ချီးမြှင့်ခြင်းကို ဆိုလိုသည်။ ထိုအရာများအပေါ် ကျေးဇူးသိတတ်ခြင်းကို ကြည့်ရှုတော်မူရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းအား စမ်းသပ်ခြင်းဟူသော စကားလုံးကို သုံးနှုန်းထားခြင်း ဖြစ်သည်။) ထိုအခါ ၎င်းက (မိမိအတွက် ထိုက်တန်သော ရပိုင်ခွင့်ဟု မှတ်ယူပြီး ဝင့်ကြွားဂုဏ်မောက်၍) ကျွန်ုပ်၏ အသျှင်မြတ်သည် ကျွန်ုပ်အား ဂုဏ်သရေ ချီးမြှင့်တော်မူခဲ့သည်ဟု ပြောဆိုလေ့ ရှိခဲ့သည်။

(ဆိုလိုသည်မှာ ကျွန်ုပ်အား ဤမျှသော ကျေးဇူးတော်များကို ချီးမြှင့်တော်မူသည်မှာ 'ကျွန်ုပ်အား နှစ်သက်လက်ခံသောကြောင့် ဖြစ်သည်' ဟူ၏။)

ထို့ပြင် မည်သို့ပင်ဖြစ်စေ ၎င်းအား (အခြားနည်းလမ်းဖြင့်) စမ်းသပ်တော်မူသည့်အခါ ဆိုလိုသည်မှာ ၎င်း၏ ရိဇ်ဇီစားနပ်ရိက္ခာကို ၎င်းအပေါ်တွင် ကျပ်တည်းစေတော်မူ၏။ (ထိုသို့ ပြုလုပ်ခြင်းမှာ ၎င်းလူသား၏ သည်းခံမှုနှင့် အလ္လာဟ်အသျှင်မြတ်၏ ဆုံးဖြတ်ချက်အပေါ် ကျေနပ်လက်ခံခြင်းတို့ကို ကြည့်ရှုရန် ရည်ရွယ်တော်မူခြင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းအား စမ်းသပ်ခြင်းဟူသော စကားလုံးကို သုံးနှုန်းထားခြင်း ဖြစ်သည်။) ထိုအခါ ၎င်းက (သည်းညည်းစကား ဆိုသည်မှာ) ကျွန်ုပ်၏ အသျှင်မြတ်သည် ကျွန်ုပ်အား ဂုဏ်သရေ ဖျက်တော်မူခဲ့သည်ဟု ပြောဆိုလေ့ ရှိခဲ့သည်။

(ဆိုလိုသည်မှာ ကျွန်ုပ်သည် ဂုဏ်ပြုခြင်းခံထိုက်ပါလျက် မိမိ၏ ရက်ရောမှုမှ လက်မဲ့ပြုကာ ယနေ့ ဂုဏ်သိမ်စေခဲ့သည်။ လောကီရေးစည်းစိမ်သုခများ ယုတ်လျော့သွားစေခဲ့သည်။ အလိုသဘောမှာ ကာဖိရ်များသည် လောကီရေးကိုသာ အဓိကပန်းတိုင်ဟု မှတ်ယူသူများ ဖြစ်ကြသည်။ လောကီရေးအဆင်ပြေမှုကို လက်ခံခြင်းခံရမှုနှင့် မိမိသည် ထိုအဆင်ပြေမှုနှင့် ထိုက်သက်သူ ဖြစ်သည်ဟုလည်းကောင်း၊ လောကီရေးကျပ်တည်းမှုသည် စွန့်ပစ်ခံရခြင်းနှင့် မိမိသည် ထိုစွန့်လွှတ်ခံရခြင်းနှင့် ထိုက်သက်သူများမဟုတ်ဟု မှတ်ယူကြသည်။ သို့ဖြစ်ပေရာ ဤမှတ်ယူခြင်းတွင် အမှားနှစ်မျိုး ရှိပေသည်။ တစ်မျိုးမှာ လောကီရေးကို အဓိကပန်းတိုင် ဖြစ်သည်ဟု မှတ်ယူခြင်းနှင့် ထိုသို့ မှတ်ယူခြင်းကြောင့် တမလွန်ကို ငြင်းပယ်ခြင်းနှင့် တမလွန်၏ အရေးကိစ္စများကို မျက်နှာလွှဲ အလေးမမူခြင်းများ ပေါ်ပေါက်လာသည်။ ဒုတိယအမှားမှာ မိမိကိုယ်ကို ထိုက်တန်သူဟု ကြွေးကြော်မှု ပြုခြင်းကြောင့်ပင် စည်းစိမ်သုခများအပေါ် ဂုဏ်မောက်ခြင်းနှင့် ကျေးဇူးကန်းခြင်းများသည်လည်းကောင်း၊ ဒုက္ခရောက်သည့်အပေါ် ညည်းညူ၍ ကျေးဇူးကန်းသော စကားများ ပြောဆိုခြင်းနှင့် သည်းခံမှု မရှိခြင်းများသည်လည်းကောင်း ပေါ်ပေါက်လာသည်။ ဤလုပ်ရပ်အားလုံးသည် 'အဇာဗ်' အပြစ်ဒဏ် ကျရောက်စေမည့် အကြောင်းခံများ ဖြစ်သည်။ ရှေ့တွင် ဤသည်တို့ကို ရှုတ်ချ၍ သတိပေးထားသည်မှာ) ဤသို့ အလျှင်းမဟုတ်ပါ။ (ဆိုလိုသည်မှာ လောကီရေးသည် အဓိကပန်းတိုင် မဟုတ်ပါ။ လောကီရေး၌ အောင်မြင်မှု ရှိခြင်း၊ မရှိခြင်းသည် လက်ခံမှုခံရခြင်း (သို့)

ဆုံးရှုံးစေခြင်းတို့အတွက် အထောက်အထားမဟုတ်ပါ။ မည်သူမျှ မည်သည့်ဂုဏ်ပေးခြင်းနှင့် ထိုက်တန်မှု မရှိပါ။ မည်သူမျှ သည်းခံမျိုးသိပ်ခြင်းနှင့် ကျေးဇူးသိတတ်ခြင်းတည်း ဟူသော 'ဝါဂျိဗ်'တာဝန်နှင့် လွတ်ကင်းသည်လည်း မရှိပါဟု ဖြစ်သည်။ ရှေ့တွင် ဦးတည်သော စာလုံးဖြင့် ပြန်လည် ပြောကြားသည့် အနေဖြင့် မိန့်ကြားသည်မှာ အသင်တို့တွင် ဤလုပ်ရပ်များသည်သာ 'အဇားဗ်' အပြစ်ဒဏ် ဖြစ်စေသော အကြောင်းခံမဟုတ်ပေ။) ထိုမျှမက (အသင်တို့တွင် အလ္လာဟ်အသျှင်မြတ်၏ မနှစ်မြို့မှုနှင့် 'အဇားဗ်' အပြစ်ဒဏ်ထိုက်စေသော အကြောင်းမှာ) အသင်တို့သည် 'ယသီးမ်'ဖမဲ့ကလေးများအား (မည်သို့မျှ) လေးနက်မှုမထားကြပေ။(ဆိုလိုသည်မှာ ဘမဲ့သားသမီးတို့အပေါ် သေးသိမ်စေခြင်းနှင့် ထိုဖမဲ့ကလေးတို့၏ ဉစ္စာပစ္စည်းများကို စားသုံးလျက် ၎င်းတို့အား မတရားပြုခြင်းဟု ဖြစ်သည်။)

ထို့ပြင် အသင်တို့သည် အခြားသူများကိုလည်း သူဆင်းရဲတို့အား ကျွေးမွေးရန် တိုက်တွန်းနှိုးဆော်ကြသည်လည်း မဟုတ်ပေ။ (ဆိုလိုသည်မှာ အခြားသူတို့အတွက် ပြုပေးရန် 'ဝါဂျိဗ်' ဖြစ်သော တာဝန်ကို မိမိကိုယ်တိုင်လည်း ပြုလုပ်ခြင်း မရှိ။ အခြားသူများကိုလည်း ထိုတာဝန်ကို ထမ်းဆောင်ရန် တိုက်တွန်းနှိုးဆော်ခြင်းလည်း မပြုကြပေ။ လက်တွေ့ကျင့်ဆောင်မှုကိုလည်း မပြုကြပေ။ ထိုအကြောင်းကို လက်ခံယုံကြည်ခြင်းလည်း မရှိကြပေ။ ထို့ပြင် ကာဖိရ်တို့အတွက် 'ဝါဂျိဗ်'ကို စွန့်လွှတ်ခြင်းသည် 'အဇားဗ်' အပြစ်ဒဏ် ပိုမိုများပြားစေသော အကြောင်းခံဖြစ်သည်။ ကုဖ္ဖရ်နှင့် ရှုရစ်ကိလုပ်ရပ်များသည်မှု 'အဇားဗ်' အပြစ်ဒဏ် ကျရောက်စေခြင်း၏ အဓိကအခြေခံ ဖြစ်ပေသည်။) ထို့ပြင် (အသင်တို့သည်) အမွေပစ္စည်းများ အားလုံးကိုလည်း သိမ်းကျုံးလျက် စားသုံးကြကုန်၏။

(ဆိုလိုသည်မှာ အခြားသူတို့၏ အခွင့်အရေး ရပိုင်ခွင့်များကိုလည်း စားသုံးကြသည်။ အမွေနှင့် သက်ဆိုင်သော အကျယ်တဝင့် ပြဌာန်းချက် အမိန့်သည် မက္ကာဟ်တွင် မရှိသေးပေ။ သို့ရာတွင် အမွေ၏ မူလပညတ်ချက်မှာမူ အိဗ်ရာဟီးမ် (عليه السلام) နှင့် အီစ်မာအီးလ် (عليه السلام) တို့၏ ရှရီအသ်တရားတော်မှ ဆင့်ကဲဆင့်ကဲ ရှိနေခဲ့သည်ပင် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အမှောင်ခေတ်တွင် ကလေးများနှင့် မိန်းကလေးများအား အမွေစားအမွေခံဟု မယူဆကြခြင်းမှာ အမွေ၏ အမိန့်ရှိခဲ့ကြောင်းအပေါ် အထောက်အထား ဖြစ်ပေသည်။ အမွေ၏ အမိန့်သည် မူလကပင် ရှိခဲ့သည့်အကြောင်း စူရာဟ် 'နေဆာအ်' ၏ ပထမ'ရုကူအ်' **لِلرِّجَالِ نَصِيبٌ** ဟူသော အာယသ်တော်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။) ထို့ပြင် (အသင်တို့သည်) ဉစ္စာပစ္စည်းကို အလွန်အမင်း ချစ်ခင်စုံမက်ကြသည်။ လောကီချစ်စိတ်သည် ပြစ်မှုအလုံးစုံကို ကျူးလွန်စေသည့် အရင်းအမြစ် ဖြစ်သည်။ အချုပ်ဆိုရသော် တင်ပြခဲ့ပြီးဖြစ်သည့် ပြောကြားချက်များ လုပ်ဆောင်ချက်များနှင့် အနေအထားတို့မှာ 'အဇားဗ်'အပြစ်ဒဏ်ထိုက်စေသော အရာများ ဖြစ်သည်။

(ဖော်ပြပါလုပ်ရပ်အားလုံးသည် ဉစ္စာပစ္စည်းကို ချစ်မြတ်နိုးခြင်းမှ ခွဲထွက်လာခြင်းဖြစ်သည်။ ချစ်စိတ်သည် ပြစ်မှုအလုံးစုံကို ကျူးလွန်စေသည့် အရင်းအမြစ် ဖြစ်သည်။ အချုပ်ဆိုရသော် တင်ပြခဲ့ပြီးဖြစ်သည့် ပြောကြားချက်များ၊ လုပ်ဆောင်ချက်များနှင့် အနေအထားတို့မှာ အပြစ်ဒဏ်ထိုက်စေသော အရာများဖြစ်သည်။ သို့သော် လူသား၏ အခြေအနေမှာ သံဝေဂတရား ရစရာများကို ကြားနာပြီး သံဝေဂ ယူရမည့်အစား ပို၍

အပြစ်ဒဏ်ထိုက်စေသော လုပ်ရပ်များကို ပြုလုပ်နေသည့်အတွက်ကြောင့် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အပြစ်ဒဏ်ပေးမည့် အသျှင်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်က-

اِنَّ رَبَّكَ لَبِا لْمِرْصَادْ

ဟု မိန့်ကြားထားတော်မူသကဲ့သို့ ဖြစ်သည်။ ရှေ့တွင် ဤလုပ်ရပ်များကို 'အဇားဗ်'အပြစ်ဒဏ်၏ အကြောင်းခံဖြစ်သော လုပ်ရပ်များဟု မယူဆသူတိုင်းအား ရှုတ်ချ၍ သတိပေးနှိုးဆော်ထားသည်မှာ) ဤသို့ အလျှဉ်းမဟုတ်ပါ။ (ထိုလုပ်ရပ်များအပေါ် 'အဇားဗ်' အပြစ်ဒဏ် ကျရောက်မည်မဟုတ်ဟု အသင်တို့ ယူဆသကဲ့သို့ အလျှဉ်းမဟုတ်ပါ။ မုချဧကန် 'အဇားဗ်' အပြစ်ဒဏ်သည် ကျရောက်လာပေမည်ဟု ဖြစ်သည်။ ရှေ့တွင် ကာဖိရ်များအဖို့ 'အဇားဗ်'အပြစ်ဒဏ်နှင့် အမိန့်နာခံသူများအဖို့ ကုသိုလ်အကျိုးများပေးမည့် အချိန်ကို တင်ပြသည်မှာ) ကမ္ဘာမြေပထဝီ (၏ မြင့်မားသော အစိတ်အပိုင်းများဖြစ်သည့် တောင်စသည်တို့ကို) ချိုးဖဲ့ထုထောင်း၍ တစ်စစီ ပြုလုပ်ပြီး မြေပထဝီသည် တစ်ပြေးတည်းညီအောင် ပြုလုပ်ခြင်းကို ခံရသောအခါ (စူရာဟ်သွာဟာတွင်

لَاتَرٰى فِيْهَا عِوَجًاوَّلَآ اَمْتًا

ဟူ၍ မိန့်ကြားတော်မူထားသကဲ့သို့ ဖြစ်သည်။) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ကြွမြန်းလာတော်မူသောအခါ၊ ၎င်းပြင် ကောင်းကင်တမန်တို့သည် ('ဟရှရ်'ကွင်းပြင်တွင်) စီတန်း၍ လာကြသောအခါ (ဤသည် စာရင်းစစ်ဆေးမည့် အချိန် ဖြစ်ပေမည်။ အလ္လာဟ်အသျှင်မြတ် ကြွမြန်းလာတော်မူသည်ဟု ဆိုသည်မှာ **متشابهات** 'မုသရှာဗဟားသ်' အနက်အဓိပ္ပာယ် အလိုသဘောကို ဖွင့်ဆို၍ မရသော အမိန့်များအနက်မှ ဖြစ်သည်။ ၎င်း၏ ဇစ်မြစ်ကို အလ္လာဟ်အသျှင်မြတ်မှအပ မည်သူမျှ မသိနိုင်ပေ။) ထိုနေ့တွင် 'ဂျဟန္နမ်'ငရဲဘုံသည် ယူဆောင်လာခြင်း ခံရပေမည်။

(စူရာဟ်မုဒ်ဒဿိရ်တွင်

وَمَا يَعْلَمُ جُنُوْدَرَبِّكَ

၌ ၎င်းနှင့် စပ်လျဉ်း၍ တင်ပြခဲ့ပြီး ဖြစ်သည်။) ထိုနေ့တွင် လူသားသည် သတိတရား ရလာပေမည်။ သို့ရာတွင် ယခုအခါ သတိတရား ရလာခြင်း၌ အကျိုးရှိရန် အဘယ်မှာလျှင် အခွင့်အရေးရှိပါမည်နည်း။ (ဆိုလိုသည်မှာ ယခုတွင်မှ သတိတရား ရရှိခြင်းဖြင့် အဘယ်မှာလျှင် အကျိုးဖြစ်စေပါမည်နည်း။ အကြောင်းမှာ ထိုနေရာသည် အစားပေးသော နေရာဖြစ်ပြီး 'အမလ်'ကျင့်ဆောင်ရသည့် နေရာမဟုတ်သောကြောင့်ပင်။ ရှေ့တွင် သတိတရားရပြီးနောက် ၎င်း၏ ပြောဆိုစကားများအကြောင်းကို တင်ပြသည်မှာ ထိုအခါ) လူသားသည် 'ဩော်-ငါသည် ဤ တမလွန်သက်တမ်းအတွက် ကောင်းမှုတစ်စုံတစ်ရာကို ကြိုတင် ပို့နှင့်ခဲ့ပါလျှင် ကောင်းလေစွ' ဟု ပြောဆိုပေလိမ့်မည်။

သို့ဖြစ်ပေရာ ထိုနေ့တွင် ထိုအသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်နှင့် တူညီသော 'အဇာဗ်'အပြစ်ဒဏ်ပေးမည့်သူဟူ၍ မည်သူမျှပင် ရှိလိမ့်မည်မဟုတ်ပေ။ ထို့ပြင် ထိုအသျှင်မြတ်၏ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် တူညီသော ဖမ်းဆီးချုပ်နှောင်သူ မည်သူမျှပင် ရှိလိမ့်မည်မဟုတ်ပေ။

(ဆိုလိုသည်မှာ 'လောကတွင် မည်သည့်အခါကမျှ တစ်ဦးက တစ်ဦးကို မပေးဘူးခဲ့သော ပြင်းထန်သည့် 'အဇာဗ်' အပြစ်ဒဏ် ပေးလိမ့်မည်။ မည်သည့်အခါကမျှ လောကတွင် ပြင်းထန်စွာ ချုပ်နှောင်မခံခဲ့ရသော ဖမ်းဆီးချုပ်နှောင်မှုမျိုးဖြင့် ဖမ်းဆီးချုပ်နှောင်ပေလိမ့်မည်' ဟု ဖြစ်သည်။ ဤပြစ်ဒဏ်သည် 'အဇာဗ်' အပြစ်ဒဏ်ထိုက်စေသော လုပ်ရပ်များကို ပြုသူများအတွက် ဖြစ်ပေမည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို နာခံသူတို့အဖို့ မိန့်ကြားတော်မူမည်မှာ) အို၊ တည်ငြိမ်သော အသက်ဇီဝိန်၊ (ဆိုလိုသည်မှာ ၄င်းသည် အမှန်တရားအပေါ် ယုံကြည်လက်ခံခဲ့သည်။ မည်သို့မျှ သံသယနှင့် ငြင်းပယ်မှုများ မပြုခဲ့သောကြောင့် ဖြစ်သည်။ ထို့ပြင် အသက်ဇီဝိန်ဟု သုံးနှုန်းရခြင်းမှာ ၄င်းသည် အမြတ်ဆုံးသော အစိတ်အပိုင်းဖြစ်သောကြောင့်ပင် ဖြစ်သည်။)

အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ 'ရဟ်မသ်' ကရုဏာတော်၏ အပါးတော်သို့ အသင်သည် ထိုအသျှင်မြတ်အား ကျေနပ်လျက်၊ ထိုအသျှင်မြတ်၏ ကျေနပ်မှုကို ခံယူလျက် ပြန်သွားလေလော့။

ထို့နောက် အသင်သည် ထိုနေရာသို့ ရောက်ရှိပြီး ငါအသျှင်မြတ်၏ အထူးကျွန်များတွင် ပါဝင်လော။ (ဤသည်မှာလည်း ဝိညာဉ်ပိုင်းဆိုင်ရာ ကျေးဇူးတော်ဖြစ်သည်။ **စိတ်**လက် ချမ်းသာပျော်ရွှင် ကြည်နူးရန်အတွက် မိမိချစ်ခင်သူများထက် ပိုကောင်းသော အခြားမည်သည့်အရာမျှ မရှိပေ။)

ထို့ပြင် အသင်သည် ငါအသျှင်မြတ်၏ 'ဂျန္နသ်'ဥယျာဉ်ဘုံတွင် ဝင်ရောက်လေလော့။ (**مطمئنّة** 'မုသ္တမအင်နနဟ်' ဟူသော စာလုံးတွင် ထိုသူတို့၏ ကောင်းမြတ်သော ကျင့်စဉ်များကို ရည်ညွှန်းခြင်းဖြစ်သည်။ ကောင်းမြတ်သော ကျင့်စဉ်များဘက်သို့ ရည်ညွှန်းခြင်းနှင့်အတူ 'အဇာဗ်'အပြစ်ဒဏ် ဖြစ်စေသော လုပ်ရပ်များကို အကျယ်တဝင့် ဖော်ပြမိန့်ကြားတော်မူခြင်းမှာ မက္ကာဟ်မြို့သားများကို မိန့်ကြားလိုခြင်းကြောင့် ဖြစ်ပေမည်။ ထိုစဉ်က မက္ကာဟ်မြို့တွင် ဤလုပ်ရပ်များကို များပြားစွာ ပြုလုပ်နေကြသောကြောင့် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် မေ့သတ်များ

ဤစူရာဟ်တွင် အရာ (၅) မျိုးကို တိုင်တည် သက်သေထူ၍ 'ကစမ်' ကျိန်ဆိုကာ ရှေ့တွင် လာရှိနေသော

اِنَّ رَبَّكَ لَبِالْمِرْصَادِ

တွင် တင်ပြထားသည့် အကြောင်းအရာကို လေးနက်စေခဲ့သည်။ ဆိုလိုသည်မှာ ဤလောကတွင် အသင် တို့ ပြုမူဆောင်ရွက်သမျှတို့အပေါ် ကောင်းကျိုးအစားနှင့် ဆိုးကျိုးပြစ်ဒဏ်များ ရှိမည်မှာ မလွဲမသွေ

ဖြစ်သည်။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင်တို့၏ ကျင့်စဉ်လုပ်ရပ် အားလုံးကို ကြည့်မြင် သိရှိတော်မူသည်။ ဤစာပိုဒ်

إِنَّ رَبَّكَ لَبِا لْمِرْصَادِ

ကို 'ကစမ်'ကျိန်ဆို တင်ပြအပ်သည့် အကြောင်းအရာဟု ဆိုသည်ဖြစ်စေ၊ (သို့) မြုပ်နေသော စာပိုဒ်ကို 'ကစမ်'ကျိန်ဆိုတင်ပြအပ်သည့် အကြောင်းအရာဟု သတ်မှတ်သည်ဖြစ်စေ အတူတူပင်ဖြစ်သည်။

'ကစမ်'ကျိန်ဆိုခြင်းခံရသော အရာငါးမျိုးအနက် ပထမအရာမှာ فجر 'ဖဂျ်ရ်' နံနက်အာရုဏ်ဦး အချိန် ဖြစ်သည်။ ၎င်း၏ အလိုသဘောမှာ နေ့စဉ်နေ့တိုင်း၏ အာရုဏ်ဦးနံနက်ခင်းကို ဆိုလိုခြင်း ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် နံနက်ခင်းအချိန်သည် လောကတွင် ကြီးမားသော ပြောင်းလဲမှုကို ယူဆောင်လာသော အရာဖြစ်သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသော တန်ခိုးတော်ကို ညွှန်းဆိုပြသော အရာဖြစ်သည်။ ထို့ပြင် الفجر ၏ الف ـ لام 'အလိဖ်လာမ်'ကို عهد 'အဟဒ်'ရည်ညွှန်းလိုသည့် အရာဘက်သို့ အညွှန်းပြုသော စကားလုံးဟု သတ်မှတ်၍ ၎င်းကို သီးသန့် အထူးဖြစ်သော နေ့တစ်နေ့၏ 'ဖဂျ်ရ်' အာရုဏ်ဦးအချိန်၏ အလိုသဘောကို ယူခြင်းလည်း ဖြစ်နိုင်သည်။ ဆွဟာဗာသခင်တို့မှ 'မုဖတ်စ်စီရ်' အဖွင့်ရှင်များဖြစ်သော ဟဇရသ်အလီ ﷺ ၊ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ နှင့် အိဗ်နေဇုဗိုင်းရ် ﷺ သခင်တို့ထံမှ ပထမအဓိပ္ပာယ်ဖြစ်သော မည်သည့်နေ့မှပင်ဖြစ်စေ၊ 'ဖဂျ်ရ်'အာရုဏ်ဦးအချိန်တိုင်းကို ဆိုလိုကြောင်း လာရှိသည်။ ထို့ပြင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဆင့်ပြန်ချက်တစ်ရပ်တွင် ဤ 'ဖဂျ်ရ်'၏ အလိုသဘောမှာ မုဟရ်ရမ်လ၏ ပထမနေ့၏ 'ဖဂျ်ရ်'အာရုဏ်ဦးအချိန်ဟု ဖြစ်သည်။ ထိုနေ့သည် အစ္စလာမ့်နှစ်၏ အစဦးဆုံး နှစ်ဆန်းရက်ဖြစ်သည်။ ဟဇရသ်ကသာဒဟ် (ရဟ) သည်လည်း ဤအတိုင်းပင် ဖွင့်ဆိုခဲ့သည်။

ထို့ပြင် အချို့ 'မုဖတ်စ်စီရ်'အဖွင့်ပညာရှင်များက ဇိလ်ဟိဂ်ျဂျဟ်၏ (၁၀) ရက်မြောက်နေ့ ဖြစ်သော 'ယောင်မွန်နဟရ်' ကုရ်ဘာနီပြုရသော နေ့ဖြစ်သည်ဟု သတ်မှတ်ကြသည်။ 'မုဂျာဟိဒ်' (ရဟ) နှင့် အိက်ရိမဟ် (ရဟ) တို့ထံမှလည်း ဤအဆိုအတိုင်း လာရှိသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ၏ အဆိုတစ်ရပ်၌လည်း ဤအတိုင်းလာရှိသည်။ အကြောင်းမှာ يوم النحر 'ယောင်မွန်နဟရ်'နေ့၏ ထူးခြားချက်မှာ အလ္လာဟ်အသျှင်မြတ်သည် နေ့ဟူသရွေ့အတွက် ညတစ်ညစီကိုလည်း တွဲလျက် ပေးထားတော်မူသည်။ ထိုညသည် အစ္စလာမ့်ဥပဒေအရ နေ့၏ အလျင်၌သာ လာရှိသည်။ يوم النحر 'ယောင်မွန်နဟရ်'နေ့မှာမူ ၎င်းနှင့်အတူ မည်သည့်ညမျှ မရှိပေ။ အဘယ်ကြောင့်ဆိုသော် 'ယောင်မွန်နဟရ်' နေ့၏ အလျင်၌ လာရှိသော ညမှာ 'ယောင်မွန်နဟရ်'၏ ညမဟုတ်ပေ။ ထိုမျှမက ထိုညသည် 'အရ်ဖဟ်'၏ ညဟု တရားတော်အရ သတ်မှတ်ထားသောည ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ 'ဟဂ်ျ' ပြုသူတစ်ဦးသည် 'အရ်ဖဟ်'နေ့တွင် 'အရ်ဖဟ်'ကွင်းပြင်သို့ မရောက်နိုင်ဘဲ ဖြစ်ခဲ့ပါက ညအခါ 'စုဗ်ဟေ့

ဗွာဒိက်'အာရဏ်ဦးအချိန်မတိုင်မီ မည်သည့်အချိန်၌မဆို 'အရ်ဖဟ်'ကွင်းပြင်၌ ရောက်သွားပါလျှင် ၎င်း၏ဆိုင်းငံ့ရပ်နားမှုသည် အတည်ဖြစ်၍ 'ဟဂျ်'လည်း အထမြောက်သွားပေသည်။ ဤအချက်အားဖြင့် သိရှိရသည်မှာ 'အရ်ဖဟ်'နေ့အတွက် ညနှစ်ည ရှိသည်။ တစ်ညမှာ ထိုနေ့ထက်အလျင် ညဖြစ်ပြီး ဒုတိယညမှာ ထိုနေ့၏ နောက်တွင် ရှိသော ညဖြစ်သည်။ ၎င်းနောက် 'ယောင်မွန်နဟရ်' ကုရ်ဘာနီနေ့၏ ညမရှိပေ။ ထို့ကြောင့် 'ယောင်မွန်နဟရ်'၏ အာရဏ်ဦးအချိန်သည် လောကရှိ ရက်များအားလုံးတွင် သီးခြား အချင်းလက္ခဏာရှိသော အချိန် ဖြစ်ပေသည်။ *[ကုရ်သုဗီးကျမ်း]*

ဒုတိယ 'ကစမ်'ကျိန်ဆိုသော အရာမှာ لَيَالٍ عَشْرٍ ဖြစ်သည်။ ဆိုလိုသည်မှာ ည (၁၀) ညဟူ၍တည်း။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၊ ကသာဒဟ် (ရဟ) သခင်၊ မုဂျာဟိဒ် (ရဟ)၊ ဒွဟ်ဟားက် (ရဟ) နှင့် ကလ်ဗီး (ရဟ) စသော သဖ်စီးရ်အေမာမ်များထံတွင် ဇိလ်ဟိဂျ်ဂျဟ်၏ ပထမ (၁၀) ညကိုဆိုလိုသည်။ အကြောင်းမှာ ဟဒီးစ်တော်တွင် ထို (၁၀) ည၏ အလွန်ထူးမြတ်ကြောင်း လာရှိထားသောကြောင့် ဖြစ်သည်။ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'အေဗာဒသ်'ပြုရန်အတွက် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ နေ့အားလုံးတို့တွင် ဇိလ်ဟိဂျ်ဂျဟ်လ၏ (၁၀) ရက်သည် အမြတ်ဆုံးဖြစ်သည်။ ထို (၁၀) ရက်၏ နေ့များအနက် တစ်နေ့၏ 'ရိုဇာဟ်'ထားခြင်းသည် တစ်နှစ်လုံး 'ရိုဇာဟ်' ထားခြင်းနှင့် ညီမျှသည်။ ထို (၁၀) ညအနက် ညတိုင်း၏ 'အေဗာဒသ်'ပြုခြင်းသည် 'ကဒရ်'ညမြတ်၌ 'အေဗာဒသ်'ပြုခြင်းနှင့် တန်းတူပင် ဖြစ်သည်။ *[မဇ္ဈဟ်ရီကျမ်း]*

အဘွဇ်ဇုဗိုင်းရ် (ရဟ) သည် ဟဇရသ်ဂျာဗိရ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့ရာတွင် တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်က

وَالْفَجْرِ وَلَيَالٍ عَشْرٍ

၏ 'သဖ်စီးရ်'တွင် မိန့်ကြားတော်မူသည်မှာ '၎င်း၏ အလိုသဘောမှာ ဇိလ်ဟဂျ်ဂျဟ်လ၏ ပထမ (၁၀) ရက်ကို ဆိုလိုခြင်းဖြစ်သည်' ဟူ၏။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ ဤည (၁၀) ညသည် ဟဇရသ်မူစာ عليه السلام ၏ ဖြစ်ရပ်နှင့် စပ်လျဉ်း၍ وَاَتْمَمْنَا هَا بِعَشْرٍ ဟု လာရှိထားသော ည (၁၀) ညသည်လည်း ဤည (၁၀) ညပင် ဖြစ်သည်။ အကြောင်းမှာ ဤ (၁၀) ညသည် တစ်နှစ်လုံး၏ နေ့များတွင် အမြတ်ဆုံးဖြစ်သောကြောင့်ပင် ဖြစ်သည်။ အေမာမ်ကုရ်သုဗီး (ရဟ) က မိန့်သည်မှာ ဟဇရသ်ဂျာဗိရ် ﷺ သခင်၏ ဖော်ပြပါ ဟဒီးစ်တော်အရ ဇိလ်ဟဂျ်လ၏ (၁၀) ရက်သည် အမြတ်ဆုံးဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ဟဇရသ်မူစာ عليه السلام အတွက်လည်း ဤ ဇိလ်ဟဂျ်လ၏ (၁၀) ရက်ကို သတ်မှတ်ခဲ့ကြောင်းလည်း သိရှိရပေသည်။

وَالشَّفْعِ وَالْوَتْرِ

شفع ၏ အဘိဓါန်အဓိပ္ပာယ်မှာ 'စုံ' ဟု ဖြစ်သည်။ **وتر** ၏ အဓိပ္ပာယ်မှာ 'မ' ဂဏန်းဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စာလုံးများတွင် စုံနှင့် မတို့၏ အလိုသဘောမှာ မည်သည့်အရာ ဖြစ်သနည်း ဆိုသည်ကို သတ်သတ်မှတ်မှတ် တင်ပြထားခြင်း မရှိပေ။ ထို့ကြောင့် သဖ်စီးရ်အဖွင့်ပညာရှင် အေမာမ် တို့၏ အဆိုများသည် ဤအကြောင်းနှင့် စပ်လျဉ်း၍ မြောက်မြားစွာ ရှိသည်။ သို့ရာတွင် အာဇွဲဒ်ဗိုင်းရ် (ရဟ) က ဟဇရသ်ဂျာဗိရ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သော ဟဒီးစ်မရ်ဖူးအ်၏ စာလုံးများမှာ

(وَالْفَجْرِ وَلَيَالٍ عَشْرٍ) هُوَالصُّبح وعشرالنّحروالوتريوم عرفة والشفع يوم النّحر

ဟု ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် **وَالْفَجْرِ وَلَيَالٍ عَشْرٍ** နှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူသည်မှာ **الفجر** 'ဖဂျရ်'၏ အလိုသဘောမှာ နံနက်အာရုဏ်ဦး ဖြစ်သည်။ **عَشْرٍ** ၏ အလိုသဘောမှာ 'ယောင်မွန်နဟရ်' ပါရှိသော (၁၀) ည ဖြစ်သည်။ ('ယောင်မွန်နဟရ်' ပါရှိသော **عشره** 'အရှရဟ်' (၁၀) ရက်သည် ဇိလ်ဟဂျ်လ၏ ပထမ (၁၀) ရက်သာလျှင် ဖြစ်နိုင်သည်။) ထို့နောက် **وتر** 'ဝသ်ရ်' သည် 'အရ်ဖဟ်' နေ့ကို ဆိုလိုခြင်းဖြစ်ပြီး **شفع** သည် 'ယောင်မွန်နဟရ်' (ဇိလ်ဟိဂျ်လ (၁၀) ရက်) နေ့ကို ဆိုလိုသည်' ဟု ဖြစ်သည်။

ကုရ်သုဗီ (ရဟ) သည် ဤဆင့်ပြန်ချက်ကို တင်ပြဆင့်ပြန်ပြီးနောက် ဤဆင့်ပြန်ချက်သည် 'စနဒ်' ဆင့်ပြန်သူများ၏ ဆင့်ပြန်မှုကွင်းဆက်ဇယားကို အခြေခံ၍ ဟဇရသ်အင်မ်ရားန်ဗင်န်ဟုဆွိုင်းန် ﷺ ၏ ဆင့်ပြန်ချက်မှ ဆင့်ပြန်လာရှိထားသော ဆင့်ပြန်ချက်ထက် ပို၍ ခိုင်လုံမှန်ကန်ပေသည်ဟု သုံးသပ်တင်ပြထားသည်။ ထိုဆင့်ပြန်ချက်တွင် **شفع** 'စုံ' နှင့် **وتر** 'မ' တို့၏ ဖွင့်ဆိုချက်ကို နမာဇ်ဖြင့် ဖွင့်ဆိုတင်ပြထားသည်။ ထို့ကြောင့် အိဗ်နေအဗ္ဗားစ် ﷺ သခင်၊ အိက်ရမဟ် (ရဟ)၊ နဟားစ် (ရဟ) သခင်တို့က **شفع** သည် 'ယောင်မွန်နဟရ်'ကို ဆိုလိုသည်ဟူ၍လည်းကောင်း၊ **وتر** သည် 'အရ်ဖဟ်'နေ့ကို ဆိုလိုသည်ဟူ၍လည်းကောင်း ရွေးချယ်ကြခဲ့ခြင်းဖြစ်သည်။ အိဗ်နေစီရီးန် (ရဟ)၊ မတ်စ်ရူးက် (ရဟ)၊ အဘူဆွာလိဟ် (ရဟ) နှင့် ကသာဒဟ် (ရဟ) စသော အချို့သဖ်စီးရ်အေမာမ်ကြီးများက မိန့်ဆိုကြသည်မှာ **شفع** သည် အဖန်ဆင်းခံအားလုံးကို ဆိုလိုသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် အဖန်ဆင်းခံဟူသရွေ့ကို စုံတွဲ ဖန်ဆင်းတော်မူထားသောကြောင့် ဖြစ်သည်။ အသျှင်မြတ်က မိန့်ကြားတော်မူသည်မှာ-

وَمِنْ كُلِّ شَيْءٍ خَلَقْنَا زَوْجَيْنِ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စုံတွဲ ဖန်ဆင်းတော်မူခဲ့သည်' ဟု ဖြစ်သည်။ ကုဖွရ်နှင့် အီမာန်၊ ချစ်ခင်ခြင်းနှင့် မုန်းတီးခြင်း၊ နဖူးစာဆိုးခြင်းနှင့် နဖူးစာကောင်းခြင်း၊

မိတ်ဆွေနှင့် ရန်သူ၊ အလင်းနှင့် အမှောင်၊ ညနှင့် နေ့၊ အအေးနှင့် အပူ၊ မိုးနှင့် မြေပထဝီ၊ လူနှင့် ဂျင်န်၊ ယောက်ျားနှင့် မိန်းမ စသည်တို့ ဖြစ်သည်။ ထိုအရာအားလုံးတို့၏ ဆန့်ကျင်ဘက်ဖြစ်သော မ,ဂဏန်း အရေအတွက်မှာ အလ္လာဟ်အသျှင်မြတ်၏ ဇာတိတော်သာ ဖြစ်သည်။ هُوَاللهُ الاحد الصمد (ထိုအလ္လာဟ် အသျှင်မြတ်သည် တစ်ပါးတည်း တည်ရှိတော်မူသော အသျှင်၊ လိုလားတောင့်တမှုအပေါင်းမှ ကင်းရှင်း တော်မူသော အသျှင်ဖြစ်၏) ဟု လာရှိထား၍ပင် ဖြစ်သည်။

وَالَّيْلِ اِذَا يَسْرِ

يَسْر သည် سَرى ဟူသော စာလုံးမှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'ညအခါသွားခြင်း' ဟု ဖြစ်သည်။ ဤနေရာတွင် ညကိုပင် ဆိုလိုထားခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ 'ညသည် ကုန်ဆုံး သွားလေသည်' ဟု ဖြစ်သည်။ ဤ (၅) မျိုးသော အရာများကို 'ကစမ်'ကျိန်ဆိုတော်မူပြီးနောက် အလ္လာဟ် အသျှင်မြတ်သည် မေ့မေ့လျော့လျော့ ရှိနေသူ လူသားအား အထူးပုံစံတစ်မျိုးဖြင့် စဉ်းစားဆင်ခြင်၍ နားလည် သိရှိရန် 'ဒအ်ဝသ်' ဖိတ်ခေါ် လှုံ့ဆော်မှုအတွက်

هَلْ فِىْ ذٰلِكَ قَسَمٌ لِّذِىْ حِجْرٍ

ဟု မိန့်ကြားတော် မူခဲ့သည်။ حِجْر ၏ အဓိပ္ပာယ်မှာ 'တားဆီးခြင်း' ဟု ဖြစ်သည်။ လူသား၏ ဦးနှောက်အသိဉာဏ်သည် မကောင်းမှုများနှင့် ဒုက္ခ၊ အန္တရာယ်ဖြစ်မည့် အရာများမှ တားဆီးပိတ်ပင်မှု ကို ပြုသည်။ ထို့ကြောင့် حِجْر ၏ အဓိပ္ပာယ်ကို 'ဦးနှောက်အသိဉာဏ်'ဟုလည်း အသုံးပြုခြင်းရှိသည်။ ဤနေရာ၌ ယင်းအဓိပ္ပာယ်ပင် ဖြစ်သည်။

အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ဦးနှောက်အသိဉာဏ်ရှိသော လူသားအဖို့ ဤ 'ကစမ်'ကျိန်ဆို ခြင်းများသည်လည်း လုံလောက်မှု မရှိပါသလော' ဟု ဖြစ်သည်။ ဤပုံသဏ္ဌာန်မှာ မေးမြန်းသော ပုံသဏ္ဌာန် ဖြစ်သည်။ သို့သော်လည်း အမှန်စင်စစ် လူသားကို မေ့မောနေခြင်းများမှ နိုးကြားစေသော နည်းလမ်းတစ်ခု ဖြစ်သည်။ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်၏ မြင့်မားသော ဂုဏ်သိက္ခာတော်အပေါ်၌လည်းကောင်း၊ ထို့ပြင် ထိုအသျှင်မြတ်၏ 'ကစမ်'ကျိန်ဆိုလျက် အကြောင်းတစ်ခုကို တင်ပြခြင်းအပေါ်၌လည်းကောင်း၊ ထို့ပြင် 'ကစမ်'ကျိန်ဆိုခြင်းခံရသော အရာများ၏ ကြီးမား မြတ်ထွတ်ခြင်းအပေါ်၌လည်းကောင်း အနည်း ငယ်မျှ စဉ်းစားဆင်ခြင်မှု ပြုပါလျှင် 'ကစမ်'ကျိန်ဆိုကာ တင်ပြခြင်းခံရသော အရာများသည် မုချ မလွဲမသွေ ဖြစ်ပေါ်မည့် အကြောင်းအရာများဖြစ်ကြောင်း အတည်ပြု သိရှိရပေမည်။ ၎င်းမှာ သံသယဒွိဟ မဖြစ်အပ် သည့် လူသား၏ ကျင့်စဉ်လုပ်ရပ်တိုင်းသည် တမလွန်၌ စာရင်းစစ်ဆေးခံ ရမည်ဖြစ်ကြောင်းနှင့် ၎င်းအပေါ် ကောင်းကျိုးကုသိုလ်နှင့် ဆိုးကျိုး၊ အပြစ်ဒဏ်များရှိသည်ဟူသော အကြောင်းအရာသာလျှင် ဖြစ်ပေသည်။ ဤသို့ 'ကစမ်' ကျိန်ဆိုကာ တင်ပြအပ်သည့် အကြောင်းအရာကို အမှန်စင်စစ် ပေါ်လွင်ထင်ရှားစွာ တင်ပြ

ထားခြင်းကား မရှိပေ။ သို့ရာတွင် စာသွားစာလာ စကားလမ်းကြောင်းအရ အတည်ပြု သိရှိရပေသည်။ ထို့နောက် ရှေ့တွင် ကာဖိရ်များအပေါ် 'အဇားဗ်'အပြစ်ဒဏ် ကျရောက်မည့်အကြောင်း တင်ပြရာတွင် 'ကုဖ္ဖရ်'နှင့် ပြစ်မှုကျူးလွန်ခြင်းတို့၏ အပြစ်ဒဏ်သည် တမလွန်တွင် ခံစားရမည်မှာ ဆုံးဖြတ်ပြီးဖြစ်သည်။ ရံဖန်ရံခါ ဤသို့သော သူများအပေါ် လောက၌လည်း 'အဇားဗ်'အပြစ်ဒဏ် ချပေးခြင်းများလည်း ရှိပေသည်။ ဤကဏ္ဍတွင် မျိုးနွယ်အုပ်စု (၃) စုတို့အပေါ် 'အဇားဗ်'အပြစ်ဒဏ် ချပေးခဲ့ကြောင်း တင်ပြတော်မူထားသည်။

(၁) အားဒ်အမျိုးသားများ၊

(၂) စမူးဒ်အမျိုးသားများ၊

(၃) ဖိရ်အောင်န်၏ အမျိုးသားများ ဖြစ်ကြသည်။

အားဒ်နှင့် စမူးဒ်အမျိုးသားအုပ်စုနှစ်စု၏ အနွယ်ဆက်မှာ اِرَم 'အိရမ်' တွင် သွားရောက် ပေါင်းစုံသွားသည်။ ဤသို့ဖြင့် اِرَم 'အိရမ်'ဟူသော စာလုံးကို အားဒ်အမျိုးသား အုပ်စုနှင့် စမူးဒ်အမျိုးသားအုပ်စု နှစ်ရပ်စလုံးအပေါ် ပြောဆို သုံးစွဲနိုင်သည်။ ဤနေရာတွင် عاد အားဒ်နှင့်အတူ اِرَم 'အိရမ်' ကို တွဲ၍ တင်ပြရခြင်းအကြောင်းကို အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် အားဒ်နှင့် စမူးဒ်အမျိုးသားအုပ်စု နှစ်စုလုံး၏ အခြေအနေကို သုတေသနပြု တင်ပြချက်နှင့်အတူ တင်ပြခဲ့ပြီး ဖြစ်သည်။

اِرَمَ ذَاتِ الْعِمَادِ

اِرَم 'အိရမ်'ဟူသော စာလုံးသည် عاد အားဒ်၏ عطف بيان (ရှင်းလင်းတင်ပြသော ပုဒ်နာမ်) (သို့) بدل (တစ်နည်းအားဖြင့် တင်ပြအပ်သော ပုဒ်နာမ်) ဖြစ်သည်။ ဤသည်မှာ အားဒ်အမျိုးသားများတွင် အုပ်စုနှစ်စုရှိသည့်အနက် အုပ်စုတစ်စုကို သတ်သတ်မှတ်မှတ် ပြကာ တင်ပြရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့အနက် ရှေးကျသော عاد اولى အစကနဦး အားဒ်အမျိုးသားများ ဖြစ်သည်။ ၎င်းတို့ကို عاد ارم ဟူသော စာလုံးဖြင့် သုံးနှုန်းရခြင်းမှာ ဤသူတို့သည် မိမိတို့၏ အကြီးဆုံး အဘိုးဖြစ်သော ارم 'အိရမ်' နှင့် နီးကပ်မှုတွင် عادِاُخرى နောင်းပိုင်း အားဒ်အမျိုးသားများထက် ပိုမို၍ အနီးကပ်ဆုံး ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ၎င်းတို့အား ဤနေရာတွင် عادِارَم ဟူသော စာလုံးဖြင့် လည်းကောင်း၊ စူရာဟ်နဂ်မ်တွင် اَهْلَكَ عَادَ نِ الْاُوْلٰى ဟူသော စာလုံးဖြင့်လည်းကောင်း သုံးနှုန်းတော်မူထားသည်။ ၎င်းတို့၏ ဂုဏ်ပုဒ်နှင့် စပ်လျဉ်း၍ ذَاتِ الْعِمَادِ ဟု မိန့်ကြားထားတော်မူသည်။ عماد နှင့် عمود သည် 'တိုင်'ကို ခေါ်ဆိုသည်။ အားဒ်အမျိုးသားများကို ذات عماد ဟု ခေါ်ဆိုရခြင်းမှာ ၎င်းတို့၏ ခန္ဓာကိုယ်အရပ်အမောင်းသည် လွန်စွာ ကြီးမားထွားကျိုင်းသောကြောင့် ဖြစ်သည်။ ဤအမျိုးအနွယ်တို့

သည် မိမိတို့၏ ခန္ဓာကိုယ်ကြီးမားထွားကျိုင်းခြင်းနှင့် အင်အားကြီးမားခြင်းတို့နှင့် စပ်လျဉ်း၍ အခြား မျိုးနွယ်စု အားလုံးတို့ထက် ပိုမိုပေသည်။ ၎င်းတို့၏ ဤထူးခြားချက်ကို ကုရ်အာန်ကျမ်းတော်မြတ်ကပင် အလွန်ရှင်းလင်းသော စာလုံးများဖြင့် မိန့်ကြားထားသည်မှာ-

لَمْ يُخْلَقْ مِثْلُهَا فِى الْبِلَادِ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ဤကဲ့သို့ ကြီးမားထွားကျိုင်းသော မျိုးနွယ်အုပ်စုသည် လောက တွင် ၎င်းတို့၏အလျှင် ဖန်ဆင်းခံခဲ့ရခြင်း မရှိပေ' ဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်း တို့၏ ရှည်လျားသော အရပ်အမောင်းနှင့် ခန္ဓာကိုယ်ထုထည် ကြီးမားခြင်းကို တစ်လောကလုံးရှိ လူသား များထက် ပိုမိုကြောင်း ရှင်းလင်းထင်ရှားစွာ မိန့်ကြားတော်မူခဲ့သည်။ သို့ရာတွင် ၎င်းတို့၏ ရှည်လျားမှု အတိုင်းအတာကို တင်ပြရန်မှာ လိုသည်ထက်ပိုသော အလုပ်ဖြစ်သည့်အတွက် ထိုအကြောင်းကို ဖော်ပြ မထားပေ။ အိစ်ရာအီးလီ (ဗနီအိစ်ရာအီးလ် သမိုင်းများကို တင်ပြသည့် 'သောင်ရားသ်' ကျမ်းကို တတ်ကျွမ်း သည့် ယဟူဒီပညာရှင်များ ဆင့်ပြန်သော တစ်ဆင့်စကားတစ်ဆင့် ဆင့်ပြန်ချက် တင်ပြသည့် ဆင့်ပြန် ချက်) ဆင့်ပြန်ချက်များတွင် ၎င်းတို့၏ အရပ်အမောင်းနှင့် အင်အားတို့နှင့် စပ်လျဉ်း၍ ထူးဆန်းသော အဆိုများကို ဖော်ပြထားသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ နှင့် မကာသိလ်တို့ထံမှ ၎င်းတို့၏ ခန္ဓာကိုယ် အရပ်အမောင်း ရှည်လျားထွားကြိုင်းမှုကို (၆-ကိုက်) (၁၈-ပေ) ရှိသည်ဟု ဆင့်ပြန်ချက် လာရှိသည်။ ၎င်းတို့၏ ဤအဆိုသည်လည်း 'အိစ်ရာအီးလီ' ဆင့်ပြန်ချက်များမှ ကောက်နှုတ်တင်ပြထားကြောင်းမှာ ထင်ရှားလှပေသည်။

အချို့အဖွင့်ပညာရှင်များက إِرَمَ 'အိရမ်' သည် အားဒ်၏ သား 'ရှဒ်ဒါးဒ်' တည်ဆောက်ခဲ့သော 'ဂျန္နသ်'၏ အမည်ဖြစ်သည်'ဟု ဆိုကြသည်။ ၎င်း၏ ဂုဏ်ပုဒ်မှာ ذات العماد ဟု ဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် ထို 'ဂျန္နသ်' သည် အလွန်တရာ ကြီးမားသော အဆောက်အဦးကြီးဖြစ်ပြီး မြောက်မြား စွာသော တိုင်များဖြင့် တည်ဆောက်ထားခြင်း၊ ရွှေ၊ ငွေ၊ ရတနာ စသော ကျောက်သံပတ္တမြားတို့ဖြင့် စီခြယ်၍ လူတို့သည် တမလွန်၏ 'ဂျန္နသ်'အစား ဤလက်တွေ့ 'ဂျန္နသ်'ကို ရွေးချယ်ကြစေရန် ဆောက် လုပ်ထားခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် ဤမျှ ထည်ဝါခန့်ညားသော ကြီးမားသော အဆောက်အဦး များကို ဆောက်လုပ်ပြီးစီးသော 'ရှဒ်ဒါးဒ်'သည် မိမိ၏ တိုင်းပြည်မှ ခေါင်းဆောင်များနှင့်အတူ ထို 'ဂျန္နသ်' အတွင်းသို့ ဝင်ရောက်ရန် ရည်ရွယ်လေသောအခါ အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ် သည် ကျရောက်လာခဲ့သည်။ ၎င်းတို့အားလုံး သေကြေပျက်စီးသွားလေသည်။ ထို 'ဂျန္နသ်' ဟူသော အဆောက်အဦးများသည်လည်း ပျက်စီးသွားလေသည်။ *[ကုရ်သုဗီးကျမ်း]*

ဤအကြောင်းဖြစ်ရပ်ကြောင့် ဤအာယသ်တော်တွင် 'ရှဒ်ဒါးဒ်ဗင်န်အားဒ်နှင့် ၎င်းတည်ဆောက် ခဲ့သော 'ဂျန္နသ်' အပေါ်၌ ကျရောက်ခဲ့သည့် အထူး 'အဇာဗ်' အပြစ်ဒဏ်အကြောင်း တင်ပြထားသည်။

မုဖတ်စိရ်အများစုတို့က ရွေးချယ်ခဲ့သော ပထမသဖ်စီးရ်တွင် အားဒ်အမျိုးသားတို့အပေါ်၌ ကျရောက်ခဲ့သမျှသော 'အဇားဗ်' အပြစ်ဒဏ်အားလုံး အကျုံးဝင်သွားပေသည်။

وَفِرْعَوْنَ ذِى الْاَوْتَادِ

اَوْتَادْ သည် وَتَدْ ၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ 'ငုပ်တိုင်' ကို ခေါ်ဆိုသည်။ ဖိရ်အောင်န်အား **ذى الاوتاد** ဟု ခေါ်ဆိုရခြင်း အကြောင်းများစွာကို မုဖတ်စိရ်အဖွင့်ပညာရှင်တို့က တင်ပြထားသည်။ ကျော်ကြားသော အဆိုမှာ အဖွင့်ပညာရှင်တို့ထံတွင် အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ်၌ တင်ပြခဲ့သည့် အတိုင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုစာလုံးတွင် ဖိရ်အောင်န်၏ ညှဉ်းပန်းနှိပ်စက်မှု၊ မတရားမှုနှင့် ရိုင်းပျရက်စက်စွာ အပြစ်ဒဏ်ခတ်ခြင်းများအကြောင်းတို့ကို တင်ပြထားသည်။ ၎င်းသည် မိမိအမျက်ရှသူ၏ လက်နှင့် ခြေများကို ငုပ်တိုင်လေးခုတွင် ချည်နှောင်၍လည်းကောင်း၊ သို့မဟုတ် ထိုသူ၏ ခန္ဓာကိုယ်အတွင်း၌ပင် ငုပ်တိုင်များ စိုက်ပြီး ၎င်းသူအား နေပူ၌ထား၍လည်းကောင်း၊ ထို့နောက် ထိုသူ့အပေါ်တွင် မြွေနှင့် ကင်းများကို လွှတ်ပေးခြင်းဖြင့်လည်းကောင်း အပြစ်ဒဏ်ခတ်လေ့ရှိသည်။ အချို့အဖွင့်ပညာရှင်များက ဖိရ်အောင်န်၏ မိမိဇနီး ဟဇရသ်အာစိယဟ်သခင်မနှင့် စပ်လျဉ်း၍ သခင်မ၏ မုအ်မင်န်ဖြစ်ခြင်း၊ ဖိရ်အောင်န်၏ ရှေ့တွင် အီမာန်ကို ထုတ်ဖော်ပြသခြင်းနှင့် ဖိရ်အောင်န်မှ အထက်တင်ပြပါကဲ့သို့ အပြစ်ပေးခြင်းများဖြင့် ဘဝချုပ်ငြိမ်းခဲ့ရခြင်းများကို တင်ပြထားသော အလွန်ရှည်လျားသည့် ဖြစ်ရပ်တစ်ခုကို တင်ပြထားကြသည်။ *[မဇှဟ်ရီကျမ်း]*

فَصَبَّ عَلَيْهِمْ رَبُّكَ سَوْطَ عَذَابٍ

အားဒ်အမျိုးသားများ၊ စမူးဒ်အမျိုးသားများနှင့် ဖိရ်အောင်န်၏ အမျိုးသားများ၏ အမိန့်ဖီဆန်မှုနှင့် ဆိုးသွမ်းမှုများကို တင်ပြလျက် ၎င်းတို့အပေါ်၌ ချပေးခဲ့သော 'အဇားဗ်' အပြစ်ဒဏ်ကို ပြစ်ဒဏ်၏ ကြာပွတ်ကို သွန်းချခြင်း' ဟု သုံးနှုန်းထားသည်။ ဤနေရာမှ 'ကြာပွတ်သည် ဘက်ပေါင်းစုံမှ ခန္ဓာကိုယ်တစ်ခုလုံးပေါ်တွင် ကျရောက်သကဲ့သို့ ၎င်းတို့အပေါ်၌လည်း 'အဇားဗ်'အပြစ်ဒဏ်အမျိုးမျိုး ကျရောက်ခဲ့ကြောင်းကို ညွှန်းဆိုမိန့်ကြားတော်မူခြင်း ဖြစ်သည်။

اِنَّ رَبَّكَ لَبِالْمِرْصَادِ

مَرْصَد နှင့် مِرْصَاد တို့သည် 'ကြည့်ရှုရာနေရာ၊ စောင့်ဆိုင်းရာနေရာ (စောင့်ကြည့်ရာနေရာ)' ကို ခေါ်ဆိုသည်။ လူတစ်ဦးသည် အဝေးမှ လူများကို မြင်နိုင်သည့် မြင့်သော နေရာတစ်ခုမှ ထိုင်၍ ၎င်းတို့၏ လှုပ်ရှားမှုလုပ်ရပ်များကို စောင့်ကြည့်ခြင်းကို ဆိုလိုသည်။ အာယသ်တော်၏ အလိုသဘာမှာ 'အလ္လာဟ်အသျှင်မြတ်သည် လူသားတိုင်း၏ လုပ်ရပ်နှင့် လှုပ်ရှားမှုဟူသရွေ့ကို ကြည့်ရှုနေတော်မူသည်။

ထိုအသျှင်မြတ်သည် အားလုံးတို့ကို ၎င်းတို့၏ ကောင်းမှုအကျိုးကိုလည်းကောင်း၊ မကောင်းမှု ဆိုးကျိုး၏ ပြစ်ဒဏ်ကိုလည်းကောင်း ပေးတော်မူမည့် အသျှင် ဖြစ်တော်မူသည်။ အချို့မုဖတ်စိရ် အဖွင့်ပညာရှင်များ က 'ဤအပိုဒ်သည်ပင် وَالْفَجْرِ وَلَيَالٍ عَشْرٍ တွင် ဖော်ပြခဲ့သော 'ကစမ်' ကျိန်ဆိုမှုများ၏ 'ကစမ်' ကျိန်ဆိုကာ တင်ပြအပ်သည့် အကြောင်းအရာဖြစ်သည်ဟု မိန့်ဆိုကြသည်။

လောကတွင် ရိဇီရိက္ခာ ကျယ်ဝန်းခြင်းနှင့် ကြပ်တည်းခြင်းတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လက်ခံမှုပြုခံရခြင်း၊ (သို့) စွန့်ပယ်ခံရခြင်းတို့၏ လက္ခဏာမဟုတ်ကြောင်း

فَاَمَّا الْاِنْسَانُ ـــ الخ

ဤနေရာ၌ انسان 'လူသား' ဟု ဆိုရာတွင် အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်း၍ မိမိစိတ်အလိုရှိသလို တွေးခေါ်ယူဆကြသော ကာဖိရ်လူသားများကို အဓိကဆိုလိုခြင်းဖြစ်သည်။ သို့ဆိုရာတွင် အားလုံးကို ဆိုလိုသော အလိုသဘောအားဖြင့် ကာဖိရ်များကဲ့သို့သော တွေးခေါ်ယူဆခြင်းများ ပြုကြသည့် မွတ်စ္စလင်မ်များသည်လည်း ဤအမိန့်၌ ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် လူတစ်ဦးကို ၎င်း၏ ရိဇီရိက္ခာတွင် ကျယ်ဝန်းမှု၊ ပစ္စည်းဥစ္စာ ကြွယ်ဝမှု၊ ကျန်းမာသော အခြေအနေများကို ချီးမြှင့်တော်မူပါလျှင် ရိုက်သွန်သည် ၎င်းအား လွဲမှားသော တွေးခေါ်ယူဆမှုနှစ်မျိုးတွင် နစ်မွန်းစေသည်။ ၎င်းတို့မှာ-

(၁) ဤသည် ကျွန်ုပ်၏ ပင်ကိုယ်အရည်အချင်း၊ အတွေးအခေါ်နှင့် ကြိုးပမ်းလုပ်ဆောင်မှုတို့အတွက် ရထိုက်သော ရလဒ်ဖြစ်သည်။ ဤသည်မှာ 'ကျွန်ုပ် လုံးဝရရန်ထိုက်သော အရာများဖြစ်သည်။ ကျွန်ုပ်သည် ဤအရာများနှင့် ထိုက်တန်သူဖြစ်သည်'ဟု ယူဆခြင်းဖြစ်သည်။

(၂) ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လက်ခံမှု ပြုခံရသူဖြစ်သည်။ အကယ်၍ လက်ခံမှုပြုခံရသူ မဟုတ်ပါက ဤစည်းစိမ်သုခများကို အဘယ်ကြောင့် ကျွန်ုပ်အား ချီးမြှင့်ပေးသနားတော်မူပါမည်နည်း'ဟု ယူဆခြင်းဖြစ်သည်။

အလားတူ လူတစ်ဦးအပေါ်၌ ရိဇီရိက္ခာ ကျဉ်းမြောင်းမှုနှင့် အငတ်ဘေး ဆိုက်ရောက်ခြင်း ဖြစ်ပေါ်ပါလျှင် ထိုသို့ဖြစ်ခြင်းကို အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံမှု မခံရခြင်း၊ စွန့်ပယ်ခံရခြင်း၏ အထောက်အထားဟု ယူဆကြသည်။ ထိုသို့ဖြစ်ခြင်းအပေါ် 'ကျွန်ုပ်သည် ထိုစည်းစိမ်သုခ ဂုဏ်သိက္ခာများနှင့် ထိုက်တန်သူဖြစ်ပါလျက် အကြောင်းမဲ့ ကျွန်ုပ်အား သေးသိမ်စေသည်' ဟူ၍ စွပ်စွဲပြောဆိုကြသည်။ ဤသို့သော အတွေးအခေါ် အယူအဆများသည် ကာဖိရ်နှင့် မုရှ်ရစ်က်တို့တွင် ရှိပြီးသာ ဖြစ်ပေသည်။ ကုရ်အာန် ကျမ်းတော်မြတ်၏ နေရာများစွာတို့၌ ကာဖိရ်တို့၏ ဤအယူအဆများအကြောင်း ဖော်ပြထားခြင်းလည်း ရှိပေ

သည်။ ဝမ်းနည်းဖွယ်ဖြစ်ရသည်မှာ မျက်မှောက်ခေတ်ရှိ မွတ်စလင်မ်များစွာတို့သည်လည်း ဤလမ်းမှားခြင်း၌ နစ်မွန်းနေကြခြင်းပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ဤအာယသ်တော်များတွင် ဤကဲ့သို့သော လူသားများ၏ အခြေအနေကို တင်ပြလျက် كَلَّا ဟု မိန့်ကြားတော်မူလေသည်။ ဆိုလိုသည်မှာ အသင်တို့၏ ဤအယူအဆများသည် လုံးဝ မှားယွင်းကာ အခြေအမြစ်မဲ့သော အယူအဆများ ဖြစ်သည်။ လောကတွင် ရိဇ်ဇိရိက္ခာကျယ်ဝန်းခြင်းသည် ကောင်းမြတ်သူဖြစ်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံမှုပြုခံရသူ၏ လက္ခဏာလည်းမဟုတ်။ ရိဇ်ဇိရိက္ခာ ကျပ်တည်းခြင်းနှင့် ဆင်းရဲနွမ်းပါးခြင်းတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လက်ခံမှု မပြုခံရသူ၊ (သို့) သေးသိမ်မှုဖြစ်ခြင်းတို့၏ လက္ခဏာလည်း မဟုတ်ပေ။ ထိုမျှမက အများစုအရေးကိစ္စတို့သည် ဆန့်ကျင်ဘက်ဖြစ်သည်။ ဖိရ်အောင်န်သည် 'ခိုဒါအရှင်' ဟု ကြွေးကြော်နေသူဖြစ်ပါလျက် မည်သည့်အခါမျှ ခေါင်းကိုက်ခြင်းပင် မဖြစ်ခဲ့။ အချို့နဗီတမန်တော်တို့ကို ရန်သူတို့သည် လွှဖြင့် တိုက်ဖြတ်၍ နှစ်ပိုင်း ပိုင်းဖြတ်ခဲ့ကြသည်။ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ မုဟာဂျိရ်ပုဂ္ဂိုလ်များအနက် ဆင်းရဲနွမ်းပါးသူတို့သည် ချမ်းသာကြွယ်ဝသော မုဟာဂျိရ်များထက် နှစ်ပေါင်း (၄၀) စော၍ 'ဂျန္နသ်' သို့ ဝင်ကြရပေမည်' ဟူ၏။ *[မုဇ္ဇဟရီကျမ်း]*

အခြားဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'အသင်တို့သည် မိမိတို့၏ ရောဂါသည် လူမမာကို 'ရေ'ထိခြင်းမှ ရှောင်ကြဉ်စေသကဲ့သို့ အလ္လာဟ်အသျှင်မြတ်သည် မိမိချစ်ခင်နှစ်သက်သော ဗန္ဒာဟ်ကျေးကျွန်လူသားကို 'လောကီ'နှင့် မထိတွေ့ရန် ရှောင်ကြဉ်စေတော်မူသည်' ဟု ဖြစ်သည်။ *[မုဇ္ဇဟရီကျမ်း]*

'ယသီးမ်' ဖမဲ့ကလေးများအပေါ် သုံးစွဲရုံမျှဖြင့် မလုံလောက်ပေ၊ ၎င်းတို့အား မြတ်နိုးမှုထားခြင်းသည်လည်း အရေးကြီးခြင်း

ထို့နောက် ကာဖိရ်တို့အား ၎င်းတို့၏ အချို့မကောင်းသော အကျင့်စာရိတ္တများအပေါ် သတိပေးနှိုးဆော်သည်မှာ-

لَا تُكْرِمُوْنَ الْيَتِيْمَ

ဟုဖြစ်သည်။ ဆိုလိုသည်မှာ 'အသင်တို့သည် 'ယသီးမ်'ဖမဲ့ကလေးများကို ဂုဏ်ပေးခြင်း မပြုကြပေ' ဟု ဖြစ်သည်။ ဤနေရာတွင် အဓိကပြောလိုသည်မှာ အသင်တို့သည် 'ယသီးမ်' ဖမဲ့ကလေးများ၏ တာဝန်ဝတ္တရားများကို ကျေပွန်အောင် မထမ်းဆောင်ကြပေ။ ၎င်းတို့အပေါ် အရေးကြီးသည့် သုံးစွဲခြင်းများကို မပြုကြပေ။ သို့ရာတွင် ၎င်းကို ဂုဏ်ပြုခြင်းဟူသော စာလုံးဖြင့် သုံးနှုန်းထားသည်။ ဤသည်မှာ အသိဉာဏ်နှင့် လူ့စိတ်ဓါတ်ရှိခြင်းကိုလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်က အသင်တို့အား ဥစ္စာပစ္စည်းများ ချီးမြှင့်တော်မူခြင်းအပေါ် ကျေးဇူးသိတတ်ခြင်းကိုလည်းကောင်း ထောက်ရှု၍ ဖြစ်သင့်သည်မှာ အသင်

တို့သည် 'ယသီးမ်' ဖမဲ့ကလေးများ၏ ဝတ္တရားကျေပွန်ခြင်းနှင့် ၄င်းတို့အပေါ် သုံးစွဲခြင်းမျှဖြင့်သာ ပြည့်စုံလုံလောက်သည်မဟုတ်ဘဲ ၄င်းတို့အား မိမိ၏ ကလေးများနှင့် ယှဉ်၍ နိမ့်ကျသည်၊ သေးသိမ်သည်ဟု မယူဆဘဲ ၄င်းတို့အား ဂုဏ်ပေးရန်မှာလည်း 'ဝါဂျိဗ်'ဖြစ်ပေသည်ဟူသော အချက်ကို ညွှန်းဆိုရန် ဖြစ်ပေသည်။ ဤသည်မှာ လောကတွင် ချောင်လည်ခြင်း၊ ပြည့်စုံကြွယ်ဝခြင်းကို ဂုဏ်ပေးခြင်းခံရသည်ဟုလည်းကောင်း၊ ရိဇ်ဇ်ရိက္ခာကျဉ်းမြောင်းခြင်းကို သေးသိမ်မှု ပြုခံရသည်ဟုလည်းကောင်း ယူဆကြသော ကာဖိရ်တို့၏ ပြောဆိုစကားများအပေါ် တုန့်ပြန်ဖြေကြားခြင်းဖြစ်သည်။ ထိုဖြေကြားချက်အပေါ်တွင် بَلْ ဟူသော အက္ခရာနှင့်အတူ 'အကယ်၍ အသင်တို့သည် တစ်ခါတစ်ရံ ရိဇ်ဇ်ရိက္ခာ ကျဉ်းမြောင်းမှု ဖြစ်ပေါ်ခဲ့ပါလျှင် ထိုသို့ ဖြစ်ရခြင်းမှာ 'အသင်တို့သည် 'ယသီးမ်'ဖမဲ့ကလေးများကဲ့သို့သော ကြင်နာသနားထိုက်သည့် ကလေးသူငယ်တို့၏ တာဝန်ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်ခြင်းကို မပြုခဲ့ကြသောကြောင့်ဖြစ်သည်။ ထို့ပြင် ၄င်းတို့၏ အခြားမကောင်းသော အကျင့်စရိုက်နှင့် စပ်လျဉ်း၍ မိန့်ကြားသည်မှာ-

وَلَا تَحٰٓضُّوْنَ عَلٰى طَعَامِ الْمِسْكِيْنِ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အသင်တို့ကိုယ်တိုင် ဆင်းရဲသားတစ်ဦးဦးကို မည်သည့်အရာကိုမျှ ပေးကမ်းခဲ့ခြင်း မရှိသည်သာမက အခြားသူများကိုလည်း ဆင်းရဲသားများအား ပေးကမ်းရန် လှုံ့ဆော်မှုလည်း မပြုခဲ့ကြပေ'ဟု ဖြစ်သည်။ ဤအကြောင်းအရာတွင် ကာဖိရ်တို့၏ မကောင်းသော စရိုက်ဆိုးများနှင့် ၄င်းစရိုက်ဆိုးများအပေါ် ပြစ်တင်ရှုတ်ချခြင်းများကို တင်ပြခြင်းနှင့်အတူ ချို့တဲ့နွမ်းပါးသော သူဆင်းရဲများအား မိမိတို့ထံ၌ ရှိသည်တို့ကို ပေးကမ်းကျွေးမွေးရန် ချမ်းသာကြွယ်ဝသူများတွင် တာဝန်ရှိသကဲ့သို့ မိမိတို့ကိုယ်တိုင် ပေးကမ်းကျွေးမွေးရန် အင်အားမရှိသူများအဖို့လည်း သူဆင်းရဲတို့အား ပေးကမ်းကျွေးမွေးရန် အခြားသူများကို တိုက်တွန်းသော အလုပ်ကိုမူ ပြုရပေမည်' ဟု ညွှန်းဆိုခြင်း ဖြစ်သည်။

ကာဖိရ်တို့၏ တတိယမြောက်မကောင်းသော စရိုက်ဆိုးအကြောင်းကို တင်ပြမိန့်ကြားသည်မှာ

وَتَأْكُلُوْنَ التُّرَاثَ اَكْلًا لَّمًّا

ဟု ဖြစ်သည်။ لَمّ ၏ အဓိပ္ပာယ်မှာ 'စုပေါင်း၍ သိမ်းကျုံး၍' ဟု ဖြစ်သည်။ အလိုသဘောမှာ 'အသင်တို့သည် သေဆုံးသူ၏ အမွေပစ္စည်းများအနက် 'ဟလာလ်'နှင့် 'ဟရာမ်' အားလုံးကို သိမ်းကျုံး၍ စားသောက်ကြသည်။ မိမိ၏ ဝေစုနှင့်အတူ အခြားသူတို့၏ ဝေစုကိုလည်း လုယူကြသည်' ဟု ဖြစ်သည်။ ဤနေရာတွင် အမွေပစ္စည်းကိုသာ အထူးတင်ပြထားသည်။ အမှန်စင်စစ် 'ဟလာလ်'နှင့် 'ဟရာမ်'ရောနှောနေသော ဥစ္စာပစ္စည်းများကို စားသုံးခြင်းမှာလည်း မပိုင်သော လုပ်ရပ်သာ ဖြစ်သည်။ အမွေပစ္စည်းများကိုသာ အထူးပြု မိန့်ကြားရခြင်းမှာ သေဆုံးသူ၏ အမွေပစ္စည်းများအပေါ် များစွာ အာရုံထားခြင်း၊ ၄င်းပစ္စည်းများ၏ နောက်သို့ လိုက်ခြင်းတို့သည် သတ္တိနည်းခြင်းနှင့် သူရဲဘောကြောင်ခြင်းတို့၏ အထောက်

အထားဖြစ်၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသေကောင်စားသည့် တိရစ္ဆာန်များအလား ကျွန်ုပ်တို့အား အမွေပစ္စည်းများ ချန်ထားပေးခဲ့မည့်သူသည် မည်သည့်အခါ၌ သေပါမည်နည်းဟုလည်းကောင်း၊ ထိုအမွေပစ္စည်းများကို ခွဲဝေရန် အခွင့်အရေးသည် ကျွန်ုပ်တို့၏ လက်တွင်းသို့ မည်သည့်အခါ ကျရောက်လာမည် နည်းဟုလည်းကောင်း ချောင်းမြောင်း စောင့်ဆိုင်းနေခြင်းပင် ဖြစ်သည်။ သတ္တိပြောင်မြောက်သူတို့သည် မိမိတို့၏ ရာစာဖွေစာအပေါ်၌ ကျေနပ်ပျော်ရွှင်ကြသည်။ သေသူတို့၏ ဥစ္စာပစ္စည်းများအပေါ် ဤကဲ့သို့ လောဘရမ္မက်ထားခြင်း မပြုကြပေ။

စတုတ္ထမကောင်းသော အကျင့်စရိုက်ကို တင်ပြသည်မှာ

وَتُحِبُّوْنَ الْمَالَ حُبًّا جَمًّا

جَمّ ၏ အဓိပ္ပာယ်မှာ 'မြောက်မြားစွာ' ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အသင်တို့သည် ဥစ္စာပစ္စည်းကို မြောက်မြားစွာ ချစ်ခင်စုံမက်ကြသည်' ဟု ဖြစ်သည်။ 'မြောက်မြားစွာ' ဟူသော စာလုံးအားဖြင့် 'ဥစ္စာပစ္စည်းကို အတိုင်းအတာတစ်ခုအထိ ချစ်ခင်ခြင်းမှာမူ လူသား၏ သဘာဝဗီဇ၏ တောင်းဆိုမှုဖြစ်သည်။ ဤသည်မှာ အပြစ်ဆိုဖွယ်ရာမဟုတ်ဘဲ ထိုပစ္စည်းဥစ္စာကို ချစ်ခင်စုံမက်ရာ၌ အတိုင်းအတာထက် ကျော်လွန်ခြင်းနှင့် မြောက်မြားစွာသော ချစ်ခြင်းသည် အပြစ်ဆိုထိုက်သော အကြောင်းခံဖြစ်သည်။ ကာဖိရ်တို့၏ ဤမကောင်းသော အကျင့်စရိုက်ဆိုးများအကြောင်း တင်ပြပြီးနောက် စူရာဟ်၏အစတွင် 'ကစမ်' ကျိန်ဆိုမှု (၅) မျိုးဖြင့် လေးနက်စေခဲ့သော အဓိကအကြောင်းအရာဘက်သို့ ပြန်လည်တင်ပြထားသည်။ ဆိုလိုသည်မှာ တမလွန်၌ ကုသိုလ်အကျိုးပေးခြင်းနှင့် အပြစ်ဒဏ်ပေးခြင်းများ ရှိမည်။ ဤအခန်းကဏ္ဍတွင် ပထမဦးစွာ 'ကေယာမသ်' ဆိုက်ရောက်လာမည့် အကြောင်းကို တင်ပြမိန့်ကြားထားသည်။

اِذَا دُكَّتِ الْاَرْضُ دَكًّا دَكًّا

دَكّ ဟူသော စာလုံး၏ အဓိပ္ပာယ်မှာ 'အရာတစ်ခုကို ရိုက်ခတ်၍ ချိုးဖျက်ခြင်း' ဟု ဖြစ်သည်။ အလိုသဘောမှာ 'ကေယာမသ်' နေ့၏ လျှောင်တုန်လှုပ်ခြင်း ဖြစ်သည်။ ထိုလျှောင်သည် တောင်များကို အချင်းချင်း ရိုက်ခတ်စေပြီး တစ်စစီဖြစ်အောင် ပြုလုပ်လိုက်ပေမည်။ دَكًّا دَكًّا ဟု ထပ်ဆင့် သုံးနှုန်းခြင်းမှာ 'ကေယာမသ်' နေ့၏ လျှောင်တုန်လှုပ်ခြင်းသည် တစ်ခုပြီးတစ်ခု အဆက်မပြတ် တုန်လှုပ်နေမည်ဖြစ်ကြောင်းကို ညွှန်းဆိုခြင်းဖြစ်သည်။

وَجَآءَ رَبُّكَ وَالْمَلَكُ صَفًّا صَفًّا

ဆိုလိုသည်မှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ကြွမြန်းလာတော်မူပေမည်။ ဖရစ်ရှ်သာဟ်တို့သည် တန်းစီလျက် လာကြပေမည်။ ဤသည် 'ဟရှရ်' ကွင်းပြင်သို့ လာကြမည်ကို ဆိုလိုခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ကြွမြန်းလာတော်မူမည်ဟု ဆိုရာတွင် မည်သည့်ပုံပန်း

သဏ္ဍာန်ဖြင့် ကြွမြန်းလာတော်မူမည်ကို အလ္လာဟ်အသျှင်မြတ်မှအပ မည်သူမျှ မသိနိုင်ပေ။ ဤသည် **متشابهات** 'မုသရှာဗဟားသ်' များမှ ဖြစ်သည်။ ဖရစ်ရှ်သာဟ်တို့၏ အတန်းလိုက် စီတန်း၍ လာခြင်းမှာမူ ထင်ရှားပေသည်။

وَجِآئَ ءَ يَوْمَئِذٍ بِجَهَنَّمَ

ဆိုလိုသည်မှာ 'ထိုနေ့တွင် 'ဂျဟန္နမ်'ငရဲဘုံသည် ယူဆောင်လာခြင်း ခံရပေမည်' ဟု ဖြစ်သည်။ 'ဂျဟန္နမ်'ငရဲဘုံကို ယူဆောင်လာခြင်းဟူသည့် အလိုသဘော မည်သို့နည်း။ မည်သည့်ပုံသဏ္ဍာန်ဖြင့် 'ဟရှ်' ကွင်းပြင်၌ ယူဆောင်လာမည်နည်း ဆိုသည်ကိုမူ အလ္လာဟ်အသျှင်မြတ်သာ သိရှိတော်မူသည်။ အပေါ်ယံအားဖြင့် သိရှိရသည်မှာ ယခုအခါ မြေခုနစ်ထပ်၏ အောက်တွင် ရှိသော 'ဂျဟန္နမ်' ငရဲဘုံသည် ထိုအချိန်တွင် မီးတောက်များ တောက်လောင်လာပေမည်။ ထို့ပြင် ပင်လယ်သမုဒ္ဒရာအားလုံးသည် မီးများဖြစ်၍ ထို 'ဂျဟန္နမ်' ငရဲမီးတွင် ပါဝင်လာပေမည်။ ဤနည်းဖြင့် 'ဂျဟန္နမ်' သည် 'ဟရှ်' ကွင်းပြင်၌ ရှိသော ကာလတွင် အားလုံး၏ ရှေ့မှောက်သို့ ရောက်ရှိလာလိမ့်မည် ဟူ၏။

يَوْمَ يَتَذَكَّرُ الْاِنْسَانُ وَاَنّٰى لَهُ الذِّكْرٰى

ဤနေရာတွင် **تذكّر** ၏ အလိုသဘောမှာ 'နားလည်သဘောပေါက်ခြင်း' ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ထိုနေ့တွင် ကာဖိရ်များအဖို့ 'ကျွန်ုပ်သည် လောကတွင် မည်သည့်အရာများ ပြုလုပ်ခဲ့ရန် ထိုက်သည်ဟုလည်းကောင်း၊ ကျွန်ုပ်သည် မည်သည့်အရာများ ပြုမိခဲ့သည်ဟုလည်းကောင်း၊ နားလည်သဘောပေါက်သွားကြပေမည်။ သို့ရာတွင် ထိုအချိန်၌ နားလည်သဘောပေါက်ခြင်းမှာမူ အကျိုးမဲ့ ဖြစ်သွားပေပြီ။ 'အမလ်' ကျင့်ကြံဆောက်တည်ခြင်းနှင့် အခြေအနေကို ပြုပြင်ရန်ဖြစ်သော အချိန်ကာလမှာ ကုန်လွန်ခဲ့ပြီးဖြစ်သည်။ တမလွန်သည် 'အမလ်'ကျင့်ဆောင်ရာ နေရာမဟုတ်ပေ။ အစားပေးသော နေရာဖြစ်သည်။ ရှေ့တွင် ၎င်းသူသည် ကျွန်ုပ်သည် လောကတွင် ကောင်းသော ပြုမူဆောင်ရွက်ချက်အချို့ ပြုမိခဲ့လျှင် ကောင်းလေစွ'ဟု မျှော်လင့်ချက်ထားရှိသော **تذكّر** အကြောင်း တင်ပြမိန့်ကြားထားသည်မှာ-

يٰلَيْتَنِىْ قَدَّمْتُ لِحَيَاتِىْ

ဟု ဖြစ်သည်။ တစ်ဖန် ဤမျှော်လင့်ချက်သည် မှားယွင်းကြောင်းနှင့် အကျိုးဖြစ်မည် မဟုတ်ကြောင်းကို တင်ပြသည်မှာ ကုဖွရ်နှင့် ရှရစ်က်တို့၏ အပြစ်ဒဏ်သည် ရှေ့သို့ ရောက်ရှိလာခဲ့ပေပြီ။ ယခုအခါ ဤမျှော်လင့်ချက်သည် မည်သည့်အကျိုးမျှ ရှိတော့မည်မဟုတ်ပေ။ ယခုမှာမူ 'အဇာဗ်'အပြစ်ဒဏ်နှင့် ဖမ်းဆီးချုပ်နှောင်ခြင်း ခံရမည့်အချိန် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ဖမ်းဆီးချုပ်နှောင်ခြင်းကဲ့သို့ မည်သူမျှ ဖမ်းဆီးချုပ်နှောင်မှု မပြုနိုင်ပေ။ ကာဖိရ်တို့၏ 'အဇာဗ်' အပြစ်ဒဏ်အကြောင်းကို တင်ပြပြီး

သောအခါ နောက်ဆုံးတွင် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့၏ 'စဝါးဇ်'ကုသိုလ်နှင့် ၎င်းတို့သည် 'ဂျန္နသ်' သုခဘုံအတွင်းသို့ ဝင်ရောက်စံမြန်းခွင့်ရရှိမည့် အကြောင်းကို တင်ပြ မိန့်ကြားတော်မူသည်မှာ-

يَآيَّتُهَا النَّفْسُ الْمُطْمَئِنَّةُ ـ الخ

ဤနေရာတွင် မုအ်မင်န်၏ အသက်ဝိညာဉ်ကို نفس مطمئنة (တည်ငြိမ်သော အသက်ဇီဝိန်) ဟူသော ဘွဲ့ထူးဖြင့် မိန့်ကြားတော်မူထားသည်။ مطمئنة ၏ အဓိပ္ပာယ်မှာ ساكنة 'တည်ငြိမ်သူ' ဟု ဖြစ်သည်။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ 'ဇိကိရ်'တသမှုနှင့် အမိန့်နာခံခြင်းတို့အားဖြင့် တည်ငြိမ်မှုရရှိသော အသက်ဇီဝိန်ဟု ဖြစ်သည်။ ၎င်းအသက်ဇီဝိန်သည် ထိုအရာများမရှိလျှင် မတည်မငြိမ် ဖြစ်ခြင်းကို ခံစားရသည်။ ထို့ပြင် ဤသည် ကြိုးပမ်းမှုများ ပြုလုပ်၍ မိမိ၏ မကောင်းသော အကျင့်စရိုက်များနှင့် နိမ့်ကျယုတ်ညံ့သော အကျင့်စာရိတ္တများကို ပပျောက်စေပြီးသော အသက်ဇီဝိန်ဖြစ်နိုင်သည်။ အမှန်တရား၊ အမိန့်နာခံမှုနှင့် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းတို့သည် ၎င်း၏ အကျင့်ဝလေ့ဖြစ်၍ ရှရီအသ်တရားတော်သည် ၎င်းသူ၏ ဗီဇဖြစ်သွားသူအား ရည်ညွှန်း၍ မိန့်ကြားတော်မူသည်မှာ-

ارْجِعِىٓ اِلٰى رَبِّكِ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ ပြန်သွားပါလေ'ဟု ဖြစ်သည်။ 'ပြန်သွားပါ'ဟူသော စာလုံးအရ ၎င်းသူ၏ မူလပဌမနေရာသည်လည်း ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်၌ ဖြစ်ကြောင်း သိရှိရသည်။ ယခု ထိုနေရာသို့ပင် ပြန်သွားရန် မိန့်ကြားနေသည်။ ဤအကြောင်းအားဖြင့် 'မုအ်မင်န်တို့၏ ဝိညာဉ်များသည် ၎င်းတို့၏ ကျင့်ကြံအားထုတ်မှု မှတ်တမ်းများနှင့်တကွ عِلِّيِّيْن 'အိလ်လီယီးန်'တွင် နေကြရပေမည်။ عليين 'အိလ်လီယီးန်'သည် မိုးခုနစ်ထပ်အပေါ်ရှိ အသျှင်မြတ်၏ 'အရ္ရှ်'ပလ္လင်တော်၏ အရိပ်အောက်မှ နေရာတစ်ခုဖြစ်သည်။ လူသားအားလုံး၏ ဝိညာဉ်များ၏ မူလနေရာဖြစ်သည်။ ထိုနေရာမှ ဝိညာဉ်ကို ယူဆောင်လာပြီး လူသား၏ ခန္ဓာကိုယ်တွင် ထည့်သွင်းလိုက်ခြင်း ဖြစ်သည်။ တစ်ဖန် သေဆုံးပြီးနောက် ထိုနေရာသို့ ပြန်သွားကြရသည်။

رَاضِيَةً مَّرْضِيَّةً

ဆိုလိုသည်မှာ ဤဝိညာဉ်သည် အလ္လာဟ်အသျှင်မြတ်အား ထိုအသျှင်မြတ်၏ အတွင်းပိုင်း အမိန့်တော်များနှင့် အပြင်ပိုင်းအမိန့်တော်များအပေါ် ကျေနပ်နှစ်သက်မှု ရှိသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည်လည်း ၎င်းအား ကျေနပ်နှစ်သက်တော်မူသည်။ အဘယ်ကြောင့်ဆိုသော် ဗန္ဒာဟ်လူသားသည် အလ္လာဟ်အသျှင်မြတ်၏ သတ်မှတ်ချက် အမိန့်တော်များအပေါ် ကျေနပ်နှစ်သက်ခြင်းသည်ပင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ကျေနပ်နှစ်သက်တော်မူခြင်း၏ လက္ခဏာဖြစ်သည်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်သည်

၎င်းအား ကျေနပ်နှစ်သက်တော်မူခြင်း မရှိပါလျှင် ဆုံးဖြတ်ပြဋ္ဌာန်းတော်မူသည့် အမိန့်တော်များကို ကျေနပ်နှစ်သက်သည့် စွမ်းအားနှင့် အခွင့်အလမ်း ရရှိမည်ပင် မဟုတ်ပေ။ ဤအသက်ဇီဝိန်သည် မိမိ၏ သေဆုံးကွယ်လွန်သည့်အချိန်တွင် သေဆုံးရခြင်းအပေါ်၌လည်း ကျေနပ်နှစ်သက်မှု ရှိသည်။ ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န်ဆွာမိတ် ﵁ သခင်၏ ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ-

مَنْ احَبَّ لِقَاءَ الله احبَّ الله لقا ئه وَمَنْ كَرِهِ لَقَاءَ اللهِ كَرَهَ الله لِقَا ئَهَ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'မည်သူမဆို အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံးခြင်းကို နှစ်သက်မှု ရှိပါလျှင် အလ္လာဟ်အသျှင်မြတ်သည်လည်း ၎င်းနှင့် တွေ့ဆုံရန် ကျေနပ်နှစ်သက်တော်မူသည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံခြင်းကို မနှစ်သက်ဟု ဆိုပါလျှင် အလ္လာဟ်အသျှင်မြတ်သည်လည်း ၎င်းနှင့် တွေ့ဆုံရန် ကျေနပ်နှစ်သက်တော်မမူပေ' ဟု ဖြစ်သည်။

ဤဟဒီးစ်တော်ကို ကြားနာပြီး ဟဇရတ်ဓွိဒ်ဒီကဟ်အာအေရှာဟ် ﵂ သခင်မက ကိုယ်တော်မြတ် ﷺ အား "အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံရန် ဟူသည်မှာ သေခြင်းတရား၏ အကြောင်းခံဖြင့်သာ ဖြစ်နိုင်သည်။ သို့ရာတွင် သေခြင်းတရားကိုမူ ကျွန်မ (သို့) မည်သူမျှပင် နှစ်သက်လိုလားသည် မရှိကြပါ'ဟု လျှောက်ထားမေးမြန်းလေသည်။ ထိုအခါ ကိုယ်တော်မြတ် ﷺ က 'ဤသို့ မဟုတ်ပါ။ အမှန်စင်စစ် မုအ်မင်န်သက်ဝင်ယုံကြည်သူအဖို့ သေဆုံးမည့်အချိန်တွင် ဖရစ်ရှ်သာဟ်တို့၏ အကြောင်းခံဖြင့် အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်နှစ်သက်မှုနှင့် 'ဂျန္နသ်'၏ သတင်းကောင်းများကို ပေးခြင်း ခံရသည်။ ဤသည်ကို ကြားရပြီး မုအ်မင်န်သည် သေခြင်းတရားကို ပိုမို၍ ချစ်ခင်တပ်မက်မှု ဖြစ်သွားလေသည်။ အလားတူ ကာဖိရ်အဖို့ သေဆုံးကွယ်လွန်သည့်အချိန်တွင် 'အဇားဗ်' အပြစ်ဒဏ်များကို ၎င်း၏ ရှေ့မှောက်၌ ပြသခြင်းခံရသည်။ ထို့ကြောင့် ၎င်းအဖို့ ထိုအချိန်တွင် သေခြင်းတရားထက် ပို၍ မည်သည့်အရာမျှ ဆိုးရွားသော အရာနှင့် မနှစ်မြို့သော အရာဟူ၍ ယူဆရန် မရှိတော့ပေ" ဟု မိန့်ကြားလေသည်။ *[မဇ္ဇ်ဟရီကျမ်း]*

အချုပ်မှာ သေခြင်းတရားကို ချစ်ခင်ခြင်း (သို့) မုန်းတီးခြင်းဟူသည် ဤလက်ရှိ အချိန်၏ ချစ်ခင်တပ်မက်မှု ရှိခြင်း၊ မုန်းတီးခြင်းကို ဆိုလိုသည်မဟုတ်။ ထိုမျှမက ဝိညာဉ်ထွက်တော့မည်အချိန်တွင် သေဆုံးခြင်းနှင့် အလ္လာဟ်အသျှင်မြတ်နှင့် တွေ့ဆုံရမည်တို့ကို ကျေနပ်နှစ်သက်သူအား အလ္လာဟ်အသျှင်မြတ်သည်လည်း ကျေနပ်နှစ်သက်သည်ဟု ဖြစ်သည်။ راضية مّرضية ၏ အလိုသဘောမှာလည်း ဤအတိုင်းပင် ဖြစ်သည်။

فَادْ خُلِىْ فِىْ عِبَادِىْ وَادْ خُلِىْ جَنَّتِىْ

نفس مطمئنّة တည်ငြိမ်သော အသက်ဇီဝိန်ကို ဦးတည်ရည်ညွှန်း၍ 'ငါအသျှင်မြတ်၏ အထူးကျွန်များတွင် ပါဝင်လော။ ထို့နောက် ငါအသျှင်မြတ်၏ 'ဂျန္နသ်'သုခဘုံတွင် ဝင်ရောက်လော့' ဟု မိန့်ကြားတော်မူခြင်း ဖြစ်သည်။ ဤအမိန့်တော်တွင် ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်၏ ကောင်းမြတ်

သော အထူးကျွန်များတွင် ပါဝင်ရန် မိန့်ကြားထားသည်။ ဤနေရာတွင် 'ဂျန္နသ်'တွင် ဝင်ရောက်ရန်မှာ ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်၏ ကောင်းမြတ်သော အထူးကျွန်တို့၏ အုပ်စု၌ ပါဝင်ခြင်းအပေါ်၌ မူတည်သည်။ ထိုသူများနှင့်သာ 'ဂျန္နသ်'သို့ ဝင်ရောက်ရမည့်အကြောင်း ညွှန်းဆိုထားသည်။ ဤအကြောင်းဖြင့် သိရှိရသည်မှာ လောကတွင် သူတော်ကောင်းများ၏ အသိုင်းအဝိုင်းတွင် အတူတကွ နေထိုင်ခဲ့သူဖြစ်လျှင် ၄င်းသည်လည်း ထိုသူတော်စင်၊ သူတော်ကောင်းတို့နှင့်အတူ 'ဂျန္နသ်'သို့ ဝင်ရောက်ရမည့် လက္ခဏာဖြစ်သည်။ ထို့ကြောင့် ဟဇရသ်စုလိုင်မာန် ﷺ သည် မိမိ၏ ဒိုအာတွင်

وَاَدْخِلْنِىْ بِرَحْمَتِكَ فِىْ عِبَادِكَ الصّٰلِحِيْنَ

ဟုလည်းကောင်း၊ ဟဇရသ်ယူစွဖ် ﷺ သည် မိမိ၏ ဒိုအာတွင်

وَاَلْحِقْنِىْ بِالصّٰلِحِيْنَ

ဟုလည်းကောင်း တောင်းခံခဲ့ကြခြင်း ဖြစ်သည်။ သူတော်စင်၊ သူတော်ကောင်းတို့၏ အသိုင်းအဝိုင်းကို ရယူခြင်းမှာ နဗီ တမန်တော်များသည်ပင် ယင်းအတွက် ဒိုအာတောင်းခံရန် လစ်လျူရှုမှု မပြုနိုင်ခဲ့သည့် ကြီးမားသော 'နေအ်မသ်' ဆုလာဘတ်တော်ဖြစ်ကြောင်း သိရှိရပေသည်။

وَادْخُلِىْ جَنَّتِىْ ဤနေရာတွင် 'ဂျန္နသ်'သုခဘုံကို အလ္လာဟ်အသျှင်မြတ်သည် မိမိဘက်တော်သို့ ဆက်နွယ်၍ ငါအသျှင်မြတ်၏ 'ဂျန္နသ်'သုခဘုံဟု မိန့်ကြားတော်မူထားသည်။ ဤသည်မှာ ကြီးမားသော ပေးကမ်းရက်ရောခြင်း ဖြစ်သည်။ ဤနေရာတွင် 'ဂျန္နသ်'သုခဘုံ၌ အမျိုးမျိုးသော စည်းစိမ်သုခများ စုပုံ၍ ရရှိပြီး ထာဝရ ရရှိစေခြင်းမျှသာ မဟုတ်ဘဲ အကြီးဆုံးသော 'နေအ်မသ်'စည်းစိမ်သုခမှာ အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်နှစ်သက်မှုအဆင့်ပင် ဖြစ်ကြောင်း ညွှန်းဆိုထားသည်။

ဖော်ပြပါအာယသ်တော်များတွင် မုအ်မင်န်တို့အတွက် အကျိုးကုသိုလ်များကို ဖော်ပြထားသည်မှာ '၄င်းတို့၏ ဝိညာဉ်များကို အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ဖရစ်ရှ်သာဟ်တို့၏ အကြောင်းခံဖြင့် ဂုဏ်ပြုကြောင်း မိန့်ကြားခြင်း ခံရပေမည်' ဟု ဖြစ်သည်။ ဤမိန့်ကြားခြင်းသည် မည်သည့်အချိန်တွင် ဖြစ်မည်ဆိုခြင်းနှင့် စပ်လျဉ်း၍ အချို့သဖ်စီးရ် အေမာမ်ကြီးများက မိန့်ဆိုကြသည်မှာ 'ကေယာမသ်'တွင် စာရင်းအင်း စစ်ဆေးမှု ပြီးဆုံးသောအခါ ဤမိန့်ကြားခြင်းဖြစ်လိမ့်မည်' ဟု ဖြစ်သည်။ အာယသ်တော်များ၏ စာသွားစာလာ လမ်းကြောင်းအရ အထက်တွင် ကာဖိရ်များအား 'အဇာဗ်'ပေးမည့်အကြောင်း လာရှိထားခြင်းသည် 'ကေယာမသ်'ဖြစ်ပြီးနောက်တွင် ဖြစ်လိမ့်မည်ဆိုသည်ကို ထောက်ခံထားသည်။ ထို့ကြောင့် မုအ်မင်န်တို့အား ဤမိန့်ကြားတော်မူခြင်းမှာလည်း ထိုအချိန်တွင် ဖြစ်မည်ဆိုသည်မှာ ထင်ရှားပေသည်။ အချို့ပညာရှင်များက မိန့်ဆိုကြသည်မှာ ဤမိန့်ကြားခြင်းသည် မုအ်မင်န်များအဖို့ သေဆုံးကွယ်လွန်မည့် အချိန် လောက၌ပင် ဖြစ်မည်' ဟူ၏။ ဆွဟီးဟ်ဟဒီးစ်များစွာတို့သည် ဤအပေါ်၌ သက်သေဖြစ်သည်။ ထို့ကြောင့် အိဗ်နေကစီးရ် (ရဟ) က မိန့်သည်မှာ ဤမိန့်ကြားခြင်းသည် 'အချိန်ကာလ နှစ်ရပ်စလုံးတွင်

မုအ်မင်န်တို့၏ ဝိညာဉ်များအပေါ်တွင် ဖြစ်ပေမည်။ သေဆုံးချိန်၌လည်း မိန့်ကြားခြင်းခံရမည်။ 'ကေယာမသ်' နေ့၌လည်း မိန့်ကြားခြင်းခံရမည်'ဟု ဖြစ်သည်။

ဤမိန့်ကြားခြင်းသည် သေဆုံးသည့်အချိန်၌ဖြစ်ကြောင်း သိရှိရသော ဟဒီးစ်တော်များအနက် ဟဒီးစ်တော်တစ်ရပ်မှာ အဗူဒဟ်ဗင်န်ဆွာမိသ် ၏ ဟဒီးစ်ဖြစ်သည်။ ဤဟဒီးစ်မှာ အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ထို့ပြင် မွစ်နဒ်အဟ်မဒ်ကျမ်း၊ နစာအီကျမ်းနှင့် အိဗ်နေမာဂျာဟ်ကျမ်းတို့တွင် ဟဇရသ်အဘူ ဟုရိုင်ရာဟ် ၏ ရှည်လျားသော ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'မုအ်မင်န်၏ သေခြင်းတရား ဆိုက်ရောက်လာချိန်တွင် 'ရဟ်မသ်'၏ ဖရစ်ရှိသာဟ်များသည် အဖြူရောင်ပိုးထည် အဝတ်ကို ရှေ့၌ ထား၍ ထိုသူ၏ ဝိညာဉ်ကို ပြောဆိုကြမည်မှာ-

اَخْرِجِى رَاضِيَةً مَّرْ ضِيَّةً الٰى روح الله وريحانه

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အသင်သည် အလ္လာဟ်အသျှင်မြတ်အား ကျေနပ်နှစ်သက်၍လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ကျေနပ်နှစ်သက်တော်မူသည့် အခြေအနေ၌လည်းကောင်း အသင်သည် ဤခန္ဓာကိုယ်မှ ထွက်ပါလေ။ ထို့ပြင် ဤထွက်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်' ကရုဏာတော်နှင့် 'ဂျန္နသ်'၏ ထာဝရစည်းစိမ်သုခများဘက်သို့ ထွက်ခြင်း ဖြစ်ပေမည်' ဟု ဖြစ်သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် သခင်က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် တစ်နေ့တွင်

يَاَيَّتُهَا النَّفْسُ الْمُطْمَئِنَّةُ

အာယသ်တော်ကို ကိုယ်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်တွင် ဖတ်လိုက်သည့်အခါ ထိုထိုင်ဝိုင်းတွင် ရှိနေသော စွိဒ်ဒီးက်အက္ကဗရ် ဟဇရသ်အဗူဗကရ် သခင်က 'အို၊ ကိုယ်တော်၊ ဤသည် အဘယ်မျှကောင်းမွန်သော မိန့်ကြားခြင်းနှင့် ဂုဏ်ပြုခြင်း ဖြစ်ပါသနည်း'ဟု လျှောက်ထားပြောကြားလေသည်။ ကိုယ်တော်မြတ် ﷺ က 'နားထောင်ကြကုန်။ ဖရစ်ရှိသာဟ်သည် အသင်တို့အား အသင်တို့ ကွယ်လွန်သေဆုံးပြီးနောက် ဤသို့ မိန့်ကြားပေလိမ့်မည်' ဟု မိန့်ကြားတော်မူလေသည်။ *[အိဗ်နေကစီးရ်]*

အံ့ဖွယ်ဖြစ်ရပ်အချို့

ဟဇရသ်စအီးဒ်ဗင်န်ဂျူဗိုင်ရ် (ရဟ) သခင်က မိန့်သည်မှာ ဟဇရသ်အိဗ်နေအဗ္ဗားစ် သခင်သည် သွာအိဖ်တွင် ကွယ်လွန်သွားတော်မူလေသည်။ 'ဂျနာဇာဟ်'အသင့်ဖြစ်ပြီးသောအခါ တစ်ခါဘူးမျှ မမြင်ဘူးသော သဏ္ဌာန်ရှိသည့် ထူးဆန်းသော ငှက်တစ်ကောင် ရောက်ရှိလာသည်။ ထို့နောက် 'ဂျနာဇာဟ်' အခေါင်းတွင် ဝင်ရောက်သွားသည်။ ပြန်လည်ထွက်သွားသည်ကို မည်သူမျှ မတွေ့ကြရပေ။ ထို့နောက် 'ဂျနာဇာဟ်'အခေါင်းကို 'ကဗရ်'၌ ချသောအခါ 'ကဗရ်'၏ ဘေးဘက်အကွယ်မှ အသံတစ်သံဖြင့်

يَآيَّتُهَا النَّفْسُ الْمُطْمَئِنَّةُ

ဟူသော အာယသ်တော်ကို ဖတ်ကြားသည်ကို ကြားကြရသည်။ 'မည်သူ ဖတ်ကြားနေသည်ကို လူအားလုံးက ရှာဖွေသော်လည်း မည်သူမှု မသိနိုင်ခဲ့ကြချေ' ဟု ဖြစ်သည်။ အေမာမ်သွဗ်ရာနီ (ရဟ) က သိကာဗုလ်အဂျာအိဗ်ကျမ်း၌ မိမိ၏ စနဒ်ဖြင့် ဖသ်သားန်ဗင်န်ရဇီးန် အဘီဟာရှင်န်ထံမှ ၎င်း၏ ဖြစ်ရပ်ကို တင်ပြခဲ့သည်။ ၎င်းက မိန့်ဆိုသည်မှာ တစ်ခါက ကျွန်ုပ်သည် ရောမနိုင်ငံ၏ မြို့တစ်မြို့၌ အကျဉ်းချခံခဲ့ရသည်။ ထို့နောက် ရောမဘုရင်၏ ရှေ့တော်သွင်းခြင်း ခံခဲ့ရသည်။ ထိုကာဖိရ်ဘုရင်သည် '၎င်း၏ သာသနာကို လက်ခံရန်နှင့် ငြင်းဆိုဆန့်ကျင်သူ၏ လည်ပင်းဖြတ်ခံရမည်' ဟုဆိုကာ အတင်းအကြပ် ပြုလေသည်။ ကျွန်ုပ်တို့တွင် လူဦးရေ အနည်းငယ်မျှသာ ရှိသည်။ ၎င်းတို့အနက် (၃) ဦးမှာ အသက်အန္တရာယ်ကို စိုးရိမ်၍ 'မုရ်သဒ်' (ဘာသာပျက်) ဖြစ်သွားသည်။ ဘုရင်၏ သာသနာကို လက်ခံလိုက်လေသည်။

စတုတ္ထမြောက်လူကို ရှေ့တော်သွင်းရာ ထိုသူသည် ကုဖွရ်ပြုလုပ်ရန်နှင့် ဘုရင်၏ သာသနာကို လက်ခံခြင်းကို ငြင်းဆိုလိုက်သည်။ ၎င်း၏ လည်ပင်းကို ဖြတ်၍ အနီးအနားရှိ ချောင်းတစ်ခု၌ ပစ်လိုက်သည်။ ထိုအချိန်တွင် ထိုဦးခေါင်းသည် ရေ၏ အောက်သို့ နစ်မြုပ်သွားသည်။ ထို့နောက် ပြန်လည်၍ ရေပေါ်သို့ တက်လာသည်။ ထို့နောက် ထိုလူများရှိရာသို့ ကြည့်၍ ၎င်းတို့၏ အမည်များကို ကိုင်ပြီး 'မည်သူမည်ဝါ' ဟု အသံပေးလေသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်က

يَآيَّتُهَا النَّفْسُ الْمُطْمَئِنَّةُ ارْجِعِىٓ

اِلٰى رَبِّكِ رَاضِيَةً مَّرْضِيَّةً فَادْخُلِىْ فِىْ عِبَادِىْ وَادْخُلِىْ جَنَّتِىْ

ဟု မိန့်ကြားတော်မူသည်' ဟု ပြောဆိုလေသည်။ ထို့နောက်တစ်ဖန် ပြန်လည်၍ ရေထဲ၌ ငုပ်သွားလေသည်။ ဤဖြစ်ရပ်ကို အသင့်ရှိနေကြသူများအားလုံးသည် မြင်တွေ့ကြားနာကြရသည်။ ထိုမြို့မှ နဆွာရာတို့သည် ဤဖြစ်ရပ်ကို တွေ့မြင်ပြီး အားလုံး မွတ်စ္စလင်မ်ဖြစ်သွားကြလေသည်။ ဘုရင်၏ ရာဇပလ္လင်မှာ တုန်ခါလှုပ်ရမ်းသွားခဲ့ရသည်။ 'မုရ်သဒ်' (ဘာသာပျက်) ဖြစ်သွားသူ (၃) ဦးသည် ပြန်လည်၍ မွတ်စ္စလင်မ် ဖြစ်လာခဲ့သည်။ ထို့နောက်တွင် ခလီဖာဟ်အဘူဂျအ်ဖရ်မန်သွူးရ်သည် ကျွန်ုပ်တို့အားလုံးကို ၎င်းတို့၏ အကျဉ်းချထားခြင်းမှ လွတ်မြောက်စေခဲ့လေသည်။ *[အိဗ်နေကသီးရ်]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဗလဒ်

မြို့တော်ကဏ္ဍ

بِسْمِ ٱللَّهِ ٱلرَّحْمَٰنِ ٱلرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

لَآ أُقْسِمُ بِهَٰذَا ٱلْبَلَدِ ﴿١﴾ وَأَنتَ حِلٌّۢ بِهَٰذَا ٱلْبَلَدِ ﴿٢﴾ وَوَالِدٍ وَمَا وَلَدَ ﴿٣﴾ لَقَدْ خَلَقْنَا ٱلْإِنسَٰنَ فِى كَبَدٍ ﴿٤﴾
أَيَحْسَبُ أَن لَّن يَقْدِرَ عَلَيْهِ أَحَدٌ ﴿٥﴾ يَقُولُ أَهْلَكْتُ مَالًا لُّبَدًا ﴿٦﴾ أَيَحْسَبُ أَن لَّمْ يَرَهُۥٓ أَحَدٌ ﴿٧﴾
أَلَمْ نَجْعَل لَّهُۥ عَيْنَيْنِ ﴿٨﴾ وَلِسَانًا وَشَفَتَيْنِ ﴿٩﴾ وَهَدَيْنَٰهُ ٱلنَّجْدَيْنِ ﴿١٠﴾ فَلَا ٱقْتَحَمَ ٱلْعَقَبَةَ ﴿١١﴾
وَمَآ أَدْرَىٰكَ مَا ٱلْعَقَبَةُ ﴿١٢﴾ فَكُّ رَقَبَةٍ ﴿١٣﴾ أَوْ إِطْعَٰمٌ فِى يَوْمٍ ذِى مَسْغَبَةٍ ﴿١٤﴾ يَتِيمًا ذَا مَقْرَبَةٍ ﴿١٥﴾
أَوْ مِسْكِينًا ذَا مَتْرَبَةٍ ﴿١٦﴾ ثُمَّ كَانَ مِنَ ٱلَّذِينَ ءَامَنُوا۟ وَتَوَاصَوْا۟ بِٱلصَّبْرِ وَتَوَاصَوْا۟ بِٱلْمَرْحَمَةِ ﴿١٧﴾
أُو۟لَٰٓئِكَ أَصْحَٰبُ ٱلْمَيْمَنَةِ ﴿١٨﴾ وَٱلَّذِينَ كَفَرُوا۟ بِـَٔايَٰتِنَا هُمْ أَصْحَٰبُ ٱلْمَشْـَٔمَةِ ﴿١٩﴾ عَلَيْهِمْ نَارٌ مُّؤْصَدَةٌۢ ﴿٢٠﴾

၉၀ း ၁ ။ ။ ငါအသျှင်မြတ်သည် ဤ (မက္ကာဟ်) မြို့တော်ကို သက်သေထူတော်မူ၏။

၉၀ း ၂ ။ ။ စင်စစ် အသင်သည် ဤ (မက္ကာဟ်) မြို့တော်၌ ဝင်ခွင့်ပြုခြင်း ခံရပေမည်။

၉၀ း ၃ ။ ။ ၄င်းပြင် (ငါအသျှင်မြတ်သည်) ဖခင်ကိုလည်းကောင်း၊ ထိုဖခင်က မွေးဖွားသည့် (သားသမီး) ကိုလည်းကောင်း သက်သေထူတော်မူ၏။

၉၀ း ၄ ။ ။ စေနိမုချ ငါအသျှင်မြတ်သည် လူကို (ကြီးကျယ်သော) ပင်ပန်းမှု၌ (ပင်ပန်းသော ဘဝ၌) ဖန်ဆင်းတော်မူခဲ့၏။

၉၀ း ၅ ။ ။ ထိုလူသည် မိမိ၏ အပေါ်၌ မည်သူတစ်ဦးတစ်ယောက်မျှပင် အလျှင်း တတ်စွမ်းနိုင်မည်မဟုတ်ဟု ထင်မှတ်လေသလော။

၉၀ : ၆ ။ ။ ၎င်းက 'ကျွန်ုပ်သည် မြောက်မြားစွာသော ပစ္စည်းဥစ္စာကို သုံးဖြုန်းခဲ့သည်'ဟု (ဝါကြွား) ပြောဆိုလေ၏။

၉၀ : ၇ ။ ။ ၎င်းသည် မိမိအား မည်သူတစ်ဦးတစ်ယောက်မျှပင် မြင်ခဲ့သည်မဟုတ်ဟု ထင်မှတ်လေသလော။

၉၀ : ၈ ။ ။ ငါအသျှင်မြတ်သည် ၎င်းအား မျက်စိနှစ်လုံးကို ပြုလုပ်၍ ပေးသနားတော်မူခဲ့သည် မဟုတ်ပါလော။

၉၀ : ၉ ။ ။ ထို့ပြင် လျှာတစ်ခုကိုလည်းကောင်း၊ နှုတ်ခမ်းနှစ်ခုကိုလည်းကောင်း (ပြုလုပ်ပေးသနားတော်မမူခဲ့ပါသလော။)

၉၀ : ၁၀ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းအား (အကောင်း၊ အဆိုး) လမ်းနှစ်သွယ်ကို ညွှန်ပြတော်မူခဲ့ပေသည်။

၉၀ : ၁၁ ။ ။ သို့ပါလျက် ထိုလူသားသည် တောင်ကြားလမ်းကို ဖြတ်ကူးခဲ့သည် မဟုတ်ပေ။

၉၀ : ၁၂ ။ ။ စင်စစ် တောင်ကြားလမ်းသည် အဘယ်နည်း။ အသင် သိပါသလော။

၉၀ : ၁၃ ။ ။ ကျွန်တစ်ဦးတစ်ယောက်အား (ကျွန်ဘဝမှ) လွတ်မြောက်စေခြင်းပင် (ဖြစ်၏။)

၉၀ : ၁၄ ။ ။ သို့တည်းမဟုတ် ငတ်မွတ်သောနေ့တွင် ကျွေးမွေးခြင်းပင် (ဖြစ်၏။)

၉၀ : ၁၅ ။ ။ ဆွေမျိုးနီးစပ်ဖြစ်သော ဖမဲ့ကလေးသူငယ် တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း။

၉၀ : ၁၆ ။ ။ မြေကြီးပေါ် လူးလိမ့်နေသော ဒုက္ခိတ သူဆင်းရဲတစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း။

၉၀ : ၁၇ ။ ။ ထို့နောက် အကြင်သူတို့တွင် ပါဝင်ခြင်းပင် (ဖြစ်၏။) ထိုသူတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အချင်းချင်း တစ်ဦးကိုတစ်ဦး သည်းခံကြရန် လေးနက်စွာ ဆုံးမခဲ့ကြကုန်၏။ ထိုနည်းတူစွာ အချင်းချင်း တစ်ဦးကို တစ်ဦး ကရုဏာတရား ထားရှိကြရန်လည်း လေးနက်စွာ ဆုံးမခဲ့ကြကုန်၏။

၉၀ : ၁၈ ။ ။ ထိုသူတို့သည် လက်ယာဘက်သားများပင် ဖြစ်ကြကုန်၏။

၉၀ : ၁၉ ။ ။ သို့ရာတွင် အကြင်သူတို့သည် ငါအသျှင်မြတ်၏ အာယသ်တော်များကို သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထိုသူတို့သည် လက်ဝဲဘက်သားများပင် ဖြစ်ကြကုန်၏။

၉၀ : ၂၀ ။ ။ ၎င်းတို့အပေါ်၌ ပိတ်လှောင်ထားသော၊ ဖုံးအုပ်ထားသော မီးသည် လွှမ်းခြုံလျက်ပင် ရှိချေပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် ဤ (မက္ကာဟ်) မြို့တော်ကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။ ထို့ပြင် ('ကစမ်' ကျိန်ဆို တင်ပြအပ်သည့် အကြောင်းအရာကို မတင်ပြမီ ကိုယ်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍ သတင်းကောင်းတစ်ရပ်ကို မိန့်ကြားသည်မှာ) အသင်သည် ဤမြို့တော်၌ စစ်တိုက်ခြင်း 'ဟလာလ်' ပြုခြင်း ခံရပေမည်။

(သို့ဖြစ်ပေရာ မက္ကာဟ်ကို အောင်နိုင်သော နေ့တွင် ကိုယ်တော်မြတ် ﷺ အတွက် စစ်မက်တိုက်ခိုက်ခြင်းကို ပြုပိုင်ခွင့် ပေးခဲ့သည်။ 'ဟရမ်' ပရဝုဏ်၏ အမိန့်များ မရှိတော့ပေ။)

၄င်းပြင် ငါအသျှင်မြတ်သည် ဖခင်ကိုလည်းကောင်း၊ သားသမီးများကိုလည်းကောင်း တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

(သားသမီးအားလုံးတို့၏ ဖခင်သည် အာဒမ် عليه السلام ဖြစ်သည်။ သို့ဖြစ်ပေရာ အာဒမ် عليه السلام နှင့် လူသား အားလုံးကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူခြင်းဖြစ်သည်။ ရှေ့တွင် 'ကစမ်' ကျိန်ဆို တင်ပြအပ်သည့် အကြောင်းအရာ လာရှိနေပေသည်။)

မုချကေန် ငါအသျှင်မြတ်သည် လူသားကို ကြီးကျယ်သော ပင်ပန်းမှု၌ ဖန်ဆင်းတော်မူခဲ့သည်။ (ထို့ကြောင့်ပင် သက်တမ်းတစ်လျှောက်လုံးတွင် အချိန်များစွာတို့မှာ တစ်ခါတစ်ရံ ရောဂါဘယများ၌လည်းကောင်း၊ တစ်ခါတစ်ရံပူဆွေးမှုများ၌လည်းကောင်း၊ တစ်ခါတစ်ရံ သောကဗျာပါဒများ၌လည်းကောင်း နစ်မွန်းနေကြရသည်။ ဤသို့ ဖြစ်ရခြင်း၏ လိုလားချက်မှာ မတတ်စွမ်းနိုင်ခြင်းများကို ပေါ်လွင်စေရမည်။ ထို့ပြင် မိမိကိုယ်မိမိအား သတ်မှတ်ပြဋ္ဌာန်းထားသော အမိန့်တော်များကို နာခံသူအဖြစ် မှတ်ယူလျက် အမိန့်တော်များကို နာခံခြင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို လိုက်နာသူအဖြစ် နေရမည်။ သို့ရာတွင် ကာဖိရ်လူသား၏ အခြေအနေမှာ လုံးဝဥဿုံ မေ့လျော့ခြင်း၌သာ ရှိသည်ဖြစ်လေရာ) ထိုလူသားသည် မိမိအပေါ်၌ မည်သူတစ်ဦးတစ်ယောက်ကမျှ တတ်စွမ်းနိုင်လိမ့်မည်မဟုတ်ဟု ထင်မှတ်နေသလော။

(ဆိုလိုသည်မှာ မိမိသည် အလ္လာဟ်အသျှင်မြတ်၏ တတ်စွမ်းနိုင်မှု ပြင်ပတွင် ရှိသူဖြစ်သည်ဟု ထင်မှတ်သည်အထိ မေ့လျော့နေခြင်းကို ဆိုလိုသည်။)

၄င်းက ကျွန်ုပ်သည် ဤမျှ များပြားစွာသော ပစ္စည်းဥစ္စာများကို သုံးဖြုန်းခဲ့သည်ဟု ပြောဆိုလေသည်။ (ဆိုလိုသည်မှာ ဂုဏ်မောက်ဝင့်ကြွားခြင်းအတွက်လည်းကောင်း၊ တမန်တော်မြတ် ﷺ အား ရန်လိုမှုဖြင့်လည်းကောင်း အစွလာမ့် ဆန့်ကျင်ရေးနှင့် မကောင်းမှုလုပ်ငန်းရပ်များ၌ သုံးစွဲခြင်းကို အတတ်ပညာဟု မှတ်ယူလျက် ရှိပြီး) တစ်ဖန် ၄င်းတွင် ပစ္စည်းဥစ္စာ မြောက်မြားစွာ ရှိကြောင်းကို မုသားပြောဆိုခြင်းလည်း ဖြစ်သည်။)

၄င်းသည် မိမိအား မည်သူတစ်ဦးတစ်ယောက်မျှပင် မြင်တွေ့သည်မဟုတ်ဟု ထင်မှတ်နေသလော။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည်မူ မြင်တွေ့တော်မူသည်။ ထို့ပြင် မကောင်းမှု၌ သုံးစွဲခြင်းကို

ထိုအသျှင်မြတ်သည် သိရှိတော်မူသည်။ သို့ဖြစ်ပေရာ ၄င်းကာဖိရ်အပေါ်၌ အပြစ်ဒဏ်ပေးတော်မူပေမည်။ ထို့ပြင် မည်ရွေ့မည်မျှ သုံးစွဲခဲ့သည်ဟု လူတို့အား အယုံသွင်း ပြောဆိုခဲ့သည့် အတိုင်းအတာ ပမာဏမှာ မဟုတ်ကြောင်းကိုလည်း မြင်တွေ့တော်မူသည်။ ဤအခြေအနေမှာ လုံးဝဥဿုံ ကာဖိရ်ဖြစ်သူတို့၏ အခြေအနေဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က ကိုယ်တော်မြတ် ﷺ ၏ ရန်သူများသည်သာ ဤသို့သော စကားများ ပြောဆိုပြီး ဤသို့သော အခြေအနေ၌ ရှိကြသောကြောင့် ဖြစ်သည်။ အချုပ်မှာ ဤသူသည် ဒုက္ခနှင့် ပူဆွေးမှုများအားဖြင့်လည်း စူးရှသက်ဝင်မှု မရယူနိုင်ခဲ့။ စည်းစိမ်သုခနှင့် ကျေးဇူးတော်များအားဖြင့်လည်း အကျိုးသက်ရောက်မှု မရယူနိုင်ပေ။ ၄င်းကျေးဇူး စည်းစိမ်သုခများကို ရှေ့တွင် တင်ပြထားသည်မှာ) ငါအသျှင်မြတ်သည် ၄င်းအား မျက်စိနှစ်လုံးကို ပြုလုပ်၍ ပေးတော်မူခဲ့သည်မဟုတ်ပါလော။

ထို့ပြင် လျှာတစ်ခုကိုလည်းကောင်း၊ နှုတ်ခမ်းနှစ်ခုကိုလည်းကောင်း ပြုလုပ်၍ ပေးသနားတော်မူခဲ့သည် မဟုတ်ပါလော။

ထို့ပြင် ငါအသျှင်မြတ်သည် ၄င်းအား အကောင်း၊ အဆိုး လမ်းနှစ်သွယ်ကို ပြသတော်မူခဲ့သည်။ (သို့မှသာ အန္တရာယ်ရှိသော လမ်းကို ရှောင်ကြဉ်၍ အကျိုးဖြစ်ထွန်းစေမည့် လမ်းကို လျှောက်လှမ်းနိုင်ပေမည်။ သို့ဖြစ်ပေရာ ဤသို့ ပြသရခြင်း၏ လိုလားချက်မှာလည်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာရန် ဖြစ်သည်။) သို့ရာတွင် ထိုလူသားသည် သာသနာတော်၏ တောင်ကြားလမ်းကို ဖြတ်ကူး ထွက်ခဲ့ခြင်း မရှိပေ။

(သာသနာ၏ လုပ်ငန်းများကို တောင်ကြားလမ်းဟု ပြောဆိုရခြင်းမှာ 'နဖ်စ်' စိတ်ရိုင်း အပေါ်၌ သာသနာ့လုပ်ငန်းများမှာ လေးလံမှုရှိခြင်းကြောင့် ဖြစ်သည်။)

တောင်ကြားလမ်းဆိုသည်မှာ မည်သည့်အရာ (ကိုဆိုလိုခြင်း) ဖြစ်သည်ကို အသင် သိပါသလော။ ထိုအရာသည် တစ်ဦးတစ်ယောက်ကို (ကျွန်ဘဝမှ) လွတ်မြောက်စေခြင်းပင် ဖြစ်သည်။

သို့တည်းမဟုတ် ငတ်မွတ်သောနေ့တွင် ကျွေးမွေးခြင်းပင် ဖြစ်သည်။ ဆွေမျိုးနီးစပ်ဖြစ်သော 'ယသီးမ်'ဖမဲ့ကလေးသူငယ် တစ်ဦးတစ်ယောက်ကိုလည်းကောင်း၊ သို့တည်းမဟုတ် မြေပေါ်တွင် လူးလိမ့်နေသော သူဆင်းရဲ တစ်ဦးတစ်ယောက်ကိုလည်းကောင်း၊ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဤအမိန့်တော်များကို လိုက်နာဆောက်တည်ရန် ထိုက်သည်ဟု ဖြစ်သည်။)

ထို့နောက်တစ်ဖန် (အားလုံးထက်ပို၍) ထိုသူတို့သည် အီမာန်သက်ဝင် ယုံကြည်ကြသူတို့တွင် ပါဝင်ခဲ့ကြသည်။ ထို့နောက် တစ်ဦးကိုတစ်ဦး (အီမာန်အပေါ်၌) ကြံ့ခိုင်စွာ ရပ်တည်ရန် လေးနက်စွာ ဆုံးမခဲ့ကြခြင်းကိုလည်းကောင်း၊ ထို့ပြင် အချင်းချင်းတစ်ဦးကိုတစ်ဦး (အဖန်ဆင်းခံများအပေါ်၌) သနားကြင်နာကြရန် လေးနက်စွာ ဆုံးမခဲ့ခြင်းကိုလည်းကောင်း ပြုသူများ ဖြစ်ကြသည်။

(မတရားပြုခြင်းအား စွန့်လွှတ်ခြင်းကို ဆိုလိုသည်။ အီမာန်သက်ဝင်ယုံကြည်ခြင်းမှာ ရှေ့ဆုံးမှ ဖြစ်သည်။ တစ်ဖန် အီမာန်အပေါ်၌ ကြံ့ခိုင်စွာ ရပ်တည်ရန် ဆုံးမသည့် လုပ်ရပ်များသည် အခြားလုပ်ရပ်များထက် အမြတ်ဆုံးဖြစ်သည်။ တစ်ဖန် လူတို့ကို ဒုက္ခပေးခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကျန်ရှိလုပ်ရပ်

များထက် အရေးကြီးသည်။ ၎င်း၏ နောက်တွင် ကျန်ရှိ 'အဒ်မာလ်'ကျင့်မှုဆောင်ရွက်ချက်များ၏ အဆင့်ဖြစ်သည်။ ၎င်းကို فك رقبة မှ متربه အထိ၌ ဖော်ပြထားသည်။ သို့ဖြစ်ပေရာ ثمّ သည် ပို၍ အဆင့်အတန်းမြင့်မားခြင်းအတွက် အသုံးပြုသော စာလုံးဖြစ်သည်။ ဆိုလိုသည်မှာ ပင်မယုံကြည်ချက်ပိုင်းဆိုင်ရာနှင့် ယင်း၏ အကိုင်းအလက် ပညတ်ချက်များအပေါ် အားလုံးတို့၌ အမိန့်နာခံရမည်' ဟု ဖြစ်သည်။ ရှေ့တွင် اَلَّذِيۡنَ اٰمَنُوۡا ـــ الخ ၏ အကျိုးအစား အကြောင်းကို တင်ပြထားသည်မှာ) ထိုသူတို့သည်ပင် လယ်ယာဘက်သားများ ဖြစ်ကြလေသည်။

(၎င်း၏ အသေးစိတ် ရှင်းလင်းချက်ကို စူရာဟ်ဝါကေအဟ်တွင် တင်ပြခဲ့ပြီး ဖြစ်သည်။ ဤနေရာ၌ အထူးအီမာန်ရှင်၊ သာမန်အီမာန်ရှင်အားလုံး ပါဝင်သည်။)

ထို့ပြင် (ရှေ့တွင် ၎င်းတို့နှင့် ဆန့်ကျင်ဘက်၌ ရှိသူများအကြောင်းကို တင်ပြသည်မှာ) ထိုသူတို့သည် ငါအသျှင်မြတ်၏ အာယသ်တော်များကို သွေဖည်ငြင်းပယ်ခဲ့ကြသည်။ (ပင်မယုံကြည်ချက်ပိုင်းဆိုင်ရာ၌ပင် ကွဲလွဲဆန့်ကျင် ခဲ့ကြသည်ဖြစ်ရာ အကိုင်းအလက်၌မူ ပြောစရာပင် မရှိပေ။) ၎င်းတို့သည်ကား လက်ဝဲဘက်သားများ ဖြစ်ကြလေသည်။

ပိတ်လှောင်ဖုံးအုပ်ခြင်းခံရသော မီးသည် ၎င်းတို့အပေါ်၌ လွှမ်းခြုံလျက် ရှိပေမည်။ (ငရဲဘုံသားများကို 'ဂျဟန္နမ်'ငရဲဘုံတွင် ဖြည့်တင်း၍ အရှေ့မှ တံခါးကို ပိတ်လိုက်ပေမည်။ အဘယ်ကြောင့်ဆိုသော် ထာဝရနေရမည်ဖြစ်ခြင်းကြောင့် ထွက်ရန် ရရှိမည်မဟုတ်ပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

لَاۤ اُقۡسِمُ بِهٰذَا الۡبَلَدِ

لَا ဟူသော အက္ခရာသည် ဤနေရာတွင် အပိုအက္ခရာဖြစ်သည်။ ထို့ပြင် 'ကစမ်'ကျိန်ဆိုမှုများတွင် ဤအက္ခရာကို သုံးနှုန်းခြင်းမှာ အာရဗ်တို့၏ ဝေါဟာရတွင် ကျော်ကြားသည်။ ထို့ပြင် အမှန်ကန်ဆုံးမှာ ဤအပိုအက္ခရာသည် ရှေ့၌ ရှိသူ၏ လွဲမှားသော အယူအဆကို ချေပရန်အတွက် 'ကစမ်'ကျိန်ဆိုခြင်း၏ အစတွင် သုံးနှုန်းခြင်း ဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'အသင်၏ ယူဆချက်များသည် မဟုတ်မမှန်သည့်အပြင် 'ကစမ်'ကျိန်ဆိုလျက် ကျွန်ုပ်တင်ပြသော အရာများသည်သာအစစ်အမှန်ဖြစ်သည်'ဟူ၍ ဖြစ်သည်။

بلد သည် မက္ကာဟ်မြို့ကို ဆိုလိုခြင်းဖြစ်သည်။ စူရာဟ် 'ဝသ်သီးန်'၌လည်း မက္ကာဟ်မြို့ကို 'ကစမ်' ကျိန်ဆိုတော်မူထားသည်။ ထို့အတူ မက္ကာဟ်မြို့၏ ဂုဏ်ပုဒ်ဖြစ်သော امين 'အမီးန်'ကိုလည်း وَهٰذَا الۡبَلَدِ الۡاَمِيۡنِ တင်ပြထားသည်။

မက္ကာဟ်မြို့ကို တိုင်တည် သက်သေထူလျက် 'ကစမ်'ကျိန်ဆိုခြင်းမှာ ဤမြို့သည် အခြားသော မြို့များထက် သာပို ထူးမြတ်ကြောင်းကို ပြသရန်ဖြစ်သည်။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဒီ ﷺ သခင်ထံမှ ဆင့်ပြန်ချက် လာရှိသည်မှာ တမန်တော်မြတ် ﷺ သည် 'ဟီဂျ်ရသ်'ပြုစဉ်အခါက မက္ကာဟ်မြို့ကို ဦးတည် ရည်ညွှန်းလျက် မိန့်ကြားတော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ 'ကစမ်'၊ အသင်သည် ကမ္ဘာမြေ ပထဝီ တစ်ခုလုံးတွင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ အကောင်းမြတ်ဆုံးနှင့် အချစ်ရဆုံး ဖြစ်သည်။ အကယ်၍ ကျွန်ုပ်သည် ဤနေရာမှ ထွက်ခွာရန် အတင်းအကြပ်ပြုခြင်း မခံရပါလျှင် ကျွန်ုပ်သည် အသင်၏ မြေမှ ထွက်ခွာမည်မဟုတ်ပါ'ဟု မိန့်ကြားခဲ့လေသည်။ *[မဇှ်ဟရီကျမ်း]*

وَاَنۡتَ حِلٌّۢ بِهٰذَا الۡبَلَدِ

حِلٌّ တွင် အလိုသဘောနှစ်မျိုး ရှိသည်။ တစ်မျိုးမှာ حُلُوۡل မှ ဆင်းသက်လာပြီး ၎င်း၏ အဓိပ္ပာယ်မှာ 'အရာတစ်ခု၏ အတွင်း၌ ဝင်ဆန့်ခြင်း၊ နေထိုင်ခြင်းနှင့် ဆင်းသက်ခြင်း' ဟု ဖြစ်သည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် حِلٌّ ၏ အဓိပ္ပာယ်မှာ 'ဆင်းသက်သူနှင့် 'နေထိုင်သူ' ဟု ဖြစ်ပေမည်။ အာယသ်တော်၏ အလိုသဘောမှာ 'မက္ကာဟ်မြို့သည် ဂုဏ်ကျက်သရေရှိ၍ မြင့်မြတ်သော မြို့' ဖြစ်သည် နှင့်အတူ အထူးအားဖြင့် ကိုယ်တော်မြတ် ﷺ သည်လည်း ဤမြို့၌ နေထိုင်တော်မူခဲ့သည်ဖြစ်ရာ နေထိုင် သူ၏ ထူးမြတ်မှုကြောင့်လည်း နေထိုင်ရာ နေရာ၏ ထူးမြတ်မှုမှာ ပို၍ မြင့်တက်လာခြင်း ဖြစ်သည်။ ထို့ကြောင့် မက္ကာဟ်မြို့၏ ကြီးကျယ်မှုနှင့် ထူးမြတ်မှုတို့မှာ ကိုယ်တော်မြတ် ﷺ ၏ ဤမြို့တွင် နေထိုင် ခြင်းကြောင့် နှစ်ထပ်ကွမ်း ထူးမြတ်ရခြင်း ဖြစ်သည်။

ဒုတိယအလိုသဘောမှာ حِلٌّ သည် حَلَّتۡ ဟူသော စာလုံးမှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'အရာတစ်ခုခုအား ပြုပိုင်ခြင်း' ဟု ဖြစ်သည်။ ဤသည်ကို ထောက်ရှု၍ حِلٌّ ၏ အဓိပ္ပာယ်မှာ နှစ်မျိုးဖြစ်နိုင်သည်။ တစ်မျိုးမှာ မက္ကာဟ်ရှိ ကာဖိရ်တို့သည် ကိုယ်တော်မြတ် ﷺ အား သတ်ဖြတ်ခြင်းကို 'ဟလာလ်' ပိုင်သည်ဟု ယူဆပြီး ကိုယ်တော်မြတ် ﷺ ၏ နောက်ကွယ်တွင် ချောင်း မြောင်းနေကြသည်။ အမှန်စင်စစ် ထိုကာဖိရ်များကိုယ်တိုင်သည်ပင် မက္ကာဟ်မြို့၌ သားကောင်တစ်ကောင် အား အမဲလိုက်ခြင်းကိုပင် 'ဟလာလ်'ဟု မယူဆခဲ့ကြပေ။ သို့ရာတွင် ၎င်းတို့၏ မတရားမှုနှင့် ဆိုးသွမ်း မှုမှာ 'ဤမြင့်မြတ်သောဌာနတွင် မည်သည့်တိရစ္ဆာန်ကိုမျှ သတ်ဖြတ်ခြင်း မပိုင်ကြောင်း၊ ၎င်းတို့ကိုယ်တိုင် လက်ခံထားကြသည့်တိုင် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်အား သတ်ဖြတ်ခြင်း ကိုမူ 'ဟလာလ်'ပြုပိုင်သည်' ဟု မှတ်ယူကြသည်အထိ ဖြစ်ခဲ့ကြသည်။

حِلٌّ ၏ ဒုတိယဖြစ်နိုင်သော အဓိပ္ပာယ်မှာ ကိုယ်တော်မြတ် ﷺ အဖို့ မက္ကာဟ်၏ 'ဟရာမ်' ပရဝုဏ်တွင် ကာဖိရ်တို့အား သတ်ဖြတ်ခြင်းကို 'ဟလာလ်'ပြုပိုင်ခွင့် ချီးမြှင့်ခြင်းခံရမည့်သူ ဟူ၍ ဖြစ်သည်။

မက္ကာဟ်ကို အောင်နိုင်သော နေ့တွင် တစ်ရက်တာအတွက် 'ဟရာမ်'၏ အမိန့်တော်များကို ရုပ်သိမ်းပေးခြင်း ခံခဲ့ရသည်။ ထို့ပြင် ကာဖိရ်တို့အား သတ်ဖြတ်ခြင်းကို 'ဟလာလ်'ပြုပေးခြင်း ခံခဲ့ရသည်။ အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ်တွင် ဤတတိယအဓိပ္ပာယ်ကို ယူလျက် သဖ်စီးရ်ဖွင့်ဆိုသည်။ မဇ္ဈဟရီကျမ်းတွင် အဓိပ္ပာယ် (၃) မျိုးစလုံးကို တင်ပြထားသည်။ အဓိပ္ပာယ် (၃) မျိုးစလုံးကိုလည်း ကောက်ယူနိုင်သည်။

وَوَالِدٍ وَّمَا وَلَدَ

وَالِدٍ ဆိုသည်မှာ လူသားအားလုံး၏ ဖခင်ကြီးဖြစ်သော ဟဇရသ်အာဒမ် ﷺ ကို ဆိုလိုသည်။ مَا وَلَدَ သည် ကမ္ဘာဦးအစမှ 'ကေယာမသ်' နေ့ထိတိုင် ပေါက်ဖွားလာမည့် ဟဇရသ်အာဒမ် ﷺ ၏ သားသမီးများကို ဆိုလိုသည်။ ဤပုံစံဖြင့် ဤစာလုံးတွင် ဟဇရသ်အာဒမ် ﷺ နှင့် လူသားအားလုံး၏ 'ကစမ်' ကျိန်ဆိုခြင်း ဖြစ်လေသည်။ ရှေ့တွင် 'ကစမ်' ကျိန်ဆို၍ တင်ပြအပ်သည့် အကြောင်းအရာကို ဖော်ပြထားသည်။

لَقَدْ خَلَقْنَا الْإِنْسَانَ فِي كَبَدٍ

كَبَدٍ ၏ အဓိပ္ပာယ်မှာ ကြိုးပမ်းမှုနှင့် ဒုက္ခခံမှုဟု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူသားသည် မိမိ၏ သဘာဝဇီဇအရ သက်တမ်းအစမှ အဆုံးထိတိုင် ကြိုးပမ်းမှုများနှင့် ဒုက္ခများ၌ နေခဲ့ရသည်။ ဟဇရသ်အိဗ်နေအဗ္ဗာစ် ﷺ သခင်က မိန့်ဆိုသည်မှာ 'ကိုယ်ဝန်ဆောင်စဉ်မှ စ၍ မိခင်၏ သားအိမ်အတွင်း၌ ပိတ်လှောင်၍ နေခဲ့ရခြင်း၊ တစ်ဖန် မွေးဖွားသည့်အချိန်တွင် ဒုက္ခများကို ခံစားရခြင်း၊ တစ်ဖန် မိခင်၏ နို့သောက်စို့ခြင်း၊ တစ်ဖန် နို့ဖြတ်ခြင်း၏ ဒုက္ခ၊ တစ်ဖန် မိမိ၏ စားဝတ်နေရေးနှင့် ဘဝလိုအပ်ချက်များကို ရှာဖွေစုဆောင်းရခြင်း၏ ဒုက္ခ၊ ထို့နောက် အိုမင်းမစွမ်းဖြစ်ချိန်၏ ဒုက္ခ၊ ထို့နောက် သေဆုံးခြင်း၏ ဒုက္ခ၊ 'ကဗရ်'၏ ဒုက္ခ၊ ထို့နောက် 'ဟရှရ်' ၏ ဒုက္ခ၊ ထို့နောက် ထို 'ဟရှရ်'ကွင်းပြင်တွင် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် ပြုမူဆောင်ရွက်ချက်ကျင့်စဉ်များကို ဖြေကြားရခြင်း၊ တစ်ဖန် 'စဝါးဗ်' ကုသိုလ်နှင့် အပြစ်များပေးမည်ဖြစ်သော အချိန်ကာလအားလုံးသည် ၎င်းအဖို့ အခက်အခဲ၊ ဒုက္ခများစွာဖြင့် ဖြတ်သန်း၍ လာရခြင်းဖြစ်သည်။ ဤဒုက္ခများသည် စင်စစ် လူသားအဖို့သာ သီးသန့်မဟုတ်ဘဲ တိရစ္ဆာန်များအားလုံးသည်လည်း ဤဖြတ်သန်းမှု၌ အကျုံးဝင်သည်။ သို့ရာတွင် ဤအခြေအနေကို လူသားအတွက် သီးသန့်မိန့်ကြားရခြင်းမှာ ပထမဦးစွာ ထိုလူသားသည် တိရစ္ဆာန်များအားလုံးထက် ပို၍ အသိဉာဏ်ရှိသော သက်ရှိသတ္တဝါဖြစ်သည်။ ထို့ပြင် ကြိုးပမ်းမှု၏ ဒုက္ခသည်လည်း အသိဉာဏ်ပမာဏနှင့်အညီ ပို၍ များပြားသည်။ ဒုတိယအချက်မှာ နောက်ဆုံးအဆင့်နှင့် ဒုက္ခအခံရဆုံးမှာ 'ဟရှရ်'တွင် ပြန်လည်ရှင်ထပြီးနောက် တစ်သက်တာလုံး၏ ပြုမူဆောင်ရွက်ချက် ကျင့်စဉ်များကို စာရင်းစစ်ဆေးခံရခြင်း ဖြစ်သည်။ အခြားသော တိရစ္ဆာန်များအဖို့ ဤတာဝန်မရှိပေ။

အချို့ပညာရှင်များက မိန့်ဆိုကြသည်မှာ လူသားသည် ခန္ဓာကိုယ်နှင့် ထုထည်တို့အားဖြင့် များစွာသော သတ္တဝါများထက် အင်အားနည်းသူ ဖြစ်သည့်တိုင် ထိုလူသား ခံစားရသကဲ့သို့သော ဒုက္ခများသည်

မည်သည့်အဖန်ဆင်းခံမျှ မခံစားခဲ့ရပေ' ဟု ဖြစ်သည်။ လူသား၏ ဦးနှောက်အင်အားမှာမူ အားလုံးတို့ထက် ပိုမိုများပြားကြောင်း ထင်ရှားသည်။ ထို့ကြောင့် လူသားကို အထူးပြု၍ မိန့်ကြားခြင်းဖြစ်မည်။ မက္ကာဟ် မြို့ကိုလည်းကောင်း၊ အာဒမ် ﷺ ကိုလည်းကောင်း၊ အာဒမ် ﷺ ၏ သားသမီး (လူသား) အားလုံးကို လည်းကောင်း တိုင်တည် သက်သေထူ 'ကစမ်'ကျိန်ဆိုလျက် အလ္လာဟ်အသျှင်မြတ်သည် 'လူသားကို ငါအသျှင်မြတ်သည် အလွန်ကြီးမားသော ဒုက္ခများဖြင့်ပင် ဖန်ဆင်းတော်မူခဲ့သည်' ဟူ၍ ဇစ်မြစ်အမှန်ကို တင်ပြတော်မူထားသည်။ ဤတင်ပြမိန့်ကြားချက်မှာ 'လူသားသည် မိမိအလိုအလျောက် ပေါ်ပေါက်လာ ခြင်းမဟုတ်သည်ကိုလည်းကောင်း၊ (သို့) ထိုလူသားကို အခြားမည်သည့်လူသားကမျှ ရှင်သန်စေခြင်း မဟုတ်သည်သာမက ၎င်းအား ဖန်ဆင်းတော်မူသော အသျှင်မြတ်မှာ မိမိ၏ အမြော်အမြင်ဖြင့် အဖန်ဆင်းခံ အားလုံးတို့ကို သီးခြားသဘာဝလေ့စရိုက်များနှင့် သီးခြားကျင့်စဉ်လုပ်ရပ်၏ အရည်အချင်းများကို ပေး၍ ဖန်ဆင်းတော်မူသော မိမိအလိုကျ ဖန်ဆင်းတော်မူနိုင်သော အသျှင်မြတ် ဖြစ်တော်မူကြောင်း၏ အထောက် အထားဖြစ်သည်။ အကယ်၍ လူသားအား ဖန်ဆင်းမှုတွင် လူသားကိုယ်တိုင် တစ်စုံတစ်ရာပါဝင်နေခြင်း ဖြစ်ပါမူ ထိုလူသားသည် မိမိအတွက် ဤသို့သော ဒုက္ခခံစားရခြင်းများကို မည်သည့်အခါမျှ ရွေးချယ်မည် မဟုတ်ပေ။ *[ကုရ်သုဗီးကျမ်း]*

လောကတွင် မည်သည့်ဒုက္ခမျှ မရောက်ရှိသော ပြည့်စုံသည့် စည်းစိမ်သုခဟူသည် မည်သူမျှ မရရှိနိုင် သောကြောင့် လူသားသည် ဒုက္ခကို ရင်ဆိုင်ရန် အသင့်ဖြစ်နေရမည်ဖြစ်ခြင်း

ဤ 'ကစမ်'ကျိန်ဆိုမှုနှင့် 'ကစမ်' ကျိန်ဆို တင်ပြအပ်သည့် အကြောင်းအရာတွင် လူသားအဖို့ သတိပေးထားသည်မှာ အသင်တို့သည် လောကတွင် သုခချမ်းသာ ရရှိပြီး အမြဲတမ်း မည်သည့်ဒုက္ခမျှ မရောက်ရှိရန်ကို လိုလားလျက်ရှိသည့် လိုအင်ဆန္ဒအချည်းအနှီးသာ ဖြစ်သည်။ ဤလိုလားချက်ကို မည်သည့် အခါမျှ ရရှိမည် မဟုတ်ပေ။ ထို့ကြောင့် လူတိုင်းအဖို့ လောကတွင် ကြိုးပမ်းမှုဒုက္ခနှင့် သောကဗျာပါဒများနှင့် ရင်ဆိုင်ကြရမည်မှာ မုချပင် ဖြစ်သည်။ ထို့ပြင် ဒုက္ခများနှင့် မုချရင်ဆိုင်ရမည်သာ ဖြစ်သောအခါ အသိဉာဏ် ရှင်လူသားသည် ထိုကြိုးပမ်းမှုနှင့် ဒုက္ခများကို အမြဲထာဝရ၏ သုခကို ရရှိစေမည့် မိမိအဖို့ အကျိုးဖြစ်ထွန်း စေမည့် ကိစ္စရေးအတွက် ဖြစ်စေရမည်။ ထိုအရာမှာ အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် အမိန့်နာခံခြင်းများ တွင်သာ ရှိပေသည်။ ရှေ့တွင် မေ့မောလျက် တမလွန်ကို ငြင်းပယ်သော လူသား၏ အသိမဲ့သော ဓလေ့ စရိုက်များကို ဖော်ပြမိန့်ကြားတော်မူသည်မှာ-

اَيَحۡسَبُ اَنۡ لَّمۡ يَرَهٗۤ اَحَدٌ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ဤအသိတရားမဲ့သူသည် ၎င်း၏ မကောင်းသော လုပ်ဆောင်ချက် များကို မည်သူမျှ မတွေ့မမြင်ဟု ယူဆနေသည်။ စင်စစ် ၎င်းအား ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ၎င်း၏ လုပ်ရပ်ဟူသရွေ့ကို ကြည့်မြင်နေတော်မူသည်ကို သိရန် ထိုက်သည်' ဟု ဖြစ်သည်။

မျက်စိနှင့် လျှာတို့ကို ဖန်ဆင်းခြင်းနှင့် စပ်လျဉ်း၍ အမြော်အမြင်အချို့

اَلَمْ نَجْعَلْ لَّهٗ عَيْنَيْنِ وَلِسَانًا وَّ شَفَتَيْنِ وَهَدَيْنٰهُ النَّجْدَيْنِ

نَجْدَيْن သည် نَجْد ၏ နှစ်ခုကိန်း تَثْنِيه ဖြစ်သည်။ အဓိပ္ပာယ်မှာ 'အပေါ် မြင့်ရာသို့ သွားသောလမ်း' ဟု ဖြစ်သည်။ အလိုသဘောမှာ 'ရှင်းလင်းထင်ရှားသော လမ်း' ဟု ဖြစ်သည်။ ထိုလမ်းနှစ်ခုအနက် တစ်ခုမှာ ကောင်းမြတ်သော အောင်မြင်မှု၏ လမ်းဖြစ်ပြီး အခြားလမ်းတစ်ခုမှာ ပျက်စီးစေသော ဆိုးရွားသည့် လမ်းဖြစ်သည်။

လွန်ခဲ့သော အာယသ်တော်တွင် လူသား၏ မေ့လျော့မှုနှင့် အသိတရားမဲ့မှုတို့အပေါ် သတိပေးထားသည်မှာ ထိုလူသားက 'ကျွန်ုပ်အပေါ်တွင် အလ္လာဟ်အသျှင်မြတ်သည် စွမ်းဆောင်နိုင်တော်မူသည် မဟုတ်' ဟု ယူဆနေသည်။ ထို့ပြင် ၎င်း၏ ပြုမူဆောင်ရွက်ချက်များကို မည်သူမျှ တွေ့မြင်သူမရှိဟု ယူဆနေသည်ဟု ဖြစ်သည်။ ဤအာယသ်တော်တွင် ကျေးဇူးတော်အချို့ကို တင်ပြထားသည်။ ၎င်းတို့မှာ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ဖြစ်ပေါ်တည်ရှိမှုတွင်ပင် ၎င်းလူသားအား ချီးမြှင့်ထားတော်မူသည်များကို လူသားကိုယ်တိုင် ၎င်းချီးမြှင့်ထားသည့် အရာများ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ၎င်းအရာများအား ချီးမြှင့်ရခြင်း၏ အမြော်အမြင်များအပေါ်၌ စဉ်းစားဆင်ခြင်ပါက အလ္လာဟ်အသျှင်မြတ်၏ တုနှိုင်းမဲ့သော အမြော်အမြင်နှင့် တန်ခိုးတော်တို့ကို ဤအရာများ၌သာ တွေ့မြင်ရပေမည်။

၎င်းတို့အနက် ဦးစွာပထမ မျက်စိနှစ်လုံးကို တင်ပြတော်မူသည်မှာ မျက်စိ၏ နူးညံ့သော အကာအကွယ်များသည်လည်းကောင်း၊ နူးညံ့သော အကြောများသည်လည်းကောင်း၊ ၎င်းတို့တွင် တန်ခိုးတော်၏ သဘာဝအလင်းရောင်သည် လည်းကောင်း၊ တစ်ဖန် ဤနူးညံ့ဆုံးသော အစိတ်အပိုင်းဖြစ်သည့် မျက်စိ၏ ပုံပန်းသဏ္ဌာန်ကိုလည်းကောင်း၊ ထိုမျက်စိအား ကာကွယ်စောင့်ရှောက်ခြင်း အစီအမံကိုလည်းကောင်း ထိုမျက်စိ၏ ဖန်ဆင်းမှု၌ပင် ထည့်သွင်း ပေးထားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ထိုမျက်လုံး၏ အပေါ်တွင် စက်တပ်ပစ္စည်းကဲ့သို့ အကာအကွယ်ကို ထည့်ပေးထားသည်။ အန္တရာယ်ဖြစ်စေသော အရာတစ်ခု ရှေ့၌ ရောက်ရှိလာသည်ကို တွေ့မြင်ရသည်နှင့် မရည်ရွယ်ဘဲလျက် အလိုအလျောက် ပိတ်သွားသည်။ ထိုအကာအကွယ်များ၏ အပေါ်တွင် မျက်တောင်များကို ထောင်ပေးထားသည်မှာ ဖုံမှုန့် စသည်များကို တားဆီးကာကွယ်ရန် ဖြစ်သည်။ မျက်စိ၏ အပေါ်တွင် မျက်ခုံးမွေးကို ထားရှိခြင်းမှာ အပေါ်မှ ကျလာသည့် အရာများသည် မျက်စိအတွင်းသို့ မရောက်စေရန် ဖြစ်သည်။ မျက်စိကို မျက်နှာအတွင်း၌ အံဝင်ခွင်ကျဖြစ်စေရာတွင် မျက်စိအပေါ်တွင် မာကျောသော အရိုးရှိသည်။ အောက်တွင် ပါး၏ မာကျောသော အရိုးရှိသည်။ လူသည် မျက်နှာမှောက်ထိုးကျလျှင် ဖြစ်စေ၊ (သို့) လူ၏ မျက်နှာပေါ်၌ အရာတစ်ခုခု ကျရောက်လာသည်ဖြစ်စေ၊ အထက်အောက် အရိုးများသည် မျက်စိကို ကာကွယ်ပေးပေမည်။

ဒုတိယအရာမှာ 'လျှာ'ဖြစ်သည်။ ထိုနှုတ်လျှာ၏ အံ့ဖွယ် ဖန်ဆင်းခံရမှုနှင့် လျှို့ဝှက်နေသော နှလုံးသား၏ စကားများကို အဓိပ္ပာယ်ပြန်ဆိုခြင်းတွင် အံ့ဖွယ်များနှင့် ပြည့်နှက်ကာ အလိုအလျောက် လည်ပတ်နေသော စက်ယန္တရားတစ်ခုအလား လည်ပတ်လျက်ရှိသော နှုတ်လျှာ၏ အကြောင်းခံဖြင့် ဖြစ်သည်။ ထိုနှုတ်လျှာ၏ အံ့ဖွယ်လုပ်ရပ် ပုံသဏ္ဍာန်ကို ကြည့်မည်ဆိုလျှင် စိတ်နှလုံးသားတွင် ဖြစ်ပေါ်လာသော အကြောင်းတစ်ခုကို ဦးနှောက်မှ စဉ်းစားဆင်ခြင်မှု ပြုသည်။ ထို့နောက် အကြောင်းအရာနှင့် စကားလုံးများကို ပြင်ဆင်မှု ပြုလုပ်သည်။ ထိုစကားလုံးများသည် လျှာမည်သော စက်ရုံမှ ထွက်ပေါ်လာသည်။ ဤမျှ ကြီးကျယ်သော အလုပ်သည် အဘယ်မျှ မြန်ဆန်စွာ ဖြစ်ပေါ်လာသည်ဟူမှု ဤစကားလုံးများ လျှာအပေါ်မှ ထွက်ပေါ်လာရန်အတွက် ၎င်း၏ နောက်တွင် စက်ရုံမည်မျှက အလုပ်လုပ်ရပါသနည်းဟူ၍ ကြားရသူတို့အဖို့ စဉ်းစားမိမည်ပင် မဟုတ်ပေ။ လျှာနှင့်အတူ နှုတ်ခမ်းများ၏ အကြောင်းကိုလည်း တွဲ၍ မိန့်ကြားထားရခြင်းမှာ လျှာ၏ လုပ်ငန်းအတွက် နှုတ်ခမ်းများသည် ကြီးမားသော ကူညီသူများ ဖြစ်သည်။ အသံနှင့် အက္ခရာများအား ခွဲခြားခြင်းကို ထိုနှုတ်ခမ်းများက ပြုလုပ်ရသည်။ ထို့ပြင် တန်ခိုးတော်အသျှင်မြတ်သည် လျှာကို မိနစ်ဝက်ခန့် အချိန်အတွင်း၌ပင် ၎င်းအား 'ဂျဟန္နမ်'မှ ထုတ်၍ 'ဂျန္နသ်'သို့ ပို့ဆောင်ပေးစေသော အလုပ်လုပ်ရာတွင် မြန်ဆန်သည့် စက်တစ်ခုအဖြစ် ပြုထားတော်မူခြင်း ဖြစ်နိုင်သည်။ ဥပမာ- အီမာန်သက်ဝင် ယုံကြည်သည့် စကားများကို ပြောဆိုခြင်းဖြစ်သည်။ ထိုနည်းတူစွာ ရန်သူကိုလည်း ချစ်ခင်သူအဖြစ် ပြုလုပ်နိုင်စွမ်း ရှိ၏။ ဥပမာ- ရန်သူ၏ အလျင်က ပြုမိခဲ့သော အပြစ်များကို ခွင့်လွှတ်လိုက်ခြင်း ဖြစ်သည်။ ထိုနည်းတူစွာပင် ၎င်းနှုတ်လျှာသည် မိနစ်ဝက်အတွင်း၌ပင် 'ဂျဟန္နမ်'ငရဲဘုံသို့ ကျရောက်စေနိုင်၏။ 'ကုဖွရ်'ထိုက်သော စကားများကို ပြောဆိုခြင်း ဖြစ်သည်။ သို့တည်းမဟုတ် လောကတွင် အလွန်ချစ်ခင်သူကိုလည်း ရန်သူအဖြစ် ပြုပေးနိုင်စွမ်း ရှိသည်။ ဥပမာ- ဆဲဆိုခြင်း စသည်များဖြစ်သည်။ လျှာ၏ ကောင်းကျိုးသည် များမြောင်စွာ ရှိသကဲ့သို့ပင် ဖြစ်သည်။ ၎င်းကြောင့် ပျက်စီးရာပျက်စီးကြောင်းသည်လည်း များမြောင်စွာ ရှိသည်။

ဓါးတစ်ချောင်းအလား ဖြစ်သည်။ ရန်သူ့အပေါ်တွင် တိုက်ခိုက်နိုင်သကဲ့သို့ မိမိ၏ လည်ပင်းကိုလည်း ဖြတ်တောက်နိုင်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ထိုဓါးကို နှုတ်ခမ်းနှစ်ခု၏ အဖုံးတွင် ဖုံးအုပ်လျှို့ဝှက်၍ ချီးမြှင့်တော်မူခဲ့သည်။ ဤနေရာတွင် နှုတ်ခမ်းများအကြောင်းကို တင်ပြခြင်းမှာ 'စိုးပိုင်တော်မူသော အသျှင်မြတ်သည် လူသားအား လျှာကို ချီးမြှင့်တော်မူခဲ့သည်။ ထိုအသျှင်မြတ်သည် ထိုလျှာကို ရပ်တန့်စေရန်နှင့် ပိတ်ရန်အတွက် နှုတ်ခမ်းကိုလည်း ချီးမြှင့်တော်မူထားသည်။ ထို့ကြောင့် ထိုလျှာကို အသုံးပြုရာတွင် စဉ်းစားဆင်ခြင်၍ ပြုလုပ်ရမည်။ မသက်ဆိုင်သည့် အကြောင်းများကို လျှာမှ မထုတ်ဖော်လေနှင့်' ဟူသည်ကို ညွှန်းဆိုခြင်း ဖြစ်နိုင်သည်။

တတိယအရာမှာ လမ်းနှစ်သွယ်ကို ပြသတော်မူခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် လူသားအား အကောင်းနှင့် အဆိုးကို ခွဲခြားသိစေနိုင်သော အရည်အချင်းတစ်ရပ်ကို ၎င်း၏ ဖြစ်ပေါ်မှုအတွင်း၌ပင် ထည့်သွင်းပေးထားတော်မူသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

فَأَلْهَمَهَا فُجُورَهَا وَتَقْوَاهَا

ဟု မိန့်ကြားထားသကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်မှာ လူသား၏ ပင်ကိုယ်အတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် ပြစ်မှုကျူးလွန်ခြင်းနှင့် ပြစ်မှု ရှောင်ကြဉ်ခြင်းဟူသော အရာနှစ်မျိုးစလုံးကို ထည့်သွင်းထားတော်မူသည်။ သို့ဖြစ်ပေရာ ဤနည်းဖြင့် လူသားအား ပထမဦးစွာ လမ်းညွှန်မှုကို လူသားကိုယ်တိုင်၏ အတွင်း၌ပင် လျှို့ဝှက်စွာ ထားရှိသည်ကို တွေ့ရပေသည်။ တစ်ဖန် ဤလမ်းညွှန်မှုကို လေးနက်ရန်အတွက် နဗီတမန်တော်များနှင့် ကောင်းကင်ကျ ကျမ်းဂန်များကို ချပေးတော်မူသည်။ ၎င်းတို့သည် ဤအရာများကို လုံးဝဥဿုံ ခွဲခြားရှင်းလင်းပြသပေးကြသည်။

အချုပ်ဆိုရသော် အသိဉာဏ်မဲ့သူနှင့် အသျှင်မြတ်၏ အရာရာကို တတ်စွမ်းနိုင်တော်မူကြောင်းကို ငြင်းပယ်သော မေ့လျော့နေသည့် လူသားတို့သည် မိမိတို့ ဖြစ်ပေါ်တည်ရှိလာရခြင်း၏ အကြောင်းခံသော အရာများအပေါ် အနည်းငယ်မျှ စဉ်းစားဆင်ခြင် သုံးသပ်ကြမည်ဆိုလျှင် တန်ခိုးတော်နှင့်လည်းကောင်း၊ ဉာဏ်အမြော်အမြင်နှင့်လည်းကောင်း ပြည့်စုံတော်မူသော အသျှင်မြတ်၏ ပြည့်စုံကုံလုံသော ဂုဏ်တော်များကို သိရှိရမည်သာ ဖြစ်သည်။ မျက်လုံးများဖြင့် ကြည့်ပါ။ ထို့နောက် နှုတ်လျှာဖြင့် မြွက်ဟဝန်ခံပါ။ တစ်ဖန် လမ်းနှစ်သွယ်အနက် ကောင်းမြတ်သော လမ်းကို ရွေးချယ်ပါ။

ရှေ့တွင် လူသား၏ မေ့လျော့မှုနှင့် အလေးမမူမှုတို့ကို သတိပေးထားသည်မှာ ဤရှင်းလင်း ထင်ရှားသော အထောက်အထားများဖြင့် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံကုံလုံသော တန်ခိုးတော် အသျှင်ဖြစ်ခြင်းကိုလည်းကောင်း၊ ထိုတန်ခိုးတော်အားဖြင့် 'ကေယာမသ်'နေ့တွင် တစ်ဖန် ပြန်လည်ရှင်ထခြင်းနှင့် စာရင်းအင်း စစ်ဆေးခံရမည်တို့ကိုလည်းကောင်း ယုံကြည်သွားရန် ထိုက်သည်။ ဤယုံကြည်ခြင်း၏ လိုလားတောင့်တမှုမှာ အသျှင်မြတ်၏ အဖန်ဆင်းခံအားလုံးကို အကျိုးအမြတ်နှင့် သုခများ ရရှိစေရမည်။ ၎င်းအဖန်ဆင်းခံများ၏ ဒုက္ခပေးခြင်းများမှ မိမိကိုယ်ကို ကာကွယ်ရမည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်အပေါ် သက်ဝင်ယုံကြည်စေရမည်။ မိမိကိုယ်ကိုလည်း ပြုပြင်၍ အခြားသူများကိုလည်း ပြုပြင်ထိန်းကျောင်းရန် သောကထားရမည်။ သို့မှသာ 'ကေယာမသ်'တွင် ၎င်းတို့သည် လကျ်ာဘက်သားများ၊ (သို့) 'ဂျန္နသ်' သုခဘုံသားများတွင် ပါဝင်ကြပေမည်။ သို့သော်ငြားလည်း နဖူးစာဆိုးယုတ်သူတို့သည် ဤသို့ မပြုကြပေ။ ကုဖ္ဖရ်လုပ်ရပ်များအပေါ် ရပ်တည်လျက်သာ ရှိခဲ့ကြသည်။ ထိုလုပ်ရပ်၏ ရလဒ်မှာ 'ဂျဟန္နမ်'ငရဲမီးပင် ဖြစ်သည်။ စူရာဟ်အဆုံးပိုင်းတွင် ဤအကြောင်းများကို တင်ပြထားသည်။ ထိုတင်ပြချက်တွင် အချို့သော ကောင်းမှုများ မပြုလုပ်ခြင်းကို သီးသန့်ပုံသဏ္ဌာန်တစ်မျိုးဖြင့် တင်ပြ မိန့်ကြားတော်မူထားသည်။

فَلَا اقْتَحَمَ الْعَقَبَةَ ۝ وَمَا أَدْرَاكَ مَا الْعَقَبَةُ ۝ فَكُّ رَقَبَةٍ ۝

عَقَبَه သည် တောင်တန်းမှ တောင်စွယ်ကြီးကိုလည်း ခေါ်ဆိုသည်။ တောင်နှစ်လုံး၏ ကြားမှ လမ်း၊ တောင်ကြားလမ်းကိုလည်း ခေါ်ဆိုသည်။ ရန်သူ၏ အန္တရာယ်မှ လွတ်မြောက်ရန် ဤ **عَقَبَه**

တောင်ကြားလမ်းသည် လူသားအား အထောက်အကူပြုသည်။ အဘယ်ကြောင့်ဆိုသော် တောင်ပေါ်သို့ တက်၍ ရန်သူ၏ လက်မှ လွတ်မြောက်မှု ရယူခြင်း၊ (သို့မဟုတ်) တောင်ကြားတွင် ဝင်ရောက်၍ ထိုနေရာမှ အခြားတစ်နေရာသို့ ထွက်ခွာရှောင်တိမ်းသွားခြင်းတို့ ဖြစ်သည်။

ဤနေရာတွင် အမိန့်နာခံခြင်းနှင့် 'အေဗာဒသ်'ခဝပ်ကိုးကွယ်ခြင်းတို့ကို **عقبه** တစ်ခုဟု သုံးနှုန်းထားသည်။ အဘယ်ကြောင့်ဆိုသော် **عقبه** သည် ရန်သူ၏ လက်မှ လွတ်မြောက်စေသော အကြောင်းခံဖြစ်သကဲ့သို့ ကောင်းမှု ကိုယ်ကျင့်တရားများသည်လည်း တမလွန်၏ 'အဇားဗ်'အပြစ်ဒဏ်မှ လွတ်မြောက်စေသော အကြောင်းခံ ဖြစ်သည်။ တစ်ဖန် ကောင်းမှုကိုယ်ကျင့်တရားများတွင် ဦးစွာပထမ **فَكُّ رَقَبَةٍ** ဟု မိန့်ကြားထားသည်။ ဆိုလိုသည်မှာ 'ကျွန်တစ်ဦးကို သူကောင်းပြုခြင်းသည် အလွန်ကြီးမားသော 'အေဗာဒသ်'နှင့် လူသားတစ်ဦး၏ ဘဝသက်တမ်းကို တည်ထောင်ပေးခြင်းဖြစ်သည်' ဟူ၏။

တစ်ဖန် ဒုတိယအရာမှာ **اَوۡ اِطۡعَامٌ** ဟု မိန့်ကြားထားသည်။ အဘယ်ကြောင့်ဆိုသော် ဆာလောင်သူအား ကျွေးမွေးခြင်းသည် အလွန်ကြီးမားသော 'စဝါးဗ်'ကုသိုလ် ရရှိစေသည်။ ထို့ပြင် အစားအစာ ကျွေးမွေးခြင်းသည် မည်သူ့ကိုပင်ဖြစ်စေ၊ စဝါးဗ်ကုသိုလ်နှင့် မကင်းပေ။ သို့သော် အချို့သူတို့ကို ကျွေးမွေးခြင်းသည် အလွန်ကြီးမားသော စဝါးဗ်ကုသိုလ် ရရှိစေသည်။ ထို့ကြောင့် ထိုကြီးမားသော စဝါးဗ်ကုသိုလ်ကို ရယူနိုင်ရန် မိန့်ကြားတော်မူထားသည်မှာ-

يَتِيۡمًا ذَامَقۡرَبَةٍ ۝ اَوۡ مِسۡكِيۡنًا ذَامَتۡرَبَةٍ ۝

ဆိုလိုသည်မှာ အထူးသဖြင့် အသင်တို့နှင့် ဆွေမျိုးတော်စပ်သူလည်း ဖြစ်သည့် 'ယသီးမ်'ဖမဲ့ကလေးများကို ကျွေးမွေးခြင်းသည် 'စဝါးဗ်'ကုသိုလ်နှစ်ဆ ရရှိစေ ပေမည်။ တစ်မျိုးမှာ ငတ်မွတ် ဆာလောင်သူ၏ ဝမ်းဗိုက်ကို ပြည့်စေခြင်းနှင့် ဒုတိယတစ်မျိုးမှာ ဆွေမျိုးသားချင်းကို အဆက်အသွယ် ပြုလုပ်ခြင်းနှင့် ၎င်း၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းပင် ဖြစ်သည်။

فِيۡ يَوۡمٍ ذِيۡ مَسۡغَبَةٍ

ဆိုလိုသည်မှာ အထူးသဖြင့် ၎င်းတို့ ဆာလောင်မွတ်သိပ်သော နေ့တွင် ကျွေးမွေးခြင်းမှာ ပို၍ 'စဝါးဗ်' ကုသိုလ်ရရှိရန် အကြောင်းခံဖြစ်သည်။ အလားတူ မိမိ၏ ဆွေမျိုးသားချင်းများတွင် 'ယသီးမ်' ဖမဲ့ကလေးများ မရှိပါလျှင် ဆင်းရဲမွဲတေမှုက မြေကြီး၌ လူးလိမ့်စေခြင်းခံရသော သူဆင်းရဲ (သို့) အလွန်တရာ ဆင်းရဲနွမ်းပါးသူ' အပေါ်၌ သုံးစွဲရမည်။ ထိုသူ၏ ဆင်းရဲချို့တဲ့မှုအလိုက် 'စဝါးဗ်'ကုသိုလ်လည်း ပိုမို များပြားပေမည်။

လူသားသည် မိမိ၏ ကောင်းမှုပြုလုပ်ခြင်းအပေါ်၌သာ ရောင့်ရဲမှုမပြုဘဲ အခြားသူတို့အားလည်း ကောင်းမှုများ ပြုလုပ်ရန် တိုက်တွန်းခြင်းသည် အီမာန်၏ တောင်းဆိုချက်ဖြစ်ခြင်း

ثُمَّ كَانَ مِنَ الَّذِيْنَ اٰمَنُوْا وَتَوَا صَوْا بِالصَّبْرِ وَتَوَاصَوْا بِالْمَرْحَمَةِ

ဤအာယသ်တော်တွင် အီမာန်သက်ဝင် ယုံကြည်ပြီးနောက်တွင် မုအ်မင်န်တစ်ဦးသည် အခြားမွတ်စ္စလင်မ်ညီနောင်တို့အားလည်း 'ဆွဗရ်' သည်းခံခြင်းတရားနှင့် 'ရဟ်မသ်' ကရုဏာတရားများ ထားရှိကြရန် တိုက်တွန်းနှိုးဆော်နေရန်မှာ မုအ်မင်န်အဖို့ တာဝန်ဖြစ်ကြောင်း ပြဆိုထားသည်။

صبر 'ဆွဗရ်' ၏ အလိုသဘောမှာ 'နဖ်စ်' ကို မကောင်းမှုများမှ တားဆီးခြင်းနှင့် ကောင်းမှုများ ကျင့်ဆောင်စေခြင်းကို ဆိုလိုသည်။

مرحمت 'မရ်ဟမသ်' (ရဟ်မသ်) ၏ အလိုသဘောမှာ 'အခြားသူတို့၏ အခြေအနေများအပေါ် သနားကြင်နာမှုပြုခြင်း၊ ၎င်းတို့၏ ဒုက္ခကို မိမိ၏ ဒုက္ခဟု မှတ်ယူလျက် ၎င်းတို့အား ဒုက္ခရောက်စေခြင်းနှင့် ၎င်းတို့ကို မတရားပြုခြင်းများမှ ရှောင်ကြဉ်ခြင်း' တို့ကို ဆိုလိုသည်။ ဤနေရာတွင် သာသနာ၏ အမိန့်တော်အားလုံး အကျုံးဝင်သွားပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်ရှမ်စ်

သျှရိယ (နေ) ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَالشَّمْسِ وَضُحٰهَا ۝١ وَالْقَمَرِ اِذَا تَلٰهَا ۝٢ وَالنَّهَارِ اِذَا جَلّٰهَا ۝٣
وَالَّيْلِ اِذَا يَغْشٰهَا ۝٤ وَالسَّمَآءِ وَمَا بَنٰهَا ۝٥ وَالْاَرْضِ وَمَا طَحٰهَا ۝٦
وَنَفْسٍ وَّمَا سَوّٰهَا ۝٧ فَاَلْهَمَهَا فُجُوْرَهَا وَتَقْوٰهَا ۝٨ قَدْ اَفْلَحَ مَنْ زَكّٰهَا ۝٩
وَقَدْ خَابَ مَنْ دَسّٰهَا ۝١٠ كَذَّبَتْ ثَمُوْدُ بِطَغْوٰهَآ ۝١١ اِذِ انْۢبَعَثَ اَشْقٰهَا ۝١٢
فَقَالَ لَهُمْ رَسُوْلُ اللّٰهِ نَاقَةَ اللّٰهِ وَسُقْيٰهَا ۝١٣ فَكَذَّبُوْهُ فَعَقَرُوْهَا فَدَمْدَمَ
عَلَيْهِمْ رَبُّهُمْ بِذَنْۢبِهِمْ فَسَوّٰهَا ۝١٤ وَلَا يَخَافُ عُقْبٰهَا ۝١٥

၉၁ : ၁ ။ ။ (ငါအသျှင်မြတ်သည်) 'နေ'ကိုလည်းကောင်း၊ ထို 'နေ'၏ အလင်းရောင်ကိုလည်းကောင်း သက်သေထူတော်မူ၏။

၉၁ : ၂ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည်) 'လ'ကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထို 'လ'သည် ယင်း 'နေ'၏ နောက်မှ လိုက်၏။

၉၁ : ၃ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် နေ့ကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုနေ့သည် ယင်း 'နေ'ကို လင်းဝင်းစေ၏။

၉၁ : ၄ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည်) ညဉ့်ကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုညဉ့်သည် ယင်း 'နေ'ကို ဖုံးလွှမ်းလေ၏။

၉၁ : ၅ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည်) မိုးကောင်းကင်ကိုလည်းကောင်း၊ ထိုမိုးကောင်းကင်ကို ပြုလုပ်ဖန်ဆင်းတော်မူသော အသျှင်ကိုလည်းကောင်း သက်သေထူတော်မူ၏။

၉၁ : ၆ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည်) ပထဝီမြေကိုလည်းကောင်း၊ ထိုပထဝီမြေကို ဖြန့်ခင်းတော်မူသော အသျှင်ကိုလည်းကောင်း သက်သေထူတော်မူ၏။

၉၁ : ၇ ။ ။ ထို့ပြင် အသက်ဇီဝိန်ကိုလည်းကောင်း၊ ထိုအသက်ဇီဝိန်ကို စုံလင်အောင် ပြုလုပ်တော်မူသော အသျှင်ကိုလည်းကောင်း သက်သေထူတော်မူ၏။

၉၁ : ၈ ။ ။ တစ်ဖန် ထိုအသျှင်မြတ်သည် ၎င်းအသက်ဇီဝိန်၏ စိတ်တွင်းဝယ် ထိုအသက်ဇီဝိန်၏ ပြစ်မှုဒုစရိုက်နှင့် ကောင်းမှုသုစရိုက် (၏ အသိကို) ထည့်သွင်းပေးတော်မူခဲ့၏။

၉၁ : ၉ ။ ။ ဧကန်စင်စစ် ထိုအသက်ဇီဝိန်ကို သင့်တယ်လျောက်ပတ်မှုဖြစ်အောင် သန့်ရှင်းစင်ကြယ်စေခဲ့သော သူသည် အောင်မြင်ခဲ့လေပြီ။

၉၁ : ၁၀ ။ ။ သို့ရာတွင် ထိုအသက်ဇီဝိန်ကို (ဒုစရိုက်များတွင်) နစ်မြုပ်စေခဲ့သော သူသည် ပျက်စီးဆုံးရှုံးခဲ့ချေပြီ။

၉၁ : ၁၁ ။ ။ ဆမူဒ်အမျိုးသားတို့သည် မိမိတို့၏ ဆိုးသွမ်းမှုကြောင့် (နဗီတမန်တော် ဆွာလိဟ်အား) မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြကုန်၏။

၉၁ : ၁၂ ။ ။ အကြင်အခါဝယ် ၎င်းတို့အနက်မှ အယုတ်မာဆုံးသော သူသည် အရှိန်နှင့် ထွက်ပေါ်လာခဲ့၏။

၉၁ : ၁၃ ။ ။ ထိုအခါ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော် (ဆွာလိဟ်) က ၎င်းတို့အား (အချင်းတို့) 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ကုလားအုတ်မကို (သတ်ဖြတ်ခြင်းမှ) လည်းကောင်း၊ ထိုကုလားအုတ်မ ရေသောက်ခြင်းကို (တားမြစ်ခြင်းမှ) လည်းကောင်း (ရှောင်ကြဉ်ကြလေကုန်)' ဟု ပြောကြား (သတိပေး) ခဲ့လေ၏။

၉၁ : ၁၄ ။ ။ သို့ရာတွင် ထိုဆမူဒ်အမျိုးသားတို့သည် (အလ္လာဟ်အသျှင်မြတ်၏) ထိုရစူလ်တမန်တော်အား မဟုတ်မမှန်ဟူ၍ ငြင်းဆိုခဲ့ပြီးနောက် ထိုကုလားအုတ်မ၏ ခြေများကို ဖြတ်တောက် (သတ်ဖြတ်) ခဲ့ကြကုန်၏။ ထိုအခါ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ၎င်းတို့၏ အပေါ်၌ ၎င်းတို့၏ ပြစ်မှုများကြောင့် ပြစ်ဒဏ်ကို စီရင်တော်မူခဲ့၏။ ထို့နောက် ထိုအသျှင်မြတ်သည် ထိုပြစ်ဒဏ်ကို အားလုံးနှင့် သက်ဆိုင်စေတော်မူခဲ့၏။ (အားလုံးအပေါ်သို့ ပျံ့နှံ့သက်ရောက်စေတော်မူခဲ့လေသည်။)

၉၁ : ၁၅ ။ ။ စင်စစ် ထိုအသျှင်မြတ်သည် ထိုပြစ်ဒဏ်၏ နောက်ဆက်ဖြစ်ပေါ်လာမည့် (တုန့်ပြန်မှု၊ ဒဏ်ပြန်မှု) ကို အလျှင်းစိုးရိမ်တော်မူသည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် နေကိုလည်းကောင်း၊ ထိုနေ၏ အလင်းရောင်ကိုလည်းကောင်း တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

ထို့ပြင် ငါအသျှင်မြတ်သည် ထိုနေကွယ်ခြင်း၏ နောက်မှ လိုက်ပါလာသော လစန္ဒာကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

(လထွက်လာခြင်းကို ဆိုလိုသည်။ အလိုသဘောမှာ လအလယ်ရှိ အချို့ညများ၌ ထွက်ပေါ်လာသော လကို ဆိုလိုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုညများတွင် နေဝင်ပြီးနောက် လထွက်လာလေ့ရှိသည်။ ဤသည်ကို သတ်မှတ်ရခြင်းမှာ ထိုလအလယ်တွင် ထွက်သောလသည် ပြည့်ဝသော အလင်းရောင်ရှိသော ကြောင့် ဖြစ်သည်။ ضحاها ဟူသော စာသားသည် နေ၏ ပြည့်ဝသော အလင်းရောင်ကို ရည်ညွှန်းသကဲ့သို့ ဖြစ်သည်။ (သို့) ထိုအချိန်သည် နေဝင်ခြင်းနှင့် လထွက်ခြင်းဟူသော တန်ခိုးတော်၏ လက္ခဏာနှစ်ရပ်ကို တစ်ခု၏နောက် တစ်ခု တစ်ပြိုင်နက် ပေါ်လွင်စေသောကြောင့် ဖြစ်သည်။)

ထို့ပြင် ငါအသျှင်မြတ်သည် နေကို ကောင်းစွာ လင်းဝင်းစေသော နေ့ကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

ထို့ပြင် ငါအသျှင်မြတ်သည် ထိုနေ့ကို (လည်းကောင်း၊ ထိုနေ၏ သက်ရောက်မှုနှင့် အလင်းရောင်တို့ကိုလည်းကောင်း လုံးဝဥဿုံ) ဖုံးလွှမ်းလိုက်သော ညကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

(ဆိုလိုသည်မှာ ညအချိန်သို့ ကောင်းစွာ ဝင်ရောက်သွားခြင်းဟု ဖြစ်သည်။ နေ့၏ အလင်းရောင်သည် စိုးစဉ်းမျှ ကျန်ရှိမနေသော အချိန်ဖြစ်သည်။ 'ကစမ်' ကျိန်ဆိုထားသည့်အရာ (၄) ခုတွင် သတ်မှတ်ချက်များ ထားရှိခြင်းမှာ ၎င်းတို့၏ ပြည့်ဝမည့် အခြေအနေကို ထောက်ရှု၍ ဖြစ်သည်။)

ထို့ပြင် ငါအသျှင်မြတ်သည် မိုးကောင်းကင်ကိုလည်းကောင်း၊ ထိုမိုးကောင်းကင်ကို ပြုလုပ်ဖန်ဆင်းတော်မူသော (ဇာတိတော်) အသျှင်မြတ်အားလည်းကောင်း၊ တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

(အလ္လာဟ်အသျှင်မြတ်ကို ဆိုလိုခြင်းဖြစ်သည်။ အလားတူ ما طحاها နှင့် ما سوّاها တို့တွင်လည်း ဤသည့်အတိုင်းပင် ဆိုလိုသည်။ အဖန်ဆင်းခံအား တိုင်တည်၍ 'ကစမ်' ကျိန်ဆိုခြင်းကို ဖန်ဆင်းရှင်အား တိုင်တည်၍ 'ကစမ်' ကျိန်ဆိုခြင်း၏ အရှေ့၌ ဦးစားပေး၍ ထားရှိရခြင်းမှာ ဦးနောက်အသိဉာဏ်ကို အထောက်အထား အညွှန်းပြအရာမှ အထောက်အထား အညွှန်းပြုခံရသူဘက်သို့ ပြောင်းရွှေ့နားလည် စေလို၍ ဖြစ်သည်။ အကြောင်းမှာ အပြုခံရသော အရာသည် ပြုသူအပေါ် အထောက်အထားဖြစ်သော

ကြောင့်ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ ဤနေရာတွင် 'သောင်ဟီး'ဒ်'ခေါ် တစ်ပါးတည်းသော အသျှင်မြတ်ဘက်သို့လည်း အထောက်အထားရှိကြောင်း ညွှန်းဆိုခြင်းလည်း ဖြစ်သွားပေသည်။)

ထို့ပြင် ငါအသျှင်မြတ်သည် ပထဝီမြေကိုလည်းကောင်း၊ ထိုပထဝီမြေကို ဖြန့်ခင်းတော်မူသော (ဇာတိတော်) အသျှင်မြတ်လည်းကောင်း၊ တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

ထို့ပြင် ငါအသျှင်မြတ်သည် (လူသား၏) အသက်ဇီဝိန်ကိုလည်းကောင်း၊ ထိုအသက်ဇီဝိန်ကို (ရုပ်ခင်း အင်္ဂါအမျိုးမျိုးတို့ဖြင့်) ပြုပြင် ဖန်ဆင်းတော်မူသော အသျှင်မြတ်အားလည်းကောင်း တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

တစ်ဖန် ထိုအသျှင်မြတ်သည် ပြစ်မှုဒုစရိုက်နှင့် ကောင်းမှုသုစရိုက် (အချက်နှစ်ချက်စလုံး) ကို ၎င်းအသက်ဇီဝိန်၏ စိတ်အတွင်း၌ ထည့်သွင်းပေးတော်မူခဲ့၏။

(ဤသည် ဖန်ဆင်းမှုဆိုင်ရာအရ တင်ပြခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ စိတ်နှလုံးသားတွင် ကောင်းမှုဘက်သို့ တိမ်းညွတ်ခြင်းသည်လည်းကောင်း၊ မကောင်းမှုဘက်သို့ တိမ်းညွတ်ခြင်းသည်လည်းကောင်း၊ နှစ်မျိုးစလုံးကို အလ္လာဟ်အသျှင်မြတ်သည်သာ ဖန်ဆင်းတော်မူထားခြင်း ဖြစ်သည်။ ပထမအရာကို ထည့်သွင်းခြင်းတွင် ဖရစ်ရှ်သာဟ်၏ အကြောင်းခံဖြင့် ဖြစ်သည်။ ဒုတိယအရာကို ထည့်သွင်းခြင်းမှာ ရှိုက်သွာန်၏ အကြောင်းခံဖြင့် ဖြစ်သည်။ ထိုသို့ တိမ်းညွတ်ခြင်းမှ တစ်ခါတစ်ရံ 'အဇ်မ်'ဟူသော ယတိပြတ် ဆုံးဖြတ်သည့် အဆင့်အထိ ရောက်ရှိသွား၏။ ထိုအခါ လူသားသည် မိမိ၏ စိတ်ဆုံးဖြတ်ချက်နှင့် ရွေးချယ်မှုဖြင့် ပြုလုပ်သည်ဖြစ်၏။ ထိုသို့ ပြုလုပ်ခြင်းအပေါ်၌သာ 'အဇာဗ်'နှင့် 'စဝါးဗ်'ရှိသည်။ ပြုလုပ်မှု ဖြစ်ပေါ်လာရခြင်းမှာ အသျှင်မြတ်၏ ဖန်ဆင်းမှုဖြစ်သည်။ တစ်ခါတစ်ရံ 'အဇ်မ်' (ရည်ရွယ်ခြင်းနှင့် ရွေးချယ်ပြုလုပ်ခြင်း) အဆင့်သို့ မရောက်ပါလျှင် ခွင့်လွှတ်ချက် ရှိသည်။ ရှေ့တွင် အကြောင်းအရာ ပြည့်စုံရန်အတွက် ပြစ်မှုကျူးလွန်သူနှင့် ပြစ်မှုရှောင်ကြဉ်သူတို့၏ အကျိုးဆက်ရလဒ်ကို တင်ပြသည်မှာ) ဧကန်စင်စစ် ထိုအသက် (ဇီဝိန်) ကို စင်ကြယ်သန့်ရှင်းစေခဲ့သူသည် အောင်မြင်သူ ဖြစ်ပေသည်။ (ဆိုလိုသည်မှာ အသက်ဝိညာဉ်အား မကောင်းမှုဒုစရိုက်များမှ တားမြစ်ပြီး၊ ကောင်းမှုများကို ပြုကျင့်စေခြင်းဟု ဖြစ်သည်။)

ထိုအသက်ဇီဝိန်ကို မကောင်းမှုဒုစရိုက်များ၌ နှစ်မြုပ်စေခဲ့သူသည် ပျက်စီးဆုံးရှုံးခဲ့ပေပြီ။ (မကောင်းမှု ဒုစရိုက်များ၌ နှစ်မွန်းသွားခြင်းကို ဆိုလိုသည်။ ထို့နောက်တွင် 'ကစမ်' ကျိန်ဆို တင်ပြအပ်သည့် အကြောင်းအရာသည် မြုပ်ကွယ်လျက် ရှိသည်။ ၎င်းမှာ အို၊ မက္ကာဟ်မြို့သား ကာဖိရ်တို့၊ အသင်တို့သည် မကောင်းမှုဒုစရိုက်များကို ကျူးလွန်သူများ ဖြစ်ကြပါလျှင် မုချဧကန် အမျက်တော်စူးရှခြင်းခံရပြီး ပျက်စီးကြပေလိမ့်မည်။ တမလွန်၌မူ မုချဧကန် ၎င်းပျက်စီးကြပေလိမ့်မည်။ တစ်ခါတစ်ရံ လောက၌လည်း ဇမူးဒ်အမျိုးသားများအပေါ် ဤသို့ အပြစ်ကျူးလွန်ခြင်းများကြောင့် အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ် ကျရောက်ခဲ့သကဲ့သို့ အသင်တို့အပေါ်လည်း ကျရောက်နိုင်ပေသည်။ ဇမူးဒ်အမျိုးသားများ၏ ဖြစ်ရပ်မှာ) ဇမူးဒ်အမျိုးသားများသည် မိမိတို့၏ ဆိုးသွမ်းမှုကြောင့် (ဆွာလေဟ် عليه السلام) အား မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည်။

(ဤသည် ထိုခေတ်သံမယမှ ဖြစ်ရပ်ဖြစ်သည်။) ထိုစဉ်က ၄င်းတို့အနက်မှ နဖူးစာဆိုးယုတ်ဆုံးသော သူမှာ (ကုလားအုတ်မကို သတ်ဖြတ်ရန်အတွက်) ထ၍ ရပ်သူ (ထွက်ပေါ်လာသူ) ပင် ဖြစ်သည်။ (အဆင်သင့် ရှိနေခဲ့သူကို ဆိုလိုခြင်း ဖြစ်သည်။ ထို့ပြင် ၄င်းနှင့်အတူ အခြားသူများလည်း ပါဝင်ခဲ့ကြသည်။)

ထိုအခါ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော် (ဆွာလေဟ် ﷺ) သည် (၄င်းတို့၏ ကုလားအုတ်မကို သတ်ဖြတ်မည့် ရည်ရွယ်ချက်ကို သိရှိလေသောအခါ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ (ဤ) ကုလားအုတ်မကိုလည်းကောင်း၊ ၄င်း၏ ရေသောက်ခြင်းမှလည်းကောင်း သတိထားကြကုန်ဟု ပြောကြားခဲ့သည်။

(ဆိုလိုသည်မှာ ထိုကုလားအုတ်မကို သတ်ဖြတ်ခြင်းနှင့် ၄င်း၏ ရေသောက်ခြင်းကို မပိတ်ပင်ကြလေနှင့်'ဟု ဖြစ်သည်။ ကုလားအုတ်မကို သတ်ဖြတ်ရန်ဟူသော အဓိကရည်ရွယ်ရသည့် အကြောင်းမှာလည်း အလှည့်ကျ ရေတိုက်ခြင်းမှ စခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ရေတိုက်ခြင်းကို ရှင်းလင်းစွာ ဖော်ထုတ်၍ မိန့်ကြားခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ကုလားအုတ်မဟု ခေါ်ဆိုရခြင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ထိုကုလားအုတ်မကို 'မုအ်ဂျေဇာဟ်' အနေဖြင့် ထူးဆန်းသော ပုံစံဖြင့် ဖန်ဆင်းတော်မူလျက် ဟဇရသ်ဆွာလေဟ် ﷺ 'နဗူဝသ်'နဗီဖြစ်ခြင်းအပေါ် အထောက်အထားအဖြစ် ပြုပေးတော်မူခဲ့သောကြောင့် ဖြစ်သည်။ ထို့ပြင် ထိုကုလားအုတ်မအား လေးစားရန် 'ဝါဂျိဗ်'အရေးကြီးတာဝန်အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။)

သို့ဖြစ်ပေရာ ထိုစမူးဒ်အမျိုးသားတို့သည် နဗီတမန်တော်ကို (အလ္လာဟ်အသျှင်မြတ်၏ ကုလားအုတ်မ၏ အကြောင်းခံဖြင့် ထင်ရှားပေါ်လွင်ခဲ့ပြီးဖြစ်သော 'နဗူဝသ်'၏ အထောက်အထားကို) မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည်။ (အကြောင်းမှာ ၄င်းတို့သည် ဆွာလေဟ် ﷺ အား နဗီတမန်တော်ဟု မယူဆကြသောကြောင့် ဖြစ်သည်။) ထို့နောက် ၄င်းတို့သည် ထိုကုလားအုတ်မကို သတ်ဖြတ်ခဲ့ကြသည်။ သို့ဖြစ်ပေရာ ၄င်းတို့ အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ၄င်းတို့၏ ပြစ်မှုများကြောင့် ၄င်းတို့အပေါ် ပြစ်ဒဏ်ကို ချပေးတော်မူခဲ့သည်။ ထို့နောက် ထိုပြစ်ဒဏ်ကို (အမျိုးသားအုပ်စုအားလုံးတို့အတွက်) အများလူတို့အတွက် ဖြစ်စေတော်မူခဲ့သည်။

ထို့ပြင် ထိုအသျှင်မြတ်အဖို့ ထိုပြစ်ဒဏ်ကို စီရင်တော်မူခြင်းအတွက် (မည်သူ့ကိုမျှ) မကောင်းမှုဖြင့် တုန့်ပြန်လိမ့်မည်ဟု စိုးရိမ်ရသည် မရှိပါချေ။

(လောက၏ မြို့၊ ရွာ၊ တိုင်းပြည်များတွင် အမျိုးသားအုပ်စုတစ်စုကို ပြစ်ဒဏ်ပေးလိုက်ပြီးနောက် ထိုပြစ်ဒဏ်ပေးခြင်းအပေါ် ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ရလေ့ရှိသကဲ့သို့ အလ္လာဟ်အသျှင်မြတ်အဖို့ မည်သူ့ကိုမျှ စိုးရိမ်ရရန် မရှိပါချေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤစူရာဟ်၏ အစတွင် (၇) မျိုးသော အရာများအပေါ် တိုင်တည်၍ 'ကစမ်'ကျိန်ဆိုတော်မူထားကြောင်း လာရှိသည်။ ထို (၇) မျိုးသော အရာများနှင့်အတူ ၎င်းတို့၏ ပြည့်စုံကုံလုံမှု အခြေအနေကို ထောက်ရှု၍ အချို့သော ဂုဏ်ရည်များနှင့် သတ်မှတ်ချက်များကို တင်ပြထားသည်။

ပထမကစမ် ။ ။ وَالشَّمْسِ وَضُحٰهَا ဤနေရာတွင် ضُحٰى ကို ဆက်သွယ်မှုပြသော واؤ အက္ခရာဖြင့် တင်ပြထားသည်။ သို့ရာတွင် နောက်မှ လာရှိနေသော စာသားများအရ ضُحٰى ကို တင်ပြခြင်းမှာ شمس ၏ ဂုဏ်ရည်ကို ဖော်ပြရန်ဖြစ်သည်။ ဆိုလိုသည်မှာ 'ضُحٰى ၏ အချိန်၌ ဖြစ်သော နေ့ကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုတော်မူ၏' ဟု ဖြစ်သည်။ ضُحٰى ဟူသည်မှာ 'နေထွက်ပေါ်လာပြီး အနည်းငယ် မြင့်တက်လာသည့် အချိန်'ကို ခေါ်ဆိုသည်။ ၎င်း၏ အလင်းရောင်သည် ကမ္ဘာမြေပေါ် ပြန့်နှံ့သွားပြီး ထိုအချိန်တွင် လူသားအဖို့ အနီးကပ် မြင်တွေ့နိုင်သည်။ နေ၏ အပူရှိန် စူးရှပြင်းပြမှု မရှိသေးသည့်အတွက် ၎င်းအား ကောင်းစွာ ကြည့်ရှုနိုင်သည်။

ဒုတိယကစမ် ။ ။ وَالْقَمَرِ اِذَا تَلٰهَا ဆိုလိုသည်မှာ 'နေ၏ နောက်မှ လိုက်လာသော လကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုတော်မူ၏' ဟု ဖြစ်သည်။ ၎င်း၏ အလိုသဘောမှာ 'နေဝင်ပြီး နောက်မှ ထွက်ပေါ်လာသော လဟုလည်း ဖြစ်နိုင်သည်။ ထိုကဲ့သို့သော လသည် လ၏ အလယ်၌ ဖြစ်ပေါ်လေ့ရှိသောကြောင့် ယင်းလသည် ပြည့်ဝမှု ရှိပေမည်။ တစ်ဖန် နေ၏ နောက်မှ လိုက်ပါခြင်းဟူသော အလိုသဘောမှာ ضُحٰى အချိန်၌ နေသည် ပြည့်ဝစွာ မြင်တွေ့ရသကဲ့သို့ လသည် ၎င်း၏ နောက်ကို လိုက်ခြင်းဟုလည်း ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ ပြည့်ဝမှု၌ နေ၏ နောက်သို့ လိုက်ခြင်းကို ဆိုလိုခြင်း ဖြစ်နိုင်သည်။

တတိယကစမ် ။ ။ وَالنَّهَارِ اِذَا جَلّٰهَا ဆိုလိုသည်မှာ جَلّٰهَا ၏ နာမ်စားသည် ကမ္ဘာမြေ (သို့) လောကဘက်သို့ လှည့်ခြင်းဖြစ်နိုင်သည်။ စင်စစ် ထိုစာလုံး၏အလျင် ကမ္ဘာမြေနှင့် လောကအကြောင်း တင်ပြချက် လာရှိထားသည် မဟုတ်ပေ။ သို့သော် အာရဗ်၏ ဝေါဟာရများတွင် များသောအားဖြင့် လူတို့၏ ရှေ့မှောက်၌ ရှိနေသော အရာများကို ၎င်းအရာများအကြောင်း ရှေ့၌ တင်ပြခြင်းမရှိသည့်တိုင် ၎င်းအရာများဘက်သို့ လှည့်၍ ညွှန်းဆိုခြင်းများမှာလည်း ကျော်ကြားမှုရှိသည်။ ထို့ပြင် ကုရ်အာန်ကျမ်းတော်မြတ်တွင်လည်း ဤသည်နှင့် အလားတူ သုံးနှုန်းမှု များစွာ ရှိနေသည်။ ဤသည်ကို ထောက်ရှု၍ အဓိပ္ပာယ်မှာ 'နေ့ကိုလည်းကောင်း၊ လောက (သို့) ကမ္ဘာမြေကိုလည်းကောင်း အလင်းရောင်ပေးသော နေ့ကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုပါ၏' ဟု ဖြစ်သည်။ ဤနေရာ၌လည်း နေ့ကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုခြင်းသည် ပြည့်ဝစွာ လင်းဝင်းခြင်းကို ထောက်ရှု၍ဖြစ်ကြောင်းကို ညွှန်းဆိုထားသည်။ စာသားများအရ

ဤနာမ်စားသည် နေ့ဘက်သို့ လှည့်နေကြောင်းမှာ ထင်ရှားလှသည်။ ဤအခြေအနေအရ အဓိပ္ပာယ်မှာ 'နေကို လင်းဝင်းစေသော နေ့ကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုပါ၏' ဟု ဖြစ်ပေမည်။ ဤအထောက်အထားမှာ သွယ်ဝိုက်သော နည်းအရ ဖြစ်သည်။ ထို့ပြင် အလိုသဘောမှာ နေ့အဖြစ် ပေါ်ထွက်လာခြင်းကြောင့် နေ၏ အလင်းရောင်ကို မြင်တွေ့ရသည်' ဟု ဖြစ်သည်။

စတုတ္ထကစမ် ။ ။ وَالَّيْلِ اِذَا يَغْشٰهَا ဆိုလိုသည်မှာ 'နေ၏ အပေါ်၌ ဖုံးလွှမ်းသွားသော ညကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုပါ၏' ဟု ဖြစ်သည်။ ဤသည် နေ၏ အလင်းရောင်အား ဖုံးလွှမ်းသွားခြင်း' ကို ဆိုလိုသည်။

ပဉ္စမကစမ် ။ ။ وَ السَّمَآءِ وَمَا بَنٰهَا ဤနေရာတွင် စာလုံး၏ အနေအထားအရ ပို၍ ပေါ်လွင်သည့်အချက်မှာ مَا بَنٰهَا တွင် مَا ဟူသော အက္ခရာကို مصدريه ဟု သတ်မှတ်ခြင်းပင် ဖြစ်သည်။ ဤသို့ သတ်မှတ်လျက် မိုးကောင်းကင်ကိုလည်းကောင်း၊ ထိုမိုးကောင်းကင်ကို ပြုလုပ်ဖန်ဆင်းခြင်းကိုလည်းကောင်း တိုင်တည်၍ 'ကစမ်'ကျိန်ဆိုပါ၏'ဟူသော အဓိပ္ပာယ်ကို ယူနိုင်သည်။ ဤသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် بِمَا غَفَرَلِىْ رَبِّىْ ဟု လာရှိထားသကဲ့သို့ ဖြစ်သည်။

ဆဋ္ဌမကစမ် ။ ။ وَالْاَرْضِ وَمَا طَحٰهَا တွင် مَا ၏ အဓိပ္ပာယ်ကို مصدريه ဟု သတ်မှတ်၍ ပြန်ဆိုရလျှင် 'မြေပထဝီကိုလည်းကောင်း၊ ထိုမြေပထဝီအားဖြန့်၍ ခင်းထားခြင်းကိုလည်းကောင်း တိုင်တည်၍ 'ကစမ်'ကျိန်ဆိုပါ၏' ဟု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် طَحْو ဟူသော مصدر ၏ အဓိပ္ပာယ်မှာ 'ခင်းကျင်းခြင်း၊ ဖြန့်ခြင်း'ဟု ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဤနေရာတွင် မိုးကောင်းကင်အား ပြုလုပ်ခြင်းဖြင့်လည်းကောင်း၊ မြေပထဝီအား ခင်းကျင်းခြင်း၊ ဖြန့်ခင်းဖြင့်လည်းကောင်း တင်ပြရခြင်းမှာလည်း 'ဖန်ဆင်းတည်ရှိစေမှုတွင် ပြည့်စုံသွားပြီးဖြစ်သော မိုးကောင်းကင်အား တိုင်တည်၍ 'ကစမ်'ကျိန်ဆိုတော်မူ၏။ ထို့ပြင် ပြန့်ပြူးစွာ ဖြန့်ခင်း၍ ဖန်ဆင်းတည်ရှိစေမှုတွင် ပြည့်စုံသွားပြီးဖြစ်သော မြေပထဝီအား တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏' ဟူသော ပြည့်စုံသွားသည့် အခြေအနေကို တင်ပြရန် ဖြစ်သည်။

ဟဇရတ်ကသာဒဟ် (ရဟ) စသော ပညာရှင်များထံမှ ဤအတိုင်း ဖွင့်ဆိုကြောင်း လာရှိသည်။ ကရှ်ရှားဖ်၊ ဗိုင်ဒွါဝီနှင့် ကုရ်သုဗီကျမ်းရှင်တို့သည်လည်း ဤအဆိုကိုပင် ရွေးချယ်တင်ပြခဲ့ကြသည်။ အချို့ အဖွင့်ပညာရှင်များက ဤနေရာတွင် مَا အက္ခရာကို مَنْ ၏ အဓိပ္ပာယ်တွင် ယူ၍ အလ္လာဟ်အသျှင်မြတ်ကို ဆိုလိုသည်ဟု သတ်မှတ်ကြသည်။ 'မိုးကောင်းကင်ကိုလည်းကောင်း၊ ထိုမိုးကောင်းကင်အား ဖန်ဆင်းတော်မူသော အသျှင်မြတ်အားလည်းကောင်း တိုင်တည်၍ 'ကစမ်' ကျိန်ဆိုပါ၏' ဟု ပြန်ဆိုကြသည်။ အလားတူပင်

وَالْاَرْضِ وَمَاطَحٰهَا

၏ အလိုသဘောကို တင်ပြသည်မှာ 'မြေပထဝီအားလည်းကောင်း၊ ထိုမြေပထဝီအား ဖြန့်ခင်းတော်မူသော အသျှင်မြတ်အားလည်းကောင်း တိုင်တည်၍ 'ကစမ်'ကျိန်ဆိုပါ၏' ဟု ဖြစ်သည်။ သို့ရာတွင် ဤနေရာ၌ ယခုအချိန်အထိ တင်ပြပြီးသမျှ 'ကစမ်'ကျိန်ဆိုခြင်းများနှင့် ရှေ့၌ လာမည့် 'ကစမ်'ကျိန်ဆိုမှု အားလုံးတို့သည် အဖန်ဆင်းခံများအား 'ကစမ်'ကျိန်ဆိုခြင်းများသာ ဖြစ်သည်။ ကြားအလယ်တွင် အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ 'ကစမ်'ကျိန်ဆိုမှု လာရှိခြင်းမှာ ဥပဒေနှင့်လည်းကောင်း၊ အစီအစဉ်တကျ ဖြစ်ခြင်းနှင့်လည်းကောင်း ကွာဟနေကြောင်း ယူဆရသည်။ အထက်၌ တင်ပြခဲ့သော ပုံသဏ္ဍာန်တွင် အဖန်ဆင်းခံများကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုခြင်းကို ဖန်ဆင်းသော အသျှင်မြတ်၏ ရှေ့၌ ဦးစားပေး၍ အဘယ်ကြောင့် တင်ပြရသနည်းဟူသော စောဒကမေးခွန်းများလည်း ရှိတော့မည် မဟုတ်ပေ။

သတ္တမကစမ် ။ ။ وَنَفْسٍ وَمَاسَوّٰهَا ဤနေရာတွင်လည်း مَا အက္ခရာကို مصدريه ဟု သတ်မှတ်ပါလျှင် အဓိပ္ပာယ်မှာ 'လူသား၏ အသက်ဇီဝိန်ကိုလည်းကောင်း၊ ထိုအသက်ဇီဝိန်ကို ပြုပြင် ဖန်ဆင်းတော်မူခြင်းကိုလည်းကောင်း တိုင်တည်၍ 'ကစမ်'ကျိန်ဆိုပါ၏' ဟု ဖြစ်သည်။ အကယ်၍ مَا အက္ခရာကို مَنْ ၏ အဓိပ္ပာယ်အဖြစ် ကောက်ယူပါလျှင် ၎င်း၏ အဓိပ္ပာယ်မှာ လူသား၏ အသက်ဇီဝိန်ကိုလည်းကောင်း၊ ထိုအသက်ဇီဝိန်ကို ပြုပြင်ဖန်ဆင်းတော်မူသော အသျှင်မြတ်ကိုလည်းကောင်းတိုင်တည်၍ 'ကစမ်'ကျိန်ဆိုပါ၏' ဟု ဖြစ်ပေမည်။ تسويه 'ကောင်းမွန်ပြေပြစ်အောင် ပြုလုပ်ခြင်း'၏ အလိုသဘောကို ၎င်း၏အလျှင်စူရာဟ်များတွင် တင်ပြခဲ့ပြီး ဖြစ်သည်။

فَاَلْهَمَهَا فُجُوْرَهَا وَتَقْوٰهَا

الهام ၏ အဓိပ္ပာယ်မှာ 'စိတ်အတွင်း ထည့်သွင်းပေးခြင်း' ဟု ဖြစ်သည်။ فُجُوْرَ ၏ အဓိပ္ပာယ်မှာ 'ပွင့်လင်းထင်ရှားသော အပြစ်ဒုစရိုက်'ဟု ဖြစ်သည်။ تقوٰى ၏ အလိုသဘောမှာမူ ကျော်ကြား ထင်ရှားပေသည်။ ဤအပိုင်းသည်လည်း သတ္တမကစမ်ကျိန်ဆိုခြင်းဖြစ်သော وَنَفْسٍ وَّمَاسَوّٰهَا နှင့် ဆက်နွယ်မှုရှိသည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် လူသား၏ အသက်ဇီဝိန်ကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ထိုလူသား၏ စိတ်တွင် မကောင်းမှုဒုစရိုက်နှင့် ပြစ်မှုရှောင်ကြဉ်ခြင်း နှစ်မျိုးစလုံးကို ထည့်သွင်းပေးတော်မူခဲ့သည်' ဟု ဖြစ်သည်။ အလိုသဘောမှာ 'လူသား၏ အသက်ဇီဝိန်ကို ဖန်ဆင်းတော်မူရာတွင် အလ္လာဟ်အသျှင်မြတ်သည် အပြစ်ဒုစရိုက် ကျူးလွန်ခြင်းနှင့် အမိန့်နာခံခြင်း၊ နှစ်မျိုးစလုံးတို့၏ အရည်အချင်းကို ထည့်သွင်းပေးထားတော်မူသည်' ဟု ဖြစ်သည်။ ထို့နောက် လူသားကို အထူးလုပ်ပိုင်ခွင့်တစ်မျိုးနှင့် စွမ်းအားကို ပေးတော်မူသည်။ အဘယ်ကြောင့်ဆိုသော် 'လူသားသည် မိမိ၏ ရည်ရွယ်ချက်နှင့် လုပ်နိုင်စွမ်းတို့ဖြင့် ပြစ်မှု၏ လမ်းကို ရွေးချယ်ခြင်း (သို့) အမိန့်နာခံခြင်းလမ်းကို ရွေးချယ်ခြင်းတို့ကို ပြုနိုင်စွမ်းပေးခြင်းကို ဆိုလိုသည်။ လူသားသည် မိမိ၏ ရည်ရွယ်ချက်နှင့် လုပ်နိုင်စွမ်းတို့ဖြင့် ထိုအရာနှစ်မျိုးအနက်

တစ်မျိုးမျိုးကို ရွေးချယ်လုပ်ကိုင်ပါလျှင် ထိုရည်ရွယ်ချက်နှင့် ရွေးချယ်လုပ်ကိုင်ခြင်းတို့အပေါ် ၄င်းအဖို့ 'စဝါးဗ်' (သို့) 'အဇားဗ်' ရရှိပေသည်။ ဤသဖ်စီးရ်ဖွင့်ဆိုချက်အရ ပြစ်မှုကျူးလွန်ခြင်းနှင့် အမိန့်နာခံခြင်းတို့ကို လူသားအား ဖန်ဆင်းစဉ်မှပင် ထည့်သွင်းထားပြီး ဖြစ်သောအခါ လူသားသည် ထိုအရာကို ပြုလုပ်ခြင်းအပေါ် အဓမ္မပုံစံဖြင့် ပြုကျင့်ရသည်။ ထိုခြေအနေတွင် လူသားသည် မည်သည့် 'စဝါးဗ်' ကုသိုလ်အားလည်းကောင်း၊ 'အဇားဗ်' အပြစ်ဒဏ်အားလည်းကောင်း ထိုက်သက်ရန် မရှိတော့ချေဟူသော သံသယများကိုလည်း ဝေးကွာပပျောက်စေသည်။ ဤသဖ်စီးရ်သည် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၌ ဟဇရသ်အင်မ်ရားန် ဗင်န်ဟူဆိုင်းန် رضي الله عنه သခင်၏ ဆင့်ပြန်ချက်ဖြစ်သော မရ်ဖူးအ်ဟာဒီးစ်မှ တင်ပြခြင်းဖြစ်သည်။ အဘာယ်ကြောင့်ဆိုသော် 'အချို့လူတို့သည် ကိုယ်တော်မြတ် ﷺ အား 'သက္ကဒီးရ်' နှင့် စပ်လျဉ်းသော အကြောင်းများကို မေးမြန်းလျှောက်ထားကြရာ ကိုယ်တော်မြတ် ﷺ က ပြန်လည်ဖြေကြားရာတွင် ဤအာယသ်တော်ကို ဖတ်ပြတော်မူခဲ့သည်။ ဤအာယသ်တော်ဖြင့် 'သက္ကဒီးရ်' နှင့် စပ်လျဉ်းသော ဓမ္မသတ်များအပေါ် ဖြစ်ရှိသော သံသယများကို ဖြေကြားရန် ဖြစ်နိုင်သော ပုံသဏ္ဌာန်မှာ 'ပြစ်မှုကျူးလွန်ခြင်းနှင့် အမိန့်နာခံခြင်းတို့ကို ထည့်သွင်းပေးထားသည်' ဟု ဆိုရာတွင် အလ္လာဟ်အသျှင်မြတ်သည် လူသား၏ စိတ်တွင် ထိုအရာနှစ်မျိုး၏ ဇစ်မြစ်နှင့် အရည်အချင်းများကို ထည့်သွင်းပေးတော်မူခဲ့သည်' အလိုသဘောကို သတ်မှတ်ကောက်ယူမှသာလျှင် ဖြစ်နိုင်ပေမည်။

သို့ရာတွင် လူသားအဖို့ ၄င်းနှစ်မျိုးအနက် တစ်ခုခုကို ပြုလုပ်ရန် အဓမ္မပြုကျင့်စေခြင်းမျိုး မရှိဘဲ ထိုနှစ်မျိုးအနက် မိမိနှစ်သက်ရာကို ရွေးချယ်ပြုလုပ်နိုင်သည့် စွမ်းအားကိုလည်း ချီးမြှင့်တော်မူထားသည်' ဟု ဖြစ်သည်။

ဟဇရသ်အဘူဟူရိုင်ရာဟ် رضي الله عنه သခင်နှင့် အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်တို့မှ ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ သည် ဤအာယသ်တော်ကို ဖတ်ရွတ်တော်မူသောအခါ

اَللّٰهُمَّ اٰتِ نَفْسِىْ تَقْوٰهَا اَنْتَ وَلِيُّهَا وَمَوْلَاهَاوَ اَنْتَ خَيْرُ مَنْ زَكّٰهَا

ဟူသော ဒိုအာကို အသံကျယ်ဖြင့် ဖတ်တော်မူလေ့ ရှိသည် ဟူ၏။ ဒိုအာ၏ အလိုသဘောမှာ 'အို၊ အလ္လာဟ်၊ ကျွန်တော်မျိုး၏ စိတ်တွင် 'သက္ကဝါ' ပြစ်မှုရှောင်ကြဉ်မှုကို ထည့်သွင်း ချီးမြှင့်တော်မူပါ။ အသျှင်မြတ်သည်သာလျှင် ကျွန်တော်မျိုး၏ စိတ်ကို ပိုင်ဆိုင်တော်မူသော အသျှင် ဖြစ်တော်မူပါ၏' ဟု ဖြစ်သည်။

ထို 'ကစမ်' ကျိန်ဆိုမှု (၇) မျိုး၏ နောက်တွင် 'ကစမ်' ကျိန်ဆို တင်ပြအပ်သည့် အကြောင်းအရာကို မိန့်ကြားတော်မူသည်မှာ-

قَدْاَفْلَحَ مَنْ زَكّٰهَا وَقَدْخَابَ مَنْ دَسّٰهَا

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'မိမိ၏ 'နဖ်စ်' စိတ်ရိုင်းကို သန့်ရှင်းအောင် ပြုသူသည် အောင်မြင်သူ' ဖြစ်သည်။ تَزْكِيَّة ၏ မူရင်းအဓိပ္ပာယ်မှာ 'အတွင်းပိုင်း သန့်ရှင်းခြင်း' ဟု ဖြစ်သည်။ အလိုသဘောမှာ

'အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံလျက် မိမိ၏ အပြင်ပိုင်းနှင့် အတွင်းပိုင်းကို သန့်ရှင်းအောင် ပြုသူ'ဟု ဖြစ်သည်။ ထို့နောက် မိမိ၏ စိတ်ကို ပြစ်မှုများ၏ နှံ့၌ နစ်မြုပ်စေသူသည် ပျက်စီးဆုံးရှုံးသူ ဖြစ်သည်။ دَسّٰى ဟူသော စာလုံးသည် دَسَّ မှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'မြေကြီးတွင် မြုပ်နှံခြင်း'ဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် أَمْ يَدُسُّهُ فِي التُّرَابِ ဟု လာရှိသကဲ့သို့ ဖြစ်သည်။

အချို့အဖွင့်ပညာရှင်များက ဤနေရာတွင် زَكّٰى နှင့် دَسّٰى ၌ရှိ ပြုလုပ်သူ နာမ်စားကို အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ လှည့်၍ 'ၾင်း၏ အဓိပ္ပာယ်ကို 'အလ္လာဟ်အသျှင်မြတ်က သန့်ရှင်းအောင် ပြုခြင်းခံရသူသည် အောင်မြင်သောသူ ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်က အပြစ်များ၌ နစ်မွန်းစေခြင်းကို ပြုခံရသူသည် နဖူးစာဆိုးသူ ဖြစ်သည်'ဟု ကောက်ယူကြသည်။ ဤအာယသ်တော်တွင် လူသားအားလုံးကို အုပ်စုနှစ်စု ခွဲလိုက်ခြင်းဖြစ်သည်။ တစ်စုမှာ အောင်မြင်သူဖြစ်ပြီး အခြားတစ်စုမှာ ဆုံးရှုံးသူအုပ်စု ဖြစ်သည်။ ဒုတိယအုပ်စုတွင် ပါဝင်သူတို့အား ဖြစ်ရပ်တစ်ခုကို ဥပမာအနေဖြင့် တင်ပြလျက် ၎င်းတို့၏ ဆိုးရွားသော နိဂုံးရလဒ်မှ သတိပေးနိုးဆော်ထားသည်မှာ 'ထိုနဖူးစာဆိုးယုတ်သူတို့အဖို့ တမလွန်တွင်မှု အလွန်ပြင်းထန်သော အပြစ်ဒဏ်ကို ခံစားရပေမည်။ တစ်ခါတစ်ရံ လောက၌လည်း စမူးဒ်အမျိုးသားများ ကြုံတွေ့ခဲ့ကြရသကဲ့သို့သော အပြစ်ဒဏ်အချို့လည်း ခံစားကြရပေမည်။

فَدَمْدَمَ عَلَيْهِمْ رَبُّهُمْ بِذَنۢبِهِمْ فَسَوّٰهَا

دَمْدَمَ ဟူသော စာလုံးသည် လူတစ်ဦး (သို့) အုပ်စုတစ်စုအပေါ် အကြိမ်ကြိမ်အဖန်ဖန် ကျရောက်၍ နောက်ဆုံးတွင် ပျက်စီးစေသော ပြင်းထန်သည့် 'အဇားဗ်' အပြစ်ဒဏ်အတွက် သုံးနှုန်းသော စာလုံး ဖြစ်သည်။ فَسَوّٰهَا ၏ အလိုသဘောမှာ 'ဤ 'အဇားဗ်'သည် တစ်မျိုးသားလုံးအပေါ် လွှမ်းခြုံသွားသည်။ ထို 'အဇားဗ်'အပြစ်ဒဏ်တွင် ယောကျ်ား၊ မိန်းမ၊ ကလေး၊ သက်ကြီးရွယ်အိုအားလုံးသည် တန်းတူ ပါဝင်သည်'ဟူ၏။ နောက်ဆုံးတွင် وَلَا يَخَافُ عُقْبٰهَا ဟု မိန့်ကြားထားသည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ်ပေးခြင်းနှင့် လူမျိုးစုတစ်စုကို ဖျက်ဆီးပစ်တော်မူခြင်း ကိစ္စကို လောက၏ အရေးကိစ္စများကဲ့သို့ မယူဆလေနှင့်။ အဘယ်ကြောင့်ဆိုသော် ကြီးမားလှစွာသော ဘုရင်တစ်ပါးသည် တစ်မျိုးသားလုံးကို ပျက်စီးစေမည့် အရေးယူမှုမျိုးပြုလုပ်ပါလျှင် ၎င်းတို့အနက် ကျန်ရှိသူတို့သည်လည်းကောင်း၊ ထိုသူတို့၏ မဟာမိတ်များသည်လည်းကောင်း၊ ငါ့အား လက်စားချေလိမ့်မည်ဟု စိုးရိမ်ရခြင်းများ ရှိသည်ကို ဆိုလိုသည်။ အချုပ်မှာ လောကတွင် အခြားသူများကို ကွပ်မျက်ခဲ့သူသည် မိမိကိုလည်း တုန့်ပြန် ကွပ်မျက်ခံရမည်ကို မစိုးရိမ်ဘဲ မရှိကြပေ။ အခြားသူတို့အပေါ် ရန်ပြုသူသည် မိမိအား ရန်ပြုမည့် အရေးကို စိုးရိမ်ခံစားရလေ့ ရှိသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည်ကား ဤသို့ မဟုတ်ပါ။ ထိုအသျှင်မြတ်အဖို့ မည်သည့်အချိန်၌မဆို မည်သူ့ကိုမျှ စိုးရိမ်ကြောက်ရွံ့ရခြင်း မရှိပါချေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်လိုင်လိ

ညဥ့်ကဏ္ဍ

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَاللَّيْلِ إِذَا يَغْشَىٰ ۝١ وَالنَّهَارِ إِذَا تَجَلَّىٰ ۝٢ وَمَا خَلَقَ الذَّكَرَ وَالْأُنثَىٰ ۝٣
إِنَّ سَعْيَكُمْ لَشَتَّىٰ ۝٤ فَأَمَّا مَنْ أَعْطَىٰ وَاتَّقَىٰ ۝٥ وَصَدَّقَ بِالْحُسْنَىٰ ۝٦
فَسَنُيَسِّرُهُ لِلْيُسْرَىٰ ۝٧ وَأَمَّا مَنْ بَخِلَ وَاسْتَغْنَىٰ ۝٨ وَكَذَّبَ بِالْحُسْنَىٰ ۝٩
فَسَنُيَسِّرُهُ لِلْعُسْرَىٰ ۝١٠ وَمَا يُغْنِي عَنْهُ مَالُهُ إِذَا تَرَدَّىٰ ۝١١ إِنَّ عَلَيْنَا لَلْهُدَىٰ ۝١٢
وَإِنَّ لَنَا لَلْآخِرَةَ وَالْأُولَىٰ ۝١٣ فَأَنذَرْتُكُمْ نَارًا تَلَظَّىٰ ۝١٤ لَا يَصْلَاهَا إِلَّا الْأَشْقَى ۝١٥
الَّذِي كَذَّبَ وَتَوَلَّىٰ ۝١٦ وَسَيُجَنَّبُهَا الْأَتْقَى ۝١٧ الَّذِي يُؤْتِي مَالَهُ يَتَزَكَّىٰ ۝١٨
وَمَا لِأَحَدٍ عِندَهُ مِن نِّعْمَةٍ تُجْزَىٰ ۝١٩ إِلَّا ابْتِغَاءَ وَجْهِ رَبِّهِ الْأَعْلَىٰ ۝٢٠

၉၂ : ၁ ။ ။ (ငါအသျှင်မြတ်သည်) ညဥ့်ကို သက်သေထူတော်မူ၏။ အကြင်အခါ၀ယ် ထိုညဥ့်သည် လွှမ်းမိုးလေ၏။

၉၂ : ၂ ။ ။ ၎င်းပြင် နေ့ကို သက်သေထူတော်မူ၏။ အကြင်အခါ၀ယ် ထိုနေ့သည် လင်း၀င်းလေ၏။

၉၂ : ၃ ။ ။ ထို့ပြင် အဖိုကိုလည်းကောင်း၊ အမကိုလည်းကောင်း ဖန်ဆင်းတော်မူသော အသျှင်ကို သက်သေထူတော်မူ၏။

၉၂ : ၄ ။ ။ ဧကန်စင်စစ် အသင်တို့၏ ကြိုးပမ်းဆောင်ရွက်မှုသည် အမျိုးမျိုး ဖြစ်၏။

၈၂ : ၅ ။ ။ သို့ဖြစ်ပေရာ မည်သို့ပင်ဖြစ်စေ၊ အကြင်သူသည် ပေးကမ်းလှူဒါန်းလေ၏။ ၄င်းပြင် ထိုသူသည် (အလ္လာဟ်အသျှင်မြတ်အား) ကြောက်ရွံ့လေ၏။

၈၂ : ၆ ။ ။ ထို့ပြင် ထိုသူသည် ကောင်းမြတ်သော အရာကို ဟုတ်မှန်သည်ဟု ယုံကြည်လက်ခံလေ၏။

၈၂ : ၇ ။ ။ သို့ဖြစ်လျှင် မကြာမီပင် ငါအသျှင်မြတ်သည် ထိုသူ့အား လွယ်ကူမှုသို့ ပို့ပေးတော်မူမည်။

၈၂ : ၈ ။ ။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ၊ အကြင်သူသည် (ပေးကမ်းလှူဒါန်းခြင်းမပြုဘဲ) စေးနှဲ၏။ ၄င်းပြင် ထိုသူအား (မိမိကိုယ်ကို) လိုလားတောင့်တခြင်း ကင်းမဲ့သည်ဟု ထင်မှတ်လေ၏။

၈၂ : ၉ ။ ။ ထို့ပြင် ထိုသူသည် ကောင်းမြတ်သော အရာကို မဟုတ်မမှန်ဟု ငြင်းဆိုလေ၏။

၈၂ : ၁၀ ။ ။ သို့ဖြစ်လျှင် မကြာမီ ငါအသျှင်မြတ်သည် ထိုသူ့အား ခက်ခဲမှုသို့ ပို့ပေးတော်မူမည်။

၈၂ : ၁၁ ။ ။ ၄င်းပြင် ထိုသူသည် တွင်းထဲသို့ ကျသောအခါ၊ ၄င်း၏ ပစ္စည်းဥစ္စာသည် ၄င်း၏ အဖို့ အသုံးဝင်လိမ့်မည် မဟုတ်ပေ။

၈၂ : ၁၂ ။ ။ စကန်မလွဲ တရားလမ်းညွှန်ပြခြင်းသည် ငါအသျှင်မြတ်၏ တာဝန်ပင်ဖြစ်၏။

၈၂ : ၁၃ ။ ။ ထို့ပြင် စကန်မလွဲ တမလွန်လောကကိုလည်းကောင်း၊ ဤမျက်မှောက်လောကကိုလည်းကောင်း ငါအသျှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူ၏။

၈၂ : ၁၄ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် အသင်တို့အား ဟုန်းဟုန်းတောက်လျက်ရှိသော (ငရဲ) မီးနှင့် စပ်လျဉ်း၍ သတိပေးနှိုးဆော်တော်မူခဲ့ပြီး ဖြစ်၏။

၈၂ : ၁၅ ။ ။ ထို (ငရဲ) မီးထဲသို့ အလွန်အကြောင်းမလှသောသူ၊ ယုတ်မာသော သူသာလျှင် လားရမည်ဖြစ်၏။

၈၂ : ၁၆ ။ ။ အကြင် (အကြောင်းမလှသော) သူသည် (နဗီတမန်တော်မြတ်အား) မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကာ (အီမာန်သက်ဝင်ယုံကြည်ခြင်းမှလည်း) မျက်နှာလွှဲခဲ့၏။

၈၂ : ၁၇ ။ ။ သို့ရာတွင် (အလ္လာဟ်အသျှင်မြတ်အား) အလွန်ကြောက်ရွံ့ရှိသေခဲ့ညားသော သူမှာမူ၊ ထို (ငရဲ) မီးမှ ကင်းဝေးစေခြင်းကို ခံရပေမည်။

၉၂ : ၁၈ ။ ။ အကြင် (ကြောက်ရွံ့ရိုသေခဲ့ညားသော) သူသည် မိမိ သန့်ရှင်းစင်ကြယ်ရန်အလို့ငှာ မိမိ၏ ဥစ္စာပစ္စည်းကို ပေးကမ်းလှူဒါန်း၏။

၉၂ : ၁၉ ။ ။ ၎င်း၏ အပေါ်၌ ပြန်လည်ပေးဆပ်ရန်၊ တစ်ဦးတစ်ယောက်၏ ကျေးဇူးတစ်စုံတစ်ရာမျှပင် မရှိပေ။

၉၂ : ၂၀ ။ ။ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ နှစ်သက်ကျေနပ်မှုကို ရယူရန် (ပေးကမ်းလှူဒါန်းခြင်း) သာ ဖြစ်၏။

၉၂ : ၂၁ ။ ။ စင်စစ် ထိုသူသည် မကြာမီ အမှန်ပင် (အသျှင်မြတ်၏ ကျေးဇူးတော်များကြောင့်) ကျေနပ်သွားမည် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် (နေကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း) လွှမ်းမိုးလေသော ညကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။ ၎င်းပြင် ငါအသျှင်မြတ်သည် လင်းဝင်းမှုပြုလေသော နေ့ကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

ထို့ပြင် အဖိုကိုလည်းကောင်း၊ အမကိုလည်းကောင်း ဖန်ဆင်းတော်မူသော အသျှင်မြတ်ကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

(အလ္လာဟ်အသျှင်မြတ်ကို ဆိုလိုခြင်းဖြစ်သည်။ ရှေ့တွင် 'ကစမ်' ကျိန်ဆို တင်ပြအပ်သည့် အကြောင်းအရာကို တင်ပြထားသည်။) ဧကန်စင်စစ် အသင်တို့၏ ကြိုးပမ်းဆောင်ရွက်မှု (ကျင့်စဉ်ကျင့်ရပ်များ) သည် အမျိုးမျိုးအဖုံဖုံ ရှိသည်။

(အလားတူ ထိုကြိုးပမ်းမှုတို့၏ အကျိုးဆက်ရလဒ်များသည်လည်း အမျိုးမျိုးအဖုံဖုံ ရှိပေမည်။) သို့ဖြစ်ပေရာ (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ ဥစ္စာပစ္စည်းများကို) ပေးကမ်းလှူဒါန်း၍ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သူအဖို့လည်းကောင်း၊ ထို့ပြင် ကောင်းမြတ်သော အရာ (အစ္စလာမ်သာသနာတော်) ကို မှန်ကန်သည်ဟု ယုံကြည်လက်ခံသူအဖို့လည်းကောင်း၊ ငါအသျှင်မြတ်သည် ထိုသူ့အား သုခဖြစ်မည့် အရာများအတွက် အစီအမံများ ပြုပေးတော်မူမည်။

(သုခဖြစ်မည့်အရာများမှာ ကောင်းမှုကုသိုလ်ကို ဆိုလိုခြင်းဖြစ်ပြီး၊ ကောင်းမှုကုသိုလ်၏ အကြောင်းခံဖြင့် 'ဂျန္နသ်' ရရှိမည်ကို ဆိုလိုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ဂျန္နသ်' သုခဘုံသည် يُسْر သုခဖြစ်စေမည့် အရာအတွက် အကြောင်းခံနှင့် နေရာဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် يُسْرٰى ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။ ထိုသို့မဟုတ်ပါက يُسْرٰى ၏ အဓိပ္ပာယ်မှာမူ 'လွယ်ကူသော အရာ' ဟု ဖြစ်သည်)

သို့ရာတွင် (ပေးကမ်းလှူဒါန်းရန် 'ဝါဂျိဗ်'ဖြစ်သည်တို့ကို) စေးနဲတွန့်တိုခြင်းနှင့် (အသျှင်မြတ်အား ကြောက်ရွံ့ရမည့်အစား အသျှင်မြတ်အား) အလေးမမှု ပြုခဲ့သူအားလည်းကောင်း၊ ထို့ပြင် ကောင်းမြတ်သော အရာ (အစ္စလာမ်သာသနာတော်) ကို မဟုတ်မမှန်ဟု ငြင်းပယ်သူအားလည်းကောင်း၊ သို့ဖြစ်လျှင် ငါအသျှင်မြတ်သည် ၎င်းအား ဒုက္ခဖြစ်စေမည့်အရာများအတွက် အစီအမံများ ပြုပေးတော်မူမည်။

(ဒုက္ခဖြစ်စေသော အရာများမှာ မကောင်းမှုများကို ဆိုလိုခြင်းဖြစ်ပြီး မကောင်းမှု၏ အကြောင်းခံဖြင့် 'ဂျဟန္နမ်'ငရဲ ရရှိမည်ကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် 'ဂျဟန္နမ်'ငရဲဘုံသည် عُسر ဒုက္ခဖြစ်စေမည့် အရာအတွက် အကြောင်းခံနှင့် နေရာဖြစ်သောကြောင့် عُسرى ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။ အစီအမံများ ပြုပေးမည်ဟူ၍ နှစ်နေရာစလုံးအတွက် မိန့်ကြားခြင်းမှာ ကောင်းမြတ်သော အရာ (သို့) ဆိုးယုတ်သော အရာများကို ၎င်းသူအတွက် လွယ်ကူမှု ပြုပေးမည်။ အလိုအလျောက် ပြုကျင့်မိနေပေလိမ့်မည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ၎င်းနှင့် ပတ်သက်သော အကြောင်းခံများ စုပုံ ရောက်ရှိစေမည်ကို ဆိုလိုခြင်းဖြစ်သည်။ ထို့ပြင် ကောင်းမှုကုသိုလ်များ၏ 'ဂျန္နသ်'သုခဘုံကို ရရှိစေမည့် အကြောင်းတရားများဖြစ်ခြင်းနှင့် မကောင်းမှုတို့သည် 'ဂျဟန္နမ်' ငရဲဘုံသို့ ကျရောက်စေမည့် အကြောင်းတရားများ ဖြစ်ကြောင်းမှာ ထင်ရှားပေသည်။ ဟဒီးစ်တော်တွင်

امامن كان من اهل السعادة فسييسر لعمل اهل السعادة وكذا فى الشّقاوة

နဖူးစားကောင်း လွတ်မြောက်မှုရရှိမည့် သူတို့အတွက် သူမွန်သူမြတ် လွတ်မြောက်မှု ရရှိသူတို့၏ ကျင့်ကြံမှုများကို လွယ်ကူစေမည်။ နဖူးစားဆိုးယုတ်သူတို့၏ အခြေအနေသည်လည်း ထိုနည်းတူစွာ ဖြစ်ပေလိမ့်မည်) ဟု လာရှိထားသည်။) ၎င်းပြင် (ရှေ့တွင် နဖူးစားဆိုးယုတ်သူ၏ အခြေအနေကို တင်ပြထားသည်မှာ) ထိုသူသည် ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ရသောအခါ ၎င်း၏ ပစ္စည်းဥစ္စာသည် ၎င်းအဖို့ မည်မျှ အသုံးဝင်လိမ့်မည် မဟုတ်။ (ပျက်စီးဆုံးရှုံးခြင်းသည် 'ဂျဟန္နမ်'၌ ကျရောက်ခြင်းကို ဆိုလိုသည်)

ဧကန်မလွဲ ငါအသျှင်မြတ်၏ တာဝန်သည် (မိမိ၏ ကတိတော်နှင့်အညီ) တရားလမ်းညွှန်ပြခြင်း ဖြစ်သည်။

(သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ထိုလမ်းညွှန်ပြသခြင်းကို အပြည့်အဝ ပြုလုပ်ပေးခဲ့ပြီး ဖြစ်သည်။ တစ်စုံတစ်ဦးသည် အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် အမိန့်နာခံမှုတို့ကို ပြုခဲ့ပါလျှင် ၎င်းသူအတွက် مَنْ اعطى الخ တွင် တင်ပြထားသည်။ ထို့ပြင် တစ်စုံတစ်ဦးသည် ကုဖ္ဖရ်နှင့် ပြစ်မှုဒုစရိုက်များ၏ လမ်းကို ရွေးချယ်ခဲ့သည်ဖြစ်လျှင် ၎င်းသူအတွက် مَنْ بَخِلَ الخ တွင် တင်ပြထားသည်။)

၎င်းပြင် (မိမိရွေးချယ်သည့် လမ်းအလျောက် အကျိုးဆက်ရလဒ်ကို ပေးပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော်) ဧကန်မုချ တမလွန်လောကသည်လည်းကောင်း၊ ဤမျက်မှောက်လောကသည်လည်း ကောင်း ငါအသျှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူသည်။

(လောကနှစ်ခုစလုံးတွင် ငါအသျှင်မြတ်၏ အုပ်ချုပ်မှုအာဏာသာ ရှိပေမည်။ ထို့ကြောင့် ငါအသျှင်မြတ်သည် လောကတွင် ဤအမိန့်တော်များကို သတ်မှတ်တော်မူခြင်း ဖြစ်သည်။ တမလွန်တွင် ဤအမိန့်တော်များကို ဆန့်ကျင်ခြင်းနှင့် ကိုက်ညီစွာ လိုက်နာခြင်းတို့အပေါ် ကုသိုလ်နှင့် အပြစ်များ ပေးတော်မူမည် ဖြစ်သည်။ ဤအကြောင်းကို فَسَنُيَسِّرُهُ ဟူသော စာသားဖြင့် နှစ်နေရာစလုံးတွင် တင်ပြထားသည်။ ရှေ့တွင် သတိပေးခြင်း ပုံသဏ္ဍာန်ဖြင့် ရှင်းလင်းစွာ မိန့်ကြားတော်မူထားသည်မှာ ငါအသျှင်မြတ်သည် အသင်တို့အား အမျိုးမျိုးအဖုံဖုံ ကျင့်စဉ်လုပ်ရပ်များအတွက် အမျိုးမျိုးသော အကျိုးများကို ပြသထားပြီး ဖြစ်သည်။)

သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် အသင်တို့အား တဟုန်းဟုန်းတောက်လောင်လျက်ရှိသော ငရဲမီးနှင့် စပ်လျဉ်း၍ သတိပေးနှိုးဆော်ခဲ့ပြီးဖြစ်သည်။

(ယင်းအချက်အပေါ် فَسَنُيَسِّرُهُ ဟူသော စာပိုဒ်က ထောက်ပြထားသည်။ သို့မှသာ أَعْطَى الخ ၌ တင်ပြထားသော အီမာန်နှင့် အမိန့်နာခံမှုကို ပြုလုပ်လိုက်နာလျက် ထိုမီးမှ ရှောင်ကြဉ်ခြင်းကိုလည်းကောင်း၊ مَنْ بَخِلَ ၌ တင်ပြထားသော ကုဖွရ်နှင့် ပြစ်မှုများကို ပြုလုပ်၍ 'ဂျဟန္နမ်' ၌ မသွားရလေရန် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် 'ဂျဟန္နမ်'အတွင်း ကျရောက်ခြင်းနှင့် မကျရောက်ခြင်းတို့၏ အကြောင်းခံများမှာ ယင်းအချက်များသာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ရှေ့တွင် ဤအကြောင်းကို ရှင်းလင်း ထားသည်မှာ) ထိုငရဲမီးထဲသို့ (အမြဲထာဝရအတွက်) နဖူးစာဆိုးယုတ်သူသာလျှင် လားရပေမည်။

ထိုသူသည် (မှန်ကန်သော သာသနာတော်ကို) မဟုတ်မမှန်ဟု ငြင်းပယ်ကာ (ထိုသာသနာမှ) မျက်နှာလွှဲခဲ့သူ ဖြစ်သည်။

၄င်းပြင် အကြောက်တရားထားရှိသူတို့မှာ ထို 'ဂျဟန္နမ်'ငရဲမီးမှ ကင်းဝေးစေခြင်းကို ခံရပေမည်။ အကြင်သူသည် မိမိ၏ ဥစ္စာပစ္စည်းကို (အပြစ် 'ဂိုနာဟ်'များမှ) သန့်စင်မှု ရရှိစေရန် ပေးကမ်းမှုပြုသူ ဖြစ်သည်။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ နှစ်မြို့မှုကိုသာ လိုလားသူကို ဆိုလိုခြင်း ဖြစ်သည်။)

၄င်းအပေါ်၌ ပြန်လည်ပေးဆပ်ရန် မည်သူတစ်ဦးတစ်ယောက်၏ ကျေးဇူးတစ်စုံတစ်ရာမျှ မရှိပေ။ ကြီးကျယ် မြင့်မြတ်တော်မူသော မိမိအား ဖန်ဆင်းမွေးမြူတော်မူသော ငါအသျှင်မြတ်၏ ကျေနပ်နှစ်သက်မှုကိုသာ ရယူရန် ပေးကမ်းလှူဒါန်းခြင်းသာ ဖြစ်သည်။ (ဤနေရာတွင် စိတ်ထားမှန်ကန်မှုသည် များစွာ အရေးကြီးကြောင်းကို တင်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ဦး၏ ကျေးဇူးကို တုန့်ပြန် ကျေးဇူးဆပ်ခြင်းမှာ ပင်ကိုယ်အရ 'မွတ်စ်သဟဗ်' နှင့် အမြတ်ဆုံးဖြစ်ပြီး 'စဝါးဗ်' ကုသိုလ် ရရှိမည့် လုပ်ရပ် ဖြစ်သော်ငြားလည်း ပို၍ ထူးမြတ်ခြင်းတွင် ကျေးဇူးဆပ်ခြင်းမဟုတ်ဘဲ မိမိဘက်မှစ၍ ပထမဦးစွာ ကျေးဇူးပြုခြင်းနှင့် တန်းတူ မဖြစ်နိုင်ပေ။ သို့ဖြစ်ပေရာ ထိုသူ၏ အသျှင်မြတ်၏ လမ်းတော်၌ ပေးကမ်းလှူဒါန်းခြင်းတွင် ကျေးဇူးဆပ်ခြင်းဟူသော ရည်ရွယ်ချက် ရောနှောနေခြင်းမပါရှိပါက ပြစားမှု

အစရှိသော အပြစ်ထိုက်စေသော အချက်များ ပို၍ပင် ရောနှောပါဝင်ခြင်း မရှိနိုင်တော့ချေ။ ဤသည်ပင် ပြည့်ဝသော စိတ်ထား မှန်ကန်မှု ဖြစ်သည်။)

၎င်းပြင် (အထက်တွင် 'ဂျဟန္နမ်'မှ လွတ်ကင်းကြောင်းကို မိန့်ကြားခံရသူအတွက် ရှေ့တွင် တမလွန်၏ စည်းစိမ်သုခများ ရရှိမည့်အကြောင်း မိန့်ကြားသည်မှာ) ဤသူသည် များမကြာမီ ကျေနပ်သွားပေလိမ့်မည်။ (တမလွန်တွင် အမြဲထာဝရ ပျော်ရွှင်စေမည့် စည်းစိမ်သုခများ ရရှိပေလိမ့်မည်ဟု ဆိုလိုသည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

اِنَّ سَعۡيَكُمۡ لَشَتّٰى

ဤစာပိုဒ်သည် စူရာဟ် 'အင်နိရှိကားက်' တွင် اِنَّكَ كَادِحٌ اِلٰى رَبِّكَ كَدۡحًا ဟု လာရှိသကဲ့သို့ ဖြစ်သည်။ ၎င်း၏ သဖ်စီးရ်ဖွင့်ဆိုချက်ကို တင်ပြခဲ့ပြီးဖြစ်သည်။ အလိုသဘောမှာ 'လူသားသည် မိမိ၏ သဘာဝ ပင်ကိုယ်ဗီဇအရ လုပ်ငန်းတစ်ခုခုအတွက် ကြိုးစားအားထုတ်မှု၊ ဒုက္ခခံမှုများကို ပြုလုပ်သော အလေ့အထ ရှိသည်။ သို့ရာတွင် အချို့လူတို့သည် မိမိ၏ ကြိုးပမ်းအားထုတ်မှုကို အမြဲထာဝရ သုခချမ်းသာ ရရှိရေးအတွက် လုပ်ကိုင်ကြသည်။ အချို့လူတို့မှာ မိမိ၏ ဤဒုက္ခခံ ကြိုးပမ်းအားထုတ်မှုကို ထာဝရငရဲ အတွက် ဝယ်ယူကြသည်။ ဟဒီးစ်တော်၌ လာရှိသည်မှာ 'လူသားတိုင်းသည် နံနက်အိပ်ရာမှ ထ၍ မိမိကိုယ်ကို ရောင်းဝယ်ဖောက်ကားမှု၌ ထည့်လိုက်သည်။ အချို့လူတို့သည် ဤရောင်းဝယ်ဖောက်ကားမှု၌ အောင်မြင်၍ မိမိကိုယ်မိမိအား တမလွန်၏ 'အဇားဗ်'အပြစ်ဒဏ်မှ လွတ်မြောက်စေခဲ့သည်။ အချို့သူတို့မှာကား မိမိတို့၏ ကြိုးပမ်းမှုသည်ပင် မိမိတို့၏ ပျက်စီးဆုံးရှုံးရသည့် အကြောင်းခံ ဖြစ်သွားကြသည်။ သို့ရာတွင် အသိဉာဏ်ဖြင့် စဉ်းစားရမည်မှာ ဦးစွာပထမ မိမိ၏ ကြိုးပမ်းအားထုတ်မှု၏ နိဂုံးရလဒ်ကို စဉ်းစားဆင်ခြင်ခြင်း ဖြစ်သည်။ အခိုက်အတန့်အတွက်သာ အဆင်ပြေ၍ အရသာရှိပြီး အမြဲထာဝရ 'အဇားဗ်'အပြစ်ဒဏ်နှင့် ပူဆွေးသောက ဖြစ်နေရမည့် အကြောင်းခံဖြစ်စေသော လုပ်ရပ်များ၏ အနီးသို့ပင် မကပ်ရန် ဖြစ်သည်။

ကြိုးပမ်းအားထုတ်မှုအရ လူသားများတွင် အုပ်စုနှစ်စု ဖြစ်ပေါ်လာခြင်း

ရှေ့တွင် ကုရ်အာန်ကျမ်းတော်မြတ်သည် ကြိုးပမ်းအားထုတ်မှုအရ လူသားများတွင် အုပ်စုနှစ်စု ဖြစ်ပေါ်လာခြင်းကို ပြသထားသည်။ ထိုအုပ်စုနှစ်စုတွင် ဂုဏ်ရည် (၃) ခုစီ ရှိသည်ကိုလည်း တင်ပြထားသည်။ ပထမအုပ်စုမှာ အောင်မြင်မှု ရရှိသူတို့၏ အုပ်စုဖြစ်သည်။ ၎င်းတို့၏ ကျင့်စဉ် (၃) ရပ်မှာ-

اَمَّا مَنۡ اَعۡطٰى وَاتَّقٰى وَصَدَّقَ بِالۡحُسۡنٰى

တို့ ဖြစ်သည်။ ဆိုလိုသည်မှာ 'ထိုသူသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် ဥစ္စာပစ္စည်းများ ကို သုံးစွဲခဲ့သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့လျက် ဘဝသက်တမ်း၏ ရှုထောင့်တိုင်း

တွင် ထိုအသျှင်မြတ်၏ အမိန့်တော်များကို ဆန့်ကျင်ခြင်းမှ ရှောင်ကြဉ်လျက် ရှိခဲ့သည်။ ထို့ပြင် ထိုသူသည် ကောင်းမြတ်သော စကားကို လက်ခံခဲ့သူ ဖြစ်သည်။'

'ကောင်းမြတ်သော စကား' ဟူသည်မှာ အီမာန်ရှင်ဖြစ်သော စာသား

لَا اِلٰهَ اِلَّا اللهُ مُحَمَّدٌ رَّسُوْلُ اللهِ

ကို ဆိုလိုသည်။ (အိဗ်နေအဗ္ဗားစ် ﷺ သခင်၊ ဒွဟ်ဟားက် (ရဟ) သခင်နှင့် စလ်မာ ﷺ သခင်မတို့က ဤအတိုင်း မိန့်ဆိုခဲ့ကြသည်။)

ဤ 'ကလေမာဟ်' စာပိုဒ်များကို သက်ဝင်ယုံကြည်ခြင်းဟူသည် အီမာန်သက်ဝင် ယုံကြည်ခြင်းကို ဆိုလိုသည်။ စင်စစ် အီမာန် သက်ဝင်ယုံကြည်ခြင်းသည် ကျင့်စဉ်လုပ်ရပ် အားလုံးတို့၏ အသက်ဝိညာဉ်နှင့် ရှေ့ဆုံးမှ ရှိသောအရာ ဖြစ်သည်။ ၎င်းတို့ကို ဤနေရာ၌ နောက်ချန်၍ တင်ပြရခြင်းတွင် ဖြစ်နိုင်သော အကြောင်းမှာ ဤနေရာတွင် ကြိုးပမ်းအားထုတ်မှုအကြောင်းကို တင်ပြနေသည်ဖြစ်ရာ ယင်းကြိုးပမ်းအားထုတ်မှုတို့သည် ပြုကျင့်လုပ်ဆောင်ရသော ကျင့်စဉ်များသာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အီမာန်သက်ဝင်ယုံကြည်ခြင်းမှာမူ စိတ်တွင်း၌ အလ္လာဟ်အသျှင်မြတ်ကိုလည်းကောင်း၊ ထိုအလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ကိုလည်းကောင်း လက်ခံယုံကြည်ရသော စိတ်နှလုံးသားဖြင့် လုပ်ဆောင်ရသော လုပ်ရပ်ဖြစ်သည်။ ၎င်းနောက် နှုတ်မှလည်း 'ကလေမာဟ်ရှဟာဒသ်'၏ စကားလုံးများဖြင့် မြွက်ဟဝန်ခံရပေမည်။ ထိုအရာနှစ်မျိုးတွင် မည်သို့မျှ ကိုယ်ခန္ဓာ၏ ကြိုးပမ်းအားထုတ်မှု မရှိသည်မှာ ထင်ရှားသည်။ ၎င်းတို့ကို ကျင့်စဉ်လုပ်ရပ်များ၏ စာရင်းတွင်လည်း ထည့်သွင်းကြခြင်း မရှိပေ။

ဒုတိယအုပ်စုတွင်လည်း လုပ်ရပ် (၃) ခုကို တင်ပြမိန့်ကြားထားသည်။

وَاَمَّا مَنْۢ بَخِلَ وَاسْتَغْنٰى وَكَذَّبَ بِالْحُسْنٰى

ဆိုလိုသည်မှာ ထိုသူသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ 'ဖွရဇ်'ဖြစ်သော 'ဇကားသ်'နှင့် 'ဝါဂျိဗ်'ဖြစ်သော 'စွဒ်ကာဟ်'များ သုံးစွဲလှူဒါန်းရန် စေးနဲတွန့်တိုခဲ့သည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်း၊ ထိုအသျှင်မြတ်ဘက်သို့ ဦးညွတ်ခြင်းနှင့် အမိန့်နာခံခြင်းတို့ ပြုရမည့်အစား ထိုအရာများကို အလေးမမူခြင်း၊ ဂရုမစိုက်ခြင်းများကို ပြုခဲ့သည်။ ထို့ပြင် ကောင်းမြတ်သော စကား (ဝါ) အီမာန်သက်ဝင်ယုံကြည်သော စာပိုဒ်များကို ငြင်းပယ်ခဲ့သူ ဖြစ်သည်။

ထိုအုပ်စုနှစ်စုအနက် ပထမအုပ်စုနှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူသည်မှာ-

فَسَنُيَسِّرُهٗ لِلْيُسْرٰى

ဟု ဖြစ်သည်။ يُسْرٰى ၏ အဓိပ္ပာယ်မှာ 'လွယ်ကူခြင်းနှင့် သုခချမ်းသာ၊ ဒုက္ခမရှိသော အရာ' ဟု ဖြစ်သည်။ 'ဂျန္နသ်' ကို ဆိုလိုသည်။ အလားတူ ၎င်းတို့၏ ဆန့်ကျင်ဘက်၌ရှိသော ဒုတိယအုပ်စုနှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူသည်မှာ-

فَسَنُيَسِّرُهٗ لِلْعُسْرٰى

ဟု ဖြစ်သည်။ عُسْرٰى ၏ အဓိပ္ပာယ်မှာ 'ခက်ခဲခြင်းနှင့် ဒုက္ခရှိသော အရာ' ဟု ဖြစ်သည်။ 'ဂျဟန္နမ်'ကို ဆိုလိုခြင်း ဖြစ်သည်။ ထိုစာပိုဒ်နှစ်ပိုဒ်၏ အဓိပ္ပာယ်မှာ ထိုသူတို့သည် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများကို ပထမလုပ်ရပ် (၃) မျိုးနှင့် စပ်လျဉ်း၍ ပြုလုပ်ခဲ့ကြသည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲခြင်း၊ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်းနှင့် အီမာန်သက်ဝင်ယုံကြည်မှုကို ထောက်ခံခြင်းတို့ကို ပြုလုပ်သူများအား ငါအသျှင်မြတ်သည် يُسْرٰى (ဝါ) 'ဂျန္နသ်'၏ ကျင့်စဉ်လုပ်ရပ်များကို လွယ်ကူမှုပြုပေးတော်မူမည်။ ထို့ပြင် ကြိုးပမ်းအားထုတ်မှုကို အခြားသော လုပ်ရပ် (၃) မျိုးတွင် အားစိုက်ခဲ့သူများကို ငါအသျှင်မြတ်သည် عُسْرٰى (ဝါ) 'ဂျဟန္နမ်'၏ ကျင့်စဉ်လုပ်ရပ်များကို လွယ်ကူမှု ပြုပေးတော်မူသည်။ ဤနေရာတွင် အမှန်စင်စစ် ၎င်းတို့အတွက် 'ဂျန္နသ်' ရရှိစေမည့် ကျင့်စဉ်လုပ်ရပ်များ (သို့) 'ဂျဟန္နမ်'အတွင်း ကျရောက်စေမည့် ကျင့်စဉ်လုပ်ရပ်များကို လွယ်ကူစွာ ပြုပေးတော်မူပေမည်' ဟု မိန့်ကြားရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လွယ်ကူမှုဖြစ်ခြင်း၊ (သို့) ခက်ခဲမှုဖြစ်ခြင်းတို့သည် ကျင့်စဉ်လုပ်ရပ်များ၏ ဂုဏ်ရည်သာ ဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ လူပုဂ္ဂိုလ်တို့အားဖြင့် လွယ်ကူမှုနှင့် ခက်ခဲမှုတို့ ဖြစ်မလာပေ။

သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် ဤအကြောင်းကို ခိုင်းနှိုင်းတင်ပြ၍ မိန့်ကြားသည်မှာ ထိုသူတို့၏ ပင်ကိုယ်မူလနှင့် ဖြစ်ပေါ်တည်ရှိမှုသည်ပင် ထိုကျင့်စဉ်လုပ်ရပ်များအတွက် လွယ်ကူမှု ပြုပေးခြင်း ခံရပေမည်' ဟု ဖြစ်သည်။

ဤနေရာတွင် ပထမအုပ်စုအတွက် 'ဂျန္နသ်'၏ ကျင့်စဉ်လုပ်ရပ်များသည် ၎င်းတို့၏ ပင်ကိုယ်ဗီဇများအဖြစ် ပြုပေးခြင်း ခံရပေမည်။ ထိုပင်ကိုယ်ဗီဇနှင့် ဆန့်ကျင်၍ ပြုလုပ်ရာတွင် ၎င်းတို့မှာ ဒုက္ခဖြစ်သည်ဟု ခံစားကြရပေမည်။

အလားတူ ဒုတိယအုပ်စုသည် 'ဂျဟန္နမ်'၏ လုပ်ရပ်များကို နှစ်သက်ခုံမင်သူများအဖြစ် ပြုပေးခြင်း ခံရပေမည်။ ၎င်းတို့သည် ထိုလုပ်ရပ်များဖြင့်သာ ပျော်ရွှင်ချမ်းမြေ့ကြပေမည်။ 'ဂျန္နသ်'၏ ကျင့်စဉ်လုပ်ရပ်များကို ၎င်းတို့သည် ရွံရှာမုန်းတီးကြပေမည်'ဟူသော အချက်ကို ညွှန်းဆိုပြသခြင်း ဖြစ်သည်။ ထိုအုပ်စုနှစ်စု၏ ပင်ကိုယ်ဗီဇများတွင် ဤအခြေအနေများ ပေါ်ပေါက်စေခြင်းကို ဤသည် ၎င်းတို့ကိုယ်တိုင်သည်ပင် ထိုလုပ်ရပ်များအတွက် လွယ်ကူမှုဖြစ်သွားသည်'ဟု ခိုင်းနှိုင်း မိန့်ကြားထားသည်။ မရ်ဖူးအ်ဟဒီးစ်တော်တစ်ပါး၌ ဤအကြောင်းအပေါ် ထောက်ခံသမှု ဤသို့ လာရှိထားသည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

اِعملوا فكلٌ مّيسّر لما خلق له امّا من كان من اهل السعادة فسييسّر لعمل السعا دة وامّا من كان من اهل الشقا وة فسييسّر لعمل اهل الشّقا وة

[ဘိုခါရီ၊ မွတ်စ္စလင်ကျမ်း။]

ဆိုလိုသည်မှာ 'အသင်တို့ ပြုလုပ်ရမည့် အလုပ်ကို ပြုလုပ်လျက်သာ ရှိနေပါ။ အဘယ်ကြောင့် ဆိုသော် လူတိုင်းလူတိုင်းအဖို့ မိမိတို့အတွက် ဖန်ဆင်းခြင်းခံရသော အလုပ်သာလျှင် လွယ်ကူမှုပြုပေးခံရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် နဖူးစာကောင်းမြတ်သူတို့သည် နဖူးစာကောင်းစေသော အလုပ်သာလျှင် ၎င်းတို့၏ ပင်ကိုယ်ဗီဇ ဖြစ်သွားရသည်။ ထို့ပြင် နဖူးစာဆိုးယုတ်သူ (ဂျဟန္နမီ) တို့အဖို့ နဖူးစာဆိုးယုတ်စေသော အလုပ်များကို ပြုလုပ်ခြင်းသည်သာ ၎င်းတို့၏ ပင်ကိုယ်သဘာဝ ဗီဇဖြစ်သွားရသည်။ သို့သော်လည်း ဤအချက်နှစ်ချက်စလုံးသည် မိမိတို့အား အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်တော်မူထားသည့် လုပ်ပိုင်ခွင့်အရည်အချင်းများကို ပြုလုပ်သုံးစွဲခြင်း၏ အကျိုးဆက်အဖြစ် ရရှိခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် ၎င်းတို့အပေါ်၌ 'စဝါးဗ်'ကုသိုလ်နှင့် 'အဇားဗ်'အပြစ်ဒဏ်များ သတ်မှတ်စီရင်ခြင်းကို မပြုအပ်ဟု အလျဉ်းပြောဆိုခြင်း မပြုအပ်ပေ။ ထို့နောက်တွင် နဖူးစာဆိုးယုတ်သည့် အုပ်စုဖြစ်သော ငရဲသားများကို သတိပေးနှိုးဆော်သည်မှာ

وَمَا يُغْنِى عَنْهُ مَالُهُ إِذَا تَرَدَّى

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ပစ္စည်းဥစ္စာအတွက် ဤနဖူးစာဆိုးယုတ်သူသည် 'ဝါဂျိဗ်'ဖြစ်သော တာဝန်ဝတ္တရားများတွင်လည်း စေးနဲတွန့်တိုခဲ့သည်ဖြစ်သော်လည်း 'အဇားဗ်'အပြစ်ဒဏ် ကျရောက်လာချိန်တွင် ၎င်းပစ္စည်းဥစ္စာများသည် ထိုသူ့အဖို့ မည်သို့မျှ အသုံးဝင်လိမ့်မည်မဟုတ်ပေ'ဟု ဖြစ်သည်။ تَرَدَّى ၏အဓိပ္ပာယ်မှာ 'ချောက်အတွင်း၌ ကျရောက်ခြင်းနှင့် ပျက်စီးခြင်း' ဟု ဖြစ်သည်။ သေပြီးနောက် 'ကဗရ်' အတွင်း၌လည်းကောင်း၊ 'ကေယာမသ်'တွင် 'ဂျဟန္နမ်'၏ ချောက်ထဲသို့ ကျရောက်မည့် အခါ၌လည်းကောင်း ဤပစ္စည်းဥစ္စာသည် ၎င်းအား မည်သို့မျှ အကျိုးပြုမည်မဟုတ်' ဟု ဆိုလိုခြင်းဖြစ်သည်။

لَا يَصْلٰهَا إِلَّا الْأَشْقَى ۝ الَّذِى كَذَّبَ وَتَوَلّٰى

ဤသည်မှာ 'ဂျဟန္နမ်' ငရဲမီး၏ အခြေအနေကို တင်ပြခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နဖူးစာဆိုးယုတ်သူသည်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်မြတ် ﷺ ကို ငြင်းပယ်၍ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်ကိုယ်တော်မြတ် ﷺ ၏ အမိန့်တော်များမှ မျက်နှာလွှဲဖယ် ကျောခိုင်းသူသည်လည်းကောင်း 'ဂျဟန္နမ်'သို့ လားရမည်ဟူ၍ ဖြစ်သည်။ အလ္လာဟ်နှင့် ရစူလ်ကို ငြင်းပယ်ခြင်းမှာ ကာဖိရ်သာ ဖြစ်နိုင်ကြောင်း ထင်ရှားသည်။ ဤအချက်ဖြင့် အပြစ်ကျူးလွန်သော မုအ်မင်န်သည် မဟုတ်မမှန်ဟု ငြင်းဆိုသော အပြစ်ကို ကျူးလွန်သူမဟုတ်လျှင် 'ဂျဟန္နမ်'သို့ သွားရမည်မဟုတ်ဟု မှတ်ယူသိရှိရပေသည်။ အမှန်စင်စစ် ကုရ်အာန်နှင့် ဟဒီးစ်တော်တို့၏ အမိန့်များစွာတို့တွင် 'မုအ်မင်န်သည်လည်း အပြစ်ကျူးလွန်ပြီး အကယ်၍ 'သောင်ဗာဟ်'မပြုခဲ့လျှင်လည်းကောင်း။ (သို့) တစ်စုံတစ်ဦး၏ 'ရှဖာအသ်' ဖြင့်လည်းကောင်း၊ (သို့) 'ရဟ်မသ်'ကရုဏာတော်သက်သက်ဖြင့် ၎င်းအား ခွင့်လွှတ်ချမ်းသာပေးခြင်း မခံရလျှင်လည်းကောင်း ယင်းမုအ်မင်န်သည်လည်း 'ဂျဟန္နမ်'၌ လားရပေမည်။ မိမိ၏ အပြစ်ဒုစရိုက်

တို့၏ အပြစ်ဒဏ်ကို ခံယူပြီးသည့်အထိ 'ဂျဟန္နမ်'၌ နေကြရပေမည်။ သို့ရာတွင် အပြစ်များ ခံစားပြီးသော အခါ 'ဂျဟန္နမ်'မှ ထုတ်ယူခြင်းခံရပေမည်။ ထို့နောက် အီမာန်၏ 'ဗရ်ကသ်'ဖြင့် 'ဂျန္နသ်' ၌ ဝင်ရောက် ရပေမည်'ဟူသော အကြောင်းအရာများဖြင့် ပြည့်နှက်နေပေသည်။ အပေါ်ယံအားဖြင့် ဤအာယသ်တော်၏ စာလုံးများသည် ဖော်ပြပါကုရ်အာန်နှင့် ဟဒီးစ်တော်တို့၏ အဓိပ္ပါယ်နှင့် ဆန့်ကျင်နေသည်။

ထို့ကြောင့် ဤအာယသ်တော်၏ အလိုသဘောကို ကုရ်အာန်၏ အခြားအာယသ်တော်များနှင့် ဆွဟီးဟ်ဟဒီးစ်တော်များနှင့် ဆန့်ကျင်မှုမရှိသော အလိုသဘောဖြင့် ဖွင့်ဆိုရန် အရေးကြီးသည်။ ၎င်းအတွက် အလွန်လွယ်ကူသော ရှင်းလင်းပြချက်မှာ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် တင်ပြခဲ့သည့်အတိုင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤနေရာတွင် 'ဂျဟန္နမ်'သို့ ဝင်ရောက်ခြင်း၏ အလိုသဘောမှာ အမြဲထာဝရ ဝင်ရောက်ရခြင်းကို ဆိုလိုသည်။ ဤကဲ့သို့ ဝင်ရောက်ခြင်းမှာ ကာဖိရ်များအတွက်သာ အထူးသတ်မှတ် ထားသည်။ မုအ်မင်န်တို့သည် တစ်ချိန်မဟုတ် တစ်ချိန် မိမိ၏ အပြစ်ဒုစရိုက်များ၏ အပြစ်ဒဏ်ကို ခံစား ပြီးနောက် 'ဂျဟန္နမ်'မှ ထုတ်ပေးခြင်းခံရပေမည်။

သဖ်စီးရ်အဖွင့်ပညာရှင်တို့သည် ဤရှင်းလင်းတင်ပြချက်အပြင် အခြားသော ရှင်းလင်းတင်ပြချက် များကိုလည်း တင်ပြထားကြသည်။ ၎င်းတို့၏ ရှင်းလင်းတင်ပြချက်များသည်လည်း သူ့နေရာနှင့်သူ မှန်ကန် မှု ရှိနိုင်သည်။ သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် ဤအကြောင်းနှင့် စပ်လျဉ်း၍ အကြောင်းပြချက်တစ်ရပ်ကို တင်ပြထားသည်။ ဤအာယသ်တော်တွင် اَشْقٰى နှင့် اَتْقٰى ၏ အလိုသဘောမှာ အားလုံးတို့အတွက် မဟုတ်ဘဲ ကိုယ်တော်မြတ် ﷺ ၏ ခေတ်သမယတွင် ရှိခဲ့သူများကို ဆိုလိုခြင်းဖြစ်သည်။ ထိုသို့ ရှိခဲ့သူများ အနက် မွတ်စ္စလင်မ်အချို့သည် အပြစ်ဒုစရိုက်များ ကျူးလွန်ခဲ့ကြသည့်တိုင် ကိုယ်တော်မြတ် ﷺ ၏ အသိုင်း အဝိုင်း၏ 'ဗရ်ကသ်'ဖြင့် 'ဂျဟန္နမ်'၌ လားရမည် မဟုတ်ပေ။

ဆွဟာဗာအားလုံးတို့သည် 'ဂျဟန္နမ်'ငရဲမှ ကာကွယ်စောင့်ရှောက်ခြင်းခံရသူများ ဖြစ်ကြခြင်း

အကြောင်းမှာ ပထမဦးစွာ ၎င်းတို့အနက် ပြစ်မှုဒုစရိုက် ကျူးလွန်သူဟူသည် အလွန်တရာမှ ရှားပါး လှသည်။ အကယ်၍ ၎င်းတို့တွင် တစ်ဦးတစ်ယောက်သည် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်လိုက်သည် ဆိုပါ လျှင်လည်း တမလွန်ကို ကြောက်ရွံ့မှုကြောင့် 'သောင်ဗာဟ်'ပြုလုပ်လိုက်သည်သာ ဖြစ်သည်။ တစ်ဖန် ၎င်း၏ ပြစ်မှုတစ်ခုအစား ၎င်းသူပြုကျင့်သော ကောင်းမှုကုသိုလ်များကြောင့် ၎င်း၏ အပြစ်သည် ပလပ် ခြင်းခံရနိုင်သည်အထိ ကောင်းမှုကုသိုလ်များကို များစွာ ပြုကျင့်ခဲ့ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

اِنَّ الْحَسَنٰتِ يُذْهِبْنَ السَّيِّاٰتِ

ဟု လာရှိထားပြီးဖြစ်သည်။ ဆိုလိုသည်မှာ 'ကောင်းမှုများသည် မကောင်းမှုများကို ချေဖျက်သော အရာများ ဖြစ်သွားသည်'ဟူ၏။ ထို့ပြင် ကိုယ်တော်မြတ် ﷺ ၏ အသိုင်းအဝိုင်းကို ရရှိခြင်းဟူသည့် ကောင်းမှု

သည် အခြားသော ကောင်းမှုများအပေါ် လွှမ်းမိုးမှုလည်း ရှိပေသည်။ ဟဒီးစ်တော်တွင် ကောင်းမြတ်သော အွမ္မသ်သားများနှင့် စပ်လျဉ်း၍ လာရှိသည်မှာ-

هُمْ قوم لا يشقى جليسهم ولا يخاب انيسهم

ဟု ဖြစ်သည်။ *[ဘိုခါရီ၊ မွတ်စ္စလင်မ်]*

ဆိုလိုသည်မှာ ဤသူများမှာ ၎င်းတို့နှင့်အတူ နေထိုင်သူများအဖို့ ဆုံးရှုံးမှုမဖြစ်နိုင်ပေ။ ထို့ပြင် ၎င်းတို့နှင့် ချစ်ခင်ရင်းနှီးသူများအဖို့ နဖူးစာမဲ့သူ မဖြစ်စေနိုင်သောသူများ ဖြစ်ကြသည်' ဟူ၏။ သို့ရှိရာ တမန်တော်မြတ် ﷺ ၏ အသိုင်းအဝိုင်းကို ရရှိခဲ့သူများသည် မည်သို့ နဖူးစာဆိုးယုတ်သူ ဖြစ်နိုင်အံ့နည်း။

ထို့ကြောင့် ဆွဟီးဟ်ဟဒီးစ်တော်များတွင် ထိုအချက်နှင့် စပ်လျဉ်း၍ ရှင်းရှင်းလင်းလင်း တင်ပြချက်များ ရှိသည်မှာ 'ဆွဟာဗာအားလုံးတို့သည် 'ဂျဟန္နမ်' ငရဲမှ လွတ်ကင်းသူများ ဖြစ်ကြသည်' ဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဆွဟာဗာတို့နှင့် စပ်လျဉ်း၍

وَكُلًّا وَّعَدَ اللّٰهُ الْحُسْنٰى

ဟု လာရှိထားသည်။ ဆိုလိုသည်မှာ ၎င်းတို့အနက် တစ်ဦးတိုင်းစီအတွက် အလ္လာဟ်အသျှင်မြတ်သည် حُسنى (ဝါ) 'ဂျန္နသ်'၏ ကတိတော် ပြုထားတော်မူသည်'ဟု ဖြစ်သည်။ အခြားအာယသ်တော်တစ်ပါးတွင်

اِنَّ الَّذِيْنَ سَبَقَتْ لَهُمْ مِنَّا الْحُسْنٰى اُولٰٓئِكَ عَنْهَا مُبْعَدُوْنَ

ဟု လာရှိထားသည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်ဘက်တော်မှ حُسنى ကို ချီးမြှင့်မည်ဟု သတ်မှတ်ခြင်း ခံရသူတို့သည် 'ဂျဟန္နမ်' ၏ မီးမှ ဝေးကွာကြပေလိမ့်မည်' ဟု ဖြစ်သည်။ ဟဒီးစ်တော် တစ်ရပ်တွင် ကိုယ်တော်မြတ် ﷺ ၏ မိန့်ကြားချက် လာရှိသည်မှာ 'ဂျဟန္နမ်၏ မီးသည် ငါကိုယ်တော်အား မြင်တွေ့ခဲ့သူကို ထိလိမ့်မည်မဟုတ်ပေ' ဟု ဖြစ်သည်။ *[သိရ်မေဇီကျမ်း]*

وَسَيُجَنَّبُهَا الْاَتْقَى الَّذِىْ يُؤْتِىْ مَالَهٗ يَتَزَكّٰى

ဤသည် နဖူးစာဆိုးယုတ်သူတို့၏ အခြားတစ်ဖက်၌ရှိသော 'သက္ကဝါ'အမျိုက်တော်ရမည့် အကြောင်း ကိစ္စရပ်များမှ အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့ကာ ရှောင်ကြဉ်ခြင်းတရား လက်ကိုင်ထားသည့် နဖူးစာ ကောင်းမြတ်သူတို့အား ကောင်းကျိုး အစားပေးခြင်းအကြောင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် اتقى အသျှင်မြတ်၏ အမိန့်နာခံမှုတွင် ပြည့်ဝသော အရည်အချင်း ရရှိသွားသူသည် မိမိ၏ ဥစ္စာပစ္စည်းကို အလ္လာဟ် အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲရာတွင် မိမိ၏ အပြစ်များမှ သန့်ရှင်းစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် သုံးစွဲခဲ့သည်။ ထိုကဲ့သို့သော သူသည် 'ဂျဟန္နမ်'၏ မီးမှ ဝေးကွာစေခြင်း ခံရပေမည်။

အာယသ်တော်၏ စာလုံးများမှာ အများအတွက် ဖြစ်သည်။ မည်သူပင်ဖြစ်စေ၊ အီမာန်သက်ဝင်ယုံကြည်မှုနှင့်အတူ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် မိမိ၏ ဥစ္စာပစ္စည်းကို သုံးစွဲခြင်းပြုပါလျှင် ထိုသူ့အတွက် ဤသတင်းကောင်း ရှိပေသည်။ သို့ရာတွင် شان نزول 'ရှာနေနုဇူးလ်' (အာယသ်တော် ကျရောက်လာရခြင်း၏ အကြောင်းခံဖြစ်ရပ်အရ اتقى ဟူသော စာလုံး၏ တိုက်ရိုက် ရည်ညွှန်းတင်ပြခံရသူမှာ ဟဇရသ်စိဒ္ဒီးက်အဗူဗကရ် ﵁ သခင်ဖြစ်ကြောင်း သိရှိရသည်။ အိဗ်နေအဘီဟာသင်မ် (ရဟ) သည် ဟဇရသ်အုရ်ဝဟ် ﵁ သခင်ထံမှဆင့်ပြန်တင်ပြသော ဆင့်ဆိုချက်ကို ဆင့်ပြန် တင်ပြခဲ့သည်မှာ 'ကာဖိရ်တို့က မိမိတို့၏ ကျွန်အဖြစ် ပြုထားသော မွတ်စ္စလင်မ် (၇) ဦး ရှိခဲ့သည်။ ထိုကျွန်များ မွတ်စ္စလင်မ် ဖြစ်လာခဲ့ကြသောအခါ ကာဖိရ်တို့သည် အမျိုးမျိုးအဖုံဖုံ ဒုက္ခများ ပေးခဲ့ကြသည်။ ဟဇရသ်အဗူဗကရ် စိဒ္ဒီးက် ﵁ သခင်သည် မိမိ၏ များစွာသော ငွေကြေးများကို သုံးစွဲ၍ ၄င်းတို့အား ကာဖိရ်များထံမှ ဝယ်ယူလျက် သူကောင်းပြုပေးခဲ့သည်။ ထိုသို့ ဝယ်ယူ၍ သူကောင်းပြုပေးခြင်းအပေါ် ဤအာယသ်တော် ကျရောက်လာခဲ့သည်။ *[မဇ္ဇ်ဟရီကျမ်း]*

ဤအကြောင်းနှင့် ဆက်နွယ်၍ အာယသ်တော်၏ နောက်ဆုံးအပိုဒ်တွင် မိန့်ကြားထားသည်မှာ-

وَمَا لِاَحَدٍ عِنْدَهٗ مِنْ نِّعْمَةٍ تُجْزٰى

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ဟဇရသ်စိဒ္ဒီးက်အဗ္ဗဗကရ် ﵁ သခင်သည် မြောက်မြားစွာသော ငွေကြေးကို အကုန်အကျခံ သုံးစွဲလျက် ဝယ်ယူပြီး သူကောင်းပြုခဲ့သော ကျွန်များ၏ ကျေးဇူးတရားသည် ၄င်းအပေါ်၌ ယခင်က မရှိခဲ့ပေ။ ၄င်းက ကျေးဇူးတုန့်ပြန်ခြင်းကို ပြုလုပ်ခြင်း မဟုတ်သည်သာမက

اِلَّا ابْتِغَآءَ وَجْهِ رَبِّهِ الْاَعْلٰى

၄င်း၏ ရည်ရွယ်ချက်မှာ 'ကြီးမားမြင့်မြတ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်နှစ်သက်မှုမှအပ အခြားမည်သည့်ရည်ရွယ်ချက်မျှ မရှိပေ' ဟု တင်ပြထားသည်။

မုစ်သဒ်ရတ်က်ဟာကင်မ်ကျမ်းတွင် ဟဇရသ်ဇုဗိုင်ရ် ﵁ သခင်ထံမှ ဆင့်ပြန်ချက် လာရှိသည်မှာ 'ဟဇရသ်စိဒ္ဒီးက်အဗ္ဗဗကရ် ﵁ သခင်၏ ဓလေ့မှာ ကာဖိရ်တို့၏ လက်တွင် ကျွန်ပြုခံနေရသော မွတ်စ္စလင်မ်ကို တွေ့မြင်ရလျှင် ၄င်းကို ဝယ်ယူပြီး သူကောင်းပြုလိုက်သည်သာ ဖြစ်၏။ ၄င်းမှ သူကောင်းပြုခဲ့သော ကျွန်အများစုမှာ အင်အားချည့်နဲ့သူများပင် ဖြစ်သည်။ စိဒ္ဒီးက်အဗ္ဗဗကရ် ﵁ သခင်၏ ဖခင်ဖြစ်သူ အဘူကုဟာဖဟ် ﵁ သခင်က ဟဇရသ်စိဒ္ဒီးက်အဗ္ဗဗကရ် ﵁ သခင်အား 'အသင်သည် ကျွန်များကို သူကောင်းပြုမည်ဆိုပါလျှင် သန်မာထွားကျိုင်း၍ ရဲရင့်သူများကိုသာ သူကောင်းပြုပါလေ။ သို့မှသာ ၄င်းတို့သည် အသင့်အနေဖြင့် အသင်၏ ရန်သူများနှင့် ရင်ဆိုင်ရသောအခါတွင် အသင့်အား ကာကွယ်စောင့်ရှောက်မှု

ပြုနိုင်ပေမည်' ဟု ပြောဆိုခဲ့ရာ ဟဇရတ်စ်ဒ်ဒီးက်အက္ကဗရ် ﷺ သခင်က 'ကျွန်ုပ်၏ ရည်ရွယ်ချက်သည် ၎င်းတို့ထံမှ တစ်စုံတစ်ရာ အကျိုးခံစားမှု ရရှိရန်မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်နှစ်သက်မှု အတွက်သာ ၎င်းတို့အား သူကောင်းပြုခြင်း ဖြစ်ပါသည်' ဟု ဖြေကြားခဲ့သည်။ *[မဇ္ဇဟရီကျမ်း]*

وَلَسَوْفَ يَرْضٰى

ဆိုလိုသည်မှာ မည်သူမဆို မိမိ၏ ဥစ္စာပစ္စည်းကို သုံးစွဲလှူဒါန်းရာတွင် အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်နှစ်သက်မှုကိုသာ ကြည့်ပြီး မည်သည့်လောကီရေးအကျိုးကိုမျှ မမျှော်လင့်သူ ဖြစ်ပါလျှင် အလ္လာဟ် အသျှင်မြတ်သည်လည်း ၎င်းသူအား တမလွန်တွင် ကျေနပ်နှစ်သက်မှု ချီးမြှင့်ပေးသနား တော်မူမည်သာ ဖြစ်သည်။ ၎င်းမှာ 'ဂျန္နသ်'၏ အမြဲထာဝရ တည်ရှိမည်ဖြစ်သော 'ဂျန္နသ်'၏ အံ့ဖွယ်စည်းစိမ်သုခများကို ချီးမြှင့်တော်မူမည်'ဟု ဖြစ်သည်။

شان نزول (အာယသ်တော်ကျရောက်လာရသည့် အကြောင်းအရင်း) ဖြစ်ရပ်အားဖြင့် ဤအာယသ် တော်များသည် စ်ဒ်ဒီးက်အက္ကဗရ် ﷺ သခင်နှင့် စပ်လျဉ်း၍ ကျရောက်လာကြောင်း အတည်ပြု သိရှိရ သည်။ ထို့ကြောင့် နောက်ဆုံးအပိုဒ်သည် ဟဇရတ်စ်ဒ်ဒီးက်အက္ကဗရ် ﷺ သခင်အတွက် ကြီးမားသော သတင်းကောင်းတစ်ရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအား လောကဥပင် အလ္လာဟ်အသျှင်မြတ် ဘက်တော်မှ ကျေနပ်နှစ်သက်တော်မူကြောင်း သတင်းကောင်းကို ကြားနာစေခြင်း ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်သွုဟာ

နေတက်ချိန်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَالضُّحٰى ۝١ وَالَّيْلِ اِذَا سَجٰى ۝٢ مَا وَدَّعَكَ رَبُّكَ وَمَا قَلٰى ۝٣
وَلَلْاٰخِرَةُ خَيْرٌ لَّكَ مِنَ الْاُوْلٰى ۝٤ وَلَسَوْفَ يُعْطِيْكَ رَبُّكَ
فَتَرْضٰى ۝٥ اَلَمْ يَجِدْكَ يَتِيْمًا فَاٰوٰى ۝٦ وَوَجَدَكَ ضَآلًّا
فَهَدٰى ۝٧ وَوَجَدَكَ عَآئِلًا فَاَغْنٰى ۝٨ فَاَمَّا الْيَتِيْمَ فَلَا تَقْهَرْ ۝٩
وَاَمَّا السَّآئِلَ فَلَا تَنْهَرْ ۝١٠ وَاَمَّا بِنِعْمَةِ رَبِّكَ فَحَدِّثْ ۝١١

၉၃ : ၁ ။ ။ (ငါအသျှင်မြတ်) နေတက်ချိန် (နေ၏ အလင်းရောင်) ကို သက်သေထူတော်မူ၏။

၉၃ : ၂ ။ ။ ၎င်းပြင် (ငါအသျှင်မြတ်သည်) ညဥ့်ကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုညဥ့်သည် လွှမ်းမိုးလေ၏။

၉၃ : ၃ ။ ။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင့်ကို စွန့်ပစ်၍ ထားတော်မူသည်လည်း မဟုတ်။ (အသင့်အား) မုန်းတီးတော်မူသည်လည်း မဟုတ်ပေ။

၉၃ : ၄ ။ ။ စင်စစ် အသင့်အဖို့ တမလွန်ဘဝသည် မျက်မှောက်လောကီဘဝထက် သာလွန်ကောင်းမြတ်လှ၏။

၉၃ : ၅ ။ ။ ၎င်းပြင် မကြာမီ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင် နှစ်သိမ့်ကျေနပ်လောက်အောင် အမှန်ပင် ချီးမြှင့်ပေးသနားတော်မူပေမည်။

၉၃ : ၆ ။ ။ ထိုအသျှင်မြတ်သည် အသင့်အား မိဘမဲ့အဖြစ် တွေ့ရှိတော်မူခဲ့၍ ခိုကိုးရာ ပေးတော်မူခဲ့သည် မဟုတ်လော။

၉၃ : ၇ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင့်အား လမ်းမပေါက်သူအဖြစ် တွေ့ရှိတော်မူခဲ့ရာ လမ်းညွှန်တော်မူခဲ့၏။

၉၃ : ၈ ။ ။ ထို့ပြင် ထိုအသျှင်မြတ်သည် အသင့်အား ပစ္စည်းမဲ့အဖြစ် တွေ့ရှိတော်မူခဲ့ရာ ဥစ္စာပစ္စည်း ကြွယ်ဝစေတော်မူခဲ့၏။

၉၃ : ၉ ။ ။ သို့ဖြစ်ပေရာ မည်သို့ပင်ဖြစ်စေကာမူ၊ အသင်သည် မိဘမဲ့ ကလေးသူငယ်အား ဖိနှိပ် (ကြိမ်းမောင်း) ခြင်းကို မပြုပါလေနှင့်။

၉၃ : ၁၀ ။ ။ ထိုနည်းတူစွာ မည်သို့ပင် ဖြစ်စေကာမူ၊ အသင်သည် သူတောင်းစားအား ငေါက်ငမ်း နှင်ထုတ်ခြင်းကို မပြုပါလေနှင့်။

၉၃ : ၁၁ ။ ။ ထို့ပြင် မည်သို့ပင်ဖြစ်စေ၊ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကျေးဇူးတော်ကို ထုတ်ဖော်ပြောကြား၍ နေပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် နေ့၏ အလင်းရောင်ကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။ ထို့ပြင် ငါအသျှင်မြတ်သည် လွှမ်းမိုးသွားသောညကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုတော်မူ၏။ (ဤနေရာ၌ လွှမ်းမိုးသွားခြင်း၏ အဓိပ္ပာယ်မှာ နှစ်မျိုးဖြစ်နိုင်သည်။)

တစ်မျိုးမှာ မူလဇစ်မြစ် အစစ် အမှန်ဖြစ်သည်။ ဆိုလိုသည်မှာ ည၏ အမှောင်ထု သိပ်သည်းပြည့်ဝသွားခြင်းဟု ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ညတွင် အမှောင်သည် တဖြည်းဖြည်း မြင့်တက်လာပြီး အချိန်အနည်းငယ်ကို ဖြတ်သန်းပြီးသောအခါ အမှောင်ထုသည် ပြည့်ဝသွားသည်။

ဒုတိယတစ်မျိုးမှာ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်သည်။ ဆိုလိုသည်မှာ ဤညအချိန်တွင် သက်ရှိများ အိပ်စက်သွားခြင်းနှင့် သွားလာလှုပ်ရှားမှုနှင့် ပြောဆိုသော အသံများ တိတ်ဆိတ်သွားခြင်းတို့ ဖြစ်သည်။ ရှေ့တွင် 'ကစမ်' ကျိန်ဆိုတင်ပြရသည့် အကြောင်းအရာကို တင်ပြထားသည်။)

အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင့်အား စွန့်ပစ်ထားတော်မူသည်လည်း မဟုတ်။ အသင့်အား မုန်းတီးတော်မူသည်လည်း မဟုတ်ပေ။

(အဘယ်ကြောင့်ဆိုသော် ဦးစွာပထမ အသင်သည် ဤကဲ့သို့သောကိစ္စ တစ်စုံတစ်ရာကိုမျှ ပြုလုပ်ခဲ့ခြင်း မရှိခဲ့ပေ။ ဒုတိယအချက်မှာ အလ္လာဟ်အသျှင်မြတ်သည် နဗီတမန်တော်တို့ကို ဤသို့သော အရာ

များမှ ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့သည်။ သို့ဖြစ်ပေရာ အသင်သည် ရက်အနည်းငယ်မျှ 'ဝဟီ' ကျရောက်မှုမရှိခြင်းကြောင့် အသင်၏ အသျှင်မြတ်က အသင့်အား စွန့်ပစ်လိုက်ပြီဟူသော ကာဖိရ်တို့၏ အဓိပ္ပာယ်မရှိသော စကားများအပေါ် အသင်သည် စိတ်သောကမဖြစ်လေနှင့်။ အသင်သည် 'ဝဟီ' ဗျာဒိတ်တော်များ ပို့ချပေးခြင်းခံရမည့် 'နေ့အ်မသ်' စည်းစိမ်ကို အစဉ်အမြဲ ရရှိရမည် ဖြစ်သည်။ ဤမြင့်မြတ်မှု ဂုဏ်ရည်သည် ကိုယ်တော်မြတ် ﷺ အဖို့ လောကဌ်ပင် ရရှိသည်။)

စင်စစ်သော်ကား အသင့်အဖို့ တမလွန်သည် လောကီထက် သာလွန်ကောင်းမြတ်လှပေသည်။ (သို့ဖြစ်ပေရာ ထိုတမလွန်ဘဝတွင် အသင့်အဖို့ ဤလောကီဘဝထက် သာပို၍ ကျေးဇူးတော်စည်းစိမ်သုခများ ရရှိပေမည်။)

၄င်းပြင် မကြာမြင့်မီ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင့်အား (တမလွန် တွင် များစွာသော စည်းစိမ်သုခများကို) ချီးမြှင့်တော်မူပေမည်။ သို့ဖြစ်ပေရာ အသင်သည် (ထိုချီးမြှင့်မှုများကြောင့်) ကျေနပ်ပျော်ရွှင်သွားပေမည်။

('ကစမ်' ကျိန်ဆိုခြင်းခံရသော အရာများနှင့် ဤသတင်းကောင်းများအကြား ဆက်စပ်မှုမှာ အလ္လာဟ်အသျှင်မြတ်သည် အပြင်ပိုင်းနှင့် စပ်လျဉ်း၍ မိမိ၏ တန်ခိုးတော်နှင့် အမြော်အမြင်တို့၏ အမျိုးမျိုးသော လက္ခဏာများကို ပေါ်လွင်စေတော်မူခဲ့သည်။ နေ့၏ နောက်တွင် ညကိုလည်းကောင်း၊ ည၏ နောက်တွင် နေကိုလည်းကောင်း ယူဆောင်လာတော်မူသည်။ ဤပုံသဏ္ဌာန်ကိုပင် အတွင်းပိုင်းအခြေအနေအဖြစ် မှတ်ယူရပေမည်။ အမှန်စင်စစ် နေအပူရှိန်၏ နောက်တွင် ည၏ အမှောင်ထု ဖြစ်ပေါ်ရောက်ရှိလာခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အမျက်တော်စူးရှခြင်း၏ အထောက်အထား မဟုတ်သကဲ့သို့ ထိုည၏ အမှောင်ထု ဖြစ်ပေါ်ပြီးနောက်တွင် နေ့၏ အလင်းရောင်သည် မည်သည့်အခါမျှ မဖြစ်ပေါ်တော့ပါဟူသော မည်သည့် အထောက်အထားမျှလည်း မရှိပေ။ သို့ဖြစ်ပေရာ ရက်အနည်းငယ်မျှ 'ဝဟီ' ကျရောက်ခြင်း မရှိသည့် အပေါ် 'ယခုအခါ အလ္လာဟ်အသျှင်မြတ်သည် မိမိရွေးချယ်တော်မူထားသည့် နဗီတမန်တော်အား အမျက်တော်ရှ သွားတော်မူလိုက်ပြီ။ အမြဲအတွက် 'ဝဟီ' ၏ တံခါးပိတ်တော်မူလိုက်ပြီ' ဟု မည်ကဲ့သို့ မှတ်ယူပါ သနည်း။ ဤသို့ ပြောဆိုခြင်းမှာမူ အလ္လာဟ်အသျှင်မြတ်၏ လွှမ်းခြုံသော အသိပညာနှင့် ပြည့်စုံကုံလုံသော အမြော်အမြင်တို့အပေါ် စောဒကတက်ခြင်းပင် ဖြစ်သည်။ ငါအသျှင်မြတ်၏ နဗီအဖြစ် ခန့်အပ်တော်မူသော သူသည် နောင်တွင် နဗီအဖြစ်နှင့် မထိုက်တန်သူ ဖြစ်လိမ့်မည်' ဟု ဆိုသကဲ့သို့ ဖြစ်သည်။ (ဤသို့သော ထင်မြင်ယူဆချက်များမှ အသျှင်မြတ်ထံ ခိုလှုံ တောင်းခံအပ်ပါ၏။)

ရှေ့တွင် အချို့စည်းစိမ်သုခများအားဖြင့် ဖော်ပြပါ အကြောင်းအရာကို ထောက်ခံထားသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် အသင့်အား 'ယသီးမ်' မိဘမဲ့အဖြစ် တွေ့ရှိတော်မူခဲ့ရာ တစ်ဖန် (အသင့်အား) ခိုကိုးရာ ပေးတော်မူခဲ့သည် မဟုတ်လော။

(မိခင်၏ ဝမ်းကြာတိုက်၌ ရှိစဉ်မှပင် အသင်၏ ဖခင်မှာ ကွယ်လွန်ခဲ့ပြီး ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် အသင်၏ အဘိုးကို အသင့်အား စောင့်ရှောက်စေတော်မူခဲ့သည်။ တစ်ဖန် အသင်၏ အသက်

(၈) နှစ်အရွယ် ရောက်သောအခါ အသင်၏ အဘိုးကွယ်လွန်သွားချိန်၌ အသင်၏ ဦးရီးတော်အား စောင့်ရှောက်စေတော်မူခဲ့သည်။ 'ခိုကိုးရာ ပေးတော်မူခဲ့သည်' ဆိုခြင်းမှာ ဤသည်ကို ဆိုလိုသည်။)

၄င်းပြင် အလ္လာဟ်အသျှင်မြတ်သည် အသင့်အား (ရှရီအသ်တရားတော်အား) မသိသူအဖြစ် တွေ့ရှိတော်မူခဲ့သည်။ သို့ဖြစ်ပေရာ (အသင့်အား ရှရီအသ်တရားတော်၏) လမ်းကို ပြသတော်မူခဲ့သည်။

(အလ္လာဟ်အသျှင်မြတ်က

مَاكُنْتَ تَدْرِىْ مَاالْكِتٰبُ وَلَاالْاِيْمَانُ

ဟု မိန့်ကြားတော်မူထားသကဲ့သို့ ဖြစ်သည်။ ထို့ပြင် 'ဝဟီ' မရရှိမီအလျင် ရှရီအသ်တရားတော်ကို အသေးစိတ် နားမလည်ခြင်းသည် မည်သည့်အပြစ်မျှ မဟုတ်ပေ။)

ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် ပစ္စည်းမဲ့သူအဖြစ် တွေ့ရှိတော်မူခဲ့သည်။ သို့ဖြစ်ပေရာ ဥစ္စာပစ္စည်း ကြွယ်ဝစေတော်မူခဲ့သည်။

(ဟဇရသ်ခဒီဂျာဟ် ﷺ သခင်မ၏ ဥစ္စာပစ္စည်းများတွင် အသင်သည် **مضاربت** 'မုဒ္ဒါရဗသ်' တစ်ဦးက ငွေ၊ ဥစ္စာပစ္စည်းထည့်၍ တစ်ဦးက လုအား စိုက်ထုတ်ပြီး သတ်မှတ်သော အကျိုးအမြတ်ကို အချိုးကျ ခွဲဝေယူခြင်း ပုံသဏ္ဌာန်ဖြင့် အရောင်းအဝယ် ပြုလုပ်ခဲ့သည်။ ထိုရောင်းဝယ်မှုတွင် အကျိုးအမြတ် ရရှိခဲ့ သည်။ ထို့နောက် ဟဇရသ်ခဒီဂျာဟ် ﷺ သခင်မသည် အသင်နှင့် ထိမ်းမြားလက်ဆက်ခဲ့ပြီး မိမိ၏ ဥစ္စာ ပစ္စည်းအားလုံးကို ပုံ၍ အပ်နှင်းခဲ့သည်။ အလိုသဘောမှာ အသင်သည် ကနဦးမှပင် စည်းစိမ်သုခများ ရရှိ ခဲ့ပြီး နောင်တွင်လည်း ဤအတိုင်းပင် ဖြစ်ပေမည်ဟု ဖြစ်သည်။ ထိုစည်းစိမ်သုခများအပေါ် 'ငါအသျှင်မြတ်သည် အသင့်အား ဤစည်းစိမ်သုခများကို ချီးမြှင့်တော်မူခဲ့သည်ဟူ၍ ကျေးဇူးသိတတ်သူဖြစ်ရန် အမိန့်ပေးတော်မူခဲ့သည်။)

သို့ဖြစ်ပေရာ အသင်သည် (ထိုအသျှင်မြတ်အား ကျေးဇူးသိတတ်ရာတွင်) မိဘမဲ့ကလေးသူငယ်အား ဖိနှိပ်ခြင်းကို မပြုလေနှင့်။ ထိုနည်းတူ အသင်သည် သူတောင်းစားအား ငေါက်ငမ်းနှင်ထုတ်ခြင်း မပြုလေနှင့်။

(ဤသည်မှာမူ လုပ်ရပ်အားဖြင့် ကျေးဇူးသိတတ်ခြင်းဖြစ်သည်။) ထို့ပြင် အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ (ဖော်ပြပါ) ကျေးဇူးတော်များကို ထုတ်ဖော်လျက် ရှိနေပါလေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'ရှာနေနုဇူးလ်' (အာယသ်တော် ကျရောက်လာသည့် အကြောင်းရင်းဖြစ်စဉ်)

ဤစူရာဟ် ကျရောက်လာရခြင်းနှင့် စပ်လျဉ်း၍ ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတို့တွင် ဟဇရသ်ဇွန်ဒုဗ်ဗင်န်အဗ်ဒုလ္လာဟ် ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိသည်။ ထို့ပြင် သိရ်မေဇီကျမ်းတွင် ဟဇရသ်ဇွန်ဒုဗ်

رضي الله عنه သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ 'အခါတစ်ပါးတွင် ကိုယ်တော်မြတ် ﷺ ၏ လက်ချောင်းကလေး တစ်ချောင်းတွင် ဒဏ်ရာရရှိသွားပြီး ထိုဒဏ်ရာမှ သွေးများ ထွက်လာသောအခါ ကိုယ်တော်မြတ် ﷺ က

ان انت الا اصبع دميت ؛ وفى سبيل الله مالقيت

ဟု မိန့်ကြားတော်မူခဲ့လေသည်။ ဆိုလိုသည်မှာ အသင်သည် သွေးလူးထိထားသော (သွေးထွက်သော) လက်ချောင်းကလေးတစ်ချောင်းသာ ဖြစ်သည်။ အသင်ခံစားရသမျှ ဒုက္ခတို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌သာ ဖြစ်သည်။ (ထို့ကြောင့် မည်သည့်အတွက်ကြောင့် ဝမ်းနည်းရမည်နည်း) ဟု ဖြစ်သည်။

ဟာဇရသ်ဂျွန်ဒွဗ် رضي الله عنه သည် ဤဖြစ်စဉ်ကို တင်ပြပြီးနောက် မိန့်ဆိုသည်မှာ 'ဤဖြစ်ရပ် ဖြစ်ပေါ်ပြီး (ရက်အနည်းငယ်ကြာသည်အထိ) ဂျိဗ်ရာအီးလ်အမီးန် عليه السلام သည် 'ဝဟီ' ပို့ဆောင်ရန် ရောက်လာခြင်းမရှိတော့ပေ။ ထိုအခါ မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်တို့သည် 'မိုဟမ္မဒ် ﷺ အား ၎င်း၏ အသျှင်မြတ်က စွန့်ပစ်လိုက်လေပြီ။ ၎င်းအား အမျက်တော်စူးရသွားပေပြီ' ဟု ကဲ့ရဲ့ရှုတ်ချခြင်းများ ပြုလာကြလေတော့သည်။ ဤသို့ ကဲ့ရဲ့ရှုတ်ချမှု ပြုလာကြသည့်အပေါ် ဤစူရာဟ် 'သွူဟာ' ကျရောက်လာခဲ့သည်။ ဘိုခါရီကျမ်း၌ လာရှိသော ဟာဇရသ်ဂျွန်ဒွဗ် رضي الله عنه ၏ ဆင့်ပြန်ချက်တွင် တစ်ည၊ နှစ်ည 'သဟဂျ်ဂျုဒ်နမာဇ်'အတွက် နိုးထတော်မမူခဲ့သည့်အကြောင်း တင်ပြထားသည်။ 'ဝဟီ' ဆိုင်းငံ့ထားသည့်အကြောင်း တင်ပြမထားပေ။ သိရ်မေဇီကျမ်း၌မူ 'သဟဂျ်ဂျုဒ်'အတွက် တစ်ည၊ နှစ်ည မထခြင်းအကြောင်း တင်ပြခြင်းမရှိဘဲ 'ဝဟီ' ဆိုင်းငံ့ထားခြင်းအကြောင်းသာ တင်ပြထားသည်။ ၎င်း၏ ဆင့်ပြန်ချက်နှစ်ရပ်စလုံးတွင် မည်သည့်ဆန့်ကျင်ခြားနားမှုမျှ မရှိကြောင်း ထင်ရှားပေသည်။ ဖြစ်ရပ်နှစ်ခုစလုံး ဖြစ်ပေါ်ခဲ့သည်လည်း ဖြစ်နိုင်သည်။ ဆင့်ပြန်သူက တစ်ခါတစ်ရံ ဖြစ်ရပ်တစ်ခုကို တင်ပြပြီး တစ်ခါတစ်ရံ အခြားဖြစ်ရပ်ကို တင်ပြခြင်း ဖြစ်ပေမည်။

ကိုယ်တော်မြတ် ﷺ အား မဟုတ်တမ်းတရား စွပ်စွဲပြောဆိုသော အမျိုးသမီးမှာ အဗူလဟဗ်၏ ဇနီး အွန်းမေ့ဂျမီးလ်ဖြစ်သည်။ အခြားသော ဆင့်ပြန်ချက်များတွင် ဤအတိုင်း လာရှိသည်။ ထို့ပြင် 'ဝဟီ' ရပ်ဆိုင်းထားခြင်းနှင့်စပ်လျဉ်းသော ဖြစ်ရပ်များမှာမူ မြောက်မြားစွာ ဖြစ်ပေါ်ခဲ့သည်။ တစ်ခုမှာ فترت وحى ဟု ခေါ်သော ကုရ်အာန်စတင်ကျရောက်စဉ်က ဖြစ်ပေါ်ခဲ့သည်။ ဤရပ်ဆိုင်းထားမှုသည် ကာလအရှည်ကြာဆုံး ဖြစ်သည်။ နောက်တစ်ခုမှာ မုရှ်ရစ်က်များ (သို့) ယဟူးဒ်များက ကိုယ်တော်မြတ် ﷺ အား ဝိညာဉ်၏ မူလဇစ်မြစ်အကြောင်း မေးမြန်းစဉ်က ဖြစ်ခဲ့သည်။ ထိုစဉ်က ကိုယ်တော်မြတ် ﷺ သည် ၎င်းတို့အား နောက်မှ ဖြေကြားမည်ဟု ကတိပေးတော်မူခဲ့သည်။ သို့ရာတွင် 'အင်န်ရှာအလ္လာဟ်' ဟု မပြောဆိုခဲ့သည့်အတွက် ရက်အနည်းငယ်ကြာသည်အထိ 'ဝဟီ'ကျရောက်ခြင်း ပိတ်သွားခဲ့သည်။ ထိုသို့ ဖြစ်သည့်အပေါ် မုရှ်ရစ်က်တို့က ကိုယ်တော်မြတ် ﷺ အပေါ် မဟုတ်မမှန် စကားများဖြင့် စွပ်စွဲပြောဆိုကြသည်မှာ 'မိုဟမ္မဒ် ﷺ ၏ အသျှင်မြတ်သည် ၎င်းအား အမျက်တော်ရှသွားပေပြီ။ ၎င်းအား စွန့်ပစ်လိုက်ပေပြီ' ဟု ဖြစ်သည်။ ဤသည့် ဖြစ်ရပ်သည်ပင် 'စူရာဟ်သွူဟာ'ကျရောက်သော အကြောင်းခံဖြစ်သည်။ ဤဖြစ်ရပ်အားလုံးသည် တစ်ချိန်တည်း၌ ကျရောက်လာခြင်းမဟုတ်ဘဲ ရှေ့ဆင့်နောက်ဆင့် ဖြစ်ပေါ်ခဲ့ခြင်းလည်း ဖြစ်နိုင်သည်။

وَالْاٰخِرَةُ خَيْرٌ لَّكَ مِنَ الْاُوْلٰى ؕ

ဤနေရာတွင် اخرت အား မိမိ၏ ထင်ရှားသော အဓိပ္ပာယ်၌လည်းကောင်း၊ ထိုစာလုံး၏ တစ်ဖက်၌ လာရှိနေသော اولى ကို လောကီဘဝဟူသော အဓိပ္ပာယ်၌လည်းကောင်း ကောက်ယူမည်ဆိုပါက ၄င်း၏ သဖ်စီးရ်မှာ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ တင်ပြခဲ့သကဲ့သို့ ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် 'ဤ ကာဖိရ်နှင့် မုရှ်ရစ်ကတို့သည် အသင့်အား မဟုတ်မမှန် စွပ်စွဲခဲ့ကြသည်ဖြစ်ရာ ၄င်းတို့၏ ပြောဆိုသော စကားများသည် အစမှအဆုံးတိုင် အခြေအမြစ်မဲ့သော အချည်းနှီးစကားများ ဖြစ်ကြောင်းနှင့် လုံး၀ လွဲမှား သော စကားများဖြစ်ကြောင်းကို လောက၌ပင် တွေ့မြင်ကြရပေမည်။ ငါအသျှင်မြတ်သည် အသင့်အား လောကီဘဝထက် ပိုမိုများပြားသော စည်းစိမ်သုခများကို ချီးမြှင့်တော်မူမည်ဟု ကတိပြုထားပြီး ဖြစ်လေ သည်' ဟူ၏။ ထို့ပြင် ဤနေရာ၌ اخرت ဟူသော စာလုံးကို ၄င်း၏ လုံးချင်းကောက် အဓိပ္ပာယ်အတိုင်း ကောက်ယူမည်ဆိုပါက ဆိုလိုသည်မှာ اولى စာလုံးကို 'မူလကနဦး' ဟု ကောက်ယူသကဲ့သို့ ၄င်းအား 'နောက်ပိုင်းအခြေအနေ' ဟု ကောက်ယူမည်ဆိုပါက အာယသ်တော်၏ အလိုသဘောမှာ 'အသင့်အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော် စည်းစိမ်သုခများသည် ပို၍ တိုးပွားများပြား၍ လာပေမည်။ အဘယ်ကြောင့်ဆိုသော် အစကနဦး အခြေအနေများထက် နောက်ပိုင်း အခြေအနေသည် ပို၍ ကောင်းမြတ်၊ ထူးမြတ်လျက် ရှိလာပေလိမ့်မည်' ဟု ဖြစ်သည်။ ဤနေရာတွင် အသိပညာများနှင့် အသျှင်မြတ်ထံတော်၌ နီးကပ်မှု၏ အဆင့်အတန်းများတွင် တိုးတက်လာခြင်းတို့လည်း ပါဝင်သည်။ ထို့ပြင် လောက၏ နေမှုထိုင်မှု အရေးကိစ္စများ၊ သိက္ခာနှင့် အုပ်ချုပ်ရေးအာဏာများသည်လည်း အကျုံးဝင်ပေသည်။

وَلَسَوْفَ يُعْطِيْكَ رَبُّكَ فَتَرْضٰى

ဆိုလိုသည်မှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင့်အား အသင် ကျေနပ်သည်အထိ ချီးမြှင့်ပေးသနားတော်မူမည်' ဟု ဖြစ်သည်။ ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်သည် မည်သည့်အရာကို ချီးမြှင့်ပေးသနားတော်မူမည်' ဟု သတ်မှတ်၍ ဖော်ပြထားတော်မမူပေ။ ဤနေရာ၌ 'အသင် နှစ်သက်လိုလားသော အရာဟူသရွေ့ကို အသင်ကျေနပ်သည်အထိ ပေးမည်' ဟု ဖြစ်ကြောင်းကို ညွှန်းဆိုထားခြင်း ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ၏ နှစ်သက်လိုလားသော အရာများတွင် အစ္စလာမ် သာသနာ၏ တိုးတက်ခြင်း၊ အစ္စလာမ်သာသနာသည် အများဆုံးအဖြစ်နှင့် ကမ္ဘာတစ်ခွင်လုံး၌ ပြန့်နှံ့ခြင်း၊ တစ်ဖန် အုမ္မသ်၏ လိုအပ်ချက်ဟူသမျှနှင့် ကိုယ်တော်၏ ရန်သူများအပေါ် လွှမ်းမိုးအောင်နိုင်မှု ရရှိလိုခြင်း၊ ကိုယ်တော်နေထိုင်တော်မူရာ တိုင်းပြည်တွင် အလ္လာဟ်အသျှင်မြတ်၏ 'ကလေမာဟ်'တော်ကို မြင့်မားစေ လိုခြင်း၊ မှန်ကန်သော သာသနာတော် ပြန့်နှံ့ခြင်းအားလုံး ပါဝင်သည်။ ဟဒီးစ်တော်တွင် လာရှိသည်မှာ 'ဤအာယသ်တော် ကျရောက်လာသောအခါ တမန်တော်မြတ် ﷺ က

اِذًالاَ اَرۡضٰى وَوَاحِدٌ مِّنۡ اُمَّتِىۡ فِى النَّارِ

ဟု မိန့်ကြားတော်မူခဲ့သည်။ ဆိုလိုသည်မှာ 'ငါကိုယ်တော်၏ အွမ္မသ်သားများအနက် လူတစ်ဦး တစ်ယောက် 'ဂျဟန္နမ်'တွင် ကျန်ရှိနေသည့်အချိန်ထိတိုင် ငါကိုယ်တော် ကျေနပ်နှစ်သက်မည်မဟုတ်' ဟု ဖြစ်သည်။ *[ကုရ်သုဗီးကျမ်း]*

ဟဇရသ်အလီ ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ငါကိုယ်တော်၏ အွမ္မသ်သားများနှင့် စပ်လျဉ်း၍ ငါကိုယ်တော်၏ 'ရှဖာအသ်' အသနားခံခြင်းကို လက်ခံတော်မူလိမ့်မည်။ နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူမည် မှာ 'رَضِيۡتَ يَامُحَمَّدُ အို့၊ မိုဟမ္မဒ်၊ ယခု အသင် ကျေနပ်ပြီလော' ဟု ဖြစ်သည်။ ထိုအခါ ငါကိုယ်တော်က 'يَارَبِّ رَضِيۡتُ အို့၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုး ကျေနပ် ပါပြီ' ဟု လျှောက်ထားပေမည်' ဟု ဖြစ်သည်။ ထို့ပြင် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အမရ်ဗင်န် အားဆ် ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ 'တစ်နေ့သ၌ တမန်တော်မြတ် ﷺ သည် ဟဇရသ် အီဗ်ရာဟီးမ် ﷺ နှင့် စပ်လျဉ်းသော အာယသ်တော်

فَمَنۡ تَبِعَنِىۡ فَاِنَّهٗ مِنِّىۡ وَمَنۡ عَصَانِىۡ فَاِنَّكَ غَفُوۡرٌ رَّحِيۡمٌ

ကို ဖတ်ရွတ်တော်မူသည်။ ထို့နောက် ဟဇရသ်အီစာ ﷺ ၏ ပြောဆိုစကားဖြစ်သော အာယသ်တော်

اِنۡ تُعَذِّبۡهُمۡ فَاِنَّهُمۡ عِبَادُكَ

ကို ဖတ်ရွတ်တော်မူသည်။ တစ်ဖန် ကိုယ်တော်မြတ် ﷺ သည် ဒိုအာဆုမွန်တောင်းရန် လက်နှစ်ဖက် ကို မြှောက်တော်မူ၏။ ထို့နောက် ငိုကြွေးလျက်

اَللّٰهُمَّ اُمَّتِىۡ اُمَّتِىۡ

ဟု အကြိမ်ကြိမ် လျှောက်ထားနေလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော် အဘယ်ကြောင့် ငိုကြွေးနေပါသနည်းဟု မေးမြန်းရန် ဂျိဗ်ရာအီးလ် ﷺ ကို စေလွှတ်တော်မူလိုက်သည်။ (ထို့ပြင် ငါအသျှင် မြတ်အားလုံး သိတော်မူသည် ဆိုခြင်းကိုလည်း မိန့်ကြားတော်မူလိုက်သည်။) ဂျိဗ်ရာအီးလ် ﷺ သည် ကိုယ်တော်မြတ် ﷺ ထံတော်သို့ ရောက်ရှိလာပြီး မေးမြန်းသည့်အခါ ကိုယ်တော်မြတ် ﷺ က 'ကျွန်ုပ်သည် မိမိ၏ အွမ္မသ်သားများအဖို့ 'မဂ်ဖိရသ်'လွတ်ငြိမ်းချမ်းသာခွင့်ရရန် လိုလားပါသည်' ဟု ဖြေကြားလေသည်။

အလ္လာဟ်အသျှင်မြတ်သည် ဂျိဗ်ရာအီးလ် ﷺ အား ''အသင်ပြန်သွားပြီး 'အလ္လာဟ်အသျှင်မြတ်က အသင့်အား အသင်၏ အွမ္မသ်များနှင့် စပ်လျဉ်း၍ ကျေနပ်သဘောတူစေပေလိမ့်မည်။ ထို့ပြင် အသင့်အဖို့ စိတ်သောက ရောက်စေတော်မူမည်မဟုတ်ဟု မိန့်ကြားတော်မူလိုက်သည်ဟု ပြောကြားပါလေ' ဟု မိန့်ကြား တော်မူလေသည်'' ဟု ဖြစ်သည်။

အထက်တွင် ကာဖိရ်တို့၏ မဟုတ်မမှန် စွပ်စွဲရှုတ်ချခြင်းများကို တုန့်ပြန်ဖြေကြားရာ၌ ကိုယ်တော်မြတ် ﷺ အပေါ် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော် စည်းစိမ်သုခများသည် လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံးတွင် ရရှိမည့်အကြောင်း အကျဉ်းအားဖြင့် ဖော်ပြထားသည်။ ဤဖော်ပြချက်တွင် အနည်းငယ်မျှသာ ရှင်းလင်းချက်ဖြင့် သီးသန့် ကျေးဇူးတော် (၃) မျိုးကို ဖော်ပြမိန့်ကြားထားသည်။

ပထမကျေးဇူးတော် ။ ။ اَلَمْ يَجِدْكَ يَتِيْمًا فَاٰوٰى ဖြစ်သည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် အသင့်အား 'ယသီးမ်' ဖမဲ့သားအဖြစ် တွေ့ရှိတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဖခင်သည် အသင် မမွေးဖွားမီကပင် ကွယ်လွန်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် အသင်၏ ဖခင်သည် မရှိ။ အသင့်အား စောင့်ရှောက်ပြုစုပျိုးထောင်နိုင်ရန် မည်သည့်အမွေပစ္စည်းမျှ ချန်လှပ်ထားခဲ့ခြင်းလည်း မရှိပေ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် အသင့်အား ခိုကိုးရာပေးတော်မူခဲ့သည်။ ဆိုလိုသည်မှာ ကိုယ်တော်၏ ဘိုးတော် အဗ်ဒုလ်မုသ္ဂလိဗ်အားလည်းကောင်း၊ ထို့နောက် ကိုယ်တော်၏ ဦးရီးတော် အဗူသွာလိဗ်အားလည်းကောင်း ကိုယ်တော့်အပေါ် ဤမျှသော ချစ်စိတ်များကို ထည့်ပေးတော်မူခဲ့ရာ ၄င်းတို့သည် ကိုယ်တော့်အား မိမိတို့၏ သားသမီးများထက်ပင် ပိုမို ချစ်ခင်ခဲ့ကြသည်။

ဒုတိယကျေးဇူးတော် ။ ။ وَوَجَدَكَ ضَآلًّا فَهَدٰى ဖြစ်သည်။ ضَال ၏ အဓိပ္ပာယ်မှာ 'လမ်းမှားခြင်း' ဟုလည်း လာရှိသည်။ 'မသိသူ' ဟုလည်း လာရှိသည်။ ဤနေရာတွင် ဒုတိယအဓိပ္ပာယ် ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် 'နဗူဝသ်' မရရှိမီက ကိုယ်တော်မြတ် ﷺ သည် အသျှင်မြတ်၏ တရားတော်၏ အမိန့်ပညတ်တော်များနှင့် အသိပညာများကို မသိရှိခဲ့ပေ။ ကိုယ်တော်မြတ် ﷺ အား 'နဗူဝသ်' ၏ ရာထူးကို ချီးမြှင့်ပြီးမှ ကိုယ်တော်မြတ် ﷺ အား လမ်းညွှန်မှု ပြုတော်မူခဲ့သည်။

တတိယကျေးဇူးတော် ။ ။ وَوَجَدَكَ عَآئِلًا فَاَغْنٰى ဖြစ်သည်။ عَا ئِلْ သည် عَيْلَة ဟူသော စာလုံးမှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ ၄င်း၏ အဓိပ္ပာယ်မှာ 'ဆင်းရဲချို့တဲ့ခြင်း' ဟု ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ အသင့်အား အလ္လာဟ်အသျှင်မြတ်သည် ပစ္စည်းမဲ့သူအဖြစ် တွေ့ရှိတော်မူခဲ့ရာ အသင့်အား ကြွယ်ဝချမ်းသာသူအဖြစ် ပြုပေးတော်မူခဲ့သည်။ ထိုသို့ ပြုခြင်း၏ အစမှာ ဟဇရသ် ခဒီဂျာဟ် ﷺ ၏ ဥစ္စာပစ္စည်းများတွင် مضاربت 'မုဍ္ဍရဗသ်' ပုံသဏ္ဌာန်ဖြင့် အရောင်းအဝယ်ပြုခြင်းမှ စခဲ့သည်။ တစ်ဖန် ခဒီဂျာဟ် ﷺ သခင်မသည် ကိုယ်တော်မြတ် ﷺ နှင့် ထိမ်းမြားပြီး 'အုမ္မုလ်မုအ်မိနီးန်' (မုအ်မင်န်တို့၏ မိခင်ကြီး) ဖြစ်သွားလေသောအခါ သူမ၏ ဥစ္စာပစ္စည်းအားလုံးသည် ကိုယ်တော့်အတွက် ဖြစ်သွားခဲ့သည်။ ထိုကျေးဇူးတော် (၃) ပါးကို ချီးမြှင့်တော်မူကြောင်း မိန့်ကြားပြီးသောအခါ ကိုယ်တော်မြတ် ﷺ အား (၃) မျိုးသော အရာကို အမိန့်ပေးတော်မူသည်။

فَأَمَّا الْيَتِيمَ فَلَا تَقْهَرْ ⑨

قَهر ၏ အဓိပ္ပာယ်မှာ 'လွှမ်းမိုးခြင်း' အဓမ္မဆန်ခြင်း'ဟု ဖြစ်သည်။ အလိုသဘောမှာ 'အသင်သည် 'ယသီးမ်'ဖမဲ့တစ်ဦးအား အင်အားမရှိသူ၊ အမွေခံထိုက်သူမဟုတ်ဟု မှတ်ယူ၍ ၎င်း၏ ဥစ္စာပစ္စည်းများနှင့် အခွင့်အရေးများ ပျက်စီးရလောက်အောင် အဓမ္မဆန်ခြင်း မပြုလေနှင့်'ဟု ဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် 'ယသီးမ်'ဖမဲ့ကလေးများအပေါ် ကရုဏာထားရမည့် ကဏ္ဍကို အလေးအနက်ထားတော်မူခဲ့ခြင်းဖြစ်သည်။ 'ယသီးမ်'ဖမဲ့ကလေးများ စိတ်ထိခိုက်စေမည့် ဆက်ဆံမှုများကို တားမြစ်တော်မူခဲ့သည်။ ကိုယ်တော်မြတ် ﷺ က မိန့်ကြားသည်မှာ မွတ်စလင်မ်တို့၏ အိမ်များတွင် အကောင်းမြတ်ဆုံး အိမ်မှာ 'ယသီးမ်'ဖမဲ့ကလေးတစ်ဦးဦး ရှိပြီး ထို 'ယသီးမ်'ဖမဲ့ကလေးအား ကောင်းမွန်စွာ ချစ်ခင်မှုဖြင့် ဆက်ဆံမှုပြုသော အိမ်ဖြစ်သည်။ ထို့ပြင် အဆိုးယုတ်ဆုံးသော အိမ်မှာ 'ယသီးမ်'ဖမဲ့ကလေးရှိပြီး ထို 'ယသီးမ်'ဖမဲ့ကလေးအား ဆိုးယုတ်စွာ ဆက်ဆံသော အိမ်ဖြစ်သည်'ဟူ၏။*[ဘိုခါရီ၊ အိမ်နေမာဂျာဟ်၊ ဗဂဝီ၊ မဇ္ဇဟရီ။]*

وَأَمَّا السَّائِلَ فَلَا تَنْهَرْ ⑩

تَنْهَرْ သည် نَهر ဟူသော စာလုံးမှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'ဟိန်းဟောက်ခြင်း၊ ငေါက်ငမ်းခြင်း' ဟု ဖြစ်သည်။ سَائِل တောင်းရမ်းသူ' ဟု ဖြစ်သည်။ ဤနေရာတွင် ပစ္စည်းတစ်ခုကို တောင်းခံခြင်းလည်း အကျုံးဝင်ပေသည်။ ထို့ပြင် 'ပညာရပ်ကဏ္ဍ နက်နဲသော အရာများကို မေးမြန်းခြင်းလည်း အကျုံးဝင်သည်။ ထိုအရာနှစ်မျိုးစလုံးကို ငေါက်ငမ်းခြင်းမပြုရန် ကိုယ်တော်မြတ် ﷺ အား တားမြစ်ထားခြင်း ဖြစ်သည်။ အကောင်းဆုံးမှ တောင်းရမ်းသူအား တစ်စုံတစ်ရာ ပေး၍ သွားစေခြင်းဖြစ်သည်။ မပေးကမ်းနိုင်ပါက နူးညံ့စွာ အကြောင်းပြချက်ပေးရမည်။ အလားတူ အီလ်မ်ပညာနှင့် စပ်လျဉ်းသော ဓမ္မသတ်တစ်ခုခုအား မေးမြန်းသူကို ဖြေကြားရာ၌ မာကျောခြင်းနှင့် မကောင်းသော ပုံစံဖြင့် မဆက်ဆံရန် တားမြစ်ထားသည်။ နူးညံ့သိမ်မွေ့စွာ ဖြေကြားရပေမည်။ သို့ရာတွင် တောင်းရမ်းသူ၊ မေးမြန်းသူသည် မည်သို့မျှ လက်မခံ၊ မကျေနပ်ပါလျှင် လိုအပ်ချက်အရ ငေါက်ငမ်းခြင်းများလည်း ပြုနိုင်ပေသည်။

وَأَمَّا بِنِعْمَةِ رَبِّكَ فَحَدِّثْ ⑪

حَدِّث သည် تحديث မှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'စကားပြောဆိုခြင်း'ဟု ဖြစ်သည်။ အလိုသဘောမှာ 'အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို လူတို့၏ ရှေ့မှောက်၌ တင်ပြပါလေ။ ဤသည်မှာလည်း ကျေးဇူးသိတတ်ခြင်းနည်းလမ်းတစ်ရပ် ဖြစ်သည်' ဟူ၏။ လူတစ်ဦးသည် အခြားလူတစ်ဦးအပေါ် ကျေးဇူးပြုထားသည်ဖြစ်လျှင် ထိုသူ၏ ကျေးဇူးတရားကို သိတတ်ခြင်းပြုရန်လည်း မိန့်ကြားတော်မူထားသည်။ ဟဒီးစ်တော်တွင် လာရှိသည်မှာ မည်သူမဆို လူတို့၏ ကျေးဇူးပြုခြင်းအပေါ် ကျေးဇူးသိတတ်ခြင်းမရှိပါလျှင် ထိုသူသည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးကိုလည်း သိတတ်မည် မဟုတ်' ဟု ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

ဟဒီးစ်တော်တစ်ပါး၌ 'လာရှိသည်မှာ မည်သူမဆို အသင့်အပေါ်၌ တစ်စုံတစ်ရာ ကျေးဇူးပြုခဲ့ပါလျှင် အသင်သည်လည်း ၎င်းသူ၏ ကျေးဇူးကို တုန့်ပြန်ပါလေ။ အကယ်၍ ဥစ္စာပစ္စည်းဖြင့် ကျေးဇူးတုန့်ပြန်ရန် မတတ်စွမ်းနိုင်ပါက လူတို့၏ ရှေ့မှောက်တွင် ထိုသူ၏ ကောင်းမြတ်ခြင်းအကြောင်းကို ပြောဆိုပါလေ။ အဘယ်ကြောင့်ဆိုသော် လူအများ၏ ရှေ့မှောက်၌ ထိုသူ၏ ကောင်းခြင်းအကြောင်းကို ပြောဆိုခြင်းသည် ထိုသူ၏ ကျေးဇူးကို သိတတ်ခြင်း၊ တာဝန်ချခြင်း ဖြစ်သောကြောင့်ပင်'ဟု ဖြစ်သည် *[မဇ္ဇဟရီကျမ်း]*

ဓမ္မသတ် ။ ။ 'နေ့အ်မသ်'ကျေးဇူးတော်တိုင်းအပေါ် ကျေးဇူးသိတတ်ခြင်းသည် 'ဝါဂျိဗ်'ဖြစ်သည်။ ဥစ္စာပစ္စည်းနှင့် စပ်လျဉ်း၍ ကျေးဇူးသိတတ်ခြင်းမှာ ထိုဥစ္စာပစ္စည်းများအနက်မှ တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်အတွက် မှန်ကန်သောစိတ်ဖြင့် ပေးကမ်းခြင်းဖြစ်သည်။ ခန္ဓာကိုယ်နှင့် စပ်လျဉ်း၍ ကျေးဇူးသိတတ်ခြင်းမှာ အလ္လာဟ်အသျှင်မြတ်က သတ်မှတ်တာဝန်ပေးထားသော 'ဝါဂျိဗ်'တာဝန်များတွင် ခန္ဓာကိုယ်အင်အားကို အသုံးပြုခြင်းဖြစ်သည်။ အသိပညာနှင့် စပ်လျဉ်း၍ ကျေးဇူးသိတတ်ခြင်းမှာ 'အခြားသူများကို ဤအသိပညာများအား သင်ကြားပို့ချပေးခြင်း ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

ဓမ္မသတ် ။ ။ စူရာဟ်သွုဟာမှ ကုရ်အာန်၏ အဆုံးအထိရှိသော စူရာဟ်အားလုံးတွင် 'သက္ကဗီးရ်' ဆို ခြင်းမှာ စွန္နသ်ဖြစ်သည်။ ဤသက္ကဗီးရ်၏ စာလုံးများကို ရှိက်ခ်ဆွာလိဟ်မိဆ္ဖ်ရီက

لَآ اِلٰهَ اِلَّا اللهُ وَاللهُ اَكْبَرُ

ဖြစ်သည်ဟု တင်ပြခဲ့သည်။ အိဗ်နေကစီးရ် (ရဟ) သည် စူရာဟ်တိုင်း၏ အဆုံး၌ဟုလည်းကောင်း၊ ဗဂဝီ (ရဟ) သည် စူရာဟ်တိုင်း၏ အစ၌ဟုလည်းကောင်း တစ်ကြိမ် 'သက္ကဗီးရ်'ဆိုရန် စွန္နသ်ဖြစ်သည်ဟု မိန့်ဆိုခဲ့ကြသည်။ *[မဇ္ဇဟရီကျမ်း]*

ဤနှစ်မျိုးစလုံးအနက် မည်သည့်အမျိုးကိုမဆို ပြုလုပ်လိုက်ပါက စွန္နသ်တာဝန် ကျသွားပေမည်။

အကျိုးအာနိသင်

စူရာဟ်သွုဟာမှ ကုရ်အာန်၏ အဆုံးအထိ ရှိသော စူရာဟ်အများစုတွင် တမန်တော်မြတ် ﷺ အပေါ် အလ္လာဟ်အသျှင်မြတ်၏ အထူးကျေးဇူးတော်များနှင့် ကိုယ်တော်မြတ် ﷺ ၏ ထူးမြတ်ခြင်းအကြောင်းများ ပါရှိသည်။ အချို့စူရာဟ်များတွင် 'ကေယာမသ်'နှင့် ယင်း 'ကေယာမသ်'၏ ကြောက်မက်ဖွယ်အကြောင်းများကို ဖော်ပြထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အစတွင် ယင်းကျမ်းမြတ်၏ ကြီးကဲထူးမြတ်ခြင်းအကြောင်းနှင့် ဒွိဟသံသယမဖြစ်ထိုက်ကြောင်း တင်ပြထားသည်။ ကုရ်အာန်၏ အဆုံးသတ်ခြင်းကို ကုရ်အာန်ပို့ချပေးခြင်းခံရသူ၏ ကြီးမြတ်မှုများအပေါ်၌ အဆုံးသတ်ပေးခြင်း ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်အလမ်နရှ်ရဟ်
အသိဉာဏ်ပွင့်ခြင်းကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

أَلَمْ نَشْرَحْ لَكَ صَدْرَكَ ﴿١﴾ وَوَضَعْنَا عَنْكَ وِزْرَكَ ﴿٢﴾
الَّذِيْٓ أَنْقَضَ ظَهْرَكَ ﴿٣﴾ وَرَفَعْنَا لَكَ ذِكْرَكَ ﴿٤﴾ فَإِنَّ مَعَ
الْعُسْرِ يُسْرًا ﴿٥﴾ إِنَّ مَعَ الْعُسْرِ يُسْرًا ﴿٦﴾ فَإِذَا فَرَغْتَ فَانْصَبْ ﴿٧﴾
وَإِلٰى رَبِّكَ فَارْغَبْ ﴿٨﴾

၉၄ : ၁ ။ ။ (အို, နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင်၏ ရင်ကို ဖွင့်ပေးတော်မူခဲ့သည် မဟုတ်လော။

၉၄ : ၂ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် အသင်၏အပေါ်မှ အသင်၏ ဝန်ထုပ်ကို ချပေးတော်မူခဲ့၏။

၉၄ : ၃ ။ ။ ထိုဝန်ထုပ်သည် အသင်၏ ကျောကို ကိုင်းညွတ်စေခဲ့၏။

၉၄ : ၄ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် အသင်၏ ဂုဏ်သတင်းကို ကျော်ကြားစေတော်မူခဲ့၏။

၉၄ : ၅ ။ ။ သို့ဖြစ်ပေရာ ကေန်မလွဲ ခက်ခဲမှုနှင့်အတူ လွယ်ကူမှုသည် (ဒွန်တွဲလျက်ပင်) ရှိ၏။

၉၄ : ၆ ။ ။ ခက်ခဲမှုနှင့်အတူ လွယ်ကူမှုသည် ကေန်အမှန် (ဒွန်တွဲလျက်ပင်) ရှိ၏။

၉၄ : ၇ ။ ။ သို့ဖြစ်ပေရာ အသင်သည် အားလပ်သောအခါ (ဝတ်ပြုမှု၌) ကြိုးပမ်းအားထုတ်ပါလေ။

၉၄ : ၈ ။ ။ ၎င်းပြင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်သို့ (တစ်စိတ်တစ်လက်တည်း အာရုံ) လှည့်ထားပါလေ။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် အသင့်အတွက် အသင်၏ ရင်ကို (အသိပညာနှင့် မြိုသိပ်ခြင်းတရားတို့ဖြင့်) ကျယ်ဝန်းစေတော်မူခဲ့သည် မဟုတ်လော။

(ဆိုလိုသည်မှာ အသိပညာကိုလည်း ကျယ်ဝန်းစွာ ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ ထို့ပြင် 'သဗ်လီးဂ်' ကြိုးပမ်းမှုပြုရာတွင် ရန်သူတို့၏ ဒုက္ခပေးခြင်းများမှ ဖြစ်ပေါ်လာသော ဒုက္ခများအပေါ် သည်းခံမြိုသိပ်ခြင်း တရားကိုလည်း ပေးသနားတော်မူခဲ့သည်ဟု ဖြစ်သည်။)

၄င်းပြင် ငါအသျှင်မြတ်သည် အသင်၏ ကျောပေါ်မှ ဝန်ထုပ်ကို ချပေးတော်မူခဲ့သည်။ ထိုဝန်ထုပ်သည် အသင်၏ ကျောကို ချိုးထားခဲ့၏။

(رزو ၏ အလိုသဘောမှာ တစ်ခါတစ်ရံ အမြော်အမြင်တစ်ရပ်ရပ်နှင့် ကောင်းကျိုးတစ်စုံတစ်ရာအတွက် ကိုယ်တော်မြတ် ﷺ ပြုခဲ့ရသော ပြုပိုင်ခြင်းနှင့် 'မုဗာဟ်' ကိစ္စများဖြစ်သည်။ နောက်ပိုင်းတွင် ဤကိစ္စများသည် အမြော်အမြင်နှင့် ဆန့်ကျင်ကြောင်းနှင့် အကောင်းဆုံးနှင့် ဆန့်ကျင်ကြောင်းတို့ အတည်ဖြစ်ခဲ့လေသည်။ ထိုအခါ ကိုယ်တော်မြတ် ﷺ သည် ဂုဏ်ဒြပ်ကြီးမြင့်ခြင်းနှင့် အသျှင်မြတ်ထံတော်၌ နီးကပ်မှုဖြစ်ခြင်းတို့ကြောင့် ဤသို့ ပြုမိခဲ့သည်ကို အပြစ်ကျူးလွန်မိသကဲ့သို့ ပူဆွေးသောက ဖြစ်ရလေသည်။ ဤနေရာတွင် ဤသို့သော လုပ်ရပ်များအပေါ် အရေးယူခြင်း မရှိကြောင်း သတင်းကောင်းလည်း ဖြစ်ပေသည်။ သို့ဖြစ်ပေရာ ဤသို့ ပြုမိခြင်းအပေါ် ဤသတင်းကောင်းသည် ကိုယ်တော်မြတ် ﷺ အဖို့ နှစ်ကြိမ် ဖြစ်ပေါ်ခဲ့သည်။ ပထမအကြိမ်မှာ မက္ကာဟ်မြို့တွင် ဤစူရာဟ်၏ အကြောင်းခံဖြင့် ဖြစ်ပေါ်ခဲ့ပြီး ဒုတိယအကြိမ်မှာ မဒီနာတွင် စူရာဟ်ဖသဟ်ကျရောက်ချိန်၌ ယင်းအချက်ကို လေးနက်ပြည့်စုံစေရန် အသစ်တစ်ဖန်ရှင်းလင်းတင်ပြသည့်အနေဖြင့် ဖြစ်ပေါ်ခဲ့သည်။)

ထို့ပြင် ငါအသျှင်မြတ်သည် အသင့်အတွက် အသင်၏ ဂုဏ်သတင်းကို ကျော်ကြားစေတော်မူခဲ့သည်။ (ဆိုလိုသည်မှာ ရှရီအသ်တရားတော်တွင် နေရာများစွာတို့၌ အလ္လာဟ်အသျှင်မြတ်၏ နာမတော်နှင့်အတူ ကိုယ်တော်မြတ် ﷺ ၏ နာမတော်သည်လည်း ယှဉ်တွဲဖော်ပြခြင်း ခံရပေမည်ဟူ၏။ ဒွရ်ရေမန်ဆူးရ်ကျမ်းတွင် မရ်ဖူးအ်ဟဒီးစ် လာရှိထားသည်။ ၄င်းမှာ اِذاذكرتُ ذُ كرتَ معى 'ငါအသျှင်မြတ်အကြောင်းကို တင်ပြသတိရ တသသော နေရာတွင် အသင့်အကြောင်းကိုလည်း တသ သတိရ တင်ပြခြင်း ခံရပေလိမ့်မည်' ဟု အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူသည့်အတိုင်းဖြစ်သည်။ ဥပမာ- 'ခွသ်ဗာဟ်' တွင်လည်းကောင်း၊ 'သရှ်ဟွဒ်တွင်' လည်းကောင်း၊ နမာဇ်တွင်လည်းကောင်း၊ အဇာန်တွင်လည်းကောင်း၊ 'အိကာမသ်' တွင်လည်းကောင်း အစရှိသည်များ၌ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ နာမတော်၏ မြင့်မားခြင်းနှင့် ကြီးမြတ်မှုသည်မှုပေါ်လွင်လာ၏။ ထိုအသျှင်မြတ်၏ နာမတော်နှင့်အတူ နောက်မှ တွဲလျက် ပါရှိသူသည်လည်း မြင့်မားကြီးမြတ်ခြင်းတွင် တွဲလျက်ပါရှိနေပေမည်။ မက္ကာဟ်မြို့တွင် ကိုယ်တော်မြတ် ﷺ နှင့် မုအ်မင်န်တို့သည် ဒုက္ခအမျိုးမျိုးကို

ခံစားခဲ့ကြရသည်။ ထို့ကြောင့် ရှေ့တွင် ၎င်းတို့၏ ဤဒုက္ခများ ဝေးလွင့် ပပျောက်စေမည့်အကြောင်း ကတိပြုတော်မူထားသည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် အသင့်အား ဝိညာဉ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမှုကို ပေးသနားတော်မူခဲ့သည်။ ဝိညာဉ်ပိုင်းဆိုင်ရာ ဒုက္ခများကို ဝေးလွင့် ပပျောက်စေတော်မူခဲ့သည်။ ယင်းအချက်များကို أَلَمْ نَشْرَحْ ــ الخ ဟူသော အာယသ်တော်အားဖြင့် သိရှိရပေသည်။ သို့ဖြစ်ပေရာ ဤသို့ ဖြစ်ခြင်းကြောင့် လောကီရေးငြိမ်းချမ်းသာယာမှုနှင့် ကြိုးပမ်းမှုများ၌လည်း ငါအသျှင်မြတ်၏ ကျေးဇူးတော်များကို မျှော်ကိုးနေရပေမည်။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ကတိပြုတော်မူသည်မှာ) သို့ဖြစ်ပေရာ ကေန်မုချ လက်ရှိခက်ခဲမှုများနှင့်အတူ (မကြာမြင့်မီ အချိန်တွင် အမိန့်အရ အတူ ဖြစ်ရှိလာမည့် အဓိပ္ပာယ်ကို ဆောင်သော)လွယ်ကူမှုသည် (ဖြစ်ပေါ်လာရန်) ရှိပေသည်။

(ခက်ခဲမှုများ၏ အမျိုးအစားနှင့် အရေအတွက်မှာ များပြားစွာ ရှိသည်။ ထို့ကြောင့် ဤကတိတော်ကို လေးနက်စေရန်အတွက် ထပ်ကာ မိန့်ကြားတော်မူသည်မှာ) ကေန်မုချ လက်ရှိခက်ခဲမှုများနှင့်အတူ လွယ်ကူမှုသည် (ဖြစ်ပေါ်လာရန်) ရှိပေသည်။

(သို့ဖြစ်ပေရာ ထိုခက်ခဲမှုများသည် တစ်ခုချင်း တစ်ခုချင်းဖြင့် အားလုံး ဝေးလွင့်ပျောက်ကွယ်သွားလေသည်။ ဟဒီးစ်ဆင့်ပြန်ချက်များနှင့် သမိုင်းဖြစ်စဉ်များသည် ဤအပေါ်၌ သက်သေဖြစ်ပေသည်။ ရှေ့တွင် ထိုကျေးဇူးတော်များအပေါ် ကျေးဇူးသိတတ်သူဖြစ်ရန် မိန့်ကြားတော်မူသည်မှာ ငါအသျှင်မြတ်သည် အသင့်အား ဤမည်သော ကျေးဇူးတော်များကို ချီးမြှင့်တော်မူခဲ့သည်ဟု ဖြစ်သည်။) သို့ဖြစ်ပေရာ အသင်သည် (အခြားသူတို့အား အကျိုးသက်ရောက်စေခြင်းကြောင့် 'အေဗာဒသ်'ဖြစ်သော 'သဗ်လီးဂ်'နှင့် အမိန့်တော်များ ပို့ဆောင်ခြင်းမှ) အားလပ်သောအခါ (အခြားသော အထူး 'အေဗာဒသ်'များအတွက်) ကြိုးပမ်းအားထုတ်ပါလေ။

(ကိုယ်တော်မြတ် ﷺ ၏ ဂုဏ်ရည်တော်နှင့် သင့်လျော်မှုရှိမည့် 'အေဗာဒသ်'များစွာနှင့် ကြိုးပမ်းမှုများကို ဆိုလိုသည်။) ၎င်းပြင် (တောင်းခံလိုသည့် အရာများနှင့် စပ်လျဉ်း၍) မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်သို့သာ အာရုံထားပါလေ။

(ဆိုလိုသည်မှာ ထိုအသျှင်မြတ်ထံတော်၌သာ တောင်းခံပါဟု ဖြစ်သည်။ ဤနေရာ၌လည်း ရှုထောင့်တစ်နေရာမှ သတင်းကောင်းပေးခြင်း ဖြစ်သည်။ ခက်ခဲမှုများ ပပျောက်ရန်အတွက် ကိုယ်တိုင် တောင်းခံရန် အမိန့်ပေးခြင်းမှာ တောင်းခံမှုကို ပြည့်ဝအောင် ပြုပေးမည်ဟု ကတိတော်ပြုခြင်းပင် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်သွုဟာမှ ကုရ်အာန်အဆုံးထိတိုင် ရှိသော စူရာဟ် (၂၂) ပုဒ်တွင် အများဆုံး တင်ပြချက်များသည် တမန်တော်မြတ် ﷺ အပေါ်၌ အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်တော်မူထားသည့် အထူးကျေးဇူးတော်များအကြောင်းကို တင်ပြထားခြင်း ဖြစ်သည်။ အချို့သော စူရာဟ်များတွင်သာ 'ကေယာမသ်'နေ့၏

အခြေအနေများနှင့် အခြားသော အချို့အကြောင်းအရာများကို တင်ပြထားသည်။ ဤစူရာဟ် 'အင်န်ရှေရာဟ်' ၌ အလ္လာဟ်အသျှင်မြတ်မှ ကိုယ်တော်မြတ် ﷺ အပေါ် အထူးသီးခြား ချီးမြှင့်ပေးသနားတော်မူခဲ့သော 'နေအ်မသ်' ကျေးဇူးတော်များအကြောင်းကို တင်ပြထားသည်။ ဤတင်ပြချက်တွင် စူရာဟ်သျူဟာ၌

اَلَمْ يَجِدْكَ ـــ الخ

တွင် မေးမြန်းခြင်း ဝါကျဖြင့် မိန့်ကြားတော်မူခဲ့သကဲ့သို့ပင် မေးမြန်း မိန့်ကြားတော်မူထားသည်။

اَلَمْ نَشْرَحْ لَكَ صَدْرَكَ

شرح ၏ အဓိပ္ပာယ်မှာ 'ဖွင့်ခြင်း'ဟု ဖြစ်သည်။ ရင်ဘတ်ကို ဖွင့်လိုက်ခြင်းသည် အသိပညာများနှင့် ကောင်းမြတ်သော အကျင့်စာရိတ္တများအတွက် ကျယ်ဝန်းစေရန် ပြုလုပ်သော အဓိပ္ပာယ်အတွက် အသုံးပြုခြင်းဖြစ်သည်။ အခြားသော အာယသ်တော်တစ်ပါးတွင်

فَمَن يُّرِدِ اللّٰهُ اَن يَّهْدِ يَهٗ يَشْرَحْ صَدْرَهٗ لِلْاِسْلَامِ

ဟု လာရှိထားသကဲ့သို့ ဖြစ်သည်။ တမန်တော်မြတ် ﷺ ၏ ရင်ဘတ်တော်ကို အလ္လာဟ်အသျှင်မြတ်သည် အသိပညာများနှင့် စာရိတ္တမွန်တို့အတွက် ကျယ်ဝန်းအောင် ပြုပေးတော်မူသည်မှာ ကိုယ်တော်မြတ် ﷺ ၏ အသိပညာနှင့် ဉာဏ်အမြော်အမြင်တို့ကို ကြီးမားလှပါသည်ဟူသော အတွေးအခေါ် ပညာရှင်များပင် လိုက်မမီနိုင်ခဲ့ကြပေ။ အလားတူ ရင်ဘတ်ကို ကျယ်ဝန်းစေခြင်း၏ အကျိုးဆက်မှာ ကိုယ်တော်မြတ် ﷺ အဖို့ အဖန်ဆင်းခံများဘက်သို့ အာရုံရောက်ရှိခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ အာရုံရောက်ရှိခြင်းကို အနှောင့်အယှက်မဖြစ်စေခြင်းပင် ဖြစ်သည်။

အချို့သော ဆွဟီးဟ်ဟဒီးစ်တော်များ၌ လာရှိသည်မှာ 'ဖရစ်ရှ်သာဟ်များသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ကိုယ်တော်မြတ် ﷺ ၏ ရင်ဘတ်တော်ကို ပေါ်လွင်သောအနေဖြင့် ခွဲ၍ သန့်စင်ခဲ့ကြသည်'ဟု ဖြစ်သည်။ အချို့သော အဖွင့်ပညာရှင်များက 'ရင်ဘတ်အား ဖွင့်ခြင်း'အား ဤနေရာတွင် ထိုရင်ခွဲခံရသော 'မုအ်ဂျေဇာဟ်'ဖြစ်သည်ဟု အလိုသဘော ကောက်ယူကြသည်။

[အိဗ်နေကစီးရ် စသည့် ကျမ်းများတွင် ဤအတိုင်း လာရှိသည်။]

وَوَضَعْنَا عَنْكَ وِزْرَكَ الَّذِىٓ اَنْقَضَ ظَهْرَكَ

وزر ၏ အဓိပ္ပာယ်မှာ 'ခါးကျိုးစေခြင်း၊ (သို့) ခါးကို ကိုင်းညွတ်စေခြင်း'ဟုဖြစ်သည်။ လေးလံသော ဝန်ထုပ်ကို လူတစ်ဦးအပေါ်၌ တင်လိုက်လျှင် ၎င်း၏ ခါးကိုင်းညွတ်သွားသကဲ့သို့ ဖြစ်သည်။ ဤအာယသ်တော်၌ မိန့်ကြားထားတော်မူသည်မှာ 'အသင်၏ ခါးကို ကိုင်းညွတ်စေသော အလေးအပင် ဝန်ထုပ်

ဝန်ပိုးကို ငါအသျှင်မြတ်သည် အသင့်အပေါ်မှ ဖယ်ရှားပေးတော်မူခဲ့သည်'ဟု ဖြစ်သည်။ ထိုဝန်ထုပ်ဝန်ပိုးမှာ မည်သည့်အရာပါနည်း'ဟု ဆိုရာ၌ ၎င်း၏ သဖိစီးရှိဖွင့်ဆိုချက်တစ်ရပ်မှာ အထက်၌ အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ်တွင် ဖော်ပြခဲ့သကဲ့သို့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် တစ်ခါတစ်ရံ အမြော်အမြင်နှင့် ကောင်းရာကောင်းကျိုးဟု ယူဆလျက် ပြုမိခဲ့သော ပြုပိုင်သည့် အရာများနှင့် 'မုဗာဟ်' ဖြစ်သော ကိစ္စများဖြစ်သည်။ စင်စစ် ထိုကိစ္စများသည် ကောင်းရာကောင်းကျိုး မဖြစ်။ (သို့) အကောင်းဆုံးနှင့် ဆန့်ကျင်သော အရာများသာ ဖြစ်သည်။ တမန်တော်မြတ် ﷺ အဖို့ ဂုဏ်သိက္ခာမြင့်မားမှုနှင့် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ နီးကပ်မှုတွင် အထူးအဆင့်အတန်း ရရှိထားသူဖြစ်ခြင်းတို့ကြောင့် ဤကဲ့သို့သော ကိစ္စများအပေါ်၌လည်း များစွာ စိတ်မချမ်းမသာ ဖြစ်၍ ပူဆွေးသောက ဖြစ်ခဲ့ရသည်။

အလ္လာဟ်အသျှင်မြတ်သည် ဤအာယသ်တော်တွင် 'ထိုအရာများကို ပြုမိခြင်းကြောင့် အသင့်အား အရေးယူရန် မရှိ၊ အသင်၏ အပေါ်မှ ဝန်ထုပ်ဝန်ပိုးကို ငါအသျှင်မြတ်သည် ဖယ်ရှားပေးတော်မူလိုက်သည်' ဟု သတင်းကောင်း ပေးတော်မူခြင်းပင် ဖြစ်သည်။ အချို့အဖွင့်ပညာရှင်များက وِزْرٌ ဝန်ထုပ်ဝန်ပိုး၏ အလိုသဘောကို ဤနေရာ၌ ရေးသားကြသည်မှာ 'နဗူဝသ်' ရရှိသော အစောပိုင်းကာလတွင် 'ဝဟီ'၏ လေးလံမှု အရှိန်အဟုန်သည်လည်း ကိုယ်တော်မြတ် ﷺ အပေါ်၌ ပြင်းထန်ခဲ့သည်။ ထို'ဝဟီ' ဗျာဒိတ်တော်တွင် ကိုယ်တော်မြတ် ﷺ အား လောကတစ်ခုလုံးတွင် မှန်ကန်သော သာသနာတော်၏ အမိန့်တော်များကို ဖြန့်ချီခြင်း၊ ကုဖွရ်နှင့် ရှရစ်ကိများကို ဖယ်ရှား၍ အသျှင်မြတ်၏ အဖန်ဆင်းခံများကို 'သောင်ဟီးဒ်' ဘက်သို့ စုရုံးစေခြင်း အလုပ်များအတွက် တာဝန်ခံအဖြစ် သတ်မှတ်တော်မူထားသည်။ ထို့ပြင် ထိုအလုပ်အားလုံးတို့တွင်

فَاسْتَقِمْ كَمَآ اُمِرْتَ

'အသင်သည် အသျှင်မြတ်၏ အမိန့်တော်များနှင့်အညီ မြဲမြဲတည်တံ့ခြင်းအပေါ်၌ ရှိနေပါလေ' ထိုအမိန့်တော်များကို လိုက်နာကျင့်ဆောင်ရာတွင် မည်သည့်ဘက်ကိုမျှ တိမ်းညွှတ်ခြင်းမပြုလေနှင့်'ဟူသော အမိန့်တော်ရှိခဲ့လေသည်။ တမန်တော်မြတ် ﷺ သည် ဤလေးလံသော တာဝန်အပေါ် လေးလံသည်ဟု ခံစားရလေသည်။ အချို့သော ဟဒီးစ်တော်များ၌ လာရှိသည်မှာ ကိုယ်တော်မြတ် ﷺ ၏ မုတ်ဆိတ်တော်များတွင် အချို့သော မုတ်ဆိတ်မွေးများသည် ဖြူလာသောအခါ ကိုယ်တော်မြတ် ﷺ က

فَاسْتَقِمْ كَمَآ اُمِرْتَ

ဟူသော အာယသ်တော်သည် အိုမင်းစေခဲ့သည်ဟု မိန့်ကြားတော်မူလေသည်' ဟု ဖြစ်သည်။

ဤဝန်ထုပ်ဝန်ပိုးမှာ ကိုယ်တော်မြတ် ﷺ ၏ စိတ်နှလုံးသားမှ ဖယ်ရှားတော်မူလိုက်ကြောင်းကို ဤအာယသ်တော်ဖြင့် သတင်းကောင်းပေးထားသော ဝန်ထုပ်ဝန်ပိုး ဖြစ်သည်။ ထိုဝန်ထုပ်ကို ဖယ်ရှားပေးတော်မူသည် ပုံသဏ္ဌာန်ကို ရှေ့အာယသ်တော်များ၌ တင်ပြထားသည်မှာ ခက်ခဲမှုတိုင်း၏ နောက်တွင်

လွယ်ကူမှုသည် ဖြစ်ပေါ်လာရန် ရှိသည်ဟု ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ရင်ဘတ်ကို ဖွင့်ပေးခြင်း၏ အကြောင်းခံဖြင့် ကိုယ်တော်မြတ် ﷺ ၏ ခွဲ၊ သတ္တိကို မြင့်မားစေတော်မူသည်မှာ ဤခက်ခဲမှုအားလုံးသည် လွယ်ကူမှုအဖြစ် မြင်တွေ့လာရပြီး ဝန်ထုပ်အဖြစ် မရှိတော့ပေ။

وَرَفَعۡنَا لَكَ ذِكۡرَكَ

တမန်တော်မြတ် ﷺ ၏ ဂုဏ်သတင်း ကျော်ကြားမှုဆိုသည်မှာ အစ္စလာမ့်မဏ္ဍိုင်တစ်ခုလုံးတွင် အလ္လာဟ်အသျှင်မြတ်၏ နာမတော်နှင့်အတူ ကိုယ်တော်မြတ် ﷺ ၏ နာမတော်ကို ရွတ်ဆိုကြရသည်။ ဤသည်ကို လောကတစ်ခုလုံး၏ 'မိနာရဟ်' 'အဇာန်'ဆိုရာ မျှော်စင်များနှင့် 'မင်နဗရ်'ခွုသ်ဗဟ် မြွက်ကြားရာ စင်မြင့်များအပေါ်၌ 'اَشۡهَدُ اَنۡ لَّاۤ اِلٰهَ اِلَّا اللّٰهُ' နှင့်အတူ اَشۡهَدُ اَنَّ مُحَمَّدًا رَّسُوۡلُ اللّٰهِ ကို ကြွေးကြော်နေရသည်။ လောကတွင် အသိဉာဏ်ရှိသူ လူသားတစ်ဦးသည် ကာဖိရ်ပင် ဖြစ်လင့်ကစား ကိုယ်တော်၏ အမည်ကို ထူးမြတ်ခြင်း၊ ဂုဏ်ဒြပ်များမပါဘဲ ခေါ်ဝေါ်လေ့ မရှိပေ။

အကျိုးအာ နိသင်

ဤနေရာတွင် ကျေးဇူးတော် (၃) ပါးကို တင်ပြထားသည်။

(၁) شرح صدر ရင်ဘတ်ကို ဖွင့်ပေးခြင်း၊

(၂) وضع وزر ဝန်ထုပ်ဝန်ပိုးကို ဖယ်ရှားပေးခြင်းနှင့်

(၃) رفع ذكر ဂုဏ်သတင်းကျော်ကြား မြင့်မားစေခြင်းတို့ ဖြစ်သည်။

ဤ (၃) မျိုးကို အာယသ်တော် (၃) ပါးတွင် ဖော်ပြထားခြင်း ဖြစ်သည်။ အာယသ်တော်အားလုံးတွင် فعل ကြိယာနှင့် مفعول ကံတို့၏ ကြားအလယ်၌ لَكَ (သို့မဟုတ်) عَنۡكَ ဟူသော အက္ခရာများကို သုံးနှုန်းထားသည်။ ဤသုံးနှုန်းမှုတွင် တမန်တော်မြတ် ﷺ အဖို့ 'ဤအရာအားလုံးသည် အသင့်အတွက် ပြုလုပ်ပေးတော်မူခြင်း ဖြစ်သည်' ဟူ၍ တမန်တော်မြတ် ﷺ ၏ ထူးမြတ်ခြင်းနှင့် ဂုဏ်ဒြပ် ကြီးမားခြင်းတို့ကို ညွှန်းဆိုထားခြင်း ဖြစ်သည်။

فَاِنَّ مَعَ الۡعُسۡرِ يُسۡرًا ۙ اِنَّ مَعَ الۡعُسۡرِ يُسۡرًا

အာရဗီဘာသာတွင် ဥပဒေရှိသည်မှာ စာလုံးတစ်လုံး၏ အစတွင် လာရှိသော الف لام 'အလိဖ်၊ လာမ်' ကို لام تعريف 'လာမေ့သအ်ရီးဖ်' (အထူးပြု 'လာမ်'အက္ခရာ) ဟု ခေါ်သည်။ အကယ်၍ ၎င်းစာလုံးကို الف لام 'အလိဖ်လာမ်'နှင့်အတူ ထပ်၍ တင်ပြမည်ဆိုပါက ၎င်း၏ ရည်ညွှန်းချက်သည်

ပထမဝါကျ၌ ရှိသော အရာကိုသာ ဆိုလိုပေသည်။ 'အကယ်၍ الف لام မပါဘဲ ထပ်မံ၍ ယူလာသည့် အခါ ၎င်းတို့၏ ရည်ညွှန်းချက် အလိုသဘောမှာ ကွဲပြားခြားနားစွာ သတ်မှတ်ရ၏။ ဤအာယသ်တော်၌ العسر ကိုထပ်ဆင့် တင်ပြထားသည်။ ဤသည် ပထမ عسر ကိုသာ ဆိုလိုပြီး သီးခြားထပ်မံ မပါဝင်ကြောင်း သိရှိရသည်။ ထို့ပြင် يُسر ဟူသော စာလုံးကို الف لام မပါဘဲ နှစ်နေရာစလုံး၌ ယူလာသည် ဖြစ်ရာ ဒုတိယ يسر သည် ပထမ يُسر နှင့် သီးခြားဖြစ်ကြောင်း သိရှိရသည်။ သို့ဖြစ်ပေရာ ဤအာယသ်တော်တွင် اِنَّ مَعَ الْعُسْرِ يُسْرًا ကို ထပ်ကာ ယူလာသည့်အတွက် အခက်အခဲတစ်မျိုးတည်းအတွက် လွယ်ကူမှု နှစ်မျိုးရှိသည်ကို ကတိပြုတော်မူကြောင်း သိရှိရသည်။ ထို့ပြင် 'နှစ်မျိုး' ဟု ဆိုရာ၌လည်း အထူးသတ်မှတ်သော 'နှစ်မျိုး'ကိုသာ မဆိုလိုဘဲ များစွာသော အရာများကို ဆိုလိုခြင်းဖြစ်သည်။ အလိုသဘောမှာ ကိုယ်တော်မြတ် ﷺ ရင်ဆိုင်ကြုံတွေ့ရသော ခက်ခဲမှုတစ်ရပ်နှင့်အတူ များစွာသော လွယ်ကူမှုများကိုလည်း ကိုယ်တော်မြတ် ﷺ အား ပေးသနားတော်မူမည်' ဟု ဖြစ်သည်။

ဟာစန်ဗဆွရီ (ရဟ) မှ 'မုရ်စလ်' တိုက်ရိုက် တမန်တော်မြတ် ﷺ အမိန့်ရှိသည်ဟူ၍ ဆင့်ပြန်သော ဆင့်ပြန်ချက်လာရှိသည်မှာ ၎င်းက ကျွန်ုပ်အား တင်ပြခဲ့သည်မှာ တမန်တော်မြတ် ﷺ သည် မိမိ၏ ဆွဟာဗာများအား ဤအာယသ်တော်ပါ သတင်းကောင်းကို ဖတ်ကြားပြသတော်မူပြီးနောက်

لَنْ يَّغْلِبَ عُسْرٌ يُسْرَيْنِ

'ခက်ခဲမှုတစ်ခုသည် လွယ်ကူမှု နှစ်ခုအပေါ် လွှမ်းမိုးခြင်းမဖြစ်နိုင်ပေ'ဟု မိန့်ကြားတော်မူခဲ့သည်။

သို့ဖြစ်ပေရာ မွတ်စ္စလင်မ်နှင့် မွတ်စ္စလင်မ်မဟုတ်သူများကလည်းကောင်း၊ မိမိတို့အနက်မှ ရှိသူများနှင့် အခြားသူများကလည်းကောင်း ရေးသားထားသည့် သမိုင်းစာအုပ်အားလုံးတို့က သက်သေအဖြစ်ရှိသည်မှာ အခက်အခဲဆုံးဖြစ်ရုံမျှမက လူတို့၏ အမြင်တွင် မဖြစ်နိုင်ဟု တွေ့မြင်နေရသော ကိစ္စများသည် ကိုယ်တော်မြတ် ﷺ အဖို့ လွယ်ကူမှုများ ဖြစ်သွားခဲ့ရသည်သာ ဖြစ်သည်' ဟူ၏။ ဖော်ပြပါ ဆင့်ပြန်ချက်အရ ဤအာယသ်တော်၌ الف لام 'အလိဖ်လာမ်'သည် عهد သတ်မှတ်ချက် ရှိထားပြီး အရာတစ်ခုအတွက် ဖြစ်ကြောင်းကိုလည်း သိရှိရပေသည်။ အလိုသဘောမှာ ကိုယ်တော်မြတ် ﷺ နှင့် ဆွဟာဗာတို့ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခက်အခဲကို ဆိုလိုသည်။ အလိုသဘောမှာ ဒုက္ခတိုင်းအပေါ် မြောက်မြားစွာသော လွယ်ကူမှုများ ချီးမြှင့်ခံရမည်ဟူသော ကတိတော်သည် ကိုယ်တော်မြတ် ﷺ နှင့် ဆွဟာဗာတို့အတွက်သာ ဖြစ်သည်။ ယင်းအချက်ကို အလ္လာဟ်အသျှင်မြတ်က ပြည့်ဝစေတော်မူခဲ့သည်ကို လောကတစ်ခုလုံးသည် မျက်စိများဖြင့် မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ ယခုအခါ အကယ်၍ လောကတွင် လူတစ်ဦးတစ်ယောက်အဖို့ ခက်ခဲမှု၏ နောက်တွင် လွယ်ကူမှုမရရှိပါက ထိုသို့ ဖြစ်ခြင်းသည် ဤအာယသ်တော်နှင့် ဆန့်ကျင်မှုမဖြစ်ပေ။ သို့တိုင်အောင်လည်း အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်မှာ မည်သူမဆို ခက်ခဲမှုအပေါ် 'ဆွဗရ်'ပြုလုပ်ခဲ့သည်။

စိတ်ထားမှန်ကန်စွာ အလ္လာဟ်အရှင်မြတ်အပေါ် ယုံပုံအားကိုးခဲ့သည်။ ရှထောင့်ပေါင်းစုံမှ ထိုအရှင်မြတ်အပေါ်၌သာ အာရုံများကို စုစည်းထားရှိခဲ့သည်။ ထိုအရှင်မြတ် ပေးသနားတော်မူမည့် ကျေးဇူးတော်ကို မျှော်ကိုးခဲ့သည်။ ထို့ပြင် အောင်မြင်မှုနှင့် စပ်လျဉ်း၍ ကြန့်ကြာမှုကို မျှော်လင့်ချက် မကင်းဘဲ ရှိခဲ့မည်ဆိုပါလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အတွက် လွယ်ကူမှု ပြုပေးတော်မူမည်သာ ဖြစ်ပေသည်။

[ဖဝါအိဒ်အုစ်မာနီယဟ်ကျမ်း]

အချို့ဟဒီးစ်ဆင့်ပြန်ချက်များဖြင့်လည်း ဤအကြောင်းအပေါ် ထောက်ခံချက်များ လာရှိသည်။

'သအ်လီးမ်'သင်ပေးသင်ယူမှုနှင့် 'သဗ်လီးဂ်' ပို့ချပေးသော လုပ်ငန်းများကို ပြုလုပ်သူများအဖို့ တစ်ဦးတည်းရှိစဉ် အချိန်များ၌ အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းနှင့် အလ္လာဟ်အရှင်မြတ်အပေါ် အာရုံစုစည်းမှု ထားရှိရန်လည်း အရေးကြီးခြင်း

فَاِذَا فَرَغْتَ فَانْصَبْ ۝ وَاِلٰى رَبِّكَ فَارْغَبْ

ဆိုလိုသည်မှာ 'အသင်သည် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သော အမှန်တရားဘက်သို့ ဖိတ်ခေါ်ခြင်းနှင့် အမိန့်တော်များ ပို့ချသည့် ဆောင်ရွက်ချက်များမှ အားလပ်သည့်အခါ (အခြား) ကြိုးပမ်းမှုများအတွက် အသင့်ဖြစ်ပါလေ' ထိုကြိုးပမ်းမှုများ ဟူသည်မှာ 'နမာဇ်ဝတ်ပြုခြင်း၊ အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်း၊ ဒိုအာတောင်းခံခြင်းနှင့် 'အိစ်သိဂ်ဖာရ်' လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံခြင်း'တို့ ဖြစ်သည်။

မုဖတ်စိရ်အဖွင့်ပညာရှင်အများစုတို့သည် ဤအာယသ်တော်အား ဤအတိုင်းပင် ဖွင့်ဆိုကြသည်။ အချို့သော အဖွင့်ပညာရှင်များက အခြားသော ဖွင့်ဆိုချက်များလည်း ရေးသားခဲ့ကြသည်။ သို့ရာတွင် အထက်၌ ရေးသားခဲ့သည့် ဖွင့်ဆိုချက်သာ အနီးစပ်ဆုံးဖြစ်သည်။ အလိုသဘောမှာ တမန်တော်မြတ် ﷺ ၏ အစ္စလာမ်သာသနာတော်ဘက်သို့ ဖိတ်ခေါ်ခြင်းနှင့် သာသနာ့ အမိန့်ပညတ်ချက်များ ပို့ချခြင်း၊ အရှင်မြတ်၏ အဖန်ဆင်းခံ လူသားများကို လမ်းမှန်ပြသခြင်းနှင့် ၎င်းတို့အား ပြုပြင်ရန် သောကထားခြင်းတို့သည် ကိုယ်တော်မြတ် ﷺ အဖို့ အကြီးမားဆုံးသော 'အေဗာဒသ်'ဖြစ်သည်။ သို့ရာတွင် ဤ 'အေဗာဒသ်' သည် အဖန်ဆင်းခံများအပေါ် အာရုံထား၍ ၎င်းတို့အတွက် ကြံစည်ပြုလုပ်ရသော အဖန်ဆင်းခံများနှင့် ဆက်နွယ်လျက်ရှိသော 'အေဗာဒသ်' ဖြစ်သည်။ အာယသ်တော်၏ ရည်ရွယ်ချက်မှာ အဖန်ဆင်းခံများနှင့် ဆက်နွယ်သော ဤ 'အေဗာဒသ်'များအပေါ်၌သာ ရောင့်ရဲတင်းတိမ်ခြင်းမပြုဘဲ ထိုလုပ်ရပ်များမှ အားလပ်သည့်အခါ ကြားခံဆက်နွယ်မှု မရှိဘဲ တစ်ကိုယ်ရေတည်း အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ အာရုံပြုပါလေ။ ထို့နောက် ထိုအရှင်မြတ်ထံတော်၌သာလျှင် လုပ်ငန်းအားလုံး၌ အောင်မြင်မှုရရန် ဒိုအာတောင်းခံရပေမည်။ အဘယ်ကြောင့်ဆိုသော် လူသားအား ဖန်ဆင်းသော အဓိက ရည်ရွယ်ချက်မှာ ထိုလူသား

သည် အလ္လာဟ်အသျှင်မြတ်အား သတိရတသမှုနှင့် ကြားခံဆက်သွယ်မှုမရှိဘဲ အလ္လာဟ်အသျှင်မြတ်အား 'အေဗာဒသ်'ပြုလုပ်ရန်သာ ဖြစ်သည်။ ထို့ကြောင့် ပထမအမျိုးအစားဖြစ်သော ကြားခံဆက်သွယ်မှုဖြင့် ပြုရသော 'အေဗာဒသ်' ပြီးဆုံးသည့်အခါဟု ဖော်ပြမိန့်ကြားခြင်း ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုအလုပ်မှာ လိုအပ်ချက်တစ်ရပ်အတွက် ဖြစ်သည်။ ထိုအလုပ်မှာ ပြီးဆုံး၍ အားလပ်ခြင်း ဖြစ်နိုင်သည်။ ဒုတိယအလုပ်ဖြစ်သော အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အာရုံပြုခြင်းမှာမူ မုအ်မင်နံအဖို့ မည်သည့်အခါမျှ ပြီးဆုံးသွားနိုင်မည် မဟုတ်ပေ။ ထိုမျှမက မိမိ၏ သက်တမ်းတစ်ခုလုံးနှင့် အင်အားတို့ကို ၄င်းအလုပ်၌သာ ထည့်ထားရမည်ဖြစ်သည်။

အကျိုးအမြတ် ❶

သင်ပေးသင်ယူခြင်း၊ ပို့ချခြင်းနှင့် အဖန်ဆင်းခံလူသားများအား ပြုပြင်ခြင်း လုပ်ငန်းများကို ပြုလုပ်နေကြသော အိုလမာ သာသနာ့ပညာရှင်များအဖို့ ဤအချက်ကို မေ့လျော့ထားခြင်း မပြုရပေ။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့အနေဖြင့် အချို့အချိန်များတွင် တစ်ကိုယ်ရေတည်းရှိပြီး အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အာရုံပြုခြင်းနှင့် အလ္လာဟ်အသျှင်မြတ်အား သတိရ တသရန်ကိုလည်း သီးခြားအချိန် ထားရှိရမည်။ ရှေးပညာရှင်ကြီးများ၏ ကျင့်မှုဆောက်တည်မှုများသည် သက်သေသာဓက ဖြစ်သည်။ ထိုအချက်များ မရှိဘဲ သင်ကြားပို့ချပေးခြင်းတို့တွင် စူးရှမှုလည်း မရှိနိုင်ပေ။ 'နူးရ်'အလင်းရောင်နှင့် 'ဗရ်ကသ်'မင်္ဂလာများလည်း မရှိနိုင်ပေ။

အကျိုးအမြတ် ❷

فَانْصَبْ သည် **نَصب** ဟူသော စာလုံးမှ ဆင်းသက်လာသည်။ ၄င်း၏ မူရင်းအဓိပ္ပာယ်မှာ 'မောပန်းခြင်း'ဟု ဖြစ်သည်။ ဤနေရာတွင် 'အေဗာဒသ်' နှင့် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းကို အနည်းငယ် ဒုက္ခခံ၍ မောပန်းသည်အထိ ပြုနေရမည်ဖြစ်ကြောင်းကို ညွှန်းဆိုထားခြင်းဖြစ်သည်။ စိတ်၏ သာယာမှုနှင့် ပျော်ရွှင်မှုကို အဓိကမထားရ။ 'ဝဇ္ဇီဖဟ်' ကျင့်စဉ်တစ်ခုကို အစဉ်တစိုက် စွဲမြဲစွာ ပြုကျင့်ခြင်းမှာလည်း တိုတောင်းနည်းပါးလင့်ကစား ဒုက္ခအခက်အခဲရှိကာ နွမ်းလျစေသော အရာပင်ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်သီးန်

သဖန်းပင်ကဏ္ဍ

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَالتِّينِ وَالزَّيْتُونِ ﴿١﴾ وَطُورِ سِينِينَ ﴿٢﴾ وَهَٰذَا الْبَلَدِ الْأَمِينِ ﴿٣﴾
لَقَدْ خَلَقْنَا الْإِنسَانَ فِي أَحْسَنِ تَقْوِيمٍ ﴿٤﴾ ثُمَّ رَدَدْنَاهُ أَسْفَلَ
سَافِلِينَ ﴿٥﴾ إِلَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَلَهُمْ أَجْرٌ غَيْرُ مَمْنُونٍ ﴿٦﴾
فَمَا يُكَذِّبُكَ بَعْدُ بِالدِّينِ ﴿٧﴾ أَلَيْسَ اللَّهُ بِأَحْكَمِ الْحَاكِمِينَ ﴿٨﴾

၉၅ : ၁ ။ ။ (ငါအသျှင်မြတ်သည်) သဖန်းပင်ကိုလည်းကောင်း၊ သံလွင်ပင်ကိုလည်းကောင်း သက်သေထူတော်မူ၏။

၉၅ : ၂ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည်) 'သိန' တောင်ကို သက်သေထူတော်မူ၏။

၉၅ : ၃ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည်) ဤဘေးရန်ကင်းသော မြို့တော်ကို သက်သေထူတော်မူ၏။

၉၅ : ၄ ။ ။ ဧကန်မလွဲ ငါအသင်မြတ်သည် လူကို အကောင်းဆုံးသော အချိုးအစား၊ အရုပ်အမောင်း၊ ပုံပန်းသဏ္ဍာန်၌ ဖန်ဆင်းတော်မူ၏။

၉၅ : ၅ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းအား ညံ့ဖျင်းသောသူတို့ထက်၊ အညံ့ဖျင်းဆုံးသော အခြေအနေသို့ ပြန်ရောက်စေတော်မူ၏။

၉၅ : ၆ ။ ။ သို့ရာတွင် သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သော သူတို့အဖို့မှာမူ မကုန်ဆုံးနိုင်သော အကျိုးကျေးဇူးသည် (အသင့်) ရှိ၏။

၉၅ : ၇ ။ ။ သို့ပါလျက် (ဤသည်တို့ကို သိရှိပြီး) နောက်တွင် အစားပေးခြင်းကို မဟုတ်မမှန်ဟု ငြင်းပယ်ရန် အသင့်အား မည်သည့်အရာက လှုံ့ဆော်သနည်း။

၉၅ : ၈ ။ ။ အလ္လာဟ်အသျှင်မြတ်သည် တရားစီရင်သူအပေါင်းတို့၏ အကောင်းဆုံး တရားစီရင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည် မဟုတ်လော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် သဖန်း (ပင်) ကိုလည်းကောင်း၊ ထို့ပြင် သံလွင် (ပင်) ကိုလည်းကောင်း တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

ထို့ပြင် ငါအသျှင်မြတ်သည် 'သိနႈ' တောင်ကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။ ထို့ပြင် ငါအသျှင်မြတ်သည် ဤဘေးရန်ကင်းသော (မက္ကာဟ်) မြို့ကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

ဧကန်မလွဲ ငါအသျှင်မြတ်သည် လူသားကို အလွန်လှပသော ပုံစံခွက်တွင် ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက်တစ်ဖန် ငါအသျှင်မြတ်သည် (ထိုလူသားတွင် အိုမင်းသွားသောအခါ) ညံ့ဖျင်းသူတို့၏ အခြေအနေ ထက် အညံ့အဖျင်းဆုံးသော အခြေအနေသို့ ပြန်လည်ရောက်စေတော်မူ၏။

(ဆိုလိုသည်မှာ လှပခြင်းကို ရုပ်ဆိုးခြင်းဖြင့်လည်းကောင်း၊ အားအင်ပြည့်ဝခြင်းကို အားအင်ချည့်နဲ့ ခြင်းဖြင့်လည်းကောင်း ပြောင်းလဲပေးတော်မူလိုက်သည်။ အညံ့တကာ့အညံ့ဆုံး ဖြစ်သွားလေသည်။ ဤသည် မှာ လူသား၏ အညံ့ဖျင်းဆုံးအခြေအနေကို တင်ပြရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဤအချက်အားဖြင့် လူသား တို့အား ဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းရန် အလ္လာဟ်အသျှင်မြတ်သည် တတ်စွမ်းနိုင်တော်မူသော တန်ခိုး တော်အသျှင် ဖြစ်ကြောင်း ပေါ်လွင်ပေသည်။

အလ္လာဟ်အသျှင်မြတ်က

اَللهُ الَّذِىْ خَلَقَكُمْ مِّنْ ضُعْفٍ ـــ الخ

ဟု မိန့်ကြားထားသည့်အတိုင်း ဖြစ်သည်။ ဤစူရာဟ်၏ ရည်ရွယ်ချက်မှာ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်သည် ဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းခြင်းနှင့် ပြန်လည်ရှင်ထစေခြင်းတို့ကို ပြုနိုင်စွမ်းရှိသည် ကို တင်ပြရန်တွက် ဖြစ်ကြောင်း သိရှိရသည်။

فَمَا يُكَذِّ بُكَ بَعْدُ بِالدِّيْنِ

ဟူသော အပိုဒ်သည် ဤအကြောင်းကို ညွှန်းဆိုကြောင်း သိရှိရသည်။ ဤအာယသ်တော်၏ ခြုံငုံ ပါဝင်သော အလိုသဘောကို ထောက်ရှုခြင်းအားဖြင့် အိုမင်းမစွမ်းသူ အားလုံးတို့သည် အဆိုးဆုံး၊ အညံ့ အဖျင်းဆုံး ဖြစ်ကြောင်း ထင်မှတ်ရပေသည်။

ဤမည်သော မှတ်ယူမှု သံသယကို ဝေးကွာစေရန် ရှေ့အာယသ်တော်တွင် ကန့်သတ်ခွဲထုတ်ခြင်း တစ်ရပ်ကို မိန့်ကြားထားသည်မှာ) သို့ရာတွင် အီမာန်သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်သူများအဖို့ အဆုံးမရှိသော အကျိုးကျေးဇူး ရှိပေသည်။

(ဤနေရာ၌ တင်ပြသည်မှာ 'ကောင်းမြတ်သော မုအ်မင်နီသည် အိုမင်းမစွမ်း ဖြစ်သွားသည့်တိုင် နိဂုံးရလဒ်အားဖြင့် ကောင်းမြတ်ခြင်း၌သာ ရှိပေမည်။ ထိုမျှမက မူလကထက်ပင် ပို၍ ၎င်း၏ သိက္ခာ မြင့်မားသွားပေမည်' ဟု ဖြစ်သည်။ ရှေ့တွင် خَلَقْنَا နှင့် رَدَدْنَا တို့အပေါ် ရှင်းလင်းထားသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ဖန်ဆင်းခြင်းနှင့် အခြေအနေများကို ပြောင်းလဲစေခြင်းတို့ကို စွမ်းဆောင်နိုင် တော်မူမည် ဖြစ်သည့်အခါ) သို့ဖြစ်ပါလျက် (အို၊ လူသား) 'ကေယာမသ်' ကို မဟုတ်မမှန်ဟု အသင့်အား မည်သည့်အရာက လှုံ့ဆော်ပါသနည်း။

(ဤမည်သော အထောက်အထားများ ရှိပါလျက် 'ကေယာမသ်'ကို ငြင်းပယ်သူ ဖြစ်စေသော မည်သည့်အထောက်အထားများ ရှိပါသနည်း။)

အလ္လာဟ်အသျှင်မြတ်သည် တရားစီရင်သူအပေါင်းတို့တွင် အကောင်းဆုံးသော တရားစီရင် တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည် မဟုတ်ပါလော။

(လူသားအား ဖန်ဆင်းခြင်းနှင့် တစ်ဖန် အိုမင်းမစွမ်းဖြစ်ချိန်တွင် ပြောင်းလဲမှုများအကြောင်း အထက် တွင် တင်ပြခဲ့သကဲ့သို့ လောကီရေး ပြောင်းလဲမှုများတွင်လည်းကောင်း၊ 'ကေယာမသ်'နှင့် အစားပေးခြင်း များအတွက် တမလွန်၏ ပြောင်းလဲခြင်းများ၌ လည်းကောင်း အကောင်းဆုံး တရားစီရင်တော်မူသော အသျှင်ဖြစ်တော်မူသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَالتِّيْنِ وَالزَّيْتُوْنِ

ဤအာယသ်တော်တွင် အရာ (၄) မျိုးကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုထားသည်။ ၎င်းတို့အနက် (၂) မျိုးမှာ သစ်ပင်များ ဖြစ်သည်။

(၁) သဖန်းပင်နှင့်

(၂) သံလွင်ပင်တို့ ဖြစ်သည်။

ထို့ပြင် နောက်တစ်မျိုးမှာ တောင်ဖြစ်ပြီး အခြားတစ်မျိုးမှာ မြို့ (မက္ကာဟ်မြို့) ဖြစ်သည်။

ဤအရာများကို အထူးသတ်မှတ်၍ ကျိန်ဆိုတင်ပြရခြင်း၏ ဖြစ်နိုင်သော အကြောင်းခံမှာ ဤသစ်ပင် နှစ်မျိုးသည် လွန်စွာ 'ဗရ်ကသ်'မင်္ဂလာရှိ၍ မြောက်မြားစွာသော အကျိုးများ ဖြစ်ထွန်းစေခြင်းကြောင့် ဖြစ်ပေမည်။ အလားတူ 'သျူရ်' တောင်နှင့် မက္ကာဟ်မြို့တို့သည်လည်း 'ဗရ်ကသ်'မင်္ဂလာများပြားလွန်း၍

ဖြစ်ပေမည်။ ထို့ပြင် ဖြစ်နိုင်သော အခြားအကြောင်းတစ်ရပ်မှာ သဖန်းပင်နှင့် သံလွင်ပင်ကို တင်ပြခြင်း၏ သဘောသည် ၎င်းသစ်ပင်များ ပေါများစွာ ပေါက်ရောက်သော နေရာဒေသကို ဆိုလိုခြင်း ဖြစ်ပေမည်။ ထို့ပြင် ထိုအပင်များ အလွန်များပြားစွာ ပေါက်ရောက်သော ဒေသမှာ နဗီတမန်တော်များ ပေါ်ထွန်းရာ ဆီးရီးယားနိုင်ငံ ဖြစ်သည်။ ဟဇရသ်အိဗ်ရာဟီမ် عليه السلام သည်လည်း ဤဆီးရီးယားနိုင်ငံ၌ပင် နေထိုင်ခဲ့သည်။ ၎င်းအား ဟီဂျ်ရသ်ပြုစေပြီး မက္ကာဟ်မြို့သို့ ပြောင်းရွှေ့စေတော်မူခဲ့ခြင်း ဖြစ်သည်။

ဤနည်းဖြင့် ဤ 'ကစမ်' ကျိန်ဆိုမှုများတွင် အထူးနဗီတမန်တော်များ မွေးဖွား၍ နဗီတမန်တော်အဖြစ် စေလွှတ်ခြင်းခံရသော ထူးမြတ်သည့် နေရာဒေသအားလုံး ပါဝင်သွားလေသည်။ ဆီးရီးယားနိုင်ငံသည် နဗီတမန်တော်အများစုတို့၏ မွေးရပ်ဌာနေနှင့် နေထိုင်ရာ ဒေသဖြစ်ခဲ့သည်။ 'သွူရ်' တောင်မှာ ဟဇရသ်မူစာ عليه السلام သည် အလ္လာဟ်အသျှင်မြတ်နှင့် စကားပြောဆိုခဲ့သည့်နေရာ ဖြစ်သည်။ سِينِين 'စီနီးန်' သို့မဟုတ် سَيْنَاء 'စိုင်ယ်နားအ်' သည် ယင်းတောင်တည်ရှိသော နေရာဒေသ၏ အမည်ဖြစ်သည်။

'ဗလ်ဒ်အမီးန်' (မက္ကာဟ်မြို့) သည် နောက်ဆုံး နဗီတမန်တော်ချုပ်မိုဟမ္မဒ် ﷺ မွေးဖွားရာနှင့် နေထိုင်တော်မူခဲ့ရာမြို့ ဖြစ်သည်။

ထိုအရာ (၄) မျိုးကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူပြီး

لَقَدْ خَلَقْنَا الْاِنْسَانَ فِىْٓ اَحْسَنِ تَقْوِيْمٍ

ဟု မိန့်ကြားတော်မူခဲ့သည်။ تَقْوِيم ၏ အဓိပ္ပာယ်မှာ 'အရာဝတ္ထုတစ်ခု၏ အခြေခံကို ကောင်းမွန်အောင် ပြုလုပ်ခြင်းဟု ဖြစ်သည်။ احسن تقويم ၏ အလိုသဘောမှာ '၎င်း၏ မူလဇာတိ၊ သဘာဝကိုလည်း အခြားသော အဖန်ဆင်းခံများထက် ပို၍ ကောင်းအောင် ပြုခံရခြင်းဖြစ်သည်။ ၎င်း (လူသား) ၏ ခန္ဓာကိုယ် ပုံပန်းသဏ္ဌာန်နှင့် ရုပ်ဆင်းအင်္ဂါတို့ကိုလည်း လောကရှိ သက်ရှိအားလုံးတို့ထက် အကောင်းဆုံးနှင့် အလှပဆုံးအဖြစ် ပြုပေးခြင်း ခံရသည်' ဟု ဖြစ်သည်။

လူသည် အဖန်ဆင်းခံအားလုံးတို့တွင် အလှပဆုံးဖြစ်ခြင်း

လူသားအား အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အဖန်ဆင်းခံအားလုံးတွင် အားလုံးထက် ပို၍ အလှပဆုံးအဖြစ် ဖန်ဆင်းတော်မူခဲ့သည်။ အိဗ်နေအရဗီ (ရဟ) က မိန့်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းခံများအနက် မည်သည့်အရာသည်မျှ လူသားထက် ပို၍ လှသော ခန္ဓာကိုယ် ပုံပန်းသဏ္ဌာန်ဖြင့် ဖန်ဆင်းခံရသည် မရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုလူသားကို အလ္လာဟ်အသျှင်မြတ်သည် အသက်ဝိညာဉ်နှင့်အတူ အသိပညာရှိသူ၊ တတ်စွမ်းနိုင်သူ၊ စကားပြောဆိုနိုင်သူ၊ ကြားနာနိုင်သူ၊ မြင်နိုင်သူ၊ စဉ်းစားတွေးတောနိုင်သူနှင့် အမြော်အမြင်ရှိသူအဖြစ် ဖန်ဆင်းတော်မူထားသောကြောင့် ဖြစ်သည်။ ထို့ပြင် ဤဂုဏ်

ရည်အားလုံးသည် အလ္လာဟ်အသျှင်မြတ် ကိုယ်တော်တိုင်၏ ဂုဏ်တော်များဖြစ်သည်။ ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်းတို့တွင် ဆင်ပြန်ချက်တစ်ရပ် လာရှိသည်။

اِنَّ اللهَ خَلَقَ اٰدَمَ عَلٰى صُوْرَ تِهٖ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် အာဒမ် عليه السلام အား မိမိ၏ ရုပ်ဆင်းသဏ္ဍာန်အတိုင်း ဖန်ဆင်းတော်မူခဲ့သည်' ဟု ဖြစ်သည်။ ၎င်း၏ ဖြစ်နိုင်သော အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်၏ အချို့ဂုဏ်တော်များအနက် အဆင့်အတန်းအချို့ကို လူသား၌လည်း ပေးထားသည်' ဟု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည်မူ ပုံပန်းသဏ္ဍာန်နှင့် ရုပ်ဆင်းအင်္ဂါ အပေါင်းတို့မှ ကင်းစင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ *[ကုရ်သုဗီးကျမ်း]*

လူသား၏ လှပမှုနှင့် စပ်လျဉ်းသော အံ့ဖွယ်ဖြစ်စဉ်တစ်ရပ်

ကုရ်သုဗီ (ရဟ) သည် ဤနေရာ၌ ဖြစ်ရပ်တစ်ခုကို တင်ပြသည်မှာ ခလီဖာဟ်အဘူဂျအ်ဖရ်မန်ဆွူရ်၏ နန်းတော်မှ အထူးအခွင့်ရလူများအနက်မှ ဖြစ်သော အီစာဗင်န်မူစာဟာရှိမီသည် မိမိ၏ ဇနီးကို အလွန်တရာ ချစ်မြတ်နိုးသူ ဖြစ်သည်။ တစ်နေ့ လသာသော ညတွင် ၎င်းသည် ဇနီးနှင့်အတူ ထိုင်နေရာမှ

انت طالق ثلاثاان لم تكونى احسن من القمر

'အသင်မသည် လထက် ပို၍ လှပသူမဟုတ်ပါက အသင်မအပေါ်တွင် 'သွလားက်'(၃) ကြိမ်'ဟု ပြောဆိုလိုက်သည်။ ဇနီးသည်မှာ 'အသင်သည် ကျွန်မအား 'သွလားက်' ပေးလိုက်ပေပြီ' ဟု ဆို၍ ထပြီး ခန်းဆီးအတွင်းသို့ ဝင်သွားခဲ့သည်။ ပြောဆိုလိုက်ခြင်းမှာ ကျီစယ်သောအားဖြင့် ပြောဆိုခြင်း ဖြစ်သည်။ သို့သော် 'သွလားက်'၏ အမိန့်မှာ 'မည်သို့ပင်ဖြစ်စေ၊ 'သွလားက်'၏ ထင်ရှားပေါ်လွင်သော စကားလုံးဖြင့် ဇနီးသည်အား ပြောကြားလိုက်သည်ဖြစ်လျှင် နောက်ပြောင်ကျီစယ်သည်ပင် ဖြစ်လင့်ကစား 'သွလားက်' အထမြောက်သွားသည်သာ ဖြစ်သည်။ အီစာဗင်န်မူစာသည် ညကို စိတ်လက်မသက်သာဖြစ်ခြင်း၊ ပူဆွေးသောကဖြစ်ခြင်းတို့ဖြင့် ကုန်ဆုံးစေခဲ့သည်။ နံနက်မိုးသောက်သောအခါ ခလီဖဟ်အဘူဂျအ်ဖရ်မန်ဆွူးရ်ထံ ခစားလျက် မိမိ၏ ဖြစ်ရပ်ကို လျှောက်ထားတင်ပြလေသည်။ ထို့နောက် မိမိ၏ ပူဆွေးသောကဖြစ်ရခြင်းကိုလည်း ထုတ်ဖော်ပြသလေသည်။ မန်ဆွူးရ်သည် ထိုမြို့ရှိ ဖိကာဟ်ပညာရှင်များနှင့် ဓမ္မသတ်ပညာရှင်တို့ကို စုရုံးစေ၍ ဤဖြစ်ရပ်အကြောင်းကို မေးမြန်းလေသည်။ ပညာရှင်အားလုံးတို့က 'သွလားက်အထမြောက်သွားပြီ။ အကြောင်းမှာ လထက် ပို၍ လှပသူဖြစ်ရန် မည်သည့်လူသားအတွက်မှ မဖြစ်နိုင်သော ကြောင့် ဖြစ်သည်' ဟု ဖြေကြားကြသည်။

သို့သော် အေမာမ်အဘူဟာနီဖဟ် ﷺ သခင်၏ တပည့်များအနက်မှ ဖြစ်သော အာလင်မ်တစ်ပါးမှ နှုတ်ဆိတ်၍ ထိုင်နေသည်။ မန်ဆွူးရ်က 'အသင် အဘယ်ကြောင့် နှုတ်ဆိတ်နေပါသနည်း' ဟု မေးရာ ထိုအခါတွင်မှ ၎င်းက 'ဗိစ်မိလ္လာဟိရ်ရဟ်မာနိရ်ရဟီးမ်' ဖတ်၍ စူရာဟ် 'သီးန်' ကို ရွတ်ဖတ်လေသည်။ ထို့နောက် 'အို၊ မုအ်မင်န်တို့၏ ခေါင်းဆောင်ကြီး၊ အလ္လာဟ်အသျှင်မြတ်သည် လူသားတိုင်းကို အလှပဆုံး၊ အကောင်းဆုံးသော ပုံပန်းသဏ္ဌာန်တွင် ဖန်ဆင်းတော်မူထားကြောင်းကို တင်ပြ မိန့်ကြားထားပေသည်။ မည်သည့်အရာသည်မျှ လူသားထက် ပို၍ လှပသည်ဟူ၍ မရှိပါ' ဟု လျှောက်ထားဖြေကြားလေသည်။ ဤသည်ကို ကြားရပြီး ဖေကာဟ်ပညာရှင်များနှင့် အာလင်မ်ပညာရှင်များ အားလုံးတို့သည် အံ့သြသွားကြရသည်။ မည်သူကမျှ ဆန့်ကျင်မှု မပြုကြပေ။ မန်ဆွူးရ်သည် 'သွလားက်အထမမြောက်ပါ' ဟု အမိန့်ထုတ်လိုက်လေသည်။

ဤအကြောင်းအရာအားဖြင့် သိရှိရသည်မှာ လူသားသည် အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံဟူသရွေ့တို့တွင် အပြင်ပိုင်းအရဖြစ်စေ၊ အတွင်းပိုင်းအရဖြစ်စေ၊ လှပကောင်းမွန်မှုအရဖြစ်စေ၊ ခန္ဓာကိုယ်ဖွဲ့စည်းပုံအရဖြစ်စေ အလှပဆုံး ဖြစ်ပေသည်။ လူသား၏ ဦးခေါင်းတွင် မည်ကဲ့သို့သော အစိတ်အပိုင်းများသည် အဘယ်သို့သော အံ့ဖွယ်အလုပ်များကို ပြုလုပ်နေသည်ဟူမှု အလွန်နူးညံ့၍ ပါးလွှာသော စက်များသည် လည်ပတ်လျက်ရှိနေသော စက်ရုံတစ်ရုံဟုပင် ထင်မှတ်ရပေသည်။ လူသား၏ ရင်ဘတ်နှင့် ဝမ်းဗိုက်တို့သည်လည်း ဤအတိုင်းပင် ဖြစ်သည်။ အလားတူ ၎င်း၏ လက်နှင့် ခြေများ၏ ဖွဲ့စည်းပုံနှင့် ပုံသဏ္ဌာန်များသည်လည်း ထောင်နှင့် ချီသော အမြော်အမြင်များအပေါ်၌ မူတည်လျက်ရှိသည်။ ထို့ကြောင့် အတွေးအခေါ် ပညာရှင်တို့က လူသားသည် လောကတစ်ခုလုံး၏ နမူနာဖြစ်သည်။ တစ်လောကလုံး၌ ပြန့်နှံ့လျက်ရှိသော အရာများအားလုံးသည် ထိုလူသားအတွင်း၌ စုရုံးလျက်ရှိသည်' ဟု ဆိုကြသည်။ *[ကုရ်သုဗီးကျမ်း]*

ရှေးသူတော်စင်ပညာရှင်များကလည်း ဤသည်ကို ထောက်ခံထားကြသည်။ အချို့ပညာရှင်များက လူသား၏ ဦးခေါင်းမှ ခြေထိတိုင် ရှိသည်တို့ကို လောကအတွင်းရှိ အရာများ၏ နမူနာများဖြစ်သည်ဟု ပြဆိုကြသည်။

ثُمَّ رَدَدۡنَٰهُ أَسۡفَلَ سَٰفِلِينَ

ပထမအပိုဒ်တွင် အဖန်ဆင်းခံအားလုံးနှင့် စကြဝဠာအပေါင်းထက် လှပစွာ ဖန်ဆင်းထားတော်မူကြောင်း တင်ပြမိန့်ကြားထားသည်။ ဤအပိုဒ်တွင် ထိုတင်ပြချက်နှင့် ဆန့်ကျင်ဘက်ကို မိန့်ကြားထားသည်မှာ လူသား၏ မူလအစနှင့် ငယ်ရွယ်နုပျိုစဉ်တွင် အဖန်ဆင်းခံအားလုံးထက် ပို၍ လှပပြီး အကောင်းဆုံးဖြစ်သကဲ့သို့ နောက်ဆုံးတွင် ထိုလူသားအပေါ်၌ အညံ့တကာ့ အညံ့ဆုံး၊ အဆိုးတကာ့ အဆိုးဆုံး အခြေအနေများ ဆိုက်ရောက်လာပေမည်။ အညံ့ဆုံးနှင့် အဆိုးဆုံးဆိုသည်မှာ လူသား၏ ပေါ်လွင်ထင်ရှားသော အပြင်ပိုင်းခန္ဓာကိုယ်၏ အခြေအနေကို ထောက်ရှု၍ ဖြစ်ကြောင်းမှာ ထင်ရှားပေသည်။ အဘယ်ကြောင့်ဆိုသော် နုပျိုသန်စွမ်းသော ကာလကို ကျော်လွန်ပြီးနောက် ရုပ်ဆင်းအင်္ဂါနှင့် ပုံပန်းသဏ္ဌာန်များသည် ပြောင်းလဲ

သွားသည်။ အိုမင်းမစွမ်းမှုသည် ၎င်း၏ ရုပ်ရည်ရူပကာကို လုံးဝ ပြောင်းလဲစေလိုက်သည်။ ရုပ်ဆိုးပန်းဆိုး ဖြစ်သွားသည်။ စွမ်းဆောင်နိုင်မှုများ ပျောက်ဆုံးကာ အခြားသူများကို ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်။ မည်သည့် နေရာတွင်မျှ အသုံးမဝင် ဖြစ်သွားသည်။ အခြားသတ္တဝါများနှင့်မူ ခြားနားသည်။ အဘယ်ကြောင့်ဆိုသော် ထိုသတ္တဝါများသည် နောက်ဆုံးအချိန်အထိ မိမိတို့၏ အလုပ်များ၌ ရှိကြသည်။ လူသည် ၎င်းတို့ထံမှ နို့သောက်သုံးခြင်းနှင့် အစီးအနင်းပြုခြင်း၊ ဝန်စည်စလွယ် သယ်ပိုးခြင်း စသော မရေမတွက်နိုင်အောင် သော အကျိုးများ ရယူကြသည်။ ထိုသတ္တဝါများသည် 'ဇဗာဟ်' ပြု လည်လှီးခြင်းခံရသောအခါ၌လည်း ကောင်း၊ (သို့) သေဆုံးသွားလျှင်လည်းကောင်း၊ ၎င်းတို့၏ သားရေ၊ အမွေးအမျှင်နှင့် အရိုး စသော ခန္ဓာ ကိုယ် အစိတ်အပိုင်းများသည် လူသားများအဖို့ အသုံးဝင်သည်သာ ဖြစ်သည်။ လူသားများမှာ ဤသို့ မဟုတ်ပေ။ ၎င်းတို့မှာကား ရောဂါဘယဖြစ်လျှင်လည်းကောင်း၊ အိုမင်းမစွမ်းဖြစ်လျှင်လည်းကောင်း ပင်ကိုယ် မူလနှင့် လောကီရေးရှုထောင့်မှ ကြည့်လျှင် မည်သို့မျှ အသုံးမဝင်တော့ပေ။ သေဆုံးကွယ်လွန်ပြီးနောက် လည်း လူသား၏ ခန္ဓာကိုယ်မှ မည်သည့်အစိတ်အပိုင်းသည်မျှ အခြားလူသားတစ်ဦးဦး (သို့) တိရစ္ဆာန်များ အဖို့ အကျိုးမသက်ရောက်နိုင်ပေ။

အချုပ်ဆိုရသော် اسفل السافلين အညံ့တကာ့အညံ့ဆုံးတွင် ရောက်ရှိခြင်းဆိုသည်မှာ လူသား ၏ ပင်ကိုယ်မူလနှင့် ခန္ဓာကိုယ်၏ အခြေအနေကို ဆိုလိုခြင်းဖြစ်သည်။ ဤသဖ်စီးရ်သည် ဟဇရသ်ဒ္ဒဟ်ဟာက် (ရဟ) စသော သဖ်စီးရ် အေမာမ်ကြီးများထံမှ ဆင့်ပြန်ခဲ့ခြင်း ဖြစ်သည်။ */ ကုရ်သုဗီကျမ်း /*

ဤသဖ်စီးရ်ဖွင့်ဆိုချက်အရ ရှေ့အာယသ်တော်တွင် ကောင်းမြတ်သော မုအ်မင်န်များကို ဖယ်ထုတ် ထားကြောင်း တင်ပြထားသည်။

اِلَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فَلَهُمْ اَجْرٌ غَيْرُ مَمْنُوْنٍ

ဟူသော အာယသ်တော်၏ အလိုသဘောမှာ '၎င်းတို့အပေါ်တွင် အိုမင်းခြင်း၏ အခြေအနေနှင့် အားအင်ချည့်နဲ့ခြင်းများ ဖြစ်မည်မဟုတ်' ဟု ဆိုလိုခြင်းမဟုတ်ဘဲ ၎င်း၏ အလိုသဘောမှာ 'ထိုခန္ဓာကိုယ်၏ အသုံးမဝင်နိုင်မှုနှင့် ပင်ကိုယ်မူလ၏ ပျက်စီးမှုတို့သည် ၎င်းတို့အဖို့ ဆုံးရှုံးနစ်နာစေမှုကို ဖြစ်ပေါ်စေမည် မဟုတ်ဘဲ အမှန်တကယ် ဆုံးရှုံးပျက်စီးမှုသည်မူ မိမိတို့၏ သောကအားလုံးနှင့် အားအင်များကို ရုပ်ခန္ဓာ ၏ ကောင်းမွန်လှပမှုအပေါ်၌သာ အသုံးချခဲ့ကြသူများကိုသာလျှင် ရောက်ရှိမည်ဖြစ်သည်။ ယခုမူ ၎င်း တို့၏ ပင်ကိုယ်မူလမှာ ကုန်ဆုံးသွားပြီး ဖြစ်သည်။ တမလွန်တွင် ၎င်းတို့အဖို့ မည်သည့်ရပိုင်ခွင့်မျှ ရှိမည် မဟုတ်တော့ပေ။

ကောင်းမြတ်သော မုအ်မင်န်များမှာမူ ဤသို့ မဟုတ်ပေ။ ထိုမုအ်မင်န်တို့၏ အကျိုးစဝါးဗ်များမှာ မည်သည့်အခါမှ ပြတ်တောက်ရပ်စဲသွားမည် မဟုတ်ပေ။ အကယ်၍ လောကတွင် အိုမင်းခြင်း၏ ရောဂါ နှင့် အားအင်ချည့်နဲ့မှုများမှ ဖြတ်သန်းခဲ့ရသည်ဆိုလျှင်လည်း တမလွန်တွင် ၎င်းတို့အတွက် မြင့်မားသော

အဆင့်အတန်းများနှင့် စည်းစိမ်များချည်းသာ ရှိပေမည်။ အိုမင်းမစွမ်းဖြစ်ချိန်၌ အလဟဿဖြစ်ရခြင်းတွင်လည်း 'အမလ်' ကျင့်စဉ်များ လျော့နည်းသွားသည့်တိုင် အကောင်းအဆိုး၊ စာရင်းမှတ်တမ်းတွင် အားအင်ရှိစဉ်က ပြုကျင့်ခဲ့သော ကောင်းမှုကုသိုလ်များအတိုင်း ရေးမှတ်စေခြင်း ခံရပေမည်။

ဟဇရတ်အနတ်စ် ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ ရစူလ်တမန်တော် ﷺ က မိန့်ကြားတော်မူသည်။ မွတ်စ္စလင်မ်တစ်ဦးသည် ရောဂါတစ်စုံတစ်ရာ၌ နစ်မွန်းနေပါလျှင် အလ္လာဟ်အသျှင်မြတ်သည် အကောင်းအဆိုးမှတ်တမ်းရေးသော ဖရစ်ရှ်သဟ်များကို အမိန့်ပေးတော်မူသည်မှာ ဤလူသား မိမိကျန်းမာစဉ်က ပြုလုပ်လေ့ရှိခဲ့သော ကောင်းမှုများအားလုံးကို ၄င်းလူသား၏ မှတ်တမ်းတွင် ရေးသားလျက်ရှိကြကုန်' ဟု ဖြစ်သည်။

ထို့ပြင် ဤနေရာ၌ ကောင်းမြတ်သော မုအ်မင်န်များကို 'ဂျန္နသ်'သုခဘုံ ချီးမြှင့်၍ အစားပေးမည်ဖြစ်ကြောင်းနှင့် 'ဂျန္နသ်'သုခဘုံ၏ စည်းစိမ်သုခများကို မတင်ပြဘဲ لَهُمْ اَجْرٌ غَيْرُ مَمْنُوْنٍ ဟု မိန့်ကြားတော်မူထားသည်။

ဆိုလိုသည်မှာ ၄င်းတို့၏ အကျိုးကုသိုလ်သည် မည်သည့်အခါမျှ ကုန်ဆုံး ပြတ်တောက်သွားမည်မဟုတ်ဟု ဖြစ်သည်။ ဤနေရာတွင် ၄င်းတို့၏ ဤအကျိုးအစားသည် လောက၏ ပင်ကိုယ်မူလ သက်တမ်းမှပင် အစပြုခဲ့ခြင်းကို ညွှန်းဆိုခြင်းလည်း ဖြစ်နိုင်သည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိလက်ခံသော ဗန္ဒာဟ်ကျေးကျွန်များအတွက် အိုမင်းခြင်းနှင့် အားအင်ချည့်နဲ့ချိန်တွင် ၄င်း၏ နောက်ဆုံးအချိန်အထိ ဝိညာဉ်ပိုင်းဆိုင်ရာ အကျိုးအမြတ်များရယူမည့် စစ်မှန်သော မိတ်ကောင်းဆွေကောင်းများ ရရှိစေရန် စီမံပေးတော်မူသည်။ ထိုမိတ်ဆွေတို့သည် ၄င်းအား အမျိုးမျိုးသော ပြုစုခြင်းများ ပြုကြသည်။ ဤနည်းအတိုင်းပင် လူသား၏ ပင်ကိုယ်မူလနှင့် ခန္ဓာကိုယ်အင်အားများ ကျဆင်းယုတ်လျော့သွားချိန်နှင့် လူတို့အပေါ်ဝန်ထုပ်ဝန်ပိုး ဖြစ်စေသော အချိန်များ၌ပင် အလ္လာဟ်အသျှင်မြတ်၏ ကောင်းမြတ်သော ဗန္ဒာဟ်လူသားများအဖို့မှာ အချည်းနှီးမဖြစ်ပေ။ အချို့အဖွင့်ပညာရှင်တို့က ဤအာယသ်တော်၏ သဖ်စီးရ်နှင့် စပ်လျဉ်း၍ မိန့်ကြားရာတွင်

رَدَدْنٰهُ اَسْفَلَ سَافِلِيْنَ

သည် လူသားအားလုံးအတွက် မဟုတ်ဘဲ ကာဖိရ်နှင့် ဆိုးယုတ်သူများအတွက်သာ ဖြစ်သည်' ဟူ၏။ အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်တော်မူထားသော အလှအပဆုံး ရုပ်ဆင်းသဏ္ဌာန်၊ လူသား၏ အလှအပ၊ မြင့်မြတ်မှုနှင့် ဦးနောက်အသိဉာဏ်တို့ကို လောကီရေးချိုမြိန်မှုများ၏ နောက်တွင် လိုက်၍ ဖျက်ဆီးလိုက်သူများအဖို့ ဤကျေးဇူးကန်းခြင်း၏ အပြစ်ဒဏ်မှာ ၄င်းတို့ကို اسفل السافلين တွင် ရောက်စေခြင်းပင် ဖြစ်သည်။

ဤအခြေအနေတွင် اِلَّا الَّذِيْنَ اٰمَنُوْا ကို ကန့်သတ်ဖယ်ထုတ်ခြင်းမှာ မိမိ၏ ပေါ်လွင်ထင်ရှားသော အဓိပ္ပာယ်အတိုင်း ဖြစ်သည်။ ၎င်းမှာ اسفل سافلين ၌ ရောက်ရှိခြင်းမှ အီမာန် သက်ဝင်ယုံကြည်၍ ကောင်းမှုကိုယ်ကျင့်တရားများ ပြုကျင့်ကြသောသူများ ပါဝင်မည်မဟုတ်ဟု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ အကျိုးကုသိုလ်သည် အမြဲထာဝရ ရရှိနေမည်ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

فَمَا يُكَذِّبُكَ بَعْدُ بِالدِّيْنِ

ရှေးလွန်ခဲ့သော အာယသ်တော်များတွင် လူသားအား ဖန်ဆင်းခြင်း၌ ပြည့်စုံကုံလုံမှုနှင့် ထိုလူသားအပေါ် အလ္လာဟ်အသျှင်မြတ်၏ အထူးကျေးဇူးတော်များကိုလည်းကောင်း၊ တစ်ဖန် အိုမင်းမစွမ်းချိန်တွင် အခြေအနေများ ပြောင်းလဲသွားခြင်းအကြောင်းကို မိန့်ကြားတော်မူ၍လည်းကောင်း၊ ဤအာယသ်တော်တွင် 'ကေယာမသ်'ကို ငြင်းပယ်သူတို့အား သတိပေးနှိုးဆော်ထားသည်မှာ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်များ၏ မြင်ကွင်းနှင့် မူလအခြေအနေများကို ပြောင်းလဲစေတော်မူခြင်းတို့ကို တွေ့မြင်ပြီးနောက်တွင်လည်း 'တမလွန်နှင့် 'ကေယာမသ်'တို့ကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ရန် မည်သို့ ဖြစ်နိုင်ပါမည်နည်း။ အလ္လာဟ်အသျှင်မြတ်သည် စီရင်ဆုံးဖြတ်သူအားလုံးတို့၏ အပေါ်မှ စီရင်ဆုံးဖြတ်သူ မဟုတ်ပါသလော'ဟု ဖြစ်သည်။

ဓမ္မသတ် ။ ။ ဟာဇရသ်အဘူဟုရိုင်ရာဟ် ﷛ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'မည်သူမဆို စူရာဟ်သီးန်ကို ဖတ်ရွတ်၍

اَلَيْسَ اللّٰهُ بِاَحْكَمِ الْحٰكِمِيْنَ

သို့ ရောက်သောအခါ

بَلٰى وَاَنَا عَلٰى ذٰلِكَ مِنَ الشّٰهِدِيْنَ

ဟူသော စာပိုဒ်ကို ဖတ်ရွတ်ပါ' ဟု ဖြစ်သည်။ ထို့ကြောင့် ဖိကာဟ်ပညာရှင်များက 'ဤစာပိုဒ်ကို ဖတ်ရွတ်ခြင်းသည် 'မွတ်စ်သဟာဗ်' ဖြစ်သည်'ဟု မိန့်ဆိုခဲ့ကြသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်အစ်က်ရအ် (အလတ်က်)

ဖတ်ရှုတ်လော့ (သွေးခဲ) ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اِقْرَاْ بِاسْمِ رَبِّكَ الَّذِيْ خَلَقَ ﴿١﴾ خَلَقَ الْاِنْسَانَ مِنْ عَلَقٍ ﴿٢﴾
اِقْرَاْ وَرَبُّكَ الْاَكْرَمُ ﴿٣﴾ الَّذِيْ عَلَّمَ بِالْقَلَمِ ﴿٤﴾ عَلَّمَ الْاِنْسَانَ مَا لَمْ يَعْلَمْ ﴿٥﴾
كَلَّآ اِنَّ الْاِنْسَانَ لَيَطْغٰىٓ ﴿٦﴾ اَنْ رَّاٰهُ اسْتَغْنٰى ﴿٧﴾ اِنَّ اِلٰى رَبِّكَ الرُّجْعٰى ﴿٨﴾ اَرَءَيْتَ الَّذِيْ يَنْهٰى ﴿٩﴾
عَبْدًا اِذَا صَلّٰى ﴿١٠﴾ اَرَءَيْتَ اِنْ كَانَ عَلَى الْهُدٰٓى ﴿١١﴾ اَوْ اَمَرَ بِالتَّقْوٰى ﴿١٢﴾ اَرَءَيْتَ اِنْ كَذَّبَ وَتَوَلّٰى ﴿١٣﴾
اَلَمْ يَعْلَمْ بِاَنَّ اللّٰهَ يَرٰى ﴿١٤﴾ كَلَّا لَىِٕنْ لَّمْ يَنْتَهِ لَنَسْفَعًا بِالنَّاصِيَةِ ﴿١٥﴾ نَاصِيَةٍ كَاذِبَةٍ خَاطِئَةٍ ﴿١٦﴾
فَلْيَدْعُ نَادِيَهٗ ﴿١٧﴾ سَنَدْعُ الزَّبَانِيَةَ ﴿١٨﴾ كَلَّا لَا تُطِعْهُ وَاسْجُدْ وَاقْتَرِبْ ۩ ﴿١٩﴾

၉၆ : ၁ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် မိမိအသျှင်မြတ်၏ နာမတော်ဖြင့် (အစပြု၍) ဖတ်ပါလေ။ ထိုအသျှင်မြတ်သည် (သက်ရှိသက်မဲ့ အရာခပ်သိမ်းတို့ကို) ဖန်ဆင်းတော်မူခဲ့၏။

၉၆ : ၂ ။ ။ ထိုအသျှင်မြတ်သည် လူသားကို သွေးခဲဖြင့် ဖန်ဆင်းတော်မူခဲ့၏။

၉၆ : ၃ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ဖတ်ပါလေ။ စင်စစ် အသင့်အား ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အလွန် ရက်ရောစွာ ပေးကမ်းချီးမြှင့်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

၉၆ : ၄ ။ ။ အကြင်အသျှင်မြတ်သည် ကလောင်ဖြင့် သင်ကြားပေးတော်မူခဲ့၏။

၉၆ : ၅ ။ ။ ထိုအသျှင်မြတ်သည် လူသားအား ထိုသူ မသိခဲ့သော အရာများကို သင်ကြားပေးတော်မူခဲ့ပေသည်။

၉၆ : ၆ ။ ။ မှတ်ယူကြလေကုန်။ ကေန်မလွဲ လူသည် ဆိုးသွမ်းပုန်ကန်လေ့ ရှိ၏။

၉၆ : ၇ ။ ။ ၎င်းသည် မိမိကိုယ်ကို လိုလားတောင့်တခြင်း ကင်းမဲ့သည်ဟု ထင်မြင်သောကြောင့် (ဖြစ်၏။)

၉၆ : ၈ ။ ။ ကေန်မလွဲ (အားလုံးတို့၏) ပြန်လည်ရောက်ရှိခြင်းသည် အသင်၏ အသျှင်မြတ်ထံတော်သို့သာလျှင် ဖြစ်သည်။

၉၆ : ၉ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် အကြင်သူအား မြင့်ခဲ့လေသလော။ ထိုသူသည် တားမြစ်၏။ (အဗူဂျဟလ်သည် တမန်တော်မြတ်အား 'ကအ်ဗာဟ်'ကျောင်းတော်၌ 'ဆွလားသ်'ဝတ်ပြုနေသည်ကို မြင်လျှင်၊ တားမြစ်သည့်အပြင် ကဲ့ရဲ့ပြောင်လှောင်၍ ဒုက္ခအမျိုးမျိုး ပေးလေ့ ရှိခဲ့၏။)

၉၆ : ၁၀ ။ ။ (အလ္လာဟ်အသျှင်မြတ်၏) ကျွန်တစ်ပါးအား ထိုကျွန်သည် 'ဆွလားသ်'ဝတ်ပြုသောအခါဝယ်။

၉၆ : ၁၁ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (ထိုသူ၏ အခြေအနေကို) ပြောပြပါလေ။ အကယ်၍ ၎င်းသည် တရားလမ်းမှန်ပေါ်၌ ရှိခဲ့ပါမူ။

၉၆ : ၁၂ ။ ။ သို့တည်းမဟုတ် ၎င်းသည် (ပြစ်မှုများမှ) ရှောင်ကြဉ်ရန် အမိန့်ပေးခဲ့ပါမူ (မကောင်းပါသလော။)

၉၆ : ၁၃ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (ထိုသူ၏ အခြေအနေကို) ပြောပြပါလေ။ အကယ်၍ ၎င်းသည် (နဗီတမန်တော်အား) မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ပြီးနောက် (အီမာန်သက်ဝင်ယုံကြည်ခြင်းမှ) မျက်နှာလွှဲဖယ်ခဲ့သော် (မည်သူ အကျိုးယုတ်မည်နည်း။)

၉၆ : ၁၄ ။ ။ အလ္လာဟ်အသျှင်မြတ်သည် ဧကန်အမှန် ရှုမြင်တော်မူသည်ကို ထိုသူသည် မသိခဲ့လေသလော။

၉၆ : ၁၅ ။ ။ မှတ်ယူလော။ အကယ်၍ ထိုသူသည် (မိမိ၏ အပြုအမူကို) မရပ်စဲခဲ့သော်၊ ဧကန်မလွဲ ငါအသျှင်မြတ်သည် (၎င်း၏ ဦးစွန်းကို) ကိုင်၍ ဆွဲတော်မူမည်။

၉၆ : ၁၆ ။ ။ (ထိုဦးစွန်းသည်) မုသားပြောဆိုလေ့ ရှိသော၊ ပြစ်မှုကျူးလွန်လေ့ ရှိသော ဦးစွန်းပင် (ဖြစ်၏။)

၉၆ : ၁၇ ။ ။ သို့ဖြစ်ပေရာ ၎င်းသည် မိမိ၏ အခြွေအရံများကို ခေါ်ယူစေ။

၉၆ : ၁၈ ။ ။ ယခုပင် ငါအသျှင်မြတ်သည်လည်း ငရဲစောင့် ကောင်းကင်တမန်တို့ကို ခေါ်ယူတော်မူမည်။

၉၆ : ၁၉ ။ ။ အလျှဉ်းမဟုတ်။ (အို၊ နဗီတမန်တော်) အသင်သည် ၎င်း၏ စကားကို မလိုက်နာလေနှင့်။ ထို့ပြင် အသင်သည် (အလ္လာဟ်အသျှင်မြတ်အား) 'စဂျဒဟ်' ပျပ်ဝပ်ဦးချပါလေ။ ၎င်းပြင် အသင်သည် (ဝတ်ပြုခြင်းအားဖြင့် ထိုအသျှင်မြတ်၏ အပါးတော်သို့) ချဉ်းကပ်ပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

اِقْرَأْ မှ مَالَمْ يَعْلَمْ အထိမှာ 'နဗူဝသ်' ကို အစပြုခဲ့သော ပထမဦးဆုံး ကျရောက်ခဲ့သည့် 'ဝဟီ' ဖြစ်သည်။ ၎င်းဖြစ်ရပ်သည် ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတို့၌ လာရှိသည်မှာ 'နဗူဝသ်' ချီးမြှင့်ကာလနှင့် နီးကပ်လာသောအခါ ကိုယ်တော်မြတ် ﷺ သည် တစ်ကိုယ်ရေ တစ်ကာယတည်း နေထိုင်ခြင်းကို နှစ်သက်လာခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် 'ဟိရာ' လိုဏ်ဂူတွင် သွားရောက်၍ ညပေါင်းများစွာ နေထိုင်လေ့ရှိခဲ့သည်။ တစ်နေ့သောအခါ ရုတ်တရက် ဂျိဗ်ရာအီးလ် عليه السلام ရောက်ရှိလာခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ အား اِقْرَأْ (အသင် ရွတ်ဖတ်လော့) ဟု ပြောဆိုလေရာ ကိုယ်တော်မြတ် ﷺ က **ما انا بقارى** 'ကျွန်ုပ်သည် ဖတ်တတ်သူမဟုတ်ပါ' ဟု မိန့်ကြားတော်မူလေသည်။ ဂျိဗ်ရာအီးလ် عليه السلام သည် ကိုယ်တော်မြတ် ﷺ အား ဖက်၍ အားဖြင့် ညှစ်ပြီး ပြန်လွှတ်လိုက်သည်။ ထို့နောက် اِقْرَأْ 'အသင် ဖတ်ရွတ်ပါလေ' ဟု ပြောဆိုလေသည်။ ကိုယ်တော်မြတ် ﷺ သည် မူလက ပြောဆိုခဲ့သည့်အတိုင်း ပြောကြားလေသည်။ ဤနည်းအတိုင်း သုံးကြိမ်သုံးခါ ပြုခဲ့ကြသည်။ နောက်ဆုံးအကြိမ် ဖက်၍ ညှစ်ပြီး လွှတ်လိုက်ကာ اِقْرَأْ မှ مَالَمْ يَعْلَمْ အထိကို ဖတ်ပြခဲ့လေသည်။

(အို၊ နဗီတမန်တော်) အသင့် (အပေါ်၌ ပို့ချပေးမည်ဖြစ်သော) ကုရ်အာန်ကျမ်းတော်မြတ် (ယင်းကျမ်းမြတ်တွင် ယခု ပို့ချမည့် အာယသ်တော်များလည်း ပါဝင်သည်) ကို အသင်သည် မိမိအသျှင်မြတ်၏ နာမတော်ဖြင့် ရွတ်ဖတ်ပါလေ။ (ဆိုလိုသည်မှာ ဖတ်ရွတ်သည့်အခါ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

ကို ရွတ်ဆိုပါလေ။ ဤအာယသ်တော်၌ 'ဗိစ်မိလ္လာဟ်' ရွတ်ဆိုရန်ကိုလည်းကောင်း

اِذَا قَرَأْتَ الْقُرْاٰنَ فَاسْتَعِذْ بِاللّٰهِ

တွင် ကုရ်အာန်ကျမ်းမြတ် ရွတ်ဖတ်ချိန်တွင် اَعُوْذُ بِاللّٰهِ ဖတ်ခြင်းကိုလည်းကောင်း၊ အမိန့်ပေးထားတော်မူသည်။ ဤ အမိန့်တော်နှစ်ရပ်မှ အဓိကတောင်းဆိုထားသော အရာများဖြစ်သည့် **توكل** 'သဝဝ်ကွလ် (ယုံပုံအားကိုးခြင်း) နှင့် **استعانت** 'အိစ်သိအာနသ်' (အကူအညီတောင်းခံခြင်း) တို့သည်မှ 'ဝါဂျိဗ်'

ဖြစ်သည်။ ဤသည်ကို နုတ်ဖြင့် ရွတ်ဖတ်ခြင်းမှာ စွန္နသ်နှင့် 'မွတ်စ်သဟဗ်'ဖြစ်သည်။ အဓိကရည်ရွယ်ချက်ကို ထောက်ရှု၍ ဤအာယသ်တော် ကျရောက်သည့်အချိန်တွင် ကိုယ်တော်မြတ် ﷺ အဖို့ بسم الله ကို သိရန် အရေးမကြီးပေ။ သို့ရာတွင် အချို့ဆင့်ပြန်ချက်များတွင် ဤစူရာဟ်နှင့်အတူ

بسم الله الرحمن الرحيم

လည်း ကျရောက်ခဲ့သည်ဟု လာရှိသည်။ ၄င်းဆင့်ပြန်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

اخرجه الواحدى عن عكرمة والحسن انهما قالااول مانزل بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ واوّل سورة اِقۡرَأۡ واخرجه ابن جرير وغيره عن ابن عباس انّه قال اول مانزل جبريل عليه السلام على النبىّ صلى الله عليه وسلم يامحمّد استعذ ثم قل بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ كذافى روح المعانى

ဤအာယသ်တော်များတွင် 'ကိရ်အသ်' ဖတ်ရွတ်ခြင်းကို အလ္လာဟ်အသင်မြတ်၏ နာမတော်နှင့်အတူ အစပြုရန် အမိန့်ပေးထား၏။ ယင်းအမိန့်တွင် ဤအာယသ်တော်များကိုယ်တိုင်လည်း ပါဝင်နေရခြင်းမှာ ဥပမာ- လူတစ်ဦးသည် အခြားတစ်ဦးအား

اِسۡمَعۡ مَا اَقُوۡلُ لَكَ

'ကျွန်ုပ်ပြောဆိုသည်များကို အသင် နားထောင်ပါ'ဟု ပြောဆိုသကဲ့သို့ ဖြစ်သည်။ ယင်းပြောဆိုချက်တွင် ယခု ပြောခဲ့သော စာပိုဒ်များကို နားထောင်ပါလေ' ဟု အမိန့်ပေးခြင်းကိုလည်း ရည်ရွယ်သည်သာ ဖြစ်ပေသည်။ သို့ဖြစ်ပေရာ ထိုအာယသ် တော်များကို ဖတ်ရွတ်သည်ဖြစ်စေ၊ (သို့) နောင်တွင် ကျရောက်လာမည်ဖြစ်သော အာယသ်တော်များကို ဖတ်ရွတ်သည်ဖြစ်စေ၊ ဖတ်ရွတ်ခြင်းအားလုံးတို့တွင် အသျှင်မြတ်၏ နာမတော်ဖြင့် ဖတ်ရွတ်ရမည်ဖြစ်ကြောင်း သိရှိရပေသည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ အဖို့ 'ဤသည် ကုရ်အာန်နှင့် 'ဝဟီ'ဖြစ်ကြောင်း သိရှိသွားပေသည်။ ဟဒီးစ်တော်များတွင် ကိုယ်တော်မြတ် ﷺ သည် ကြောက်ရွံ့တုန်လှုပ်သွားခြင်းနှင့် ဝရ်ကာဟ်ဗင်န် နောင်ဝ်ဖလ်အား တင်ပြခြင်းတို့အကြောင်း လာရှိသည်ဖြစ်ရာ ဤသည်တို့မှာ သံသယဖြစ်၍ မဟုတ်ဘဲ 'ဝဟီ'၏ ပြင်းထန်လေးလံမှုအပေါ် ကြောက်ရွံ့စိုးရိမ်မှုကြောင့်သာ ဖြစ်သည်။ ဝရ်ကဟ်အား တင်ပြခြင်းမှာလည်း စိတ်တည်ငြိမ်မှု ပိုမိုရရှိစေရန်သာ ဖြစ်သည်။ မယုံကြည်သောကြောင့် မဟုတ်ပေ။ သင်ကြားပေးသူသည် သင်ယူသူအား 'အလိဖ်-ဘာ-သာ' ကို စတင် သင်ကြားသည့်အခါ 'အသင်ဖတ်ပါ' ဟု ပြောကြားပေမည်။ ထိုသို့ အမိန့်ပေးခြင်းကို မနိုင်ဝန်ထမ်းခိုင်းခြင်းဟု မဆိုနိုင်ပေ။ ထို့ပြင် ကိုယ်တော်မြတ် ﷺ က 'ကျွန်ုပ်သည် ဖတ်တတ်သူ မဟုတ်ပါ'

ဟု အကြောင်းပြမိန့်ဆိုခြင်းမှာ ကိုယ်တော်မြတ် ﷺ အဖို့ ဤစာပိုဒ်၏ အဓိပ္ပာယ် အလိုသဘောကို သေသေချာချာ မသိရ၍ ကျွန်ုပ်အား မည်သည့်အရာကို ဖတ်ကြားစေပါသနည်း' ဟူသည့် သဘောကို ဆောင်သော အကြောင်းပြ မိန့်ကြားခြင်းသာ ဖြစ်ပေသည်။

ဤအချက်သည် ကိုယ်တော်မြတ် ﷺ ၏ ဂုဏ်သိက္ခာနှင့် ဆန့်ကျင်မှုမဖြစ်ပေ။ (သို့) အဓိပ္ပာယ် အလိုသဘောကို သိရှိသည့်တိုင် 'ကိရ်အသ်'ဟူသည် များသောအားဖြင့် ရေးသားထားသည့် အရာကို ဖတ်ရွတ်ခြင်းဟူသော အဓိပ္ပာယ်အတွက် သုံးစွဲသည်။ ကိုယ်တော်မြတ် ﷺ သည် အက္ခရာများကို မသိ၍သာ ဤအကြောင်းပြချက်ကို မိန့်ကြားခြင်း ဖြစ်ပေမည်။ ထို့ပြင် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام က ဖက်၍ ညှစ်လိုက်ခြင်းမှာ (၎င်း၏ မူလဇစ်မြစ်ကိုမူ အလ္လာဟ်အသျှင်မြတ်သာ သိတော်မူသည်) ဖြစ်နိုင်ချေ အကြောင်းအရာမှာ ကိုယ်တော်မြတ် ﷺ ၌ 'ဝဟီ'၏ ပြင်းထန်လေးလံ မှုကို ခံနိုင်ရည်ရှိသော အရည်အချင်းများ ပေါ်ပေါက်လာစေရန် ဖြစ်ပေမည်။ رَبّ 'ရဗ်'ဟူသော စာလုံး၏ ညွှန်းဆိုချက်မှာ 'ငါအသျှင်မြတ်သည် အသင့်အား သင်ကြားပေးခြင်း ပြုတော်မူမည်။ ထို့နောက် အသင့်အား 'နဗူဝသ်'၏ အမြင့်မားဆုံး အဆင့်သို့ ပို့ဆောင်ပေးတော်မူမည်' ဟု ဖြစ်သည်။ ရှေ့တွင် رَبّ ၏ ဂုဏ်တော်ကို တင်ပြသည်မှာ) ထိုအသျှင်မြတ်သည် (သက်ရှိသက်မဲ့ အဖန်ဆင်းခံအားလုံးကို) ဖန်ဆင်းတော်မူခဲ့၏။

(ဤဂုဏ်ပုဒ်ကို အထူးပြုတင်ပြရာတွင် 'အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များအနက် ပထမဦးစွာ ပေါ်လွင်ထင်ရှား ဖြစ်ပေါ်လာသော ကျေးဇူးတော်မှာ ၎င်းဖန်ဆင်းမှု၏ 'နေ့အ်မသ်'ကျေးဇူးတော်ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ တင်ပြရာ၌ ဤအကြောင်းကိုပင် ဦးစား ပေးတင်ပြရန် သင့်တော်၍ ဖြစ်ပေသည်။ အလားတူ အဖန်ဆင်းခံများသည် ဖန်ဆင်းရှင်ရှိကြောင်း၏ အထောက်အထားလည်း ဖြစ်ပေသည်။ အရေးကြီးဆုံးနှင့် ဦးစားပေး ဆောင်ရွက်ရမည့်အရာမှာ ဖန်ဆင်းရှင်ကို သိရှိရန်ကိုပင် ဖြစ်သည်။ ရှေ့တွင် ခြုံငုံ၍ မိန့်ကြားပြီးနောက် သီးသန့်အထူးအဖြစ် မိန့်ကြားသည်မှာ) ထိုအသျှင်မြတ်သည် (အဖန်ဆင်းခံအားလုံးတို့အနက်) လူသားကို သွေးခဲဖြင့် ဖန်ဆင်းတော်မူခဲ့သည်။

(ခြုံငုံ၍ မိန့်ကြားခဲ့ပြီးနောက် ဤအကြောင်းကို သီးသန့်အထူးအဖြစ် မိန့်ကြားခြင်းမှာ ဖန်ဆင်းခံရခြင်း ကျေးဇူးတော်တွင်လည်း အခြားအဖန်ဆင်းခံများထက် လူသားအပေါ်၌ ကျေးဇူးတော်များ ပိုမိုများပြားကြောင်း ညွှန်းဆိုလိုက်ခြင်း ဖြစ်သည်။ လူသားအား မည်သည့်အဆင့်အထိ တိုးတက်မြင့်မားမှုများ ပေးသနားတော်မူပါသနည်း။ ရုပ်ဆင်းအင်္ဂါတွင် မည်သို့ ဖန်ဆင်းခဲ့ပါသနည်း။ အသိဉာဏ်နှင့် အတတ်ပညာကို မည်ကဲ့သို့ ချီးမြှင့်တော်မူခဲ့ပါသနည်း ဆိုသည်ကို စဉ်းစားသိရှိရန် ညွှန်းဆိုခြင်းဖြစ်သည်။ သို့ဖြစ်ပေရာ လူသားသည် ပို၍ ကျေးဇူးတရားသိတတ်ရန်နှင့် သတိရ တသရန် ထိုက်သည်။ ထို့ပြင် 'သွေးခဲ'ဟူ၍ အထူးပြု မိန့်ကြားခြင်းမှာ ဤသွေးခဲသည် ကြားကာလ၏ အခြေအနေ၌ ရှိသောကြောင့် ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုသွေးခဲမဖြစ်ပေါ်မီ ကာလလရေကြည်၊ အစာအဟာရနှင့် ဓါတ်ကြီးလေးပါးတို့၌ ရှိခဲ့သည်။ ထိုသွေးခဲဖြစ်ပေါ်ပြီးနောက်တွင် အသားတုံး၊ အရိုးများ ထည့်သွင်းခြင်းနှင့် ဝိညာဉ်မှုတ်သွင်း

ခြင်းတို့ ဖြစ်သည်။ သို့ဖြစ်ပေရာ ထိုသွေးခဲသည် ရှေ့နောက် အဖြစ်အပျက် အခြေအနေအားလုံး၏ အလယ်တွင် ရှိသည်။ ရှေ့တွင် 'ကိရ်အသ်'ဖတ်ရွတ်ခြင်းသည် အဓိကအရေးကြီးကြောင်း သတ်မှတ်ရန် မိန့်ကြားတော်မူသည်မှာ အို၊ နဗီတမန်တော်) အသင်သည် ကုရ်အာန်ကို ဖတ်ရွတ်ပါလေ။ (ပထမအမိန့်ဖြစ်သော

اِقْرَأْ بِاسْمِ رَبِّكَ

ကို အခြေခံ၍ ဤနေရာတွင် အဓိကရည်ရွယ်ချက်မှာ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုခြင်းကိုသာ ဆိုလိုသည် မဟုတ်လောဟူ၍ သံသယမဖြစ်သင့်ပေ။ ထိုမျှသာမက قرأت 'ကိရ်အသ်' ဖတ်ရွတ်ခြင်းသည်လည်း အဓိက အရေးကြီးသော အချက်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'သဖ်လီးဂ်' သာသနာဖြန့်ချိ ပို့ချခြင်း၏ အကြောင်းခံမှာ ဤ 'ကိရ်အသ်'ဖတ်ရွတ်ပြခြင်းကို အကြောင်းခံ၍ပင် ဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် 'သဖ်လီးဂ်' သာသနာဖြန့်ချိ ပို့ချခြင်းသည်ပင် 'ဝဟီ'ရရှိသူ၏ အဓိက အလုပ် ဖြစ်သည်။ သို့ဖြစ်ပေရာ ဤနေရာ၌ ထပ်ဆင့် မိန့်ကြားရာတွင် ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်'နှင့် 'သဖ်လီးဂ်' သာသနာဖြန့်ချိ ပို့ချခြင်း ပြုလုပ်ရန် အမိန့်ပေးခံရကြောင်းကို ပေါ်လွင်မှုလည်း ဖြစ်သွားသည်။ ရှေ့တွင် ကိုယ်တော်မြတ် ﷺ က ဟဇရသ်ဂျိဗ်ရီးလ် عليه السلام အား 'ကျွန်ုပ်သည် ဖတ်တတ်သူ မဟုတ်ပါ'ဟု အကြောင်းပြ မိန့်ကြားသော အကြောင်းပြချက်ကို ဝေးလွင့်စေရန် ညွှန်းဆို မိန့်ကြားသည်မှာ) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလွန် ရက်ရောစွာ ပေးကမ်းချီးမြှင့်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

(လိုလားသည်များကို ချီးမြှင့်ပေးသနားတော်မူပေမည်။ ထို့ပြင်) ထိုအသျှင်မြတ်သည် (ရေးတတ်၊ ဖတ်တတ်သူများကို ရေးသားသော) ကလောင်ဖြင့် သင်ကြားပေးတော်မူခဲ့၏။

ထိုအသျှင်မြတ်သည် လူသားအား (အခြားသော အကြောင်းခံများဖြင့်) ထိုလူသား မသိသည်များကို သင်ကြားပေးတော်မူခဲ့၏။

(ဆိုလိုသည်မှာ ဦးစွာပထမအနေဖြင့် သင်ကြားပို့ချမှုသည် ရေးသားချက်များအပေါ် မမူတည်ပေ။ အကြောင်းမှာ အခြားသော နည်းလမ်းများဖြင့်လည်း သင်ကြားပို့ချမှု ရှိခဲ့သောကြောင့် ဖြစ်သည်။ ဒုတိယအချက်မှာ အကြောင်းခံများသည် ၎င်းတို့၏ ပင်ကိုယ်မူလအရ စူးရှသက်ရောက်စေသည့် အရာများ မဟုတ်။ အစစ်အမှန် အကြောင်းခံများကို ဖန်တီးဖြစ်ပေါ်စေတော်မူသော အသျှင်နှင့် 'အိလ်မ်'ပညာပေးသနားတော်မူသော အသျှင်မှာ ငါအသျှင်မြတ်ပင် ဖြစ်သည်။ သို့ဖြစ်ပေရာ အသင်သည် ရေးတတ်သူ မဟုတ်သော်လည်း ငါအသျှင်မြတ်သည် အသင့်အား 'ကိရ်အသ်' ဖတ်ရွတ်ရန် အမိန့်ပေးတော်မူခဲ့သည် ဖြစ်ရာ ငါအသျှင်မြတ်သည် အခြားသော အကြောင်းခံများဖြင့် အသင့်အား 'ကိရ်အသ်'နှင့် 'ဝဟီ'၏ အသိပညာများကို ကျက်မှတ်ထိန်းသိမ်းခြင်းတို့အတွက် ပြုစွမ်းနိုင်မှုကို ပေးတော်မူမည်ဖြစ်သည်။ သို့ဖြစ်ပေရာ ဤအတိုင်းပင် ဖြစ်ခဲ့လေသည်။ ဤအာယသ်တော်များတွင် ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်'နှင့် ထို 'နဗူဝသ်'၏ နိဒါန်း အစပျိုး ဖြစ်ပေါ်လာပုံနှင့် 'နဗူဝသ်'တာဝန်ကို ဖြည့်ဆည်းပေးခြင်းများ၏ အကြောင်းများကို အပြည့်အစုံ တင်ပြထားသည်။ တစ်ဖန် 'နဗူဝသ်' ရရှိသူ နဗီတမန်တော်များကို ဆန့်ကျင်ခြားနားမှု

ပြုခြင်းသည် အဆုံးမဲ့သော အဲပြစ်ဒုစရိုက်နှင့် အလွန် မကောင်း ရှုတ်ချထိုက်သော အပြုအမူဖြစ်သည်။ ထို့ကြောင့် ပထမအာယသ်တော်များနှင့် ကာလတစ်ခုတိုင် ကြာပြီးမှ ကျရောက်လာသော အရှေ့၌ လာရှိနေသည့် အာယသ်တော်များတွင် ကိုယ်တော်မြတ် ﷺ ၏ အသူး ဆန့်ကျင်ဘက်ရန်သူဖြစ်သော 'အဘူဂျဟလ်' အား ရှုတ်ချခြင်းများကို အခြားဆန့်ကျင်ဘက် ရန်သူများလည်း အပါအဝင် ဖြစ်စေမည့် စာလုံးများဖြင့် အများသုံးအဖြစ် သုံးနှုန်း၍ တင်ပြထားသည်။

၄င်းအာယသ်တော်များ ကျရောက်လာသည့် အကြောင်းခံမှာ အခါတစ်ပါးတွင် အဘူဂျဟလ်သည် ကိုယ်တော်မြတ် ﷺ အား နမာဇ်ဝတ်ပြုနေသည်ကို တွေ့မြင်ရသောအခါ 'ကျွန်ုပ်သည် အသင့်အား ဤသို့ မပြုရန် ကြိမ်ဖန်များစွာ တားမြစ်ခဲ့ပြီးဖြစ်သည်'ဟု ပြောဆိုလေသည်။ ကိုယ်တော်မြတ် ﷺ သည် ၄င်းအား ငေါက်ငမ်းတော်မူလိုက်သည်။ ထိုအခါ ၄င်းက 'မက္ကာဟ်မြို့တွင် အုပ်စုအကြီးဆုံးသည် ကျွန်ုပ်နှင့်အတူ ရှိပါသည်'ဟု ပြောဆိုလေသည်။ ထို့ပြင် အကယ်၍ နောက်တစ်ကြိမ် နမာဇ်ဖတ်နေသည်ကို တွေ့ရပါလျှင် အသင်၏ လည်ပင်းကို ခြေထောက်နှင့် နင်းမည်'ဟုလည်း ကြုံးဝါးပြောဆိုသွားခဲ့သည်။ သို့ဖြစ်ပေရာ တစ်ကြိမ်တွင် ၄င်းသည် ဤရည်ရွယ်ချက်ဖြင့် သွားခဲ့သည်။ သို့သော်လည်း အနီးသို့ ရောက်လေသော် ရပ်တန့်သွားသည်။ ထို့နောက် နောက်ဘက်သို့ ဆုတ်သွားခဲ့ရသည်။ လူတို့က အကြောင်းကို မေးမြန်းလေရာ ၄င်းက 'မီးခံတပ်တစ်ခု ကာရံထားသည်။ ထိုမီးတွင် အတောင်များရှိသော အရာများလည်း တွေ့မြင်ရသည်'ဟု ဖြေကြားလေသည်။ ကိုယ်တော်မြတ် ﷺ က မိန့်ကြားသည်မှာ 'ထိုအတောင်ရှိသူများမှ ဖရစ်ရှ်သာဟ်များဖြစ်ကြသည်။ အကယ်၍ ၄င်းသည် ရှေ့သို့ ဆက်လက်၍ တိုးလာပါလျှင် ဖရစ်ရှ်သာဟ် များသည် ၄င်းအား အတုံးတုံး ပြုလုပ်၍ ဖဲ့ပစ်လိုက်ကြပေမည်'ဟု ဖြစ်သည်။ ဤဖြစ်ရပ်အပေါ် ဤအာယသ် တော်များ ကျရောက်လာခဲ့သည်။ မိန့်ကြားတော်မူသည်မှာ) အမှန်မုချ (ကာဖိရ်) လူသားသည် (လူ့ကျင့်ဝတ် စာရိတ္တ၏) အတိုင်းအတာကို ကျော်လွန်လေ့ ရှိသူဖြစ်သည်။

၄င်းသည် မိမိကိုယ်မိမိ (လူသားများထံမှ) လိုလားတောင့်တခြင်း ကင်းမဲ့သူဟု ထင်မြင်သော ကြောင့်ပင် ဖြစ်သည်။

(အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြစ်သော

وَلَوْ بَسَطَ اللهُ الرِّزْقَ لِعِبَادِهِ لَبَغَوْا ـــ الخ

ကဲ့သို့ ဖြစ်သည်။ စင်စစ် ဤသို့ လိုလားတောင့်တမှု ကင်းမဲ့ခြင်းအပေါ် ဆိုးသွမ်းမှု ပြုခြင်းမှာ အသိတရား ခေါင်းပါးခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတစ်ဦးအဖို့ အဖန်ဆင်းခံ လူသားများထံမှ လိုလားတောင့်တမှု ကင်းမဲ့နေသည်ပင် ဖြစ်သော်လည်း အလ္လာဟ်အသျှင်မြတ်ထံတော်မှ လိုလားတောင့်တမှု ကင်းမဲ့ခြင်းမှာမူ မည်သည့်အခါမျှ မဖြစ်နိုင်ပေ။ နောက်ဆုံးတွင်) အို, ကြားနာသူ၊ (လူသားအားလုံးကို ဆိုလိုသည်။) ဧကန်မလွဲ အားလုံးတို့သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့သာ လှည့်ပြန်ကြရပေမည်။

(ထိုအချိန်တွင်လည်း အဲ့သကဲ့ရှင်နေစဉ်ကကဲ့သို့ပင် ထိုအသျှင်မြတ်၏ တန်ခိုးတော်၏ လွှမ်းခြုံမှု အောက်၌သာ ရှိပေမည်။ ထိုအခြေအနေ၌ ၎င်းအား ဆိုးသွမ်းမှု၏ အပြစ်ဒဏ်ခတ်မည် ဖြစ်ရာ ထိုအပြစ်ဒဏ် ခတ်ခြင်းမှ လွတ်မြောက်ရန် မည်သည့်နေရာကိုမျှ ပြေးနိုင်လိမ့်မည်မဟုတ်ပေ။ သို့ဖြစ်ပေရာ ဤသို့သော မတတ်စွမ်းနိုင်သူသည် ဤသို့သော တတ်စွမ်းနိုင်တော်မူသော အသျှင်မြတ်ထံမှ မည်သည့်အချိန်အခါ၌ လိုလားတောင့်တမှု မပြုကာ နေနိုင်မည်နည်း။ မိမိကိုယ်ကို လိုလားတောင့်တမှု ကင်းသူဟု ယူဆခြင်းနှင့် ထိုယူဆချက်အပေါ် ဆိုးသွမ်းမှုပြုခြင်းသည် အလွန်တရာ အသိခေါင်းပါးခြင်းသာ ဖြစ်ပေသည်။)

(ရှေ့တွင် ထိုလူသား၏ ဆိုးသွမ်းခြင်းအပေါ် အံ့ဩသည့်အနေဖြင့် မေးမြန်းခြင်း လာရှိသည်မှာ) အို့၊ ကြားနာသူ (အများကို ဆိုလိုသည်။) အသင်သည် (ငါအသျှင်မြတ် ၏) အထူးကျွန်တစ်ဦးကို တားမြစ်သူ၏ အခြေအနေကို တွေ့မြင်ခဲ့ပါသလား။ ထိုကျွန် (လူသား) သည် နမာဇ်ဝတ်ပြုသောအခါ (ထိုသူ၏ ဖြစ်ရပ်ထက် ပို၍ အံ့ဩစရာကောင်းသော အခြေအနေ ရှိပါသလားဟု ဖြစ်သည်။ ဆိုလိုသည်မှာ နမာဇ် ဝတ်ပြုသူအား နမာဇ်ဝတ်ပြုခြင်းမှ တားမြစ်ခြင်းသည် အလွန်ပင် ဆိုးရွားပြီး အံ့ဩဖွယ်လုပ်ရပ် ဖြစ် သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ရှေ့တွင် ထိုအံ့ဩဖွယ်လုပ်ရပ်၏ လေးနက်ခြင်းနှင့် ခိုင်မာမှုအတွက် ထပ်ဆင့် မိန့်ကြားတော်မူသည်မှာ) အို့၊ ကြားနာသူ (အများကို ဆိုလိုသည်။) အကယ်၍ ထို (နမာဇ်ဝတ်ပြုခြင်းမှ တားမြစ်ခြင်း ခံရသူ) ကျွန်သည် တရားလမ်းမှန်ပေါ်၌ ရှိခဲ့ပါမူ (ပြည့်စုံကုံလုံသူတစ်ဦးအဖြစ် ရှိခဲ့ပါမူ) သို့တည်းမဟုတ် ၎င်းသည် အခြားသူတို့အား ပြစ်မှုများမှ ရှောင်ကြဉ်ရန် အမိန့်ပေးခဲ့ပါမူ။

(ဤသည်မှာ အခြားသူများကို အကျိုးသက်ရောက်စေသူ ဖြစ်သည်။ أو (သို့မဟုတ်) ဟူသော စာလုံးကို သုံးနှုန်းရခြင်းမှာ အကယ်၍ ၎င်းနှစ်ရပ်အနက် ဂုဏ်ရည်တစ်ရပ်ပင် ရှိမည်ဆိုလျှင်လည်း တားမြစ်သူ၏ မကောင်းကြောင်း ပေါ်လွင်ရန်အတွက် ယင်းတစ်ရပ်တည်းလည်း လုံလောက်သည်ဟု ညွှန်းဆို ပြသရန် ဖြစ်သည်။ ထို့ပြင်) အို့၊ ကြားနာသူ (အများကို ဆိုလိုသည်။) အကယ်၍ ထိုသူသည် (တားမြစ် သူသည် မှန်ကန်သော သာသနာတော်ကို) မဟုတ်မမှန်ဟု ငြင်းပယ်ပြီး (မှန်ကန်သော သာသနာတော်မှ) မျက်နှာလွှဲ ငြင်းပယ်ခဲ့သော် (မည်သို့ ဖြစ်မည်ကို) အသင် ပြောပြပါလေ။

(ယုံကြည်ခြင်းလည်း မရှိ၊ ကျင့်ဆောင်လိုက်နာခြင်းလည်း မရှိ။ ဆိုလိုသည်မှာ ဦးစွာပထမ နမာဇ် ဝတ်ပြုခြင်းကို တားမြစ်သည်မှာ အဘယ်မျှ ဆိုးရွားသော လုပ်ရပ် ဖြစ်ပါသနည်း။ တစ်ဖန် ကြည့်ပါလျှင် တားမြစ်သူသည် လမ်းမှားသူတစ်ဦးနှင့် တားမြစ်ခံရသူသည် တရားလမ်းမှန် ရရှိထားသော အမြင့်ဆုံး စံနမူနာရှင် ဖြစ်သည်ကို တွေ့ရှိရပေမည်။ သို့ဖြစ်ပေရာ ဤသည် အဘယ်မျှ အံ့ဩဖွယ်ရာအချက် ဖြစ်ပါ သနည်း။ ရှေ့တွင် ထိုသို့ တားမြစ်ခြင်းအပေါ် ၎င်းသူအား သတိပေးနိုးဆော်ထားသည်မှာ) အလ္လာဟ် အသျှင်မြတ်သည် (ထိုသူ၏ ဆိုးသွမ်းမှုနှင့် ထိုဆိုးသွမ်းမှုမှ ပေါ်ပေါက်လာသော လုပ်ရပ်များအား) စေကန် မုချ တွေ့မြင်နေတော်မူသည်ကို ထိုသူ မသိခဲ့လေသလော။

(ထိုသူ၏ ဆိုးသွမ်းမှုအပေါ် အပြစ်ဒဏ်ခတ်တော်မူပေမည်။ ရှေ့တွင် ထိုသူ့အပေါ် ရှုတ်ချထားသည် မှာ) လုံးဝဥဿုံ (ဤသို့ ပြုရန်) မထိုက်ပေ။ အကယ်၍ ဤသူသည် (မိမိ၏ ထိုလုပ်ရပ်ကို) ရပ်စဲခြင်း မပြုခဲ့မူ ငါအသျှင်မြတ်သည် (၎င်းအား) ဦးစွန်ဆံဖျားကို ကိုင်၍ ('ဂျဟန္နမ်'ဘက်သို့) ဆွဲတော်မူပေမည်။

ထိုဦးစွန်းဆံဖျားသည် မုသားပြောဆိုခြင်းနှင့် ပြစ်မှုကျူးလွန်လေ့ရှိသော ဦးစွန်းဆံဖျား ဖြစ်သည်။

(**نا صية** ဆိုသည်မှာ ဦးခေါင်း၏ ရှေ့ဆုံးမှ ဆံပင်များကို ခေါ်ဆိုသည်။ ၎င်း၏ ဂုဏ်ပုဒ်တွင် **كاذبة خاطئة** ကို သွယ်ဝိုက်၍ သုံးနှုန်းမိန့်ကြားထားသည်။ ထိုသူသည် မိမိ၏ အုပ်စုရှိသည့်အပေါ် ဂုဏ်မောက်သူဖြစ်သည်။ ထို့ပြင် ငါအသျှင်မြတ်၏ နဗီတမန်တော်မြတ် ﷺ အားလည်း ခြိမ်းခြောက်သူ ဖြစ်သည်။)

သို့ဖြစ်ပေရာ ၎င်းသည် မိမိ၏ အခြွေအရံ အုပ်စုကို ခေါ်ယူစေ၊ (အကယ်၍ ထိုသူသည် ဤသို့ ပြုခဲ့ပါလျှင်) ငါအသျှင်မြတ်သည်လည်း 'ဂျဟန္နမ်'ကို စောင့်ကြပ်သူ ဖရစ်ရှ်သာဟ်များကို ခေါ်ယူတော်မူပေမည်။ (၎င်းက မိမိ၏ အုပ်စု အခြွေအရံများကို ခေါ်ယူခြင်းမပြုသောအခါ ငါအသျှင်မြတ်သည်လည်း ဖရစ်ရှ်သာဟ်များကို ခေါ်ယူတော်မူခြင်း မပြုခဲ့ပေ။ ယင်းအကြောင်းအရာကို အေမာမ်သွဗ်ရီ (ရဟ) က အောက်ပါအတိုင်း ဆင့်ပြန်တင်ပြထားသည်။

عن قتادة مرسلًا قال النّبىّ صلى الله عليه وسلم

لوفعل ابوجهل لاخذ ته الملئكة الزبانية عيانا

ရှေ့တွင် ၎င်းအား ပိုမို ရှုတ်ချခြင်းပြုရန် သတိပေးတော်မူသည်မှာ) လုံးဝဥဿုံ (ဤသို့ပြုရန်) မထိုက်။ (သို့ရာတွင်) အသင်သည် (ဤနဖူးစာမှဲ့သူ၏ လုပ်ရပ်များကို အလျဉ်း ဂရုမမူလေနှင့်။ ထို့ပြင်) ၎င်း၏ စကားကို လိုက်နာခြင်းမပြုလေနှင့်။ (ယခုထိတိုင် လိုက်နာခြင်းမပြုသည့်အတိုင်း နေပါ' ဟု ဖြစ်သည်။) ထို့ပြင် အသင်သည် ဖတ်မြဲအတိုင်း နမာဇ်ဖတ်လျက် ရှိနေပါလေ။ ထို့နောက် အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှုကို ရယူပါလေ။

(ဤနေရာတွင် ပေးကမ်းချီးမြှင့်ရန် ကတိတော်တစ်ရပ် ရှိသည်မှာ အသင့်အား ထိုသူတို့၏ ဒုက္ခပေးခြင်းများမှ စောင့်ရှောက်တော်မူမည်ဟု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နမာဇ်ဝတ်ပြုခြင်းဖြင့် အသျှင်မြတ်နှင့် နီးကပ်မှု ရရှိသည်။ အသျှင်မြတ်နှင့် နီးကပ်မှုသည် ဂုဏ်သိက္ခာ ကြီးမြတ်ခြင်း၏ အကြောင်းခံ ဖြစ်သည်။ သို့ဖြစ်ပေရာ ကာဖိရ်တို့၏ ပြောဆိုချက်များအပေါ် အသင်သည် စိုးစဉ်းမျှ ဂရုမမူလေနှင့်။ မိမိ၏ အလုပ်တာဝန်ကိုသာ အာရုံစိုက် လုပ်မြဲအတိုင်း လုပ်နေပါလေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

'နုဗူဝသ်'၏ 'ဝဟီ' စတင်ခြင်းနှင့် ထပမဦးဆုံး ကျရောက်ခဲ့သော 'ဝဟီ'

ပထမဦးဆုံး ကျရောက်ခဲ့သော 'ဝဟီ'သည် စူရာဟ်အလတ်က်မှ စတင်ခဲ့ကြောင်းကို 'ဆွဟီးဟိုင်းန် (ဘိုခါရီနှင့် မွတ်စ္စလင်မ်) ကျမ်းလာ ဆင့်ပြန်ချက်အပြင် အခြားခိုင်မာသော ဆင့်ပြန်ချက်များမှလည်း အတည်ပြု သိရှိရသည်။ ရှေးခေတ်နှင့် နောင်းခေတ်ပညာရှင် အများစုတို့သည်လည်း တစ်ညီတစ်ညွတ်

တည်း လက်ခံထားကြသည်။ ဆိုလိုသည်မှာ ဤစူရာဟ်၏ အစပိုင်း အာယသ်တော် (၅) ပါးဖြစ်သော اِقۡرَاۡ မှ مَالَمۡ يَعۡلَمۡ အထိမှာ ပထမဦးဆုံး ကျရောက်ခဲ့သော အာယသ်တော်များ ဖြစ်သည်။ အချို့ ပညာရှင်များက စူရာဟ် 'မုဒ်ဒဆ်ဆိရ်'ကို ပထမဦးဆုံး ကျရောက်သော စူရာဟ်ဟု သတ်မှတ်ကြသည်။ အချို့ပညာရှင်တို့က စူရာဟ်'ဖာသိဟဟ်'ကို ပထမဦးဆုံး ကျရောက်သည်ဟု သတ်မှတ်ကြသည်။

အေမာမ်ဗဂဝီ (ရဟ) က မိန့်ဆိုသည်မှာ ရှေးခေတ်နှင့် နှောင်းခေတ်ပညာရှင် အများစုတို့တွင် အမှန်ကန်ဆုံးမှာ ပထမဦးဆုံး ကျရောက်သည်မှာ စူရာဟ် 'အိကိရာအ်'၏ ပထမ (၅) အာယသ်တော် သာ ဖြစ်သည်' ဟူ၏။ *[ဒုရ်ရေမန်ဆူးရ်ကျမ်း]*

အချို့ပညာရှင်များက စူရာဟ် 'မုဒ်ဒဆ်ဆိရ်'ကို ပထမဦးဆုံး စူရာဟ်ဖြစ်သည်ဟု မိန့်ဆိုရသည့် အကြောင်းမှာ 'အိကိရာအ်' ၏ အာယသ်တော် (၅) ပါး ကျရောက်လာပြီးနောက် ကုရ်အာန်ကျမ်းတော် မြတ် ကျရောက်ခြင်းသည် ကာလတစ်ခုထိတိုင် ရပ်တန့်သွားခဲ့သည်။ ယင်းကာလကို فترت وحی 'ဝဟီ ရပ်တန့်နေသော ကာလ'ဟု ခေါ်သည်။ 'ဝဟီ' မကျရောက်ခြင်းနှင့် ရပ်တန့်နေခြင်းတို့အပေါ် တမန်တော် မြတ် ﷺ သည် အလွန်ပင် ပူဆွေးသောက ဖြစ်ခဲ့ရသည်။ ထို့နောက် ဂျိဗ်ရာအီးလ် ﷺ သည် ရုတ်တရက် ရောက်ရှိလာပြီး စူရာဟ် 'မုဒဆ်ဆိရ်' ၏ အာယသ်တော်များကို ပို့ချပေးခဲ့သည်။ ထိုအချိန်တွင်လည်း တမန်တော်မြတ် ﷺ အဖို့ စူရာဟ် 'အိကိရာအ်'ကျရောက်စဉ်တွင် ဖြစ်ပေါ်ခဲ့သော ခံစားရမှုမျိုးသည် 'ဝဟီ' ကျရောက်ခြင်းနှင့် ဟဇရသ်ဂျိဗ်ရာအီးလ် ﷺ အား တွေ့ဆုံရသောအခါ၌လည်း ဖြစ်ပေါ်ခဲ့သည်။ ထို အကြောင်းရှေ့တွင် တင်ပြမည်ဖြစ်သည်။ ဤနည်းဖြင့် 'ဝဟီ'ရပ်တန့်သောကာလ ပြီးဆုံးသောအခါ စူရာဟ် မုဒ်ဒဆ်ဆိရ်၏ အစပိုင်း အာယသ်တော်များ ကျရောက်လာခြင်း ဖြစ်သည်။ ဤသည်ကို ထောက်ရှုလျက် ဤစူရာဟ်ကိုလည်း ပထမဦးဆုံး ကျရောက်သည့် စူရာဟ်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

အချို့ပညာရှင်များက စူရာဟ်ဖာသေဟာကို ပထမဦးဆုံး ကျရောက်သည့် စူရာဟ်ဟု ဆိုရခြင်း အကြောင်းမှာ စူရာဟ်တစ်ပုဒ်လုံး အပြည့်အဝ ကျရောက်ခဲ့သော စူရာဟ်များတွင် ဤစူရာဟ် 'ဖာသေဟာ' သည်သာ ပထမဦးဆုံး ကျရောက်ခဲ့သော စူရာဟ်ဖြစ်၍တည်း။ ဤစူရာဟ်၏အလျှင်မှ စူရာဟ်အချို့၏ အာယသ်တော်တစ်ပိုင်းတစ်သာ ကျရောက်ခဲ့ခြင်းများ ရှိသည်။ *[မဇ္ဇဟရီကျမ်း]*

'ဆွဟီးဟိုင်းန်' (ဘုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်း) တွင် ရှည်လျားသော ဟဒီးစ်တော်တစ်ပါး၌ 'ဝဟီ'စတင်ခြင်းဖြစ်ရပ်ကို တင်ပြထားသည်မှာ 'အွန်းမွလ်မုအ်မိနီးန်' (မုအ်မင်န်တို့၏ မိခင်မွန်) ဟဇရသ် အာအေရှာဟ် ﷺ သခင်မက မိန့်ဆိုသည်မှာ 'တမန်တော်မြတ် ﷺ အပေါ်၌ 'ဝဟီ' စတင် ကျရောက်ခြင်း အစဉ်အလာသည် ကောင်းမြတ်မှန်ကန်သော အိပ်မက်များမှ စတင်ခဲ့သည်။ ၎င်း၏ အခြေအနေမှာ ကိုယ်တော် မြတ် ﷺ မြင်မက်ခဲ့သမျှ အိပ်မက်တို့သည် လုံးဝ ဤမြင်မက်ခဲ့သည့်အတိုင်း တွေ့ကြုံမြင်တွေ့ရလေ့ ရှိသည်။ အိပ်မက် သဘောတရားကို ကောက်နုတ်မှတ်ယူရန်ပင် မလိုလောက်အောင် အိပ်မက်၌ မြင်ခဲ့သည့် ဖြစ်ရပ် သည် ရှေ့၌ ရောက်ရှိလာခဲ့သည်' ဟု ဖြစ်သည်။

ထိုသို့ ဖြစ်ပြီးနောက်တွင် တမန်တော်မြတ် ﷺ သည် လူသူ အဖန်ဆင်းခံတို့နှင့် သီးခြားနေလိုခြင်းနှင့် တစ်ကိုယ်ရေတစ်ကာယ 'အေဗာဒသ်' ပြုလိုစိတ်များ ပေါ်ပေါက်လာသည်။ ထိုသို့ ပြုရန် ကိုယ်တော်မြတ် ﷺ သည် 'ဟိရာ'လိုဏ်ဂူကို ရွေးချယ်တော်မူခဲ့သည်။ (ဤ 'ဟိရာ'လိုဏ်ဂူသည် မက္ကာဟ်မြို့၏ 'ကဗရ်'စတာန်ဖြစ်သော 'ဂျန္နသွလ်မအ်လာ' ၏ ရှေ့ အနည်းငယ်အကွာ၌ ရှိသည့် 'ဂျဗလိနူးရ်' အမည်ရှိ တောင်ပေါ်တွင် ရှိသည်။ ထိုတောင်၏ ထိပ်ကို အဝေးမှပင် မြင်နိုင်သည်။) ဟဇရသ်စွိဒ်ဒီကာဟ် အာအေရှာဟ် ؓ သခင်မ တင်ပြသည်မှာ 'ကိုယ်တော်မြတ် ﷺ သည် 'ဟိရာ'လိုဏ်ဂူတွင် သွားရောက်၍ ညများတွင် 'အေဗာဒသ်' ပြုတော်မူလေ့ ရှိသည်။ အိမ်သူအိမ်သားများအဖို့ လိုအပ်ချက်တစ်စုံတစ်ရာ မရှိသရွေ့ ထိုလိုဏ်ဂူ၌ပင် နေတော်မူလေ့ ရှိသည်။ ထိုလိုဏ်ဂူ၌ နေသည့်အချိန်များအတွက် ကိုယ်တော်မြတ် ﷺ သည် အရေးကြီးသော အသုံးအဆောင်များကို ယူဆောင်သွားတော်မူလေ့ ရှိသည်။ တစ်ဖန် စားနပ်ရိက္ခာများ ကုန်သွားသည့်အခါ 'အွန်းမွလ်မုအ်မိနီးန်' ဟဇရသ်ခဒီဂျာဟ် ؓ သခင်မထံ ကြွမြန်း၍ ရက်အတန်ကြာ စားသောက်နိုင်လောက်သော ရိက္ခာများကို တစ်ဖန် ယူဆောင်တော်မူလေ့ ရှိသည်။ နောက်ဆုံး ကိုယ်တော်မြတ် ﷺ သည် ဤ 'ဟိရာ'လိုဏ်ဂူ၌ ရှိနေစဉ်မှာပင် ရုတ်တရက် ကိုယ်တော်မြတ် ﷺ ထံတော်သို့ 'ဝဟီ' ကျရောက်လာခဲ့သည်။

('ဟိရာ' လိုဏ်ဂူတွင် တစ်ကိုယ်ရေတည်း နေထိုင်သည့်ကာလနှင့် စပ်လျဉ်း၍ ပညာရှင်များအကြား ကွဲလွဲမှု ရှိသည်။ ဆွဟီးဟိုင်းန် (ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတို့) ၏ ဆင့်ပြန်ချက်တွင် 'ကိုယ်တော်မြတ် ﷺ သည် တစ်လ (၀၊) ရမ်ဇာန်တစ်လလုံးကို 'ဟိရာ' လိုဏ်ဂူ၌ နေထိုင်တော်မူခဲ့သည်' ဟု လာရှိသည်။ အိဗ်နေအိစ်ဟားက် (ရဟ) သည် 'စီရသ်' တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိကျမ်းတွင်လည်းကောင်း၊ ဇုရ်ကာနီ (ရဟ) သည် ရှရဟ်မဝါဟိဗ်ကျမ်းတွင်လည်းကောင်း၊ 'ထိုကာလထက် ပိုသောကာလတင်ပြချက်သည် မည်သည့်ဆွဟီးဟ်ဆင့်ပြန်ချက်တွင်မှ လာရှိခြင်း မရှိပေ'ဟူ၍ မိန့်ဆိုခဲ့ကြသည်။

ထို့ပြင် ကိုယ်တော်မြတ် ﷺ သည် 'ဟိရာ'လိုဏ်ဂူတွင် 'ဝဟီ' မကျမီ အချိန်အထိ ပြုကျင့်ခဲ့သော 'အေဗာဒသ်' နှင့် စပ်လျဉ်း၍ ထိုစဉ်က နမာဇ် အစရှိသော 'အေဗာဒသ်'များ သတ်မှတ်ခြင်း မခံရသေးပေ။

အချို့ပညာရှင်များက မိန့်ဆိုကြသည်မှာ 'နူးဟ် عليه السلام ၊ အိဗ်ရာဟီးမ် عليه السلام နှင့် အီစာ عليه السلام တို့၏ ရှရီအသ်တရားတော်များအတိုင်း 'အေဗာဒသ်'ပြုလျက် ရှိခဲ့သည်' ဟု ဖြစ်သည်။ သို့ရာတွင် ဤအဆိုသည် မည်သည့်ဆင့်ပြန်ချက်ဖြင့်မျှ အတည်မဖြစ်ပေ။ ထို့ပြင် ကိုယ်တော်မြတ် ﷺ သည် 'အွမ္မီ' (အရေး၊ အဖတ် သင်ယူထားခြင်းမရှိသူ) ဖြစ်သည့်အတွက် ဤအဆိုသည် မမှန်ကန်ပေ။ ထိုမျှမက ထိုစဉ်က ကိုယ်တော်မြတ် ﷺ ၏ 'အေဗာဒသ်'မှာ အဖန်ဆင်းခံများနှင့် အဆက်ဖြတ်ကာ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အထူးအာရုံပြုခြင်းနှင့် စဉ်းစားဆင်ခြင်ခြင်းတို့သာ ဖြစ်ပေသည်။ *[မဇှ်ဟရီကျမ်း]*

ဟဇရသ်စွိဒ်ဒီကာဟ်အာအေရှာဟ် ؓ သခင်မက မိန့်ဆိုသည်မှာ 'ဝဟီ'ကျရောက်လာသည့် ပုံစံမှာ ဂျိဗ်ရာအီးလ် عليه السلام သည် ကိုယ်တော်မြတ် ﷺ ထံတော်သို့ ရောက်ရှိလာသည်။ ထို့နောက် ကိုယ်တော်

မြတ် ﷺ အား اِقْرَأْ 'အသင်ဖတ်ကြားလော'ဟုဆိုရာ ကိုယ်တော်မြတ် ﷺ က مَا اَنَا بِقَارِئٍ ကျွန်ုပ်သည် ဖတ်တတ်သူ မဟုတ်ပါ' ဟု မိန့်ကြားခဲ့သည်။ (အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ မှာ အွမ္မီ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် ဂျိဗ်ရာအီးလ် عليه السلام ပြောဆိုသော اِقْرَأْ ၏ အလိုသဘောကို ထိုစဉ်က ကိုယ်တော်မြတ် ﷺ အဖို့ မည်သို့ ရွတ်ဖတ်စေလိုခြင်း ဖြစ်ပါသနည်း။ ဖတ်ကြားရန် ရေးသားထားသည့် အရာများပေးမည် ဖြစ်ပါသလားဆိုသည်တို့ကို ရှင်းလင်းစွာ နားမလည်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် ဖတ်တတ်သူ မဟုတ်ပါဟူ၍ အွမ္မီဖြစ်ခြင်းကို အကြောင်းပြတင်ပြခြင်း ဖြစ်သည်။)

ဟဇရတ်ခ်ဒီဒ်ဒီးကာဟ် رضي الله عنها သခင်မ၏ ဆင့်ပြန်ချက်၌ လာရှိသည်မှာ ကိုယ်တော်မြတ် ﷺ က မိန့်ကြားသည်မှာ ငါကိုယ်တော်မြတ် ﷺ ၏ ဤဖြေကြားမှုအပေါ် ဂျိဗ်ရာအီးလ် عليه السلام သည် ငါကိုယ်တော်အား ရင်ခွင်တွင် ထည့်၍ ညှစ်လိုက်သည်မှာ ငါကိုယ်တော်သည် ဤညှစ်ခြင်း၏ ဒဏ်ကို ခံစားရသည် အထိ ဖြစ်ခဲ့သည်။ ထို့နောက် ငါကိုယ်တော်အား လွှတ်၍ اِقْرَأْ ဟူသော စကားကိုပင် ပြောပြန်လေရာ ငါကိုယ်တော်က 'ကျွန်ုပ်သည် ဖတ်တတ်သူ မဟုတ်ပါ' ဟု ပြောကြားခဲ့သည်။ ထိုအခါ ဂျိဗ်ရာအီးလ် عليه السلام သည် ဒုတိယအကြိမ် ရင်ခွင်၌ ထည့်၍ ညှစ်လိုက်သည်မှာ ငါကိုယ်တော်သည် ဤသို့ ညှစ်ခြင်း၏ ဒဏ်ကို ခံစားရသည် အထိ ဖြစ်ခဲ့သည်။ ထို့နောက် ငါကိုယ်တော်အား လွှတ်၍ တတိယအကြိမ် اِقْرَأْ ဟူသော စကားကိုပင် ပြောကြားပြန်သည်။ ငါကိုယ်တော်က مَا اَنَا بِقَارِئٍ ဟူသော အဖြေကိုပင် ပေးလေရာ တတိယအကြိမ် ရင်ခွင်တွင် ထည့်၍ ညှစ်ပြန်သည်။ ထို့နောက် လွှတ်၍

اِقْرَأْ بِاسْمِ رَبِّكَ الَّذِىْ خَلَقَ ○ خَلَقَ الْاِ نْسَا نَ مِنْ عَلَقٍ ○

اِقْرَأْ وَرَبُّكَ الْاَكْرَمُ ○ الَّذِىْ عَلَّمَ بِالْقَلَمِ ○ عَلَّمَ الْاِ نْسَانَ مَالَمْ يَعْلَمْ○

ကို ဖတ်ကြားပြခဲ့လေသည်။ ကုရ်အာန်၏ ဤ (ပထမဦးဆုံးသော) အာယသ်တော် (၅) ပါးကို ယူဆောင်လျက် ကိုယ်တော်မြတ် ﷺ သည် အိမ်သို့ ပြန်ကြွလာတော်မူသည်။ ကိုယ်တော်မြတ် ﷺ ၏ စိတ်နှလုံးမှာ တုန်လှုပ်ချောက်ခြားနေသည်။ ဟဇရတ်ခဒီဂျာဟ် رضي الله عنها သခင်မထံ ကြွမြန်းလာတော်မူပြီး

زَمِّلُوْ نِىْ زَ مِّلُوْ نِىْ

'ငါ့အား စောင်ခြုံပေး။ ငါ့အား စောင်ခြုံပေး' ဟု မိန့်ကြားတော်မူလေသည်။ (ဟဇရတ်ခဒီဂျာဟ် رضي الله عنها သခင်မသည် ကိုယ်တော်မြတ် ﷺ အပေါ် အဝတ် (စောင်) အုပ်ပေးခဲ့သည်။) နောက်ဆုံးတွင် ကိုယ်တော်မြတ် ﷺ ၏ ဤတုန်လှုပ်ချောက်ခြားမှုမှာ ပပျောက်သွားခဲ့သည်။

(ဤအခြေအနေနှင့် တုန်တုန်ယင်ယင် ဖြစ်ရခြင်းတို့သည် ဂျိဗ်ရာအီးလ် عليه السلام အား ကြောက်ရွံ့သောကြောင့် ဖြစ်ပေါ်ခြင်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ ၏ ဂုဏ်အဆင့်အတန်းသည်

၎င်းထက် အလွန်များပြားစွာ မြင့်မားသောကြောင့် ဖြစ်သည်။ ထိုမျှမက 'ဝဟီ' ၏ အကြောင်းခံဖြင့် ကိုယ်တော်မြတ် ﷺ အား တာဝန်ပေးအပ်ခြင်းခံရသော 'နဗူဝသ်'နှင့် 'ရိစာလသ်'တို့၏ လေးလံမှုကို ခံစားရခြင်းနှင့် ဖရစ်ရှိသာဟ်ကောင်းကင်တမန်တစ်ပါးကို ၎င်း၏ မူလရုပ်ဆင်းသဏ္ဌာန်အတိုင်း တွေ့မြင်ပြီး သဘာဝအလျောက် ကြောက်ရွံ့တုန်လှုပ်မှု ဖြစ်ပေါ်ရခြင်းသာ ဖြစ်ပေသည်။)

ဟဇရသ်စွိဒ်ဒီကာဟ်အာအေရှာဟ် ؓ သခင်မက မိန့်သည်မှာ 'ပြန်လည်ကောင်းမွန်လာပြီးနောက် တမန်တော် မြတ် ﷺ သည် ဟဇရသ်ခဒီဂျာဟ် ؓ သခင်မအား 'ဟိရာ'လိုဏ်ဂူ၌ ဖြစ်ပျက်ခဲ့သမျှတို့ကို မိန့်ကြားတော် မူလေသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ က 'ဤဖြစ်ရပ်ကြောင့် ငါကိုယ်တော့်အပေါ်တွင် မိမိ၏ အသက်ကို စိုးရိမ်ကြောက်ရွံ့ရသည်အထိ ဖြစ်ပေါ်ခဲ့သည်'ဟု မိန့်ကြားတော်မူခဲ့သည်။ ဟဇရသ်ခဒီဂျာဟ် ؓ သခင်မက 'ဤသို့ အလျှဉ်း မဖြစ်နိုင်ပါ။ အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော့်အား လုံးဝ အကျိုးမဲ့စေတော်မူမည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် သားချင်းများနှင့် ချစ်ခင်စွာ ဆက်ဆံသူ၊ အဆက်အသွယ်ပြုသူ ဖြစ်သည်။ ဝန်ထုပ်ဝန်ပိုး မနိုင်မနင်းဖြစ်နေသူများ၏ ဝန်ထုပ်ကို ထမ်းမ,ပေးသူ ဖြစ်သည်။ အလုပ်အကိုင်မရှိသူများကို အလုပ်အကိုင်ပေးသူ ဖြစ်သည်။ ဧည့်သည်များကို ဧည့်ဝတ်ပျူငှာပြုသူ ဖြစ်သည်။ ဒုက္ခရောက်သူများကို ကူညီပေးသူဖြစ်သည်'ဟု နှစ်သိမ့်စကား ပြောကြားလေသည်။ (ခဒီဂျာဟ် ؓ သခင်သည် စာပေတတ်မြောက်သော အမျိုးသမီးဖြစ်သည်။ သူမသည် ရှေးကျမ်းများ ဖြစ်သော 'သောင်ရားသ်'နှင့် 'အင်န်ဂျီးလ်'ကျမ်းများကိုလည်းကောင်း၊ (သို့) ထိုကျမ်းများကို တတ်ကျွမ်းသော ပညာရှင်တို့ထံမှလည်းကောင်း 'အကျင့်စာရိတ္တ ကောင်းမြတ်ပြီး မွန်မြတ်သော စိတ်ထားရှိသူသည် နဖူးစာဆိုးသူ၊ ကံဆိုးသူ မဖြစ်နိုင်'ဟူသော အကြောင်းများကို သိရှိထားသည် ဖြစ်ပေမည်။ ထို့ကြောင့် ဤနည်းဖြင့် တမန်တော်မြတ် ﷺ အား နှစ်သိမ့်စကားဆိုခဲ့ခြင်း ဖြစ်သည်။)

ထို့နောက် ဟဇရသ်ခဒီဂျာ ؓ သခင်မသည် ကိုယ်တော်မြတ် ﷺ အား မိမိဦးရီးတော်၏ သားဖြစ်သူ အစ်ကိုတစ်ဝမ်းကွဲ တော်စပ်သူ ဝရ်ကဟ်ဗင်န်နောင်ဖလ်ထံသို့ ခေါ်ဆောင်သွားသည်။ ဝရ်ကာဟ်သည် အမှောင်ခေတ်အတွင်းမှာပင် ရုပ်တုများကိုးကွယ်ခြင်းကို စွန့်လွှတ်၍ နဆွ်ရာနီဖြစ်သွားခဲ့သူ ဖြစ်သည်။ (အကြောင်းမှာ ထိုခေတ်အခါ၌ မှန်ကန်သော သာသနာမှာ ၎င်းသာသနာပင် ဖြစ်သောကြောင့်ပင် ဖြစ်သည်။) ဝရ်ကဟ်ဗင်န်နောင်ဖလ်သည် (စာပေတတ်ကျွမ်းသူ ဖြစ်သည်။ 'အိဗ်ရာနီ' ဘာသာကိုလည်း နားလည်သူဖြစ်သည်။ အာရဗီဘာသာ စကားမှာမူ ၎င်း၏ မိခင်စကား ဖြစ်သည်။)

'အိဗ်ရာနီ' ဘာသာဖြင့်လည်း ရေးတတ်သူ ဖြစ်သည်။ 'အင်န်ဂျီးလ်'ကျမ်းကို အရဗီဘာသာဖြင့် ရေးသားခဲ့သူဖြစ်သည်။ ထိုစဉ်က ၎င်းသည် အလွန်အိုမင်းနေပြီ ဖြစ်သည်။ အိုမင်းမစွမ်း ဖြစ်မှုကြောင့် မျက်လုံးများပင် ကွယ်ခဲ့လေပြီ။ ဟဇရသ်ခဒီဂျာဟ် ؓ သခင်မက ၎င်းအား 'ကိုယ်တော်၏ စကားကို အနည်းငယ်မျှ နားထောင်ကြည့်ပါ'ဟု ပြောဆိုလေရာ ဝရ်ကာဟ်ဗင်န်နောင်ဖလ်သည် ကိုယ်တော်မြတ် ﷺ အား အခြေအနေကို မေးမြန်းရာ ကိုယ်တော်မြတ် ﷺ က 'ဟိရာ'လိုဏ်ဂူ၌ ဖြစ်ခဲ့သမျှတို့ကို တင်ပြတော်မူလေသည်။ ဝရ်ကာဟ်ဗင်န်နောင်ဖလ်သည် ကြားရသည်နှင့် 'ဤသည် အလ္လာဟ်အသျှင်မြတ်က ဟဇရသ်

မူစာ عليه السلام အပေါ်၌ စေလွှတ်တော်မူခဲ့သော ဖရစ်ရှိသာဟ်ကောင်းကင်တမန်ပင် ဖြစ်သည်။ ကျွန်ုပ်သည် အသင့်အား 'နဗူဝသ်'ချီးမြှင့်ခံရချိန် ကာလတွင် ကျန်းမာသန်စွမ်းစွာရှိလျှင် ကောင်းလေစွ။ ထို့ပြင် ကျွန်ုပ်သည် အသင့်အား အသင်၏ အမျိုးသားများက (ဌာနေမှ) မောင်းနှင်ထုတ်မည့်အချိန်တွင် အသက်ရှင်လျက် ရှိလျှင် ကောင်းလေစွ'ဟု ပြောဆိုလေသည်။ တမန်တော်မြတ် ﷺ က (အံ့သြစွာ မေးမြန်းသည်မှာ) 'ကျွန်ုပ်အား ကျွန်ုပ်၏ အမျိုးသားများက နှင်ထုတ်ကြမည်လော။ ဝရ်ကာဟ်က ကောန်မုချ မောင်းနှင်ထုတ်ကြပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အသင် ယူဆောင်လာသကဲ့သို့ တစ်စုံတစ်ဦးသည် မှန်ကန်သော သာသနာနှင့် မှန်ကန်သော အမိန့်တော်များကို ယူဆောင်လာသည်ဖြစ်လျှင် ၎င်း၏ အမျိုးသားများသည် ၎င်းအား ဒုက္ခပေးကြစမြဲ ဖြစ်သည်။ အကယ်၍ ကျွန်ုပ်သည် ထိုအချိန်အခါကို မှီခဲ့မည်ဆိုပါလျှင် ကျွန်ုပ်သည် အသင့်အား အင်အားအပြည့်ဖြင့် ကူညီပါမည်' ဟု ပြောဆိုလေသည်။ သို့ရာတွင် ဝရ်ကာဟ်သည် ရက်အနည်းငယ်ကြာလေသော် ကွယ်လွန်သွားရရှာသည်။ ထိုဖြစ်ရပ်ဖြစ်ပေါ်ပြီးနောက် ကုရ်အာန်ကျရောက်ခြင်း ရပ်စဲသွားခဲ့လေသည်။ *[ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း။]*

'ဝဟီ'ကျရောက်ခြင်း ရပ်စဲ၊ ရပ်တန့်ခဲ့သည့် ကာလနှင့် စပ်လျဉ်း၍ အေမာမ်စိုဟိုင်လီ (ရဟ) လာ နှစ်နှစ်ခွဲကာလဟု ဆင့်ပြန်တင်ပြခဲ့သည်။ အချို့သော ဆင့်ပြန်ချက်များ၌ သုံးနှစ်ကြာ အချိန်ကာလဟု လာရှိထားသည်။ *[မဇ္ဇဟရီကျမ်း]*

اِقْرَاْ بِاسْمِ رَبِّكَ الَّذِىْ خَلَقَ

بِاسْمِ رَبِّكَ တွင် **اِسْم** ဟူသော စာလုံးကို ထည့်သွင်းလိုက်ခြင်းဖြင့် မည်သည့်အခါ၌ဖြစ်စေ၊ ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်မည်ဆိုလျှင် **بسم الله الرحمن الرحيم** ဆို၍ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုရမည့်အကြောင်းကို ညွှန်းဆိုလိုက်ခြင်းဖြစ်သည်။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင်လည်း ဤအတိုင်း ဖော်ပြခဲ့ပြီး ဖြစ်သည်။ ဒုတိယညွှန်းဆိုချက်အဖြစ် 'ကိုယ်တော်မြတ် ﷺ က 'ကျွန်ုပ်သည် ဖတ်တတ်သူမဟုတ်ပါ'ဟု အကြောင်းပြ မိန့်ကြားချက်၏ အဖြေပါရှိနေပေသည်။ အဘယ်ကြောင့်ဆိုသော် **بِاسْمِ رَبِّكَ** ဟူသော စာလုံးဖြင့် 'အမှန်စင်စစ် အသင်သည် မိမိ၏ လက်ရှိအခြေအနေအရ 'အွမ္မီ'ရေးတတ်၊ ဖတ်တတ်သူ မဟုတ်သော်လည်း အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည်မူ အရာရာကို စွမ်းဆောင်နိုင်တော်မူပါသည်။ ထိုအသျှင်မြတ်သည် 'အွမ္မီ' ဖြစ်သူအား အဆင့်အမြင့်ဆုံး အသိပညာများနှင့် ပြောဆိုမိန့်ကြားရမည့် နည်းလမ်းများကိုလည်းကောင်း၊ ဝေါဟာရစကားကြွယ်ဝ၍ အနှစ်သာရရှိသော စကားများကိုလည်းကောင်း စာပေတတ်ကျွမ်းသော ကဝိပညာရှင်ကြီးများလက်မှိုင်ချလောက်သော အဆင့်အတန်းကို ပေးကမ်းချီးမြှင့်တော်မူနိုင်သော အသျှင် ဖြစ်တော်မူပါသည်။ နောက်ပိုင်းတွင် ဤအတိုင်းပင် ဖြစ်လာခဲ့သည်' အစရှိသော အချက်များကို ညွှန်းဆိုထားသည်။

[မဇ္ဇဟရီကျမ်း]

ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်၏ မွန်မြတ်သော နာမတော်များအနက် رَبِّ ဟူသော စာလုံးကို အထူးပြု သုံးနှုန်းထားခြင်းမှာ 'အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဖြစ်သည်။ နည်းမျိုးစုံကို သင်ကြားပေးတော်မူမည့် အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် အသင့်အား 'အွမ္မီ'ဖြစ်လင့်ကစား ဖတ်ရွတ်စေခြင်းကိုလည်း ပြုစွမ်းနိုင်သော အသျှင် ဖြစ်တော်မူပါသည်' ဟူသည်ကို လေးနက်ခိုင်မာစေရန် ဖြစ်သည်။

اَلَّذِىْ خَلَقَ

အလ္လာဟ်အသျှင်မြတ်၏ ဂုဏ် တော်များအနက် ဤနေရာတွင် ဖန်ဆင်းမှု၏ ဂုဏ်တော်ကို အထူးတင်ပြရခြင်းမှာ 'အဖန်ဆင်းခံများအပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော် များပြားစွာ ရှိသည်တို့အနက် ပထမဦးဆုံးသော ကျေးဇူးတော်မှာ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ဖန်ဆင်းတော်မူခြင်းဖြင့် ၎င်းအား အဖန်ဆင်းခံအဖြစ်သို့ ရောက်ရှိစေခြင်း ဖြစ်သည်။ ဤနေရာတွင် خَلَقَ ၏ ကံပုဒ် (ဖန်ဆင်းခံရသော အရာ) မှာ မည်သည့်အရာဖြစ်သည်ဟု ဖော်ပြမထားခြင်းမှာ စကြဝဠာအပေါင်းနှင့် ၎င်းအတွင်းရှိရှိသမျှသော အရာဟူသရွေ့သည် ထိုအသျှင်မြတ်၏ အဖန်ဆင်းခံဖြစ်ကြောင်း ညွှန်းဆိုပြသရန်ဟူသော အမြော်အမြင်ဖြင့် ဖြစ်ပေမည်။

خَلَقَ الْاِنْسَانَ مِنْ عَلَقٍ

اَلَّذِىْ خَلَقَ တွင် လောကအပေါင်းကို ဖန်ဆင်းတော်မူခြင်းအကြောင်း တင်ပြခဲ့ပေပြီ။

خَلَقَ الْاِنْسَانَ

တွင် အမွန်မြတ်ဆုံး အဖန်ဆင်းခံဖြစ်သည့် လူသားကို ဖန်ဆင်းကြောင်း မိန့်ကြားထားသည်။ 'လေးနက်စွာ စဉ်းစား၍ ကြည့်ပါလျှင် လောကအပေါင်းနှင့် အဖန်ဆင်းခံဟူသရွေ့တို့၏ အချုပ်မှာ လူသားဖြစ်သည်။ လောကကြီးအတွင်း၌ ရှိရှိသမျှ အရာတို့၏ ပုံတူများသည် လူသားအတွင်း၌ ရှိနေပေသည်။ ထို့ကြောင့် လူသားအား عالم اصغر 'အသေးစားလောက' ဟု ခေါ်ဆိုခြင်း ဖြစ်သည်ဟူ၏။ ထို့ပြင် လူသားကို အထူးပြု တင်ပြရခြင်း အကြောင်းတစ်ရပ်မှာ 'နဗူဝသ်'၊ 'ရိစာလသ်'နှင့် ကုရ်အာန်ကျမ်းတော်မြတ် ပို့ချရခြင်း၏ ရည်ရွယ်ချက်မှာ 'အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ ချမှတ်ပြဌာန်း၍ လိုက်နာကျင့်သုံးကြစေရန် ဖြစ်သည်။ ဤမည်သော အလုပ်များသည် လူသားများအဖို့သာ သီးသန့် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

عَلَقَ ၏ အဓိပ္ပာယ်မှာ 'သွေးခဲ' ဟု ဖြစ်သည်။ လူသားအား ဖန်ဆင်းခြင်းတွင် ကာလအမျိုးမျိုးကို ကျော်လွှားဖြတ်သန်းရသည်။ ၎င်း၏ မူလအစမှာ မြေကြီးနှင့် ဓါတ်ကြီးလေးပါး ဖြစ်သည်။ တစ်ဖန်ကာလလရေကြည် ဖြစ်ခဲ့ရသည်။ ထိုမှတစ်ဆင့် သွေးခဲဖြစ်ရသည်။ တစ်ဖန် အသားတုံးမှတစ်ဆင့် အရိ

စသည်များ ဖြစ်ပေါ်ရသည်။ **عَلَق** ‘သွေးခဲ’ သည် ထိုဖန်ဆင်းမှုကာလများတွင် အလယ်ဗဟို၌ ရှိသော ကာလတစ်ခု ဖြစ်သည်။ ထို ‘သွေးခဲ’ ကို ရွေးချယ်တင်ပြလျက် ၄င်း၏ ရှေ့နောက်ကာလများကို ညွှန်းဆိုလိုက်ခြင်း ဖြစ်သည်။

اِقْرَأْ وَرَبُّكَ الْاَكْرَمُ

ဤနေရာတွင် اِقْرَأْ ဟူသော စာလုံးကို ထပ်မံ၍ တင်ပြ မိန့်ကြားထားသည်။ ၄င်း၏ အကြောင်းခံ တစ်ရပ်ကိုမူ ဖွင့်ဆိုချက်အနှစ်ချုပ်၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ ၄င်းမှာပထမ اِقْرَأْ မှာ ကိုယ်တော်မြတ် ﷺ ကိုယ်တော်တိုင်ကို ဖတ်ရန် အမိန့်ပေးတော်မူခြင်း ဖြစ်သည်။ ဤဒုတိယ اِقْرَأْ မှာ ‘သဗ်လီးဂ်’၊ ‘ဒအ်ဝသ်’ နှင့် လူတို့ကို သင်ကြားပေးရန်၊ ဖတ်ပြရန် မိန့်ကြားတော်မူခြင်း ဖြစ်သည်။ အကယ်၍ ပိုမိုလေးနက်စေရန်သာ ထပ်မံ၍ သုံးနှုန်းခြင်း ဖြစ်သည်ဟုဆိုလျှင်လည်း မည်သို့မျှ မှားမည်မဟုတ်ပေ။ اَكْرَمُ ဟူသော ဂုဏ်တော်တွင် ‘ကမ္ဘာလောကအပေါင်းကို ဖန်ဆင်းခြင်းနှင့် လူသားအား ဖန်ဆင်းခြင်းတို့တွင် အလ္လာဟ်အရှင်မြတ်သည် မိမိအဖို့ မည်သည့်ရည်ရွယ်ချက်နှင့် အကျိုးအတွက်မျှ မဟုတ်ဘဲ ဤဖန်ဆင်းမှုအားလုံးသည် ရက်ရောစွာ ချီးမြှင့်မှုနှင့် မတောင်းခံဘဲ လောကအပေါင်းကို ဖြစ်ရှိရာသို့ ရောက်စေသော ကြီးမားလှစွာသော ကျေးဇူးတော်၏ တောင်းဆိုမှုအရ ဖန်ဆင်းတော်မူခဲ့ခြင်း ဖြစ်သည့်အကြောင်း ညွှန်းဆိုထားခြင်း ဖြစ်သည်။

اَلَّذِىْ عَلَّمَ بِالْقَلَمِ

လူသားအား ဖန်ဆင်းတော်မူပြီးနောက် ထိုလူသားအား သင်ကြားပေးခြင်းအကြောင်း တင်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် အသိပညာဟူသော အရာသည် လူသားအား အခြားသော သတ္တဝါအားလုံးထက် ကွဲပြားခြားနားစေပြီး အဖန်ဆင်းခံအားလုံးထက် သာလွန် မြင့်မြတ်စေသော အရာဖြစ်သောကြောင့်ပင် ဖြစ်သည်။ တစ်ဖန် သင်ကြားပေးခြင်း နှစ်မျိုးရှိသည်။

(၁) နှုတ်တိုက်သင်ကြားပေးခြင်းနှင့်

(၂) ကလောင်ဖြင့် ရေးသား၍ သင်ကြားပေးခြင်းတို့ ဖြစ်သည်။

စူရာဟ်၏ အစတွင် လာရှိသော اِقْرَأْ ဟူသော စာလုံးမှာ စင်စစ် နှုတ်တိုက်သင်ကြားပေး ခြင်း၏ အစဖြစ်သည်။ သို့ရာတွင် ဤအာယသ်တော်၌ သင်ကြားပေးခြင်းအကြောင်း ရောက်သောအခါ ကလောင်ဖြင့် သင်ကြားပေးခြင်းကို ဦးစားပေး၍ မိန့်ကြားဖော်ပြထားသည်။

သင်ကြားမှု၏ ပထမဦးဆုံးနှင့် အရေးကြီးဆုံးမှာ ‘ကလောင်တံ’ နှင့် ရေးသားခြင်းတို့ ဖြစ်ခြင်း

ဟာဇရသ်အဘူဟုရိုင်ရာဟ် رضي الله عنه သခင်၏ ဆင့်ပြန့်ချက် ဆွဟီးဟ်ဟဒီးစ်တော်တစ်ပါးတွင် တမန်တော်မြတ် ﷺ မိန့်သည်မှာ

لَمّاخلق الله الخلق كتب فى كتابه فهو عنده فوق العرش انّ رحمتى غلبت غضبى

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် 'အဇလ်' အစကနဦးကာလမှပင် အဖန်ဆင်းခံများကို ဖန်ဆင်းတော်မူပြီးသောအခါ မိမိထံတော်၌ ရှိသော မှတ်တမ်းစာအုပ်တော်တွင် ယင်းမှတ်တမ်းစာအုပ်တော်သည် 'အရ်ရှ်' (ပလ္လင်တော်) အပေါ်တွင် ရှိ၏။ 'ငါအသျှင်မြတ်၏ 'ရဟ်မသ်' တော်သည် ငါအသျှင်မြတ်၏ အမျက်တော်အပေါ်၌ လွှမ်းမိုးလျက် ရှိပေမည်' ဟု ဖြစ်သည်။ အခြားဟဒီးစ်တော်တစ်ပါးတွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

اوّل ماخلق الله القلم فقال له اكتب فكتب
مايكون الى يوم القيمة فهو عنده فى الذكر فوق عرشه

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ပထမဦးဆုံး 'ကလောင်'ကို ဖန်ဆင်းတော်မူသည်။ ထို့နောက် ကလောင်အား 'အသင် ရေးသားလော'ဟု အမိန့်ပေးတော်မူရာ ထိုကလောင်သည် 'ကေယာမသ်' တိုင် ဖြစ်ပေါ်မည့် အရာများကို ရေးသားလေသည်။ ထိုရေးသားထားသည့် အရာသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ 'အရ်ရှ်' (ပလ္လင်တော်) အပေါ်တွင် ရှိသည်'ဟူ၏။ *[ကုရ်သုဗီးကျမ်း]*

ကလောင် (၃) မျိုး

ပညာရှင်ကြီးများက မိန့်ဆိုကြသည်မှာ ကလောင်သည် (၃) မျိုးရှိသည်။

(၁) ပထမဦးဆုံးကလောင်မှာ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် မိမိလက်တော် တန်ခိုးတော်ဖြင့် ဖန်ဆင်းတော်မူသော ကလောင်ဖြစ်သည်။ ထို့နောက် ထိုကလောင်အား လောကအပေါင်း၌ ဖြစ်ပေါ်လာမည့် 'သက္ကဒီးရ်' ကံတရား သတ်မှတ်ချက်များကို ရေးမှတ်ရန် အမိန့်ပေးတော်မူခဲ့သည်။

(၂) ဖရစ်ရှ်သာဟ်များ၏ ကလောင်ဖြစ်သည်။ ဤကလောင်ဖြင့် ဖြစ်ပေါ်လာမည့် ဖြစ်ရပ်များနှင့် ၎င်းတို့၏ 'သက္ကဒီးရ်'များကိုလည်းကောင်း၊ လူသားတို့၏ ပြုမူဆောင်ရွက်ချက်များကိုလည်းကောင်း ရေးသားကြသည်။

(၃) လူသားများ၏ ကလောင်ဖြစ်သည်။ ထိုကလောင်ဖြင့် လူတို့သည် မိမိတို့၏ စကားများကို ရေးသားကြသည်။ မိမိတို့ ရည်ရွယ်ချက်များတွင် အသုံးပြုကြသည်။

ရေးသားခြင်းသည် အမှန်စင်စစ် တင်ပြခြင်းတစ်မျိုး ဖြစ်သည်။ တင်ပြခြင်းဟူသည် လူသား၏ အထူး ဂုဏ်ရည်ဖြစ်သည်။ *[ကုရ်သုဗီးကျမ်း]*

သဖ်စီးရ်အဖွင့်ပညာရပ်၏ အေမာမ်တစ်ပါးဖြစ်သော မုဂျာဟီဒ် (ရဟ) သည် အဘူအမရ် ؓ ထံမှ ဆင့်ပြန်ခဲ့သည်မှာ အလ္လာဟ်အသျှင်မြတ်သည် (၄) မျိုးသော အရာကို မိမိ၏ လက်တော်ဖြင့် ကိုယ်တော်

တိုင် ဖန်ဆင်းတော်မူခဲ့သည်။ ထို (၄) မျိုးမှအပ ကျန်အဖန်ဆင်းခံများကို كُنْ 'ဖြစ်စေ' ဟူသော အမိန့်ပေး၍ ဖြစ်ပေါ်လာစေခြင်း ဖြစ်သည်။ ထိုအရာ (၄) မျိုးမှာ-

(၁) ကလောင်
(၂) 'အရရှ်'
(၃) 'ဂျန္နသ်အဒ်န်' နှင့်
(၄) အာဒမ် ﷺ တို့ ဖြစ်သည်။

ရေးသားခြင်းအတတ်ပညာကို ပထမဦးဆုံး လောကတွင် မည်သူ ရရှိခဲ့ပါသနည်း၊

အချို့ပညာရှင်များက မိန့်ဆိုသည်မှာ ပထမဦးဆုံး ရေးသားခြင်း အတတ်ပညာကို လူသားတို့၏ ဖခင်ကြီး ဟဇရသ်အာဒမ် ﷺ အား သင်ကြားပေးခြင်း ခံရသည်။ ပထမဦးဆုံး ၎င်းသည်ပင် စတင် ရေးသားခဲ့သည်' ဟု ဖြစ်သည်။ *[ကအ်ဗ်အဟ်ဗားရ် ﷺ ၏အဆို.]*

အချို့ပညာရှင်များက မိန့်ဆိုသည်မှာ ဦးစွာပထမ ဤရေးသားခြင်း အတတ်ပညာသည် ဟဇရသ် အိဒ်ရီးစ် ﷺ ကို ရရှိခဲ့သည်။ ပထမဦးဆုံး စတင်ရေးသားသူမှာ လောကတွင် တမန်တော်အိဒ်ရီးစ် ﷺ ပင် ဖြစ်သည်'ဟူ၏။ *[ဍဟ်ဟာက် (ရဟ) ၏ အဆို]*

အချို့ပညာရှင်များက မိန့်ဆိုသည်မှာ 'လူတိုင်းလူတိုင်း၏ ရေးသားအတတ်ပညာသည် အလ္လာဟ် အသျှင်မြတ်ဘက်တော်မှ သင်ကြားပေးခြင်းသာ ဖြစ်သည်'ဟူ၏။

ရေးသားခြင်း အတတ်ပညာသည် အလ္လာဟ်အသျှင်မြတ်၏ ကြီးမားလှစွာသော ကျေးဇူးတော် ဖြစ်ခြင်း

ဟဇရသ်ကသာဒဟ် (ရဟ) သခင်က မိန့်ဆိုသည်မှာ 'ကလောင်သည် အလ္လာဟ်အသျှင်မြတ်၏ ကြီးမားသော 'ရဟ်မသ်' ကျေးဇူးတော်ဖြစ်သည်။ အကယ်၍ ကလောင်မရှိပါလျှင် မည်သည့်သာသနာမျှ အခွန့်ရှည် တည်တံ့နိုင်မည်မဟုတ်။ လောကီရေး လုပ်ငန်းဆောင်တာများလည်း အဆင်ပြေချောမွေ့မှု ရှိမည် မဟုတ်' ဟု ဖြစ်သည်။

ဟဇရသ်အလီ ﷺ သခင်က မိန့်သည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် လွန်စွာ ပေးကမ်းချီးမြှင့် တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် မိမိ၏ ကျွန်လူသားများကို ၎င်းတို့ မသိသည့် အရာများကို သိစေတော်မူသည်။ ထိုလူသားများကို မသိနားမလည်ခြင်းဟူသော အမှောင်ထု အတွင်းမှ သိနားလည်ခြင်းဖြစ်သော အလင်းရောင်ဘက်သို့ ထုတ်ယူတော်မူခဲ့သည်။ ထို့နောက် ရေးသား ခြင်းဟူသော အသိပညာဘက်သို့ နှိုးဆော်တော်မူသည့် အကြောင်းမှာ ဤရေးသားခြင်းနှင့် စပ်လျဉ်း၍

များပြားစွာသော အကျိုးအမြတ်များ ရှိသည်။ ထိုအရာများကို အလ္လာဟ်အသျှင်မြတ်မှအပ မည်သူမျှ လွှမ်းခြုံသိနိုင်ခြင်း မရှိပေ။ အသိပညာနှင့် အမြော်အမြင်အားလုံးကို စုဆောင်းခြင်း၊ ရေးဖြစ်၊ နှောင်းဖြစ်၊ သမိုင်းဖြစ်ရပ်များနှင့် ရှေး၊ နှောင်းပုဂ္ဂိုလ်တို့၏ အခြေအနေများ ပြောကြားချက်များနှင့် အလ္လာဟ်အသျှင်မြတ်ပို့ချပေးတော်မူသော ကျမ်းဂန်များအားလုံးသည် ဤကလောင်ဖြင့်သာ ရေးသားကြရသည်။ အကယ်၍ကလောင်မရှိဟု ဆိုလျှင် လောကီနှင့် သာသနာရေးအားလုံးတို့သည် တိမ်းပါးပျောက်ကွယ်၊ လျော့ရဲရဲဖြစ်နေမည်သာ ဖြစ်သည်။

ရှေးခေတ်၊ နှောင်းခေတ်ပညာရှင်ကြီးများသည် စာပေရေးသားခြင်းကို လွန်စွာ အလေးထားခဲ့ကြခြင်း

ရှေးခေတ်၊ နှောင်းခေတ် ပညာရှင်ကြီးများသည် အမြဲတစေ၊ သင်ပေးသင်ယူခြင်း တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသလို ကျမ်းဂန်စာပေ ရေးသားခြင်းတို့ကိုလည်း အလွန် အလေးအနက်ထား၍တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်။ ယင်းအချက်အပေါ် ၎င်းတို့ ရေးသားပြုစုခဲ့သည့် အထင်ကရ ကျမ်းကြီးများသည် ယနေ့တိုင် တည်ရှိနေပြီး သက်သေသာဓကအဖြစ် ရှိနေသည်။ ယခုခေတ်သမယတွင်ရှိသော အိုလမာပညာရှင်များနှင့် သာသနာ့ပညာ သင်ယူဆည်းပူးနေကြသော သူတို့သည် အလေးအနက်ထား၍ ပြုရမည်ဖြစ်သော ဤအလုပ်ကို ဥပက္ခာပြုထားကြသည်မှာ ဝမ်းနည်းဖွယ်ရာပင် ဖြစ်သည်။ ရာပေါင်းများစွာတို့၌ နှစ်ဦးသုံးဦးမျှသာ ခက်ခက်ခဲခဲဖြင့် ရေးသားနိုင်ကြပေသည်။

တမန်တော်မြတ် ﷺ အား ရေးသားခြင်းပညာကို ချီးမြှင့်တော်မမူရခြင်း၏ လျှို့ဝှက်ချက်

အလ္လာဟ်အသျှင်မြတ်သည် နီတမန်တော်ချုပ် ﷺ ၏ ဂုဏ်သိက္ခာကို လူတို့၏ တွေးခေါ်မှုနှင့် ဆင်ခြင်သုံးသပ်မှုများမှ မြင့်မားစွာ ပြုတော်မူရန်အတွက် ကိုယ်တော်မြတ် ﷺ ၏ မွေးဖွားရာမှ စ၍ ကိုယ်တော်မြတ် ﷺ ၏ ပုဂ္ဂိုလ်ရေးအခြေအနေအားလုံးကို မည်သည့်လူသားကမျှ မိမိ၏ ကြိုးပမ်းအားထုတ်မှုဖြင့်မည်သည့်အရည်အချင်းမျှ ရရှိခြင်း မပြုနိုင်အောင် ပြုထားတော်မူသည်။ ဖွားမြင်ရာဒေသအဖြစ် အာရဗ်သဲကန္တာရကို ရွေးချယ်ခဲ့သည်။ ဤဒေသသည် လောက၏ ယဉ်ကျေးမှု၊ အသိပညာနှင့် အမြော်အမြင်ရှိခြင်းတို့မှာ လုံးဝ ပြတ်တောက်နေသော ဒေသဖြစ်သည်။ လမ်းခရီးနှင့် ဆက်သွယ်ရေးတို့မှာ ဆီးရီးယား၊ အီရတ်နှင့် အီဂျစ် စသော ယဉ်ကျေးမှု ထွန်းကားသော မြို့ပြများနှင့် ဤဒေသမှ လူတို့သည် မည်သည့်အဆက်အစပ်မျှ မရှိသည်အထိ ခက်ခဲလှသည်။ ထို့ကြောင့် အာရဗ်၌ ရှိသူအားလုံးကို 'အွမ္မီ' များဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။ ဤသို့သော တိုင်းပြည်၊ ဤသို့သော မျိုးနွယ်အုပ်စုတွင် ကိုယ်တော်မြတ် ﷺ ဖွားမြင်တော်မူခဲ့သည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် အာရဗ်၌ ရှိသူတို့တွင် တစ်ဦးစ နှစ်ဦးစမျှကိုသာအသိပညာ၊ အမြော်အမြင်နှင့် အရေး၊ အဖတ် ပညာများကို တတ်မြောက်စေတော်မူခဲ့သည်။

ကိုယ်တော်မြတ် ﷺ အား အဆိုပါပညာများ သင်ယူဆည်းပူးနိုင်မည့် အခွင့်အလမ်းကို ပေးတော်မမူခဲ့ပေ။ ဤသို့သော အခြေအနေများအတွင်း၌ မွေးဖွားလာသူ တစ်ဦးအဖို့ အသိပညာ၊ အမြော်အမြင်နှင့် မြင့်မားထူးမြက်လှသော စာရိတ္တများ ရရှိလိမ့်မည်ဟု မည်သူသည် စဉ်းစားခဲ့ပါမည်နည်း။ မမျှော်လင့်ဘဲ အလ္လာဟ်အသျှင်မြတ်သည် 'နဗူဝသ်' နဗီဘွဲ့ထူးတော်ကို ချီးမြှင့်တော်မူခဲ့သည်။ အသိပညာနှင့် အမြော်အမြင်များကို စဉ်ဆက်မပြတ် ကိုယ်တော်မြတ် ﷺ ၏ နှုတ်တော်မှ ထွက်ပေါ်စေတော်မူခဲ့သည်။

ရှင်းလင်းတိကျ ပြတ်သားခြင်းနှင့် စကားကြွယ်ခြင်းများနှင့် စပ်လျဉ်း၍ အာရဗ်နိုင်ငံရှိ ကြီးမားလှစွာသော ကဗျာဆရာများနှင့် ပညာရှိ ကဝိများသည် ကိုယ်တော်မြတ် ﷺ ၏ ရှေ့မှောက်တွင် လက်မှိုင်ချခဲ့ကြရသည်။

ဤသည်မှာ မျက်စိရှိသူတိုင်းသည် မြင်တွေ့ပြီး မယုံကြည်ဘဲ မနေနိုင်လောက်အောင်ပင် ပွင့်လင်းထင်ရှားသော 'မုအ်ဂျိဇာဟ်' ပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ ၏ အရည်အချင်းမှာ လူသား၏ ကြိုးပမ်းအားထုတ်မှုဖြင့် ရရှိခြင်းမဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ အကွယ်မှ ချီးမြှင့်တော်မူခြင်းသာ ဖြစ်သည်။ ရေးသားခြင်းပညာကို ချီးမြှင့်တော်မမူခြင်းမှာလည်း ဤအမြော်အမြင်ကြောင့်သာ ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

عَلَّمَ الْإِنسَانَ مَا لَمْ يَعْلَمْ

ဤအာယသ်တော်၏ အလျင် အာယသ်တော်တွင်လည်း အများအားဖြင့် သင်ကြားခြင်းအတွက် အသုံးပြုသော သင်ကြားခြင်း၏ အထူးအကြောင်းတစ်ရပ်ကို ဖော်ပြထားသည်။ ဆိုလိုသည်မှာ 'ကလောင်ဖြင့် သင်ကြားပေးခြင်းအကြောင်း' ဖြစ်သည်။

ပညာရရှိနိုင်မည့် အကြောင်းခံမှာ ကလောင်တစ်ခုတည်းကိုသာ အကြောင်းခံ၍ မဟုတ်ဘဲ ပညာရှာဖွေ ရယူနိုင်သည့် အခြားများစွာသော အကြောင်းခံများ ရှိခြင်း

ဤအာယသ်တော်တွင် အဓိက အသိပညာပေးတော်မူသော အသျှင်မြတ်မှာ အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူကြောင်းကို တင်ပြထားသည်။ ထို့ပြင် ထိုအသျှင်မြတ်အဖို့ ပညာသင်ကြားပေးခြင်းအတွက် မရေမတွက်နိုင်အောင် များပြားသော အကြောင်းခံများ ရှိသည်။ ကလောင်ဖြင့်သာ အထူးပြုထားတော်မူခြင်းမဟုတ်ပေ။ ထို့ကြောင့် မိန့်ကြားတော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်သည် လူသားအား နဂိုမူလက ထိုလူသား မသိခဲ့သည်တို့ကို သိစေတော်မူခဲ့သည်'ဟု ဖြစ်သည်။ ဤနေရာတွင် 'ကလောင်' (သို့) သင်ကြားပေးခြင်းဆိုင်ရာ အခြားအကြောင်းခံတစ်ခုခုကို မိန့်ကြားတော်မမူခြင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ဤသင်ကြားပေးခြင်းကို လူသား၏ မွေးဖွားစဉ်မှ စတင်တော်မူခဲ့ကြောင်းကို ညွှန်းဆိုပြသထားခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဦးစွာပထမ ထိုလူသားတွင် ပညာသင်ကြားခြင်း၏ အကြီးမားဆုံး အကြောင်းခံဖြစ်သော 'အသိဉာဏ်' ကို ဖန်ဆင်းပေးတော်မူ၏။ လူသားသည် မိမိ၏ အသိဉာဏ်ဖြင့် မည်သည့်သင်ကြား

မှုမျှ မရှိဘဲ အမြောက်အမြားကို မိမိဘာသာ နားလည်သိရှိခဲ့ပေသည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် ထိုလူသားအား ဦးနှောက်အသိဉာဏ်၏ နောက်ကွယ်မှ ပြည့်စုံကုံလုံသော တန်ခိုးတော်၏ အထောက်အထားများကို ပြသပေးထားသည်။ ထိုအရာများကို ကြည့်ရှုလျက် လူသားသည် မိမိ၏ အသိဉာဏ်ဖြင့် မိမိအား ဖန်ဆင်းတော်မူသော အသျှင်မြတ်ကို သိရှိနိုင်ပေသည်။ တစ်ဖန် 'ဝဟီ' နှင့် 'အိလ်ဟားမ်'တို့၏ အကြောင်းခံဖြင့် အရာများစွာတို့၏ အသိကို လူသားအား ချီးမြှင့်တော်မူသည်။

ထို့ပြင် အလွန်တရာ အရေးကြီးသည့် အရာများ၏ အသိကို လူသား၏ ဦးနှောက်မှတ်ဉာဏ်တွင် အလိုအလျောက် ဖြစ်ပေါ်စေတော်မူသည်။ ထိုသို့ ဖြစ်ပေါ်စေတော်မူရာတွင် မည်သည့်စကား (သို့) ကလောင်၏ သင်ကြားပေးခြင်းနှင့်မျှ မသက်ဆိုင်ပေ။ အသိဉာဏ်မရှိသေးသော လူမမယ်ကလေးငယ်တစ်ဦးသည် မိခင်၏ ဝမ်းဗိုက်မှ မွေးဖွားလာသည်နှင့် တစ်ပြိုင်တည်း မိမိ၏ အဟာရ ဗဟိုဌာနဖြစ်သော မိခင်၏ နို့အုံကို သိရှိထားသည်။ တစ်ဖန် ထိုနို့အုံမှ နို့ရည်ထွက်လာစေရန် ပါးစပ်ဖြင့် စုပ်ရသည်ဟု ထိုကလေးကို မည်သူက သင်ကြားပေးပါသနည်း။ မည်သူသည် ၎င်းအား သင်ကြားပေးနိုင်ပါမည်နည်း။ တစ်ဖန် ထိုကလေးငယ်အား ငိုယိုခြင်းအတတ်ပညာကို အလ္လာဟ်အသျှင်မြတ် မွေးဖွားသည်နှင့် တစ်ပြိုင်တည်း သင်ကြားပေးတော်မူလိုက်သည်။

ကလေး၏ ဤသို့ ငိုယိုခြင်းသည် ၎င်း၏ လိုအပ်ချက်ဟူသမျှကို ပြည့်ဝစေသော အကြောင်းခံဖြစ်သည်။ ကလေးငိုနေသည်ကို တွေ့မြင်ရလျှင် ၎င်း၏ မိခင်၊ ဖခင်တို့မှာ ကလေးမှာ 'မည်သည့်ဒုက္ခများခံစားနေရပါသနည်း' ဟူသော အတွေးများ ဖြစ်သွားကြသည်။ ကလေး၏ ဆာလောင်ခြင်း၊ ရေငတ်ခြင်း၊ ချမ်းအေးခြင်းနှင့် ပူလောင်ခြင်း စသော လိုအပ်ချက်ဟူသရွေ့တို့သည် ဤသို့ ငိုယိုလိုက်ခြင်းဖြင့် ပြည့်ဝသွားပေသည်။ ဤငိုယိုရမည်ဟူသော အသိပညာကို ဤမွေးကင်းစ ကလေးငယ်အား မည်သူက သင်ကြားပေးနိုင်ပါသနည်း။ မည်ကဲ့သို့ သင်ကြားပေးပါသနည်း။ ဤသည် အလ္လာဟ်အသျှင်မြတ်က သက်ရှိသတ္တဝါတိုင်းအား အထူးသဖြင့် လူသား၏ ဦးနှောက်အသိဉာဏ်၌ ဖြစ်ပေါ်စေသော အသိပညာပင် ဖြစ်သည်။ ဤအရေးကြီးသော အသိပညာ၏ နောက်တွင် နှုတ်ဖြင့် သင်ကြားရသော သင်ကြားမှုအသိပညာ၊ စိတ်ဖြင့် သင်ကြားရသော သင်ကြားမှု အသိပညာများအားဖြင့် ထိုလူသား၏ အသိပညာများကို တိုးပွားများပြားစေသည်။

مَالَمْ يَعْلَمْ ဆိုလိုသည်မှာ 'ထိုလူသား မသိသည့် အရာများ' ဟု ဖြစ်သည်။ ဤသို့ ဆိုခြင်းသည် အပေါ်ယံအားဖြင့် ၎င်းစာသားကို တင်ပြရန် မလိုအပ်ချေဟု သုံးသပ်စဉ်းစားရာ၏။ အဘယ်ကြောင့်ဆိုသော် လူ့ပင်ကိုယ် သဘာဝအလျောက် သင်ကြားပေးခြင်းမှာမူ လူသား မသိရှိသည်များကိုသာ သင်ကြားပေးလေ့ ရှိသောကြောင့် ဖြစ်သည်။ ဤသို့ မိန့်ကြားတော်မူခြင်းသည် 'အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်တော်မူသော ဤအသိပညာ၊ အတတ်ပညာကို လူသားသည် မိမိ၏ ပင်ကိုယ်အရည်အချင်းဟု မှတ်ယူခြင်း မပြုရန်' ညွှန်းဆိုပြသခြင်း ဖြစ်သည်။

مَالَمْ يَعْلَمْ သည် 'လူသားအပေါ်၌ ၄င်းသည် မည်သည့်အရာကိုမျှ မသိခဲ့သော အချိန်တစ်ချိန် သည် ရောက်ရှိခဲ့ကြောင်းကို ညွှန်းဆိုခြင်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

اَخْرَجَكُمْ مِّنْ بُطُوْنِ اُمَّهٰتِكُمْ لَا تَعْلَمُوْنَ شَيْـًٔا

ဟု လာရှိထားသကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အသင်တို့၏ မိခင်များ၏ ဝမ်းဗိုက်မှ အသင်တို့သည် မည်သည့်အရာမျှ မသိရှိသော အခြေအနေ၌ ထုတ်ယူ တော်မူခဲ့သည်' ဟု ဖြစ်သည်။

လူသားအဖို့ ရရှိထားသော အသိပညာနှင့် အတတ်ပညာတို့သည် ၄င်း၏ ပင်ကိုယ်အရည်အချင်း အားဖြင့် ရရှိသည်မဟုတ်ဘဲ ထိုအရာအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်တော်မူခြင်းများသာ ဖြစ်ကြောင်း သိရှိရပေသည်။ *[မဇ္ဇဟရီကျမ်း]*

အချို့အဖွင့်ပညာရှင်များက 'ဤအာယသ်တော်တွင် လူသားဆိုသည်မှာ ဟဇရသ်အာဒမ် ﷺ (သို့) ကိုယ်တော်မြတ် ﷺ အား ဆိုလိုခြင်းဖြစ်သည်' ဟု သတ်မှတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ဟဇရသ်အာဒမ် ﷺ သည် ပထမဦးဆုံး အသိပညာများကို ချီးမြှင့်တော်မူခြင်းခံရသည့် လူသား ဖြစ်သော ကြောင့် ဖြစ်သည်။

وَعَلَّمَ اٰدَمَ الْاَسْمَاۤءَ كُلَّهَا

၌ ထိုအကြောင်း လာရှိထားသည်။ ထို့ပြင် နဗီကိုယ်တော်မြတ် ﷺ သည် နောက်ဆုံး နဗီမန်တော် ချုပ်ဖြစ်ပြီး ၄င်းအား ချီးမြှင့်တော်မူထားသည့် အသိပညာများတွင် 'နဗီတမန်တော်အပေါင်းတို့၏ အသိ ပညာများ၊ 'လောင်ဟေမဟ်ဖူးဇ်' ရှိ အသိပညာများနှင့် 'ကလောင်' ရှိ အသိပညာအားလုံး ပါဝင်ပေသည်။

ومن علو مك علم اللوح والقلم

ဟူ၍ ကဗျာဆရာတစ်ဦးမှ စပ်ဆိုထားသကဲ့သို့ ဖြစ်သည်။ ဤနေရာအထိမှာ စူရာဟ်'အိက်ရာအ်' ၏ အာယသ်တော် (၅) ပါး ပထမဦးဆုံးသော 'ဝဟီ'အဖြစ် ကျရောက်ခဲ့ခြင်းအကြောင်း ဖြစ်သည်။ ဤ အာယသ်တော်များ၏ နောက်တွင် ကျရောက်သော အာယသ်တော်များမှာ ကာလအတန်ကြာပြီးမှ ကျရောက် ခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျန်ရှိသော စူရာဟ်အဆုံးထိ အာယသ်တော်များသည် အဘူ ဂျဟလ်၏ ဖြစ်ရပ်တစ်ခုနှင့် စပ်လျဉ်း၍ ကျရောက်ခဲ့သောကြောင့် ဖြစ်သည်။ ထို့ပြင် 'ဝဟီ'စတင်ကျရောက် ခြင်းနှင့် 'နဗူဝသ်' စတင်ရရှိစဉ်ကမူ မက္ကာဟ်မြို့တွင် ကိုယ်တော်မြတ် ﷺ အား မည်သူမျှ ဆန့်ကျင်မှု မပြုကြသေးပေ။ အားလုံးသည် ကိုယ်တော်အား 'အမီးန်' (သစ္စာရှင်) ဟူသော ဘွဲ့ထူးဖြင့် ခေါ်ဝေါ်ခဲ့ကြ သည်။ ချစ်ခင်လေးစားမှုများ ပြုခဲ့ကြသည်။

အဘူဂျဟလ်၏ ဆန့်ကျင်မှုနှင့် ရန်ငြိုးမှု၊ အထူးသဖြင့် နမာဇ်ဝတ်ပြုမှုကို ပိတ်ပင်တားဆီးခြင်း အကြောင်းဖြစ်ရပ်ကို ရှေ့၌ လာမည့် အာယသ်တော်များ၌ တင်ပြထားသည်။ ဤသည်မှာ တမန်တော်

မြတ် ﷺ သည် 'နဗူဝသ်' နှင့် 'ဒအ်ဝသ်' ကိုးကွယ်ခံထိုက်ရှင် တစ်ပါးတည်းသာ တည်ရှိခြင်းတရား ဘက်သို့ ဖိတ်ခေါ်တော်မူမည့် အကြောင်းကို အတိအလင်း ကြေညာခဲ့တော်မူစဉ်နှင့် 'မိအ်ရားဂျ်'ညတွင် ကိုယ်တော့်အား နမာဇ်ဝတ်ပြုရန် အမိန့်ပေးခံရစဉ်က ဖြစ်ကြောင်း ထင်ရှားပေသည်။

كَلَّآ اِنَّ الْاِنْسَانَ لَيَطْغٰى ○ اَنْ رَّاٰهُ اسْتَغْنٰى

ဤအာယသ်တော်မှ ရည်ညွှန်းမိန့်ကြားခြင်းမှာ စင်စစ် လူတစ်ဦးတည်းအတွက် ဖြစ်သည်။ ဆိုလိုသည်မှာ အဗူဂျဟဂျ်အား ရည်ညွှန်းခြင်းဖြစ်သည်။ ၎င်းသည် တမန်တော်မြတ် ﷺ ၏ ဂုဏ်သိက္ခာတော်ကို ထိပါးစော်ကားသူဖြစ်သည်။ သို့ရာတွင် လူသားများ၏ အားနည်းချက်တစ်ရပ်ကိုလည်း ဖော်ထုတ်တင်ပြထားသည်။ ယင်းအားနည်းချက်မှာ လူသားသည် အခြားသူတို့ထံမှ လိုလားမှု ရှိနေသမျှ တည့်မတ်စွာ သွားလေ့ရှိသည်။ ထို့ပြင် လူသားသည် 'ကျွန်ုပ်အဖို့ မည်သူ့ထံမှ လိုလားတောင့်တခြင်း မရှိ။ အားလုံးတို့မှ လိုလားတောင့်တမှု ကင်းသူဟု မှတ်ယူသွားသည့်အခါ ၎င်း၏ စိတ်တွင်းတွင် ဆိုးသွမ်းမှု စသည်များနှင့် အခြားသူများအပေါ် မတရားပြုမူတတ်သော အကျင့်စရိုက်များ ပေါ်ပေါက်လာလေ့ ရှိသည်။ ဥပမာ- များသောအားဖြင့် ငွေကြေးချမ်းသာကြွယ်ဝသူများ၊ အုပ်ချုပ်မှုအာဏာရှိသူများ၊ သားသမီးများနှင့် ချစ်ခင်သူများ (သို့) အခြေအရံများ များစွာ ထားရှိသူတို့တွင် ဤသို့သော စရိုက်ဆိုးများ ဖြစ်ပေါ်တတ်သည်ကို များမြောင်စွာ တွေ့ရှိရပေသည်။ ၎င်းတို့သည် မိမိတို့၏ ဉစ္စာပစ္စည်း ချမ်းသာကြွယ်ဝမှုနှင့် အုပ်စုအင်အား တောင့်တင်းမှုများအပေါ် မာန်တက်၍ မည်သူ့ကိုမျှ မမြင်နိုင်ကြတော့ပေ။

အဗူဂျဟလ်၏ အဖြစ်မှာလည်း ဤအတိုင်း ဖြစ်သည်။ ၎င်းသည် မက္ကာဟ်မြို့၏ အခြေအနေ တောင့်တင်းသူများတွင် ပါဝင်သူဖြစ်သည်။ ထို့ပြင် ၎င်း၏ မျိုးနွယ်အုပ်စုအပြင် မက္ကာဟ်တစ်မြို့လုံးတွင် ရှိသူများက ၎င်းအား ရိုသေလေးစားကြပြီး ၎င်း၏ စကားကို နားထောင်ကြသည်။ ထို့အတွက်ကြောင့်ပင် ၎င်းသည်လည်း နဗီတမန်တော်အပေါင်းတို့၏ ခေါင်းဆောင်၊ အမြတ်ဆုံးသော အဖန်ဆင်းခံ တမန်တော်မြတ် ﷺ ၏ ဂုဏ်သိက္ခာတော်ကို ထိပါးစော်ကားသော အုပ်စု၌ အပါအဝင်ဖြစ်ခဲ့သည်။ ရှေ့အာယသ်တော်တွင် ဤသို့သော ဆိုးသွမ်းမှုများ ပြုသူတို့အဖို့ ဆိုးရွားသော နိဂုံးရလဒ်ရှိကြောင်း သတိပေးနှိုးဆော်ထားသည်။

اِنَّ اِلٰى رَبِّكَ الرُّجْعٰى

رُجْعٰى သည် **بُشْرٰى** ကဲ့သို့ပင် **اسم مصدر ر** 'အိစ်မေ့မဆ္ဒရ်' ဖြစ်သည်။ အဓိပ္ပာယ်မှာ 'အားလုံးတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ လှည့်ပြန်ကြရမည်' ဟုဖြစ်သည်။ ၎င်း၏ ထင်ရှားသော အဓိပ္ပာယ်မှာ သေဆုံးကွယ်လွန်ပြီးသောအခါ အားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်သို့ သွား၍ ကောင်းမှု၊ မကောင်းမှု ကျင့်စဉ်များအတွက် စာရင်းစစ်ဆေးခံရမည်။ ထိုအချိန်တွင် ဤဆိုးသွမ်းမှု၏ ဆိုးရွားသော အကျိုးရလဒ်ကို မျက်စိများဖြင့် မြင်တွေ့ကြရမည်' ဟု

ဖြစ်သည်။ ထို့ပြင် ဖြစ်နိုင်သည်မှာ ဤစာပိုဒ်တွင် မာနထောင်လွှားသော လူသား၏ မာနကို ကုစားရန် ပြသထားသည်မှာ အို, အသိတရားခေါင်းပါးသူ၊ အသင်သည် မိမိကိုယ်မိမိ အားလုံးထံမှ လိုလားတောင့်တမှုကင်းသူ၊ ကိုယ်တိုင်လုပ်နိုင်စွမ်းသူဟု မှတ်ယူနေပါသလား။ အကယ်၍ လေးနက်စွာ စဉ်းစားဆင်ခြင်ကြည့်မည်ဆိုပါက အသင်သည် မိမိ၏ အခြေအနေတိုင်းကိုသာမက လုပ်ရပ်တိုင်း၌ပင် မိမိကိုယ်မိမိအား အလ္လာဟ်အသျှင်မြတ်အား လိုလားတောင့်တမှု ရှိရကြောင်း တွေ့ရှိရပေလိမ့်မည်။ အကယ်၍ ထိုအသျှင်မြတ်သည် အသင့်အား မည်သည့်လူသားထံမှ လိုလားတောင့်တမှုမရှိသော အခြေအနေကို ပြုလုပ်ပေးထားတော်မူပါက အရာရာတိုင်းသည် အလ္လာဟ်အသျှင်မြတ်အား လိုလား တောင့်တကြရသည် ဆိုသည်ကိုမူ အနည်းဆုံး စဉ်းစားဆင်ခြင်သင့်ပေသည်။ ထို့ပြင် လူသားတို့ထံမှ လိုလားတောင့်တမှု ကင်းသည်ဟု မှတ်ယူ ခြင်းသည်လည်း ပေါ်လွင်သော အမှားတစ်ရပ်သာ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် လူသားကို မိမိ၏ အပေါင်းအဖော်များနှင့် အတူနေထိုင်သူအဖြစ် ပြုပေးတော်မူထားသည်။ ထိုလူသားသည် တစ်ဦးတည်း မိမိ၏ လိုအပ်ချက်များအနက် လိုအပ်ချက်တစ်ခုကိုပင် ပြည့်ဝအောင် ပြုနိုင်ခြင်းမရှိ။ မိမိစားသုံးနေသော ထမင်းတစ်လုပ်ကို ကြည့်မည်ဆိုပါက ထောင်ပေါင်းများစွာသော လူသားများနှင့် တိရစ္ဆာန်များတို့၏ ပင်ပန်းဆင်းရဲစွာ ကြိုးပမ်းအားထုတ်မှုနှင့် ကာလရှည်ကြာစွာ အလုပ်များ လုပ်ကိုင်ပြီးမှ ဤထမင်းတစ်လုပ်ကို ဝါးမြိုခွင့်ရသည်ဆိုခြင်းတို့ကို သိရှိရပေမည်။ ဤမျှ များပြားလှစွာသော လူသားများကို မိမိ၏ အကျိုးအတွက် ဖြစ်ရှိစေခြင်းမှ မည်သည့်လူသား တစ်ဦးတစ်ယောက်၏ အင်အားမျှ မဟုတ်ပေ။

အလားတူ ထိုလူသား၏ အဝတ်အစားများနှင့် လိုအပ်ချက်အားလုံးတို့သည်လည်း ဤအတိုင်းပင် ဖြစ်သည်။ ထိုအဝတ်အစားနှင့် လိုအပ်ချက်များကို ပြုလုပ်ရာတွင်လည်း အရေအတွက်များစွာသော လူများနှင့် တိရစ္ဆာန်များ၏ ကြိုးပမ်းမှုများဖြင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ၎င်းတို့သည် အသင်၏ ကျွန်များကား မဟုတ်ပေ။ အကယ်၍ အသင်သည် ထိုလူသားအားလုံးကို မိမိ၏ ဤအလုပ်များအား ပြည့်ဝအောင် ပြုလုပ်ဆောင်ရွက်ရန် လစာများ ပေးလိုပါလျှင်လည်း အသင့်၌ တတ်စွမ်းနိုင်သော အင်အားမရှိပေ။ ဤအချက်တို့ကို သေချာကျနစွာ စဉ်းစားတွေးတောကြည့်ပါက ၎င်း၏ လိုအပ်ချက်ဟူသရွေ့ကို အသင့်ဖြစ်စေခြင်းတို့သည် မိမိကိုယ်တိုင် ပြုလုပ်ရခြင်းမဟုတ်ဘဲ လောကအပေါင်းကို ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် မိမိ၏ ပြည့်စုံကုံလုံသော အမြော်အမြင်ဖြင့် ဖြစ်ရှိစေခြင်းသာ ဖြစ်ကြောင်း လျှို့ဝှက်ချက်ကို တွေ့ရှိရပေမည်။

အချို့လူများကို လယ်ယာလုပ်ငန်း လုပ်ကိုင်လိုသော စိတ်များကို ထည့်သွင်းပေးထားတော်မူသည်။ အချို့သူတို့၏ စိတ်တွင် ပန်းပုလုပ်ငန်း လုပ်ကိုင်လိုသော စိတ်ကို ဖြစ်ပေါ်စေတော်မူသည်။ အချို့ကို ပန်းဘဲလုပ်ငန်း လုပ်ကိုင်လိုသော စိတ်ကို ဖြစ်ပေါ်စေတော်မူသည်။ အချို့ကို သူရင်းငှား အလုပ်လုပ်ကိုင်ခြင်း၌သာ နှစ်သက်တော်မူခဲ့သည်။ အချို့ကို ကုန်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းနှင့် အတတ်ပညာများဘက်သို့ စိတ်ဝင်စားစေပြီး လူသားတို့၏ လိုအပ်ချက်ဖြစ်သော စီးပွားရေးကွက် ဖြစ်ပေါ်စေတော်မူသည်။ ဤသည်တို့သည် မည်သည့်အုပ်ချုပ်မှုအာဏာကမျှ ၎င်း၏ ဥပဒေပြဋ္ဌာန်းချက်ဖြင့်လည်းကောင်း၊ မည်သူတစ်ဦး

တစ်ယောက်ကမျှလည်းကောင်း ပြုနိုင်စွမ်းသော အလုပ်များ မဟုတ်ပါချေ။ ထို့ကြောင့် ဤသို့ လေးနက်စွာ စဉ်းစားဆင်ခြင်ခြင်း၏ နောက်ဆုံးရလဒ်မှာ إِلَىٰ رَبِّكَ الرُّجْعَىٰ ပင် ဖြစ်ပေသည်။ ဆိုလိုသည်မှာ နောက်ဆုံးတွင် အရာအားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်နှင့် အမြော်အမြင်တို့၏ အောက်၌သာဖြစ်ကြောင်း တွေ့ရှိရပေမည်' ဟု ဖြစ်ပေသည်။

أَرَأَيْتَ الَّذِي يَنْهَىٰ ۝ عَبْدًا إِذَا صَلَّىٰ

ဤအာယသ်တော်မှ စ၍ စူရာဟ်အဆုံးထိမှာ ဖြစ်ရပ်တစ်ခုကို ညွှန်းဆိုထားသည်။ အဘယ်ကြောင့် ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား နမာဇ်ဝတ်ပြုရန် အမိန့်ပေးတော်မူခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် နမာဇ်ဝတ်ပြုလေသောအခါ အဘူဂျဟလ်သည် ကိုယ်တော်မြတ် ﷺ အား နမာဇ်ဝတ်ပြုခြင်းမှ တားမြစ်ခဲ့သည်။ ထို့ပြင် 'နောက်နောင် နမာဇ်ဝတ်ပြုခြင်း 'စဂျ်ဒဟ်'ဦးချခြင်းများ ပြုမည်ဆိုပါက ('မအားဇလ္လာဟ်' အလ္လာဟ်အသျှင်မြတ် ထံတော်ပါး၌ ခိုလှုံမှု တောင်းခံအပ်ပါ၏။) အသင်၏ လည်ပင်းကို ခြေဖြင့် နင်းပစ်မည်'ဟု ကြုံးဝါးခဲ့သည်။ ထိုစကားကို တုန့်ပြန်ခြင်းနှင့် ၎င်းအား ရှုတ်ချခြင်းများ ပြုရန်အတွက် ဤအာယသ်တော်များ ကျရောက်လာသည်။ ယင်းအာယသ်တော်များတွင်

أَلَمْ يَعْلَمْ بِأَنَّ اللَّهَ يَرَىٰ

'အလ္လာဟ်အသျှင်မြတ်သည် တွေ့မြင်နေတော်မူသည်ကို ထိုသူ မသိလေသလော' ဟု မိန့်ကြားတော်မူထားသည်။ ဤနေရာတွင် 'မည်သူ့ကို ကြည့်ရှု၊ တွေ့မြင်နေခြင်းဖြစ်ကြောင်း တင်ပြထားခြင်း မရှိပေ။ ထို့ကြောင့် ဤမိန့်ကြားမှုသည် နမာဇ်ဝတ်ပြုသူ၏ မွန်မြတ်ခြင်းကိုလည်း တွေ့မြင်နေတော်မူကြောင်းနှင့် နမာဇ်ဝတ်ပြုသူအား တားဆီးပိတ်ပင်သူ၏ နဖူးစာဆိုးယုတ်ခြင်းကိုလည်း တွေ့မြင်နေတော်မူကြောင်း ခြုံငုံ၍ ပါဝင်ပေသည်။ ရှေ့တွင် တွေ့မြင်ပြီးနောက် မည်သို့ဖြစ်မည်ဆိုသည့်အကြောင်း တင်ပြမထားခြင်းမှာ 'ကြောက်မက်ဖွယ်ရလဒ်သည် စဉ်းစား၍ မရနိုင်အောင် ရှိချေမည်' ဟူသည့် အကြောင်းကို ညွှန်းဆိုပြသရန် ဖြစ်သည်။

لَنَسْفَعًا بِالنَّاصِيَةِ

لَنَسْفَعًا သည် سفع ဟူသော مصدر မှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'ပြင်းထန်စွာ ဆွဲယူခြင်း'ဟု ဖြစ်သည်။ نَاصِيَة သည် ဦးခေါင်း၏ ရှေ့ဆုံးမှ ဆံပင် (ဦးစွန်း) ကို ခေါ်ဆိုသည်။ ၎င်းဆံပင်သည် နဖူး၏ အပေါ်ရှိ နဖူးဆံစဖြစ်သည်။ လူတစ်ဦး၏ နဖူးဆံစသည် အခြားသူတစ်ဦး၏ လက်တွင် ရောက်ရှိသွားပါလျှင် ထိုသူသည် ၎င်းသူ၏ လက်တွင် မည်သို့မျှ မတတ်စွမ်းနိုင်တော့ဘဲ ရှုံးနိမ့်သူ ဖြစ်သွားသည်။

كَلَّا لَا تُطِعْهُ وَاسْجُدْ وَاقْتَرِبْ

ဤသည်မှာ နဗီကိုယ်တော်မြတ် ﷺ အား လမ်းညွှန် မိန့်ကြားထားတော်မူခြင်း ဖြစ်သည်။ ၎င်းမှာ အဘူဂျဟလ်၏ စကားများကို နားထောင်ခြင်း၊ အာရုံထားခြင်း မပြုလေနှင့်။ 'စဂျ်ဒဟ်' ပြုခြင်းနှင့် နမာဇ်ဝတ်ပြုခြင်းတို့၌သာ မွေ့လျော်နေပါလေ။ ဤသည်ပင် အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှု ရရှိစေသော လမ်းဖြစ်သည်ဟူ၏။

'စဂျ်ဒဟ်'၏ အခြေအနေတွင် ဒိုအာ လက်ခံတော်မူခြင်းအကြောင်း

အဘူဒါဝူဒ်ကျမ်းတွင် ဟဇရသ်အဘူဟုရိုင်ရာဟ် ؓ သခင်၏ ဆင့်ပြန်ချက် လာရှိသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

اقرب ما يكون العبد من ربّه وهوساجد فاكثروا الدّعاء

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ဗန္ဒာဟ်လူသားသည် မိမိ၏ အသျှင်မြတ်နှင့် အနီးကပ်ဆုံးအချိန်မှာ ၎င်းသူ 'စဂျ်ဒဟ်'ပြုနေသော အချိန်တွင် ဖြစ်သည်။ ထို့ကြောင့် 'စဂျ်ဒဟ်'တွင် များမြောင်စွာ ဒိုအာပြုကြလေကုန်' ဟု ဖြစ်သည်။

အခြားဟဒီးစ်တော်တစ်ပါးတွင် فانّه قمن ان يستجا ب لكم ဟူသော စာလုံးများလည်း လာရှိသည်။ ဆိုလိုသည်မှာ 'စဂျ်ဒဟ်'၏ အခြေအနေတွင် ဒိုအာလက်ခံရန် နီးစပ်သည်' ဟူ၍ ဖြစ်သည်။

မမှတ် ။ ။ နဖိလ်နမာဇ်များ၏ 'စဂျ်ဒဟ်'တွင် ဒိုအာပြုနိုင်ကြောင်း အထောက်အထားများ လာရှိထားသည်။ အချို့ဟဒီးစ်ဆင့်ပြန်ချက်များတွင် ၎င်းအတွက် ဒိုအာ၏ သီးသန့်စာသားများပင် လာရှိထားသည်။ ထို 'မအ်စူရာဟ်'ဆင့်ပြန်ချက်လာ ဒိုအာစာသားများကို ဖတ်ရွတ်ခြင်းမှာ အလွန်ထူးမြတ်မှုရှိသည်။ 'ဖွရဇ်'နမာဇ်များတွင် ဤသို့ ဒိုအာတောင်းခံကြောင်း အထောက်အထားမရှိပါ။ အကြောင်းမှာ 'ဖွရဇ်'နမာဇ်များတွင် အတိုချုံးခြင်းကိုသာ နှစ်သက်သောကြောင့် ဖြစ်သည်။

မမှတ် ။ ။ ဤအာယသ်တော်ကို ဖတ်ရွတ်သူနှင့် ကြားနာသူတို့အပေါ်တွင် 'စဂျ်ဒဟ်သေလာဝသ်' ပြုရန် 'ဝါဂျိဗ်'ဖြစ်သည်။ ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အဘူဟုရိုင်ရာဟ် ؓ ၏ ဆင့်ပြန်ချက်အရ တမန်တော်မြတ် ﷺ သည် ဤအာယသ်တော်အပေါ် 'စဂျ်ဒဟ်သေလာဝသ်' ပြုတော်မူခဲ့ကြောင်း အထောက်အထား လာရှိထားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ကာဒ်ရ်

မြင့်မြတ်ခြင်း (ကဒရ်ညဥ့်မြတ်) ကဏ္ဍ

بِسْمِ ٱللَّهِ ٱلرَّحْمَٰنِ ٱلرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တတရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

إِنَّآ أَنزَلْنَٰهُ فِى لَيْلَةِ ٱلْقَدْرِ ① وَمَآ أَدْرَىٰكَ مَا لَيْلَةُ ٱلْقَدْرِ ② لَيْلَةُ
ٱلْقَدْرِ خَيْرٌ مِّنْ أَلْفِ شَهْرٍ ③ تَنَزَّلُ ٱلْمَلَٰٓئِكَةُ وَٱلرُّوحُ فِيهَا
بِإِذْنِ رَبِّهِم مِّن كُلِّ أَمْرٍ ④ سَلَٰمٌ هِىَ حَتَّىٰ مَطْلَعِ ٱلْفَجْرِ ⑤

၉၇ : ၁ ။ ။ ကေန်မလွဲ ငါအသျှင်မြတ်သည်ပင် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို 'လိုင်လသွလ်ကဒ်ရ်' မြင့်မြတ်သော ညဥ့်၌ ချပေးသနားတော်မူခဲ့၏။

၉၇ : ၂ ။ ။ စင်စစ် 'လိုင်လသွလ်ကဒ်ရ်' မြင့်မြတ်သော ညဥ့်သည် အဘယ်နည်းဟု အသင် သိပါသလော။

၉၇ : ၃ ။ ။ 'လိုင်လသွလ်ကဒ်ရ်' မြင့်မြတ်သော ညဥ့်သည် လပေါင်းတစ်ထောင်ထက်ပင် ပိုမို၍ ကောင်းမြတ်လှ၏။

၉၇ : ၄ ။ ။ ထိုညဥ့်၌ ကောင်းကင်တမန်များသည်လည်းကောင်း၊ ဂျိဗ်ရီးလ်သည်လည်းကောင်း မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်ဖြင့် ကောင်းမြတ်သော အရေးကိစ္စအသီးသီးကို ယူဆောင်၍ ဆင်းသက်လာကြကုန်၏။

၉၇ : ၅ ။ ။ ထိုညဥ့်သည် နံနက်မိုးသောက်ချိန်တိုင်အောင် ငြိမ်းချမ်းသော ညဥ့်ပင် ဖြစ်ချေသည်။ (ငြိမ်းချမ်းမှု ချည်းသာ ဖြစ်၏။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မုချ ငါအသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို 'လိုင်လသွလ်ကဒရ်' ညဥ့်၌ ချပေးတော်မူခဲ့သည်။

('ကဒ်ရ်'ညဉ့်၌ ချပေးတော်မူခဲ့ကြောင်းနှင့် စပ်လျဉ်းသော သုတေသနပြု စစ်တမ်းကို စူရာဟ် 'ဒုခါးန်'၌ တင်ပြခဲ့ပြီး ဖြစ်သည်။) ထို့ပြင် (ပိုမိုအာရုံရှိစေရန် မိန့်ကြားထားသည်မှာ) 'လိုင်လသွလ်ကဒ်ရ်' ညဉ့်မြတ်သည် မည်သည့်အရာ ဖြစ်သည်ကို အသင်သိပါသလား။

(ရှေ့တွင် ဖြေကြားချက် လာရှိသည်မှာ) 'လိုင်လသွလ်ကဒ်ရ်'ညဉ့်မြတ်သည် လပေါင်းတစ်ထောင်ထက်ပင် ပိုမို မွန်မြတ်လှ၏။ (ဆိုလိုသည်မှာ လပေါင်းတစ်ထောင်တိုင်တိုင် 'အေဗာဒသ်'ပြုကျင့်မှုများအပေါ် ရရှိမည့် 'စဝါးဗ်'ကုသိုလ်ထက် ဤညဉ့်မြတ်၌ 'အေဗာဒသ်'ပြုခြင်း၏ 'စဝါးဗ်'ကုသိုလ်သည် ပိုမို များပြားသည်ဟု ဖြစ်သည်။ ထို့ပြင်) ထိုညဉ့်မြတ်တွင် ဖရစ်ရှ်သာဟ်များသည်လည်းကောင်း၊ 'ရူဟုလ်ကုဒ်ဒူးစ်' (ဂျိဗ်ရာအီးလ် عليه السلام) သည်လည်းကောင်း၊ မိမိတို့၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်ဖြင့် ကောင်းမြတ်သော အရေးကိစ္စအလုံးစုံကို ယူဆောင်လျက် (ကမ္ဘာမြေပထဝီသို့) ဆင်းသက်လာကြကုန်၏။

(ထို့ပြင် ထိုညဉ့်မြတ်သည်) ငြိမ်းချမ်းသာယာမှုအတိဖြစ်သည်။ (ဗိုင်ဟကီကျမ်းလာ ဟဒီးစ်တော်တွင် ဟဇရသ်အနတ်စ် رضي الله عنه သခင်ထံမှ မရ်ဖူးအ်အဆင့်ဖြင့် ဆင့်ပြန်ချက် လာရှိသည်မှာ ဟဇရသ် ဂျိဗ်ရာအီးလ် عليه السلام သည် ဖရစ်ရှ်သာဟ်တို့၏ အုပ်စုတစ်စုဖြင့် ဆင်းသက် ရောက်ရှိလာပြီး 'ကေယာမ်' (နမာဇ်ဝတ်ပြုနေခြင်း) နှင့် 'ဇိကဲရ်' ပြုခြင်းများ၌ မွေ့လျော်နေကြသူများကို တွေ့မြင်ရသည့်အခါ ထိုသူ့အတွက် 'ရဟ်မသ်'ကရုဏာတော်များ ရရှိစေရန် ဒိုအာပြုပေးကြသည်ဟူ၏။ ခါဇင်န် (ရဟ) က အိဗ်နေဂျောင်ဝ်ဇီ (ရဟ) ထံမှ ဤဆင့်ပြန်ချက်တွင် يُسَلِّمُونَ ဟူသော စာသားကိုလည်း ထည့်သွင်းတင်ပြထားသည်။ ဆိုလိုသည်မှာ ငြိမ်းချမ်းသာယာမှုအတွက် ဒိုအာပြုပေးကြသည်' ဟု ဖြစ်သည်။ يُصَلُّونَ ၏ အချုပ်ရလဒ် အလိုသဘောမှာလည်း ဤအတိုင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ရဟ်မသ်'နှင့် 'စလာမသ်'တို့သည် တစ်ခုနှင့်တစ်ခု အညမည သဘောဆောင်သည့် အဓိပ္ပာယ်များ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဤသည်ကိုပင် ကုရ်အာန်ကျမ်းတော်မြတ်တွင် سلام 'စလာမ်'ဟု မိန့်ကြားထားသည်။ ထို့ပြင် امر خير 'ကောင်းမြတ်သော အရေးကိစ္စအလုံးစုံ' ဆိုသည်မှာလည်း ဤသည်ကိုပင် ဆိုလိုသည်။ အခြားဆင့်ပြန်ချက်များ၌ ဤညမြတ်တွင် 'သောင်ဗာဟ်'အမှားဝန်ခံ အသနားခံမှုကို လက်ခံတော်မူခြင်းအကြောင်း၊ မိုးကောင်းကင်၏ တံခါးများ ဖွင့်လှစ်ပေးခြင်းအကြောင်းနှင့် မုအ်မင်န်တိုင်းအပေါ် ဖရစ်ရှ်သာဟ်ကောင်းကင်တမန်များမှ စလာမ်ပို့သခြင်းများအကြောင်း လာရှိထားသည်။ *[ဒုရ်ရေမန်ဆူးရ်ကျမ်း]*

ယင်းအချက်သည် ဖရစ်ရှ်သာဟ်များ၏ အကြောင်းခံဖြင့် ဖြစ်ပေါ်မည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းမှု ဖြစ်ပေါ်စေမည့် အကြောင်းခံများ ဖြစ်ကြောင်းမှာ ပေါ်လွင်ပေသည်။ သို့မဟုတ် امر (အရေးကိစ္စ) သည် စူရာဟ်ဒုခါးန်တွင် လာရှိသော امر حكيم ကို ဆိုလိုကြောင်းနှင့် ထိုညဉ့်မြတ်တွင် ၎င်းအရေးကိစ္စများ ဖြစ်ပေါ်ကြောင်းကို တင်ပြ မိန့်ကြားထားခြင်း ဖြစ်သည်။) ထို့ပြင် 'လိုင်လသွလ်ကဒ်ရ်' ညဉ့်သည် (ဖော်ပြပါ ဂုဏ်ပုဒ်နှင့် 'ဗရ်ကသ်'မင်္ဂလာတော်များနှင့်အတူ) နံနက်မိုးသောက်ချိန်တိုင် ဖြစ်ပေမည်။

('ကဒရ်'ညဥ့်မြတ်၏ အချို့အစိတ်အပိုင်းများတွင် ဤ 'ဗရ်ကသ်'များရှိပြီး အချို့အစိတ်အပိုင်းများတွင် ဤ 'ဗရ်ကသ်'တော်များမရှိဟူ၍ ဖြစ်မည်မဟုတ်ဘဲ တစ်ညလုံး နံနက်မိုးသောက်ချိန်အထိ ရှိနေမည်ဖြစ်ကြောင်းကို ဆိုလိုခြင်း ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

အာယသ်တော်များ ကျရောက်လာခြင်း၏ အကြောင်းခံဖြစ်ရပ်

အိဗ်နေအဘီဟာသင်မ် (ရဟ) သည် မုဂျာဟီဒ် (ရဟ) ထံမှ 'မုရ်စလ်' အဆင့်ဖြင့် ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ က ဗနီအီစ်ရာအီးလ် မုဂျာဟီဒ်တစ်ဦး၏ အခြေအနေကို တင်ပြတော်မူခဲ့သည်။ ထို 'မုဂျာဟီဒ်' သည် လပေါင်းတစ်ထောင်ထိတိုင် 'ဂျီဟားဒ်'တွင် စဉ်ဆက်မပြတ် ရှိနေခဲ့သည်။ မည်သည့်အခါမျှ လက်နက်ကို မချခဲ့ပေ' ဟု ဖြစ်သည်။ မွတ်စ္လင်မ်တို့သည် ဤသည်ကို ကြားရပြီး တစ်အံ့တသြဖြစ်သွားကြရသည်။ ဤသို့ ဖြစ်ခြင်းအပေါ် 'စူရာဟ်ကဒရ်'ကျရောက်လာခဲ့သည်။ ဤစူရာဟ်တွင် ဤအွမ္မသ်အတွက် ညတစ်ည 'အေဗာဒသ်'ပြုခြင်းကို ထို 'မုဂျာဟီဒ်'၏ တစ်သက်တာလုံး 'အေဗာဒသ်'ပြုခဲ့သည့် လပေါင်းတစ်ထောင် ထက်ပို၍ မြတ်သည်ဟု သတ်မှတ်ထားသည်။

အိဗ်နေဂျရီးရ် (ရဟ) သည် မုဂျာဟီဒ် (ရဟ) ၏ ဆင့်ပြန်ချက်ဖြင့်ပင် အခြားဖြစ်ရပ်တစ်ခုကို တင်ပြထားသည်မှာ ဗနီအီစ်ရာအီးလ်တို့အနက် 'အာဗိဒ်' ('အေဗာဒသ်'ကို စွဲမြဲစွာ ပြုကျင့်သော သူတော်စင်) တစ်ဦးသည် ညစဉ်ညတိုင်း 'အေဗာဒသ်'တွင် မွေ့လျော်ခဲ့သည်။ နံနက်မိုးသောက်သည်နှင့် 'ဂျီဟားဒ်'ပြုရန် အိမ်မှ ထွက်ခွာပြီး တစ်နေ့လုံး 'ဂျီဟားဒ်'တွင် လုံးပမ်းလေ့ ရှိသည်။ ထိုသူသည် လပေါင်းတစ်ထောင် ထိတိုင် ဤ 'အေဗာဒသ်'တွင် စဉ်ဆက်မပြတ် မွေ့လျော်လျက်ရှိခဲ့သည်။ ဤဖြစ်ရပ်အပေါ် အလ္လာဟ်အသျှင်မြတ်သည် 'စူရာဟ်ကဒရ်'ကို ချပေးတော်မူ၍ ဤအွမ္မသ်၏ ထူးမြတ်ခြင်းသည် အားလုံးတို့အပေါ်၌ရှိကြောင်း အတည်ပြုတော်မူလိုက်ခြင်း ဖြစ်သည်။ ဤအချက်အားဖြင့် 'လိုင်လသွလ်ကဒရ်'ညဥ့်မြတ်သည် 'အွမ္မသေ့မုဟမ္မဒီယဟ်' မိုဟမ္မဒ် ﷺ သခင်၏ အွမ္မသ်နောက်လိုက်သားများ၏ ထူးမြတ်မှုများအနက်မှ ဖြစ်ကြောင်း သိရှိရပေသည်။ *[မဇ္ဇ်ဟရီကျမ်း]*

အိဗ်နေကစီးရ် (ရဟ) သည် ဤအဆိုကိုပင် အေမာမ်မာလိက် (ရဟ) ထံမှ ဆင့်ပြန်ခဲ့သည်။ အချို့သော ရှာဖေအီမဇ်ဟဗ်ဝင် အေမာမ်များက ဤအဆိုကိုပင် 'အများစု ပညာရှင်တို့၏ အဆိုဖြစ်သည်' ဟု ရေးသားခဲ့ကြသည်။ ခဲ့သွဲ့ဘီသည် ဤအပေါ်၌ 'အိဂျ်မာအ်' အွမ္မသ်ရှိ ပညာရှင်များ၏ တစ်ညီတစ်ညွတ်တည်း အဆိုပြုချက်ဖြစ်သည်' ဟု ကြွေးကြော်ခဲ့သည်။ သို့ရာတွင် အချို့သော မုဟဒ်ဒိဆ်ဟဒီးစ်ပါရဂူများက ဤအကြောင်းနှင့် စပ်လျဉ်း၍ ဆန့်ကျင်ခဲ့ကြသည်။ *[အိဗ်နေကစီးရ်]*

'လိုင်လသွလ် ကဒရ်' ၏ အဓိပ္ပာယ်

قَدَر ၏ အဓိပ္ပာယ်တစ်မျိုးမှာ ကြီးကျယ်ခြင်းနှင့် မြင့်မြတ်ခြင်း' ဟု ဖြစ်သည်။ ဇုဟ်ရီ (ရဟ) စသော ပညာရှင်ကြီးများသည် ဤနေရာတွင် ထိုအဓိပ္ပာယ်ကိုပင် ကောက်ယူကြသည်။ ထို့ပြင် ထိုညကို 'လိုင်လသွလ် ကဒရ်' ဟု ခေါ်ဆိုရခြင်းမှာ ထိုည၌သည် ကြီးကျယ်ခြင်းနှင့် ထူးမြတ်ခြင်းတို့ ရှိသောကြောင့် ဖြစ်သည်။ ထို့ပြင် အဘူဗကရ်ဝရ်ရားက် (ရဟ) က ဤညကို 'လိုင်လသွလ်ကဒရ်' ဟု ခေါ်ဆိုရခြင်းမှာ ထိုညမတိုင်မီက မိမိ၏ မသိနားမလည်မှုကြောင့် တန်ဖိုးမဲ့ဖြစ်နေခဲ့သော လူတစ်ဦးသည် ထိုည၌တွင် 'သောင်ဗာဟ်'၊ 'အိစ်သိဂ်ဖာရ်'နှင့် 'အေဗာဒသ်'များ ပြုကျင့်မှုကြောင့် ထိုသူသည် တန်ဖိုးရှိ၍ ထူးမြတ်သူ ဖြစ်နိုင်သောကြောင့် ဖြစ်သည်' ဟု မိန့်ဆိုခဲ့သည်။

قَدَر ၏ ဒုတိယအဓိပ္ပာယ်မှာ تَقْدِير 'သက္ကဒီးရ်' နဖူးစာနှင့် حُكْم အမိန့်တော်ဟု ဖြစ်သည်။ ဤအဓိပ္ပာယ်အရ 'လိုင်လသွလ်ကဒရ်'ဟု ခေါ်ဆိုရခြင်းမှာ 'ဤည၌တွင် အဖန်ဆင်းခံအားလုံးအတွက် ၎င်းတို့အား မဖန်ဆင်းမီကပင် ရေးသားခဲ့ပြီးဖြစ်သည့်အနက်မှ ဤနှစ် ရမ်ဇာန်လမှ ရှေ့လာမည့် ရမ်သွာန်လအထိ ဖြစ်ပေါ်လာမည့် အရာများကို စကြဝဠာအတွင်း၌ ရှိသော လုပ်ငန်းဆောင်တာများအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ဖရစ်ရှ်သာဟ်များ၏ လက်တွင်းသို့ အပ်နှင်းခံရ၍ ဖြစ်သည်ဟူ၏။ ထိုည၌တွင် လူတို့၏ သက်တမ်း၊ သေဆုံးခြင်း၊ ရိဇီစားနပ်ရိက္ခာနှင့် မိုးရွာသွန်းခြင်း စသည်တို့၏ အတိုင်းအတာ ပမာဏများကို သတ်မှတ်ထားသော ဖရစ်ရှ်သဟ်များကို ရေးသားစေတော်မူပေသည်။ ဤနှစ်တွင် မည်သူသည် 'ဟဂ်ျ'၏ နဖူးစာရရှိမည်ဆိုသည်ကိုပင် ရေးသားစေတော်မူပေသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﵄ သခင်၏ အဆိုအရ ဤကိစ္စများ အပ်နှင်းခြင်းခံရသော ဖရစ်ရှ်သာဟ် (၄) ပါးရှိသည်။ ၎င်းတို့မှာ အိစ်ရာဖီးလ်၊ မီးကာအီးလ်၊ အိစ်ရာအီးလ်နှင့် ဂျိဗ်ရာအီးလ်တို့ ဖြစ်ကြသည်' ဟု လာရှိသည်။ စူရာဟ် 'ဒုခါးန်'မှ

اِنَّا اَنْزَلْنٰهُ فِىْ لَيْلَةٍ مُّبٰرَكَةٍ اِنَّا كُنَّا مُنْذِرِيْنَ ○ فِيْهَا
يُفْرَقُ كُلُّ اَمْرٍ حَكِيْمٍ ○ اَمْرًامِّنْ عِنْدِنَا

ဟူသော အာယသ်တော်တွင် ဤအကြောင်းအရာသည် ထင်ရှားစွာ လာရှိထားသည်။

لَيْلَةٍ مُّبَارَكَةٍ 'လိုင်လသွလ်မုဗာရကဟ်' ('ဗရ်ကသ်'မင်္ဂလာတော်များနှင့် ပြည့်စုံသောည) တွင် အရာအားလုံးတို့အတွက် 'သက္ကဒီးရ်'၏ ဆုံးဖြတ်ချက်ကို ရေးသားတော်မူသည်။ ထို့ပြင် တင်ပြခဲ့ပြီးဖြစ်သော ဤအာယသ်တော်၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် အဖွင့်ပညာရှင် အများစုတို့ထံ၌ لَيْلَةٌ مُّبَارَكَةٌ ၏ အလိုသဘောမှာ ليلة القدر ပင် ဖြစ်သည်။ အချို့ပညာရှင်ကြီးများကမူ لَيْلَةٍ مُّبَارَكَةٍ 'လိုင်လသွလ်

မုဗာရကဟ်' သည် 'ရှအ်ဗာန်' လ၀က်ဖြစ်သော ليلة البرأة 'လိုင်လသွလ်ဗရာအသ်' ဖြစ်သည်ဟု ဆိုကြသည်။

သို့ဖြစ်ပေရာ ဤကွဲလွဲချက်ကို ညှိနှိုင်းထားသည်မှာ 'သက္ကဒီးရ်'၏ မူလဆုံးဖြတ်ချက်ကို အကျဉ်းချုပ်ပုံစံဖြင့် 'ဗရ်ကသ်' ညတွင် အပ်နှင်းပြီး တစ်ဖန် ၎င်းတို့၏ အကျယ်တ၀င့်ကို 'လိုင်လသွလ်ကဒရ်' ညတွင် ရေးသားအပ်နှင်းခြင်းဖြစ်သည်။ ဤတင်ပြချက်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ အဆိုတစ်ရပ်ဖြင့် ထောက်ခံမှုဖြစ်သည်။ ယင်းအဆိုကို ဗဂ၀ီ (ရဟ) သည် အဘူဇွဒ္ဒုဟာ (ရဟ) ၏ ဆင့်ပြန်ချက်ဖြင့် ဖော်ပြခဲ့ခြင်းဖြစ်သည်။ ထိုဆင့်ပြန်ချက်တွင် မိန့်ဆိုထားသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် တစ်နှစ်တာလုံး၏ ကိစ္စများအတွက် 'သက္ကဒီးရ်' ကို 'ဗရ်အသ်' ည၌ (၀ါ) 'ရှအ်ဗာန်'လ၏ လ၀က်ညတွင် ဆုံးဖြတ်တော်မူခဲ့သည်။ တစ်ဖန် 'ကဒရ်' ည၌မြတ်တွင် ဤဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ ဖရစ်ရှိသာဟ်တို့ထံ အပ်နှင်းတော်မူသည်' ဟု ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

'သက္ကဒီးရ်'၏ ဆုံးဖြတ်ချက်သည် ဤည၌ ဖြစ်သည်ဟူသည့် အလိုသဘောမှာ ဤနှစ်အတွက် ချမှတ်ပေးမည်ဖြစ်သော 'သက္ကဒီးရ်'အကောင်းအဆိုး၊ နဖူးစာသည် 'လောင်ဟေ့မဟ်ဖူးဇ်' မှ ကူးယူ၍ ဖရစ်ရှိသာဟ်များကို အပ်နှင်းခြင်း ဖြစ်သည်။ 'သက္ကဒီးရ်'ပထမမူလရေးသားခြင်းမှာ အဖန်ဆင်းခံများကို မဖန်ဆင်းမီမှပင် ရေးသားထားပြီး ဖြစ်သည်။

'လိုင်လသွလ်ကဒရ်' 'ကဒရ်' ည၏ သတ်မှတ်ချက်

'လိုင်လသွလ်ကဒရ်'သည် ရမ်ဇာန်လမြတ်တွင် ရှိကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ ဖော်ပြချက်အရ သိရှိရသည်။ သို့သော် နေ့၊ ရက်နှင့် စပ်လျဉ်း၍မူ ပညာရှင်များအကြား အဆိုအမိန့် (၄၀) မျှအထိ ကွဲလွဲမှုများ ရှိပေသည်။ သို့ရာတွင် သဖ်စီးရ်မဇ္ဇဟရီကျမ်းတွင် လာရှိသည်မှာ ထိုအဆိုအမိန့်အားလုံးအနက် အမှန်ကန်ဆုံးအဆိုမှာ 'လိုင်လသွလ်ကဒရ်'သည် ရမ်ဇာန်လမြတ်၏ နောက်ဆုံး (၁၀) ရက်၌ရှိသည်'ဟူ၏။ သို့သော်လည်း နောက်ဆုံး (၁၀) ရက်မှ မည်သည့်ရက်ဖြစ်သည်ကိုမူ အတိအကျ သတ်မှတ်ခြင်းမရှိဘဲ ၎င်း (၁၀) ရက်အနက် မည်သည့်ရက်မဆို ဖြစ်နိုင်သည်။ ထိုရက်သည် ရမ်ဇာန်လတိုင်းတွင် ပြောင်းလဲလျက် ရှိနေသည်။ ထို (၁၀) ရက်အနက် သီးသန့်မ,ညများဖြစ်သော (၂၁)၊ (၂၃)၊ (၂၅)၊ (၂၇) နှင့် (၂၉) ညများတွင် ပို၍ ဖြစ်နိုင်ကြောင်း ဆွဟီးဟ်ဟဒီးစ်တော်များအရ သိရှိရသည်။

ဤအဆိုတွင် 'လိုင်လသွလ်ကဒရ်'သည် (၂၁)၊ (၂၃)၊ (၂၅)၊ (၂၇) နှင့် (၂၉) ညများတွင် ဖြစ်သည်ဟု လာရှိသော 'လိုင်လသွလ်ကဒရ်' ကို သတ်မှတ်တင်ပြသော ဟဒီးစ်တော်အားလုံး စုရုံးပါ၀င်သွားလေသည်။ အကယ်၍ 'ကဒရ်' ညကို ယင်းညများတွင် လှည့်လည်နေခြင်းနှင့် ရမ်ဇာန်လတိုင်းတွင် ပြောင်းလဲလျက် ရှိကြောင်း သတ်မှတ်မည်ဆိုပါလျှင် ဤဟဒီးစ်ဆင့်ပြန်ချက်အားလုံးသည် သူ့နေရာနှင့်သူ မှန်ကန်သည်သာ ဖြစ်သည်။ မည်သည့်ဟဒီးစ်ကိုမျှ သုံးသပ်တင်ပြရန် မလိုအပ်တော့ပေ။ ထို့ကြောင့် ဖိကာဟ်

ပညာရှင်အများစုက ထိုညဥ့်မြတ်ကို နောက်ဆုံး (၁၀) ရက်တွင် လှည့်လည်နေကြောင်း သတ်မှတ်ကြခြင်းဖြစ်သည်။ အဘူကိလာဗဟ် (ရဟ)၊ အေမာမ်မာလိက် (ရဟ)၊ အဟ်မဒ်ဗင်န်ဟန်ဗလ် (ရဟ)၊ စုဖ်ယာန်စောင်ရီ (ရဟ)၊ အိစ်ဟားက်ဗင်န် ရာဟ်ဝိယဟ် (ရဟ)၊ အဘူစောင်ရ် (ရဟ)၊ မုဇနီ (ရဟ) နှင့် အိဗ်နေခုဇိုင်မဟ် (ရဟ) စသည်တို့က ဤအတိုင်းသတ်မှတ်ခဲ့ကြသည်။ ထို့ပြင် အေမာမ်ရှာဖီအီ (ရဟ) ၏ ဆင့်ပြန်ချက်တစ်ခုတွင်လည်း ဤအတိုင်း လာရှိထားသည်။ အေမာမ်ရှာဖေအီ (ရဟ) ၏ အခြားဆင့်ပြန်ချက်တစ်ရပ်မှာ 'ဤညသည် လှည့်လည်နေသော ညမဟုတ်ဘဲ အတိအကျ သတ်မှတ်ထားသော ည ဖြစ်သည်' ဟူ၏။ *[အိဗ်နေကတ်းရ်]*

ဆွဟီးဟ်ဘိုခါရီကျမ်းတွင် ဟဇရသ်အာအေရှာဟ် ﷺ သခင်မ၏ ဆင့်ပြန်ချက်လာရှိသည်မှာ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူခဲ့သည်မှာ-

تحرّ واليلة القدرفى العشرالا واخر من رمضان

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'လိုင်လသွလ်ကဒရ်' ညဥ့်မြတ်ကို ရမ်ဇာန်လမြတ်၏ နောက်ဆုံး (၁၀) ရက်၌ ရှာဖွေကြလေကုန်' ဟု ဖြစ်သည်။ ထို့ပြင် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အိဗ်နေအုမရ် ﷺ သခင်၏ ဆင့်ပြန်ချက်ဖြင့် လာရှိသည်မှာ တမန်တော်မြတ် ﷺ က **فاطلبوهافى الوترمنها** ဟု မိန့်ကြားတော်မူခဲ့သည်။ ဆိုလိုသည်မှာ 'လိုင်လသွလ် ကဒရ်'ညဥ့်မြတ်ကို ရမ်ဇာန်လမြတ်၏ နောက်ဆုံး မ,ညများတွင် ရှာဖွေကြလေကုန်' ဟု ဖြစ်သည်။ *[မွစ္စလင်မ်ကျမ်း]*

'လိုင်လသွလ်ကဒရ်'၏ ထူးမြတ်မှုအချို့နှင့် ထိုညဥ့်မြတ်၏ အထူးဒိုအာ

ဤ 'လိုင်လသွလ်ကဒရ်' ညဥ့်မြတ်၏ အထူးမြတ်ဆုံးသော အချက်မှာ ဤစူရာဟ်တွင် ထိုညတစ်ည၏ 'အေဗာဒသ်'သည် လပေါင်းတစ်ထောင် (သို့) (၈၃) နှစ်တာ ကာလထက် ပိုသော 'အေဗာဒသ်' ပြုခြင်းထက်ပင် ပို၍ မြတ်သည်ဟူသော အချက်ပင် ဖြစ်သည်။ တစ်ဖန် ပို၍ မြတ်ခြင်းနှင့် စပ်လျဉ်း၍ တိုင်းတာကန့်သတ်ချက်လည်း မရှိပေ။ နှစ်ဆ၊ လေးဆ၊ တစ်ဆယ်ဆနှင့် အဆတစ်ရာ စသည်ဖြင့် မှတ်ယူနိုင်သည်။

'ဆွဟီးဟိုင်းန်' (ဘိုခါရီနှင့် မွတ်စ္စလင်မ်) ကျမ်းတို့တွင် ဟဇရသ်အဘူဟုရိုင်ရာဟ် ﷺ သခင်၏ ဆင့်ပြန်ချက်တွင် ရစူလွလ္လာဟ် ﷺ က မိန့်ကြားတော်မူသည်မှာ 'မည်သူမဆို 'လိုင်လသွလ်ကဒရ်'ညမြတ်တွင် 'အေဗာဒသ်'အတွက် ရပ်ပါလျှင် ၄င်း၏ နောက်ကြောင်းမှ ကျူးလွန်ခဲ့သည့် အပြစ်ဒုစရိုက်အားလုံး ပလပ်မှုဖြစ်သွားပေသည်'ဟု ဖြစ်သည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ နဗီကိုယ်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'လိုင်လသွလ်ကဒရ်'ညမြတ်တွင် **سدرة المنتهى** 'စိဒ်ရသွလ်မွန်သဟာ' ၏ အဆင့်၌ရှိသော

ဖရစ်ရှ်သာဟ်တို့သည် ဟာဇရသ်ဂျိဗ်ရာအီးလ် عليه السلام နှင့်အတူ ကမ္ဘာမြေပေါ်သို့ ဆင်းသက်လာကြသည်။ ထို့နောက် အရက်သေစာ သောက်သုံးသူနှင့် ဝက်သားစားသုံးသူတို့မှအပ 'စလာမ်' ပေးခြင်း မခံရသော မုအ်မင်န်အမျိုးသား၊ (သို့) အမျိုးသမီးဟူ၍ မရှိပေ'ဟု ဖြစ်သည်။ အခြားဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'မည်သူမဆို 'လိုင်လသွလ်ကဒရ်'၏ ကောင်းမြတ်ခြင်း၊ 'ဗရ်ကာသ်' မင်္ဂလာတော်များမှ လက်မဲ့ဖြစ်ခဲ့ပါလျှင် ထိုသူသည် နဖူးစာမဲ့သူ၊ ကံဆိုးသူပင် ဖြစ်သည်'ဟူ၏။ 'ကဒရ်' ညမြတ်တွင် အချို့ပုဂ္ဂိုလ်များအဖို့ ထူးခြားသော နူးရ်အလင်းရောင်များကို တွေ့မြင်ရခြင်းများလည်း ရှိပေသည်။ သို့ရာတွင် ဤအရာများသည် လူအားလုံးတွေ့မြင်ရသော အရာများမဟုတ်ပေ။ ထိုည၏ 'ဗရ်ကာသ်' နှင့် စဝါးဗ်ကုသိုလ်တို့သည် ထိုအရာများ တွေ့မြင်ရခြင်းနှင့် မည်သို့မျှ မသက်ဆိုင်ပေ။ ထို့ကြောင့် ဤအရာများအပေါ် ဆန္ဒထားရန် မထိုက်ပေ။

ဟာဇရသ်စွိဒ်ဒီးက်ကဟ်အာအေရှာဟ် رضي الله عنها သခင်မက တမန်တော်မြတ် ﷺ အား 'အကယ်၍ ကျွန်မသည် 'ကဒရ်'ညဥ့်မြတ်ကို ကြုံတွေ့ရပါလျှင် မည်သည့်ဒိုအာပြုရပါမည်နည်း'ဟု လျှောက်ထားမေးမြန်းလေရာ တမန်တော်မြတ် ﷺ က 'ဤဒိုအာကို ရွတ်ဖတ်ပါ'ဟု ပြသမိန့်ကြားတော်မူခဲ့သည်။

اَللّٰهُمَّ اِنَّكَ عَفُوٌّ تُحِبُّ الْعَفْوَ فَاعْفُ عَنِّيْ

အို့, အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်။ ထို့ပြင် ခွင့်လွှတ်ချမ်းသာပေးခြင်းကိုလည်း နှစ်သက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်။ သို့ဖြစ်ပေရာ ကျွန်တော်မျိုး၊ ကျွန်တော်မျိုးမ၏ အပြစ်ဒုစရိုက်များကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပါ။'

اِنَّا اَنْزَلْنٰهُ فِيْ لَيْلَةِ الْقَدْرِ

ဤအာယသ်တော်၌ ကုရ်အာန်ကျမ်းတော်မြတ်သည် 'လိုင်လသွလ်ကဒရ်'ညဥ့်မြတ်၌ ကျရောက်ခဲ့ကြောင်း ဖော်ပြထားသည်။ ဤဖော်ပြချက်သည် ကုရ်အာန်ကျမ်းတော်မြတ်သည် 'လောင်ဟေ့မဟ်ဖူးဇ်'မှ 'လိုင်လသွလ်ကဒရ်'ညဥ့်တွင် ချပေးခြင်းခံရပြီး တစ်ဖန် ဟာဇရသ်ဂျိဗ်ရာအီးလ် عليه السلام သည် ၎င်းကို လိုအပ်သမျှ အနည်းငယ်စီ (၂၃) တာ ကာလတွင် ပို့ချပေးခဲ့ခြင်းဖြစ်သည်'ဟု ဆိုလိုခြင်းဖြစ်နိုင်သည်။ ထို့ပြင် ကုရ်အာန်ကျမ်းတော်မြတ်၏ ပထမဦးဆုံး ကျရောက်သော အာယသ်တော်များသည်သာ ထိုညဥ့်တွင် ကျရောက်ပြီး ကျန်ရှိသော အာယသ်တော်များမှာ နောက်ပိုင်းကာလ၌ ကျရောက်ခဲ့ခြင်းလည်း ဖြစ်နိုင်သည်။

ကောင်းကင်ကျ ကျမ်းအားလုံးသည် ရမ်ဇာန်လမြတ်၌သာ ကျရောက်ခဲ့ကြခြင်း

ဟာဇရသ်အဘူဇရ်ဂေဖာရီ رضي الله عنه သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ အိဗ်ရာဟီးမ် عليه السلام ထံ ပို့ချပေးခြင်းခံရသော 'ဆွဟီဖဟ်' ကျမ်းငယ်များသည် ရမ်ဇာန်လမြတ် (၃)

ရက်နေ့တွင်လည်းကောင်း၊ 'သောင်ရားသ်'ကျမ်းသည် (၆) ရက်နေ့တွင်လည်းကောင်း၊ 'အင်န်ဂျီးလ်' ကျမ်းသည် (၁၃) ရက်နေ့၌လည်းကောင်း၊ 'ဇဗူရ်'ကျမ်းသည် (၁၈) ရက်နေ့တွင်လည်းကောင်း ကျရောက်ခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် နဗီကိုယ်တော်မြတ် ﷺ အပေါ်သို့ ရမ်ဇာန်လ (၂၄) ရက်နေ့တွင် ကျရောက်ခဲ့သည်' ဟု ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

تَنَزَّلُ الْمَلٰٓئِكَةُ وَالرُّوحُ

رُوح 'ရူးဟ်'၏ အလိုသဘောမှာ ဟဇရတ်ဂျိဗ်ရာအီးလ် عليه السلام ဟု ဖြစ်သည်။ ဟဇရတ်အနတ်စ် رضي الله عنه ၏ ဆင့်ပြန်ချက်လာရှိသည်မှာ တမန်တော်မြတ် ﷺ က လိုင်လသွလ်ကဒရ်ညသို့ ရောက်သောအခါ ဟဇရတ်ဂျိဗ်ရာအီးလ် عليه السلام သည် ဖရစ်ရှ်သာဟ်တို့၏ အုပ်စုကြီးနှင့်အတူ ဆင်းသက်လာပြီး နမာဇ် (သို့) အလ္လာဟ်အသျှင်မြတ်အား သတိရတသလျက် ရှိကြသော အမျိုးသား၊ အမျိုးသမီးအားလုံးအတွက် 'ရဟ်မသ်' ၏ ဒိုအာပြုပေးကြသည်' ဟု မိန့်ကြားတော်မူလေသည်။ *[မဇ္ဇဟရီကျမ်း]*

مِنْ كُلِّ اَمْرٍ တွင် مِنْ ဟူသော အက္ခရာသည် باء ဟူသော အက္ခရာ၏ အဓိပ္ပာယ်၌ ဖြစ်သည်။ ဥပမာ-

يَحْفَظُوْنَهٗ مِنْ اَمْرِ اللّٰهِ ـــ الخ

တွင်လည်း مِنْ အက္ခရာသည် باء (နှင့်တကွ၊ အတူတကွ) ဟူသော အက္ခရာ၏ အဓိပ္ပာယ်၌ သုံးစွဲထားသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ဖရစ်ရှ်သာဟ်များသည် 'လိုင်လသွလ်ကဒရ်'ညတွင် တစ်နှစ်လုံးအတွင်း၌ ဖြစ်ပေါ်လာရန်ရှိသော သတ်မှတ်ချက် ဖြစ်ရပ်များကို ယူဆောင်လျက် ကမ္ဘာမြေပေါ်သို့ ဆင်းသက်လာကြသည်'ဟု ဖြစ်သည်။ ထို့ပြင် အချို့အဖွင့်ပညာရှင်များနှင့် မုဂျာဟိဒ် (ရဟ) စသည်တို့က

مِنْ كُلِّ اَمْرٍ

ကို سَلَامٌ 'စလာမ်' ဟူသော စာလုံးနှင့် ပတ်သက်ဆက်နွယ်လျက် ရှိသည်ဟူ၍ သတ်မှတ်ပြီး 'ဤညသည် ဆိုးရွားမှုများ၊ ဘေးဗလာ ဒုက္ခများနှင့် မကောင်းသော အရာဟူသရွေ့တို့မှ ငြိမ်းချမ်းမှု ဖြစ်သော ညဖြစ်သည်' ဟု သတ်မှတ်ခဲ့ကြသည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

سَلَامٌ ၏ မူရင်းစာသားအပြည့်အစုံမှာ هِيَ سَلَامٌ ဟူ၍ ဖြစ်သည်။ هِيَ ဟူသော စာလုံးမှာ ဖြုတ်ချခြင်း ခံခဲ့ရသည်။ အဓိပ္ပာယ်မှာ 'ဤညသည် ငြိမ်းချမ်းသာယာမှုနှင့် ဘေးဗလာကင်းရှင်းခြင်းသာ ရှိသည်။ ကောင်းမြတ်ခြင်းတကာ့ ကောင်းမြတ်ခြင်းများသာ ရှိသည်။ ဤညတွင် အဆိုးဟူ၍ စိုးစဉ်မျှပင် မရှိပေ' ဟု ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

အချို့ပညာရှင်များက ဖုံးကွယ်နေသော စာသားနှင့်အတူ မူရင်းစာသား အပြည့်အစုံမှာ سَلَامٌ هُوَ ဖြစ်သည်ဟု သတ်မှတ်လျက် ၎င်းကို مِنْ كُلِّ اَمْرٍ ၏ 'စိဖသ်' ဂုဏ်ပုဒ်အဖြစ် သတ်မှတ်တင်ပြကြသည်။

အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤဖရစ်ရှ်သာဟ်တို့သည် ကောင်းမြတ်ခြင်းနှင့် ငြိမ်းချမ်းသာယာခြင်း အပေါင်းတို့သာ ပါရှိသော အရေးကိစ္စ များကို ယူဆောင်လာကြသည်ဟု ဖြစ်သည်။ *[မဇ္ဇ်ဟရီကျမ်း]*

هِيَ حَتّٰى مَطْلَعِ الْفَجْرِ

ဆိုလိုသည်မှာ 'လိုင်လသွလ်ကဒရ်' ၏ ဤ 'ဗရ်ကသ်'မင်္ဂလာတော်များသည် ထိုည၏ မည်သည့် အစိတ်အပိုင်းအတွက်မျှ အထူးသတ်မှတ်ထားသည် မဟုတ်ဘဲ ည၏ အစမှ 'ဖွဂျရ်'နေထွက်ချိန်အထိ တစ်ပြေးညီ ရှိနေမည်ဟူ၍ ဖြစ်သည်။

အကျိုးအာနိသင်

ဤအာယသ်တော်များတွင် 'လိုင်လသွလ်ကဒရ်'ကို လပေါင်း တစ်ထောင် (၁၀၀၀) ထက် သာပို မြတ်ကြောင်း သတ်မှတ်ထားသည်။ ထိုလပေါင်းတစ်ထောင်အတွင်း၌လည်း နှစ်စဉ်နှစ်တိုင်း 'လိုင်လသွလ် ကဒရ်' ညတစ်ည ရှိပေဦးမည်ဖြစ်ရာ မည်သို့ တွက်ချက်၍ ရပါမည်နည်း ဆိုသည့် စောဒကကို အထင်အရှား တွေ့ရှိရပေမည်။ သဖ်စီးရ်အေမာမ်ကြီးများက မိန့်ဆိုကြသည်မှာ ဤနေရာ၌ လပေါင်းတစ်ထောင်ဟု ဆိုထား ရာ ၄င်းလများတွင် 'လိုင်လသွလ်ကဒရ်'မပါဝင်သော လများကို ဆိုလိုသည်။ ထို့ကြောင့် မည်သည့်စောဒက မျှ မရှိတော့ပေ။ *[အိဗ်နေကစီးရ်]*

လထွက်ပေါ်ရာ လမ်းကြောင်း မတူညီမှုကြောင့် နိုင်ငံတကာနှင့် မြို့ပြ အများအပြားတွင် 'လိုင် လသွလ်ကဒရ်' သည် နေ့များ မတူဘဲ ဖြစ်ပေါ်ခဲ့ပါလျှင် ဤသို့ ဖြစ်ရခြင်း၌ မည်သည့်စောဒကမျှ မရှိပါ ချေ။ အဘယ်ကြောင့်ဆိုသော် နေရာဒေသအလိုက် 'လိုင်လသွလ်ကဒရ်' ကို သတ်မှတ်ပေးခြင်း ခံရသော နေရာဒေသသည် ထိုသတ်မှတ်သည့် ည၌ပင် 'လိုင်လသွလ်ကဒရ်' ၏ 'ဗရ်ကသ်' မင်္ဂလာတော်များ ရရှိပေလိမ့်မည်။

ဓမ္မသတ် ။ ။ 'လိုင်လသွလ်ကဒရ်' ညတွင် 'အေရှာ' နမာဇ်နှင့် 'ဖွဂျရ်'နမာဇ်ကို 'ဂျမာအသ်'နှင့် အတူ ဖတ်ခဲ့သော သူသည်လည်း ထိုညမြတ်၏ စဝါးဗ်ကို ရရှိသွားပေသည်။ မည်သူမဆို များပြားစွာ ပြုလုပ် လျှင် များပြားစွာသော 'စဝါးဗ်'ကုသိုလ် ရရှိပေမည်။ ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ် အွတ်စ်မာန်းဂနီ ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ တမန်တော်မြတ် ﷺ က 'မည်သူမဆို 'အေရှာ' နမာဇ်ကို 'ဂျမာအသ်'နှင့်အတူ ဖတ်လိုက်သည်ရှိသော် ညတစ်ဝက် အေဗာဒသ်'ပြုသော 'စဝါးဗ်'ကို ရရှိသွား ပေသည်။ မည်သူမဆို 'ဖွဂျရ်'နမာဇ်ကိုလည်း 'ဂျမာအသ်'နှင့်အတူ ဖတ်လိုက်သည်ဆိုလျှင် တစ်ညလုံး နိုးကြားခြင်းနှင့် 'အေဗာဒသ်'ပြုခြင်းတို့၏ 'စဝါးဗ်'ကုသိုလ် ရရှိသွားသည်ဟူ၏။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

၉၈။ ဆူရာဟ်ဗိုင်ယိနသိ

ထင်ရှားသော သက်သေသာဓက ကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِیۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

لَمۡ یَكُنِ الَّذِیۡنَ كَفَرُوۡا مِنۡ اَهۡلِ الۡكِتٰبِ وَالۡمُشۡرِكِیۡنَ مُنۡفَكِّیۡنَ حَتّٰی تَاۡتِیَهُمُ الۡبَیِّنَةُ ۙ﴿۱﴾

၉၈ : ၁ ။ ။ ရှေးအထက် ကျမ်းဂန်ကို ရရှိခဲ့ကြသော သူတို့အနက်မှလည်းကောင်း၊ မုရှ်ရစ်က် တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ကြသူတို့အနက်မှလည်းကောင်း၊ သွေဖည်ငြင်းပယ်သော သူတို့မှာမူ ၎င်းတို့ထံ ထင်ရှားစွာသော သက်သေသာဓကေ ရောက်ရှိလာခြင်း မရှိသမျှ ကာလပတ်လုံး (မိမိတို့၏ မမှန်ကန်သော အယူဝါဒမှ) စွန့်ခွာကြမည့်သူများ မဟုတ်ခဲ့ကြပေ။

رَسُوۡلٌ مِّنَ اللّٰهِ یَتۡلُوۡا صُحُفًا مُّطَهَّرَةً ۙ﴿۲﴾

၉၈ : ၂ ။ ။ (ထိုထင်ရှားစွာသော သက်သေသာဓကေမှာ ၎င်းတို့ရှေ့ဝယ်) သန့်ရှင်းသော ကျမ်းစာများကို ဖတ်ကြားရန် အလို့ငှာ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်တစ်ပါးပင် (ဖြစ်၏။)

فِیۡهَا كُتُبٌ قَیِّمَةٌ ؕ﴿۳﴾

၉၈ : ၃ ။ ။ ယင်းကျမ်းစာများမှာ မှန်ကန်သော အကြောင်းအရာများ ရေးသားပါရှိသော ကျမ်းစာများပင် ဖြစ်သည်။

وَمَا تَفَرَّقَ الَّذِیۡنَ اُوۡتُوا الۡكِتٰبَ اِلَّا مِنۡۢ بَعۡدِ مَا جَآءَتۡهُمُ الۡبَیِّنَةُ ؕ﴿۴﴾

၉၈ : ၄ ။ ။ သို့ရာတွင် ရှေးအတိတ်ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရသော သူတို့သည် ၎င်းတို့ထံ ထင်ရှားစွာသော သက်သေသာဓကေ ရောက်ရှိလာပြီး နောက်ပိုင်းမှပင် (သာသနာတော်နှင့် စပ်လျဉ်း၍) ကွဲလွဲခဲ့ကြကုန်လေသည်။

وَمَآ أُمِرُوٓا۟ إِلَّا لِيَعْبُدُوا۟ ٱللَّهَ مُخْلِصِينَ لَهُ ٱلدِّينَ ۬
حُنَفَآءَ وَيُقِيمُوا۟ ٱلصَّلَوٰةَ وَيُؤْتُوا۟ ٱلزَّكَوٰةَ ۚ وَذَٰلِكَ دِينُ ٱلْقَيِّمَةِ ⑤

၉၈ : ၅ ။ ။ စင်စစ် ထိုသူတို့သည် ဆည်းကပ်ကိုးကွယ်မှုကို အလ္လာဟ်အသျှင်မြတ်အတွက်သာလျှင် သန့်သန့်ပြုကြလျက် (မမှန်ကန်သော ဘာသာဝါဒ အသီးသီးတို့ကို နဗီတမန်တော် အိဗ်ရာဟီးမ်နည်းတူ စွန့်ကာ အလ္လာဟ်အသျှင်မြတ်ဘက်သို့သာလျှင်) အာရုံစူးစိုက်ကြလျက် ထိုအသျှင်မြတ်ကိုသာ ကိုးကွယ်ဆည်းကပ်ကြရန်လည်းကောင်း၊ 'ဆွလားသ်' ဝတ်ပြုမှုကို ဆောက်တည်ကြရန်လည်းကောင်း၊ 'ဇကားသ်' ပေးဆောင်ကြရန်လည်းကောင်း အမိန့်ပေးတော်မူခြင်းကို ခံခဲ့ကြရသည်မှအပ အခြားတစ်စုံတစ်ရာကိုမျှ အမိန့်ပေးတော်မူခြင်း ခံခဲ့ကြရသည် မဟုတ်ပေ။ အမှန်စင်စစ် ဤသည်သာလျှင် မှန်ကန်သူတို့၏ လမ်းစဉ်ပင် (ဖြစ်၏။ မှန်ကန်သော အကြောင်းများ၏ လမ်းစဉ်၊ တရား၊ သာသနာပင် ဖြစ်၏။)

إِنَّ ٱلَّذِينَ كَفَرُوا۟ مِنْ أَهْلِ ٱلْكِتَٰبِ وَ
ٱلْمُشْرِكِينَ فِى نَارِ جَهَنَّمَ خَٰلِدِينَ فِيهَآ ۚ أُو۟لَٰٓئِكَ هُمْ شَرُّ ٱلْبَرِيَّةِ ⑥

၉၈ : ၆ ။ ။ ရှေးအတိတ်ကျမ်းဂန် ရရှိသူတို့အနက်မှလည်းကောင်း၊ မုရှ်ရစ်က် တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ်သူတို့အနက်မှလည်းကောင်း သွေဖည်ငြင်းပယ်ခဲ့ကြကုန်သော သူတို့သည် ဧကန်အမှန် 'ဂျဟန္နမ်' ငရဲဘုံ၏ မီးထဲသို့ အမြဲထာဝစဉ် နေထိုင်ခံစားကြရသူများအဖြစ် လားကြရပေမည်။ ထိုသူတို့သည် အဖန်ဆင်းခံတို့တွင် အဆိုးဆုံးသော သူများပင် ဖြစ်ကြကုန်၏။

إِنَّ ٱلَّذِينَ ءَامَنُوا۟ وَعَمِلُوا۟ ٱلصَّٰلِحَٰتِ أُو۟لَٰٓئِكَ هُمْ خَيْرُ ٱلْبَرِيَّةِ ⑦

၉၈ : ၇ ။ ။ အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သော သူတို့မှာမူ၊ ဧကန်မလွဲ အဖန်ဆင်းခံတို့တွင် အကောင်းဆုံးသော သူများပင် ဖြစ်ကြကုန်၏။

جَزَآؤُهُمْ عِندَ رَبِّهِمْ جَنَّٰتُ عَدْنٍ تَجْرِى مِن تَحْتِهَا ٱلْأَنْهَٰرُ خَٰلِدِينَ
فِيهَآ أَبَدًا ۖ رَّضِىَ ٱللَّهُ عَنْهُمْ وَرَضُوا۟ عَنْهُ ۚ ذَٰلِكَ لِمَنْ خَشِىَ رَبَّهُۥ ⑧

၉၈ : ၈ ။ ။ ၎င်းတို့၏ အကျိုးသည် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်၌ ထာဝစဉ် နေထိုင်ကြရမည့် ဥယျာဉ်များပင် ဖြစ်ကြကုန်၏။ ထိုဥယျာဉ်များ၏ အောက်မှ စမ်းရေချောင်းများသည် တသွင်သွင် စီးတွေလျက် ရှိကြပေမည်။ (၎င်းတို့သည်) ထိုဥယျာဉ်များတွင် အမြဲထာဝစဉ် နေထိုင်စံမြန်းကြရပေမည်။ အလ္လာဟ်အသျှင်မြတ်သည်လည်း ၎င်းတို့အပေါ်၌ ကျေနပ်တော်မူမည်။ ၎င်းတို့သည်လည်း ထိုအသျှင်မြတ်အပေါ်၌ ကျေနပ်ကြပေမည်။ ဤ (အကျိုးကျေးဇူး) သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို ကြောက်ရွံ့ရိုသေ ခံညားသော သူ (တော်ကောင်း) ၏ အဖို့သာလျှင် ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'အဟ်လိကိတားဗ်' ရှေးကျမ်းရသူများနှင့် 'မုရှ်ရိစ်ကီ' အသျှင်မြတ်နှင့် တုဖက်နိုင်းယှဉ် ကိုးကွယ်ကြသော (နဗီတမန်တော်မြတ် ﷺ အား နဗီအဖြစ် ခန့်အပ်စေလွှတ်ခြင်း မပြုမီက) ကာဖိရ်တို့သည် (မိမိတို့၏ 'ကုဖ်ရ်'လုပ်ရပ်မှ လုံးဝဥဿုံ) ၎င်းတို့ထံသို့ ထင်ရှားစွာသော သက်သေသာဓက ရောက်ရှိလာခြင်း မရှိသမျှ စွန့်ခွာကြမည့်သူများ မဟုတ်ကြပေ။

(ထိုထင်ရှားစွာသော သက်သေသာဓကမှာ ၎င်းတို့ရှေ့ဝယ်) ၎င်းတို့အား သန့်ရှင်းသော ကျမ်းစာများကို ဖတ်ကြားအံ့သော အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်သည်။

ထိုကျမ်းစာတွင် မှန်ကန်သော အကြောင်းအရာများကို ရေးသားထားသည်။ (ကုရ်အာန်ကို ဆိုလိုသည်။ အလိုသဘောမှာ ထိုကာဖိရ်တို့၏ ကုဖ်ရ်သွေဖည်ငြင်းပယ်မှုမှာ ပြင်းထန်ခဲ့သည်။ ထို့ပြင် အသိတရားခေါင်းပါးမှုတွင် ဤမျှလောက် နစ်ဝင်နေကြသည်။ ကြီးမြတ်သော ရစူလ်တမန်တော်တစ်ပါးပါး ကြွမြန်းလာခြင်းမရှိဘဲ ၎င်းတို့သည် လမ်းမှန်ပေါ် ရောက်ရှိလာနိုင်ရန် မျှော်လင့်ချက်မရှိသော အခြေအနေမျိုး၌ ရှိနေခဲ့သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ် မိမိဘက်မှ အထောက်အထား ပြီးပြည့်စုံစေရန် ကိုယ်တော်မြတ် ﷺ အား ကုရ်အာန်ကျမ်းတော်မြတ်ကို ချီးမြှင့်လျက် စေလွှတ်တော်မူခဲ့ခြင်းဖြစ်သည်)

ထို့ပြင် (၎င်းတို့သည် ဤသည်ကို တန်ဖိုးထားကာ အီမာန်သက်ဝင် ယုံကြည်ရန် ထိုက်သည်။ သို့ရာတွင်) ရှေ့ကျမ်းဂန် ရရှိသော 'အဟ်လိကိတားဗ်'တို့သည် (အဟ်လိကိတားဗ် မဟုတ်သူတို့မှာ ပို၍ပင်) ဤထင်ရှားစွာသော သက်သေသာဓကများ ရောက်ရှိလာပြီး နောက်ပိုင်းမှပင် (သာသနာတော်အတွင်း၌) ကွဲလွဲခဲ့ကြသည်။

(ဆိုလိုသည်မှာ မှန်ကန်သော သာသနာတော်၌လည်း ကွဲလွဲမှုများ ပြုခဲ့ကြခြင်းကို ဆိုလိုသည်။ ၎င်းတို့ အချင်းချင်း မူလကပင် ကွဲလွဲခဲ့ကြသည်များကိုလည်း မှန်ကန်သော သာသနာတော်၏ အမိန့်နာခံလျက် ပပျောက်အောင် မပြုခဲ့ကြ။ မုရှ်ရိစ်ကီများမှာမူ ပို၍ပင် ဆိုးပေသည်။ အကြောင်းမှာ ၎င်းတို့ထံသို့ နဂိုမူလကပင် မည်သည့်ကောင်းကင်ကျ အသိပညာမျှ မရှိခဲ့ကြသောကြောင့် ဖြစ်သည်။)

စင်စစ်သော်ကား ထိုသူတို့အဖို့ (ရှေးကျမ်းဂန်များတွင်) 'အေဗာဒသ်'ဆည်းကပ်ကိုးကွယ်မှုကို အလ္လာဟ်အသျှင်မြတ်အတွက်သာလျှင် သီးသန့်ပြုကြလျက် အာရုံစူးစိုက်လျက် ထိုအသျှင်မြတ်အား ဆည်းကပ်ကိုးကွယ်ကြရန်လည်းကောင်း (များယွင်းသော ဘာသာသာသနာများကဲ့သို့ တစ်စုံတစ်ရာကို အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ခြင်းများ မပြုလေနှင့်။) ထို့ပြင် နမာဇ်ဝတ်ပြုမှုကို ဆောက်တည်ကြရန်လည်းကောင်း၊ 'ဇကားသ်'ပေးဆောင်ကြရန်လည်းကောင်း အမိန့်ပေးခံကြရခြင်းမှအပ အခြားတစ်စုံတစ်ရာ အမိန့်ပေးခံကြရသည်မဟုတ်ပေ။ ဤသည်သာလျှင် (ဖော်ပြပါ အကြောင်းအရာများသာလျှင်) မှန်ကန်သော အကြောင်းများ၏ လမ်းစဉ်ပင် ဖြစ်ပေသည်။

(အလိုသဘောမှာ ထို 'အဟ်လိကိတားဗ်' ကျမ်းရသူများအဖို့ ၎င်းတို့၏ ကျမ်းဂန်များတွင် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ရစူလ်တမန်တော် ﷺ အပေါ် အီမာန်သက်ဝင်ယုံကြည်ရန် အမိန့်တော် ပါရှိပြီးဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်သည်လည်း ဤသည်ကိုပင် လမ်းညွှန်သင်ကြားပေးခြင်းဖြစ်သည်။ ၄င်းကို အထက်တွင် كتب قيّمة 'မှန်ကန်သော အကြောင်းအရာများ ရေးသားပါရှိသော ကျမ်း' ဟု မိန့်ကြားထားသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ကို လက်မခံခြင်းသည် မိမိတို့၏ ကျမ်းဂန်များကို ဆန့်ကျင်ရာရောက်သည်။ ဤသည်မှာ 'အဟ်လိကိသာဗ်'ကို ရှုတ်ချခြင်းဖြစ်သည်။ မုရှ်ရစ်က်များမှာမူ နဂိုမူလကပင် ရေးကျမ်းဂန်များကို လက်မခံကြပေ။ သို့သော် ၄င်းတို့သည် အိဗ်ရာဟီးမ် عليه السلام ၏ လမ်းစဉ်ကိုမူ မှန်ကန်သည်ဟု လက်ခံခဲ့ကြသူများ ဖြစ်သည်။ ဟဇရသ်အိဗ်ရာဟီးမ် عليه السلام သည် ရှရစ်က်တုဖက်နိုင်းယှဉ် ကိုးကွယ်ခြင်းမှ ကင်းရှင်းသူဖြစ်ကြောင်းမှာ လုံးဝဥဿုံ အတည်ဖြစ်ပေသည်။ ထို့ပြင် ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုလမ်းစဉ်နှင့် ကိုက်ညီမှုရှိကြောင်းမှာလည်း ထင်ရှားသည်။ ထို့ကြောင့် ထိုမုရှ်ရစ်က်တို့၌လည်း စောဒကတက်စရာ လုံးဝမရှိပေ။ အထောက်အထား ပြည့်ဝခိုင်လုံသွားပေပြီ။ ထို့နောက် ကွဲလွဲမှုနှင့် ဆန့်ကျင်မှုပြုသူများဟု ဆိုရာ၌ အီမာန်သက်ဝင်ယုံကြည်ခြင်းမရှိသော ကာဖိရ်များကို ဆိုလိုခြင်း ဖြစ်သည်။ ဆန့်ကျင်ဘက်သဘောအရ ဆန့်ကျင်မှုနှင့် ကွဲလွဲမှုမပြုသူတို့မှာ အီမာန်ရှင်များဖြစ်ကြောင်း သိရှိရသည်။ ရှေ့တွင် ကာဖိရ် အုပ်စုနှစ်စုဖြစ်သော 'အဟ်လိကိသာဗ်'နှင့် မုရှ်ရစ်က်တို့ကိုလည်းကောင်း၊ မုအ်မင်န်သက်ဝင်ယုံကြည်သူများကိုလည်းကောင်း ဆိုးကျိုးပြစ်ဒဏ်နှင့် ကောင်းကျိုး၊ ကုသိုလ်များ ပေးမည့်အကြောင်း မိန့်ကြားတော်မူထားသည်မှာ) ဧကန်မုချ 'အဟ်လိကိသာဗ်'နှင့် 'မုရှ်ရစ်က်' တို့အနက် ကာဖိရ်ဖြစ်ခဲ့ကြသူတို့မှာ အမြဲထာဝရ နေကြရမည်ဖြစ်သော 'ဂျဟန္နမ်'ငရဲဘုံ၏ မီး၌ လားကြရပေမည်။ (ထို့ပြင်) ၄င်းတို့သည် အဖန်ဆင်းခံတို့၌ အဆိုးရွားဆုံးသောသူများ ဖြစ်ကြသည်။

(ထို့ပြင်) အီမာန်သက်ဝင်ယုံကြည်လျက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြသူတို့မှာ ဧကန်မလွဲ အဖန်ဆင်းခံတို့တွင် အကောင်းမြတ်ဆုံးသော သူများပင် ဖြစ်ကြသည်။

၄င်းတို့၏ အကျိုးမှာ ၄င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်၌ အမြဲထာဝရ နေထိုင်ကြရမည့် ဥယျာဉ်များ ရှိသည်။ ထိုဥယျာဉ်တို့၏ အောက်တွင် ချောင်းများသည် စီးဆင်းနေကြပေမည်။ ၄င်းတို့သည် ထိုဥယျာဉ်များ၌ အမြဲထာဝရ နေထိုင်စံမြန်းကြရပေမည်။ (ထို့ပြင်) အလ္လာဟ်အသျှင်မြတ်သည်လည်း ၄င်းတို့အပေါ်၌ ကျေနပ်တော်မူမည်။ ထို့ပြင် ၄င်းတို့သည်လည်း အလ္လာဟ်အသျှင်မြတ်အပေါ်၌ ကျေနပ်ကြပေမည်။ (ဆိုလိုသည်မှာ နှစ်ဘက်စလုံးမှ မကျေနပ်စရာဟု ထင်မြင်နိုင်သော အရာများဖြစ်သည့် ၄င်းတို့ဘက်မှ အပြစ်တစ်စုံတစ်ရာကို ကျူးလွန်မှုလည်း ရှိမည်မဟုတ်။ ထို့ပြင် ၄င်းတို့အဖို့ မနှစ်သက်ဖွယ်ရာ အကြောင်းတစ်စုံတစ်ရာ တွေ့ရှိခံစားရမည်လည်း မဟုတ်ပေ။) ဤ ('ဂျန္နသ်' နှင့် ကျေနပ်နှစ်သက်မှု) သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို ကြောက်ရွံ့ရိုသေသူအဖို့သာ ဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်အပေါ် ကြောက်ရွံ့ရိုသေ ခန့်ညားမှု ထားရှိခြင်းသည်ပင် အီမာန်နှင့် ကောင်းမှုကုသိုလ်များကို ပြုကျင့်နိုင်စွမ်း ရရှိစေသည့် အကြောင်းခံဖြစ်သည်။ ထို့အတွက်ကြောင့် ယင်းကိုပင် 'ဂျန္နသ်'သုခဘုံ၌ စံမြန်းခွင့် ရရှိစေသော၊ ကျေနပ်နှစ်သက်မှု ရရှိစေသော အဓိကအကြောင်း အရင်းအမြစ် တင်ပြထားခြင်း ဖြစ်သည်။)

သိမ့်မှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ပထမအာယသ်တော်၌ တမန်တော်မြတ် ﷺ မပွင့်ပေါ်မီအလျင်က ကမ္ဘာလောကတွင် ကုဖွရ်၊ ရှရစ်က် နှင့် အသိတရားခေါင်းပါးမှုများသည် အဆုံးမရှိ များပြားကြောင်းနှင့် လွှမ်းမိုးနေကြောင်းကို တင်ပြပြီးနောက် မိန့်ကြားတော်မူသည်မှာ လောကတစ်ဝှမ်းလုံး၌ ကုဖွရ်နှင့် ရှရစ်က်တို့၏ ဤသို့ လွှမ်းမိုးနေမှုကို ပပျောက်စေ ရန်အတွက် လောကအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမြော်အမြင်နှင့် ကရုဏာ တော်မှာ ထိုပြင်းထန်စွာ ဖြစ်ပေါ်နေသော ရောဂါနှင့် ဘေးဘယကို ကုစားရန်အတွက်လည်း အကျွမ်းကျင် ဆုံးသော သမားတော်ကို စေလွှတ်ရမည်ဖြစ်သည်။ ထိုသို့ ကျွမ်းကျင်သော သမားတော်မရှိဘဲ ဤရောဂါမှ လွတ်မြောက်နိုင်မည် မဟုတ်ပေ'ဟု ဖြစ်သည်။ ရှေ့တွင် ဤကျွမ်းကျင်သော သမားတော်၏ ဂုဏ်ရည်ကို ဖော်ပြထားသည်မှာ ၎င်း၏ ဖြစ်ပေါ်တည်ရှိမှုမှာ ကုဖွရ်နှင့် ရှရစ်က်တို့၏ မှားယွင်းကြောင်း ထုတ်ဖော်ရန် အတွက် ခိုင်မာသော သက်သေသာဓကအဖြစ် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ရှေ့တွင် မိန့်ကြားတော်မူ သည်မှာ ထိုကုစားမည့် သမားတော်ဆိုသည်မှာ 'ကုရ်အာန်ကျမ်းတော်မြတ်၏ ထင်ရှားပွင့်လင်း ခိုင်မာ ကျစ်လစ်သော သက်သေသာဓကများကို ယူဆောင်လျက် ၎င်းတို့ထံသို့ ရောက်ရှိလာသော အလ္လာဟ် အသျှင်မြတ်၏ ကြီးမြတ်သော ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်သည်။ ဤခြုံငုံတင်ပြချက်တွင် နဗီတမန် တော်မြတ်အား မစေလွှတ်မီအလျင် ခေတ်သမယ၏ ကြီးမားသော ဆိုးရွားမှု၊ ဘက်ပေါင်းစုံမှ အသိတရား ခေါင်ပါးမှုနှင့် မတရားမှုများ ဖြစ်ပေါ်ခဲ့ကြောင်းလည်း သိရှိရပေသည်။ ထို့ပြင် တမန်တော်မြတ် ﷺ ၏ ကြီးမြတ်သော ဂုဏ်သိက္ခာတော်အကြောင်းကိုလည်း တင်ပြထားသည်။ ရှေ့တွင် ကုရ်အာန်ကျမ်းတော်မြတ် ၏ ဂုဏ်ပုဒ်အချို့ကို တင်ပြမိန့်ကြားထားသည်။

يَتْلُوا صُحُفًا مُّطَهَّرَةً ۝ فِيهَا كُتُبٌ قَيِّمَةٌ ۝

يَتْلُوا သည် **تلاوت** ဟူသော ပုဒ်မှ ဆင်းသက်လာသော စာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'ဖတ်ရွတ်ခြင်း' ဟု ဖြစ်သည်။ သို့သော် ဖတ်ရွတ်မှုတိုင်းကို **تلاوت** 'သိလာဝသ်'ဟု ခေါ်ဆိုခြင်းမဟုတ်ပေ။ ထိုမျှသာမက သင်ကြားပေးသူ၏ သင်ကြားမှုအတိုင်း လုံးဝ ထပ်တူထပ်မျှ ဖတ်ခြင်းကိုသာ **تلاوت** 'သေလာဝသ်' (ဖတ်ရွတ်ခြင်း) ဟု ခေါ်ဆိုသည်။ ထို့ကြောင့် အများသိဖြစ်သည့်အတိုင်း ဝေါဟာရတွင် **تلا** 'သေလာဝသ်' ဟူသော စာလုံးသည် ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်ခြင်းအတွက်သာ သုံးနှုန်း ခြင်း ဖြစ်သည်။

صُحُفٌ သည် **صحيفه** 'ဆွဟီဖဟ်'၏ အများကိန်းဖြစ်သည်။ အကြောင်းအရာတစ်ခုခု ရေးသား ထားသည့် စာရွက်များကို **صحيفه** 'ဆွဟီဖဟ်' ဟု ခေါ်သည်။ **كُتُبٌ** သည် **كتاب** ၏ ဗဟုဝုစ်ကိန်း ဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'ရေးသားထားသော အရာ' ဟု ဖြစ်သည်။ ဤအဓိပ္ပာယ်အရ **كتاب**

နှင့် صحيفه သည် တူညီသော အဓိပ္ပာယ်ရှိသည့် စာလုံးများဖြစ်သည်။ ရံဖန်ရံခါ كتاب ဟူသော စာလုံးသည် အမိန့်တော်ဟူသော အဓိပ္ပာယ်အတွက်လည်း သုံးနှုန်းသော စာလုံးဖြစ်သည်။ ဥပမာ- ကုရ်အာန်၏ အာယသ်တော်ဖြစ်သော

لَوْلَا كِتٰبٌ مِّنَ اللّٰهِ سَبَقَ

တွင် كتاب ဟူသော စာလုံးသည် 'အမိန့်တော်' ဟူသော အဓိပ္ပာယ်အတွက်သာ အသုံးပြုထားခြင်းဖြစ်သည်။ ဤနေရာတွင်လည်း ဤဒုတိယအဓိပ္ပာယ်ကိုသာ ယူထားသည်။ အဘယ်ကြောင့်ဆိုသော် ကျော်ကြားသော အဓိပ္ပာယ်ကိုယူပါလျှင် كُتُب ဟူသည် 'ဆွဟီဖဟ်' ကျမ်းငယ်များကိုသာ ဆိုလိုခြင်းဖြစ်နေပေမည်။ သို့ဆိုလျှင် فِيهَا ဟု ဆိုရာ၌ မည်သည့်အဓိပ္ပာယ်မျှ ရှိမည် မဟုတ်သောကြောင့် ဖြစ်သည်။

مُطَهَّرَةً ဤသည် صُحُف ၏ ဂုဏ်ပုဒ်ဖြစ်သည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ် ﵁ သခင်က မိန့်ဆိုသည်မှာ 'ဤ ဆွဟီဖဟ်များသည် သံသယ၊ မုသား၊ အယောင်ဆောင်မှုနှင့် လမ်းမှားခြင်းတို့မှ သန့်ရှင်းကြောင်းကို ဆိုလိုသည်' ဟု ဖြစ်သည်။

قَيِّمَةٌ သည် 'ဖြောင့်မတ်မှန်ကန်သော' ဟူသည့် အဓိပ္ပာယ်၌ လာရှိပြီး كُتُب ၏ ဂုဏ်ပုဒ်ဖြစ်သည်။ အဓိပ္ပာယ်မှာ 'ဤအမိန့်တော်များသည် ဖြောင့်မတ်မှန်ကန်ခြင်း၊ မျှတမှုရှိခြင်းနှင့် အလယ်အလတ်ကျသော အမိန့်တော်များ ဖြစ်သည်' ဟူ၏။ ၎င်း၏ အဓိပ္ပာယ်ကို 'ခိုင်ခန့်ခြင်း' ဟူသော အဓိပ္ပာယ်၌လည်း သတ်မှတ်နိုင်သည်။ သို့ဖြစ်ပေရာ ကုရ်အာန်ကျမ်းတော်မြတ်၌ လာရှိသော အသျှင်မြတ်၏ အမိန့်တော်များသည် 'ကေယာမသ်' နေ့ထိတိုင် တည်တံ့ကျန်ရှိကာ အမြဲရှိနေပေလိမ့်မည်' ဟု ဖြစ်ပေမည်။

အာယသ်တော်၏ အလိုသဘောမှာ 'ထိုခေတ်သယမ၏ မုရှ်ရစ်က်များနှင့် 'အဟ်လိကိသားဗ်' တို့၏ လမ်းမှားခြင်းအဆင့်သည် ၎င်းတို့ထံသို့ အလ္လာဟ်အသျှင်မြတ်၏ ပွင့်လင်းထင်ရှားသော သက်သေသာဓကများ ရောက်ရှိမလာသမျှ ကာလပတ်လုံး ၎င်းတို့အဖို့ မိမိတို့၏ လွဲမှားသော အယူဝါဒ ယုံကြည်ခြင်းများမှ လွှဲဖယ်ရန် မဖြစ်နိုင်သော အခြေအနေအထိ ရောက်ရှိခဲ့သည်။ ဤအတွက်ကြောင့်ပင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အတွက် မိမိ၏ ရစူလ်တမန်တော်မြတ်ကို ရှင်းလင်းထင်ရှား ခိုင်လုံသော အထောက်အထားအဖြစ် စေလွှတ်တော်မူခဲ့၏။ ထိုရစူလ်တမန်တော်၏ အလုပ်မှာ ၎င်းတို့အား သန့်ရှင်းသော ကျမ်းစာများကို ဖတ်ကြားပြရန် ဖြစ်သည်။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ 'ဝဟီ' ဗျာဒိတ်တော် အမိန့်ပညတ်ချက်များကို ဖတ်ကြားပြခြင်း ဖြစ်သည်။ ယင်းကို နောက်ပိုင်း၌ စာရွက်များပေါ်၌ ရေးသားလျက် ထိန်းသိမ်းထားခြင်း ခံရသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် အစကနဦးတွင် မည်သည့်ဆွဟီဖဟ် (စာရွက်များ၌ ရေးသားထိန်းသိမ်းထားသည့် ကျမ်းစာ) ကို ဖတ်ရွတ်ခြင်းမရှိခဲ့ဘဲ မိမိ၏ ကျက်မှတ်ထားသည်တို့ကို ဖတ်ကြားပြခြင်းပင် ဖြစ်ခဲ့သည်။ ဤသန့်ရှင်းသော ဆွဟီဖဟ်များတွင် မျှတ၍ အလယ်အလတ်ကျပြီး အမြဲထာဝရ တည်ရှိနေမည့် အသျှင်မြတ်၏ အမိန့်တော်များ ပါရှိသည်။

وَمَا تَفَرَّقَ الَّذِينَ أُوتُوا الْكِتَابَ إِلَّا مِنْ بَعْدِ مَا جَاءَتْهُمُ الْبَيِّنَةُ

تَفَرَّقَ သည် ဤနေရာ၌ 'ငြင်းပယ်ခြင်းနှင့် ကွဲလွဲမှုပြုခြင်း' ကို ဆိုလိုသည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် နဗီကိုယ်တော်မြတ် ﷺ ပွင့်ပေါ်ခြင်းတို့အပေါ် 'အဟ်လိကိသားဗ်' (ရှေးကျမ်းရသူ) အားလုံးတို့သည် ကိုယ်တော်မြတ် ﷺ ဖွားမြင်ခြင်းနှင့် နဗီအဖြစ် စေလွှတ်ခြင်းမခံရမီ အချိန်အထိ တစ်ညီတစ်ညွတ်တည်း ရှိခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ကောင်းကင်ကျကျမ်းများ ဖြစ်သော 'သောင်ရားသ်' နှင့် 'အင်န်ဂျီးလ်'ကျမ်းများတွင် တမန်တော်မြတ် ﷺ ၏ 'ရိစာလသ်'နှင့် 'နဗူဝသ်'တို့ အကြောင်းသည်လည်းကောင်း၊ ကိုယ်တော်မြတ် ﷺ ၏ ထူးမြတ်သော ဂုဏ်တော်များသည်လည်းကောင်း၊ ကိုယ်တော်မြတ် ﷺ အပေါ်၌ ကုရ်အာန် ပို့ချပေးတော်မူမည့် အကြောင်းသည်လည်းကောင်း ဖော်ပြပါရှိပေသည်။ ထို့ကြောင့် မည်သည့်ယဟူဒီ၊ မည်သည့်နဆ္ဝရာနီကမျှ 'နောက်ဆုံးခေတ်သမယတွင် မိုဟမ္မဒ်ရစူလွလ္လာဟ် ﷺ ပွင့်ပေါ်လာပေမည်။ ကိုယ်တော်မြတ် ﷺ အပေါ် ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ပေမည်။ ကိုယ်တော်မြတ် ﷺ ၏ လမ်းစဉ်ကို လိုက်ရန် အားလုံးအပေါ်၌ တာဝန်ဖြစ်လာပေမည်' ဟု ဆိုခြင်းနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ကွဲလွဲမှု မရှိခဲ့ကြပေ။ ကုရ်အာန်ကျမ်းတော်မြတ်၌ပင် ၎င်းတို့၏ တစ်ညီတစ်ညွတ်တည်း ရှိခဲ့ကြကြောင်းကို ဖော်ပြထားသည်မှာ-

وَكَانُوا مِنْ قَبْلُ يَسْتَفْتِحُونَ عَلَى الَّذِينَ كَفَرُوا

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ဤ 'အဟ်လေကိသားဗ်'တို့သည် ရစူလွလ္လာဟ် ﷺ မပွင့်ပေါ်မီအလျှင် ကိုယ်တော်မြတ် ﷺ အား စောင့်မျှော်နေခဲ့ကြသည်။ တစ်ခါတစ်ရံ ၎င်းတို့သည် မုရှ်ရစ်ကတို့နှင့် ရင်ဆိုင်ကြရသည့်အခါ ပွင့်ပေါ်လာမည်ဖြစ်သော နဗီတမန်တော်မြတ် ﷺ ၏ အကြောင်းခံဖြင့် မိမိတို့၏ အောင်နိုင်မှုအတွက် တောင်းခံလေ့ ရှိခဲ့ကြသည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်ထံတော်၌ 'ပွင့်ပေါ်လာမည်ဖြစ်သော နောက်ဆုံး နဗီတမန်တော်ချုပ်၏ 'ဗရ်ကသ်'မင်္ဂလာတော်အားဖြင့် ကျွန်တော်မျိုးတို့အား အောင်နိုင်မှုကို ချီးမြှင့်တော်မူပါ'ဟု ဖြစ်သည်။

သို့တည်းမဟုတ် ၎င်းတို့သည် မုရှ်ရစ်ကတို့အား ပြောကြားလေ့ရှိခဲ့ကြသည်မှာ 'အသင်တို့သည် ကျွန်ုပ်တို့အား ဆန့်ကျင်မှုကို အားသွန်ခွန်စိုက် ပြုလျက် ရှိကြသည်။ သို့သော် များမကြာမီ ကာလတွင် အသင်တို့အားလုံးကို ရှုံးနိမ့်စေမည့် ရစူလ်တမန်တော်တစ်ပါး ပွင့်ပေါ်လာပေမည်။ ထိုအခါ ကျွန်ုပ်တို့သည် ထိုရစူလ်တမန်တော်နှင့်အတူ ဖြစ်ကြပေမည်။ သို့ဖြစ်ပေရာ ကျွန်ုပ်တို့သည် အောင်နိုင်သူများ ဖြစ်ကြပေမည်' ဟု ဖြစ်သည်။

အချုပ်ဆိုရသော် တမန်တော်မြတ် ﷺ မပွင့်ပေါ်မီအလျှင်အထိ 'အဟ်လိကိသားဗ်'အားလုံးသည် ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်'နှင့် 'ရိစာလသ်'အပေါ် တစ်ညီတစ်ညွတ်တည်း ရှိခဲ့ကြသည်။ သို့ရာတွင် ကိုယ်တော်မြတ် ﷺ ပွင့်ပေါ်လာတော်မူသောအခါ၌မူ ငြင်းပယ်သူများ ဖြစ်သွားကြသည်။ ဤအကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ တစ်နေရာတွင်

فَلَمَّا جَآءَهُم مَّا عَرَفُوا۟ كَفَرُوا۟ بِهِۦ

ဟု လာရှိထားသည်။ ဆိုလိုသည်မှာ '၎င်းတို့ထံသို့ ထိုရစူလ်တမန်တော် (သို့) မှန်ကန်သော သာသနာတော် (သို့) ကုရ်အာန် ရောက်ရှိလာသောအခါ ၎င်းတို့သည် ဤသည်ကိုလည်း မိမိတို့၏ ကောင်းကင်ကျမ်းဂန်များ၌ ကြိုတင်လာရှိထားသော ဗျာဒိတ်တော်အရ သိရှိသွားသောအခါ ၎င်းတို့သည် ကုဖ်ရ် ငြင်းပယ်ခြင်းကို ပြုကြလေသည်' ဟု ဖြစ်သည်။

တင်ပြပါအာယသ်တော်တွင် ဤအကြောင်းနှင့် စပ်လျဉ်း၍

وَمَا تَفَرَّقَ الَّذِينَ أُوتُوا الْكِتَٰبَ

ဟု ဖော်ပြမိန့်ကြားထားသည်။ ဆိုလိုသည်မှာ အုံသြဖွယ်ကောင်းလှသည်မှာ ကိုယ်တော်မြတ် ﷺ မပွင့်ပေါ်လာမီနှင့် မတွေ့မြင်မီအလျှင်၌မူ ထိုသူများအဖို့ ကိုယ်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ကွဲလွဲမှုမျှ မရှိခဲ့ကြပေ။ အားလုံးတို့သည် ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်'ကို ယုံကြည်ရာ၌ တစ်ညီတစ်ညွတ်တည်း ရှိခဲ့ကြသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ ထင်ရှားသော သက်သေ လက္ခဏာတော်ဖြစ်သည့် နောက်ဆုံးတမန်တော်ချုပ် ပွင့်ပေါ်လာသောအခါ ၎င်းတို့အတွင်း၌ ကွဲလွဲမှုများ ပေါ်ပေါက်လာခဲ့သည်။ အချို့သည် ကိုယ်တော်မြတ် ﷺ အပေါ် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသည်။ များစွာသောသူတို့သည် ငြင်းပယ်ဆန့်ကျင်မှု ပြုခဲ့ကြသည်' ဟု ဖြစ်သည်။

ဤကိစ္စသည် 'အဟ်လိကိသားဗ်' တို့အတွက်သာ သီးသန့် ဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်၌ 'အဟ်လိကိသားဗ်'ကိုသာ တင်ပြမိန့်ကြားတော်မူထားခြင်း ဖြစ်သည်။ မုရှ်ရစ်က်များကို ထည့်သွင်း မိန့်ကြားတော်မူထားခြင်း မရှိပေ။ ထိုမျှမက

وَمَا تَفَرَّقَ الَّذِينَ أُوتُوا الْكِتَٰبَ

ဟု မိန့်ကြားထားသည်။ ပထမကိစ္စတွင် မုရှ်ရစ်က်များနှင့် 'အဟ်လိကိသားဗ်' နှစ်မျိုးစလုံးကို ရောနှော၍ အားလုံးအတွက် မိန့်ကြားထားတော်မူသည်။ ထို့ကြောင့် ထိုနေရာတွင်

لَمْ يَكُنِ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَٰبِ وَالْمُشْرِكِينَ مُنفَكِّينَ

ဟု မိန့်ကြားထားခြင်း ဖြစ်သည်။ ထို့ပြင် အထက်၌ တင်ပြခဲ့ပြီးဖြစ်သည့် အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ်တွင် ဒုတိယကိစ္စ၌လည်း မုရှ်ရစ်က်နှင့် 'အဟ်လိကိသားဗ်'နှစ်မျိုးစလုံးကို ရောနှော၍ အားလုံးအတွက်ဟု သတ်မှတ်လျက် တင်ပြထားသည်။

وَذٰلِكَ دِيۡنُ الۡقَيِّمَةِ

ဤနေရာတွင် قَيِّمَة ဟူသော စာလုံးသည် كُتُب ၏ ဂုဏ်ပုဒ်ဖြစ်သည်။ ဤအကြောင်းသည် အထက်တွင် တင်ပြခဲ့ပြီး ဖြစ်သည်။ အချို့ပညာရှင်များက ၎င်းကို دين သာသနာ၏ ဂုဏ်ပုဒ်ဖြစ်သည်ဟု သတ်မှတ်ကြသည်။ အာယသ်တော်၏ အလိုသဘောမှာ 'အဟ်လိကိတာဗ်'တို့အား ၎င်းတို့၏ ကျမ်းဂန်များတွင် 'မိမိတို့၏ 'အေဗာဒသ်'နှင့် အမိန့်နာခံခြင်းကို အလ္လာဟ်အသျှင်မြတ်အတွက်သာ ထားရမည်။ နမာဇ်ဝတ်ပြုမှု ဆောက်တည်ကြရမည်။ ထို့နောက် 'ဇကားသ်'ပေးဆောင်မှု ပြုကြရမည်' ဟူသော အမိန့်များကိုသာ ပေးထားသည်' ဟု ဖြစ်သည်။

ထို့နောက် မိန့်ကြားတော်မူသည်မှာ ဤအမိန့်တော်များသည် ၎င်းတို့အတွက်သာ သီးသန့်မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချပေးတော်မူသည့် မှန်ကန်တိကျသော သာသနာတိုင်းတွင်လည်းကောင်း၊ (သို့) မှန်ကန်တိကျသော ကျမ်းဂန်တိုင်းတွင်လည်းကောင်း လမ်းစဉ်အားလုံးတွင် ဤအမိန့်ပင် ဖြစ်သည်။ ပေါ်လွင်သော အချက်မှာ كُتُب ၏ ဂုဏ်ပုဒ်ဖြစ်သော قَيِّمَه ကို ကုရ်အာန်၏ အမိန့်ဟု ကောက်ယူမည်ဆိုပါက အာယသ်တော်၏ အလိုသဘောမှာ 'ဤရှရီအသ်မိုဟမ္မဒီယဟ်၌ ပြဋ္ဌာန်းထားသည့် အမိန့်ပညတ်တော်များမှာလည်း ယခင်က ၎င်းတို့၏ ကျမ်းဂန်များ၌ ပြဋ္ဌာန်းထားသော အမိန့်ပညတ်တော်များပင်ဖြစ်သည်ဟူ၍တည်း။ ၎င်းတို့၏ အမိန့်နှင့် တစ်စုံတစ်ရာ ကွဲလွဲသော အမိန့်တော်များ ဖြစ်မည်ဆိုလျှင် ၎င်းတို့အဖို့ ကွဲလွဲမှု၊ ဆန့်ကျင်မှုပြုရန် အကြောင်းများ ရှိပေမည်။ ယခုသော်ကား ဤသို့ပင် ကွဲလွဲမှု မရှိခဲ့ပါချေ။

رَضِىَ اللّٰهُ عَنۡهُمۡ وَرَضُوۡا عَنۡهُ ذٰلِكَ لِمَنۡ خَشِىَ رَبَّهٗ

ဤအာယသ်တော်တွင် 'အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ကျေနပ်နှစ်သက်တော်မူသည်။ ယခုမှ မကျေနပ်၊ မနှစ်သက်စရာဟူ၍ မည်သည့်စိုးရိမ်ရခြင်းမျှ မရှိ'ဟူ၍ 'ဂျန္နသ်'သုခဘုံသားတို့အတွက် အကြီးဆုံးသော ကျေးဇူးတော်ကို ဖော်ပြထားသည်။

ဟဇရသ်အဗူစအီးဒ်ခွဒ်ရီ ﵁ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်သည် 'ဂျန္နသ်'သုခဘုံသားတို့အား يَا اَهۡلَ الۡجَنَّةِ 'အို့၊ သုခဘုံသားအပေါင်းတို့' ဟု ခေါ်ဝေါ်တော်မူသည့်အခါ 'ဂျန္နသ်'သုခဘုံသားတို့က

لَبَّيۡكَ رَبَّنَا وَسَعۡدَيۡكَ وَالۡخَيۡرُ كُلُّهٗ فِىۡ يَدَيۡكَ

ဟု လျှောက်ထားဖြေကြားကြပေမည်။ ဆိုလိုသည်မှာ 'အို့၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုးတို့သည် အသင့် ရောက်ရှိနေကြပါသည်။ အမိန့်တော်များကို နာခံရန်

အသင့်ရှိနေကြပါသည်။ ကောင်းမြတ်ခြင်းမင်္ဂလာဟူသရွေ့သည် အသျှင်မြတ်၏ လက်တော်၌သာ ရှိပါသည်' ဟူ၏။ ထို့နောက်တစ်ဖန် အလ္လာဟ်အသျှင်မြတ်က هَلْ رَضِيتُمْ အသင်တို့သည် ကျေနပ်ပျော်ရွှင်ကြပါ၏လော'ဟု မိန့်ကြားတော်မူပေမည်။ ထိုအခါ ၎င်းတို့က 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ယခုအချိန်၌ ကျေနပ်နှစ်သက်မှုမရှိရန် အကြောင်းမရှိပါ။ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ချီးမြှင့်ပေးသနားတော်မူသည့် အရာများမှာ မည်သည့်အဖန်ဆင်းခံမျှ မရရှိသော အရာများဖြစ်ပါသည်'ဟု လျှောက်ထားဖြေကြားကြပေမည်။ အလ္လာဟ်အသျှင်မြတ်က 'ငါအသျှင်မြတ်သည် အသင်တို့အား ဤသည်ထက်ပင် ပို၍ မြတ်သော အကောင်းဆုံးဖြစ်သော ကျေးဇူးတော်ကို ချီးမြှင့်ရမည်လော' ဟု မိန့်ကြားတော်မူပေမည်။ တစ်ဖန်ဆက်လက်၍ မိန့်ကြားတော်မူမည်မှာ 'ငါအသျှင်မြတ်သည် မိမိ၏ ကျေနပ်နှစ်သက်မှုကို အသင်တို့အပေါ်၌ ချပေးတော်မူလိုက်သည်။ ယခုမှစ၍ မည်သည့်အခါမျှ အသင်တို့အား မကျေနပ်မှု ဖြစ်တော့မည်မဟုတ်ပေ' ဟု ဖြစ်သည်။ *[ဘိုခါရီ၊ မွတ်စ္စလင်မ်၊ မဇ္ဇဟရီကျမ်း။]*

ဤဟဒီးစ်တော်တွင် 'ဂျန္နသ်'သုခဘုံသားတို့အား 'အသင်တို့လည်း ကျေနပ်ကြပါသလား'ဟု မေးမြန်းခြင်းခံရကြောင်း လာရှိသည်။ ထို့ပြင် ဤအာယတ်တော်၌ رَضُوا عَنْهُ ဟူ၍ အသိပေးတော်မူထားသည်။ ဆိုလိုသည်မှာ 'ဂျန္နသ်' သုခဘုံသားများသည်လည်း အလ္လာဟ်အသျှင်မြတ်အား ကျေနပ်ကြပေမည်' ဟု ဖြစ်သည်။

ဤနေရာ၌ အပေါ်ယံအားဖြင့်ကြည့်လျှင် မေးခွန်းပေါ်ပေါက်လာသည်မှာ အလ္လာဟ်အသျှင်မြတ်ကိုလည်းကောင်း၊ ထိုအသျှင်မြတ်၏ အမိန့်တော်တိုင်းနှင့် ပြုမူဆောင်ရွက်ချက်တိုင်းကိုလည်းကောင်း၊ ကျေနပ်နှစ်သက်ခြင်းမှာမူ ကျေးကျွန်၏ 'ဖွရဇ်'ဝတ္တရားသာ ဖြစ်ပြီး၊ ကျွန်တစ်ယောက်အဖို့ မရှိမဖြစ် အရေးကြီးသော တာဝန်သာ ဖြစ်သည်။ ဤသည့် ကျေနပ်မှုများမရှိဘဲ မည်သူမျှပင် 'ဂျန္နသ်' သို့ သွားရောက်စံမြန်းရမည် မဟုတ်ပေ။ ဤသို့ဆိုလျှင် ဤနေရာ၌ 'ဂျန္နသ်'သုခဘုံသားတို့၏ ကျေနပ်နှစ်သက်ခြင်း ဆိုသည်ကို တင်ပြခြင်းမှာ မည်သည့်သဘောပါနည်း။

၎င်း၏ အဖြေမှာ رِضَا ကျေနပ်နှစ်သက်ခြင်း၏ အများအတွက် ခြုံငုံသော အဓိပ္ပာယ်အရဆိုလျှင်မူ 'သက္ကဒီးရ်'ကို ကျေနပ်နှစ်သက်ခြင်းသည် ကျေးကျွန်၏ 'ဖွရဇ်'ဝတ္တရားနှင့် 'ဝါဂျိဗ်' အရေးကြီးတာဝန်များအနက်မှ ဖြစ်သည်။ သို့သော် رِضَا ၏ အဓိပ္ပာယ်၌ ယင်းအဓိပ္ပာယ်ထက် ပိုသော အဆင့်တစ်ဆင့်လည်း ရှိသည်။ ၎င်းအဆင့်မှာ 'အလ္လာဟ်အသျှင်မြတ်မှ 'ဗန္ဒာဟ်'လူသားတစ်ဦးအား ၎င်း၏ လိုလားချက်တိုင်းကို ချီးမြှင့်တော်မူခြင်းဖြစ်သည်။ မည်သည့်ရည်ရွယ်ချက်၊ ဆန္ဒနှင့် မျှော်လင့်ချက်ကိုမျှ ကျန်ရှိမနေစေဘဲ ချီးမြှင့်တော်မူခြင်း ဖြစ်သည်။ ဤနေရာ၌ رِضَا ဟူသည် ဤအလိုသဘော၌ပင် ဖြစ်သည်။ ဥပမာ- စူရာဟ် 'သွိုဟာ'၌ တမန်တော်မြတ် ﷺ အတွက် အာယသ်တော်လာရှိသည်မှာ-

وَلَسَوْفَ يُعْطِيكَ رَبُّكَ فَتَرْضَىٰ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ များမကြာမီ အလ္လာဟ်အသျှင်မြတ်သည် အသင့်အား အသင် ကျေနပ် နှစ်သက်သွားသည်အထိ ချီးမြှင့်ပေးသနားတော်မူပေမည်'ဟု ဖြစ်သည်။ ဤနေရာ၌လည်း လိုအင်ဆန္ဒကို အဆုံးအထိ ပြည့်ဝစေခြင်းကို ဆိုလိုသည်။ ထို့ကြောင့် ဤအာယသ်တော် ကျရောက်လာသည့်အပေါ် တမန်တော်မြတ် ﷺ က ဤသို့ဆိုလျှင် ကျွန်ုပ်သည် 'ဂျဟန္နမ်'ငရဲဘုံတွင် မုအ်မင်နံတစ်ဦး ကျန်ရှိနေသည် အထိ ကျေနပ်နှစ်သက်မည် မဟုတ်ပါ'ဟု မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

ذَٰلِكَ لِمَنْ خَشِيَ رَبَّهُ

စူရာဟ်၏ အဆုံးတွင် သာသနာရေးဆိုင်ရာ ကောင်းမြတ်ခြင်းများနှင့် လောကုတ္တရာ၏ ကျေးဇူး တော် စည်းစိမ်သုခများသည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်းအပေါ်၌သာ မူတည်ကြောင်းကို ပြသထားသည်။ **خشيت** ကြောက်ရွံ့ခြင်းဟူသည် ရန်သူတစ်ဦးဦး (သို့) သားရဲတိရစ္ဆာန် (သို့) ဒုက္ခ ရောက်စေမည့် အရာတစ်ခုခုအား သဘာဝအလျောက် ကြောက်ရွံ့ခြင်းကို ဆိုလိုသည်မဟုတ်ဘဲ တစ်စုံတစ်ဦး အပေါ် လေးစားကြည်ညိုမှုသည် အဆုံးစွန်ထိ ရောက်ရှိမှုကြောင့် ပေါ်ပေါက်လာသော ကြောက်ရွံ့မှု မျိုးကို ဆိုလိုခြင်း ဖြစ်သည်။ လူတစ်ဦးသည် လုပ်ရပ်တိုင်းနှင့် အခြေအနေတိုင်းတွင် ထိုအသျှင်မြတ်၏ နှစ်သက်လိုလားမှုကိုသာ ရှေးရှုသူဖြစ်ပြီး မကျေနပ်၊ မနှစ်သက်စရာဟု သံသယရှိသော အရာကို ရှောင်ကြဉ် မှုပြုပါလျှင် ဤသည် လူသားကို 'ပြီးပြည့်စုံစေသော ကျွန်ဖြစ်စေခြင်း' နှင့် လက်ခံတော်မူခြင်း ခံရသူ ဖြစ်အောင် ပြုပေးသောအရာ ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဇိလ်ဇာလိ

မြေငလျင်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

إِذَا زُلْزِلَتِ الْأَرْضُ زِلْزَالَهَا ﴿١﴾ وَأَخْرَجَتِ الْأَرْضُ أَثْقَالَهَا ﴿٢﴾
وَقَالَ الْإِنْسَانُ مَا لَهَا ﴿٣﴾ يَوْمَئِذٍ تُحَدِّثُ أَخْبَارَهَا ﴿٤﴾ بِأَنَّ
رَبَّكَ أَوْحَىٰ لَهَا ﴿٥﴾ يَوْمَئِذٍ يَصْدُرُ النَّاسُ أَشْتَاتًا لِيُرَوْا
أَعْمَالَهُمْ ﴿٦﴾ فَمَنْ يَعْمَلْ مِثْقَالَ ذَرَّةٍ خَيْرًا يَرَهُ ﴿٧﴾ وَمَنْ
يَعْمَلْ مِثْقَالَ ذَرَّةٍ شَرًّا يَرَهُ ﴿٨﴾

၉၉ : ၁ ။ ။ ပထဝီမြေသည် မိမိငလျင်လှုပ်ခြင်း၊ မိမိ သွက်သွက်ခါ တုန်လှုပ်ခြင်းဖြင့် တုန်လှုပ်စေခြင်းကို ခံရလေသောအခါ။

၉၉ : ၂ ။ ။ ၎င်းပြင် ပထဝီမြေသည် မိမိ (အတွင်းရှိ၊ သူသေများ၊ ရွှေ၊ ငွေ၊ ရတနာ အစရှိသော) ဝန်ထုပ်များကို အပြင်သို့ ထုတ်သောအခါ။

၉၉ : ၃ ။ ။ ထို့ပြင် လူက ဤပထဝီမြေ၌ (ယင်းကဲ့သို့ တုန်လှုပ်ရန်) မည်သည့်အကြောင်း ရှိသနည်းဟု ပြောဆိုသောအခါ။

၉၉ : ၄ ။ ။ ထိုနေ့တွင် ယင်းပထဝီမြေသည် မိမိ၏ သတင်းစကားများကို ပြောပြပေမည်။

၉၉ : ၅ ။ ။ အကြောင်းမှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ၎င်းအား (ယင်းသို့ပင်) အမိန့်ထုတ်ပြန်တော်မူခြင်းကြောင့် ဖြစ်ချေမည်။

၉၉ : ၆ ။ ။ ထိုနေ့တွင် လူတို့သည် အုပ်စုအမျိုးမျိုးကွဲလျက် မိမိတို့ ကျင့်မှုချက်တို့ကို ပြသခြင်း ခံခဲ့ကြရရန်အလို့ငှာ ပြန်လာကြပေမည်။ (ထွက်ပေါ်လာကြပေမည်။)

၉၉ : ၇ ။ ။ သို့ဖြစ်ပေရာ မည်သူမဆို တစ်စုံတစ်ရာ ကောင်းမှုကို အဏုမြူခန့်မျှပင် ပြုမူခဲ့သည်ရှိသော်၊ ထိုသူသည် (မိမိကျင့်မှုခဲ့သော) ထိုကောင်းမှုကို မြင်တွေ့ရပေမည်။

၉၉ : ၈ ။ ။ ထို့နည်းတူစွာ မည်သူမဆို တစ်စုံတစ်ရာ မကောင်းမှုကို အဏုမြူခန့်မျှပင် ပြုမူခဲ့ပါလျှင်လည်း ထိုသူသည် (မိမိ ပြုကျင့်ခဲ့သော) ယင်းမကောင်းမှုကို တွေ့မြင်ရမည်သာ ဖြစ်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ပထဝီမြေသည် မိမိ၏ ပြင်းထန်သော လှုပ်ခြင်းဖြင့် တုန်လှုပ်စေခြင်းကို ခံရသောအခါ။ ၎င်းပြင် ပထဝီမြေသည် မိမိ၏ ဝန်ထုတ်များကို အပြင်သို့ ထုတ်လေသောအခါ။ (ဝန်ထုပ်များ ဆိုသည်မှာ မြေအတွင်းမှ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများနှင့် သူသေများ ဖြစ်သည်။ စင်စစ် အချို့ဆင့်ပြန်ချက်များဖြင့် ၎င်း၏ အလျင်ကပင် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများသည် မြေပထဝီမှ အပြင်သို့ ထွက်လာကြောင်း သိရှိရသည်။ သို့သော် 'ကေယာမသ်'မတိုင်မီ အပြင်သို့ ထွက်ပေါ်လာခဲ့သော ရတနာများသည် မြေကြီး များ ပြန်လည်ဖုံးလွှမ်း၍ ဖုံးကွယ်သွားခဲ့ခြင်း ဖြစ်နိုင်သည်။ 'ကေယာမသ်'နေ့တွင် တစ်ဖန်ပြန်လည် ထွက်ပေါ် လာပေမည်။ မြေပထဝီမှ ရတနာများ ထွက်ပေါ်လာခြင်းတွင် ဥစ္စာပစ္စည်းကို လွန်စွာ ချစ်ခင်စုံမက်သူများ မိမိတို့၏ မျက်စိများဖြင့် ပစ္စည်းဥစ္စာများ အချည်းအနှီးဖြစ်သွားသည်ကို မြင်တွေ့စေရန် ဖြစ်ပေမည်။)

ထို့ပြင် (ဤအဖြစ်အပျက်ကို တွေ့မြင်ရပြီး ကာဖိရ်) လူသားက ဤပထဝီမြေသည် မည်သို့ဖြစ်သွားပါသနည်းဟု ပြောဆိုလေသောအခါ (ကမ္ဘာမြေပထဝီသည် ဤသို့ အဘယ်ကြောင့် တုန်ခါနေပါသနည်း။ ရတနာများသည် အပြင်သို့ အဘယ်ကြောင့် ထွက်လာနေပါသနည်း။)

ထိုနေ့တွင် ကမ္ဘာမြေပထဝီသည် မိမိ၏ (အကောင်းအဆိုး) သတင်းများအားလုံးကို ထုတ်ဖော်ပေမည်။ (အကြောင်းမှာ) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ၎င်းအား ဤအမိန့်ကို ထုတ်ပြန်တော်မူခြင်းကြောင့် ဖြစ်ပေမည်။ (သိရ်မေဇီ စသော ကျမ်းများတွင် ၎င်း၏ သဖ်စီးရ်နှင့် စပ်လျဉ်း၍ မရ်ဖူးအ်ဟဒီးစ်၌ လာရှိသည်မှာ 'မည်သူမဆို ကမ္ဘာမြေပထဝီပေါ်၌ အကောင်း၊ (သို့) အဆိုးကို ပြုလုပ်ခဲ့သည့်အတိုင်း ကမ္ဘာမြေပထဝီသည် ထိုအရာများအားလုံးကို ထုတ်ဖော်ပြောကြားပေမည်။ ယင်းမြေပထဝီသည် ၎င်း၏ လုပ်ရပ်များကို သက်သေပြုသူ ဖြစ်ပေမည်'ဟူ၏။) ထိုနေ့တွင် လူတို့သည် အုပ်စုအမျိုးမျိုးကွဲလျက် (စာရင်းစစ်ဆေးခြင်းခံရသော နေရာမှ) ပြန်လာကြပေမည်။ (ဆိုလိုသည်မှာ ထိုသူတို့သည် 'ဟရှရ်'ကွင်းပြင်မှ စာရင်းစစ်ဆေးခြင်း ပြီးဆုံး၍ ပြန်သွားကြမည်ဖြစ်လေရာ ၎င်းတို့အနက် အချို့အုပ်စု

သည် 'ဂျန္နသ်'သုခဘုံသားအဖြစ်လည်းကောင်း၊ အချို့အုပ်စုသည် 'ဂျဟန္နမ်'ငရဲဘုံသားအဖြစ်လည်းကောင်း၊ သတ်မှတ်ခြင်းခံရပြီး 'ဂျန္နသ်'နှင့် 'ဂျဟန္နမ်'ဘက်သို့ အသီးသီး သွားနေကြပေလိမ့်မည်။)

သို့မှသာ မိမိတို့၏ ကျင့်မှုချက်တို့ (၏ အကျိုးရလဒ်) ကို ပြသခြင်းခံရကြရပေမည်။ သို့ဖြစ်ပေရာ မည်သူမဆို (လောကတွင်) တစ်စုံတစ်ရာ ကောင်းမှုကို မြူမှုန့်ခန့်မျှပင် ပြုမူခဲ့သည်ရှိသော် ထိုသူသည် ထိုကောင်းမှုကို တွေ့မြင်ရပေမည်။ တစ်ဖန် မည်သူမဆို (လောကတွင်) မကောင်းမှု တစ်စုံတစ်ရာကို မြူမှုန်ခန့်မျှပင် ပြုမူခဲ့သည်ရှိသော် ထိုသူသည် ထိုမကောင်းမှုကို တွေ့မြင်ရပေမည်။

(ထိုကောင်းမှုနှင့် မကောင်းမှုများ ထိုအချိန်အထိ ရှိနေမည်ဆိုက ဖြစ်သည်။ ဆိုလိုသည်မှာ အကယ်၍ ကောင်းမှုများသည် ကုဖွရ်ကျူးလွန်ခြင်းကြောင့် ပျက်စီးသွားပြီး ဖြစ်လျှင်လည်းကောင်း၊ (သို့) အီမာန် သက်ဝင်ယုံကြည်ခြင်းနှင့် 'သောင်ဗာဟ်' ပြုခြင်းတို့၏ အကြောင်းခံဖြင့် ခွင့်လွှတ်ခံရပြီး ဖြစ်လျှင်လည်း ကောင်း အကျိုးဝင်တော့မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုပျက်စီးသွားပြီးဖြစ်သော ကောင်းမှု သည် ကောင်းမှုအဖြစ် မရှိတော့ခြင်းနှင့် ခွင့်လွှတ်ခြင်းခံရပြီးသော အပြစ်ဒုစရိုက်နှင့် မကောင်းမှုတို့သည် မကောင်းမှုအဖြစ် မရှိတော့ခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် 'ဟရှရ်'ကွင်းပြင်တွင် ထိုအရာများသည် ရှေ့တော်သို့ ရောက်ရှိလာမည် မဟုတ်ပေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اِذَا زُلْزِلَتِ الْاَرْضُ زِلْزَالَهَا

ဤနေရာတွင် ကွဲလွဲမှုရှိသည်မှာ ဤအာယသ်တော်၌ ပြင်းထန်သော မြေငလျင် တုန်လှုပ်ခြင်း ဟု လာရှိထားရာ ထိုငလျင်သည် ပထမ 'ဆူရ်' တံပိုးမမှုတ်မီ လောကတွင် ဖြစ်ပေါ်လာမည့် မြေငလျင် ဖြစ်ပေမည်လော။ 'ကေယာမသ်' ၏ နိမိတ်လက္ခဏာများတွင် ထိုငလျင်အကြောင်းလည်း လာရှိထားသည်။ (သို့) ထိုမြေငလျင်သည် ဒုတိယ 'ဆူရ်'တံပိုးကို မှုတ်ပြီးနောက် သူသေများသည် အသက်ရှင်၍ မြေကြီး အတွင်းမှ ထကြမည့်အချိန်၏ မြေငလျင်ကို ဆိုလိုသည်လော။ ဆင့်ပြန်ချက်များနှင့် အဖွင့်ပညာရှင်တို့၏ အဆိုများတွင် ကွဲလွဲမှုရှိသည်။ ဤနေရာတွင်လည်း မြေငလျင် လှုပ်ခတ်ခြင်း အကြိမ်ကြိမ် ဖြစ်ပေါ်မည် ဆိုလျှင်လည်း မည်သို့မျှ မမှားနိုင်ပေ။ တစ်ကြိမ်သည် ပထမ 'ဆူရ်'တံပိုး မမှုတ်မီဖြစ်ပေါ်မည် ဖြစ်ပြီး ဒုတိယအကြိမ်မှာ ဒုတိယ 'ဆူရ်'တံပိုးမှုတ်ပြီးနောက် သူသေများ ရှင်ပြန်ထသော အချိန်၌ ဖြစ်ပေမည်။ ဤနေရာ၌ ဤဒုတိယမြေငလျင်ကိုပင် ဆိုလိုသည်။ ထို့ပြင် ဤစူရာဟ်၌ 'ကေယာမသ်'၏ စာရင်းအင်း စစ်ဆေးသော အခြေအနေများကို တင်ပြထားခြင်းသည် ဤမြေငလျင်တုန်လှုပ်ခြင်းမှာ ဒုတိယ 'ဆူရ်'တံပိုး မှုတ်ပြီးနောက်မှ ဖြစ်ပေါ်မည့် မြေငလျင်ဖြစ်ကြောင်းအပေါ် အထောက်အထားပင် ဖြစ်ပေသည်။

[မဇ္ဖဟရီကျမ်း]

وَأَخْرَجَتِ الْأَرْضُ أَثْقَالَهَا

တမန်တော်မြတ် ﷺ သည် ဤမြေငလျင်လှုပ်ခြင်းနှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူသည်မှာ ကမ္ဘာမြေပထဝီသည် မိမိ၏ အသည်းနှလုံး အပိုင်းအစများကို ရွှေတုံးကြီးများကဲ့သို့သော အတုံးများကို အန်ထုတ်ပေမည်။ ထိုအခါ ဥစ္စာပစ္စည်းအတွက် တစ်စုံတစ်ဦးကို သတ်ဖြတ်ခဲ့သူတစ်ဦးသည် ထိုအချင်းအရာကို တွေ့မြင်လျက် 'ဤအရာများသည်ကား ကျွန်ုပ် ဤအရာများအတွက် ဤမျှ ကြီးမားသော အပြစ်ကို ကျူးလွန်မိခဲ့သော အရာများပင် ဖြစ်သည်' ဟု ပြောဆိုပေမည်။ ထို့ပြင် ဥစ္စာပစ္စည်းအတွက် မိမိ၏ ဆွေမျိုးသားချင်းများကို အဆက်အသွယ်ဖြတ်ခဲ့သူက 'ဤအရာများမှာ ကျွန်ုပ်သည် ဤအရာများအတွက် ဤမည်သော အပြစ်ကို ကျူးလွန်မိခဲ့သော အရာများဖြစ်သည်' ဟု ပြောဆိုပေမည်။ ခိုးဝှက်မှုဖြင့် လက်ဖြတ်ခြင်း ခံခဲ့ရသော သူခိုးက ဤအရာများကို တွေ့မြင်ပြီး ပြောဆိုမည်မှာ ဤအရာများအတွက် ကျွန်ုပ်သည် မိမိ၏ လက်ကို ဖြတ်တောက်ခြင်းခံခဲ့ရသည်' ဟု ဖြစ်သည်။ ထို့နောက် ထိုရွှေများဘက်သို့ မည်သူမျှ အာရုံပြုကြတော့ မည်မဟုတ်ပေ။' *[မွတ်စ္စလင်မ်ကျမ်း]*

فَمَن يَعْمَلْ مِثْقَالَ ذَرَّةٍ خَيْرًا يَرَهُ

ဤအာယသ်တော်မှ ကောင်းမှုဆိုသည်မှာ ရှရီအသ်တရားတော်အရ အတည်ဖြစ်သော ကောင်းမှုကို ဆိုလိုသည်။ အီမာန်နှင့်တကွ ဖြစ်ရမည်ဟု ဆိုလိုသည်။ အီမာန်မရှိဘဲလျက် ကောင်းမှုတစ်ခုခုသည် အလ္လာဟ် အသျှင်မြတ်ထံတော်၌ ကောင်းမှု မဖြစ်ပေ။ တမလွန်တွင် ဤသို့ 'ကုဖွရ်'ဘဝ၌ ပြုလုပ်ခဲ့သော ကောင်းမှုများမှာ မည်သို့မျှ အတည်မဖြစ်ပေ။ လောက၌ ထိုကောင်းမှုအတွက် တစ်စုံတစ်ရာကို အစားပေးခြင်း ခံရပေမည်'ဟု ဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်တွင် 'စိတ်နှလုံးသားတွင် မြူမှုန်ခန့်မျှ အီမာန်ရှိသူဖြစ်မည်ဆိုလျှင် ထိုသူသည် နောက်ဆုံးတွင် 'ဂျဟန္နမ်'အပယ်ငရဲဘုံမှ ထုတ်ယူခြင်း ခံရပေမည်အကြောင်းကို ညွှန်းဆိုပြသထားသည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်၏ ကတိတော်နှင့်အညီ ထိုသူ့အဖို့ မိမိ၏ ကောင်းမှုများ၏ အကျိုးရလဒ်ကို မုချ မြင်တွေ့ရမည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

အကယ်၍ မည်သည့်ကောင်းမှုမျှ မရှိဟုဆိုလျှင် အီမာန်ဟူသော ကောင်းမှုသည်ပင် ၄င်းသူအတွက် အလွန်ကြီးမားသော 'ကောင်းမှု' ဖြစ်ပေသည်။ ထို့ကြောင့် မုအ်မင်နံတစ်ဦးသည် မည်မျှပင် အပြစ်ဒုစရိုက်များ ကျူးလွန်ထားသည်ပင်ဖြစ်စေ၊ အမြဲထာဝရ 'ဂျဟန္နမ်'၌ နေရမည်မဟုတ်ပေ။ သို့သော် ကာဖိရ်တစ်ဦးသည် လောက၌ ကောင်းမှုကုသိုလ်အချို့ကို ပြုလုပ်ခဲ့သည် ရှိသော်လည်း 'ကုသိုလ်ကောင်းမှု၏ စည်းကမ်းချက်' ဖြစ်သော အီမာန်သက်ဝင်ယုံကြည်မှု မရှိသည့်အတွက် တမလွန်တွင် ထိုသူ၏ မည်သည့်ကောင်းမှုသည်မျှ ကောင်းမှုအဖြစ် ရှိမည်မဟုတ်ပေ။

وَمَن يَعْمَلْ مِثْقَالَ ذَرَّةٍ شَرًّا يَرَهُ

မိမိ၏ ဘဝသက်တမ်းတွင် 'သောင်ဗာဟ်'မပြုခဲ့သော မကောင်းမှုကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် 'သောင်ဗာဟ်' ပြုခြင်းဖြင့် ခွင့်လွှတ်မှု ရရှိကြောင်းသည် ကုရ်အာန်နှင့် ဟဒီးစ်တော်များတွင်

အတိအလင်း လာရှိထားသောကြောင့် ဖြစ်သည်။ သို့ရာတွင် ကြီးမားသော အပြစ်ဖြစ်စေ၊ သေးငယ်သော အပြစ် ဖြစ်စေ၊ 'သောင်ဗာဟ်'ပြုလုပ်ခြင်း မရှိခဲ့သော အပြစ်ဖြစ်လျှင် ထိုအပြစ်သည် မုချဧကန် ရှေ့တော်မှောက်သို့ သွင်းခံရပေမည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ဟဇရတ်စွိဒ်ဒီးကဟ်အာအေရှာဟ် ؓ သခင်မအား အသင်မသည် သေးငယ်သည်၊ (သို့) သိမ်ငယ်သည်ဟု ယူဆသော အပြစ်ဒုစရိုက်များမှလည်း အပြည့်အဝ အထူးရှောင်ကြဉ်ပါ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဤသေးငယ်သည့် အပြစ်များအပေါ်၌လည်း အရေးယူတော်မူလေ့ ရှိသောကြောင့် ဖြစ်သည်။'

[နစာအီကျမ်း၊ အိဗ်နေမာဂျာဟ်ကျမ်း။]

ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်နိမတ်စ်အူးဒ် ؓ ခင်က မိန့်သည်မှာ 'ဤအာယသ်တော်သည် ကုရ်အာန်၏ အခိုင်မာဆုံးနှင့် ပြည့်စုံကုံလုံသော အာယသ်တော်တစ်ပါး ဖြစ်သည်။ ထို့ပြင် ဟဇရတ်အနတ်စ် ؓ ၏ ရှည်လျားသော ဟဒီးစ်တော်တစ်ပါးတွင် လာရှိသည်မှာ တမန်တော်မြတ် ﷺ သည် ဤအာယသ်တော်ကို

الفا ذة الجامعة

ဟု မိန့်ကြားတော်မူခဲ့သည်။ ဆိုလိုသည်မှာ 'အထူးခြားဆုံးသော အာယသ်တော်နှင့် ပြည့်စုံကုံလုံမှု ရှိသော အာယသ်တော်ဖြစ်သည်' ဟူ၏။

ဟဇရတ်အနတ်စ် ؓ သခင်နှင့် ဟဇရတ်အိဗ်နေအဗ္ဗားစ် ؓ သခင်တို့ ဆင့်ပြန်သော ဟဒီးစ်တော်၌ လာရှိသည်။ တမန်တော်မြတ် ﷺ က 'စူရာဟ် اِذَازُلْزِلَتِ الْاَرْضُ ကို ကုရ်အာန်၏ တစ်ဝက်ဟုလည်းကောင်း၊ قُلْ يَاَيُّهَا الْكَافِرُوْنَ ကို ကုရ်အာန်၏ သုံးပုံတစ်ပုံဟုလည်းကောင်း၊ قُلْ هُوَاللّٰهُ اَحَدٌ ကို ကုရ်အာန်၏ လေးပုံတစ်ပုံဟုလည်းကောင်း မိန့်ကြားတော်မူခဲ့သည်။ *[သိရ်မေဇီ၊ ဗဂဝီ၊ မဇ္ဇဟရီး။]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်အာဒိယာသ်

အာဇာနည်မြင်းများ ကဏ္ဍ

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَالْعَادِيَاتِ ضَبْحًا ﴿١﴾ فَالْمُورِيَاتِ قَدْحًا ﴿٢﴾ فَالْمُغِيرَاتِ صُبْحًا ﴿٣﴾
فَأَثَرْنَ بِهِ نَقْعًا ﴿٤﴾ فَوَسَطْنَ بِهِ جَمْعًا ﴿٥﴾ إِنَّ الْإِنسَانَ لِرَبِّهِ
لَكَنُودٌ ﴿٦﴾ وَإِنَّهُ عَلَىٰ ذَٰلِكَ لَشَهِيدٌ ﴿٧﴾ وَإِنَّهُ لِحُبِّ الْخَيْرِ لَشَدِيدٌ ﴿٨﴾
أَفَلَا يَعْلَمُ إِذَا بُعْثِرَ مَا فِي الْقُبُورِ ﴿٩﴾ وَحُصِّلَ مَا فِي الصُّدُورِ ﴿١٠﴾
إِنَّ رَبَّهُم بِهِمْ يَوْمَئِذٍ لَّخَبِيرٌ ﴿١١﴾

၁၀၀ း ၁ ။ ။ (ငါအသျှင်မြတ်သည်) မောဟိုက်သံနှင့်တကွ လျင်မြန်စွာ ပြေးကြသော တိုက်မြင်းများကို သက်သေထူတော်မူ၏။

၁၀၀ း ၂ ။ ။ တစ်ဖန် (ငါအသျှင်မြတ်သည် မိမိတို့၏ ခွာများဖြင့် ကျောက်ခဲများကို) ရိုက်ခတ်ခြင်းအားဖြင့် မီးပွားများ ထွက်စေကြသော မြင်းများကို သက်သေထူတော်မူ၏။

၁၀၀ း ၃ ။ ။ တစ်ဖန် (ငါအသျှင်မြတ်သည်) ထိုနံနက်မိုးသောက်ချိန်၌ (ရန်သူများအား) ဝင်ရောက်တိုက်ခိုက်ကြသော မြင်းများကို သက်သေထူတော်မူ၏။

၁၀၀ း ၄ ။ ။ တစ်ဖန် (ငါအသျှင်မြတ်သည်) ထိုနံနက်မိုးသောက်ချိန်၌ ဖုံများကို ထောင်းထောင်းထစေကြသော မြင်းများကို သက်သေထူတော်မူ၏။

၁၀၀ : ၅ ။ ။ တစ်ဖန် (ငါအသျှင်မြတ်သည် ရန်သူများ၏) အုပ်စုအလယ်သို့ တစ်ရှိန်တည်း ထိုးဖောက်ဝင်ရောက်ကြသော မြင်းများကို သက်သေထူတော်မူ၏။

၁၀၀ : ၆ ။ ။ ကေန်မလွဲ လူသည် မိမိကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ကျေးဇူးကန်းသူ ဖြစ်၏။

၁၀၀ : ၇ ။ ။ ထို့ပြင် ထိုသူသည် ဤကျေးဇူးကန်းမှုနှင့် စပ်လျဉ်း၍ မိမိကိုယ်တိုင်ပင် သက်သေဖြစ်၏။

၁၀၀ : ၈ ။ ။ ထို့ပြင် ထိုသူသည် ဥစ္စာပစ္စည်းကို ခုံမင်စုံမက်ရာ၌ အလွန်စိတ်ထက်သန်သူ (ပြင်းထန်သူ) ဖြစ်၏။ (ထိုလူသည် ဥစ္စာပစ္စည်းကို အလွန်ခုံမင်သည့်အတွက် အလွန်စေးနှဲသူ ဖြစ်၏။)

၁၀၀ : ၉ ။ ။ အကြင် ('ကေယာမသ်'ဖြစ်သော) အခါတွင် သင်္ချိုင်းများအတွင်း၌ ရှိကြကုန်သော သူတို့သည် (ထိုသင်္ချိုင်းများကို မှောက်လှန်၍) ထုတ်ဖော်ခြင်းခံကြရမည်ကို ထိုသူသည် မသိကြလေသလော။

၁၀၀ : ၁၀ ။ ။ ၎င်းပြင် စိတ်နှလုံးများအတွင်း၌ ရှိသော လျှို့ဝှက်ချက်များသည် ထင်ရှားစေခြင်း ခံကြရမည်ကိုလည်း ထိုသူ (မသိလေသလော။)

၁၀၀ : ၁၁ ။ ။ ကေန်မလွဲ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ထိုနေ့တွင် ၎င်းတို့နှင့် ပတ်သက်၍ အလုံးစုံတို့ကို ကောင်းစွာ သိမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် မောဟိုက်သံနှင့် လျင်မြန်စွာ ပြေးကြသော မြင်းများကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

တစ်ဖန် (ကျောက်ခဲများအပေါ်၌) ခွာများဖြင့် ရိုက်ခတ်၍ မီးပွားထွက်စေကြသော မြင်းများကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

တစ်ဖန် ငါအသျှင်မြတ်သည် နံနက်မိုးသောက်ချိန်၌ ရန်သူများအား တိုက်ခိုက်ကြသော မြင်းများကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

တစ်ဖန် ငါအသျှင်မြတ်သည် ထိုနံနက်မိုးသောက်ချိန်၌ ဖုံများကို ထောင်းထောင်းထစေသော မြင်းများကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

တစ်ဖန် ငါအသျှင်မြတ်သည် ထိုနံနက်မိုးသောက်ချိန်၌ (ရန်သူများ၏) အုပ်စုအတွင်းသို့ ထိုးဖောက်ဝင်ရောက်ကြသော မြင်းများကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။

(ဤမြင်းများသည် စစ်တိုက်ရာ၌ အသုံးပြုသော စစ်မြင်းများကို ဆိုလိုသည်။ 'ဂျီဟားဒ်'အတွက် ဖြစ်စေ၊ 'ဂျီဟားဒ်'မဟုတ်သော ကိစ္စအတွက်ဖြစ်စေ အသုံးပြုသော မြင်းများကို ဆိုလိုသည်။ အာရဗ်တို့ သည် တိုက်ခိုက်ခြင်းနှင့် စစ်ပွဲများကို ဝါသနာထုံကြသည်။ စစ်ပွဲများအတွက် စစ်မြင်းများကို မွေးမြူလေ့ ရှိကြသည်။ ထိုအကြောင်းနှင့် ဆက်နွယ်လျက် ၎င်းတို့၏ စစ်မြင်းများကို တိုင်တည်သက်သေထူလျက် 'ကစမ်'ကျိန်ဆိုတော်မူခြင်းဖြစ်သည်။ ရှေ့တွင် 'ကစမ်'ကျိန်ဆိုတင်ပြအပ်သည့် အကြောင်းအရာကို တင်ပြ သည်မှာ) စင်စစ်မလွဲ (ကာဖိရ်) လူသားသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို လွန်စွာ ကျေးဇူးကန်းသူ ဖြစ်သည်။

ထို့ပြင် လူသားသည် ဤကျေးဇူးကန်းမှုနှင့် စပ်လျဉ်း၍ မိမိကိုယ်တိုင် သိရှိသူဖြစ်သည်။ (တစ်ခါ တစ်ရံ အစကနဦးမှပင် သိရှိပြီး တစ်ခါတစ်ရံ၌မူ အနည်းငယ်ကြာပြီးနောက် လေးနက်စွာ စဉ်းစားပြီးမှ မိမိ၏ ကျေးဇူးကန်းမှုကို သိရှိခြင်းဖြစ်သည်။)

ထို့ပြင် ထိုသူသည် ဥစ္စာပစ္စည်းကို ခုံမင်ရာ၌ အလွန် စိတ်ဓါတ်ပြင်းထန်သူ ဖြစ်သည်။ (ဤသည်ပင် ထိုလူသားအား ကျေးဇူးကန်းစေခြင်း၏ အကြောင်းခံဖြစ်ပေသည်။ ရှေ့တွင် ဥစ္စာပစ္စည်းအပေါ် ချစ်ခင် စုံမက်ခြင်းနှင့် ကျေးဇူးကန်းခြင်းတို့အပေါ် သတိပေး နိူးဆော်ထားသည်မှာ) 'ကဗ်ရ်သင်္ချိုင်းများအတွင်း၌ ရှိကြသည်တို့ကို ရှင်စေလျက် ထုတ်ဖော်ခြင်း ခံရမည်ဖြစ်သောအခါ ထိုအချိန်ကို ထိုသူ မသိရှိလေသလော)

ထို့ပြင် စိတ်နှလုံးသားများ၌ ရှိသည်တို့ကို ဖော်ထုတ်ခြင်းခံရမည့် အချိန်ကို ထိုသူ မသိလေသလော။ မလွဲစင်စစ် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ထိုနေ့တွင် ၎င်းတို့နှင့် ပတ်သက်၍ အလုံးစုံတို့ကို သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

(ထို့နောက် သင့်တော်သည့် အပြစ်ဒဏ်ကို ပေးတော်မူပေမည်။ ဆိုလိုသည်မှာ အကယ်၍ လူသား သည် လောက၌ ရှိနေစဉ်ကာလတွင် ထိုအချိန်၏ ဖြစ်အင်များအကြောင်း အပြည့်အဝ သိရှိခဲ့ပါလျှင် တမလွန်၏ အခြေအနေကို သိရှိပြီး မိမိ၏ ကျေးဇူးကန်းခြင်းနှင့် ဥစ္စာပစ္စည်းအပေါ် ချစ်ခင်စုံမက်ခြင်း တို့ကို စွန့်လွှတ်ပေလိမ့်မည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

စူရာဟ်အာဒိယားသ်သည် ဟဇရသ်အိဗ်နေမတ်စ်အူးဒ် ؓ သခင်၊ ဟဇရသ်ဂျာဗိရ် ؓ သခင်၊ ဟစန်ဗဆွရီ (ရဟ)၊ အိက်ရမဟ် (ရဟ) နှင့် အသွာအ် (ရဟ) တို့ထံတွင် 'မက္ကီ' (မက္ကာဟ်မြို့၌ ကျရောက် သော စူရာဟ်) ဖြစ်သည်။ အိဗ်နေအဗ္ဗားစ် ؓ သခင်၊ အနတ်စ် ؓ သခင်၊ အေမာမ်မာလိက် (ရဟ) နှင့် ကသာဒဟ် (ရဟ) တို့ထံတွင် 'မဒနီ' (မဒီနာ၌ ကျရောက်သော စူရာဟ်) ဟု ဖြစ်သည်။ / *ကုရ်သုဗီးကျမ်း* /

ဤစူရာဟ်တွင် အလ္လာဟ်အသျှင်မြတ်သည် စစ်မြင်းများ၏ အချို့ထူးခြားချက်များနှင့် ဂုဏ်ရည် တို့ကို တင်ပြ မိန့်ကြားထားတော်မူသည်။ ထို့ပြင် ထိုစစ်မြင်းများကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုလျက်

မိန့်ကြားတော်မူသည်မှာ 'လူသားသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်ကို လွန်စွာ ကျေးဇူးကန်းသူဖြစ်သည်' ဟူ၏။ ဤအကြောင်းကိုမူ ကုရ်အာန်ကျမ်းတော်မြတ်၌ အကြိမ်ကြိမ် သိရှိခဲ့ရပြီးဖြစ်သည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အဖန်ဆင်းခံများအနက် အရာများစွာတို့ကို 'ကစမ်' ကျိန်ဆိုလျက် အထူးဖြစ်ရပ်များနှင့် အမိန့်တော်များကို တင်ပြတော်မူခြင်း ဖြစ်သည်ဟူသော အချက်သာလျှင် ဖြစ်၏။

ဤသည်မှာ အလ္လာဟ်အသျှင်မြတ်အတွက် အထူးလုပ်ပိုင်ခွင့်ဖြစ်ပြီး လူသားများအဖို့ မည်သည့် အဖန်ဆင်းခံကိုမျှ တိုင်တည်၍ 'ကစမ်' ကျိန်ဆိုခြင်း မပိုင်ပေ။ ထို့ပြင် 'ကစမ်' ကျိန်ဆိုသည့် ရည်ရွယ်ချက်မှာ အခြားသော 'ကစမ်' များကဲ့သို့ မိမိ၏ စကားကို မှန်ကန်တိကျကြောင်းနှင့် ယုံကြည်ထိုက်ကြောင်း ပြသခြင်းပင် ဖြစ်သည်။ ဤအကြောင်းသည်လည်း လာရှိခဲ့ပြီးဖြစ်သည်မှာ ကုရ်အန်ကျမ်းတော်မြတ်သည် အရာတစ်ခုခုကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုပြီး အကြောင်းအရာတစ်ခုခုကို တင်ပြမိန့်ကြားသည့်အခါ ထိုကျိန်ဆိုသော အရာကို ဤအကြောင်းအရာ၏ အထောက်အထားအဖြစ် ပါဝင်စေသည်။ ထိုအရာသည် ဤအကြောင်းအရာကို သက်သေပြုပေးသည်။ ဤနေရာတွင် စစ်မြင်းများ၏ ကြီးမားများပြားသော အကျိုးဆောင်မှုတို့ကို 'လူသားသည် အလွန်ပင် ကျေးဇူးကန်းသူဖြစ်သည်' ဟူကြောင်းကို သက်သေပြုရန်အတွက် ထည့်သွင်းဖော်ပြထားသည်။

၎င်း၏ ရှင်းလင်းချက်မှာ မြင်များ အထူးသဖြင့် စစ်မြင်းများ၏ အခြေအနေများအပေါ် စူးစမ်းလေ့လာကြည့်မည်ဆိုလျှင် ထိုစစ်မြင်းတို့သည် စစ်မြေပြင်တွင် မိမိတို့၏ အသက်စည်းစိမ်ကို အန္တရာယ်အတွင်း၌ ထည့်၍ အဘယ်မျှ ကြီးမားသော အကျိုးဆောင်မှုများကို လူသား၏ အမိန့်နှင့် အရိပ်အမြွက် ပြသခြင်းအပေါ် လိုက်နာဆောင်ရွက်နေကြပါသနည်း။ စင်စစ် လူသားသည် ထိုမြင်းများကို ဖန်ဆင်းခဲ့သူ မဟုတ်ပါချေ။ ထိုမြင်းများကို ကျွေးမွေးနေသည့် မြက်နှင့် အသီးအနှံများမှာလည်း ထိုလူသား ဖန်ဆင်းထားသည့် အရာများ မဟုတ်ပါချေ။ လူသား၏ အလုပ်မှာ အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းထားတော်မူသည့် ရိဇ္ဇိရိက္ခာများကို မြင်းများထံ ပို့ဆောင်ပေးရသော အကြောင်းခံတစ်ခုမျှသာ ဖြစ်သည်။ ယခု မြင်းများကို ကြည့်မည်ဆိုလျှင် ထိုမြင်းများသည် လူသား၏ ဤမျှသာဖြစ်သော ကျေးဇူးကို အဘယ်မျှ နားလည်သည်၊ အဘယ်မျှ လက်ခံသည်ဟူ၍ ထိုလူသား၏ မပြောပလောက်သော အရိပ်အမြွက်ပြသခြင်းအပေါ်၌ပင် မိမိ၏ အသက်ကိုပင် အန္တရာယ်အတွင်း၌ ထည့်သွင်းလိုက်ကြသည်။

ထို့ပြင် အလွန်တရာ ပြင်းထန်သော ဒုက္ခများကို ခံယူကြသည်။ ထိုမြင်းနှင့် ဆန့်ကျင်ဘက်တွင်ရှိသော လူသားကို ကြည့်မည်ဆိုလျှင် ထိုလူသားအား အလ္လာဟ်အသျှင်မြတ်သည် ယုတ်ညံ့သော အရည်တစ်စက်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ထိုလူသားကို မြောက်မြားစွာသော အလုပ်များအပေါ် လုပ်နိုင်စွမ်းကို ချီးမြှင့်တော်မူထားသည်။ ၎င်းတို့၏ စားဖွယ်၊ သောက်ဖွယ်ဟူသမျှကို ဖန်ဆင်းပေးထားတော်မူသည်။ ၎င်းတို့၏ လိုအပ်ချက်ဟူသရွေ့ကို အဘယ်မျှ လွယ်ကူအောင် ပြု၍ ၎င်းတို့ထံ ရောက်ရှိစေခြင်းမှာ ဦးနှောက်နှင့် လိုက်မမီနိုင်အောင်ပင် ဖြစ်သည်။ သို့ရာတွင် လူသားသည် ထိုကဲ့သို့သော ပြည့်ဝစုံလင်၍ အမြင့်ဆုံးဖြစ်သော ကျေးဇူးတော်များအပေါ် ကျေးဇူးသိခြင်း မရှိခဲ့ပေ။ ယခု အာယသ်တော်၏ ရှင်းလင်းချက်ကို ကြည့်ပါလေ။

عاديات သည် **عَدْو** ဟူသော စာလုံးမှ ဆင်းသက်လာပြီး ၎င်း၏ အဓိပ္ပာယ်မှာ 'ပြေးလွှားခြင်း' ဟု ဖြစ်သည်။

ضَبْحًا ၏ အဓိပ္ပာယ်သည် 'မြင်းပြေးသည့်အခါ ၎င်းမြင်း၏ ရင်ဘတ်မှ ထွက်ပေါ်လာသော အသံ' ကို ခေါ်ဆိုခြင်းဖြစ်သည်။

مُورِيَات သည် **إيراء** ဟူသော စာလုံးမှ ဆင်းသက်လာခြင်းဖြစ်ပြီး ၎င်း၏ အဓိပ္ပာယ်မှာ 'မီးပွားထွက်စေခြင်း' ဟု ဖြစ်သည်။ ဥပမာ– မီးပွားထွက်စေသော ကျောက်နှင့်ဖြစ်စေ၊ မီးခြစ်နှင့်ဖြစ်စေ၊ ပွတ်တိုက်ခြင်းဖြင့်ဖြစ်စေ မီးထွက်စေခြင်း ဖြစ်သည်။

قَدْحًا ၏ အဓိပ္ပာယ်မှာ 'ခွာဖြင့် ရိုက်ခတ်ခြင်း' ဟု ဖြစ်သည်။ ကျောက်ခဲထူပြောသော မြေပြင်တွင် မြင်းသည် အရှိန်အဟုန်ပြင်းစွာ ပြေးလွှားခြင်းကြောင့် အထူးသဖြင့် ၎င်းမြင်း၏ ခြေတွင် သံခွာရှိပါက ၎င်းသံခွာဖြင့် ရိုက်ခတ်မှုကြောင့် မီးပွားများ ထွက်လာတတ်သည်။

مُغِيرَات သည် **إغارة** ဟူသော စာလုံးမှ ဆင်းသက်လာပြီး 'ရန်မူတိုက်ခိုက်ခြင်း' ဟု ဖြစ်သည်။

صُبْحًا (နံနက်အချိန်) ဤသည်ကို အာရဗ်တို့၏ အလေ့အထအပေါ် အခြေခံ၍ အထူးတင်ပြချက်ဖြင့် ဖော်ပြထားခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အရဗ်တို့သည် ရဲစွမ်းသတ္တိကို ထုတ်ဖော်ရန်အတွက် ည၏ အမှောင်၌ တိုက်ခိုက်ခြင်းကို သိက္ခာကျစရာဟု ယူဆကြပြီး တိုက်ခိုက်ခြင်းကို နံနက်မိုးသောက်ပြီးမှသာ ပြုလေ့ ရှိကြသောကြောင့် ဖြစ်သည်။

أَثَرْنَ သည် **إثارت** ဟူသော စာလုံးမှဆင်းသက်လာပြီး 'ဖုန်မှုန့်များ ထောင်းထောင်း ထစေခြင်း' ဟူသည့် အဓိပ္ပာယ်၌ ဖြစ်သည်။ **نقع** သည် ဖုန်မှုန့်ကို ခေါ်ဆိုသည်။ အလိုသဘောမှာ ဤစစ်မြင်းများသည် ကွင်းပြင်တွင် အရှိန်အဟုန်ပြင်းစွာ ပြေးလွှားကြသည်မှာ ၎င်းတို့၏ ခွာများဖြင့် ဖုန်မှုန့်များကို ထောင်းထောင်းထစေပြီး ဖုံးလွှမ်းသွားစေခဲ့သည်ဟူ၏။ အထူးသဖြင့် နံနက်မိုးသောက်ချိန်၌ ဖုန်မှုန့်များ လွင့်ပျံစေခြင်းမှာ အလွန်လျင်မြန်စွာ ပြေးလွှားကြောင်းကို ဖော်ညွှန်းခြင်းဖြစ်သည်။ အကြောင်းမှာ ဤအချိန်သည် သဘာဝအလျောက် ဖုန်များလွင့်ပျံသော အချိန်မဟုတ်သောကြောင့် ဖြစ်သည်။ အပြင်းအထန် ပြေးလွှားခြင်းကြောင့်သာ ဤအချိန်၌ ဖုန်များ လွင့်ပျံခြင်း ဖြစ်သည်။

فَوَسَطْنَ بِهِ جَمْعًا

ဆိုလိုသည်မှာ 'ဤမြင်းများသည် ရန်သူတို့၏ အတန်းအုပ်စုအတွင်းသို့ မကြောက်မရွံ့ တိုးဝင်သွားကြသည်' ဟု ဖြစ်သည်။

كَنُوْدٌ ၏ အဓိပ္ပာယ်နှင့် စပ်လျဉ်း၍ ဟစန်ဗဆွရီ (ရဟ) က မိန့်ဆိုသည်မှာ 'ဒုက္ခများကိုမှ သတိရပြီး စည်းစိမ်သုခ ကျေးဇူးတော်များကို မေ့ပစ်ခဲ့သူကို كَنُوْدٌ ဟု ခေါ်ဆိုသည်' ဟူ၏။ အဘူဗကရ်ဝါစဿိ (ရဟ) သခင်က 'အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော် စည်းစိမ်သုခများကို မိမိ၏ မကောင်းမှုလုပ်ရပ်များ၌ သုံးစွဲသူကို كَنُوْدٌ ဟု ခေါ်ဆိုကြောင်း မိန့်ခဲ့သည်။ အေမာမ်သိရ်မေဇီ (ရဟ) က မိန့်ဆိုသည်မှာ 'ကျေးဇူးတော်စည်းစိမ်သုခများကို ကြည့်ရှုပြီး ကျေးဇူးတော် စည်းစိမ်သုခများ ပေးသနားတော်မူသော အသျှင်မြတ်ကို မတွေ့မမြင်၊ မသိသူကို كَنُوْدٌ ဟု ခေါ်ဆိုသည်' ဟူ၏။ ဤအဆိုအားလုံး၏ အချုပ်မှာ 'ကျေးဇူးတော်များကို ကျေးဇူးကန်းခြင်း'ပင် ဖြစ်သည်။ ဤအတွက်ကြောင့်ပင် كَنُوْدٌ ၏ အဓိပ္ပာယ်ကို 'ကျေးဇူးကန်းခြင်း'ဟု ဘာသာပြန်ဆို တင်ပြထားခြင်း ဖြစ်သည်။

وَاِنَّهٗ لِحُبِّ الْخَيْرِ لَشَدِيْدٌ

خَيْر ၏ အဓိပ္ပာယ်မှာ 'ကောင်းမြတ်ခြင်းဟူသရွေ့'ဟု ဖြစ်သည်။ အာရဗ်တွင် ဥစ္စာပစ္စည်းကိုလည်း خَيْر ဟူသော စာလုံးဖြင့် သုံးနှုန်းလေ့ရှိသည်။ ဥစ္စာပစ္စည်းသည် ကောင်းမြတ်ခြင်းတကာ့ ကောင်းမြတ်ခြင်းနှင့် အကျိုးအမြတ်တကာ့ အကျိုးအမြတ်ဟု ဖြစ်သည်။ စင်စစ် အချို့သော ဥစ္စာပစ္စည်းများသည် လူသားကို မရေမတွက်နိုင်သော ဒုက္ခများတွင် နစ်မွန်းစေသည်။ တမလွန်၌မူ 'ဟရာမ်'ဖြစ်သော ဥစ္စာပစ္စည်းဟူသရွေ့သည် ဤရလဒ်ကိုပင် ဖြစ်ပေါ်စေမည်။

တစ်ခါတစ်ရံလောက၌လည်း ဥစ္စာပစ္စည်းသည် လူသားအဖို့ ဆိုးကျိုးဖြစ်သွားတတ်သည်။ သို့ရာတွင် အာရဗ်တို့၏ ဝေါဟာရနှင့်အညီ ဤအာယသ်တော်၌ ဥစ္စာပစ္စည်းကို ကောင်းမြတ်ခြင်းဟုသာ ကောက်ယူထားသည်။ ဥပမာ- အခြားအာယသ်တော်တစ်ပါးတွင် اِنْ تَرَكَ خَيْرًا ဟု မိန့်ကြားထားသကဲ့သို့ ဖြစ်သည်။ ယင်းနေရာ၌လည်း خَيْر သည် ဥစ္စာပစ္စည်းကိုပင် ဆိုလိုသည်။

ဖော်ပြပါအာယသ်တော်တွင် စစ်မြင်းများကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုပြီး လူသားနှင့် စပ်လျဉ်းသော အချက်နှစ်ချက်ကို တင်ပြထားသည်။

(၁) လူသားသည် ကျေးဇူးကန်းသူဖြစ်သည်။ ဒုက္ခများကိုသာ မြင်တတ်ပြီး စည်းစိမ်သုခများနှင့် ကျေးဇူးတရားတို့ကို မြင်တတ်သူမဟုတ်။
(၂) ထိုလူသားသည် ဥစ္စာပစ္စည်းကို ပြင်းပြစွာ ခင်တွယ်သူ ဖြစ်သည်။

ဤအချက်နှစ်ချက်သည် တရားတော်အရဖြစ်စေ၊ ဦးနှောက်အတွေးအခေါ်အရဖြစ်စေ ပြစ်ချက်များပင် ဖြစ်သည်။ ဤအာယသ်တော်များမှ လူသားအား ဤပြစ်ချက်ဖြစ်သော အကျင့်စရိုက်များ ရှိခြင်းအပေါ် သတိပေးနှိုးဆော်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ကျေးဇူးကန်းခြင်းသည် ပြစ်ချက်ဖြစ်ကြောင်း

မှာမူ ထင်ရှားသည်။ ဥစ္စာပစ္စည်းအပေါ် ချစ်ခင်ခြင်းကို ပြစ်ချက်ဟု သတ်မှတ်ထားရာတွင်မူ ထိုဥစ္စာပစ္စည်းသည် စင်စစ် လူ့ဘဝ လိုအပ်ချက်များအတွက် အဓိကကျသော အရာဖြစ်သည်။ ဥစ္စာပစ္စည်း ရှာဖွေခြင်းကို ရှရီအသ်တရားတော်သည် 'ဟလာလ်'ဟုသာ သတ်မှတ်ပြဋ္ဌာန်းသည် မဟုတ်ဘဲ လိုအပ်သမျှ ရှာဖွေရန် 'ဖွရ်ဇ်'အဖြစ် သတ်မှတ်ထားသည်။ သို့ဖြစ်ပေရာ ဥစ္စာပစ္စည်းအား ချစ်ခင်စုံမက်ခြင်းသည် ပြစ်ချက်ဖြစ်ရခြင်းမှာ ပြင်းထန်စွာ ချစ်ခင်သော အရည်အချင်းကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဥစ္စာပစ္စည်းကို ချစ်ခင်စုံမက်ရာ၌ 'ဟရာမ်'၊ 'ဟလာလ်'ကိုပင် ဂရုမမူတော့ဘဲ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို မေ့လျော့သွားခြင်းဖြစ်သည်။ ဥစ္စာပစ္စည်းကို လိုအပ်ချက်ရှိသမျှ ရှာဖွေစုဆောင်းခြင်းမှာမူ ပြစ်ချက်မဟုတ်ပေ။ ထိုမျှမက 'ဖွရ်ဇ်'ပင် ဖြစ်သည်။ သို့သော် ဥစ္စာပစ္စည်းအပေါ် ချစ်ခင်ခြင်းမှာ ပြစ်ချက် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ချစ်ခင်ခြင်းသည် နှလုံးသားနှင့် ပတ်သက်ဆက်နွယ်သောကြောင့် ဖြစ်သည်။

အချုပ်ဆိုရပါလျှင် ဥစ္စာပစ္စည်းကို လိုအပ်ချက်ရှိသမျှ ရှာဖွေခြင်းနှင့် ထိုဥစ္စာပစ္စည်းဖြင့် အလုပ်ယူခြင်း၊ သုံးစွဲခြင်းမှာမူ 'ဖွရ်ဇ်'လုပ်ရပ်တစ်ခုနှင့် နှစ်သက်ဖွယ်လုပ်ရပ်တစ်ခု ဖြစ်သည်။ သို့သော် စိတ်နှလုံးသား၌ ထိုဥစ္စာပစ္စည်းအပေါ် ဓာကပ် ချစ်ခင်ခြင်းမှာ ပြစ်ချက်ဖြစ်သည်။ ဥပမာ- လူသည် အပေါ့၊ အလေး သွားခြင်း ဟူသော လိုအပ်ချက်ကို ဖြည့်ဆည်းရသည်။ ထိုအရာများ ပြုခြင်းကို ဂရုတစိုက်လည်း ပြုရသည်။ သို့ရာတွင် လူသားသည် စိတ်နှလုံးသား၌ ထိုအရာတို့ကို ချစ်ခင်စွဲလန်းခြင်းမရှိပေ။ ရောဂါဖြစ်သည့်အခါ ဆေးကိုလည်း သုံးစွဲရသည်။ ခွဲစိတ်ခြင်းလည်း ပြုကြရသည်။ သို့ရာတွင် ထိုအရာများကို ချစ်ခြင်းကား မရှိပေ။ ထိုမျှသာမက မလွှဲမရှောင် ပြုရသော အဆင့်သာ ဖြစ်သည်။ ဤနည်းအတိုင်းပင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် မုအ်မင်န်တစ်ဦးအဖို့ ဖြစ်ရမည်မှာ လိုအပ်ချက်ရှိသမျှသော ဥစ္စာပစ္စည်းကို ရှာဖွေမှုလည်း ပြု၍ ထိုသစ္စာပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်မှုလည်း ပြုရမည်။ လိုအပ်ချက်ဖြစ်သော နေရာများ၌ ထိုဥစ္စာပစ္စည်းဖြင့် သုံးစွဲမှုလည်း ပြုရမည်။ သို့ရာတွင် စိတ်တွင် ထိုဥစ္စာပစ္စည်းနှင့် ရောယှက်ခြင်း မဖြစ်စေရ' ဟု ဖြစ်သည်။

မောင်လာနာရူမီ (ရဟ) က အလွန်ပြည့်စုံစွာ မိန့်ဆိုထားသည်မှာ-

آب اندرزیرکشتی پشتی است — آب درکشتی هلاک کشتی است

ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ 'ရေသည် လှေ၏ အောက်၌ ရှိနေသမျှ လှေ၏ ကူညီပံ့ပိုးသူဖြစ်သည်။ သို့သော် ဤရေသည်ပင် လှေ၏ အတွင်း၌ ရောက်ရှိလာပါလျှင် လှေကို နစ်မြုပ်စေလိုက်သည်' ဟူ၏

اَفَلَا يَعْلَمُ اِذَا بُعْثِرَ مَا فِى الْقُبُوْرِ (الاٰية)

ဤမေ့လျော့နေသော လူသားအဖို့ 'ကေယာမသ်'နေ့တွင် သေသူများသည် 'ကဗရ်'သင်္ချိုင်းများမှ ရှင်ပြန်ထကြရမည့်အကြောင်းနှင့် စိတ်နှလုံးသားများတွင် လျှို့ဝှက်ဖုံးကွယ်နေသော အရာအားလုံးသည်လည်း ထင်ရှားစွာ ရှေ့မှောက်တွင် ရောက်ရှိလာမည့် အကြောင်းတို့ကို မသိရှိလေသလော။ ထို့ပြင် လောက

အပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ထိုအခြေအနေအားလုံးကို အကြွင်းမဲ့ သိရှိတော်မူကြောင်းကိုလည်း သိရှိပြီးဖြစ်သည်။ သို့ဖြစ်ပေရာ ထိုအသျှင်မြတ်သည် ဤသို့ သိရှိတော်မူသည့်အတိုင်း ကောင်းကျိုးကုသိုလ်နှင့် ဆိုးကျိုးအပြစ်ဒဏ်များ ပေးတော်မူပေမည်။ ထို့ကြောင့် အသိဉာဏ်ရှိသူသည် ကျေးဇူးကန်းခြင်းကို စွန့်လွှတ်ရမည်ဖြစ်သည်။ ထို့နောက် ဥစ္စာပစ္စည်းအပေါ် ချစ်ခင်စုံမက်ခြင်းနှင့် စပ်လျဉ်း၍ အကောင်းနှင့် အဆိုးကို မခွဲခြားနိုင်သည်အထိ နစ်မွန်းခြင်း မဖြစ်စေရပေ။

အကျိုးအာ နိသင်

ဤအာယသ်တော်၌ ပြစ်ချက်ဖြစ်သော အချက်နှစ်ချက်ကို လူသားအားလုံး၏ အကျင့်စရိုက်ဟူ၍ တင်ပြထားသည်။ စင်စစ် လူသားများတွင် နဗီတမန်တော်များ၊ သူတော်စင်များနှင့် ကောင်းမြတ်သော ဗန္ဒာဟ်လူသားများသည် ဤပြစ်ချက်ဖြစ်သော အကျင့်စရိုက်များမှ ကင်းရှင်းလျက် ကျေးဇူးတရား သိတတ်သူများ ဖြစ်ကြသည်။ ဥစ္စာပစ္စည်းများကို အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲရန် အသင့် ရှိကြသည်။ 'ဟရာမ်'ဖြစ်သော ဥစ္စာပစ္စည်းကို ရှောင်ကြဉ်ကြသည်။ လူသားဟူသရွေ့ကို ခြုံငုံ၍ ထိုပြစ်ချက်ရှိသော အကျင့်စရိုက်များရှိကြောင်း တင်ပြရခြင်းအကြောင်းမှာ အများစုလူသားတို့သည် ဤအတိုင်းဖြစ်ကြသောကြောင့်ပင် ဖြစ်သည်။ ထိုသို့ဆိုခြင်းကြောင့် အားလုံးသည် ဤအတိုင်းပင် ဖြစ်သည်ဟု မမှတ်ယူရပေ။ ထို့ကြောင့် အချို့ပညာရှင်များက ဤအာယသ်တော်မှ လူသားဟူသည်ကို ကာဖိရ်လူသား ဖြစ်သည်ဟု ဆိုကြသည်။ အထက်၌ တင်ပြခဲ့ပြီးဖြစ်သည့် အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ ဤအတိုင်းပင် တင်ပြခဲ့သည်။

အချုပ်ဆိုရသော် ဤပြစ်ချက်ဖြစ်သော အကျင့်စရိုက်နှစ်မျိုးသည် စင်စစ် ကာဖိရ်လူသား၏ အကျင့်စရိုက်များဖြစ်သည်။ အကယ်၍ မွတ်စ္စလင်မ်တစ်ဦးဦး၌ ဤအကျင့်စရိုက်များ ရှိနေပါလျှင် ထိုသူ့အဖို့ ဤအချက်များကို ပြုပြင်ရန် သောကထားရပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ကာရိအဟ်

ကြီးလေးသော ဘေးဥပါဒ် (တီးခေါက်သောအရာ) ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اَلْقَارِعَةُ ۝١ مَا الْقَارِعَةُ ۝٢ وَمَآ اَدْرٰىكَ مَا الْقَارِعَةُ ۝٣
يَوْمَ يَكُوْنُ النَّاسُ كَالْفَرَاشِ الْمَبْثُوْثِ ۝٤ وَتَكُوْنُ الْجِبَالُ
كَالْعِهْنِ الْمَنْفُوْشِ ۝٥ فَاَمَّا مَنْ ثَقُلَتْ مَوَازِيْنُهٗ ۝٦ فَهُوَ
فِيْ عِيْشَةٍ رَّاضِيَةٍ ۝٧ وَاَمَّا مَنْ خَفَّتْ مَوَازِيْنُهٗ ۝٨ فَاُمُّهٗ
هَاوِيَةٌ ۝٩ وَمَآ اَدْرٰىكَ مَا هِيَهْ ۝١٠ نَارٌ حَامِيَةٌ ۝١١

၁၀၁ : ၁ ။ ။ ထိုဘေးကြီးဆိုက်ရောက်ခြင်းသည် (ထိုတီးခေါက်သော အရာသည်။)

၁၀၁ : ၂ ။ ။ ထိုဘေးကြီးဆိုက်ရောက်ခြင်းသည် (ထိုတီးခေါက်သော အရာသည်) မည်သည့်အရာနည်း။

၁၀၁ : ၃ ။ ။ စင်စစ် ထိုဘေးကြီး ဆိုက်ရောက်ခြင်းဟူသည် (ထိုတီးခေါက်သော အရာဟူသည်) မည်သည့်အရာ ဖြစ်သည်ကို အသင်သိပါသလော။

၁၀၁ : ၄ ။ ။ အကြင်နေ့တွင် လူတို့သည် ပြန့်ကြဲလျက် ရှိကြသော ပိုးဖလံများကဲ့သို့ ဖြစ်ကြပေမည်။

၁၀၁ : ၅ ။ ။ ထို့ပြင် တောင်များသည် ဖတ်ပြီး အရောင်ဆိုးထားသော သိုးမွေးများကဲ့သို့ ဖြစ်ကြပေမည်။

၁၀၁ : ၆ ။ ။ ထိုအခါ အကြင်သူ၏ ချိန်စက်ခြင်းခံရသော (ကောင်းမှု) များသည် အချိန်စီးခဲ့ပါမူ။

၁၀၁ : ၇ ။ ။ ထိုသူသည် စိတ်တိုင်းကျ စည်းစိမ်၌ (မွေ့လျော်စွာ) ရှိပေမည်။

၁၀၁ : ၈ ။ ။ သို့ရာတွင် အကြင်သူ၏ ချိန်စက်ခြင်းခံရသော (ကောင်းမှု) များသည် (အချိန်မစီးဘဲ) ပေါ့၍ နေသည် ရှိသော်။

၁၀၁ : ၉ ။ ။ ထိုသူ၏ နေထိုင်ရာဌာနမှာ နက်ရှိုင်းသော ငရဲတွင်းပင် ဖြစ်ပေမည်။

၁၀၁ : ၁၀ ။ ။ စင်စစ် ထိုငရဲတွင်းဟူသည် အဘယ်နည်းဟု အသင် သိပါသလော။

၁၀၁ : ၁၁ ။ ။ (ထိုငရဲတွင်းမှာ) အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော (ငရဲ) မီးပင် ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုတီးခေါက်သောအရာ။ ထိုတီးခေါက်သော အရာသည် မည်သည့်အရာပါနည်း။ ထိုတီးခေါက်သော အရာသည် မည်သည့်အရာဖြစ်သည်ကို အသင် သိပါသလား။ (ထိုအရာမှာ စိတ်နှလုံးများကို ကြောက်ရွံ့ တုန်လှုပ်စေခြင်းဖြင့်လည်းကောင်း၊ နားများကို ပြင်းထန်သော အသံများဖြင့်လည်းကောင်း၊ တီးခေါက်ခြင်း ပြုမည့် 'ကေယာမသ်'နေ့ကို ဆိုလိုပေသည်။ ဤသည့် တီးခေါက်ခြင်းသည် 'ကေယာမသ်' နေ့၌ ဖြစ်ပေါ်ပေလိမ့်မည်။)

ထိုနေ့တွင် လူတို့သည် ပြန့်ကျဲလျက် ရှိကြသော ပိုးဖလံများကဲ့သို့ ဖြစ်ကြပေမည်။ (ပိုးဖလံများနှင့် ခိုင်းနှိုင်းရခြင်းမှာ အချို့သော ဆက်စပ် ပတ်သက်မှုများကြောင့် ဖြစ်သည်။

(၁) အလွန် များပြားမှု၌ တူညီမှုရှိ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့ခေတ်ဦး လူသားများနှင့် ကမ္ဘာ့နှောင်းခေတ် လူသားအားလုံးတို့သည် ကွင်းပြင်တစ်ခုတည်း၌ စုရုံးကြရပေမည်။

(၂) အားအင်ချည့်နဲ့မှု၌ တူညီမှုရှိ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူသားအားလုံးသည် ထိုအချိန်တွင် ပိုးဖလံများကဲ့သို့ အားအင်ချည့်နဲ့သူများ ဖြစ်ကြပေမည်။ ဤအရည်အချင်း နှစ်မျိုးမှာမူ 'ဟရှရ်'ကွင်းပြင်ရှိ လူသားအားလုံးတွင် ရှိကြပေမည်။

(၃) ဆောက်တည်ရာမရ ဖြစ်ကြပေမည်။ ဟိုဘက်သည်ဘက် ပြေးလွှားလျက် ပိုးဖလံများကို မြင်တွေ့ကြရသကဲ့သို့ မတည်မငြိမ် ဖြစ်ကြပေမည်။ ဤအခြေအနေသည် စစ်မှန်သော မုအ်မင်န်များအပေါ် ဖြစ်မည်မဟုတ်ပေ။ ထိုမုအ်မင်န်တို့သည် မိမိတို့၏ 'ကဗရ်'များမှ တည်ငြိမ်အေးချမ်းစွာ ထကြပေလိမ့်မည်။)

ထို့ပြင် တောင်များသည် ဖတ်ပြီး အရောင်ဆိုးထားသော သိုးမွေးများကဲ့သို့ ဖြစ်သွားကြပေမည်။

(عِهْن သည် အရောင်ဆိုးထားသော သိုးမွေးများကို ခေါ်ဆိုသည်။ တောင်တို့၏ အရောင်များသည် အမျိုးမျိုးဖြစ်ကြပေမည်။ ထိုတောင်အားလုံးသည် လွင့်ပျံမျောပါလျက် ရှိကြပေမည်။ တောင်များသည် အရောင်မျိုးစုံရှိသော သိုးမွေးများကဲ့သို့ ဖြစ်ကြပေမည်။ ထိုနေ့တွင် လူသားတို့ ပြုမူကျင့်ဆောင်ခဲ့သည်များသည် ချိန်စက်ခြင်း ခံကြရပေမည်။)

သို့ဖြစ်ပေရာ အကြင်သူ၏ ချိန်စက်ခြင်းခံရသော (အီမာန်) သည် အချိန်စီးခဲ့ပါမူ (မုအ်မင်န်သက်ဝင်ယုံကြည်သူကို ဆိုလိုသည်။) ထိုသူသည် စိတ်တိုင်းကျ စည်းစိမ်သုခ၌ ရှိပေမည်။

သို့ရာတွင် အကြင်သူ၏ ချိန်စက်ခြင်းခံရသော (အီမာန်) ပေါ့နေခဲ့ပါမူ (ကာဖိရ်ကို ဆိုလိုသည်) ထိုသူ၏ နေထိုင်ရာဌာနမှာ 'ဟာဝိယဟ်' ၌ ဖြစ်ပေမည်။

ထို 'ဟာဝိယဟ်'သည် မည်သည့်အရာဖြစ်သည်ကို အသင် သိပါသလော။ ထို ('ဟာဝိယဟ်' ဟူသော) အရာသည် တစ်ဟုန်းဟုန်း တောက်လောင်လျက်ရှိသော မီးပင် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤစူရာဟ်တွင် ပြုမူဆောင်ရွက်ချက် ကျင့်စဉ်များကို ချိန်စက်ခြင်းနှင့် ၎င်းတို့၏ ပေါ့ခြင်း၊ လေးခြင်းတို့အပေါ် 'ဂျဟန္နမ်'အပယ်ငရဲနှင့် 'ဂျန္နသ်'သုခဘုံ ရရှိမည့်အကြောင်း တင်ပြထားသည်။ 'အအ်မာလ်'ကျင့်စဉ်များကို ချိန်စက်ခြင်းအကြောင်း ဆန်းစစ်မှု အပြည့်အစုံနှင့် သံသယများ၊ စောဒကများနှင့် ယင်းသံသယစောဒကတို့၏ အဖြေများကို စူရာဟ် 'အအ်ရားဖ်' (မအာရိဖ်၊ အတွဲ (၈)၊ စာ (၁၃၉ မှ ၁၄၈ အထိ) တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ထိုနေရာ၌ ရေးသားထားသည်များတွင် 'ဟဒီးစ်ဆင့်ပြန်ချက်များနှင့် အာယသ်တော်များအား ဆက်စပ် သုံးသပ်ချက်များအရ သိရှိရသည်မှာ 'အအ်မာလ်' ကျင့်စဉ်ကျင့်ရပ်များအား ချိန်စက်ခြင်းသည် နှစ်ကြိမ်တိုင် ဖြစ်ပေမည်။ တစ်ကြိမ်သည် မုအ်မင်န်နှင့် ကာဖိရ်တို့ကို ခွဲခြားသော ချိန်စက်ခြင်းဖြစ်မည်။ မုအ်မင်န်၏ ချိန်ခွင်ခွက်သည် အချိန်စီးပြီး ကာဖိရ်၏ ချိန်ခွင်ခွက်မှာ ပေါ့နေပေမည်။ တစ်ဖန် မုအ်မင်န်တို့၏ ကောင်းမှုနှင့် မကောင်းမှုများကို ခွဲခြားရန်အတွက် ဒုတိယအကြိမ် ချိန်စက်ခြင်း ပြုပေဦးမည်ဟူသော အကြောင်းအရာကိုလည်း ရေးသားတင်ပြခဲ့ပြီး ဖြစ်သည်။

ဤစူရာဟ်တွင် တင်ပြထားသော ချိန်စက်ခြင်းဟူသည် ပထမချိန်တွယ်ခြင်းကို ဆိုလိုသည်။ ဤချိန်တွယ်ရာ၌ မုအ်မင်န်တို့၏ ချိန်ခွင်သည် အီမာန်ရှိခြင်းကြောင့် အချိန်စီးပေမည်။ ၎င်း၏ 'အမလ်' ကျင့်စဉ် မည်မျှပင် နည်းပါးသည်ဖြစ်စေ အချိန်စီး နေပေမည်။ ကာဖိရ်တို့၏ ချိန်ခွင်မှာ အီမာန်မရှိခြင်းကြောင့် ၎င်းတို့သည် တစ်စုံတစ်ရာ ကောင်းမှုများ ပြုခဲ့ကြလျှင်လည်း ပေါ့၍ နေပေမည်။

သဖ်စီးရ်မဇ္ဇဟရီကျမ်း၌ လာရှိသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် များသောအားဖြင့် ဆိုးကျိုးပြစ်ဒဏ်နှင့် ကောင်းကျိုးကုသိုလ်များကို ပေးမည်ဟူ၍ တင်ပြထားရာတွင် ကာဖိရ်များနှင့် ယှဉ်၍ နောက်တစ်ဖက်၌ တင်ပြခံရသူ မုအ်မင်န်ဟူသည် သူမွန်သူမြတ်၊ ပြည့်ဝမှန်ကန်သော မုအ်မင်န်များ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပြည့်ဝ၍ စစ်မှန်သော မုအ်မင်န်များမှာ ထိုသူများပင် ဖြစ်သည်' ဟူ၏။

ထို့ပြင် ကောင်းမှုများနှင့် အတူမကောင်းမှုများကိုပါ ရော၍ ကျင့်ဆောင်ခဲ့ကြသူများနှင့် စပ်လျဉ်း၍မူ ကုရ်အာန်ကျမ်းတော်မြတ်သည် မည်သို့မျှ ဖော်ပြမိန့်ကြားထားခြင်း မရှိပေ။

ထို့ပြင် ဤအာယသ်တော်များတွင် မှတ်သားဖွယ်ဖြစ်သည့် အချက်မှာ 'ကေယာမသ်' နေ့တွင် လူသားတို့၏ ပြုမူဆောင်ရွက်ချက် ကျင့်စဉ်များသည် ချိန်တွယ်ခြင်း ခံရပေမည်။ ရေတွက်ခြင်း ခံရမည် မဟုတ်ပေ။

ထို့ပြင် 'အမလ်'ပြုမူဆောင်ရွက် ချက် ကျင့်စဉ်တို့၏ အချိန်စီးခြင်းသည် 'အိခ်လားစ်' စိတ်ထားမှန်ကန်မှုနှင့် 'စွန္နသ်'တော်နှင့် ကိုက်ညီသည်နှင့်အမျှ တိုးပွား အချိန်စီးမှုရှိမည်။ 'အိခ်လားစ်' စိတ်ထားမှန်ကန်မှုရှိပြီး စွန္နသ်နှင့် ကိုက်ညီမှုလည်း အပြည့်အဝရှိသူ၏ 'အမလ်'ကျင့်စဉ်တို့၏ အရေအတွက် နည်းပါးလျှင်လည်း သူသည် နမာဇ်၊ ရိုဇာဟ်၊ 'ဇွဒ်ကာဟ်'၊ 'ခိုင်ရားသ်'၊ 'ဟဂ်ျ' နှင့် 'အွမ္မရဟ်'များပြားစွာ ပြုလုပ်ခဲ့သော်လည်း 'အိခ်လားစ်'တွင် လျော့နည်း၍လည်းကောင်း၊ (သို့) စွန္နသ်နှင့် ကိုက်ညီမှု နည်းပါး၍လည်းကောင်း ပြုသူထက် ကုသိုလ်တွင် ပို၍ တိုးပွားများပြားပေမည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်သကာဆုရ်

ဥစ္စာကြွယ်ဝခြင်းကဏ္ဍ

بِسْمِ ٱللَّهِ ٱلرَّحْمَٰنِ ٱلرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

أَلْهَىٰكُمُ ٱلتَّكَاثُرُ ① حَتَّىٰ زُرْتُمُ ٱلْمَقَابِرَ ② كَلَّا سَوْفَ
تَعْلَمُونَ ③ ثُمَّ كَلَّا سَوْفَ تَعْلَمُونَ ④ كَلَّا لَوْ تَعْلَمُونَ عِلْمَ
ٱلْيَقِينِ ⑤ لَتَرَوُنَّ ٱلْجَحِيمَ ⑥ ثُمَّ لَتَرَوُنَّهَا عَيْنَ ٱلْيَقِينِ ⑦
ثُمَّ لَتُسْـَٔلُنَّ يَوْمَئِذٍ عَنِ ٱلنَّعِيمِ ⑧

၁၀၂ : ၁ ။ ။ (ဥစ္စာပစ္စည်း၊ သားသမီး အစရှိသော လောကီစည်းစိမ်) ပေါများကြွယ်ဝမှုများနှင့် စပ်လျဉ်း၍ (လောဘ ရမ္မက်) ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်မှုသည် အသင်တို့အား (တမလွန်ဘဝကို) လစ်လျူရှု (မေ့လျော့) ပေါ့တန်စေခဲ့၏။

၁၀၂ : ၂ ။ ။ (နောက်ဆုံးတွင်) အသင်တို့သည် သင်္ချိုင်းများကို တွေ့မြင်ခဲ့ကြရလေသည်။ (တစ်နည်း သင်္ချိုင်းများသို့ ရောက်ရှိသွားကြရလေသည်။)

၁၀၂ : ၃ ။ ။ သတိပြုကြလေကုန်။ အသင်တို့သည် မကြာမီပင် သိရှိကြပေမည်။ (တစ်နည်း ဤသည်တို့မှာ ဂရုစိုက်၊ ဂုဏ်ယူသင့်သော အရာများ မဟုတ်သည့်အပြင်၊ တမလွန်ဘဝသည်လည်း လစ်လျူရှု ငြင်းပယ်သင့်သေ အရာ) အလျှဉ်းမဟုတ်။ အသင်တို့သည် မကြာမြင့်မီ သိရှိကြပေမည်။

၁၀၂ : ၄ ။ ။ တစ်ဖန် (အလျှဉ်းမဟုတ်။) သတိပြုကြလေကုန်။ အသင်တို့သည် မကြာမီပင် သိရှိကြပေမည်။

၁၀၂ : ၅ ။ ။ (အလျှဉ်းမဟုတ်။) အကယ်၍သာ အသင်တို့သည် တပ်အပ်သေချာစွာ သိခြင်း (မျိုး) အားဖြင့် သိရှိကြသည်ရှိသော် အလျှဉ်း (လစ်လျူရှု၍ ပေါ့တန်ကြမည်) မဟုတ်ပေ။

၁၀၂ း ၆ ။ ။ (အလ္လာဟ်၏ 'ကစမ်') ကေန်မလွဲ အသင်တို့သည် 'ဂျဟန္နမ်'ငရဲဘုံကို တွေ့မြင်ကြပေမည်။

၁၀၂ း ၇ ။ ။ ထို့နောက် (တစ်ဖန် အလ္လာဟ်အသျှင်မြတ်၏ 'ကစမ်') ကေန်မလွဲ အသင်တို့သည် ယင်း 'ဂျဟန္နမ်' ငရဲဘုံကို မျက်မြင်တွေ့မြင်ကြပေမည်။

၁၀၂ း ၈ ။ ။ ထို့နောက် အသင်တို့သည် (အလုံးစုံသော) စည်းစိမ်များနှင့် စပ်လျဉ်း၍ ကေန်မုချ (အမှန်ပင်) စစ်ဆေးမေးမြန်းခြင်းကို ခံကြရမည် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(လောကီရေးစည်းစိမ်သုခများအပေါ်) ဂုဏ်မောက်ခြင်းသည် အသင်တို့အဖို့ (တမလွန်ကို) မေ့လျော့စေခဲ့သည်။ နောက်ဆုံးတွင် အသင်တို့သည် သင်္ချိုင်းများသို့ ရောက်ရှိသွားရလေသည်။

(ဆိုလိုသည်မှာ သေဆုံးသွားရလေသည်ဟု ဖြစ်သည်။ သဖ်စီးရ် အိဗ်နေကစီးရ်ကျမ်းတွင် မရ်ဖူးအ် ဆင့်ပြန်ချက်ဖြင့် ဤအတိုင်း ဆင့်ပြန်ထားသည်။) ဤသို့ အလျဉ်းမဟုတ်ပေ။ (လောကီရေး စည်းစိမ်ဥစ္စာ ပေါကြွယ်ဝခြင်းသည်လည်း ဂုဏ်မောက်ထိုက်ဖွယ် မဟုတ်ပေ။ တမလွန်သည်လည်း မေ့လျော့ဖွယ် အရာ မဟုတ်ပေ။ ထို့ပြင်) အသင်တို့သည် မကြာမြင့်မီပင် သိရှိကြပေမည်။

တစ်ဖန် ဤသို့ အလျဉ်းမဟုတ်ပေ။ အသင်တို့သည် မကြာမြင့်မီပင် သိရှိကြပေမည်။ ဤသို့ အလျဉ်း မဟုတ်ပေ။ အကယ်၍ အသင်တို့သည် တပ်အပ်သေချာ သိခြင်းမျိုးဖြင့် သိရှိကြသော် ဤသို့ လစ်လျူရှုကြမည် မဟုတ်။

(ဆိုလိုသည်မှာ မှန်ကန်တိကျသော အထောက်အထားများအပေါ် စဉ်းစားဆင်ခြင်လျက် အာရုံပြု အသုံးချခဲ့ပြီး ထိုအရာများအပေါ် ယုံကြည်ချက် ရရှိလာပါက ထိုလောကီစည်းစိမ်များအပေါ် ဂုဏ်မောက် ခြင်းနှင့် တမလွန်အား မေ့လျော့ထားရှိခြင်းပြုမည် မဟုတ်ပေ။)

အလ္လာဟ်အသျှင်မြတ်၏ 'ကစမ်'၊ အသင်တို့သည် 'ဂျဟန္နမ်'ငရဲဘုံကို မုချ တွေ့မြင်ကြရပေမည်။ တစ်ဖန် (ထပ်မံ၍ မိန့်ကြားခြင်းမှာ လေးနက်စေရန် ဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်၏ 'ကစမ်'၊ ယင်း 'ဂျဟန္နမ်'ငရဲဘုံကို မျက်မြင်ဒိဋ္ဌ တွေ့မြင်ကြပေမည်။ (ဤတွေ့မြင်ခြင်းသည် ယုံကြည်မှုရရှိရာ၌ တစ်ခါတစ်ရံ ကြာမြင့်မှုလည်း ဖြစ်တတ်သော အထောက်အထားများကို ကြည့်ရှုသုံးသပ်ခြင်း၏ လမ်းကြောင်းဖြင့် မဟုတ်သည့်အပြင် ဤတွေ့မြင်ခြင်းသည် မျက်စိများဖြင့် မြင်တွေ့ခြင်းသာ ဖြစ်ပေမည်။

အချုပ်မှာ မိမိ၏ မျက်စိများဖြင့် တွေ့မြင်ခြင်းကိုပင် عين اليقين ဟူသော စာလုံးဖြင့် သုံးနှုန်း မိန့်ကြားထားသည်။) တစ်ဖန် ထိုနေ့တွင် အသင်တို့သည် စည်းစိမ်သုခဟူသရွေ့နှင့် စပ်လျဉ်း၍ မုချ စစ်ဆေးခြင်း ခံရပေမည်။

(အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်တော်မူထားသည့် စည်းစိမ်များ၏ တာဝန်ဝတ္တရားများကို အီမာန် နှင့် နာခံမှုတို့နှင့်အညီ လိုက်နာသည်။ မလိုက်နာသည်ကို စစ်ဆေးမည်ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

اَلْهٰكُمُ التَّكَاثُرُ

تكاثر သည် **كثرت** ဟူသည့် စာလုံးမှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'ဥစ္စာပစ္စည်းများကို အလွန် စုဆောင်းခြင်း' ဟု ဖြစ်သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ နှင့် ဟဇရသ်ဟစန်ဗဆွရီ (ရဟ) တို့က ဤစာလုံးကို ဤအတိုင်းပင် ဖွင့်ဆိုခဲ့သည်။ ဤစာလုံးသည် 'ဂုဏ်မောက်ခြင်း' ဟူသော အဓိပ္ပာယ်အတွက်လည်း သုံးနှုန်းခြင်းပြုကြသည်။ ဟဇရသ်ကသာဒဟ် (ရဟ) သည် ဤအတိုင်း ဖွင့်ဆိုသည်။ ဟဇရသ် အိဗ်နေအဗ္ဗားစ် ﷺ သခင်တို့၏ ဆင့်ပြန်ချက်တစ်ရပ်တွင် တမန်တော်မြတ် ﷺ သည်

اَلْهٰكُمُ التَّكَا ثُرُ

ကို ဖတ်၍ 'ဤအာယသ်တော်သည် ဥစ္စာပစ္စည်းကို မပိုင်သောနည်းဖြင့် ရှာဖွေရယူခြင်းနှင့် ဥစ္စာပစ္စည်းအပေါ် 'ဖွရဒ်' တာဝန်ဟူ၍ အလ္လာဟ်အသျှင်မြတ်က သတ်မှတ်တော်မူခြင်းအပေါ် မသုံးစွဲခြင်းကို ဆိုလိုသည်' ဟု မိန့်ကြားတော်မူခဲ့သည်' ဟု ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

حَتّٰى زُرْتُمُ الْمَقَابِرَ

ဤနေရာ၌ **زيارت مقابر** ၏ အလိုသဘောမှာ 'သေဆုံးပြီးနောက် 'ကဗရ်' သို့ ရောက်ရှိသွားခြင်း' ကို ဆိုလိုသည်။ မရ်ဖူးအ်ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်က

حَتّٰى زُرْتُمُ الْمَقَابِرَ

၏ သဖ်စီးရ်ဖွင့်ဆိုရာတွင် **حَتّٰى يَاْتِيَكُمُ الْمَوْتُ** (အသင်တို့အပေါ် သေခြင်းတရား ဆိုက်ရောက်လာမည့်အခါ) ဟု ဖွင့်ဆို မိန့်ကြားတော်မူခဲ့သည်။ *[အိဗ်နေကစီးရ်]*

ထို့ကြောင့် အာယသ်တော်၏ အလိုသဘောမှာ 'အသင်တို့အဖို့ ဥစ္စာပစ္စည်း များပြားခြင်း၊ (သို့) သားသမီးများနှင့် မျိုးနွယ်အုပ်စု များပြားခြင်းတို့အပေါ် ဂုဏ်မောက်ခြင်းသည် မေ့လျော့ခြင်း၌ ရောက်ရှိစေသော အရာများ ဖြစ်သည်။ မိမိ၏ နိဂုံးရလဒ်နှင့် တမလွန်၌ စာရင်းစစ်ဆေးခြင်းခံရမည်တို့ကို သောက မထားကြသည်မှာ နောက်ဆုံး ဤအခြေအနေ၌ပင် သေခြင်းတရား ဆိုက်ရောက်လာသည်အထိ ဖြစ်သွားရလေသည်။ ထိုတမလွန်တွင် 'အဇားဗ်' အပြစ်ဒဏ်ခံစားရခြင်း၌ ဖမ်းဆီးခြင်းခံရပေမည်' ဟု ဖြစ်သည်။

ဤမိန့်ကြားခြင်းသည် ဥစ္စာပစ္စည်းနှင့် သားသမီးများ၏ ချစ်ခင်မှု (သို့) အခြားသူများအပေါ် မိမိ၏ ကြီးမြတ်မှုနှင့် ဂုဏ်မောက်ခြင်းပြုရာတွင် မိမိ၏ နိဂုံးရလဒ်ကို စဉ်းစား အာရုံမထားနိုင်သည့်အထိ ယစ်မူးနေသော လူအားလုံးကို ရည်ညွှန်းမိန့်ကြားထားခြင်း ဖြစ်သည်။

ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်ရှိခ်ခီးရ် ﷺ သခင်က မိန့်ဆိုခဲ့သည်မှာ 'ကျွန်ုပ်သည် တစ်နေ့သောအခါ ကိုယ်တော်မြတ် ﷺ ၏ ထံတော်သို့ ရောက်ရှိလေရာ ထိုအချိန်၌ ကိုယ်တော်မြတ် ﷺ သည်

اَلْهٰكُمُ التَّـكَا ثُرُ

ကို ဖတ်ရွတ်နေတော်မူသည်။ ထို့နောက် မိန့်ကြားတော်မူသည်မှာ-

يقول ابن اٰدم مالى مالى وهل لك من مالك الّا مَا اكلت فا فنيت اولبست فابليت اوتصدّ قّت فامضيت وفى رواية لمسلم وماسوى ذٰلك فذاهب وتاركه للناس

အဓိပ္ပာယ် ။ ။ လူသားသည် ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့ပစ္စည်းဥစ္စာဟု ပြောဆိုနေသည်။ စင်စစ် ထိုပစ္စည်းများ အနက် အသင်၏ဝေစုမှာ အသင်က စားသုံး၍ ပျောက်ပျက်စေလိုက်သော အရာ (သို့) ဝတ်ဆင်၍ ဟောင်း ဆွေးသွားသော အဝတ် (သို့) 'စွဒ်ကာဟ်' ပေးလှူ၍ ရှေ့သို့ ကြိုတင်ပို့ထားသော အရာများသာဖြစ်သည်။ ထိုအရာများမှအပ ကျန်ရှိသော အရာများသည် အသင်လက်လွှတ်၍ ထားသွားရမည့် အရာများ ဖြစ်သည်။ သို့ဖြစ်ပေရာ ၄င်းကို လူတို့အတွက် ထားရစ်ခဲ့သူဖြစ်မည်' ဟူ၏။ *[အိဗ်နေကစီးရ်၊ ကုရ်သုဗီ။]*

အေမာမ်ဘိုခါရီ (ရဟ) သည် ဟဇရသ်အနတ်စ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ က မိန့်ကြားသည်မှာ-

لوكان لا بن اٰدم واديا من ذ هب لاحبّ ان يكون له واديان ولن يملاء فا ه الا التّراب ويتوب الله علىٰ من تاب

အဓိပ္ပာယ် ။ ။ အကယ်၍ လူသားများအတွက် လျှိုမြောင်တောင်ကြားတစ်ခုအပြည့် ရွှေများ ရှိနေပါမူ၊ (ထိုလူသားသည် ရောင့်ရဲတင်းတိမ်ခြင်း ပြုမည်မဟုတ်ဘဲ) ဤသို့သော ရွှေအပြည့်ရှိသည့် လျှိုမြောင်နှစ်ခု ဖြစ်သွားရန် လိုလားပေမည်။ ၄င်း၏ (လောဘရမ္မက်) ပါးစပ်ကိုမူ ('ကဗရ်' သင်္ချိုင်း၏) မြေကြီးမှအပ မည်သည့်အရာမျှ ဖြည့်နိုင်စွမ်းမရှိပေ။ အလ္လာဟ်အသျှင်မြတ်သည် မိမိဘက်သို့ လှည့်သူများ၏ 'သောင်ဗာဟ်' ကို လက်ခံတော်မူသည်။

ဟဇရသ်အုဗိုင်ရ်ဗင်န်ကာအဗ် ﷺ သခင်က မိန့်ဆိုသည်မှာ 'ကျွန်ုပ်တို့သည် ဟဒီးစ်တော်၏ ဖော်ပြပါ စကားလုံးများကို ကုရ်အာန်ဟု ယူဆခဲ့ကြသည်မှာ اَلْهٰكُمُ التَّكَاثُرُ ကျရောက်လာသည်အထိ ဖြစ်သည် ဟူ၏။ တမန်တော်မြတ် ﷺ သည် اَلْهٰكُمُ التَّكَاثُرُ ကို ဖတ်ကြား၍ ဖော်ပြပါ စကားလုံးများကို ဤ

စူရာဟ်၏ ဖွင့်ဆိုချက်နှင့် ရှင်းလင်းချက်အဖြစ် ဖတ်ကြားတော်မူခဲ့သည်ဖြစ်ရာ ဤသည်ကို အချို့ဆွဟာဗာများက 'ဤသည်မှာလည်း ကုရ်အာန်၏ စကားလုံးများပင် ဖြစ်သည်' ဟု သံသယ ဖြစ်ခဲ့ကြသည်။ اَلْهٰكُمُ التَّكَاثُرُ စူရာဟ်တစ်ပုဒ်လုံး ကျရောက်လာသောအခါ ဤစူရာဟ်တွင် ဖော်ပြပါ စကားလုံးများ မပါခဲ့ပေ။ ထို့ကြောင့် ဖော်ပြပါစကားလုံးများသည် ဖွင့်ဆိုချက်များ ဖြစ်ကြောင်း အမှန်ကို သိရှိခဲ့ကြသည်' ဟူ၏။

لَوْ تَعْلَمُوْنَ عِلْمَ الْيَقِيْنِ

لَوْ ဟူသော အက္ခရာသည် شرط 'ရှရ်သ္'စည်းကမ်းချက်ပြ အက္ခရာအဖြစ် အသုံးပြုသည်။ ၎င်း၏ တစ်ဘက်၌ جزاء 'ဂျဇာ' (အကျိုးသက်ရောက်မှုပြ ဝါကျ) တစ်ခုခု ရှိရမည်။ ထို 'ဂျဇာ'သည် စကားအသွားအလာ ရှိထားသောကြောင့် ဤနေရာတွင် ဖြုတ်ချခြင်း ခံရသည်။ ဆိုလိုသည်မှာ

لَمَّا اَلْهٰكُمُ التَّكَاثُرُ

'အကယ်၍ အသင်တို့သည် 'ကေယာမသ်'နေ့၏ စာရင်းစစ်ဆေးခြင်းကို ယုံကြည်ကြပါမူ အသင်တို့သည် ဥစ္စာပစ္စည်းများစွာ စုဆောင်းခြင်းနှင့် မေ့လျော့ခြင်းများ၌ နစ်မွန်းသွားကြမည် မဟုတ်ပေ' ဟု ဖြစ်သည်။

ثُمَّ لَتَرَوُنَّهَا عَيْنَ الْيَقِيْنِ

အထက် အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ်ပါ ဖွင့်ဆိုချက်ဖြင့် عين اليقين ၏ အလိုသဘောကို သိရှိခဲ့ပြီး ဖြစ်သည်။ ၎င်းမှာ 'အရာတစ်ခုကို တွေ့မြင်ပြီးမှ ရရှိသော ယုံကြည်ချက်' ဟု ဖြစ်သည်။ ဤသည် အဆင့်အမြင့်ဆုံးသော ယုံကြည်ချက်ဖြစ်သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ က မိန့်ဆိုသည်မှာ 'ဟဇရသ်မူစာ ﷺ သည် 'သွူရ်'တောင်၌ ရှိနေစဉ် ၎င်း၏ နောက်ကွယ်၌ ၎င်း၏ အမျိုးသားများသည် နွားရုပ်တုကို စတင် ကိုးကွယ်ကြလေသောအခါ အလ္လာဟ်အသျှင်မြတ်သည် အသင်၏ အမျိုးသားများသည် ဤသို့သော ဒုစရိုက်၌ နစ်မွန်းသွားကြပေပြီ' ဟု သတင်းကို 'သွူရ်'တောင်ပေါ်၌ ရှိနေစဉ်မှာပင် ပေးတော်မူခဲ့ပါသော်လည်း မူစာ ﷺ အဖို့ ဤသတင်းသည် ဤမျှ စူးရှမှု မဖြစ်ခဲ့ပေ။ ထို့နောက် မိမိ၏ အမျိုးသားများထံ ပြန်လည်ရောက်ရှိသောအခါ ၎င်းသည် ဗနီအိစ်ရာအီးလ်တို့၏ နွားရုပ်ကို တွေ့မြင်ပြီးနောက် 'မရည်ရွယ်ဘဲလျက် 'သောင်ရားသ်' ကျမ်းစာများကို လက်မှ လွှတ်လိုက်သည်အထိ စူးရှမှု ဖြစ်သွားလေသည်။ *[မဇ္ဇ်ဟရီကျမ်း]*

ثُمَّ لَتُسْئَلُنَّ يَوْمَئِذٍ عَنِ النَّعِيمِ

ဆိုလိုသည်မှာ 'အသင်တို့အားလုံးကို 'ကေယာမသ်'နေ့တွင် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်တော်မူခဲ့သည့် ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ မေးမြန်းခြင်းခံရပေမည်။ အသင်တို့သည် ထိုအသျှင်မြတ်၏ ကျေးဇူးတော်များအပေါ် မည်သို့ ကျေးဇူးသိတတ်ခဲ့ပါသနည်း။ ထိုကျေးဇူးတော်များကို အပြစ်ဒုစရိုက်များ၌မှု သုံးစွဲခြင်းပြုခဲ့ပါသလား' ဟူသော အချက်များကို စစ်ဆေးမေးမြန်းပေမည်။ ၄င်းမေးမြန်းခြင်း ခံရမည့် ကျေးဇူးတော်များအနက် အချို့ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌ ရှင်းလင်းစွာ တင်ပြထားသည်မှာ-

اِنَّ السَّمْعَ وَالْبَصَرَ وَالْفُؤَادَ كُلُّ اُولٰٓئِكَ كَانَ عَنْهُ مَسْئُوْلًا

ဟု ဖြစ်သည်။ ဤအာယသ်တော်တွင် လူသားတို့ အချိန်တိုင်းတွင် အကျိုးခံစားလျက်ရှိသော လူသား၏ အာရုံစွမ်းအား၊ တွေ့မြင်နိုင်သော စွမ်းအားနှင့် စိတ်နှလုံးနှင့် သက်ဆိုင်သည့် သိန်းပေါင်းများစွာသော ကျေးဇူးတော်များ ပါဝင်ပေသည်။

ဟဒီးစ် ။ ။ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'ကေယာမသ်' နေ့တွင် ဦးစွာ ပထမ လူသားအား မေးမြန်းမည့်အရာမှာ (ကျန်းမာသန်စွမ်းခြင်းနှင့် စပ်လျဉ်း၍) ဖြစ်သည်။ လူသားအား 'ငါအသျှင်မြတ်သည် အသင့်အား ကျန်းမာသန်စွမ်းမှု ချီးမြှင့်တော်မူခြင်း မပြုခဲ့ပါသလော။ ထို့ပြင် ငါအသျှင်မြတ်သည် အသင့်အား အေးမြသောရေကို တိုက်ကျွေးတော်မူခြင်း မပြုခဲ့ပါသလော။'

[အိဗ်နေကစီးရ်ကျမ်း]

ဟဒီးစ် ။ ။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ဟရှရ်'ကွင်းပြင်တွင် မည်သည့်လူသားမျှ မေးခွန်း (၅) ခွန်း မေးမြန်းခြင်း မခံရမီအလျှင် မိမိနေရာမှ ရွေ့လျားနိုင်မည် မဟုတ်ပေ။ ၄င်းတို့မှာ-

(၁) ၄င်းသည် မိမိ၏ သက်တမ်းကို မည်သည့်အလုပ်များ၌ ကုန်ဆုံးစေခဲ့သနည်း။
(၂) ၄င်းသည် မိမိ၏ ပျိုရွယ်မှုအင်အားကို မည်သည့်အလုပ်များ၌ သုံးစွဲခဲ့သနည်း။
(၃) ရှာဖွေရရှိခဲ့သော ဥစ္စာပစ္စည်းများကို မည်သည့်နည်း (ဖြင့် ပိုင်သောနည်း၊ (သို့) မပိုင်သောနည်း) ဖြင့် ရှာဖွေခဲ့ပါသနည်း။
(၄) ထိုဥစ္စာပစ္စည်းများကို မည်သည့်နေရာများတွင် သုံးစွဲခဲ့ပါသနည်း။
(၅) အလ္လာဟ်အသျှင်မြတ်က ၄င်းအား ချီးမြှင့်ထားသော အသိပညာကို မည်မျှ ကျင့်သုံးခဲ့ပါသနည်းဟု ဖြစ်သည်။

[ဘိုခါရီကျမ်း]

သဖ်စီးရ်အဖွင့်ပညာရပ်၏ အေမာမ် ကဝိပညာရှင်တစ်ပါးဖြစ်သော မုဂျာဟိဒ် (ရဟ) က မိန့်ဆိုသည်မှာ 'ကေယာမသ်'နေ့တွင် မေးမြန်းမည့် မေးခွန်းမှာ လောက၏ အရသာရှိသော အရာဟူသရွေ့နှင့် စပ်လျဉ်း၍ ဖြစ်ပေမည်' ဟူ၏။ *[ကုရ်သုဗီကျမ်း]*

ထိုအရသာသည် စားသောက်ခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဝတ်စားဆင်ယင်ခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အုပ်ချုပ်မှုအာဏာနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဂုဏ်သိက္ခာနှင့် စပ်လျဉ်း၍ဖြစ်စေ အားလုံး အကျုံးဝင်ပေသည်။ ကုရ်သုဗီး (ရဟ) က ဤဟဒီးစ်ကို ဆင့်ပြန်ရင်း မိန့်ဆိုထားသည်မှာ 'ဤသည်မှာ လုံးဝ မှန်ကန်သည်။ ဤမေးမြန်းခြင်းတွင် မည်သည့်ကျေးဇူးတော်ကိုမျှ အထူးပြု၍ သီးသန့် မိန့်ကြားထားခြင်း မရှိ၍ ဖြစ်ပေသည်ဟူ၏။

စူရာဟ် 'သကာဆုရ်' ၏ သီးခြား ထူးမြတ်မှုအကြောင်း

တမန်တော်မြတ် ﷺ သည် ဆွဟာဗာများအား ဦးတည်၍ မိန့်ကြားတော်မူသည်မှာ 'အသင်တို့အနက် တစ်စုံတစ်ဦးသည် နေ့စဉ် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်ပေါင်း (၁၀၀၀) ဖတ်ရွတ်ခြင်း မပြုနိုင်ပါသလား။' ထိုအခါ ဆွဟာဗာများက 'နေ့စဉ် အာယသ်တော်ပေါင်း (၁၀၀၀) ကို မည်သူဖတ်နိုင်ပါမည်နည်း' ဟု မေးမြန်း လျှောက်ထားလေရာ ကိုယ်တော်မြတ် ﷺ က 'အသင်တို့အနက် တစ်ဦးဦးသည် اَلْهٰكُمُ التَّكَاثُرُ ကို နေ့စဉ် မဖတ်နိုင်ပါသလော' ဟု မိန့်ကြားလေသည်။ အလိုသဘောမှာ اَلْهٰكُمُ التَّكَاثُرُ ကို နေ့စဉ် ဖတ်ရွတ်ခြင်းသည် အာယသ်တော်ပေါင်း (၁၀၀၀) ဖတ်ရွတ်ခြင်းနှင့် တန်းတူ ဖြစ်သည်' ဟူ၏။ *[မဇ္ဇဟရီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်အဆ်ွရ်

ခေတ်ကာလကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَالۡعَصۡرِۙ﴿۱﴾ اِنَّ الۡاِنۡسَانَ لَفِىۡ خُسۡرٍۙ﴿۲﴾ اِلَّا الَّذِيۡنَ اٰمَنُوۡا وَ
عَمِلُوا الصّٰلِحٰتِ وَتَوَاصَوۡا بِالۡحَقِّ ۙ وَتَوَاصَوۡا بِالصَّبۡرِ﴿۳﴾

၁၀၃ : ၁ ။ ။ (ငါအသျှင်မြတ်သည်) ခေတ်ကာလ ('အဆွရ်' အချိန်။ 'အဆွရ်ဆွလားသ်') ကို သက်သေထူတော်မူ၏။

၁၀၃ : ၂ ။ ။ ဧကန်စင်စစ် လူသည် အမှန်ပင် ဆုံးရှုံးမှု၌ ရှိ၏။

၁၀၃ : ၃ ။ ။ အကြင်သူတို့မှအပ ထိုသူတို့သည် (အီမာန်) သက်ဝင်ယုံကြည်ခဲ့ကြ၏။ ၄င်းပြင် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မှုဆောက်တည်ခဲ့ကြ၏။ ထို့ပြင် အချင်းချင်း မှန်ကန် (သော သာသနာပေါ်၌ ကြံ့ခိုင်စွာ) တည်ရှိကြရန်လည်း ဆုံးမကြကုန်၏။ ထို့ပြင် ၄င်းတို့သည် သည်းခံကြရန်လည်း အချင်းချင်း ဆုံးမကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် ခေတ်ကာလကို တိုင်တည်၍ 'ကစမ်' ကျိန်ဆိုတော်မူ၏။ (ဤခေတ်ကာလသည်ပင် ပူဆွေးမှုနှင့် ပျက်စီးမှုများ ကျရောက်ရာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) လူသားသည် အမှန်မုချ (မိမိ၏ သက်တမ်းကို အချည်းနှီးဖြစ်စေခဲ့သည့်အတွက်) ပျက်စီးမှု၌ ရှိပေသည်။

သို့ရာတွင် အီမာန်သက်ဝင်ယုံကြည်လျက် ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြသည်။ (ဤသည် မိမိနှင့်သာ သက်ဆိုင်သော ပြီးပြည့်စုံမှုဖြစ်သည်။) ၄င်းနောက် အချင်းချင်း တစ်ဦးကို တစ်ဦး အမှန်တရားအပေါ် ရပ်တည်ကြရန်လည်းကောင်း၊ ထို့ပြင် တစ်ဦးကို တစ်ဦး 'အမလ်' ကျင့်ကြံမှုများကို စွဲမြဲစွာ ပြုကျင့်ကြရန်ကိုလည်းကောင်း တိုက်တွန်းနှိုးဆော် ဆုံးမကြကုန်၏။

(ဤသည် အခြားသူတို့ကို ပြီးပြည့်စုံမှု ရရှိစေရန် ကြိုးပမ်းဆောင်ရွက်စေခြင်းဖြစ်သည်။ သို့ဖြစ်ပေရာ မိမိကိုယ်တိုင်အတွက်လည်း ပြီးပြည့်စုံမှုကို ရယူပြီး အခြားသူများအတွက်လည်း ပြီးပြည့်စုံမှု ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ပေးသူတို့မှာ မုချဧကန် ပျက်စီးဆုံးရှုံးမှု၌ မပါဝင်ရုံသာမက အကျိုးအမြတ်ရရှိသူများပင် ဖြစ်ကြပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ် 'အဆွိရ်' ၏ ထူးခြားသော ထူးမြတ်မှု

ဟဇရသ်အုဗိုင်ဒုလ္လာဟ်ဗင်နှိဟိဆွ်န် (ရဟ) က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ ၏ ဆွဟာဗာများအနက် ဆွဟာဗာနှစ်ပါး၏ အခြေအနေမှာ ၎င်းတို့အချင်းချင်း တွေ့ကြသည့်အခါ မခွဲခွာမီအလျှင် တစ်ဦးသည် တစ်ဦး၏ ရှေ့တွင် စူရာဟ်'အဆွရ်'ကို ဖတ်ကြားပြလေ့ ရှိခဲ့ကြသည်။ *[သွဗ်ရာနီကျမ်း]*

အေမာမ်ရှာဖေအီ (ရဟ) က မိန့်ဆိုသည်မှာ 'အကယ်၍ လူတို့သည် ဤစူရာဟ်၌သာ စဉ်းစားဆင်ခြင်မှုပြုခဲ့ကြပါလျှင် ဤစူရာဟ်သည်ပင် ၎င်းတို့အတွက် လုံလောက်ပေသည်' ဟူ၏။

[အိဗ်နေကစီးရ်ကျမ်း]

စူရာဟ် 'အဆွရ်'သည် ကုရ်အာန်ကျမ်းတော်မြတ်၏ တိုတောင်းသော စူရာဟ်တစ်ပုဒ်ပင် ဖြစ်သော်ငြားလည်း အေမာမ်ရှာဖေအီ (ရဟ) ၏ အဆိုအရ 'အကယ်၍ လူတို့သည် ဤစူရာဟ်ကို လေးလေးနက်နက်စဉ်းစားဆင်ခြင်၍ ဖတ်မည်ဆိုလျှင် လောကီနှင့် လောကုတ္တရာ ဘဝသက်တမ်း နှစ်ခုစလုံး မှန်ကန်သွားရန်အတွက် လုံလောက်ပေမည်' ဟူသည့်အတိုင်း ပြည့်စုံမှု ရှိပေသည်။

ဤစူရာဟ်တွင် အလ္လာဟ်အသျှင်မြတ်သည် ခေတ်ကာလကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုတော်မူပြီး လူသားသည် ကြီးမားစွာသော ပျက်စီးဆုံးရှုံးမှု၌ ရှိသည်။ သို့သော် ၎င်းပျက်စီးဆုံးရှုံးမှု၌ မပါဝင်သူတို့မှာ အချက် (၄) ချက်အပေါ် စွဲမြဲစွာ ပြုကျင့်ကြသူများသာ ဖြစ်ကြောင်း မိန့်ကြားတော်မူထားသည်။ ထိုအချက် (၄) ချက်မှာ-

(၁) အီမာန်သက်ဝင်ယုံကြည်ခြင်း၊
(၂) ကောင်းမှုကုသိုလ်များ ပြုကျင့်ခြင်း၊
(၃) အခြားသူတို့အား အမှန်တရားပေါ် ရပ်တည်ကြရန် ဆုံးမခြင်းနှင့်
(၄) 'ဆွဗရ်' သည်းခံမှုတရား ထားရှိရန် ဆုံးမခြင်းတို့ ဖြစ်ပေသည်။

လောကီ၊ လောကုတ္တရာ၏ ပျက်စီးမှုမှ ကင်းလွတ်နိုင်ရန်နှင့် ကြီးမားစွာသော အကျိုးအမြတ်များကို ရယူနိုင်ရန်မှာ ကုရ်အာန်ကျမ်းမြတ်၏ ဤလမ်းညွှန်းချက်၌သာ ရှိပေသည်။ ၎င်းတို့တွင် ပထမအပိုင်းနှစ်ပိုင်းမှာ မိမိကိုယ်ကို ပြုပြင်ဆင်ယင်မှုနှင့် ပတ်သက်သည်။ ဒုတိယအပိုင်းနှစ်ပိုင်းမှာအခြားသော မွတ်စ္စလင်မ်များကို လမ်းညွှန်ပြုပြင်ခြင်းနှင့် ပတ်သက်ပေသည်။

ဤနေရာတွင် ပထမဦးစွာ စဉ်းစားဆင်ခြင်ရန် လိုအပ်သည့်အချက်မှာ ဤအကြောင်းအရာနှင့် အတူ ခေတ်ကာလကို 'ကစမ်'ကျိန်ဆိုရခြင်းမှာ မည်သို့ ဆက်နွယ် ပတ်သက်မှုကြောင့် ဖြစ်ပါသနည်း' ဟူသော အကြောင်းအရာအပေါ်၌ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ကစမ်'ကျိန်ဆိုတင်ပြခံရသည့် အရာများနှင့် ကစမ်'ကျိန်ဆိုတင်ပြအပ်သည့် အကြောင်းအရာများတွင် တစ်ခုနှင့် တစ်ခု ပတ်သက်ဆက်နွယ်မှုသည် ရှိရမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အဖွင့်ပညာရှင်အများစုတို့က မိန့်ဆိုကြသည်မှာ လူသား၏ မွေးဖွားကြီးပြင်းမှု၊ ၎င်း၏ လှုပ်ရှားမှု၊ ကျင့်စဉ်များနှင့် အကျင့်စာရိတ္တ ဟူသမျှသည် ခေတ်ကာလ၏ အတွင်း၌သာ ဖြစ်ပေါ်သောကြောင့်ပင် ဖြစ်သည်။ ၎င်းနောက် ဤစူရာဟ်၌ ပြုမူကျင့်ဆောင်ရန် ညွှန်ကြားထားသည့် အရာများသည်လည်း ဤခေတ်ကာလအတွင်းရှိ နေ့နှင့် ညတို့၌သာ ပြုကျင့် ဖြစ်ပေါ်ကြရပေမည်။ ထိုသို့ ပတ်သက်ဆက်နွယ်မှုအားဖြင့် ခေတ်ကာလကို 'ကစမ်'ကျိန်ဆိုတော်မူခြင်းဖြစ်သည် ဟူ၏။

ခေတ်ကာလသည် လူသား၏ ပျက်စီးဆုံးရှုံးခြင်းနှင့် မည်သို့ သက်ဆိုင်ပါသနည်း။

ဤအကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းချက်မှာ လူသား၏ ဘဝသက်တမ်း၏ အချိန်ကာလ ဖြစ်သော နှစ်၊ လ၊ နေ့၊ ညများသာမက နာရီ၊ မိနစ်များအပေါ် အကယ်၍ သေချာကျနစွာ စဉ်းစားမည် ဆိုပါက ဤအချိန်ကာလသည်ပင် ၎င်းအဖို့ တန်ဖိုးကြီးသော ရင်းနှီးပစ္စည်း ဖြစ်ပေသည်။ ထိုအချိန်ကာလအားဖြင့် လူသားသည် လောကီနှင့် လောကုတ္တရာ၏ အံ့ဖွယ်ကြီးမားလှစွာသော အကျိုးအမြတ်တို့ကို ရယူနိုင်သည်။ သက်တမ်း၏ အချိန်များကို အကယ်၍ လွဲမှားသော၊ မကောင်းသော လုပ်ရပ်များ၌ သုံးစွဲခဲ့ပါလျှင် ထိုခေတ်ကာလသည် ၎င်းလူသားအဖို့ ဒုက္ခဖြစ်စေနိုင်သော အန္တရာယ်ဘေးဆိုးလည်း ဖြစ်သွားပေသည်။

အချို့ပညာရှင်များက မိန့်ဆိုကြသည်မှာ-

حَيَاتُكَ اَنْفَاسٌ تُعَدُّ فَكَلَّمَا ــ مَضٰى نَفْسٌ مِنْهَا انْتَقَصَتْ بِهٖ جُزْءًا

ဆိုလိုသည်မှာ 'အသင်၏ သက်တမ်းဆိုသည်မှာ ရေတွက်၍ရသော ထွက်သက် ဝင်သက်တို့သာ' ဖြစ်သည်။

ထိုထွက်သက်ဝင်သက်များအနက် တစ်ကြိမ် ထွက်သက်ဝင်သက် ဖြစ်ပေါ်ခြင်းသည် အသင်၏ သက်တမ်းအနက်မှ အစိတ်အပိုင်းတစ်ခု လျော့နည်းသွားခြင်းပင် ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်သည် လူသားတိုင်းကို ၎င်း၏ သက်တမ်း၏ အချိန်ကာလများကို ပေးကမ်းချီးမြှင့်တော်မူပြီး ဦးနှောက်နှင့် အသိဉာဏ်တို့ဖြင့် အလုပ်လုပ်ရန် အရောင်းအဝယ်တစ်ခု၌ ထည့်ပေးတော်မူလိုက်သည်။ ဤရင်းနှီးပစ္စည်းကို အကျိုးအမြတ် ရရှိမည့် လုပ်ငန်းများ၌ ထည့်ဝင်မှုပြုပါက ထိုထည့်ဝင်မှုအတွက် ရရှိမည့် အကျိုးအမြတ်များမှာ မည်သည့်အတိုင်းအတာမျှ မရှိ၊ ခန့်မှန်းနိုင်မည်ပင် မဟုတ်ပေ။ အကယ်၍ ဤသည်နှင့် ဆန့်ကျင်ပြီး ဆုံးရှုံးနစ်နာစေမည့် လုပ်ငန်းများ၌ ထည့်ဝင်ခဲ့သည်ဖြစ်လျှင် အကျိုး

အမြတ်ကို မည်သို့ မျှော်လင့်နိုင်ပါမည်နည်း။ လက်ငုပ်လက်ရင်း ရင်းနှီးပစ္စည်းပင်လျှင် ဆုံးရှုံးသွားပေမည်။ ထို့ပြင် အကျိုးအမြတ်နှင့် လက်ငုပ်လက်ရင်း အရင်းအနှီးပင် ဆုံးရှုံးရသည်သာမက ဤသို့ ပြုခြင်းအပေါ် မြောက်မြားစွာသော ပြစ်မှုဒုစရိုက် လုပ်ရပ်များအပေါ် အစားပေးခြင်း အပြစ်ဒဏ်များသည်လည်း ကျရောက်မည် ဖြစ်သည်။ ထို့ပြင် တစ်စုံတစ်ဦးသည် ထိုအရင်းအနှီးကို အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းတစ်ခုခုတွင်လည်း ထည့်ဝင်ခြင်းမရှိ။ ဆုံးရှုံးနစ်နာမည့် လုပ်ငန်းတွင်လည်း ထည့်ဝင်ခြင်းမရှိဟု ဆိုပါမူ အနိမ့်ဆုံးအနေဖြင့် အကျိုးအမြတ်နှင့် အရင်းနှစ်မျိုးစလုံး ဆုံးရှုံးခြင်းမှ မုချ ဖြစ်ပေမည်။ ဤသည်မှာ ကဗျာဆရာတစ်ဦးဦး၏ ပမာပေးခိုင်းနှိုင်းခြင်း မဟုတ်သည်သာမက မရ်ဖူးအ် ဟဒီးစ်တော်တစ်ပါးဖြင့် ထောက်ခံမှုရရှိထားပြီးဖြစ်သော အချက်ဖြစ်သည်။ ၎င်းဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

كُلٌّ يَغْدُو فَبَائِعٌ نَفْسَهُ فَمُعْتِقُهَا اَوْمُوبِقُهَا

ဆိုလိုသည်မှာ လူတိုင်းလူတိုင်းသည် နံနက်ထကြသည့်အခါ မိမိကိုယ်ကို အရင်းအနှီးပစ္စည်းပြု၍ အရောင်း အဝယ်၌ ထည့်ဝင်ကြသည်။ တစ်ဖန် အချို့လူတို့သည် မိမိ၏ အရင်းအနှီးပစ္စည်းကို ပျက်စီးဆုံးရှုံးခြင်းမှ လွတ်မြောက်စေကြသည်။ အချို့တို့မှာ ပျက်စီးဆုံးရှုံးစေလိုက်ကြသည်' ဟု ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်သည်လည်း အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် ကောင်းမှု ကိုယ်ကျင့်တရားများကို လူသား၏ ကူးသန်းရောင်းဝယ်မှုဟူသော စာလုံးဖြင့် သုံးနှုန်းထားတော်မူသည်။

هَلْ اَدُلُّكُمْ عَلٰى تِجَارَةٍ تُنْجِيكُمْ مِّنْ عَذَابٍ اَلِيمٍ

ဟူ၍ ဖော်ကျူးထားသည်။ အချိန်ကာလသည် လူသား၏ အရင်းအနှီးဖြစ်ပြီး လူသားသည် ထိုအရင်းအနှီးဖြင့် ရောင်းဝယ်ဖောက်ကားသူ ဖြစ်လေသောအခါ အခြေအနေအမျိုးမျိုးအရပ်စုတွင် ထိုရောင်းဝယ်ဖောက်ကားသူသည် ပျက်စီးဆုံးရှုံးခြင်းနှင့် ရင်ဆိုင်ရမည်မှာ ဤသည့်အချက်ကြောင့် ပေါ်လွင်သော ကိစ္စရပ်ပင် ဖြစ်သည်။ ၎င်းမှာ ထိုလူသား၏ ဥစ္စာပစ္စည်းသည် ရက်အနည်းငယ်မျှ အသုံးမပြုဘဲ ထားပါက နောင်အခါတွင် သုံးစွဲခြင်းပြုနိုင်မည့် 'ခဲ' သော အရာမဟုတ်ဘဲ မိနစ်တိုင်း စက္ကန့်တိုင်းတွင် အရည်ပျော် ကုန်ဆုံးနေသော အရာဖြစ်နေရာ ယင်းကဲ့သို့သော ပစ္စည်းကို ရောင်းဝယ်ဖောက်ကားသူသည် ထိုအရာမှ အကျိုးအမြတ် ရယူနိုင်ရန်အတွက် ဖျက်လတ်သွက်လက် ပါးနပ်သူ ဖြစ်ရပေမည်။

သူတော်စင်တစ်ပါးက '၎င်းသည် ရေခဲရောင်းသည့် ဆိုင်သို့ ရောက်ရှိသွားလေရာ ရေခဲရောင်းဝယ်ခြင်းကိုကြည့်လျက် စူရာဟ်'အလ်အဆွ်ရ်'၏ သဖိစီးရ်ကို နားလည်သွားခဲ့သည်ဟု မိန့်ဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဤရေခဲရောင်းသူသည် အနည်းငယ်မျှသာ ဂရုမမူခြင်း ပြုမိသွားပါလျှင် ၎င်း၏ အရင်းအနှီး (ရေခဲ) သည် အရည်ပျော် ရေဖြစ်ပြီး ဆုံးရှုံးသွားမည်ပင် ဖြစ်သည်။ ထို့ကြောင့် ကုရ်အာန်၏ ဤအမိန့်တွင် ခေတ်ကာလကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုတော်မူပြီး လူသားအား ပျက်စီးဆုံးရှုံးမှုမှ လွတ်ကင်းမှု ရယူနိုင်ရန်အတွက် အချက် (၄) ချက်ကို လမ်းညွှန် ပြသထားတော်မူသည်။ ထိုအချက် (၄) ရပ်ပါ လမ်းညွှန်

ချက်ကို လိုက်နာကျင့်သုံးရာ၌ အနည်းငယ်မျှ မေ့မောမှု မဖြစ်သင့်ပေ။ သက်တမ်း၏ မိနစ်တိုင်း မိနစ်တိုင်း၏ တန်ဖိုးကို သိနားလည်ပြီး ထိုအချက် (၄) ရပ်၌ လုံးပမ်းမွေ့လျော်နေရပေမည်။

ခေတ်ကာလကို တိုင်တည်၍ 'ကစမ်'ကျိန်ဆိုခြင်းနှင့် ဆက်နွယ်မှုတစ်မျိုးမှာ 'ကစမ်'ကျိန်ဆိုလျက် တိုင်တည် သက်သေထူခြင်း ခံရသော အရာမှာ အခြေအနေတစ်ရပ်အားဖြင့် ထိုအရေးကိစ္စ၌ သက်သေပြသူ၏ ကိုယ်စားဖြစ်ပေသည်။ ခေတ်ကာလဟူသည်မှာ ထိုခေတ်ကာလ၏ သမိုင်းဖြစ်ရပ်၊ ထိုခေတ်ကာလတွင် မျိုးနွယ်အုပ်စုတို့၏ တိုးတက်မှုနှင့် ကျဆင်းမှုတို့၏ အကောင်းနှင့် အဆိုး ဖြစ်ရပ်များအပေါ် ကြည့်ရှုသုံးသပ်ပါက လူသား၏ အောင်မြင်မှုများ မူတည်နေသည့် အရာများမှ ဤအချက် (၄) ချက်သာလျှင် အဓိကဖြစ်ကြောင်း ယုံကြည်မှုရရှိပေမည်။ ထိုအချက် (၄) ချက်ကို စွန့်လွှတ်သူသည် ဆုံးရှုံးနစ်နာမှု၌ ရင်ဆိုင်ရပေမည်။ ကမ္ဘာ့သမိုင်းသည် ဤအကြောင်း၏ သက်သေဖြစ်သည်။

ရှေ့တွင် ဤအချက် (၄) ချက်အကြောင်း ရှင်းလင်းတင်ပြထားသည်မှာ အီမာန်သက်ဝင် ယုံကြည်ခြင်းနှင့် အမလေ့စွာလိဟ်၊ ကောင်းမှုကိုယ်ကျင့်တရားများဟူသည် လူတိုင်းလူတိုင်းအဖို့ မိမိတို့နှင့် သက်ဆိုင်သော အရာများ ဖြစ်သည်။ ထိုအရေးကိစ္စမှာမူ ရှင်းလင်းမှုရှိသည်။ မည်သည့်ရှင်းလင်းချက်မျှ မလိုအပ်ပေ။ သို့သော် နောက်ဆုံးအပိုင်းနှစ်ပိုင်းဖြစ်သော تواصى بالحق နှင့် تواصى بالصبر နှင့် စပ်လျဉ်း၍ မည်သည့်အလိုသဘော ဖြစ်သည်ကို စဉ်းစားရန် ထိုက်သည်။ تَوَاصِى သည် وصيّت ဟူသော စာလုံးမှ ဆင်းသက်လာသည်။ လူတစ်ဦးတစ်ယောက်ကို လေးနက်စွာ လက်ခံနိုင်သော အနေအထားဖြင့် ဆုံးမခြင်းနှင့် ကောင်းမြတ်သော အလုပ်များ ပြုလုပ်ရန် ညွှန်ကြားခြင်းကို وصيّت ဟု ခေါ်တွင်သည်။ ထို့ကြောင့် သေဆုံးတော့မည့်သူသည် မိမိမရှိတော့မည့် နောက်ပိုင်းအတွက် မှာတမ်းသော အရာများကိုလည်း وصيت 'ဝစီယသ်'ဟု ခေါ်ဆိုသည်။

ဤအပိုင်းနှစ်ပိုင်းသည် အမှန်စင်စစ် ဤ وصيت ၏ အပိုင်းနှစ်ပိုင်းသာ ဖြစ်သည်။ တစ်ပိုင်းမှာ အမှန်တရားအပေါ် ရပ်တည်ရန် ဆုံးမခြင်းဖြစ်ပြီး ကျန်တစ်ပိုင်းမှာ 'ဆွဗရ်'သည်းခံခြင်းတရား ထားရှိရန် ဆုံးမခြင်းဖြစ်သည်။ ထိုစာလုံးနှစ်လုံး၏ အဓိပ္ပာယ်တွင် များစွာသော အလိုသဘောများ ရှိသည်။

ပထမအလိုသဘောတစ်မျိုးမှာ حق (အမှန်တရား) ဟု ဆိုရာတွင် မှန်ကန်သော ယုံကြည်ချက်နှင့် ကောင်းမှုကိုယ်ကျင့်တရား၏ အချုပ် ကို ဆိုလိုသည်။ ထို့ပြင် 'ဆွဗရ်'သည်းခံခြင်း၏ အဓိပ္ပာယ်မှာ 'ပြစ်မှုဒုစရိုက်အပေါင်းနှင့် မကောင်းမှု လုပ်ရပ်များမှ ရှောင်ကြဉ်ခြင်း' ဟု ဖြစ်သောအခါ ပထမစာလုံး၏ အလိုသဘောမှာ امر بالمعروف 'ကောင်းသော လုပ်ရပ်များ ပြုလုပ်ရန် ညွှန်ကြားခြင်း' ဟု ဖြစ်ပြီး ဒုတိယစာလုံး၏ အလိုသဘောမှာ نهى عن المنكر 'မကောင်းသော လုပ်ရပ်များမှ တားမြစ်ခြင်း' ဟု ဖြစ်ပေသည်။ ဤစာလုံးများ၏ ပေါင်းစုခြင်း၏ အလိုသဘောမှာ 'မိမိကိုယ်တိုင် လက်ခံကျင့်သုံးလျက်

ရှိသော အီမာန်သက်ဝင်ယုံကြည်ခြင်းနှင့် 'အမလေ့ဆွာလိဟ်' ကောင်းမှုကိုယ်ကျင့်တရားများကို လေးလေး နက်နက် တိုက်တွန်းခြင်းနှင့် ဆုံးမပြောကြားနေခြင်း'ဟု ဖြစ်သွားပေသည်။

ဒုတိယအလိုသဘောမှာ حق 'ဟတ်က်' အမှန်တရားဟူသည်မှာ 'မှန်ကန်သော ယုံကြည်ချက် ထားရှိခြင်း' ဟု ဖြစ်သည်။

صبر ၏ အလိုသဘောမှာ 'အမလေ့စွာလေဟဟ်' 'ကောင်းမှုကိုယ်ကျင့်တရားများ ဆောက်တည် ခြင်းနှင့်အတူ မကောင်းဆိုးယုတ်သော လုပ်ရပ်များမှလည်း ရှောင်ကြဉ်ခြင်း'ဟူ၍ ဖြစ်သည်။ အဘယ်ကြောင့် صبر ၏ အဓိပ္ပာယ်အစစ်အမှန်မှာ 'မိမိ၏ 'နဖ်စ်'စိတ်ရိုင်းကို တားဆီးခြင်းနှင့် ကြပ်ကြပ်မတ်မတ် ပြု ခြင်း'ဟု ဖြစ်သည်။ ဤကြပ်ကြပ်မတ်မတ် ပြုခြင်းတွင် ကောင်းမှုကိုယ်ကျင့်တရားများလည်း ပါဝင်သွား သည်။ အပြစ်ဒုစရိုက်များမှ ရှောင်ကြဉ်ခြင်းလည်း ပါဝင်သွားပေသည်။

ဟာဖိဇ်အိဗ်နေသိုင်မီယဟ် (ရဟ) က မိမိ၏ ကျမ်းတစ်စောင်၌ ရေးသားထားသည်မှာ လူသားအား အီမာန်နှင့် ကောင်းမှုကိုယ်ကျင့်တရားမှ တားမြစ်သော အရာမှာ သဘာဝအလျောက် နှစ်မျိုးရှိသည်။

တစ်မျိုးမှာ ဒွိဟသံသယများ ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းသူအဖို့ အီမာန်ယုံကြည်သက်ဝင်ခြင်း နှင့် 'အမလေဆွာလိဟ်' ကောင်းမှုကိုယ်ကျင့်တရားများ ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ အမြင်ပိုင်းဆိုင်ရာအရ လည်းကောင်း၊ အတွေးအခေါ်ပိုင်းဆိုင်ရာ အရလည်းကောင်း အချို့သော ဒွိဟသံသယများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ထိုအကြောင်းများကြောင့် ယုံကြည်မှုများတွင် အနှောင့်အယှက်များ ဝင်ရောက်လာသည်။ ယုံကြည် ချက်များ၌ အနှောင့်အယှက်၊ အဟန့်အတားများ ဝင်ရောက်လာခြင်းဖြင့် ကောင်းမှု ကိုယ်ကျင့်တရားများတွင် အနှောင့်အယှက် အဟန့်အတားများ ပေါ်ပေါက်လာမည်မှာ အလိုအလျောက် ပေါ်လွင်ပေသည်။

ဒုတိယအမျိုးအစားမှာ ရမ္မက်ဆန္ဒများ ဖြစ်သည်။ ဆိုလိုသည်မှာ စိတ်ရိုင်း၏ တောင့်တမှု ရမ္မက် ဆန္ဒများသည် တစ်ခါတစ်ရံ လူသားအား ကောင်းမှုကုသိုလ်များ ပြုကျင့်ခြင်းမှ တားဆီးပိတ်ပင်တတ်သည်။ တစ်ခါတစ်ရံ မကောင်းသော လုပ်ရပ်များ၌ နစ်မွန်းစေတတ်သည်။ စင်စစ် လူသားသည် အမြင်အားဖြင့် လည်းကောင်း၊ ယုံကြည်ချက်အားဖြင့်လည်းကောင်း၊ ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းနှင့် မကောင်းမှုများမှ ရှောင်ကြဉ်ရမည်ကို အရေးကြီးကြောင်း နားလည်ပြီးသူ ဖြစ်ပါသော်လည်း စိတ်ရိုင်း၏ လှုံ့ဆော်မှု ရမ္မက် ဆန္ဒများက ထိုနားလည်ခြင်းကို ဆန့်ကျင်လျက်ရှိသည်။ ထိုအခါ ထိုလူသားသည် ရမ္မက်ဆန္ဒများ၌ နစ်မွန်း လျက် ဖြောင့်မတ်မှန်ကန်သော လမ်းကို စွန့်လွှတ်လိုက်ပေသည်။ သို့ဖြစ်ပေရာ ဖော်ပြပါအာယသ်တော်တွင် وصيت حق ၏ အလိုသဘာမှာ ဒွိဟသံသယများကို ပပျောက်အောင် ပြုလုပ်ခြင်းဟု ဖြစ်သည်။

وصيت صبر ၏ အလိုသဘောမှာ စိတ်ရိုင်း၏ ရမ္မက်ဆန္ဒများကို စွန့်လွှတ်၍ ကောင်းမြတ်သော ကိုယ်ကျင့်တရားများကို ပြုကျင့်ရန် လမ်းညွှန်ခြင်းဟု ဖြစ်သည်။ အချုပ်ဆိုရသော် وصيت بالحق ၏ အလိုသဘောမှာ အခြားမွတ်စ္စလင်မ်များကို အသိပညာပေးကာ ပြုပြင်လမ်းညွှန်ပေးရန် ဖြစ်ပြီး وصيت بالصبر ၏ အလိုသဘောမှာ 'ကျင့်မှုဆောက်ရွက်ချက် အရာ၌ ပြုပြင်လမ်းညွှန်ခြင်း' ဟု ဖြစ်သည်။

အောင်မြင်မှုအတွက် မိမိ၏ လုပ်ဆောင်ချက်ကျင့်စဉ်များကိုသာ ပြုပြင်ခြင်းဖြင့် မလုံလောက်ဘဲ အခြားမွတ်စ္စလင်မ်များအတွက်လည်း သောကထားရန် အရေးကြီးခြင်း

ဤစူရာဟ်သည် မွတ်စ္စလင်မ်များကို ကြီးမားသော လမ်းညွှန်မှုတစ်ရပ်ကို ပြုထားသည်မှာ လူသားများအဖို့ မိမိတို့၏ ကျင့်ဆောင်ချက်များကို ကုရ်အာန်နှင့် စွန္နသ်တို့အပေါ် လိုက်နာရန် အရေးကြီးသကဲ့သို့ပင် အခြားသော မွတ်စ္စလင်မ်များကိုလည်း အီမာန်နှင့် ကောင်းမှုကိုယ်ကျင့်တရားများဘက်သို့ ဖိတ်ခေါ်ရန် အင်အားရှိသမျှ ကြိုးစားရမည်'ဟု ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ မိမိ၏ 'အမလ်'ကျင့်ဆောင်မှုသည် အောင်မြင်မှုအတွက် လုံလောက်မည် မဟုတ်ပေ။ အထူးသဖြင့် မိမိ၏ အိမ်သူအိမ်သား၊ ဆွေမျိုးသားချင်းများနှင့် ပတ်သက်ဆက်နွယ်သူတို့၏ မကောင်းမှု လုပ်ရပ်များအပေါ် သတိမမူ မေ့မေ့လျော့လျော့ နေနေခြင်းသည် မိမိ၏ အောင်မြင်မှုလမ်းကို ပိတ်ပင်ခြင်းပင် ဖြစ်သည်။ မိမိကိုယ်တိုင်မှာ မည်သို့ပင် ကောင်းမြတ်သော အကျင့်သီလများနှင့် ပြည့်စုံသူဖြစ်ပါစေ အောင်မြင်မှု၏ လမ်းကား ပိတ်သွားပေမည်။ ထို့ကြောင့် ကုရ်အာန်နှင့် ဟဒီးစ်တို့တွင် မွတ်စ္စလင်မ်တိုင်းအပေါ် မိမိတို့၏ အင်အားနှင့်အညီ امر بالعروف 'ကောင်းရာညွှန်ကြားခြင်း'နှင့် نهى عن المنكر 'မကောင်းမှုမှ တားမြစ်ခြင်းကို 'ဖွရ်ဇ်'အဖြစ် သတ်မှတ်ခြင်း' ဖြစ်သည်။ ဤအရေးကိစ္စတွင် အများမွတ်စ္စလင်မ်တို့သာမက များစွာသော သာသနာ့ပညာရှင်များနှင့် ဘာသာရေး အထူးလိုက်စား ကိုင်းရှိုင်းသူများသည်ပင် သတိမမူ မေ့လျော့မှု၌ ရှိနေကြသည်။

မိမိကိုယ်တိုင် 'အမလ်' ကျင့်ဆောင်မှုပြုခြင်းဖြင့် လုံလောက်သည်ဟု မှတ်ယူနေကြသည်။ သားသမီးများနှင့် အိမ်သူအိမ်သားများသည် မည်သည့်အလုပ်ပင် ပြုလုပ်နေကြသည်ဖြစ်စေ သောကမထားကြပေ။ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အားလုံးကို ဤအာယသ်တော်၏ လမ်းညွှန်မှုအပေါ်၌ 'အမလ်' ဆောက်တည်နိုင်စွမ်း ပေးသနားတော်မူပါ။ (အာမီးန်)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဟုမဇဟ်

ကုန်းချောတိုက်သူကဏ္ဍ

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَيْلٌ لِّكُلِّ هُمَزَةٍ لُّمَزَةٍ ۝١ الَّذِي جَمَعَ مَالًا وَعَدَّدَهُ ۝٢
يَحْسَبُ أَنَّ مَالَهُ أَخْلَدَهُ ۝٣ كَلَّا لَيُنبَذَنَّ فِي الْحُطَمَةِ ۝٤ وَمَا
أَدْرَاكَ مَا الْحُطَمَةُ ۝٥ نَارُ اللَّهِ الْمُوقَدَةُ ۝٦ الَّتِي تَطَّلِعُ عَلَى
الْأَفْئِدَةِ ۝٧ إِنَّهَا عَلَيْهِم مُّؤْصَدَةٌ ۝٨ فِي عَمَدٍ مُّمَدَّدَةٍ ۝٩

၁၀၄ : ၁ ။ ။ နောက်ကွယ်၌ အတင်းပြောသူတိုင်း၊ မျက်နှာစုံညီ စောင်းချိတ်ရှုတ်ချသူတိုင်း၊ ကျိုးယုတ်ပျက်စီးမည်သာ (ဖြစ်၏။)

၁၀၄ : ၂ ။ ။ အကြင် (အတင်းပြော၊ စောင်းချိတ်၊ ရှုတ်ချ) သူသည် ပစ္စည်းဥစ္စာကို စုဆောင်းပြီး၊ ထိုပစ္စည်းဥစ္စာကို အကြိမ်ကြိမ် ရေတွက်လျက် ရှိ၏။

၁၀၄ : ၃ ။ ။ ထိုသူသည် မိမိအား မိမိ၏ ဥစ္စာပစ္စည်းသည် အမြဲတစေ (အသက်ထင်ရှား) ရှိစေမည်။ (တစ်နည်း၊ မိမိထံ မိမိ၏ ဥစ္စာပစ္စည်းသည် အမြဲတစေ ရှိနေမည်ဟု) ထင်မှတ်လေ၏။)

၁၀၄ : ၄ ။ ။ (ထိုသို့) အလျှဉ်းမဟုတ်။ စင်စစ်မှာ ထိုသူသည် ချိုးဖျက်၊ ချေခွဲ၊ အပိုင်းပိုင်းအစစဖြစ်စေသော (ငရဲဘုံ) ၌ပင် ပစ်ချခြင်းကို အမှန်ပင် ခံရပေလိမ့်မည်။

၁၀၄ : ၅ ။ ။ စင်စစ် ထိုချိုးဖျက်၊ ချေခွဲ၊ အပိုင်းပိုင်းအစစ ဖြစ်စေသော (ငရဲဘုံ) သည် အဘယ်နည်းဟု အသင် သိပါသလော။

၁၀၄ : ၆ ။ ။ မွေးညှိထားပြီးဖြစ်သော အလ္လာဟ်အသျှင်မြတ်၏ ငရဲမီးပင် (ဖြစ်၏။) (တစ်နည်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အရ မွေးညှိထားတော်မူသော မီးပင် ဖြစ်၏။)

၁၀၄ : ၇ ။ ။ အကြင်မီးသည် စိတ်နှလုံးများအထိ တိုးတက် ဖုံးလွှမ်းလေ၏။ (ထိရောက်လေ၏။)

၁၀၄ : ၈ ။ ။ ဧကန်မလွဲ ထိုမီးသည် ၎င်းတို့အပေါ်၌ ပိတ်ဆို့ထားပြီး ဖြစ်ပေမည်။ (ထွက်ပေါက်ဟူ၍ ရှိမည်မဟုတ်ပေ။)

၁၀၄ : ၉ ။ ။ ရှည်လျားစွာသော (မီးကျီ) တိုင်များ၌ (မလှုပ်ရှားနိုင်ရန် တုပ်နှောင်ထားခြင်း ခံကြရပေမည်။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

နောက်ကွယ်၌ အတင်းပြောဆိုသူတိုင်းနှင့် မျက်နှာချင်းဆိုင်တွင် ရှုတ်ချမှုပြုသူတိုင်းအဖို့ ကြီးမားသော ပျက်စီးမှုသည် ရှိပေသည်။

ထိုသူသည် (အလွန်တရာ လောဘကြီးခြင်းကြောင့်) ဥစ္စာပစ္စည်းကို စုဆောင်းခဲ့သည်။ ထို့နောက် (ထိုပစ္စည်းဥစ္စာအပေါ် ချစ်ခင်စုံမက်ခြင်းနှင့် ဂုဏ်မောက်ခြင်းအားဖြင့်) ထိုဥစ္စာပစ္စည်းကို အကြိမ်ကြိမ် ရေတွက်လျက် ရှိသည်။

(၎င်းသူ၏ လုပ်ရပ် ဆက်ဆံမှုအရ သိရှိရသည်မှာ) ၎င်း၏ ဥစ္စာပစ္စည်းသည် ၎င်း၏ထံတွင် အမြဲတစေ ရှိနေမည်ဟု ၎င်းက ထင်မြင်ယူဆလျက် ရှိသည်။

(ဆိုလိုသည်မှာ ဥစ္စာပစ္စည်းအပေါ် ချစ်ခင်မှု၌ နစ်မွန်းလျက် မိမိသည်လည်း အမြဲတစေ ရှင်နေမည်။ မိမိ၏ ဥစ္စာပစ္စည်းသည်လည်း ဤအတိုင်းပင် အမြဲတည်ရှိနေလိမ့်မည်ဟု ယုံကြည်လျက် ရှိခြင်းကို ဆိုလိုသည်။ စင်စစ် ထိုဥစ္စာပစ္စည်းတို့သည် ၎င်း၏ထံတွင်) အလျှင်း (ရှိနေလိမ့်မည်) မဟုတ်ပါ။ (ရှေ့တွင် ပျက်စီးဆုံးရှုံးခြင်းအကြောင်း လာရှိသည်မှာ) အလ္လာဟ်အသျှင်မြတ်၏ 'ကစမ်'၊ ထိုသူသည် ချိုးဖျက်၊ ချေချွဲ အပိုင်းပိုင်း အစစ ဖြစ်စေသော ငရဲဘုံ၌ ပစ်ချခြင်းကို ခံရပေမည်။

ထိုချိုးဖျက်ချေချွဲ အပိုင်းပိုင်းဖြစ်စေသော ငရဲဘုံသည် မည်သည့်အရာဖြစ်သည်ကို အသိသိပါသလော။ ထိုမီးသည် (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့်) မွေးထားသော မီးဖြစ်သည်။

(မီး၏ ပတ်သက်ဆက်နွှယ်မှုကို အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ပြုရခြင်းမှာ ထိုမီး၏ ပြင်းထန်မှုနှင့် ကြောက်မက်ဖွယ်ကောင်းခြင်းကို ရည်ညွှန်းရန်ဖြစ်သည်။) ထိုမီးသည်ကား (ခန္ဓာကိုယ်အပေါ် ထိသည်နှင့်) စိတ်နှလုံးများအထိ ရောက်ရှိပေလိမ့်မည်။ ဧကန်မုချ ထိုမီးသည် ၎င်းတို့အပေါ်၌ ပိတ်ဆို့ထားပြီး ဖြစ်ပေသည်။ (၎င်းပိတ်ဆို့ခြင်းခံရသည့် ပုံစံမှာ ၎င်းတို့သည် မီး၏) ကြီးမားသော ရှည်လျားသည့် တိုင်များတွင် (ရပ်လျက် ရှိကြပေမည်။ ဥပမာ- လူတစ်ဦးအား မီး၏ သေတ္တာများ၌ ထည့်၍ ပိတ်ထားဘိသကဲ့သို့ ဖြစ်ပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤစူရာဟ်တွင် ပြစ်မှုကြီး (၃) မျိုး ကျူးလွန်ခြင်းအပေါ် ပြင်းထန်သော 'အဇာဗ်' ရှိကြောင်း သတိပေး နှိုးဆော်ခြင်းနှင့် ထို 'အဇာဗ်'အပြစ်ဒဏ်၏ ပြင်းထန်မှုအကြောင်း တင်ပြချက်များ လာရှိထား သည်။ ထိုပြစ်မှုကြီး (၃) ရပ်မှာ-

(၁) هَمْزٌ (နောက်ကွယ်အတင်းပြောဆိုခြင်း)

(၂) لَمْزٌ (မျက်နှာရှေ့ထား၍ ဝေဖန်ပုတ်ခတ် ပြောဆိုခြင်း)

(၃) جمع مال (ပစ္စည်းဥစ္စာ စုဆောင်းခြင်း) တို့ ဖြစ်သည်။

هَمْزٌ နှင့် لَمْزٌ သည် အချို့အဓိပ္ပာယ်များအတွက် အသုံးပြုသော စာလုံးများဖြစ်သည်။ အဖွင့် ပညာရှင်အများစုတို့က ရွေးချယ်ခဲ့သည့် အဓိပ္ပာယ်မှာ هَمْز ၏ အဓိပ္ပာယ်မှာ 'အတင်းပြောဆိုခြင်း' လူ တစ်ဦး၏ နောက်ကွယ်တွင် ထိုလူ၏ ပြစ်ချက်များကို တင်ပြခြင်း' ဟု ဖြစ်သည်။

لَمْز ၏ အဓိပ္ပာယ်မှာ 'ရှေ့မျက်နှာချင်းဆိုင်၍ လူတစ်ဦးအား မကောင်းပြောဆိုခြင်း၊ ပြစ်တင် ရှုတ်ချခြင်း'ဟု ဖြစ်သည်။ ဤနှစ်မျိုးစလုံးသည် ပြင်းထန်သော ပြစ်မှုများဖြစ်ကြသည်။ အတင်းပြောဆို ခြင်းနှင့် စပ်လျဉ်းသော သတိပေးနှိုးဆော်မှုသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်တို့တွင် မြောက်မြားစွာ လာရှိသည်။ ဖြစ်နိုင်သည့် အကြောင်းမှာ ဤအတင်းပြောဆိုခြင်းတည်းဟူသော ပြစ်မှုကို ကျူးလွန်ရာတွင် ရှေ့၌ တားဆီးပိတ်ပင်မည့်သူ မည်သူမျှ မရှိပေ။ ထိုသူသည် ဤအတင်းပြောဆိုခြင်း၌ပင် မွေ့လျော်နေပါလျှင် ပို၍ အရှိန်အဟုန် တိုးမြှင့်၍ပင် သွားပေမည်။ ထို့ကြောင့် ပြစ်မှုသည် ကြီးသည်ထက် ပို၍ ကြီးမားပြီး များသည်ထက် ပို၍ များပြားသွားခြင်း ဖြစ်သည်။

ရှေ့မျက်နှာချင်းဆိုင်၍ မကောင်းပြောဆို ရှုတ်ချခြင်းမှာကား ဤသို့မဟုတ်ပေ။ ထိုသို့ ပြောဆိုသည့် နေရာတွင် ဖြန်ဖြေပေးရန်အတွက် အခြားသူတစ်ဦးလည်း အသင့်ရှိပေမည်။ ထို့ကြောင့် ပြစ်မှုတွင် ကြီးမား ခြင်း မဖြစ်တော့ပေ။ ထို့ပြင် လူတစ်ဦး၏ နောက်ကွယ်တွင် ထိုသူ၏ ပြစ်ချက်များကို တင်ပြခြင်းသည် ထိုသို့ အပြောခံရသူအဖို့ 'ကျွန်ုပ်အပေါ်တွင် စွပ်စွဲခြင်းများ ပြုနေကြသည်။ ကျွန်ုပ်သည် မိမိ၏ အပြစ် ကင်းစင်ကြောင်းကို သက်သေပြရမည်ဟူ၍ နားလည်သိရှိကာ ပြုပြင်နိုင်ရန် ထိုသူမှာ မိမိအား မကောင်းပြောဆိုကြောင်းကို မသိနိုင်သည့်အတွက်ကြောင့် အလွန်ကြီးလေးသော ပြစ်မှုပင် ဖြစ်ပေသည်။

အခြားအကြောင်းတစ်ရပ်ဖြင့် لَمْز (မျက်နှာရှေ့ထား၍ ဝေဖန်ပုတ်ခတ် မကောင်းပြောဆိုခြင်း) သည် ပို၍ ပြင်းထန်သော ပြစ်မှုဖြစ်သည်။ လူတစ်ဦးဦး၏ ရှေ့မှောက်၌ ၎င်းအား မကောင်းပြောဆိုခြင်း သည် ထိုသူ့အဖို့ သိက္ခာကျဆင်း၍ သေးသိမ်စေသော အကြောင်းလည်း ဖြစ်သည်။ ထိုသို့ ပြောဆိုခံရ သူအဖို့ ခံစားရမည်မှာလည်း ပြင်းထန်သည်။ ထို့ကြောင့်ပင် ၎င်း၏ 'အဇာဗ်'အပြစ်ဒဏ်မှာလည်း ပို၍ ပြင်းထန်ခြင်းဖြစ်သည်။ ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ-

شِرَا رُعِبَادِ اللهِ تَعَا لی الْمَشَّاءُ وْنَ بِالنَّمِيْمَةِ الْمفرّقون

بين الاَ حِبَّةِ البا غون اَلْبُرَا ءَ العنت

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်၏ ကျွန် (လူသား) များတွင် အဆိုးယုတ်ဆုံးသူတို့မှာ ကုန်းချောကုန်းတိုက် ပြုသူများ ဖြစ်ကြသည်။ မိတ်ဆွေများအကြား ပြဿနာများ ပေါ်ပေါက်စေကြသူများ ဖြစ်ကြသည်။ အပြစ်မဲ့သူတို့၏ အပြစ်များကို ရှာဖွေကြသူများ ဖြစ်ကြသည်' ဟူ၏။

ဤစူရာဟ်တွင် 'အဇားဗ်'အပြစ်ဒဏ်ရှိကြောင်း သတိပေးနှိုးဆော်ချက်လာရှိသော တတိယအကျင့်ဆိုးမှာ ဥစ္စာပစ္စည်းအပေါ် လောဘရမ္မက်ကြီး၍ ချစ်ခင်ခြင်းပင် ဖြစ်သည်။ ဤသည်ကို အာယသ်တော်၌ သုံးနှုန်းထားသည်မှာ လောဘနှင့် ချစ်ခင်မှုကြောင့် ဥစ္စာပစ္စည်းကို အကြိမ်ကြိမ် ရေတွက်လျက် ရှိသည်။ စင်စစ် အခြားသော အာယသ်တော်များနှင့် ဆင့်ပြန်ချက်များအရ ဥစ္စာပစ္စည်းကို စုဆောင်းခြင်းသည် မည်သည့်အပြစ်၊ မည်သည့်ဝေဖန်စရာ အရာမျှ မဟုတ်သည်မှာ ထင်ရှားသော သက်သေများဖြစ်သည်။ ထို့ကြောင့် ဤနေရာ၌လည်း 'ဝါဂျိဗ်'ဖြစ်သော တာဝန်များကို မထမ်းဆောင်ခြင်း (သို့) ဂုဏ်မောက် ‹ ှုံကြွားရန် ရည်ရွယ်ခြင်း (သို့) ဥစ္စာပစ္စည်း၏ အချစ်၌ နစ်မွန်းပြီး သာသနာ၏ အရေးကြီးသော ကိစ္စများကို မေ့လျော့စေသော ဥစ္စာပစ္စည်း ချစ်ခင်မှုတို့ကို ဆိုလိုခြင်းဖြစ်သည်။

تَطَّلِعُ عَلَى الْاَ فْئِدَ ةِ

ဆိုလိုသည်မှာ 'ဤ 'ဂျဟန္နမ်'ငရဲ၏ မီးသည် စိတ်နှလုံးများထိတိုင် ရောက်ရှိသွားပေမည်' ဟု ဖြစ်သည်။ ဤအတိုင်းဆိုပါမူ မီးဟူသရွေ့၏ စွမ်းရည်သတ္တိမှာ မီးအတွင်းသို့ ကျရောက်သွားသော အစိတ်အပိုင်းအားလုံးကို လောင်ကျွမ်းစေသည်သာ ဖြစ်သည်။ လူသားအား ထိုမီးအတွင်း၌ ပစ်ချလိုက်ပါလျှင် လူသား၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းအားလုံးနှင့် စိတ်နှလုံးသည်လည်း လောင်ကျွမ်းသွားပေမည်။ ဤနေရာတွင် 'ဂျဟန္နမ်'မီး၏ ဤစွမ်းရည်သတ္တိကို တင်ပြရခြင်းမှာ လောက၏ မီးသည် ခန္ဓာကိုယ်ကို လောင်ကျွမ်းသည့်အခါ ၄င်း၏ စိတ်နှလုံးအထိ ရောက်ရှိလောင်ကျွမ်းခြင်း မဖြစ်မီအလျှင်မှာပင် ၄င်းသူသည် သေဆုံးသွားလေ့ ရှိသည်။ 'ဂျဟန္နမ်' ၏ မီးမှာ ဤသို့ မဟုတ်ပေ။ 'ဂျဟန္နမ်' ငရဲတွင် သေခြင်းတရား ဆိုက်ရောက်ခြင်း မရှိပေ။ သို့ဖြစ်ပေရာ စိတ်နှလုံးသို့ မီးလောင်ကျွမ်းသည်ဆိုခြင်းမှာ ရှင်နေသောအဖြစ်၌ ဖြစ်သည်။ စိတ်နှလုံးကို လောင်ကျွမ်းခြင်းခံရသည့် ဒုက္ခကို လူသားသည် မိမိအသက်ရှင်လျက် ခံစားရစေရန် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဖီးလ်

ဆင် (အကြောင်း) ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

أَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِأَصْحٰبِ الْفِيْلِ ① أَلَمْ يَجْعَلْ
كَيْدَهُمْ فِيْ تَضْلِيْلٍ ② وَّأَرْسَلَ عَلَيْهِمْ طَيْرًا أَبَابِيْلَ ③
تَرْمِيْهِمْ بِحِجَارَةٍ مِّنْ سِجِّيْلٍ ④ فَجَعَلَهُمْ كَعَصْفٍ مَّأْكُوْلٍ ⑤

၁၀၅ : ၁ ။ ။ (အို၊ နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ဆင်ပိုင်ရှင်တို့အား မည်သို့မည်ပုံ ပြုလုပ်တော်မူခဲ့သည်ကို အသင်သည် မသိမမြင် မဆင်ခြင်ခဲ့ပါသလော။

၁၀၅ : ၂ ။ ။ ထိုအသျှင်မြတ်သည် ၎င်းတို့၏ လျှို့ဝှက်ကြံစည်မှုကို ပျက်ပြားစေတော်မူခဲ့သည် မဟုတ်လော။

၁၀၅ : ၃ ။ ။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ ငှက်များကို အုပ်စုလိုက် စေလွှတ်တော်မူခဲ့သည် မဟုတ်လော။

၁၀၅ : ၄ ။ ။ ထိုငှက်များသည် ၎င်းတို့အား ရွှံ့စေးဖြင့် ပြုလုပ်ထားသော ကျောက်ခဲများဖြင့် ပစ်ခတ်လျက် ရှိခဲ့ကြကုန်၏။

၁၀၅ : ၅ ။ ။ ၎င်းနောက် ထိုအသျှင်မြတ်သည် ၎င်းတို့အား စားထားပြီးဖြစ်သော ကောက်ရိုးဖတ်များကဲ့သို့ ပြုလုပ်တော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ဆင်တပ်ရှင်တို့အား မည်ကဲ့သို့ ပြုမူဆက်ဆံတော်မူခဲ့သည်ကို အသင် မသိရှိခဲ့ပါသလော။

(ဤသို့ မေးမြန်းရခြင်း၏ ရည်ရွယ်ချက်မှာ ဤဖြစ်ရပ်၏ ကြီးကျယ်မှုနှင့် ကြောက်မက်ဖွယ်ကောင်းခြင်းတို့ကို သတိပေးနှိုးဆော်ရန် ဖြစ်သည်။ ရှေ့တွင် ဤဖြစ်ရပ်အကြောင်း လာရှိသည်မှာ အလ္လာဟ်အသျှင်မြတ်သည်) ၎င်းတို့၏ ကြံစည်မှု ('ကအ်ဗာဟ်' ကျောင်းတော်အား ဖြိုခွင်းမည့် အကြံအစည်) ကို ပျက်ပြားစေတော်မူခဲ့သည် မဟုတ်ပါသလော။

(ဤသို့ မေးမြန်းရခြင်းမှာ ဖြစ်ရပ်၏ မှန်ကန်မှုကို အတည်ပြုရန် ဖြစ်သည်။) ထိုအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ ငှက်များကို အုပ်စုလိုက်အုပ်စုလိုက် စေလွှတ်တော်မူခဲ့သည်။

ထိုငှက်ကလေးများသည် ၎င်း (ဆင်တပ်ရှင်) တို့အား ကျောက်စရစ်ခဲများဖြင့် ပစ်ပေါက်လျက် ရှိခဲ့ကြသည်။

သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား စားထားပြီးသော ကောက်ရိုးဖတ်များကဲ့သို့ ပျက်စီးစေတော်မူခဲ့သည်။

(ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို မလေးမစားပြုသူများအဖို့ ဤကဲ့သို့သော 'အဇာဗ်' အပြစ်ဒဏ်မှ မကြောက်မရွံ့ သောကမထားဘဲ မနေသင့်ပေ။ ဆင်တပ်ရှင်များအပေါ်၌ ကျရောက်ခဲ့သကဲ့သို့ ဤ 'အဇာဗ်' အပြစ်ဒဏ်မျိုးသည် လောက၌လည်း ကျရောက်လာနိုင်သည်။ ထိုသို့မဟုတ်ပါက တမလွန်၏ 'အဇာဗ်' အပြစ်မှာမူ မုချ တွေ့ကြုံရမည်ပင် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤစူရာဟ်တွင် ဆင်တပ်ရှင်တို့၏ ဖြစ်ရပ်အကျဉ်းကို တင်ပြထားသည်မှာ ဆင်တပ်ရှင်တို့သည် 'ကအ်ဗာဟ်'ကျောင်းတော်ကို ဖြိုခွင်းဖျက်ဆီးရန် ရည်ရွယ်လျက် ဆင်တပ်ကြီးဖြင့် မက္ကာဟ်မြို့သို့ ချီတက်လာခဲ့သည်။ အလ္လာဟ်အသျှင်မြတ်သည် သာမန်ငှက်ကလေးများ၏ အကြောင်းခံဖြင့် ၎င်းတို့၏ စစ်တပ်ကြီးကို ကောင်းကင်မှ 'အဇာဗ်'အပြစ်ဒဏ် ပို့ချလျက် အစအနမျှပင် မရှိအောင် ပြုလုပ်ပြီး ၎င်းတို့၏ ရည်ရွယ်ချက်များကို ဖျက်ဆီးပစ်တော်မူခဲ့သည်။

ဆင်တပ်ရှင်တို့၏ ဖြစ်ရပ်သည် ကိုယ်တော်မြတ် ﷺ ဖွားမြင်တော်မူသော နှစ်တွင် ဖြစ်ခဲ့ခြင်း

ဤဖြစ်ရပ်သည် နဗီကိုယ်တော်မြတ် ﷺ မက္ကာဟ်မြို့တော်၌ မီးရှုးသန့်စင် ဖွားမြင်တော်မူသောနှစ်တွင် ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်ဖြစ်သည်။ အချို့ဆင့်ပြန်ချက်များဖြင့် ထောက်ခံမှု ရရှိထားသည်။ ဤသည်သာ အကျော်ကြားဆုံး အဆိုဖြစ်သည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

'မုဟာဒ်ဒီးဇ်' ဒိတ်ဒိတ်ကျဲ ဟဒီးဇ်ပညာရှင်တို့သည် ဤဖြစ်ရပ်ကို ကိုယ်တော်မြတ် ﷺ ၏ 'မုအ်ဂျေဇာဟ်'တစ်မျိုးဖြစ်သည်' ဟု သတ်မှတ်ကြသည်။ သို့သော် 'မုအ်ဂျေဇာဟ်' ၏ ဥပဒေမှာ နဗီတမန်တော်၏ 'နဗူဝသ်'ကြေညာခြင်းနှင့်အတူ ထို 'နဗူဝသ်'ကို ထောက်ခံရန်အတွက် ဖြစ်ပေါ်စေသော အရာများ

ဖြစ်သည်။ 'နဗူဝသ်'ကို မကြေညာမီအလျင်သာမက နဗီတမန်တော် မမွေးဖွားမီတွင် အလ္လာဟ်အသျှင်မြတ်သည် တစ်ခါတစ်ရံ လောကတွင် သဘာဝနှင့် ဆန့်ကျင်ဖြစ်ပေါ်ရာ၌ 'မုအ်ဂျိဇာဟ်'ကဲ့သို့ပင် ဖြစ်သော ဖြစ်ရပ်များကို ဖြစ်စေတော်မူလေ့ ရှိခဲ့သည်။ ဤသို့သော လက္ခဏာများကို 'မုဟဒ်ဒီးစ်'ဟဒီးစ်ပညာရှင်တို့၏ ဝေါဟာရတွင် **ارهاص** (အိရ်ဟားစ်) ဟု ခေါ်ဆိုသည်။ ၎င်းကို 'အုတ်မြစ်ချခြင်းနှင့် နိဒါန်းပျိုးအစပြုခြင်း'ဟူသော အဓိပ္ပာယ်များအတွက် သုံးစွဲလေ့ ရှိသည်။ **رهص** သည် 'အုတ်မြစ်ချကျောက်'ကို ခေါ်ဆိုသည်။ *[ကာမူးစ်ကျမ်း]*

နဗီတမန်တော်များ လောက၌ ကြွမြန်းမလာမီ (သို့) ၎င်းတို့၏ 'နဗူဝသ်' ကြွေးကြော်မှု မပြုမီအလျင်ကပင် အလ္လာဟ်အသျှင်မြတ်သည် 'မုအ်ဂျိဇာဟ်'၏ အမျိုးအစားမှဖြစ်သော ဤကဲ့သို့ လက္ခဏာဖြစ်ရပ်များကို ပေါ်ပေါက်စေတော်မူခဲ့သည်။ ဤသို့ ဖြစ်ပေါ်ခဲ့သော လက္ခဏာများသည် ၎င်းတို့၏ 'နဗူဝသ်' မှန်ကန်ကြောင်း၏ ရှေ့ပြေးလက္ခဏာနှင့် နိဒါန်းအရင်းအမြစ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် ၎င်းတို့ကို **ارهاص** ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ နဗီကိုယ်တော်မြတ် ﷺ အား စေလွှတ်ခြင်းမပြုမီနှင့် မဖွားမြင်မီအလျင်ကလည်း **ارهاص** အမျိုးအစားများစွာ ဖြစ်ပေါ်ခဲ့သည်။ ဆင်တပ်ရှင်တို့အား ကောင်းကင်ကျ 'အဗာဗီ'ဖြင့် 'ကအ်ဗာဟ်'ကျောင်းတော်ကို ရန်မူတိုက်ခိုက်ခြင်းမှ တားဆီးခဲ့သည်မှာလည်း ဤ **ارهاص** အမျိုးအစားများအနက်မှပင် ဖြစ်သည်။

ဆင်တပ်ရှင်တို့၏ ဖြစ်ရပ်

ဟဒီးစ်နှင့် သမိုင်းပညာရပ်၏ အမောမ်ဖြစ်သော အိဗ်နေကစီးရ် (ရဟ) က ဆင့်ပြန်ခဲ့သည်မှာ ယမန်နိုင်ငံကို حِمْيَر 'ဟင်မ်ယရ်' မျိုးနွယ်စုက အုပ်စိုးထားခဲ့သည်။ ၎င်းတို့သည် မုရှ်ရစ်က်များ ဖြစ်ကြသည်။ ၎င်းတို့၏ နောက်ဆုံးဘုရင်မှာ 'ဇူနဝါးစ်'ဖြစ်သည်။ ၎င်းသည် ထိုခေတ်သမယအရ လမ်းမှန်ပေါ်၌ရှိသူ 'နဆွာရာ'တို့အပေါ် ပြင်းထန်သော ညှဉ်းပန်းမှုများ ပြုခဲ့သည်။ ၎င်းသည် အလွန်ရှည်လျားကျယ်ဝန်းသော ခံတပ်တစ်ခုကို တူးစေပြီး ထိုခံတပ်အတွင်း၌ မီးပုံကြီးကို လျှံလျှံတောက်စေ၍ ရုပ်တုကိုးကွယ်မှုကို ဆန့်ကျင်၍ တစ်ပါးတည်းသော အလ္လာဟ်အသျှင်မြတ်အား ကိုးကွယ်ကြသည့် ရှိရှိသမျှ နဆွာရာနီအားလုံးကို ထိုမီးပုံကြီး၏ တွင်းထဲ၌ ပစ်ချ၍ မီးရှို့ခဲ့သည်။ ၎င်းတို့၏ အရေအတွက်မှာ (၂၀၀၀၀) နီးပါးမျှ ရှိခဲ့သည်။

ဤသည်ပင် စူရာဟ် 'ဗုရူးဂ်'တွင် 'အဆ္ဟာဗေအုခ်ဒူးဒ်'ဟူသော အမည်ဖြင့် ပါရှိခဲ့သော ခံတပ်ဖြစ်သည်။ ၎င်းတို့အနက် လူနှစ်ဦးသည် တစ်နည်းတစ်ဖုံဖြင့် ၎င်း၏ ဖမ်းဆီးခြင်းမှ လွတ်မြောက်လာခဲ့သည်။ ထိုလူနှစ်ဦးသည် ဆီးရီးယားဘုရင် 'ကိုင်ဆွရ်'ထံသို့ သွားရောက်၍ 'ဟင်မ်ယရ်' မျိုးနွယ် 'ဇူနဝါးစ်' ဘုရင်သည် နဆွာရာတို့အပေါ် ဤသို့ဤပုံ ညှဉ်းပန်းမှုများ ပြုခဲ့ပါသည်။ ၎င်းအား လက်စားချေပေးတော်

မူပါ' ဟု လျှောက်ထားကြလေရာ ဆီးရီးယားဘုရင် ကိုင်ဆွရ်သည် နဆ္ဂ်ရာနီလည်းဖြစ်ပြီး ယမန်နိုင်ငံနှင့် နီးကပ်မှုရှိသော ဟဗ်ရှဟ်နိုင်ငံ ဘုရင်ထံသို့ 'အသင်သည် ထိုမတရားသူ၏ မတရားမှုကို လက်တုန့် ပြန်ပါ' ဟု စာရေး၍ အကြောင်းကြားလေသည်။ ဟဗ်ရှဟ်ဘုရင်သည် မိမိ၏ ကြီးမားသော စစ်တပ်ကို ခေါင်းဆောင်နှစ်ဦးဖြစ်ကြသော အရ်ယားသ်နှင့် အဗ်ရဟဟ်တို့၏ ကွပ်ကဲမှုဖြင့် ယမန်ဘုရင်ကို တိုက်ခိုက် ရန် စေလွှတ်လိုက်သည်။ စစ်တပ်သည် ယမန်နိုင်ငံသို့ ချီးတက်တိုက်ခိုက်ပြီး ယမန်နိုင်ငံတစ်ခုလုံးကို ဟင်မ်ယရ်မျိုးနွယ်တို့၏ အုပ်စိုးမှုမှ လွတ်မြောက်စေခဲ့သည်။ ဟင်မ်ယရ်တို့၏ဘုရင် ဇူနဝါးစ်သည် ထွက်ပြေး သွားခဲ့သည်။ မြစ်ပြင်၌ နစ်မြုပ်၍ သေဆုံးသွားလေသည်။

ဤနည်းဖြင့် အရ်ယားသ်နှင့် အဗ်ရဟဟ်တို့ကို အကြောင်းခံကာ ယမန်နိုင်ငံသည် ဟဗ်ရှဟ်ဘုရင်၏ အုပ်စိုးမှုအောက်၌ ရောက်ရှိခဲ့သည်။ တစ်ဖန် အရ်ယားသ်နှင့် အဗ်ရဟဟ်တို့အကြား အချင်းချင်း တိုက်ခိုက် မှုများဖြစ်ပြီး အရ်ယားသ်သည် သတ်ဖြတ်ခံခဲ့ရသည်။ အဗ်ရဟဟ်သည် အောင်နိုင်ခဲ့သည်။ အဗ်ရဟဟ် သည် ဟဗ်ရှဟ်ဘုရင် နဂျာရှီ၏ဘက်မှ ယမန်နိုင်ငံ၏ ဘုရင်ခံအဖြစ် သတ်မှတ်ပေးခြင်း ခံခဲ့ရသည်။ ၎င်းသည် ယမန်နိုင်ငံကို အုပ်စိုးပြီးသောအခါ ယမန်နိုင်ငံတွင် လောက၌ တုနှိုင်းယှဉ်စရာ မရှိနိုင်သော ကြီးမားထည်ဝါ ခန့်ညားသော ဝတ်ကျောင်းတော်ကြီးတစ်ခု တည်ဆောက်ရန် စိတ်ကူးလေသည်။ ဤသို့ တည်ဆောက်ရန် စိတ်ကူးဖြစ်ပေါ်ရခြင်း၏ ရည်ရွယ်ချက်မှာ ယမန်နိုင်ငံရှိ အာရပ်တို့သည် 'ဟဂ်ျ' ပြုရန် မက္ကာဟ်သို့ သွားရောက်လျက် 'ဗိုင်သွလ္လာဟ်' ကို 'သွဝါးဖ်' ပြုကြသည်ဖြစ်ရာ ၎င်းတို့သည် ဤဝတ်ကျောင်း တော်၏ ကြီးမားခန့်ညားမှု၏ အရှိန်အဝါအောက်၌ နစ်မွန်း၍ 'ကအ်ဗာဟ်' ကျောင်းတော်သို့ သွားမည့် အစား ဤဝတ်ကျောင်းတော်ကိုပင် သွားရောက် ဂါရဝပြုကြစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဤသို့ ရည်ရွယ် ပြီး ၎င်းသည် ထိုဝတ်ကျောင်းတော်ကို အောက်မှ ရပ်နေသူတစ်ဦးအဖို့ အပေါ်ထိပ်ဖျားကို မြင်နိုင်စွမ်း မရှိလောက်အောင်ပင် မြင့်မားအောင် ဆောက်လုပ်လိုက်လေသည်။ ထို့နောက် ဤအဆောက်အဦးကို ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားတို့ဖြင့် စီခြယ်၍ အလှဆင်လေသည်။ ထို့နောက် တစ်နိုင်ငံလုံးတွင် 'ယခုမှစ၍ ယမန်နိုင်ငံမှ မည်သူတစ်ဦးတစ်ယောက်မျှ 'ကအ်ဗာဟ်' ကို 'ဟဂ်ျ' ပြုရန် မသွားရတော့ပေ။ ဤဝတ်ကျောင်း တော်၌သာ 'အေဗာဒသ်' ပြုကြရမည်' ဟု ကြေညာလိုက်လေသည်။

အာရပ်တွင် စင်စစ် ရုပ်တုကိုးကွယ်ခြင်းများ လွှမ်းမိုးလာပြီးဖြစ်သော်လည်း အိဗ်ရာဟီးမ် عليه السلام ၏ သာသနာနှင့် 'ကအ်ဗာဟ်' ကျောင်းတော်၏ မြင့်မြတ်မှုနှင့် အချစ်စိတ်တို့သည် ၎င်းတို့၏ စိတ်နှလုံးများ ၌ ကိန်းဝပ် တွယ်ငြိလျက် ရှိနေခဲ့ကြသည်။ ထို့ကြောင့် အဒ်နားန်၊ ကဟ်သွားန်နှင့် ကုရိုက်ရှ်မျိုးနွယ်တို့ အတွင်းဝယ် ပူဆွေးသောကနှင့် ဒေါသတို့၏ လှိုင်းတံပိုးသည် ဆူပွက်၍ ထလာခဲ့သည်။ နောက်ဆုံးတွင် ၎င်းတို့အနက်မှ တစ်ဦးသည် ညအချိန်၌ ဝတ်ကျောင်းတော်အတွင်းသို့ ဝင်ရောက်၍ ဝတ်ကျောင်းတော်အား အညစ်အကြေးများဖြင့် ပေကျံအောင် ပြုလုပ်လိုက်လေသည်။

အချို့ဆင့်ပြန်ချက်များ၌လာရှိသည်မှာ ၎င်းတို့အနက် ခရီးသည်အုပ်စုတစ်စုသည် ဝတ်ကျောင်းတော် အနီးတွင် မိမိတို့၏ လိုအပ်ချက်ကိစ္စအတွက် မီးမွေးရာမှ ထိုမီးသည် ဝတ်ကျောင်းတော်ကို စွဲလောင်သွား

လေရာ ဝတ်ကျောင်းတော်သည် အကြီးအကျယ် ပျက်စီးသွားရလေသည်။ အဗ်ရဟာ်သည် ဤအကြောင်းကို သတင်းရရှိသွားလေသည်။ ထို့ပြင် ကုရိုက်ရှ်တစ်ဦးက ဤသို့ ပြုလုပ်ခဲ့ကြောင်း ကြားသိရလေသော အခါ 'ငါသည် ၎င်းတို့၏ 'ကအ်ဗာဟ်'မှ အုတ်ကို တစ်ချပ်ချင်း ခွာပစ်မည်'ဟု 'ကစမ်'ကျိန်ဆိုလိုက်သည်။ အဗ်ရဟာ်သည် ထိုကိစ္စအတွက် စတင်ပြင်ဆင်လေသည်။ မိမိ၏ ဘုရင် နဂျာရှီထံ ခွင့်တောင်းခံလေသည်။ နဂျာရှီဘုရင်သည် မဟ်မူးဒ်အမည်ရှိသော မိမိ၏ အထူးဆင်တစ်ကောင်ကို အဗ်ရဟာ်အတွက် ပေးပို့လိုက်သည်။ အဗ်ရဟာ်သည် ထိုဆင်ကို စီးလျက် 'ကအ်ဗာဟ်'ကို စီးနင်းတိုက်ခိုက်ရန် ဖြစ်သည်။

အချို့ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ 'ဤဆင်သည် အကြီးမားဆုံးသော ဆင်ဖြစ်သည်။ ထိုဆင်ကဲ့သို့ အလားတူ ဆင်မျိုးကို မတွေ့မြင်ဘူးပါ'ဟု ဖြစ်သည်။ ထိုဆင်နှင့်အတူ အခြားဆင် (၈) ကောင်ကိုလည်း ဤစစ်တပ်အတွက် ဟဗ်ရှဟ်ဘုရင်က ပေးပို့ခဲ့သည်။ ဆင်အမြောက်အမြားကို ပေးပို့ရခြင်း ရည်ရွယ်ချက်မှာ 'ကအ်ဗာဟ်'ကို ဖြိုဖျက်ရာတွင် ဆင်များကို အသုံးပြု၍ ဖျက်ဆီးရန်အတွက် ဖြစ်သည်။ ၎င်းတို့၏ အစီအစဉ် ရေးဆွဲချက်မှာ 'ကအ်ဗာဟ်'၏ တိုင်များတွင် ခိုင်ခံ့၍ ရှည်လျားသော သံကြိုးများကို ချည်နှောင်၍ ထိုသံကြိုးများကို ဆင်များ၏ လည်ပင်းတွင် ချည်ပြီး ဆင်တို့ကို မောင်းနှင်လိုက်ပါလျှင် 'ကအ်ဗာဟ်'ကျောင်းတော်တစ်ခုလုံးသည် ('မအာဇလ္လာဟ်' ဤသည့်စိတ်ကူးမျိုးမှ အလ္လာဟ်အသျှင်မြတ် ကယ်တင်စောင့်ရှောက်တော်မူပါ။) ချက်ချင်းပင် မြေပြင်ပေါ်သို့ ကျရောက်လာပေမည်' ဟု ဖြစ်သည်။

အာရဗ်တွင် 'ကအ်ဗာဟ်'ကျောင်းတော်အား တိုက်ခိုက်ဖြိုခွင်းမည်ဟူသော ဤသတင်းသည် ပြန့်နှံ့သွားသည်။ အရဗ်အားလုံးသည် ရင်ဆိုင်ရန် အသင့်ဖြစ်သွားခဲ့ကြသည်။ ယမန်ရှိ အရဗ်များအနက်မှ 'ဇူနဖရ်' မည်သော ပုဂ္ဂိုလ်တစ်ဦးသည် အာရဗ်များကို ဦးဆောင်ခဲ့သည်။ အရဗ်တို့သည် ၎င်းထံတွင် စုရုံး ရောက်ရှိလာပြီး ရင်ဆိုင်ရန် ပြင်ဆင်ကြသည်။ ထို့နောက် အဗ်ရဟာ်အား ဆန့်ကျင်တိုက်ခိုက်လေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် အဗ်ရဟာ်၏ ရှုံးနိမ့်မှုနှင့် ၎င်း၏ သေးသိမ်ရမှု မြင်ကွင်းများသည် လောကကြီး၏ ရှေ့မှောက်သို့ ရောက်ရှိလာစေခြင်းကို လိုလားတော်မူသည့်အတွက် ဤအာရဗ်တို့သည် အောင်မြင်မှု မရခဲ့ကြပေ။ အဗ်ရဟာ်သည် ၎င်းတို့ကို ရှုံးနိမ့်စေခဲ့သည်။ ထို့နောက် ဇူနဖရ်ကို ဖမ်းဆီးချုပ်နှောင်လိုက်သည်။ ထို့နောက် ရှေ့သို့ ခရီးဆက်ခဲ့သည်။ ၎င်းတို့သည် ~~ခဆ်~~ 'ခွဆ်အမ်' မည်သော အရပ်သို့ ရောက်ရှိလေသော် 'ခွဆ်အမ်'မျိုးနွယ်စုတို့၏ ခေါင်းဆောင်ဖြစ်သူ နူဖိုင်လ်ဗင်နိဟာဘီးဗ်သည် တစ်မျိုးသားလုံးနှင့်အတူ အဗ်ရဟာ်ကို ရင်ဆိုင်ခဲ့သည်။ သို့သော် အဗ်ရဟာ်သည် ၎င်းတို့အားလည်း ရှုံးနိမ့်စေခဲ့သည်။ နူဖိုင်လ်ဗင်နိဟာဘီးဗ်ကိုလည်း ဖမ်းဆီးချုပ်နှောင်လိုက်သည်။ ၎င်းအား သတ်ဖြတ်လိုက်ရန် ရည်ရွယ်ခဲ့သော်လည်း ၎င်းအား အရှင်ထားပြီး ၎င်းထံမှ လမ်းပြခြင်း အကူအညီကို ရယူမည်ဟု စဉ်းစားမိပြီး အရှင်ထားခဲ့သည်။

ထို့နောက် ၎င်းတို့၏ စစ်တပ်သည် သွာအိဖ်အနီးသို့ ရောက်လေသောအခါ သွာအိဖ်တွင် နေထိုင်သူ 'ဆကီးဖ်' အမျိုးသားများသည် ရှေ့မှ လူမျိုးစုတို့၏ တိုက်ပွဲဝင်ခဲ့သည်များနှင့် အဗ်ရဟာ်၏ အောင်နိုင်ခြင်း အကြောင်းများကို ကြားသိရပြီး ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် မိမိတို့၏ ကောင်းရာ ကောင်းကျိုး

လမ်းကို ရွေးချယ်ရန် ဆုံးဖြတ်လိုက်ကြသည်။ ၎င်းနောက် ယင်းတို့က ဤသာအိဖ်မြို့တွင် ကျွန်ုပ်တို့၏ 'လားသ်' အမည်ရှိသော ကြီးမားလှသည့် ဘုရားကျောင်းတစ်ကျောင်းကို တည်ဆောက်ထားသည် ဖြစ်ရာ အဗ်ရဟာဟ်သည် ထိုဘုရားကျောင်းကို မတိုက်ခိုက်ဟုဆိုလျှင် ကျွန်ုပ်တို့သည်လည်း ၎င်းနှင့် ရင်ဆိုင်မှု မပြုဟု ဆုံးဖြတ်လိုက်ကြသည်။

ဤသို့ဖြင့် ၎င်းတို့သည် အဗ်ရဟာဟ်နှင့် တွေ့ဆုံညှိနှိုင်းပြီး 'ကျွန်ုပ်တို့သည် အသင့်အား ကူညီရန် အတွက် မိမိတို့၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ အဘူရိဂါးလ်'ကို သင်တို့နှင့်အတူ လမ်းပြရန် ထည့်ပေး လိုက်ပါမည်' ဟုလည်း သဘောတူခဲ့ကြသည်။ အဗ်ရဟာဟ်သည် ဤသည်ကို သဘောတူ၍ အဘာရိဂါးလ် ကို ခေါ်ဆောင်လျက် မက္ကာဟ်မြို့အနီးရှိ مغمس 'မဂ်မတ်စ်' အရပ်သို့ ရောက်ရှိခဲ့သည်။ ထိုနေရာတွင် မက္ကာဟ်မြို့ရှိ ကုလားအုတ်များ ကျက်စားလျက် ရှိကြသည်။ အဗ်ရဟာဟ်၏ စစ်တပ်သည် ပထမဦးစွာ ကုလားအုတ်များကို ထိန်းချုပ်ဖမ်းဆီးလိုက်သည်။ ထိုကုလားအုတ်များတွင် ရစူလွတ်လ္လာဟ် ﷺ ၏ ဘိုးတော် အဗ်ဒွလ်မုသ္ဘလိဗ်၏ ကုလားအုတ်အကောင် (၂၀၀) လည်း ပါဝင်ပေသည်။ အဗ်ရဟာဟ်သည် မိမိ၏ သံတမန်တစ်ဦးဖြစ်သူ ဟနာသွဟ်ဟုမိုင်ရီကို မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်ခေါင်းဆောင်များထံ စေလွှတ်လျက် အကြောင်းကြားစေသည်မှာ 'ကျွန်ုပ်တို့သည် အသင်တို့နှင့် စစ်တိုက်ရန် လာခြင်းမဟုတ်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ 'ကအ်ဗာဟ်'ကို ဖြိုဖျက်ရန်သာ ဖြစ်သည်။ အကယ်၍ အသင်တို့သည် 'ကအ်ဗာဟ်' ကို ဖြိုဖျက်ရာတွင် အနှောင့်အယှက်တစ်စုံတစ်ရာ မပြုဟုဆိုလျှင် အသင်တို့အဖို့ မည်သည့်ဆုံးရှုံးမှုမျှ ဖြစ်မည် မဟုတ်ပေ' ဟု ဖြစ်သည်။

ဟနာသွဟ်သည် မက္ကာဟ်မြို့တွင်းသို့ ဝင်ရောက်သောအခါ မက္ကာဟ်မြို့သား အားလုံးတို့က အဗ်ဒွလ်မုသ္ဘလိဗ်သည် မက္ကာဟ်မြို့၏ အကြီးဆုံးခေါင်းဆောင် ဖြစ်သည်' ဟူ၍ အဗ်ဒွလ်မုသ္ဘလိဗ် ရှိရာသို့သာ ညွှန်ပြကြသည်။ ဟနာသွဟ်သည် အဗ်ဒွလ်မုသ္ဘလိဗ်နှင့် စကားများ ပြောဆိုခဲ့သည်။ ထို့နောက် အဗ်ရဟာဟ်၏ မိန့်မှာချက်ကို တင်ပြလေသည်။ အိဗ်နေအိဗ်ဟားက် (ရဟ) ၏ ဆင့်ပြန်ချက်အရ အဗ်ဒွလ် မုသ္ဘလိဗ်က ဖြေကြားခဲ့သည်မှာ 'ကျွန်ုပ်တို့သည်လည်း အဗ်ရဟာဟ်နှင့် စစ်မက်ပြိုင်ဆိုင်ရန် မလိုလား ကြပါ။ ကျွန်ုပ်တို့သည် ၎င်းနှင့် စစ်မက်ပြိုင်ဆိုင်နိုင်သော အင်အားလည်း မရှိကြပါ။ သို့ရာတွင် ကျွန်ုပ်သည် အသင်တို့အား သတိပေးလိုသည်မှာ 'ဤသည် အလ္လာဟ်အသျှင်မြတ်၏ အိမ်တော်ဖြစ်သည်။ ထိုအသျှင် မြတ်၏ အချစ်တော် အိဗ်ရာဟီးမ် ﷺ တည်ဆောက်ခဲ့သည့် ကျောင်းတော်ဖြစ်သည်။ ထိုအသျှင်မြတ် သည်ပင် 'ကအ်ဗာဟ်'ကျောင်းတော်ကို ကိုယ်တော်တိုင် စောင့်ရှောက်တော်မူပါလိမ့်မည်။ အလ္လာဟ်အသျှင် မြတ်နှင့် စစ်မက်ပြိုင်ဆိုင်လိုသည်ဖြစ်လျှင် ပြုလိုရာကို ပြုကြပါ။ ထို့နောက်မှ အလ္လာဟ်အသျှင်မြတ်သည် မည်သို့မည်ပုံ ဆက်ဆံတော်မူမည်ကို တွေ့မြင်ကြရပါမည်' ဟု ဖြစ်သည်။

ဟနာသွဟ်သည် အဗ်ဒွလ်မုသ္ဘလိဗ်အား ဤသို့ဆိုလျှင် အသင်သည် ကျွန်ုပ်နှင့် လိုက်ခဲ့ပါ။ ကျွန်ုပ်သည် အသင့်အား အဗ်ရဟာဟ်နှင့် တွေ့ဆုံပေးပါမည်ဟု ပြောဆိုလေသည်။ အဗ်ရဟာဟ်သည် အဗ်ဒွလ် မုသ္ဘလိဗ်ကို မြင်သည်နှင့် 'ဂုဏ်သိက္ခာရှိသူ' ဟု အသိအမှတ်ပြုလျက် မိမိ၏ ပလ္လင်ထက်မှ ဆင်းပြီး

အောက်တွင် ထိုင်လိုက်သည်။ အစ်ဒွလ်မုသ္တ္တလိဗ်ကိုလည်း မိမိနှင့် တန်းတူထိုင်စေသည်။ ထို့နောက် မိမိ၏ စကားပြန်အား 'ငှင်းသည် မည်သည့်ရည်ရွယ်ချက်ဖြင့် လာသည်ကို မေးလိုက်ပါ' ဟု ပြောဆိုရာ 'အစ်ဒွလ်မုသ္တ္တလိဗ်က 'ကျွန်ုပ်၏ လာရခြင်းရည်ရွယ်ချက်မှာ အသင်၏ စစ်တပ်မှ ဖမ်းဆီးထားသည့် ကျွန်ုပ်၏ ကုလားအုတ်များကို လွှတ်ပေးရန် လာရောက် ပြောကြားရခြင်း ဖြစ်ပါသည်' ဟု ပြောဆိုလိုက်လေသည်။ ထိုအခါ အစ်ရဟာဟ်က စကားပြန်မှတစ်ဆင့် အစ်ဒွလ်မုသ္တသ်လိဗ်အား 'ကျွန်ုပ်သည် အသင့်အား မြင်မြင်ချင်း စိတ်ထဲတွင် အသင့်အား အလွန် ကြည်ညိုလေးစားခဲ့သည်။ သို့သော် အသင်၏ ပြောဆိုလိုက်သော စကားသည် ထိုလေးစားမှုကို လုံး၀ ပပျောက်သွားစေလိုက်သည်။ အသင်သည် ကျွန်ုပ်ထံမှ ကုလားအုတ် အကောင် (၂၀၀) အတွက်ကိုသာ စကားပြောဆိုနေသည်။ အသင်တို့၏ သာသနာ၊ အသင်တို့၏ 'ကအ်ဗာဟ်'အား ဖြိုဖျက်ရန် လာခြင်းနှင့် စပ်လျဉ်း၍ အသင်သည် မည်သည့်စကားကိုမျှ မဆိုခဲ့ပေ' ဟု ပြောဆိုလေသည်။ အစ်ဒွလ်မုသ္တ္တလိဗ်က 'ကုလားအုတ်များ၏ ပိုင်ရှင်သည် ကျွန်ုပ် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အဖို့ ကုလားအုတ်များအတွက် သောကဖြစ်ရခြင်း ဖြစ်သည်။ ဗိုင်သွလ္လာဟ်၏ ပိုင်ရှင်မှာ ကျွန်ုပ်မဟုတ်ပါ။ ထိုမျှမက 'ဗိုင်သွလ္လာဟ်' ၏ ပိုင်ရှင်မှာ အလွန်တရာ ကြီးကျယ်မြင့်မြတ်တော်မူသော (အလ္လာဟ်) အသျှင်မြတ် ရှိပါသည်။ ထိုအသျှင်မြတ်သည် မိမိ၏ အိမ်တော်ကို စောင့်ရှောက်တော်မူမည်ကို ကျွန်ုပ် ယုံကြည်ပါသည်' ဟု ဖြေကြားလေသည်။

အစ်ရဟာဟ်က 'အသင်၏ အသျှင်မြတ်သည် 'ကအ်ဗာဟ်'အား ကျွန်ုပ်၏လက်မှ ကယ်တင်နိုင်မည် မဟုတ်ပါ'ဟု ပြောဆိုလေသည်။ အစ်ဒွလ်မုသ္တ္တလိဗ်က 'ဤသို့ဆိုလျှင် အသင့်အဖို့ လုပ်လိုရာကိုသာ ပြုလုပ်ပါလေ'ဟု ပြောဆိုလေသည်။

အချို့ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ အစ်ဒွလ်မုသ္တ္တလိဗ်နှင့်အတူ ကုရိုက်ရှ်တို့၏ အခြားသော ခေါင်းဆောင်အချို့လည်း အတူ လိုက်ပါခဲ့ကြသည်။ ငှင်းတို့သည် အစ်ရဟာဟ်၏ ရှေ့တွင် 'အကယ်၍ အသင်သည် 'ဗိုင်သွလ္လာဟ်'အပေါ်၌ လက်ရောက်ကျူးလွန်မှု မပြုဘဲ ပြန်သွားခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့၏ 'သိဟာမဟ်'ဒေသတစ်ခုလုံးမှ ထွက်သည့် ကောက်ပဲသီးနှံတို့၏ သုံးပုံတစ်ပုံကို အသင့်အား အခွန်အဖြစ် တင်ဆက်ပါမည်' ဟု ပြောဆိုသော်လည်း အစ်ရဟာဟ်သည် ဤသည်ကို လက်ခံရန် ငြင်းဆိုခဲ့သည်။ အစ်ရဟာဟ်သည် အစ်ဒွလ်မုသ္တ္တလိဗ်၏ ကုလားအုတ်များကို ပြန်လည် ပေးအပ်လိုက်သည်။ အစ်ဒွလ်မုသ္တ္တလိဗ်သည် မိမိ၏ ကုလားအုတ်များကို ယူဆောင်၍ ပြန်လာခဲ့သည်။ ထို့နောက် 'ဗိုင်သွလ္လာဟ်'၏ တံခါးကို ကိုင်၍ ဒိုအာတောင်းခံခြင်း၌ နစ်မွန်းနေလိုက်သည်။ ကုရိုက်ရှ်တို့၏ ကြီးမားသော အုပ်စုတစ်စုသည်လည်း ငှင်းနှင့်အတူ ပါ၀င်ခဲ့ကြသည်။ အားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ ဒိုအာများ တောင်းခံကြသည်မှာ 'အစ်ရဟာဟ်၏ ကြီးမားလှသော စစ်တပ်ကို ရင်ဆိုင်ရန်မှာ ကျွန်တော်မျိုးတို့တွင် အင်အားမရှိပါ။ အသျှင်မြတ်သာလျှင် မိမိ၏ အိမ်တော်ကို စောင့်ရှောက်တော်မူပါ' ဟု ဖြစ်သည်။ ကျိုးငှဲနှိမ့်ချစွာ ငိုကြွေးလျက် ဒိုအာတောင်းခံပြီးသောအခါ အစ်ဒွလ်မုသ္တ္တလိဗ်သည် မက္ကာဟ်ရှိ အခြားသော သူတို့ကို ခေါ်ဆောင်လျက် တောင်ကြားများတွင် ဖြန့်၍ နေလိုက်ကြသည်။ ငှင်းတို့သည် အလ္လာဟ်

အသျှင်မြတ်ဘက်တော်မှ ထိုစစ်တပ်အပေါ်သို့ 'အဗားဗ်'အပြစ်ဒဏ်များ ကျရောက်လာမည်ကို ယုံကြည်ခဲ့ကြသည်။ ထိုယုံကြည်ချက်အရ ၎င်းတို့သည် အဗ်ရဟာဟ်ထံမှ မိမိတို့ပိုင်ဆိုင်သည့် ကုလားအုတ်များကိုသာ တောင်းခံခဲ့ကြခြင်း ဖြစ်သည်။ 'ဗိုင်သွလ္လာဟ်'နှင့် စပ်လျဉ်း၍ ပြောဆိုရန်ကို သင့်တော်မှုမရှိဟု သတ်မှတ်ခဲ့ရသည့် အကြောင်းမှာ မိမိတို့ကိုယ်တိုင်သည် ၎င်းနှင့် ရင်ဆိုင်ရန် အင်အားမရှိ၍ ဖြစ်သည်။ ထို့ပြင် အခြားတစ်ချက်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိတို့၏ အင်အားမရှိမှုအပေါ် ကရုဏာပြုတော်မူပြီး ရန်သူတို့၏ အင်အား ခိုင်မာတောင့်တင်းမှုနှင့် ရန်သူတို့၏ ရည်ရွယ်ချက်များကို ပျက်စီးစေကာ ရှုံးနိမ့်စေမည့်အချက်ကို ယုံကြည်ထား၍ ဖြစ်သည်။

နံနက်မိုးသောက်လေသော် အဗ်ရဟာဟ်သည် 'ဗိုင်သွလ္လာဟ်'အပေါ် ချီတက်စီးနင်း တိုက်ခိုက်ရန် ပြင်ဆင်လေသည်။ 'မဟ်မူးဒ်'အမည်ရှိသော မိမိ၏ ဆင်ကို ရှေ့ဆုံးမှ နေ၍ ချီတက်ရန် ပြင်ဆင်လေသည်။ လမ်းခရီးမှ အဗ်ရဟာဟ်၏ ဖမ်းဆီးခြင်းဖြင့် လိုက်ပါလာခဲ့သော နုဖိုင်လ်ဗင်န်ဟဘီးဗ်သည် ထိုအချိန်တွင် ရှေ့သို့ ထွက်လာခဲ့သည်။ ၎င်းသည် ဆင်၏နားရွက်ကို ကိုင်၍ 'အသင်သည် လာရာလမ်းအတိုင်း အေးအေးဆေးဆေး ပြန်သွားပါ။ အဘယ်ကြောင့်ဆိုသော် အသင်သည် အလ္လာဟ်အသျှင်မြတ်၏ 'ဗလဒ်အမီးန်' (ထိန်းသိမ်းစောင့်ရှောက်ခြင်းခံရသော မြို့) ၌ ရှိနေသောကြောင့် ဖြစ်သည်' ဟု ပြောပြီး ၎င်း၏ နားရွက်ကို လွှတ်လိုက်သည်။ ဆင်သည် ဤစကားကို ကြားရသည်နှင့် ထိုင်ချလိုက်သည်။ ဆင်ထိန်းများက မတ်တတ်ရပ်စေရန် ကြိုးစားသော်လည်း ဆင်သည် ထိုင်နေရာမှ မရွေ့လျားခဲ့ပေ။ ဆင်သည် ကြီးမားလှစွာသော သံချွန်များဖြင့် ထိုးနှက်ခြင်းကို ခံရလေသည်။ သို့တိုင်အောင်လည်း အလေးမမူခဲ့ပေ။ ၎င်း၏ နှာခေါင်းတွင် သံချွန်များဖြင့် ထိုးကြသော်လည်း ၎င်းဆင်ကြီးမှာ မထခဲ့ပေ။ ထိုအခါ ၎င်းတို့က ဤဆင်ကြီးအား ယမန်နိုင်ငံသို့ ပြန်လည်ပို့ဆောင်မည်ဟု ပြောသောအခါ ချက်ချင်းပင် ထ၍ ရပ်လိုက်သည်။ တစ်ဖန် ဆီးရီးယားသို့ မောင်းမည်ဟု ပြောဆိုသော အခါတွင်လည်း ထွက်ခွာသွားလေသည်။ တစ်ဖန် အရှေ့ဘက်အရပ်သို့ မောင်းသောအခါ၌လည်း ထွက်ခွာသွားသည်။ သို့တိုင် ဘက်ပေါင်းစုံကို မောင်းနှင်ပြီးနောက် တစ်ဖန် မက္ကာဟ်ဘက်သို့ မောင်းနှင်လေရာ ပြန်၍ ထိုင်ချလိုက်လေသည်။

တန်ခိုးတော်အသျှင်မြတ်၏ ဤမှု ဆန်းကြယ်သော ပြုမူဆောင်ရွက်ချက်မှာ ဤနေရာ၌ပင် ပေါ်လွင်ထင်ရှားနေပါသည်။ တစ်ဘက်သို့ ကြည့်လိုက်လျှင် ပင်လယ်ဘက်မှ ငှက်အချို့တို့သည် အတန်းလိုက် ပျံသန်းလျက် လာနေသည်ကို တွေ့မြင်ရပေသည်။ ငှက်တိုင်းနှင့်အတူ ကုလားပဲလုံး (သို့) ပဲရာဇာအလုံးခန့်ရှိသော ကျောက်စရစ်ခဲ (၃) ခဲစီ နှုတ်သီးနှင့် ခြေထောက်များတွင် သယ်ဆောင်၍ ယူလာကြသည်။ 'ဝါကိဒီ' (ရဟ) ၏ ဆင့်ပြန်ချက်တွင် 'ဤငှက်များသည် ထူးခြားဆန်းကြယ်သော ပုံသဏ္ဍာန်ရှိကြသည်။ ယခင်က မြင်ဖူးခဲ့ခြင်း မရှိပေ။ ခန္ဓာကိုယ်မှာ ခိုထက် ငယ်သည်။ ၎င်းတို့၏ ခြေချောင်းများမှာ အနီရောင်ဖြစ်သည်။ ခြေတစ်ဘက်တွင် ကျောက်စရစ်ခဲတစ်ခဲစီနှင့် ကျောက်စရစ်ခဲတစ်လုံးကိုမူ နှုတ်သီးဖြင့် ယူဆောင်လာသည်ကို တွေ့မြင်ရသည်။ ၎င်းတို့သည် ချက်ချင်းပင် အဗ်ရဟာဟ်၏ စစ်တပ်အပေါ်၌ အုပ်မိုးလိုက်ကြသည်။ ငှက်တိုင်းငှက်တိုင်း ယူဆောင်လာခဲ့ကြသည့် ကျောက်စရစ်ခဲလေးများကို အဗ်ရဟာဟ်၏ စစ်တပ်

အပေါ်သို့ ကျဲချကြသည်။ သေနတ်၊ အမြောက်များသည်ပင် မပေးနိုင်သော အပူရှိန်ဖြင့် ထိမှန်သူ၏ ခန္ဓာကိုယ်ကို ထွင်းဖောက်၍ မြေကြီးအတွင်းသို့ ဝင်ရောက်သွားသည်။ ဤ 'အဇာဗ်'အပြစ်ဒဏ်ကို တွေ့မြင်ရပြီး ဆင်အားလုံးတို့သည် ထွက်ပြေးကုန်ကြသည်။ ကျန်ရှိသော ဆင်တစ်ကောင်သာလျှင် ဤကျောက်စရစ်ခဲဖြင့် သေကြေသွားခဲ့သည်။ စစ်တပ်မှ လူအားလုံးတို့သည် ထိုနေရာ၌ သေဆုံးခဲ့ကြသည် မဟုတ်ပေ။ ထိုမျှမက လေးဘက်လေးရံသို့ ထွက်ပြေးကြလေတော့သည်။ ၎င်းတို့သည် ပြေးရင်းပြေးရင်းလမ်း၌ သေဆုံးသွားကြရလေသည်။ အဗ်ရဟဟ်အား ပြင်းထန်သော အပြစ်ပေးရန်ရှိသည် ဖြစ်ရာ ၎င်းသည် ချက်ချင်းသေဆုံးမသွားပေ။ ၎င်း၏ ခန္ဓာကိုယ်အတွင်း၌ အဆိပ်များ ပြန့်နှံ့သွားသည်မှာ ၎င်း၏ ခန္ဓာကိုယ်အဆစ်အပိုင်းတစ်ခုချင်းစီသည် ပွဲ၍ ပွဲ၍ ကျနေလေသည်။ ၎င်းအား ဤအခြေအနေအတိုင်းပင် ယမန်နိုင်ငံသို့ ပြန်လည်ခေါ်ဆောင်သွားကြသည်။ နန်းစိုက်မြို့ ဆွန်အာသို့ ရောက်လေသော် ၎င်း၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ တစ်စစီတစ်ပိုင်းစီ ဖြစ်၍ ကြွေကျနေလေသည်။ ထို့နောက် သေဆုံးသွားလေသည်။ အဗ်ရဟဟ်၏ ဆင် မဟ်မူးဒ်နှင့်အတူ ဆင်ထိန်းနှစ်ယောက်သည် မက္ကာဟ်မြို့တွင် ကျန်ရစ်ခဲ့ကြသည်။ သို့ရာတွင် ထိုဆင်ထိန်းနှစ်ဦးမှာ အကျိုးနှင့် အကန်းများ ဖြစ်သွားခဲ့ကြသည်။

မိုဟမ္မဒ်ဗင်န်အိဗ်ဟားက် (ရဟ) သည် ဟဇရသ်အာအေရှာဟ် ❀ သခင်မထံမှ ဆင့်ပြန်ခဲ့သည်။ ဟဇရသ် အာအေရှာဟ် ❀ သခင်မက မိန့်ဆိုသည်မှာ 'ကျွန်မသည် ထိုဆင်ထိန်းနှစ်ဦးကို ခြေကျိုး၊ မျက်ကန်းများ အဖြစ်နှင့် တွေ့မြင်ခဲ့ရသည်'ဟု ဖြစ်သည်။ ဟဇရသ်အာအေရှာဟ် ❀ သခင်မ၏ အစ်မ ဟဇရသ်အတ်စ်မာအ် ❀ သခင်မက 'ကျွန်မသည် ၎င်းဆင်ထိန်းနှစ်ယောက်ကို ခြေကျိုး၊ လက်ကျိုး၊ မျက်ကန်းဘဝနှင့် လိုက်လံတောင်းရမ်းနေသည်ကို တွေ့မြင်ခဲ့ရပေသည်' ဟူ၍ အမိန့်ရှိခဲ့သည်။

ဆင်တပ်ရှင်တို့၏ ဤဖြစ်ရပ်နှင့် စပ်လျဉ်း၍ ဤစူရာဟ်တွင် တမန်တော်မြတ် ﷺ အား ရည်ညွှန်းလျက် မိန့်ကြားတော်မူသည်မှာ-

اَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِاَصْحٰبِ الْفِيْلِ

ဟု ဖြစ်သည်။ ဤနေရာတွင် اَلَمْ تَرَ ဟု မိန့်ကြားထားသည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'အသင်မတွေ့မြင်ခဲ့ပါသလား'ဟု ဖြစ်သည်။ စင်စစ် ဤဖြစ်ရပ်သည် ကိုယ်တော်မြတ် ﷺ မဖွားမြင်မီ ကာလအနည်းငယ်ခန့်အလျင်မှ ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်ဖြစ်သည်။ ဤနေရာ၌ ကိုယ်တော်မြတ် ﷺ သည် ထိုဖြစ်ရပ်ကို တွေ့မြင်ရန် ဆိုသည်မှာ မည်သို့မျှ မဖြစ်နိုင်ပေ။ သို့ရာတွင် လူအများ၏ မျက်မြင်ကိုယ်တွေ့ သေချာခိုင်မာ ယုံကြည်စိတ်ချအပ်သော ဖြစ်ရပ်၊ တစ်ဆင့် ကြားသိရခြင်းအား ထိုဖြစ်ရပ်ကို မျက်စိဖြင့် တပ်အပ်မြင်တွေ့ခဲ့ရခြင်း သဘောဆောင်၍ မတွေ့မြင်ခဲ့လေသလော'ဟု သုံးနှုန်းတင်ပြထားခြင်း ဖြစ်သည်။ ထို့ပြင် အတိုင်းအတာတစ်ခုအထိ မြင်တွေ့ခဲ့ရခြင်းကိုလည်း အတည်ပြု သိရှိရပြီးဖြစ်သည်။ အထက်တွင် ဟဇရသ်အာအေရှာဟ် ❀ သခင်မနှင့် ဟဇရသ်အတ်စ်မာအ် ❀ သခင်မတို့ နှစ်ဦးသည် ဆင်ထိန်းများကို အကျိုး၊ အကန်းအဖြစ်နှင့် တောင်းရမ်းစားကြသည်ကို မြင်တွေ့ရကြောင်း တင်ပြထားပြီး ဖြစ်သည်။

طَيۡرًا اَبَابِيۡلَ

اَبَابِيۡل သည် ဗဟုဝုစ်ကိန်း စာလုံးဖြစ်သည်။ ၎င်း၏ တစ်ခုကိန်းအတွက် သုံးနှုန်းသော စာလုံး မရှိပေ။ အဓိပ္ပာယ်မှာ ငှက်အုပ်စုဟု ဖြစ်သည်။ အထူးသီးသန့်ဖြစ်သော သတ္တဝါ၏ အမည်မဟုတ်ပေ။ အုရ်ဒူဘာသာ၌ သီးသန့်ငှက်တစ်မျိုးကို ခေါ်တွင်သည့် **ابابيل** 'အဘာဗီးလ်' ငှက်ကို ဆိုလိုခြင်း မဟုတ်ပေ။ ဤသည်မှာ အထက်တွင် တင်ပြခဲ့သည့်အတိုင်း 'ဤငှက်သည် နီထက် မဆိုစလောက်ငယ်သည်။ ထို့ပြင် ယခင်က တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးခဲ့သော ငှက်အမျိုးအစားဖြစ်သည်' ဟူ၏။ *[ကုရ်သုဗီးကျမ်း]*

بِحِجَارَةٍ مِّنۡ سِجِّيۡلٍ

سِجِّيۡل သည် **سنگ گل** ကို 'မုအရ်ရဗ်' အရဗီဘာသာသို့ ကူးပြောင်း အသုံးပြုခံရသော စာလုံး ဖြစ်သည်။ အဓိပ္ပာယ်မှာ 'စိုနေသော မြေကြီးကို မီးဖြင့် ဖုတ်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ကျောက်ခဲကို ခေါ်ဆိုသည်။ ဤနေရာတွင် 'ဤကျောက်ခဲလေးများသည်လည်း မိမိတို့၏ မည်သည့်ပင်ကိုယ် စွမ်းရည်မျှ မရှိကြပေ။ သာမန်ပင် ဖြစ်သည်။ မီးဖြင့် ပြုလုပ်ထားသော အရာများသာ ဖြစ်သည်။ သို့သော် လည်း တန်ခိုးတော်အသျှင်မြတ်သည် သေနတ်ကျည်ဆံ၊ အမြောက်ကျည်ဆံများထက်ပင် ပိုမို ပြင်းထန်မှု ကို ဖြစ်စေတော်မူခဲ့သည်။

فَجَعَلَهُمۡ كَعَصۡفٍ مَّاۡكُوۡلٍ

عَصۡف သည် ဖွဲကို ခေါ်ဆိုသည်။ ယင်း၏ ကနဦးသဏ္ဍာန် အမှုန်အမွှားများ အဆင့်သာ ရှိသည်။ ၎င်းအား တိရစ္ဆာန်တစ်ကောင်ကောင်က ဝါးလိုက်သောအခါ ထိုအမှုန်အမွှားသည် မိမိ၏ မူလအခြေအနေ၌ပင် မရှိတော့ပေ။ အဗ်ရဟာ၏ စစ်တပ်မှ ကျောက်စရစ်ခဲထိသူများသည် ဤအခြေအနေအတိုင်း ဖြစ်သွား ခဲ့ကြသည်။ 'အဆ္ဟာဗေဖီးလ်' ဆင်တပ်ရှင်တို့၏ ထူးခြားဆန်းကြယ်သော ဤဖြစ်ရပ်သည် အာရဗ် တို့၏ စိတ်နှလုံးများတွင် ကုရိုက်ရှ်တို့၏ ကြီးမြတ်မှုကို ပိုမိုတိုးပွားစေခဲ့သည်။ ထို့ပြင် ၎င်းတို့၏ စိတ်တွင် 'ကုရိုက်ရှ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်များ ဖြစ်ကြသည်။ ၎င်းတို့ဘက်မှ အလ္လာဟ်အသျှင် မြတ် ကိုယ်တော်တိုင် ၎င်းတို့၏ ရန်သူများကိုပါ ဖျက်ဆီးပေးတော်မူခဲ့သည်' ဟု လက်ခံ ယုံကြည်ခဲ့ကြ လေသည်။ *[ကုရ်သုဗီးကျမ်း]*

ဤသို့ ကြီးမြတ်မှု၏ ဂုဏ်သိက္ခာကြောင့် ကုရိုက်ရှ်တို့သည် မက္ကာဟ်မြို့မှ နိုင်ငံပေါင်းစုံသို့ ကုန်ကူး သန်းရောင်းဝယ်ရန် သွားကြလေ့ ရှိသည်ဖြစ်ရာ လမ်းခရီးတွင် ၎င်းတို့အား မည်သူကမျှ ဒုက္ခမပေးကြတော့ သည်အထိ သက်ရောက်မှု ရှိခဲ့လေသည်။ အမှန်စင်စစ် အခြားသူများအဖို့မှာမူ မည်သည့်ခရီးတွင်မျှ ဤကဲ့သို့ သော စိုးရိမ်ဖွယ်ရာများမှ ကင်းသည်ဟု မရှိပါချေ။

ကုရိုက်ရှ်တို့၏ ဤခရီးများအကြောင်းကို ရှေ့စူရာဟ်ဖြစ်သော စူရာဟ် 'ကုရိုက်ရှ်' တွင် တင်ပြလျက် ၎င်းတို့အား 'နေ့အ်မသ်' တော်များကို ကျေးဇူးတရားသိကြရန် 'ဒအ်ဝသ်' ပေး ဖိတ်ခေါ်ထားသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ကုရိုက်ရှ်

ကုရိုက်ရှ်မျိုးနွယ်ကဏ္ဍ

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

لِإِيلَافِ قُرَيْشٍ ① إِيلَافِهِمْ رِحْلَةَ الشِّتَاءِ وَالصَّيْفِ ② فَلْيَعْبُدُوا
رَبَّ هَٰذَا الْبَيْتِ ③ الَّذِي أَطْعَمَهُم مِّن جُوعٍ وَآمَنَهُم مِّنْ خَوْفٍ ④

၁၀၆ : ၁ ။ ။ ကုရိုက်ရှ်အမျိုးသားများတွင် အလေ့အထ ရှိကြသောကြောင့်။

၁၀၆ : ၂ ။ ။ ထိုကုရိုက်ရှ်အမျိုးသားတို့သည် ဆောင်းဥတုဌ်လည်းကောင်း၊ နွေဥတုဌ်လည်းကောင်း (မိမိတို့) ခရီးထွက်လေ့ ရှိကြသောကြောင့်။

၁၀၆ : ၃ ။ ။ သို့ဖြစ်ပေရာ (ကျေးဇူးသိတတ်သောအားဖြင့်) ၎င်းတို့သည် ဤအိမ်တော် ('ကအ်ဗာဟ်'ကျောင်းတော်) ၏ အသျှင်မြတ်အား ဆည်းကပ်ကိုးကွယ်ကြရာကုန်၏။

၁၀၆ : ၄ ။ ။ အကြင်အသျှင်မြတ်သည် ၎င်းတို့အား ဆာလောင်မွတ်သိပ်သောအခါဌ် (တစ်နည်း) ဆာလောင်မွတ်သိပ်ခြင်းမှ လွတ်ကင်းရန် အာဟာရ ကျွေးမွေးတော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အား စိုးရိမ်သောအခါဌ် (တစ်နည်း) စိုးရိမ်မှုမရှိရန်၊ ဘေးရန်ကင်းငြိမ်းစေတော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကုရိုက်ရှ်အမျိုးသားများတွင် အလေ့အထ ရှိနေကြသည်။ (ဆိုလိုသည်မှာ) ထိုကုရိုက်ရှ်အမျိုးသားတို့သည် ဆောင်းရာသီဌ်လည်းကောင်း၊ နွေရာသီဌ်လည်းကောင်း ခရီးထွက်သည့် အလေ့အထရှိခဲ့ကြသည်။

သို့ဖြစ်ပေရာ (၎င်းကျေးဇူးတော်ကို သိတတ်သော အားဖြင့်) ၎င်းတို့သည် ဤအိမ်တော် 'ကအ်ဗာဟ်' ကျောင်းတော်၏ အသျှင်မြတ်ကို ခဝပ်ကိုးကွယ်ကြရာကုန်၏။

ထိုအသျှင်မြတ်သည် ၎င်းတို့အား ဆာလောင်မွတ်သိပ်သော အချိန်ဌ် ကျွေးမွေးတော်မူခဲ့သည်။ ထို့ပြင် ၎င်းတို့၏ စိုးရိမ်ရဖွယ်ရာများမှ ၎င်းတို့အား ဘေးရန် ကင်းငြိမ်းစေတော်မူခဲ့သည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဗသတ်များ

အလိုသဘောနှင့် အကြောင်းအရာတို့အရ ဤစူရာဟ်သည် စူရာဟ် 'ဖီးလ်'နှင့်သာ ဆက်စပ်လျက် ရှိကြောင်း အဖွင့်ပညာရှင်အားလုံး အမြင်တူညီကြပေသည်။ ထို့ပြင် အချို့သော **مصحف** ကျမ်းများတွင် ဤစူရာဟ်နှစ်ပုဒ်ကို တစ်ပုဒ်တည်းအဖြစ် ရေးသားထားပြီး ဤစူရာဟ်နှစ်ပုဒ်၏ ကြားအလယ်တွင် **بسم الله** ကို မရေးသားထားခြင်းမှာလည်း ဤသည်ကြောင့်ပင် ဖြစ်နိုင်၏။ သို့ရာတွင် ဟဇရတ်အုတ်စ်မာန်ဂနီ ﷺ သည် မိမိ၏ ခေတ်ကာလတွင် ကုရ်အာန် ရေးသားထားသည်များကို စုစည်းလျက် **مصحف** တစ်ခုကို ပြုစုခဲ့ရာ ဆွဟာဗာအားလုံးတို့သည် ဤအပေါ်၌ 'အိဂျ်မာအ်'တစ်စုတစ်စည်းတည်း ဖြစ်ခဲ့ကြသည်။ ၎င်း **مصحف** ကျမ်းကို နှောင်းပိုင်းခေတ်ပညာရှင်များထံတွင် အေမာမ်ဟု ခေါ်ကြသည်။ ဤ **مصحف** တွင် ဤစူရာဟ်နှစ်ပုဒ်ကို သီးခြားစီ စူရာဟ်နှစ်ပုဒ် အဖြစ်ပင် ရေးသားထားသည်။ ဤစူရာဟ်နှစ်ပုဒ်၏ ကြားတွင် **بسم الله** ကိုလည်း ရေးသားထားသည်။

لِاِيْلٰفِ قُرَيْشٍ

ل 'လာမ်'အက္ခရာသည် 'နဟ်ဝ်' သဒ္ဒါပညာ၏ ပေါင်းစပ်နည်းအရ ရှေ့မှ လာရှိခဲ့သော အကြောင်းအရာတစ်ခုနှင့် ဆက်စပ်မှုကို ရည်သန်သော အက္ခရာဖြစ်သည်။ ထို့ကြောင့် ၎င်းနှင့် စပ်လျဉ်း၍ အဆိုများစွာ ရှိခြင်းဖြစ်သည်။ ရှေ့မှ လာပြီးဖြစ်သော စူရာဟ်နှင့် အဓိပ္ပာယ်အားဖြင့် ဆက်စပ်နေခြင်းအပေါ် အချို့ပညာရှင်များက ဤနေရာ၌

اِنَّا اَهْلَكْنَا اَصْحٰبَ الْفِيْلِ

ဟူသော အပိုဒ်သည် ဖုံးကွယ်နစ်မြုပ်နေသည်ဟု ဆိုကြသည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် 'အဆ္ဟာဗေ့ဖီးလ်' (ဆင်တပ်ရှင်) တို့ကို ဖျက်ဆီးတော်မူခဲ့သည်မှာ မက္ကာဟ်မြို့သား ကုရိုက်ရှ်တို့သည် ဆောင်းရာသီနှင့် နွေရာသီတို့တွင် ခရီးထွက်လေ့ ရှိကြသည်။ ၎င်းတို့၏ လမ်းခရီးတွင် မည်သည့် အဟန့်အတားမျှမရှိဘဲ လူတိုင်း၏ စိတ်တွင် ၎င်းတို့၏ ကြီးမြတ်မှုသိက္ခာ ဖြစ်ပေါ်လာစေရန်'ဖြစ်သည်။

အချို့ပညာရှင်များက မိန့်ဆိုကြသည်မှာ ဖုံးကွယ်နစ်မြုပ်နေသော စာပိုဒ်မှာ **اعجبوا** ဖြစ်သည်ဟု မိန့်ဆိုကြသည်။ ဆိုလိုသည်မှာ 'ကုရိုက်ရှ်တို့သည် မည်သည့်နည်းနှင့်မဆို ဆောင်းရာသီနှင့် နွေရာသီတို့၌ ခရီးသွားလာခြင်းကို စိုးရိမ်ကြောက်ရွံ့ခြင်းမရှိဘဲ လွတ်လပ်စွာ သွားလာနေကြသည်ကို အံ့သြကြလေကုန်' ဟု ဖြစ်သည်။

အချို့ပညာရှင်တို့က မိန့်ဆိုကြသည်မှာ ၎င်း၏ ပတ်သက်ဆက်နွယ်မှုမှာ ရှေ့၌ လာရှိနေသော **فَلْيَعْبُدُوْا** ဟူသော အာယသ်တော်ဖြင့် ဖြစ်သည်။ အလိုသဘောမှာ ကုရိုက်ရှ်တို့အဖို့ ဤ 'နေ့အ်မသ်'

ကျေးဇူး တော်ကို ရရှိခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတရား သိတတ်ကြရမည်။ ထို့နောက် ထိုအသျှင် မြတ်၏ 'အေဗာဒသ်'ခဝပ်မှု၌ မွေ့လျော်ကြရမည်'ဟု ဖြစ်သည်။ ဤပုံသဏ္ဌာန်၌ **فليعبدوا** ၏ အပေါ်မှ **فاء** အက္ခရာမှာ ပထမစာပိုဒ်တွင် **شرط** ၏ အဓိပ္ပာယ်တစ်ခု ရှိနေသောကြောင့် ဖြစ်သည် ဟူ၏။ မည်သို့ပင်ဆိုစေ ဤစူရာဟ်တွင် မိန့်ကြားတော်မူထားသည်မှာ ကုရိုက်ရှ်တို့သည် ခရီးထွက်သော အလေ့အထရှိသူများ ဖြစ်သည်။ ဆောင်းရာသီ၌ ထွက်လေ့ထွက်ထရှိသော ခရီးတစ်ခုမှာ ယမန်နိုင်ငံဘက်သို့ ထွက်ခြင်းဖြစ်သည်။ နွေရာသီ၌ ထွက်လေ့ထွက်ထရှိသော ခရီးတစ်ခုမှာ ဆီးရီးယားနိုင်ငံဘက်သို့ ဖြစ်သည်။ ဤခရီးနှစ်ခုထွက်ခြင်းသည် ၎င်းတို့၏ ကုန်ကူးသန်းရောင်းဝယ်မှုနှင့် လုပ်ငန်းများ လုပ်ကိုင်ခြင်းတို့၏ အဓိက မူတည်နေသည်။ ထိုကုန်သွယ်မှုဖြင့် ၎င်းတို့မှာ ကြွယ်ဝသူများဖြစ်ခဲ့ကြသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ရန်သူ 'အဆ်ွဟာဗေ့ဖီးလ်' (ဆင်တပ်ရှင်) တို့ကို သံဝေဂရယူဖွယ် အပြစ်ဒဏ်များခတ်၍ ကုရိုက်ရှ်တို့၏ ကြီးမြတ်မှုဂုဏ်သိက္ခာကို လူသားတို့၏ စိတ်နှလုံးသားများတွင် တိုးပွားများပြားစေတော်မူခဲ့ခြင်း ဖြစ်သည်။ ကုရိုက်ရှ်တို့သည် မည်သည့်နေရာသို့ပင် သွားကြသည်ဖြစ်စေ၊ လူတို့သည် ၎င်းတို့အား ဂုဏ်သိက္ခာပေး၍ ဆက်ဆံမှု ပြုကြလေသည်။

အာရပ်တစ်မျိုးသားလုံးအပေါ်၌ ကုရိုက်ရှ်တို့၏ ထူးမြတ်မှု

ဤစူရာဟ်၌ အာရဗ်ရှိ အမျိုးသားများအားလုံးတွင် ကုရိုက်ရှ်အမျိုးသားများသည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ အားလုံးတို့ထက် ပို၍ လက်ခံတော်မူခြင်းခံရသည့် အမျိုးသားများဖြစ်ကြောင်းကို ညွှန်းဆိုပြသထားသည်။ ဟဒီးစ်တော်၌ လာရှိသည်မှာ တမန်တော်မြတ် ﷺ က အလ္လာဟ်အသျှင်မြတ်သည် အိစ်မာအီးလ် عليه السلام ၏ သားစဉ်မြေးဆက်များအနက် 'ကနာနဟ်'အမျိုးအနွယ်စုကိုလည်းကောင်း၊ 'ကနာနဟ်' မျိုးနွယ်စု၏ သားစဉ်မြေးဆက်များအနက် ကုရိုက်ရှ်မျိုးနွယ်စုကိုလည်းကောင်း၊ ကုရိုက်ရှ်မျိုးနွယ်စု၏ သားစဉ်မြေးဆက်များအနက် ဗနီဟာရှင်မ် မျိုးနွယ်စုကိုလည်းကောင်း၊ ဗနီဟာရှင်မ်မျိုးနွယ်စု၏ သားစဉ်မြေးဆက်တို့အနက် ငါကိုယ်တော်အားလည်းကောင်း ရွေးချယ်တော်မူခဲ့သည်' ဟု မိန့်ကြားတော်မူခဲ့သည်။

[အလ်ဗဂဝီကျမ်း]

အခြားဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'လူသားအားလုံးသည် အကောင်းအဆိုးနှင့် စပ်လျဉ်း၍ ကုရိုက်ရှ်တို့၏ နောက်လိုက်များဖြစ်ကြသည်။ *[မဇ္ဇ်ဟရီကျမ်း]*

ပထမဟဒီးစ်တော်တွင် အလ္လာဟ်အသျှင်မြတ်၏ ရွေးချယ်တော်မူခြင်းခံရသည့် အကြောင်းကို တင်ပြထားသည်။ ဤသို့ ရွေးချယ်တင်ပြခံရခြင်းအကြောင်းမှာ ဤအမျိုးသားများ၏ ထူးခြားသော အရည်အချင်းများနှင့် အဆင့်အတန်းများကြောင့်ပင် ဖြစ်ပေမည်။ ကုဖွ်ရ်၊ ရှရစ်ကိနှင့် အမှောင်ထု လွှမ်းခြုံသော အမှောင်ခေတ်၊ အမိုက်ခေတ်ကာလ၌ပင် ၎င်းတို့၏ အချို့သော စာရိတ္တနှင့် အရည်အချင်းများမှာ အလွန်

ပင် မြင့်မားခဲ့ကြသည်။ ထိုအရည်အချင်းများအနက် အမှန်တရားကို လက်ခံနိုင်သည့် အရည်အချင်းမှာ အလွန်ပင် ပြည့်ဝသော အရည်အချင်း ဖြစ်ခဲ့သည်။ ထို့ကြောင့်ပင် ဆွဟာဗာများနှင့် 'ဝလီယွလ္လာဟ်'အလ္လာဟ် အသျှင်မြတ်၏ အချစ်တော်များတွင် အများဆုံးမှာ ကုရိုက်ရှ်အမျိုးသားများမှပင် ဖြစ်ခဲ့သည်။

[မဇ္ဇဟရီကျမ်း]

رِحۡلَةَ الشِّتَآءِ وَ الصَّيۡفِ

မက္ကာဟ်မြို့သည် မည်သည့်လယ်ယာစိုက်ပျိုးခြင်းနှင့် သစ်သီးဝလံများ စားသုံးရန် ရရှိနိုင်သော ဥယျာဉ်ခြံမြေများ စိုက်ပျိုးခြင်းတို့ မဖြစ်နိုင်သော နေရာဖြစ်ကြောင်း ကျော်ကြား သိရှိပြီးဖြစ်ပေသည်။ ထို့ကြောင့် 'ကအ်ဗာဟ်'ကျောင်းတော်အား တည်ဆောက်ခဲ့သူ ဟဇရသ်အိဗ်ရာဟီးမ် ﷺ သည် မက္ကာဟ်တွင် လူအများ နေထိုင်လာသောအခါ အလ္လာဟ်အသျှင်မြတ်ထံတော်၌ 'ဤမြို့အား ငြိမ်းချမ်းသော နေရာအဖြစ် ပြုပေးတော်မူပါ။ ဤမြို့၌ နေထိုင်သူများကို သစ်သီးဝလံများ၏ စားနပ်ရိက္ခာများကို ချီးမြှင့်တော်မူပါ။

اُرۡزُقۡ اَهۡلَهٗ مِنَ الثَّمَرَاتِ

ဟူ၍ ဒိုအာတောင်းခံတော်မူခဲ့သည်။ يجبى اليه ثمرت كلّ شيءٍ ပြင်ပမှ အမျိုးစုံသော သစ်သီးဝလံများသည် မက္ကာဟ်မြို့သို့ ရောက်ရှိရာသည်။

အကြောင်းမှာ မက္ကာဟ်မြို့သားတို့၏ စီးပွားရေးသည် ကုန်ကူးသန်းရောင်းဝယ်ရန် ခရီးထွက်ခြင်း အပေါ်၌ မူတည်ခဲ့သည်။ မိမိတို့၏ လိုအပ်ချက် အသုံးအဆောင်များကို ယူဆောင်လာကြရသည်။ ဟဇရသ် အိဗ်နေအဗ္ဗာ်စ် ﷺ သခင်က မိန့်သည်မှာ 'မက္ကာဟ်သားတို့သည် အလွန်ဆင်းရဲနွမ်းပါး၍ ဒုက္ခများ၌ ရှိခဲ့ကြသည်။ နောက်ဆုံးတွင် တမန်တော်မြတ် ﷺ ၏ ဘေးတော် ဟာရှင်မ်သည် ကုရိုင်ရှ်တို့အတွက် အခြား နိုင်ငံများနှင့် ကုန်ကူးသန်းရောင်းဝယ်မှုပြုရန် စီစဉ်ခဲ့သည်။ ဆီးရီးယားနိုင်ငံသည် ချမ်းအေးသော နိုင်ငံ ဖြစ်သည့်အတွက် နွေရာသီတွင် ထိုနိုင်ငံသို့ ခရီးထွက်ကြသည်။ ထို့ပြင် ယမန်နိုင်ငံသည် ပူပြင်းသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် ချမ်းအေးသော ဆောင်းရာသီတွင် ထိုနိုင်ငံသို့ ကုန်ကူးသန်းရောင်းဝယ်ရန် ခရီးထွက်ကြပြီး အကျိုးအမြတ်များ ရှာဖွေရယူကြသည်။ ၄င်းတို့သည် 'ဗိုင်သွလ္လာဟ်'၏ ဝေယျာဝစ္စ များကို ပြုလုပ်နေသူများ ဖြစ်ကြသောကြောင့် အာရဗ်တို့အားလုံးတွင် အထူးမြတ်ဆုံး၊ ဂုဏ်အရှိဆုံးဟု သတ်မှတ်ခြင်းခံရသူများ ဖြစ်သည်။ ထို့ကြောင့် ၄င်းတို့သည် လမ်းခရီးတွင် စိုးရိမ်ကြောက်ရွံ့ဖွယ်ရာ ဟူသရွေ့တို့မှ ကင်းငြိမ်းလျက် ရှိခဲ့ကြသည်။ ဟာရှင်မ်သည် ၄င်းတို့အားလုံး၏ ခေါင်းဆောင်ဟု သတ်မှတ် ခြင်းခံခဲ့ရသူ ဖြစ်သည်။ ၄င်း၏ လုပ်ထုံးလုပ်နည်းမှာ ဤရောင်းဝယ်ဖောက်ကားမှုမှ ရရှိသမျှသော အမြတ် အစွန်းများကို ကုရိုက်ရှ်တို့အတွင်း ချမ်းသာသူ၊ ဆင်းရဲသူအားလုံးကို ခွဲဝေပေးလေ့ ရှိသည်။ ထို့ကြောင့် ကုရိုက်ရှ်တို့၏ ဆင်းရဲသောသူသည်ပင် ချမ်းသာသူများနှင့် တန်းတူဟု ယူဆရပေသည်။ ထို့နောက်တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အပေါ် နှစ်စဉ်နှစ်တိုင်း ခရီးနှစ်ခုထွက်ရသော ဒုက္ခကို ဝေးကွာစေတော်

မူခဲ့သည်မှာ မက္ကာဟ်မြို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ယမန်နယ်ပယ်ရှိ **تبالہ** 'သဗာလဟ်'နှင့် **حرش** 'ဟရ်ရှ်' ဒေသများတွင် ဒေသခံတို့၏ လိုအပ်ချက်ထက် ပိုမိုများပြားစွာ အသီးအနှံများ ထွက်စေတော်မူခဲ့သည်။ ထိုဒေသမှ လူတို့သည် ပိုလျှံသော ဟင်းသီးဟင်းရွက်၊ အသီးအနှံများကို ရောင်းချရမည်ဖြစ်သည့်အတွက် 'ဂျိဒ်ဒဟ်'တွင် လာရောက်၍ ရောင်းချကြရသည်။ သို့ဖြစ်ပေရာ ဘဝအတွက် လိုအပ်ချက်ဖြစ်သော အရာအများစုသည် 'ဂျိဒ်ဒဟ်'တွင် ရရှိလာခဲ့သည်။ မက္ကာဟ်သားတို့သည် ထိုဝေးလံသော ခရီးနှစ်ခုထွက်ရမည့် အစား 'မန်ဇိလ်'စခန်းနှစ်ခုမျှသာ ဝေးသော 'ဂျိဒ်ဒဟ်'သို့ သွား၍ ပစ္စည်းအားလုံးကို ရယူနိုင်ကြပေတော့သည်။ အထက်ဖော်ပြပါ အာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် မက္ကာဟ်သားတို့အပေါ် ဤမည်သော ကျေးဇူးတော်များ ချီးမြှင့်တော်မူကြောင်းကို တင်ပြထားခြင်း ဖြစ်သည်။

فَلْيَعْبُدُوا رَبَّ هٰذَا الْبَيْتِ

ကျေးဇူးတော်များကို ချီးမြှင့်တော်မူပြီးနောက် ထိုကျေးဇူးတော်များကို ကျေးဇူးသိရန်အတွက် အထူးရည်ညွှန်းလျက် လမ်းညွှန်မိန့်ကြားတော်မူသည်မှာ 'ဤ 'ကအ်ဗာဟ်'ကျောင်းတော်၏ အသျှင်မြတ်ကို 'အေဗာဒသ်'ခဝပ်မှုပြုကြကုန်'ဟု ဖြစ်သည်။ ဤနေရာတွင် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်များအနက် **ربّ البيت** ('ကအ်ဗာဟ်' ကျောင်းတော်၏ အရှင်) ဟူသော ဂုဏ်တော်ကို အထူးသုံးနှုန်း၍ မိန့်ကြားရခြင်းမှာ ဤ 'ကအ်ဗာဟ်'ကျောင်းတော်သည်ပင် ၎င်းတို့၏ ထူးမြတ်မှုများနှင့် 'ဗရ်ကသ်'တိုးပွားမှု မင်္ဂလာတော်များ၏ ရရှိရာ အရင်းအမြစ် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

اَلَّذِىْٓ اَطْعَمَهُمْ مِّنْ جُوْعٍ ۙ وَّ اٰمَنَهُمْ مِّنْ خَوْفٍ

ဤနေရာတွင် မက္ကာဟ်ရှိ ကုရိုက်ရှ်များအတွက် လူသား၏ ကောင်းသော စည်းစိမ်ဖြင့် နေထိုင်ရန်အတွက် အရေးကြီးသည့် လောက၏ အကြီးဆုံးသော 'နေ့အ်မသ်'တော်များကို စုစည်းပေးတော်မူလိုက်ခြင်း ဖြစ်သည်။

اَلَّذِىْٓ اَطْعَمَهُمْ مِّنْ جُوْعٍ

တွင် စားသောက်ခြင်း၏ လိုအပ်ချက်များ ပါဝင်ပေသည်။ **و اٰمنهم من خوف** တွင် ခိုးခြံ့တိုက်ခိုက် အန္တရာယ်ပြုသူ၊ ရန်သူအပေါင်းတို့အား ကြောက်ရွံ့စိုးရိမ်ရခြင်းမှ ကင်းလွတ်ငြိမ်းချမ်းမှု ရရှိခြင်းလည်း ပါဝင်ပေသည်။ တမလွန်၏ 'အဇာဗ်'အပြစ်ဒဏ်မှ ကင်းလွတ်ငြိမ်းမှု ရရှိခြင်းလည်း ပါဝင်သည်။

အကျိုးရလဒ်

အိဗ်နေကစီးရ် (ရဟ) က မိန့်ဆိုသည်မှာ မည်သူမဆို ဤအာယသ်တော်၏ အမိန့်တော်နှင့်အညီ အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်' ခဝပ်ကိုးကွယ်မှုများကို ပြုလုပ်မည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်

သည် ၎င်းအတွက် လောကၶ်လည်း အန္တရာယ်အပေါင်းမှ ကင်းငြိမ်းစေ၍ စိုးရိမ်ကြောင့်ကြမှု ကင်းစေသော အဖြစ်ကို ပြုလုပ်ပေးတော်မူပေမည်။ တမလွန်၌လည်း စိုးရိမ်ကြောင့်ကြမှုအပေါင်းမှ ကင်းငြိမ်းစေတော်မူပေမည်။ မည်သူမဆို ဤအမိန့်တော်မှ သွေဖည်မည်ဆိုလျှင် ထိုသူ့အဖို့ ဤငြိမ်းချမ်းမှုနှစ်မျိုးစလုံးကို ဖြတ်တောက်ခြင်း ခံရပေမည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ အသျှင်မြတ်က

ضَرَبَ اللّٰهُ مَثَلًا قَرْيَةً كَانَتْ اٰمِنَةً مُّطْمَئِنَّةً يَّاْتِيْهَا رِزْ قُهَا رَغَدًا مِّنْ كُلِّ مَكَانٍ فَكَفَرَتْ بِاَنْعُمِ اللّٰهِ فَاَذَاقَهَا اللّٰهُ لِبَاسَ الْجُوْعِ وَ الْخَوْفِ بِمَا كَانُوْا يَصْنَعُوْنَ

ဟု မိန့်ကြားတော်မူထားသည်။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ပမာခိုင်းနှိုင်းတစ်ခုကို တင်ပြလျက် မိန့်ကြားတော်မူသည်မှာ မြို့ရွာတစ်ခုရှိခဲ့သည်။ ထိုမြို့ရွာသည် ငြိမ်းချမ်းသာယာမှုရှိပြီး ကြောက်ရွံ့စိုးရိမ်ဖွယ်အပေါင်းမှ ကင်းငြိမ်းလျက် ရှိခဲ့သည်။

ထိုမြို့ရွာအတွက် ရိဇ်စားနပ်ရိက္ခာသည် နေရာပေါင်းစုံမှ အလျှံပယ်ရောက်လာလျက် ရှိခဲ့သည်။ သို့ဖြစ်ပေရာ ထိုမြို့ရွာသားတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို ကျေးဇူးကန်းခဲ့ကြသည်။ သို့ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ လုပ်ရပ်များအပေါ် ဆာလောင်ငတ်မွတ်ခြင်းနှင့် ကြောက်ရွံ့စိုးရိမ်ရခြင်းတည်းဟူသော ပုဆွေးသောကများ၌ နစ်မွန်းစေတော်မူခဲ့သည်။

ကြီးမားစွာသော အကျိုးရလဒ်

အဘူလ်ဟစန်ကဇ်ဝီနီ (ရဟ) မိန့်သည်မှာ 'မည်သူမဆို ရန်သူတစ်ဦးဦး (သို့) ဒုက္ခတစ်ခုခုကို စိုးရိမ်ကြောက်ရွံ့နေရပါလျှင် ထိုသူသည် لِاِيْلٰفِ قُرَيْشٍ ကို ဖတ်ရွတ်ပါက ထိုကြောက်ရွံ့စရာများမှ ကင်းငြိမ်းသွားပေမည်' ဟု ဖြစ်သည်။

ဤသည်ကို အေမာမ်ဂျဇ်ရီ (ရဟ) က ဆင့်ပြန်လျက် မိန့်ဆိုသည်မှာ 'ဤကျင့်စဉ်သည် လက်တွေ့စူးရှသော ကျင့်စဉ်ဖြစ်သည်။ ဟဇရသ်ကာဇ္ဇီဆနာအွလ္လာဟ်ပါနီပသ္သီး (ရဟ) သည် သဖ်စီရ်မဇ္ဇဟရီကျမ်းတွင် ဤသည်ကို ဆင့်ပြန်ရင်းမှ မိန့်ဆိုသည်မှာ ကျွန်ုပ်အား ကျွန်ုပ်၏ ရှိုက်ခ်ဟဇရသ်မိရ်ဇာဂျာနေဂျာနာန် (ရဟ) က 'ကြောက်ရွံ့စိုးရိမ်ရသော အခြေအနေတွင် ဤစူရာဟ်ကို ဖတ်ရန် အမိန့်ပေးခဲ့သည်။ ဒုက္ခဘေးဗလာဟူသရွေ့ကို ပပျောက်စေရန်အတွက် ဤစူရာဟ်ကို ဖတ်ရွတ်ခြင်းသည် လက်တွေ့စူးရှသက်ရောက်သော ကျင့်စဉ်ဖြစ်သည်'ဟူ၏။ ဟဇရသ်ကာဇ္ဇီဆွာဟိဗ်က 'ကျွန်ုပ်သည်လည်း ဤသည်ကို အကြိမ်များစွာ စမ်းသပ်အောင်မြင်ခဲ့ပေသည်' ဟု မိန့်ဆိုခဲ့သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်မာအူးန်

အသေးအဖွဲ့ (အသုံးအဆောင်) ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

أَرَءَيْتَ الَّذِىْ يُكَذِّبُ بِالدِّيْنِ ① فَذٰلِكَ الَّذِىْ يَدُعُّ الْيَتِيْمَ ② وَ
لَا يَحُضُّ عَلٰى طَعَامِ الْمِسْكِيْنِ ③ فَوَيْلٌ لِّلْمُصَلِّيْنَ ④ الَّذِيْنَ هُمْ عَنْ
صَلَاتِهِمْ سَاهُوْنَ ⑤ الَّذِيْنَ هُمْ يُرَآءُوْنَ ⑥ وَيَمْنَعُوْنَ الْمَاعُوْنَ ⑦

၁၀၇ : ၁ ။ ။ အသင်သည် အစားပေးခြင်း (၏ နေ့) ကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်သော သူအား မမြင်ခဲ့လေသလော။

၁၀၇ : ၂ ။ ။ ထိုသူပင် ဘမဲ့ကလေးသူငယ်အား တွန်းထုတ်သောသူ (ဖြစ်၏။)

၁၀၇ : ၃ ။ ။ ၎င်းပြင် ထိုသူသည် သူဆင်းရဲတို့အား အစားအစာ ကျွေးမွေးရန် တိုက်တွန်းနှိုးဆော်ခြင်းလည်း မပြုပေ။

၁၀၇ : ၄ ။ ။ သို့ဖြစ်ပေရာ (အကြင်သို့သော) 'ဆွလားသ်'ဝတ်ပြုသူတို့၌ အကြီးအကျယ် ပျက်စီးခြင်းသည် ရှိ၏။

၁၀၇ : ၅ ။ ။ ထိုသို့သော သူတို့သည် မိမိတို့၏ 'ဆွလားသ်'ဝတ်ပြုမှု (တာဝန်) ကိုပင် မေ့လျော့ထားကြကုန်၏။

၁၀၇ : ၆ ။ ။ အကြင် ('ဆွလားသ်'ဝတ်ပြု) သူတို့သည် (မိမိတို့၏ 'ဆွလားသ်'ဝတ်ပြုမှု စသော ကောင်းမှုများကို) ပြစားကြကုန်၏။

၁၀၇ : ၇ ။ ။ ထို့ပြင် ၎င်းတို့သည် အသေးအဖွဲ့ အသုံးအဆောင် ပစ္စည်းများကိုပင် (သူတစ်ပါးတို့အား ငှားရမ်းခြင်း မပြုရန်) ပိတ်ပင်တားမြစ်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်သည် အစားပေးမည့်နေ့ကို ငြင်းပယ်သော သူအား မတွေ့မမြင်ခဲ့လေသလော။ သို့ဖြစ်ပေရာ (အသင်သည် ထိုသူ၏ အခြေအနေကို နားထောင်လိုပါက နားထောင်ပါလေ။) ထိုသူသည်ကား 'ယသီးမ်' ဖမဲ့ကလေးအား တွန်းထုတ်သူပင် ဖြစ်သည်။

ထို့ပြင် ထိုသူသည် သူဆင်းရဲတို့အား အစားအစာ ကျွေးမွေးရန် (အခြားသူများအားလည်း) တိုက်တွန်းနှိုးဆော်ခြင်း မပြုပေ။

(ဆိုလိုသည်မှာ ထိုသူသည် ကိုယ်တိုင်လည်း မည်သည့်အရာမျှ ပေးကမ်းခြင်းမရှိသကဲ့သို့ အခြားသူများကိုလည်း ဤသို့ ပေးကမ်းရန် တိုက်တွန်းနှိုးဆော်ခြင်းကို မပြုသည့် စိတ်ဓါတ်မာကျောသူပင် ဖြစ်သည်။ အဖန်ဆင်းခံ ကျွန်လူသားများ၏ အခွင့်အရေးကို ဆုံးရှုံးအောင် ပြုလုပ်ခြင်းသည် ဤမျှဆိုးရွားသည့် အခါ ဖန်ဆင်းရှင်၏ တာဝန်ဝတ္တရားများ ပျက်ကွက်ခြင်း၌မူ ပို၍ပင် ဆိုးရွားပေမည်။)

သို့ဖြစ်ပေရာ (ဤအချက်ဖြင့် အတည်ဖြစ်သည်မှာ) ဤကဲ့သို့သော 'ဆွလားသ်'ဝတ်ပြုသူများ အဖို့ အကြီးအကျယ် ပျက်စီးခြင်းကား ရှိပေသည်။

ထိုသူတို့သည် မိမိတို့၏ 'ဆွလားသ်'ဝတ်ပြုမှုကိုပင် မေ့လျော့ထားကြသူများ ဖြစ်သည်။ (ဆိုလိုသည်မှာ နမာဇ်ကို စွန့်လွှတ်ကြသည်။) ၄င်းတို့သည်ကား (နမာဇ်ဝတ်ပြုကြသည့်အခါ) ပြစားမှုများ ပြုကြသည်။

ထို့ပြင် ၄င်းတို့သည် 'ဇကားသ်'ကို လုံးဝ မပေးဆောင်ကြပေ။ (အဘယ်ကြောင့်ဆိုသော် 'ဇကားသ်' တွင် တရားတော်အရ လူအများတွေ့မြင်နိုင်အောင် ပေါ်ပေါ်လွင်လွင် ပေးရန်သည် အရေးမကြီးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤ 'ဇကားသ်'ကို လုံးဝ မပေးဆောင်လျှင်လည်း မည်သူကမျှ စောဒကမတက်နိုင်ပေ။ နမာဇ်ကား ဤသို့မဟုတ်ပေ။ နမာဇ်သည် 'ဂျမာအသ်'နှင့်တကွ ပေါ်ပေါ်လွင်လွင် ပြုလုပ်ရသည့် တာဝန်ဖြစ်သည်။ ၄င်းကို လုံးဝ စွန့်လွှတ်လိုက်ပါက 'နိဖားက်' အယောင်ဆောင်ဖြစ်ကြောင်းကို လူအားလုံးတို့က သိရှိသွားပေမည်။ ထို့ကြောင့် နမာဇ်ကို ပြစားရန်သက်သက် ဝတ်ပြုကြခြင်း ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဗသတ်များ

ဤစူရာဟ်တွင် ကာဖိရ်နှင့် မုနာဖစ်တို့၏ အချို့သော ဆိုးယုတ်၍ မကောင်းသော လုပ်ရပ်များ အကြောင်းကို တင်ပြထားပြီး ၄င်းတို့အပေါ် 'ဂျဟန္နမ်' ဖြင့် ခြိမ်းခြောက် သတိပေးနှိုးဆော်ချက်များ လာရှိထားသည်။ ဤသို့သော လုပ်ရပ်များကို မုအ်မင်နတစ်ဦးက ကျူးလွန်ခဲ့ပြီး ငြင်းပယ်ခြင်းမရှိသူဖြစ်လျှင် ထိုသူသည်လည်း တရားတော်အရ အပြစ်ရှိသူ၊ ကြီးလေးသော အပြစ်ကို ကျူးလွန်သူပင် ဖြစ်မည်။ သို့ရာတွင် ဖော်ပြပါ သတိပေးနှိုးဆော်ချက်မှာ ထိုမုအ်မင်န်များအတွက် မဟုတ်ပေ။ ထို့ကြောင့် ထိုလုပ်ရပ်များသည် 'ကေယာမသ်'နှင့် အစားပေးခြင်းတို့ကို ငြင်းပယ်သူများအတွက် မိန့်ကြားတော်မူထားခြင်း ဖြစ်သည်။

ဤနေရာ၌ တင်ပြထားသောလုပ်ရပ်များနှင့် မုအ်မင်န်တို့၏ ဂုဏ်သိက္ခာနှင့် ဆန့်ကျင်သောလုပ်ရပ်များ ဖြစ်ပြီးထိုလုပ်ရပ်များကို ကာဖိရ်များသာလျှင် ပြုလုပ်နိုင်ကြကြောင်းကို အတိအလင်း ညွှန်းဆိုဖော်ပြလိုက်ခြင်း ဖြစ်သည်။ ဤစူရာဟ်၌ ဖော်ပြပါရှိသော လုပ်ရပ်ဆိုးများမှာ-

(၁) ယသီးမ်ဖမဲ့ကလေးများအား ခက်ထန်စွာ ဆက်ဆံခြင်းနှင့် ထို 'ယသီးမ်'ဖမဲ့ကလေးများကို သေးသိမ်စေခြင်း၊

(၂) ဆင်းရဲသားတို့၏ လိုအပ်ချက်များကို မိမိတွင် တတ်စွမ်းနိုင်ပါလျက် ပေးကမ်းမှု မပြုခြင်းနှင့် အခြားသူများကိုလည်း ပေးကမ်းလှူဒါန်းရန် တိုက်တွန်းနှိုးဆော်မှု မပြုခြင်း၊

(၃) နမာဇ်ဝတ်ပြုရာ၌ ပြစားမှုပြုခြင်း၊

(၄) 'ဇကားသ်'မပေးဆောင်ခြင်းတို့ ဖြစ်သည်။

ဤလုပ်ရပ်များသည် ပင်ကိုယ်အရလည်း အလွန် ရှုတ်ချထိုက်သော လုပ်ရပ်များဖြစ်၍ ကြီးလေးသော အပြစ်များ ဖြစ်သည်။ ကုဖွ်ရ်နှင့် ငြင်းပယ်မှုများ၏ ရလဒ်အဖြစ် ဤလုပ်ရပ်များကို ကျူးလွန်ခြင်းဖြစ်လျှင်မူ ၄င်း၏ ဆိုးကျိုးမှာ ထာဝရ 'ဂျဟန္နမ်'ပင် ဖြစ်သည်။

ဤစူရာဟ်တွင် ထိုဆိုးကျိုးကို وَيْلٌ ဟူသော စာလုံးဖြင့် သုံးနှုန်းတင်ပြထားသည်။

فَوَيْلٌ لِّلْمُصَلِّيْنَ ۝ الَّذِيْنَ هُمْ عَنْ صَلَاتِهِمْ سَاهُوْنَ ۝ الَّذِيْنَ هُمْ يُرَآءُوْنَ ۝

ဤသည် မုနာဖစ်က်တို့၏ အခြေအနေကို တင်ပြမိန့်ကြားထားတော်မူခြင်း ဖြစ်သည်။ ၄င်းတို့သည် လူတို့အား ပြစားရန်နှင့် မိမိတို့၏ အစ္စလာမ်ဘာသာဝင်ဖြစ်ကြောင်းကို အတည်ပြုရန်အတွက်သာ နမာဇ်ဝတ်ပြုကြခြင်း ဖြစ်သည်။ သို့ရာတွင် ၄င်းတို့သည် နမာဇ်၏ 'ဖွရဇ်'တာဝန်ဖြစ်ခြင်းကိုပင် ယုံကြည်သူများ မဟုတ်ကြပေ။ ထို့ကြောင့် အချိန်ကို မလေးစားခြင်းနှင့် နမာဇ်ကိုပင် အလေးထားမှု မပြုကြခြင်း ဖြစ်သည်။ ပြစားရန် အခါအခွင့်သင့်လျှင် ဖတ်လိုက်ကြသည်။ ထိုသို့မဟုတ်ပါက နမာဇ်ကို စွန့်လွှတ်လိုက်ကြသည်။

عَنْ صَلَاتِهِمْ ၌ عَنْ ၏ အလိုသဘောမှာ 'နမာဇ်ကိုပင် အလေးမမူခြင်း' ဟု ဖြစ်သည်။ ဤသည်မှာ မုနာဖစ်က်တို့၏ အလေ့အထ ဖြစ်သည်။ နမာဇ်အတွင်း၌ တစ်စုံတစ်ရာ မေ့လျော့သွားခြင်းဟူသည်မှာ မွတ်စ္စလင်မ်တစ်ဦးကို မဆိုထားနှင့်။ ကိုယ်တော်မြတ် ﷺ သည်ပင် လွတ်ကင်းခဲ့သည် မဟုတ်ပေ။ ဤနေရာ၌ ထိုသို့ မေ့လျော့ခြင်းကို ဆိုလိုသည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤသို့ မေ့လျော့ခြင်းအပေါ် 'ဂျဟန္နမ်' ဖြင့် ခြိမ်းခြောက်သတိပေးနှိုးဆော်မှု မဖြစ်နိုင်ပေ။

အကယ်၍ ဤအလိုသဘောဖြစ်မည်ဆိုလျှင် عَنْ صَلَاتِهِمْ အစား فِيْ صَلَاتِهِمْ ဟု မိန့်ကြားတော်မူပေမည်။ ဆွဟီးဟ်ဟဒီးစ်တော်များတွင် တမန်တော်မြတ် ﷺ သည် နမာဇ်အတွင်း၌ ကြိမ်ဖန်များစွာ မေလျော့တော်မူခဲ့ကြောင်း လာရှိထားသည်။

وَيَمْنَعُونَ الْمَاعُونَ

مَاعُوْنَ ၏ မူရင်းအဓိပ္ပာယ်မှာ بِشَيْءٍ قليل وحقير 'အသေးအဖွဲ့ အသုံးအဆောင် ပစ္စည်းများ' ဟု ဖြစ်သည်။ ထို့ကြောင့် ماعون သည် 'တစ်ဦးနှင့်တစ်ဦး ငှားရမ်းလေ့ရှိသော အသုံးအဆောင် ပစ္စည်းများကို' ခေါ်ဆိုသည်။ ၎င်းပစ္စည်းများကို အချင်းအချင်း အပေးအယူပြု ငှားရမ်းခြင်းကို လူမှုရေးအရ အရေးကြီးကိစ္စ လိုအပ်ချက်ဟု မှတ်ယူကြသည်။ ဥပမာ- ပေါက်ဆိန်၊ လွှ၊ ထမင်း၊ ဟင်း ချက်ပြုတ်ရသော အိုးခွက်များကို လိုအပ်သည့်အခါ အိမ်နီးချင်းထံမှ ငှားရမ်းကို ရှုတ်ချကဲ့ရဲ့ထိုက်ဖွယ် လုပ်ရပ်ဟု မယူဆကြပေ။ ဤအရာများကို ငှားရမ်းရန် စေးနဲသူအား အလွန်စေးနဲသူ၊ တွန့်တိုသူ၊ ယုတ်ညံ့သူ'ဟုပင် ယူဆလေ့ ရှိကြသည်။ သို့သော် ဖော်ပြပါအာယသ်တော်၌ ماعون သည် 'ဇကားသ်'ကို ဆိုလိုခြင်း ဖြစ်သည်။ 'ဇကားသ်'ကို ماعون ဟု ဆိုလိုရခြင်းမှာ 'ဇကားသ်'သည် အတိုင်းအတာပမာဏအားဖြင့် အလွန်နည်းပါးလှသည်။ ဆိုလိုသည်မှာ အပုံလေးဆယ်တွင် တစ်ပုံသာ ဖြစ်သည်။ ဟဇရသ်အလီ ﷺ၊ အိဗ်နေအုမရ် ﷺ၊ ဟစန်ဗဆွရီ (ရဟ)၊ ကသာဒဟ် (ရဟ) နှင့် ဒွဟ်ဟားက် (ရဟ) စသော အဖွင့်ပညာရှင်အများစုတို့သည် ဤအာယသ်တော်တွင် ماعون ၏ ဖွင့်ဆိုချက်ကို 'ဇကားသ်' ဟုပင် သတ်မှတ်ခဲ့ကြသည်။ *[မဇ္ဇဟရီကျမ်း]*

၎င်းကို မပေးဆောင်ခြင်းအပေါ် وَيل 'ဂျဟန္နမ်' ၏ 'အဇားဗ်'အပြစ်ဒဏ်ရှိသည်ဟု ဖော်ပြထားခြင်းမှာလည်း 'ဖွရဇ်'ကို စွန့်လွှတ်ခြင်းအပေါ်၌သာ ဖြစ်နိုင်သည်။ အသုံးအဆောင်ပစ္စည်းများကို အခြားသူတို့အား ပေးခြင်းမှာ အလွန်ကြီးမားသော 'စဝါးဗ်'ကုသိုလ်နှင့် လူမှုရေးသိက္ခာအရ အရေးကြီးပါသည်။ သို့ရာတွင် မပေးဘဲ နေခြင်းအပေါ် 'ဂျဟန္နမ်' ဖြင့် ခြိမ်းခြောက် သတိပေး နှိုးဆော်ခြင်း ခံရလောက်သော 'ဖွရဇ်' နှင့် 'ဝါဂျိဗ်'ကား မဟုတ်ပေ။

အချို့ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များတွင် ဤနေရာ၌ ماعون ၏ ဖွင့်ဆိုချက်ကို အသုံးအဆောင်ပစ္စည်းများနှင့် အိုး၊ ခွက်၊ ပန်းကန်များဟု ဖွင့်ဆိုသည့် သဘောမှာ 'ဇကားသ်'ပေးဆောင်ရန် မဆိုထားနှင့် အသုံးအဆောင်ပစ္စည်းများ ငှားရမ်းခြင်းကိုပင် တွန့်တိုသူတို့၏ အဆုံးမရှိ အောက်တန်းကျခြင်းကို ပေါ်လွင်စေရန် ဖြစ်သည်။ သို့ဖြစ်ပေရာ သတိပေးနှိုးဆော်ခြင်းသည် ထိုအသုံးအဆောင်ပစ္စည်းများကို မပေးခြင်းအတွက် မဟုတ်ဘဲ 'ဖွရဇ်'ဖြစ်သော 'ဇကားသ်'မပေးဆောင်ခြင်းနှင့် အလွန် စေးနဲတွန့်တိုခြင်းတို့အပေါ်၌ ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်ကောင်စရ်
ကောင်းခြင်းအမြောက်အမြားကဏ္ဍ

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اِنَّاۤ اَعۡطَیۡنٰکَ الۡکَوۡثَرَ ① فَصَلِّ لِرَبِّکَ وَانۡحَرۡ ② اِنَّ شَانِئَکَ ہُوَ الۡاَبۡتَرُ ③

၁၀၈ : ၁ ။ ။ (အို, နဗီတမန်တော်) ကေန်စင်စစ်၊ ငါအသျှင်မြတ်သည် အသင့်အား များပြားလှစွာသော ကောင်းချီးများကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။

၁၀၈ : ၂ ။ ။ သို့ဖြစ်ပေရာ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ရည်သန်၍ 'ဆွလားသ်' ဝတ်ပြုပါလေ။ ထို့ပြင် အသင်သည် (ထိုအသျှင်မြတ်အား ရည်သန်၍ သားကောင်ကို) 'ကုရ်ဘာနီ' ပြုပါလေ။

၁၀၈ : ၃ ။ ။ ကေန်မလွဲ အသင်၏ ရန်သူသည်သာလျှင် အညွန့်တုံးသူ ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို, နဗီတမန်တော်) ကေန်မုချ၊ ငါအသျှင်မြတ်သည် အသင့်အား 'ကောင်စရ်' ('ဂျန္နသ်'၏ ရေကန်တစ်ခု၏ အမည်လည်းဖြစ်သည်။ ကောင်းမြတ်ခြင်းဟူသရွေ့လည်း ပါဝင်သည့်) ကောင်းခြင်းများစွာကို ချီးမြှင့်တော်မူခဲ့၏။

(ဤ 'ကောင်စရ်' တွင် လောကီနှင့် လေကုတ္တရာ၏ ကောင်းမြတ်ခြင်းအားလုံး ပါဝင်သည်။ လောကတွင် အစ္စလာမ်သာသနာ၏ တည်တံ့မှုနှင့် တိုးတက်မှု၊ တမလွန်တွင် 'ဂျန္နသ်'၏ မြင့်မားသော အဆင့်အတန်းများလည်း ပါဝင်ပေသည်။)

သို့ဖြစ်ပေရာ (ထိုကျေးဇူးတော်များကို ကျေးဇူးသိတတ်ခြင်းအားဖြင့်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အတွက် နမာဇ်ဝတ်ပြုပါလေ။ (အဘယ်ကြောင့်ဆိုသော် အကြီးမားဆုံး ကျေးဇူးတော်အတွက် ကျေးဇူးသိတတ်ခြင်းတွင် အကြီးမားဆုံးသော 'အေဗာဒသ်'အပြင် ပစ္စည်းဥစ္စာအားဖြင့် ပြုရသော 'အေဗာဒသ်' (ဝါ) ထိုအသျှင်မြတ်၏ နာမတော်ဖြင့်) 'ကုရ်ဗာနီ' ပြုလုပ်ပါလေ။

(အခြားအာယသ်တော်များတွင် နမာဇ်နှင့်အတူ 'ဇကားသ်'ပေးဆောင်ရန် အမိန့်တော် လာရှိထားသည်။ ဤအာယသ်တော်တွင် 'ဇကားသ်'၏အစား 'ကုရ်ဗာနီ'အကြောင်း တင်ပြရခြင်းမှာ 'ကုရ်ဗာနီ' တွင် ဥစ္စာပစ္စည်းအားဖြင့် ပြုရသော 'အေဗာဒသ်' ဖြစ်သည့်အပြင် မုရှ်ရစ်က်တို့၏ ရိုးရာဓလေ့များကို လုပ်ရပ်အရ ဆန့်ကျင်မှုလည်း ဖြစ်သောကြောင့် ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် မုရှ်ရစ်က်တို့သည် ရုပ်တုများ၏ အမည်ဖြင့် 'ကုရ်ဗာနီ'ပြုလေ့ ရှိကြသောကြောင့် ဖြစ်သည်။ ရှေ့တွင် ကိုယ်တော်မြတ် ﷺ ၏ သားတော် ကာစင်မ်သည် ကလေးဘဝ၌ပင် သေဆုံးသွားခြင်းအပေါ် အချို့မုရှ်ရစ်က်များက ၎င်း (ကိုယ်တော်မြတ် ﷺ ၏) မျိုးဆက် ရှိတော့မည် မဟုတ်။ ၎င်း၏ သာသနာသည် အလျှင်အမြန် ပပျောက်သွားပေမည်' ဟူသော ရှုတ်ချသည့် စကားများကို ပြောဆိုခဲ့ကြသည်ကို ဖြေကြားထားသည်မှာ 'အသင်သည် အလ္လာဟ် အသျှင်မြတ်၏ ကျေးဇူးတော်ဖြင့် မျိုးဆက်ပြတ်တောက်သွားမည် မဟုတ်ဘဲ) ဧကန်မုချ အသင်၏ ရန်သူသာလျှင် အညွန့်တုံးသူ၊ မျိုးဆက်ပြတ်သူ ဖြစ်ပေမည်။

(၎င်း၏ ပေါ်လွင်သော မျိုးဆက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ လောကတွင် ၎င်း၏ ကောင်းမြတ်ကြောင်းကို ပြောဆိုတင်ပြသူ ရှိလိမ့်မည်မဟုတ်ပေ။ အသင်ကား ဤသို့ မဟုတ်။ အသင်၏ အွမ္မသ် နောက်လိုက်တို့သည် အသင်၏ အမည်ကောင်းခြင်း၊ အသင့်အား ချစ်ခင်ခြင်းနှင့် အသင့်အပေါ် ယုံကြည်ခြင်းတို့ဖြင့် သတိရတသနေကြပေမည်။ ဤကျေးဇူးတော်အားလုံးသည် كوثر ဟူသော စာလုံး၏ အလိုသဘော၌ ပါဝင်ပေသည်။ အကယ်၍ သားမှ မွေးသော မျိုးဆက် မရရှိသည့်တိုင် အသင့်အဖို့ အဓိက မျိုးဆက်ကား ရှိနေပေသည်။ လောကကို ဖြတ်သန်း၍ 'အာခေရသ်'ကို ရောက်သည့်တိုင်လည်း ရှိနေပေမည်။ အသင်၏ ရန်သူများမှာမူ ထိုအရာများမှ နဖူးစာမဲ့သူ ဖြစ်ပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်ကျရောက်လာရခြင်း၏ အကြောင်းခံဖြစ်ရပ်

အိဗ်နေအာဗီဟာသင်မ် (ရဟ) က စွဒ်ဒီ (ရဟ) ထံမှလည်းကောင်း၊ မိုင်ဟကီ (ရဟ) က 'ဒလာအီလေနဗူဝသ်'ကျမ်း၌လည်းကောင်း၊ ဟဇရသ်မိုဟမ္မဒ်ဗင်န် အလီဗင်န် ဟုစိုင်န် ؓ ထံမှ ဆင့်ပြန်ခဲ့ကြသည်မှာ 'သားယောကျ်ားလေး သေဆုံးသွားသူကို အရဗ်တွင် ابتر ဟု ခေါ်ဝေါ်လေ့ရှိခဲ့သည်။ ဆိုလိုသည်မှာ 'မျိုးဆက်ပြတ်သူ' ဟု ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ၏ သားတော် ကာစင်မ် (သို့) အိဗ်ရာဟီးမ် ؑ သည် ကလေးဘဝ၌ပင် ကွယ်လွန်သေဆုံးသွားသောအခါ မက္ကာဟ်ရှိ ကာဖိရ်တို့သည် ကိုယ်တော်မြတ် ﷺ အား ابتر ဟု ခေါ်ဝေါ်ပြီး ရှုတ်ချ လှောင်ပြောင်ခြင်းများ ပြုခဲ့ကြသည်။ ဤသို့ ပြောဆိုသူများတွင် အားဆ်ဗင်န်ဝါအိလ်၏ အမည်မှာ အထူးအားဖြင့် တင်ပြခြင်းခံခဲ့ရသည်။ ၎င်း၏ ရှေ့၌ တမန်တော်မြတ် ﷺ ၏ အကြောင်းကို ပြောကြပြီဆိုလျှင် ၎င်းက 'မိုဟမ္မဒ် ﷺ ကို လွှတ်လိုက်ပါလေ။ ဤသည်မှာ မည်သို့မျှ သောကထားနေရမည့်အရာ မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ابتر မျိုးဆက်ပြတ်သူ ဖြစ်သော

ကြောင့်ပင် ဖြစ်သည်။ ၎င်းသေဆုံးသွားလျှင် ၎င်း၏ အမည်ကို တသမည့်သူ မည်သူမျှ ရှိတော့မည်မဟုတ်ပါ' ဟု ပြောဆိုလေ့ရှိခဲ့သည်။ ဤသို့ ပြောဆိုခြင်းအပေါ် စူရာဟ်'ကောင်စရ်'ကျရောက်လာခဲ့သည်။

[ဗဂဝီ၊ အိဗ်နေကစီးရ်၊ မဇ္ဇဟရီးကျမ်း။]

အချို့ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ ကအဗ်ဗင်နအရှ်ရဖ် ယဟူဒီသည် တစ်ကြိမ်က မက္ကာဟ်မြို့သို့ ရောက်ရှိလာစဉ် မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်တို့သည် ၎င်းထံသို့ သွားရောက်၍ 'အသင်သည် ထိုလူငယ်တစ်ဦးကို မတွေ့မြင်ပါသလော။ ၎င်းလူငယ်က ၎င်းသည် (သာသနာအရ) ကျွန်ုပ်တို့ထက် ပို၍ မြတ်သည်'ဟု ပြောဆိုပါသည်။ အမှန်စင်စစ် ကျွန်ုပ်တို့သည် ဟာဂျီများ၏ ဝေယျာဝစ္စများကို ပြုလုပ်ပေးသူ၊ 'ဗိုင်သွလ္လာဟ်' ကို စောင့်ရှောက်သူနှင့် လူတို့အား ရေတိုက်ကျွေးသူများ ဖြစ်ကြပါသည်'ဟု ပြောဆိုလေရာ ကအဗ်က 'မဟုတ်ပါ။ အသင်တို့သည်သာ ထိုလူငယ်ထက် ပို၍ မြတ်သူများ ဖြစ်ကြပါသည်'ဟု ဖြေကြားလေသည်။ ဤသို့ ဖြေကြားခြင်းအပေါ် ဤစူရာဟ်'ကောင်စရ်'ကျရောက်လာခဲ့လေသည်။*[အိဗ်နေကစီးရ်၊ မဇ္ဇဟရီ။]*

အချုပ်ဆိုရသော် တမန်တော်မြတ် ﷺ တွင် သားယောကျ်ားလေးဘက်မှ မျိုးဆက်မရှိခြင်းအပေါ် မက္ကာဟ်ရှိ ကာဖိရ်တို့သည် ကိုယ်တော်မြတ် ﷺ အား ابتر ၊ မျိုးဆက်ပြတ်သူဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ (သို့) အခြားသော အကြောင်းများဖြင့် ကိုယ်တော်မြတ် ﷺ ၏ ဂုဏ်သိက္ခာတော်ကို ရိုင်းပျစွာ ထိပါးခဲ့ကြသည်။ ၎င်းတို့အား ဖြေကြားရာ၌ စူရာဟ်ကောင်စရ် ကျရောက်လာခဲ့သည်။ ဤစူရာဟ်တွင် ကိုယ်တော်မြတ် ﷺ အား ရှုတ်ချ၍ မကောင်းပြောဆိုခြင်းများကို တုန့်ပြန်ဖြေကြားထားခြင်းများလည်း ပါရှိသည်။ အဘယ်ကြောင့်ဆိုသော် 'သားယောကျ်ားလေးဘက်မှ မျိုးဆက်မရှိသည့်အပေါ် 'မျိုးဆက်ပြတ်သူ' ဟု ပြောဆိုသူများသည် အမှန်တရား၏ ဇစ်မြစ်ကို မသိနားမလည်သူများသာ ဖြစ်ကြသည်။ ကိုယ်တော်မြတ် ﷺ ၏ မျိုးနွယ်စဉ်ဆက်သည် 'အင်နှ်ရှာအလ္လာဟ်' 'ကေယာမသ်'နေ့ထိတိုင် တည်ရှိနေပေလိမ့်မည်။ ထို့ပြင် နာမ်ပိုင်းအားဖြင့် မျိုးဆက်ဖြစ်သော ကိုယ်တော်မြတ် ﷺ အပေါ်၌ အီမာန်သက်ဝင် ယုံကြည်ခဲ့ကြသည့် မွတ်စ္စလင်မ်များသည်လည်း အမှန်စင်စစ် နဗီကိုယ်တော်မြတ် ﷺ ၏ သားသမီးများပင် ဖြစ်ကြသည်။ ၎င်းတို့မှာမူ အလွန်များပြားစွာပင် ရှိကြပေမည်။ ၎င်းတို့သည် ရှေးနဗီတို့၏ အွမ္မသ်များထက်ပင် သာပိုများပြားကြပေလိမ့်မည်။

ဤစူရာဟ်တွင် တမန်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ လက်ခံခြင်း ခံရသူနှင့် ဂုဏ်သိက္ခာများ ချီးမြှင့်ခြင်း ခံရသူဖြစ်သည့် အကြောင်းလည်း ပါရှိသည်။ ထိုအကြောင်းဖြင့် ကအဗ်ဗင်န် အရှ်ရဖ်၏ စကားကို ပယ်ဖျက်လိုက်ခြင်းလည်း ဖြစ်သည်။

ဤအကြောင်းအရာအားလုံးသည် စူရာဟ်၏ တတိယအာယသ်တော်၌ လာရှိထားသည်။

إِنَّا أَعْطَيْنَكَ الْكَوْثَرَ

အေမာမ်ဘိုခါရီ (ရဟ) သည် ဤအာယသ်တော်၏ ဖွင့်ဆိုချက်ကို ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်ထံမှ ဆင့်ပြန်ခဲ့သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်က မိန့်ဆိုသည်မှာ 'ကောင်စရ်ဟူသည် အလ္လာဟ်

အသျှင်မြတ်က ကိုယ်တော်မြတ် ﷺ အား ချီးမြှင့်ပေးသနားတော်မူသော မြောက်မြားစွာသည့် ကောင်းမြတ်ခြင်းအပေါင်း ဖြစ်သည်'ဟူ၏။ အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ အထူးတပည့်တစ်ဦးဖြစ်သူ စအီးဒ်ဗင်န် ဂျုဗိုင်ရ် (ရဟ) အား လူတစ်ဦးက 'ကောင်စရ်သည် 'ဂျန္နသ်'၏ ချောင်းတစ်ခု၏ အမည်ဖြစ်သည်ဟု အချို့လူတို့က ဆိုကြပါသည်'ဟု ပြောဆိုလေရာ စအီးဒ်ဗင်န် ဂျုဗိုင်ရ် (ရဟ) က (အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ အဆိုသည် ထိုသူ၏ အဆိုနှင့် ဆန့်ကျင်မှုမရှိပါ။) 'ကောင်စရ်'ဟု အမည်ရှိသော 'ဂျန္နသ်'၏ ချောင်းသည်လည်း 'ကောင်းမြတ်ခြင်းများစွာ ပါဝင်သည်' ဟု ပြောဆိုခဲ့လေသည်။ ထို့ကြောင့် သဖ်စီးရ် အဖွင့်ပညာရပ်၏ အေမာမ်ဖြစ်သူ မုဂျာဟိဒ် (ရဟ) သည် 'ကောင်စရ်'၏ သဖ်စီးရ်တွင် မိန့်ဆိုခဲ့သည်မှာ 'ကောင်စရ်သည် လောကီနှင့် လေကုတ္တရာ နှစ်ဌာနစလုံး၏ 'များစွာသော ကောင်းမြတ်ခြင်းများ' ပင် ဖြစ်သည်။ ထိုကောင်းမြတ်ခြင်းများအနက် 'ဂျန္နသ်' ၏ အထူးချောင်းဖြစ်သော 'ကောင်စရ်' ရေကန်သည်လည်း ပါဝင်သည်ဟူ၏။

'ကောင်စရ်'ရေကန်

ဘိုခါရီ၊ မွတ်စ္စလင်မ်၊ အဘူဒါဝူးဒ်နှင့် နစအီကျမ်းများတွင် ဟဇရသ်အနတ်စ် ﷺ ထံမှ ဆင့်ပြန်ချက်လာရှိသည်။ မွတ်စ္စလင်မ်ကျမ်း၏ စာသားများမှာ အောက်ပါအတိုင်း ဖြစ်သည်။

بينا رسول الله ﷺ بين اظهرنا في المسجد اذا غفى اغفاءةً ثم رفع رأسه متبسّما
قلنا ما اضحكك يارسول الله قال لقد انزلت عليّ آنفًا سُورة فقرأ بسم الله
الرحمن الرحيم انّا اعطينك الكوثر الخ ثم قال اتدرون ما الكوثر قلنا الله
ورسوله اعلم قال فانّه نهرٌ وعدنيه ربّى عزوجلّ عليه خير كثير وهو حوض
ترد عليه امّتى يوم القيمة آنيته نجوم فى السّمآء فيختلج العبد منهم
فاقول ربّ انّه من امّتى فيقول انّك لاتدرى ما احدث بعدك

အဓိပ္ပာယ် ။ ။ တစ်နေ့သောအခါ တမန်တော်မြတ် ﷺ သည် ဗလီဝတ်ကျောင်းတော်၌ ကျွန်ုပ်တို့၏ အလယ်၌ ရှိနေတော်မူခဲ့သည်။ ရုတ်တရက် ကိုယ်တော်မြတ် ﷺ အပေါ် အိပ်ငိုက်ခြင်းတစ်မျိုး (သို့) သတိလစ်သကဲ့သို့သော အခြေအနေမျိုး ဖြစ်ပေါ်လာခဲ့သည်။ တစ်ဖန် ကိုယ်တော်မြတ် ﷺ သည် ရယ်မောလျက် ဦးခေါင်းတော်ကို မော့တော်မူလာသည်။ ကျွန်ုပ်တို့က 'အို တမန်တော်၊ ကိုယ်တော် ရယ်မောတော်မူသည်မှာ အဘယ်ကြောင့်ပါနည်း' ဟု လျှောက်ထားမေးမြန်းလေရာ ကိုယ်တော်မြတ် ﷺ က 'ငါကိုယ်တော့်

အပေါ်၌ ဤအချိန်မှာပင် စူရာဟ်တစ်ပုဒ် ကျရောက်လာခဲ့သည်'ဟု မိန့်ကြားတော်မူလေသည်။ တစ်ဖန် ကိုယ်တော်မြတ် ﷺ သည် 'ဗိစ်မိလ္လာဟ်'နှင့်တကွ စူရာဟ်'ကောင်စရ်'ကို ဖတ်ကြားတော်မူသည်။ ထို့နောက် မိန့်ကြားတော်မူသည်မှာ 'ကောင်စရ်' သည် အဘယ်အရာဖြစ်သည်ကို အသင်တို့ သိကြပါသလား' ဟု ဖြစ်သည်။ ကျွန်ုပ်တို့က 'အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ် ရစူလ်တမန်တော်သာလျှင် သိတော်မူဆုံး ဖြစ်တော်မူပါသည်' ဟု လျှောက်ထားကြလေသည်။ ကိုယ်တော်မြတ် ﷺ က 'ဤသည် ငါကိုယ်တော်၏ အသျှင်မြတ်က ငါကိုယ်တော့်အား ကတိပြုထားတော်မူသော 'ဂျန္နသ်'၏ ချောင်းတစ်စင်း၏ အမည်ဖြစ်သည်။ ဤ 'ကောင်စရ်တွင် ကောင်းမြတ်ခြင်းများစွာ ရှိသည်။ ထိုရေကန်သည် 'ကေယာမသ်'နေ့တွင် ငါကိုယ်တော်၏ အုမ္မသ်သားများ ရေသောက်သုံးရန် လာမည့် ရေကန်ဖြစ်သည်။ ထိုရေကန်ရှိ သောက်သုံးရန် ခွက်ဖလားများမှာ မိုးကောင်းကင်ရှိ ကြယ်တာရာများ၏ အရေအတွက်မျှ ရှိပေမည်။ ထိုအချိန်တွင် အချို့လူများကို ဖရစ်ရှ်သာဟ်တို့က ရေကန်မှ ဖယ်ရှားကြလိမ့်မည်။ ငါကိုယ်တော်က 'အို၊ အသျှင်မြတ်၊ ဤသည် ကျွန်တော်မျိုး၏ အုမ္မသ်များမှ ဖြစ်ပါသည်' ဟု လျှောက်ထားလျှင် အလ္လာဟ်အသျှင်မြတ်က 'ၾင်းသည် အသင်မရှိသည့် နောက်တွင် မည်သည့်သာသနာအသစ်ကို လက်ခံခဲ့သည်ကို အသင်မသိပါ' ဟု မိန့်ကြားတော်မူပေမည်။

အိဗ်နေကစီးရ် (ရဟ) သည် ဤရေဝါယသ်ကို ဆင့်ပြန်၍ ဖြည့်စွက်ရေးသားခဲ့သည်မှာ-

وقد ورد فى صفة الحوض يوم القيمة انّه يشخب فيه

ميزا بان من السّماء من نهرالكوثر وان انيته عد د نجوم السّمآء

အဓိပ္ပာယ် ။ ။ ရေကန်၏ ဂုဏ်ပုဒ်များနှင့် စပ်လျဉ်း၍ ဟဒီးစ်ဆင့်ပြန်ချက်များ၌ လာရှိသည်မှာ 'ကောင်စရ်'ချောင်းမှ ရေဖြင့် ရေကန်ကို ဖြည့်ပေးမည်ဖြစ်သော မြောင်းနှစ်သွယ်သည် မိုးကောင်းကင်မှ ကျနေပေမည်။ ထိုရေကန်၏ ရေခွက်များမှာ မိုးကောင်းကင်ရှိ ကြယ်တာရာများ၏ အရေအတွက်မျှ ရှိပေမည်။

ဤဟဒီးစ်တော်အားဖြင့် စူရာဟ် 'ကောင်စရ်'ကျရောက်လာခြင်းအကြောင်းလည်း သိရှိသွားရသည်။ 'ကောင်စရ်'ဟူသော စာလုံး၏ မှန်ကန်သော ဖွင့်ဆိုချက်ကိုလည်း သိရှိရပေသည်။ ဆိုလိုသည်မှာ 'မြောက်မြားစွာသော ကောင်းမြတ်ခြင်းများ' ဖြစ်သည်။ ထို့ပြင် ဤမြောက်မြားစွာသော ကောင်းမြတ်ခြင်းများတွင် 'ကောင်စရ်' ရေကန်လည်း ပါဝင်ပြီး ဤ 'ကောင်စရ်'ရေကန်သည် 'ကေယာမသ်'နေ့၌ အုမ္မသေ့မုဟမ္မဒီယဟ်' ကို တိုက်ကျွေးမည့် ရေကန်ဖြစ်ကြောင်းကိုလည်း သိရှိရပေသည်။ ထို့ပြင် 'ကောင်စရ်'ချောင်း၏ အရင်းအမြစ်သည် 'ဂျန္နသ်'တွင် ရှိပြီး 'ကောင်စရ်'ရေကန်မှာ 'ဟရှရ်' ကွင်းပြင်၌ ရှိလိမ့်မည်ဟူသည်ကိုလည်း ထင်ရှားစွာ သိရှိရပေသည်။

ထို 'ကောင်စရ်'ရေကန်တွင် မြောင်းနှစ်သွယ်အားဖြင့် 'ကောင်စရ်'ချောင်းမှ ရေများ ပြည့်သည်ကိုလည်း သိရှိရသည်။ ထို့ပြင် 'ကောင်စရ်'ရေကန်၌ အုမ္မသေမိုဟမ္မဒီယဟ်တို့ ဝင်ရောက်ခြင်းသည်

'ဂျန္နသ်'သို့ မဝင်ရောက်မီအလျှင် ဖြစ်မည့်အကြောင်း ဖော်ပြပါရှိသော ဆင့်ပြန်ချက်များဖြင့်လည်း ကိုက်ညီမှု ရှိကြောင်းကိုလည်း သိရှိရသည်။ ဤဟဒီးစ်တော်တွင် အချို့လူများကို 'ကောင်စရ်' ရေကန်မှ ဖယ်ရှားလိုက်ကြောင်း ဖော်ပြထားရာ ၎င်းတို့မှာ နောက်ပိုင်းတွင် အစ္စလာမ်သာသနာတော်မှ ကျောခိုင်း၍ လှည့်ထွက်သွားသူများ ဖြစ်သည်။ (သို့) ကနဦးမှပင် မွတ်စ္စလင်မ်မဟုတ်ဘဲ အရေခြုံ အယောင်ဆောင်လျက် အစ္စလာမ်သာသနာဝင်ဟု ဖော်ထုတ်ကြသူများ ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ မရှိတော့သည့် နောက်ပိုင်းတွင် ၎င်းတို့၏ အရေခြုံအယောင်ဆောင်မှုမှာ ပွင့်ပေါ်လာခဲ့သည်။

ဆွဟီးဟ်ဟဒီးစ်တော်များတွင် ဖော်ပြထားသော 'ကောင်စရ်'ရေကန်မှ ရေ၏ ဖြူဖွေးသန့်စင်မှု၊ ချိုမြမှုနှင့် ၎င်းရေကန်၏ ဘောင်ပတ်လည်၌ ရတနာ၊ ကျောက်သံပတ္တမြားတို့နှင့် စီခြယ်ထားခြင်းတို့နှင့် စပ်လျဉ်း၍ 'လောကရှိ မည်သည့်အရာကိုမျှ ၎င်းနှင့် နှိုင်းယှဉ်မရနိုင်ပေ။

ဤစူရာဟ်ကျရောက်ခြင်းသည် စင်စစ် အထက်တွင် တင်ပြခဲ့သည့်အတိုင်း ကိုယ်တော်မြတ် ﷺ ၏ သားယောကျ်ားလေး သေဆုံးသွားခြင်းအပေါ် ကာဖိရ်တို့က ကိုယ်တော်မြတ် ﷺ အား 'မျိုးဆက်ပြတ်သူ' ဟု သတ်မှတ်လျက် '၎င်း၏ ဤအလုပ်သည် ကာလအနည်းငယ်မျှသာ ဖြစ်သည်။ နောင်အခါတွင် ၎င်း၏ အမည်ကို တသသူ မည်သူမျှ ရှိလိမ့်မည်မဟုတ်'ဟု ပြောဆိုခဲ့ကြသည်များကို ချေပရန် ဖြစ်သည်။ သို့ဖြစ်ပေရာ ဤစူရာဟ်တွင် ကိုယ်တော်မြတ် ﷺ အား 'ကောင်စရ်' (မြောက်မြားစွာသော ကောင်းခြင်းမင်္ဂလာများ) ကို ပေးသနားတော်မူမည်ဟု တင်ပြထားရာ၌ 'ကောင်စရ်'ရေကန်လည်း ပါဝင်သည်။ ကိုယ်တော်မြတ် ﷺ ၏ သားစဉ်မြေးဆက်သည် ဤလောက၏ သက်တမ်းမျှသာ ရှိမည်မဟုတ်သည့်အပြင် ကိုယ်တော်မြတ် ﷺ ၏ ဝိညာဉ်ပိုင်းဆိုင်ရာ မျိုးဆက်သည်လည်း 'ဟရှရ်'ကွင်းပြင်၌ တွေ့မြင် သိရှိကြရပေလိမ့်မည်။ ထိုအချိန်တွင် အရေအတွက်အားဖြင့် အွမ္မသ်အားလုံးတို့ထက် ပိုပေလိမ့်မည်။ ထို့ပြင် ကိုယ်တော်မြတ် ﷺ ၏ ဂုဏ်သိက္ခာတော်သည် အားလုံးတို့ထက် သာပိုပေလိမ့်မည်ဖြစ်ကြောင်း တင်ပြလျက် မကောင်းပြောဆိုရှုတ်ချမှုများကို အပြည့်အဝ ချေပလိုက်ခြင်း ဖြစ်သည်။

فَصَلِّ لِرَبِّكَ وَانْحَرْ

وَانْحَرْ သည် نَحرْ ဟူသော စာလုံးမှ ဆင်းသက်လာခြင်း ဖြစ်သည်။ ကုလားအုတ်၏ 'ကုရ်ဗာနီ' ပြုခြင်းကို 'နဟရ်'ဟု ခေါ်ဆိုသည်။ نَحر 'နဟရ်'ပြုခြင်း၏ စွန္နသ်ပုံစံမှာ ကုလားအုတ်၏ ခြေများကို တုတ်နှောင်၍ လည်ပင်းတွင် လှံ (သို့) ဓါးအချွန်ဖြင့် ထိုးဖောက်၍ သွေးစီးကျစေခြင်း ဖြစ်သည်။ နွားနှင့် ဆိတ် စသော သတ္တဝါများကို 'ကုရ်ဗာနီ'ပြုသည့်အခါ သတ္တဝါကို လှဲပြီး လည်ချောင်းအား ဓါးဖြင့် လှီး၍ 'ဇဗာဟ်'ပြုခြင်းဖြစ်သည်။ အာရဗ်တွင် 'ကုရ်ဗာနီ'သည် များသောအားဖြင့် ကုလားအုတ်ကိုသာ ပြုလေ့ ရှိကြသည်။ ထို့ကြောင့် 'ကုရ်ဗာနီ'ပြုရန်အတွက် ဤနေရာ၌ وَانْحَرْ ဟူသော စာလုံးကို သုံးနှုန်းခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ نحر 'နဟရ်'ဟူသော စာလုံးသည် 'ကုရ်ဗာနီ'ပြုခြင်းကိုပင် သုံးနှုန်းသည်လည်း ရှိပေသည်။

ဤစူရာဟ်၏ ပထမအာယသ်တော်တွင် ကာဖိရ်တို့၏ မှားယွင်းသော အယူအဆများကို ဆန့်ကျင်၍ တမန်တော်မြတ် ﷺ အား 'ကောင်စရ်' (သို့) လောကီနှင့် လောကုတ္တရာ၏ အတိုင်းအတာပမာဏအားဖြင့် များပြားလှစွာသော ကောင်းခြင်းမင်္ဂလာတော်များကို ချီးမြှင့်တော်မူလိုက်ကြောင်း သတင်းကောင်း ကြားနာစေပြီးနောက် ထိုကျေးဇူးတော်များကို ကျေးဇူးသိတတ်ရန်အတွက် ကိုယ်တော်မြတ် ﷺ အား အရာနှစ်ခုကို ပြုလုပ်ရန် ညွှန်ကြားတော်မူထားသည်။ ၎င်းတို့မှာ နမာဇ်နှင့် 'ကုရ်ဗာနီ'ဖြစ်သည်။ နမာဇ်ဝတ်ပြုခြင်းသည် ခန္ဓာကိုယ်ဖြင့် ပြုရသော 'အေဗာဒသ်'များတွင် အကြီးမားဆုံးသော 'အေဗာဒသ်'ဖြစ်သည်။ 'ကုရ်ဗာနီ' ပြုခြင်းသည် ဥစ္စာပစ္စည်းများဖြင့် ပြုလုပ်အပ်သော 'အေဗာဒသ်'များတွင် ထူးခြားသော အဆင့်အတန်းနှင့် အရေးကြီးသော 'အေဗာဒသ်' ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် 'ကုရ်ဗာနီ'ပြုခြင်းသည် 'ဗွဒ်' ရုပ်တု ကိုးကွယ်သူတို့၏ အထိမ်းအမှတ်ကို ဆန့်ကျင်သော 'ဂျိဟားဒ်' တစ်ရပ်လည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ 'ကုရ်ဗာနီ'ပြုလုပ်ခြင်းများသည် 'ဗွဒ်'ရုပ်တုများ၏ အမည်အပေါ် ပြုလုပ်ကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ပါး၌လည်း နမာဇ်ဝတ်ပြုခြင်းနှင့်အတူ 'ကုရ်ဗာနီ'ကိုလည်း တင်ပြထားသည်မှာ-

إِنَّ صَلَاتِي وَنُسُكِي وَمَحْيَايَ وَمَمَاتِي لِلَّهِ رَبِّ الْعَالَمِينَ

ဟု ဖြစ်သည်။ ဤအာယသ်တော်တွင် وَانْحَرْ ၏ အဓိပ္ပာယ်မှာ 'ကုရ်ဗာနီ'ဖြစ်ကြောင်းကို ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ ၊ အသွာ (ရဟ)၊ မုဂျာဟိဒ် (ရဟ) နှင့် ဟစန်ဗဆွရီ (ရဟ) စသည်တို့ထံမှ ခိုင်မာသော ဆင့်ပြန်ချက်များဖြင့် အတည်ဖြစ်သည်။

အချို့ပညာရှင်များက وَانْحَرْ ၏ အဓိပ္ပာယ်ကို 'နမာဇ်အတွင်း ရင်ဘတ်ပေါ်၌ လက်တင်ခြင်းဖြစ်သည်' ဟူ၍ အချို့သဖ်စီးရ်အေမာမ်များဘက်သို့ ညွှန်းဆို၍ တင်ပြကြသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အိဗ်နေကစီးရ် (ရဟ) က 'ဤသည် 'ရိဝါယသေမွန်ကရ်' (လက်မခံထိုက်သော ရိဝါယသ်) ဖြစ်သည်' ဟု မိန့်ဆိုခဲ့သည်။

إِنَّ شَانِئَكَ هُوَ الْأَبْتَرُ

شَانِئٌ သည် 'ရန်ငြိုးထားသူနှင့် အပြစ်ရှာသူ'ဟူသော အဓိပ္ပာယ်၌ ဖြစ်သည်။ ဤအာယသ်တော်သည် တမန်တော်မြတ် ﷺ အား بتر ၊ 'မျိုးဆက်ပြတ်သူ'ဟု ခေါ်ဝေါ်သမုတ်၊ လှောင်ပြောင် ရှုတ်ချခဲ့ကြခြင်း အပေါ် ကျရောက်လာခြင်း ဖြစ်သည်။ ရိဝါယသ်ဆင့်ပြန်ချက်အများစုတွင် အားဆွ်ဗင်န်ဝါအိလ်အားလည်းကောင်း၊ အချို့ဆင့်ပြန်ချက်များတွင် ကအဗ်ဗင်န်အရှ်ရဖ်အားလည်းကောင်း၊ ထိုသို့ ရှုတ်ချသူဖြစ်ကြောင်း တင်ပြထားသည်။ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား 'ကောင်စရ်' (ဝါ) မြောက်မြားစွာသော ကောင်းမြတ်ခြင်းများကို ချီးမြှင့်တော်မူရာ၌ မြောက်မြားစွာသော သားသမီးများ ရှိခြင်းလည်း ပါဝင်သည်။ ကိုယ်တော်မြတ်အဖို့ သားသမီးအမြောက်အမြား ရှိရခြင်းမှာ သွေးရင်းသားရင်း မျိုးဆက်များ

တွင်လည်း အသျှင်မြတ်၏ နှစ်လိုမှုအရ နည်းပါးလှသည်မဟုတ်ပေ။ ထို့ပြင် နဗီတမန်တော်ဟူသည် အမွှသ်ထု တစ်ရပ်လုံး၏ ဖခင်ဖြစ်သည်။ အုမ္မသ်တစ်ရပ်လုံးသည် နီတမန်တော်၏ ဝိညာဉ်ပိုင်းဆိုင်ရာ သားစဉ်မြေးဆက် ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ၏ အုမ္မသ်သည် ရှေးနဗီအားလုံးတို့၏ အုမ္မသ်များထက် အရေအတွက်တွင် ပို၍ များပြားပေလိမ့်မည်။ တစ်ဘက်တွင်မူ ရန်သူတို့၏ ပြောဆိုသည့် စကားများကို ဤနည်းဖြင့် ချိုးဖျက် ပယ်ဖျက်စေသည်။ အခြားတစ်ဘက်တွင် ကိုယ်တော်မြတ် ﷺ အား မျိုးဆက်ပြတ်သူဟု ပြောဆိုသူများ ကိုယ်တိုင်ပင် မျိုးဆက်ပြတ်သူများ ဖြစ်ကြရသည်'ဟု မိန့်ကြားတော်မူထားသည်။

သံဝေဂတရား

လေးနက်စွာ စဉ်းစားကြည့်လျှင် ထင်ရှားစွာ တွေ့ရမည်မှာ အလ္လာဟ်အသျှင်မြတ်သည် တမန်တော် မြတ် ﷺ ၏ သတိရတခြင်းကို အဘယ်မျှ ကြီးကျယ်မြင့်မားစွာ ပြုပေးတော်မူပါသနည်းဟူမူ ကိုယ်တော် မြတ် ﷺ ၏ ခေတ်သမယမှစ၍ ယနေ့တိုင် ကမ္ဘာလောက၏ နေရာဒေသတိုင်းတွင် ကိုယ်တော်မြတ် ﷺ ၏ နာမတော်ကို (၅) ကြိမ်တိုင် အလ္လာဟ်အသျှင်မြတ်၏ နာမတော်နှင့်အတူ 'မိနာရဟ်'များပေါ်၌ ကြေညာ ရွတ်ဖတ်နေကြရသည်။ ထို့ပြင် တမလွန်၌ ကိုယ်တော်မြတ် ﷺ အဖို့ 'ရှဖာအသ်ကွဗ်ရာ' (အကြီးမားဆုံး အသနားခံခွင်) ၏ 'မကာမေ့မဟ်မူးဒ်'အဆင့်ကို ရရှိပေလိမ့်မည်။ ကိုယ်တော်မြတ် ﷺ ၏ ဆန့်ကျင် ဘက်၌ ရှိသူများနှင့် စပ်လျဉ်း၍ ကမ္ဘာ့သမိုင်းကို မေးကြည့်လိုက်မည်ဆိုပါလျှင် အားဆွ်ဗင်နိဝါအိလ်၊ အွတ်က်ဗဟ်နှင့် ကအစ်တို့၏ သားသမီး၊ မျိုးဆက်သည် အဘယ်မှာနည်း။ ၎င်းတို့၏ ဆွေမျိုးသားချင်း မျိုးနွယ်စုတို့သည် မည်သို့ ဖြစ်သွားကြပါသနည်း။ ၎င်းတို့၏ အမည်များကိုမူ အစ္စလာမ်၏ ဆင့်ပြန်ချက် များဖြင့် ရိဝါယသ် ဆင့်ပြန်ချက်များအတွင်း ထိန်းသိမ်းထားခဲ့၍ သိရှိရခြင်း ဖြစ်သည်။ သို့မဟုတ်ပါမူ လောကတွင် ၎င်းတို့၏ အမည်ကို သိရှိမည့်သူ မည်သူမျှပင် ရှိမည်မဟုတ်ပါချေ။

فاعتبروا يآ اولى الابصار (အို, အသိတရားရှိသူများ၊ သံဝေဂတရား ရယူကြလေကုန်။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်ကာဖိရူန

ကာဖိရ်မယုံကြည်သောသူများ ကဏ္ဍ

بِسْمِ ٱللَّهِ ٱلرَّحْمَٰنِ ٱلرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

قُلْ يَٰٓأَيُّهَا ٱلْكَٰفِرُونَ ١ لَآ أَعْبُدُ مَا تَعْبُدُونَ ٢
وَلَآ أَنتُمْ عَٰبِدُونَ مَآ أَعْبُدُ ٣ وَلَآ أَنَا۠ عَابِدٌ مَّا عَبَدتُّمْ ٤ وَ
لَآ أَنتُمْ عَٰبِدُونَ مَآ أَعْبُدُ ٥ لَكُمْ دِينُكُمْ وَلِىَ دِينِ ٦

၁၀၉ : ၁ ॥ ॥ (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ အို၊ ကာဖိရ်ငြင်းပယ်သူအပေါင်းတို့။

၁၀၉ : ၂ ॥ ॥ ငါသည် အသင်တို့ ကိုးကွယ်လျက်ရှိကြသော ကိုးကွယ်ရာများကို ကိုးကွယ်ဆည်းကပ်ကြသူများ မဟုတ်ပေ။

၁၀၉ : ၃ ॥ ॥ ၎င်းပြင် အသင်တို့သည်လည်း ငါကိုးကွယ်လျက်ရှိသော ကိုးကွယ်ရာကို ကိုးကွယ်ဆည်းကပ်ကြသူများ မဟုတ်ပေ။

၁၀၉ : ၄ ॥ ॥ ထို့ပြင် ငါသည် အသင်တို့ ကိုးကွယ်ကြကုန်သော ကိုးကွယ်ရာများကို ကိုးကွယ်ဆည်းကပ်ကြမည့်သူများ မဟုတ်ပေ။

၁၀၉ : ၅ ॥ ॥ ထို့နည်းတူစွာ အသင်တို့သည်လည်း ငါကိုးကွယ်သော ကိုးကွယ်ရာကို ကိုးကွယ်ဆည်းကပ်ကြမည့်သူများ မဟုတ်ပေ။

၁၀၉ : ၆ ॥ ॥ (စင်စစ်မှာ) အသင်တို့အဖို့ အသင်တို့၏ အကျိုး၊ လမ်းစဉ်၊ သာသနာ (ပင်) ဖြစ်၍၊ ငါ၏အဖို့ ငါ၏ အကျိုး၊ လမ်းစဉ်၊ သာသနာပင် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်သည် (ထိုကာဖိရ်တို့အား) ဤသို့ ပြောကြားပါလေ။ အို၊ ကာဖိရ်သွေဖည်ငြင်းပယ်သူအပေါင်းတို့ (ကျွန်ုပ်၏ လမ်းစဉ်နှင့် အသင်တို့၏ လမ်းစဉ်မှာ တစ်မျိုးတည်း မဖြစ်နိုင်ပေ။)

ထို့ပြင် (လက်ရှိအခြေအနေတွင်လည်း) ငါသည် အသင်တို့၏ ကိုးကွယ်ရာများကို ကိုးကွယ်သည် မဟုတ်ပေ။ ၎င်းပြင် အသင်တို့သည်လည်း ငါကိုးကွယ်လျက်ရှိသော ကိုးကွယ်ရာကို ကိုးကွယ်ကြသည်လည်း မဟုတ်ပေ။ ထို့ပြင် ငါသည် (နောင်အနာဂတ်၌လည်း) အသင်တို့၏ ကိုးကွယ်ရာများကို ကိုးကွယ်မည့်သူ မဟုတ်ပေ။

၎င်းပြင် အသင်တို့သည်လည်း ငါ၏ ကိုးကွယ်ရာအသျှင်ကို ကိုးကွယ်ကြမည် မဟုတ်ပေ။ (ဆိုလိုသည်မှာ ကျွန်ုပ်သည် ယခုလက်ရှိ အခြေအနေ၌လည်းကောင်း၊ နောင်အနာဂတ်တွင်လည်းကောင်း တစ်ပါးတည်းသော အသျှင်မြတ်ကိုသာ ကိုးကွယ်လျက်ရှိပြီး 'ရှရစ်က်'တုဖက်နှိုင်းယှဉ် ကိုးကွယ်မှုကို ပြုမည့်သူ မဟုတ်ပါ။ ထို့ပြင် အသင်တို့သည်လည်း 'မုရှိရစ်က်'များသာ ဖြစ်ကြပြီး တစ်ပါးတည်းသော အသျှင်မြတ်ကိုသာ ကိုးကွယ်သူများအဖြစ် မသတ်မှတ်နိုင်သူများ ဖြစ်ကြသည်။ ဤသည်မှာ ယခုလက်ရှိနှင့် အနာဂတ်နှစ်မျိုးစလုံးတွင် ဖြစ်သည်။ ဆိုလိုသည်မှာ 'သောင်ဟီးဒ်'တစ်ပါးတည်းသော အသျှင်မြတ်ကို ကိုးကွယ်ခြင်းနှင့် 'ရှရစ်က်'တုဖက်နှိုင်းယှဉ်ကိုးကွယ်ခြင်းတို့သည် ပေါင်းစုရ၍ မရနိုင်သောအချက် ဖြစ်သည်'ဟူ၏။)

အသင်တို့အဖို့ အသင်တို့၏ အစားပေးခြင်းကိုလည်းကောင်း၊ ငါ၏ အဖို့ ငါ၏ အကျိုးအစားပေးခြင်း ရရှိပေလိမ့်မည်။ (ဤနေရာတွင် ၎င်းတို့၏ ရှရစ်က်ပြုခြင်းအပေါ် သတိပေးနှိုးဆော်မှုကိုလည်း ကြားနာစေခြင်းဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

စူရာဟ်၏ ထူးမြတ်မှုများနှင့် ထူးခြားမှုများ

ဟာဇရသ်အာအေရှာဟ် ﷺ သခင်မက မိန့်ဆိုသည်မှာ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်။ 'ဖွဂျရ်'၏ စွန္နသ်နမာဇ်များတွင် ဖတ်ရန်အတွက် စူရာဟ် 'ကာဖိရူးန်'နှင့် စူရာဟ် 'အိခ်လားစ်'သည် အကောင်းဆုံးသော စူရာဟ်နှစ်ပုဒ်ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

ထို့ပြင် သဖ်စီးရ်အိဗ်နေကစီးရ်ကျမ်းတွင် မြောက်မြားစွာသော ဆွဟာဗာတို့၏ ဆင့်ပြန်ချက် လာရှိသည်မှာ '၎င်းတို့သည် တမန်တော်မြတ် ﷺ အား 'ဖွဂျရ်စွန္နသ်'တွင်လည်းကောင်း၊ 'မဂ်ရိဗ်'နမာဇ်ပြီးစွန္နသ်တွင်လည်းကောင်း အများဆုံး ဤစူရာဟ်နှစ်ပုဒ်ကိုသာ ဖတ်သည်ကို ကြားခဲ့ကြရသည်'ဟုဖြစ်သည်။

အချို့ဆွဟာဗာများက ရစူလွလ္လာဟ် ﷺ ထံတော်တွင် 'ကျွန်တော်မျိုးတို့အား မအိပ်စက်မီအလျှင်ဖတ်ရွတ်ရန် ဒိုအာတစ်ခုခုကို 'ပြသတော်မူပါ' ဟူ၍ လျှောက်ထားကြရာ ကိုယ်တော်မြတ် ﷺ က

قُلْ يَٰٓأَيُّهَا ٱلْكَٰفِرُونَ

ကို ဖတ်ရန် ညွှန်ကြားတော်မူခဲ့သည်။ ထို့နောက် ဤစူရာဟ်သည် 'ရှိရ်က်'မှ လွတ်ကင်းစေသော စူရာဟ်ဖြစ်သည်' ဟု မိန့်ကြားလေသည်။ *[သိရ်မေဇီကျမ်း၊ အဗူဒါဝူဒ်ကျမ်း]*

ဟဇရသ်ဂျုဗိုင်ရ်ဗင်န်မုအဿွသွမ် ﷺ သခင်က မိန့်ဆိုခဲ့သည်။ တမန်တော်မြတ် ﷺ သည် ၎င်းအား 'အသင်သည် ခရီးထွက်သည့်အခါ ခရီးတွင် ခရီးဖော် မိတ်ဆွေအားလုံးထက် အခြေအနေကောင်းခြင်း၊ ဆန္ဒပြည့်သူ ဖြစ်ခြင်းနှင့် အသင်၏ ဥစ္စာပစ္စည်း ပိုမို၍ များပြားရခြင်းတို့ဖြစ်ရန် လိုလားပါသလား' ဟု မေးမြန်းမိန့်ကြားတော်မူရာ ၎င်းက 'အို၊ ရစူလွလ္လာဟ်၊ ကောန်မုချ ကျွန်တော်မျိုးသည် ဤသို့ ဖြစ်ရန် လိုလားပါသည်'ဟု လျှောက်ထားလေသည်။ ကိုယ်တော်မြတ် ﷺ သည် 'ကုရ်အာန်၏ နောက်ဆုံး စူရာဟ် (၅) ပုဒ် စူရာဟ် 'ကာဖိရူးန်'၊ စူရာဟ် 'နဆွ်ရ်'၊ စူရာဟ် 'အိခ်လားစွ်'၊ စူရာဟ် 'ဖလတ်က်'၊ စူရာဟ် 'နားစ်'တို့ကို ဖတ်ရွတ်လေ့ ရှိကုန်။ စူရာဟ်တိုင်းကို 'ဗိစ်မိလ္လာဟ်'နှင့် အစပြု၍ 'ဗိစ်မိလ္လာဟ်'ဖြင့်ပင် အဆုံးသတ်ပါလေ' ဟု မိန့်ကြားတော်မူလေသည်။ ဟဇရသ်ဂျုဗိုင် ﷺ သခင်က တင်ပြသည်မှာ ထိုစဉ်က ကျွန်ုပ်၏ အခြေအနေမှာ ခရီးတွင် မိမိ၏ ခရီးဖော်မိတ်ဆွေများနှင့် နှိုင်းယှဉ်၍ ခရီးဆောင်ပစ္စည်းနှင့် စားနပ်ရိက္ခာ အလွန်နည်းပါးသူ ဖြစ်ခဲ့လေသည်။ ထို့နောက် တမန်တော်မြတ် ﷺ ၏ ဤသင်ကြားပေးမှု အပေါ် ကျင့်သုံးလိုက်သောအခါ ကျွန်ုပ်သည် အခြေအနေ အကောင်းဆုံးအဆင့်၌ နေရလေတော့သည်'ဟု ဖြစ်သည်။ *[မဇ္ဇဟရီးကျမ်း]*

ဟဇရသ်အလီ ﷺ သခင်က ဆင့်ပြန်ခဲ့သည်မှာ တစ်ခါက တမန်တော်မြတ် ﷺ အား ကင်းကိုက် လိုက်လေရာ ကိုယ်တော်မြတ် ﷺ သည် ရေနှင့် ဆားကို မှာယူတော်မူပြီး ထိုရေကို အကိုက်ခံရသည့် နေရာ၌ သုတ်လိမ်းရင်း

قُلْ أَعُوذُ بِرَبِّ ٱلنَّاسِ နှင့် قُلْ أَعُوذُ بِرَبِّ ٱلْفَلَقِ ، قُلْ يَٰٓأَيُّهَا ٱلْكَٰفِرُونَ

စူရာဟ်များကို ဖတ်နေလျက် ရှိနေတော်မူခဲ့သည်။ *[မဇ္ဇဟရီကျမ်း]*

အယသ်တော်များ ကျရောက်လာရခြင်း၏ နောက်ခံသမိုင်း

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ အိဗ်နေအိစ်ဟားက် (ရဟ) ၏ ဆင့်ပြန်ချက်တွင် လာရှိသည်မှာ ဝလီးဒ်ဗင်န်မုဂီရာဟ်၊ အားဆွ်ဗင်န်ဝါအိလ်၊ အတ်စ်ဝဒ်ဗင်န်အဗ်ဒွလ်မုသွ်သွလိဗ်နှင့် အုမိုင်ယဟ် ဗင်န်ခလ်ဖ်တို့သည် တမန်တော်မြတ် ﷺ ထံတော်ပါးသို့ ရောက်ရှိလာကြသည်။ ထို့နောက် ၎င်းတို့က 'ကျွန်ုပ်တို့သည် တစ်ဖက်နှင့် တစ်ဖက် အချင်းချင်း စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်လိုကြပါသည်။ အသင်သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို တစ်နှစ်ကိုးကွယ်၍ ကျွန်ုပ်တို့သည် အသင်၏ ကိုးကွယ်ရာကို တစ်နှစ် ကိုးကွယ်ကြပါမည်' ဟု ပြောဆိုခဲ့ကြသည်။ *[မဇ္ဇဟရီကျမ်း]*

ထို့ပြင် သွဗ်ရာနီ (ရဟ) က ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنهما သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ မက္ကာဟ်ရှိ ကာဖိရ်တို့သည် ဦးစွာပထမ တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းမှု ရယူရန်အတွက် တမန်တော်မြတ် ﷺ ၏ ရှေ့မှောက်၌ တင်သွင်းကြသည်မှာ 'ကျွန်ုပ်တို့သည် အသင့်အား မက္ကာဟ်မြို့တွင် အချမ်းသာဆုံးဖြစ်သွားသည်အထိ ဥစ္စာငွေကြေးများကို ပေးကြပါမည်။ အသင်အလိုရှိသည့် အမျိုးသမီးကို အသင်နှင့် 'နေကာဟ်' ပြုပေးကြပါမည်။ အသင်ဘက်မှ ဆောင်ရွက်ပေးရမည်မှာ ကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို မကောင်းပြောဆိုခြင်း မပြုရန်သာ ဖြစ်ပါသည်။ အကယ်၍ အသင်သည် ဤသည်ကို လက်မခံပါက ဤသို့ပြုပါ။ ကျွန်ုပ်တို့ သည် အသင်၏ ကိုးကွယ်ရာအသျှင်မြတ်ကို တစ်နှစ် ကိုးကွယ်ကြပါမည်။ ထို့နောက်တစ်ဖန် အသင်သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို တစ်နှစ် ကိုးကွယ်ရပါမည်'ဟု ပြောဆိုကြလေသည်။

[မဇ္ဇဟရီကျမ်း]

ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنهما သခင်ထံမှ အဘူဆွာလိဟ် (ရဟ) က ဆင့်ပြန်ခဲ့သည်မှာ မက္ကာဟ်မြို့ရှိ ကာဖိရ် တို့သည် တစ်ဖက်နှင့် တစ်ဖက် စေ့စပ်ညှိနှိုင်းမှု ရယူရန်အတွက်ဟူ၍ ကိုယ်တော်မြတ် ﷺ ထံ တင်ပြကြသည်မှာ 'အသင် သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာ 'ဗွုဒ်'ရုပ်များအနက်မှ အချို့ကို လက်ဖြင့် ထိရုံမျှသာ ထိခဲ့ပါလျှင် ကျွန်ုပ်တို့သည် အသင့်အား ထောက်ခံကြပါမည်' ဟု ပြောဆိုကြလေသည်။ ထိုသို့ ပြောဆိုကြခြင်းအပေါ် ဂျိဗ်ရာအီးလ် عليه السلام သည် စူရာဟ် 'ကာဖိရူးန်'ကို ယူဆောင်လျက် ပို့ချပေးလေသည်။ ဤစူရာဟ်တွင် ကာဖိရ်တို့၏ လုပ်ရပ်များမှ ကင်းကင်းရှင်းရှင်းနေရန်နှင့် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် 'အေဗာဒသ်'ခဝပ်မှုပြုရန် အမိန့်တော်များ ပါရှိသည်။

'ရှာနေနူဇူးလ်' 'အာယသ်တော်များ ကျရောက်လာရခြင်း၏ နောက်ခံသမိုင်းနှင့် စပ်လျဉ်း၍ ဖြစ်ရပ်များစွာကို တင်ပြထားရာ၌ ဖြစ်ရပ်တစ်ခုနှင့်တစ်ခု ဆန့်ကျင်ခြားနားမှု မရှိပေ။ ၄င်းဖြစ်ရပ်အားလုံးတို့သည် ဖြစ်ပေါ်ခဲ့သည်လည်း ဖြစ်နိုင်သည်။ ထိုဖြစ်ရပ်အားလုံးကို တုန့်ပြန်ချေပရန် ဤစူရာဟ် ကျရောက်လာခဲ့ပါသည်။ ကာဖိရ်တို့၏ စေ့စပ်ညှိနှိုင်းမှုများကို တားဆီးရန်မှာ ဤစူရာဟ်၏ ရည်ရွယ်ချက် ဖြစ်သည်။

لَآ أَعْبُدُ مَا تَعْبُدُوْنَ

ဤစူရာဟ်တွင် အချို့စာပိုဒ်များသည် နှစ်ကြိမ်ထပ်ကာ လာရှိထားသည်။ ဤသို့ ထပ်ကာ လာရှိခြင်းနှင့် စပ်လျဉ်း၍ အေမာမ်ဘိုခါရီ (ရဟ) က အဖွင့်ပညာရှင်များစွာတို့ထံမှ ဖွင့်ဆိုချက်ကို တင်ပြထားသည်မှာ စာပိုဒ်နှစ်ပိုဒ် ထပ်ကာလာခြင်းသည် ပထမစာပိုဒ်မှာ မျက်မှောက်ကာလ၏ အခြေအနေကို တင်ပြခြင်း ဖြစ်ပြီး ဒုတိယစာပိုဒ်မှာ အနာဂတ်ကာလ၏ အခြေအနေအတွက် တင်ပြရန် ဖြစ်သည်။ ထို့ကြောင့် ထပ်ကာလာခြင်း မဖြစ်တော့ပေ။ အလိုသဘောမှာ ငါသည် လက်ရှိကာလတွင် အသင်တို့၏ ကိုးကွယ်ရာများကို ကိုးကွယ်နေလျက်ရှိပြီး အသင်တို့သည်လည်း ငါ၏ ကိုးကွယ်ရာအသျှင်မြတ်ကို ကိုးကွယ်လျက်ရှိနေကြသည်လည်း မဟုတ်။ ထို့ပြင် လာမည့် အနာဂတ်တွင် ငါသည် မိမိ၏ 'သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်တော်မူသော အသျှင်၊ တစ်ပါးတည်းသော အလ္လာဟ်အသျှင်မြတ်သာ ရှိခြင်းတရားအပေါ်၌လည်းကောင်း၊

အသင်တို့သည် မိမိတို့၏ 'ရှရဲစ်က်' လုပ်ရပ်အပေါ်၌လည်းကောင်း ရပ်တည်လျက်သာ ရှိကြမည်ဖြစ်ပြီး တစ်ဦး၏ ကိုးကွယ်ရာကို အခြားတစ်ဦးက အပြန်အလှန် ကိုးကွယ်ခြင်းကိုလည်း ပြုကြမည်မှာ မဖြစ်နိုင် ဟု ဖြစ်သည်။

ဤသဖ်စီးရ်ကို ဟာဇရသ်ဟာကီမွလ်အွမ္မသ် မောင်လာနာအရှ်ရဖ်အလီ ထာနဝီ (ရဟ) သည် သဖ်စီးရ် ဗယာနုလ်ကုရ်အာန်ကျမ်း၌ ဖော်ပြထားသည်။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် တင်ပြခဲ့ပြီး ဖြစ်သည်။

သို့သော် ဘိုခါရီ၏ (ရဟ) သဖ်စီးရ်ဖွင့်ဆိုချက်တွင် لَكُمْ دِيْنُكُمْ وَلِيَ دِيْنِ ၏ သဖ်စီးရ်ဖွင့်ဆိုချက်ကို တင်ပြရာ၌ دِيْنِ 'ဒီးန်'၏ အလိုသဘောမှာ 'အစ္စလာမ်သာသနာ့လမ်းစဉ်နှင့် ကုဖွရ်လမ်းစဉ်' ဖြစ်သည်ဟူ၍ ဖွင့်ဆိုတင်ပြထားသည်။ ထို့ပြင် အလိုသဘောကို သတ်မှတ်သည်မှာ 'စေ့စပ်ညှိနှိုင်းသည့် အနေအထားမှာ လက်ခံနိုင်ဖွယ်ဖြစ်သော ပုံစံမဟုတ်ပေ။ ငါသည် ငါ၏ သာသနာ့အပေါ်၌သာ ရပ်တည်နေမည်ဖြစ်သည်။ အသင်တို့သည်လည်း အသင်တို့၏ သာသနာအပေါ်၌သာ ရပ်တည်နေကြသည်ဆိုလျှင် ထိုသို့ ပြုခြင်း၏ ရလဒ်ဆိုးကျိုးကို အသင်တို့သည် မုချ ခံစားကြရမည်ကို သိနားလည်ကြပါလေ'ဟု ဖြစ်သည်။

ဗယာနုလ်ကုရ်အာန်ကျမ်းတွင် دِيْنِ ၏ အဓိပ္ပာယ်မှာ 'အကျိုးဆက်' ဟု သတ်မှတ်ထားသည်။

ဒုတိယသဖ်စီးရ်မှာ အိဗ်နေကစီးရ် (ရဟ) က ဖွင့်ဆိုတင်ပြခဲ့သည့် သဖ်စီးရ်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ما ဟူသော အက္ခရာသည် အာရဗ်တွင် اسم موصول ဖြစ်သော اَلَّذِىْ ကဲ့သို့သော အဓိပ္ပာယ် ဖြစ်သည်။ ဤအတိုင်းပင် တစ်ခါတစ်ရံ مصدر ၏ အဓိပ္ပာယ်ကို ဖော်ဆောင်ပေးသည့် အက္ခရာအဖြစ်လည်း အသုံးပြုလေ့ရှိသည်။ ၎င်းအက္ခရာ ဝင်ရောက်သော فعل ကြိယာကို مصدر ကြိယာနာမ်၏ အဓိပ္ပာယ်၌ ပြုပေးသည်။ ဤစူရာဟ်တွင် ပထမနေရာမှ مَا အက္ခရာသည် اسم موصول ဖြစ်သော اَلَّذِىْ ၏ အဓိပ္ပာယ်ဖြစ်သည်။ ဒုတိယနေရာမှာ مَا အက္ခရာမှာ مصدريه ကြိယာနာမ်၏ အဓိပ္ပာယ်၌ ဖြစ်သည်။ ၎င်း၏ ရှင်းလင်းချက်မှာ ပထမစာပိုဒ်ဖြစ်သော

لَآ اَعْبُدُ مَا تَعْبُدُوْنَ وَلَآ اَنْتُمْ عَابِدُوْنَ مَآ اَعْبُدُ

၏ အဓိပ္ပာယ်မှာ 'အသင်တို့ ကိုးကွယ်သော ကိုးကွယ်ရာများကို ငါသည် ကိုးကွယ်ခြင်း မပြု။ ထို့ပြင် ငါကိုးကွယ်လျက်ရှိသော ကိုးကွယ်ရာကိုလည်း အသင်တို့သည် ကိုးကွယ်ခြင်းမပြု'ဟု ဖြစ်သည်။ ဒုတိယစာပိုဒ်ဖြစ်သော

وَلَآ اَنَا عَابِدٌ مَّا عَبَدْ تُّمْ وَلَآاَنْتُمْ اَعَابِدُوْنَ مَآ اَعْبُدُ

တွင် مَا အက္ခရာသည် مصدريه ဖြစ်သည်။ အဓိပ္ပာယ်မှာ

لا انا عابد عبا دتكم ولا انتم عابدون عبادَ تى

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ ငါနှင့် အသင်တို့၏ 'အေဗာဒသ်' ခဝပ်ကိုးကွယ်ခြင်း ပုံသဏ္ဍာန်သည် ပင် သီးခြားစီ ဖြစ်ကြသည်။ ငါသည် အသင်တို့၏ 'အေဗာဒသ်'ပုံသဏ္ဍာန်အတိုင်း 'အေဗာဒသ်'မပြုလုပ်နိုင်။

ထို့ပြင် အသင်တို့သည် အီမာန်သက်ဝင်ယုံကြည်ခြင်း မပြုသမျှ ငါပြုလုပ်သည့် 'အေဗာဒသ်'ခဝပ်ကိုးကွယ်မှုကို မပြုနိုင်ကြပေ' ဟု ဖြစ်သည်။

ဤနည်းဖြင့် ပထမအပိုဒ်တွင် ကိုးကွယ်ရာများ၏ ကွဲပြားခြားနားမှုကို ပြသခြင်းဖြစ်သည်။ ဒုတိယအပိုဒ်တွင် ကိုးကွယ်မှုပုံသဏ္ဌာန် ကွဲပြားခြားနားကြောင်းကို ပြသထားသည်။ အချုပ်မှာ အသင်တို့နှင့် ငါ၏ ကိုးကွယ်ရာများတွင် ရောနှောပေါင်းစပ်ခြင်း မရှိ။ ကိုးကွယ်မှုပုံသဏ္ဌာန်တွင်လည်း ရောနှောပေါင်းစပ်ခြင်း မရှိပေ'ဟု ဖြစ်သည်။ ဤနည်းဖြင့် အာယသ်တော်နှစ်ခုထပ်ကာ လာခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းသွားသည်။ တမန်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ်တို့၏ 'အေဗာဒသ်'ခဝပ်ကိုးကွယ်မှု၏ နည်းလမ်းကို အလ္လာဟ်အသျှင်မြတ်သည် ကိုယ်တော်မြတ် ﷺ အား 'ဝဟီ' ၏ အကြောင်းခံဖြင့် သင်ကြားပေးတော်မူခဲ့ခြင်း ဖြစ်သည်။ မုရှ်ရစ်က်တို့၏ ကိုးကွယ်မှုနည်းလမ်းမှာ မိမိတို့ကိုယ်တိုင် တီထွင်ထားခြင်း ဖြစ်သည်။

အိဗ်နေကဆီးရ် (ရဟ) သည် ဤသဖ်စီးရ်ကို ဦးစားပေးထိုက်သော အဆိုအဖြစ် သတ်မှတ်လျက် မိန့်ဆိုသည်မှာ အစ္စလာမ်၏ 'ကလေမာဟ်'တော်

لَا اللهَ اِلَّا اللهُ مُحَمَّدٌ رَّسُوْلُ اللهِ

မှ ထွက်ပေါ်လာသည့် အလိုသဘောမှာလည်း ဤသည့် အလိုသဘောသာ ဖြစ်သည်။ ၎င်းမှာ 'အလ္လာဟ်အသျှင်မြတ်မှအပ အခြားကိုးကွယ်ခြင်းခံထိုက်သူ မည်သူမျှ မရှိ။ 'အေဗာဒသ်' ခဝပ်ကိုးကွယ်ခြင်း နည်းလမ်းအမှန်သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်မြတ် ﷺ ၏ အကြောင်းခံဖြင့် ကျွန်ုပ်တို့ထံ ရောက်ရှိလာသော နည်းလမ်းပင် ဖြစ်သည်' ဟူ၏။

لَكُمْ دِيْنُكُمْ وَلِىَ دِيْنِ

၏ သဖ်စီးရ်တွင် အိဗ်နေကဆီးရ် (ရဟ) က မိန့်ဆိုသည်မှာ ဤအပိုဒ်သည် ကုရ်အာန်၏ အခြားတစ်နေရာ၌ မိန့်ကြားတော်မူထားသော

فَاِنْ كَذَّ بُوْ كَ فَقُلْ لِّىْ عَمَلِىْ وَلَكُمْ عَمَلُكُمْ

ဟူသော အာယသ်တော်ကဲ့သို့ ဖြစ်သည်။ အခြားတစ်နေရာတွင်

لَنَا اَعْمَا لُنَا وَلَكُمْ اَعْمَالُمْ

ဟုလည်း လာရှိထားသည်။ အချုပ်ဆိုရသော် دِيْنِ 'ဒီးန်' ဟူသော စာလုံးကို အိဗ်နေကဆီးရ် (ရဟ) ကလည်း 'အကျိုးအပြစ် အစားပေးခံရမည့် လုပ်ရပ်များ' ဟူသော အဓိပ္ပာယ်ကိုပင် ကောက်ယူခဲ့သည်။ ဤသည်မှာ ဗယာနုလ်ကုရ်အာန်ကျမ်းတွင် 'လူတိုင်းလူတိုင်းသည် မိမိတို့၏ လုပ်ရပ်များ၏ ကောင်းကျိုး၊ ဆိုးကျိုးကို ခံစားကြရပေမည်' ဟု တင်ပြထားသည်ကိုပင် ရည်ရွယ်ခြင်းဖြစ်သည်။ အချို့အဖွင့်ပညာရှင်များသည် တတိယသဖ်စီးရ် ဖွင့်ဆိုချက်တစ်ရပ်ကို ဤသို့လည်း ရွေးချယ် တင်ပြခဲ့ကြသည်။ ၎င်းမှာ مَا အက္ခရာသည် နှစ်နေရာလုံးတွင် موصولဖြစ်သည်။ ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ဖြစ်သည်

ဟူ၍လည်း ခွဲခြားတင်ပြစရာ မလိုပါ။ ၎င်းစာပိုဒ်နှစ်ခုကို လိုအပ်သင့်တော်မှုရှိ၍ နှစ်ကြိမ်ထပ်ကာ သုံးနှုန်းထားခြင်းသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နှစ်ကြိမ်ထပ် တင်ပြခြင်းတိုင်းသည် အဆိုးမဟုတ်ပါ။ များစွာသော နေရာများတွင် နှစ်ကြိမ်ထပ် တင်ပြခြင်းသည် စကားကို ပြည့်စုံလေးနက်မှု ဖြစ်စေသည်။ ဥပမာ-

إِنَّ مَعَ الْعُسْرِ يُسْرًا إِنَّ مَعَ الْعُسْرِ يُسْرًا

ဟူသော အာယသ်တော် ဖြစ်သည်။ ဤနေရာ၌ နှစ်ကြိမ်ထပ်ကာ မိန့်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ အကြောင်းအရာကို လေးနက်စေရန် ဖြစ်သည်။ ထို့ပြင် ကာဖိရ်များဘက်မှ ဤသို့သော စေ့စပ်ညှိနှိုင်းခြင်း ကိစ္စကို အကြိမ်ကြိမ် ပြုလုပ်လာကြသောကြောင့် ၎င်းတို့ကို စာပိုဒ်များ ထပ်ကာထပ်ကာ တင်ပြချေပခြင်းပင် ဖြစ်သည်။ *[အိဗ်နေဂျရီးရ်၊ အိဗ်နေကစီးရ်။]*

ကာဖိရ်များနှင့် စေ့စပ်ညှိနှိုင်းမှုပြုရာတွင် အချို့ပုံသဏ္ဌာန်များသည် ပြုပိုင်၍ အချို့ပုံသဏ္ဌာန်များမှာ မပြုပိုင်ခြင်း

စူရာဟ်ကာဖိရူးန်တွင် ကာဖိရ်များဘက်မှ စေ့စပ်ညှိနှိုင်းတင်ပြလာသည့် ပုံသဏ္ဌာန်အချို့ကို လုံးဝငြင်းဆို ပယ်ဖျက်လျက် ကင်းရှင်းစွာ နေရန် ကြေညာခဲ့သည်။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ် အတွင်း၌ပင်

فَإِنْ جَنَحُوا لِلسَّلْمِ فَاجْنَحْ لَهَا

ဟူသော မိန့်ကြားချက်လည်း လာရှိထားသည်။ ဆိုလိုသည်မှာ ကာဖိရ်တို့သည် အကယ်၍ စေ့စပ်ဆွေးနွေးခြင်းဘက်သို့ တိမ်းညွှတ်လာခဲ့ပါက အသင်သည်လည်း တိမ်းညွှတ်ပါလေ'ဟု ဖြစ်သည်။ ('ငြိမ်းချမ်းရေး ပြုလုပ်လိုက်ပါလေ' ဟု ဖြစ်သည်။)

မဒီနာသို့ ကိုယ်တော်မြတ် ﷺ သည် 'ဟိဂျ်ရသ်'ပြု ပြောင်းရွှေ့လာတော်မူသောအခါ မဒီနာရှိ ယဟူဒီ များနှင့် ကိုယ်တော်မြတ် ﷺ သည် ငြိမ်းချမ်းရေးပြုလုပ်ခဲ့ခြင်းမှာ ထင်ရှားကျော်ဇောသော ဖြစ်ရပ်ပင် ဖြစ်သည်။ ထို့ကြောင့် အချို့အဖွင့်ပညာရှင်များက စူရာဟ် 'ကာဖိရ်ရူးန်' ကို 'မန်ဆူးခ်' (အမိန့်ရုပ်သိမ်းခြင်းခံရသော စူရာဟ်) ဟု ဆိုခဲ့ကြသည်။ 'မန်ဆူးခ်' ဟု ဆိုရသော ကြီးမားသည့် အကြောင်းခံအဖြစ် لَكُمْ دِينُكُمْ وَلِيَ دِينِ ဟူသော အာယသ်တော်ကို သတ်မှတ်ခဲ့ကြသည်။ အကြောင်းမှာ အပေါ်ယံအားဖြင့် ကြည့်လျှင် ဤအာယသ်တော်သည် 'ဂျိဟားဒ်'၏ အမိန့်တော်များနှင့် ဆန့်ကျင်ခြားနားနေသောကြောင့် ဖြစ်သည်။ သို့သော် အမှန်ကန်ဆုံးမှာ ဤနေရာတွင် لَكُمْ دِينُكُمْ ဟု ဆိုရာ၌ ကာဖိရ်တို့အား ကုဖွ်ရ်ပြုလုပ်ခွင့်ပေးခြင်း၊ (သို့မဟုတ်) ကုဖွ်ရ်အပေါ်၌သာ မြဲမြံစွာ ရပ်တည်ရန် တာဝန်ပေးခြင်းကို ဆိုလိုသည်မဟုတ်ဘဲ لَنَا أَعْمَالُنَا وَلَكُمْ أَعْمَالُكُمْ အတိုင်း ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

၎င်း၏ အလိုသဘောမှာ 'ပြုလုပ်သည့်အတိုင်း ခံစားကြရမည်'ဟု ဖြစ်သည်။ ထို့ကြောင့် ပညာရှင်အများစုထံတွင် ဦးစားပေးခံရသော အဆိုနှင့် အမှန်ကန်ဆုံးအဆိုမှာ ဤစူရာဟ်သည် 'မန်ဆူးခ်' မဟုတ်ပေ'ဟု ဖြစ်သည်။ စူရာဟ်'ကာဖိရူးန်' ကျရောက်ရန် အကြောင်းခံဖြစ်ခဲ့သော စေ့စပ်ညှိနှိုင်းမှုမျိုးသည် ထိုအချိန်အခါက 'ဟရာမ်'ဖြစ်ခဲ့သည့်အတိုင်း ယနေ့တိုင်လည်း 'ဟရာမ်'ပင် ဖြစ်သည်။

အထက်၌ ယခုပင် ဖော်ပြခဲ့သော အာယသ်တော်က ပြုပိုင်ခွင့်ပေးထားသော ပုံသဏ္ဌာန်နှင့် ရစူလွလ္လာဟ် ﷺ သည် ယဟူဒီ များနှင့် လက်တွေ့ ငြိမ်းချမ်းရေးပြုလုပ်ခဲ့သော ပုံသဏ္ဌာန်များသည် ထိုစဉ်က ပြုပိုင်သကဲ့သို့ ယခုလည်း ပြုပိုင်သည်။ အဓိကအချက်မှာ အခြေအနေ၊ အချိန်အခါကို နားလည်သုံးသပ်ကာနှင့် စေ့စပ်ဆွေးနွေးငြိမ်းချမ်းရေး စည်းကမ်းချက်များကို ကြည့်ရှုလေ့လာ၍ ဆုံးဖြတ်ရမည် ဖြစ်သည်။ ဤအကြောင်းအချက်ကို ကိုယ်တော်မြတ် ﷺ ကိုယ်တော်တိုင် ဟဒီးစ်တော်တစ်ပါး၌ ဆုံးဖြတ်လမ်းညွှန်တော်မူခဲ့သည်။ ၎င်းဆုံးဖြတ်ချက်တွင် ကာဖိရ်တို့နှင့် စေ့စပ်ဆွေးနွေးမှု ပြုပိုင်ကြောင်းကို သတ်မှတ်တော်မူခြင်းနှင့်အတူ စည်းကမ်းချက်တစ်ရပ်ကိုလည်း ကန့်သတ်၍ သတ်မှတ်တော်မူခဲ့သည်။ ထိုကန့်သတ်ချက်မှာ

إِلَّا صُلْحًا أَحَلَّ حَرَامًا أَوْحَرَّمَ حَرَامًا

ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်မှ 'ဟရာမ်'မပြုပိုင်၊ တားမြစ်ထားသည်ကို ပြုပိုင်သည်ဟုလည်းကောင်း၊ (သို့) 'ဟလာလ်'ပြုပိုင်ခွင့် ပေးထားသည့် အရာတစ်ခုခုကို မပြုပိုင်ဟု သတ်မှတ်ခြင်းကို ပြုလာသော စေ့စပ်ညှိနှိုင်းခြင်းမှအပ စေ့စပ်ညှိနှိုင်းမှုအားလုံး ပိုင်သည်' ဟု ဖြစ်သည်။

ယခု ဤနေရာ၌ မက္ကာဟ်ရှိ ကာဖိရ်တို့သည် စေ့စပ်ညှိနှိုင်းမှုများ ပြုခဲ့ကြရာ၌ ထိုစေ့စပ်ညှိနှိုင်းမှုအားလုံးတွင် အနည်းဆုံး ကုဖွရ်နှင့် အစ္စလာမ်၏ စည်းဘောင်များကို ရောထွေးစေခြင်းပင် ဖြစ်သည်။ အချို့သော ပုံသဏ္ဌာန်များတွင်မူ အစ္စလာမ်၏ ဥပဒေကို ဆန့်ကျင်ပြီး ရှရစ်ကျ်၏ လုပ်ရပ်များပင် ဖြစ်သည်။ စူရာဟ် 'ကာဖိရူးန်'သည် ဤသို့ စေ့စပ်ညှိနှိုင်းမှုများကို ကင်းရှင်းစေခဲ့သည်။

အခြားတစ်နေရာတွင် ပိုင်သည်ဟု သတ်မှတ်ပြီး ယဟူဒီတို့နှင့် စေ့စပ်ဆွေးနွေး ငြိမ်းချမ်းရေး ပြုလုပ်သည့် ပုံသဏ္ဌာန်ကို သိရှိခဲ့ရသည်။ ထိုစေ့စပ်ဆွေးနွေးငြိမ်းချမ်းရေးတွင် အစ္စလာမ့်ဥပဒေနှင့် ဆန့်ကျင်မှုသည်လည်းကောင်း၊ (သို့) ကုဖွရ်နှင့် အစ္စလာမ်၏ စည်းဘောင်များကို ရောထွေးစေခြင်းသည်လည်းကောင်း မပါရှိပေ။ အစ္စလာမ်သာသနာထက် သာပို၍ မည်သည့်သာသနာ့ လမ်းစဉ်မျှ ဂုဏ်သိက္ခာရှိမှု၊ မွန်မြတ်သော ဆက်ဆံမှု၊ ငြိမ်းချမ်းရေးနှင့် ပြည့်ဝမှုတို့ကို ကြွေးကြော်၍ မရကြပေ။ သို့ရာတွင် စေ့စပ်ဆွေးနွေး ငြိမ်းချမ်းရေး ပြုလုပ်ခြင်းသည် မိမိတို့၏ လူမှုရေးကဏ္ဍများ၏ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်း၍ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ဥပဒေနှင့် သာသနာတော်၏ အခြေခံရေသောက်မြစ် အချက်များတွင် မည်သည့် စေ့စပ်ဆွေးနွေး ငြိမ်းချမ်းရေးကိုမျှ ပြုလုပ်၍ မရနိုင်ပါချေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်နဆွ်ရိ

အကူအညီကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

إِذَا جَآءَ نَصْرُ اللّٰهِ وَالْفَتْحُ ① وَرَأَيْتَ النَّاسَ يَدْخُلُوْنَ فِيْ دِيْنِ
اللّٰهِ أَفْوَاجًا ② فَسَبِّحْ بِحَمْدِ رَبِّكَ وَاسْتَغْفِرْهُ ۚ إِنَّهٗ كَانَ تَوَّابًا ③

၁၁၀ : ၁ ။ ။ (အို၊ နဗီတမန်တော်) အလ္လာဟ်အသျှင်မြတ်၏ အကူအညီသည်လည်းကောင်း၊ အောင်နိုင်မှုသည်လည်းကောင်း ရောက်ရှိခဲ့သောအခါ။

၁၁၀ : ၂ ။ ။ ၎င်းပြင် အသင်သည် လူတို့အား အလ္လာဟ်အသျှင်မြတ်၏ ဒီးန်သာသနာတော်သို့ အသင်းလိုက်၊ အဖွဲ့လိုက် ဝင်ရောက်လျက် ရှိကြသည်ကို တွေ့မြင်သောအခါ။

၁၁၀ : ၃ ။ ။ (ထိုအခါ) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို ချီးမွမ်းထောမနာပြုခြင်းအားဖြင့် (ထိုအသျှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ။ ထို့ပြင် အသင်သည် ထိုအသျှင်မြတ်၏ ထံတော်ပါး၌ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားအသနားခံပါလေ။ စင်စစ်မလွဲ ထိုအသျှင်မြတ်သည် ဝန်ချတောင်းပန်မှုကို အလွန်တရာ လက်ခံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ မိုဟမ္မဒ် ﷺ) အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှုနှင့် (မက္ကာဟ်ကို) အောင်နိုင်ခြင်းတို့သည် (မိမိတို့၏ လက္ခဏာသင်္ကေတများနှင့်တကွ) ရောက်ရှိလာသောအခါ၌လည်းကောင်း၊ ထို့ပြင် (ဤအောင်မြင်မှုအပေါ် ဖြစ်ပေါ်လာသည့် လက္ခဏာသင်္ကေတများမှာ) အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ဒီးန်သာသနာတော် (အစ္စလာမ်) အတွင်းသို့ လူတို့သည် အသင်းလိုက်၊ အဖွဲ့လိုက် ဝင်ရောက်လျက် ရှိကြသည်ကို တွေ့မြင်ရသောအခါ၌လည်းကောင်း၊ ထိုအခါ (ထိုအချိန်တွင် သာသနာတော် ပြည့်ဝစုံလင်စေရန် အသင့်အား စေလွှတ်ခဲ့ခြင်းနှင့် လောက၌ စေလွှတ်နေထိုင်စေရသော ရည်ရွယ်ချက်တို့မှာ ပြည့်ဝသွားပြီး

ဖြစ်ကြောင်း မှတ်ယူပါလေ။ ယခုအခါ တမလွန်၏ ခရီးသည် နီးကပ်လာလေပြီဖြစ်ရာ ထိုတမလွန်ခရီး အတွက် ပြင်ဆင်မှုများ ပြုလုပ်ပါလေ။ ထို့ကြောင့်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ စင်ကြယ်သန့်ရှင်းတော်မူကြောင်းနှင့် ချီးမွမ်းထောမနာပြုခြင်းများကို ရွတ်ဆိုပါလေ။

၄င်းနောက် ထိုအသျှင်မြတ် ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံပါလေ။ (အကောင်းဆုံးကို ဆန့်ကျင်၍ ပြုမိခဲ့သည်တို့မှ လွတ်ငြိမ်းခွင့် တောင်းခံခြင်းကို ဆိုလိုသည်။)

ဧကန်မုချ ထိုအသျှင်မြတ်သည် 'သောင်ဗာဟ်'အမှားဝန်ခံမှုကို အလွန်တရာ လက်ခံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤစူရာဟ်သည် 'အိဂ်ျမာအ်' (အမွှသ်တစ်ရပ်လုံး တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်အရ) 'မဒနီ' (မဒီနာမြို့၌ ကျရောက်သော) စူရာဟ်ဖြစ်သည်။ ဤစူရာဟ်၏ အမည်မှာ سورة التَّوْدِيع စူရာဟ် 'သောင်ဒီးအ်'ဟုလည်း လာရှိထားသည်။ توديع ၏ အဓိပ္ပာယ်မှာ 'လူတစ်ဦးတစ်ယောက်အား စွန့်လွှတ်ခြင်း၊ ခွဲခွာစေခြင်း'ဟု ဖြစ်သည်။ ဤစူရာဟ်တွင် တမန်တော်မြတ် ﷺ ၏ 'ဝဖားသ်'ကွယ်လွန်မှုသည် နီးကပ်လာကြောင်းကို ညွှန်းဆိုထားသည်။ ထို့ကြောင့် ဤစူရာဟ်ကို سورة التوديع ဟုလည်း ခေါ်ဆိုခြင်း ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ နောက်ဆုံးစူရာဟ်နှင့် နောက်ဆုံး အာယသ်တော်များ

ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ၏ ဆင့်ပြန်ချက် လာရှိသည်မှာ စူရာဟ် 'နဆွရ်'သည် ကုရ်အာန်ကျမ်းတော်မြတ်၏ နောက်ဆုံးကျ စူရာဟ်ဖြစ်သည်ဟူ၏။ *[ကုရ်သုဗီကျမ်း]*

ဆိုလိုသည်မှာ 'ဤစူရာဟ်၏ နောက်တွင် အပြည့်အဝပါရှိသော မည်သည့်စူရာဟ်မျှ မကျရောက်တော့ပေ' ဟု ဖြစ်သည်။ ဤစူရာဟ်၏ နောက်တွင် အချို့အာယသ်တော်များ ကျရောက်ခဲ့ကြောင်း၊ အချို့ဆင့်ပြန်ချက်များ၌ လာရှိသည်။ သို့သော် ၄င်းမှာ ဤအဆိုနှင့် ဆန့်ကျင်ခြားနားမှု မရှိပေ။ ဥပမာ- စူရာဟ်ဖာသေဟဟ်အား ကုရ်အာန်ကျမ်းတော်မြတ်၏ ပထမဦးဆုံး ကျရောက်သော စူရာဟ်ဖြစ်သည်ဟု ဆိုရခြင်းမှာ အပြည့်အဝ တစ်ပုဒ်လုံး ကျရောက်သည့် စူရာဟ်များတွင် စူရာဟ်ဖာသိဟဟ်သည် ပထမဦးဆုံး ကျရောက်သည့် စူရာဟ်ဖြစ်ပြီး စူရာဟ် 'အိက်ရာအ်' နှင့် စူရာဟ် 'မုဒ်ဒဆ်ဆိရ်' အာယသ်တော်အချို့မှာ ၄င်းထက်အလျင် ကျရောက်ခဲ့ခြင်းသည် ၄င်းနှင့် ဆန့်ကျင်ခြားနားမှု မရှိသကဲ့သို့ ဖြစ်သည်။

ဟဇရသ်အိဗ်နေအုမရ် သခင်က မိန့်ဆိုသည်မှာ ဤစူရာဟ်သည် 'ဟဂ်ျဂျသွလ်ဝိဒါးအ်' ၌ ကျရောက်ခဲ့သည်။ ဤစူရာဟ်၏ နောက်တွင်မှ

اَلْيَوْمَ اَكْمَلْتُ لَكُمْ دِيْنَكُمْ

ဟူသော အာယသ်တော် ကျရောက်ခဲ့သည်ဟူ၏။

ဤ 'ဝဟီ' နှစ်ကြိမ် ကျရောက်ပြီးနောက်ပိုင်းတွင် ရစူလွလ္လာဟ် ﷺ သည် လောကတွင် ရက်ပေါင်း (၈၀) သာ နေထိုင်တော်မူခဲ့ရသည်။ (ရက်ပေါင်း (၈၀) နောက်ပိုင်းတွင် ကွယ်လွန်တော်မူခဲ့သည်။) ၎င်း အာယသ်တော်များဖြင့် 'ဝဟီ'နှစ်ကြိမ် ကျရောက်ပြီးနောက် **ايت كلاله** 'အာယသ်ကလာလဟ်' ကျရောက်ခဲ့သည်။ ဤအာယသ်တော် ကျရောက်ပြီးနောက်ပိုင်းတွင် တမန်တော်မြတ် ﷺ ၏ သက်တမ်းမှာ စုစုပေါင်း ရက် (၅၀) သာ ကျန်ရှိလေတော့သည်။ ထို့နောက်တွင်

لَقَدْ جَاءَ كُمْ رَسُوْلٌ مِّنْ اَنْفُسِكُمْ عَزِيْزٌ عَلَيْهِ مَاعَنِتُّمْ الاية

ဟူသော အာယသ်တော် ကျရောက်ခဲ့သည်။ ဤအာယသ်တော် ကျရောက်ပြီးနောက်တွင် တမန်တော်မြတ် ﷺ ၏ သက်တမ်းတော်မှာ (၃၅) ရက်မျှသာ ကျန်ရှိလေတော့သည်။ ဤအာယသ်တော် ကျရောက်ပြီးနောက်

وَاتَّقُوْا يَوْمًا تُرْجَعُوْنَ فِيْهِ اِلَى اللهِ

ဟူသော အာယသ်တော် ကျရောက်ခဲ့သည်။ ဤအာယသ်တော် ကျရောက်ပြီး ကိုယ်တော်မြတ် ﷺ ၏ သက်တမ်းတော်မှာ (၂၁) ရက်မျှသာ ကျန်ရှိတော့သည်။ မုကာသိလ် (ရဟ) ၏ ဆင့်ပြန်ချက်တွင် (၇) ရက်မျှသာ နေခဲ့ရပြီး 'ဝဖားသ်'ဖြစ် ကွယ်လွန်သွားတော်မူခဲ့သည်'ဟု လာရှိသည်။ /*ကုရ်သုဗီးကျမ်း* /

اِذَا جَآءَ نَصْرُ اللهِ وَالْفَتْحُ

ဟူသော အာယသ်တော်တွင် **فتح** 'ဖသဟ်' (အောင်နိုင်မှု) ဟူသည်မှာ မက္ကာဟ်ကို အောင်နိုင်ခြင်းဖြစ်ကြောင်း ပညာရှင်အားလုံးထံတွင် တစ်ညီတစ်ညွတ်တည်း ဖြစ်သည်။ ဤစူရာဟ်နှင့် စပ်လျဉ်း၍ ကွဲလွဲမှု ရှိသည်မှာ ဤစူရာဟ်သည် **فتح مكه** မက္ကာဟ်ကို အောင်နိုင်ခြင်း၏ အလျင်၌ ကျရောက်ခဲ့ပါသလား။ (သို့) မက္ကာဟ်ကို အောင်နိုင်ပြီးမှ ကျရောက်ခဲ့ခြင်း ဖြစ်ပါသလား' ဟူသော အချက်၌ ဖြစ်သည်။ **اِذَا جَآءَ** ကို ကြည့်ခြင်းအားဖြင့် မက္ကာဟ်ကို အောင်နိုင်ခြင်း မဖြစ်မီက ကျရောက်ခဲ့သည်ဟု ယူဆရသည်။ ထို့ပြင် ရူဟွလ်မအာနီကျမ်းတွင် 'ဗဟ်ရေမုဟီးသ္ဂ'ကျမ်းမှ တစ်ဆင့် ဆင့်ပြန်တင်ပြခဲ့သော ဆင့်ပြန်ချက်တစ်ရပ်၌လည်း ဤအတိုင်းပင် လာရှိထားသည်။ ထိုဆင့်ပြန်ချက်တွင် ဤစူရာဟ်သည် 'ခိုင်ဗရ်' စစ်ပွဲမှ ပြန်လာပြီးချိန်တွင်မှ ကျရောက်ခဲ့သည်ဟု တင်ပြထားသည်။ ထို့ပြင် 'ခိုင်ဗရ်'ကို အောင်နိုင်ခြင်းသည် မက္ကာဟ်ကို အောင်နိုင်ခြင်းထက်အလျင် ဖြစ်ကြောင်းမှာ ထင်ရှားကျော်ကြားသော ဖြစ်ရပ်ပင် ဖြစ်သည်။

ရူးဟွလ်မအာနီကျမ်းတွင် အဗ်ဒ်ဗင်န်ဟုမိုင်ဒ် (ရဟ) ၏ စနဒ်ဖြင့် ဟဇရသ်ကသာဒဟ် (ရဟ) ၏ အဆိုကို တင်ပြသည်မှာ 'ကိုယ်တော်မြတ် ﷺ သည် ဤစူရာဟ် ကျရောက်ပြီးနောက် (၂) နှစ်တာတိုင်

အသက်ရှင်ထင်ရှား ရှိနေတော်မူခဲ့သည်' ဟု ဖြစ်သည်။ ဤအဆိုအားဖြင့် ဤစူရာဟ်ကျရောက်ခြင်းသည် မက္ကာဟ်ကို အောင်နိုင်ခြင်း၏ အလျင် ဖြစ်သည်။ အကြောင်းမှာ မက္ကာဟ်ကို အောင်နိုင်ခြင်းမှ ကွယ်လွန်တော်မူခြင်းအထိတိုင် (၂) နှစ်မပြည့်သောကြောင့် ဖြစ်သည်။

မက္ကာဟ်ကို အောင်နိုင်ခြင်းသည် ဟိဂျ်ရီ (၈) ခုနှစ် ရမ်ဇာန်လ၌ ဖြစ်ခဲ့သည်။ ကွယ်လွန်တော်မူခြင်းသည် ဟိဂျ်ရီ (၁၀) ခုနှစ် ရဗီအွလ်အောင်ဝလ်လ၌ ဖြစ်ခဲ့သည်။ မက္ကာဟ်ကို အောင်နိုင်ခြင်း၊ (သို့) 'ဟဂ်ျဂျသွလ်ဝိဒါးအ်' တွင် ဤစူရာဟ် ကျရောက်လာသည်ဟု လာရှိသည့် ဆင့်ပြန်ချက်တို့၏ ဆိုလိုရင်းသဘောမှာ ထိုအခြေအနေ၌ တမန်တော်မြတ် ﷺ သည် ဤစူရာဟ်ကို ဖတ်ကြားပြသတော်မူခြင်း ဖြစ်ပေမည်။ ထိုအခါ လူတို့သည် ဤစူရာဟ်မှာ ယခုပင် ကျရောက်လာခဲ့သည်ဟု ယူဆကြခြင်း ဖြစ်နိုင်သည်။ ဤသည်ထက် ပိုသော အကျယ်တဝင့် ရှင်းလင်းချက်ကို ဗယာနုလ်ကုရ်အာန်ကျမ်း၌ ဖော်ပြထားပါသည်။

မရ်ဖူးအ်ဟဒီးစ်တော်များစွာနှင့် ဆွဟာဗာတို့၏ အဆိုအမိန့်များစွာတို့တွင် လာရှိထားသည်မှာ 'တမန်တော်မြတ် ﷺ 'ဝဖားသ်'ကွယ်လွန်တော်မူမည့် အချိန်သည် နီးကပ်လာနေကြောင်းကို ဤစူရာဟ်၌ ညွှန်းဆိုပြသထားသည်။ အဘယ်ကြောင့်ဆိုသော် ယခုအချိန်သည် အသင့်အား စေလွှတ်တော်မူခြင်းနှင့် လောက၌ အသင်၏ နေထိုင်ရခြင်းတို့သည် ပြည့်ဝသွားပြီးဖြစ်သည်။ သို့ဖြစ်ပေရာ ယခု အသင်သည် 'သပ်စဗီးဟ်'နှင့် 'အိစ်သိဂ်ဖာရ်'ပြုခြင်းများတွင်သာ မွေ့လျော်နေပါလေ'ဟု ဖြစ်သည်။

မုကာသိလ် (ရဟ) ၏ ဆင့်ပြန်ချက်၌ လာရှိသည်မှာ 'ဤစူရာဟ် ကျရောက်လာသည့်အခါ ကိုယ်တော်မြတ် ﷺ သည် ဆွဟာဗာတို့၏ ထိုင်ဝိုင်းတွင် ဤစူရာဟ်ကို ဖတ်ကြားပြတော်မူခဲ့သည်။ ဤထိုင်ဝိုင်းတွင် ဟဇရသ်အဘူဗကရ် ؓ သခင်၊ အုမရ် ؓ သခင်နှင့် စအဒ်ဗင်န်အဘီဝက္ကားဆွ် ؓ သခင် စသော ဆွဟာဗာများ ရှိခဲ့ကြသည်။ အားလုံးတို့သည် ဤစူရာဟ်၌ မက္ကာဟ်ကို အောင်နိုင်ခြင်း၏ သတင်းကောင်းလည်း ပါရှိသောကြောင့် ပျော်ရွှင်ဝမ်းမြောက်ကြလေသည်။ သို့သော် ဟဇရသ်အဗ္ဗားစ် ؓ မှာ ငိုကြွေးနေလေတော့သည်။ တမန်တော်မြတ် ﷺ က ငိုကြွေးရခြင်းအကြောင်းကို မေးမြန်းတော်မူလေရာ ဟဇရသ်အဗ္ဗားစ် ؓ သခင်က 'ဤစူရာဟ်တွင် ကိုယ်တော်မြတ် ﷺ ကွယ်လွန်တော်မူမည့်အကြောင်း လျှို့ဝှက်စွာ ပါရှိနေပါသည်' ဟု လျှောက်ထားဖြေကြားလေရာ တမန်တော်မြတ် ﷺ က ဤသည်ကို ထောက်ခံတော်မူခဲ့လေသည်။

ဆွဟီးဟ်ဘိုခါရီကျမ်းတွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်ထံမှ ဤအကြောင်း ဆင့်ပြန်ချက် လာရှိရာတွင်လည်း "ဟဇရသ်အုမရ် ؓ သခင်သည် ဤသည်ကို ကြားရသောအခါ 'ဤစူရာဟ်၏ အလိုသဘောကို ကျွန်ုပ်သည်လည်း ဤအတိုင်းပင် သဘောပေါက်ခဲ့ပါသည်' ဟု မိန့်ဆိုခဲ့သည်"ဟု ဖြစ်သည်။

[ကုရ်သုဗီကျမ်း]

وَرَأَيْتَ النَّاسَ

မက္ကာဟ်ကို အောင်နိုင်မှု မရမီအလျင် တမန်တော်မြတ် ﷺ ၏ ရစူလ်တမန်တော်ဖြစ်ခြင်းနှင့် အစ္စလာမ်သာသနာတော်၏ မှန်ကန်ခြင်းတို့သည် အရေအတွက်အားဖြင့် အလွန်များပြားသော လူတို့သည်

အတိုင်းအတာတစ်ခုအထိ ယုံကြည်လက်ခံခဲ့ကြပြီး ဖြစ်လေသည်။ သို့ရာတွင် အစ္စလာမ်သာသနာတော်အတွင်းသို့ ဝင်ရောက်ရန်မှာ ကုရိုက်ရှ်တို့၏ အန္တရာယ်ပြုမှုကို စိုးရိမ် ကြောက်ရွံ့ရခြင်းကြောင့်လည်းကောင်း၊ (သို့) ဖိအားတစ်စုံတစ်ရာကြောင့်လည်းကောင်း ရပ်တန့်နေရခြင်းဖြစ်သည်။ မက္ကာဟ်အား အောင်နိုင်ခြင်းသည် ထိုရပ်တန့်မှုကို ပပျောက်သွားစေခဲ့သည်။ သို့ဖြစ်ပေရာ လူတို့သည် အုပ်စုလိုက်၊ အုပ်စုလိုက် အစ္စလာမ်သာသနာတော်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ယမန်နိုင်ငံမှ အုပ်စု (၇၀၀) သည် မွတ်စ္စလင်မ်အဖြစ် ရောက်ရှိလာခဲ့သည်။ ၄င်းတို့သည် လမ်းခရီး၌ 'အဇာန်' များဆို၍လည်းကောင်း၊ ကုရ်အာန်များ ဖတ်ကြား၍လည်းကောင်း လာခဲ့ကြသည်။ အာရဗ်တစ်ခွင်လုံးရှိ လူတို့သည် အုပ်စုလိုက်၊ အုပ်စုလိုက် အစ္စလာမ်သာသနာတော်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

ကွယ်လွန်ရန် နီးကပ်နေပြီဖြစ်ကြောင်း ခံစား သိရှိရပါလျှင် 'သတ်စ်ဗီးဟ်'နှင့် 'အိစ်သိဂ်ဖားရ်' တို့ကို များမြောင်စွာ ပြုနေသင့်ခြင်း

فَسَبِّحْ بِحَمْدِ رَبِّكَ وَاسْتَغْفِرْهُ

ဟဇရသ်ဓိအ်ရှဒီကဟ်အာအေရှာဟ် ﷺ သခင်မက မိန့်ဆိုသည်မှာ ဤစူရာဟ် ကျရောက်လာပြီးနောက် တမန်တော်မြတ် ﷺ သည် မည်သည့်နမာဇ်ပင် ဖတ်သည်ဖြစ်စေ၊

سُبْحَانَكَ رَبَّنَا وَبِحَمْدِكَ اللَّهُمَّ اغْفِرْلِي

မည်သော ဒိုအာကို တောင်းခံတော်မူလေ့ ရှိခဲ့သည်ဟူ၏။ *[ဘုခါရီကျမ်း]*

ဟဇရသ်အုမ္မ်းမေ့စလ်မဟ် ﷺ သခင်မက မိန့်သည်မှာ 'ဤစူရာဟ်ကျရောက်လာပြီးနောက် အထိုင်အထတွင်လည်းကောင်း၊ အသွားအလာတွင်လည်းကောင်း ကိုယ်တော်မြတ် ﷺ သည်

سُبْحَانَ اللهِ وَبِحَمْدِهِ اَسْتَغْفِرُاللهَ وَاَتُوْبُ اِلَيْهِ

ဟူသော ဒိုအာကို ပြုတော်မူလေ့ ရှိသည်။ ထို့နောက် မိန့်ကြားတော်မူသည်မှာ 'ငါကိုယ်တော်အား ဤဒိုအာများ တောင်းခံရန် အမိန့်ပေးခြင်း ခံရသည်'ဟု ဖြစ်သည်။ အထောက်အထားအဖြစ်

اِذَا جَآءَ نَصْرُ اللهِ

ကို ဖတ်ကြားပြတော်မူသည်။ ဟဇရသ်အဗူဟူရိုင်ရာဟ် ﷺ သခင်က မိန့်သည်မှာ 'ဤစူရာဟ်ကျရောက်ပြီးနောက် တမန်တော် မြတ် ﷺ သည် 'ခြေထောက်များ ယောင်ကိုင်းလာသည်အထိ 'အေဗာဒသ်' ကို ကြိုးစားပမ်းစား ပြုတော်မူခဲ့သည်'ဟု ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာလှဗ်လဟာဗ်

မီးတောက်မီးလျှံကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

تَبَّتْ يَدَآ اَبِيْ لَهَبٍ وَّتَبَّ ۝١ مَآ اَغْنٰى عَنْهُ مَالُهٗ وَمَا
كَسَبَ ۝٢ سَيَصْلٰى نَارًا ذَاتَ لَهَبٍ ۝٣ وَّامْرَاَتُهٗ ۭ حَمَّالَةَ
الْحَطَبِ ۝٤ فِيْ جِيْدِهَا حَبْلٌ مِّنْ مَّسَدٍ ۝٥

၁၁၁ : ၁ ။ ။ 'အဗူလဟဗ်'၏ လက်နှစ်ဖက်သည် ကျိုးပဲ့ပျက်စီးစေသား။ ထို့ပြင် ၎င်းကိုယ်တိုင်လည်း ပျက်စီးစေသား။

၁၁၁ : ၂ ။ ။ ၎င်း၏ ပစ္စည်းဥစ္စာသည်လည်း ၎င်း၏အဖို့ အသုံးဝင်သည်မဟုတ်ပေ။ ထိုနည်းတူစွာ ၎င်းရှာဖွေ ဆည်းပူးခဲ့သော (အမြတ်အစွန်း၊ သားသမီး) သည်လည်း အသုံးဝင်ခဲ့သည် မဟုတ်ပေ။

၁၁၁ : ၃ ။ ။ မကြာမီပင် ၎င်းကိုယ်တိုင်လည်း ဟုန်းဟုန်းတောက်လျက်ရှိသော မီးထဲသို့ ဝင်ရောက်ရပေမည်။

၁၁၁ : ၄ ။ ။ မီးဆိုက်ရန် ထင်းစည်း၊ ဆူးခက်ကို ထမ်းရွက်လျက်ရှိသော ၎င်း၏ ဇနီးဖြစ်သူသည်လည်း (တစ်နည်း) ၎င်း၏ ဇနီးဖြစ်သူသည်လည်း မီးဆိုက်ရန် ထင်းစည်း၊ ဆူးခက်ကို ထမ်းရွက်လျက် (တစ်နည်း) ၎င်း၏ ကုန်းချောသူ ဇနီးသည်လည်း ('ဂျဟန္နမ်' ငရဲဘုံသို့ ဝင်ရောက်ရပေမည်။)

၁၁၁ : ၅ ။ ။ ထိုဇနီးဖြစ်သူ၏ လည်ဂုတ်၌ စွန်ပလွံလျှော်ကို ကောင်းစွာ ကျစ်ထားသော ကြိုးတစ်ချောင်းလည်း ရှိချေလိမ့်မည်။ (သူမ၏ လည်ဂုတ်၌ ငရဲဘုံ၏ ငရဲမီးသံကြိုးကွင်း ရှိချေမည်။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အဘူလဟဗ်၏ လက်နှစ်ဘက်သည် ကျိုးပဲ့ပျက်စီးနေစေသော ထို့ပြင် ၎င်းကိုယ်တိုင်လည်း ပျက်စီးပါစေသား။ ၎င်း၏ ဥစ္စာပစ္စည်းသည်လည်း ၎င်းအဖို့ အသုံးဝင်မည်မဟုတ်ပေ။ ထို့ပြင် ၎င်း၏ ရှာဖွေစုဆောင်းမှုသည်လည်း ၎င်းအဖို့ အသုံးဝင်လိမ့်မည်မဟုတ်ပေ။

(ဥစ္စာပစ္စည်းဆိုသည်မှာ မူလစိုက်ထုတ်ထားသော အရင်းအနှီးကို ဆိုလိုသည်။ ရာဖွေစုဆောင်းမှု ဆိုသည်မှာ အရင်းအနှီး ပစ္စည်းဥစ္စာဖြင့် ရာဖွေစုဆောင်း ရရှိထားသော အမြတ်အစွန်းကို ဆိုလိုသည်။ အလိုသဘောမှာ မည်သည့်ဥစ္စာပစ္စည်းမျှ ၎င်းအား ပျက်စီးခြင်းမှ ကယ်တင်နိုင်မည် မဟုတ်ပေ။ ဤသည် ၎င်းအဖို့ လောကဥ္စ ရင်ဆိုင်ကြုံတွေ့ရမည့် အခြေအနေ ဖြစ်သည်။ တမလွန်တွင်) များမကြာမီ (ကွယ်လွန် သေဆုံးသည်နှင့်) ၎င်းသည် တဟုန်းဟုန်း တောက်လောင်လျက်ရှိသော မီးထဲသို့ ဝင်ရပေမည်။

ထို့ပြင် ထင်းစည်းကို ခေါင်းပေါ် ရွက်၍ သယ်ဆောင်လာလေ့ ရှိသော ၎င်း၏ ဇနီးသည်လည်း (ထိုမီးထဲသို့ ဝင်ရပေမည်။)

(ဆိုလိုသည်မှာ တမန်တော်မြတ် ﷺ အား ဒုက္ခရောက်စေရန် တမန်တော်မြတ် ﷺ သွားလာရာ လမ်းတစ်လျှောက်တွင် ဖြန့်ချထားသော ဆူးငြောင့်ခလုတ် ဖြစ်စေသော အရာများ ဖြစ်သည်။ သူမသည် 'ဂျဟန္နမ်'သို့ ရောက်ရှိပြီး) ၎င်းသူမ၏ လည်ပင်း၌ ('ဂျဟန္နမ်'ငရဲဘုံ၏ ငရဲမီး သံကြိုးကွင်း ရှိချေမည်။ ခိုင်းနှိုင်းတင်ပြရသော်) ကောင်းစွာ ကျစ်ထားသော ကြိုးတစ်ချောင်းလည်း ရှိချေမည်။ (ဤခိုင်းနှိုင်း တင်ပြမှုမှာ ကျစ်လစ်၍ ခိုင်ခန့်မှုရှိခြင်းအရာ၌ ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အဗူလဟဗ်၏ အမည်ရင်းမှာ အဗ်ဒုလ်အုဇ္ဇာ ဖြစ်သည်။ အဗ်ဒုလ်မုသ္သလိဗ်၏ သားသမီးများ အနက်မှ ဖြစ်သည်။ နီးမြန်းသော အသားအရောင်ရှိသည့်အတွက် ၎င်း၏ ဘွဲ့ထူးအမည်မှာ အဗူလဟဗ်ဟု ကျော်ကြားလေတော့သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်း၏ အမည်ရင်းကို မတင်ပြရခြင်းမှာ ၎င်း၏ အမည်သည် ရှရစ်ကို ဖော်ကျူးသော အမည်ဖြစ်၍တည်း။ အဗူလဟဗ်ဟူသော ဘွဲ့ထူးအမည်မှာလည်း لهب جهنم ဟု ခေါ်တွင်သော 'ဂျဟန္နမ်'၏ မီးတောက်မီးလျှံနှင့် ဆက်စပ်လျော်ညီမှု ရှိ၍ ဖြစ်သည်။ ဤသူသည် တမန်တော်မြတ် ﷺ အား အတိုင်းမဲ့ မလိုမုန်းတီးသူ ရန်သူကြီးဖြစ်၍ အစ္စလာမ်သာနာကို အပြင်းအထန် ဆန့်ကျင်စော်ကားသူ ဖြစ်သည်။ တမန်တော်မြတ် ﷺ ကို အလွန်ရန်ရှာ ဒုက္ခပေးလေ့ရှိသူ ဖြစ်သည်။ တမန်တော်မြတ် ﷺ မှ လူတို့အား သာသနာတော်ဘက်သို့ ဖိတ်ခေါ်တော်မူသောအခါ အနောက်မှ လိုက်၍ တမန်တော်မြတ် ﷺ အား လူလိမ်လူညာဟု စွပ်စွဲသမုတ် ပြောဆိုလေ့ရှိသည်။ *[အိဗ်နေကစီးရ်]*

စူရာဟ်တော် ကျရောက်လာရခြင်း၏ နောက်ခံသမိုင်း

ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်းတို့တွင် လာရှိထားသည်။ တမန်တော်မြတ် ﷺ အပေါ်သို့

وَاَنْذِرْعَشِيْرَتَكَ الْاَقْرَبِيْنَ

ဟူသော အာယသ်တော် ကျရောက်လာသောအခါ တမန်တော်မြတ် ﷺ သည် 'ဆွဖာ'တောင်ပေါ်သို့ ကြွမြန်း တက်ရောက်တော်မူပြီး မိမိမျိုးနွယ်စု၏ ကုရိုက်ရှ်လူမျိုးတို့အား အသံပြု အသိပေး ကြေညာ

တော်မူခဲ့သည်။ အချို့ဆင့်ပြန်ချက်များ၌ يَا صَبَا حَاهُ ဟူ၍ အသံပြုကာ — يابنى عبد المطلب
يابنى عبد مناف ဟူ၍ အမည်များကိုင်ကာ အသံပြု ဟစ်ခေါ်တော်မူခဲ့သည်။ ဤသို့ ဟစ်ခေါ်အသံပေးခြင်းကို အာရဗ်တို့၏ ထုံးတမ်းစဉ်လာအရ စိုးရိမ်ဖွယ် အန္တရာယ်ရှိနေကြောင်း အသိပေးခြင်း၏ သင်္ကေတဟု နားလည် မှတ်ယူထားကြသည်။ ကုရိုက်ရှ်အားလုံး စုရုံးရောက်ရှိလာကြသည်။ ထိုအခါ တမန်တော်မြတ် ﷺ က 'ငါသည် အသင်တို့အား ရန်သူသည် ချဉ်းနင်းဝင်ရောက်လာနေသည်။ နံနက်အချိန်၌ (သို့) ညနေအချိန်၌ အသင်တို့အပေါ် အလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်လာတော့မည်' ဟူ၍ သတင်းပေးက 'အသင်တို့သည် ငါ၏ သတင်းပေးခြင်းကို လက်ခံ ယုံကြည်ကြပါမည်လော' ဟူ၍ မေးမြန်းခဲ့လေသည်။ အားလုံးသည် တစ်ပြိုင်တည်း တစ်သံတည်း 'မုချဧကန် လုံးဝ လက်ခံ ယုံကြည်လက်ခံကြပါမည်' ဟု ပြန်လည် ဖြေကြားခဲ့ကြလေသည်။

ထိုအခါ ကိုယ်တော်မြတ် ﷺ က 'ကျွန်ုပ်သည် အသင်တို့အား အလွန်တရာ ပြင်းထန်သော 'အဇာဗ်' အပြစ်ဒဏ်တစ်ရပ်ရှိကြောင်းကို သတိပေးနိုးဆော်ပါသည်။ (ဤသည် ရှရစ်က် တုပနှိုင်းယှဉ် ကိုးကွယ်ခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ သတ်မှတ်တော်မူခြင်း ဖြစ်သည်) ဟု ဖြေကြားတော်မူခဲ့သည်။ ဤစကားကို ကြားရလေသောအခါ အဗူလဟဗ်က

تَبًّا لَكَ اَلِهٰذَا جَمَعْتَنَا

'အသင်အဖို့ ပျက်စီးပါစေသား၊ အသင်သည် ကျွန်ုပ်တို့အား ဤကိစ္စအတွက် စုရုံးခြင်း ဖြစ်ပါသလား' ဟု ပြောဆို၍ ကိုယ်တော်မြတ် ﷺ အား ပစ်ပေါက်ရန် ကျောက်ခဲတစ်လုံးကို ကောက်ယူလိုက်သည်။' ၎င်းဖြစ်ရပ်အပေါ် ဤစူရာဟ် ကျရောက်လာခဲ့သည်။

تَبَّتْ يَدَا اَبِىْ لَهَبٍ وَّتَبَّ

يَدٌ ၏ မူရင်းအဓိပ္ပာယ်မှာ 'လက်' ဟု ဖြစ်သည်။ လူသား၏ လုပ်ကိုင်မှုအားလုံးတွင် 'လက်' သည် အရေးပါဆုံး၊ ပါဝင်ပတ်သက်မှု အရှိဆုံးဖြစ်သည်။ ထို့ကြောင့် လူတစ်ဦး၏ ပင်ကိုယ်ဓာတ်နှင့် ၎င်းသူကိုယ်တိုင်အပေါ် يَدٌ ဟူ၍ သုံးနှုန်းလေ့ ရှိကြသည်။ ဥပမာ- ကုရ်အာန်ကျမ်းတော်မြတ်၌

بِمَا قَدَّمَتْ يَدَاكَ

ဟု လာရှိသကဲ့သို့ ဖြစ်သည်။ မိုင်ဟာကီ (ရဟ) သည် အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်။ အဗူလဟဗ်သည် တစ်နေ့သောအခါ လူတို့အား 'သေပြီးသောအခါ မည်သည့်၊ မည်သည့် အမှုကိစ္စများ ရှိချေမည်' ဟု မိုဟမ္မဒ် ﷺ က ပြောဆိုပါသည်' ဟု ပြောဆိုခဲ့သည်။ ထို့နောက် မိမိ၏ လက်များကို ရည်ညွှန်း၍ 'ဤလက်များတွင် ထိုအရာများအနက် မည်သည့်အရာကိုမျှ မတွေ့ရှိရပေ' ဟု ပြောဆိုလေသည်။ ထို့နောက် တစ်ဖန် မိမိ၏ လက်များကို ဦးတည်လျက်

تبّالكما مَا ارى فيكماشيئًا ممّا قال محمّد

ဟု ပြောဆိုလေသည်။ ဆိုလိုသည်မှာ 'အသင်တို့ ပျက်စီးပါစေသား။ မိုဟမ္မဒ်က ဖြစ်လိမ့်မည်ဟု ပြောဆိုခဲ့သည့် အရာများသည် အသင်တို့အတွင်း၌ တစ်စုံတစ်ရာကိုမျှ ကျွန်ုပ် မတွေ့ရှိရပါ'ဟု ဖြစ်သည်။ ဤအကြောင်းအပေါ် ဆက်စပ်၍ ကုရ်အာန်ကျမ်းတော်မြတ်သည် ပျက်စီးခြင်းကို လက်များဘက်သို့ ပတ်သက်ဆက်နွယ်စေခဲ့သည်။

تَبَّ သည် **تَبَابٌ** ဟူသော စာလုံးမှ ဆင်းသက်လာသည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'ပျက်စီးခြင်း' ဟု ဖြစ်သည်။ ဤအာယသ်တော်တွင် ပထမစာပိုဒ် **تَبَّتْ يَدَا اَبِى لَهَبٍ** သည် 'ဗဒ်ဒိုအာ' ကျိန်စာကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်မှာ 'အဘူလဟဗ်သည် ပျက်စီးပါစေသား'ဟု ဖြစ်သည်။ ဒုတိယစာပိုဒ် **وَتَبَّ** မှာ **جمله خبريه** (သတင်းပေးဝါကျ) ဖြစ်သည်။ 'ဗဒ်ဒိုအာ' ကျိန်စာပေးခြင်းနှင့်အတူ ထို 'ဗဒ်ဒိုအာ' ကျိန်စာ သက်ရောက်မည်ကိုလည်း ဖော်ပြလိုက်ခြင်း ဖြစ်သည်။ ယင်းမှာ '၎င်းသည် ပျက်စီးသွားလေသည်' ဟု ဖြစ်သည်။ ထို့ပြင် 'ဗဒ်ဒိုအာ' ကျိန်စာပေးသည့် စာပိုဒ်သည် မွတ်စ္စလင်မ်တို့၏ ဒေါသကို ကုစားရန် မိန့်ကြားတော်မူခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဘူလဟဗ်သည် ကိုယ်တော်မြတ် ﷺ ၏ ဂုဏ်သိက္ခာတော်ကို စော်ကား၍ **تَبًّا** (ပျက်စီးစေသား) ဟု ပြောဆိုလိုက်သည့်အခါ မွတ်စ္စလင်မ်တို့၏ စိတ်ထဲ၌ ၎င်းအပေါ် 'ဗဒ်ဒိုအာ' ပြုလိုစိတ်များ ဖြစ်ပေါ်လာခဲ့သည်။

အလ္လာဟ်အသျှင်မြတ်သည် မွတ်စ္စလင်မ်တို့၏ စိတ်အတွင်း၌ ဖြစ်ပေါ်နေသည့် စကားကို ကိုယ်တော်တိုင် မိန့်ကြားတော်မူလိုက်သည်။ တစ်ဆက်တည်းမှာပင် 'ဤ 'ဗဒ်ဒိုအာ'သည် ၎င်းကို ထိသွားလေပြီ။ ၎င်းသည် ပျက်စီးသွားလေပြီ'ဟုလည်း သတင်းပေးတော်မူခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်း၏ ပျက်စီးခြင်းသတင်းကို မဖြစ်မီအလျင်ကပင် ကြိုတင်ပေးခဲ့သည်ဖြစ်ရာ ထိုသက်ရောက်မှုသည် 'ဗဒရ်' စစ်ပွဲပြီး (၇) ရက်ပြည့်မြောက်ပြီးနောက် အဘူလဟဗ်တွင် အာရဗ်၌ **عَدَسَة** ဟု ခေါ်ဆိုသော ပြည် များ အပြည့်ရှိသည့် အဖုကြီးများ ထွက်လာခဲ့လေသည်။ အခြားသူများကို ရောဂါကူးစက်မည်ကို စိုးရိမ်ရသဖြင့် အိမ်သူအိမ်သားများသည် ၎င်းကို သီးခြားထားခဲ့ကြသည်။ နောက်ဆုံးတွင် ၎င်းသည် ကြည့်သူမဲ့သော အဖြစ်နှင့်ပင် သေဆုံးသွားခဲ့သည်။ (၃) ရက်တိုင် ၎င်း၏ အလောင်းကို ဤအတိုင်းပင် ထားခဲ့ကြသည်။ ပုပ်ပွလာသည့်အခါ အစေခံများနှင့် မြေမြုပ်စေခဲ့သည်။ အစေခံများသည် တွင်းတူး၍ တုတ်တစ်ချောင်းဖြင့် ၎င်း၏ အလောင်းကို တွင်းထဲသို့ တွန်းထည့်ခဲ့ကြရသည်။ အပေါ်မှ ကျောက်ခဲများဖြင့် ဖို့လိုက်ကြသည်။

[ဗယာနုလ်ကုရ်အာန်ကျမ်း]

مَآ اَغْنٰى عَنْهُ مَالُهٗ وَمَاكَسَبَ

مَاكَسَبَ ၏ အဓိပ္ပာယ်မှာ '၎င်းရှာဖွေသမျှ'ဟု ဖြစ်သည်။ အလိုသဘောမှာ ပစ္စည်းဥစ္စာ အရင်းအနှီးပြု၍ အရောင်းအဝယ်ပြုရာမှ ရရှိလာသော အမြတ်အစွန်းများ စသည်တို့ကို ဆိုလိုခြင်းလည်း ဖြစ်နိုင်

သည်။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် တင်ပြခဲ့သကဲ့သို့ ဖြစ်သည်။ ထို့ပြင် သားသမီးများကို ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ အကြောင်းမှာ သားသမီးများကိုလည်း လူသား၏ ရှာဖွေမှုဟုပင် ခေါ်ဆိုသောကြောင့် ဖြစ်သည်။ ဟဇရသ်အာအေရှာဟ် ﷺ သခင်မက မိန့်ဆိုခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

ان اطيب ما اكل الرّجل من كسبه وان ولد ه من كسبه

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'လူသားစားသုံးလိုက်သည့် အစားအစာများတွင် 'ဟလာလ်'သန့်ပြန့်ဆုံးမှာ လူသားသည် မိမိ၏ ရှာဖွေမှုဖြင့် ရရှိသော အရာပင် ဖြစ်သည်။ ထို့ပြင် လူသား၏ သားသမီးများသည်လည်း ၎င်း၏ ရှာဖွေမှုများတွင် ပါဝင်သည်' ဟု ဖြစ်သည်။ ဆိုလိုသည်မှာ သားသမီးများ၏ ရှာဖွေမှုကို စားသုံးခြင်းသည်လည်း မိမိကိုယ်တိုင် ရှာဖွေရရှိလာသည်ကို စားသုံးခြင်းပင် ဖြစ်သည်' ဟူ၏။
[ကုရ်သုဗီကျမ်း]

ထို့ကြောင့် ဟဇရသ်အာအေရှာဟ် ﷺ သခင်မ၊ မုဂျာဟိဒ် (ရဟ)၊ အသွာအ် (ရဟ) နှင့် အိဗ်နေစီရီးန် (ရဟ) စသည်တို့က ဤနေရာ၌ **مَاكَسَبَ** ၏ သဖ်စီးရ်ကို သားသမီးများဟု ဆိုကြခြင်းဖြစ်သည်။ အဘူလဟဗ်အား အလ္လာဟ်အသျှင်မြတ်သည် ဥစ္စာပစ္စည်းကိုလည်း များပြောင်စွာ ပေးကမ်းခဲ့သည်။ သားသမီးများကိုလည်း ချီးမြှင့်ခဲ့သည်။ ထိုအရာနှစ်ခုသည်ပင် ကျေးဇူးသိတတ်ခြင်း မရှိသည့်အတွက် ၎င်းအဖို့ ဂုဏ်မောက်ပလွှား မာန်တက်စေကာ ဆိုးကျိုးထိုက်သက်စေသော အကြောင်းခံ ဖြစ်ခဲ့ရသည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်သည်မှာ 'တမန်တော်မြတ် ﷺ သည် မိမိ၏ အမျိုးသားများကို အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်မှ သတိပေးနှိုးဆော်နေစဉ် အဘူလဟဗ်က 'ကျွန်ုပ်၏ တူမောင်ပြောဆိုသမျှတို့သည် အကယ်၍ အမှန်တရားများပင် ဖြစ်ခဲ့ပါလျှင်လည်း ကျွန်ုပ်တွင် ဥစ္စာပစ္စည်းနှင့် သားသမီးများစွာ ရှိသည်ဖြစ်ရာ ကျွန်ုပ်သည် ထိုအရာများကို ပေး၍ မိမိအသက်ကို ကယ်တင်သွားပါမည်' ဟုလည်း ပြောဆိုခဲ့သည်။ ဤသို့ ပြောဆိုခြင်းအပေါ်

مَآ اَغْنٰى عَنْهُ مَالُهُ وَمَاكَسَبَ

ဟူသော အာယသ်တော် ကျရောက်လာခဲ့သည်ဟူ၏။ ဆိုလိုသည်မှာ '၎င်းအား အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်က ဖမ်းဆီးလိုက်သောအခါ ၎င်း၏ ဥစ္စာပစ္စည်းများသည်လည်းကောင်း၊ သားသမီးများသည်လည်းကောင်း၊ မည်သို့မျှ အသုံးမဝင်တော့ပေ' ဟု ဖြစ်သည်။ ဤသည်မှာ လောက၏ အခြေအနေဖြစ်သည်။ ရှေ့တွင် 'အာခေရသ်'တွင် ကြုံဆုံရမည့် တမလွန်၏ အကြောင်းကို တင်ပြထားသည်။

سَيَصْلٰى نَا رًاذَاتَ لَهَبٍ

ဆိုလိုသည်မှာ 'ကေယာမသ်'ဖြစ်ပြီးနောက် (သို့) သေဆုံးပြီး ချက်ချင်းပင် ၎င်းသည် အလျှံပယ်တောက်လောင်လျက်ရှိသော မီးအတွင်း၌ ဝင်ရောက်ရပေမည်'ဟု ဖြစ်သည်။ ၎င်း၏ အမည်နှင့် ဆက်စပ်

လျက် မီးနှင့်အတူ بِلَهَبٍ ذَاتَ ၏ ဂုဏ်ပုဒ်ကို တင်ပြခြင်းမှာ စာသားအရာ၌ အထူး ရသမြောက်စေသော အချက် ဖြစ်သည်။

وَامْرَأَتُهُ حَمَّالَةَ الْحَطَبِ

အဘူလဟဗ်သည် တမန်တော်မြတ် ﷺ အား အလွန်တရာ မကျေနပ် အမုန်းထားသူ ရန်သူဖြစ်သကဲ့သို့ အဘူလဟဗ်၏ ဇနီးသည်လည်း တမန်တော်မြတ် ﷺ အပေါ် ရန်ငြိုးထား မုန်းတီး၍ တမန်တော်မြတ် ﷺ အား ဒုက္ခရောက်စေခြင်းတို့တွင် အဘူလဟဗ်အား ကူညီပေးခဲ့သည်။ သူမသည် အဘူစုဖ်ယာန်၏ ညီမဖြစ်သူ ဗင်န်သေ့ဟရဗ်ဗင်န် အုမိုင်ယဟ်ဖြစ်သည်။ သူမအား အွန်းမေ့ဂျမီးလ်ဟူသော ဘွဲ့ထူးအမည်ဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်သည် 'ဤနဖူးစာဆိုးသည့် ဇနီးမှာလည်း မိမိ၏ ခင်ပွန်းနှင့်အတူ 'ဂျဟန္နမ်'ငရဲမီး၌ ကျရောက်ပေလိမ့်မည်' ဟု ဖော်ပြထားသည်။ ဤအကြောင်းကို တင်ပြခြင်းနှင့်အတူ အခြေအနေတစ်ရပ်ကို တင်ပြသည်မှာ حَمَّالَةَ الْحَطَبِ ဟု ဖြစ်သည်။ ၄င်း၏ အဓိပ္ပာယ်မှာ 'မီးဆိုက်ရန် ထင်းများ သယ်ယူလာသော သူမ' ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'မီးလောင်ကျွမ်းစေသော သူမ' ဟု ဖြစ်သည်။

အာရဗ်တွင် ကုန်းချော၊ ကုန်းတိုက် ပြုလုပ်သူကို حمال الحطب ဟု ခေါ်ဝေါ်လေ့ ရှိကြသည်။ ဥပမာ- လူတစ်ဦးသည် မီးဆိုက်ရန် ထင်းများကို စုစည်း၍ မီးများ တောက်လောင်အောင် ပြုသကဲ့သို့ ကုန်းချောကုန်းတိုက် ပြုလုပ်ခြင်းမှာလည်း မိမိ၏ ကုန်းချောကုန်းတိုက်မှု၏ အကြောင်းခံဖြင့် လူများအတွင်း၊ မျိုးနွယ်အုပ်စုများအတွင်း မီးတောက်လောင်စေသည်။ ဤအမျိုးသမီးသည် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာတို့အား ဒုက္ခရောက်စေရန် ကုန်းချောကုန်းတိုက်မှုကို ပြုလုပ်သောသူမ ဖြစ်သည်။

ဤအာယသ်တော်၌ အဘူလဟဗ်၏ ဇနီးကို حمّالة الحطب ဟု ခေါ်ဝေါ်ခြင်း၏ သဖ်စီးရ်ဖွင့်ဆိုချက်ကို ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ ၊ မုဂျာဟိဒ် (ရဟ)၊ အိက်ရမဟ် (ရဟ) စသော မုဖတ်စိရ် အဖွင့်ပညာရှင်အုပ်စုတို့က 'သူမသည် ကုန်းချော၊ ကုန်းတိုက် ပြုလုပ်သောသူမ ဖြစ်သည်'ဟုပင် ဖွင့်ဆိုခဲ့ကြသည်။ အိဗ်နေဇိုင်ဒ် (ရဟ) နှင့် ဍွဟ်ဟာက် (ရဟ) စသော မုဖတ်စိရ် အဖွင့်ပညာရှင်များက ၄င်းကို မူလအဓိပ္ပာယ်၌ပင် ထားကာ ဖွင့်ဆိုတင်ပြခဲ့ကြသည်။ အကြောင်းမှာ 'ဤအမျိုးသမီးသည် တောမှ ဆူးငြောင့်ဖြစ်စေသော အချွန်၊ အတက်ရှိသည့် ထင်းများကို စု၍ သယ်ဆောင်လာပြီး တမန်တော်မြတ် ﷺ အား ဒုက္ခရောက်စေရန် တမန်တော်မြတ် ﷺ ၏ သွားလာရာလမ်းများ၌ ဖြန့်ခင်းထားလေ့ ရှိသည်။ သူမ၏ ဤသေးသိမ်ယုတ်ညံ့သော လုပ်ရပ်ကို ကုရ်အာန် ကျမ်းတော်မြတ်က حمّالة الحطب ဟူ၍ သုံးနှုန်း၍ မိန့်ကြားတော်မူခြင်း ဖြစ်သည်ဟူ၏။ *[ကုရ်သုဗီ၊ အိဗ်နေ့ကစီးရ်။]*

အချို့ပညာရှင်များက မိန့်ဆိုကြသည်မှာ 'သူမ၏ ၄င်းအခြေအနေသည် 'ဂျဟန္နမ်'တွင် ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူမသည် မိမိ၏ လင်ယောကျာ်းအပေါ် 'ဂျဟန္နမ်'၏ 'ဇက္ကူးမ်' ဆူးခက်ပင် စသည်တို့ကို သယ်ဆောင်လာပြီး 'ဂျဟန္နမ်'မီးတွင် ထည့်ပေးလိမ့်မည်။ သို့မှသာ အဘူလဟဗ်

အား လောင်ကျွမ်းမည့် မီးသည် အရှိန်အဟုန်ပြင်းစွာ တောက်လောင်ပေလိမ့်မည်။ သူမသည် လောကတွင် လင်ယောကျ်ား၏ ကုဖွရ်နှင့် မတရားမှုတို့ကို တိုးပွားများပြားစေခဲ့သည်။ 'အာခေရသ်'တမလွန်တွင် လင်ယောကျ်ား၏ 'အဇာဗ်'ကို တိုးပွားများပြားစေလိမ့်မည်' ဟု ဖြစ်သည်။ *[အိဗ်နေကစီးရ်]*

ကုန်းချောကုန်းတိုက် ပြုလုပ်ခြင်းသည် အလွန်ကြီးလေးသော အပြစ်ဖြစ်ခြင်း

ဆွဟီးဟ်ဟဒီးစ်တော်၌ လာရှိသည်မှာ တမန်တော်မြတ် ﷺ က 'ကုန်းချောကုန်းတိုက် ပြုလုပ်သူသည် 'ဂျန္နသ်' သို့ ဝင်ရောက်ရမည်မဟုတ်'ဟု မိန့်ကြားတော်မူခဲ့သည်။ ထို့ပြင် ဟဇရသ်ဖုဇိုင်လ်ဗင်န် အိယားဇ် (ရဟ) က မိန့်ဆိုသည်မှာ '(၃) မျိုးသော လုပ်ရပ်သည် လူသား၏ ကောင်းမှုအားလုံးကို ပျက်စီးစေသည်။ 'ရိဇာဟ်'စောင့်ထိန်းသူ၏ 'ရိဇာဟ်'ကိုလည်းကောင်း၊ 'ဝူဇူ'ပြုထားသူ၏ 'ဝူဇူ'ကိုလည်းကောင်း အချည်းအနှီး ဖြစ်စေသည်။ ၄င်းတို့မှာ-

(၁) အတင်းပြောဆိုခြင်း၊
(၂) ကုန်းချောကုန်းတိုက် ပြုလုပ်ခြင်းနှင့်
(၃) မုသားပြောဆိုခြင်းတို့ ဖြစ်သည်။

အသွာဗင်နိစာအိဗ် (ရဟ) က မိန့်သည်မှာ ကျွန်ုပ်သည် ဟဇရသ်ရှအ်ဗီ (ရဟ) အား တမန်တော်မြတ် ﷺ ၏ ဤဟဒီးစ်တော်ကို တင်ပြခဲ့သည်။ ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ-

لا يد خل الجنة سا فك دم ولا مشّاء بنميمة ولا تاجر يربى

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ '(၃) မျိုးသော လူတို့သည် 'ဂျန္နသ်'သို့ ဝင်ရောက်ရမည်မဟုတ်။

(၁) မတရားသတ်ဖြတ်သူ၊
(၁) ကုန်းချောကုန်းတိုက်ပြုသူ၊
(၃) အတိုးပေးခြင်း၊ ယူခြင်းကို ပြုလုပ်သည့် ကုန်သည်တို့ဖြစ်သည်' ဟူ၏။

အသွာအအ် (ရဟ) က မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် ဤဟဒီးစ်တော်ကို တင်ပြပြီး အံ့သြသည့်အနေဖြင့် ဟဒီးစ်တော်တွင် ကုန်းချောကုန်းတိုက် ပြုလုပ်ခြင်းကို လူသတ်သူ၊ အတိုးစားသူတို့နှင့် တန်းတူ တင်ပြမိန့်ကြားထားသည်။ အဘယ်ကြောင့်နည်း' ဟု မေးမြန်းခဲ့သည်။ ထိုအခါ ရှအ်ဗီ (ရဟ) က 'ဟုတ်ပါသည်။ ကုန်းချောကုန်းတိုက် ပြုလုပ်ခြင်းသည် မတရားသတ်ဖြတ်ခြင်းနှင့် ပစ္စည်းဥစ္စာများကို မတရားလုယူခြင်းများကို ဖြစ်ပေါ်စေသော အရာဖြစ်၍သာ ဖြစ်ပေသည်' ဟု ဖြေကြားခဲ့သည်။ *[ကုရ်သုဗီးကျမ်း]*

فِي جِيدِهَا حَبْلٌ مِّن مَّسَدٍ

مَسَد သည် ('စီးန်'အက္ခရာတွင် 'ဂျဇာမ်'ဖြင့်ဖတ်သော) مصدر ဖြစ်သည်။ ၄င်း၏ အဓိပ္ပာယ်မှာ ကြိုး၊ (သို့) ကြိုးကျစ်ခြင်း၊ (သို့) ကြိုးတစ်ချောင်းအပေါ်၌ ကြိုးတစ်ချောင်း ထပ်ထည့်၍ ခိုင်ခန့်အောင် ပြုလုပ်ခြင်း'ဟု ဖြစ်သည်။ مَسَد 'စီးန်'အက္ခရာကို 'ဇဗရ်'ဖြင့် ဖတ်သော ၄င်းစာလုံး၏ အဓိပ္ပာယ်

မှာ 'ခိုင်ခန့်အောင် ပြုလုပ်ပြီးသော ကြိုး'ဟု ဖြစ်သည်။ မည်သည့်အရာဖြင့်ပင် ပြုလုပ်ထားသည်ဖြစ်စေ၊ စွန်ပလွံ၊ အုန်း စသော အရာများဖြင့်ဖြစ်စေ၊ (သို့) သံဖြင့် ပြုလုပ်ထားသော ကြိုးဖြစ်စေ အတူတူပင် ဖြစ်သည်။

အချို့ပညာရှင်များက 'စွန်ပလွံလျှော်ဖြင့် ခိုင်ခန့်အောင် ကျစ်ထားသော ကြိုး'ဟူ၍ အဓိပ္ပာယ် ပြန်ဆိုကြသည်။ ဤသည်မှာ အာရဗ်တို့၏ အလေ့အထနှင့်အညီ ပြန်ဆိုခြင်းဖြစ်သည်။ မူရင်းအလိုသဘောမှာ အများကို သုံးနှုန်းနိုင်သည်။ အများကို ဆိုလိုသော အလိုသဘောအရ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင် နှင့် အွရ်ဝဟ်ဗင်နိ ဇုဗိုင်ရ် ﷺ စသည်တို့က မိန့်ဆိုသည်မှာ ဤနေရာ၌ حَبْلٌ مِّنْ مَّسَدٍ ၏ အလိုသဘောမှာ 'သံကြိုးများဖြင့် ကျစ်ထားသော ကြိုး' ဟု ဖြစ်သည်။ ၎င်း၏ ထိုအခြေအနေမှာ 'ဂျဟန္နမ်'တွင် ဖြစ်ရှိမည့် အခြေအနေဖြစ်သည်။ သံကြိုးများဖြင့် ခိုင်ခန့်အောင် ကျစ်ထားသောကြိုး လည်ကွင်းစွပ်သည် ၎င်း၏ လည်ပင်း၌ စွပ်ထားခြင်းခံရပေမည် ဟု ဖြစ်သည်။ ဟဇရသ်မုဂျာဟိဒ် (ရဟ) ကလည်း ၎င်း၏ သဖ်စီးရ် တွင် مِنْ مَّسَدٍ ကို اى من حديد ဟု ဖွင့်ဆိုထားသည်။ *[မဇ္ဇဟရီကျမ်း]*

ထို့ပြင် ရှအ်ဗီ (ရဟ) နှင့် မုကာသိလ် (ရဟ) စသည့် အဖွင့်ရှင်တို့က ဤသည်ကိုလည်း လောက၌ပင် ဖြစ်ရှိမည့် အခြေအနေဟု သတ်မှတ်လျက်

حَبْلٌ مِّنْ مَّسَدٍ

၏ အလိုသဘောကို 'စွန်ပလွံလျှော်ကြိုးများ' ဟု ကောက်ယူကြသည်။ ထို့နောက် မိန့်ဆိုကြသည်မှာ 'အမှန်စင်စစ် အဘူလဟဗ်နှင့် ၎င်း၏ ဇနီးတို့မှာ ချမ်းသာကြွယ်ဝပြီး မိမိတို့၏ အမျိုးသားများ တွင် ခေါင်းဆောင်အဖြစ် မှတ်ယူခြင်းခံရသူများ ဖြစ်သည်။ သို့ပါသော်လည်း ၎င်း၏ ဇနီးမှာ မိမိ၏ နိမ့်ကျသော စိတ်ဓါတ်နှင့် ကပ်စေးနဲ တွန့်တိုမှုတို့ကြောင့် တောမှ မီးဆိုက်ရန် ထင်းများကို သယ်မ,ယူလာလေ့ ရှိသည်။ ထင်းစည်း ပြေမကျသွားစေရန် ထင်းကို စည်းထားသည့် ကြိုးကို မိမိ၏ လည်ပင်းတွင် စွပ်ထားလေ့ ရှိသည်။ ဤဓလေ့အကျင့်သည်ပင် တစ်နေ့သောအခါ ၎င်း၏ သေဆုံးရခြင်း၏ အကြောင်းခံ ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ထင်းစည်းသည် ဦးခေါင်းပေါ်၌ ရှိနေသည်။ ကြိုးသည်လည်ပင်း၌ စွပ်ထားပြီး မောပန်း၍ တစ်နေရာ၌ ထိုင်ချလိုက်သည်။ ထိုအခါ ထင်းစည်းသည် ခေါင်းပေါ်မှ ကျ၍ ကြိုးကွင်းသည် ၎င်း၏ လည်ပင်းကို အစ်စေ၍ ထိုအဖြစ်နှင့်ပင် သေဆုံးသွားလေသည်။ ဒုတိယသဖ်စီးရ်ဖွင့်ဆိုချက်အရ ဤအဖြစ်အပျက်သည် ၎င်း၏ နိမ့်ကျသော စိတ်ဓါတ်နှင့် သူမ၏ ဆိုးရွားသော နိဂုံးကို တင်ပြရန်အတွက် ဖြစ်သည်။ *[မဇ္ဇဟရီကျမ်း]*

သို့ရာတွင် သူမသည် အထူးသဖြင့် အဘူလဟဗ်၏ ဇနီးဖြစ်သည်။ ထိုဇနီးမှ ဤသို့ ပြုသည်ဆိုသည်မှာ မဖြစ်နိုင်ပေ။ ထို့ကြောင့် မုဖတ်စိရ်အဖွင့်ပညာရှင်များစွာတို့က ပထမသဖ်စီးရ်ဖွင့်ဆိုချက်ကိုသာ အသာပေး ရွေးချယ်တင်ပြခဲ့ကြသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်အိခ်လာဆ်

ဖြူစင်သောသဒ္ဓါတရားကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِیۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

قُلۡ هُوَ اللّٰهُ اَحَدٌ ۚ﴿۱﴾ اَللّٰهُ الصَّمَدُ ۚ﴿۲﴾ لَمۡ یَلِدۡ ۬ۙ وَ لَمۡ یُوۡلَدۡ ۙ﴿۳﴾ وَ لَمۡ یَکُنۡ لَّهٗ کُفُوًا اَحَدٌ ﴿۴﴾

၁၁၂ : ၁။ ။ (အို့၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ထို (အလ္လာဟ်) အသျှင်မြတ်သည် တစ်ဆူတည်း ဖြစ်တော်မူ၏။ (တစ်နည်း အို့၊ နဗီတမန်တော်) အသင်သည် ဤသို့ ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သည် တစ်ဆူတည်း ဖြစ်တော်မူ၏။

၁၁၂ : ၂။ ။ အလ္လာဟ်အသျှင်မြတ်သည် လိုလားတောင့်တခြင်း လုံးဝ ကင်းရှင်းတော်မူသော အသျှင်၊ သူတစ်ပါးတို့၏ မှီခိုအားထားရာ အသျှင်၊ နိစ္စထာဝရ အသျှင်မြတ် ဖြစ်တော်မူ၏။

၁၁၂ : ၃။ ။ ထိုအသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားတော်မူခဲ့သည် မဟုတ်ပေ။ မည်သူတစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းကိုလည်း ခံခဲ့ရတော်မူသည် မဟုတ်ပေ။

၁၁၂ : ၄။ ။ ထို့ပြင် ထိုအသျှင်မြတ်၌ ဂုဏ်ရည်တူ ဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဤစူရာဟ် ကျရောက်လာရခြင်း၏ အကြောင်းခံဖြစ်ရပ်မှာ အခါတစ်ပါး၌ မုရှ်ရစ်က်တို့သည် ကိုယ်တော်မြတ် ﷺ အား 'အသင်သည် မိမိအသျှင်မြတ်၏ ဂုဏ်တော်များနှင့် မျိုးနွယ်ဆက်ကို တင်ပြပါ' ဟု ပြောဆိုကြလေရာ ဤစူရာဟ်ကျရောက်လာခဲ့သည်။ ဤအကြောင်းသည် ဒ္ဒရ်ရေမန်ဆူးရ်ကျမ်းတွင် စနဒ်မြောက်မြားစွာဖြင့် လာရှိထားသည်။)

(အို၊ နဗီမန်တော်) အသင်သည် ပြောကြားပါလေ။ အလ္လာဟ်အသျှင်မြတ်သည် (မိမိ၏ كمال ذات (ပြည့်စုံကုံလုံသော ဇာတိတော်) နှင့် كمال صفات (ပြည့်စုံကုံလုံသော ဂုဏ်တော်များ) နှင့် စပ်လျဉ်း၍) တစ်ပါးတည်းသော အသျှင်မြတ် ဖြစ်တော်မူသည်။

('ကမာလိဇားသ်' ပြည့်စုံကုံလုံသော ဇာတိတော်ဆိုသည်မှာ 'ဝါဂျိဗွလ်ဝုဂျူးဒ်'ဖြစ်သည်။ ထာဝရ တည်ရှိတော်မူခဲ့ပြီး အမြဲထာဝရ တည်ရှိနေတော်မူမည့် အသျှင် ဖြစ်တော်မူသည်။ 'ကမာလိဆွိဖားသ်' (ပြည့်စုံကုံလုံသော ဂုဏ်တော်များ) ဆိုသည်မှာ စွမ်းဆောင်နိုင်တော်မူခြင်း တန်ခိုးတော်နှင့် အသိဂုဏ်တော် စသည်တို့သည် ထိုအသျှင်မြတ်၏ 'ကဒီးမ်' ရှေးမူလမှ တည်ရှိခြင်းနှင့် 'မုဟီးသွ်' လွှမ်းခြုံသော ဂုဏ်တော် များပင် ဖြစ်သည်။ ထို့ပြင်) အလ္လာဟ်အသျှင်မြတ်သည် လိုလားတောင့်တခြင်းမှ အလျဉ်း ကင်းရှင်းတော် မူသော အသျှင် ဖြစ်တော်မူသည်။

(ဆိုလိုသည်မှာ 'ထိုအသျှင်မြတ်သည် မည်သူ့ထံမှ လိုလားတောင့်တရခြင်းမရှိဘဲ အားလုံးတို့သည် ထိုအသျှင်မြတ်ကိုသာ လိုလားတောင့်တကြရသည်' ဟု ဖြစ်သည်။)

ထိုအသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားခဲ့သည်မဟုတ်။ ထို့ပြင် ထိုအသျှင် မြတ်သည် မည်သူတစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းကိုလည်း ခံရတော်မူသည်မဟုတ်။ ထို့ပြင် ထိုအသျှင် မြတ်နှင့် ဂုဏ်ရည်တူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ မရှိပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

شان نزول အာယသ်တော်များ ကျရောက်လာရခြင်း၏ အကြောင်းခံဖြစ်ရပ်

သိရ်မေဇီနှင့် ဟာကင်မ် စသည့်ကျမ်းများ၏ ဆင့်ပြန်ချက်၌ လာရှိသည်မှာ မက္ကာဟ်ရှိ မုရှ်ရစ်က် တို့သည် တမန်တော်မြတ် ﷺ အား အလ္လာဟ်အသျှင်မြတ်၏ အမျိုးအနွယ်ကို မေးမြန်းကြလေရာ ၎င်းတို့ အား တုန့်ပြန်ဖြေကြားရန်အတွက် ဤစူရာဟ် ကျရောက်လာခဲ့သည်' ဟု ဖြစ်သည်။ အခြားသော ဆင့်ပြန် ချက်အချို့တွင် ဤမေးခွန်းသည် မဒီနာရှိ ယဟူဒီများက မေးမြန်းသည်ဟု လာရှိသည်။ ထို့ကြောင့် ဤ စူရာဟ်သည် မက္ကီဖြစ်ပါသလား။ (သို့) မဒနီဖြစ်ပါသလားဆိုခြင်းနှင့် စပ်လျဉ်း၍ ကွဲလွဲမှုရှိသည်။ ဟဇရသ် အဗ်ဒွလ္လာဟ်ဗင်နိမတ်စ်အူးဒ် ؓ သခင်၊ ဟစန်ဗဆွရီ (ရဟ)၊ အသွာအ် (ရဟ)၊ အိက်ရိမဟ် (ရဟ)၊ ဂျာဗိရ် ؓ တို့သည် ဤစူရာဟ်ကို 'မက္ကီ'ဟု ဆိုကြသည်။ ကသာဒဟ် (ရဟ) နှင့် ဒွဟ်ဟားက် (ရဟ) စသည်တို့က 'မဒနီ'ဟု ဆိုကြသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်ထံမှ အဆိုနှစ်ရပ်စလုံး လာရှိသည်။

[ကုရ်သုဗီး]

အချို့ဆင့်ပြန်ချက်များတွင် မုရှ်ရစ်က်များက အလ္လာဟ်အသျှင်မြတ်ကို မည်သည့်အရာဖြင့် ပြုလုပ် ထားပါသနည်း။ ရွှေ၊ ငွေ (သို့) အခြားသော အရာများဖြင့် ပြုလုပ်ခြင်းပါလားဟူ၍လည်း မေးမြန်းခဲ့ကြ လေသည်။ ဤသို့ မေးမြန်းခြင်းအပေါ် ဤစူရာဟ်ကျရောက်လာခဲ့သည်။

ဤစူရာဟ် (အိခ်လားစွ်) ၏ ထူးခြားမှုများ

အေမာမ်အဟ်မဒ် (ရဟ) သည် ဟဇရသ်အနတ်စ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်။ လူတစ်ဦးသည် တမန် တော်မြတ် ﷺ ၏ ထံတော်ပါး၌ အခစားဝင်ရောက်လျက် 'ကျွန်တော်မျိုးသည် ဤစူရာဟ် (အိခ်လားစွ်) ကို များစွာ ချစ်ခင်နှစ်သက်ပါသည်' ဟု လျှောက်ထားလေရာ ကိုယ်တော်မြတ် ﷺ က 'ဤချစ်ခင်မှုသည် အသင့်အား 'ဂျန္နသ်' သို့ ဝင်ရောက်စေလေမည်' ဟု မိန့်ကြားတော်မူလေသည်။ *[အိဗ်နေကဆီးရ်]*

အေမာမ်သိရ်မိဇီ (ရဟ) သည် ဟဇရသ်အဘူဟုရိုင်ရာဟ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'အားလုံး စုရုံးကြ လေကုန်။ ကျွန်ုပ်သည် အသင်တို့အား ကုရ်အာန်၏ သုံးပုံတစ်ပုံကို ဖတ်ကြားပြမည်' ဟု မိန့်ကြားတော် မူလေရာ စုရုံးနိုင်သမျှသော လူတို့သည် စုရုံးရောက်ရှိလာကြလေသည်။ ထိုအခါ ကိုယ်တော်မြတ် ﷺ သည် ကြွမြန်းတော်မူလာပြီး

قُلْ هُوَ اللّٰهُ اَحَدٌ ــ الخ

ကို အစအဆုံး ဖတ်ကြားပြတော်မူပြီး 'ဤစူရာဟ်သည် ကုရ်အာန်၏ သုံးပုံတစ်ပုံနှင့် ညီမျှသည်' ဟု မိန့်ကြားတော်မူလေသည်။ *[မှတ်စ္စလင်မ်ကျမ်း]*

အဘူဒါဝူးဒ်ကျမ်း၊ သိရ်မေဇီကျမ်းနှင့် နစာအီကျမ်းတို့တွင် ရှည်လျားသော ဟဒီးစ်တော်တစ်ရပ် ကို ဆင့်ပြန်လာရှိထားသည်။ တမန်တော်မြတ် ﷺ သည် မည်သူမဆို နံနက်နှင့် ညနေတို့တွင်

(قُلْ اَعُوْذُ بِرَبِّ النَّاسِ နှင့် قُلْ اَعُوْذُبِرَبِّ الْفَلَقِ) معوّذ تين နှင့် قُلْ هُوَاللّٰهُ اَحَدَ ကို

ဖတ်လိုက်ပါက ဤစူရာဟ်များသည် ၄င်းသူအဖို့ လုံလောက်သွားပေမည်' ဟု မိန့်ကြားတော်မူခဲ့ လေသည်။ အခြားဆင့်ပြန်ချက်တစ်ရပ်၌ လာရှိသည်မှာ 'ဤစူရာဟ်များသည် ၄င်းသူအဖို့ ဒုက္ခဘေးဗလာ ဟူသရွေ့မှ လွတ်ကင်းစေရန်အတွက် လုံလောက်ပေသည်' ဟူ၏။ *[အိဗ်နေကဆီးရ်]*

အေမာမ်အဟ်မဒ် (ရဟ) သည် ဟဇရသ်အွတ်က်ဗာဟ်ဗင်န် အာမိရ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့ သည်မှာ တမန်တော်မြတ် ﷺ က 'ငါကိုယ်တော်သည် အသင်တို့အား 'သောင်ရားသ်'၊ 'အင်န်ဂျီးလ်'၊ 'ဇဗူရ်' နှင့် ကုရ်အာန် ကျမ်းအားလုံးတွင် ကျရောက်ခဲ့သော စူရာဟ် (၃) ပုဒ်ကို ဖတ်ကြားပြရမည်လား' ဟု မေးမြန်း မိန့်ကြားတော်မူလေသည်။

ထို့နောက် ဆက်လက်၍ မိန့်ကြားသည်မှာ 'ညအခါတွင် ဤ စူရာဟ်များ (စူရာဟ် 'အိခ်လားဆွ်'၊ စူရာဟ် 'ဖလပ်က်' နှင့် စူရာဟ် 'နားစ်') (၃) ပုဒ်ကို မဖတ်ရသေးသရွေ့ မအိပ်စက်ကြလေနှင့်' ဟု ဖြစ်သည်။

ဟဇရသ်အွတ်က်ဗာဟ် ﷺ သခင်က 'ထိုအချိန်မှစ၍ ကျွန်ုပ်သည် ဤစူရာဟ်များကို မည်သည့် အခါမျှ စွန့်လွှတ်ခြင်း မပြုတော့ပေ' ဟု ပြောကြားခဲ့သည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

قُلْ هُوَ اللهُ اَحَدٌ

قُلْ ဟူသော စာလုံးတွင် တမန်တော်မြတ် ﷺ ၏ နဗီဖြစ်ခြင်းနှင့် ရစူလ်ဖြစ်ခြင်းအပေါ် ညွှန်းဆိုပြသလျက် ရှိနေပေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ အား အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ လူသားတို့အား လမ်းညွှန်မိန့်ကြားရန် တာဝန်ပေးတော်မူခဲ့သောကြောင့် ဖြစ်သည်။ اَللهُ ဟူသော စာလုံးသည် واجب الوجود 'ဝါဂျိဗွလ်ဝုဂျူးဒ်' ဖြစ်သော ထာဝရ တည်ရှိတော်မူခဲ့ပြီး အမြဲထာဝရ တည်ရှိနေတော်မူမည့် အသျှင်မြတ်၏ နာမတော်ဖြစ်သည်။ ပြည့်စုံကုံလုံမှုရှိသော အရည်အချင်းဟူသရွေ့တို့ စုပေါင်းလျက်ရှိသော ချို့ယွင်းမှုအပေါင်းမှ ကင်းရှင်းတော်မူသော အသျှင်မြတ်၏ နာမတော်ဖြစ်သည်။

اَحَدٌ နှင့် وَاحِدٌ တို့၏ အဓိပ္ပာယ်ကို တစ်မျိုးတည်းသာ ပြန်ဆိုကြသည်။ သို့သော် အလိုသဘောကို ထောက်ရှုခြင်းအားဖြင့် اَحَدٌ ၏ အလိုသဘောတွင် 'ထိုအသျှင်မြတ်သည် ရောနှောပေါင်းစပ်ခြင်း၊ အစိတ်အပိုင်းများရှိခြင်း၊ အရေအတွက်များ ရှိခြင်း၊ အခြားအရာတစ်ခုခုနှင့် ဆင်တူမှုရှိခြင်းနှင့် သဏ္ဍာန်တူခြင်းတို့မှ ကင်းစင်တော်မူသည်' ဟူသော အဓိပ္ပာယ်လည်း ပါဝင်နေပေသည်။ ဆိုလိုသည်မှာ 'ထိုအသျှင်မြတ်သည် အမျိုးအစား၊ ဇစ်မြစ်တစ်ခု (သို့) များစွာသော အမျိုးအစားများဖြင့် ဖွဲ့စည်းထားခြင်းလည်း မရှိ၊ အရေအတွက်များလည်း မရှိနိုင်။ မည်သူနှင့်မျှလည်း သဏ္ဍာန်တူညီခြင်း မရှိ' ဟု ဖြစ်သည်။

'ဤသည် အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်း၍ ရွှေ၊ ငွေ (သို့) ရတနာကျောက်သံပတ္တမြားတို့ဖြင့် ပြုလုပ်ထားခြင်း ဖြစ်ပါသလား' ဟု မေးမြန်းလာသူတို့အား တုန့်ပြန်ဖြေကြားခြင်းလည်း ဖြစ်ပေသည်။ ဤတိုတောင်းလှသော စာပိုဒ်တွင် ဇာတိတော်နှင့် ဂုဏ်တော်များအားလုံးအကြောင်း ပါဝင်သွားသည်။ قُلْ ဟူသော စာလုံးတွင် နဗီတမန်တော်မြတ် ﷺ ၏ နဗီဖြစ်ခြင်းနှင့် ရစူလ်ဖြစ်ခြင်း အချက်သည်လည်း ပါဝင်သွားပေသည်။

ဤအာယသ်တော်၌ လေးနက်စွာ စဉ်းစားကြည့်မည်ဆိုလျှင် ဤမျှ တိုတောင်းသော စာပိုဒ်တွင် ကြီးမား၍ ထူထဲသော ကျမ်းအတွဲများ ရေးသားရလောက်သော ကြီးကျယ်လှသည့် အကြောင်းများ ပါရှိသည်။

اَللهُ الصَّمَدُ

صَمَدٌ ဟူသော စာလုံး၌ အလိုသဘော များစွာကို ကောက်ယူနိုင်သည်။ ထို့ကြောင့် မုဖတ်စိရ်အဖွင့်ရှင်တို့၏ အဆိုများသည် ဤစာလုံးနှင့်စပ်လျဉ်း၍ များစွာ ရှိလာခြင်းဖြစ်သည်။ ဟဒီးစ်၏ အေမာမ်ဖြစ်သော သွဗ်ရာနီ (ရဟ) က 'ကီသာဗွစ်စွန္နဟ်' ကျမ်းတွင် ထိုအဆိုအားလုံးကို စုစည်းပြီးနောက် မိန့်ဆိုသည်မှာ ဤအဆိုအားလုံးသည် မှန်ကန်သော အဆိုများဖြစ်သည်။ ဤအဆိုများ၌ တင်ပြထားသည့် ဂုဏ်တော်အားလုံးသည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ဂုဏ်တော်များပင်

ဖြစ်သည်။ သို့ရာတွင် صَمَد ၏ မူရင်း အဓိပ္ပာယ်မှာ 'ထိုအသျှင်မြတ်ဘက်တော်သို့ လူတို့သည် မိမိတို့၏ လိုလားတောင့်တချက်များနှင့် အရေးကြီးသည့် ကိစ္စများအတွက် လှည့်ကြရသည်။ ထိုအသျှင်မြတ်သည် ကြီးကျယ်မှုနှင့် မြင့်မြတ်မှုတို့တွင် ထိုအသျှင်မြတ်ထက် မည်သူမျှ ကြီးကျယ်မြင့်မြတ်သူဟူ၍ မရှိ။ အချုပ် ဆိုရသော် ထိုအသျှင်မြတ်သည်ကား မည်သူ့ကိုမျှ လိုလားတောင့်တခြင်း မရှိပေ' ဟု ဖြစ်သည်။

[အိဗ်နေကစီးရ်ကျမ်း]

لَمْ يَلِدْ وَلَمْ يُوْ لَدْ

ဤသည် အလ္လာဟ်အသျှင်မြတ်၏ မျိုးနွယ်ဆက်ကို မေးမြန်းတောင်းခံသူတို့အား တုန့်ပြန်ဖြေကြားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်ကို မွေးဖွားခြင်း မျိုးဆက်ပြန့်ပွားခြင်းတို့အားဖြင့် ဖြစ်ပေါ်တည်ရှိလာသော ဖန်ဆင်းခံများနှင့် နှိုင်းယှဉ်သုံးသပ်ခြင်း မပြုနိုင်ပေ။ ထိုအသျှင်မြတ်သည် မည်သူ တစ်ဦးတစ်ယောက်မှ မွေးဖွားခြင်းခံရသည့် သားသမီးလည်း မဟုတ်။ ထိုအသျှင်မြတ်မှလည်း မည်သူတစ်ဦး တစ်ယောက်ကိုမျှ မွေးဖွားတော်မူသည်လည်း မဟုတ်' ဟု ဖြစ်သည်။

وَلَمْ يَكُنْ لَّهٗ كُفُوًا اَحَدٌ

كُفُو ၏ တစ်လုံးချင်းအဓိပ္ပာယ်မှာ 'ပမာတူ' ဟု ဖြစ်သည်။ အဓိပ္ပာယ်မှာ 'ထိုအသျှင်မြတ်နှင့် ပမာတူသူဟူ၍ မရှိ။ ထိုအသျှင်မြတ်နှင့် ပုံသဏ္ဌာန်တူသူ၊ ဆင်တူသူ ဟူ၍ မည်သူမျှမရှိ' ဟု ဖြစ်သည်။

စူရာဟ် 'အိခ်လာ:စ္' တွင် ပြည့်ဝသော 'သောင်ဟီး ဒ်' (ကိုးကွယ်ခံထိုက်တော်မူသော အသျှင်၊ အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းသာ တည်ရှိခြင်းတရား) နှင့် 'ရှရစ်က်' ပြုခြင်း အမျိုးမျိုးကို ငြင်းပယ်ထားခြင်းများ ပါရှိခြင်း

အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားတစ်စုံတစ်ဦးကို 'ရှရစ်က်' တုဖက်နှိုင်းယှဉ်ကိုးကွယ်ရာ ဖြစ်သည်ဟု မှတ်ယူကြသော၊ 'သောင်ဟီးဒ်'တရားကို ငြင်းဆိုကြသူများသည် လောကတွင် အမျိုးမျိုးအဖုံဖုံ ရှိကြသည်။ စူရာဟ် 'အိခ်လာ:စ္'သည် 'ရှရစ်က်'အမျိုးမျိုး၏ အယူအဆများကို ဆန့်ကျင်ရှုတ်ချလျက် ပြည့်ဝသော 'သောင်ဟီး ဒ်' တရား၏ သင်ခန်းစာကို ပေးလိုက်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'သောင်ဟီးဒ်'တရားအား ငြင်းပယ်သူများအနက် အုပ်စုတစ်စုမှာ အလ္လာဟ်အသျှင်မြတ်၏ တည်ရှိနေတော်မူခြင်းကိုပင် ငြင်းပယ်ကြသောကြောင့် ဖြစ်သည်။ အချို့အုပ်စုမှာ တည်ရှိနေတော်မူခြင်းကို ယုံကြည်သော်လည်း 'ဝါဂျိဗွလ်ဝုဂျူးဒ်' (အမြဲထာဝရ တည်ရှိနေတော်မူခဲ့ပြီး နောင်တွင်လည်း အမြဲထာဝရ တည်ရှိနေတော်မူမည်) ကိုကား ငြင်းပယ်ကြသူများ ဖြစ်သည်။ အချို့မှာ အထက်နှစ်မျိုးစလုံးကို ယုံကြည်သော်

လည်း ပြည့်စုံကုံလုံသော ဂုဏ်တော်အပေါင်း ရှိခြင်းကိုကား ငြင်းပယ်ကြသူများ ဖြစ်သည်။ အချို့မှာ ဖော်ပြပါ အချက်အားလုံးကို ယုံကြည်သော်လည်း 'အေဟာဒသ်' ခဝပ်ကိုးကွယ်မှုတွင် အလ္လာဟ်အသျှင်မြတ်မှအပ အခြားသော အရာများကိုလည်း သတ်မှတ်၍ ကိုးကွယ်ကြသူများ ဖြစ်သည်။ ထိုသူအားလုံးတို့၏ လွဲမှားသော အတွေးအခေါ်များကို أَحَدٌ اَللّٰهُ တွင် ချေပငြင်းဆိုခဲ့ပြီး ဖြစ်သည်။ အချို့သူတို့မှာ 'အေဟာဒသ်'ပြုရာ၌လည်း အခြားသူတစ်ဦးတစ်ယောက်ကို 'ရှရစ်က်' မပြုကြပေ။ သို့ရာတွင် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးသူနှင့် လုပ်ငန်းဆောင်တာများ ပေါက်မြောက်အောင်မြင်စေသူမှာ အလ္လာဟ်အသျှင်မြတ်မှအပြင် အခြားသော အရာများလည်း ရှိသေးသည်ဟုလည်း ယူဆကြသည်။ ၄င်းတို့၏ လွဲမှားသော အယူအဆများကို صَمَدْ ဟူသော စာလုံးဖြင့် ချေပထားလေသည်။ အချို့သူတို့မှာ အလ္လာဟ်အသျှင်မြတ်အဖို့ သားသမီးများရှိသည်ဟု ယုံကြည်ကြရာ ၄င်းတို့အား وَلَمْ يُوْلَد ဖြင့် ချေပထားလေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ဖလက်

အာရုံတက်ချိန်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

قُلْ اَعُوْذُ بِرَبِّ الْفَلَقِ ﴿١﴾ مِنْ شَرِّ مَا خَلَقَ ﴿٢﴾ وَمِنْ شَرِّ غَاسِقٍ اِذَا
وَقَبَ ﴿٣﴾ وَمِنْ شَرِّ النَّفّٰثٰتِ فِى الْعُقَدِ ﴿٤﴾ وَمِنْ شَرِّ حَاسِدٍ اِذَا حَسَدَ ﴿٥﴾

၁၁၃ : ၁။ ။ (အို, နဗီတမန်တော်) အသင်သည် (ဤသို့) လျှောက်ထားပန်ကြားပါလေ။ ကျွန်တော်မျိုးသည် နံနက်မိုးသောက်ချိန်ကို ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထံတော်၌ အကာအကွယ်ယူပါ၏။

၁၁၃ : ၂ ။ ။ ထိုအသျှင်မြတ်သည် ဖန်ဆင်းတော်မူသော (ခပ်သိမ်းကုန်သော) အဖန်ဆင်းခံတို့၏ ဘေးအန္တရာယ်များမှလည်းကောင်း။

၁၁၃ : ၃ ။ ။ အမှောင်အတိ ဖြစ်လာသောအခါ (ဖြစ်တတ်သော) ယင်းအမှောင်၏ ဘေးအန္တရာယ်များမှလည်းကောင်း။

၁၁၃ : ၄ ။ ။ အထုံးအဖွဲ့များ၌ (ဂါထာမန္တရား ရွတ်ဖတ်) မန်းမှုတ်သော မိန်းမတို့၏ ဘေးအန္တရာယ်များမှလည်းကောင်း။

၁၁၃ : ၅ ။ ။ မနာလိုငြူစူသော သူသည် မနာလိုငြူစူသောအခါ (ဖြစ်တတ်သော) ဘေးအန္တရာယ်များမှလည်းကောင်း (အကာအကွယ်ယူပါ၏။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်သည် (မိမိအတွက် ခိုလှုံခွင့် တောင်းခံရန်လည်းကောင်း၊ အခြားသူတို့အားလည်း ခိုလှုံခွင့်တောင်းခံခြင်းကို သင်ကြားပေးရန်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်အပေါ် အပြည့်အဝ ယုံပုံအားကိုးအားထားပြုခြင်းကို သင်ကြားပေးသည့်အခါ ဤသို့) ပြောဆိုပါလေ။ ကျွန်တော်မျိုးသည် နံနက်မိုးသောက်ချိန်ကို စိုးပိုင်တော်မူသော အသျှင်မြတ်ထံ အကာအကွယ်ယူပါ၏။

ထိုအသျှင်မြတ် ဖန်ဆင်းတော်မူသော အဖန်ဆင်းခံအပေါင်းတို့၏ ဘေးအန္တရာယ်မှလည်းကောင်း၊ ထို့ပြင် (အထူးအားဖြင့်) ညဖြစ်လာသောအခါ ညအမှောင်၏ ဘေးအန္တရာယ်များမှလည်းကောင်း (ညအချိန်တွင် ဆိုးသွမ်းမှု ဘေးအန္တရာယ်များ ဖြစ်နိုင်သည်မှာ ထင်ရှားပေသည်။)

ထို့ပြင် (ကြိုး၏) အထုံးများအပေါ်၌ ဂါထာဖတ်ရွတ်၍ မန်းမှုတ်သော မိန်းမတို့၏ ဘေးအန္တရာယ်မှလည်းကောင်း၊ ထို့ပြင် မနာလိုသူ၊ မနာလိုသောအခါ ပြုတတ်သော ဘေးအန္တရာယ်မှလည်းကောင်း၊ (ပထမဦးစွာ အဖန်ဆင်းခံဟူသရွေ့၏ ဘေးအန္တရာယ်မှ လွတ်ကင်းရန် ခိုလှုံခွင့် တောင်းခံပါဟု တင်ပြပြီးနောက် သီးသန့်အထူးအရာများကို တင်ပြခြင်းမှာ 'များသောအားဖြင့် 'ဂျာဒူ'ပယောဂများ ပြုလုပ်ခြင်းကို အခြားသူများ မသိရှိဘဲ စိတ်အေးလက်အေး ပြီးစီးအောင် ပြုလုပ်နိုင်ရန် ညအချိန်၌ ပြုလုပ်လေ့ရှိသည့်အတွက် နေရာအချိန်ကာလနှင့် ဆက်စပ်၍ တင်ပြခြင်း ဖြစ်ပေမည်။ ထို့ပြင် ကြိုးထုံးများပေါ်၌ မန်းမှုတ်သော သက်ရှိများ၊ (သို့) အမျိုးသမီးများ၏ ဆက်စပ်မှုသည် ဤနေရာ၌ ပေါ်လွင်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ အပေါ် အမျိုးသားက ပြုသည်ဖြစ်စေ၊ အမျိုးသမီးက ပြုသည်ဖြစ်စေ ဤအတိုင်းပင် ကြိုးထုံးများအပေါ် မန်းမှုတ်၍ 'ဂျာဒူ'ပယောဂပြုခဲ့သောကြောင့် ဖြစ်သည်။ အကြောင်းမှာ **نَفّٰثٰتِ** ဟူသော စာလုံး၏ ရည်ညွှန်းချက်သည် အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံးပါဝင်သော သက်ရှိများကို ရည်ညွှန်းခြင်းလည်း ဖြစ်နိုင်သည်။ အမျိုးသမီးများကို ရည်ရွယ်ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။ တမန်တော်မြတ် ﷺ အား ယဟူဒီများက 'ဂျာဒူ'ပယောဂပြုခဲ့ကြသည့် အဓိကရည်ရွယ်

ချက်မှာ မနာလိုမှုကြောင့်ပင် ဖြစ်သည်။ ဤနည်းဖြင့် 'ဂျာဒူ'ပယောဂနှင့် သက်ဆိုင်သော အချက်အားလုံး မှ ခိုလှုံခွင့် တောင်းခံခြင်း ဖြစ်သွားသည်။ ကျန်ရှိသည့် ဆိုးသွမ်းမှု၊ ဘေးအန္တရာယ်များကို ပါဝင်စေရန် အတွက် مِنْ شَرِّ مَاخَلَقَ ဟု မိန့်ကြားတော်မူထားသည်။

အာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်ကို رَبِّ الْفَلَقِ 'နံနက်မိုးသောက်ချိန်ကို စိုးပိုင်တော်မူသော အသျှင်' ဟု တင်ပြထားသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် နံနက်နှင့် ညနေ အားလုံးတို့ကို ဖန်ဆင်းတော်မူသော စိုးပိုင်တော်မူသော အသျှင်သာလျှင် ဖြစ်တော်မူသည်။ ဤသို့ အထူး တင်ပြခြင်းနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်သည် ည၏ အမှောင်ကို ပပျောက်စေပြီး နံနက် မိုးသောက်ချိန်၏ အလင်းရောင်ကို ပေါ်ထွက်စေတော်မူသကဲ့သို့ 'ဂျာဒူ'ပယောဂကိုလည်း ပပျောက်စေ နိုင်တော်မူကြောင်းကို ညွှန်းဆိုပြသရန် ဖြစ်ပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤစူရာဟ် 'ဖလပ်က်'နှင့် ၎င်း၏ နောက်တွင် ရှိသော စူရာဟ် 'နားစ်'တို့သည် တစ်ခုတည်းသော ဖြစ်ရပ်နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့သော စူရာဟ်နှစ်ပုဒ် ဖြစ်သည်။ ဟာဖိဇ်အိဗ်နေကိုင်ယင်မ် (ရဟ) သည် ဤစူရာဟ်နှစ်ပုဒ်လုံး၏ သဖ်စီးရ်ဖွင့်ဆိုချက်ကို တစ်ခုတည်းသာ ရေးသားခဲ့သည်။ ထိုသဖ်စီးရ် ဖွင့်ဆိုချက်၌ မိန့်ဆိုသည်မှာ 'ဤစူရာဟ်နှစ်ပုဒ်၏ အကျိုးအမြတ်နှင့် 'ဗရ်ကသ်' မင်္ဂလာတော်များသည် လူသားများအားလုံးအတွက် မည်သည့်လူသားမျှ ဤစူရာဟ်နှစ်ပုဒ်ကို လိုလားတောင့်တမှုကင်းခြင်း မဖြစ်နိုင်လောက်အောင်ပင် လိုလားရသော၊ လိုအပ်သော စူရာဟ်များဖြစ်သည်။ ဤစူရာဟ်နှစ်ပါးသည် 'ဂျာဒူ' ပယောဂ မျက်စိထိခြင်း၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ နက္ခတ်များနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ ဘေးဒုက္ခ အားလုံးကို ပပျောက်စေရာ၌ အလွန် ကြီးမားသော စူးရှမှုရှိသည်။ ဓစ်မြစ်ကို ရှင်းပြရမည်ဆိုလျှင် လူသား အဖို့ ဤစူရာဟ်များကို လိုအပ်ခြင်းသည် မိမိ၏ အသက်ရှူခြင်း၊ စားခြင်း၊ သောက်ခြင်းနှင့် ဝတ်စား ဆင်ယင်ခြင်း စသော အရာအားလုံးထက်ပင် ပို၍ လိုအပ်ပေသည်ဟူ၏။

ဤအကြောင်းဖြစ်ရပ်နှင့် စပ်လျဉ်း၍ မုစ်နဒ်အဟ်မဒ်ကျမ်း၌ လာရှိသည်မှာ ကိုယ်တော်မြတ် ﷺ အား ယဟူဒီတစ်ဦးက 'ဂျာဒူ'ပယောဂပြုလုပ်ခဲ့သည်။ ဤ 'ဂျာဒူ'ပယောဂ၏ ဒဏ်ဖြင့် ကိုယ်တော်မြတ် ﷺ သည် နာမကျန်း ဖြစ်တော်မူခဲ့သည်။ ဂျိဗ်ရာအီးလ် عليه السلام သည် ကိုယ်တော်မြတ် ﷺ ထံတော်သို့ ရောက်ရှိ လာပြီး 'ကိုယ်တော့်အား ယဟူဒီတစ်ဦးက 'ဂျာဒူ'ပယောဂ ပြုလုပ်ထားသည်။ 'ဂျာဒူ' ပြုလုပ်ရာ၌ သုံးစွဲသော အရာသည် မည်သည့်ရေတွင်း၌ ရှိသည်' ဟု အသိပေးခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် ထိုရေတွင်းသို့ လူလွှတ်လိုက်သည်။ ထိုသူသည် ရေတွင်းမှ 'ဂျာဒူ' ပြုလုပ်ထားသော အရာကို ထုတ်၍ ယူလာခဲ့သည်။ ထိုအရာတွင် ကြိုးအထုံးများ ထုံး၍ ထားသည်။ ကိုယ်တော်မြတ် ﷺ သည် ထိုကြိုးအထုံး များကို ဖြေတော်မူလိုက်သည်။ ထိုအချိန်၌ပင် ကိုယ်တော်မြတ် ﷺ သည် လုံးဝ ကျန်းမာလာပြီး မတ်တတ်

ရပ်တော်မူနိုင်ခဲ့သည်။ (အမှန်စင်စစ် ဂျိဗ်ရာအီးလ် عليه السلام သည် ကိုယ်တော်မြတ် ﷺ အား ထိုယဟူဒီ၏ အမည်ကို ပြောပြခဲ့သည် ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ သည် ထိုယဟူဒီကို သိရှိတော်မူသော်လည်း မိမိ၏ ပုဂ္ဂိုလ်ရေးကိစ္စတွင် တစ်ဦးတစ်ယောက်ကို လက်စားချေခြင်းမှာ ကိုယ်တော်မြတ် ﷺ ၏ ဓလေ့ မဟုတ်သည့်အတွက်) တစ်သက်တာလုံး ထိုယဟူဒီကို ယင်းကိစ္စနှင့် စပ်လျဉ်း၍ မည်သည့်စကားမျှပင် မပြောခဲ့ပေ။ တစ်ခါတစ်ရံ ထိုယဟူဒီသည် ရှေ့တော်မှောက်၌ ရှိနေစဉ်အခါများ၌လည်း ကိုယ်တော်မြတ် ﷺ ၏ မျက်နှာတော်တွင် မကျေနပ်သည့် မည်သည့်အရိပ်အယောင်မျှ မတွေ့ရှိရပေ။ (ထိုယဟူဒီမှာမူ မုနာဖစ်က် ဖြစ်သည့်အတွက် အပါးတော်၌လည်း ရှိနေတတ်သည်။) ဆွဟီးဟ်ဘိုခါရီကျမ်းတွင် ဟဇရသ်အာအေရှာဟ် رضي الله عنها သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ ကိုယ်တော်မြတ် ﷺ အပေါ် ယဟူဒီတစ်ဦးက 'စဟရ်' ('ဂျာဒူ' ပယောဂ) ပြုလုပ်လိုက်ရာ ကိုယ်တော်မြတ် ﷺ သည် တစ်ခါတစ်ရံ မလုပ်ရသေးသော အလုပ်ကို လုပ်ခဲ့ပြီး ဖြစ်သည်ဟု ထင်မြင်မိသည်အထိ ခံစားရလေသည်ဟူ၏။

တစ်နေ့သောအခါ ကိုယ်တော်မြတ် ﷺ သည် ဟဇရသ်အာအေရှာဟ် رضي الله عنها သခင်မအား 'ငါကိုယ်တော်အား အလ္လာဟ်အသျှင်မြတ်သည် ငါကိုယ်တော်၏ မမာမကျန်းဖြစ်ရှိခြင်းမှာ မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို ပြသတော်မူလိုက်သည်ဟု မိန့်ကြားတော်မူပြီး ဆက်လက်၍ မိန့်ကြားသည်မှာ (အိပ်မက်တွင်) လူနှစ်ဦး ရောက်ရှိလာသည်။ တစ်ဦးသည် ခေါင်းရင်း၌ ထိုင်၍ ကျန်တစ်ဦးသည် ခြေရင်း၌ ထိုင်လိုက်သည်။ ခေါင်းရင်း၌ ထိုင်သူက ခြေရင်း၌ ထိုင်သူကို 'ဤသူသည် မည်သည့်ဒုက္ခ ခံစားနေရပါသနည်း' ဟုမေးရာ ဒုတိယလူက 'ဤသူသည် 'ဂျာဒူ'ပြုခံရသူဖြစ်သည်' ဟု ပြောဆိုလေသည်။ ထိုသူက ထပ်၍ 'ၾင်းအား မည်သူက 'ဂျာဒူ' ပြုပါသနည်း'ဟု မေးရာ ဒုတိယလူက 'ယဟူဒီများ၏ သစ္စာခံ လဗီးဒ်ဗင်န် အအ်ဆွာမ် ဖြစ်ပါသည်' ဟု ပြောဆိုလေသည်။ ထိုသူက ထပ်မံ၍ 'မည်သည့်အရာ၌ ပြုခဲ့ပါသနည်း'ဟု မေးမြန်းလေရာ ဒုတိယလူက 'ဘီးတစ်ချောင်းနှင့် ထိုဘီး၏ အသွားများ၌ ပြုလုပ်ထားပါသည်'ဟု ဖြေကြားလေသည်။ တစ်ဖန် ထိုသူက 'ထိုအရာများသည် မည်သည့်နေရာ၌ ရှိပါသနည်း' ဟုမေးရာ ဒုတိယလူက 'စွန်ပလွံအသီးများထွက်သော စွန်ပလွံအခေါက်အတွင်း၌ ထည့်၍ ذروان 'ဇရ်ဝါးန်' အမည်ရှိ ရေတွင်းတစ်တွင်း၌ ကျောက်တုံးတစ်ခု၏ အောက်တွင် မြုပ်နှံထားပါသည်'ဟု ဖြေကြားလေသည်' ဟု ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ သည် ထိုရေတွင်းရှိရာသို့ ကြွမြန်းသွားတော်မူပြီး ထိုအရာကို ထုတ်ယူတော်မူသည်။ ထို့နောက် မိန့်ကြားသည်မှာ 'ငါကိုယ်တော်အား အိပ်မက်တွင် ဤရေတွင်းကို ပြသခြင်း ခံရသည်' ဟူ၏။ ဟဇရသ်အာအေရှာဟ် رضي الله عنها သခင်မက 'ကိုယ်တော်မြတ်သည် ဤအကြောင်းကို အဘယ် ကြောင့် ထုတ်ဖော်ကြေညာခြင်း ပြုတော်မမူပါသနည်း'ဟု မေးလျှောက်လေရာ ကိုယ်တော်မြတ် ﷺ က 'ငါကိုယ်တော်အား အလ္လာဟ်အသျှင်မြတ်က ရောဂါပျောက်ကင်းစေတော်မူလိုက်ပြီး ဖြစ်သည်။ ထို့ပြင် ငါကိုယ်တော်သည် လူတစ်ဦး၏ ဒုက္ခရောက်ရသည့် အကြောင်းခံ ဖြစ်မည်ကို မလိုလားသောကြောင့် ဖြစ်သည်'ဟု မိန့်ကြားတော်မူလေသည်။ (ဆိုလိုသည်မှာ 'ဤအကြောင်းအရာကို ထုတ်ဖော်ကြေညာလိုက်ပါက လူတို့သည် ထိုသူ့အား သတ်ဖြတ်လိုက်ကြမည်။ (သို့) ဒုက္ခများပေးကြလိမ့်မည်'ဟု ဖြစ်သည်။)

မုစ်နဒ်အဟ်မဒ်ကျမ်း၏ ဆင့်ပြန်ချက်တစ်ရပ်၌ လာရှိသည်မှာ 'ကိုယ်တော်မြတ် ﷺ ၏ ဤရောဂါသည် (၆) လတိုင် ကြာရှည်နေခဲ့သည်' ဟု ဖြစ်သည်။ အချို့ဆင့်ပြန်ချက်များတွင် 'ဤသည်ကို ဝလီးဒ်ဗင်န်အအ်စွမ် ယဟူဒီက ပြုလုပ်ခဲ့ကြောင်းကို သိရှိခဲ့သော ဆွဟာဗာတို့က တမန်တော်မြတ် ﷺ ထံတော်၌ 'ကျွန်တော်မျိုးတို့သည် ၎င်းကို အဘယ်ကြောင့် မသတ်ဖြတ်ရပါမည်နည်း' ဟု လျှောက်ထားကြသည်။ ကိုယ်တော်မြတ် ﷺ က ဟဇရသ်အာအေရှာဟ် ﷺ သခင်မအား မိန့်ကြားခဲ့သည့်အတိုင်းပင် မိန့်ကြားလေသည်' ဟုလည်း လာရှိလေသည်။ အေမာမ်ဆအ်လဗီ (ရဟ) ၏ ဆင့်ပြန်ချက်၌ လာရှိသည်မှာ 'ကိုယ်တော်မြတ် ﷺ အား ဝေယျာဝစ္စ ပြုလုပ်ပေးသော ကလေးတစ်ဦး ရှိခဲ့သည်။ ထိုမုနာဖစ်က်ယဟူဒီသည် ထိုကလေးအား ဖြားယောင်းသိမ်းသွင်း၍ တမန်တော်မြတ် ﷺ ၏ ဘီးနှင့် ဘီးသွားများကို ထိုကလေးထံမှ ရယူလိုက်သည်။ ထို့နောက် လေး (မြှား) တွင် ချည်သော ကြိုးတစ်ချောင်းတွင် အထုံး (၁၁) ထုံးကို ထုံးလိုက်သည်။ အထုံးတိုင်းတွင် အပ်တစ်ချောင်းစီ စိုက်ထားသည်။ ဘီးနှင့်အတူ ထိုကြိုးထုံးကို စွန်ပလွံသီးသော အခေါက်တွင်း၌ ထည့်၍ ရေတွင်းတစ်တွင်း၌ ရှိသော ကျောက်တုံး၏ အောက်တွင် ဖိထားလိုက်သည်။ အလ္လာဟ်အသျှင်မြတ်သည် အာယသ်တော် (၁၁) ပါး ပါရှိသော ဤစူရာဟ်နှစ်ပုဒ်ကို ချပေးတော်မူလိုက်သည်။ ကိုယ်တော်မြတ် ﷺ သည် ကြိုးအထုံးတိုင်းအပေါ်တွင် အာယသ်တော်တစ်ပါးစီ ဖတ်၍ ကြိုးတစ်ထုံးချင်းကို ဖြေတော်မူလေသည်။ နောက်ဆုံး ကြိုး၊ အထုံးအားလုံး ဖြေ၍ ပြီးသွားသောအခါ ကိုယ်တော်မြတ် ﷺ ၏ အပေါ်မှ လေးလံမှုသည် ရုတ်တရက် ပေါ့ကျသွားလေသည်။ (ဤဆင့်ပြန်ချက်အားလုံးကို သဖ်စီးရ်အိဗ်နေကစီးရ်ကျမ်းမှ ကောက်နုတ်တင်ပြခြင်း ဖြစ်သည်။)

'ဂျာဒူ' ပယောဂ၏ စူးရှမှုဒဏ်ခံရခြင်းသည် 'နုဗူဝသ်'၊ 'ရိစာလသ်' တို့နှင့် ဆန့်ကျင်မှုမဖြစ်ခြင်း

'စဟရ်' 'ဂျာဒူ' ပယောဂ၏ ဇစ်မြစ်ကို မသိနားမလည်သူတို့သည် တမန်တော်မြတ် ﷺ အပေါ်၌ ဤကဲ့သို့ 'ဂျာဒူ' ပယောဂ စူးရှထိရောက်ခြင်း ဆိုသည်မှာ မည်သို့ ဖြစ်နိုင်ပါမည်နည်း' ဟု အံ့သြကြသည်။ 'စဟရ်ဂျာဒူ' ပယောဂနှင့် စပ်လျဉ်း၍ ၎င်း၏ မူလဇစ်မြစ်၊ အမျိုးအစားများနှင့် အမိန့်ပညတ်တော်များအကြောင်းကို စူရာဟ်ဗကရာဟ်၏ သဖ်စီးရ် မအာရိဖုလ်ကုရ်အာန်၊ အတွဲ (၁)၊ စာ (၃၁၄) မှ (၃၂၃) ထိတွင် အကျယ်တဝင့် တင်ပြခဲ့ပြီး ဖြစ်သည်။

အချုပ်ဆိုရသော် ဤနေရာ၌ သိထားရန် အရေးကြီးသော အချက်မှာ 'စဟရ်ဂျာဒူ' ပယောဂ၏ ထိရောက်မှုသည်လည်း သဘာဝအကြောင်းခံ၏ ထိရောက်ခြင်းပင် ဖြစ်သည်။ ဥပမာ- မီးသည် လောင်ကျွမ်းစေခြင်း၊ (သို့) ပူလောင်စေခြင်း၊ ရေသည် အေးမြစေခြင်းတို့ကို ဖြစ်စေသကဲ့သို့ ဖြစ်သည်။ အချို့သဘာဝအကြောင်းခံများဖြင့် ဖျားနာခြင်း၊ အမျိုးမျိုးသော နာကျင်မှုနှင့် ရောဂါဝေဒနာများ ပေါ်ပေါက်လာခြင်းတို့သည် သဘာဝအကြောင်းခံတစ်ရပ်ပင် ဖြစ်သည်။ ဤသဘာဝအကြောင်းခံ၏ စူးရှသက်ရောက်မှုမှ နဗီရစူလ်တမန်တော်များသည်လည်း ကင်းလွတ်မှု မရှိပေ။ အလားတူ 'ဂျာဒူ' ပယောဂ၏ ထိရောက်မှုသည်လည်း ဤသဘာဝအကြောင်းခံ အမျိုးအစားများအနက်မှ ဖြစ်သည်။ ထို့ကြောင့် မည်သို့မျှ မဖြစ်နိုင်ဟုမရှိပါ။

مُعَوِّذَتَين (سوره فلق နှင့် سوره ناس) စူရာဟ်နှစ်ပုဒ်သည် လောကီနှင့် လောကုတ္တရာ၏ ဘေးအန္တရာယ်များမှ ကာကွယ် စောင့်ရှောက်သော ခံတပ်ဖြစ်ခြင်းနှင့် ဤစူရာဟ်နှစ်ပုဒ်၏ ထူးမြတ်ခြင်းများ

လောကီနှင့် လောကုတ္တရာတို့၌ အောင်မြင်မှု အကျိုးအမြတ်တိုင်းနှင့် နစ်နာဆုံးရှုံးမှုတိုင်းသည် အလ္လာဟ်အသျှင်မြတ်၏ လက်တော်၌သာ ရှိသည်ကို မုအ်မင်န်တိုင်း ယုံကြည်ကြပါသည်။ ထိုအသျှင်မြတ်၏ အလိုတော်မရှိဘဲ မည်သူသည် မည်သူ့ကိုမျှ မြူမှုန်တစ်မှုန်မျှသော အကျိုးအမြတ် (သို့) မြူမှုန်တစ်မှုန်မျှသော နစ်နာဆုံးရှုံးမှု မပေးနိုင်ပေ။ သို့ဖြစ်ပေရာ လောကီနှင့် လောကုတ္တရာ၏ ဘေးအန္တရာယ်ဟူသရွေ့မှ ကင်းလွတ်စွာ နေနိုင်ရန် အဓိကအကြောင်းခံမှာ တစ်ခုသာ ရှိပေသည်။ ထိုအကြောင်းခံမှာ 'လူသားသည် မိမိကိုယ်ကို အလ္လာဟ်အသျှင်မြတ်၏ ခိုလှုံမှုအရိပ်တော်အောက်တွင် ထားလိုက်ရမည်။ ထို့နောက် မိမိ၏ 'အမလ်' ကျင့်ဆောင်မှုများဖြင့် ထိုအသျှင်မြတ်၏ ခိုလှုံမှုအရိပ်အောက်၌ ရောက်ရှိရန် ထိုက်တန်သူဖြစ်အောင် ကြိုးပမ်း ရမည်။ ဤစူရာဟ်နှစ်ပုဒ်စလုံးတွင် ပထမစူရာဟ်ဖြစ်သော စူရာဟ် 'ဖလပ်က်' တွင် လောကီရေးဘေး အန္တရာယ်များမှ ကင်းလွတ်ရန် အလ္လာဟ်အသျှင်မြတ်၏ ခိုလှုံမှုအရိပ်အား တောင်းခံခြင်းကို သင်ကြားပေးထားသည်။ ထို့နောက် ဒုတိယစူရာဟ်ဖြစ်သော စူရာဟ်နာ့စ်တွင် လောကုတ္တရာ၏ ဘေးအန္တရာယ်အပေါင်းမှ လွတ်ကင်းရန် အလ္လာဟ်အသျှင်မြတ်၏ ခိုလှုံမှုအရိပ်အား တောင်းခံခြင်းများကို သင်ကြားပေးထားသည်။

ခိုင်မာသော ဟဒီးစ်တော်များတွင် ဤစူရာဟ်နှစ်ပုဒ်၏ ထူးမြတ်ခြင်းများနှင့် 'ဗရ်ကာသ်' မင်္ဂလာတော်များအကြောင်း တင်ပြထားသည်။ ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အွတ်က်ဗဟ်ဗင်န်အာမိရ် ﷺ သခင်၏ ဆင့်ပြန်ချက် ဟဒီးစ်လာရှိသည်မှာ တမန်တော်မြတ် ﷺ က 'အသင်တို့ သိကြပါသလား။ ဤညတွင် အလ္လာဟ်အသျှင်မြတ်သည် ငါကိုယ်တော့်အပေါ်၌ တုနှိုင်းယှဉ်စရာ မရှိလေသော အာယသ်တော်များကို ချပေးတော်မူလိုက်သည်။ ဆိုလိုသည်မှာ قُلْ اَعُوْذُ بِرَبِّ الْفَلَقِ နှင့် قُلْ اَعُوْذُبِرَبِّ النَّاسِ ဖြစ်သည်' ဟု မိန့်ကြားတော်မူခဲ့သည်။

အခြားဆင့်ပြန်ချက်တစ်ရပ်တွင် 'သောင်ရားသ်'၊ 'အင်န်ဂျီးလ်'၊ 'ဇဗူရ်' နှင့် ကုရ်အာန် စသည့်ကျမ်းများ၌လည်း ဤစူရာဟ်များကဲ့သို့သော အခြားစူရာဟ်များ မရှိပေ' ဟု လာရှိသည်။ အခြားဆင့်ပြန်ချက်တစ်ရပ်တွင် ဤဟဇရသ်အွတ်က်ဗဟ်ဗင်န်အာမိရ် ﷺ သခင်မှပင် ဆင့်ပြန်ထားသည်မှာ ခရီးတစ်ခု၌ တမန်တော်မြတ် ﷺ သည် ၎င်းအား قل اعوذ برب الفلق နှင့် قل اعوذبربّ الناس ကို သင်ကြားပေးတော်မူခဲ့သည်။ ထို့နောက် 'မဂ်ရိဗ်' နမာဇ်တွင် ထိုစူရာဟ်နှစ်ပုဒ်ကိုပင် ဖတ်ကြားတော်မူခဲ့သည်။ တစ်ဖန်မိန့်ကြားတော်မူသည်မှာ 'ဤစူရာဟ်နှစ်ပုဒ်ကို အိပ်ယာဝင်ချိန်၌လည်း ဖတ်လျက်ရှိပြီး အိပ်ယာမှ ထသည့်အချိန်တွင်လည်း ဖတ်ကြားပါလေ' ဟု ဖြစ်သည်။ *[နစာအီ]*

အခြားဆင့်ပြန်ချက်တစ်ရပ်တွင် 'ကိုယ်တော်မြတ် ﷺ သည် ဤစူရာဟ်နှစ်ပါးကို နမာဇ်တိုင်း၏ နောက်တွင် ဖတ်ကြားရန် မိန့်ကြားတော်မူခဲ့သည်'ဟု လာရှိသည်။ *[အဘူဒါဝူဒ်၊ နစာအီ]*

ဟဇရသ်အာအေရှာဟ် ﵂ သခင်က မိန့်သည်မှာ တမန်တော်မြတ် ﷺ သည် ရောဂါဝေဒနာတစ်ခုခု ဖြစ်ပေါ်ခံစားရသည့်အခါ ဤစူရာဟ်နှစ်ပုဒ်ကို ဖတ်၍ မိမိ၏ လက်ပေါ် မန်းမှုတ်ပြီး တစ်ကိုယ်လုံးကို ပွတ်သပ်တော်မူလေ့ ရှိသည်။ တစ်ဖန် ကွယ်လွန်သေဆုံးမည့်အချိန်တွင် ကိုယ်တော်မြတ် ﷺ ၏ ရောဂါ ဖိစီးမှု တိုးမြင့်လာသောအခါ ကျွန်မသည် ဤစူရာဟ်များကို ဖတ်၍ ကိုယ်တော်မြတ် ﷺ ၏ လက်တော်များပေါ်၌ မှုတ်ပေးခဲ့လေရာ ကိုယ်တော်မြတ် ﷺ သည် မိမိ၏ ခန္ဓာကိုယ်တစ်ခုလုံးကို ပွတ်သပ်တော်မူလေသည်။ ကျွန်မသည် ထိုသို့ ပြုရခြင်းမှာ ကိုယ်တော်မြတ် ﷺ ၏ လက်တော်များ၏ နေရာတွင် ကျွန်မ၏ လက်များမှာ မဖြစ်နိုင်သောကြောင့် ဖြစ်သည်' ဟူ၏။ *[အေမာမ်မာလိက်]*

(ဤဆင့်ပြန်ချက်အားလုံးသည် သဖ်စီးရ်အိဗ်နေကစီးရ်ကျမ်းမှ ကောက်နုတ်တင်ပြခြင်း ဖြစ်သည်)

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိဟဘီးဗ်ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'တစ်ညတွင် မိုးများရွာ၍ အလွန် မှောင်မိုက်နေသည်။ ကျွန်ုပ်တို့သည် တမန်တော်မြတ် ﷺ အား ရှာဖွေရန် ထွက်လာကြသည်။ ကိုယ်တော်မြတ် ﷺ အား တွေ့ရှိရသောအခါ ကိုယ်တော်မြတ် ﷺ က 'အသင် ဖတ်ပါ'ဟု မိန့်ကြားလေသည်။ ကျွန်ုပ်က 'မည်သည့် အရာ ဖတ်ရပါမည်နည်း'ဟု မေးလျှောက်ရာ ကိုယ်တော်မြတ် ﷺ က قُلْ هو الله احد နှင့် معوذ تين (قُلْ اَعُوْذ يربّ الناس နှင့် قل اعوذيرب الفلخق) ကို ဖတ်ပါ။ နံနက်အချိန်၌ဖြစ်စေ၊ ညနေ အချိန်၌ဖြစ်စေ ဤစူရာဟ်များကို (၃) ကြိမ် ဖတ်ရွတ်ခြင်းသည် အသင့်အဖို့ ဒုက္ခဟူသမျှမှ ကင်းလွတ် ငြိမ်းပေမည်' ဟု မိန့်ကြားတော်မူလေသည်။

[သိရ်မေဇီ၊ အဘူဒါဝူဒ်နှင့် နစာအီတို့မှ ဆင့်ပြန်ခဲ့ကြသည်။ မဇ္ဇဟရီကျမ်း။]

အချုပ်မှာ ဒုက္ခဘေးအန္တရာယ်ဟူသမျှမှ ကင်းလွတ်ငြိမ်းရန်အတွက် ဤစူရာဟ်နှစ်ပုဒ်သည် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာတို့၏ ကျင့်စဉ်ဖြစ်ခဲ့သည်။ ရှေ့တွင် စူရာဟ်၏ စာလုံးများနှင့်အတူ သဖ်စီးရ် ဖွင့်ဆိုချက်ကို တင်ပြထားသည်။

قُلْ اَعُوْذُ بِرَبِّ الْفَلَقِ

فلق ၏ တစ်လုံးချင်းအဓိပ္ပာယ်မှာ 'အက်ကွဲခြင်း'ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ညအချိန် ကုန်ဆုံးပြီး နံနက်အချိန် ဖြစ်ပေါ်လာခြင်း'ဟု ဖြစ်သည်။ အခြားသောအာယသ်တော်တစ်ပါးတွင် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော် فالق الْاِصْبَاحِ ဟု လာရှိသကဲ့သို့ ဖြစ်သည်။ ဤအပိုဒ်တွင် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော် အားလုံးအနက် ဤဂုဏ်တော်ကို ရွေးချယ်ရခြင်း၏ အမြော်အမြင်မှာ ည၏ အမှောင်သည် များသော အားဖြင့် ဆိုးသွမ်းမှုဘေးအန္တရာယ်နှင့် ဒုက္ခများကို ဖြစ်ပေါ်စေသော အကြောင်းခံရှိသည်။ နံနက်ခင်း၏

အလင်းရောင်သည် ထိုဘေးအန္တရာယ်များကို ပပျောက်စေသော အကြောင်းခံဖြစ်သောကြောင့် ဖြစ်နိုင်သည်။ အလ္လာဟ်အသျှင် မြတ်၏ ဤဂုဏ်တော်၌ 'မည်သူမဆို ထိုဂုဏ်တော်ရှင် အသျှင်မြတ်ထံတော်၌ ခိုလှုံခွင့် တောင်းခံခဲ့လျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ၏ ဒုက္ခဟူသရွေ့ကို ပပျောက်စေတော်မူပေမည်'ဟူသော ရည်ညွှန်းခြင်း ပါဝင်နေသည်။ *[မဇ္ဈဟာရီကျမ်း]*

အလ္လာမဟ်အိဗ်နေကိုင်ယင်းမ် (ရဟ) ထံ၌ شر ဟူသော စာလုံး၏ ဖွင့်ဆိုချက်အလိုသဘော

مِنْ شَرِّ مَاخَلَقَ

အလ္လာဟ်အိဗ်နေကိုင်ယင်းမ် (ရဟ) က ရေးသားသည်မှာ شر ဟူသော စာလုံးသည် အရာနှစ်ခု အတွက် عام 'အားမ်' မည်သည့်အရာမဆို ဖြစ်နိုင်သော၊ ပါဝင်နိုင်သာ အရာဖြစ်သည်။ ပထမအရာမှာ လူသားအား တိုက်ရိုက် သောကဗျာပါဒရောက်စေသော ဒုက္ခဘေးအန္တရာယ်များ ဖြစ်သည်။ ဒုတိယအရာမှာ ဒုက္ခရာဘေးအန္တရာယ်ဖြစ်ရန် အကြောင်းခံများ ဖြစ်သည်။ ဒုတိယအမျိုးအစားတွင် ကုဖွရ်၊ ရှရစ်က်နှင့် မကောင်းမှုဒုစရိုက် အပေါင်းသည်လည်း شر ဟူသော စာလုံး၏ အလိုသဘော၌ ပါဝင်နေသည်။ ကုရ်အာန်နှင့် ဟဒီးစ်တော်များ၌ ခိုလှုံခွင့်တောင်းခံရန် လာရှိထားသော အရာများသည် ဤနှစ်မျိုးအနက် တစ်မျိုးမျိုး တွင် ပါဝင်နေသည်။ အဘယ်ကြောင့်ဆိုသော် ထိုဒုက္ခဘေးအန္တရာယ်သည် အလိုအလျောက် ကျရောက်လာ သည်ဖြစ်စေ၊ (သို့) ဒုက္ခဘေးအန္တရာယ်များ ကျရောက်စေသော အကြောင်းခံဖြစ်သည်ဖြစ်စေ အတူတူပင် ဖြစ်သည်။ နမာဇ်၏ နောက်ဆုံးတွင် တောင်းခံရန် စွန္နသ်ဖြစ်သော ဒိုအာတွင် အချက် (၄) ချက် ပါဝင်သည်။

(၁) 'ကဗရ်အဇာဗ်'၊
(၂) 'ဂျဟန္နမ်'၏ 'အဇာဗ်'
(၃) အသက်ရှင်နေစဉ် ကြုံတွေ့ရသော ဒုက္ခများနှင့်
(၄) သေဆုံးပြီးနောက် ကြုံတွေ့ရမည့် ဘေးဒုက္ခများ ဖြစ်သည်။

၎င်းတို့အနက် ပထမနှစ်မျိုးမှာ ၎င်းတို့၏ မူရင်းပင်ကိုယ်အရပင် ဒုက္ခဘေးအန္တရာယ်များနှင့် 'အဇာဗ်' အပြစ်ဒဏ်များ ဖြစ်ပြီး ဒုတိယနှစ်မျိုးမှာ ဒုက္ခအန္တရာယ်နှင့် 'အဇာဗ်'များ ထိုက်စေသော အကြောင်းခံများ ဖြစ်ကြသည်။

مِن شَرِّ مَا خَلَقَ

ဟူသော စာပိုဒ်တွင် အဖန်ဆင်းခံဟူသရွေ့၏ ဘေးအန္တရာယ်များ ပါဝင်သည်။ ထို့ကြောင့် ဤစာပိုဒ် သည် ဘေးအန္တရာယ်ဟူသရွေ့မှ ခိုလှုံခွင့် တောင်းခံရန်အတွက် လုံလောက်သော စာပိုဒ်ဖြစ်သည်။ သို့ရာတွင် ဤနေရာ၌ အရာ (၃) ခုကို သီးခြားပြလုပ်၍ ၎င်းတို့၏ ဆိုးသွမ်းမှု ဘေးအန္တရာယ်မှ လွတ်ကင်းမှုအတွက်

ခိုလှုံခွင့် တောင်းခံရန် သီးခြားတဲင်ပြတော်မူထားသည်။ ၎င်းတို့မှာ များသောအားဖြင့် ဒုက္ခဘေးအန္တရာယ်များ၏ အကြောင်းခံ ဖြစ်သည်။ ဦးစွာပထမ မိန့်ကြားတော်မူသည်မှာ-

مِنْ شَرِّ غَاسِقٍ اِذَا وَقَبَ

ဟူသော စာပိုဒ်ဖြစ်သည်။ ဤစာပိုဒ်တွင် غَاسِقٍ ဟူသော စာလုံးမှာ غسق ဟူသော စာလုံးမှ ဆင်းသက်လာပြီး ၎င်း၏ အဓိပ္ပာယ်မှာ 'အမှောင်ထု ပြန့်နှံ့ (စိုးမိုး) သွားခြင်း' ဟု ဖြစ်သည်။ ထို့ကြောင့် غَاسِق ၏ အဓိပ္ပာယ်ကို ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၊ ဟစန် (ရဟ) နှင့် မုဂျာဟိဒ် (ရဟ) တို့က 'ည' ဟု ကောက်ယူကြခြင်းဖြစ်သည်။

وَقَبَ သည် وُقُوْبٌ ဟူသော စာလုံးမှ ဆင်းသက်လာသည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'အမှောင်ထုသည် ကောင်းစွာ မြင့်တက်လာခြင်း' ဟု ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'အပြည့်အဝ မြင့်တက်လာသော ည၏ အမှောင်ထု၏ (ဘေးအန္တရာယ်များမှ လွတ်ကင်းရန်) ကျွန်တော်မျိုးသည် အလ္လာဟ်အသျှင်မြတ်ထံတော် ခိုလှုံပါ၏' ဟု ဖြစ်သည်။ ညကို အထူးပြု၍ မိန့်ကြားရခြင်းမှာ ဤညအချိန်သည် 'ဂျင်န်' များ၊ ရိုက်သွာန်များ ဘေးအန္တရာယ်ပေးသော သတ္တဝါများ၊ သူခိုး၊ ဓါးပြများနှင့် ရန်သူတို့၏ ရန်မူတိုက်ခိုက်သော အချိန်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ပြင် 'ဂျာဒူ' ပယောဂ၏ စူးရှသက်ရောက်မှုသည်လည်း ညအချိန်တွင် ပိုမို ဖြစ်သောကြောင့်ပင် ဖြစ်သည်။ နံနက်မိုးသောက်သည်နှင့် ထိုအရာများ၏ လွှမ်းမိုးမှုများသည် ပျောက်ပျက် ကုန်ဆုံးသွားလေသည်။ *[အိဗ်နေကိုင်ယင်းမ်]*

ဒုတိယအချက်ကို မိန့်ကြားသည်မှာ-

وَمِنْ شَرِّ النَّفّٰثٰتِ فِى الْعُقَدِ

ဟူသော စာပိုဒ်ဖြစ်သည်။ نَفّٰثٰت သည် نفث ဟူသော စာလုံးမှ ဆင်းသက်လာသည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'မန်းမှုတ်ခြင်း' ဟု ဖြစ်သည်။ عُقَد သည် عقدة ၏ အများကိန်းဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'အထုံး' ဟု ဖြစ်သည်။ 'ဂျာဒူ' ပြုလုပ်သူတို့သည် လေးကြိုး စသည်တို့တွင် အထုံးများပြုလုပ်၍ ထိုအထုံးများတွင် 'ဂျာဒူ' ၏ ဂါထာမန္တရားများ ဖတ်၍ မန်းမှုတ်လေ့ ရှိကြသည်။

نَفّٰثٰتِ فِى الْعُقَدِ ၏ အဓိပ္ပာယ်မှာ 'ကြိုးအထုံးများပေါ်၌ မန်းမှုတ်ကြသော မိန်းမများ' ဟု ဖြစ်သည်။ 'ဂျာဒူ' ပြုလုပ်သော မိန်းမများ' ဟု ဆိုလိုခြင်း ဖြစ်သည်။ ထို့ပြင် نَفّٰثٰت ဟူသော စလုံး၏ ရည်ညွှန်းချက်သည် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံး ပါဝင်သည့် သက်ရှိများဟုလည်း ဖြစ်နိုင်သည်။

ဤအခြေအနေအရ 'ဂျာဒူ' ပြုလုပ်သူ မိန်းမများဟု ဆိုရာ၌ 'ဂျာဒူ' ပြုလုပ်သော သက်ရှိမိန်းမများဟု ဆိုလိုခြင်းဖြစ်ပေမည်။ ထင်ရှားပေါ်လွင်နေသော အချက်မှာလည်း ဤနေရာ၌ 'ဂျာဒူ' ပြုသူ သက်ရှိ

များဟူသော ရည်ညွှန်းချက်တွင် မိန်းမများကို ဆိုလိုခြင်းဖြစ်သည်။ မိန်းမများကို အထူးပြု မိန့်ကြားရခြင်းမှာ 'ဂျာဒူ'အလုပ်ကို များသောအားဖြင့် မိန်းမများသည်သာ ပြုလုပ်လေ့ရှိကြပြီး သဘာဝအလျောက် မိန်းမများသည် ထို 'ဂျာဒူ'အလုပ်နှင့် ဆက်စပ်မှုလည်း ပို၍ များပြားသောကြောင့် ဖြစ်ပေမည်။ သို့မဟုတ် တမန်တော်မြတ် ﷺ အပေါ်၌ 'ဂျာဒူ'ပြုလုပ်သည့် အကြောင်းဖြစ်ရပ်တွင် 'ဂျာဒူ'ပြုလုပ်သော မိန်းမများဆိုသည်မှာ ဝလီးဒ်ဗင်န်အအ်ဆွားမ်၏ သမီးများဖြစ်ကြသောကြောင့် ဖြစ်မည်။ ၄င်းတို့သည် ဖခင်၏ခိုင်းစေချက်အရ ဤအလုပ်ကို ပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် ဤ 'ဂျာဒူ' ပြုလုပ်သည့်အကြောင်းကို ၄င်းဘက်သို့လည်း ဆက်နွယ်တင်ပြရခြင်း ဖြစ်သည်။ 'ဂျာဒူ'ပြုလုပ်သူတို့၏ ဘေးအန္တရာယ်မှ လွတ်ကင်းရန် ခိုလှုံခွင့် တောင်းခံခြင်းကို အထူးတလည် တင်ပြရခြင်းအကြောင်းမှာ 'အာယသ်တော်များ ကျရောက်လာရခြင်း၏ အကြောင်းခံဖြစ်ရပ်မှာ ဤ 'ဂျာဒူ'ပယောဂကြောင့်ပင် ဖြစ်၍သာတည်း။ ထို့ပြင် 'ဂျာဒူ'၏ ဘေးအန္တရာယ်နှင့် ထိခိုက်နစ်နာမှုနှင့် စပ်လျဉ်း၍ လူသားသည် 'ဂျာဒူ'ပြုခံရသည်ဟု မသိနိုင်ပေ။ ထိုသို့ မသိခြင်းကြောင့် ဤဘေးအန္တရာယ်ကို ပပျောက်အောင် ပြုလုပ်ရန်ကိုပင် အာရုံထားမည် မဟုတ်ပေ။ ဤသည်ကို ရောဂါဟုသာ ထင်မှတ်လျက် ဆေးဝါးကုသလျက်သာ ရှိနေပေမည်။ ဤသို့ဖြင့် ရောဂါမှာ ပို၍ တိုးလာပေမည်။ ထို့ကြောင့် ဤအဖြစ်မှ ကင်းလွတ်မှုအတွက် ခိုလှုံခွင့် တောင်းခံရန် အထူးပြုမိန့်ကြားခြင်း ဖြစ်နိုင်သည်။

အထူးတင်ပြ မိန့်ကြားထားသည့် တတိယအချက်မှာ حَاسِد (မနာလိုသူ)နှင့် حَسَدْ (မနာလိုခြင်း) ဖြစ်သည်။ ဤအကြောင်းကို အထူးပြု မိန့်ကြားရခြင်း အကြောင်းမှာလည်း ဤအချက် နှစ်ချက်ကြောင့်ပင် ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ် ﷺ အပေါ်၌ 'ဂျာဒူ'ပြုလုပ်ခြင်း၏ ပဏာမအကြောင်းခံသည် ဤမနာလိုဝန်တိုမှုကြောင့် ဖြစ်ခဲ့သောကြောင့်ပင် ဖြစ်သည်။ ယဟူးဒ်နှင့် မုနာဖစ်က်တို့သည် ကိုယ်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ်တို့၏ တိုးတက်အောင်မြင်မှုများကို တွေ့မြင်ရပြီး စိတ်၌ မီးလောင်နေကြသည်။ ထင်ရှားစွာသော ထိပ်တိုက် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်မှုများတွင် ကိုယ်တော်မြတ် ﷺ အား အောင်နိုင်မှုရရန် မဖြစ်နိုင်သောအခါ 'ဂျာဒူ' ပယောဂပြုလုပ်ခြင်းအားဖြင့် မိမိတို့၌ ကျွမ်းလောင်နေသော မနာလိုမှု၏ မီးကို ငြိမ်းသတ်စေလိုကြသည်။ တမန်တော်မြတ် ﷺ အား မနာလိုမှု ထားရှိသူတို့သည် လောက၌ အမြောက်အမြား ရှိခဲ့ကြသည်။ ထို့ကြောင့် အထူးပြု၍ ၄င်းအရာမှ ခိုလှုံခွင့် တောင်းခံရန် အမိန့်ပေးရခြင်း ဖြစ်သည်။ ထို့ပြင် မနာလိုသူ၏ မနာလိုမှုသည် ထိုမနာလိုသူအား အေးချမ်းစွာ နေထိုင်ခွင့် မပေးပေ။ အချိန်တိုင်းတွင် ထိုသူသည် မိမိ မလိုမုန်းတီးသူ၏ ဒုက္ခရောက်စေမည့် အရေးကို စောင့်မျှော်လျက် ရှိနေမည်ပင် ဖြစ်သည်။ ထို့ကြောင့် ဤအန္တရာယ်မှာ ပြင်းထန်မှုလည်း ရှိပေသည်။

حَسَدْ ဟူသည်မှာ 'တစ်စုံတစ်ဦး၏ စည်းစိမ်ချမ်းသာရှိမှု၊ ချမ်းသာကြွယ်ဝမှုများကို တွေ့မြင်ပြီး စိတ်၌ လောင်ကျွမ်းနေခြင်းနှင့် မိမိအဖို့ မရရှိနိုင်သည့်တိုင်အောင် ထိုသူ့ထံမှ ၄င်းစည်းစိမ်ချမ်းသာများ ပပျောက်သွားစေရန် လိုလားခြင်းကို ခေါ်ဆိုသည်။ ဤမနာလိုမှုသည် 'ဟရာမ်'ဖြစ်ပြီး ကြီးလေး

သော အပြစ် ထိုက်သက်စေသည်။ ထို့ပြင် ဤသည် မိုးကောင်းကင်အပေါ်၌ ပထမဦးဆုံး ကျူးလွန်ခဲ့သော အပြစ် 'ဂိုနာဟ်' ဖြစ်သည်။ ကမ္ဘာမြေပေါ်၌လည်း ပထမဦးဆုံး ကျူးလွန်ခဲ့သည့် အပြစ် 'ဂိုနာဟ်' လည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိုးကောင်းကင်တွင် အိဗ်လီးစ်သည် ဟဇရသ်အာဒမ် (عليه السلام) အပေါ်၌ မနာလိုမှုကို ပြုခဲ့သည်။ ကမ္ဘာမြေပေါ်တွင် ဟဇရသ်အာဒမ် (عليه السلام) ၏ သားဖြစ်သူ ကာဗီးလ်သည် မိမိ၏ ညီအစ်ကိုဖြစ်သူ ဟာဗီးလ်အပေါ်၌ မနာလိုမှု ပြုခဲ့သောကြောင့် ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

حَسَدْ နှင့် မတိမ်းမယိမ်းရှိသော အရာမှာ **غِبْطَه** ဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ တစ်စုံတစ်ဦး၏ သုခချမ်းသာရှိခြင်းကို တွေ့မြင်ပြီး 'ဤသုခချမ်းသာမျိုး ကျွန်ုပ်လည်း ရရှိလိုပါသည်'ဟု ဆန္ဒ ပြုခြင်း'ဟု ဖြစ်သည်။ ဤသို့ ဆန္ဒထားခြင်းမှာ ပိုင်ရှုံသာမက ကောင်းမြတ်မှုပင် ရှိသည်။

ဤစူရာဟ်၌ အချက် (၃) ချက်မှ လွတ်ကင်းရန် ခိုလှုံခွင့် တောင်းခံခြင်းကို အထူးပြုတင်ပြထား သည်။ သို့သော် ပထမနှင့် တတိယအချက်များတွင် တစ်ခုချင်းစီကို သတ်မှတ်ချက်များဖြင့် တင်ပြထားသည်။ ပထမအချက်တွင် **غَاسِق** နှင့်အတူ **وَقَبْ** ကိုလည်းကောင်း၊ တတိယအချက်တွင် **حَاسِد** နှင့်အတူ **حَسَدْ** ကိုလည်းကောင်း တင်ပြထားသည်။ အလယ်၌ တင်ပြသော အချက်ဖြစ်သည့် 'ဂျာဒူ' ပြုလုပ်သူများနှင့် စပ်လျဉ်း၍ တင်ပြရာ၌ မည်သည့်သတ်မှတ်ချက်မျှ တင်ပြမထားပေ။ အကြောင်းမှာ 'ဂျာဒူ'၏ ဒုက္ခ၊ အန္တရာယ်မှာ အများ (သတ်မှတ်ချက်မရှိ) ဖြစ်သည်။ ညၡ၏ ဒုက္ခ၊ အန္တရာယ်သက်ရောက်မှုမှာ အမှောင်ထု အပြည့်အဝ လွှမ်းမိုးသော အချိန်၌သာ ဖြစ်သည်။ အလားတူ မနာလိုသူ၏ မနာလိုမှုသည် မိမိ၏ မနာလိုမှုကြောင့် တစ်စုံတစ်ဦးကို ဒုက္ခဘေးအန္တရာယ် ကျရောက်စေသော ခြေလှမ်းဖြင့် ကြိုးပမ်းမှု မပြုသရွေ့ ၎င်း၏ ဒုက္ခ၊ အန္တရာယ် မနာလိုသူအပေါ်၌သာ ရောက်ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် အခြားသူ၏ သုခချမ်းသာ ရှိခြင်းကို ကြည့်၍ စိတ်တွင် လောင်ကျွမ်းနေပေသည်။ သို့ရာတွင် မနာလိုသူသည် မိမိ၏ မနာလိုမှုအပေါ် မနာလိုခြင်းခံရသူအား ဒုက္ခရောက်စေရန် ကြိုးပမ်းမှုပြုသောအခါ မနာလိုခြင်းခံရသူအဖို့ ဒုက္ခရောက်ပေမည်။ ထို့ကြောင့် ပထမနှင့် တတိယအချက်များတွင် ဤသတ်မှတ်ချက်များကို သတ်မှတ်ထားခြင်း ဖြစ်သည်။

စူရာဟ်နားစ်

လူသားများကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

قُلْ اَعُوْذُ بِرَبِّ النَّاسِ ۙ﴿۱﴾ مَلِكِ النَّاسِ ۙ﴿۲﴾ اِلٰهِ النَّاسِ ۙ﴿۳﴾
مِنْ شَرِّ الْوَسْوَاسِ ۙ الْخَنَّاسِ ۙ﴿۴﴾ الَّذِیْ یُوَسْوِسُ فِیْ
صُدُوْرِ النَّاسِ ۙ﴿۵﴾ مِنَ الْجِنَّةِ وَالنَّاسِ ﴿۶﴾

၁၁၄ : ၁ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) လျှောက်ထားပန်ကြားပါလေ။ ကျွန်တော်မျိုးသည် အကာအကွယ်ယူပါ၏။ လူခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်။

၁၁၄ : ၂ ။ ။ လူခပ်သိမ်းတို့၏ ဘုရင်မင်းမြတ်။

၁၁၄ : ၃ ။ ။ လူခပ်သိမ်းတို့၏ ဆည်းကပ်ကိုးကွယ်ရာ အသျှင်ထံတော်၌။

၁၁၄ : ၄ ။ ။ မကောင်းသော အကြံအစည်များကို ထည့်သွင်းတတ်သော၊ နောက်ဆုတ်သော (ရှိုက်သွာန်) ၏ ဘေးအန္တရာယ်မှ (ခိုလှုံပါ၏။)

၁၁၄ : ၅ ။ ။ အကြင် (ရှိုက်သွာန်သည်) လူတို့၏ စိတ်နှလုံးတွင်းသို့ မကောင်းသော အကြံအစည်ကို ထည့်သွင်းလေ့ရှိ၏။

၁၁၄ : ၆ ။ ။ (ထိုရှိုက်သွာန်သည်) 'ဂျင်န်'သတ္တဝါတို့အနက်မှ ဖြစ်စေ၊ လူတို့အနက်မှ ဖြစ်စေ (အသျှင်မြတ်ထံ ခိုလှုံပါ၏။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) ကျွန်တော်မျိုးသည် လူသားများကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်၌ အကာအကွယ်ယူပါ၏ဟု အသင်သည် လျှောက်ထားပန်ကြားပါလေ။

(ထို့ပြင်) လူသားအပေါင်းတို့၏ ဘုရင်မင်းမြတ်ထံတော်၌လည်းကောင်း၊ လူသားအပေါင်းတို့၏ ဆည်းကပ်ကိုးကွယ်ရာ အသျှင်မြတ်ထံတော်၌လည်းကောင်း၊ မကောင်းသော အကြံအစည်ကို ထည့်သွင်းတတ်သော၊ နောက်သို့ ဆုတ်ခွာသွားသော (ရှိုက်သွာန်၏) ဘေးအန္တရာယ်မှ (လွတ်ကင်းရန်) ခိုလှုံပါ၏။

(နောက်သို့ ဆုတ်ခွာသွားခြင်းနှင့် စပ်လျဉ်း၍ ဟဒီးစ်တော်တွင် လာရှိသည်မှာ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို တသလိုက်သည်နှင့် ရှိုက်သွာန်သည် ရှောင်တိမ်းဆုတ်ခွာသွားသည်' ဟု ဖြစ်သည်)

ဤ (ရှိုက်သွာန်) သည် လူတို့၏ စိတ်နှလုံးများတွင် မကောင်းသော အကြံအစည်များ ထည့်သွင်းလေ့ရှိသည်။ ထို (မကောင်းသော အကြံအစည်ကို ထည့်ပေးသော) သူသည် 'ဂျင်န်'တို့အနက်မှ ဖြစ်စေ၊ လူတို့အနက်မှဖြစ်စေ (ဆိုလိုသည်မှာ 'ကျွန်တော်မျိုးသည် 'ဂျင်န်' ရှိုက်သွာန်၏ ဘေးအန္တရာယ်မှ လွတ်ကင်းရန် ခိုလှုံခွင့် တောင်းခံသကဲ့သို့ လူရှိုက်သွာန်၏ ဘေးအန္တရာယ်မှ လွတ်ကင်းရန်ကိုလည်း ခိုလှုံခွင့် တောင်းခံပါ၏' ဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင်

وَكَذٰلِكَ جَعَلْنَا لِكُلِّ نَبِيٍّ عَدُوًّا شَيَاطِيْنَ الْاِنْسِ وَالْجِنِّ

'လူနှင့် 'ဂျင်န်' နှစ်မျိုးစလုံးတွင် ရှိုက်သွာန်များရှိကြောင်း' တင်ပြထားသကဲ့သို့ ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့်ဓမ္မသတ်များ

စူရာဟ် 'ဖလပ်က်' တွင် လောကီရေး ဘေးအန္တရာယ်များနှင့် ဒုက္ခအပေါင်းတို့မှ ကင်းလွတ်ရန် ခိုလှုံခွင့် တောင်းခံခြင်းကို သင်ကြားပေးထားသည်။ ဤစူရာဟ်တွင် လောကုတ္တရာ၏ ဘေးအန္တရာယ် ဒုက္ခများမှ ကင်းလွတ်ရန် ခိုလှုံခွင့် တောင်းခံခြင်းကို လေးနက်စွာ သင်ကြားပေးထားသည်။ شر ဟူသော စာလုံး၏ အလိုသဘောကို စူရာဟ် 'ဖလပ်က်' ၌ တင်ပြခဲ့ရာတွင် ဘေးဒုက္ခအန္တရာယ်များနှင့် ဘေးဒုက္ခအန္တရာယ်များကို ရောက်ရှိစေသော အကြောင်းခံများ နှစ်မျိုးစလုံး ပါဝင်ကြောင်းကို တင်ပြထားသည်။ ဤစူရာဟ်၌မူ ပြစ်မှုဒုစရိုက်ဟူသရွေ့၏ အကြောင်းခံဖြစ်သော ဘေးအန္တရာယ်မှ လွတ်ကင်းရန် ခိုလှုံခွင့် တောင်းခံထားသည်။ ဆိုလိုသည်မှာ ရှိုက်သွာန်၏ မကောင်းသော အကြံအစည်များ ထည့်သွင်းခြင်းနှင့် သွေးထိုး လှုံ့ဆော်ခြင်းတို့ကို ဆိုလိုသည်။ အကြောင်းမှာ 'အာခေရသ်' တမလွန်၏ ဆုံးရှုံးမှုသည် အလွန်ပြင်းထန်သောကြောင့် ထိုအကြောင်းကို အလေးအနက် တင်ပြ၍ ကုရ်အာန်ကျမ်းမြတ်ကို အဆုံးသတ်ထားပေသည်။

قُلْ اَعُوْذُ بِرَبِّ النَّاس

رَبّ ၏ အဓိပ္ပာယ်မှာ 'မွေးမြူပြုစု ပျိုးထောင်သူ' နှင့် 'အခြေအနေတိုင်းတွင် ပြုပြင်ထိန်းကျောင်းပေးသူ' ဟု ဖြစ်သည်။ ဤနေရာ၌ رَبّ ၏ ဆက်သွယ်မှုသည် ناس ၏ ဘက်သို့ ဖြစ်သည်။ ပဌမ စူရာဟ်တွင် فلق ၏ ဘက်သို့ ဖြစ်သည်။ အကြောင်းမှာ စူရာဟ် 'ဖလပ်က်'တွင် အပြင်ပိုင်းနှင့် ခန္ဓာကိုယ်၏ ဘေးဒုက္ခအန္တရာယ်များမှ ကင်းလွတ်ရန် ခိုလှုံခွင့် တောင်းခံရန် ရည်ရွယ်ခြင်းဖြစ်ပြီး ဤရည်ရွယ်ခြင်းသည် လူသားအတွက်သာ အထူးမဟုတ်ဘဲ တိရစ္ဆာန်များအဖို့လည်း ခန္ဓာကိုယ်၏ ဘေးဒုက္ခအန္တရာယ်များ ရောက်ရှိသောကြောင့် ဖြစ်သည်။ ရှိုက်သွာန်၏ သွေးထိုးလှုံ့ဆော်မှုများသည်မူ ၎င်းနှင့် ဆန့်ကျင်သည်။ အဘယ်ကြောင့်ဆိုသော် ဤနေရာ၌ နစ်နာဆုံးရှုံးမှုသည် လူသားအဖို့သာ အထူးဖြစ်သည်။ 'ဂျင်န်'တို့သည် လူတို့၏ နောက်ဆက်တွဲအဖြစ် ပါဝင်ပေသည်။ ထို့ကြောင့် ဤနေရာ၌ رَبّ ၏ ဆက်သွယ်မှုကို ناس ၏ ဘက်သို့ ပြုထားခြင်းဖြစ်သည်။ *[မဇှ်ဟရီကျမ်း]*

مَلِكِ النَّاسِ

'လူတို့၏ ဘုရင်မင်းမြတ်'ဟု ဖြစ်သည်။ اِلٰهِ النَّاسِ 'လူသားတို့၏ ကိုးကွယ်ဆည်းကပ်ရာ အသျှင်' ဟု ဖြစ်သည်။ ဤဂုဏ်တော်နှစ်ပါးကို ناس ဟူသော စာလုံးနှင့် ဆက်သွယ်မှု ပြုရခြင်းမှာ رَبّ ဟူသော စာလုံးသည် သီးသန့် အထူးဖြစ်သော အရာတစ်ခုဘက်သို့ ဆက်သွယ်မှုဖြစ်ပါက အလ္လာဟ် အသျှင်မြတ်မှအပ အခြားသူများအတွက်လည်း ပြောဆိုလေ့ရှိသည်။ ဥပမာ- رَبّ الدّار 'အိမ်၏ ပိုင်ရှင်'၊ رَبّ الْمالِ 'ပစ္စည်း၏ ပိုင်ရှင်' ဟု ဖြစ်သည်။ စိုးပိုင်သော ပိုင်ရှင်တိုင်းသည် ဘုရင်မဖြစ်ပေ။ ထို့ကြောင့် مَلِكْ ကို ဆက်သွယ်မှုပြုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထို 'ရဗ်'အသျှင်မြတ်သည် 'မာလိက်' ဘုရင်မင်းမြတ်လည်း ဖြစ်သည်'ဟူ၏။ တစ်ဖန် ဘုရင်မင်းမြတ်တိုင်းသည် ကိုးကွယ်ရာအသျှင် မဟုတ်ပေ။ ထို့ကြောင့် တတိယဂုဏ်တော်အဖြစ် اِلٰهِ النَّاسِ ကို တင်ပြမိန့်ကြားတော်မူခြင်း ဖြစ်သည်။ ဤဂုဏ်တော် (၃) ပါးကို စုစည်းခြင်းနှင့် စပ်လျဉ်း၍ အမြော်အမြင်မှာ '၎င်းတို့အနက် ဂုဏ်တော်တိုင်းသည် ကာကွယ်စောင့်ရှောက်ခြင်းကို တာဝန်ယူကြသော ဂုဏ်တော်များဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပိုင်ရှင်တိုင်းသည် မိမိ၏ ပိုင်ဆိုင်မှုများကို ထိန်းသိမ်းစောင့်ရှောက်သည်။ အလားတူ ဘုရင်တိုင်းသည် မိမိ၏ ပြည်သူပြည်သားများကို ကာကွယ်စောင့်ရှောက်သည်။ ထို့ပြင် ကိုးကွယ်ရာ အသျှင်မြတ်သည် မိမိအား ကိုးကွယ်သူများအတွက် ကာကွယ်စောင့်ရှောက်တော်မူသော အသျှင်ဖြစ်ခြင်းမှာမူ အထင်ရှားဆုံး ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဤဂုဏ်တော် (၃) ပါးစလုံးသည် အလ္လာဟ်အသျှင်မြတ်တွင်သာ စုစည်းမှုရှိပြီး ထိုအသျှင်မြတ်မှအပ အခြားမည်သူ့တွင်မျှ ဤသို့ စုစည်းမှု မရှိပေ။ ထို့ကြောင့် ထိုအသျှင်မြတ်ထံတော်မှ ခိုလှုံမှု ရယူခြင်း

သာလျှင် အကြီးမားဆုံးသော ခိုလှုံမှု ဖြစ်ပေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်ထံတော်မှ ဤဂုဏ်တော် (၃) ပါးဖြင့် ခိုလှုံမှု တောင်းခံခြင်းသည် ဒီအာလက်ခံရန် အနီးကပ်ဆုံး ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် 'အို၊ အလ္လာဟ်အသျှင်မြတ်၊ အသျှင် မြတ်သည်သာလျှင် ဤဂုဏ်တော်များ စုစည်းစွာ ရှိတော်မူသော အသျှင် ဖြစ်တော်မူပါသည်။ ကျွန်တော်မျိုးသည် အသျှင်မြတ်ထံတော်၌သာ ခိုလှုံခွင့်တောင်းခံပါသည်' ဟု ဖြစ်သည်။ ဤနေရာ၌ ပထမအဝိုဒ်တွင် رَبِّ النَّاس ဟု လာရှိပြီးသောအခါ နေရာအနေအထားအရ ရှေ့၌ လာမည့် အပိုဒ်ဝါကျများတွင် ၎င်းဘက်သို့ ညွှန်းဆိုသည့် နာမ်စားများဖြင့် သုံးနှုန်းသင့်ပေသည်။

مَلِكِهِمْ وَاِلٰهِهِمْ ဟု မိန့်ကြားရပေမည်။ သို့ရာတွင် ဤစာလုံးကို ထပ်ကာထပ်ကာ တင်ပြရခြင်းမှာ ဒိအာတောင်းဆိုခြင်းနှင့် ချီးမွမ်းထောပနာပြုရသည့် နေရာတွင် ရှိ၍ ဖြစ်သည်။ ဤသို့သော နေရာမျိုးတွင် ထပ်ကာထပ်ကာ ရွတ်ဆိုခြင်းသာလျှင် သာပို၍ ကောင်းသောကြောင့် ဖြစ်သည်။

အချို့ပညာရှင်များက ناس ဟူသော စာလုံး၏ ထပ်ကာထပ်ကာလာခြင်းနှင့် စပ်လျဉ်း၍ တင်ပြသည်မှာ ဤစူရာဟ်တွင် ناس ဟူသော စာလုံးသည် (၅) ကြိမ် လာရှိထားသည်ဖြစ်ရာ ပထမ ناس ၏ အလိုသဘောမှာ 'ကလေး'ဟု ဖြစ်ပြီး رَبّ ဟူသော စာလုံးနှင့် ပြုစုပျိုးထောင်ခြင်း၊ မွေးမြူခြင်းသည် ထိုကလေးနှင့် ဆက်စပ်သည်။ အကြောင်းမှာ မွေးမြူစောင့်ရှောက်မှု၊ ပြုစုပျိုးထောင်မှုသည် ကလေးများ အတွက် အလိုအပ်ဆုံးသော အချက်ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ဒုတိယ ناس ၏ အလိုသဘောမှာ 'ပျိုရွယ်သူ'ဟု ဖြစ်သည်။ مَلِك ဟူသော စာလုံးသည် ၎င်းအချက်အပေါ် အညွှန်းပြုနေသည်။ ၎င်း ملك သည် 'စီမံခြင်း'၏ အဓိပ္ပာယ်၌ ရှိသည်။ ယင်းသည် ပျိုရွယ်သူများနှင့် သင့်လျော်မှု ရှိသည်။ တစ်ဖန် တတိယ ناس ၏ အလိုသဘောမှာ 'လောကီရေးကို အဆက်ဖြတ်လျက် 'အေဗာဒသ်'၌ မွေ့လျော်နေသော အဘိုးအို'ဟု ဖြစ်သည်။

اله ဟူသော စာလုံးသည် ၎င်းအချက်အပေါ် အညွှန်းပြုနေသည်။ ၎င်းစာလုံးသည် 'အေဗာဒသ်' ပြုခြင်းကို ညွှန်းဆိုနေသည်။ စတုတ္ထ ناس ၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ ကောင်းမြတ်သော ဗန္ဒာဟ်ကျေးကျွန်များ ဖြစ်သည်။ وسوسه ဟူသော စာလုံးသည် ၎င်းအချက်အပေါ် အညွှန်းပြုနေသည်။ အကြောင်းမှာ ရှိုက်သွာန်သည် ကောင်းမြတ်သော ဗန္ဒာဟ်ကျွန်များ၏ ရန်သူဖြစ်ပြီး ၎င်းတို့၏ စိတ်နှလုံးများတွင် မကောင်းသော အကြံအစည်များ ထည့်သွင်းပေးခြင်းကို ပြုလုပ်သောကြောင့် ဖြစ်သည်။ ပဉ္စမ ناس ၏ အလိုသဘောမှာ မကောင်းမှုများကို ကျူးလွန်သော လူသားများ'ဟု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ဆိုးသွမ်းမှု၊ ဘေးအန္တရာယ်မှ ကင်းလွတ်ရန် ခိုလှုံမှု တောင်းခံရသောကြောင့် ဖြစ်သည် ဟူ၏။

مِنْ شَرِّ الْوَسْوَاسِ الْخَنَّاسِ

အလ္လာဟ်အသျှင်မြတ်၏ 'ဂုဏ်တော် (၃) ပါးကို တင်ပြပြီး ယခု ခိုလှုံခွင့်တောင်းခံရသည့် ရည်ရွယ်ချက်ကို တင်ပြသည်မှာ **خناس وسواس** တွင် **وسواس** သည် **مصدر** ဖြစ်သည်။ အဓိပ္ပာယ်မှာ **وسوسه** ဟုပင် ဖြစ်သည်။ ဤနေရာ၌ ရှိုက်သွာန်ကို **وسواس** ဟူ၍ **مبالغه** ဖြင့် မိန့်ကြားရခြင်းမှာ 'ထိုရှိုက်သွာန်သည် ခေါင်းမှ ခြေတိုင် **وسوسه** ဖြစ်သောကြောင့်ပင် ဖြစ်သည်။ **وسوسه** ၏ အဓိပ္ပာယ်မှာ 'ရှိုက်သွာန်သည် မိမိ၏ နာခံမှုဘက်သို့ တီးတိုးစကားတစ်ခွန်းဖြင့် ဖိတ်ခေါ်ခြင်း' ၎င်း၏ အလိုသဘောသည် လူ၏ စိတ်အတွင်း၌ ရောက်ရှိသော်လည်း မည်သည့်အသံမျှ မကြားရချေ' ဟု ဖြစ်သည်။ */ ကုရ်သုဗီ /*

خنّاس သည် **خنس** ဟူသော စာလုံး၌ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ 'နောက်သို့ လှည့်သွားခြင်း' ဟု ဖြစ်သည်။ ရှိုက်သွာန်အား **خنّاس** ဟု ခေါ်ဝေါ်ရခြင်းမှာ 'လူသားသည် အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို တသသည့်အခါ ရှိုက်သွာန်သည် နောက်သို့ လှည့်ပြေးသော အလေ့အထ ရှိသည်။ တစ်ဖန် လူသားသည် အနည်းငယ်မျှ မေ့လျော့မှု၌ ရှိနေလျှင် ပြန်လည်ရောက်ရှိလာသည်။ တစ်ဖန် လူသားသည် အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို တသပြန်လျှင် ရှိုက်သွာန်သည် ထပ်မံပြေးရလေသည်။ ဤသို့ ပြုလုပ်ခြင်းသည် စဉ်ဆက်မပြတ် ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'လူသားတိုင်း၏ စိတ်နှလုံးတိုင်း အတွင်းဝယ် အိမ်နှစ်လုံးရှိသည်။ အိမ်တစ်လုံးတွင် ဖရစ်ရှ်သာဟ် နေထိုင်သည်။ ကျန်အိမ်တစ်လုံးတွင် ရှိုက်သွာန်နေထိုင်သည်။ (ဖရစ်ရှ်သာဟ်သည် ၎င်းအား ကောင်းမှုလုပ်ရပ်များဘက်သို့ လှုံ့ဆော်လျက် ရှိနေသည်။ ရှိုက်သွာန်သည် မကောင်းမှုများဘက်သို့ လှုံ့ဆော်လျက် ရှိနေသည်။) တစ်ဖန် လူသားသည် အလ္လာဟ်အသျှင်မြတ်အား သတိရတသမှု ပြုသောအခါ ရှိုက်သွာန်သည် နောက်သို့ ဆုတ်သွားသည်။ ထိုလူသားသည် အလ္လာဟ်အသျှင်မြတ်၏ သတိရတသမှု မပြုသရွေ့ ရှိုက်သွာန်သည် မိမိ၏ နှုတ်သီးကို လူသား၏ စိတ်နှလုံးသားအပေါ်၌ ထိုးစိုက်၍ စိတ်နှလုံးသားတွင် မကောင်းသော အကြံအစည်များကို ပြုလုပ်စေရန် ထည့်သွင်းပေးနေသည်' ဟု ဖြစ်သည်။ *[မဇ္ဇ်ဟရီကျမ်း]*

مِنَ الْجِنَّةِ وَالنَّاسِ

ဤသည် **وسواس** အကြောင်းကို တင်ပြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ **وسوسه** မကောင်းသော အကြံအစည်များကို ထည့်ပေးသူများသည် 'ဂျင်န်'များအနက်မှလည်း ရှိပြီး လူသားများတွင်လည်း ရှိကြသည်' ဟု ဖြစ်သည်။ သို့ဖြစ်ပေရာ ၎င်း၏ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်အား 'ဂျင်န်ရှိုက်သွာန်'တို့၏ ဘေးအန္တရာယ်မှလည်းကောင်း၊ လူရှိုက်သွာန်တို့၏ ဘေးအန္တရာယ်မှလည်းကောင်း လွတ်ကင်းရန် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ခိုလှုံခွင့် တောင်းခံပါလေ' ဟု သင်ကြားပေးတော်မူခဲ့သည်' ဟု ဖြစ်သည်။

အကယ်၍ မကောင်းသော အကြံအစည်များကို ထည့်သွင်းပေးခြင်းသည် 'ဂျင်န်ရှိုက်သွာန်' တို့ဘက်မှ 'လျှို့ဝှက်သော ပုံစံဖြင့် နှလုံးသားအတွင်း၌ တီးတိုးစွာသော စကားများဖြင့် ထည့်သွင်းပေးသည်ဆိုခြင်းမှာ ထင်ရှားပေါ်လွင်သော်လည်း လူရှိုက်သွာန်တို့မှာမူ ပေါ်ပေါ်လွင်လွင် ရှေ့၌ လာရောက်၍ မကောင်းသော အကြံအစည်များ ထည့်သွင်းပေးသည်'ဖြစ်ရာ وسوسه နှင့် ၎င်းမှာ မည်သို့သော ဆက်နွယ်မှုဖြင့် ဖြစ်နိုင်ပါမည်နည်းဟု သံသယဖြစ်နေမည်ဆိုပါက ၎င်း၏ အဖြေမှာ လူရှိုက်သွာန်တို့သည်လည်း များသောအားဖြင့် လူတစ်ဦးဦး၏ ရှေ့မှောက်တွင် ၎င်းသူ၏ စိတ်အတွင်း၌ အရေးကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍ ပွင့်လင်းစွာ ထုတ်ဖော် မပြောသော်လည်း ဒွိဟသံသယပွားများစေမည့် စကားများကို ပြောဆိုလေ့ရှိ၍ ဖြစ်သည်' ဟု ဖြစ်သည်။

ရှိုက်ခ်အိဇ်ဇွဒ်ဒီးန်ဗင်န် အဗ်ဒွလ်စလာမ် (ရဟ) သည် မိမိ၏ ကျမ်းဖြစ်သော (အလ်ဖဝါအိဒ ဖီမုရှ်ကိလား သိလ်ကုရ်အာန်) ကျမ်းတွင် မိန့်ဆိုသည်မှာ 'လူရှိုက်သွာန်'ဟု ဆိုသည်မှာ မိမိကိုယ်တွင်းရှိ 'နဖ်စ်' စိတ်ရိုင်း၏ وسوسه 'ဝပ်စ်ဝစပ်' ကို ဆိုလိုပေသည်။ အဘယ်ကြောင့်ဆိုသော် ရှိုက်သွာန်သည် လူသား၏ စိတ်တွင် မကောင်းသော လုပ်ရပ်များဘက်သို့ တိမ်းညွှတ်ရန် လှုံ့ဆော်မှုပြုသကဲ့သို့ လူသားကိုယ်တွင်းရှိ 'နဖ်စ်'စိတ်ရိုင်းသည်လည်း မကောင်းသော လုပ်ရပ်များဘက်သို့ တိမ်းညွှတ်စေပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် မိမိ၏ 'နဖ်စ်'စိတ်ရိုင်း၏ ဆိုးသွမ်းမှု ဘေးအန္တရာယ်မှလည်း လွတ်ကင်းရန် ခိုလှုံခွင့်တောင်းခံခြင်းကို သင်ကြားပေးတော်မူခဲ့ခြင်း ဖြစ်သည်။ ဟဒီးစ်တော်တွင် လာရှိသည်မှာ-

اَللّٰهُمَّ اَعُوذُبِكَ مِنْ شَرِّ نَفْسِىْ وَشَرِّ الشَّيْطَانِ وَشِرْكِهٖ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးသည် မိမိ၏ 'နဖ်စ်' ၏ ဆိုးသွမ်းခြင်း ဘေးအန္တရာယ်မှလည်းကောင်း၊ ရှိုက်သွာန်၏ ဘေးအန္တရာယ်မှလည်းကောင်း 'ရှရစ်က်' ပြုခြင်းမှလည်းကောင်း ကင်းလွတ်မှုရရန် အသျှင်မြတ်ထံတော်၌ အကာအကွယ်ပြု ခိုလှုံပါ၏' ဟု ဖြစ်သည်။

ရှိုက်သွာန်၏ 'ဝပ်စ်ဝစပ်' များမှ လွတ်ကင်းမှုရရန် ခိုလှုံခွင့် တောင်းခံရန်မှာ အလွန် အရေးကြီး၍ အလေးအနက် ထားရမည့်အကြောင်း

အိဗ်နေကစီးရ် (ရဟ) က မိန့်ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ဤစူရာဟ်၌ လူသားအဖို့ ربّ — ملك နှင့် اله ဟူသော အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော် (၃) ပါးကို တင်ပြလျက် ဤဂုဏ်တော်များဖြင့် ရှိုက်သွာန်၏ 'ဝပ်စ်ဝစပ်'များမှ လွတ်ကင်းရန် ခိုလှုံခွင့် တောင်းခံရမည်' ဟု သင်ကြားပေးတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လူသားနှင့်အတူ ထိုလူသားကို ပျက်စီးစေရန် ကြံရွယ်လျက် ရှိနေသော ရှိုက်သွာန်တစ်ဦးမှာ တွဲလျက် ရှိနေသောကြောင့် ဖြစ်သည်။ ဦးစွာပထမ ရှိုက်သွာန်သည် လူသားကို ပြစ်မှုများ ကျူးလွန်ရန် လှုံ့ဆော်ပေးသည်။ ထို့နောက် ၎င်းအား ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ဖြားယောင်း၍

ဖြစ်မှုများဘက်သို့ ခေါ်ဆောင်သွားသည်။ အကယ်၍ ဤသို့ ကြိုးပမ်းရာ၌ အောင်မြင်မှု မဖြစ်ခဲ့ပါက လူသားပြုကျင့်သော အမိန့်နာခံမှုနှင့် 'အေဗာဒသ်'များကို ပျက်စီးသွားစေရန် ပြစ်မှုများ မာန်မာန ထောင်လွှားမှုနှင့် ဘဝင်မြင့်မှု စသည်တို့ကို စိတ်အတွင်း၌ ပေါ်ပေါက်လာစေရန် ထည့်သွင်းပေးသည်။ အသိပညာရှိသူတို့၏ စိတ်အတွင်း၌ မှန်ကန်သော အယူဝါဒများနှင့် စပ်လျဉ်း၍ ဒွိဟသံသယများ ပေါ်ပေါက်စေရန် ကြိုးပမ်းမှု ပြုသည်။ ထိုရှိုက်သွာန်၏ နှောင့်ယှက်မှု အန္တရာယ်မှ အလ္လာဟ်အသျှင်မြတ် ကိုယ်တော်တိုင် ကယ်တင်တော်မူသည့် သူတို့သည်သာ လွတ်ကင်းမှု ရရှိနိုင်ပေသည်။

'ဆွဟီးဟိုင်းန်' (ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း) တွင် ဟဇရသ်အနတ်စ် ﷺ သခင်၏ ဟဒီးစ်ဆင့်ပြန်ချက် လာရှိသည်မှာ 'တစ်ခါက တမန်တော်မြတ် ﷺ သည် ဗလီဝတ်ကျောင်းတော်၌ 'အိအ်ထိကားဖ်' ထိုင်နေတော်မူသည်။ တစ်ညတွင် 'အုန်းမွလ်မုအ်မိနီးန်' ဟဇရသ်ဆွဖီယဟ် ﷺ သခင်မသည် ကိုယ်တော်မြတ် ﷺ အား တွေ့ဆုံရန် ဗလီဝတ်ကျောင်းတော်သို့ ရောက်လာခဲ့သည်။ ပြန်သည့်အချိန်၌ တမန်တော်မြတ် ﷺ သည် သူမနှင့်အတူ လိုက်သွားခဲ့သည်။ လမ်းတွင် အန်ဆွာရီဆွဟာဗီနှစ်ဦးသည် ရှေ့မှ ရောက်ရှိလာသောအခါ ကိုယ်တော်မြတ် ﷺ က အသံပြုလျက် 'နေကြကုန်။ ငါကိုယ်တော်နှင့်အတူ ဆွဖီယဟ် ﷺ ဖြစ်သည်' ဟု မိန့်ကြားတော်မူလေသည်။ ထိုဆွဟာဗာနှစ်ဦးတို့က အလွန် ရိုသေစွာဖြင့် 'စွဗ်ဟာနလ္လာဟ်၊ ယာရစူလ်လွလ္လာဟ်' ဟု လျှောက်ထားကြသည်။ (ဆိုလိုသည်မှာ 'ကိုယ်တော်မြတ်သည် ကျွန်တော်မျိုးတို့အား မကောင်းထင်မြင် ယူဆလိမ့်မည်ဟု ထင်မှတ်တော်မူပါသလား' ဟု ဖြစ်သည်။) တမန်တော်မြတ် ﷺ က 'မုချ ဧကန် ဤသို့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရှိုက်သွာန်သည် လူသား၏ သွေးနှင့်အတူ သွေးကြောတွင် ဝင်ရောက်၍ ထိရောက်စေနိုင်သောကြောင့် ဖြစ်သည်။ ငါကိုယ်တော်သည် အသင်တို့၏ စိတ်နှလုံးများအတွင်း၌ ရှိုက်သွာန်က 'ဝပ်စ်ဝစဟ်'မကောင်းထင်မြင်မှု တစ်စုံတစ်ရာကို ထည့်ပေးမည်ကို စိုးရိမ်မိသည်။ ထို့ကြောင့် ငါကိုယ်တော်က ငါကိုယ်တော်နှင့်အတူ သူစိမ်းအမျိုးသမီးတစ်ဦး မဟုတ်ကြောင်းကို ပြောကြားခြင်း ဖြစ်သည်' ဟု မိန့်ကြားတော်မူလေသည်။

အကျိုးအာနိသင်

မိမိကိုယ်တိုင်သည် မကောင်းသော လုပ်ရပ်များမှ ရှောင်ကြဉ်ရန် လူသားအတွက် အရေးကြီးသကဲ့သို့ မိမိနှင့် စပ်လျဉ်း၍ မကောင်းထင်မြင်ရန် အခွင့်အရေးပေးခြင်းမှာလည်း မပိုင်ပေ။ လူတို့၏ စိတ်တွင် မကောင်းထင်မြင်မှုများ ပေါ်ပေါက်စေမည့် အခြေအနေများမှလည်း ရှောင်ကြဉ်ရပေမည်။ ထို့ပြင် ဤကဲ့သို့သော အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လာပါလျှင် အခြေအနေမှန်ကို တင်ပြရှင်းလင်း၍ စွပ်စွဲနိုင်သည့် အခြေအနေများကို အဆုံးသတ်လိုက်ရပေမည်။ အချုပ်ဆိုရသော် ဤဟဒီးစ်တော်သည် ရှိုက်သွာန်၏ 'ဝပ်စ်ဝစဟ်' သည် အလွန်ပင် ကြောက်မက်ဖွယ်ဖြစ်ကြောင်းကို အတည်ပြုပြီး ထိုရှိုက်သွာန်၏ 'ဝပ်စ်ဝစဟ်' ကို ရှောင်ကြဉ်ရန်မှာ အလ္လာဟ်အသျှင်မြတ်ထံတော်၌ ခိုလှုံခြင်းမှအပ မလွယ်ကူကြောင်းကိုလည်း အတည်ပြု ပြောကြားလိုခြင်း ဖြစ်သည်။

မှတ်ချက် ။ ။ ဤနေရာ၌ 'ဝပ်စ်ဝစဟ်' ထည့်သွင်းခြင်းခံရသည်ဟူသည့် အလိုသဘောမှာ လူသား ကိုယ်တိုင် ရည်ရွယ်လျက် ပြုလုပ်သော မေ့လျော့သော လုပ်ရပ်မျိုးကို ဆိုလိုသည်။ မရည်ရွယ်ဘဲလျက် စိတ်၌ ဝင်ရောက်လာပြီး ပျောက်ကွယ်သွားသော 'ဝပ်စ်ဝစဟ်' နှင့် အတွေ့များမှာမူ မည်သို့မျှ ဆိုးကျိုး မရှိပေ။ ဤသို့ ဖြစ်ပေါ်ခြင်းအပေါ် အပြစ်လည်း မထိုက်ပေ။

စူရာဟ် 'ဖလပ်က်'နှင့် စူရာဟ် 'နားစ်'တို့၏ ခိုလှုံခွင့် တောင်းခံရာတွင် ကွာခြားမှုတစ်ရပ်

စူရာဟ်ဖလပ်က်တွင် အလ္လာဟ်အသျှင်မြတ်သည် ခိုလှုံခွင့်တောင်းခံမှု ပြုခံရခြင်းကို رَبِّ الْفَلَقِ ဟူသော ဂုဏ်တော်တစ်ပါးဖြင့်ပင် တင်ပြစေတော်မူခဲ့သည်။ ခိုလှုံခွင့် တောင်းခံရမည်ဟု ပြသထား သော အရာများမှာ များပြားစွာရှိသည်။ ၎င်းတို့ကို ဦးစွာပထမ مِن شَرِّ مَا خَلَقَ ၌ အကျဉ်းချုံး၍ တင်ပြ ထားသည်။ တစ်ဖန် ၎င်းတို့အနက်မှ (၃) မျိုးသော ဘေးအန္တရာယ်များအကြောင်းကို သီးခြားတင်ပြ တော်မူထားသည်။ စူရာဟ်နားစ်တွင်မူ ခိုလှုံခွင့် တောင်းခံစေသော အရာမှာ وَسْوَاس 'ဝစ်ဝါးစ်'တစ်ခု တည်းသာ ဖြစ်သည်။ ၎င်းနောက် အကြင်အသျှင်မြတ်ထံတော်မှ ခိုလှုံခွင့်ကို တောင်းခံရ၏။ ဤနေရာ တွင် ဂုဏ်တော် (၃) ပါးကို တင်ပြလျက် ခိုလှုံခွင့်ဒိုအာကို တောင်းခံစေတော်မူထားသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ရှိုက်သွာန်၏ ဆိုးသွမ်းမှုအန္တရာယ်သည် အခြားသော ဆိုးသွမ်းမှု ဘေးအန္တရာယ်အားလုံးထက် ပို၍ များပြားကြောင်း သိရှိရသည်။

ဦးစွာပထမ အခြားသော ဒုက္ခဘေး အန္တရာယ်များ၏ သက်ရောက်မှုသည် လူသား၏ ခန္ဓာကိုယ်နှင့် လောကီရေးကိစ္စများအပေါ်၌သာ ဖြစ်ပေသည်။ ရှိုက်သွာန်၏ ဘေးအန္တရာယ်ကား ဤသို့ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ရှိုက်သွာန်သည် လူသား၏ လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံးအတွက် အထူး သဖြင့် လောကုတ္တရာကို ပျက်စီးရန် ကြံစည်မှု၌သာ ရှိနေသည်။ ထို့ကြောင့် ရှိုက်သွာန်၏ ဘေးအန္တရာယ် မှာ ပို၍ ကြီးမားပြင်းထန်လှပေသည်။

ဒုတိယအနေဖြင့် 'လောကီ၏ ဒုက္ခအန္တရာယ်များအတွက်မူ ကုသရန် နည်းလမ်းနှင့် ပစ္စည်းများသည် လူသားထံတွင် တစ်ခုမဟုတ် တစ်ခု ရှိပေသည်။ ထိုအရာများဖြင့် ကုစားလျက်လည်း ရှိနေပေသည်။ ရှိုက်သွာန်၏ ဘေးအန္တရာယ်မှာမူ ဤသို့ မဟုတ်ပေ။ ထိုရှိုက်သွာန်နှင့် ရင်ဆိုင်ရန် အရင်းအမြစ်ကျသော တစ်စုံတစ်ရာ အစီအမံကို လူသားအဖို့ တတ်စွမ်းနိုင်ခြင်း မရှိပေ။ ရှိုက်သွာန်သည် လူသားကို တွေ့မြင် နိုင်ပြီး လူသားသည် ရှိုက်သွာန်ကို မြင်နိုင်စွမ်း မရှိပေ။ ရှိုက်သွာန်သည် လူသား၏ အတွင်းပိုင်းကို မသိနိုင် သော ပုံသဏ္ဍာန်ဖြင့် သုံးစွဲပြုနိုင်စွမ်းရှိသူ ဖြစ်သည်။ ထိုရှိုက်သွာန်၏ ဘေးအန္တရာယ်မှ လွတ်ကင်းရန် ကုစားမှုမှာ အလ္လာဟ်အသျှင်မြတ်အား တသခြင်းနှင့် ထိုအသျှင်မြတ်ထံတော်၌ ခိုလှုံခွင့် တောင်းခံခြင်းသာ ဖြစ်ပေသည်။

လူသား၏ ရန်သူနှစ်ဦးသည် လူသားနှင့် ရှိုက်သွာန်ဖြစ်ခြင်းနှင့် ရန်သူနှစ်မျိုးစလုံးမှ လွတ်ကင်းရန် သီးခြားစီဖြစ်သော ကုစားမှုများ

လူသား၏ ရန်သူသည် လူသားလည်း ဖြစ်သည်။ ရှိုက်သွာန်လည်း ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် လူသားရန်သူကို ဦးစွာပထမ ကောင်းမြတ်သော ဆက်ဆံရေး၊ ကလဲ့စားချေခြင်းနှင့် သည်းခံခြင်းတို့အားဖြင့် အမိန့်နာခံရန် မိန့်ကြားတော်မူထားသည်။ ဤသည်တို့ဖြင့် ပြုသည်ကို မစွန့်လွှတ်သူအား 'ဂျိဟားဒ်'နှင့် သတ်ဖြတ်ခြင်းပြုရန် အမိန့်ပေးထားသည်။ ရှိုက်သွာန်၏ ရန်သူမှာကား ဤသို့ မဟုတ်ပေ။ ရှိုက်သွာန်နှင့် ရင်ဆိုင်ရန်မှာမူ အလ္လာဟ်အသျှင်မြတ်၏ ခိုလှုံမှုကို ရယူခြင်းဖြင့်သာ ဖြစ်နိုင်ကြောင်း မိန့်ကြားတော်မူထားသည်။ အိဗ်နေကစီးရ် (ရဟ) သည် ဤသဖ်စီးရ်၏ နိဒါန်းတွင် ဤအကြောင်းအရာအတွက် ကုရ်အာန်၏ အာယသ်တော် (၃) ပါးကို ရေးသားခဲ့သည်။ ဤရေးသားချက်တွင် ဤရန်သူနှစ်မျိုးအကြောင်းကို ဖော်ပြပြီး လူသားရန်သူ၏ ဘေးအန္တရာယ်မှ လွတ်ကင်းရန် ကာကွယ်ရာ၌ ကောင်းမွန်စွာ ဆက်ဆံခြင်း၊ ကလဲ့စားမချေခြင်းနှင့် ၎င်းအပေါ် ကျေးဇူးတရားဖြင့် ဆက်ဆံခြင်းတို့ကို ပြုရမည်။ ထို့ပြင် ၎င်း၏ ဆန့်ကျင်ဘက်မှ ရှိုက်သွာန်၏ ဘေးအန္တရာယ်မှ ကာကွယ်ရန်မှာ ခိုလှုံခွင့် တောင်းခံခြင်းကို သင်ကြားပေးခဲ့သည်' ဟု ဖြစ်သည်။ အိဗ်နေကစီးရ် (ရဟ) က မိန့်ဆိုသည်မှာ ကုရ်အာန်ကန်တစ်အုပ်လုံးတွင် အာယသ်တော် (၃) ပါးသည်သာလျှင် ဤအကြောင်းနှင့် စပ်လျဉ်း၍ လာရှိသည်။ အာယသ်တော် (၁) ပါးမှာ စူရာဟ် 'အအ်ရားဖ်'တွင် ဖြစ်သည်။ ၎င်းအာယသ်တော်မှာ

خُذِ الْعَفْوَ وَأْمُرْ بِالْعُرْفِ وَاَعْرِضْ عَنِ الْجٰهِلِيْنَ

ဟု ဖြစ်သည်။ ဤသည်မှာ လူသားရန်သူနှင့် ရင်ဆိုင်မှုအတွက် နည်းလမ်းပြသတော်မူခြင်းဖြစ်သည်။ ၎င်း၏ အလိုသဘောမှာ 'ခွင့်လွှတ်ခြင်း၊ ၎င်းအား ကောင်းမှုများ ပြုလုပ်ရန် ပြောကြားခြင်းနှင့် ၎င်း၏ မကောင်းခြင်းများကို မျက်ကွယ်ပြုရန် မိန့်ကြားထားသည်'ဟု ဖြစ်သည်။ ၎င်းအာယသ်တော်၌ပင် ရှေ့ဆက်၍ မိန့်ကြားသည်မှာ-

وَاِمَّا يَنْزَغَنَّكَ مِنَ الشَّيْطٰنِ فَاسْتَعِذْ بِاللّٰهِ اِنَّهٗ سَمِيْعٌ عَلِيْمٌ

ဟု ဖြစ်သည်။ ဤသည် ရှိုက်သွာန်ရန်သူအား ရင်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ မိန့်ကြားထားခြင်း ဖြစ်သည်။ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်ထံ၌ ခိုလှုံခွင့်တောင်းခံရန်ဟု ဖြစ်သည်။ ဒုတိယအာယသ်တော်မှာ စူရာဟ် 'ကဒ်အဖ်လဟလ်မုအ်မိနူးန်' တွင် ဖြစ်သည်။ ပထမဦးစွာ လူသားရန်သူနှင့် ရင်ဆိုင်ရာ၌ ကုစားခြင်းနှင့် စပ်လျဉ်း၍ မိန့်ကြားခြင်းဖြစ်သည်။

اِدْفَعْ بِالَّتِيْ هِيَ اَحْسَنُ السَّيِّئَةَ

ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'မကောင်းမှုကို ကောင်းမှုအားဖြင့် ပပျောက်စေပါ'ဟု ဖြစ်သည်။ တစ်ဖန် ရှိုက်သွာန်ရန်သူအား ရင်ဆိုင်ရန်အတွက် မိန့်ကြားတော်မူသည်မှာ-

وَقُلْ رَبِّ اَعُوْذُبِكَ مِنْ هَمَزَاتِ الشَّيَاطِيْنِ وَاَعُوْذُبِكَ رَبِّ اَنْ يَّحْضُرُوْنَ

ဟု ဖြစ်သည်။ 'အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုးသည် အသျှင်မြတ်ထံတော်၌ ရှိုက်သွာန်၏ နှောင့်ယှက်မှုမှ ကင်းလွတ်ရန် ခိုလှုံခွင့် တောင်းခံပါ၏။ ထို့ပြင် ထိုရှိုက်သွာန်သည် ကျွန်တော်မျိုးထံသို့ လာရောက်ခြင်းမှ ကင်းလွတ်ရန်လည်း ခိုလှုံခွင့် တောင်းခံပါ၏' ဟု ဖြစ်သည်။

တတိယအာယသ်တော်မှာ စူရာဟ် 'ဟာမီးမ်စဂျ်ဒဟ်'မှ ဖြစ်သည်။ ထိုအာယသ်တော်၌ ဦးစွာ ပထမ ရန်သူလူသားကို တိုက်ထုတ်ရန် ညွှန်ကြားထားတော်မူသည်။

اِدْ فَعْ بِالَّتِيْ هِيَ اَحْسَنُ فَاِذَا الَّذِيْ بَيْنَكَ وَبَيْنَهٗ عَدَاوَةٌ كَاَنَّهٗ وَلِيٌّ حَمِيْمٌ

ဆိုလိုသည်မှာ အသင်သည် မကောင်းမှုကို ကောင်းမှုအားဖြင့် ပပျောက်စေပါ။ အကယ်၍ ဤသို့ ပြုလုပ်မည်ဆိုပါက အသင်၏ ရန်သူသည် အသင်၏ မိတ်ဆွေအစစ် ဖြစ်သွားမည်ကို အသင် တွေ့မြင်ရပေလိမ့်မည်'ဟု ဖြစ်သည်။ ဤအာယသ်တော်၏ ဒုတိယအပိုင်း၌ပင် ရှိုက်သွာန်ရန်သူအား ရင်ဆိုင်ရန်နှင့် စပ်လျဉ်း၍ မိန့်ကြားသည်မှာ-

وَاِمَّا يَنْزَ غَنَّكَ مِنَ الشَّيْطَانِ نَزْغٌ فَاسْتَعِذْ بِاللّٰهِ اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ

ဟု ဖြစ်သည်။ ဤသည်မှာ စူရာဟ် 'အအ်ရားဖ်'၌ ရှိုက်သွာန်နှင့် ရင်ဆိုင်ရန် မိန့်ကြားထားသည့် အာယသ်တော်နှင့် အနီးစပ်ဆုံး စာလုံးများပင် ဖြစ်သည်။ အလိုသဘောမှာ ရှိုက်သွာန်နှင့် ရင်ဆိုင်ရာတွင် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ခိုလှုံခြင်းမှအပ အခြားမရှိပါ'ဟု ဖြစ်သည်။ *[အိဗ်နေကာဆီးရ်]*

ဤအာယသ်တော် (၃) ပါးစလုံးတွင် လူသားရန်သူ၏ အန္တရာယ်မှ လွတ်ကင်းရန် ကုစားနည်းကို ခွင့်လွှတ်ခြင်းနှင့် ကောင်းမွန်စွာ ဆက်ဆံခြင်းတို့ဟု ပြသထားသည်။ အဘယ်ကြောင့်ဆိုသော် လူသား၏ သဘာဝသည် ကောင်းမွန်စွာ ဆက်ဆံခြင်းနှင့် ကျေးဇူးတရားတို့၏ အောက်သို့ ရောက်လေ့ရှိသောကြောင့် ဖြစ်သည်။ ဆိုးသွမ်းမှုရှိသော စိတ်ရိုင်းဖြင့် လူ့သဘာဝ၏ အရည်အချင်းများ ပျောက်ကွယ်သွားသည် ဆိုလျှင် ၎င်း၏ ကုစားနည်းမှာ အခြားသော အာယသ်တော်များတွင် 'ဂျိဟားဒ်'နှင့် 'သတ်ဖြတ်ခြင်း'ဟု ပြသထားသည်။ အကြောင်းမှာ ထိုသူသည် ထင်ရှားသော ရန်သူဖြစ်သောကြောင့်ပင် ဖြစ်သည်။ ပွင့်လင်း ထင်ရှားသော အစီအမံများနှင့်အတူ ရှေ့သို့ ရောက်ရှိလာသူ ဖြစ်သည်။ ၎င်း၏ အင်အားကို အင်အားဖြင့်သာ ရင်ဆိုင်ခြင်း ပြုနိုင်သည်။ ရှိုက်သွာန်မှာမူ ဤသို့ မဟုတ်ပေ။ ရှိုက်သွာန်၏ မူလသဘာဝမှာပင် ဆိုးသွမ်းမှု ရှိသည်။ ကျေးဇူးတရားနှင့် ခွင့်လွှတ်ခြင်းတို့သည် ၎င်းအပေါ်တွင် ၎င်း၏ လုပ်ရပ်များကို စွန့်လွှတ်စေရန် မည်သို့မျှ စူးရှစေခြင်း မဖြစ်နိုင်ပါ။ ထို့ပြင် ၎င်းနှင့် ထင်ရှားစွာ 'ဂျိဟားဒ်'ပြု၍ ရင်ဆိုင်ခြင်းလည်း မပြုနိုင်ပါ။ ဤအနုနည်းနှင့် အကြမ်းနည်း လုပ်ရပ်နှစ်မျိုးစလုံးသည် လူသားရန်သူနှင့် ရင်ဆိုင်ရာ၌သာ ဖြစ်နိုင်သည်။ ရှိုက်သွာန်နှင့် ရင်ဆိုင်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ရှိုက်သွာန်၏ အန္တရာယ်မှ လွတ်ကင်း

နိုင်မည့် ကုစားနည်းကို အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌ ခိုလှုံခြင်းနှင့် အလ္လာဟ်အသျှင်မြတ်အား သတိရတသမှုတွင် မွေ့လျော်ခြင်းတို့ဖြင့်သာ ဖြစ်နိုင်ပေသည်။ ဤသည်ကို ကုရ်အာန်တစ်အုပ်လုံး၌ ညွှန်ကြားထားသည်။ ဤအကြောင်းကို တင်ပြရင်းဖြင့် ကုရ်အာန်ကို အဆုံးသတ်ထားသည်။

လူသားရန်သူနှင့် ရှိုက်သွာန်ရန်သူတို့နှင့် ရင်ဆိုင်ရာတွင် နိဂုံးရလဒ်ကို ထောက်ရှု၍ ကြီးမားသော ကွာခြားချက်

အထက်တွင် ကုရ်အာန်၏ သင်ကြားပေးချက်တွင် လူသားရန်သူ၏ ဘေးအန္တရာယ်မှ လွတ်ကင်းအောင် ပြုလုပ်ရာတွင် ဦးစွာပထမ ကျေးဇူးတရားနှင့် ကောင်းမြတ်သော သည်းခံမှုဖြစ်ကြောင်း ပြဆိုထားသည်။ အကယ်၍ ဤသို့ ပြုရာ၌ အောင်မြင်မှု မရဟုဆိုလျှင် 'ဂျိဟားဒ်'နှင့် တိုက်ခိုက်ခြင်းတို့ကို ပြုလုပ်ရပေသည်။ ဤပုံသဏ္ဍာန်နှစ်မျိုးစလုံးဖြင့် ရင်ဆိုင်မှုပြုသူ မုအ်မင်န်သည် အောင်မြင်မှုအပေါ် အောင်မြင်မှုချည်းသာ ရရှိပေမည်။ လုံးဝ အောင်မြင်မှုမရဟု ဆိုခြင်းမှာ မုအ်မင်န်အတွက် မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ရန်သူနှင့် ရင်ဆိုင်ရာ၌ အနိုင်ရရှိခဲ့မည်ဆိုလျှင် ၎င်း၏ အောင်မြင်မှုမှာ ထင်ရှားပေသည်။ အကယ်၍ ရှုံးနိမ့်ခြင်း (သို့) အသတ်ခံရခြင်း ဖြစ်သွားသည်ဆိုလျှင် တမလွန်၏ 'စဝါးဗ်'ကုသိုလ်များနှင့် 'ရှဟီးဒ်' ဖြစ်ခြင်း၏ ထူးမြတ်မှုများမှာ လောက၌ အောင်မြင်ခြင်းထက်ပင် အလွန်ကြီးမားများပြားပေလိမ့်မည်။

အချုပ်မှာ လူသားရန်သူနှင့် ရင်ဆိုင်ရာတွင် ရှုံးနိမ့်သွားခြင်းသည်လည်း မုအ်မင်န်အဖို့ မည်သည့်ဆုံးရှုံးမှုမျှ မဖြစ်ပေ။ ရှိုက်သွာန်နှင့်မူ ဤသို့မဟုတ်။ ၎င်းအား အကြိုက်လိုက်ခြင်း၊ ၎င်း၏ နှစ်သက်မှုကို ပြုလုပ်ခြင်းတို့သည်လည်း အပြစ်ထိုက်သည်။ ၎င်းနှင့် ရင်ဆိုင်ရာ၌ ရှုံးနိမ့်သွားခြင်းသည်လည်း တမလွန်ကို ဖျက်ဆီးလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ရှိုက်သွာန်ရန်သူအား တွန်းလှန်ရန်ဖြစ်လျှင် ၎င်းသူသည် အလ္လာဟ်အသျှင်မြတ်၏ ခိုလှုံမှုကို ရယူရမည်။ ထိုအသျှင်မြတ်၏ ခိုလှုံမှု၏ ရှေ့တွင် ရှိုက်သွာန်၏ ကြံစည်မှုအားလုံးမှာ အင်အားချည့်နဲ့လျက် စူးရှမှု မရှိဖြစ်သွားသည်။

ရှိုက်သွာန်၏ အကြံအစည်သည် အင်အားမရှိ၊ ချည့်နဲ့ခြင်း

ဖော်ပြပါ အကြောင်းခံများကြောင့် ရှိုက်သွာန်သည် အလွန်အင်အားကြီးမားသည်။ ၎င်းနှင့် ရင်ဆိုင်ရန် ခက်ခဲသည်ဟူသော အယူအဆများ မထားသင့်ပေ။ ဤအယူအဆများ ပပျောက်စေရန် အလ္လာဟ်အသျှင်မြတ်က

اِنَّ كَيْدَ الشَّيْطَانِ كَانَ ضَعِيْفًا

ဟု မိန့်ကြားတော်မူထားသည်။ ထို့ပြင် စူရာဟ်နဟလ်တွင် ကုရ်အာန်ဖတ်ရွတ်သည့်အခါ အသျှင်မြတ်ထံတော်၌ ခိုလှုံခွင့် ရယူပါဟူသော အမိန့်တော်နှင့်အတူ 'အီမာန်သက်ဝင်ယုံကြည်သူများနှင့်

အလ္လာဟ်အသျှင်မြတ်အပေါ် ယုံပုံအားကိုးအားထား ပြုသူများအပေါ် (ဝါ) အလ္လာဟ်အသင်မြတ်၏ ခိုလှုံမှုကို ရယူသူများအပေါ် ရှိုက်သွာန်သည် မည်သည့် လွှမ်းမိုးခြင်းမျှ မပြုနိုင်ပေ' ဟုလည်း မိန့်ကြားထားသည်။

وَاِذَاقَرَأْتَ الْقُرْاٰنَ فَاسْتَعِذْ بِاللهِ مِنَ الشَّيْطَانِ الرَّجِيْمِ ○

اِنَّهٗ لَيْسَ لَهٗ سُلْطٰنٌ عَلَى الَّذِيْنَ اٰمَنُوْا وَعَلٰى رَبِّهِمْ يَتَوَكَّلُوْنَ ○

اِنَّمَا سُلْطٰنُهٗ عَلَى الَّذِيْنَ يَتَوَلَّوْنَهٗ وَالَّذِيْنَ هُمْ بِهٖ مُشْرِكُوْنَ ○

ဆိုလိုသည်မှာ 'အသင်သည် ကုရ်အာန်ဖတ်ရွတ်သည့်အခါ ရှိုက်သွာန်၏ ဘေးအန္တရာယ်မှ လွတ်ကင်းရန် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ခိုလှုံခွင့် ရယူပါ။ ၎င်း၏ လွှမ်းမိုးမှုအင်အားသည် အီမာန်သက်ဝင်ယုံကြည်၍ မိမိတို့၏ အသျှင်မြတ်အပေါ် ယုံကြည်အားထားကြသူများအပေါ် သက်ရောက်ခြင်း မဖြစ်ပေ။ ၎င်း၏ လွှမ်းမိုးမှုအင်အားသည် ၎င်းအား မိတ်ဆွေဟု မှတ်ယူသူများနှင့် ၎င်းကို တုဖက်နိုင်းယှဉ် ကိုးကွယ်ရာဟု မှတ်ယူသူများအပေါ်၌သာ သက်ရောက်မှု ဖြစ်သည်ဟူ၏။

ကုရ်အာန်ကျမ်းတော်မြတ်၏ အဖွင့်စူရာဟ်နှင့် နိဂုံးစူရာဟ်တို့၏ ပတ်သက်ဆက်နွယ်မှု

ကုရ်အာန်ကျမ်းတော်မြတ်အား အလ္လာဟ်အသျှင်မြတ်သည် စူရာဟ်ဖာသေဟာဟ်ဖြင့် အစပြုတော်မူခဲ့သည်။ ဤစူရာဟ်၏ အချုပ်မှာ အလ္လာဟ်အသျှင်မြတ်၏ ချီးမွမ်းထောမနာခြင်းများနောက်တွင် ထိုအသျှင်မြတ်ထံတော်၌ အကူအညီတောင်းခံခြင်း၊ ထို့နောက် ထိုအသျှင်မြတ်ထံတော်၌ ဖြောင့်မတ်မှန်ကန်သော လမ်းကို ရရှိရန် တောင်းခံခြင်းပြုရန်တို့ကို တင်ပြထားသည်။ အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှုနှင့် ဖြောင့်မတ်မှန်ကန်သောလမ်းဟူသော အရာနှစ်ခု၌ပင် လူသား၏ လောကီရေးနှင့် သာသနာရေးတို့၏ အောင်မြင်မှုအားလုံး လျှို့ဝှက်လျက် ရှိနေသည်။ သို့ရာတွင် ထိုအရာနှစ်ခုကို ရရှိရေးနှင့်လည်းကောင်း ရရှိပြီးနောက် အသုံးချရာ၌ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းအပေါ် ရှိုက်သွာန်၏ လှည့်ဖြားမှု နှင့် 'ဝပ်စ်ဝစဟ်' တို့၏ ထောင်ချောက်များ တပ်ဆင်ထားလျက် ရှိရာ ထိုထောင်ချောက်များကို ရှင်းလင်း[illegible] စူးရှမှုရှိသော နည်းလမ်းဖြစ်သည့် ခိုလှုံမှု တောင်းခံခြင်းအပေါ် ကုရ်အာန်ကို အဆုံးသတ်ထားပေသည်။

وباختتا مه تم بحمدالله وفضله وكرمه وعونه تفسيرالقراٰن الكريم ولِلّٰهِ الْحَمْدُ اوّله واٰخره وظاهره وباطنه فما كنّا لنهتدى اليه لولا ان هدانااللهُ وصلّى الله تعالى على خير خلقه وصفوة رسله وامام انبيا ئه محمد خاتم النّبيّن وسيّد الْمرسلين

فَاسْئَلُوْٓا اَهْلَ الذِّكْرِ اِنْ كُنْتُمْ لَا تَعْلَمُوْنَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ
တတ်သိသူများအား မေးမြန်းကြလေကုန်။''